
ဖြစ်တည်ခြင်း
ဝင်းငြိမ်း
MICHELLE
OBAMA
WHISPER OF WORDS

မစ်ရှယ်လ်ရော်ဘင်ဆိုသည့် မိန်းကလေးတစ်ဦး၏ငယ်ဘဝ၌ ချီကာဂိုတောင်ပိုင်းသည် သူမ၏ကမ္ဘာ ဖြစ်သည်။ ထိုနေရာတွင်သူမနှင့်အစ်ကိုဖြစ်သူ ခရိတ်တို့မှာ အိပ်ခန်းတစ်ခုတည်း အတွင်း၌ အိပ်ကြရသည်။ မိသားစုနေထိုင်ရာအခန်းမှာ အပေါ်ထပ်တွင်ဖြစ်ပြီး ကစားလိုပါက ပန်းခြံထဲ၌ သွားကစားရသည်။ ဖခင်ဖရေဇာနှင့် မိခင်မာရီယန်တို့က သူ့အား ပွင့်ပွင့်လင်းလင်း ပြောတတ်စေရန်နှင့် မကြောက်တတ်စေရန် သင်ကြားပေးထားကြသည်။ သူ့ဘဝသည် မျှော်မှန်းသည်ထက် များစွာမြင့်တက်သွားကာ မှန်များသာ တပ်ဆင်ထားသော အထပ်မြင့် ဥပဒေအကျိုးဆောင်ရုံး၏ အခန်းတစ်ခန်းထဲ၌ သူတစ်ဦးတည်းသာ လူမည်း အမျိုးသမီး တစ်ယောက်ဖြစ်နေသည်ကို ပထမဆုံးအကြိမ်အဖြစ် တွေ့လိုက်ရသည်။ ထိုရုံးခန်းသို့ တစ်ခုသော နွေရာသီနံနက်ခင်းတွင် ဘားရက်အိုဘားမားအမည်ရှိ ဥပဒေကျောင်းသား တစ်ဦး ရောက်လာခဲ့သည်။ ထိုသူက သူမနှစ်ရှည်လများ သတိထား၍ချထားခဲ့သော အစီအစဉ်တို့ကို ပျက်ပြားစေတော့၏။

ဤစာအုပ်တွင် ပထမဆုံးအကြိမ်အဖြစ် မစ်ရှယ်လ်အိုဘားမားက အိမ်ထောင်ကျစ ပထမနှစ် များတွင် အလုပ်နှင့်မိသားစုဘဝ မျှတအောင်ကြိုးစားကာ ခင်ပွန်းသည်လုပ်လိုသော နိုင်ငံရေးသမား ဘဝကိုလည်း ဖြည့်ဆည်းရပုံများကို ဖော်ပြထားသည်။ သူမက စာဖတ်သူအား ခင်ပွန်းသည်က သမ္မတရွေးကောက်ပွဲ ဝင်မည်ဟု ပြောကြားသည့်အခါ၌ အခြေအတင် ပြောရပုံများ၊ သူမထင်ပေါ်လာပုံများ၊ သို့သော်ခင်ပွန်းသည်၏ စည်းရုံးရေးပွဲ၌ သူမအား ဝေဖန်ကြပုံများကိုလည်း ဖော်ပြထားသည်။ ဇာတ်ကြောင်းပြန်ပြောပြနေသော သူမသည် သိမ်သိမ်မွေ့မွေ့ ပြောကြားနေရင်း ဟာသစွက်ပြောသည်လည်းရှိသည်။ ထို့ပြင်မရေမတွက် နိုင်သည့် ထူးခြားသော အဖြစ်အပျက်များစွာတို့၏ နောက်ကွယ်မှအဖြစ်အပျက်များ၊ သူမ မိသားစုတို့ မထင်မရှားရှိခဲ့ရာက တစ်ကမ္ဘာလုံး အာရုံစူးစိုက်ခံရသည့်အနေအထားသို့ ရောက် ရှိလာပုံ၊ အိမ်ဖြူတော်တွင် နေထိုင်ခဲ့ရသည့် ရှစ်နှစ်တာကာလ၊ သူ့တိုင်းပြည် အကြောင်း သူသိလာပုံ၊ တိုင်းပြည်က သူ့အားသိလာပုံ တို့ကိုလည်းတင်ပြထားသည်။

ဖြစ်တည်ခြင်း က ကျွန်တော်တို့အား အိုင်အိုဝါ၏ မီးဖိုဆောင်မှသည် ဘာကင်ဟမ်နန်းတော် ကြီး၏ ကပွဲဆောင်သို့လည်းကောင်း၊ နှလုံးသွေးရပ်မတတ် ခံစားရသော ဝမ်းနည်းကြေကွဲ ဖွယ်ရာများကို လည်းကောင်း ဖော်ပြထားပြီး၊ သူမ၏ခွန်အားနှင့် သြဇာတို့ကိုစံနစ်တကျ သုံးစွဲသွားပုံများကိုလည်း ဖော်ပြထားသည်။ သူမက ဇာတ်ကြောင်းပြန်ပြောပြရာတွင် ရိုးသားသည်၊ ရဲရင့်သည်။ ကျွန်တော်တို့အား စိန်ခေါ်ထားသည်များ လည်းပါဝင်သည်။ ကျွန်တော်တို့က မည်သူတွေပါလဲ။ ဘာတွေဖြစ်ချင်ခဲ့ကြတာလဲ။

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ပုံနှိပ် မှတ်တမ်း

Copyright© 2018 by Michelle Obama

"This translation published by arrangement with Crown Publishing, a part of Penguin Random House LLC."

ဘာသာပြန် မူပိုင် © ငါတို့စာပေ

All rights reserved.

ငါတို့စာပေမှပထမအကြိမ်အဖြစ် ၂၀၁၉၊ နိုဝင်ဘာ လတွင်ထုတ်ဝေသည်။ ရန်ကုန်မြို့ရှိ ငါတို့စာပေ ပုံနှိပ်တိုက်(၁၁၇၀၇)တွင်အုပ်ရေ ၂၀၀၀ ပုံနှိပ်ထုတ်ဝေသည်။ ယခု စာအုပ်တွင်ဖော်ပြထားသည်များမှ တစ်စိတ်တစ်ပိုင်းကို သော်လည်းကောင်း၊ အခန်းလိုက် ကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်ဆင့်ပြန်လည် ကူးယူ ဖော်ပြခြင်းကို ခွင့်မပြု။ မူပိုင်ခွင့် ရရှိထားသူ သို့မဟုတ် ထုတ်ဝေသူထံမှ ခွင့်ပြုချက် ရမှသာ တစ်ဆင့်ဖော်ပြရန် အသိပေးအပ်သည်။

Cover Photograph by Miller Mobley

(စာအုပ်အညွှန်းရေးသားရန်အတွက် ခွင့်ပြုချက်တောင်းရန်မလိုပါ။)

တန်ဖိုး- ၂၃၀၀၀ ကျပ်

ယခုစာအုပ်ကို မြန်မာဘာသာသို့ ဘာသာပြန်ဆိုရန် ငါတို့စာပေက တရားဝင်ဘာသာပြန်ဆိုခွင့် ရယူထားပါသည်။ အခြားမည်သူမျှ ဘာသာပြန်ဆိုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း ပြုလုပ်ခွင့်မရှိပါ။

BECOMING

MICHELLE OBAMA

ဖြစ်တည်ခြင်း

ဝင်းငြိမ်း

နိဒါန်း

၂၀၁၇၊ မတ်လ။

ကျွန်မငယ်စဉ်က စိတ်ဝင်စားခဲ့သည်မှာ ရိုးရိုးစင်းစင်းကလေးပင်။ ခွေးတစ်ကောင်လိုချင်သည်။ အိမ်အတွင်းဘက်မှ တက်ရသော လှေကားပါသည့် နှစ်ထပ် အိမ်တစ်လုံး မိသားစုတစ်စု နေနိုင်ရမည်။ အကြောင်းတစ်စုံတစ်ခုကြောင့် တံခါးနှစ် ပေါက်ပါပြီး ဖေဖေ နှစ်သက်ဂုဏ်ယူနေသော ဗျူကားအစား တံခါးလေးပေါက်ပါ သော စတေရှင်ဝက်ဂွန်းကားတစ်စင်းလည်း လိုချင်သည်။ လူကြီးများအား ကျွန်မကြီး လာလျှင် ဆေးပညာပါရဂူလုပ်မည်ဟု ပြောတတ်သည်။ ဘာဖြစ်လို့လဲဟု မေးလာလျှင် ကလေးများအနီးတွင် နေရသည်မှာ ပျော်ခြင်းကြောင့်ဟု ဖြေတတ်ပြီး ထိုအဖြေသည် လူကြီးများများစွာ သဘောကျ ကျေနပ်စေကြောင်း အလွယ်တကူပင် နားလည်ခဲ့သည်။ အိုး... ဒေါက်တာလုပ်မှာတဲ့လား၊ တော်လိုက်တဲ့ ကလေးဟု ဆိုတတ်ကြ၍ပင် ဖြစ်သည်။ ငယ်စဉ်က ကျစ်ဆံမြီးနှစ်ဖက်ချည်ထားသော ကျွန်မက အစ်ကိုဖြစ်သူကို အိမ်မှာရော ကျောင်းမှာပင် ဆရာလုပ်တတ်သည်။ တကယ်တမ်းတွင်မူ ကျွန်မသည် ရည်မှန်းချက်ကြီးသူဖြစ်သော်လည်း ဘာလုပ်နေမိသည်ကို တိတိကျကျ မသိခဲ့ပေ။ ယခုအခါတွင် လူကြီးများ မေးလေ့မေးထရှိသော ကြီးလာရင် ဘာလုပ်မှာလဲဟူသည့် မေးခွန်းသည် အသုံးမကျသော မေးခွန်းတစ်ခုသာ ဖြစ်သည်ကို သိလာပြီဖြစ်သည်။ နောက်ဆုံးတွင် ရည်မှန်းသည်က တခြား၊ ဖြစ်လာသည်က တခြားသာ ဖြစ်တတ်ပါသည်။

ယခုချိန်ဆိုလျှင် ကျွန်မသည် ရှေ့နေတစ်ဦးဖြစ်နေသည်။ လူငယ်များ အဓိပ္ပာယ်ရှိရှိ ဘဝကို တည်ဆောက်ရန် ကူညီပေးသည့် အကျိုးအမြတ်မယူသော အဖွဲ့တစ်ခုတွင် ဒါရိုက်တာအဖြစ် ဆောင်ရွက်နေပြီး ဆေးရုံတစ်ခု၏ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ ကျွန်မသည် လက်လုပ်လက်စား လူမည်းမိသားစုမှ ပေါက်ဖွား လာခဲ့သူဖြစ်သော်လည်း လူဖြူအများစုတက်သော ကောလိပ်ကျောင်းတွင် တက် ရောက်ခဲ့သည်။ စာသင်ခန်းများထဲတွင် တစ်ဦးတည်းသော အမျိုးသမီးဖြစ်သကဲ့သို့ တစ်ဦးတည်းသော အာဖရိကန်-အမေရိကန်လည်း ဖြစ်သည်။ သတို့သမီးတစ်ဦး ဖြစ်ခဲ့ဖူးသည်။ ပူပင်သောကများခဲ့ရသော မိခင်တစ်ဦးလည်း ဖြစ်ခဲ့ဖူးသည်။ သမီးကြောင့် စိတ်သောကရောက်ရဖူးသည်။ မကြာသေးမီကမူ ကျွန်မသည် အမေရိကန် ပြည်ထောင်စု၏ သမ္မတကတော် ဖြစ်ခဲ့ပြန်သည်။ တရားဝင်အလုပ် မဟုတ်သော်လည်း အလုပ်လုပ်ရပြီး မည်သည့်အခါကမျှ စိတ်ကူးပင်

မထည့်ခဲ့ဖူးသည့်နေရာကို ပေးခဲ့ကြသည်။ စိန်ခေါ်မှုများ ရှိသကဲ့သို့ နှိမ့်ချခံရသည်များလည်း ရှိပါသည်။ အပေါ်သို့ မြှောက်တင်သည့်အခါများ ကြုံခဲ့ဖူးသကဲ့သို့ အောက်သို့ ပစ်ချခံရသည်များလည်း ရှိခဲ့သည်။ တစ်ခါတစ်ရံတွင်မူ မြှောက်ခြင်းနှင့် ရှုတ်ချခြင်း တစ်ပြိုင်တည်း ကြုံသည်လည်း ရှိတတ်ပါသည်။ မီလာနီယာထရမ့်က သူ့ခင်ပွန်းသည် ထရမ့် ကျမ်းသစ္စာ ကျိန်ဆိုပွဲသို့ သွားရာ၌ သူနှင့် အဖော်အဖြစ်လိုက်ပေးစဉ် ၂၀၀၆ ခုနှစ်၏ တစ်ခုသော အေးမြသည့်နံနက်ခင်းတွင် ကျွန်မခင်ပွန်းဖြစ်သူက သူ သမ္မတရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်တော့မည်ဖြစ်ကြောင်း ပြောခဲ့သည်ကို သတိရမိပါသည်။ ကားပေါ်တွင် ကျွန်မတို့နှစ်ယောက် စကားမပြောဖြစ်၊ တိတ်တိတ်ဆိတ်ဆိတ်သာ လိုက်ခဲ့ကြသည်။

သမ္မတကတော်ဖြစ်လျှင် အမေရိကန်လူထုက အလွန်အမင်း မြှောက်စားကြပါသည်။ ရန်ပုံငွေရရှိရေး အတွက် အိမ်ဆိုသည်ထက် ပြတိုက်နှင့် ပိုတူသောအိမ်များသို့ ရောက်ခဲ့ရဖူးသည်။ ရေချိုးကန်ကို ကျောက်မျက်ရတနာများ စီခြယ်ထားသော အိမ်များသို့လည်း ရောက်ခဲ့ဖူးပါသည်။ ကက်ထရီးနား ဟာရီကိန်း မုန်တိုင်းဒဏ်ကြောင့် ဘာတစ်ခုမျှ မကျန်ရစ်သော မိသားစုများကိုလည်း တွေ့ဖူးပါသည်။ ထိုသူတို့မှာ ရေခဲသေတ္တာနှင့် မီးဖိုရရုံမျှဖြင့် မျက်ရည်လည်ရွဲနှင့် ကျေးဇူးတင်ကြပြန်သည်။ စိတ်ဓာတ် အောက်တန်းကျသည့် သူများကို ကြုံခဲ့ဖူးသကဲ့သို့ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းနေသူများ ကိုလည်း တွေ့ဖူးပါသည်။ ဆရာများနှင့် စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ ဇနီးမယားများထဲမှ အချို့မှာ စိတ်အား အလွန်ထက်သန် ကြသည်မှာ အံ့သြလောက် အောင်ပင်ဖြစ်ရသည်။ ကမ္ဘာတစ်ဝန်းမှ ကလေးများကိုလည်း ကြုံဖူးရာ ကျွန်မ၏ စိတ်ဓာတ်မြင့်မားတက်ကြွစေရန် ဆောင်ရွက်ပေးခဲ့ကြသည့် ကလေးတချို့ကိုလည်း ကျွန်မ မမေ့ပေ။ တစ်ခါက ပန်းဥယျာဉ်တစ်ခု၏ ပတ်လည်တွင် ရှုပ်ပွနေသည်များကို ကျွန်မအပါအဝင် ဝိုင်းဝန်းရှင်းလင်း နေကြစဉ် ကလေးများက ကျွန်မအား သမ္မတကတော် ဆိုသည်ကို မေ့ထားရန် သင်ကြား ပေးခဲ့ကြသည်။

လူထုနှင့်ထိတွေ့နိုင်ရန် အများကြား ဆင်းသည့်အခါ ကမ္ဘာပေါ်တွင် သြဇာ အာဏာအရှိဆုံး အမျိုးသမီးတစ်ဦးပမာ မြှောက်ပင့်ကြသည်များရှိသကဲ့သို့ “ဒေါသ ကြီးသည့် လူမည်းအမျိုးသမီး” ဟု တင်စားခံရသည်များလည်း ရှိပါသည်။ ကျွန်မက ထိုသို့ ပြစ်တင်ရှုတ်ချသူများအား မေးလိုလှပါသည်။ ကျွန်မသည် “ဒေါသကြီး သော”၊ “မည်းသော”၊ “အမျိုးသမီး” ဟုတ်ပါသလား။ ရုပ်မြင်သံကြားအစီအစဉ်မှ ကျွန်မခင်ပွန်းသည်အား ကြောက်မက်ဖွယ် နာမည်မျိုးစုံ တပ်ခဲ့ကြသောသူများကို လည်း မေးလိုပါသည်။ သူတို့တစ်တွေ စိတ်ရောဂါရနေကြသလားဟု။ ရွံ့ညွန်ထူထပ် ညစ်ပတ်လှသော အင်တာနက်မှလည်း ကျွန်မအား ယောကျ်ားလား၊ မိန်းမလားဟု မေးလိုလှကြောင်း ပြောကြသည်ဟုလည်း ကျွန်မ ကြားရပါသည်။ လက်ရှိ

ကွန်ဂရက် လွှတ်တော်အမတ်တစ်ဦးက ကျွန်မတင်ပါးကို ဟာသလုပ်ခဲ့သည်။ ကျွန်မ ဒေါသ ထွက်မိသည်။ ခံစားခဲ့ရသည်။ သို့သော် ထိုသို့သောကိစ္စများအား ရယ်မောပစ်နိုင်ရန် ကျွန်မ ကြိုးစားခဲ့ပါသည်။

အမေရိကားနှင့်ပတ်သက်၍ ကျွန်မ မသိသေးသည့် အချက်အလက်များစွာ ရှိပါသေးသည်။ ဘဝနှင့်ပတ်သက်၍လည်း အနာဂတ်တွင် မည်သို့မည်ပုံ ဖြစ်လာမည် ဆိုသည်ကို မသိပေ။ သို့သော် ကျွန်မကိုယ်ကျွန်မ သိပါသည်။ ကျွန်မ ဖခင်ဖြစ်သူ ဖရေဇာက အလုပ်ကို ပြင်းပြင်းထန်ထန်လုပ်ရန်၊ ရံဖန်ရံခါ၌သာ ရယ်မောရန်နှင့် ပြောထားသည့်စကား တည်စေရမည်ဟု သင်ကြားပေးထားပါသည်။ ကျွန်မ မိခင် မာရီယန်က ကိုယ့်အတွက် မည်သို့တွေးခေါ်ရန်နှင့် ဩဇာကို မည်သို့အသုံးချရမည် ဆိုသည်တို့ကို သင်ကြားပေးခဲ့သည်။ ချီကာဂိုတောင်ပိုင်း၊ ကျပ်တည်းကျဉ်းမြောင်းလှသည့် အိမ်ကလေးတွင် နေထိုင်ကြရင်း မိသားစုဘဝတွင် တန်ဖိုးရှိရှိ နေထိုင်တတ်ရန်၊ ကျွန်မတစ်ယောက်တည်း ဘဝ၌ နေထိုင်တတ်စေရန်၊ တိုင်းပြည်ကြီးတွင် တန်ဖိုးရှိစွာ နေထိုင်တတ်စေရန်တို့ကို သင်ကြားပေးခဲ့ကြသည်။ လှပသည့် ဘဝ မဟုတ်သည့်တိုင်၊ ဖြစ်ချင်သည့်အတိုင်း မဖြစ်လာသည့်တိုင် နေတတ်ရမည်ကို သင်ကြားပေးခဲ့ကြသည်။ ကိုယ့်ဘဝနှင့်ကိုယ်သာ ဖြစ်သည်။

အိမ်ဖြူတော်တွင် ကျွန်မ ရှစ်နှစ်နေခဲ့ရသည်။ မရေမတွက်နိုင်သော လှေကားထစ်တို့ရှိသည့်နေရာ ဖြစ်သကဲ့သို့ ဓာတ်လှေကားများ၊ ဘိုးလင်းကစားကွင်း၊ အိမ်တွင်း အလှစိုက်ပန်းများကို ယုယပေးသော သူလည်း ရှိသည်။ စားသောက်ရန် အတွက် ကမ္ဘာကျော်စားဖိုမှူးများက ချက်ကြပြီး ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များတွင်ရှိသော စားပွဲထိုးများထက် ပိုမိုကျွမ်းကျင်သူများက တည်ခင်း ပေးကြသည်။ ကျွန်မတို့အခန်းများ၏ အပြင်တွင် နားကြပ်များတပ်ဆင်ထားပြီး အသင့်အနေအထား၊ ခံစားမှုကင်းမဲ့သည့် မျက်နှာထားများဖြင့် လျှို့ဝှက်ထောက်လှမ်း ရေးများက စောင့်ကြပ်နေကြသည်။ သူတို့သည် ကျွန်မတို့၏ ပုဂ္ဂလိက ဘဝများထဲသို့ ပါဝင်ပတ်သက်ခြင်း မပြုကြပေ။ သူတို့သည် ကျွန်မတို့၏ အိမ်အသစ်တွင် အသံလုံးဝ မထွက်ဘဲ နေကြသဖြင့် ကျွန်မတို့ နေသားကျလာကြသည်။

အိမ်ဖြူတော်သည် ကျွန်မတို့ သမီးနှစ်ယောက် ခန်းမကျယ်ကြီး၌ ဘောလုံး ကစားကြသောနေရာ၊ တောင်ဘက်မြက်ခင်းပြင်မှာ သမီးတို့ သစ်ပင်တက်သော နေရာဖြစ်ခဲ့သည်။ နိုင်ငံတကာအကြီးအကဲ၊ သံတမန်များနှင့် လက်မှတ်ရေးထိုးသော အခန်းမှာ ဘားရက် ညဥ့်နက်သန်းခေါင်အထိ အလုပ်လုပ်သော၊ မိန့်ခွန်းများ နှုတ် တိုက်ချပေးသော၊ အလုပ်ကိစ္စများ ဆွေးနွေးသောနေရာ ဖြစ်သည်။ ထိုနေရာသည် တစ်ခါ တစ်ရံ၌ ကျွန်မတို့ ခွေးများထဲမှ တစ်ကောင်ဖြစ်သော ဆန်နီ ချေးပါသောနေရာလည်း ဖြစ်သွားပါသည်။ ထရူးမင်း ဆင်ဝင်ပေါ်မှ ရပ်ကြည့်လျှင်

ကမ္ဘာလှည့်ခရီးသွားများ ဝင်းအပြင်ဘက်၌ အမှတ်တရ ဓာတ်ပုံ ရိုက်နေသည်များ၊ သံတိုင်များကြားမှ တစ်ဆင့် အတွင်းဘက်သို့ မျှော်ငေးနေကြသူများကိုလည်း မြင်ရသည်။ ကျွန်မတို့ မိသားစု နေထိုင်ရာတွင် လုံခြုံရေးအတွက် ပြတင်းပေါက်များမှာ အစဉ်အမြဲ ပိတ်ထား ရခြင်းကြောင့် ရံဖန်ရံခါ၌ အသက်ရှူကျပ်သကဲ့သို့ ခံစားရသည်။ တတိုင်းမွေးပန်းများ ဝေဝေဆာဆာပွင့်ကြသည့် အချိန်များတွင် ခြံအတွင်းသို့ ဆင်းလိုလှသော်လည်း နေ့စဉ်နှင့်အမျှ အစိုးရကိစ္စ၊ တပ်မတော်ကိစ္စတို့မှာ ပြတ်သည်မရှိပေ။ ရက်မှသည် ရက်သတ္တပတ်၊ ရက်သတ္တပတ်မှသည် လသို့ ရောက်လာသောအခါ နိုင်ငံရေး ဆိုသည်ကို ကျွန်မ မုန်းတီးလာသည်။ သို့သော် ကျွန်မတို့နိုင်ငံ၏ အလှအပများ၊ ပြည်သူလူထု၏ ချစ်ခင်ဖွယ်ရာ များကို မြင်ရသည့်အခါများတွင်မူ ကျွန်မ စကားမပြောနိုင်လောက် အောင်ပင် ဝမ်းသာရ ပြန်ပါသည်။

ထိုကိစ္စများအားလုံး ပြီးမြောက်ကာ နှုတ်ဆက်ကြရတော့မည့် နောက်ဆုံး ရက်သတ္တပတ်များသို့ ရောက်ရှိလာသောအခါတွင်မူ စိတ်လှုပ်ရှားဖွယ် ဖြစ်ရပြန်သည်။ ကုန်လွန်ခဲ့သောနေ့များသည် မပီဝိုးတဝါး ဖြစ်ခဲ့ကြပြီ။ သမ္မာကျမ်းစာအုပ်ပေါ်သို့ လက်တင်ကာ ကျမ်းသစ္စာကျိန်ဆိုပြန်ပြီ။ သမ္မတဟောင်း သုံးစွဲခဲ့သော ပရိဘောဂတို့ ထုတ်ပယ်လိုက်ကြကာ သမ္မတသစ် သုံးစွဲမည့် ပရိဘောဂတို့ ရောက်ရှိလာကြပြန်သည်။ ဗီရိုများကို ရှင်းလင်းလိုက်ကြကာ နာရီပိုင်းအတွင်းမှာပင် ပြန်လည်ဖြည့်ဆည်း လိုက်ကြသည်။ ထိုနည်းအတူ ခေါင်းအုံး အသစ်ပေါ်သို့ ခေါင်းအသစ်များ၊ စရိုက် အသစ်များ၊ အိပ်မက်အသစ်များတို့ ရောက်ရှိလာပေဦးမည်။ သို့သော် ဤအိမ်၏ တံခါးဝမှ နောက်ဆုံးထွက်ခွာ သွားပြီးလျှင်မူ ကမ္ဘာ့အကျော်ကြားဆုံး ခေါင်းဆောင် တစ်ယောက်ဘဝမှ ချုပ်ငြိမ်းသွားပြီး မိမိကိုယ်မိမိပင်လျှင် ရှာမတွေ့နိုင် ဖြစ်သွားတတ် ပါသည်။

ထို့ကြောင့် ကျွန်မအနေနှင့် သိပ်မကြာသေးခင်ကမှ ဖြစ်ပွားခဲ့သည့်ကိစ္စ အသေးအဖွဲတစ်ခုမှ စတင် လိုပါသည်။ ကျွန်မက မကြာသေးမီကမှ မိသားစုလိုက် ပြောင်းရွှေ့လာခဲ့သော အုတ်အနီဖြင့် ဆောက်လုပ်ထားသော အိမ်တွင် ရှိနေပါသည်။ ထိုအိမ်မှာ ကျွန်မတို့ အိမ်ဟောင်းနှင့် နှစ်မိုင်မျှသာဝေးပြီး တိတ်ဆိတ်သော လမ်းပေါ်တွင် တည်ရှိသည်။ အိမ်မှာ နေသားတကျမဖြစ်သေးပေ။ ဧည့်ခန်းကို အိမ်ဖြူတော်တွင် နေစဉ်ကကဲ့သို့ပင် နေရာချထားလိုက်ပါသည်။ ပတ်ပတ်လည်၌ ကျွန်မတို့ မိသားစုအတွက် အမှတ်တရရှိစေခဲ့သော ပုံများနှင့် ပစ္စည်းများကိုသာ ချိတ်ဆွဲထားပါသည်။ ကင့်မ်ဒေးဗစ္စမှ မိသားစုပုံများ၊ မူရင်း အမေရိကန်တိုင်းရင်းသားများက ကျွန်မအား ပေးအပ်ခဲ့သည့် အိုးများ၊ မင်ဒဲလားကိုယ်တိုင် လက်မှတ်ရေးထိုးကာ ပေးထားသော စာအုပ်တို့ ပါဝင်ပါသည်။

ထိုညတွင် ထူးဆန်းသည်က အိမ်၌ တစ်ဦးတစ်ယောက်မျှ မရှိခြင်းပင်။

ဘားရက်က ခရီးသွားသည်။ ဆာရှာက သူငယ်ချင်းများနှင့် အပြင်ရောက်နေသည်။ မလီယာက နယူးယောက်တွင်နေပြီး တစ်ဖက်က အလုပ်လုပ်ရင်း တစ်ဖက်ကလည်း ကောလိပ်မတက်မီ လွတ်ခဲ့သောအတန်းကို အစား ပြန်တက်နေသည်။ အိမ်တွင် ကျွန်မနှင့် ခွေးနှစ်ကောင်သာ ကျန်ရစ်သောကြောင့် တိတ်ဆိတ်နေသည်။ ရှစ်နှစ်ကျော်ကာလ အတွင်း မကြုံခဲ့ဖူးသော အတွေ့အကြုံပင် ဖြစ်သည်။

ကျွန်မ ဆာလောင်လာသဖြင့် အိပ်ခန်းမှ ထွက်ကာ လှေကားထစ်များကို ဆင်းသက်လာခဲ့ရာ ခွေးနှစ်ကောင်ကလည်း ကျွန်မ ခြေထောက်နားမှ ကပ်ကာ လိုက်လာခဲ့ကြသည်။ မီးဖိုခန်းထဲတွင် ရေခဲသေတ္တာကို ဖွင့်ကြည့်လိုက်သောအခါ ပေါင်မုန့်ကိုတွေ့သဖြင့် နှစ်ချပ်ယူကာ ပေါင်မုန့်မီးကင်စက်ထဲသို့ ထည့်လိုက်သည်။ ကြောင်အိမ်ကိုဖွင့်ကာ ပန်းကန်ပြားတစ်ချပ် ထုတ်ယူလိုက်၏။ ဤကိစ္စများကို ရေးကြီး ခွင့်ကျယ်လုပ်ကာ ရေးပြရန်မလိုကြောင်း ကျွန်မ သိပါသည်။ သို့သော် ပန်းကန်ပြား တစ်ချပ်ယူသည်ကအစ၊ ပေါင်မုန့်နီလာသည်ကို ကျွန်မကိုယ်တိုင်သာ လုပ်နေရသည့် ဘဝအစကို ပြောလိုခြင်းဖြစ်ပါသည်။ အိမ်ဖြူတော်တွင် ရှိနေစဉ် ကာလကမူ ထိုကိစ္စများကို ကိုယ်တိုင်လုပ်ရန်မလိုအပ်ဘဲ တစ်စုံတစ်ယောက်ကသာ လုပ်ပေးပေလိမ့်မည်။ မူလဘဝကို ပြန်လျှောက်ရခြင်းပေလား၊ သို့တည်းမဟုတ် ဘဝသစ်တစ်ခုကို စ,ရခြင်းပေလား။

နောက်ဆုံးတွင် ကျွန်မသည် ပေါင်မုန့်မီးကင်ရုံမျှသာမက ထောပတ်ပင် သုတ်ခဲ့သည်။ ပေါင်မုန့်ထောပတ်သုတ် ထည့်ထားသည့် ပန်းကန်ကိုကိုင်ကာ အိမ်နောက်ဖေးဘက်သို့ ထွက်လာခဲ့သည်။ ဤသို့ ထွက်မည်ဆိုသည့်အကြောင်း မည်သူ့ကိုမျှ အကြောင်းကြားရန်မလို။ ခြေထောက်တွင်လည်း ဖိနပ်မပါ။ ဝတ်ထားသည်ကလည်း ဘောင်းဘီတိုသာ ဖြစ်၏။ ဆောင်းရာသီ မဟုတ်တော့သဖြင့် အအေးဓာတ်လည်း မရှိတော့ပေ။ တိုက်ကပ်ပန်းပင်တို့မှာလည်း မြေပြင်မှ အားယူကာ တိုက်နံရံပေါ် သို့ တွယ်တက်ရန် အားယူနေကြပြီဖြစ်သည်။ လေပြည်လေညင်းက နွေဦးရာသီ အသွင်ဆောင်နေပြီ။

ကျွန်မက ဝရန်တာခြေရင်းမှ လှေကားထစ်ပေါ်တွင် ထိုင်ချလိုက်သည်။ နွေရောက်တော့မည် ဖြစ်သဖြင့် အပူရှိန်ပြင်းသော နေမင်း၏ အပူဓာတ်က ကျွန်မနင်းထားသည့် ကျောက်ပြားများတွင် ငွေ့ငွေ့ ရှိနေသေးသည်။ ခပ်လှမ်းလှမ်းမှ ခွေးတစ်ကောင်ဟောင်သံ ကြားရသောအခါ ကျွန်မခွေးများက နားစွင့်လာကြသည်။ သူတို့ကိုကြည့်ရသည်မှာ အနည်းငယ်စိတ်ရှုပ်ထွေးနေကြပုံရသည်။ အိမ်ဖြူတော်တွင် နေစဉ်ကာလက မည်သည့်အိမ်နီးချင်းမျှ မရှိသဖြင့် အခြားခွေးများ အသံကို သူတို့ ကြားဖူးခြင်းမရှိပေ။ ယခု အခြားခွေအသံ ကြားလာရခြင်းကြောင့် ထိတ်လန့်သွားကြပုံ ရသည်။ ခွေးများက ကျွန်မအပါးမှ ခွာကာ အမှောင်ထဲသို့ တိုးဝင်သွားကြသည်။ ကျွန်မကမူ လှေကားထစ်တွင်ထိုင်ရင်း ပေါင်မုန့်

အစားမပျက်ပေ။ တစ်ယောက်တည်း နေရခြင်း၏ လွတ်လပ်မှုကို ခံစားနေမိသည်။ ပေတစ်ရာခန့်အကွာတွင် သေနတ်ကိုင် ကာ လုံခြုံရေးအတွက် စောင့်ကြပ်ပေးနေသူ မရှိသော်လည်း စိတ်လွတ်လပ်နေသည်။ လမ်းပေါ်သို့ လမ်းလျှောက်ထွက်ချင်ပါကလည်း လုံခြုံရေးအစောင့်အရှောက်အပြည့် ဖြင့်သာ လျှောက်ခွင့်ရခဲ့သည်။ လောလောဆယ်တွင် ကျွန်မသည် သမ္မတသစ် အကြောင်း စိတ်မဝင်စားသကဲ့သို့ သမ္မတဟောင်းကိုလည်း မတွေးမိပေ။

ကျွန်မ စဉ်းစားနေသည်က အိမ်ထဲသို့ ပြန်ဝင်လျှင် ပန်းကန်ဆေးရဦးမည်၊ အိပ်ရာဝင်မည်၊ လေကောင်းလေသန့်များ ဝင်လာနိုင်ရန် ပြတင်းပေါက်တံခါးကို ဖွင့်သင့်က ဖွင့်ရဦးမည်။ ဘဝသည် ဤသို့ဆိုပါက နေပျော်လှပါသည်။ ပတ်ဝန်းကျင် တိတ်ဆိတ်ငြိမ်သက်နေခြင်းက ကျွန်မအတွက် အတိတ်ကို ပြန်တွေးနိုင်ခွင့်ရစေသည်။ သမ္မတကတော်ဘဝဖြင့် အိမ်ဖြူတော်၌ နေစဉ်ကာလက ရက်သတ္တပတ် တစ်ပတ်ဆိုသည်မှာ မြားမြောင်လှသောကိစ္စတို့နှင့် ကုန်ဆုံးရစမြဲဖြစ်သည်။ ယခုမူ တွေးချင်ရာကို တွေးနိုင်သည့်အခြေအနေကို ရခဲ့ပေပြီ။ အိမ်ဖြူတော်ရောက်စဉ်က ကလေးအရွယ်မျှ သာရှိခဲ့သော သမီးနှစ်ယောက်ပင်လျှင် သူတို့ အနာဂတ်အတွက် စီမံကိန်းများ ချမှတ်နိုင်ကြသော အရွယ်များသို့ ရောက်ခဲ့ကြပြီဖြစ်သည်။ ကျွန်မသည်လည်း နေရာသစ်သို့ ရောက်ရှိလာကာ ပြောချင်သည့် အကြောင်းအရာ များစွာတို့ကို ပြောနိုင်တော့မည် ဖြစ်သည်။

Whisper Of Words

https://t.me/TheBookR

ကျွန်မ ဘဝ ဖြစ်တည်ခြင်း

၁

ကျွန်မ ကလေးဘဝအရွယ် အချိန်တော်တော်များများက ထုသံရိုက်သံနှင့်တူသော ဂီတသံတွေကို နားဆင်ရင်း ကြီးပြင်းခဲ့ရသည်။ ထိုအသံတို့မှာ ခပ်ညံ့ညံ့ဂီတသံ သို့မဟုတ် အပျော်တမ်း ဂီတသံများဖြစ်သည်။ ထိုအသံတို့သည် ကျွန်မ အိပ်ခန်းကြမ်း ပြင်ကို ထွင်းဖောက်ကာ ဝင်လာကြခြင်းဖြစ်ပြီး ကျွန်မဘွားလေး ရော်ဘီ၏ စန္ဒရားကို ဖြည်းညင်းစွာခေါက်ကြရင်း ပေါ်ထွက်လာသော အသံများပင်ဖြစ်ပါသည်။ ကျောင်း သားများက စန္ဒရားကို ပလင့်၊ ပလင့်၊ ပလင့်နှင့် တီးခတ်နေကြသည်။ ကျွန်မတို့ မိသားစုမှာ ချီကာဂိုမြို့အနီး တောင်ပိုင်း ကမ်းခြေဒေသတွင် သပ်ရပ်စွာ ဆောက်လုပ် ထားသော ဘွားလေးရော်ဘီနှင့် သူ့ခင်ပွန်း တယ်ရီတို့ ပိုင်ဆိုင်သည့် ဘန်ဂလို၏ ဒုတိယထပ်တွင် ငှားရမ်းကာ နေထိုင်ကြသည်။ ပထမထပ်တွင် ဘွားလေးရော်ဘီနှင့် ခင်ပွန်းသည် တယ်ရီတို့ နေထိုင်ကြသည်။ ရော်ဘီမှာ အမေ့အဒေါ်ဖြစ်ပြီး အမေ့အပေါ်တွင် ကောင်းသည် မှန်သော်လည်း ကျွန်မအတွက်မှာမူ ကြောက်ရသူတစ်ဦး ဖြစ်ပါသည်။ ဣန္ဒြေသိက္ခာကြီးသူဖြစ်ပြီး ဘုရားရှိခိုးကျောင်းတွင် ဓမ္မသီချင်း သင်ကြားပို့ချကာ ကျွန်မတို့ရပ်ကွက်၏ တစ်ဦးတည်းသော စန္ဒရားဆရာမ လည်း ဖြစ်သည်။ ရော်ဘီက ဒေါက်ဖိနပ်စီးပြီး လည်ပင်း၌ အဝေးကြည့်မျက်မှန်၊ အနီးကြည့် မျက်မှန်တို့ လည်း အမြဲချိတ်ဆွဲ ထားတတ်ပါသည်။ သူ့အပြုံးက ကောက်ကျစ်သည်ဟု ကျွန်မထင် သော်လည်း ကျွန်မမိခင်ကဲ့သို့ အတင်းအဖျင်းပြောသည်ကို မနှစ်သက်ပေ။ တစ်ခါတစ်ရံတွင် စန္ဒရားသင်ခန်းစာများ ကောင်းစွာ မလေ့ကျင့် ခဲ့သည့် ကျောင်းသားများအား မြည်တွန်တောက်တီးသကဲ့သို့ ကျောင်းပို့နောက်ကျတတ်သော မိဘများ ကိုလည်း ဆူလေ့ရှိသည်ကို ကြားရတတ်ပါသည်။ ဒေါသထွက်သည့်အခါ၌ ရော်ဘီက "ဂွတ်ဒ်နိုက်"ဟု နေ့ခင်းမှာပင် ဆိုတတ်ပါသည်။ ထိုအသံကြားလျှင် ရော်ဘီ ဒေါသထွက်နေပြီ ဆိုသည်ကို သိသာပါသည်။

ကျောင်းသားများက နေ့စဉ်နှင့်အမျှ စန္ဒရားတီးတတ်စေရန် ကြိုးစားနေကြခြင်းသည်ပင်လျှင် ကျွန်မတို့ဘဝ၏ ဂီတသံစဉ်များ ဖြစ်လာခဲ့တော့သည်။ နေ့ခင်းတွင် ကြားနိုင်သကဲ့သို့ ညနေများတွင်လည်း ကြားရသည်သာဖြစ်သည်။ တစ်ခါတစ်ရံ ဘုရားရှိခိုးကျောင်းမှ အမျိုးသမီးများ ရောက်လာကြကာ ဓမ္မတေး စုပေါင်းလေ့ကျင့် ကြသည်များလည်း ရှိပါသည်။ သူတို့အသံများသည်လည်း ကျွန်မတို့ အိမ်နံရံများကို ဖြတ်သန်းကာ ဝင်လာကြသည်သာဖြစ်သည်။ ရော်ဘီ၏စည်းကမ်းအရ စန္ဒရားသင်ယူ သူများသည် သီချင်းတစ်ပုဒ်ချင်းသာ သင်ယူလေ့ကျင့်ခွင့်ရှိသည်။ ကျွန်မအခန်းမှဆို လျှင်

လေ့ကျင့်သည့်ကျောင်းသားသည် ရော်ဘီ စိတ်ကြိုက်မတွေ့မချင်း သီချင်းတပုဒ်အား ကြိမ်ဖန်များစွာ တီးရသည်ကို အတိုင်းသားကြားရပါသည်။ Hot Cross Burns မှ စသင်ကာ Brahms 's Lullaby အထိ တီးတတ်သွားပြီဆိုလျှင် သင်ရိုးကုန်ပြီ ဖြစ်၏။ ဂီတသံဆိုသည်မှာ မည်သည့်အခါမျှ စိတ်အနှောင့်အယှက်ပေးသည် ဟူ၍ မရှိပေ။ သံစဉ်တို့သည် ရော်ဘီတို့အခန်းနှင့် ကျွန်မတို့အခန်း ပိုင်းခြားထားသည့် လှေကားအိမ်မှ ပျံ့လွင့်လာခြင်းပင် ဖြစ်သည်။ နွေရာသီကာလများတွင် ပြတင်းပေါက်များဖွင့်ထားပါက ဂီတသံစဉ်သည် ကျွန်မအတွေးများနှင့်အတူ ပျံ့လွင့်သကဲ့သို့ ဘာဘီရုပ်ကလေးများနှင့် ကစားနေသောအချိန်၊ သစ်သားတုံးကလေးများနှင့် ကျွန်မ ကမ္ဘာတည်ဆောက်ကာ ကစားနေသောကာလများ၌လည်း ကြားရတတ်ပါသည်။ သို့သော် ကျွန်မဖခင်ဖြစ်သူ အလုပ်မှ စောစောပြန်လာသည့်အချိန်၊ ရုပ်မြင်သံကြားမှ အားကစားပွဲများ ပြသနေသည်ကို ကြည့်နေသော အခါများတွင်မူ အဖေက တီဗွီမှ အသံကို ခပ်ကျယ်ကျယ်ဖွင့်ခြင်းအားဖြင့် အောက်ထပ်မှ ဂီတသံကို ဖုံးလွှမ်းစေပါသည်။

ထိုအဖြစ်အပျက်တို့မှာ ၁၉၆၀ ခုနှစ်များအတွင်းက ချီကာဂိုတောင်ပိုင်းတွင် ဖြစ်ပျက်ခဲ့သည်တို့ ဖြစ်သည်။ ထိုစဉ်က ချီကာဂိုတွင်ရှိသော Cubs ဘေ့စ်ဘောအသင်း မှာ အညံ့ကြီးမဟုတ်သည့်တိုင် အကောင်းကြီးလည်း မဟုတ်ခဲ့ပေ။ ကျွန်မက အဖေ့ ပေါင်ပေါ်တွင်ထိုင်ကာ ဘေ့စ်ဘောရာသီနှောင်းပိုင်း၌ Cubs တို့ ဘာကြောင့် ရှုံးသွားရ သည်ဆိုသည့်အကြောင်း အဖေ သုံးသပ်ပြသည်ကို နားထောင်ရသည်။ သို့တည်း မဟုတ် ကျွန်မတို့နှင့် မလှမ်းမကမ်းတွင်ရှိသော ကွန်စတင့်စ် အဗဲနျူးတွင် နေထိုင်သည့် ဘီလီဝီလျံ အကကောင်းပုံတို့ကို ပြောသည့်အခါ ပြောတတ်ပါသည်။ ပြည်သူတချို့က ကပွဲခန်းမများတွင် ပျော်ရွှင်နေကြဆဲ ဖြစ်သော်လည်း ပြင်ပကမ္ဘာတွင် မငြိမ်မသက်သော ပြောင်းလဲမှုများနှင့် ကြုံတွေ့နေပြီ ဖြစ်သည်။ ကနေဒီညီအစ်ကိုများ အသတ်ခံ လိုက်ရသည်။ မမ်ဖစ္စမြို့၌ ဆင်ဝင်တစ်ခုပေါ်၌ ဟောပြောနေသော မာတင်လူသာကင်း ပစ်သတ်ခံရသည်။ ၁၉၆၈ ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီ၏ ညီလာခံမှာလည်း သွေးစွန်းသော ညီလာခံ ဖြစ်သွားခဲ့သည်။ ဗီယက်နမ်စစ်ပွဲတွင် အမေရိကန် ပါဝင်ပတ်သက်နေခြင်းကို ပြည်သူလူထုက ဂရန့်ပန်းခြံတွင် ဆန္ဒပြနေကြရာ ပုလိပ်များက ဘက်နက်၊ မျက်ရည်ယိုဗုံးများ သုံးပြီး ဖြိုခွင်းမှုကြောင့် ဖြစ်သည်။ ထိုနေရာမှာ ကျွန်မတို့နေအိမ်မှ ကိုးမိုင်သာ ဝေး၏။ လူဖြူအများစုတို့ မြို့ပေါ်မှ ရှောင်ပြေးကြသည်။ အစိုးရက ပိုမိုကောင်းမွန်သော ပညာရေးစနစ်၊ ကျယ်ဝန်းသော နေရာထိုင်ခင်းတို့ ဆောင်ရွက်ပေးမည်ဟု ကတိပြုသော်လည်းပိုမိုများပြားလာသော လူဖြူတို့သာ အကျိုးခံစားသွားကြသည်။

အဖြစ်အပျက်တို့ကို အသက်ငယ်သေးသော ကျွန်မ မမှတ်မိပါ။ ဘာဘီရုပ် ကလေးများ၊ သစ်သားတုံး ကလေးများနှင့်သာ ပျော်မွေ့နေခဲ့သော ကျွန်မတွင်

မိဘနှစ်ပါးရှိပြီး ညစဉ်ညတိုင်း ကျွန်မနှင့် သုံးလေးပေခန့် အကွာတွင် အိပ်သော အစ်ကိုတစ် ယောက်လည်း ရှိသည်။ မိသားစုသည် ကျွန်မကမ္ဘာဖြစ်သည်။ မိသားစုသည် အရာ အားလုံး၏ ဗဟိုချက်မဟုလည်း ဆိုနိုင်သည်။ ကျွန်မအဖေသည် ယူနီဖောင်းအပြာ ရောင်ဝတ်ဆင်ကာ နံနက်တိုင်း လုပ်ငန်းခွင်သို့ သွားရောက်သူဖြစ်သော်လည်း ညဘက် များတွင်မူ ကျွန်မတို့အား ဂျက်ဖ်ဂီတနှင့် အနုပညာအား ချစ်တတ်စေရန် သင်ကြားပေးသူ ဖြစ်သည်။ အမေကမူ အများသုံးစာကြည့်တိုက်သို့ ခေါ်ဆောင်သွားကာ စောစောစာဖတ်တတ်စေရန် သင်ပေးခဲ့သည်။ စာကြည့်တိုက်တွင် စာအုပ်ကိုဖွင့်ကာ အသံထွက်ဖတ်ပြရသည်။ အဖေသည် အပြာရောင်ယူနီဖောင်းဝတ်ကာ အလုပ်သမားတဦး ဖြစ်နေသော်လည်း ငယ်စဉ်ကမူ ချီကာဂိုအနုပညာကျောင်းတွင် ပန်းချီနှင့် ပန်းပု ပညာ သင်ကြားခဲ့သူဖြစ်သည်။ ထို့ပြင် ရေကူးတော်သူ၊ လက်ဝှေ့ထိုးတတ်သူတစ်ဦး လည်း ဖြစ်သည်။ အသက်ကြီးလာသောအခါ ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော အားကစားပွဲမှန်သမျှကို မလွတ်တမ်းကြည့်သူ ဖြစ်လာ၏။ အဖေကြည့်သည့် အစီအစဉ် များတွင် နိုင်ငံတကာ ဂေါ့ဖ်ပွဲများပါသကဲ့သို့ ဘောလုံးပွဲများလည်း ပါဝင်သည်။ အဖေက သန်မာထွားကျိုင်း သူများကို သဘောကျ၏။ ကျွန်မအစ်ကို ခရိတ်က ဘတ်စကက်ဘော ဝါသနာပါသည် ဆိုသောအခါ အရပ်မြင့်လာစေရန် ရည်ရွယ်၍ ငွေအကြွေစေ့များကို မီးဖိုဆောင်ခါးပန်းတွင် တင်ထားပြီး ရအောင် ကြိုးစားယူစေသည်။

ကျွန်မတို့ နေထိုင်သည့်နေရာတွင် တည်ငြိမ်အေးဆေးသော်လည်း ငါး ဘလောက်ခန့်ဝေးသည့် ကျွန်မ အဘိုးအဘွားများ၊ ဝမ်းကွဲမောင်နှမများ နေထိုင်သည့် နေရာ၊ ကျွန်မတို့ တနင်္ဂနွေနေ့တိုင်း ပုံမှန်မသွားဖြစ် သော်လည်း ရံဖန်ရံခါ သွားတတ်သည့် ဘုရားကျောင်းရှိသည့်နေရာ၊ ရံဖန်ရံခါ အမေက နယူးပို့စီးကရက်ဘူး သွားဝယ် ခိုင်းတတ်သည့်နေရာ၊ ဝမ်းဒါပေါင်မုန့်၊ ပဲနီသကြားလုံး၊ နွားနို့ စသည့် စားဖွယ်ရာများ ရောင်းသည့် စတိုးဆိုင်တို့တွင် ပြဿနာက စ,လာသည်။ အိမ်နှင့် မလှမ်းမကမ်းတွင် ကလေးကစားကွင်းတစ်ခု ရှိသည်။ နွေ့ခင်းဘက်များတွင် ကျွန်မတို့ကလေးများ သစ်ပင်တက်ရာ၊ ကစားရာနေရာဖြစ်သော်လည်း နွေရာသီ ပူပြင်းသော ညဘက်တွင် မူ လူကြီးများက ထိုကွင်း၌ ဘောလုံးကစားကြသည်။ သူတို့ အော်သံဟစ်သံများ ကြားရလျှင် ကျွန်မတို့မောင်နှမက အိပ်ငိုက်ကြပြီဖြစ်သည်။

ခရိတ်နှင့် ကျွန်မမှာ အသက်အရွယ်အားဖြင့် ကွာခြားမှု နှစ်နှစ်ပင် မပြည့်ပေ။ သူက အဖေ၏ နူးညံ့ပျော့ပျောင်းသော မျက်လုံးမျိုးနှင့် စာနာတတ်သော စိတ်ဓာတ်၊ အမေ၏ အရာရာ ပူပင်တတ်သော စိတ်ဓာတ်မျိုးရှိသူ ဖြစ်သည်။ ကျွန်မတို့ နှစ်ယောက်လုံးသည် တွေဝေခြင်းမရှိ ပြတ်သားသောစိတ်ဓာတ် ရှိကြသည်။ ခရိတ်က သူ့နှမအပေါ်တွင် အရာရာပူပန်တတ်သူဖြစ်၏။

ကျွန်မတို့အိမ်တွင် မိသားစု ရိုက်ကူး ထားသော အဖြူအမည်းဓာတ်ပုံတစ်ပုံရှိသည်။ ထိုဓာတ်ပုံတွင် အမေက ကျွန်မကို သူ့ ပေါင်ပေါ်တင်ကာ ထိုင်နေပြီး မျက်နှာက ပြုံးနေသည်။ အဖေ့မျက်နှာမှာ သူချီထား သော သားအတွက် ဂုဏ်ယူနေဟန်ရှိ၏။ မိသားစုတစ်စုလုံး သစ်သစ်လွှင်လွှင် ဝတ် စားထားကြသည်ကို ကြည့်ခြင်းအားဖြင့် ဘုရားကျောင်း သို့မဟုတ် မင်္ဂလာဆောင် တစ်ခုခုသို့ သွားကြမည့်ပုံစံ ဖြစ်သည်။ ထိုစဉ်က ကျွန်မမှာ ရှစ်လအရွယ်ခန့်သာ ရှိသေး ပြီး မီးပူတိုက်ထားသည့် အဖြူရောင်ဝတ်စုံနှင့် သေးခံဘောင်းဘီဝတ် ပေးထားသည်။ ပုံစံက အမေ့ရင်ခွင်ထဲမှ ထွက်တော့မည့် အနေအထားရှိပြီး မျက်စိများကမူ ကင်မရာအား စားတော့ဝါးတော့မည်ကဲ့သို့ ကြည့်နေ၏။ ခရိတ်ကမူ နှစ်နှစ်သား အရွယ်ဖြစ်ပြီး အစ်ကိုတစ်ယောက်၏ ဟန်အမူအရာအပြည့်ရှိသည်။ သူ့လက်များက ကျွန်မရှိရာသို့ ဆန့်တန်းထားပြီး လက်ချောင်းများက ကျွန်မ၏ ဝဝကစ်ကစ် လက်ကောက်ဝတ်နေရာကို ကိုင်ထားသည်။

ဓာတ်ပုံရိုက်စဉ်အခါက ကျွန်မတို့သည် ပါ့ခ်ဝေးရှိ အဖေ၏ မိဘများ နေအိမ်၌ နေကြပြီး ထိုအိမ်မှာ တောင်ပိုင်းတွင် ဆောက်လုပ်ထားသော တန်ဖိုးနည်း အိမ်ရာဖြစ်သော်လည်း အလွန်ခေတ်မီသော အိမ်ရာစခန်း ဖြစ်သည်။ ၁၉၅၀ ခုနှစ်များအတွင်းက လူမည်းအလုပ်သမားများအတွက် အိမ်ရာရှားပါးလာခြင်း ကြောင့် ဆောက်လုပ်ပေးခဲ့သော အိမ်ရာစီမံကိန်းတစ်ခုဖြစ်ပါသည်။ နောင်တွင်မူ ထိုနေရာသည် ဆင်းရဲမွဲတေသူ များပြားလာမှု ကြောင့်နှင့် လူဆိုးဂိုဏ်းများ ပေါ်ပေါက်လာမှုတို့ကြောင့် မြို့၏အန္တရာယ် အများဆုံး နေရာတစ်ခု ဖြစ်သွားခဲ့၏။ ထိုသို့မဖြစ်မီ အချိန်ကာလများစွာကတည်းက ဆယ်ကျော်သက် အရွယ်တွင် စ,တွေ့ကြပြီး နှစ်ဆယ် ကျော်အရွယ်တွင် အိမ်ရာထူထောင်ခဲ့ကြသူများဖြစ်သည့် မိဘနှစ်ပါးက တောင်ဘက် မိုင်အနည်းငယ်အကွာတွင်ရှိသော ရော်ဘီနှင့် တယ်ရီတို့၏ စကားကမ်းလှမ်းမှုကို လက်ခံကာ အိမ်ပြောင်းခဲ့ကြသည်။ ထိုစဉ်က ကျွန်မမှာ ကလေးအရွယ်သာ ရှိသေး၏။ ရော်ဘီတို့ အိမ်ပတ်ဝန်းကျင်မှာ ကောင်းသောကြောင့်လည်း ဖြစ်ပါသည်။

လျူးစစ်အဗဲနျူးလမ်းမကြီးပေါ်တွင် အိမ်သိပ်မကြီးသော်လည်း တစ်မိုး တည်းအောက်၌ မိသားစုနှစ်စု နေထိုင်ကြသူများ ဖြစ်သည်။ အိမ်၏ဒီဇိုင်းကို လေ့လာကြည့်ပါက ဒုတိယထပ်သည် တစ်ဖက်ဖက်မှ တော်စပ်သူများ နေထိုင်နိုင်ရန် ရည်ရွယ် ပုံရသည်။ အိပ်ခန်းမှာ နှစ်ခန်းသာပါသည်။ သို့သော် ကျွန်မတို့ လေးဦးအတွက် အိမ်မှာ အနေတော်ပင်ဖြစ်သည်။ အဖေနှင့်အမေတို့က မူလကတည်းက ရည်ရွယ် ဆောက်လုပ်ထားဟန်တူသော အိပ်ခန်းတွင် အိပ်ကြပြီး ကျွန်မတို့ မောင်နှမကမူ မူလက ဧည့်ခန်းအဖြစ် ရည်ရွယ်ထားဟန်ရှိသော အခန်းကျယ်၌ နေရာယူကြသည်။ အရွယ်ရောက်လာကြသောအခါတွင် အမေ၏ အဖေ၊ ကျွန်မအဘိုး ပါနယ်လ်ရှီးလ်က ကျွမ်းကျွမ်းကျင်ကျင် မဟုတ်သော်လည်း

လက်သမားအလုပ် ဝါသနာပါသူဖြစ်၍ အပေါစားသစ်များ ဝယ်ယူကာ အခန်းနှစ်ခန်း ဖွဲ့ပေးသည်။ အခန်းနှစ်ခန်းကြားတွင် တစ်ဖက်နှင့်တစ်ဖက် ကူးနိုင်စေရန်အတွက် တွန့်ခေါက်၍ ရနိုင်သော တံခါးတစ်ချပ် ထည့်ပေးထားသည်။ အခန်းနှစ်ခန်းရှေ့တွင် ကျွန်မတို့၏ ကစားစရာများ၊ စာအုပ်များ ထားနိုင်ရန် နေရာတစ်ခုလည်း စီစဉ်ပေးထားသည်။

အခန်းကလေးကို ကျွန်မ ကြိုက်သည်။ နှစ်ယောက်အိပ်ခုတင်တစ်လုံး ထားနိုင်ပြီး စားပွဲသေးသေး တစ်လုံး ထား၍ရသည်။ ကျွန်မက အရုပ်အားလုံးကို ခုတင်ပေါ် တင်ထားသည်။ ညအိပ်ရာဝင်တိုင်း အရုပ်များသည် ကျွန်မခေါင်းအနီးတွင် ရှိစေခြင်းဖြင့် ပိုမိုသက်သာမှုရစေပါသည်။ အခန်းနှစ်ခု ခြားထားသော နံရံတွင် ခရိတ်က မှန်ချိတ်ထား၏။ သူ့ခုတင်မှာ ကျွန်မ ထားသကဲ့သို့ပင်ဖြစ်ရာ မောင်နှမနှစ်ယောက် မျဉ်းပြိုင်သဖွယ် ဖြစ်နေသည်။ အခန်းနှစ်ခုခြားထားသော သစ်သားမှာပါးလွှာသည် ဖြစ်ရာ တစ်ယောက်နှင့် တစ်ယောက် မမြင်သာသော်လည်း စကားပြောနိုင်သည် ဖြစ်၍ ညများတွင် ကျွန်မတို့မောင်နှမ စကားပြောတတ်ကြပါသည်။ တစ်ခါတစ်ရံတွင် ခြေအိတ်များကို ဘောလုံးသဖွယ်လုံး၍ ဆယ်လက်မခန့်သာ ဝေးသောနေရာမှ ဟို ဘက်အခန်းနှင့် သည်ဘက်အခန်း အပြန်အလှန်ပစ်ကာ ကစားကြပါသေးသည်။

အန်တီရော်ဘီကမူ သူ့အိမ်ကို ရှေးခေတ်ဟောင်း ပြတိုက်သဖွယ် သ,ထားသူဖြစ်ရာ ပရိဘောဂများကို ပလတ်စတစ်စများဖြင့် အုပ်ထားပါသည်။ ကျွန်မ ထိုင်မိလျှင် ဖိနပ်မပါသောကြောင့် ခြေထောက်များကို အေးစေပါသည်။ စင်များပေါ်တွင် ကြွေဖြင့်ပြုလုပ်ထားသည့်ပစ္စည်းများ တင်ထားသော်လည်း ကျွန်မတို့ ကိုင်ခွင့်မရှိပေ။ တစ်ကြိမ်တွင် စင်ပေါ်၌တင်ထားသော ခွေးမိသားစုအရုပ်ကလေးများကို တွေ့သည်။ ဖန်ထည်ဖြင့်ပြုလုပ်ထားသော ခွေးကလေးသုံးကောင်မှာ ချစ်ဖွယ်ကောင်းပြီး ခွေးအမေကြီး အရုပ်မှာလည်း လက်ရာမြောက်လှပါသည်။ မနေနိုင်သဖြင့် ကျွန်မ ကိုင်ကြည့်လိုက်သော်လည်း အန်တီရော်ဘီ ဆူမှာ ကြောက်ပါသည်။ စန္ဒရားသင်တန်း မရှိသောနေ့များတွင် ပထမထပ်မှာ ပကတိတိတ်ဆိတ်နေပြီး ရုပ်မြင်သံကြားစက် မဖွင့်သကဲ့သို့ ရေဒီယိုကိုလည်း မည်သည့်အခါမျှ မဖွင့်ပေ။ သူတို့နှစ်ယောက်ပင် စကားမှ ပြောပါ၏လောဆိုသည်မှာ မသေချာလှပေ။ ရော်ဘီခင်ပွန်း၏ နာမည်အပြည့်အစုံမှာ ဝီလျံဗစ်တာတယ်ရီ ဖြစ်သော်လည်း ကျွန်မတို့ကမူ နောက်ဆုံးအမည်ဖြစ်သော တယ်ရီဟုသာ ခေါ်ကြပါသည်။ တယ်ရီသည် ထူးခြားသည့်ရုပ်သွင်ရှိပြီး နေ့စဉ် အစိတ်အပိုင်းသုံးခုပါသော ဆု(တ)အပြည့်အစုံ ဝတ်ဆင်လေ့ရှိသည့်ပြင် စကားအလွန် နည်းသူလည်းဖြစ်သည်။

အိမ်တစ်အိမ်တည်းတွင် ဖြစ်သော်လည်း အပေါ်ထပ်နှင့် အောက်ထပ်တို့မှာ

စရိုက်သဘာဝ လုံးဝမတူကြပေ။ ကျွန်မတို့အပေါ်ထပ်သည် အမြဲတစေ ဆူညံနေတတ်ပြီး ခွင့်မလွှတ်တတ်သူများ ဖြစ်ကြသည်။ ခရိုတ်နှင့် ကျွန်မက အခန်းထဲတွင် လှည့်ပတ်ပြေးနေတတ်ကြသည်။ ဘောလုံးပစ်ပေါက် ကစားခြင်းလည်း ပြုကြသည်။ ကျွန်မတို့က ကြမ်းပြင်ကို ပေါလစ်ရှ်တိုက်ထားပြီး ခြေအိတ်နှင့် ပြေးခြင်းအားဖြင့် ဝေးဝေးလံလံသို့ အလွယ်တကူရောက်နိုင်စေရန် စီမံထားကြသည်။တစ်ခါ တစ်ရံတွင် အိမ်နံရံနှင့် ဝင်ဆောင့်မိသည်အထိ အရှိန်ပြင်း၏။ မီးဖိုခန်းထဲတွင်လည်း မောင်နှမ နှစ်ယောက် လက်ဝှေ့ထိုးချင် ထိုးကြသည်။ အဖေက ကျွန်မတို့အတွက် ခရစ္စမတ် လက်ဆောင်အဖြစ် လက်အိတ်နှစ်စုံ ဝယ်ပေးခဲ့သည့်အပြင် လက်သီးထိုးနည်းကိုလည်း စနစ်တကျ သင်ပေးခဲ့သည်။ ညပိုင်းတွင် မိသားစုလိုက် ကစားကြသည် လည်းရှိပြီး တစ်ခါတစ်ရံတွင်မူ ပုံပြောကြသည်။ တစ်ခါတလေတွင် ဂျက်ဆင် ညီအစ်ကိုငါး ယောက်တို့၏ Jackson 5 ဓာတ်ပြားကို စတီရီယိုအသံထွက်ဖြင့် နားထောင်ကြပါသည်။ ကျွန်မတို့ ဆူညံသံက ကျယ်လွန်းသွား၍ အောက်ထပ်မှ ရော်ဘီ နားမခံသာသည့်အခါများ၌ လှေကားအိမ်မှ မီးခလုတ်ကို ဖွင့်ချည်ပိတ်ချည် လုပ်ပြခြင်း အားဖြင့် သတိပေးတတ်သည်။ ကျွန်မတို့ မဆူကြရန် အချက်ပေးခြင်းပင်။

ရော်ဘီနှင့်တယ်ရီတို့မှာ ကျွန်မတို့မိဘများထက် အသက်ကြီးကြပြီး အခြားအရပ်ဒေသ၌ ကြီးပြင်းခဲ့ကြသူများဖြစ်ရာ ကျွန်မတို့မိဘများ မကြုံခဲ့ဖူးသောကိစ္စမျိုး၊ ခရိုတ်နှင့် ကျွန်မတို့ ကလေးများ အနေဖြင့် မမှန်းဆနိုင်သည့် ကိစ္စမျိုးတို့ကို ကြုံခဲ့ကြားခဲ့ကြသူများ ဖြစ်သည်။ ရော်ဘီက သတိပေးသဖြင့် ကျွန်မတို့ငြိမ်သက်လိုက်ရပြီး မကျေမနပ် သုန်မှုန်နေကြသော အခါများတွင် အမေက ကျွန်မတို့အား ရှင်းလင်း ပြောပြတတ်ပါသည်။ အမေ ပြောပြသောအကြောင်းအရာများကို ကျွန်မတို့ မသိခဲ့ကြသော်လည်း ဤသို့ ဖြစ်ခဲ့ကြဖူးသည်ကို မှတ်သားကြရသည်။ ကမ္ဘာမြေပေါ်ရှိလူအားလုံးက ဤသို့သော သမိုင်းရှိခဲ့ဖူးသည် ဆိုသည်ကို ပြောပြနေသယောင်ဖြစ်၍ ကျွန်မတို့လည်း မှတ်သားရပါသည်။

နောင်တွင် ကျွန်မ သိလာရသည်မှာ ၁၉၄၃ ခုနှစ်က Northwestern University တွင် သင်ကြား ပို့ချသော ဓမ္မတေးသီကျူးမှု သင်တန်း တက်ရောက်ရာ၌ အမျိုးသမီးအဆောင်၌ နေခွင့်ပြုရန် ငြင်းဆိုခဲ့သော ကြောင့် ရော်ဘီက ယင်းတက္ကသိုလ်အား တရားစွဲခဲ့ဖူးသည်ဆို၏။ တက္ကသိုလ်ရှိ အမျိုးသမီးဆောင်တွင် နေခွင့်မပြုဘဲ မြို့တွင်းရှိ လူမည်းများသာ နေထိုင်သော အဆောင်များတွင် သွားရောက်နေထိုင်ရန် တက္ကသိုလ်အာဏာပိုင်များ က ပြောကြားခဲ့ကြသည်ဟု ဆိုသည်။ ထိုစဉ်က တယ်ရီမှာ ချီကာဂိုမြို့တွင်းနှင့် မြို့ပြင် ညပိုင်း၌ ပြေးဆွဲနေသော မီးရထားတွင် အလုပ်လုပ်နေချိန်ဖြစ်သည်။ သူ့အလုပ်မှာ လစာများစွာ

မရသော်လည်း လူအများလေးစားသည့် အလုပ်ဖြစ်သည်ဟု ဆိုသည်။ လုပ်ရသည့်အလုပ်မှာ ခရီးသည်တို့၏ ပစ္စည်းပစ္စယများ သယ်ဆောင်ပေးခြင်း၊ ခရီးသည်များ လိုအပ်သည်တို့ကို ကူညီလုပ်ဆောင်ပေးခြင်းတို့ ဖြစ်သည်။ လိုအပ်သည်ဆိုရာ၌ ရှူးဖိနပ် အရောင်တင်ပေးခြင်း အပါအဝင် ဖြစ်သည်။ ထိုအလုပ်များမှာ ထိုစဉ်က လူမည်းများသာ လုပ်သော အလုပ်များ ဖြစ်သည်။

အငြိမ်းစားယူခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော်လည်း တယ်ရီသည် ဝန်ထမ်းဘဝမှာ ကဲ့သို့ပင် သပ်သပ်ရပ်ရပ်ဝတ်ဆင်ကာ စနစ်တကျနေထိုင်မြဲဖြစ်သည်။ အငြိမ်းစားတစ်ဦးဖြစ်သော်လည်း သူသည် ဘဝကိုအရှုံးမပေး သေးဟန် ရှိ၏။ တစ်ခါတစ်ရံ အိမ်ပတ်ဝန်းကျင်ရှိ မြက်ခင်းပြင်မှ မြက်များရှည်နေ လျှင် သူကိုယ်တိုင်ပင် စက်ဖြင့် ရိတ်၏။ မြက်ရိတ်သည်ဆိုသော်လည်း သူ့ကိုယ်ပေါ်မှ အဝတ်အစားတို့က စနစ်တကျရှိမြဲသာ ဖြစ်သည်။ အင်္ကျီလက်ရှည်ကို သေသေသပ်သပ် ခေါက်တင်ထားတတ်သည်။ ထို့ပြင်မက တယ်ရီသည် တစ်နေ့လျှင် စီးကရက်တစ်လိပ်သာ သောက်သည်။ ပိုမသောက်။ ကော်ဖီကို တစ်လတွင် တစ်ကြိမ်သာ သောက်သည်။ နောက်ထပ်မသောက်။ ကျွန်မက တစ်ခါတစ်ရံတွင် တယ်ရီနှင့် စကားပြောကြည့် ချင်သည်။ သူ့တွင် အများမသိသော လျှို့ဝှက်ချက်များ ရှိမည်ထင်သည်။ သူရောက်ခဲ့ဖူးသော မြို့များမှ အများမသိသော အချက်အလက်တို့ကို သူသိထားမည် ထင်သည်။ ရထားပေါ်တွင် ငွေကြေးချမ်းသာသူတို့က မည်သို့ပြုမူကြသည် စသည်တို့ကို ကြားချင်လှပါသည်။ သို့သော် အကြောင်းတစ်စုံတစ်ခုကြောင့် တယ်ရီက မည်သည့်အခါမျှ မပြောခဲ့ပေ။

※

ကျွန်မ အသက်လေးနှစ်အရွယ်တွင် စန္ဒရားအတီးသင်မည်ဟု ဆုံးဖြတ်လိုက်သည်။ ပထမတန်း တက်နေပြီဖြစ်သော ခရိတ်က ကျောင်းပိတ်ရက်များတွင် အောက် ထပ်သို့ ဆင်းကာ သင်ယူနေပြီ ဖြစ်သည်။ သို့သော် အိမ်ပေါ်ပြန်တက်လာတိုင်း သူ့မျက်နှာမှာ မကြည်သာလှပေ။ ကျွန်မကမူ စန္ဒရားတီးသင်ရန် အဆင်သင့်ဖြစ်နေပြီ ဟု ကိုယ့်ကိုယ်ကို ယုံကြည်ပါသည်။ အခြားကလေးများ လာရောက်သင်ကြားခဲ့ကြ စဉ်က တီးခဲ့ကြသည်များကို နားရည်ဝ,နေခြင်းကြောင့် ဖြစ်သည်။ အောက်ထပ်သို့ ဆင်းကာ ကျွန်မအရည်အချင်းကို ပြလိုက်ရလျှင် ရော်ဘီက သူ့တပည့်အဖြစ် ချက်ချင်း လက်ခံလိမ့်မည်ဟု ယုံကြည်မိသည်။

ရော်ဘီက စန္ဒရားကို အိမ်နောက်ပိုင်း လေးထောင့်စပ်စပ် အခန်းတစ်ခုထဲ တွင် ထား၏။ ထိုအခန်း၌ ပြတင်းပေါက်တစ်ခုရှိသဖြင့် အိမ်နောက်ဖေးဘက် တွင် ပန်းအိုးဖြင့် စိုက်ထားသောအပင်များကို မြင်နိုင်သည်။ စန္ဒရားအနီး၌ ခေါက်

စားပွဲတစ်လုံး ချထားသဖြင့် ကျောင်းသားများအနေဖြင့် ဂီတသင်္ကေတစာရွက်များကို ယင်းစားပွဲပေါ်၌ တင်နိုင်သည်။ စန္ဒရား အတီးသင်နေချိန်တွင် ရော်ဘီက ကျောမှီမတ်မတ်ရှိသော ကုလားထိုင်တစ်လုံးပေါ်၌ ခပ်မတ်မတ်ထိုင်နေသည်။ လက်ချောင်းတစ်ချောင်းဖြင့် စည်းချက်လိုက်နေ တတ်၏။ ခေါင်းကို ငဲ့စောင်းကာ ကျောင်း သားများ မှားတီးမည့် တီးကွက်ကို နားစွင့်ထားပြန်သည်။ ကျွန်မ ရော်ဘီကို ကြောက် နေပါသလား။ သိပ်မသေချာလှပေ။ သို့သော် ရွံ့နေမိသည်မှာတော့ အမှန်ပင် ဖြစ်သည်။ ရော်ဘီသည် ကျွန်မ မကြုံဖူးသေးသည့် စည်းကမ်းတင်းကျပ်လွန်းသူဖြစ်နေခြင်း ကြောင့် ဖြစ်သည်။ သူက သူ့စန္ဒရားရှေ့တွင် လာထိုင်သည့် ကလေးမှန်သမျှ အတော်ဆုံးကလေးများသာ ဖြစ်မည်ဟု မျှော်လင့်ထားခြင်း ကြောင့်ပင် ဖြစ်ပါသည်။ ကျွန်မ သူ့ကို အနိုင်ယူပြချင်ပါသည်။ သူ့ကိုမြင်တိုင်း ကျွန်မ တစ်စုံတစ်ခု သက်သေ ပြရန် ရှိသည်ဟု ခံစားခဲ့မိသည်။ ပထမဆုံး သင်ခန်းစာသင်ကြားသည့်နေ့က ကျွန်မခြေထောက်များသည် စန္ဒရားရှေ့မှ ခုံတန်းလျားတွင် တွဲလွဲကျနေခဲ့သည်။ ကြမ်းပြင်ကို မထိနိုင်ခဲ့ပေ။ ရော်ဘီက ကျွန်မအား အခြေခံဂီတစာအုပ်တစ်အုပ် ပေးရာ ကျွန်မ ရင်ခုန်မိပါသည်။ ထို့ပြင် ကျွန်မ လက်ချောင်းကလေးများကို စန္ဒရားခလုတ်များပေါ်တွင် မည်သို့ထားရမည်ဆိုသည်ကိုလည်း သင်ကြားပေး၏။

"ကဲ... အာရုံစိုက်"။ ဘာမျှ မသင်ရသေးမီမှာပင် ဆူပူခြင်းက စတင်လာပြီ ဖြစ်သည်။ "C အလယ်သံကို ရှာစမ်း"။

ငယ်သေးသည့်အချိန်တွင် စန္ဒရား၌ အသံပေါင်းတစ်ထောင်ခန့် ရှိသည်ဟု ထင်ပါသည်။ ခလုတ်အဖြူများနှင့် အနက်တို့မှာ လက်နှစ်ဖက် ဆန့်တန်းနိုင်သည်ထက် များပါသည်။ C အလယ်သံ ဆိုသည်မှာ စန္ဒရား စ,သင်သူတစ်ယောက်အတွက် ပထမဆုံး သိရမည့်ကိစ္စ ဆိုသည်ကို နောင်တွင် သိလာခဲ့သည်။ လက်နှစ်ဖက်ကြား တွင်သာရှိပြီး ထိုအသံခလုတ်ကို ရှာတတ်ပြီဆိုပါက စန္ဒရားတီးတတ်ရန် လွယ်ကူ သွားပြီ ဖြစ်သည်။ စန္ဒရားတီးရသည်ကို ကျွန်မ သဘောကျသွားသဖြင့် စန္ဒရားရှေ့မှ ခုံတွင် ထိုင်ရသည်ကိုလည်း ကျွန်မ သဘောကျလာ၏။ ကျွန်မတို့မိသားစုတွင် ဂီတချစ်သူများ၊ ဂီတပညာရှင်များ များပြားပါသည်။ အထူးသဖြင့် အမေ့ဘက်မှ ပိုမိုများပါသည်။ ကျွန်မဦးလေးတစ်ယောက်မှာ တီးဝိုင်းကြီး တစ်ခုတွင် ပညာရှင်ဖြစ်သည်။ အဒေါ် တော်တော်များများမှာ ဘုရားရှိခိုးကျောင်းတွင် ဓမ္မသီချင်း သီဆိုကြ သူများဖြစ်ကြသည်။ ကျွန်မတွင် ဘွားလေးဖြစ်သူက ဘုရားရှိခိုးကျောင်းတွင် ဓမ္မသီချင်း သီဆိုသူများကို ဦးဆောင်သူဖြစ်ရုံသာမက ကလေးများအတွက် ဂီတနှင့် ပတ်သက်သော ဆွေးနွေးပွဲများကိုလည်း ဦးဆောင်ကျင်းပပေးနေသူ ဖြစ်သည်။ ထိုဆွေးနွေးပွဲများ ကျင်းပတိုင်း ခရိတ်နှင့် ကျွန်မတို့မောင်နှမက တက်ရောက်ကြပါသည်။ ကျွန်မတို့မိသားစုတွင် ဂီတကို

စတင်မျိုးစေ့ချခဲ့သူမှာ ကျွန်မအဘိုး လက်သမား ဆရာကြီး ရိုးလ်ပင်ဖြစ်သည်။ သူသည် ရော်ဘီ၏ မောင်လည်းဖြစ်၏။ သူသည် လွတ်လွတ်လပ်လပ် နေတတ်သူ၊ ဗိုက်ရွဲသူ၊ အရယ်သန်သူ၊ မုတ်ဆိတ်မွေးများက အဖြူတစ်ဝက် အနက်တစ်ဝက်ဖြစ်နေသူလည်း ဖြစ်၏။ ကျွန်မတို့ငယ်စဉ်က သူသည် အနောက်ပိုင်းတွင် နေထိုင်သူဖြစ်ခြင်းကြောင့် ခရိုတ်နှင့် ကျွန်မက "အနောက်ပိုင်းက လူ"ဟု ခေါ်တတ်ကြပါသည်။ သို့သော် ကျွန်မ စန္ဒရား စ,သင်သည့်နှစ်မှာပင် သူ က ကျွန်မတို့ တောင်ပိုင်းသို့ ပြောင်းလာသဖြင့် ကျွန်မတို့မောင်နှမက သူ့ကို "တောင်ပိုင်းသား"ဟု ကင်ပွန်းတပ်လိုက်ကြပြန်ပါသည်။

တောင်ပိုင်းဒေသသည် လွန်ခဲ့သည့် ဆယ်စုနှစ်များစွာကပင် ကျွန်မ၏ အဘွားအား ခွဲခွာသွားစေခဲ့သည်။ ထိုစဉ်က အမေသည် ဆယ်ကျော်သက်အရွယ်သာ ရှိသေး၏။ ရိုးလ်သည် အမေ၏ အစ်မအကြီးဆုံးဖြစ်သော ကာရိုလင်းနှင့် သွားနေသည်။ အမေ့မောင်အငယ်ဆုံးဖြစ်သည့် စတိဗ်သည် ကျွန်မတို့အိမ်နှင့် နှစ်ဘလောက် ခန့်အကွာတွင် နေသည်။ သူက တစ်ထပ်အိမ်ဖြစ်သော သူ့အိမ်ကို တစ်အိမ်လုံး ဝိုင်ယာ ကြိုးများနှင့် သွယ်တန်းထားသူ ဖြစ်သည်ဟု ဆိုရပါမည်။ အခန်းတိုင်းတွင် စပီကာ များရှိသည်။ ကုန်ကုန်ပြောရလျှင် ရေချိုးခန်း၌ပင် တပ်ဆင်ထား၏။ သူကိုယ်တိုင် စပီကာသေတ္တာများကို ပြုလုပ်သည်။ စတီရီယိုအသံထွက်ဖြစ်ပြီး ထိုပစ္စည်းမှာ အိမ် တွင်း ပို့လျှံပစ္စည်းများ ရောင်းသည့်နေရာမှ ဝယ်ယူလာခဲ့ခြင်းဖြစ်သည်။ သူ့တွင် မတူညီသော ခေတ်စက်နှစ်လုံးရှိသည့်ပြင် တိပ်ခွေနှင့် ဖွင့်ရသော ရီကော်ဒါလည်း ရှိသည်။ နှစ်ပေါင်းများစွာ သူစုဆောင်းလာခဲ့သော ခေတ်ပြားတို့မှာလည်း စင်များ ပေါ်တွင် အပြည့်ရှိသည်။

တောင်ပိုင်းသားက ကမ္ဘာပေါ်တွင် သူ မယုံကြည်သော ကိစ္စများစွာ ရှိသည်။ သူသည် ရှေးခေတ်ဟောင်းတွင် ကျန်ရစ်ခဲ့သူဟု ဆိုရပါမည်။ သွားဆရာဝန် များကို သူ မယုံ။ ထို့ကြောင့် သူ့တွင် သွားတစ်ချောင်းမျှမရှိပေ။ ရဲများကို မယုံသကဲ့သို့ လူဖြူများကိုလည်း အယုံအကြည်မရှိပေ။ သူသည် ဂျော်ဂျီယာပြည်နယ်မှ ကျွန်တစ်ဦး၏ အဆက်အနွယ်ဖြစ်ပြီး ငယ်ဘဝကို ဂျင်မ်ခရိုးကာလ၌ အလာဘားမား တွင် ကုန်လွန်စေခဲ့ပြီး ၁၉၂၀ ခုနှစ်များမှ ချီကာဂိုမြောက်ပိုင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ သူ့တွင် သားသမီးများ ထွန်းကားလာသောအခါ တောင်ပိုင်းဒေသသည် ကလေးများအား လုံခြုံစိတ်ချစွာ ထား၍ မရသောနေရာ ဖြစ်လာခဲ့သည်။ မှားယွင်းသော ပတ်ဝန်းကျင်သို့ လူမည်းကလေးငယ်များ ရောက်ရှိသွားပါက ဒုက္ခရောက်မည်ဟု စိတ်ကူးယဉ်ဇာတ်လမ်းများက ခြောက်လှန့်ထားကြသည်။ ထို့ပြင် ရဲများအနီးသို့ မချဉ်းကပ်ရန်လည်း သွန်သင်ထားကြသည်။

ဂီတသည် သူ၏ ပူပင်သောက မှန်သမျှကို ငြိမ်းအေးစေသော အရာဖြစ်ပုံရသည်။ လက်သမား အလုပ်မှ လုပ်အားခထုတ်ပေးသောနေ့များတွင် သူက လိုချင်နေသော ဓာတ်ပြားအသစ်တစ်ချပ် ဝယ်ယူ တတ်သည်။ မိသားစုအတွက် ပုံမှန်ပါတီပွဲ ကျင်းပပေးသည်။ ထိုနေ့များတွင် သူက သီချင်းများကို အကျယ်ကြီးဖွင့်ထားသဖြင့် လူတိုင်း စကားပြောသည့်အခါ အော်ပြောကြရသည်။ ကျွန်မတို့ဘဝတွင် အရေးပါ အရာရောက်သော အမှတ်တရနေ့ အများစုမှာ တောင်ပိုင်းသား နေအိမ်တွင် ကျင်းပခဲ့ ကြသည်သာ ဖြစ်သည်။ ထိုနေ့များ၌ အယ်လာဖစ္စဂါလင်အား ခရစ္စမတ်လက်ဆောင် ပေးသောနေ့၊ ကိုလ်ထရိန်းအတွက် မွေးနေ့ဖယောင်းတိုင်များ မှုတ်ပေးကြသော နေ့တို့လည်း အပါအဝင်ဖြစ်ပါသည်။ အမေ့ ပြောပြချက်အရ ဆိုလျှင် တောင်ပိုင်းသား သည် သူ့သားသမီး ခုနစ်ယောက်တို့အား ဂျက်ဇ်ဂီတဝါသနာပါ စေလိုသဖြင့် မနက် စောစောနိုးကာ သူ့ဂျက်ဇ်ဓာတ်ပြားများကို အသံကုန်ဖွင့် နားထောင်စေခဲ့သည်ဟု ဆိုပါသည်။

သူ့ဂီတချစ်စိတ်က ကူးစက်စေသည်ဟု ဆိုရမည်လား မသိပေ။ တောင်ပိုင်းသား ကျွန်မတို့အိမ်အနီးသို့ ပြောင်းလာသောအခါ ကျွန်မသည် ညနေခင်းတစ်ပိုင်းလုံး သူ့အိမ်မှာသာ နေဖြစ်တော့၏။ သူ့စင်ပေါ်မှ ဓာတ်ပြားချပ်များကို ဆွဲချကာ တချပ်ပြီးတချပ် ဖွင့်နေတော့သည်။

ဓာတ်ပြားတိုင်းသည် ရင်ခုန်စိတ်လှုပ်ရှားဖွယ် ခံစားမှုကို ပေးစွမ်းနိုင်ကြသည်။ ကျွန်မအသက်က ငယ်သေးသော်လည်း တောင်ပိုင်းသားကြီးက ကျွန်မအား ဘာမလုပ်ရ၊ ဘာမကိုင်ရဟု တားမြစ်ခြင်း မပြုခဲ့ပေ။ သူက ကျွန်မ အတွက် ပထမဆုံး အယ်လ်ဘမ်အနေနှင့် စတီဗီဝမ်းဒါး၏ Talking Book ဆိုသည့် အယ်လ်ဘမ် ဝယ်ပေးခဲ့သည်။ ကျွန်မအတွက် စိတ်တိုင်းကျသည့် စင်လေးတစ်ခု လုပ်ပေးထား,ထားသဖြင့် စိတ်ကြိုက် အယ်လ်ဘမ်တွေကို ထိုစင်ကလေးမှာပင် ထားခဲ့ပါသည်။ ကျွန်မ ဆာသည်ဆိုလျှင် သူက နွားနို့သောက်ဖို့ ကျိုပေးတတ်ပြီး ရုံဖန်ရုံခါ၌ ကြက်ကောင်လုံးကြော် လုပ်ပေးတတ်သည်။ စားရင်းသောက်ရင်းနှင့် အရီသာ သို့မဟုတ် မိုင်းလ်စ် သို့မဟုတ် ဘီလီတို့၏ အယ်လ်ဘမ်များကို နားထောင်တတ် ကြသည်။ ကျွန်မဘဝတွင် တောင်ပိုင်းသားသည် ကောင်းကင်ဘုံတမျှ ကြီးကျယ်ခမ်း နားသူ၊ ထိုကောင်းကင်ဘုံ၌ ဂျက်ဇ်ဂီတ စိုးမိုးသည်ဟု မှတ်ယူမိပါသည်။

※

အိမ်ပြန်ရောက်သည့်အခါ တွင် စန္ဒရားတီး ဆက်လက်လေ့ကျင့်ရပြန်သည်။ ရော်ဘီ၏ စန္ဒရားရှေ့တွင် မတ်မတ်ထိုင်ကာ ချပေးထားသော ဂီတသင်္ကေတများ ပါသော စာရွက်ကိုကြည့်ကာ တီးရသည်။ ကျွန်မတို့တွင် ကိုယ်ပိုင်စန္ဒရား မရှိခြင်းကြောင့် အောက်ထပ်တွင် လေ့ကျင့်မည့်သူ မရှိသည့်အချိန်ကို စောင့်ပြီး

တီးရသည်။ တစ်ခါတစ်ရံတွင် အမေ့ကိုပင် အောက်ထပ်သို့ ဆွဲခေါ်ကာ ရော်ဘီ ထိုင်လေ့ရှိသော ခပ်မတ်မတ်ခုံတွင် ထိုင်စေကာ ကျွန်မလက်သံကို နားဆင်စေပါသည်။ သီချင်း တစ်ပုဒ်ပြီးတစ်ပုဒ် တီးတတ်လာသည်။ ကျွန်မသည် အခြားသူများ ထက် မတော်သကဲ့သို့ ညံ့လည်းမညံ့သူသာ ဖြစ်ပါသည်။ သို့သော် ကျွန်မ ကြိုးစား အားထုတ်သည်။ သင်ယူလေ့လာခြင်းဆိုသည်၌ ထူးခြားသည့် စွမ်းအင်တစ်ခုရှိ၏။ ထိုသည်က ကျွန်မကို ကျေနပ်သောစွမ်းအား ဝရစေသည်။ သင်ယူလေ့လာခြင်းနှင့် လေ့ကျင့်မှု အနည်းအများပေါ်တွင် မူတည်ကာ ကျွမ်းကျင်မှုရပါသည်။ ရော်ဘီလည်း ထိုနည်းကဲ့သို့ ခံစားရမည်ထင်သည်။ သူ့ရင်တွင်း၌ စွဲနစ်နေသော ဂီတသံစဉ်များစွာ တို့ရှိပေလိမ့်မည်။ ကျွန်မ ကျွမ်းကျွမ်းကျင်ကျင် တီးခတ်နေသည်ကို အပါးမှ စည်း ချက်လိုက်ကာ နားစွင့်နေသော ရော်ဘီကို မျက်လုံးထောင့်စွန်းမှ ခိုးကြည့်လိုက်သော အခါ သူ့နှုတ်ခမ်းများအပေါ်သို့ ကွေးတက်သွားစေသည်အထိ ပီတိဖြစ်သည်ကို မြင်ရ၏။ စည်းချက်လိုက်နေသော သူ့လက်ချောင်းကလေးပင် ဝဲပျံသကဲ့သို့ ဖြစ်သွား တတ်ပါသည်။

※

တစ်နှစ် တစ်ကြိမ် ရော်ဘီက တပည့်များအား စွမ်းရည်ပြပွဲများ ကျင်းပပေး လေ့ရှိပြီး ဧည့်သည်များအား ဖိတ်ကြားပြသလေ့ရှိပါသည်။ ယနေ့အချိန်အထိ ထိုပွဲမျိုး ကို ရော်ဘီမည်သို့ ကျင်းပနိုင်ရန် ကြိုးစားခဲ့သည်ဆိုသည်ကို ကျွန်မ တွေး၍မရပေ။ ကလေးများ စုပေါင်းလေ့ကျင့်ရန်အတွက် ချီကာဂိုမြို့လယ်ရှိ ရှုးစဗက်တက္ကသိုလ်မှ ခန်းမကျယ်ကြီးရရန် ဆောင်ရွက်သည်။ ကလေးများ သီဆိုဖျော်ဖြေပွဲကို ကျောက် သားများနှင့် ဆောက်လုပ်ထားသည့် ကြီးကျယ်ခမ်းနားလှသော ခန်းမဆောင်ကြီး တစ်ခုတွင် ကျင်းပသည်။ ထိုနေရာနှင့် မလှမ်းမကမ်းနေရာမှာ ချီကာဂို ဆင်ဖိုနီ ဩခက်စထြာများ တီးခတ်ဖျော်ဖြေသော နေရာဖြစ်ပါသည်။ ထိုနေရာမျိုးတွင် သီဆိုရ မည်ဆိုပါက အတွေးနှင့်ပင် စိတ်လှုပ်ရှားမိပါသည်။ ကျွန်မတို့ နေထိုင်သည့် လျူးစစ် အဗဲနျူးဆိုသည်မှာ ချီကာဂိုမြို့တွင်းမှဆိုလျှင် ကိုးမိုင်မျှ ဝေးသောနေရာဖြစ်သဖြင့် ရော်ဘီ ပွဲကျင်းပလေ့ရှိသည့်နေရာမှာ စဉ်းစားကြည့်ပါက နတ်ဘုံနတ်နန်းတမျှ စည်ကားသောနေရာပင် ဖြစ်သည်။ ကျွန်မတို့မိသားစု ဆိုလျှင် တစ်နှစ်လုံး၌ လက်ချိုးရေတွက်၍ရနိုင်သော အကြိမ်မျှသာ ရောက်ဖူးပါသည်။ ထိုသို့သွားခြင်းမှာလည်း အနု ပညာပြတိုက်ကြည့်ရန်၊ ပြဇာတ်ကြည့်ရန်အတွက်သာဖြစ်ပြီး ထိုသို့ သွားရသည့် အကြိမ်တိုင်း မိသားစုလေးဦးတို့သည် အာကာသယာဉ်မှူးများကဲ့သို့ ဝတ်ကောင်းစား လှဝတ်ကာ အဖေ၏ ဗျူကားပေါ်သို့ တက်ကြခြင်းပင်လျှင် အာကာသသို့ သွားမည့် ယာဉ်ထဲသို့ ဝင်ရသည်နှင့် မခြားပေ။

အဖေသည် ကားမောင်းဝါသနာပါသူဖြစ်ပြီး သူ့ဗျူကားကိုလည်း ခင်တွယ်လှပါသည်။ ကားမှာ ကြေးနီရောင်ရှိပြီး တံခါးနှစ်ပေါက်ရှိ အလက်ထြာ၂၂၅ ကားဖြစ်သည်။ အဖေက သူ့ကားနှင့်ပတ်သက်၍ အလွန်ဂုဏ်ယူတတ်သူလည်း ဖြစ်၏။ ကားကို အစဉ် ဆေးကြောသန့်စင်ထားပြီး ဖယောင်းတိုက်ထားသည်မှာ ဘာသာရေးကိုင်းရှိုင်းသူတစ်ဦး ပုံမှန်ဝတ်ပြုသကဲ့သို့ပင် ရှိ၏။ အမေက ကျွန်မတို့အား ဆရာဝန်ထံ ပုံမှန်သွားကာ ဆေးစစ်သကဲ့သို့ အဖေကလည်း သူ့ကားကို ပုံမှန် "ဆီးယားစ်"သို့သွားကာ ဆီလဲခြင်းနှင့် လိုအပ်သောစစ်ဆေးမှု ပြုလုပ်ပါသည်။ ကျွန်မတို့ကလည်း အဖေ့ကားကို ချစ်ကြပါသည်။ ကားထဲသို့ ဝင်လိုက်လျှင် အိမ်ထဲသို့ ဝင်ရသကဲ့သို့ ရှိသည်။ ကျွန်မကမူ မတ်တတ်ရပ်ကာ ကားအမိုးအတွင်းဘက်၌ ကပ်ထားသော ပိတ်စကို ကိုင်ကြည့်လေ့ရှိသည်။ ထိုစဉ်က ကားစီးလျှင် ခါးပတ်ပတ် ရမည်ဆိုသည့် စည်းကမ်းမှာ မလုပ်မနေရ မဟုတ်သေးသဖြင့် ခရိတ်နှင့်ကျွန်မက ပြင်ပသို့ ငေးမော ကြသည်။ ရံဖန်ရံခါတွင် ရှေ့ခန်း၌ရှိသော မိဘများအား ငုံ့၍ စကားပြောကြသည်။ တစ်ခါတစ်ရံ၌ ကျွန်မက ခေါင်းစွပ်တပ်ကာ အဖေ့မျက်နှာဘေးသို့ ကပ်လိုက်ခြင်း အားဖြင့် အဖေနှင့်အတူ မြင်ကွင်းများအား ကြည့်ခွင့်ရသည်။

ကားစီးခြင်းအားဖြင့် နောက်ထပ်ရရှိသောအကျိုးအမြတ်မှာ မိသားတစ်စုလုံး စကားပြောနိုင်ခြင်းနှင့် ခရီးရောက်သွားခြင်းပင် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ညစာထမင်းစားပြီးချိန်တွင် ခရိတ်နှင့် ကျွန်မက အဖေ့အား ရည်ရွယ်ချက်မဲ့ ကားလျှောက်စီးရန် ပူဆာတတ်ကြသည်။ နွေရာသီ၏ ညများတွင်မူ ကျွန်မတို့သည် လေဟာပြင်၌ ပိတ်ကားထောင်ကာ ကားပေါ်မှ ကြည့်ရသည့် Planet of the Apes ကဲ့သို့သော ရုပ်ရှင်ကားများ သွားကြည့်ကြပါသည်။ ကားကို အမှောင်ထဲတွင်ထိုးကာ ရုပ်ရှင်ကား ကြည့်ရသည်။ အမေက ကြက်ကြော်၊ အာလူးကြော်ကဲ့သို့သော စားဖွယ်ရာများ ယူဆောင်လာတတ်သည်။ ကျွန်မနှင့်ခရိတ်က ကားနောက်ခန်းတွင် ထိုင်ကာ မုန့်စားရင်း ရုပ်ရှင်ကြည့်ကြသည်။ စားသောက်ပြီးပါက အမေယူလာသော လက်သုတ်ပဝါဖြင့်သာ လက်သုတ်ပြီး ကားကူရှင်အား လက်မသုတ်မိရန် သတိထားရ၏။

ကားမောင်းခြင်းသည် မည်သို့သော ခံစားမှုကို အဖေ့အတွက် ပေးစွမ်းနိုင်ကြောင်း နားလည်ရန်မှာ နှစ်အတန်ပင် ကြာခဲ့ပါသည်။ ကလေးအရွယ်ဖြစ်၍ ကားမောင်းသည့် စတီယာတိုင်၏နောက်တွင် အဖေခံစားရသော လွတ်လပ်သည့် အရသာ၊ ကားစက်သံ၏ ညက်ညောမှု၊ အကောင်းမွန်ဆုံးဖြစ်ရန် ညှိနှိုင်းပေးထားသည့် ဘီးများ၏ ဟန်ချက်ညီမှုတို့မှာ ကားမောင်းတိုင်း ရရှိသည့် အဖေ့ခံစားမှုတို့ပင် ဖြစ်ပေမည်။ ဆရာဝန်က အဖေ့ခြေတစ်ဖက် ကြာရှည်ကိုက်ခဲမှုသည် မလှုပ်မရှားနိုင်သည့် အဖြစ်သို့ ရောက်တော့မည်ဖြစ်ကြောင်း အသိပေးစဉ်က အဖေ့အသက်မှာ သုံးဆယ်တွင်း၌သာ ရှိပါလိမ့်ဦးမည်။ ထိုသို့ ဖြစ်ရသည်မှာ ဦးနှောက်အတွင်းမှ အကြောများ

ပုံမှန်မဟုတ်တော့ခြင်းကြောင့်ဖြစ်သည်ဟု ဆို၏။ ဦးနှောက်အတွင်းမှ ဖြစ်စဉ်သည် ကျောရိုးမှတစ်ဆင့် ဆင်းသက်လာခြင်းဖြစ်ပြီး နောင်တွင် လမ်းလျှောက်နိုင်တော့မည်မဟုတ်ဟု ဆိုသည်။ နေ့ရက်ကို ကျွန်မ အတိအကျ မမှတ်မိတော့သော်လည်း ဗျူကား ရလာသည့်အချိန်နှင့် အဖေ့ခြေထောက်ဝေဒနာ စတင်ဖြစ်ပွားချိန်တို့မှာ တစ်ချိန်တည်းဖြစ်သည်ဟု ကျွန်မ ထင်ပါသည်။ အဖေက သူခံစားနေရသော ဝေဒနာကို မည်သူ့မျှ မပြောခဲ့ခြင်းကြောင့် ဆရာဝန်ထံ သွားပြသည့်အခါမှသာ အိမ်သားများ သိကြရခြင်းဖြစ်သည်။ သို့သော် ကျွန်မစိတ်ထင်ပြောရလျှင် အဖေ ဝေဒနာစွဲကပ်လာ သည်မှာ နှစ်နှင့်ချီ၍ မဟုတ်၊ လပိုင်းမျှသာဟု ထင်သည်။ အဖေက ဆရာဝန်ချိန်းဆိုသည့် နေ့များ စောင့်ရသည်ကို စိတ်မရှည်။ ဘာဖြစ်နေသည်ဆိုသည်ကိုလည်း ဖွင့်ပြောရန် ဝန်လေးတတ်သည်။ သူက ဖြစ်လာသမျှကိုခံကာ ရှေ့ဆက်ရန် ကြိုးစားလိုသူသာ ဖြစ်သည်။

ကျွန်မ စန္ဒရား အစွမ်းပြရမည့်ပွဲသို့ သွားကြသည့်အခါ အဖေ့ခြေထောက် တစ်ဖက် ဆာတာတာ ဖြစ်နေသည်ကို သတိပြုမိသည်။ ဘယ်ဘက်ခြေထောက်သည် ညာဘက်ခြေထောက်အား အမီမလိုက်နိုင် သကဲ့သို့ ရှိ၏။ ကျွန်မ မှတ်မိသမျှထဲတွင် အဖေ ခြေတစ်ဖက် ဆာသွားသောနှစ်မှာ မမေ့နိုင်သောကာလ တစ်ခုပင် ဖြစ်ပါသည်။ ထို့ပြင် အဖေသည် အခြားသူများ၏ ဖခင်များကဲ့သို့ လျင်မြန်သွက်လက်မှု မရှိတော့ ပေ။ အထူးသဖြင့် လှေကားတက်ခါနီးဆိုလျှင် အချိန်အတန်ကြာ ရပ်ကာ တွေဝေနေတတ်သည်။ တက်နိုင်ပါမည်လားဟု တွေးနေဟန်ရှိ၏။ ဈေးဝယ်ထွက်ကြသည့် အခါများတွင် အဖေသည် ခုံတန်းလျား တစ်ခုတွင် ထိုင်ကာ အထုပ်များကို စောင့်ရစ်တတ်ပြီး ကျွန်မတို့က ရှော့ပင်းမောများတွင် လွတ်လွတ်လပ်လပ် ဈေးဝယ်ကြသည်။

မြို့လယ်၌ ကျင်းပမည့် သီဆိုဖျော်ဖြေပွဲသို့ သွားကြသောအခါ ကျွန်မက ဗျူကား၏ နောက်ခန်းတွင် ထိုင်ပြီး လှလှပပ ဝတ်စားထား၏။ သားရေရှူးဖိနပ် စီးထားပြီး ဆံပင်မှာမူ စုကာစည်းနှောင်ထားသည်။ ကြောက်လန့်ကာ ချွေးထွက်လာခြင်းကို ဘဝတွင် ပထမဆုံးအကြိမ် ခံစားလိုက်ရသည်။ ရော်ဘီ၏အိမ်တွင် ကြိမ်ဖန်များစွာ ကျေကျေညက်ညက် လေ့ကျင့်ထားပြီးဖြစ်သော်လည်း စင်ပေါ်တက်ကာ ဖျော်ဖြေရမည်ကို စိတ်ပူနေမိသည်။ ခရိတ်ကလည်း ဆု(တ)ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်ထားသည်။ သူက တခြားသီချင်းတစ်ပုဒ်နှင့် ဖျော်ဖြေမည်ဖြစ်သော်လည်း သူ့ကိုကြည့်ရသည်မှာ ပူပင်ကြောင့်ကြမှု မရှိသလိုပင်။ တကယ်တမ်းတွင်မူ သူသည် ပြင်ပလေအေးကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခြင်းဖြစ်ပြီး ပါးစပ်ပွင့်၍ပင် ရှိနေသည်။ သူသည် လုံးဝမပူပင်ဘဲ အိပ်ပျော်နိုင်ပါပေသည်။ သူ့ကို ကျွန်မ အားကျမိပါသည်။ ကျွန်မ တစ်သက်လုံးလည်း သူ့ကို အားကျရသည်ချည်းပင် ဖြစ်သည်။ ဖျော်ဖြေရန် သူ အဆင်သင့်ဖြစ်နေပြီ ထင်သည်။

အဖေသည် တတ်နိုင်သမျှ ကျွန်မတို့ သွားလိုသည့်နေရာနှင့် အနီးဆုံးသို့ ရောက်အောင် ပို့ပေးလေ့ရှိသည်။ အပြန်တွင် ကားရပ်ထားခဲ့ရာသို့ မသန်စွမ်းတော့သော သူ့ခြေထောက်နှင့် မည်မျှ ဝေးဝေးကို လျှောက်ရစေကာမူ မညည်းညူရှာပေ။ ထိုနေ့က ကျွန်မတို့ ရှုးစဗက်တက္ကသိုလ်အား အလွယ်တကူ ရှာတွေ့ခဲ့ကြပြီး ဖျော်ဖြေပွဲကျင်းပမည့် ရောမခန်းမကြီးသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုခန်းမကြီးထဲသို့ ရောက်သွားသောအခါ ကျွန်မမှာ ပိုသေးငယ်သွားသကဲ့သို့ ခံစားရသည်။ ခန်းမကြီးမှာ ကြမ်းပြင်မှ မျက်နှာကြက်အထိ ကြီးကျယ်ခမ်းနားလှပါသည်။ ပြတင်းပေါက် များမှ လှမ်းကြည့်လိုက်လျှင် ဂရင်းပါ့ခ်၏ မြက်ခင်းပြင် တပြန့်တပြောကို မြင်နေ ရသည်။ ထိုမှ ကျော်လွန်ကြည့်လိုက်ပါလျှင် လိပ်ခ်မစ်ရှီဂန်ကိုလည်း တွေ့နိုင်ပါသည်။ ခန်းမကြီးထဲ၌ မီးခိုးရောင်ထိုင်ခုံများကို စနစ်တကျချထားရာ တဖြည်းဖြည်းနှင့် စိတ်လှုပ်ရှားနေသော ကလေးငယ်များ၊ မျှော်လင့်နေကြသော သူတို့၏ မိဘများဖြင့် ပြည့်လာသည်။ စင်မြင့်၏ ရှေ့ပိုင်းတွင် ဂရင်းဒ်ပီယာနို(စန္ဒရား) အသေးစားနှစ်လုံး ကို ချထားရာ ကျွန်မ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော စန္ဒရားပင် ဖြစ်သည်။ အပွင့်ရိုက်ဝတ်စုံ ဝတ်ဆင်ထားသော ရော်ဘီက သူ့တပည့်များ လူစုံရောက်,မရောက် စစ်ဆေးနေသည်။ ပွဲ စတင် ကျင်းပတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် တစ်ခန်းလုံး ငြိမ်သက်သွားကြသည်။

ထိုနေ့က ပွဲတွင် မည်သူက မည်သည့်သီချင်း တီးသွားသည်ဆိုသည်ကို ကျွန်မ မမှတ်မိတော့ပေ။ ကျွန်မအမည် ကြေညာသောအခါ နေရာမှထ,ပြီး စင်မြင့်ရှိရာသို့ လှလှပပ လျှောက်သွားလိုက်သည်။ လှေကားမှတစ်ဆင့် စင်ပေါ်သို့ တက်လာ လိုက်ပြီး အလွန်လှသည့် စန္ဒရားကလေးရှေ့ရှိ ခုံ၌ ထိုင်လိုက်သည်။ ခလုတ်များပေါ်၌ လက်တင်ကာ တီးရန်အသင့်အနေအထား၌ ရှိနေသည်။ သီချင်းက ကျွန်မ ပိုင်ပိုင် နိုင်နိုင်ရပြီး ဖြစ်သည်။

သို့သော် စန္ဒရားခလုတ်ကလေးများပေါ်သို့ ကျွန်မလက်ချောင်းကလေးများ ပြေးလွှားတော့မည့် ဆဲဆဲတွင် ပြဿနာ တွေ့လာရသည်။ ဖုန်တစ်စက်မျှ မရှိစေရန် တိုက်ချွတ်ထားသော စန္ဒရား၏ ခလုတ်ကလေးများသည် အဖြူရောင်၊ အမည်းရောင် ခလုတ်ကလေးများသာ ဖြစ်ကြသော်လည်း ကျွန်မ တစ်ကြိမ်တစ်ခါမျှ တီးဖူးသော စန္ဒရား မဟုတ်။ ကျွန်မတီးနေကျ စန္ဒရားမှာ ရော်ဘီအိမ်မှ စန္ဒရားအိုကြီးသာ ဖြစ်ပြီး နောက်ဘက် ပြတင်းပေါက်မှ ကြည့်လိုက်လျှင်လည်း အိုးဖြင့် စိုက်ထားသော ပန်းပင်များ ရှိသည်။ ထိုစန္ဒရားဖြင့်သာ ကျွန်မ အလေ့ယံကို ရှာတတ်သည်။ ထိုသည်သာလျှင် ကျွန်မကမ္ဘာဖြစ်သည်။ အပေါ်ထပ်တွင် အဖေရှိမည်။ ကျွန်မအိမ်ရှိသည်။ ထိုမျှသာ ကျွန်မ သိသည်။

ယခု အောက်သို့ကြည့်လိုက်သောအခါ လူအများက ကုလားထိုင်ပေါ်တွင်

ထိုင်ကြကာ ကျွန်မအား ကြည့်နေကြသည်။ ငုံ့ကြည့်လိုက်ပြန်သောအခါ ပြောင်လက် ချောမွေ့နေသော စန္ဒရားခလုတ်များကို တွေ့ရပြန်သည်။ ကျွန်မ လက်ချောင်းများဖြင့် စမ်းကြည့်သောအခါ ခလုတ်အားလုံးသည် အတူတူသာ ဖြစ်နေ၏။ ကျွန်မလက်ကို မည်သည့်နေရာက စ၍ ချရမည် မသိတော့ပေ။ လည်ချောင်းထဲတွင် တစ်ဆို့လာကာ ရင်ကလည်း တဒိန်းဒိန်းခုန်လာသည်။ ပရိသတ်ကို ကြည့်လိုက်ပြန်သည်။ အားကိုးရာ၊ ကျွန်မ နားခိုရာ အမေ့မျက်နှာကို ရှာနေမိခြင်းပင် ဖြစ်ပါသည်။ အမေ့မျက်နှာအစား ရှေ့ဆုံးတန်းတွင်ထိုင်နေသော မျက်နှာတစ်ခုက ကျွန်မအား လက်ဖြင့် ဖြည်းညင်းစွာ ညွှန်ပြပေးနေသည်ကို တွေ့လိုက်ရ၏။ ရော်ဘီပင် ဖြစ်ပါသည်။ လေ့ကျင့်သင်ကြားနေစဉ်က ညွှန်ပြနေခဲ့သော သူ့လက်ညှိုးကို ရန်သူသဖွယ် ကြည့်လေ့ရှိရာ ယခုလည်း ထိုအကြည့်ဖြင့်သာ ကြည့်လိုက်မိပြန်သည်။ သို့သော် ကျွန်မ အောင်မြင်စွာ တီးခတ်လိုက်နိုင်သည်။ ထိုစဉ်က ရော်ဘီသည် ကျွန်မအတွက် နတ်သမီးတစ်ပါးပင် ဖြစ်တော့သည်။ ကျွန်မ ကြောက်နေသည်ကို သူသိပုံရသည်။ ထို့ကြောင့်ပင် စိတ်အေးလက်အေး သင်တန်းမှာကဲ့သို့ တီးခတ်နိုင်ရန် သူ့လက်ဖြင့် အချက်ပြပေးခြင်းဖြစ်သည်။ ရော်ဘီ အချက်ပြပေးလိုက်သည်က C အလယ်သံခလုတ်ဖြစ်၏။ ထိုခလုတ်ကို ရပြီ ဆိုလျှင် ကျွန်မ ဆက်တီးနိုင်မည်ကို ရော်ဘီ သိနေခဲ့သည်။ သူ အစ,ဖော်ပေးလိုက် သဖြင့် သီချင်းကို အစအဆုံး တီးခတ်လိုက်သောအခါ ရော်ဘီမျက်နှာ ပြုံးနေပါ တော့သည်။

※※※

၁၉၆၉ ခုနှစ် မိုးရာသီအစတွင် ဘရိုင်ယန်မွာ မူလတန်းကျောင်း သူငယ်တန်း စ,တက်သည်။ ကျွန်မတွင် အားသာချက်နှစ်ခုရှိ၏။ ပထမတစ်ခုမှာ အမေက စာဖတ်တတ်စေရန် ကြိုသင်ပေးထားခြင်းနှင့် ဂရိတ်တူးတွင် လူချစ်လူခင် ပေါများသော ကျွန်မအစ်ကို ခရိတ် ရှိနေခြင်းပင် ဖြစ်သည်။ ကျောင်းနှင့်အိမ်သည် နှစ်ဘလောက်သာဝေးသဖြင့် လမ်းလျှောက်သွားပါက နှစ်မိနစ်ကြာသော်လည်း ခရိတ်ကဲ့သို့ ပြေးမည်ဆိုပါက တစ်မိနစ်သာ ကြာမည်ဖြစ်ပါသည်။

ကျောင်းစတက်ကတည်းက ကျွန်မသည် ကျောင်းပျော်သူတစ်ယောက်ဖြစ်ပြီး ကျွန်မတို့ ဆရာမမှာ မစ္စစ်ဘာရိုးဖြစ်ရာ ကျွန်မက ဆရာမအား အသက်ကြီးလှပြီဟု ထင်သော်လည်း အမှန်စင်စစ်က ဆရာမသည် အသက်ငါးဆယ်အတွင်းသာ ရှိသေး၏။ ဆရာမ၏ စာသင်ခန်း၌ နေရောင်ရသော ပြတင်းပေါက်ကျယ်ကြီးများ ရှိပြီး ကစားရန် အရုပ်များစွာရှိသည်။ ကတ်ပြားဖြင့်ပြုလုပ်ထားပြီး ကစားနိုင်သော အိမ် တစ်လုံးလည်းရှိသည်။ ကျွန်မက မိတ်ဆွေဖွဲ့ထားသော သူငယ်ချင်းများစွာတို့မှာ ထိုကစားစရာအိမ်ထဲ၌ ကျွန်မကဲ့သို့ပင် ပျော်ရွှင်ကြပါသည်။ စာဖတ်ရသည့်ကိစ္စ၌ ကျွန်မက ယုံကြည်မှုအပြည့်အဝရှိပြီး ဖြစ်သည်။ အမေ စုထားသော ဒစ်ခ်နှင့် ဂျိန်း စာအုပ်များကို မွှေနှောက်ဖတ်ထားပြီးလည်း ဖြစ်သည်။ ကျွန်မတို့ သူငယ်တန်း ကျောင်းသားများ ပြင်ပသို့ထွက်ကာ လက်တွေ့မြင်ရသော အရောင်များနှင့်ပတ် သက်၍ စကားလုံးအသစ်အဆန်းများ သင်ရမည်ဆိုသောအခါ ကျွန်မ ရင်ခုန်မိပါသည်။ ကျွန်မတို့ ကြိုတင်လေ့လာနိုင်ရန် အရောင်တချို့ကို ပေးထားသည်။ စပ်သော အရောင်များမဟုတ်ဘဲ ပင်ရင်းအရောင်များဖြစ်သည့် အနီ၊ အပြာ၊ အစိမ်း၊ လိမ္မော်၊ ခရမ်း၊ အဖြူတို့ပင် ဖြစ်ပါသည်။ အတန်းထဲတွင် ဆရာမက ကတ်ပြားကြီးများကို ထောင်ပြပေးပြီး ထိုကတ်ပြားပေါ်တွင် အနက်ရောင်စာလုံးများဖြင့် ရေးထားသည်ကို ဖတ်စေသည်။ တစ်နေ့တွင် ကျွန်မက ဆရာမပြသော အရောင်အားလုံးကို တော်တော် များများ မှန်ကန်အောင်ဖတ်ပြနိုင်သဖြင့် ဆရာမက ထိုင်ခွင့်ပေးလိုက်ရာ သူငယ်ချင်း များက အားကျကြသည်။ ထိုသို့ ဖြေကြားရသည်မှာ ကစားပွဲတစ်ခုကို ကစားရသည် နှင့် တူလှ၏။ သို့သော် အချို့ကလေးများက အနီရောင်ကိုပင် မသိသူများလည်း ရှိကြရာ ဆရာမက ထိုကလေးများအပေါ် နှိမ့်ချမှုမပြုကြရန် သတိပေးထားပါသည်။ ထိုကိစ္စများသည် ၁၉၆၉ ခုနှစ်က ချီကာဂိုတောင်ပိုင်းရှိ ပုဂ္ဂလိကကျောင်းတွင် ကြုံခဲ့သည့် ကိစ္စများ ဖြစ်သည်။ ထိုစဉ်က မည်သူက မည်သူ့ကိုမျှ မောက်မာသူ၊ ဘဝင်မြင့် သူဟု စွပ်စွဲခြင်း ခေါ်ဝေါ်ခြင်း မပြုခဲ့ကြပေ။ အိမ်တွင် စာကျက်လာခဲ့၍ စာဖြေနိုင်သူ ဆိုလျှင် ကျောင်းက ဆုချသည်။ ဉာဏ်ထက်မြက်သူ၊ ပါရမီရှိသူ ဟူသော မှတ်ချက် များက ကလေးများ မိမိကိုယ်မိမိ ယုံကြည်မှုပိုရှိလာစေသည်။

ထို့ကြောင့် ကျွန်မပညာ အရည်အချင်းမှာ လျင်မြန်စွာ တိုးတက်လာခဲ့၏။ ကျွန်မတို့ အတန်းထဲတွင် ပညာ အတော်ဆုံး နှစ်ယောက်ရှိသည်။ တယ်ဒီဟု ခေါ်သည့် ကိုရီးယားအမေရိကန် ကလေး တစ်ယောက်နှင့် ချီယာကာဆိုသည့် အာဖရိကန် အမေရိကန်ကလေးတို့ ဖြစ်သည်။ သူတို့နှစ်ဦးသည် တစ်နှစ်ပတ်လုံး တစ်တန်းလုံး၏ ထိပ်တွင် နေရာယူခဲ့ကြ၏။

သူတို့ကို အမီလိုက်နိုင်ရန် ကျွန်မ ကြိုးစားခဲ့သည်။ ဆရာမ ထောင်ပြသည့် ကတ်ပြားပေါ်မှ စာများကို ကျွန်မဖတ်ပြရန် အလှည့်ရောက်လာသည့်အခါ အနီ၊ အစိမ်းနှင့် အပြာတို့ကို အခက်အခဲမရှိ ဖတ်ပြနိုင်ခဲ့သည်။ ခရမ်းရောင်အလှည့်တွင် ကျွန်မတစ်စက္ကန့်ခန့် အချိန်ယူရပြီး လိမ္မော်သည် အခက်ဆုံးဖြစ်၏။ သို့သော် W-H-I-T-E ဆိုသည့်စာလုံး ပြလိုက်သည့်အခါတွင်မူ ကျွန်မတစ်ကိုယ်လုံး အေးစက် တောင့်တင်းသွားသည်။ လည်ချောင်းက ခြောက်လာသည်။ နှုတ်ခမ်းက မည်သို့ လှုပ်ရမည်ဆိုသည်ကို မသိတော့။ ဦးနှောက်က အပြင်းအထန် လှုပ်ရှားကာ မြင်နေရသည့် အရောင်အမည်ကို ရှာနေသည်။ မြင်နေရသောအရောင်၏ အမည်မှာ "ဝူးအား" ဟူသော အသံထွက်နှင့် ခပ်ဆင်ဆင်ဖြစ်သည်ကို သိသော်လည်း နှုတ်ခမ်းမှ ထွက်မရ။ ကျွန်မဒူးများ တုန်လာသည်။ ပြုတ်ကျတော့မည်ဟုပင် ထင်သည်။ သို့သော် ကျွန်မ ပြုတ်မကျမီ အချိန်မီပင် ဆရာမက ထိုင်ခိုင်းလိုက်၏။ ထို့နောက်မှ ဆရာမက ထိုစာလုံးမှာ ဝှိုက် ဖြစ်သည်ဟု သင်ကြားပေးခဲ့သည်။

ထိုညက အိပ်ရာထဲတွင် ကျွန်မအနီး၌ အရုပ်ကလေးများ ဝန်းရံထားကာ လှဲနေစဉ်အတွင်းမှာပင် ကျွန်မ မဖတ်နိုင်ခဲ့သော ထို White ဆိုသည့် စကားလုံး အကြောင်းသာ တွေးနေခဲ့မိသည်။ ခေါင်းထဲတွင် ထိုစာလုံးကို အတည့်ရော ပြောင်းပြန် ပါ ကျက်နေမိသည်။ မဖတ်တတ်ခဲ့ခြင်းအတွက် မိမိကိုယ်မိမိလည်း အပြစ်တင်နေမိ၏။ ထိုကိစ္စသည် ကျွန်မရင်တွင်း၌ လေးလံနေခဲ့သည်။ တကယ်တမ်းတွင်မူ ကျွန်မ မိဘများက ကျွန်မ ထိုသို့မဖတ်တတ်ခဲ့ခြင်းကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ထူးထူးခြားခြား ခံစားကြမည်မဟုတ်ပေ။ ကျွန်မစိတ်ကသာ အောင်မြင်လိုစိတ် ပြင်း ထန်နေခြင်း ဖြစ်သည်။ ကျွန်မ မဖတ်တတ်ဆိုသော အတွေးကိုဝင် လက်မခံနိုင်ပေ။ ကျွန်မဆရာမကလည်း ကျွန်မ ထိုစာလုံးကို အခြားကလေးများနည်းတူ မဖတ်တတ်ဟု ထင်မြင်သွားမည်ကို စိုးပါသည်။ အကယ်၍ ကျွန်မ ဖတ်တတ်ပါကြောင်း ကြိုးစား မပြပါက ထိုထက် ပို၍ ဆိုးသွားမည်ကို စိုးရိမ်မိပါသည်။ ဆရာမက စာတော်သော ကလေးများကို ရွှေရောင်စက္ကူဖြင့် ပြုလုပ်ထားသော ရွှေကြယ်ပွင့်ကို တယ်ဒီနှင့် ချီယာကာတို့အား ဆုအဖြစ် ပေးခဲ့သည်ကို ကျွန်မ မြင်ဖူးပါသည်။ သူတို့သည် ထိုကြယ်ပွင့်တို့ကို ရင်တွင်ကပ်ကာ ဂုဏ်ယူဝင့်ကြွားခဲ့ကြ၏။ ထိုသို့ ရွှေကြယ်ပွင့် တပ်ဆင်ခြင်းခံရခြင်းသည် ကျွန်မတို့ ကျန်ကျောင်းသားများထက် ထူးချွန်သည်ဟု အသိအမှတ်ပြုရာလည်း ရောက်ပါသည်။ အတန်းထဲတွင် သူတို့နှစ်ယောက်သည်

ဆရာမ ထောင်ပြသမျှသော ကတ်ပြားများပေါ်မှ အရောင်တို့၏အမည်များကို တစ်ခု မကျန် မှန်ကန်အောင် ဖြေနိုင်ခဲ့ကြသည်။

နောက်တစ်နေ့ မနက် ကျောင်းတက်သောအခါ ကျွန်မက ဆရာမအား ယမန်နေ့က ဖတ်ခဲ့ကြသော ကတ်ပြားများ ပြန်ဖတ်ခိုင်းရန် ပူဆာခဲ့၏။

မစ္စစ်ဘားရိုးက အခြားလုပ်ရန် ကိစ္စတစ်ခုရှိခြင်းကြောင့် ပြန်ဖတ်ရန် မလိုဟု ငြင်းခဲ့သော်လည်း ကျွန်မက အတင်းအကျပ်ပူဆာသည်။

အရောင်ကတ်ပြားများအား နောက်တစ်ကြိမ် ပြန်ဖတ်ရသော သူငယ်ချင်းများအား သနားသော်လည်း မတတ်နိုင်ပေ။ သူတို့မှာ ယမန်နေ့ကကဲ့သို့ သွက်သွက်လက်လက် မဖတ်နိုင်ကြတော့ဘဲ ထစ်အထစ်အနှင့်သာ ဖတ်နိုင်ကြသည်။ တချို့မှာ တော်တော်နှင့် အသံမထွက်နိုင်ကြ။ ကျွန်မအလှည့်တွင်မူ အနက်၊ လိမ္မော်၊ ခရမ်းတို့ကို ပီပီသသအသံထွက်နိုင်ခဲ့သည်။ အထူးသဖြင့် ယမန်နေ့က မဖတ်နိုင်ခဲ့သော အဖြူဆိုသည့် စာလုံးကို မြင်မြင်ချင်းပင် ဖတ်နိုင်ခဲ့ပါသည်။ မစ္စစ်ဘာရိုးအနေဖြင့် ကိုယ့် အခွင့်အရေးအတွက် သတ္တိရှိရှိတောင်းဆိုကာ အစွမ်းပြသွားသော လူမည်းမိန်းကလေး အပေါ်တွင် အထင်ကြီးသွားမည် ထင်သည်။ ထိုနေ့က ကျွန်မ ဆုရခဲ့သည်။ ညနေကျောင်းဆင်းချိန်၌ ခေါင်းမော့ကာ အိမ်ပြန်လာခဲ့သည်။ ကျွန်မအင်္ကျီ ညာဘက် ရင်ဘတ်တွင် ရွှေကြယ်ပွင့် ကပ်လျက်သား ပါလာခဲ့သည်။

※

အိမ်သို့ရောက်လျှင် ကျွန်မသည် ဘာဘီအရုပ်ကလေးများနှင့် ဇာတ်ခင်းနေတတ်သည်။ ကျွန်မဇာတ်လမ်းများထဲတွင် မွေးဖွားခြင်း၊ လိမ်လည်ကောက်ကျစ်ခြင်း စသည့် လူ့သဘာဝအဖြစ်အပျက်များ ပါဝင်သည်။ မျှော်လင့်ခြင်း၊ မုန်းတီးခြင်း စသည်တို့ ပါဝင်သကဲ့သို့ ရုံဖန်ရံခါတွင် လိင်မှုကိစ္စများလည်း ပါဝင်သည်။ ကျောင်းမှ ပြန်ရောက်ပြီးနောက် ညစာမစားမီအချိန်အတွင်း ကျွန်မ အရုပ်ကလေးများနှင့် ဇာတ်ထုပ်ခင်းနေရလျှင် ကျွန်မ ပျော်သည်။ ကျွန်မကစားသည့်နေရာမှာ ကျွန်မအစ်ကို ခရိတ်နှင့် ကျွန်မအခန်းကြားမှ နှစ်ယောက်ဆိုင်သောနေရာတွင်ဖြစ်ရာ တစ်ခါတစ်ရံ ကျွန်မအစ်ကို၏ ဂျီအိုင်ဂျိုးဟု ခေါ်သော စစ်သားရုပ်ကလေးများပင်လျှင် ကျွန်မ၏ ဇာတ်လမ်းများတွင် ပါဝင်ကြရသေးသည်။

ကျွန်မ၏ ဘာဘီရုပ်ကလေးများမှာ အဝတ်အစားလဲလှယ်ပေးနိုင်သော အရုပ်ကလေးများဖြစ်ရာ သူတို့အဝတ်အစားများကို ကျွန်မက ဗီနိုင်းသားဖြင့် ပြုလုပ်ထားသော ပန်းပွင့်များ ရိုက်နှိပ်ထားသည့် သေတ္တာထဲ တွင် ထည့်၍ သိမ်းဆည်းထားပါသည်။ ကျွန်မတို့ငယ်စဉ်က အက္ခရာစာလုံးများ သင်ကြားရာတွင် အမေအသုံးပြုခဲ့ပြီး ဟောင်းနွမ်းနေပြီဖြစ်သည့် စာလုံးကလေးများမှာ လည်း

ကျွန်မ၏ ဇာတ်ကောင်များအဖြစ် ပါဝင်အသုံးတော်ခံကြပြီး သူတို့တွင်လည်း နာမည်များ ရှိကြပါသည်။

အိမ်နီးချင်းကလေးများက ကျောင်းဆင်းပြီးချိန်တွင် သူတို့အိမ်ရှေ့၌ ကစားလေ့ရှိကြသော်လည်း ကျွန်မက သူတို့နှင့် သွားမကစားသကဲ့သို့ ကျွန်မအရုပ်ကလေးများနှင့် လာကစားကြရန် မဖိတ်ခေါ်ပါချေ။ ထိုနည်းအတူ ကျောင်းမှ သူငယ်ချင်းများကိုလည်း ကျွန်မတို့အိမ်တွင် လာကစားရန် ခေါ်လေ့မရှိပေ။ ကျွန်မ၏ အရုပ်ကလေးများကို သူတစ်ပါးကိုင်မည်စိုးသောကြောင့် ဖြစ်ပါသည်။ ကျွန်မအိမ်၌ ခင်းကျင်းကပြသော ဇာတ်လမ်းတွင် သည်းထိတ်ရင်ဖိုဇာတ်လမ်းလည်း ပါသည်ဖြစ် ရာ အချို့ ဘာဘီရုပ်ကလေးများမှာ ခေါင်း၌ ဒဏ်ရာရထားသဖြင့် ဆံပင်မရှိတော့ ခြင်း၊ အချို့မှာ စုန်းကဝေတို့ ပြုစားခြင်းခံရခြင်းကြောင့် မျက်နှာပေါ်တွင် ဒဏ်ရာကြီး များရှိနေခြင်းကို မည်သူ့ကိုမျှ မပြလိုပါပေ။ ထို့ပြင် ကျွန်မ အရုပ်ကလေးများတွင် လူကောင်းများရှိသကဲ့သို့ လူဆိုးများရှိကြရာ အခြားသူများ မသိစေလိုပါ။ ထို့ပြင် ကျွန်မဖန်တီးထားသော အရုပ်ကမ္ဘာတွင် ကျွန်မသည်သာ ဖန်တီးသူဖြစ်သည်။ အခြားသူတစ်ယောက်ယောက် ဖန်တီးသော ဇာတ်လမ်းဇာတ်ကွက်တို့ မပါစေချင်ပေ။

မောင်နှမနှစ်ယောက်နှင့်ဆိုင်သော ကစားစရာနေရာလေးတွင် ကျွန်မသည် သီးခြားကမ္ဘာကလေး တည်ဆောက်ကာ နေတတ်သည်။ တစ်ခါတစ်ရံ ခရိတ်က လည်း လာကစားရာ ကျွန်မနေရာ ကျူးသွားတတ်သည်။ သူ့ကို မကျေနပ်သည့်အခါ မျိုးတွင် ကျွန်မက အသံထွက်ပြီး အော်ဟစ်သည့်အပြင် လက်သီးဆုပ်ဖြင့် သူ့ကျောကို ထုတတ်၏။ ကျွန်မအတွေး၊ ကျွန်မကမ္ဘာတွင် အရုပ်ကလေးများနှင့် သစ်သား ဘလောက်တုံးကလေးများသည် သက်ရှိတို့သာ ဖြစ်သည်။ ကျွန်မစိတ်ထဲတွင် သူတို့ သည် တဖြည်းဖြည်းနှင့် ကြီးပြင်းလာကြသည်ဟုလည်း ယူဆပါသည်။

ကျွန်မအခန်း၏ ပြတင်းပေါက်မှကြည့်လိုက်လျှင် တကယ့်သက်ရှိကမ္ဘာ၌ ဖြစ်ပျက်နေသမျှကို မြင်ရသည်။ ညနေခင်းတွင် ကြည့်လိုက်ပါက မစ္စတာသော်မဆင် အမည်ရှိ အာဖရိကန် အမေရိကန် လူထွားကြီးသည် သူ့ဘော့စ်ဂစ်တာကို ကားထဲသို့ ထည့်ကာ ဂျက်ဇ်ကလပ်တစ်ခုခု၌ ဖျော်ဖြေရန် ထွက်ခွာသွားလေ့ရှိသည်။ သူသည် ရပ်ကွက်ထဲတွင် အခန်းသုံးခန်းတွဲပါ အဆောက်အဦကို ပိုင်ဆိုင်ထားသူ လည်း ဖြစ်၏။ နောက်ထပ် သတိထားမိသည်က အိမ်နီးချင်း မက္ကဆီကန်မိသားစုဖြစ်သော မန်ဒိုဇာတို့ ဖြစ်သည်။ သူတို့ ပစ်ကပ်ကားပေါ်တွင် ရှည်လျားသော လှေကားများကို တင်ဆောင် ကာ တစ်နေကုန် အိမ်များကို ဆေးသုတ်ပေးရာမှ ပြန်လာကြသည်။ သူတို့ပြန်လာပြီ ဆိုလျှင် သူတို့ခွေးကလေးက ပျော်ရွှင်မြူးထူးစွာဟောင်ရင်း ခြံဝမှ ကြိုတတ်၏။

ကျွန်မတို့၏ အိမ်နီးချင်းများမှာ လူလတ်တန်းစား အများစုဖြစ်ပြီး လူမျိုးပေါင်းစုံ ပါဝင်၏။ ကလေးများက ကိုယ့်လူမျိုး၊ သူ့လူမျိုး ရွေးချယ်မနေကြဘဲ အိမ်ပြင်ထွက်လာသည့် မည်သည့်ကလေးနှင့်မဆို ကစားကြသည်။ ကျွန်မ သူငယ်ချင်းများထဲတွင် ရေချယ်လ်၏ မိခင်မှာ ဗြိတိသျှအသံထွက်သော အမျိုးသမီးကြီးဖြစ်သည်။ စူဇီကမူ ဆံပင်ကောက်ကောက်နှင့် အနီရောင်ဖြစ်သည်။ သူက မန်ဒိုဇာမိသားစု၏ မြေးဖြစ်ပြီး တစ်ခါတစ်ရံမှသာ လာလည်တတ်သည်။ ကျွန်မတို့က အများအားဖြင့် နောက်ဆုံးဖြစ်သော မိသားစုအမည်ကိုသာ ခေါ်ကြသည်။ ဥပမာ ကန်ဆိုပန်နို၊ အဘူဆာ့ဖ်၊ ယက်ကာ၊ ရော်ဘင်ဆင် စသဖြင့် ဖြစ်သည်။ ငယ်ကြသေးသဖြင့် ကျွန်မတို့ ပတ်ဝန်းကျင် အခြေအနေများ လျင်မြန်စွာ ပြောင်းလဲနေ ခြင်းကို ဂရုမပြုမိကြပေ။ ကျွန်မ မိဘများ တောင်ပိုင်းကမ်းခြေဘက်ဆီသို့ မပြောင်းမီ ၁၅ နှစ်အလိုကဆိုလျှင် အိမ်နီးချင်းများ၏ ၉၆ ရာခိုင်နှုန်းတို့မှာ လူဖြူတို့သာ ဖြစ်ကြသည်။ ကျွန်မ ကောလိပ်တက်ရန် ထွက်ခွာသွားချိန် ၁၉၈၁ ခုနှစ်တွင် လူမည်းက ၉၆ ရာခိုင်နှုန်း ဖြစ်နေပြီဖြစ်သည်။

ခရိတ်နှင့် ကျွန်မမှာ ထိုပြောင်းလဲမှု ရေစီးကြောင်းထဲတွင် မျောပါလာရင်း ကြီးပြင်းလာကြရသည်။ ကျွန်မတို့နေအိမ်၏ ပတ်ဝန်းကျင် ရပ်ကွက်များတွင် ဂျူး မိသားစုများ၊ ပြည်ပမှ ပြောင်းရွှေ့လာကြသော မိသားစုများ၊ လူဖြူ၊ လူမည်း မိသားစုတို့ရှိကြပြီး အချို့မှာ စီးပွားဖြစ်ကြသော်လည်း အချို့မှာ မဖြစ်ကြပေ။ စီးပွားဖြစ်ကြသူတို့က အိမ်ကြီးအိမ်ကောင်းများတွင် မြက်ခင်းကျယ်ကြီးများနှင့် နေထိုင်ကြပြီး ပိုက်ဆံသုံးရာ၌ ချက်လက်မှတ်ဖြင့်သာ အပေးအယူလုပ်ကြသည်။ သူတို့ကလေးများအား ရော်ဘီထံ ပို့ပြီး စန္ဒရားသင်ရာ၌ ပေးချေသော သင်တန်းကြေး ပင် ချက်လက်မှတ်နှင့်သာ ပေးကြ၏။ ကျွန်မတို့မိသားစုမှာလည်း ဆင်းရဲသားမိသားစု စာရင်း၌ ပါဝင်ပါသည်။ အိုးပိုင်အိမ်ပိုင်မရှိသဖြင့် ရော်ဘီနှင့် တယ်ရီတို့၏အိမ် ဒုတိယထပ်၌ ငှားနေကြရသည်။

တောင်ပိုင်းကမ်းခြေဒေသတွင် စီးပွားရေးအခြေအနေမှာ ဗုန်းဗုန်းလဲကျ မသွားသေးသော်လည်း လူချမ်းသာမိသားစုများမှာ တဖြည်းဖြည်း ပြောင်းရွှေ့နေကြပြီး စီးပွားရေးလုပ်ငန်းများမှာလည်း တစ်ခုပြီးတစ်ခု ပိတ်သိမ်းလာကြသည်။ ယိုင်လဲတော့ မည့် အခြေအနေမှာ သိသာထင်ရှားလာပြီဖြစ်သည်။

ကျွန်မတို့မှာလည်း အခြေအနေပြောင်းလဲလာခြင်း၏ ဂယက် ရိုက်သင့်သလောက် ရိုက်ခတ်လာပြီ ဖြစ်သည်။ အထူးသဖြင့် ကျောင်းတွင် သိသာလာ၏။ ကျွန်မတို့ ဒုတိယတန်းတွင် ဆိုဆုံးမ၍ မရနိုင်သော၊ စည်းကမ်းမဲ့သောကလေးများက များသည်ထက် များလာသည်။ စာသင်ချိန်အတွင်း

ခေါင်းပေါ်မှ ပျံ့ဝဲသွားသော အရာဝတ္ထုပေါင်းစုံ မြင်တွေ့လာရသည်။ ထိုအပြုအမူတို့မှာ ကျွန်မ ကျောင်းသူသက် တမ်းတစ်လျှောက် မမြင်ခဲ့ဖူးသကဲ့သို့ ခရိတ်လည်း မမြင်ဖူးခဲ့ပေ။ ထိုအပြုအမူတို့မှာ ကျောင်းသားများအား မည်သို့အုပ်ချုပ်ရမည်ကို မသိသည့်အပြင် ကလေးများကို မချစ်တတ်သည့် ဆရာမတစ်ယောက်၏ အတန်းက အစပြုခဲ့သည်ဟု ဆိုရပါမည်။ ထိုဆရာမမှာ တကယ်တမ်းတွင် အရည်အချင်းမပြည့်မီသော ဆရာတစ်ယောက်ဖြစ် သည်ဆိုသည်ကိုလည်း အခြားဆရာများက စိတ်ဝင်စားခြင်းမရှိပေ။ ထိုဆရာမ၏ အမြင်တွင် ကျွန်မတို့ကသာ ကလေးဆိုးများ ဖြစ်နေပြန်သည်။ ကျွန်မတို့ အတန်းမှာ ကျောင်း၏ မြေအောက်ခန်းတွင်ဖြစ်သော်လည်း မီးမရှိချေ။ နာရီများသည် ရှည်လျားလွန်းလှ၏။ ထိုစာသင်ခန်းထဲတွင် ကျွန်မသည် စားပွဲ၌ အစိမ်းရောင်ပလတ် စတစ် ကုလားထိုင်နှင့် ထိုင်ရသည်။ အစိမ်းရောင်မှ ၁၉၇၀ ခုနှစ်များအတွင်းက ကျောင်း၏ တရားဝင်သတ်မှတ်ထားသော အရောင်ဖြစ်၏။ တစ်မနက်ခင်းလုံး မည်သည့်စာမျှ မသင်ရဘဲ နေ့လယ် ထမင်းစားလွှတ်မည့်အချိန်ကိုသာ စောင့်နေခဲ့ရသည်။ နေ့လယ် ထမင်းစားလွှတ်ချိန်တွင် ကျွန်မအိမ်သို့ပြန်ကာ ဆင်းဒဝစ်မုန့်ကို စားရင်း ကျောင်းအခြေအနေကို အမေ့အား ပြောပြလိုက်သည်။

ကျွန်မငယ်ဘဝက စိတ်ဆိုးပြီဆိုလျှင် အမေ့ကိုသာ အစစအရာရာ တိုင်ပြော လေ့ရှိသည်။ ဆရာမအသစ်နှင့် အတန်း၏ အခြေအနေကို ပြောပြသောအခါ အမေက “အို… သမီးရယ်…”၊ “အို… တကယ်ပဲလား” စသည့် စကားတို့ကိုသာ တုံ့ပြန်ခြင်း ဖြင့် နှစ်သိမ့်ပေးတတ်သည်။ ကျွန်မ ဒေါသပိုဖြစ်စေမည့် မှတ်ချက်မျိုး မည်သည့် အခါမျှ မပေးတတ်ပေ။ သို့သော် အမေက ကျွန်မပြောသမျှကိုမူ အလေးအနက်ထား တတ်သည်မှာ အမှန်ပင်ဖြစ်သည်။ နောက်ဆုံးတွင် အမေ့စကားမှာ “သမီး အကောင်း ဆုံးဖြစ်အောင်သာ ကြိုးစားလာခဲ့” ဆိုသည့် စကားသာ ဖြစ်သည်။ သို့သော် အမေက ကျွန်မ မသိစေဘဲ ရက်သတ္တတစ်ပတ်မျှ ကျောင်းအခြေအနေကို မျက်မြင် ကိုယ်တွေ့ လိုက်ကြည့်သည်။ အတန်းထဲတွင် ကျွန်မ ကြိုးစားသည်။ ကျွန်မနှင့်အတူ အခြား ကြိုးစားသော ကလေးနှစ်ယောက်လည်း ရှိ၏။ နောက်ထပ် ရက်သတ္တပတ်မျှ ကြာ သောအခါ ကျွန်မတို့သုံးယောက်ကို အပေါ်ထပ်ရှိ ဂရိတ်သရီးသို့ အတန်းတင်ပေးလိုက် ပါသည်။ စာသင်ခန်းမှာ လင်လင်ကျင်းကျင်းရှိပြီး အတန်းပိုင်ဆရာမမှာလည်း အမြဲပြုံးကာ တပည့်များအား အမြဲတစေ စာသင်ကြားပို့ချပေးသော ဆရာမသာ ဖြစ်၏။

ဘဝတွင် ဘာမျှမဟုတ်သည့်ကိစ္စတစ်ခုသာ ဖြစ်သော်လည်း အောက်ထပ်တွင် ကျန်ရစ်သော ကလေးများနှင့် စာမသင်သော ဆရာမတို့ ဘာဆက်ဖြစ်ကြမည် ဆိုသည်ကို ကျွန်မ စိတ်ဝင်စားပါသည်။ ယခု အသက်အရွယ်ရလာသောအခါတွင်မူ ကျန်ရစ်သော ကလေးတို့ကလည်း သူတို့အပေါ်တွင် စိတ်မဝင်စား၊ စာသင်မပေးသော ဆရာမကို နားလည်ကြမည်သာ

ဖြစ်ပေမည်။ သူတို့ ဒေါသသည် သူတို့အား လူဆိုးကလေးများ၊ လူရိုင်းကလေးများဘဝသို့ တွန်းပို့ခဲ့ပေလိမ့်မည်။ အမှန်တကယ်တွင် ထိုသို့ ဖြစ်လာရသည်မှာ သူတို့အပြစ်ချည်း မဟုတ်ပေ။ သူတို့သည် မူလက လူဆိုးကလေးများ မဟုတ်။ အခြေအနေဆိုးကြောင့်သာ လူဆိုးကလေးများ ဖြစ်သွားရခြင်းပင်။ ထိုအခြေအနေမျိုးမှ ကျွန်မ လွတ်မြောက်လာခဲ့ရသည်။ နောင်တွင် ကျွန်မ သိလာရသည်မှာ အခြေအနေအရပ်ရပ်ကို လိုက်လှေ့လာခဲ့သော အမေက ကျွန်မတို့ ဂရိတ်တူးမှ ဆရာမအား ကလေးများကို စိတ်မဝင်စားဘူးဆိုပါက ကျောင်းဆရာမ လုပ်မည့်အစား အရောင်းဆိုင်တစ်ခုခုတွင် ငွေကိုင်စာရေးမ သွားလုပ်သင့်ကြောင်း ပြောကြားခဲ့သည် ဆို၏။ အမေသည် အေးအေးဆေးဆေးနေတတ်ပြီး စကားနည်းသူ ဖြစ်သော်လည်း စကားပြောရန် လိုအပ်လာသည့်အခါ ချက်နှင့်လက်နှင့် ပြောတတ်သူ ပင် ဖြစ်သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာခဲ့သည်။ အမေက ကျွန်မအား အိမ်ပြင်ထွက်ကာ အိမ်နီးချင်းကလေးများနှင့် ကစားရန် တိုက်တွန်းလာသည်။ ကျွန်မအစ်ကို ခရိတ်ကဲ့သို့ ပတ်ဝန်းကျင်နှင့် ရောရောထွေးထွေး နေတတ်စေချင်လာ၏။ ခရိတ်သည် ကျွန်မပြောခဲ့သကဲ့သို့ ခက်ခဲသောကိစ္စများကိုပင် လွယ်ကူစေရန် ပြုလုပ်နိုင်သူဖြစ်သည်။ ထိုအချိန်တွင် သူက ဘတ်စကက်ဘောကစားခြင်းကို ဝါသနာပါလာပြီး ကစားကွင်း၌အနေများကာ အရပ်လည်း မြင့်လာသည်။ အဖေက ခရိတ်အား ခက်ခဲသော ပြိုင်ဘက်အသင်းများနှင့် ယှဉ်ပြိုင်ကစားရန်အားပေးပြီး မြို့ပေါ်မှ အသင်းများနှင့်ပင် ကစားနိုင်ရန် တွန်းအားပေးခဲ့သည်။ အနားပတ်ဝန်းကျင်မှ ကျွမ်းကျင်သူများကို ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။ ခရိတ်က ကျွန်မတို့အိမ်နှင့် မျက်နှာချင်းဆိုင်တွင် ရှိသော ရိုဇန်ဘလမ်းပါ့ခ်သို့ သွားလျှင်ပင် သူ့ဘောလုံးကို လက်ကမချ ယူသွားတတ်သည်။ ထိုနေရာသို့ရောက်လျှင် မန်းကီးဘားဟုခေါ်သော တန်းများခိုကာ သူ့အရပ် မြင့်သည် ထက်မြင့်လာစေရန် လေ့ကျင့်သည်။ ထိုအချိန်မျိုးတွင် သူချထားသော ဘောလုံးကို ကျွန်မက ယူကစား၏။ ပြီးလျှင်မူ ခရိတ်သည် ပါ့ခ်တစ်ဖက်စွန်းရှိ သစ်ပင်အုပ်များ အတွင်းသို့ ဝင်ရောက်သွားတတ်၏။ ထိုနေရာတွင် ဘတ်စကက်ဘောကစားကွင်းများ ရှိခြင်းကြောင့် ဖြစ်သည်။ ကျွန်မကမူ ထိုစဉ်က ငယ်နေခြင်းကြောင့် ထိုတောအုပ်ထဲ တွင် လူဆိုးများ၊ မကောင်းဆိုးရွားများ ရှိနေလိမ့်မည်ဟု ထင်ခဲ့ပါသည်။

ဘတ်စကက်ဘောကစားခြင်းသည် ကျွန်မအစ်ကိုအတွက် အစစအရာရာ လမ်းပွင့်စေခဲ့သည်ဟု ဆိုရပေမည်။ သူသည် လူစိမ်းများနှင့် မိတ်ဖွဲ့ကာ ပေါင်းသင်း ဆက်ဆံတတ်လာ၏။ ကစားကွင်းထဲ၌ သူ့ထက်တော်သော လူစိမ်းများကို မည်ကဲ့သို့ ပြောဆိုဆက်ဆံရမည်ကို နားလည်လာသည်။ ထို့ပြင် မည်သူက မည်သို့ရှိသည် ဆိုသည်များကိုလည်း ခွဲခြား ပြောကြားတတ်လာသည်။ အဖေကလည်း မည်သူ့ကို မည်သို့ပေါင်းသင်းရမည် စသည်တို့ကို သင်ကြားပေးသဖြင့် ခရိတ်သည် လူမှုဆက်ဆံ

ရေး ကျွမ်းလာ၏။ တစ်ခါတစ်ရံ ကျွန်မတို့မောင်နှမ အတူလျှောက်သွားလျှင် လမ်းထိပ်ရှိ အရက်ရောင်းသည့် စတိုးဆိုင်၌ အမြဲထိုင်လေ့ရှိသူတို့ကပင်လျှင် ခရိတ်ကိုမြင်လျှင် သူ့နာမည်ခေါ်ကာ ဟိုင်းဖိုက်(လက်ဝါးချင်းရိုက်ခြင်း) ပြုလုပ်လာကြသည်။

"နင်က အဲဒီလူတွေနဲ့ ဘယ်လိုလုပ် သိသွားတာလဲ"ဟု ကျွန်မက စိတ်ဝင်တစား မေးကြည့်သည်။

"ငါက သူတို့ကို မသိပါဘူး။ သူတို့ကသာ ငါ့ကို သိတာပါ"ဟု ပြောပြီး ပခုံးတွန့်ပြသည်။

အသက်ဆယ်နှစ်အရွယ် ရောက်လာသောအခါ အိမ်၌ တစ်ယောက်တည်း နေရသဖြင့် ပျင်းရိငြီးငွေ့သည့်ဒဏ် မခံနိုင်တော့သော ကျွန်မ အပြင်သို့ စ,ထွက်သည်။ ထိုစဉ်က နွေရာသီဖြစ်ရာ ကျွန်မတို့မောင်နှမ နေ့စဉ် ဘတ်စ်ကားစီးကာ လိပ်ခ်မစ်ရှီဂန်သို့ သွားကြသည်။ ထိုနေရာ၏ ကမ်းစပ်တစ်နေရာတွင် အပန်းဖြေစခန်း တစ်ခု ဖွင့်ထားသည်။ သို့သော် နေရောင် ထင်ထင်လင်းလင်း ရှိနေသေးသော ညနေ လေးနာရီအရောက် အိမ်သို့ ပြန်ရသည်။ အရုပ်ကလေးများကို ကျွန်မ စိတ်ဝင်စားမှု လျော့နည်းလာပြီ။ လေအေးပေးစက်မရှိသော ကျွန်မတို့အိမ်မှာ နွေရာသီ၌ အလွန်ပူပါသည်။ ထို့ကြောင့် အိမ်နားပတ်ဝန်းကျင်မှ ကလေးများနှင့် သိကျွမ်းစေရန်အတွက် ခရိတ်နှင့် အပြင်လိုက်ထွက်၏။ ကျွန်မတို့အိမ်၏ နောက်ကျောဘက်တွင် လျူးစစ်ပါ့ခ် ဝေးဟု အမည်တွင်သော အိမ်ရာစခန်းတစ်ခု ရှိသည်။ ထိုအိမ်ရာစခန်းတွင် အိမ်ဆယ့်ငါးလုံးပါဝင်ပြီး စိမ်းစိုသောမြက်ခင်းများနှင့် တကယ် သာယာသောနေရာတစ်ခု ဖြစ်သည်။ ကားအသွားအလာ ကင်းရှင်းသဖြင့် ကလေးပေါင်းများစွာတို့ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် စိတ်ကြိုက်ကစားနိုင်သည့် နေရာပင် ဖြစ်ပါသည်။ သို့သော် ကျွန်မက ထိုနေရာနှင့် အကျွမ်းမဝင်သေးသဖြင့် တစ်ယောက်တည်း ထိုင်နေမိသည်။ ပထမဆုံး မိတ်ဖွဲ့လာသောသူမှာ ဒီဒီ ဆိုသည့် မိန်းကလေးဖြစ်ပြီး သူက အနီးအနား တွင်ရှိသော ကက်သလစ်ကျောင်းတွင် တက်နေ၏။ သူက ရုပ်ချောသူတစ်ဦးဖြစ်သည့် အပြင် အားကစားသမားတစ်ဦးလည်း ဖြစ်သည်။ သို့သော် သူက အမြဲ နှုတ်ခမ်းစူ ထားလေ့ရှိပြီး မျက်လုံးလည်း ကစားတတ်သူ ဖြစ်သည်။ သူ့ကို ဒီနင်းဟု လူသိများ၏။

ဒီနင်းသည် အမြဲတစေ ဖော်ရွေခင်မင်တတ်သော်လည်း ဒီဒီအနေဖြင့်မူ ကျွန်မအား သဘောကျဟန်မတူပေ။ ကျွန်မ သူတို့လမ်းထဲသို့ သွားတိုင်း ဘာဖြစ်လို့ လာတာလဲဟု မေးတတ်သည်။ ကျွန်မသည် သူ့အား နှောင့်ယှက်နေသကဲ့သို့ ဖြစ်နေတတ်သည်။ နွေရာသီကာလအတောအတွင်းမှာပင် ဒီဒီ၏ မှတ်ချက်တို့သည် ပိုမိုကျယ် လောင်ပြင်းထန်လာသည်။ ကျွန်မ စိတ်ဓာတ်ကျလာသည်။ ပါ့ခ်ဝေးမှ ကျွန်မ သူငယ်ချင်းကို စွန့်လွှတ်ကာ အိမ်မှအရုပ်ကလေးများနှင့်သာ

ပြန်ကစားရမည်လား သို့မဟုတ် ဒီဒီ၏ လေးစားချစ်ခင်မှုကို ရစေရန်အတွက် ကြိုးစားသင့်သည်လား ဝေဝါးလာသည်။ တစ်ခုမဟုတ် တစ်ခုကို ကျွန်မ ရွေးချယ်ရတော့မည်ကို သိနေ ပါသည်။ ကျွန်မ ဒီဒီ ဘာကြောင့် ဤသို့ ခံစားရသည်ကို နားလည်ရန် ကြိုးစား သင့်သည်ဟုလည်း ယူဆသည်။ ထိုသို့ မလုပ်လိုပါက သူနှင့် လုံးလုံး အဆက် အသွယ်ဖြတ်ရန်သာ ရှိတော့သည်။

နောက်တစ်ကြိမ် ဒီဒီက ကျွန်မအား မကျေမနပ် ပြောလာသောအခါ ကျွန်မ သည်းမခံတော့ပေ။ အဖေ သင်ပေးထားသည့်အတိုင်း လက်သီးဖြင့် ထိုးလိုက်သည်။ ကျွန်မတို့နှစ်ယောက် လုံးထွေးသတ်ပုတ်နေသည့် နေရာသို့ ကလေးများ ဝိုင်းအုံ ရောက်ရှိလာကြပြီး ဩသံပေးနေကြခြင်းကြောင့် စိတ်က ပိုကြွလာသည်။ နောက်ဆုံး တွင် မည်သူက ကျွန်မတို့ နှစ်ယောက်အား ဆွဲဖျဉ်လိုက်သည်ကို မမှတ်မိတော့ပေ။ ကျွန်မတို့ လုံးထွေးသတ်ပုတ်သည့်နေရာသို့ ရောက်ရှိလာသော မိဘများ သို့မဟုတ် ကျွန်မအစ်ကိုလည်း ဖြစ်နိုင်ပါသည်။ အနည်းဆုံး အနီးပတ်ဝန်းကျင်မှ မျိုးနွယ်တူ ကလေးများက ကျွန်မအား လေးစားသွားကြသည်။ ဒီဒီရော ကျွန်မပါ ကြီးကြီးမား မား ထိခိုက်မှု မရှိကြပါပေ။ နှစ်ယောက်စလုံး ညစ်ပတ်ပေရေသွားကြသည်သာ ရှိသည်။ ဒီဒီက ကျွန်မကို လေးစားသွားနိုင်သော်လည်း မည်သည့်အခါမျှ မိတ်ဆွေ ဖြစ်မလာ တော့ပေ။

※

အဖေ့ဗျူကားလေးမှာ ကျွန်မတို့၏ ခိုလှုံရာနေရာဖြစ်သကဲ့သို့ ကမ္ဘာကြီးအား ရှုမြင်သုံးသပ်ရာ ပြတင်းပေါက်လည်း ဖြစ်သည်။ တနင်္ဂနွေနေ့နှင့် နွေရာသီ၏ ညနေခင်းများတွင် ကျွန်မတို့သည် ရည်ရွယ်ရာမရှိ လေညင်းခံထွက်ကြသည်။ တစ်ခါ တစ်ရံ၌ အနီးအပါးပတ်ဝန်းကျင်များသို့သာ သွားခြင်း ဖြစ်သော်လည်း တစ်ခါ တစ်ရံတွင်မူ အာဖရိကန် အမေရိကန် ဆရာဝန်များစွာနေထိုင်သော “ပီးလ် ဟီးလ်” ဆိုသည့် ဒေသသို့ သွားကြပါသည်။ တောင်ပိုင်းဒေသတွင် ဤနေရာသည် အတော်ပင် လှသော နေရာတစ်ခု ဖြစ်သည်။ တစ်အိမ်လျှင် ကားနှစ်စီးခန့် ရပ်ထားလေ့ရှိပြီး အိမ်အဝင်လမ်းတစ်လျှောက်၌ ပန်းပင်များကို လှလှပပ စိုက်ပျိုးထားတတ်ကြသည်။

အဖေကမူ ပိုက်ဆံချမ်းသာသူများကို သံသယစိတ်ဖြင့်သာ ကြည့်လေ့ရှိသည်။ အိမ်ပိုင်ရှိရုံမျှဖြင့် ဂုဏ်မောက်နေကြသူများဟု အဖေက မြင်၏။ တစ်ကြိမ်တွင် ရော်ဘီတို့ အိမ်နှင့် မလှမ်းမကမ်း၌ အိမ်ရောင်းရန်ရှိသည်ဆိုသဖြင့် အဖေနှင့်အမေတို့ အအေးဂျင်ဖြင့် သွားကြည့်ကြသည်။ သို့သော် မဝယ်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ထိုအချိန်၌ ကျွန်မသည် နားလည်စ,ပြုနေပြီဖြစ်၍ ဝယ်စေချင်ခဲ့သည်။ နှစ်ထပ်အိမ်ကလေးတွင် မိသားစုတစ်စုတည်းသာ နေရမည်ကို သဘောကျခဲ့၏။ သို့သော် အဖေက အရာရာ သတိကြီးစွာ ထားသူဖြစ်ရာ

တရိပ်ရိပ်ကျဆင်းနေသော စီးပွားရေးအခြေအနေ၊ လက်ထဲတွင် စုမိဆောင်းမိရန် လိုအပ်ပုံတို့ကို တွက်ဆ၏။ မိုးတွင်းကာလ၌ လက်ထဲ တွင် ငွေလိုအပ်မည်ဆိုသည်ကိုလည်း သတိပြုသည်။ “သမီးက အိမ်လိုချင်တာပဲ သိတာကိုး”ဟု ဆိုကာ ကျွန်မအား ရှင်းပြသည်။ အချို့လူများသည် ကျစ်ကျစ်ပါ အောင် စုကြသော်လည်း အိမ်ကောင်းကောင်းနှင့် နေလိုကြခြင်းကြောင့် စုမိသမျှတို့ကို အခြားသူအား ပေးအပ်ကာ အိမ်ကောင်းကောင်း ငှားနေကြကြောင်း၊ အိမ်ကောင်းကောင်းတွင် နေရသော်လည်း လွတ်လပ်မှု ဆုံးရှုံးသွားကြသည်ဟု ဆို၏။

ကျွန်မတို့၏ မိဘများက ကျွန်မတို့အား လူကြီးများသဖွယ် ဆက်ဆံကာ သိသင့်သိထိုက်သည်များကို အမြဲတစေ ရှင်းပြကြသည်။ သူတို့ ရှင်းပြသည်ဆိုသည်မှာ ဆရာများ စာသင်သကဲ့သို့ မဟုတ်ပေ။ ကျွန်မတို့ မေးသမျှ မေးခွန်းများကို စိတ်ရှည်လက်ရှည် ရှင်းပြကြသည်သာ။ တစ်ခါတစ်ရံတွင် ကျွန်မတို့ စကားဝိုင်းသည် နာရီပေါက်ကြာသည်လည်း ရှိ၏။ ခရိတ်နှင့် ကျွန်မက ရသမျှ အခွင့်အရေးယူကာ သိလိုသည်များကို အဆက်မပြတ် မေးနေတတ်ကြခြင်းကြောင့် ဖြစ်သည်။ ကျွန်မတို့ ငယ်ငယ်ကဆိုလျှင် “လူတွေက ဘာဖြစ်လို့ အိမ်သာဝင်ကြတာလဲ”၊ “လူတွေက ဘာဖြစ်လို့ အလုပ်လုပ်ဖို့လိုတာလဲ” ဆိုသော ကတ်သီးကတ်သတ် မေးခွန်းကအစ မေးတတ်ကြပါသည်။ ကလေးဘဝတွင် မေးခဲ့ စပ်စုခဲ့သော ကျွန်မ မေးခွန်းများ အနက် ကျွန်မ မေးခဲ့မိသော မေးခွန်းတစ်ခုမှာ “မနက်စာစားတဲ့အချိန်မှာ ဘာကြောင့် ကြက်ဥ စားရတာလဲ”ဆိုသည့် မေးခွန်းဖြစ်သည်။ မည်သူ စေခိုင်း၍မျှ မေးသော မေးခွန်းမဟုတ်ဘဲ ကျွန်မကိုယ်တိုင် သိလိုစိတ်ပြင်းပြ၍ မေးခဲ့ခြင်းသာဖြစ်သည်။ အဖေက ပရိုတိန်း လိုအပ်ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။ ကျွန်မက နောက် တစ်ဆင့်တက်ကာ ထောပတ်မှ ပရိုတိန်းမရဘူးလားဟု မေးကြည့်ပြန်သည်။ ထို စကားများသည် စကားရည်လုပွဲကဲ့သို့ ပတ်ချာလည်လာသည်။ အမေက ကြက်ဥ၏ အရေးပါပုံကို ပြန်ရှင်းပြရသည်။ ကြက်ဥကို မနက်စောစောစာအဖြစ် စားရသည်ကို ကျွန်မ မကြိုက်ပေ။ ထိုနေ့မှစ၍ နောက်ကိုးနှစ်လုံးလုံး ကျွန်မက ပေါင်မုန့်ကို ထောပတ်၊ ဂျယ်လီများများဖြင့်သာ စားပြီး ကြက်ဥကို လုံးဝမစားတော့ပေ။

ကျွန်မတို့ အရွယ်ရောက်လာကြသောအခါတွင် မူးယစ်ဆေးဝါးသုံးစွဲသည့် ကိစ္စ၊ လိင်ကိစ္စနှင့် ဘဝအတွက် ရွေးချယ်မှု၊ တန်းတူညီမျှသည့် အခွင့်အရေး မရမှုနှင့် နိုင်ငံရေးတို့ကို ဆွေးနွေးကြသည်။ ကျွန်မတို့ မိဘများက သူတို့ သားနှင့်သမီး သည် သူတော်စင်များ ဖြစ်လာကြလိမ့်မည် မဟုတ်သည်ကို မျှော်လင့်ထားပြီး ဖြစ်ခြင်းကြောင့် ကျွန်မတို့ ဆွေးနွေးကြသည်များကို မကန့်ကွက်ကြပေ။ ကျွန်မ အဖေပြောခဲ့ဖူးသော စကားတစ်ခွန်းကို မှတ်မိနေပါသည်။ လိင်ကိစ္စသည် မလွဲမသွေ ကြုံတွေ့ရမည့် ကိစ္စဖြစ်ပြီး ပျော်စရာကောင်းသည့်ကိစ္စ ဖြစ်သင့်သည်ဟု ဆိုပါသည်။

ကျွန်မ မိဘများသည် ဘဝတွင် ကြုံလာသမျှကိစ္စတို့ကို အရှိကိုအရှိအတိုင်းသာ သိစေသည်။ လိမ်ညာပြီး အချိုဖုံးကာ သိစေခြင်းမျိုး မရှိပေ။ ဥပမာပြရလျှင် တစ်ကြိမ်တွင် ခရိတ်ကို စက်ဘီးဝယ်ပေးလိုက်သည်။ ခရိတ်က မစ်ရှီဂန်ရေကန်ကြီး၏ အရှေ့ဘက်သို့ စီးထွက်သွား၏။ သူသွားသည့်နေရာမှာ ရိုန်းဘိုးဘိချ်၏ ပလက်ဖောင်းများပေါ်သို့ နင်းသွားသည်။ ထိုနေရာမှာ ပင်လယ်ပြင်ကို ဖြတ်တိုက်လာသော လေ၏ အေးမြသော အရသာကို ခံစား၍ရ၏။ ထိုစဉ်တွင် ရဲရောက်ရှိလာပြီး စက်ဘီး သူခိုးဟု စွပ်စွဲကာ ဖမ်းတော့သည်။ လူမည်းလူငယ်တစ်ယောက် စက်ဘီးအသစ်ဖြင့် ရောက်ရှိလာခြင်းကို သူတို့ သင်္ကာမကင်း ဖြစ်ကြသည်။ (ထိုရဲအရာရှိ ကိုယ်တိုင်မှာ အာဖရိကန် အမေရိကန်တစ်ဦးဖြစ်သဖြင့် အမေက ပက်ပက်စက်စက် ပြောသည်ကို ခံလိုက်ရပြီး သူကိုယ်တိုင် ခရိတ်ကို တောင်းပန်ခဲ့ပါသည်။) ထိုသို့သော ကိစ္စများမှာ တရားမျှတမှု မရှိသကဲ့သို့ အာဖရိကန်နွယ်ဖွားများအတွက် ရိုးနေပြီဖြစ်သော ကိစ္စများ လည်း ဖြစ်ပါသည်။ ခရိတ်ကိစ္စကို နောင်တွင် မိဘများ ပြန်ပြောပြ၍ သိရခြင်း ဖြစ်သည်။ ကျွန်မတို့ အသားအရေ၏ အရောင်သည် သူတို့ စွပ်စွဲချင်စရာ ကောင်းနေပုံ ရ၏။

အဖေက ကျွန်မတို့ကို ပီးလ်ဟီးလ်သို့ ခေါ်ဆောင်သွားလေ့ရှိခြင်းမှာ ကျွန်မတို့ အားကျချင်စိတ်ကို လှုံ့ဆော်ပေးရာရောက်ပါသည်။ ပညာတတ်လျှင် ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရန် မလိုဟူသော အသိတရားကို ရစေခဲ့သည်။ ကျွန်မမိဘများသည် သူတို့ တစ်သက်လုံးနီးပါး ချီကာဂို၌ နှစ်ကောခန့် ကျယ်ဝန်းသော မြေကွက်ပေါ်တွင် နေထိုင်ခဲ့ကြသည်။ သို့သော် သူတို့က ခရိတ်နှင့် ကျွန်မကိုလည်း သူတို့ကဲ့သို့ ဖြစ်စေရမည်ဟု မတိုက်တွန်းခဲ့ပေ။ သူတို့နှစ်ဦးစလုံးသည် ကော်မြူနတီ ကောလိပ်များသို့ တက်ခဲ့ကြဖူးသော်လည်း နှစ်ယောက်လုံးပင် ဒီဂရီရသည်အထိမတက်ဖူးကြပေ။ အမေက ကျောင်းဆရာမလုပ်ရန် ရည်ရွယ်ခဲ့သော်လည်း လုပ်ငန်းရှင်တစ်ဦးဦး၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခြင်းက အမြန်ဆုံး ဝင်ငွေရမည်ဟု ဆုံးဖြတ်ခဲ့ရသည်။ အဖေကလည်း ကျောင်းလခသွင်းရန်ပင် ပိုက်ဆံမရှိ ဖြစ်နေခြင်းကြောင့် စစ်ထဲဝင်ရန် ဆုံးဖြတ်လိုက်ရသည်။ အဖေ့မိသားစုထဲတွင်လည်း ကျောင်းသာ ဆက်တက်ရန် တိုက်တွန်းမည့်သူက မရှိ၊ ရှေ့တွင် အားကျစေရန် လမ်းညွှန်ပြသူက လည်း မရှိခဲ့ပေ။ ထို့ကြောင့် တပ်ထဲတွင် နှစ်နှစ်ကြာမျှ တာဝန်ထမ်းဆောင်နေစဉ် တပ်စခန်းအတော်များများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။ အဖေ့စိတ်ကူးမှာ ဘွဲ့ရပြီးပါက အနုပညာရှင်တစ်ဦးအဖြစ် အသက်မွေးရန်ဖြစ်၏။ သို့သော် အဖေ ရသော လခတို့မှာ အဖေ့ညီငယ် ဗိသုကာပညာသင်ယူရန် ကျောင်းလခအဖြစ် သုံးခဲ့ရသည်။

ယခု အသက်သုံးဆယ်နှောင်းပိုင်း ရောက်လာမှ ကျွန်မတို့အတွက် ရည်ရွယ်ကာ ငွေစုလာခဲ့သည်။ ကျွန်မတို့ မိသားစုပိုင်ဆိုင်သော အိမ်ဟူ၍ မရှိခဲ့ဖူးပေ။

နောင်တွင်လည်း ပိုင်မည်မထင်ပါ။ အဖေသည် အရာရာကို လက်တွေ့ကျကျ စဉ်းစားတတ်သူ ဖြစ်သည်။ သယံဇာတများ ရှားပါးလာသည်ကို အဖေ သတိပြုမိသကဲ့သို့ သူတို့အသက်အရွယ်မှာလည်း တစ်စထက်တစ်စ အိုမင်းလာမည်ဆိုသည်ကို မမေ့ မလျော့ ရှိ၏။ ယခု အဖေ ကားမမောင်းနိုင်တော့ပေ။ လမ်းလျှောက်ရာတွင် တုတ် ကောက်ကို အားပြုနေရသည်။ ကျွန်မ သူငယ်တန်းအဆင့် မပြီးခင်မှာပင် အဖေ့ခြေ ထောက်မှာ တုတ်ကောက်သုံးရာမှ ချိုင်းထောက် သုံးလာရသည်။ မျှားမကြာမီမှာပင် ချိုင်းထောက်သည် တစ်ဖက်မှ နှစ်ဖက်သုံးရသည့် အခြေအနေသို့ ရောက်သွား၏။ အဖေ့ကျန်းမာရေးအခြေအနေမှာ ကြွက်သားများ သိမ်လာရာမှ တစ်ဆင့် အကြောများ ပင် ထိခိုက်လာသည်။ သို့သော် အဖေကမူ အလျှော့မပေး၊ သဘာဝတရားက သူ့ကို ငြိမ်ငြိမ်ကလေးထိုင်ပြီး အလုပ်လုပ်စေရန် ဖန်တီးပေးခြင်းဖြစ်သည်ဟု ခံယူပါသည်။

ကျွန်မတို့မိသားစုအနေဖြင့် ကိုယ့်အဆင့်အတန်းဖြင့် သုံးနိုင်သော ပစ္စည်းများ ကိုသာ ရောင့်ရဲတင်းတိမ်စွာ သုံးကြ၏။ ခရိုတ်နှင့် ကျွန်မတို့ အတန်းများမှ ရီပို့ကတ်များ ရကြသည့်အခါ အဖေက ကျွန်မတို့ အလွန်ကြိုက်သော အီတာလျံဆိုင်မှ ပီဇာ ဝယ်ကျွေးသည်။ နွေရာသီတွင် ကျွန်မတို့ကြိုက်သော အိုက်စ်ခရင်မ် ဝယ်ကျွေးတတ်၏။ ချောကလက်၊ ချယ်ရီသီးအနက်တို့နှင့် ပြုလုပ်ထားသော ရေခဲမုန့်မှာ စားလို့ ကောင်းသည့်အပြင် ရက်အတန်ကြာသည်အထိ အရည်မပျော်ဘဲ ရှိတတ်ပါသည်။ နှစ်စဉ်နှစ်တိုင်း Air and Water Show အချိန်ရောက်ပြီဆိုလျှင် ကျွန်မတို့မိသားစု ပျော်ပွဲစားထွက်ရန် ပြင်ဆင်ထုပ်ပိုးကြကာ မြောက်ဘက်တွင်ရှိသော မစ်ရှီဂန်ကန်ကြီး ရှိရာသို့ သွားကြသည်။ ထိုဒေသတွင် အဖေ အလုပ်လုပ်သော ရေသန့်စက် ရှိ၏။ တစ်နှစ်လျှင် တစ်ကြိမ် ဝန်ထမ်းမိသားစုတို့အတွက် ဂိတ်တံခါးများ ဖွင့်ပေးပြီး မစ်ရှီဂန် ရေကန်ကြီးပေါ်မှ မြက်ခင်းစိမ်းစိမ်းများပေါ်သို့ တက်ခွင့်ပြု၏။ ထိုအချိန်တွင် တိုက် လေယာဉ်များက ရေပြင်နှင့် အနီးဆုံး ပျံသန်းကာ အစွမ်းပြကြသည်။

အဖေသည် တစ်နှစ်လျှင် တစ်ပတ်မျှ စက်ရုံ၏ ဘွိုင်လာအိုးများအား စောင့်ကြပ်ပြင်ဆင် ထိန်းသိမ်းရသည့် သူ့ အလုပ်မှခွင့်ယူကာ သူ့ဗျူကားနှင့် ကျွန်မတို့၏ အဒေါ်၊ ဝမ်းကွဲမောင်နှမ နှစ်ဦးခန့်တို့ကို တင်ကာ ခရီးသွားကြသည်။ တံခါးနှစ် ပေါက်သာပါသော အဖေ့ဗျူကားပေါ်တွင် လိုက်ပါလာကြသော ကျွန်မတို့ ခုနစ်ဦးခန့် သည် ချီကာဂိုအမြန်လမ်းမကြီးမှ ထွက်ကာ မစ်ရှီဂန်ရှိ ပိုက်ကလေးက် ဆိုသောနေရာ အထိ ရောက်အောင် လာခဲ့ကြသည်။ ထိုနေရာတွင် Dukes Happy Holiday Resort အမည်ရှိ အပန်းဖြေစခန်းတစ်ခု ရှိ၏။ ထိုအပန်းဖြေစခန်းတွင် ဂိမ်းဆော့၍ ရသော အခန်းရှိသည်။ စက်ဖြင့် အချိုရည်ရောင်းသည်လည်း ရှိ၏။

ကျွန်မတို့အတွက် အရေးအကြီးဆုံးနေရာမှာ အပန်းဖြေစခန်းအပြင်၌ ရှိသော ရောမ ရေကူးကန်ကြီးပင် ဖြစ်ပါသည်။ ကျွန်မတို့မိသားစုက ချက်ပြုတ်စားနိုင်သည့် မီးဖိုဆောင်ပါသော အခန်း တစ်ခုကို ငှားလိုက်ကြပြီး တစ်နေကုန်ပင် ရေထဲဆင်းလိုက် ပြန်တက်စားလိုက် လုပ်နေကြတော့သည်။

ကျွန်မတို့ မိဘများက အသားကင်များ ပြုလုပ်ပေးထားပြီး အဒေါ်၊ အမေ နှင့် အဖေတို့ ဖဲကစားကြသည်။ အဖေကမူ အချိန်တော်တော်များများ ကျွန်မတို့နှင့်အတူ ရေစိမ်တတ်၏။ အဖေသည် လူချောတစ်ယောက် ဖြစ်ပြီး နှုတ်ခမ်းမွေးများက နှုတ်ခမ်းဘေးနှစ်ဖက်တွင် ကုပ်ကျနေ၏။ လက်မောင်း တုတ်တုတ်၊ ရင်အုပ်ကားကားနှင့် ဗလတောင့်သူဖြစ်၍ တစ်ချိန်တစ်ခါက အားကစားသမား တစ်ယောက် ဖြစ်ခဲ့သည်ဆိုသည်မှာ ပြောရန် မလိုပေ။ ကျွန်မတို့နှင့်အတူ ရေထဲတွင်ရှိနေချိန်၌ အဖေသည် ကျွန်မတို့ကိုယ်လုံး သေးသေးကလေးများကို လေထဲသို့မြှောက်ကာ ပြန်ဖမ်းပြီး သဘောကျနေတတ်သည်။ ထိုအချိန်မျိုးတွင် သူ၏ခြေထောက်သည် အကောင်း ပကတိကဲ့သို့ ရှိနေတတ်သည်။

※

ဆုတ်ယုတ်ခြင်းဆိုသည်မှာ တိုင်းတာရခက်ခဲသော အရာတစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် မိမိကိုယ်တိုင် ပါဝင်နေသော ပတ်ဝန်းကျင်၏ ဆုတ်ယုတ်မှု၊ ကျဆင်းမှုဆိုသည်မှာ သိနိုင်ရန် ခက်ခဲသောကိစ္စတစ်ခုပင် ဖြစ်သည်။ စက်တင်ဘာလ ဆိုလျှင် ကျွန်မတို့ ပညာသင်နှစ် အစဖြစ်၍ ခရိတ်နှင့် ကျွန်မ ကျောင်းတက်ရန် ရောက်သွားကြသည့်အခါ ကစားကွင်း၌ လူဖြူကလေးများ လျော့နည်းနေသည်ကို သတိထားမိသည်။ အချို့က အနီးအနားတွင်ရှိသော ကက်သလစ်ကျောင်းသို့ ပြောင်းရွှေ့သွားကြခြင်းဖြစ်ပြီး အချို့ကမူ ဤပတ်ဝန်းကျင်၌ပင် မနေကြတော့ဘဲ ပြောင်းရွှေ့သွားကြခြင်း ဖြစ်သည်။ ပထမပိုင်းတွင် လူဖြူမိသားစုများသာ ပြောင်းရွှေ့ သွားကြသည်ဟု သိထားသော်လည်း ထိုအခြေအနေမှတစ်ဆင့် ပြောင်းလဲသွားပြန်သည်။ ပြောင်းရွှေ့ရန် တတ်နိုင်သူများ ပြောင်းကြခြင်းဖြစ်၍ လူဖြူများရော လူမည်း များပါ ဖြစ်လာသည်။ အများအားဖြင့် သူတို့ ဘာကြောင့်ပြောင်းရွှေ့ကြသည်ကို ထုတ်ဖော်မပြောကြပေ။ အိမ်များ၏ ရှေ့တွင် “ရောင်းရန်”ဟု ကြော်ငြာချိတ်ဆွဲထား ခြင်း များလာသကဲ့သို့ အိမ်ပြောင်းလုပ်ငန်းများမှ ကားများ အိမ်ရှေ့တွင်ရပ်ကာ ပစ္စည်းများ တင်နေကြသည်ကို တွေ့ရဖန်များလာသည်။

အမေ့မိတ်ဆွေရင်းဖြစ်သူ ဗယ်လ်မာ စတူးဝပ်က သူတို့ဇနီးမောင်နှံသည် ပါ့ခ်ဖောရက်စ်အရပ်၌ အိမ်တစ်လုံးကို လက်ငင်းငွေချေစံနစ်ဖြင့် ဝယ်ယူပြီးဖြစ်ကြောင်း အမေ့အား ပြောကြားလာသောအခါ အမေ့မှာ အရှိုက်ကို

အထိုးခံလို လိုက်ရသကဲ့သို့ ရှိခဲ့၏။ စတီးဝပ်ဇနီးမောင်နှံတွင် ကလေးနှစ်ယောက်ရှိပြီး ကျွန်မတို့အိမ် အောက်ဘလောက်တွင် နေထိုင်ကြသည်။ သူတို့မှာလည်း ကျွန်မတို့ကဲ့သို့ပင် အိမ်ပိုင် မရှိပေ။ မစ္စစ်စတူးဝပ်သည် ဟာသပြောတတ်သူဖြစ်ပြီး အရယ်လည်းသန်သည်။ ထို့ကြောင့်လည်း အမေက ခင်သည်။ နှစ်ယောက်လုံးက ဟင်းချက်ဝါသနာရှင်များ ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် နည်းပညာဖလှယ်ကြသည်။ သို့သော် အခြားသော အိမ်ထောင်ရှင်အမျိုးသမီးများ၏ အတင်းအဖျင်းစကားဝိုင်းသို့မူ နှစ်ယောက်လုံး ပါဝင်လေ့ မရှိပေ။ မစ္စစ်စတူးဝပ်၏ သားဖြစ်သူ ဒေါ်နီမှာ ခရိုတ်နှင့်ရွယ်တူဖြစ်ပြီး အားကစား ဝါသနာပါသူလည်းဖြစ်၍ ခရိုတ်နှင့် အလွယ်တကူပင် ရင်းနှီးသွားကြသည်။ သမီးဖြစ်သူ ပါမီလာက ဆယ်ကျော်သက်အရွယ်ဖြစ်ပြီး သူက ကျွန်မကို စိတ်မဝင်စားပေ။ အခြားသော ဆယ်ကျော်သက်များနှင့်မူ ကျွန်မမှာ ရင်းနှီးလွယ်သူ ဖြစ်ပါသည်။ မစ္စတာ စတူးဝပ်နှင့် ပတ်သက်၍မူ ကျွန်မ များများစားစား မမှတ်မိချေ။ သူသည် ကျွန်မတို့မြို့တွင် ရှိသော ပေါင်မုန့်ကုမ္ပဏီကြီးတစ်ခု၏ ကားကို မောင်းကာ ပေါင်မုန့်များ လိုက်ပို့သူ ဖြစ်သည်ဆိုသည်မျှသာ မှတ်မိပါတော့သည်။ သူတို့ မိသားတစ်စုလုံး၏အသားအရေမှာ ကျွန်မတွေ့ဖူးသမျှတွင် အမည်းရောင် ခပ်ဖျော့ဖျော့သာ ဖြစ်ကြသည်။

တခြား တစ်မြို့တစ်ရွာတွင် မည်သို့ကြောင့် လက်ငင်းပေးကာ အိမ်ဝယ်သွား နိုင်သည်ကို ကျွန်မ မသိပါ။ ပါ့ခ်ဖေါရက်စ်သည် အမေရိကန်ပြည်ထောင်စုတွင် ပထမဦးဆုံးသော စီမံကိန်းချဆောင်ရွက်သည့် လူနေအိမ်ခြေများ တည်ဆောက်သည့် လုပ်ငန်းဖြစ်သည်။ အဆောက်အဦးများသာမက လူဦးရေ သုံးသောင်းခန့် နေနိုင်ရန် ဆောင်ရွက်ထားခြင်းဖြစ်၍ ကျောင်းများ၊ ဘုရားရှိခိုးကျောင်း၊ ရှော့ပင်းစင်တာ၊ အပန်းဖြေရန် ပန်းခြံတို့ကအစ ပြည့်ပြည့်စုံစုံ ပါဝင်ပါသည်။ ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြို့ဖြစ်သည်။ ထိုမြို့၌ လူမည်းများနေထိုင်ရန် ရပ်ကွက်နှင့် လူဦးရေကို ကန့်သတ်ထားသည်။ စတူးဝပ်မိသားစု ဝယ်ယူလိုက်သောနေရာမှာ ထိုအဝန်းအဝိုင်းအတွင်းဖြစ်ပြီး သူတို့ဝယ်ယူချိန်တွင် လူမည်းများအတွက် ကန့်သတ် ထားသော ဦးရေကိစ္စမှာ ပျက်ပြယ်သွားပြီဖြစ်သည်။

စတူးဝပ်မိသားစုတို့ ပြောင်းရွှေ့သွားကြပြီး မကြာခင်ပင် အဖေ အလုပ်အားလပ်သော ရက်၌ သူတို့အိမ်သို့ လာလည်ရန် ဖိတ်ကြားကြသည်။ ကျွန်မ အတော်ပင် ရင်ခုန်သွားပါသည်။ အလည်အပတ်ထွက်ရန် နေရာတစ်ခုတိုးလာခြင်းကြောင့် ဖြစ်သည်။ မရောက်ဖူးသေးသော မြို့တစ်မြို့၏ အနေအထားကို လေ့လာခွင့်ရမည်ဖြစ်သည်။ လေးယောက်သား အဖေ့ဗျူကကားကလေးနှင့် မနက်စောစောပင် ထွက်ခဲ့ကြသည်။ ချီကာဂိုမြို့ကို

ဖြတ်ထွက်လာပြီးနောက် မိနစ်လေးဆယ်ခန့် ကြာသောအခါ တိတ်ဆိတ်ခြောက်ကပ်နေသော ကုန်တိုက်ကြီးကို စ,တွေ့ရသည်။ လမ်းများမှာလည်း လူရိပ်လူယောင် မတွေ့ပေ။ မစ္စစ်စတူးဝပ်၏ လမ်းညွှန်ချက်အတိုင်း လိုက်လာခဲ့ကြရာ အိမ်များမှာ ဆင်တူ ဆောက်လုပ်ထားသဖြင့် သူ့အညွှန်းအတိုင်းသွားမှသာ ရောက်နိုင် မည် ဖြစ်ပါသည်။

"လူတွေက ဒီမှာ ဘာဖြစ်လို့ မနေချင်ကြတာလဲ"။ အဖေက ခြောက်သွေ့နေသောလမ်းများကို ကြည့်ရင်း မေးလိုက်သည်။ ဤသို့ ဖြစ်နေသည်မှာ သဘာဝမကျဟု ကျွန်မကလည်း ထင်မြင်မိသည်။ ကျွန်မ မြင်ရသလောက်ဆိုလျှင် သစ်ပင်ကြီးကြီးမားမားလည်း မရှိပေ။ ကျွန်မတို့အိမ်မှာဆိုလျှင် အိပ်ခန်းပြတင်းပေါက် မှ ကြည့်လိုက်ပါက ရောမသစ်ပင်ကြီးကို မြင်နိုင်၏။ ပါ့ခ်ဖေါရက်စ်တွင် အရာရာသည် သစ်လွင် တောက်ပနေ၏။ လမ်းမကျယ်ကြီးများရှိသော်လည်း လူသူလေးပါး မမြင်ရ။ လမ်း ထောင့်များတွင် ရှိတတ်သည့် အရက်ဆိုင်မရှိ၊ ထိုင်သောက်မည့်သူများလည်း မရှိ။ ကားအသွားအလာရှင်းသဖြင့် ကားဟွန်းသံမကြားရ။ ဆေးရုံကား၊ မီးသတ်ကားတို့၏ ဥသြဆွဲသံလည်း မကြားရပေ။ မည်သည့် မီးဖိုဆောင်ကမျှလည်း အိမ်ရှင်မတို့ ဖွင့်ထားတတ်ကြသော ဂီတသံ မကြားရပေ။ အိမ်တိုင်းတွင်ရှိသော ပြတင်းပေါက်များမှာလည်း ပိတ်လျက်သာရှိကြသည်။

ခရိုက်က ထိုနေရာသို့ သွားရောက်လည်ပတ်ခြင်းကို အမြဲ သတိရနေသည်။ သူနှင့် ဒေါ်နီတို့သည် အပြာရောင်မိုးကောင်းကင်အောက်ရှိ ဘောလုံးကွင်းကြီးထဲတွင် စိတ်ကြိုက် ကစားခဲ့ရသည်ကို မမေ့နိုင်ပေ။ ကျွန်မမိဘများနှင့် မစ္စတာစတူးဝပ်တို့ ဧနီးမောင်နှံ စကားလက်ဆုံကျနေကြချိန်တွင် ကျွန်မက ပါမီလာနောက်က လိုက်ကာ သူ့ဆံပင်ပုံစံ၊ သူ့အသားအရေနှင့် ဆယ်ကျော်သက်တစ်ယောက်အနေဖြင့် သူဝတ်ထားသော လက်ဝတ်လက်စားတို့ကို သဘောကျနေမိသည်။ နေ့လယ်စာကို မိသားစုနှစ်စု အတူစားခဲ့ကြသည်။

ညနေတွင် စတူးဝပ်မိသားစုကို နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်။ လမ်းတစ်နေရာတွင် အဖေက ကားရပ်ပေးသဖြင့် ခရိုက်က ကွင်းကျယ်ကြီးထဲတွင် ဆင်းကာ ပြေးသည်။ သူ့တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေ၏။ ကျွန်မကလည်း ပင်ပန်းနွမ်းနယ်ပြီဖြစ်၍ အိမ်ပြန်ချင်ပြီ ဖြစ်သည်။ ထိုနေရာနှင့် ပတ်သက်၍ ကျွန်မ ဘဝင်မကျသည် အမှန်ဖြစ်သော်လည်း ဘာကို မကြိုက်သည် ဆိုသည်ကိုမူ တိတိကျကျ မပြောနိုင်ပေ။

နောင်တွင် အမေက သုံးသပ်ပြသည်မှာ လမ်းထဲရှိ အခြားအိမ်များမှာ လူဖြူတို့၏အိမ်များ ဖြစ်ဟန်တူကြောင်း၊ စတူးဝပ်မိသားစုကိုလည်း လူမည်းများသာ ဖြစ်သည်ဟု မထင်ခဲ့ကြပုံ ရကြောင်း၊ ကျွန်မတို့မိသားစု သွားလည်သည့်အချိန်ကျမှ

အိမ်သစ်တက်လက်ဆောင်များနှင့် သွားကြ၍ လူမည်းများ ဖြစ်သည်ကို သိသွားကြပုံရသည်ဟု ဆိုသည်။ စတူးဝပ်မိသားစုတို့က သူတို့သည် လူမည်းများဖြစ်ကြသည် ဆိုသော အချက်ကိုဖုံးကွယ်ထားကြခြင်း မဟုတ်သော်လည်း ဘာသိဘာသာနေခဲ့ကြ၍ ပတ်ဝန်း ကျင်နှင့် အဆက်အဆံမရှိခြင်းလည်း ဖြစ်နိုင်ပါသည်။ အိမ်ပြန်ရန် ကျွန်မအဖေ ကားနားသို့ သွားစဉ် တစ်စုံတစ်ယောက်က ကန့်လန့်ကာနောက်ကွယ်မှ ချောင်းကြည့်ခဲ့လေသလား။ အိမ်လည်လာသော ကျွန်မတို့ကို ကန့်လန့်ကာနောက်ကွယ်မှ ချောင်းကြည့်တတ်သူများ ရှိနေပြီလား။ အိမ်ပြန်ရန် ကားဆီသို့ ကပ်လာကြစဉ် အဖေ့ကိုယ် ဆတ်ခနဲ တောင့်သွားသည်ကို မြင်လိုက်ရသည်။ ယာဉ်မောင်းထိုင်သည့်ဘက်သို့ အဖေလျှောက်သွားချိန်တွင် ကားတံခါးမှစ၍ နောက်မြီးအထိ အစင်းတစ်ခုခြစ်ထားသည်ကို တွေ့ရသည်။ သော့တံ သို့မဟုတ် ကျောက်ခဲဖြင့် တစ်စုံတစ်ယောက်က တမင်တကာ လုပ်ထားခြင်းဖြစ်သည်။ မတော်တဆ ထိမိခိုက်မိခြင်းလည်း မဖြစ်နိုင်ပေ။ အဖေက သူ့ကားကို အရိပ်ကြည့်နေသူဖြစ်၍ အတော်ပင် စိတ်ထိခိုက်ခဲ့၏။

"ကိုင်း... ဘာတတ်နိုင်မလဲကွာ" ဟုသာ ဆိုပါသည်။

အပြန်ကားပေါ်တွင် မည်သူမျှ စကားမပြောဖြစ်ကြဘဲ နှုတ်ဆိတ်နေကြသည်။ ပင်ပန်းနေကြခြင်း ကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ နောက်တစ်နေ့ မနက် အဖေရုံးသွားလျှင် ထိုအစင်းရာကြီးဖြင့် အဖေသွားရလိမ့်မည်ဟု ကျွန်မ ထင်ခဲ့သော်လည်း အဖေသည် အိမ်သို့ ရောက်ပြီးသည့် နောက် သူ့ကားပေါ်မှ အစင်းရာကို ဖျောက်ပစ်ရန်အတွက် "ဆီးယားစ်"သို့ ထွက်သွားခဲ့ပါတော့သည်။

※※※

၃

ခရီးသွားနေစဉ် တစ်နေရာအရောက်၌ ခရိတ်က ဘာကြောင့်မှန်းမသိပူပင်သောက ရောက်လာသည်။ သူ ဘယ်အချိန်မှာ ဘာကြောင့် ဤသို့ စိတ်စ,ပူလာ သည်ဆိုသည်ကို ကျွန်မ မသိပေ။ သို့သော် ခရိတ်သည် လူချစ်လူခင်ပေါ်များကာ ပတ်ဝန်းကျင်နှင့်လည်း အဆင်ပြေသူဖြစ်သည်။ အပူအပင်သောက မရှိ၊ အားလပ်ချိန် ငါးမိနစ်ရလျှင်ပင် ရအောင် အိပ်တတ်သူဖြစ်သည်။ ပတ်ဝန်းကျင် ဘာဖြစ်ဖြစ် နေတတ်သူက ကျွန်မတို့ အန္တရာယ်တစ်ခုခု ကြုံတော့မည်ဟု သောကရောက်လာသည်။ အိမ်၌ရှိသော ညနေခင်းများတွင် တစ်ခုခုဖြစ်တော့မည်ကို ကြိုပြောတတ်သဖြင့် ထူးခြားသော စိတ်စွမ်းအင်ရှိသူအဖြစ် ကျွန်မတို့မိသားစုက သူ့ကို အသိအမှတ်ပြုထား ကြသည်။ သူ့ထူးခြားချက်တစ်ခုမှာ သူ့မျက်စိများ ပျက်စီးမည်ကို အလွန်စိုးရိမ်သော ကြောင့် သူ့မျက်စိကို အဝတ်စည်းနှောင်ကာ ပိတ်ပြီး တစ်အိမ်လုံးကို လက်နှင့်စမ်းကာ အမှတ်အသားပြု၏။ နားပင်းသွားမည် စိုးရိမ်သောကြောင့် ခြေဟန်လက်ဟန်ဖြင့် စကားပြောနည်းကိုလည်း သင်ယူထားသည်။ ခြေပြတ်လက်ပြတ်ဖြစ်မည်ကို စိုးသော ကြောင့် သူ့ညာလက်ကို နောက်ဘက်သို့ ချည်နှောင်ထားစေကာ ဘယ်လက်ဖြင့် အစားကျင့်သည်။ အရာရာသည် ကြိုတင်မှန်းဆ၍ မရနိုင်ဟု ဆိုသည်။

ခရိတ် အကြောက်ဆုံးလည်းဖြစ်၊ သဘာဝလည်းကျသည့် ကိစ္စမှာ မီးလောင်ခြင်းပင် ဖြစ်သည်။ ချီကာဂိုတွင် အိမ်မီးလောင်မှုများမှာ မကြာခဏ ဖြစ်ပွားလေ့ ရှိသည်။ ထိုသို့ ဖြစ်ရခြင်းမှာ အိမ်များကို ဖြစ်ကတတ်ဆန်း ဆောက်လုပ်ကာ အိမ်လခများများ ယူထားကြသောအိမ်ရှင်များ၊ ပြင်ဆင်ရန် လိုအပ်သော် လည်း ပြင်ဆင်မပေးသည့် အိမ်ရှင်များ၊ မီးလောင်လျှင် ရသော မီးအာမခံကြေး ခံစားလိုကြသည့် အိမ်ရှင်များကြောင့် ဖြစ်သည်။ ထို့ပြင် ထိုကာလက မီးခိုးနံ့ရလျှင် အချက်ပေးသော ကိရိယာမှာလည်း တီထွင်စ,ကာလဖြစ်၍ စွမ်းရည်မပြည့်ဝသေး ခြင်း၊ ထီထွင်ထုတ်လုပ်ခါစဖြစ်၍ ဈေးကြီးသောကြောင့် လက်လုပ်လက်စား လူတန်း စားများ မဝယ်နိုင်သေးခြင်းတို့ကြောင့် ဖြစ်၏။ ထို့ကြောင့် ကျွန်မတို့ မြို့တွင် မီးကို အထူးဂရုပြုကြသည်။ အနောက်ပိုင်းတွင် အိမ်မီးလောင်သွားသောကြောင့် ကျွန်မတို့ အဘိုးလေးသည် အိမ်နားသို့ ပြောင်းလာခဲ့သည်။ ထို့ကြောင့်ပင် ကျွန်မတို့ မောင်နှမက သူ့ကို အနောက်ပိုင်းသားဆိုသော အမည်မှ တောင်ပိုင်းသားဟု ပြောင်းခေါ်ခဲ့ကြသည်။ တော်သေးသည်မှာ အိမ်မီးလောင်စဉ်က မည်သူမျှ ဒဏ်ရာမရခဲ့ကြပေ။ (အမေ့အပြော အရဆိုလျှင် မီးလောင်နေသည့်အိမ်ကို မီးသတ်များက ရေပက်ဖျန်းကာ ငြိမ်းသတ်ပေး နေစဉ်တွင် အဘိုးလေးက သူ့

ဂျက်ဇ်အယ်လ်ဘမ်များ ရှိသည့်ဘက် မီးမကူးစေရန် ငြိမ်းသတ်ပေးဖို့ အော်ဟစ်တောင်းဆိုနေခဲ့သည် ဆို၏။) မကြာသေးခင်ကပင် နုနယ်လှ သော ကျွန်မနှလုံးသားအတွက် ရောမကြေကွဲဖွယ် မီးလောင်မှုဖြစ်စဉ်နှင့် ကြုံခဲ့ရပါသည်။ ကျွန်မနှင့် ပဉ္စမဂရိတ်မှ အတန်းဖော်ဖြစ်သည့် မျက်နှာချိုကာ အရပ်မြင့်သည့် အာဖရိကန်ကောင်လေး လက်စတာ မက်ကူလမ်သည် ကျွန်မတို့လမ်း၏ ထောင့်တွင်ရှိသော သူတို့အိမ်ကို မီးလောင်ရာ၌ သူ့အစ်ကို၊ အစ်မတို့နှင့်အတူ အိမ်အပေါ်ထပ်တွင် ပိတ်မိကာ သေဆုံးခဲ့ရသည်။

သူတို့မောင်နှမများ၏ အသုဘမှာ ကျွန်မ ပထမဆုံးရောက်ဖူးသော အသုဘ ပင်ဖြစ်ပါသည်။ အသုဘအခမ်းအနားများ ကျင်းပပေးသည့်နေရာ၌ မိုက်ကယ်လ် ဂျက်ဆင် ညီအစ်ကိုများ၏ Jackson 5 အယ်လ်ဘမ်ကို ခပ်တိုးတိုးဖွင့်ထားရာ လာ ရောက်ကြသည့်ကလေးတိုင်း မျက်ရည်မကျသူ ဟူ၍ မရှိပေ။ ခေါင်းသုံးခုကို တန်းစီ ထားပြီး ခေါင်းရင်းဘက်များ၌ ပြုံးနေသော ကလေးတို့၏ ဓာတ်ပုံကလေးများ ထောင်ထား၏။ မီးလောင်စဉ်က အိမ်ပြတင်းပေါက်မှ ခုန်ချလိုက်၍ အသက်ဘေးမှ လွတ်မြောက်ခဲ့သော မစ္စစ်မက်ကူလမ်မှာ ခုံတစ်လုံးဖြင့် ထိုင်ကာ ငေးငိုင်နေသည်။ တစ်နေရာတည်းသို့သာ မရွေ့မပြောင်း စိုက်ကြည့်နေသော သူ့မျက်ဝန်းတို့မှာ ဘာကိုမျှ မြင်ဟန်မတူပေ။

မီးလောင်ပျက်စီးသွားခဲ့သည့် အိမ်တန်းလျားမှာ နေ့အတော်ကြာအောင်ပင် လှိုက်ကာ လောင်နေခြင်းကြောင့် ပတ်ဝန်းကျင်တွင် မီးခိုးငွေ့ဒဏ်ကို ရက်အတန်ကြာ အောင်ပင် ခံလိုက်ကြရသည်။

အချိန်ကြာလာသည်နှင့် အမျှ ခရိတ်၏ ပူပန်သောကစိတ်တို့ ပိုမိုကြီးထွား လာခဲ့၏။ ကျောင်းတွင် ဆရာ၊ ဆရာမတို့က မီးလောင်လျှင် မည်သို့ ပြုလုပ်ရမည်ဆိုသည့် သိသင့်သိထိုက်သည်များကို သင်ကြားပို့ချကာ စုပေါင်း လေ့ကျင့်မှုတို့ကိုလည်း ပြုလုပ်ပေးသည်။ သို့သော် ခရိတ်က ထိုမျှနှင့်မကျေနပ်နိုင်ဘဲ အကယ်၍ အိမ်ကိုမီး လောင်ခဲ့သော် ဟူသော အတွေးဖြင့် သူက မီးသတ်ခေါင်းဆောင်၊ ကျွန်မက သူ့ လက်ထောက်အဖြစ် မိဘများအား ကူညီကယ်ထုတ်ရေးကိုပါ လေ့ကျင့်သည်။ ကြိုတင်ပြင်ဆင်လေ့ကျင့်ခြင်းသည် အရာရာအတွက် အဆင်သင့်ဖြစ်စေပါသည်။ ကျွန်မတို့ မိသားစုက မှန်မှန်ပင် လေ့ကျင့်သည်။ ယုတ်စွအဆုံး လမ်းသိပ်မလျှောက် နိုင်တော့သည့် အဖေ့အတွက် ကားကို မည်သည့်နေရာတွင် ရပ်မည်ဆိုသည်ကအစ ပြင်ဆင်ထားခဲ့ကြသည်။ ဘဝတွင် အရာရာအတွက် အဆင်သင့်ဖြစ်စေရန် ကြိုတင် ပြင်ဆင်ခြင်းသည် မမှားပေ။

ကုန်ကုန်ပြောရလျှင် ကလေးအရွယ်သာရှိသေးသော်လည်း ပြတင်းပေါက်မှ ခုန်ချရမည်ဆိုလျှင်ပင် အိမ်ရှေ့ရှိ ဝက်သစ်ချပင်ကြီးကို မည်သို့ အသုံးချရမည်ကအစ

သင်ကြားထားကြသည်။ သို့တည်းမဟုတ် အိမ်နီးချင်း၏ အိမ်ခေါင်မိုးပေါ်မှ တစ်ဆင့် ဖြတ်သန်းနိုင်မည်လားဟုလည်း တွေးတောထားကြသည်။ မီးလောင်ခြင်း အမျိုးမျိုးရှိရာ မီးဖိုဆောင်တွင် ဆီမှ စ၍ လောင်လျှင် မည်သို့လုပ်ရမည်၊ လျှပ်စစ်မီးကြိုးများမှ စ,လောင်လျှင် မည်သို့လုပ်ရမည်၊ မိုးကြိုးပစ်ခြင်းကြောင့် မီးလောင်သည် ဆိုပါက မည်သို့ စသဖြင့် နည်းမျိုးစုံကို ကြိုတင်ကြံဆထားကြသည်။ ကျွန်မတို့က အမေ့ အတွက် စိတ်ပူသည်။ အကြောင်းကိစ္စ ပေါ်ပေါက်ပါက အမေ့ကို ကယ်ထုတ်ရန်လို မည်။ အဖေကလည်း မသန်မစွမ်းဖြစ်နေခြင်းကြောင့် အကယ်၍ ကျွန်မတို့သာ အိမ်ပြတင်းပေါက်မှ ထွက်ရသည့် အခြေအနေမျိုးဆိုပါလျှင် အဖေ့ကို ကယ်ထုတ်ရန် ခက်ပေမည်။ လွန်ခဲ့သည့်နှစ်များစွာက အဖေသည် အပြေးသန်သူ ဖြစ်ခဲ့သော်ငြား လည်း ယခုမူ ပြေးနိုင်မည် မဟုတ်တော့ပေ။

တွေးထားသည် အဖြစ်အပျက်များသည် ဖြစ်ကောင်းမှ ဖြစ်ပေလိမ့်မည်။ သို့သော် ပြင်ဆင်ထားခြင်းက မမှားနိုင်ပေ။ ကျောင်းဆင်း အိမ်ပြန်ရောက်ချိန် ရုပ်မြင်သံကြား၌ ကြည့်ရသော ဇာတ်လမ်း၌ ဒီရေတက်သဖြင့် ပြေးကြရသည်ကို လည်း မြင်ဖူးထားသည်။ ထိုဇာတ်လမ်းတွင် ပါသော ဖခင်ကဲ့သို့ ကလေးများကို ပခုံး ပေါ်တွင်တင်ကာ ကျွန်မတို့အဖေက ပြေးနိုင်မည် မဟုတ်ပေ။ ကျွန်မတို့အဖေသည် ဟာကြူလီလူစွမ်းကောင်း မဟုတ်။ ထိုသို့ဆိုလျှင် အဖေ့ကို ခရိတ်က ထမ်းပြေးနိုင်မည် လား။ မဖြစ်နိုင်။ ပခုံးကျဉ်းကျဉ်းနှင့် ခရိတ်သည် အဖေ့ကို ထမ်းနိုင်မည် မဟုတ်ပေ။

ထို့ပြင် ခရိတ်၏ ခြေသလုံးများမှာလည်း သေးကွေးသည်ကို သိပါသည်။ သူ မထမ်းနိုင်လျှင် အဖေသည် မီးခိုးမွှန်ကာ သတိလစ်သွားနိုင်၏။ အစမ်းအနေဖြင့် ခရိတ်က အဖေ့အား ကြမ်းပေါ်တွင် စန့်စန့်လှဲခိုင်းသည်။

"ဘုရား... ဘုရား.. မင်း ဘာလုပ်မလို့လဲ"။ အဖေက ခေါင်းတယမ်း ယမ်းနှင့် မေးသည်။ "မင်း တကယ်လုပ်ကြည့်မလို့လား"။

အဖေသည် ကိုယ့်အားကိုယ်ကိုးတတ်သူဖြစ်ရာ သူတစ်ပါးအပေါ် မှီခိုခြင်း မပြုခဲ့ဖူးပေ။ သူ့ကားကို သူကိုယ်တိုင် မောင်းခဲ့သည်။ ပေးဆပ်ရန်ရှိသည့် ကိစ္စ များကိုလည်း သူကိုယ်တိုင်သာ ဆောင်ရွက်ခဲ့သည်။ သူ ကျန်းမာရေးချွတ်ယွင်းလာခဲ့ သော်လည်း မည်သူ့ကိုမျှ မမှီခို။ အလုပ်ကို နေ့စဉ်မပျက် တက်ခဲ့သည်။ အဖေသည် မိသားစုဝင်များအတွက် ကျောက်ဆောင်တစ်ခုပမာ ရှေ့မှ မားမားမတ်မတ်ရှိခဲ့သည်။ အဖေက ခြေထောက်မသန်မစွမ်းဖြစ်လာ၍ ကိုယ်တိုင် မလှုပ်ရှားနိုင်သော်လည်း သူ့အတွေးအခေါ်ဉာဏ်စွမ်းအားဖြင့် ကူညီတတ်သူဖြစ်ရာ ကျွန်မတို့မြို့၏ ဒီမိုကရက် တစ်ပါတီ၏ မြို့နယ်ခေါင်းဆောင် ဖြစ်လာသည်။ နှစ်အတန်ကြာအောင်ပင် ထိုရာထူး၌ အဖေ တာဝန်ယူခဲ့ရသည်။ ပါတီအပေါ် သစ္စာစောင့်သိသူဖြစ်ခြင်း၊ မြို့နယ်ဝန်ထမ်းထု၏ အားကိုးအားထားပြုရသူ ဖြစ်ခြင်းတို့ကြောင့်ပင် ဖြစ်သည်။

အဖေသည် သူ့အလုပ် ကို ချစ်သူဖြစ်ရာ အချိန်များစွာ ပေးထားသည်။ အမေ့ကိုပေးသည့် အချိန်ထက်ပင် ပို၏။ ရုံးပိတ်သည့် အားလပ်ရက်များတွင် အဖေက သူ့မဲဆန္ဒရှင်များ ရှိရာသို့ ကွင်းဆင်းတတ်သည်။ တစ်ခါတစ်ရံ၌ အဖေသွားရာသို့ ကျွန်မပါ သွားတတ်ပါသည်။ အဖေနှင့်ကျွန်မ ကားကို တစ်နေရာတွင်ရပ်ကာ လမ်းလျှောက်သွားကြသည်။ အဖေက ကောင်းကောင်းမလျှောက်နိုင်သဖြင့် သူ့တုတ်ကောက်ကို အဖော်ပြုရ၏။ အလုပ်သမားများနေသည့် အိမ်လေ့ကားထစ်တွင် ရပ်၍သော်လည်းကောင်း၊ ပြတင်းပေါက်မှ ခေါင်းပြူ၍သော်လည်းကောင်း နှုတ်ဆက်တတ်ပါသည်။ ထိုသို့သောအခါများတွင် နှုတ်ဆက်ခံရသော အလုပ်သမားတို့မှာ ဝမ်းသာကြ၏။ ဖော်ရွေသော အဖေ့အပြုံးကို မြင်လိုက်ရသည့်အခါ သူတို့က “ဝမ်းသာလိုက်တာဗျာ၊ အိမ်ထဲ ဝင်ပါဦးလား”ဟု ဖိတ်ခေါ်တတ်ကြ၏။

ထိုသို့သော ဖိတ်ခေါ်သံကြားလျှင် ဝမ်းသာမိသူမှာ ကျွန်မပင် ဖြစ်၏။ အဖေအိမ်ထဲဝင်ထိုင်လျှင် ကျွန်မ၏ စနေ ညနေခင်းမှာ ဆိုဖာကောင်းကောင်းပေါ်တွင် ဇိမ်နှင့်ထိုင်ကာ နေကုန်သွားနိုင်ခြင်း၊ သို့မဟုတ် ထမင်းစားခန်းစားပွဲတွင်ထိုင်ကာ 7UPသောက်ရခြင်းတို့ကြောင့် ဖြစ်သည်။ အလုပ်သမားက အဖေ့အား တစ်စုံတစ်ခု တိုင်ကြားသည်ဆိုပါလျှင် အဖေက သက်ဆိုင်ရာ ဒေသတာဝန်ခံကိုခေါ်ယူကာ တိုင်ပင်ဖြေရှင်းပေးခြင်းပြု၏။ အဖေက သူ့အားတိုင်ကြားသည့် အမှုကိပြဿနာက အစ နှင်းကျချိန် နှင်းများ ရှင်းလင်းခြင်းကိစ္စအထိ ပါဝင်ဆွေးနွေးရသည်။ အဖေ့ ရည်ရွယ်ချက်မှာ ဒီမိုကရက်တစ်ပါတီက ပြည်သူလူထုအပေါ်တွင် ဂရုစိုက်သည်ဟူသော အတွေးမျိုး ပြည်သူလူထု ရစေရန်ပင် ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် ပြည်သူတို့က ဒီမိုကရက်တစ်ပါတီအား မဲပေးကြလိမ့်မည်။ အဖေသည် သူ့အား ပြောကြားနေသမျှကို မည်သည့်အခါမျှ မလေ၁။ စိတ်အေးလက်အေး ထိုင်ကာ နားထောင်တတ်၏။ အဖေ ခံယူသည်မှာ လူတစ်ယောက်က အခြားသူတစ်ယောက်ကို အချိန်ပေးခြင်းသည် လက်ဆောင်ပေးခြင်းပင် ဖြစ်သည် ဆို၏။ အိမ်ရှင်များက သူတို့ သားသမီး၊ မြေးတို့၏ ဓာတ်ပုံများ ထုတ်ပြလျှင် လက်ဖျစ်တီးကာ ဝမ်းသာအားရ ချီးမွမ်းသည်။ သို့မဟုတ် တော်ကြောင်းတတ်ကြောင်း ပြောလျှင်ဖြစ်စေ၊ ကျန်းမာရေးအခြေအနေ ပြောလျှင်ဖြစ်စေ၊ စိတ်ရှည်လက်ရှည် နားထောင်ပေး၏။ ငွေရေးကြေးရေး ကျပ်တည်း ကြောင်း ညည်းကြလျှင်လည်း ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပေးသည်။ ပြန်ခါနီး အချိန်များတွင် အဖေက ထိုအိမ်ရှိ သက်ကြီးရွယ်အိုများကို ပွေ့ဖက်ပြီး အခက်အခဲများ ကို အမြန်ဆုံးဖြေရှင်းပေးမည်ဖြစ်ကြောင်း ကတိစကားဆိုကာ နှုတ်ဆက်တတ် ပါသည်။

အဖေသည် သူ့ကိုယ်သူ စွမ်းဆောင်နိုင်သေးသူအဖြစ် ယုံကြည်သည်။

ဂုဏ်လည်းယူ၏။ ကျွန်မတို့မောင်နှမ အိမ်တွင် မီးဘေးအစမ်းလေ့ကျင့်မှုပြုရာ၌ ပါဝင်ခြင်းမှာ အများပြည်သူတို့သည်လည်း ထိုကဲ့သို့ လေ့ကျင့်ကြရမည်ဟု ယုံကြည်ခြင်းကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် မီးလောင်ဟန်ဆောင်ကာ အဖေ့အား လှဲနေပါဟု ပြောလျှင်လည်း လိုက်လုပ်ပေးသည်သာ။ ကြမ်းပြင်ပေါ်တွင် သတိမေ့နေသူကဲ့သို့ နေပေးပါဆိုလျှင်လည်း အဖေက မငြင်းပေ။ အဖေကိုယ်တိုင်က ကျွန်မတို့ ထိုကဲ့သို့ အစမ်းလေ့ကျင့်မှုမှာ ကျွန်မတို့အတွက်၊ အထူးသဖြင့် ခရိတ်အတွက် လိုအပ်သည်ဟု ခံယူထားပုံရသည်။ အဖေ ကြမ်းပေါ် လှဲနေပေးပါဟုဆိုလျှင် အဖေက ကျွန်မတို့ကို ဟာသလုပ်တတ်သည်။ ကြမ်းပေါ်သို့ ပထမ ဒူးထောက်လိုက်မည်။ ထို့နောက် ဖင်ချ ထိုင်လိုက်ကာ ကြမ်းခင်းကော်ဇောပေါ်၌ မျက်နှာကို အပေါ်သို့ မော့ထားတတ်သည်။ ထိုအချိန်မျိုးတွင် အမေနှင့် မျက်လုံးချင်းဆုံတတ်သည်။ ပြုံးစေ့စေ့ဖြစ်နေသော အမေ့ရင်ထဲတွင် "ဒီကလေးတွေကလေ......"ဟု တွေးကောင်းတွေးနေမည်ဖြစ်၏။

သက်ပြင်းတစ်ချက်ချလိုက်ပြီး အဖေက မျက်လုံးမှိတ်လိုက်ကာ ခရိတ် ပွေ့လာမည့်အချိန်ကို စောင့်နေသည်။ ခရိတ်က အဖေ့ပခုံးနှစ်ဖက်အောက်သို့ သူ့လက်ကို ထိုးကာ ကယ်ဆယ်ရေးအစီအစဉ် စတင်တော့သည်။ ထိုအချိန်မျိုးတွင် အမေနှင့် ကျွန်မက ဝင်မကူဘဲ ခရိတ်လှုပ်ရှားမှုကိုသာ စောင့်ကြည့်ကြသည်။ အဖေ့ကိုယ်အလေးချိန်က ပေါင် တစ်ရာ့ခုနစ်ဆယ်ခန့် ရှိသည်ဖြစ်၍ မထမ်းနိုင်သော ခရိတ်က မီးဘေးလွတ်ရာသို့ ဆွဲခေါ်သွားဟန် ပြုလုပ်ပြ၏။ အဖေ့ကို ဧည့်ခန်းရှိခုံတစ်ပတ်လည်မျှ ဆွဲခေါ်ပြသည်။

ထိုအချိန်မှ စ၍ ခရိတ်က သူသည် မီးလောင်လာပါက အဖေ့ကို ဘေးကင်းရာသို့ ကယ်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်သွားတော့သည်။ နောက်တစ်ကြိမ် ထပ်စမ်းရန် တောင်းဆိုလျှင်မူ အဖေက "လုံလောက်ပါပြီကွာ"ဟု ငြင်းဆိုတတ်သည်။ အသက်ကြီးသူနှင့် အရွယ်ရောက်စ,လူငယ်တို့အကြား ယုံကြည်ကိုးစားမှု တည် ဆောက်နိုင်ခြင်းဟုလည်း ဆိုနိုင်ပါသည်။ အကယ်၍ အမှန်တကယ်သာ မီးလောင် လျှင်မူ ဤကဲ့သို့ ညင်ညင်သာသာ ဖြစ်ကောင်းမှဖြစ်နိုင်ပေလိမ့်မည်။ သို့သော် ဖြစ်လာ စေဦးတော့ ဘာလုပ်ကြမည်ဆိုသည့် စီမံချက်က ကျွန်မတို့ ခေါင်းထဲ၌ ရှိနေပြီ ဖြစ်သည်။

တဖြည်းဖြည်းနှင့် ကျွန်မက အပြင်ထွက် လည်ပတ်တတ်လာပြီး လူမှုဆက်ဆံရေးနယ် ကျယ်ဝန်းစ,ပြုလာသည်။ ကျွန်မဘဝတွင် ကျဉ်းမြောင်းသော ပတ်ဝန်းကျင်၌ နေရခြင်းထက် ကျယ်ပြောသော ကမ္ဘာကို လိုချင်လာခဲ့သည်။ အဖေ သွားလေ့ရှိသော သူ့မဲဆန္ဒရှင်များထံသို့ လိုက်ပါသွားခြင်း၊ များပြားလှစွာသော ဦးလေး၊ အဒေါ်၊ ဝမ်းကွဲမောင်နှမများထံ သွားရောက်ခြင်း၊ တိမ်စိုင်တမျှ များပြားလှသော မီးခိုးများကြားမှ ဘာဘာကျူးအသားကင် လုပ်စားကြသည့်ပွဲများ တက်ရောက်

ခြင်း၊ အိမ်နီးချင်း သူငယ်ချင်းများနှင့် ပြေးလွှားဆော့ကစားခြင်းစသည့် သမားရိုးကျ ကမ္ဘာမှ ကျွန်မ ဖောက်ထွက်ချင်လာခဲ့သည်။

အမေက မောင်နှမ ခုနစ်ယောက်၊ အဖေက မောင်နှမငါးယောက်ရှိသော မိသားစုတွင် အကြီးဆုံးသားဖြစ်သည်။ အမေ့အမျိုးများက "တောင်ပိုင်းသား"၏ အိမ်တွင် စုလေ့ရှိကြပြီး အဘိုး ချက်ကျွေးသည်များကို မြိန်ရေရှက်ရေ စားလေ့ရှိကြသည်။ ခေတ်ပေါ် ဂျက်ဇ်သီချင်းတွေ ဖွင့်ကြ ကစားကြသဖြင့် ပျော်စရာကောင်းပါသည်။ အားလုံးထဲတွင် တောင်ပိုင်းသားသည် အမျိုးအားလုံးကို ဆွဲဆောင်နိုင်စွမ်းရှိသူ ဖြစ်သည်။ သူသည် သူ့ပတ်ဝန်းကျင် သူ့နေအိမ်ကိုသာ ယုံစားလေ့ရှိသူဖြစ်ပြီး အခြားနေရာ၊ အခြားပတ်ဝန်းကျင်ကို မယုံတတ်သူလည်း ဖြစ်သည်။ ထိုသို့ ဖြစ်ရသည် မှာ အမျိုးများ လုံခြုံရေးအတွက်ဖြစ်၍ အစစအရာရာ သူကသာ အကုန်အကျခံကာ ချက်ပြုတ်ကျွေးမွေးသည့်အပြင် ပျော်စရာများကိုလည်း ဖန်တီးပေးပါသည်။ ကျွန်မတို့မှာ အဝအပြဲစားရသည့်အပြင် ပျော်လည်းပျော်ရ၏။ တစ်ခါတစ်ရံတွင် အိမ်မပြန် ချင်လောက်အောင်ပင် ပျော်တတ်ကြပါသည်။ တောင်ပိုင်းသားကြီးက ကျွန်မအား သစ်ကြံပိုးခေါက်အရောင်ရှိသော ခွေးကလေးတစ်ကောင် ပေးသည်။ ကျွန်မတို့က ခွေးကလေးကို "ရက်စ်"ဟု အမည်ပေးလိုက်ကြ၏။ အမေက အိမ်တွင် ခွေးမွေးသည်ကို မကြိုက်သောကြောင့် ရက်စ်ကို တောင်ပိုင်းသားအိမ်မှာပင် ထားရသည်။

ကျွန်မရောက်သွားတိုင်း သူ့အမွေးပွပွများထဲတွင် မျက်နှာအပ်ထားမိသည်အထိရက်စ်ကို ချစ်ပါသည်။ ထိုအခါမျိုးတွင် ရက်စ်ကလည်း ကျေနပ်နေ၏။ တောင်ပိုင်းသားသည် ကျွန်မကို ချစ်သဖြင့် အစစ အလိုလိုက်ထားသကဲ့သို့ ရက်စ်ကိုလည်း အလိုလိုက်ထားခြင်းဖြင့် သူ့ကို ချစ်နေစေရန် ဖန်တီးထားပါသည်။

အဖေ့ဘက်က မိသားစုဝင်များမှာမူ ချီကာဂို တောင်ပိုင်းတွင် ပြန့်ကျဲနေ၏။ အဘွားလေးများ၊ မောင်နှမ နှစ်ဝမ်းကွဲ၊ သုံးဝမ်းကွဲ များစွာ ရှိသကဲ့သို့ ခပ်လှမ်းလှမ်း တော်စပ်သော အမျိုးများလည်း ရှိသည်။ ကျွန်မတို့မိသားစုက သူတို့နှင့်လည်း အဆက်အသွယ်မပြတ် ရှိပါသည်။ သူတို့ထံ သွားရောက်လည်ပတ်တိုင်း ကျွန်မက လမ်းဘေးမှ သစ်ပင်ကြီးများ အရေအတွက်ကို မှတ်လေ့ရှိပါသည်။ သစ်ပင်အရေ အတွက်ကို မှတ်ထားခြင်းဖြင့် မည်သည့်အမျိုးထံ သွားနေခြင်းဖြစ်သည်ကို ပြောနိုင်သည်။ အချို့ဆင်းရဲနွမ်းပါးသော အမျိုးများထံ သွားရောက်ရာတွင်မူ ရေတွက်ရန် သစ်ပင်ပင် မရှိပေ။ အဖေကမူ အမျိုးများနှင့် ပတ်သက်၍ ဆင်းရဲချမ်းသာ မရွေးပေ။ အဖေက အန်ကယ်ကာလီယိုကို တွေ့လျှင် ပိုဝမ်းသာတတ်သည်ကို သတိပြုမိသည်။ အန်ကယ်ကာလီယိုက

လူကောင်သေးသေး၊ ဆံပင်ထူထူနှင့်ဖြစ်၍ သရုပ်ဆောင် ဆယ်မီဒေးဗစ္စနှင့် တူ၏။ အမြဲတစေလည်း မူးနေတတ်သည်။ အဖေက သူ့အဒေါ် ဖြစ်သည့် ကလေးရှစ်ယောက်အမေ ဗာဒဲလီကို ချစ်၏။ သူတို့အိမ်မှာ ဒဲန်ရိုင်ယန် အဝေးပြေးလမ်းမကြီးအနီးတွင် ရှိပြီး အိမ်ရှင်က ပြုပြင်မပေးသဖြင့် စုတ်ပြတ်နေသော အိမ်ဖြစ်သည်။ ထိုအိမ်သို့ ခရိုက်နှင့် ကျွန်မ ရောက်ဖူးသဖြင့် လူအများ ရှင်သန်ကြီး ပြင်းရာတွင် တစ်ယောက်နှင့်တစ်ယောက် မတူနိုင်သော အခြေခံအချက်အလက်တို့ကို နားလည်လာရသည်။

တနင်္ဂနွေနေ့ ညနေခင်းများတွင် ကျွန်မတို့ မိသားစုဝင်လေးဦးတို့သည် အဖေ့ကားဖြင့် မြောက်ဘက်သို့ ဆယ်မိနစ်ခန့်သာ မောင်းရသော ပါ့ခ်ဝေးဂါးဒင်းစ်ရှိအဖေ့မိဘများထံသွားရောက်ကာ ညစာစားလေ့ရှိကြပါသည်။ သူတို့ကို ကျွန်မတို့က ဒန်ဒီနှင့် အဘွားဟု ခေါ်ကြပါသည်။ အဖေ့ညီငယ် ညီမငယ် သုံးဦးလည်း ရှိပါသေးသည်။ သူတို့မှာ အင်ဒရူး၊ ကာလီတန်နှင့် ဖရန်စစ္စကာတို့ ဖြစ်ကြ၏။ အဖေနှင့် အငယ်ဆုံး ဖရန်စစ္စကာတို့မှာ အသက်အရွယ်အားဖြင့် ဆယ်စုနှစ်တစ်ခု ကွာခြားကြ သဖြင့် ကျွန်မတို့နှင့် ဦးလေး၊ အဒေါ် တော်စပ်သော်လည်း မောင်နှမသဖွယ် ဖြစ်နေသည်။ ကျွန်မတို့ အဖေမှာလည်း သူတို့အစ်ကိုဆိုသော်လည်း အဖေနှင့် ပိုတူနေ၏။ အကြံဉာဏ်လိုအပ်သည့်အခါ ပေးခြင်း၊ ငွေကြေးလိုအပ်သည့်အခါ ထောက်ပံ့ပေးခြင်းတို့ ပြုတတ်၍ပင် ဖြစ်သည်။ ဖရန်စစ္စကာက မိန်းမချောတစ်ယောက် ဖြစ်သည်။ တစ်ခါတစ်ရံတွင် သူ့ဆံပင်ရှည်ကို ကျွန်မအား ရှင်းခိုင်းတတ်သည်။ အင်ဒရူးနှင့် ကာလီတန်တို့မှာ အသက်နှစ်ဆယ်ကျော် အရွယ်များဖြစ်၍ ဖင်ကျပ်သော ခေါင်း လောင်းဘောင်းဘီများ ဝတ်ကြသည်။ (ထိုခေတ်က ခေတ်စားသော ခြေထောက်အပွ ဘောင်းဘီများကို Bell Bottom ဟု ခေါ်ကြ၏။) သားရေဂျာကင်များလည်း ဝတ်ဆင် တတ်ကြပြီး ရည်းစားလည်း ရှိကြသည်။ စကားပြောရာ၌ မယ်လ်ကွမ်အိတ်စ် (လူမည်းခေါင်းဆောင်တစ်ဦး)နှင့် သူ၏ ခွန်အားကြီးသော စိတ်စွမ်းအင်တို့အကြောင်း ပြောတတ်ကြသည်။ ခရိုက်နှင့်ကျွန်မသည် အဘိုးအဘွားတို့အိမ်ရောက်တိုင်း အိမ် နောက်ပိုင်းရှိ သူတို့ အိပ်ခန်းများတွင် အေးအေးဆေးဆေး သွားနေလေ့ရှိကြပါသည်။

အဘိုး၏အမည်မှာ ဖရေဇာရော်ဘင်ဆင်ဖြစ်ပြီး သူသည် အားလုံးနှင့် ရောရောထွေးထွေးနေလေ့မရှိဘဲ ဆေးပြင်းလိပ်ခဲကာ ပေါင်ပေါ်တွင် ညနေ သတင်း စာမှ သတင်းများကို ဖွင့်ထားပြီး ဖတ်လေ့ရှိသည်။ အနီးတွင်လည်း ရုပ်မြင်သံကြား စက်၏ သတင်းကဏ္ဍ ဖွင့်ထားတတ်သည်။ အဘိုးထိုင်လေ့ရှိသော ကုလားထိုင်မှာ သူ့လှုပ်ကုလားထိုင် ဖြစ်၏။ အဘိုးဒန်ဒီ၏ လှုပ်ရှားမှု၊ စိတ်ဝင်စားမှုတို့မှာ အဖေနှင့် လုံးဝ ခြားနား၏။ အဘိုးက အရာရာသည် သူ့အတွက် စိတ်ရှုပ်ဖွယ်ရာများသာဖြစ်ပြီး နေ့စဉ်ထုတ် သတင်းစာများ၏ ခေါင်းကြီးသတင်းများ၊ ရုပ်မြင်သံကြားမှ ကမ္ဘာ့

သတင်းများသည်သာ သူ့အတွက် စိတ်ဝင်စားစရာ ဖြစ်သည်။ သူက "ဘူးဘူးစ်"ဟု အမည်ပေးထားသော လူမည်းလူငယ်များ၏ လှုပ်ရှားမှုနှင့် ပတ်သက်၍မူ အဓိပ္ပာယ်မဲ့သည်ဟု ခံယူ၏။ အဘိုးသည် စကားပြောချိုသာသော၊ ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်သော အဘွားကို အမြဲ အော်ငေါက်တတ်သည်။ အဘွား၏ ခရစ်ယာန် အမည်မှာ "လာဗော်ဂန်" ဖြစ်သည်။ (ကျွန်မမိဘများက အဘွားကို ဂုဏ်ပြုသောအားဖြင့် ကျွန်မအမည်ကို မစ်ရဲလ်လာဗော်ဂန်ရော်ဘင်ဆင်ဟု အမည်ပေးခဲ့ကြ၏။) နွေခင်းများတွင် အဘွားသည် စာအုပ်ဆိုင်တစ်ဆိုင်တွင် သမ္မာကျမ်းစာ စာအုပ်များကို ကျွမ်းကျင်စွာ ရောင်းချနိုင်သူဖြစ်သော်လည်း အိမ်ပြန်ရောက်သည်နှင့် အဘွားသည် မိန်းကလေးငယ် တစ်ဦးကဲ့သို့ ဖြစ်သွားသည်။ အဘိုးအတွက် ချက်ပြုတ်ကျွေးရသည်။ အဘိုး ဆူငေါက်သမျှ ခံရပြီး မည်သည့်အခါမျှ ပြန်ပြောခြင်း မပြုပေ။ အဘိုးတိုင်တောသမျှကို နားထောင်ကာ ဖြေရှင်းရန် ရှိသည်များကိုလည်း ဖြေရှင်းရသည်။ ငယ်ရွယ်စဉ်ကတည်းကပင် အဘွားသည် စကားနည်းသူဖြစ်သည်ဟု ဆိုပါသည်။ အဘိုးနှင့် အဘွားတို့၏ ဆက်ဆံရေးပုံစံမှာ ကျွန်မအသည်းနှလုံးအထိ စိမ့်ဝင်ခဲ့ပါသည်။

အမေ့ ပြောပြချက်အရဆိုလျှင် အဘိုးဒေါသထွက်ကာ အော်ဟစ်နေချိန်များ၌ ပြန်ပြောဝံ့သူမှာ ကျွန်မတစ်ဦးတည်းသာ ရှိသည်ဟုဆို၏။ ကျွန်မ လူမှန်းမသိတတ်စ အရွယ်မှ စတင်ကာ ပြန်အော်တတ်ခဲ့သည် ဟု ဆိုပါသည်။ ဤသို့ဖြစ်ရခြင်းမှာ တစ်ခွန်းမျှ ပြန်မပြောဘဲ အဘိုးဆိုပြောနေသည်များကို ခေါင်းငုံ့ခံနေသော အဘွားကို အားမလို အားမရဖြစ်ခြင်းကြောင့်တစ်ကြောင်း၊ ပတ်ဝန်းကျင်ရှိ မည်သူကမျှ အဘိုးအား အကျိုးသင့် အကြောင်းသင့်မပြောကြဘဲ ငြိမ်သက်နေကြ၍ အဘိုးကိုချစ်သော ကျွန်မက ဝင်ပြောရခြင်း ဖြစ်သည်။ နောက်တစ်ကြောင်းက အဘိုးအော်ဟစ်နေခြင်း က ကျွန်မအား စိတ်ရှုပ်စေခြင်းကြောင့်လည်း ဖြစ်သည်။ အဘိုးကို ကျွန်မ ချစ်သကဲ့ သို့ အဘိုးကလည်း ကျွန်မအား ချစ်ပါသည်။ အဘိုး ဒန်ဒီက ခေါင်းလည်းမာသည်။ အဘိုးကိုချစ်သော ကျွန်မလည်း အဘိုးအမွေကို ဆက်ခံကာ ခေါင်းမာတတ်ပါသည်။ အဘိုးသည် ကြင်နာတတ်သူတစ်ဦး ဖြစ်၏။ လှုပ်ကုလားထိုင်ပေါ်တွင် ထိုင်နေသော အဘိုးအပါးသို့ ကျွန်မရောက်သွားလျှင် ကျွန်မလည်တိုင်ကို ကြင်နာယုယစွာပွတ်သပ်ပေးတတ်ပါသည်။ အဖေက ဟာသတစ်ခုခုပြောလျှင်ဖြစ်စေ၊ ကလေးငယ်တစ်ဦးဦးက စကားမှားသွားလျှင်ဖြစ်စေ အဘိုးသည် ပြုံးရုံသာ ပြုံးတတ်သူ ဖြစ်သည်။ သို့သော် ထိုအဖြစ်အပျက်ကို သတိရလေတိုင်း အဘိုးက ပြုံးနေတတ်ပြန်ပါသည်။

"ဟိုအော် ဒီအော် လုပ်မနေစမ်းပါနဲ့ ဒန်ဒီ"ဟု ကျွန်မက ပြောချင်ပြောပါသည်။ တစ်ခါတစ်ရံတွင်လည်း "အဘွားကို တစ်ချိန်လုံး အပြစ်ရှာမနေပါနဲ့ ဒန်ဒီ"ဟု လူကြီးတစ်ယောက်ကဲ့သို့ ပြောဖြစ်သည့်အခါလည်း ရှိသည်။ တစ်ခါတစ်ရံတွင်မူ "ဘာတွေ ဒေါပွနေတာလဲ အဘိုး"ဟု

မေးသည့်အခါများလည်း ရှိခဲ့သည်။

ထိုမေးခွန်းများ၏ အဖြေမှာ ရိုးရိုးကလေးနှင့် ရှုပ်နေတတ်၏။ ကျွန်မ ထိုသို့ မေးလိုက်လျှင် အဘိုးသည် ဘာမျှမဖြေ၊ ဘာမျှ ဆက်မပြောတော့ဘဲ သတင်းစာကိုသာ ဆက်ဖတ်နေတတ်သည်။ အိမ်သို့ ပြန်ရောက်သည့်အခါမှသာ အဖေနှင့် အမေတို့က ပြဿနာ၏ ဇာစ်မြစ်ကို ပြန်ရှင်းပြကြ၏။

ဒန်ဒီသည် ကာရိုလိုင်းနာတောင်ပိုင်းရှိ ပူပြင်းခြောက်သွေ့သော ဂျော့ချ် တောင်းဇာတိဖြစ်သည်။ ထိုဒေသတွင် ကျွန်ပေါင်းများစွာတို့သည် စိုက်ပျိုးရေးလုပ်ငန်း များ လုပ်ကိုင်ကြရသည်။ ရိတ်သိမ်းကြရသည်။ ထိုကျွန်တို့ စိုက်ပျိုးရိတ်သိမ်းမှုမှရရှိလာသော ဆန်နှင့် အခြားသီးနှံများ ရောင်းချခြင်းအားဖြင့် သူတို့ကိုပိုင်သော သခင်များ လူချမ်းသာဘဝသို့ ရောက်စေခဲ့ကြသည်။ ကျွန်မအဘိုး ဒန်ဒီမှာ ထိုကျွန် များထဲမှ ဆင်းသက်လာသူ ဖြစ်၏။ သူ၏အဘိုးမှာ ကျွန်တစ်ဦးဖြစ်ခဲ့သည်။ ဒန်ဒီကို ၁၉၁၂ ခုနှစ်၌ မွေးဖွားခဲ့ပြီး ဖခင်မှာ စက်ရုံအလုပ်သမားတစ်ဦး ဖြစ်၏။ သားသမီး ဆယ်ဦး ထွန်းကားခဲ့သော မိသားစုတွင် သူက သားအကြီးဆုံး ဖြစ်သည်။ ထိုးထွင်း ဉာဏ်ကောင်းခြင်း၊ သိလွယ်တတ်လွယ်ခြင်းတို့ကြောင့် သူ့ကို “ပရော်ဖက်ဆာ”ဟု အများက ခေါ်ကြ၏။ ဒန်ဒီသည် သိလွယ်တတ်လွယ်သူ ဖြစ်သည့်အလျောက် တစ်နေ့ နေ့တွင် ကောလိပ်တက်နိုင်ရမည်ဟု ရည်မှန်းထားခဲ့သည်။ သို့သော် သူသည် လူမည်း မိသားစုမှ ပေါက်ဖွားလာသူဖြစ်သည့်အပြင် သူ အရွယ်ရောက်လာချိန်၌ ကမ္ဘာ့စီးပွား ရေးကပ်ဆိုက်ရောက်လာခဲ့သည်။ အထက်တန်းကျောင်းပညာ အောင်မြင်ပြီးသော ဒန်ဒီက သစ်စက်တစ်ခုတွင် အလုပ်ဝင်ခဲ့၏။ သို့သော် သူ့စိတ်ထဲတွင် ဂျော့ချ်တောင်း၌သာ ဆက်လက်နေထိုင်ပါလျှင် သူ့အနေနှင့် ရွေးချယ်ရန် အလုပ်များများ မရှိနိုင်ဆိုသည်ကိုလည်း သိထားသည်။ သူအလုပ်လုပ်သော စက်ရုံသည်လည်း အခြားသော အာဖရိကန် အမေရိကန် စက်ရုံများကဲ့သို့ ပိတ်သွားသောအခါ ဒန်ဒီက ချီကာဂို အနောက်ပိုင်းသို့ ပြောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုကာလကို အမေရိကန်သမိုင်းတွင် ကြီးမားသောရွှေ့ပြောင်းနေထိုင်မှု (Great Migration)ဟု မှတ်တမ်းတင်ခဲ့ကြသည်။ တောင်ပိုင်းမှ လူမည်း ခြောက်သန်းတို့သည် မြောက်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ကြ၏။ သူတို့သည် ရိုးရာအစဉ်အဆက် လုပ်ကိုင်ခဲ့ကြသော အလုပ်အကိုင်တို့ကို စွန့်ကာ စက်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လာကြတော့သည်။

“အမေရိကန်အိပ်မက်”ဟု တင်စားကြသော ထိုကာလတွင် ဒန်ဒီသည် ချီကာဂိုသို့ ရောက်ရှိလာခဲ့သည်။ သူ ရောက်ရှိသည့်ကာလမှာ ၁၉၃၀ ခုနှစ်များအတွင်း ဖြစ်သည်။ အကယ်၍ သူသာ ယခုထက် စောရောက်ခဲ့လျှင် ကောလိပ်တက်နိုင်သည့် အခွင့်အရေးရနိုင်မည် ဖြစ်သည့်အပြင်

အလုပ်ကောင်းများကိုလည်း ရနိုင်ခဲ့မည်ဖြစ်သည်။ ရောက်ရှိလာချိန်တွင် အခြေအနေတို့သည် အိပ်မက်မက်ခဲ့သည်နှင့် တခြားစီ ဖြစ်နေသည်။ အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးနေပြီဖြစ်သည်။ ထို့ပြင် ချီကာဂို ရှိ စက်ရုံကြီးများ၏ မန်နေဂျာများက ရွှေ့ပြောင်းလာကြသော အာဖရိကန် အမေရိကန် များနှင့်ယှဉ်လျှင် ဥရောပမှ ရွှေ့ပြောင်း ရောက်ရှိလာသူတို့ကို ဦးစားပေး ခန့်ထားကြ၏။ ဒန်ဒီက သူလုပ်နိုင်သည့်အလုပ်ကို ရှာသောအခါ ဘိုးလင်းကစားသည့်နေရာ၌ အလုပ်မျိုးစုံလုပ်ရသောနေရာကို ရသည်။ ထိုကာလထိ ရှိနေသေးသည့် ကောလိပ် တက်ရေးစိတ်ကူးကိုမူ ဒန်ဒီက ပယ်ချလိုက်ပြီး လျှပ်စစ်ကျွမ်းကျင်သူတစ်ဦး ဖြစ်လာခဲ့သည်။(ထိုကာလ၌ ဒန်ဒီသည် ကျရာအလုပ်ကို လုပ်သူဖြစ်၍ လက်သမား၊ ပိုက် ဆက်သမား၊ ပန်းရန် စသည့် အလုပ်တို့ကို လုပ်ခဲ့သူဖြစ်သည်။) ချီကာဂို၏ ဆောက် လုပ်ရေးလုပ်ငန်းကြီးများ၌ အလုပ်လုပ်ခွင့်ရရန်မှာ အလုပ်သမားကတ် လိုအပ်သည်။ ထို့ပြင် လူမည်းဖြစ်ပါက အလုပ်တစ်ခု ရရန်မှာ မလွယ်ကူပေ။

ထိုသို့ အသားအရောင်ခွဲခြားဆက်ဆံမှု ခံရဖန်များလာသော အာဖရိကန် အမေရိကန်လူငယ်တို့မှာ ရည်မှန်းချက်ပန်းတိုင်များ ရှိလာကြသည်။ ထိုသူများထဲတွင် ကျွန်မတို့ဆွေမျိုးများ ပါဝင်ခဲ့ကြသည်။ သူတို့သည် အလုပ်ချင်းတူသည့်တိုင် လစာခွဲခြားခံရသည်။ အခွင့်အရေးရပုံချင်းလည်း မတူကြပေ။ လက်သမားအလုပ်လုပ်သော “တောင်ပိုင်းသား”သည် နှစ်ရှည်လုပ်ငန်းများ၊ လစာသေချာသော လုပ်ငန်းများတွင် အလုပ်လုပ်ခွင့်မရပေ။ လူမည်းများမှာ အလုပ်သမားမှတ်ပုံတင်ခွင့် မရှိခြင်းကြောင့် လည်း ဖြစ်၏။ ကျွန်မအဘိုးလေး တယ်ရီ(ရော်ဘီ၏ခင်ပွန်း)သည် ကျွမ်းကျင်သည့် ပန်းရန်ဆရာဖြစ်သော်လည်း တန်းတူညီမျှသည့် အခွင့်အရေးမရခြင်းကြောင့် အလုပ်မှ ထွက်ခဲ့သည်။ ကျွန်မအမေဘက်မှ အန်ကယ်ပိ(တ)ဆိုလျှင်လည်း အငှားယာဉ်မောင်း သူများအသင်း မဝင်နိုင်ခြင်းကြောင့် လိုင်စင်မဲ့ ဘတ်စ်ကားတစ်စီးဖြင့် အန္တရာယ်များသော အနောက်ပိုင်းသို့ မတန်တဆ နည်းပါးလှသော ယာဉ်စီးခလေးရရုံမျှဖြင့် မောင်းရသည်။ ထိုနေရာသို့ အငှားယာဉ်မောင်းသမားများက ကြောက်သဖြင့် မလိုက် ကြပေ။ ထိုကဲ့သို့ လုပ်ငန်းခွင် ကျွမ်းကျင်ကြသော်လည်း လူမည်းများ ဖြစ်ကြခြင်းကြောင့် လစာကောင်းကောင်းရသည့် နေရာများတွင် အလုပ်လုပ်ပိုင်ခွင့် မရကြပေ။ ထို့ကြောင့် သူတို့သည် အိမ်မဝယ်နိုင်ကြ၊ ငွေမစုဆောင်းနိုင်ကြ၊ သားသမီးတို့ကို ပညာတတ်စေရန် ကောလိပ်သို့ မပို့နိုင်ကြပေ။ ကျွန်မလည်း ထိုသူတို့ကဲ့သို့ ဘေးဖယ် ထားခြင်းခံရလိမ့်မည်ဆိုသည်ကို ကြိုတင်တွေးမိခြင်းကြောင့် ရင်နာရပါသည်။ လုပ်ငန်းကျွမ်းကျင်ရန် လိုအပ်သည့်နေရာများတွင် မကျွမ်းကျင်သော အဖြူများကသာ ကြီးစိုးထားကြသည်။ ဒန်ဒီအတွက်မှာမူ ဘဝသည် မျှော်လင့်ထားသည့် အတိုင်းအတာအထိမဆိုးခဲ့ပေ။ နောင်တွင် ကျွန်မ၏အဘွား ဖြစ်လာမည့်သူနှင့် ဘုရားရှိခိုးကျောင်းတွင် စတင်

ဆုံစည်းခဲ့ကြသည်။ အလုပ်အကိုင်မှာလည်း ဖက်ဒရယ်အစိုးရ၏ အလုပ် အကိုင်များ တိုးတက်ရရှိရေးဌာန၏ အစီအမံကြောင့် မျှော်လင့်သည်ထက် စော၍ရခဲ့သည်။ ထိုဌာနက စီးပွားရေးကပ်ဆိုက်စဉ်ကာလ၌ ပြည်သူလူထုအတွက် ဆောက်လုပ်ရသည့် လုပ်ငန်းများတွင် မကျွမ်းကျင်သော အလုပ်သမားများကို ငှားရမ်းခဲ့ကြ၏။ အဘိုး ဒန်ဒီသည် ထိုအလုပ်မှာပင် နှစ်ပေါင်းသုံးဆယ် လုပ်ခဲ့ပြီး အငြိမ်းစားယူလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် အဘိုးသည် အိမ်၌ ထိုင်ကာ ဘူးဘူးစ် အော်နေနိုင် ခြင်း ဖြစ်၏။

နောက်ဆုံးတွင် အဘိုးသည် သားသမီးငါးဦး ထွန်းကားခဲ့ပြီး သူ့သားသမီးတို့ကို စည်းကမ်းတကျ ရှိစေခဲ့သည်။ နော်မန်နီ အမည်ရှိ အဘိုး၏ ဒုတိယသားသည် ဟားဗတ်စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရတစ်ဦးဖြစ်သည်။ အင်ဒရူးနှင့် ကာလီတန်တို့မှာ လည်း မီးရထားဂတ်ဗိုလ်နှင့် အင်ဂျင်နီယာ အသီးသီး ဖြစ်လာခဲ့ကြသည်။ ဖရန်စစ္စကာ ကမူ ကြော်ငြာလုပ်ငန်းတစ်ခုတွင် အကြံဉာဏ်သစ်များ တီထွင်ကြံဆပေးသည့် ဒါရိုက်တာတစ်ဦးအနေဖြင့် ခေတ္တမျှ ဆောင်ရွက်ပြီး နောင်တွင် ကျောင်းဆရာမတစ်ဦး ဖြစ်လာခဲ့၏။ သို့သော် အဘိုး ဒန်ဒီကမူ သူ့သားသမီးများ ဤအဆင့်မျှသာ ဖြစ်လာ ခြင်းကို အားမရပေ။ ထို့ကြောင့်လည်း ကျွန်မတို့ တနင်္ဂနွေနေ့ ညစာ သွားစားတိုင်း ဆူညံသံ ကြားနေရခြင်း ဖြစ်ပါသည်။

ကျွန်မက အဘိုး ဒန်ဒီအား မေးခွန်းများမေးလျှင် အဘိုးက မဖြေဘဲ ရှောင်ထွက်သွားတတ်၏။ ထိုသို့ မဖြေဘဲ ထွက်သွားခြင်းမှာ မေးခွန်းများက ခက်၍ မဟုတ်ဘဲ အချို့မေးခွန်းတို့၏ သဘောသဘာဝမှာ ဤသို့ ဖြစ်သည်ဆိုသည်ကို နောင်တွင် ကျွန်မ သိလာရပါသည်။ ကျွန်မဘဝတွင်လည်း ဖြေဆိုရန် ကျွန်မ အဆင်သင့်မဖြစ်သေးသော မေးခွန်းများနှင့် စတင် ဆုံစည်းလာရပါသည်။ မေးခွန်းတစ်ခုကို မေးလိုက်သူမှာ မိန်းကလေးတစ်ယောက်ဖြစ်ပြီး ကျွန်မနှင့် ဝမ်းကွဲညီအစ်မ တော်စပ်ပါသည်။ သူ့နာမည်ကိုမူ ကျွန်မ မမှတ်မိတော့ပေ။ ကျွန်မတို့အိမ်၏ အနောက်ဘက် ခပ်စူးစူးတွင် နေထိုင်သည့် အဘွားလေးတစ်ဦး၏ အိမ်သို့ သွားလည်ကြစဉ် ကလေးများက အိမ်နောက်ဘက်ဝင်းထဲ၌ ကစားနေခိုက် သူက မေးလိုက်ခြင်း ဖြစ်ပါသည်။ ခရိတ်က မူ အများအားဖြင့် ဘတ်စကက်ဘော ကစားသည့်နေရာများသို့ လစ်ထွက်သွားတတ်သည်။

ကျွန်မအသက် ဆယ်နှစ်ခန့်ရှိချိန် နွေရာသီ၏ နေ့တစ်နေ့၌ ဖြစ်သည်။ ကျွန်မက ခွေးခြေတစ်လုံးပေါ်တွင်ထိုင်ကာ ရွယ်တူ မိန်းကလေးများနှင့် စကားပြောနေသည်။ ကျွန်မတို့အားလုံးမှာ ဆံပင်ကို နောက်သို့ စုကာ စည်းထားကြသည်။ အားလုံး ဘောင်းဘီတိုများ ဝတ်ထားကြ၏။ စကားစုပြောနေကြသည်မှာ ရေရေရာရာမရှိ အချိန်ဖြုန်းရုံသက်သက်သာ ဖြစ်သည်။

ကျွန်မတို့ ဆွေးနွေးနေသော အကြောင်းအရာ မှာ မည်သည့်ကိစ္စ ဖြစ်မည် ထင်ပါသနည်း။ အကြောင်းအရာ စုံပါသည်။ ကျောင်း အကြောင်း၊ အစ်ကိုများအကြောင်းမှအစ မြေကြီးထဲတွင် အိမ်ဆောက်နေကြသော ပုရွက်ဆိတ်များ အကြောင်း အထိ ပါဝင်ပါသည်။

တစ်ချိန်တွင် ကျွန်မနှင့် စကားပြောနေသော မိန်းကလေးများထဲမှ ကျွန်မနှင့် နှစ်ဝမ်း၊ သုံးဝမ်း၊ လေးဝမ်းခန့်ကွဲသည့် မိန်းကလေးက ကျွန်မကို ဘေးတိုက်ကြည့် လိုက်ပြီး "နင် စကားပြောတာကလည်း အဖြူမတွေ ပြောတာကျနေတာပဲ။ ဘယ်လို တတ်လာတာလဲ"ဟု ပြောလိုက်ခြင်းဖြစ်၏။

သူ့မေးခွန်း သို့မဟုတ် သုံးသပ်ချက်သည် ကျွန်မအား နှိမ့်ချစော်ကားလိုက်သကဲ့သို့ ရှိ၏။ သို့မဟုတ် စိန်ခေါ်လိုက်သည်ဟုလည်း ယူဆနိုင်ပါသည်။ သို့တည်း မဟုတ် စေတနာဖြင့် ပြောသောစကားလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ကျွန်မ မဝေခွဲတတ် ဖြစ်သွားသည်။

"အဲဒါတော့ ငါလည်း မသိဘူး"ဟု ကျွန်မ ဖြေလိုက်သည်။ သူ့စကား ကြောင့် ကျွန်မတို့ စကားဝိုင်းထဲက မိန်းကလေးများ ကျွန်မကို ကြည့်နေကြ၏။

သို့သော် သူ ဘာကြောင့် မေးသည်ဆိုသည်ကိုလည်း ကျွန်မ သိပါသည်။ ကျွန်မ ငြင်းဖွယ်ရာ မရှိပေ။ ကျွန်မ စကားပြောသည့်ဟန်ပန် ပုံစံမှာ ကျွန်မ၏အစ်ကို ဖြစ်သူ ခရိတ်နှင့် မတူသကဲ့သို့ အခြားမည်သည့် အမျိုးတစ်ယောက်နှင့်မျှလည်း မတူပေ။ ကျွန်မတို့၏ မိဘများက စကားပြောရာတွင် အသံထွက်မှန်ကန်စေရန် အထူးသတိပေးလေ့ရှိပြီး အဘိဓာန်နှင့် Encyclopaedia Britannica တစ်စုံကိုလည်း ဝယ်ပေးထားသည်။ စကားလုံးတစ်လုံးနှင့် ပတ်သက်၍ သံသယရှိချိန်တွင် ကျွန်မတို့က ထိုစာအုပ်များထဲတွင် ရှာဖွေကြရသည်။ ဒန်ဒီကလည်း ကျွန်မတို့၏ အင်္ဂလိပ်စကား အသံထွက်၊ သဒ္ဒါအသုံးအနှုန်းတို့နှင့် ပတ်သက်၍ အထူး သတိထားသည်။ တနင်္ဂနွေ ညစာသွားစားတိုင်း သင်ပေးတတ်သည်။ အဘိုးတို့၏ စိတ်ကူး၊ ဆန္ဒတို့မှာ သူတို့ သင်ယူခွင့်မရခဲ့ကြသော တက္ကသိုလ်ပညာကို ကျွန်မတို့ခေတ်တွင် လူဖြူများနှင့် တန်းတူ တတ်မြောက်ရေးပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့ စကားပြောရာတွင် သာမန်လူမည်းများ ပြောသည်နှင့်မတူ လူဖြူများနှင့်မခြား ပြောနိုင်စေရန် သင်ကြား ပေးခဲ့ကြသည်။

ထိုသို့ ပြောနိုင်ခြင်း၊ ပြောတတ်ခြင်းကပင်လျှင် ပြဿနာ ဖြစ်လာသည်။ လူဖြူများကဲ့သို့ ပြောတတ်၊ ပြောနိုင်ခြင်းသည် ရိုးရာဓလေ့ထုံးစံများအပေါ် သစ္စာ ဖောက်သူဟု လူမည်းအသိုင်းအဝိုင်းက မြင်လာကြသည်။ နောင် နှစ်ပေါင်းများစွာ ကြာသောအခါ ကျွန်မ ခင်ပွန်းလောင်းနှင့် တွေ့ဆုံ၊ လက်ထပ်ခဲ့ကြပြီးသောအခါတွင် လည်း ထိုပြဿနာကို တွေ့လာရပြန်သည်။ ဘားရက်အိုဘားမားသည် အချို့သော

လူမည်းများထက် အသားဖြူသော်လည်း အချို့သော လူမည်းများထက် မည်းနေသူဖြစ်သည်။ သူသည် ဟာဝိုင်ယီတွင် ပညာသင်ယူတတ်မြောက်ခဲ့သူ၊ ကင်းဆပ်စ် မိသားစုမှ ပြုစုပျိုးထောင်ခဲ့သူဖြစ်၍ လူဖြူတစ်ယောက်နှင့်မခြား ပြောနိုင်သူဖြစ်သည်။ သူ့ကို အမေရိကန်ပြည်သူတို့က ရွေးချယ်တင်မြှောက်သဖြင့် သမ္မတဖြစ်လာသော အခါ သူ့အသံထွက်တို့သည် လူဖြူတစ်ယောက်နှင့်မခြားသဖြင့် လူဖြူများရော လူမည်းများ အတွက်ပါ ခေါင်းရှုပ်ဖွယ်ပြဿနာဖြစ်သွားသည်။ ကျွန်မ ငယ်စဉ်က အမေး ခံခဲ့ရသကဲ့သို့ ဘားရက်ကိုလည်း အမေရိကန်ပြည်သူလူထုက မေးချင်ခဲ့ကြသည်။ မြင်ရသည့်ပုံစံကို ယုံရမည်လော။ သင့်ကို ယုံကြည်စိတ်ချရပါမည်လော ဆိုသည့် မေးခွန်းတို့မှာ အဖြူ၊ အမည်းနှစ်မျိုးလုံးတွင် ပေါ်ပေါက်ခဲ့သော ပြဿနာ ဖြစ်၏။

ထိုနေ့က ကျွန်မသည် ဝမ်းကွဲမောင်နှမများနှင့် စကားနည်းနည်းသာ ပြောတော့သည်အထိ စိတ်ရှုပ်ခဲ့ရ၏။ ကျွန်မသည် အဖြူသံ ထွက်နေသော်လည်း အသွေး အသား၊ ခံယူချက်တို့မှာ ကျန်လူမည်းများနှင့် တစ်ထပ်တည်း ရှိပါသည်ဟု ပြောလို လှပါသည်။ ဘာဆက်လုပ်ရမည်ဆိုသည်ကို ပြောရန် ခက်လှပါသည်။ ကျွန်မတို့ စကားပြောနေကြသည့်နေရာမှာ လူကြီးများ စကားပြောနေကြသည့် မီးဖိုခန်းနှင့် မလှမ်းမကမ်းဖြစ်၍ ကျွန်မမိဘများ အပါအဝင် လူကြီးများ ရယ်သံကို ကြားနေရသည်။ ကျွန်မအစ်ကိုကို လှမ်းကြည့်လိုက်ရာ သူငယ်ချင်းများနှင့် ကစားထားသော ကြောင့် ချွေးသံရွှဲရွှဲ ဖြစ်နေ၏။ လူတိုင်း သူ့နေရာနှင့်သူ နေသားတကျ ဖြစ်နေကြသော် လည်း ကျွန်မတစ်ဦးတည်းသာ မေးခွန်းတစ်ခုကြောင့် နေမထိထိုင်မသာ ဖြစ်နေခဲ့သည်။ ယခုအချိန်တွင် ထိုနေ့က ကျွန်မခံစားခဲ့ရသော မေးခွန်းကိစ္စကို ပြန်တွေးမိသောအခါ ကမ္ဘာလောက၏ သက်ရှိမှန်သမျှတို့တွင် ဘယ်သူနည်း၊ ဘယ်ကလာ သနည်း၊ ဘယ်ကိုသွားမည်နည်း ဆိုသောမေးခွန်းများမှာ အရေးပါလှသည်ကို သိရှိလာသည်။ ကျွန်မ ရှေ့ဆက်လျှောက်ရမည့် ခရီးသည် အဝေးကြီး ကျန်နေသေးပြီး ကျွန်မကိုယ်ကျွန်မ ရှာဖွေရပေဦးမည်။

※※※

၄

ကျောင်းတွင် နေ့လယ်စာစားရန်အတွက် တစ်နာရီ အားလပ်ခွင့်ရသည်။ အမေက အလုပ်မလုပ်သောကြောင့် တစ်ကြောင်း၊ အိမ်မှာ ကျောင်းနှင့်နီးလွန်းသည်က တစ်ကြောင်းတို့ကြောင့် နေ့လယ်စာစားရန်အချိန်တွင် အိမ်သို့ ပြန်မြဲဖြစ်သည်။ ကျွန်မ ပြန်တိုင်း သူငယ်ချင်း လေး၊ ငါးဦးတို့က ကျွန်မနှင့်အတူ အိမ်သို့ လိုက်လာလေ့ရှိပြီး ကျောင်းမှ အိမ်သို့ အပြန်လမ်းတွင် ကျွန်မတို့မှာ ပြောမကုန်သော အကြောင်းအရာများ ကို မရပ်မနားပြောလာခဲ့ကြသည်။ အိမ်၏ မီးဖိုဆောင်သို့ ရောက်သောအခါတွင်လည်း အမေက ဆင်းဒဝစ္စမုန့်များ လုပ်ပေးနေချိန်တွင် ကျွန်မတို့က All My Children ရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်နေလေ့ရှိသည်။ ထိုအကျင့်မှာ ကျွန်မအတွက် တစ်သက်လုံးစွဲမြဲသွားသည့် အကျင့်ဖြစ်ပြီး မိန်းကလေးအပေါင်းအသင်းများနှင့် အမြဲ တွဲလေ့ရှိသွားသည်။ ထိုသို့ မိန်းကလေးသူငယ်ချင်းများနှင့် အပေါင်းအသင်းလုပ်ခြင်းမှာ အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသောကိစ္စပင် ဖြစ်ပါသည်။ နေ့လယ်စာစားချိန် ပြန်ရာ၌ ကျွန်မတို့သည် မနက်ပိုင်းက ကျောင်းတွင် ဖြစ်ပျက်ခဲ့သော ကိစ္စများ၊ ဆရာ၊ ဆရာမတို့အကြောင်း၊ အိမ်စာများအကြောင်း အစရှိသည့် အရည်မရ အဖတ်မရ ကိစ္စများကိုသာ ပြောလေ့ရှိပါသည်။ ကျွန်မတို့ အစုအဖွဲ့သည် ကော်မတီတစ်ရပ် ကဲ့သို့ ဖြစ်လာခဲ့ပြီး အားလုံးက Jackson 5 ကို နှစ်သက်ကြသကဲ့သို့ Osmonds မောင်နှမများနှင့် ပတ်သက်၍မူ မရေရာလှပေ။ Watergate အရေးအခင်းပေါ်ပေါက်ခဲ့ ပြီးဖြစ်သော်လည်း ကျွန်မတို့အုပ်စုမှာ ဘာမျှနားမလည်ခဲ့ပေ။ ဝါရှင်တန်ဒီစီ၌ ထိုကိစ္စကို မိုက်ခရိုဖုန်းများဖြင့် အကြီးအကျယ် ပြောနေကြသည်ဟု ဆိုသည်။ ဝါရှင်တန်ဒီစီ ဆိုသည်မှာ ကျွန်မတို့နှင့် အလှမ်းဝေးလှပြီး အဆောက်အဦများက အဖြူရောင်များ သကဲ့သို့ ထိုမြို့တွင် နေထိုင်သူများကလည်း လူဖြူများသာ များပါသည်။

အမေက ကျွန်မတို့အုပ်စု နေ့လယ်စာ လာစားတိုင်း ပျော်ပျော်ရွှင်ရွှင် မုန့်များပြုလုပ်ပြီး ကျွေးလေ့ရှိပါသည်။ မိန်းကလေးအုပ်စုကို သူ့မျက်စိရှေ့အောက်တွင် တွေ့နေရသဖြင့် ကျွန်မတို့ကမ္ဘာထဲသို့ အမေ ပြတင်းပေါက်မှတစ်ဆင့် တွေ့မြင်နေရ သကဲ့သို့ ဖြစ်နေသည်။ ကျွန်မတို့ကလည်း စားရင်းသောက်ရင်း အတင်းများပြောကြ သည်ဖြစ်ရာ အမေက အိမ်မှုကိစ္စလုပ်သလိုလိုနှင့် ကျွန်မတို့စကားဝိုင်းနှင့် မလှမ်း မကမ်းတွင် ရပ်ကာ နားထောင်လေ့ရှိသည်။ သို့သော် သူနားထောင်နေသည်ကို ကျွန်မတို့ မသိအောင်လည်း ဟန်ဆောင်နိုင်စွမ်း ရှိခဲ့ပါသည်။ ကျွန်မတို့မိသားစုတွင် ၄ ဦးသာ ရှိပြီး စတုရန်းပေ ၉၀၀ မျှသာ ရှိသော အိမ်ထဲတွင် နေကြရသည်ဖြစ်ရာ တစ်ယောက်နှင့်တစ်ယောက် လျှို့ဝှက်ထားနိုင်သည့်အရာဟူ၍ မရှိပါပေ။ တစ်ခါ

တစ်ရုံတွင် အခက်အခဲကြုံတတ်ပါသည်။ ခရိုတ်က မိန်းကလေးများအား စိတ်ဝင်စားသည့် အရွယ်သို့ ရောက်ရှိလာပြီဖြစ်ရာ သူ့ဆဲလ်ဖုန်းကို ရေချိုးခန်းအတွင်းသို့ ယူဆောင်သွားပြီး တံခါးပိတ်ကာ ပြောချင်သည်များကို ပြောရပါသည်။ ကျွန်မတို့ အိမ်ဖုန်းမှာ အိမ်ရှေ့ခန်းမှ စတင်ပြီး မီးဖိုခန်းအထိ အလွယ်တကူ စကားပြောနိုင်စေရန် စီစဉ်ထားခဲ့ ပါသည်။

ချီကာဂိုတွင် ကျွန်မတက်နေသောကျောင်းမှာ အညံ့ကြီးမဟုတ်သကဲ့သို့ အကောင်းကြီးလည်း မဟုတ်ပေ။ ၁၉၇၀ ခုနှစ်များတွင် ကျွန်မတို့နေထိုင်သော တောင်ပိုင်းကမ်းခြေ၏ အနီးပတ်ဝန်းကျင်၌ စီးပွားရေးတွင် အသားအရောင်ခွဲခြား ဆက်ဆံသည့်ကိစ္စများ စတင်ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့်ပင် ကျွန်မတို့ကျောင်း ၌ ကျောင်းသားများမှာ လူမည်းများ ပိုမိုများပြားလာပြီး တစ်နှစ်ထက်တစ်နှစ် ပိုမို ဆင်းရဲသူများ တိုးတက်လာခဲ့သည်။ မြို့ထဲရှိ ကလေးများအား ကျောင်းပို့ယာဉ်များက လှည့်လည်ကြိုဆိုပြီး သက်ဆိုင်ရာကျောင်းများသို့ ပို့သည့်စနစ် စတင်ကျင့်သုံးနေကြ ပြီဖြစ်သော်လည်း ထိုစနစ်တွင် ကျွန်မတို့ကျောင်း မပါဝင်ခဲ့ပေ။ ဘတ်စ်ကားခ သုံးစွဲမည့်အစား ကျောင်းပြုပြင်ရေးတွင် သုံးစွဲမည်ဟု ကျောင်းအာဏာပိုင်များက အကြောင်းပြခဲ့ကြသည်။ ကျွန်မမှာ အသက်အရွယ်ငယ်သေးသဖြင့် ကျောင်း၏ အနေအထား ပျက်စီးယိုယွင်းစပြုလာသည်ကို သတိမပြုမိခဲ့ပေ။ သို့သော် လူဖြူများကမူ သူတို့သားသမီးများကို ကျွန်မတို့ကျောင်းမှ ထုတ်ကာ အခြားကျောင်းများသို့ ပြောင်း ရွှေ့ထားကြသည်။ ကျောင်းမှာ သူငယ်တန်းမှ စတင်ပြီး ဂရိတ် ၈ အထိ သင်ကြားသည့်ကျောင်း ဖြစ်သည်။ တဖြည်းဖြည်းနှင့် ကျွန်မကိုယ်တိုင်လည်း အတန်းကြီး လာခဲ့သည်။ ကျောင်းရှိ မီးခလုတ်များ၊ မြေဖြူခဲထားသည့်နေရာ၊ တစ်ခန်းနှင့်တစ်ခန်း အကူးအပြောင်းနေရာများတွင် ပျက်စီးယိုယွင်းနေသည်များကို သတိပြုမိလာသည်။ သို့သော် ကျွန်မအတွက်မူ ဤကျောင်းသည် အိမ်၏ အဆောင်တစ်ခုကဲ့သို့ပင် ဖြစ် နေခဲ့တော့သည်။

ကျွန်မ ဂရိတ် ၇ သို့ ရောက်လာသောအခါ အာဖရိကန်-အမေရိကန် လူမျိုးများကြားတွင် အဖတ်များသော Chicago Defender အပတ်စဉ်ထုတ်သတင်းစာ က ကျွန်မတို့ကျောင်းသည် မကြာခင် ပျက်သုဉ်းတော့မည်ဟု ဝေဖန်သုံးသပ်သော ဆောင်းပါးတစ်ပုဒ် ပါလာခဲ့သည်။ ဆောင်းပါးရှင်က ကျွန်မတို့ကျောင်းသည် နှစ် အနည်းငယ်အတွင်း ပျက်သုဉ်းတော့မည်ဖြစ်ကြောင်း၊ ဤကျောင်းသည် မြို့၏ အကောင်းဆုံးကျောင်းများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။ ကျောင်း၏ ကျောင်းအုပ်ဖြစ်သော ဒေါက်တာ လာဗစ်ဇိုက ထိုဆောင်းပါးရှင်အား အယ်ဒီတာထံသို့ ပြန်စာတစ်စောင် ရေးသားခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ဆောင်းပါးပါ အချက်အလက်များမှာ မမှန်ကန်ကြောင်း၊

လိမ်လည်လှည့်ဖြားခြင်းသာ ဖြစ်ကြောင်း၊ ကျောင်းပျက်စီးရာပျက်စီးကြောင်း လိုလားသူတစ်ဦးက ရေးသားခြင်းသာ ဖြစ်ကြောင်း ဖော်ပြခဲ့၏။

ဒေါက်တာ လာဗစ်ဗိုမှာ အရပ်ခပ်ပြတ်ပြတ်၊ ပျော်ပျော်ရွှင်ရွှင်နေတတ်သည့် အာဖရိတစ်ဦးဖြစ်ပြီး ထိပ်ပြောင်ပြောင်နှင့် သူ့ရုံးခန်းရှိသော ကျောင်းအဝင်ဝနှင့် နီးသည့်နေရာ၌သာ အနေများပါသည်။ သူ ရေးသားလိုက်သည့်စာတွင် သူသည် ကျောင်းနှင့်ပတ်သက်၍ တိတိကျကျ သိရှိနားလည်ကြောင်း၊ ထို့ကြောင့် ဆောင်းပါးရှင်၏ အဆိုအမိန့်ကို ကန့်ကွက်ကြောင်း ဖော်ပြခဲ့သည်။ ထိုအဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီး နှစ်ကာလ အတန်ကြာမှသာ ကျွန်မတို့ကျောင်းမှာ ပျက်သုဉ်းခဲ့သည်။ "ကျောင်းပျက် သုဉ်းတော့မည်ကို ခံစားမိခြင်း"ဟု သူဖော်ပြခဲ့သော စကားလုံးမှာ ကျွန်မတို့ ပတ်ဝန်းကျင်အထိ ပျံ့နှံ့လာခဲ့သည်။ ကျောင်းသားမိဘအများစုမှာ ငွေရေးကြေးရေးအခက်အခဲ ကြုံတွေ့လာသဖြင့် သားသမီးများကပါ စာတတ်မြောက်ခြင်းဖြင့် ထူးခြားလာမည် မဟုတ်ဟု ခံယူလာကြသည်။ အသိဉာဏ်ရှိသူ တချို့သောမိသားစုများက သူတို့သား သမီးများကို ကက်သလစ်ကျောင်းများသို့ ပြောင်းရွှေ့ထားကြ၏။ စီးပွားကပ်ဆိုက် တော့မည်ကို တီးတိုးပြောဆိုလာကြသည်။ ထို့ကြောင့် တောင်ပိုင်းကမ်းခြေရှိ အိမ်ပိုင်ရှင် များက အချိန်မနှောင်းမီ အိမ်များကို ရောင်းထုတ်ကြသည်။ ဝယ်သူရှိချိန်တွင် မရောင်းလိုက်မိပါက နောက်ပိုင်း၌ မည်သို့မျှ ရောင်းရတော့မည်မဟုတ်ဟု ဆိုကြသည်။ အရာရာသည် ပျက်သုဉ်းတော့မည့် အခြေအနေကို ဆောင်ယူလာ၏။ ဤနေရာမှ ထွက်မပြေးလျှင် အပျက်အစီးပုံများကြားတွင် ပိတ်မိတော့မည်ကဲ့သို့ ရှိလာသည်။ လူအများပါးစပ်ဖျား၌ ကျွန်မတို့နေသည့် နေရာမှာ အမှိုက်ပုံကဲ့သို့ ဖြစ်လာပြီး မီးခြစ် ဆံတစ်ချောင်း ကျလိုက်ပါက မီးဟုန်းဟုန်းတောက်ကာ ထိန်းမနိုင် သိမ်းမရ ဖြစ်လာ တော့မည်ဟု ဆိုကြသည်။

အမေကမူ ထိုစကားများကို အယုံအကြည် မရှိပေ။ တောင်ပိုင်းကမ်းခြေ တွင် သူနေလာခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီဖြစ်၍ နောက်ထပ် နှစ်လေးဆယ်ခန့် လည်း နေရဦးမည်ဟု ယုံကြည်ထားသူ ဖြစ်သည်။ သို့ဖြစ်၍ အမေသည် မည်သည့် ကောလာဟလကိုမျှ မယုံသည့်အပြင် အချောင်ရ၍ ဝယ်ထားလိုက်မည်ဆိုသည့် စိတ်ဓာတ်မျိုးလည်း မရှိခဲ့ပေ။ အမေသည် စည်းကမ်းတင်းကျပ်သူဖြစ်၍ သူနိုင်သည့် ကိစ္စကိုသာ လုပ်ဆောင်သူလည်း ဖြစ်သည်။

ကျွန်မ တက်နေသည့်ကျောင်း၌ အမေသည် ဆရာ၊ မိဘအသင်း၏ တက် ကြွသော အမှုဆောင်တစ်ဦး ဖြစ်သည်။ စာသင်ခန်းများအတွက် လိုအပ်သော ပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းနိုင်ရန် ရန်ပုံငွေ ရှာပေးသည်။ ဆရာ၊ ဆရာမ များအတွက် ညစာစားပွဲများ ကျင်းပပေးသည်။ စာသင်ခန်းများ အဆင့်မြှင့်ပေးရန်

ကြိုးစားပြီး ကျောင်းသားအများစု စာသင်နိုင်ရန် စီစဉ်ပေး၏။ နောက်ဆုံး အားထုတ်ချက်မှာ ဒေါက်တာ လာဗစ်ဖို၏ ဉာဏ်ကောင်းသောသားဖြစ်သူက ညကျောင်းတက်ကာ ပညာရေးနှင့် ပတ်သက်သည့် Ph.D ဘွဲ့ကို ဆွတ်ခူးရရှိခဲ့ရာ သူ့လေ့လာချက်အရ ဉာဏ်ကောင်းသောကလေးများကို တစုတစည်းတည်းထားပြီး သင်ကြားပို့ချခြင်းက ပိုမိုလျင်မြန်စွာ တတ်မြောက်လွယ်သည် ဆိုသည်ကို တွေ့ရှိလာခဲ့သည်။

သို့သော် ထိုစိတ်ကူးမှာ ဝေဖန်ခံရသည်။ ဉာဏ်ကောင်းသည့် ကလေးများကိုသာ ရွေးထုတ်ကာ သီးခြားသင်ပေးမည်ဆိုပါက အခြားကလေးများအတွက် ဒီမိုကရေစီမကျဟု သုံးသပ်ကြသည်။ သို့သော် လက်တွေ့ အကောင်အထည်ဖော်ဖြစ်ကြ၏။ ထိုသို့ သီးခြားစုစည်းသင်ကြားပေးသည့် ကျောင်းသူကျောင်းသားများ ထဲတွင် ကျွန်မ ပါဝင်သွားပြီး နောက်ဆုံး သုံးနှစ်မှာ သီးခြားသင်ခံရသည့် ကျောင်းသူတစ်ဦး ဖြစ်လာခဲ့သည်။ ကျွန်မနှင့်အတူ အခြားအတန်းများမှ ကျောင်းသူကျောင်းသား ၂၀ ခန့် ရွေးချယ်ကာ သီးခြားစာသင်ခန်း၌ သင်ကြားပေးခြင်း ဖြစ်သည်။ သို့သော် ထိုသို့သင်ကြားပေးခြင်းမှာ ကျွန်မတို့ ကိုယ်ပိုင်အားလပ်ချိန်များ၊ နေ့လယ်စာစားချိန်များ၊ ဂီတသင်ကြားချိန်များ၊ ကျန်းမာရေးလေ့ကျင့်ခန်း အချိန်များ၌သာ ဖြစ်သည်။ ကျွန်မတို့မှာ အထူးအခွင့်အရေးရသူများဖြစ်ကြပြီး အပတ်စဉ် ကွန်မြူနတီများက ဖွင့်လှစ်ထားသော ကောလိပ်များတွင် စာရေးနည်းသင်တန်းများ၊ ဇီဝဗေဒလက်တွေ့ သင်တန်းများ စသည်တို့ကို တက်ကြရသည်။ ထို့ကြောင့် အခြားကလေးများနှင့် အတူတူသင်ကြားပို့ချခံရသည့်အခါ ကျွန်မတို့က ပိုမိုကျွမ်းကျင်နေကြခြင်း ဖြစ်သည်။

ကျွန်မတို့အတွက် သီးခြား ဆရာ၊ ဆရာမများ ထားရှိပေးသည်။ ပထမဦးစွာ မစ္စတာ မာတီနက်ဇ်ဖြစ်ပြီး နောင်တွင် မစ္စတာ ဘဲနက်က တာဝန်ယူသည်။ သူတို့နှစ်ဦးစလုံးမှာ နူးညံ့သိမ်မွေ့ကြသူများဖြစ်ပြီး ဇဝနဉာဏ်ရှင်သူ အာဖရိကန်-အမေရိကန်လူမျိုးများ ဖြစ်ကြသည်။ သူတို့နှစ်ဦးစလုံးမှာ ကျောင်းသားများ လိုအပ်သည့်အချက်ကို အထူးဂရုစိုက်ကြသည်။ ထိုသို့ သီးခြားသင်ကြားပေးခြင်းမှာ ကျောင်း မှ ကျွန်မတို့အပေါ်တွင် အထူးအာရုံစိုက်ပေးခြင်းဟု နားလည်ရပါသည်။ အထူး သင်ကြားပို့ချမှုခံယူခြင်းကြောင့် ကျွန်မစိတ်တွင်း၌ ပြိုင်ဆိုင်လိုစိတ် တိုးပွားလာချင်ခဲ့သည်။ ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူသည့်အပြင် အတန်းတွင်းမှ အခြား ကလေးများ မသင်ကြားရသေးသော အက္ခရာသင်ကြားတွက်နည်းနှင့် အခြားသော ပညာရပ်များကိုပါ လေ့လာသင်ယူခွင့် ရရှိလာသည်။ ကျွန်မအတွက်မှာ ကစားစရာ အသစ်တစ်ခု ရသည်နှင့် တူလှပါသည်။ ကလေးများမှာ ကစားစရာအသစ်ရလျှ ပျော်ရွှင်စွာ ကစားလေ့ရှိသကဲ့သို့ ကျွန်မမှာလည်း အပျော်ဆုံးဖြစ်နေပြီး ရှေ့သို့ရောက် ရန် ကြိုးစားနေမိတော့သည်။

ကျွန်မက အိမ်ပြန်ရောက်သည်နှင့် ကျောင်းတွင် ဖြစ်ပျက်ခဲ့သမျှကို အမေ့

အား ပြောပြလေ့ရှိသည်။ နေ့လယ်စာ လာစားချိန်က မနက်ပိုင်း ဖြစ်ပျက်ခဲ့သမျှကို ပြောပြခဲ့ပြီးဖြစ်၍ ညနေ ကျောင်းဆင်းချိန်၌ နေ့လယ်ပိုင်းက ကိစ္စများကို ထပ်ပြောခြင်း ဖြစ်သည်။ ညနေကျောင်းဆင်း အိမ်ပြန်ရောက်ချိန်တွင် ကျောင်းလွယ်အိတ်ကို ကြမ်းပေါ်ပစ်ချကာ အဆာပြေစားသောက်ရန် မုန့်ရှာရင်း အမေ့ကို နေ့လယ်ပိုင်းက အကြောင်းများ တရစပ်ပြောတော့သည်။ ကျွန်မ အိမ်၌ မရှိသည့်အချိန်များတွင် အမေ ဘာလုပ်နေသည် ဆိုသည်ကို ကျွန်မ မမေးမိပါ။ ကိုယ့်အကြောင်းသာ ကိုယ်သိသော ငယ်ရွယ်သေးသည့် ကလေးဖြစ်ခြင်းကြောင့်လည်း ဖြစ်ပါသည်။ အမေ ဘာ လုပ်နေခဲ့သည်ကို ကျွန်မ မမေးပါ။ ထိုသို့ မမေးခြင်းနှင့် ပတ်သက်၍ အမေကလည်း ထွေထွေထူးထူး တွေးနေမည်မဟုတ်ဟု ထင်ပါသည်။ အမေသည် အခြားသော မိခင် များကဲ့သို့ အိမ်ရှင်မတစ်ယောက်သာဖြစ်သဖြင့် အိမ်မှုကိစ္စများကို လုပ်ဆောင်နေ ပေလိမ့်မည်။ ကျွန်မက အိမ်သို့ရောက်လျှင် ရေခဲသေတ္တာထဲ၌ မုန့်ရှိနေမည်ဆိုသည်ကို သေချာပေါက်သိသည်။ ကျွန်မအတွက်သာမက သူငယ်ချင်းများအတွက်လည်းပါသည်။ ကျောင်းက လေ့လာရေးခရီးထွက်မည်ဆိုလျှင်လည်း အမေသည် ကလေး များကို ထိန်းကျောင်းရန်၊ ချက်ပြုတ်ကျွေးမွေးရန် လုပ်အားပေးအဖြစ် လိုက်ပါလေ့ ရှိပါသည်။ အဝတ်အစားကောင်းကောင်းဝတ်ကာ နှုတ်ခမ်းကို အမည်းရောင်ဆိုးပြီး ကျွန်မတို့ ဘတ်စ်ကားပေါ်တွင် ကောလိပ်ကျောင်းများသို့ သွားသည်ဖြစ်စေ၊ တိရစ္ဆာန် ရုံသို့ သွားသည်ဖြစ်စေ လိုက်ပါလာလေ့ရှိပါသည်။

ကျွန်မတို့အိမ်တွင် ပိုက်ဆံဖောဖောသီသီ မရှိခြင်းကြောင့် ဘတ်ဂျက်နှင့် တိုင်းထွာသုံးစွဲရပါသည်။ သို့သော် မည်မျှသာသုံးစွဲရမည်ဆိုသည်ကိုမူ ကန့်သတ်ထားခြင်း မရှိပေ။ လိုအပ်လျှင် အမေက ကြံဖန်ဖြည့်ဆည်းတတ်၏။ အမေက သူ့လက် သည်းများကို သူကိုယ်တိုင် ပြင်သကဲ့သို့ သူ့ဆံပင်ကိုလည်း သူကိုယ်တိုင်သာ ဆိုးသည်။(တစ်ခါတုန်းက အမေ ဆံပင်ဆိုးလိုက်ရာ မတော်တဆဖြစ်သွားပြီး ဆံပင်မှာ အစိမ်းရောင် ဖြစ်သွားခဲ့၏။) အဝတ်အစားနှင့် ပတ်သက်၍လည်း အမေ့ကိုယ်ပေါ်တွင် သူ့မွေးနေ့ ကျရောက်သောအခါ အဖေဝယ်ပြီး လက်ဆောင်ပေးသည့် မွေးနေ့လက်ဆောင် အဝတ်အစားသစ်များသာ ရှိတတ်ပါသည်။ အမေသည် ငွေကြေးချမ်းသာသူ မဟုတ်သော်လည်း အမြဲတမ်း သပ်သပ်ရပ်ရပ် နေတတ်သူဖြစ်သည်။ ကျွန်မတို့ ငယ်စဉ် က ခြေအိတ်အဟောင်းများကို အမေက အရုပ်ကလေးများအဖြစ် ဖန်တီးပေးခဲ့ဖူးသည်။ အမေဖန်တီးလိုက်သော အရုပ်ကလေးများမှာ နာမည်ကျော်ကြား လူကြိုက်များ သော Muppets အရုပ်ကလေးများနှင့် တထေရာတည်း တူလှပါသည်။ အမေသည် တစ်ချောင်းထိုး ကျွမ်းကျင်သူဖြစ်သဖြင့် ကျွန်မတို့အိမ်မှ စားပွဲခင်းများကိုလည်း သူကိုယ်တိုင်သာ ထိုးသည်။ ကျွန်မအဝတ်အစား အတော်များများကိုလည်း သူကိုယ် တိုင်ချုပ်ပေး၏။ ထိုသို့ ချုပ်ပေးသည်မှာ ကျွန်မ အလယ်တန်းသို့

ရောက်သည်အထိဖြစ်သည်။ အလယ်တန်းသို့ရောက်သောအခါ ကျွန်မက ဂလိုရီရာ ဗန်ဒါဗစ်အမှတ်တံဆိပ်ဖြစ်သည့် ငန်းရုပ်ကလေးများ ဘောင်းဘီရှေ့ အိတ်ထောင်ပေါ်တွင် ပါဝင်သော ဂျင်းဘောင်းဘီများကို ဝတ်ဆင်သဖြင့် အမေ မချုပ်တော့ပေ။

အမေသည် မကြာခဏဆိုသလိုပင် ကျွန်မတို့အိမ်၏ ဧည့်ခန်းကိုလည်း နေရာအထားအသို ပြောင်းလဲတတ်သည်။ ဆိုဖာပေါ်တွင်လည်း အဖုံးများကို ပြောင်းလဲပြန်သည်။ နံရံများပေါ်တွင် ချိတ်ဆွဲထားသော ဓာတ်ပုံများကိုပင် နေရာအပြောင်း အရွှေ့လုပ်တတ်၏။ ရာသီဥတုပြောင်းလဲကာ ပူနွေးသောအချိန်တွင် အမေက အိပ်ရာ များကို နေလှန်းကာ သန့်ရှင်းရေးလုပ်ပြန်သည်။ ပရိဘောဂများကို ဖုန်သုတ်သည်။ ခန်းဆီးများကို လျှော်ဖွပ်သည်။ မှန်များကို မှန်ကြည်ဆေးနှင့် ဆေးကြော၏။ ကျွန်မတို့အိမ်မှာ အိမ်ခန်းကျဉ်းကလေးသာဖြစ်သော်လည်း အမေက အမြဲတစေ သန့်ရှင်းရေးလုပ်ပေးနေခြင်းကြောင့် မည်သည့်အခါမျှ ညစ်ပေနေခြင်း မရှိပေ။ ထို့အပြင် အမေသည် အိမ်မှုကိစ္စများမရှိသည့်အခါ၌ အောက်ထပ်တွင်ရှိသော ရော်ဘီ နှင့် တယ်ရီတို့ထံ သွားရောက်ကူညီပေးပြန်သည်။ ရော်ဘီနှင့် တယ်ရီတို့မှာ အသက် အရွယ်ကြီးရင့်လာကြခြင်းကြောင့် အမေ့အကူအညီကို ဝမ်းမြောက်ဝမ်းသာ လက်ခံ ကြသည်။ ဒီနေ့ထက်ထိလည်း အမေသည် သူ လုပ်မြဲကိစ္စများကို ပုံမှန်လုပ်ဆောင်မြဲ ဖြစ်သဖြင့် ကျွန်မမှာ အလိုအလျောက် အမေ့အကျင့်ပါလာပြီး ဘဝတွင် နေသားတကျ ရှိလာခြင်း ဖြစ်ပေလိမ့်မည်။

ခရစ္စမတ်ကာလများ၌ အမေသည် ထွေထွေထူးထူး ဖန်တီးတတ်ပြန်သည်။ တစ်နှစ်တွင် ကျွန်မတို့ အိမ်ရှိ သတ္တုရေနွေးအိုးကလေးကို အနီရောင်ကတ်ပြားများဖြင့် ဖုံးလိုက်ပြီး အဆင့်ဆင့် ကပ်လိုက်သောအခါ အနီရောင်အုတ်မီးခိုးခေါင်းတိုင်ကလေး ပုံစံ ဖြစ်သွားသည်။ ထို့နောက် အိမ်တွင်ရှိသော ပန်းချီဆရာအဖြစ် အဖေ့ကို လိမ္မော်ရောင်မီးလုံးကလေးများအသွင် ရေးဆွဲခိုင်းသဖြင့် အဖေက ရေးဆွဲပေးပြီးနောက် မီးလုံးသေးသေးကလေးများနှင့် သွယ်တန်းလိုက်သောအခါ လှပတင့်တယ်သည့် အနီရောင် မီးခိုးခေါင်းတိုင်ကလေးနှင့် အဝါရောင်မီးပွင့်ကလေးများ ဖြစ်လာခဲ့သည်။ တစ်ခုသော နှစ်သစ်ကူးအကြိုညတွင် ရိုးရာအစဉ်အလာအတိုင်း အမေက အိမ်သားများအတွက် လက်ဆောင်ပစ္စည်းများ ဝယ်ယူထားသည်။ ဝယ်ယူထားသည့် ပစ္စည်း များတွင် ဒိန်ခဲတုံးများလည်း ပါဝင်သည်။ မီးကင်ထားသည့် ကမာကောင်ကလေးများ ထည့်ထားသော ဘူးလည်း ပါသည်။ အခြား မုန့်မျိုးစုံတို့လည်း ပါဝင်သည်။ အမေက အဖေ့ညီမဖြစ်သော ဖရန်စစ္စကာကို အိမ်သို့ ဖိတ်ခေါ်ခဲ့သည်။ ညစာအဖြစ် ပီဇာနှင့် ညစာကျွေးပြီး နှစ်သစ်ကူးညကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့သည်။ အမေက ဇွန်းတစ်ခုဖြင့် ဝက်သား၊ ပုစွန်ကင် အစရှိသည့်

စားဖွယ်ရာများကို ကျွေးမွေးခဲ့သည်။ နှစ်သစ်ကူး မည့် ညသန်းခေါင်ချိန် နီးလာချိန်၌ ဖန်ခွက်ကလေးများနှင့် ရှမ်ပိန်ကို သောက်ခွင့်ပြု ခဲ့သည်။

အမေသည် သားသမီးများအပေါ်တွင် မိဘကောင်းတစ်ဦးအဖြစ် ကျွေးမွေး စောင့်ရှောက်ခဲ့သည်ကို ကျွန်မ မှတ်မိနေပြီး အခြားမိဘများနှင့်မတူ ကျွန်မတို့ မောင်နှမအား မိသားစု၏ ငွေကြေးအခြေအနေ မသိရလေအောင် ဖုံးဖိထားနိုင်ခဲ့သည်။ ကျွန်မသူငယ်ချင်းတချို့မှာမူ သူတို့မိဘများက ငွေကြေးဆင်းရဲချို့တဲ့ခြင်း စသည့် အခက်အခဲများကို သားသမီးများအား အသိပေးကြသဖြင့် သားသမီးတို့မှာ မိမိတို့ မတတ်နိုင်သည့်ကိစ္စအတွက် ပူပင်သောကရောက်ကြရသည်။ အမေသည် ရိုးစင်းသူ ဖြစ်ခြင်းကြောင့် ကိစ္စတစ်ရပ်အား ရုတ်တရက် ဆုံးဖြတ်ချက်ပေးနိုင်သူ မဟုတ်ပေ။

သို့သော် ကျွန်မတို့မောင်နှမ၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်တတ်သူဖြစ်ခြင်း ကြောင့် ကျွန်မတို့ ဘာဖြစ်နေသည်ဆိုသည်ကို ချက်ချင်းပြောနိုင်သူပင် ဖြစ်သည်။ ငွေကြေးချို့တဲ့သည့်အခါများ၌ ကျွန်မတို့အား အနည်းအကျဉ်းသာ သိစေသည်။ ကျွန်မတို့ မောင်နှမ ထွန်းထွန်းပေါက်ပေါက် လုပ်ဖြစ်သည့်အခါများ၌မူ အမေသည် ဂုဏ်ယူ၍ မဆုံးတော့ပေ။

တစ်ခါတစ်ရံ၌ အမေက အကြံဉာဏ်ပေးတတ်သည်။ တစ်နေ့တွင် ကျွန်မက ကျောင်း၌ သင်သော သင်္ချာဆရာမအား မကျေနပ်သည့်အချက် ပြောပြမိသောအခါ အမေက "သမီးဆရာမကို ကြိုက်တာ၊ မကြိုက်တာ ပြောဖို့မလိုဘူး။ ဒါပေမဲ့ သူ့ ခေါင်းထဲမှာ ရှိတဲ့ သင်္ချာပညာတွေကို သမီးခေါင်းထဲရောက်အောင် သွင်းဖို့ လိုလိမ့် မယ်။ အဲဒါကိုပဲ အာရုံထား။ တခြားဟာတွေ မေ့ပစ်လိုက်"ဟု ဆုံးမခဲ့ဖူးပါသည်။

အမေသည် ခရိုတ်နှင့် ကျွန်မအား ခြွင်းချက်မရှိ ချစ်သူ ဖြစ်သည်။ သို့သော် ကျွန်မတို့အား အလိုမလိုက်ပေ။ သူ့ရည်မှန်းချက်မှာ ကျွန်မတို့မောင်နှမအား ကမ္ဘာကြီး၌ ဝင်ဆံ့စေရန်သာ အာရုံထားသည်။ "အမေက ကလေးတွေကို ပြုစုစောင့် ရှောက်နေတာ မဟုတ်ဘူး။ လူကြီးတွေကို ပညာတတ်အောင် လုပ်ဆောင်ပေးနေတာ" ဟု ပြောတတ်သည်။ အမေနှင့်အဖေတို့သည် ကျွန်မတို့ မောင်နှမအား စည်းမျဉ်းစည်း ကမ်းများ ချမှတ်ကာ ဆုံးမခြင်းမရှိဘဲ ကောင်းရာသို့ ရောက်အောင် လမ်းညွှန်ပေး သည်သာ ဖြစ်သည်။ ဆယ်ကျော်သက်ဘဝတွင်လည်း ကျွန်မတို့ကို ဘယ်အချိန် အိမ်အရောက်ပြန်ရမည်ဟု စည်းကမ်းသတ်မှတ် မထားပေ။ သို့သော် "သားတို့သမီးတို့ အိမ်ပြန်သင့်တဲ့အချိန် ပြန်လာကြပေါ့"ဟု ပြောခြင်းဖြင့်သာ မိမိကိုယ်မိမိ ထိန်းကျောင်း စေခဲ့သည်။

တစ်နေ့တွင် ခရိုတ်က ကျွန်မအား အင်္ဂမဂရိတ်မှ သူချစ်သည့် မိန်းကလေး တစ်ယောက်အကြောင်းကို ပြောပြလာသည်။ ထိုမိန်းကလေးက သူ့မိဘနှစ်ပါး

မရှိသည့်အချိန်တွင် ခရိတ် လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်ဟု ဆိုသည်။

ကျွန်မအစ်ကိုက သွားသင့်၊ မသွားသင့် ဝေခွဲရခက်နေသည်။ ကျွန်မတို့မိဘများက ဤသို့ ခိုးကြောင်ခိုးဝှက် တွေ့ဆုံခြင်းကို ကြိုက်မည်မဟုတ်ကြောင်းကိုလည်း ကျွန်မတို့နှစ်ယောက်စလုံး သိထားကြသည်။ ခရိတ်က အမေ့အား သူနှစ်သက်သည့် မိန်းကလေးက ဖိတ်ကြားထားသဖြင့် အများပြည်သူ အပန်းဖြေသည့် ဥယျာဉ်တစ်ခု၌ သွားရောက်တွေ့ဆုံမည်ဟု အသိပေးခဲ့သည်။

သို့သော် ကျွန်မတို့မောင်နှမမှာ မိဘများ မသိအောင် မည်သည့်အခါမျှ ခိုးလုပ်ခဲ့ကြသူများ မဟုတ်သဖြင့် ခရိတ်မှာ စိတ်မလုံဘဲ ရှိနေခဲ့သည်။ နောက်ဆုံးတွင် ခရိတ်သည် အမေ့အား မိန်းကလေးအိမ်၌ မိဘများမရှိသဖြင့် သူတို့နှစ်ယောက်တည်း သာ ရှိမည်ဖြစ်ကြောင်း ဖွင့်ပြောလိုက်သည်။ ဤသို့ပြောခြင်းဖြင့် အမေက သူ့အား မသွားနှင့်ဟု တားမြစ်လိမ့်မည်ဟုလည်း ထင်ထားခဲ့သည်။

သို့သော် အမေက မတားပေ။ တားလိမ့်မည်လည်း မဟုတ်ပေ။ အမေသည် ကျွန်မတို့မောင်နှမအပေါ်တွင် ဤကဲ့သို့ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်နိုင်ခဲ့သည်။

ခရိတ်ပြောသမျှကို အမေက နားထောင်၏။ သို့သော် ရုတ်တရက် အဖြေမပေးပေ။ နောက်ဆုံးမှ “အကောင်းဆုံး ဘယ်လိုဖြစ်သင့်တယ်ဆိုတာ သားကိုယ်တိုင်ဆုံးဖြတ်ပါ”ဟုသာ သူ့ပြဿနာကို သူ့ပခုံးပေါ် ပြန်လည်လွှဲပြောင်းပေးလိုက်သည်။ ထိုသို့ပြောစဉ် အမေသည် ခရိတ်ကို ကျောပေးထားပြီး ပန်းကန်ဆေးရင်း၊ မီးပူတိုက်ရင်း ပြောတတ်သည်။

အမေသည် သားသမီးများအား မှန်ကန်သော ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဤသို့ လမ်းကြောင်းပေးခဲ့သည်။ အမေ့ရင်ထဲတွင် သူ့သားသမီးတို့သည် လမ်းမှန်ကို ဆုံးဖြတ်နိုင်လိမ့်မည်ဟု ယုံကြည်ထားပုံလည်းရ၏။ ယခု ပြန်တွေးသည့်အခါ အမေသည် ကျွန်မတို့မောင်နှမအား ကလေးများကဲ့သို့ မဆက်ဆံဘဲ လူကြီးများကဲ့သို့ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချစွာ ဆုံးဖြတ်နိုင်စေရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ကျွန်မတို့ ဆုံးဖြတ်ချက်သည် ကျွန်မတို့ဘဝ ဖြစ်မည်။ သူ့ဘဝမဟုတ်။ ထိုကဲ့သို့ပင် ရာသက်ပန်လုံး ကျွန်မတို့ဘဝသာ ဖြစ်မည်ဆိုသည်ကို အမေ သင်ကြားလိုက်ခြင်းပင် ဖြစ်သည်။

ကျွန်မအသက် ၁၄ နှစ်အရွယ် ရောက်လာသည့်အခါ ကျွန်မကိုယ်ကျွန်မ လူကြီးဖြစ်ပြီဟု ထင်မိသည်။ လူကြီးမဟုတ် ဆိုသည့်တိုင်အောင် လူကြီးတစ်ယောက် အသက်အရွယ်၏ သုံးပုံတစ်ပုံခန့်ကို ရောက်ပြီဟု ယူဆပါသည်။ ထိုအချိန်တွင် ကျွန်မမှာ ရာသီပန်းပွင့်ခဲ့ပြီ ဖြစ်၏။ ထိုအကြောင်းကို ကျွန်မက ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် အိမ်ရှိလူများကို ပြောပြမိသည်။ အိမ်၌ လူကုန်မှာ ၄

ဦးသာ ရှိပါသည်။ ကျွန်မသည် ကလေးဘဝကို လွန်မြောက်ကာ လူကြီးဘဝထဲသို့ ဝင်ရောက်တော့မည့် အရွယ် ဖြစ်လာခဲ့ပြီ ဖြစ်သည်။ အမေက ကျွန်မအား ဘရာစီယာ ဝတ်ဆင်စေခဲ့သည်။ ထိုအခါတွင် ကျွန်မသည် ပီဘိမိန်းမကြီးတစ်ဦး ဖြစ်သွားပြီဟု ယူဆမိသည်။ ဘရာစီယာဝတ်ရခြင်းကြောင့် ရင်ခုန်ရပြန်သည်။ နေ့လယ် ကျောင်းဆင်းချိန်များ၌ အိမ်ပြန်ကာ နေ့လယ်စာ မစားတော့ဘဲ ကျောင်းတွင်ရှိသော မစ္စတာဘီးနတ်၏ စားသောက်ဆိုင်၌ သူငယ်ချင်းများနှင့် စားကြသည်။ ဦးလေး တောင်ပိုင်းသားအိမ်သို့သွားကာ စနေနေ့များ၌ ဂျက်ဇ်ခေတ်ပြားများ နားထောင်သည့်အကျင့်ကိုလည်း ဖျက်လိုက်သည်။ ထိုသို့ သွားမည့်အစား စက်ဘီးတစ်စီးဖြင့် အရှေ့ပိုင်းရှိ ဂိုးညီအစ်မများ နေထိုင်ရာသို့ သွားရောက်လည်ပတ်တတ်လာသည်။

ဂိုးညီအစ်မများမှာ ကျွန်မ၏ အခင်ဆုံး သူငယ်ချင်းများဖြစ်သကဲ့သို့ ကျွန်မ အားကျသည့် ညီအစ်မများလည်း ဖြစ်သည်။ သူတို့ညီအစ်မများထဲမှာ ဒိုင်ရင်းမှာ ကျွန်မနှင့် တစ်တန်းတည်းဖြစ်ပြီး ပမ်မှာ ကျွန်မထက် တစ်တန်းငယ်၏။ သူတို့ညီအစ်မ နှစ်ယောက်စလုံးမှာ ရုပ်ချောသူများဖြစ်ကြပြီး ဒိုင်ရင်းက အသားအနည်းငယ် ဖြူသည်။ ပမ်က အသားမည်းသည်။ သို့သော် နှစ်ယောက်စလုံးပင် သူ့နည်းသူ့ဟန်နှင့် လှနေကြသည်ကို ဝန်ခံရပေမည်။ သူတို့ညီအစ်မနှစ်ယောက်၏ အငယ်ဆုံး ညီမလေး ဂျီနာကမူ ကျွန်မတို့ထက် နှစ်အနည်းငယ် ငယ်ပါသည်။ သို့သော် ဂျီနာသည် မိန်းမကြီးတစ်ယောက်အသွင် လှုပ်ရှားသွားလာတတ်၏။ သူတို့အိမ်တွင် ယောကျ်ား အချို့ ရှိပါသည်။ သူတို့အဖေမှာ သူတို့အိမ်တွင် မရှိသော်လည်း ကျွန်မတို့ သူတို့အဖေ အကြောင်း မည်သည့်အခါမျှ စကားမစပ်မိကြပေ။ သူတို့တွင် ကျွန်မတို့ထက် အသက်များစွာကြီးသော အစ်ကိုတစ်ဦး ရှိပါသည်။ သူတို့အမေ မစ္စစ္စဂိုးမှာ ဆွဲဆောင်မှု အပြည့်အဝရှိသော အမျိုးသမီးကြီးတစ်ဦးဖြစ်ပြီး အချိန်ပြည့် အလုပ်လုပ်သူ ဖြစ်၏။ သူအလှပြင်သည့် မှန်တင်ခုံတွင် ရေမွှေးပုလင်းများ၊ ပေါင်ဒါနှင့် အမွှေးနံ့မျိုး စုံရှိသော အိုးသေးသေးကလေးများကိုလည်း တွေ့ရသည်။ ထိုအိုးကလေးမျိုး အမေ့ထံတွင် ရှိပြီး ကျွန်မက ရတနာတစ်ပါးကဲ့သို့ လိုချင်လှသည့်ပစ္စည်းလည်း ဖြစ်သည်။ သူတို့အိမ်တွင် ကျွန်မ နေရသည်မှာ ပျော်လှပါသည်။ ပမ်၊ ဒိုင်ရင်းနှင့် ကျွန်မတို့မှာ ယောကျ်ားကလေးများအကြောင်းကို မဆုံးနိုင်အောင် ပြောကြရင်း စကားလက်ဆုံကျ ကြသည်။ တစ်ခါတစ်ရံတွင် နှုတ်ခမ်းများအား အရောင်လက်စေသောဆေးများ ဆိုးကြည့်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် အဝတ်များ လဲဝတ်ကြသည်။ ထိုသို့ လဲဝတ်ခြင်းကြောင့် ကျွန်မတို့ ခန္ဓာကိုယ်တည်ဆောက်မှုများ ပြောင်းလဲလာပြီး တင်များကြီးထွားလာသည်ကို သတိပြုမိကြသည်။ ကျွန်မတစ်ယောက်တည်း နေရသည့် အခါများတွင် ကျွန်မခေါင်းထဲ၌ ဝင်လာတတ်သည်မှာ ဂီတ ဖြစ်၏။ ရုပ်ချောသည့် ယောကျ်ားကလေးတစ်ဦးနှင့် တွဲကာ က,သည်ကို

တွေးချင်တွေးနေတတ်ပြီး တစ်ခါတစ်ရံ၌မူ ပြတင်းပေါက်မှ အပြင်သို့ ငေးမျှော်နေတတ်သည်။ ချစ်ဖွယ်ကောင်းသည့် ကောင်ကလေးတစ်ဦး လမ်းပေါ်တွင် စက်ဘီးစီးလာမည်လားဟု မျှော်လင့် တတ်သည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ရင်ဖွင့် နိုးနှောနိုင်သော ညီအစ်မများနှင့် ဆုံစည်းရသည်မှာ ပျော်စရာကောင်းလှသည်။

ဂိုးအိမ်က ယောကျ်ားကလေးများ လာရောက်လည်ပတ်သည်ကို လက်မခံပေ။ သို့သော် ယောကျ်ားကလေးများက ယင်ကောင်များသဖွယ် တရစ်ဝဲဝဲရှိနေကြ၏။ အိမ်ရှေ့ လမ်းပေါ်တွင် သူတို့သည် စက်ဘီးများကို သွားချည်ပြန်ချည် စီးနေကြသည်။ လမ်းတစ်နေရာတွင် ထိုင်ကာ ဒိုင်ရင်းနှင့် ပမ်တို့ ထွက်လာလျှင် စကားပြောခွင့်ရနိုင် ရန် စောင့်နေကြ၏။ သူတို့ စောင့်နေကြသည်ကို မြင်ရခြင်းပင်လျှင် ကျွန်မအတွက် ရင်ခုန်စရာဖြစ်ခဲ့သည်။ သို့သော် သူတို့ ဘာကြောင့်စောင့်နေသည်ဆိုသည်ကိုမူ အဓိပ္ပာယ်နားမလည်ခဲ့ပေ။ ကျွန်မ ကြည့်လေရာနေရာတိုင်းတွင် ယောကျ်ားကလေး များ ရှိနေသည်သာ။ ကျောင်းမှ ယောကျ်ားကလေးများသည် ရုတ်ခြည်းဆိုသလိုပင် ကြီးကောင်ဝင်လာကြပြီး အသံများလည်း ပြောင်းလာကြသည်။ ကျွန်မသူငယ်ချင်း မိန်းကလေးအချို့ပင်လျှင် သူတို့ကိုယ်သူတို့ ၁၈ နှစ်သမီးများနှယ် အလှပြင်လာကြ၏။ ဘောင်းဘီတိုများဝတ်ဆင်ကြသည့်အပြင် ခေါင်းဆောင်းပါသော အပေါ်အင်္ကျီ ခပ်ထူထူများများကို ဝတ်ဆင်လာကြသည်။ သူတို့ကိုကြည့်ရသည်မှာ လျှို့ဝှက်ချက် အချို့ကို ပိုင်ပိုင်နိုင်နိုင် သိထားကြသည့်ပုံစံမျိုး ပေါ်လွင်နေသည်။ ကျွန်မတို့ကမူ မိန်းမတို့၏ သဘောသဘာဝကို နားမလည်ကြသေးခြင်းကြောင့် ဘာမျှမပြောနိုင်ဘဲ သူတို့ကိုသာ ငေးမောကြည့်နေခဲ့ကြရသည်။ ကျွန်မတို့အရွယ်မှာ မြီးကောင်ပေါက် အရွယ်သာဖြစ်သေးသဖြင့် သူတို့ကဲ့သို့ မဖြစ်လာကြသေးပေ။ ခန္ဓာကိုယ်၏ အစိတ်အပိုင်းအချို့မှာ ကြီးထွားလာသည်ဆိုသည်ကို သဘောပေါက်မိပါသည်။ ဆယ်ကျော်သက်အရွယ်ဝင်ခါစဖြစ်၍ နှုတ်ခမ်းများ စိုလက်စေသောဆေးပင် ကောင်းကောင်း မသုံးတတ်သေးပေ။

အခြားမိန်းကလေးများကဲ့သို့ပင် ကျွန်မခန္ဓာကိုယ် အစိတ်အပိုင်းများမှာ စောစီးစွာပင် ပြောင်းလဲလာသည်ကို သတိထားမိသဖြင့် အရွယ်ရောက်သောမိန်းမဘဝ သို့ ကူးပြောင်းတော့မည်ဆိုသည်ကို သိပါသည်။ ယခုအခါတွင် ကျွန်မသည် အိမ်အနီး ပတ်ဝန်းကျင်တွင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ရခဲ့ပြီး မိဘများကလည်း ခွင့်ပြု ထားခဲ့သည်။ တစ်ခါတစ်ရံတွင် ဘတ်စ်ကားစီးကာ မေဖဲယားအကယ်ဒမီသင်တန်း ကျောင်းတွင် သင်ကြားပို့ချနေသော အကသင်တန်းသို့ သွားရောက်တတ်ပါသည်။ ထိုသင်တန်းမှာ ကျွန်မက ဂျက်ဇ်ဂီတနှင့် ကျွမ်းဘားအားကစားနည်းကို သင်ကြားနေသဖြင့် အကသင်တန်းကိုလည်း တက်ရောက်ခွင့် ရသည်။ တစ်ခါတစ်ရံတွင် အမေ

လိုအပ်သော အသေးအဖွဲပစ္စည်းများကို သွားရောက်ဝယ်ယူပေးသည်။ လွတ်လပ်ခွင့်ရ လာခြင်းကြောင့် ပြင်ပနှင့် ပိုမိုထိတွေ့ခွင့်လည်း ရခဲ့သည်။ သွားရင်းလာရင်းနှင့် ကျွန်မ၏ မျက်လုံးများသည် လမ်းထောင့်တွင် ထိုင်နေကြသော ယောက်ျားကလေးအုပ်စုများကို အမှတ်မထင် မျက်စိကစားမိသည်။ သို့သော် တစ်စုံတစ်ယောက်ကိုမျှ စူးစိုက်ကြည့်မိခြင်းမရှိဘဲ အများစုကို ကြည့်ခြင်းသာဖြစ်ပါသည်။ သူတို့မျက်လုံးများ ကလည်း ကျွန်မ၏ ရင်သားနှင့် ခြေထောက်များကို စူးစူးစိုက်စိုက် ကြည့်တတ်ကြမြဲ ဖြစ်သည်။ သူတို့ပါးစပ်က ကြောင်အော်သံကဲ့သို့ ထွက်ပေါ်လာတတ်သော အသံများကိုမူ ကျွန်မက လျစ်လျူရှုသည်။ လမ်းလျှောက်သွားလျှင် မည်သည့်လမ်းထောင့်သည် အန္တရာယ်များသည်ဆိုသည်ကိုလည်း နားလည်သဘောပေါက်လာသည်။ ညဘက်တွင်မူ တစ်ယောက်တည်း လမ်းလျှောက်ရန် မသင့်ကြောင်းလည်း သိပါသည်။

အိမ်တွင် မိဘများကလည်း အကြီးစားပြောင်းလဲမှုကို ပြုလုပ်ရန် တိုင်ပင်နေကြသည်။ ဆယ်ကျော်သက်အရွယ် ရောက်ရှိလာပြီဖြစ်သော သားနှင့်သမီးအတွက် သီးခြားအခန်းများ လိုအပ်လာပြီ ဖြစ်ခြင်းကြောင့် မီးဖိုဆောင်နံဘေးတွင် အခန်းတစ်ခန်း တိုးချဲ့လိုက်သည်။ ထိုအခန်းမှာ ခရိတ်အတွက်ဖြစ်ပြီး သူက အထက်တန်းသို့ ရောက်ရှိနေပြီဖြစ်သည်။ ဦးလေး တောင်ပိုင်းသား ကျွန်မတို့မောင်နှမအတွက် အခန်းဆောက် လုပ်ပေးစဉ်က အခန်းနှစ်ခန်းကြားတွင် ကာရံပေးခဲ့သော အကာကို ဖြုတ်ချလိုက်သည်။ ကျွန်မက မိဘများအခန်းသို့ ပြောင်းရွှေ့နေထိုင်ရပြီး မိဘများက ကျွန်မတို့ မောင်နှမအခန်းသို့ ပြောင်းရွှေ့သွားကြသည်။ ထို့ကြောင့် ကျွန်မတို့မောင်နှမသည် သီးခြားအခန်းများနှင့် လွတ်လပ်စွာ နေထိုင်ခွင့်ရရှိခဲ့ကြသည်။ ကျွန်မ၏ အိပ်ခန်းသစ် မှာ စိတ်ကူးယဉ်ဖွယ်ကောင်းသော အခန်းပင် ဖြစ်ပါသည်။ အိပ်ရာ၏ အိပ်ရာခင်းမှာ အပြာနှင့်အဖြူ ရောစပ်ထားသည့်အပြင် ပန်းပွင့်များနှင့် ချစ်ဖွယ်ကောင်းသကဲ့သို့ ခေါင်းအုံးများမှာ အပြာရောင်ခပ်ရင့်ရင့်နှင့် အပြာရင့်ရောင်ကော်ဇော၊ အဝတ်ထည့်ရန် ဗီရို၊ အိပ်ရာပေါ်တွင် လဲလျောင်းရင်း စာဖတ်နိုင်ရန် ခုတင်ဘေးမှ မီးအိမ် စသဖြင့် ပြီးပြည့်စုံစေရန် မိဘများက ဖန်တီးပေးပါသည်။ ဆိုရလျှင် ကျွန်မ၏ အိပ်ခန်းသည် ဆယ်ကျော်သက်တစ်ယောက်အတွက် ပြီးပြည့်စုံသော အိပ်ခန်းတစ်ခု ဖြစ်လာခဲ့ပါသည်။ ထိုမျှသာမက ကျွန်မတို့မောင်နှမအတွက် သီးခြားတယ်လီဖုန်းလိုင်းခွဲများကို လည်း ဖန်တီးပေးထားပြန်ရာ ကျွန်မ၏ တယ်လီဖုန်းမှာ အခန်းအရောင်နှင့် လိုက်ဖက် သော အပြာရောင်နုနုကလေး ဖြစ်သည်။ ခရိတ်၏ ဖုန်းမှာမူ ယောက်ျားပီသစွာ အနက်ရောင် ဖြစ်၏။ ထို့ကြောင့် ကျွန်မတို့နှစ်ယောက်စလုံး လုံးဝလွတ်လပ်ခြင်း မဟုတ်သည့်တိုင် အတိုင်းအတာတစ်ခုအထိ လွတ်လပ်စွာ ဖုန်းပြောနိုင်ခွင့်ရခဲ့ကြသည်။

အခန်းထဲမှ ဖုန်းဖြင့် ကောင်လေးတစ်ယောက်ကို ကျွန်မ နမ်းခဲ့ပါသည်။

သူ့နာမည်မှာ ရော်နယ်ဟု ခေါ်ပါသည်။ ရော်နယ်မှာ ကျောင်းတက်သူ မဟုတ်ဘဲ ကျွန်မ၏ အိမ်နီးချင်းတစ်ဦးသာ ဖြစ်ပါသည်။ သူက ချီကာဂို ကလေးငယ်များဓမ္မတေးအဖွဲ့တွင် ဓမ္မတေးသီဆိုသူတစ်ဦးဖြစ်ပြီး ကျွန်မသူငယ်ချင်း ချီယာကာနှင့် ရင်းနှီးသူတစ်ဦး ဖြစ်ပါသည်။ ချီယာကာ၏ အောင်သွယ်မှုဖြင့် ကျွန်မတို့နှစ်ယောက် တစ်ဦးနှင့်တစ်ဦး သဘောကျခဲ့ကြပါသည်။ ကျွန်မတို့နှစ်ယောက် တယ်လီဖုန်းဖြင့် စကားပြောခဲ့ကြပြီး ပြောဖြစ်သော စကားများမှာ ကိုးရိုးကားရားနိုင်လှသည်ဟု ဆိုနိုင်သော်လည်း ကျွန်မ ဂရုမစိုက်ပါ။ ကျွန်မကို တစ်စုံတစ်ယောက်က နှစ်သက်မြတ်နိုး သည်ဆိုခြင်းကိုပင် ကျေနပ်နေမိသည်။ ကျွန်မ၏ အခန်းထဲမှ တယ်လီဖုန်းအသံမြည် လာတိုင်း ရင်ခုန်စိတ်လှုပ်ရှားခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ဖုန်းသံကြားတိုင်း ရော်နယ် များလားဟု အထင်ရောက်သည်သာဖြစ်သည်။ နှစ်ယောက်သား အိမ်အပြင်၌ တွေ့ဆုံ ရန် မည်သူက စတင်ချိန်းဆိုသည်ကို မမှတ်မိတော့ပေ။ နှစ်ယောက်တွေ့ချိန်၌ နမ်းမိကြသည်။ အမှန်အတိုင်းဝန်ခံရလျှင် ထိုသို့ပြုမိခြင်းအတွက် နှစ်ဦးစလုံးက ရှက်ခြင်း၊ ကြောက်ခြင်းမရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် ကျွန်မတို့နှစ် ယောက်က အပြင်ထွက်လမ်းလျှောက်ခြင်း၊ တစ်နေရာ၌ ချိန်း၍ တွေ့ဆုံခြင်းတို့ကိုမူ မပြုခဲ့ကြပေ။ သူက မတောင်းဆိုသကဲ့သို့ ကျွန်မကလည်း သူတောင်းဆိုရန် လမ်းကြောင်းပေးခြင်း မပြုခဲ့ပါ။

ရော်နယ်နှင့် ချစ်မိချိန်မှစတင်ကာ ကျွန်မသည် မိသားစုအိမ်ဝင်းထောင့်ရှိ ကျောက်သားန င့်ပြုလုပ်ထားသော ခုံတန်းရှည်ပေါ်၌ ညနေခင်းများတွင် သွားထိုင်သည့် အကျင့် ဖြစ်လာသည်။ ထိုခုံတန်းရှည်မှာ ကျွန်မတို့အိမ်ပြတင်းပေါက်မှ လှမ်းကြည့် လျှင် မြင်နိုင်ပြီး ပတ်ပတ်လည်တွင် ကျွန်မ အဘွားလေး စိုက်ပျိုးထားသော ပန်းခင်း များလည်း ရှိနေသည်။ ရော်နယ်၏ နွေးထွေးသောအနမ်းတွင် ကျွန်မ နစ်မြောသွားခဲ့ မိ၏။ ကမ္ဘာမြေကြီး တုန်ဟည်းသွားလောက်သည့် ခံစားမှုမျိုးမဟုတ်သော်လည်း နမ်းရသည်မှာ ပျော်စရာကောင်းသည်။ သို့ဖြင့် ယောကျ်ားကလေးများနှင့် နေရသည် မှာ ပျော်စရာကောင်းသည်ဟု ကျွန်မ နားလည်လာခဲ့သည်။ ခရိတ် အားကစားရုံများ တွင် သွားကစားရာ၌လည်း သူနှင့်အတူ ကစားနေကြသော ယောကျ်ားကလေးများ ကို ကြည့်မိပြီး မောင်နှမချင်း ကြည့်သည့်အကြည့်မျိုး မဟုတ်သည်ကို ကျွန်မ နားလည်လာခဲ့သည်။ ဘတ်စကက်ဘော ကစားကြသည့်နေရာများသို့ ကျွန်မ လိုက်ကြည့်ပြန်သည်။ ထိုကစားနည်းမှာ ယောကျ်ားကလေးများကစားသည့် ကစားနည်းမျိုး ဖြစ်သဖြင့် သွားကြည့်သည့်အခါတိုင်း ကျွန်မက ဂျင်းဘောင်းဘီဝတ်ကာ အပေါ်ပိုင်း၌ လည်း သူတို့မျက်စိများကို ဖမ်းစားနိုင်စေရန် ဖန်တီးသွားလေ့ ရှိပါသည်။ တစ်ခါ တစ်ရံ၌ ဂိုးညီအစ်မများထဲမှ တစ်ယောက်ယောက်ကို အဖော်ခေါ်သွားပြီး ကျွန်မအား ယောကျ်ားကလေးများ

မျက်စိစားပွဲထိုင်ကြသည်ကို ကြားလေ့ရှိပါသည်။ ကစားနေကြသူများ၏ ချွေးသံစိုရွှဲနေသော ခန္ဓာကိုယ်များ၊ အော်သံဟစ်သံများ၊ ယောကျ်ားပီသသည့် ခန္ဓာကိုယ်အချိုးအစားများကို ကျွန်မ နှစ်ခြိုက်ပါသည်။ JV ဂျင်းဝတ်ထားသော ယောကျ်ားလေးတစ်ယောက်က ကျွန်မအား ပြုံးပြသည့်အခါ ကျွန်မကလည်း ပြန်ပြုံးပြလိုက်ပါသည်။ ထိုအပြုံးသည် ကျွန်မ၏ အနာဂတ်ဖြစ်လာမည့်ခရီး၏ အစဆိုသည်ကို ထိုစဉ်က မသိခဲ့ပေ။ ကျွန်မသည် တဖြည်းဖြည်း မိဘများနှင့် ကင်းကွာစ,ပြုလာပြီး ခေါင်းထဲတွင် အခြားအတွေးများ ဝင်ရောက်လာပါသည်။ အတူသွားလာကြရသည့် အခါများတွင်လည်း ကားနောက်ခန်း၌ ထိုင်ကာ တွေးချင်ရာတွေးနေတတ်ပါသည်။ ဆယ်ကျော်သက်အရွယ်ဘဝတွင် တစ်ယောက်တည်း ရင်ခုန်ခံစားတတ်သူဟု ဆိုရပါမည်။ ကျွန်မပတ်ဝန်းကျင်ရှိ အသက်ကြီးသူများသည် မည်သည့်အခါကမျှ ကျွန်မကို ရင်ခုန်စေရန် မဖန်တီးနိုင်ခဲ့ပေ။

တစ်ခါတစ်ရံ၌ ညနေခင်းများတွင် ရေချိုးခန်းထဲ၌ သွားတိုက်တတ်ပါသည်။ အိမ်ခန်းမှာ မည်းမှောင်နေပြီး ဧည့်ခန်း၌သာ မီးလင်းနေတတ်သည်။ မီးဖိုခန်းမှာလည်း မည်းမှောင်နေသဖြင့် အိမ်ရှိလူတိုင်းသည် ကိုယ့်အခန်း၌ကိုယ် နားနေကြပြီ ဆိုသည်မှာ သိသာပါသည်။ ခရိတ်၏ အခန်းတံခါးအောက်မှ အလင်းရောင်မြင်နေရသဖြင့် သူ အိမ်စာလုပ်နေသည်ကို သိသာသည်။ ကျွန်မမိဘများ၏ အခန်းထဲ၌ ရုပ်မြင်သံကြားစက်မှ ဖြာထွက်လာသော အလင်းရောင်ရှိနေပြီး သူတို့စကားပြောသံကို လည်း ကြားနေရသည်။ ရံဖန်ရံခါ၌ ရယ်လိုက်သည်လည်း ရှိ၏။ ကျွန်မက မည်သည့် အခါကမျှ အမေနှင့်ပတ်သက်၍ မစဉ်းစားခဲ့ဖူးပါချေ။ အမေသည် အိမ်ထောင်ရှင်မ အဖြစ် အချိန်ပြည့် တာဝန်ထမ်းဆောင်နေပြီး တစ်နေကုန် တစ်နေခန်း လှုပ်ရှားနေရသူ ဖြစ်ခြင်းကြောင့် လက်ထပ်ခြင်းဆိုသည်မှာ မည်သို့သောအဓိပ္ပာယ်ဆောင်ယူသနည်းဟု မည်သည့်အခါကမျှ မစဉ်းစားမိပါချေ။ ကျွန်မတို့ မိသားစုတွင် မိသားစုဝင် ၄ ဦးစလုံး သည် ကိုယ့်ကမ္ဘာကို ကိုယ်တည်ဆောက်ကြသူများပင် ဖြစ်၏။

နောင်အချိန်အတော်ကြာလာသောအခါ ချီကာဂို၌ နွေဦးပေါက်လာသော အချိန်တွင် အမေက နှစ်စဉ်နှစ်တိုင်း အဖေ့အား စွန့်လွှတ်ခွဲခွာသွားရန် စဉ်းစားခဲ့ဖူး သည်ဟု ကျွန်မအား ပြောပြခဲ့သည်။ ထိုသို့စဉ်းစားခြင်းမှာ တကယ် အတည်ဟုတ်၊ မဟုတ် ကျွန်မ မသိပါ။ အမေက ထိုသို့စဉ်းစားသည်မှာ တစ်နာရီခန့်သာ ကြာသည် လား၊ တစ်နေ့လုံး စဉ်းစားသည်လား၊ တစ်နွေလုံး စဉ်းစားသည်လား မပြောတတ်ပါ။ သို့သော် အမေ့အတွက်မှာမူ နွေရာသီရောက်တိုင်း ထိုသို့ စိတ်ကူးယဉ်လေ့ရှိသည် ဆို၏။

ယခု ကျွန်မ နားလည်လာသည်မှာ ပျော်ရွှင်သော အိမ်ထောင်တစ်ခု၌လည်း

တစ်ခါတစ်ရံ ထိုသို့သောအတွေးများ ပေါ်ပေါက်လာတတ်ပါသည်။ ထိုအတွေး လွင့်ပြယ်သွားသောအခါတွင် ခင်ပွန်းသည်၊ ဇနီးသည်တို့မှာ အသစ်တစ်ဖန် ပြန်လည် ပျော်ရွှင်ကြရသည်ကို နားလည်လာခဲ့ပါသည်။ အမေက သူ့အတွေးကို အဖေသိစေရန် ထုတ်ဖော်ပြောကြားခဲ့သည် မဟုတ် ဆိုသည်မှာ သေချာပါသည်။ စိတ်ကူးယဉ်သက် သက်သာ ဖြစ်ပါလိမ့်မည်။ အဖေ့ကို စွန့်ခွာသွားလျှင် အမေသည် နွေရာသီ၌ မည်သို့သောနေရာသို့ သွားရောက်လေမည်လဲဟု ကျွန်မတွေးဖူးသည်။

ပင်လယ်ထဲရှိကျွန်းကလေးတစ်ခုပေါ်သို့ သွားလိုသည်လား၊ အခြားယောကျ်ားတစ်ဦးနှင့် သို့မဟုတ် အခြား အိမ်တစ်ခုတွင် သွားရောက်နေလိုသည်လား၊ သို့မဟုတ် ကလေးနှစ်ယောက်ကို ထားပစ်ခဲ့လိုသည်လား ကျွန်မ မတွေးတတ်ပါ ။ အမေ့အား မေးရန်ဆိုသည်မှာလည်း ယခုအခါတွင် အမေသည် အသက် ၈၀ တွင်း ရောက်ရှိနေပြီဖြစ်သဖြင့် မေးရန် မသင့်ပါတော့ပေ။ ချီကာဂို၏ ဆောင်းတွင်းကို မဖြတ်သန်းဖူးသူ ဖြစ်သည်ဆိုပါက ကျွန်မ အနည်းငယ် ပြောပြလိုပါသည်။ ချီကာဂို၏ ဆောင်းတွင်း၌ မိုးကောင်းကင်သည် မှုန်မှိုင်းပြီး ရက်ပေါင်း ၁၀၀ မျှ ထိုအတိုင်းပင် ရှိနေတတ်သည်။ သွေးခဲလုမတတ် အေးမြလှသော လေများကလည်း တိုက်ခတ်နေပြန်သည်။ နှင်းများက နည်းပေါင်းစုံဖြင့် ကျဆင်းပြီး ညဥ့်နက်လေ နှင်းထူလာလေပင် ဖြစ်၏။ မနက်မိုးလင်းလျှင် နှင်းများ ကို ရှင်းကြရသည်။ လမ်းများပေါ်တွင် နှင်းများပိတ်နေသကဲ့သို့ မော်တော် ကားများ၏ လေကာမှန်များပေါ်တွင်လည်း နှင်းများ အစုလိုက်အပုံလိုက် ရှိနေသည်သာ။ မနက် ခင်းဆိုလျှင် တပေါက်ပေါက်ကျနေသော နှင်း၏အသံကို အတိုင်းသားကြားရ၏။ ရုံးသွားရမည့်သူများက ကားများကို သန့်စင်ကြရသည်။ အိမ်နီးချင်းများကိုပင် မမှတ်မိနိုင်လောက်အောင် ထူထဲသောအနွေးထည်များ ဝတ်ဆင်ကာ မျက်နှာကိုသာ မြင်ကြရသည်။ မြို့တော်စည်ပင်သာယာရေးမှ နှင်းများရှင်းသောကားများက တစ်လမ်းဝင် တစ်လမ်းထွက် နှင်းခဲများကို လိုက်ရှင်းကြသည်။ ဆောင်းကုန်ပြန်လျှင် တဖြည်းဖြည်းနှင့် မိုးကောင်းကင်ကအစ ပြောင်းလဲ လာသည်။ လေသည် ခြောက်သွေ့လာ၏။ ပထမဦးစွာ အသည်းနှလုံးက ခံစားမိသည်။ ထိုအသိမှာ ဆောင်းကုန်သွားပြီ ဆိုသည့်အသိပင် ဖြစ်၏။ ပထမပိုင်းတွင် မယုံနိုင်လောက်အောင်ပင် ဖြစ်ရသည်။ သို့သော် ရာသီဥတုပြောင်းလဲသွားသည်မှာ လက်ခံရပေတော့မည်။ နေသာပြီး ပတ်ဝန်းကျင်ရှိ သစ်ပင်များပေါ်တွင် ငှက်ကလေး များကို စတင်တွေ့ရှိလာရသည်။ အိမ်နီးချင်းများကလည်း သူတို့ တောက်လျှောက် ဝတ်လာခဲ့သည့် အနွေးထည်များကို ချွတ်လိုက်ကြပြီ။ အိမ်ခန်းများ၏ မှန်များတွင် တပ်ဆင်ထားသော လိုက်ကာများကိုလည်း ဖယ်ရှားကာ နေရောင်ကို ဝင်ခွင့်ပြုကြသည်။ ဤသို့ဖြင့် ရာသီစက်ဝန်းသည် မှန်မှန်ကြီး လည်ပတ်နေခဲ့သည်။

※※※

ကျွန်မ အထက်တန်းကျောင်းသူဘဝ မရောက်မီပင် အမေက အလုပ်ဝင်လုပ်တော့သည်။ အမေ့အလုပ်မှာ ချီကာဂိုမြို့၏ မိုးမျှော်အဆောက်အဦကြီးတစ်ခုပေါ်တွင် ရှိသော ဘဏ်တစ်ခုတွင် လက်ထောက်အမှုဆောင်အရာရှိရာထူးပင် ဖြစ်သည်။ ဤ နည်းဖြင့် အမေသည် သူ့ပတ်ဝန်းကျင်၊ သူ့အိမ်မှုကိစ္စများမှ ရုန်းထွက်နိုင်ခဲ့သည်။ သူ့ရုံးမှ သတ်မှတ်ထားသော တူညီဝတ်စုံကို ဝတ်ဆင်ကာ နံနက်တိုင်း မြောက်ဘက် ဂျက်ဖရီဘူးလီဘတ်သို့ သွားသော ဘတ်စ်ကားကိုဖြစ်စေ၊ အဖေမောင်းသည့် ဗျူကားကို ဖြစ်စေ စီးကာ ရုံးတက်၏။ အမေအလုပ်ဝင်လုပ်လိုက်ခြင်းအားဖြင့် ကျွန်မတို့မိသားစု အတွက် ငွေရေးကြေးရေး ပိုမိုအဆင်ပြေလာစေသည်။ ခရိတ်ကို ကက်သလစ်ကျောင်း ထားနိုင်ရန်ရည်ရွယ်သဖြင့် သူ့ကို ကျူရှင်ပေးရသည်။ ခရိတ်က ကောလိပ် ဆက်တက်မည်ဖြစ်ပြီး သူ့နောက်မှ ကျွန်မကပ်ပါလာမည် ဆိုသည်ကိုလည်း သိထား၏။ ကျွန်မအစ်ကိုသည် လူပျိုဖြစ်သွားခဲ့ပြီ ဖြစ်သည်။ သူ့ခြေသလုံးတွင် အမွေးကောက်ကောက်ကွေးကွေးတို့နှင့် ခပ်ထွားထွား ဘတ်စကက်ဘောသမားတစ်ယောက် ဖြစ်ပြီး သူသည် တစ်မြို့လုံးရှိ ဘတ်စကက်ဘောသမားများထဲမှ အကောင်းဆုံး ကစားသမားတစ်ဦးလည်း ဖြစ်သည်။ အိမ်တွင် သူသည် အစားကြီးသူဖြစ်၏။ နွားနို့ ဂါလန်ပေါင်းများစွာ နေ့စဉ်သောက်သုံးပြီး ပီဇာအကြီးကြီး တစ်ချပ်ကိုလည်း တစ်ထိုင်တည်းစားနိုင်သူ၊ ညစာစားပြီးချိန်မှ အိပ်ရာဝင်ချိန်အထိ သရေစာများကိုလည်း မပြတ် စားနိုင်သူ ဖြစ်သည်။ သူ့ကိုယ်သူ ထိန်းကျောင်းနိုင်သူဖြစ်၍ အားကစားတွင် ထူးချွန်သူ ဖြစ်သော်လည်း ကျောင်းစာ၌ မပျက်ကွက်စေသူဖြစ်သည်။ သူက အနောက်အလယ်ပိုင်းဒေသများသို့လည်း အားကစားအဖွဲ့နှင့် လိုက်ပါသွား၍ နှံ့နှံ့စပ်စပ်ရောက်ဖူးပြီ ဖြစ်သည်။ သူတို့အဖွဲ့တွင် ပါဝင်သော အစ်ရှာသောမတ်စ် ဆိုသူမှာ နောင်တွင် NBA ၏ လက်ရွေးစင်တစ်ဦးဖြစ်လာပြီး Hall of Fame အဖြစ် ထင်ရှားခဲ့သည်။ ခရိတ် အထက်တန်းကျောင်းသားဖြစ်လာသောအခါ ပုဂ္ဂလိကကျောင်းများမှ အားကစားနည်း ပြဆရာများက မျက်စိကျလာကြကာ သူတို့ကျောင်းအတွက် ကစားပေးစေချင်ကြသည်။ သို့သော် ကျွန်မမိဘများက ရေတိုအောင်မြင်မှုကို မလိုလားဘဲ ကိုယ့်ကျောင်း အတွက်သာ ကစားစေခဲ့ပါသည်။

မောင့်ကာမဲလ်ဆိုသည့် ကက်သလစ်ကျောင်း၏ ဘတ်စကက်ဘောအသင်းမှာ နာမည်ကြီးသည့် အသင်းတစ်သင်းဖြစ်သည့်အပြင် ကျောင်းကလည်း စည်းကမ်းကောင်းသည့် ကျောင်းဖြစ်သဖြင့် ကျွန်မတို့မိဘများက ခရိတ်ကို ထိုကျောင်း၌ တက်စေခဲ့သည်။ ထိုကျောင်းတက်ရန်အတွက် မိဘများမှာ ဒေါ်လာအတော်များများ ကုန်ကျခဲ့၏။ ခရိတ်၏ ဆရာများမှာ အညိုရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသည့်

“ဖာသာ”များဖြစ်ကြသည်။ သူ့အတန်းဖော် ရှစ်ဆယ်ရာခိုင်နှုန်းခန့်မှာ လူဖြူများဖြစ်ကြပြီး အများစုမှာ အိုင်းရစ်ရှ်ကက်သလစ်ဘာသာဝင်တို့ ဖြစ်သည်။ သူတို့မှာ ပတ်ဝန်းကျင်ရှိ လက်လုပ်လက်စား လူဖြူတို့မှ မွေးဖွားလာခဲ့ကြသူများ ဖြစ်၏။ အငယ်တန်း ပညာသင်နှစ် ကုန်ဆုံးသွားချိန်တွင် ခရိုတ်သည် ကောလိပ်လက်ရွေးစင်အဖွဲ့တစ်ဖွဲ့၌ ပါဝင်ခွင့်ရနေပြီ ဖြစ်၏။ ထို့ကြောင့် ခရိုတ်သည် ဘတ်စ်ကားစီးပါက အခမဲ့ စီးခွင့်ရ၏။ သို့တိုင်အောင် အဖေနှင့်အမေတို့က အဓိကရည်မှန်းချက်အနေဖြင့် အကောင်းဆုံး ကောလိပ်ကျောင်းတက်ခွင့်ရရေးကိုသာ အာရုံထားစေသည်။ သူတို့ပူပန်သည်က ကုန်ကျစရိတ်များမည်ကိုသာ ဖြစ်သည်။

အထက်တန်းကျောင်းသူ ကျွန်မအတွက် ကုန်ကျသည့်စရိတ်မှာ ဘတ်စ်ကားခသာဖြစ်သည်။ ကျွန်မ ကံကောင်းသည်မှာ ချီကာဂိုအနောက်ပိုင်းတွင်ရှိသော ဝှစ်တနီအမ်ယန်း အထက်တန်းကျောင်းသို့ တက်ခွင့်ရလိုက်ခြင်းပင်ဖြစ်ပါသည်။ ထိုကျောင်းမှာ နောင်နှစ်အနည်းငယ်အကြာတွင် မြို့၏ နာမည်အကြီးဆုံးကျောင်းတစ်ကျောင်း ဖြစ်လာခဲ့ပါသည်။ ဝှစ်တနီယန်းဆိုသည့် အမည်မှာ ပြည်သူ့အခွင့်အရေး တိုက်ပွဲဝင်တောင်းဆိုခဲ့သူ တစ်ဦးကို ဂုဏ်ပြုမှည့်ခေါ်ထားခြင်းဖြစ်ပြီး ထိုကျောင်းကို ၁၉၇၅ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည်။ ကျောင်းတည်နေရာမှာ မြို့၏ တောင်နှင့်မြောက် ပိုင်းခြားထားသည့် အလယ်တည့်တည့်တွင် ရှိသည်။ သင်ကြားပို့ချသည့် ဆရာ၊ ဆရာမတို့မှာ ခေတ်မီတိုးတက်သည့် အမြင်ရှိကြသူများသာဖြစ်ပြီး ကျောင်း၏ ပရိဘောဂတို့မှာလည်း အသစ်စက်စက်များဖြစ်သည်။ ကျောင်းမှာ ကျောင်းသူကျောင်းသားအားလုံး သာတူညီမျှအခွင့်အရေးရစေရန် ရည်ရွယ်ပြီး လူဖြူ လေးဆယ်ရာခိုင်နှုန်း၊ လူမည်း လေးဆယ်ရာခိုင်နှုန်း၊ အခြားနှစ်ဆယ်ရာခိုင်နှုန်း လက်ခံပေးပြီး အသားအရောင်မရွေး လက်ခံနိုင်ရန် ချီကာဂိုကျောင်းများ အုပ်ချုပ်ရေးဘုတ်အဖွဲ့က စီမံခန့်ခွဲပေး၏။ ယင်းသို့ သတ်မှတ်သော်လည်း တကယ်တမ်း ကျွန်မကျောင်းတက်သည့် အခါတွင်မူ ရှစ်ဆယ်ရာခိုင်နှုန်းတို့မှာ လူဖြူမဟုတ်သူများ ဖြစ်နေသည်ကို တွေ့ရ၏။

နဝမဂရိတ်သို့ တက်ရောက်သင်ကြားရန် ပထမဆုံး ကျွန်မကျောင်းတက်ရသည့် နေ့ကမူ စွန့်စားခန်းတစ်ရပ်ကဲ့သို့ပင် ရှိပါသည်။ မိနစ်ကိုးဆယ်မျှ စီးရသည့် ဘတ်စ်ကား နှစ်ဆင့်စီးရသည့်အပြင် မြို့ထဲသို့ ပို့ဆောင်ပေးသောကား နောက်တစ် ဆင့် စီးရပါသေးသည်။ ထိုနေ့က အိပ်ရာမှ မနက်ငါးနာရီတွင် ထ,ခဲ့ရ၏။ အဝတ် အစားသစ်ဝတ်၊ နားကပ်အသစ်ပန်ကာ ဘတ်စ်ကားလမ်းဆုံးချိန်၌ တွေ့ရမည့် ကျောင်းအသစ်က ကျွန်မအား မည်သို့ကြိုဆိုမည် မသိသေးပေ။ မနက်စောစောစာ စားခဲ့သော်လည်း နေ့လယ်စာပြဿနာက မည်သို့ ရှင်းရမည်မသိ။ မိဘများကို နှုတ်ဆက်ကာ

ထွက်လာခဲ့သော်လည်း တစ်နေကုန် မည်သို့ကြုံရမည်ဆိုသည်ကို မသိသေးပေ။ အထက်တန်းကျောင်းကို စတင်တက်ရခြင်းသည် အပြောင်းအလဲ တစ်ခုပင်။ ဝှစ်တနီယန်းသည် ကျွန်မအတွက် ရှေ့တန်းစစ်မျက်နှာပင် ဖြစ်တော့သည်။

ကျောင်းအဆောက်အဦပုံစံကပင် ခေတ်ဆန်လှသည်။ ကြီးမားလှသော အဆောက်အဦကြီးသုံးခုရှိပြီး ကုဗပုံစံများ ဆောက်လုပ်ကာ နှစ်ခုမှာ ခေတ်မီဆန်းပြား သောဒီဇိုင်းဖြစ်သည့် မှန်လျှောက်လမ်းဖြင့် ဆက်သွယ်ထားပါသည်။ ထိုအဆောက် အဦနှစ်ခုမှာ ဂျက်ဆင်ဘူးလီဘတ်လမ်း၏ တစ်ဖက်တစ်ချက်စီတွင် ရှိနေကြပါသည်။ စာသင်ခန်းများမှာ အလုံပိတ်ထားခြင်းမရှိဘဲ ဟင်းလင်းမြင်တွေ့နိုင်သည်။ ကျောင်း အဆောက်အဦများမှာ အနုပညာလက်ရာမြောက်လှပြီး ဓမ္မတေးသီဆိုလေ့ကျင့်ရန် အခန်း၊ ဘင်ခရာတီးဝိုင်းခန်း၊ ဓာတ်ပုံရိုက်သည့်အခန်း၊ အဝတ်လဲခန်း စသည်တို့ မှာလည်း သူ့နေရာနှင့်သူ သီးခြားစီ ရှိနေပါသည်။ ခြုံ၍ ကြည့်မည်ဆိုပါလျှင် ကျောင်းဝင်းတစ်ခုလုံးသည် ပညာသင်ကြားရန် တည်ဆောက်ပေးထားသော ဘုရား ကျောင်းတစ်ခုနှင့် တူနေပါတော့သည်။

ဝှစ်တနီယန်းကျောင်းတွင် ကျောင်းသား တစ်ထောင့်ကိုးရာခန့် ရှိပါသည်။ ကျွန်မအမြင်ပြောရလျှင် သူတို့အားလုံးသည် အရွယ်ရောက်ပြီး သူများဖြစ်ကြပြီး သူတို့ကိုယ်သူတို့ ယုံကြည်စိတ်ချမှု အပြည့်အဝရှိနေကြသည်မှာ ကျွန်မထက်သာပါသည်။ သူတို့အားလုံး၏ ဦးနှောက်ထဲတွင် မေးခွန်းမှန်သမျှကို ဖြေဆိုနိုင်သည့် ဉာဏ်ရည်လည်းရှိနေကြသည်ဟု ထင်ပါသည်။ ကျောင်းပတ်ဝန်းကျင်ကိုကြည့်ကာ ကျွန်မ သိမ်ငယ်သွားသည်။ ကျောင်းဟောင်းတွင် ကျောင်းသူကြီး ဖြစ်ခဲ့သော်လည်း ကျောင်းသစ်တွင်မူ ကျောင်းသူသေးသေးကလေး ဖြစ်သွားသည်ဟု ခံစားမိပါသည်။ ဘတ်စ်ကားပေါ်မှ ဆင်းလိုက်သောအခါ ကျောင်းသူများက စာအုပ်များထည့် ထားသော အိတ်များအပြင် ပိုက်ဆံအိတ်လှလှကလေးများပါ ကိုင်ဆောင်လာကြကြောင်း တွေ့ရ၏။

အထက်တန်းကျောင်းသူဘဝမှာ ကျွန်မ အတော်ပင် တုန်လှုပ်ချောက်ချား ခဲ့ရပါသည်။ အထူးသဖြင့် စာတော်ကြသော ကျောင်းသူများကြားတွင် ငါကရော သူတို့လောက်တော်ရဲ့လားဟူသော အတွေးက အစဉ်ခြောက်လှန့်နေခဲ့၏။ ထိုအတွေးမှာ ကျောင်းစတက်သည့် ပထမတစ်လလုံး ခြောက်လှန့်နေသည်သာ မက မိုးမလင်းမီ အိပ်ရာက ထ,ရသောအကျင့် နေသားကျသွားသည့် တိုင် မပျောက်နိုင်ခဲ့ပေ။ ဝှစ်တနီ ယန်းကျောင်းကြီးက စာသင်သားများ အသားကျစေရန်အတွက် အိမ်များအသွင် အုပ်စု ငါးစုရှိပါသည်။ အိမ်တစ်အိမ်ထဲတွင် ရှိသော စာသင်သားများ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုရစေရန် ရည်ရွယ်ခြင်းပင် ဖြစ်သည်။ ကျွန်မက ရွှေဟု အမည်ပေးထားသော အုပ်စုတွင် ကျသည်။ ထိုအုပ်စုကို

အုပ်ချုပ်သူမှာ မစ္စတာစမစ်သ်ဖြစ်ပြီး သူက ကျွန်မတို့အိမ်နှင့် မလှမ်းမကမ်း တစ်လမ်းတည်းတွင် နေသူဖြစ်သည်။ ကျွန်မက မစ္စတာစမစ်သ်အိမ်တွင် ကလေးထိန်းခြင်း၊ ကလေးများအား စန္ဒရား သင်ပေးခြင်း၊ ခွေးကလေးများအား လေ့ကျင့်သင်ကြားပေးခြင်း စသည့် အလုပ်များလုပ်ကိုင်ပေးခဲ့ဖူး သူဖြစ်ရာ ကျောင်း၌ မစ္စတာစမစ်သ်ကို တွေ့လိုက်ရခြင်းက စိုးရိမ်ပူပန်မှုကို လျော့သွားစေခဲ့ပါသည်။ ကျောင်းနှင့် အိမ်ပတ်ဝန်းကျင် ပူးပေါင်းလိုက်သကဲ့သို့ ဖြစ်သွားခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်မ၏ အိမ်နီးချင်းကလေးအချို့လည်း ဤကျောင်းသို့ လာတက်ကြောင်း တွေ့ရသည်။ ကျွန်မ အိမ်နီးချင်းမိတ်ဆွေဖြစ်သော တယ်ရီဂွျန်ဆင်၊ ကျွန်မ ကျောင်းနေဖက်သူငယ်ချင်း ချီယာကာတို့ကိုလည်း တွေ့ရသည်။ ချီယာကာနှင့် ကျွန်မက သူငယ်တန်းကစပြီး သူငယ်ချင်းများဖြစ်သကဲ့သို့ ပြိုင်ဘက်များလည်း ဖြစ်ကြ၏။ သူ့အပြင် နောက်ထပ် အိမ်နီးချင်း ယောကျ်ားလေးနှစ်ယောက်ခန့်လည်း ရောက်လာကြ သေးသည်။ ကျောင်းတက်ရက် မနက်အချို့တွင် ဘတ်စ်ကားအတူစီးကြပြီး ညနေ ကျောင်းဆင်းချိန်၌ အတူပြန်ကြသော်လည်း ကျောင်းတွင်မူ ကိုယ့်အတန်းနှင့်ကိုယ် ဖြစ်၍ မတွေ့ကြပေ။ တကယ်တမ်းတွင်မူ ကျွန်မသည် တစ်ကိုယ်တော် စွန့်စားခန်းကို ယခုမှ စတင်ရခြင်းဖြစ်ပါသည်။ ဘရိုင်ယန်ကျောင်းတွင် ခရိတ်နှင့် အတူတက်ရစဉ်က သူ့အရှိန်အဝါကြောင့် ကျွန်မမှာ အစစ မျက်နှာသာအပေးခံခဲ့ရသည်။ ဘတ်စကက် ဘော ထူးချွန်သည့် ခရိတ်သည် ချိုသာသောမျက်နှာပေးကြောင့် လူချစ်လူခင်များ၏။ သူ့အရိပ်တွင် ခိုလှုံခြင်းဖြင့် ကျွန်မမှာ အစစ သက်သာလှ၏။ သွားလေရာတွင် ခရိတ်ရော်ဘင်ရဲ့ နှမလေးဟု သိထားခဲ့ကြသောကြောင့်ပင် ဖြစ်ပါသည်။

ယခု ကျွန်မဘဝမှာ မစ်ရှယ်လ်ရော်ဘင်အဖြစ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရတော့မည် ဖြစ်သည်။ ခရိတ်၏ အရိပ်ကိုခိုလှုံ၍ မရတော့ပေ။ ဝုစ်တနီ ယန်းတွင် ကျွန်မကိုယ်ကျွန်မ ဆောက်တည်ရတော့မည်။ ကျွန်မ စတင်ကျင့်သုံးသည့် နည်းစနစ်မှာ အတန်းထဲတွင် တိတ်တိတ်ဆိတ်ဆိတ် နေပြီး အတန်းဖော်များအား လေ့လာ သုံးသပ်ခြင်းပင် ဖြစ်ပါသည်။ သူတို့က ဘယ်ကလဲ။ သို့သော် ကျွန်မ သိထားသည့် အချက်မှာ သူတို့သည် စာတော်ကြသူများဖြစ်ခြင်းပင်။ သူများ အတုယူလောက်အောင် တော်ကြသည်။ ဘယ်သူ့ကိုပင် စမ်းစေကာမူ စာတော်သူများသာဖြစ်သည်ကို တွေ့ရမည်။ သူတို့သည် တစ်မြို့လုံးတွင် စာအတော်ဆုံးကလေးများ ဖြစ်နေကြသည်။ ထိုသို့ဆိုလျှင် ကျွန်မကရော စာမတော်သူလား ဟု မေးစရာရှိလာသည်။ ကျွန်မအပါအဝင် သူငယ်ချင်းများဖြစ်သည့် တယ်ရီနှင့် ချီယာကာတို့မှာလည်း စာတော်သူများသာ ဖြစ်ကြပါသည်။ ဤကျောင်းသို့ ရောက်လာကတည်းက စာတော်သူများသာ ဖြစ်ကြပါသည်။ တကယ်တမ်းတွင်မူ ကျွန်မသည် အမှန်တရားကို

နားမလည်ခဲ့သူသာ ဖြစ်ခဲ့ပါသည်။ ကျွန်မတို့တစ်တွေမှာ သူတို့ကဲ့သို့ စာမတော်ကြပါ။

အိမ်နီးချင်း လူမည်းကလေးများသာ တက်ကြသော ကျောင်းတွင် ကျွန်မတို့ စာတော်ခဲ့ကြသည်။ သို့သော် ထိုမျှတော်ခြင်းက လုံလောက်ပြီဟု မဆိုသာပါချေ။ ကျွန်မတို့သည် လူညံ့များထဲတွင်သာ တော်ခဲ့ကြခြင်းဖြစ်ပါသည်။

ထိုအတွေးဝင်လာကတည်းက ကျွန်မကိုယ်ကျွန်မ သံသယရှိလာခဲ့သည်။ အထက်တန်းကျောင်းတွင် သင်ကြားရသော သတ္တဗေဒနှင့် အင်္ဂလိပ်စာတို့က အခက်အခဲတွေ့စေသည်။ ကျွန်မကိုယ်ကျွန်မ အင်္ဂလိပ်စကား ကောင်းကောင်းပြောတတ်သူဟု ယူဆခဲ့သော်လည်း သူငယ်ချင်းများနှင့် ကော်ဖီဆိုင် ထိုင်ကြသောအခါ ကျွန်မ တတ်ထားသည်မှာ မလုံလောက်ကြောင်း သိလာရသည်။ မလုံလောက်သေးဘူး။ မလုံလောက်သေးဘူး။ ယခုအချိန်ထိ ကျွန်မလာခဲ့သည့်နေရာနှင့် ပတ်သက်၍ သံသယ ရှိနေဆဲ ဖြစ်ပါသည်။ ထိုမေးခွန်းသည် ကျွန်မရင်ထဲ၌ စွဲလမ်းခြောက်လှန့်နေသော မေးခွန်းတစ်ခုပင် ဖြစ်တော့သည်။

ချီကာဂိုမြို့သည် ကျွန်မ ထင်ထားသည်ထက် အဆပေါင်းများစွာ ကျယ်ဝန်းသော မြို့ကြီးတစ်မြို့ပင် ဖြစ်သည်။ ဤသို့ သိလာရခြင်းမှာ တစ်နေ့လျှင် သုံးနာရီမျှ စီးရသော ဘတ်စ်ကား၏ လမ်းကြောင်းများကြောင့် ဖြစ်ပါသည်။ လူများလွန်းသောကြောင့် အချို့နေရာများတွင် ခရီးသည်များမှာ ထိုင်ခုံမရကြပေ။

ဘတ်စ်ကား၏ ပြတင်းပေါက်များမှတစ်ဆင့် ကျယ်ပြောသောမြို့၏ မြင်ကွင်းစုံကို မြင်ရသည်။ လမ်းထောင့်များရှိ စတိုးဆိုင်များ၊ ဘာဘာကျူး အသားကင်ဆိုင်များကို နံနက်စောစော မြင်ကွင်းတွင် တွေ့မြင်ရသည်။ ဘတ်စ်ကက်ဘော ကစားကွင်း၊ ကလေးကစားကွင်းတို့တွင် ကစားမည့်သူ မရှိကြသေး။ ဘတ်စ်ကား သည် မြောက်ပိုင်းရှိ ဂျက်ဖရီလမ်းသို့ ရောက်အောင်သွားပြီး အနောက် ခြောက်ဆယ့် ခုနစ်လမ်းသို့ ချိုးကွေ့သည်။ ထိုမှတစ်ဖန် မြောက်ဘက်သို့ ပြန်သွားပြီး နှစ်ဘလောက် လျှင် တစ်ကြိမ် ကားရပ်ကာ ခရီးသည်များ အတက်အဆင်းလုပ်စေ၏။ ဘတ်စ်ကား သည် ဂျက်ဆန်ပါ့ခ်ဟိုင်းလင်းနှင့် ဟိုက်ဒ်ပါ့ခ်တို့ကို ကျော်ဖြတ်သည်။ ချီကာဂို တက္ကသိုလ်၏ ပရိဝုဏ်မှာ သံတံခါးကြီးများ၏ နောက်ကွယ်တွင် တည်ရှိနေသည်။ ထိုသို့သော နေရာအသီးသီးကို ကျော်ဖြတ်ပြီးမှသာ ကျွန်မတို့ ရည်ရွယ်ရာကို ရောက် တော့သည်။

ဘတ်စ်ကားသည် မည်သည့်အခါမျှ အလျင်စလို မောင်းနှင်လေ့မရှိကြောင်း ကျွန်မ ရဲရဲကြီး ပြောဝံ့ပါသည်။ ကားပေါ်ရောက်ပြီဆိုလျှင် သူတို့မောင်းသမျှ သည်းခံ

စီးကြရသည်သာ။ ကျွန်မမှာ မနက်တိုင်း ချီကာဂိုမြို့လယ်မှတစ်ဆင့် မစ်ရှီဂန် အဗဲနျူးသို့ သွားရသည်။ ထိုမှတစ်ဆင့် မြို့အနောက်ပိုင်းသို့ ပြေးသော ကားကို ပြောင်းစီးရ၏။ ကျွန်မ ကားစီးရသောအချိန်မှာ ရုံးသွားကြမည့်သူများ အများဆုံး သွားကြသည့်အချိန်ဖြစ်သည်။ ဗန်ဘာရန်လမ်းတစ်လျှောက် ကားစီးလာသောအခါ မြင်ရသည့် မြင်ကွင်းတို့မှာ ပိုပြီး စိတ်ဝင်စားစရာကောင်းပါသည်။ ရွှေရောင်တံခါးများ တပ်ဆင်ထားသည့် အဆောက်အဦကြီးများကို ဖြတ်ရသည်။ ခေတ်မီလှပသော ဟိုတယ်များရှေ့တွင် လာရောက်သည့် ဧည့်သည်တို့၏ ကားများအား ကြိုဆိုနေကြသည့် ဟိုတယ်ဝန်ထမ်းများကို တွေ့မြင်နိုင်သည်။ ကားပြတင်းပေါက်မှ တွေ့မြင်ရသည့် မြင်ကွင်းမှာ သပ်ရပ်သည့်ဝတ်စုံများ ဝတ်ဆင်ကာ လမ်းပေါ်တွင် လျှောက်နေကြသော ဝန်ထမ်းများ ဖြစ်သည်။ အမျိုးသမီးများက စကတ်လှလှကလေးများဝတ် ဆင်ကာ လမ်းလျှောက်နေရင်း လက်တစ်ဖက်ဖြင့် ကော်ဖီခွက် ကိုင်ဆောင်ထားကြသည်။ သူတို့၏ ဒေါက်မြင့်ဖိနပ်သံများက လမ်းပေါ်တွင် တချွပ်ချွပ် ထွက်ပေါ်နေ၏။ ရေးကြီးသုတ်ပျာလျှောက်နေကြသော ထိုသူတို့မှာ သူတို့ကိုယ်သူတို့ အရေးပါ အရာရောက်သည်ဟု မှတ်ထင်နေကြသူများပင် ဖြစ်တော့သည်။

ထိုကာလအတွင်း ကျွန်မသည် တိတ်ဆိတ်နေရင်း အတန်းထဲ၌ မည်သူက စာပိုတော်သည်၊ မည်သူက ဉာဏ်ပိုကောင်းသည် စသည့်အချက်အလက်များကို စုဆောင်းနေ၏။ ထိုသူများအနက် မည်သည့်နေရာတွင် ကျွန်မရှိနေရမည်ဆိုသည် ကိုလည်း သုံးသပ်နေသည်။ ယခုအချိန်တွင် ကျွန်မသည် အိမ်နီးချင်းကလေးများနှင့် ဆော့ကစားခြင်း မပြုတော့ဘဲ ဝမ်းကွဲမောင်နှမများနှင့်သာ အနေများလာသည်။ တစ်ခါတစ်ရံ၌ သက်တံကမ်းခြေတွင် လူကြီးများ၏ အစီအစဉ်ဖြင့် ကျင်းပသော တစ်နေ့တာ ပျော်ပွဲများ၌ ဝင်နွှဲနေတတ်သည်။ ထိုပွဲများမှာ အောက်ခြေလူတန်းစားများ၏ သားသမီးတို့များပြီး အများစုမှာ တောင်ပိုင်းကမ်းခြေမှသာ ဖြစ်သည်။ ဝှစ်တနီ ယန်းကျောင်းတွင် ကျွန်မနှင့် မိတ်ဆွေဖြစ်လာကြသူ တချို့မှာ မြောက်ပိုင်းမှ ဖြစ်ကြသည်။ မြောက်ပိုင်းတွင် နေထိုင်ကြသူများကို တင်စားရလျှင် လကမ္ဘာ၏ တစ်ဖက် ခြမ်း မည်းမှောင်နေသောအပိုင်းနှင့် ယှဉ်ရပေမည်။ ထိုဘက်အပိုင်းအကြောင်း မည်သူကမျှ မတွေးတောသည့်အပြင် မည်သူကမျှလည်း သွားရောက်ရန် မကြိုးစား ကြပေ။ သို့သော် ကျွန်မသူငယ်ချင်း လူမည်းများထံမှ သူတို့အထဲတွင် ဆရာဝန်၊ ရှေ့နေ အစရှိသည့် ပညာတတ်များရှိကြောင်း သိလာရသည်။ သူတို့အချင်းချင်း သိရှိလာကြရသည်မှာလည်း Jack and Jill ဟု အမည်ပေးထားသော အာဖရိကန် အမေရိကန် ကလပ်မှတစ်ဆင့် ဖြစ်သည်ဟု ဆိုကြသည်။ သူတို့က နိုင်ငံကူးလက်မှတ် လိုအပ်သော စကိတ်စီးနိုင်သည့် နေရာများသို့ စုပေါင်းသွားရောက်ဖူးသကဲ့သို့ နွေရာသီ မိတ်ဆုံစခန်းများ၊ သမိုင်းဝင် လူမည်းတက္ကသိုလ်ကြီးများသို့လည်း သွားကြ ဖူးသည် ဆို၏။ သူတို့ပြောသမျှ

အကြောင်းအရာများသည် ကျွန်မ မကြားဖူးသည့် အသစ်အဆန်းများသာ ဖြစ်နေတော့သည်။ ကျွန်မအတန်းထဲမှ လူမည်းယောကျာ်း လေးတစ်ဦးဆိုလျှင် သူ့မိဘများက အလွန်ကြီးမားသော အလှကုန်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်း ထူထောင်ထားကြပြီး သူကိုယ်တိုင်ကလည်း လူတိုင်းအပေါ်တွင် စာနာ ထောက်ထားသူဖြစ်သည်။ သူတို့မိသားစု နေကြသည်မှာလည်း လူချမ်းသာများသာ နေနိုင်သည့် မြို့လယ်ရပ်ကွက်တွင် ဖြစ်သည်။

ကျွန်မအတွက် ကမ္ဘာသစ်တစ်ခုပင် ဖြစ်တော့သည်။ ဤကျောင်းတွင် ပညာသင်ကြားနေသူ အားလုံးသည် ချမ်းသာသည့် မိဘများမှ ပေါက်ဖွားလာသူများ မဟုတ်ကြပေ။ ထို့ကြောင့် ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုသည်မှာ ပြဿနာမဟုတ်။ ကျွန်မ အိမ်နီးချင်းကလေးများလည်း ပါသည်။ သူတို့ဆိုလျှင် ကျွန်မတို့မိသားစုထက် အဆပေါင်းများစွာ ကြိုးစားရုန်းကန်နေကြရသူများ ဖြစ်ပါသည်။ ဗုဒ်တနီယန်း ကျောင်းတွင် စတင် ပညာသင်ယူသော ပထမလမှာပင် ယခင်က ကျွန်မ မမြင်နိုင်ခဲ့သော အချက်အလက်တချို့ကို စတင်မြင်တွေ့လာသည်။ အခွင့်အလမ်းနှင့် အဆက်အသွယ်ရနိုင်ရန် ချပေးထားသော်လည်း တစ်ဝက်တစ်ပျက် ဖုံးကွယ်ထားသည့် လှေကားနှင့် တူလှပါသည်။ ထိုလှေကားဆီသို့ ရောက်နိုင်မည့်ကြိုးများလည်း တွဲလောင်းရှိနေကြပါသည်။ ထိုကြိုးတို့ကို အမိအရ ဆွဲကိုင်နိုင်သူတို့မှာ အခွင့်အလမ်းများ ရကြမည်ဖြစ်သော်လည်း ကောင်းကင်သို့ ရောက်ရန်အတွက်ကိုမူ စွမ်းဆောင်ပေးနိုင် မည် မဟုတ်ပေ။

ကျောင်း၏ ပထမစာမေးပွဲ၌ ကျွန်မရရှိသော အမှတ်များမှာ မဆိုးပါ။ ဒုတိယစာမေးပွဲတွင်လည်း ရမှတ်များမှာ သင့်ပါသည်။ တစ်နှစ်တာအတွင်း ကျွန်မကိုယ်ကျွန်မ ယုံကြည်စိတ်ပြည့်ပြည့်ဝဝ ရှိလာသည်။ ဘရိုင်ယန်ကျောင်းတက် စဉ်ကကဲ့သို့ အပြည့်အဝ ယုံကြည်မှုရှိလာခဲ့သည်။ ကျောင်းစတက်စဉ်က အားငယ် ခဲ့သောစိတ်တို့ စွန့်ခွာသွားကြပြီ။ ဆရာ၊ ဆရာမတို့ကိုလည်း ကျွန်မက သဘောကျ ခြင်းကြောင့် အတန်းထဲ၌ စာမေးသည့်အခါများတွင် ဖြေဆိုရန် လက်ထောင်ပြဖို့ ဝန်မလေးတော့ပေ။ ဗုဒ်တနီကျောင်းတွင် ကျောင်းတက်နေသူများ၏ အဓိက ရည်ရွယ် ချက်မှာ ကောလိပ်ကျောင်းသို့ ဆက်တက်ရန်ဆိုသည်ကို လူတိုင်း နားလည်ထားကြသည်။ ထို့ကြောင့် အမြဲတစေ စမတ်ဖြစ်နေစေရန် ကျောင်းသားတိုင်းက ကြိုးစားကြသည်။ ဤကျောင်းတွင် ကိုယ့်အရည်အချင်းကို ကွယ်ဝှက်ထားရန်မလို။ အဖြူမ တစ်ယောက်ကဲ့သို့ စကားပြောသည်ဟု ဝေဖန်ခံရမည်ကိုလည်း စိုးရိမ်ရန် မရှိပေ။

ကျွန်မက လက်တွေ့လုပ်ဆောင်ကာ ရရှိလာသောရလဒ်ကို ချရေးပြရသည့် ဘာသာရပ်များကို အထူးနှစ်သက်သည်။ သို့သော် ကျွန်မသည် ပင်ကိုအားဖြင့် ဉာဏ် ကောင်းသူ မဟုတ်ပေ။ ကျွန်မရှေ့ ခြေတစ်လှမ်း၊ နှစ်လှမ်း သာနေကြသောသူများကို

ကြည့်လိုက်သောအခါ သူတို့သည် အထူးတလည် မကြိုးစားရဘဲ ကျွန်မအား အသာလေး ကျော်တက်သွားကြသူများဖြစ်သည်ကို တွေ့ရသည်။ ပင်ကို ဉာဏ်မကောင်းသော ကျွန်မအနေဖြင့် နောက်ထပ် နာရီအနည်းငယ် ပိုပြီးကြိုးစားလိုက်ပါက သူတို့ကို မီနိုင်မည်ဟု သိလာသည်။ ထို့ကြောင့် အချိန်ပိုယူကာ ကြိုးစားလိုက်သောအခါ သူတို့အား မီလုမီခင်ဖြစ်လာ၏။

ထိုကာလတွင် ခရိတ်က ပရင်စတန်တက္ကသိုလ်တွင် တက်ရောက်ရန် စာရင်းပေးသွင်းနိုင်ခဲ့သည်။ သူ့အရပ်အမောင်းမှာ ခြောက်ပေ၊ ခြောက်လက်မ ရှိပြီး ကိုယ်အလေးချိန်က ပေါင်နှစ်ရာရှိ၏။ အိမ်၏ မီးဖိုဆောင်နှင့်ကပ်လျက် သူ့အတွက်ပေးထားသော အခန်းထဲတွင် တကုပ်ကုပ်နှင့် စာသာလုပ်နေသည်။ အိမ်မှ ရေခဲသေတ္တာမှာလည်း သူစားမည့် အမဲသား၊ နွားနို့တို့ အစဉ်အမြဲ ဖြည့်တင်းထားသည်။ သို့သော် ခရိတ်သည် တယ်လီဖုန်းဖြင့် မိန်းကလေးများနှင့် စကားပြောနေခြင်း မရှိတော့ပေ။ ဘတ်စကက်ဘောအားကစားတွင် ထူးချွန်ခြင်းကြောင့် တက္ကသိုလ်များ က သူတို့ကျောင်းအား ကိုယ်စားပြုကစားပေးလျှင် ကျောင်းလခ ကင်းလွတ်ခွင့်ပေး မည်ဟု ကမ်းလှမ်းကြသော်လည်း ကျွန်မတို့မိဘများက အခွင့်အရေးထက် ကျောင်းကောင်းဖြစ်ရေးက ပိုလုပ်သင့်သည်ဟု ခံယူကြခြင်းကြောင့် သူတက်ရမည့် တက္ကသိုလ်မှာ ပရင်စတန်တက္ကသိုလ် ဖြစ်လာခဲ့သည်။ ပရင်စတန်တက္ကသိုလ် တက်သောအခါတွင်လည်း သူက တက္ကသိုလ်လက်ရွေးစင်ဖြစ်လာခဲ့သဖြင့် မိဘများမှာ ဂုဏ်ယူကြရပါသည်။ ခြေထောက်မသန်ဖြစ်သွားခဲ့သော အဖေသည် တုတ်ကောက်နှစ်ချောင်းကို အားပြုကာ ခပ်ဝေးဝေးသို့ပင် လျှောက်နိုင်လာပြီး ကားကိုလည်း အချိန်ကြာကြာ မောင်းနိုင်လာသည်။ သူ့ဗျူကားကို နောက်ထပ် ဗျူကား၂၂၅ အသစ် နှင့် လဲစီး၏။ ဒီတစ်ကြိမ် ကားအရောင်မှာ ခရမ်းရောင်ခပ်ရင့်ရင့် ဖြစ်သည်။ အဖေသည် အလုပ်မှ ခွင့်ယူ၍ ရနိုင်သောရက်များ၌ ၁၂ နာရီခန့် တစ်ဆက်တည်း မောင်းကာ အင်ဒီယားနား၊ အိုဟိုင်းယိုး၊ ပဲန်ဆယ်လ်ဗေးနီးယား၊ နယူးဂျာဆီတို့အထိခရိတ် ကစားသည့်ပွဲများကို လိုက်ကြည့်၏။

ဝုစ်တနီကျောင်းတွင် အချိန်ပေးရသည်က များသောကြောင့် မိဘများနှင့် တွေ့သည့်အချိန်မှာ နည်းလာသည်။ ယခု ပြန်စဉ်းစားသောအခါ ထိုကာလက သူတို့ အထီးကျန်နေကြလိမ့်မည်ဟု တွေးမိပါသည်။ အိမ်တွင် နေရသည့်အချိန်ထက် ကျောင်းတွင် နေရသည့်အချိန်က ပိုများနေသည်။ နေ့စဉ် မိနစ်ကိုးဆယ် ဘတ်စ်ကား စီးရခြင်းကို ငြီးငွေ့လာသောကြောင့် တယ်ရီဂျွန်ဆင်နှင့် ကျွန်မ နည်းလမ်းတစ်ခု ကြံဆကြသည်။ မနက် အိပ်ရာထချိန် ဆယ့်ငါးမိနစ်စောထကာ ကျောင်းနှင့် ဆန့်ကျင် ဘက်သို့ သွားသည့် ဘတ်စ်ကားကို စီးကြသည်။ လူနေထူထပ်သော နေရာများကို ဖြတ်သန်းသွားပြီး နောက်တစ်နေရာတွင် ဆင်းကာ ကျောင်းဘက်သွားမည့် ကားကို ပြန်စီးကြသည်။ ထိုသို့ စီးခြင်းအားဖြင့်

ကားချောင်ချောင်စီးရကာ ထိုင်ခုံလည်းရသည်။ အများအားဖြင့် ၇၅ လမ်းထိပ်မှ စောင့်ကာ ပြန်စီးကြသည်။ ထိုင်ခုံရခြင်း ကြောင့် နှစ်ယောက်သား စကားတပြောပြော သို့မဟုတ် စာအကြောင်း ဆွေးနွေးကြသည်မှာ ကျောင်းရောက်သည် အထိပင် ဖြစ်သည်။

ညနေခင်းများတွင် ကျွန်မက ခြောက်နာရီ၊ ခုနစ်နာရီခန့်မှသာ အိမ်ပြန်ရောက်တတ်ရာ ညစာစားမည့်အချိန်နှင့် အတော်ပင်ဖြစ်သည်။ အဖေ၊ အမေတို့နှင့် ညစာအတူစားရင်း ကျောင်း၌ တစ်နေ့လုံး ဖြစ်ပျက်သမျှတို့ကို ပြန်ပြောပြ၏။ သို့သော် စားသောက်ပြီးစီး၍ ပန်းကန်ခွက်ယောက်များ ဆေးကြောပြီးလျှင်မူ ကျွန်မ မိဘများအနားမှ ပျောက်သွားပြီဖြစ်သည်။ အိမ်စာများ လုပ်ရသည်။ တစ်ခါတစ်ရံတွင် အင်ဆိုင်ကလိုပီးဒီးယားစာအုပ်ကို ဆွဲယူကာ ကျွန်မတို့အခန်းနှင့် တယ်ရီတို့ အခန်း ကြားရှိ လေှကားအိမ်၌ လွတ်လွတ်လပ်လပ် သွားနေတတ်သည်။

မိဘများက ကျွန်မ ကောလိပ်ဆက်တက်လျှင် ကုန်ကျမည့်စရိတ်နှင့် ပတ်သက်၍ တစ်ခွန်းမျှ မပြောခဲ့ကြပါ။ သို့သော် အခက်အခဲရှိမည် ဆိုသည်ကို ကျွန်မ သိပါသည်။ တစ်ကြိမ်တွင် ကျွန်မတို့ ဆရာမ ပြင်သစ်သူက ကျောင်းပိတ်ရက်၌ ပြင်သစ်နိုင်ငံ ပဲရစ္စသို့ ပြန်မည်ဖြစ်သဖြင့် အလည်လိုက်လိုသူများ ကိုယ့်စရိတ်နှင့်ကိုယ် လိုက်နိုင်သည်ဟု ပြောသော်လည်း ကျွန်မမိဘများ စိတ်မဆင်းရဲစေလိုသဖြင့် အိမ်တွင် ထိုအကြောင်း လုံးဝမပြောခဲ့ပါ။ ကျွန်မနှင့် မိတ်ဆွေဖြစ်နေကြပြီဖြစ်သော Jack and Jill အဖွဲ့ဝင်များနှင့် ကျွန်မ၏ ကွာခြားချက်မှာ ထိုနေရာတွင် ဖြစ်သည်။ ကျွန်မ၌ မြို့ကိုဖြတ်ကာ ကျောင်းတက်ရန်အတွက် ကုန်ကျစရိတ်ရှိသည်။ အိမ်ပြန် ရောက်လျှင် ညစာ ပူပူနွေးနွေးစားရသည်။ ထို့ထက်ပို၍ မိဘများအား ပူဆာလိုစိတ် မရှိပေ။

တစ်ညနေတွင် မိဘများက ကျွန်မအား သူတို့ရှေ့တွင် ထိုင်ခိုင်းသဖြင့် ဇဝေဇဝါဖြစ်သွားသည်။ အမေက ပြင်သစ်ခရီးစဉ်အကြောင်း တယ်ရီဂျွန်ဆင်၏ မိခင်ထံမှ သတင်းကြားလာခဲ့သည်။

“သမီး ဘာဖြစ်လို့ ဒီအကြောင်း အမေတို့ကို မပြောတာလဲ”ဟု အမေက မေး၏။

“ပိုက်ဆံအကုန်အကျများမှာမို့ပါ”

“ဒါက သမီးဆုံးဖြတ်ရမယ့်ကိစ္စ မဟုတ်ဘူး မစ်ချ်” အဖေက ညင်ညင်သာသာ ဝင်ပြောသည်။ “သမီးက အကျိုးအကြောင်းတောင် ပြောမပြတော့ အဖေတို့က ဘယ်လိုဆုံးဖြတ်ရမလဲ”။

အဖေနှင့်အမေကို မဝေခွဲတတ်သော မျက်လုံးများနှင့် ကြည့်မိသည်။ အမေ

က ကျွန်မကိုကြည့်နေပြီး သူ့မျက်လုံးများက နူးညံ့ပျော့ပျောင်းနေသည်။ အဖေက ရုံးဝတ်စုံကိုချွတ်ကာ ရုပ်အကျႌအဖြူ ဝတ်ထား၏။ နှစ်ယောက်လုံးမှာ လေးဆယ်စွန်းစွန်းအရွယ်ဖြစ်ကြပြီး အိမ်ထောင်သက် နှစ်နှစ်ဆယ်ကျော်ကြပြီ ဖြစ်သည်။ သူတို့နှစ်ယောက်စလုံး ဥရောပသို့ အပန်းဖြေခရီး မသွားဖူးကြ။ အိမ်တစ်လုံး အပိုင်မရှိကြ။ သူတို့ဘဝတွင် ကျွန်မတို့မောင်နှမသာလျှင် ရင်းနှီးမြှုပ်နှံမှုဖြစ်တော့သည်။

နောက်လအနည်းငယ်အကြာတွင် ကျွန်မဆရာမ ဦးဆောင်ကာ ဝုစ်တနီယန်းကျောင်းမှ သူငယ်ချင်းတစ်ဒါဇင်ခန့်နှင့် ပြင်သစ်နိုင်ငံသို့ သွားသည့် လေယာဉ်ပေါ်သို့ ရောက်နေပြီဖြစ်သည်။ မိုတယ်တစ်ခုတွင် တည်းခိုကြရပြီး ပဲရစ်မြို့ရှိ အီဖယ်လ် မျှော်စင်နှင့် အခြား သိမှတ်ဖွယ်နေရာများကို လှည့်လည်ကြသည်။ လမ်းပေါ်တွင် ရောင်းချသောပစ္စည်းအချို့ ဝယ်ယူကြသည်။ လမ်းများပေါ်တွင် လျှောက်သွားကြကာ ပြင်သစ်စကားပြောနေကြသူများကို ငေးမောကြသည်။ ကျောင်းတွင် ပြင်သစ်စကား ပြောသည့်ကလေးများ ရှိသော်လည်း ကျွန်မတို့က မပြောတတ်ပါ။ လေယာဉ်ပျံတက် စဉ်က ပြတင်းပေါက်မှတစ်ဆင့် လေယာဉ်ကွင်းကို ကျွန်မ ငုံ့ကြည့်မိသည်။ အမေသည် မည်းမှောင်နေသော တစ်နေရာ၌ အိမ်ပြင်ထွက်ကာ လေယာဉ်ရှိရာသို့ မှန်းဆပြီး လက်ပြနေရော့မည်။ ဂျက်အင်ဂျင်၏ အသံမှာ ကြောက်မက်ဖွယ်ကောင်း လောက်အောင်ပင် ကျယ်လောင်လှပါသည်။ လေယာဉ်အတွင်းရှိ လျှောက်လမ်းပေါ် ထိုင်ကာ ကစားလိုလှပါသော်လည်း ရင်တွင်း၌ ဖိထားသကဲ့သို့ ထူးခြားသော ခံစားမှုတစ်ခုကြောင့် ထိုင်ခုံပေါ်တွင် ငြိမ်ငြိမ်သာ ထိုင်နေမိတော့သည်။ ကောင်းကင်ယံ သို့ လေယာဉ် ထိုးတက်သွားချိန်၌ ခံစားရသည်မှာလည်း ထူးခြားလှပါသည်။

အထက်တန်းကျောင်းသူ၊ ကျောင်းသားများ ထုံးစံအတိုင်း ကျွန်မနှင့် သူငယ်ချင်းများမှာ မည်မည်ရရမရှိ လတ်လျားလတ်လျားနေကြသည်။ အသံကျယ်ကျယ်ဖြင့် စကားပြောကြခြင်းကို လူရှေ့မရှောင် အကျင့်ဖြစ်နေကြ၏။ တစ်ခါတစ်ရံ ကျောင်းစောစောဆင်းရသည့်အခါ သို့မဟုတ် အိမ်စာလုပ်ရန် နည်းနည်းသာပါသည့်ရက်များ၌ အုပ်စုလိုက် ချီကာဂိုမြို့လယ်ကောင် ရှစ်ထပ်ကုန်တိုက်ရှိရာ ဝါးတားတာဝါ ပလေ့စ်သို့ သွားကြသည်။ ကုန်တိုက်တွင် စက်လှေကားများကို အစုန်အဆန်စီးကြသည်။ ပြောင်းဖူးပွင့်များ ဝယ်စားကြသည်။ မက်ဒေါ်နယ်လ်ဆိုင်တွင် အစားအသောက် အနည်းငယ် မှာယူစားသောက်ကြပြီး လိုအပ်သည်ထက် အချိန်ပိုထိုင်ကြသည်။ ဒီဇိုင်နာများ ချုပ်လုပ်ထားသည့် ဂျင်းဘောင်းဘီများကို ဝင်ကြည့်ကြသည်။ မာရှယ်လ်ဖီးလ်ဆိုင်တွင် ပြထားသော ပိုက်ဆံအိတ်လှလှကလေးများ ဝင်ကြည့် ကြသည်။ ထိုအခါများတွင် လုံခြုံရေးများက ကျွန်မတို့အား မယုံသင်္ကာကြည့်တတ်ကြ သဖြင့် သူတို့အကြည့်များကို မကြိုက်ကြပေ။

ထိုကာလများမှာ ကျွန်မတို့အတွက် ပျော်စရာကောင်းသောအချိန်များပင် ဖြစ်တော့သည်။ ပျော်စရာများကလည်း တစ်ခုပြီးတစ်ခု ဆက်နေသည်။ လည်ပတ်နေကြသော အချိန်များတွင် ကျောင်းအကြောင်း မတွေးကြခြင်းကြောင့် ချီကာဂိုမြို့သည် အလှကြီးလှနေတော့၏။ ကျွန်မတို့မှာ မည်သည့်နေရာတွင် ပိုပျော်ရမည်ဆိုသော အတွေးဖြင့် ပျော်စရာနေရာရှာနေကြသော ကျောင်းသူကလေးများပင် ဖြစ်တော့သည်။ ကျွန်မ အများဆုံးတွဲဖြစ်သည့် သူငယ်ချင်းမှာ စန်တီတာ ဂျက်ဆင်ဆိုသည့် အတန်းဖော်သူငယ်ချင်း ဖြစ်ပါသည်။ မနက်တိုင် ကျောင်းသွားလျှင် ကျွန်မ ကားပေါ် ရောက်ပြီး နောက်လေး၊ ငါးမှတ်တိုင်အကွာတွင် ကားပေါ်ရောက်လာတတ်သူ ဖြစ်ပြီး အထက်တန်း ကျောင်းသူဘဝတွင် အရင်းနှီးဆုံး သူငယ်ချင်းဖြစ်ခဲ့၏။ စန်တီတာ၏ မျက်လုံးများမှာ အလွန်လှပြီး ပါးဖောင်းဖောင်းကလေးနှင့် ဖြစ်သည်။ သူ့အသက်မှာ ဆယ့်ခြောက်နှစ်သာ ရှိသေးသော်လည်း ဉာဏ်ကောင်းသည့် အမျိုးသမီးအသွင် ပေါ်လွင်နေသည်။ စန်တီတာသည် ကျောင်း၏ AP သင်တန်းများတွင် ဂျင်းဘောင်းဘီ ဝတ်ခွင့်ရရေးကို လက်မှတ်ရေးထိုးတောင်းဆိုရာ၌ တစ်ဦးအပါအဝင် ဖြစ်သည်။ သူကိုယ်တိုင်ကမူ စကတ်များကိုသာဝတ်လေ့ရှိပြီး အခြားကျောင်းသူများက ဂျင်းဘောင်းဘီများ ဝတ်ဆင်နေကြပြီ ဖြစ်သည်။ သူသည် သီချင်းဆိုကောင်းသူလည်း ဖြစ်သည်။ အသံသြဇာရှိသဖြင့် ရော်ဘာ့တာဖလက်အဖွဲ့တွင် နောက်ခံသီဆိုသူအဖြစ် နေရာရသွားခဲ့သည်။ သူ့အသံမှာ နက်နက်နဲနဲရှိသဖြင့် ရထိုက်သည်ဟု ဆိုရပါမည်။ ကျွန်မက စန်တီတာအား အလွန်ချစ်ပါသည်။ သူသည် ကျွန်မကဲ့သို့ပင် အုပ်စုဖွဲ့သော အခါ၌ အသံထွက်သော်လည်း အတန်းထဲ၌မူ တိတ်တိတ်ဆိတ်ဆိတ် နေတတ်သူပင် ဖြစ်ပါသည်။ ကျွန်မတို့နှစ်ယောက် ပူးပေါင်းကာ ဘဝ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရန် ကျိတ်ပြီး ကြိုးစားကြသည်။ ပြဿနာကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ နှစ်ယောက် တိုင်ပင်ကာ ဖြေရှင်းကြသည်။ စန်တီတာ၏ အိမ်တွင် ကျွန်မတို့နှစ်ယောက်သည် စကားတပြောပြောရှိခဲ့ကြ၏။ သူတို့အိမ်မှာ ဒုတိယထပ်တွင်ရှိပြီး ဂျက်ဆင်ပါ့ခ်ဟိုင်း လန်းဒေသတွင် ရှိပါသည်။ ကျွန်မတို့နှစ်ယောက်သည် ဘဝတွင် ကြုံတွေ့လာသော ပြဿနာများအကြောင်း အများဆုံး ပြောဖြစ်ကြပါသည်။ နှစ်ယောက်စလုံးမှာ လောကကြီးနှင့်ပတ်သက်၍ ဘာမျှမသိသေးသော အရွယ်များပင် ဖြစ်ပါသည်။ သူငယ်ချင်းတစ်ယောက်အနေနှင့် ပြောရလျှင် စန်တီတာသည် သူများပြောသည်ကို စိတ်ပါဝင်စားစွာ နားထောင်တတ်သည့်သူဖြစ်ပြီး ကျွန်မကိုယ်တိုင်က သူ့လိုဖြစ်ရန် ကြိုးစားမိသည်အထိ ဖြစ်ပါသည်။

စန်တီတာ၏ ဖခင်ဖြစ်သူမှာ နာမည်ကြီးတစ်ဦး ဖြစ်၏။ ထို့ကြောင့်ပင် စန်တီတာ၏ဘဝ၌ အခက်အခဲများ ကြုံလေသလားဟု တွေးမိပါသည်။ သူသည် ဘုန်းတော်ကြီး ဂျက်စီဂျက်ဆင်မိသားစုမှ အကြီးဆုံးသမီး ဖြစ်သည်။ ဖခင်ဖြစ်သူမှာ

ဘက်ပ်တစ်ဘာသာဘုန်းတော်ကြီးတစ်ဦး ဖြစ်၏။ သူသည် တစ်နေ့တခြား ဩဇာတက်လာသော နိုင်ငံရေးခေါင်းဆောင်တစ်ဦးလည်း ဖြစ်လာသည်။ ဂျက်ဆင်က မာတင်လူသာကင်း ဂျူနီယာနှင့် ရင်းနှီးသူတစ်ဦးဖြစ်ပြီး ၁၉၇၀ ခုနှစ်များတွင် နိုင်ငံရေးပါတီတစ်ခု ကိုယ်တိုင်ထူထောင်လိုက်သည်။ သူ့ပါတီအမည်မှာ Operation PUSH ဟု အမည်ရ၏။ ထိုပါတီက အာဖရိကန်-အမေရိကန်လူမျိုးတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများအတွက် တိုက်ပွဲဝင်ပေးသော ပါတီတစ်ခုပင် ဖြစ်ပါသည်။ ကျွန်မတို့ အထက်တန်းကျောင်းသူဘဝရောက်ချိန်တွင် သူသည် အောင်မြင်ကျော်ကြားသည့် Celebrity တစ်ဦး ဖြစ်နေပြီ ဖြစ်သည်။ လူအများက ချစ်ခင်ကြပြီး အမြဲတစေ လှုပ်ရှားရုန်းကန်နေသူတစ်ဦးလည်း ဖြစ်သည်။ သူသည် နိုင်ငံအနှံ့ ခရီးလှည့်လည်သွား လာပြီး လူမည်းတို့၏ အခွင့်အရေးများကို မိုးချုန်းသံတမျှ ကျယ်လောင်စွာ တိုက်ပွဲဝင် တောင်းဆိုပေးသူတစ်ဦး ဖြစ်သည်။ လူမည်းတို့ ပါဝင်ပတ်သက်ခွင့်မရသော နိုင်ငံရေး ဩဇာအာဏာများနှင့် ပတ်သက်၍လည်း တောင်းဆိုခဲ့သည်။ သူ့ပါတီ၏ ကြွေးကြော် သံမှာ Down with Dope! Up with Hope (ဆေးမသုံးပါနှင့်၊ မျှော်လင့်ချက်များများ ထားပါ)ဖြစ်သည်။ သူ ရောက်လေရာတွင် ယင်းသို့ တရားဟောလေ့ရှိပါသည်။ ကျောင်းသားလူငယ်များနှင့် ပတ်သက်၍ သူဟောပြောလေ့ရှိသည်မှာ ရုပ်မြင်သံကြား စက်ကို ၂ နာရီပိတ်လိုက်ပြီး ညစဉ်ညတိုင်း အိမ်စာလုပ်ကြပါ ဟူ၍ ဖြစ်သည်။ မိဘများကိုလည်း ထိုသို့ဆောင်ရွက်ရန် ကတိပေးစေသည်။ အာဖရိကန်-အမေရိကန် လူမျိုးများ ပျောက်ဆုံးနေသောပန်းတိုင်ကို ရှာဖွေကာ မရောက်ရောက်အောင် သွားကြ ဖို့ကိုလည်း တိုက်တွန်းခဲ့သူ ဖြစ်သည်။ “လူတိုင်းလူတိုင်း ညည်းညူနေကြပေမဲ့ တီဗွီကို ညစဉ် ၂ နာရီလောက် ပိတ်ကြည့်ကြပါ”ဟု သူက တိုက်တွန်းသည်။

စန်တီတာ၏ အိမ်တွင် သွားရောက်လည်ပတ်ရသည်မှာ ရင်ခုန်ဖွယ်ကောင်း လှပါသည်။ ခပ်ကျဉ်းကျဉ်းအခန်းတွင် မိသားစုဝင် ကလေး ၅ ဦးရှိပြီး ရှေးဟောင်း ပရိဘောဂများနှင့် ဖန်ထည်ပစ္စည်းများ ရှိပါသည်။ ထိုပစ္စည်းများမှာ စန်တီတာ၏ မိခင်ဖြစ်သူ ဂျက်ကလင်းက နှစ်သက်မြတ်နိုးစွာ စုဆောင်းခဲ့ခြင်း ဖြစ်၏။ ကျွန်မက စန်တီတာ၏ မိခင်အား မစ္စစ္စဂျက်ဆင်ဟု ခေါ်လေ့ရှိပြီး သူ့စိတ်ဓာတ်မှာ မြင့်မားသည့် အပြင် အရယ်သန်သူလည်း ဖြစ်၏။ မစ္စစ္စဂျက်ဆင်က ခပ်ပွပွအဝတ်အထည်များ၊ အရောင်အသွေးစုံသော အဝတ်အထည်များကို ဝတ်ဆင်လေ့ရှိသူဖြစ်ပြီး ထမင်းစားခန်း အတွင်း၌ စားကောင်းသောက်ဖွယ်များကို မည်သူမဆို ဝင်ရောက်စားသုံးနိုင်ရန် ပြင်ဆင်ထားလေ့ ရှိပါသည်။ သူ့အခေါ်အရ “လှုပ်ရှားသူများ”သည် အချိန်မရွေး သူတို့အိမ်၌ ဝင်ရောက်စားသောက်လေ့ရှိပါသည်။ ထိုသူများတွင် စီးပွားရေးခေါင်း ဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ကဗျာဆရာများ ပါဝင်သည့်အပြင်

အောင်မြင်ကျော်ကြားသည့် ပုဂ္ဂိုလ်များလည်း လာရောက်လေ့ရှိရာ အဆိုတော်များ၊ အား ကစားသမားများ ပါဝင်တတ်ပါသည်။

ဘုန်းတော်ကြီး ဂျက်ဆင် အိမ်တွင်ရှိသည့်အခါ၌ သူတို့အိမ်သည် ပိုမိုခွန်အားပြည့်နေပုံရသည်။ ပုံမှန်ပြုလုပ်နေကျ ဆိုသည့်အလုပ်များကို ဘေးဖယ်ထားပြီး ညစာစားသည့် စားပွဲတွင် စကားပြောကြသည်မှာ ညဥ့်နက်သည်အထိ ဖြစ်၏။ အကြံပေးကြသူများ ဝင်ကြ၊ ထွက်ကြ ရှိသည်။ စီမံကိန်းများလည်း အမြဲတစေ ဆွဲနေကြသည်။ ကျွန်မတို့အိမ်နှင့် ကွာခြားသည်မှာ အိမ်တွင် ပုံမှန်လည်ပတ်နေကျ နေ့စဉ် လုပ်ရိုးလုပ်စဉ်များ အတိုင်းသာ လည်ပတ်နေခြင်းကြောင့် ဖြစ်သည်။ ကျွန်မမိဘများက ကျွန်မတို့ပျော်ရွှင်စေရန်နှင့် အောင်မြင်စေရန်သာ ဂရုစိုက်သည်။ ဂျက်ဆင် မိသားစုတို့ကမူ ကျွန်မမိဘများ မျှော်မှန်းသည်ထက် ပိုမိုကြီးမားသော မျှော်လင့်ချက်များ ထားရှိပုံရသည်။ သူတို့အသိုင်းအဝိုင်းမှာ ကြီးမားပါသည်။ သူတို့လုပ်ဆောင်မည့် ကိစ္စများမှာလည်း အရေးပါလှ၏။ စန်တီတာနှင့် သူ့မောင်နှမတို့မှာ ငယ်စဉ်ကတည်း က နိုင်ငံရေးအကြောင်းများကို နားရည်ဝ,ခဲ့ကြသူများ ဖြစ်ပါသည်။ သပိတ်မှောက် သည်ဆိုသည်မှာ ဘာဖြစ်သည်ကို သူတို့ နားလည်၏။ သူတို့ဖခင်၏ ကိစ္စများအတွက် သူတို့ကိုယ်တိုင် ချီတက်ကြသည်။ ခရီးထွက်သည်ဆိုလျှင်လည်း သူတို့ ပါဝင်ကြသည်။ ထို့ကြောင့် သူတို့သည် အစ္စရေး၊ ကျူးဘား၊ နယူးယောက်၊ အတ္တလန္တာ စသည့်နေရာများသို့ ရောက်ဖူးကြ၏။ တရားပွဲများတွင်လည်း သူတို့သည် လူအုပ်ကြီး၏ ရှေ့၌ ရှိနေကြပြီး စိတ်ပူပပန်ခြင်း၊ ဆန့်ကျင်ခြင်း ဆိုသည်များကို ဖခင်နှင့်အတူ မျှဝေခံစားနိုင်ကြသည်။ လူမည်းဖခင်၏ အပါး၌ သက်တော်စောင့်များသဖွယ် ရှိခဲ့ကြသည်။ ထိုစဉ်ကာလက ဂျက်ဆင်၏ အသက်ကို လုပ်ကြံမည်ဟု ခြိမ်းခြောက် သံများပေါ်ထွက်နေကြောင်း ကျွန်မ တစ်စွန်းတစ်စသာ သိခဲ့ရပါသည်။

စန်တီတာသည် သူ့ဖခင်အား အလွန်ချစ်မြတ်နိုးပြီး ဖခင်လုပ်သမျှကိုလည်း ဂုဏ်ယူဝင့်ကြွားသူဖြစ်၏။ တစ်ပြိုင်တည်းမှာပင် သူက သူ့ဘဝကို သူ့ခြေထောက်ပေါ် ရပ်နိုင်စေရန်လည်း ကြိုးစားနေသူဖြစ်ပါသည်။ သူနှင့် ကျွန်မသည် အမေရိကန်ပြည် တောင်စုတစ်ဝန်းရှိ လူမည်းလူငယ်များ ပေါင်းစည်းရေးကို ကြိုးစားလုပ်ဆောင်ကြသည်။ သို့သော် ကျွန်မတို့အနေဖြင့် ဝါးတားတာဝါပလေ့စ်တွင် ရောင်းချနေသော ကေစွစ်စ်အနွေးထည်အင်္ကျီများ ဈေးလျှော့ရောင်းသည့်ကာလ ကုန်ဆုံးမသွားမီ အမြန် ဆောင်ရွက်ရန် လိုအပ်နေခဲ့သည်။ တစ်ခါတစ်ရံတွင် ကျွန်မတို့မှာ အမြန်သွားရန် လိုအပ်ခြင်းကြောင့် သူများကားကို ကပ်စီးရသည့်အခါ စီးကြရသည်။ ကျွန်မတွင် အလုပ်လုပ်သော မိဘနှစ်ပါး ပိုင်ဆိုင်သည့် ကားတစ်စီးသာ ရှိသည်။ ဂျက်ဆင်မိသားစု၌မူ ကျွန်မနှင့် ကွာခြားပါသည်။ ထိုအိမ်တွင် မစ္စစ္စဂျက်ဆင်က စတေရှင်ဝက် ဂွန်းကားတစ်စီး ရှိသကဲ့သို့ ပြိုင်ကားသေးသေးလေး တစ်စီးလည်း ရှိ၏။ တစ်ခါတစ်ရံတွင်

ကျွန်မတို့နှစ်ယောက်သည် ဝန်ထမ်းတစ်ဦးဦးမောင်းသော ထိုကားနှင့် အပြင်ထွက်တတ်သကဲ့သို့ ဂျက်ဆင်အိမ်သို့ လာသော ဧည့်သည်တစ်ဦးဦး၏ ကားကို ကပ်စီးသည့်အခါ၌လည်း စီးတတ်ပါသည်။ သို့သော် ကျွန်မတို့နှစ်ယောက်က အရေး ပေါ်သည့်အခါ၌သာ ထိုသို့ဆောင်ရွက်ကြခြင်း ဖြစ်သည်။ ထိုအကျင့်သည် ကျွန်မ ငယ်စဉ်ကတည်းက ရရှိလာသော အလေ့အကျင့်တစ်ရပ်ပင် ဖြစ်တော့သည်။ ကြိုတင် ရေးဆွဲထားသော အချိန်ဇယားများ ဆိုသည်မှာလည်း အစဉ်အမြဲ အတိအကျ ဆောင်ရွက်၍မရနိုင် ဆိုသည်ကို နားလည်လာခဲ့သည်။ မည်သို့မျှ အမှားအယွင်း၊ အတိမ်း အစောင်းမရှိစေရန် သတိထား ဆောင်ရွက်ကြသော်လည်း တစ်ခါတစ်ရံတွင် အမှားအယွင်းဆိုသည်မှာ ပေါ်ပေါက်လာသည်သာ ဖြစ်၏။ စန်တီတာနှင့် ကျွန်မ သည် သူ့ဖခင်၏ တရားပွဲများကြောင့် နှောင့်နှေးမှုကို မကြာခဏ ကြုံရတတ်ပါသည်။ အစည်းအဝေးမှ နောက်ကျနေခြင်း၊ လေယာဉ်ဆိုက်ချိန် နောက်ကျခြင်း စသည်တို့ ကြောင့် ဖြစ်ပါသည်။ ကျွန်မတို့နှစ်ယောက်၏ စိတ်ကူးက အိမ်မှ ကျောင်းသို့ သွားရန် သို့မဟုတ် ရော့ပင်းမောတစ်ခုခုသို့ သွားရန် စိတ်ကူးကြသော်လည်း တကယ် ဖြစ်လာသည်က နိုင်ငံရေးတရားပွဲသို့ ရောက်သွားသည်လည်း ရှိတတ်ပါသည်။

တစ်နေ့တွင် ကျွန်မတို့နှစ်ယောက်သည် ဂျက်စီဂျက်ဆင်အား ထောက်ခံသည့် သူများနှင့် Bud Billiken နေ့အထိမ်းအမှတ်အဖြစ် ချီတက်သည့်ပွဲ၌ ပါဝင်ခဲ့ကြသည်။ ထိုချီတက်ပွဲမှာ ရှေးနှစ်ပေါင်းများစွာက သတင်းစာတွင် ဖော်ပြခဲ့သော ဝတ္ထုတစ်ပုဒ်မှ ဇာတ်ကောင်တစ်ယောက်၏ အမည်ကို ခံယူထားသော စစ်ကြောင်း ဖြစ်ပါသည်။ ထိုချီတက်ပွဲမှာ နှစ်စဉ်နှစ်တိုင်း တောင်ပိုင်းကမ်းခြေမြို့၏ အထူးခြားဆုံး သော ချီတက်ပွဲ ဖြစ်ပါသည်။ နှစ်စဉ် ဩဂုတ်လ၌ ကျင်းပပြီး ကြီးကျယ်ခမ်းနားစေ ရန် ဘင်ခရာအဖွဲ့များ အပါအဝင် တန်းစီလှည့်လည်ကြသည်မှာ နှစ်မိုင်ခန့် ရှည်လျား ပါသည်။ ထိုသို့ လှည့်လည်ရာတွင် မာတင်လူသာကင်း ဂျူနီယာ အမှတ်တရလမ်းကို ဖြတ်ကာ လျှောက်ကြခြင်းဖြစ်ပြီး အများစုမှာ အာဖရိကန်-အမေရိကန်လူမျိုးများ ဖြစ်ကြသည်။ ထိုလူတန်းကြီးကို Black Beltဟု သမုတ်ခဲ့ကြပြီး နောင်တွင် Bronzville ဟု ပြောင်းလဲခေါ်တွင်ကြပါသည်။ Bud Billiken Day အထိမ်းအမှတ် ချီတက်ပွဲမှ ရရှိလာသည့် အကျိုးအမြတ်မှာ ဘတ်စကက်ဘောသင်တန်းများ ပေါ်ထွက်လာခြင်း ဖြစ်သည်။ ကျောင်းသားများအတွက် ကျောင်းဝင်းအတွင်း စုဝေးကာ သင်ကြားပို့ချ ခြင်းများ ပေါ်ထွက်လာသည်။ ကျောင်းဝင်းမှာ ကျယ်ပြန့်ပြီး လှလည်းလှပါသည်။

ထိုသို့ ချီတက်ရာတွင် ခရိတ်၏ သူငယ်ချင်းများလည်း ပါဝင်လာ၏။ ကျွန်မ၏ မိသားစုဝင်များကမူ ပါဝင်ခြင်းမရှိသကဲ့သို့ ကန့်ကွက်မှုလည်း မပြုပေ။ ခရိတ်ကိုယ် တိုင်ကရော နှစ်သက်ပါမည်လားဟု ကျွန်မ တွေးမိသည်။

သူရွေးချယ်ခဲ့သော ပရင်စတန်တက္ကသိုလ်သည် ကျွန်မစိတ်ကူးထဲတွင် ကြိုတင်ရွေးချယ်ထားသော တက္ကသိုလ်ပင် ဖြစ်တော့သည်။ ဂုစ်တနီယန်း၏ အထက်တန်းကျောင်းသူဘဝတွင် ကျွန်မသည် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်တွေ့ရန် လျာထားခံ ရသည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်မ များများစားစား ပြောပြနိုင်စွမ်း မရှိပေ။ သူမက ဘာလူမျိုး၊ အသက် မည်မျှခန့်ရှိသည်၊ ကျွန်မ သူ့ရုံးခန်းသို့ ဝင်သောအခါ မည်သို့ကြည့်သည် စသည်တို့ကို ကျွန်မ မမှတ်မိတော့ပေ။ ထိုအတိုင်ပင်ခံ ပုဂ္ဂိုလ်က ကျွန်မသည် တက္ကသိုလ်ဆက်တက်ခွင့်ရနိုင်သည့် ကျောင်းသူ ထိပ်သီးတစ် ဆယ်ရာခိုင်နှုန်းတွင် ပါဝင်ကြောင်း အသိပေးလိုက်သဖြင့် အပျော်လွန်ကာ ဘာမျှ မမှတ်မိခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် ကျွန်မသည် နဝမဂရိတ် ကျောင်းသူသာဖြစ်သော်လည်း အထက်တန်းကျောင်းသူ ကျောင်းသားများနှင့် ဖွဲ့စည်းသော အမျိုးသားဂုဏ်ထူးဆောင်အသင်း၏ ဘဏ္ဍာရေးမှူးအဖြစ်လည်း ခန့်အပ်လိုက်ပါသည်။ ကျွန်မ ဝမ်းသာမိသည်မှာ တုန်လှုပ်ချောက်ချားလာသည် အထိပင် ဖြစ်၏။ သူက ကျွန်မ ရေးသားခဲ့သောစာများကို ဖတ်ကြည့်၊ မကြည့် မသိပေ။ ကျွန်မက အခါအခွင့်သင့်တိုင်း ကျွန်မ အစ်ကို တက်နေသော ပရင်စတန်တက္ကသိုလ် ဆက်တက်မည်ဟု ရေးသားလေ့ရှိသည်။

ဖြစ်နိုင်သည်မှာ အတိုင်ပင်ခံပုဂ္ဂိုလ်က ကျွန်မ ရည်မှန်းချက် ပေါက်မြောက် အောင်မြင်နိုင်ပါကြောင်း အစည်းအဝေး၌ တွေ့သောအခါ ပြော၏။ ကျွန်မ ရေးခဲ့သည့် မည်သည့်စာကို ဖတ်ကာ ပြောသည်ဆိုသည်ကိုမူ မမှတ်မိတော့ပေ။ အတိုင်ပင်ခံ ပုဂ္ဂိုလ်က ကျွန်မအား စကားတစ်ခွန်းတည်းသာ ဆိုသည်။

"သိပ်တော့မသေချာဘူးပေါ့လေ"။ သူက ကလေးတစ်ယောက်အား လူကြီး တစ်ယောက် နှစ်သိမ့်သည့် အပြုံးမျိုးဖြင့် ကျွန်မကိုကြည့်ကာ ဆိုသည်။ "မင်း ပရင်စတန်ကျောင်းသူ ဖြစ်မလား၊ မဖြစ်ဘူးလားဆိုတာ"။

သူ့အကဲဖြတ် သုံးသပ်ချက်မှာ ကျွန်မ၏ ရမှတ်များကိုကြည့်ကာ ပြောခြင်း ဖြစ်သည်။ သူသည် ကျောင်းသူကျောင်းသားများအား အစဉ်ကြည့်ကာ ဘယ်သူက ဖြစ်နိုင်သည်၊ ဘယ်သူက မဖြစ်နိုင် ဆိုသည်များကို သုံးသပ်နေဟန် ရှိပါသည်။ သူပြောသမျှ မှန်နိုင်သည်ဟု ကျွန်မ ယုံကြည်သည်။ သူနှင့် စကားပြောခွင့်ရလိုက်ခြင်းက ကျွန်မအတွက် အတွေးများစေခဲ့သည်။ သူ့စကားကို ကြားပြီးသည့်နောက် ကျွန်မ ကြိုးစားမှုမှာ မလုံလောက်သေးဟု မြင်လာသည်။ မလုံလောက်သေးဘူး။ မလုံလောက်သေးဘူး။

ဂုစ်တနီယန်းကျောင်းတွင် သုံးနှစ် ပညာသင်ကြားလိုက်ရခြင်းက ကျွန်မ

ရှိရင်းစွဲ ဝီရိယထက် ပိုလာစေပြီး ရည်မှန်းချက်အောင်မြင်စေရန် ပံ့ပိုးပေးခဲ့ပါသည်။ ဘောလူတစ်ယောက်က ကျွန်မကိုယ်ကျွန်မ သိထားသည်ထက် ပို၍ မြင်နေသည်ကို သတိပြုမိလာသည်။ ထို့ကြောင့် ပရင်စတန် ဆိုသည့် ရည်မှန်းချက်မပျောက်ပျက် စေရန် ကျွန်မကြိုးစားခဲ့သည်။ ကျွန်မ ပရင်စတန်ကျောင်းကိုသာ လျှောက်ထားမည် ဖြစ်ပြီး အခြားကျောင်းများကို ရွေးချယ်ရာတွင် စိတ်ကူးမည် မဟုတ်ပါ။ သို့သော် ကျောင်းအတိုင်ပင်ခံ၏ စကားက ကျွန်မအတွက် တွန်းအားဖြစ်စေခဲ့သည်မှာ အမှန် ပင်ဖြစ်ပါသည်။ ကျွန်မအား အမှန်တကယ်နားလည်ပေးသောသူထံမှ အကူအညီရယူ ရမည်ဆိုသည်ကိုလည်း သဘောပေါက်ခဲ့ပါသည်။ ကျွန်မနှင့် တစ်လမ်းတည်းနေထိုင်သည့် သူလည်းဖြစ်၊ လက်ထောက်ကျောင်းအုပ်လည်းဖြစ်သည့် မစ္စတာစမစ်က ကျွန်မ၏ ကြိုးပမ်းအားထုတ်မှုများကို တွေ့မြင်ကာ သူ့သားသမီးတစ်ယောက်ကဲ့သို့ ခွန်အား ပေးခဲ့ပါသည်။ ပရင်စတန်သို့ ဆက်သွယ်နိုင်ရန် သူ ထောက်ခံပေးမည်ဟုလည်း ဆိုခဲ့ပါသည်။

ကျွန်မဘဝတွင် ထိုကဲ့သို့ အားပေးကူညီစောင့်ရှောက်သူများ တွေ့လာရခြင်း က ကံကောင်းသည်ဟု ဆိုရပါမည်။ ကျွန်မ ဆုံတွေ့ခဲ့ရသူများထဲတွင် ကမ္ဘာ့ခေါင်း ဆောင်များ၊ တီထွင်ဖန်တီးသူများ၊ ဂီတပညာရှင်များ၊ အာကာသသူရဲကောင်းများ၊ အားကစားသမားများ၊ ပါမောက္ခများ၊ စွန့်ဦးတီထွင်သူ စီးပွားရေးပညာရှင်များ၊ အနုပညာရှင်များ၊ စာရေးဆရာများ၊ တီထွင်ကြံဆကြသည့် ဆရာဝန်များနှင့် သုတေ သနပြုလုပ်နေသူများ ပါဝင်သည်။ ထိုကဲ့သို့ ကျွန်မ ဆုံတွေ့ခဲ့ဖူးသူများတွင် အချို့မှာ အမျိုးသမီးများဖြစ်ပြီး အချို့မှာ လူမည်းများ သို့မဟုတ် လူဖြူမဟုတ်သူများ ဖြစ်ကြသည်။ အချို့မှာ မွေးကတည်းက ဆင်းရဲချို့တဲ့ခဲ့ကြသူများဖြစ်ပြီး ယခုထက်ထိလည်း ဆင်းရဲချို့တဲ့နေကြသူများဖြစ်သည်။ သို့သော် ထိုသူတို့တွင် သူတကာတို့ မစွမ်းဆောင် နိုင်သော စွမ်းရည်များရှိနေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျွန်မ သိရှိလာခဲ့သည် မှာ ထိုသူအားလုံးတို့တွင် ကိုယ့်ကိုယ်ကို သံသယရှိသူများ ဖြစ်ကြ၏။ အချို့က သူတို့ကြွေးကြော်သံအတိုင်း ဆက်လက်လုပ်ဆောင်နေကြပြီး အချို့တွင် အားကစားရုံ တမျှ များပြားလှသော ဝေဖန်မှုများ ခံနေကြရသည်။ ဝေဖန်သူများက ငါမပြောဘူး လား ဆိုသည့် စကားတစ်လုံးမျှပြောလိုက်ရုံဖြင့် လုပ်ဆောင်နေသူတို့၏ အမှားတစ်ခု၊ ခြေလှမ်းတစ်ခုကို ဝေဖန်နေကြသည်။ ထိုဝေဖန်သံတို့သည် လွင့်ပြယ်မသွားသော်လည်း အောင်မြင်နေသူများက ဘဝတွင် မည်သို့နေထိုင်ရမည်ကို နားလည်ကြသူများ ဖြစ်သည်။ ကိုယ့်ကိုယ်ကို နားလည်ယုံကြည်ကာ ရည်မှန်းချက်အတွက် မည်သို့ခြေလှမ်းရ မည်ကို နားလည်ကြသူများဖြစ်သည်။

ဝုစ်တနီယန်းကျောင်း၏ အကြံပေးပုဂ္ဂိုလ်ရုံးခန်းမှ

ကျွန်မထွက်လာသောအခါ ကျွန်မ၏ အတ္တစိတ်မှာ ပိုမိုနိုးကြားလာခဲ့သည်။ ကျွန်မကိုယ်ကျွန်မ ပိုမိုယုံကြည်လာခဲ့သည်။ ကျွန်မ ပြောချင်သမျှ ကောလိပ်အကြောင်းကို ကျွန်မရေးသည့် စာစီစာကုံး၌ ထည့်သွင်းရေးသားလိုက်သည်။ ကျွန်မသည် ကောလိပ်နှင့် မထိုက်တန်သူ မဟုတ်ဘဲ အမှန်တကယ်စစ်မှန်သည့် အရည်အချင်းရှိကြောင်း ပြသနိုင်ရန် ဆုံးဖြတ်လိုက်သည်။

ကောလိပ်ကျောင်းသို့ တက်ရန်မှာ အလွယ်တကူမဟုတ်သည်ကို ကျွန်မ သိပါသည်။ သို့သော် ကျွန်မကိုယ်ကျွန်မ ယုံကြည်စိတ်ချစွာဖြင့် ကြိုးစားနေမိသည်။ ကျွန်မနောက်ခံမိဘများမှာလည်း ကျွန်မအား ကောလိပ်သို့ ပို့ဆောင်ပေးနိုင်မည့် အရည်အချင်းပြည့်စုံသည်ဟု ယုံကြည်ထားပါသည်။

နောက် ၆ လ၊ ၇ လ ကြာသည့်အခါတွင် ကောလိပ်ကျောင်း၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ စာတစ်စောင် ကျွန်မအိမ်သို့ ရောက်ရှိလာခဲ့ပါသည်။ ပရင်စတန်ကောလိမှ ကျွန်မအား လက်ခံပါသည်ဟု အကြောင်းကြားသည့်စာပင် ဖြစ်ပါသည်။ ထိုညက ကျွန်မနှင့် မိဘများ အောင်ပွဲခံကြပါ၏။ အီတာလျံစားသောက်ဆိုင်မှ ပီဇာမှာစားကြသည်။ ခရိတ်ထံ ဖုန်းခေါ်ပြီး ဝမ်းသာစရာသတင်းကောင်းကို အော်ဟစ်ပြောလိုက်ပါသည်။ သူ့အကူအညီအတွက် ကျေးဇူးတင်စကားလည်း ဆိုလိုက်ပါ၏။ ကျွန်မ ပရင်စတန်ကောလိပ်ကျောင်းသူ ဖြစ်ခဲ့ပါပြီ။ နောက်ဆုံးတွင် ဂုစ်တနီယန်းမှ အတိုင်ပင်ခံပုဂ္ဂိုလ်အား ကျွန်မသည် အရည်အချင်းရှိသူ တစ်ဦးဖြစ်ပါကြောင်း သက်သေပြ လိုက်နိုင်ခဲ့ပြီ ဖြစ်သည်။

※※※

၁၉၈၁ ခုနှစ် နွေရာသီကာလတွင် အဖေက ကျွန်မအား ပရင်စတန်သို့ ကားဖြင့် လိုက်ပါ ပို့ဆောင်ပေးခဲ့ပါသည်။ အီလီနွိုက်ပြည်နယ်နှင့် နယူးဂျာစီပြည်နယ် တို့အား ဖြတ်ကာ ဖောက်လုပ်ထားသော အဝေးပြေးလမ်းမကြီးမှတစ်ဆင့် အဖေက သူ့ကားကို မောင်းနှင်လာသည်။ ကားပေါ်တွင် ကျွန်မတို့သားအဖသာမက ကျွန်မ၏ ယောက်ျားကလေးမိတ်ဆွေဖြစ်သော ဒေးဗစ်လည်း လိုက်ပါလာခဲ့ပါသည်။ ကျွန်မအား နွေရာသီအစီအစဉ်တစ်ခုတွင် ပါဝင်ရန် ဖိတ်ခေါ်ခံရခြင်းကြောင့် လာခဲ့ကြခြင်း ဖြစ်သည်။ ထိုအစီအစဉ်မှာ ကောလိပ်မတက်မီ အကြိုပြင်ဆင်သည့်အနေဖြင့် လုပ် ဆောင်ရခြင်းလည်း ဖြစ်ပါ၏။ ဤသို့ဖြင့် ပရင်စတန်ကောလိပ်တက်မည့် ကျောင်းသူ ကျောင်းသားအသစ်များအနေဖြင့် ကျောင်းပရိဝုဏ်နှင့် ရင်းနှီးကျွမ်းကျင်စေရန်လည်း ဖြစ်ပါသည်။ ထိုကာလအတွင်း ကျွန်မတို့သင်ယူရမည့် သင်ရိုးညွှန်းတမ်းများကို လေ့လာနိုင်သကဲ့သို့ ကျောင်းဝင်းအတွင်းမှ အဆောက်အဦများနှင့် ရင်းနှီးကျွမ်းဝင်စေ လိမ့်မည် ဖြစ်သည်။ ကျွန်မအတွက်မှာမူ အစ်ကိုဖြစ်သူ ခရိတ်က ဤကျောင်း၌ ၂ နှစ် စောကာ ရောက်ရှိနေပြီးဖြစ်သဖြင့် ကျွန်မအတွက် အခက်အခဲရှိလှမည် မထင်ပါ။ ထို့ကြောင့် ကျွန်မယူဆောင်ရမည့် ပစ္စည်းများကိုထုပ်ပိုးကာ အမေ့အား နှုတ်ဆက် လိုက်သည်။ ထိုအချိန်တွင် အမေနှင့်ကျွန်မ မျက်ရည်မကျခဲ့ပါ။ အမေ့ကိုနှုတ်ဆက် ပြီး အဖေ အဆင်သင့်စောင့်နေသော ကားပေါ်သို့ တက်လိုက်ခဲ့သည်သာ။

ဇာတိမြို့မှ ထွက်ခွာရန် ကျွန်မအား တွန်းအားပေးသည့်အချက်တစ်ချက်မှာ လွန်ခဲ့သည့် နှစ်လခန့်က စက်ဖြင့် စာအုပ်ချုပ်သော လုပ်ငန်းတွင် အလုပ်ဝင်ခဲ့ခြင်းက တွန်းအားတစ်ရပ် ဖြစ်ခဲ့သည်ဟု ဆိုရပါမည်။ စာအုပ်ချုပ်သည့် စက်ရုံတွင် ကျွန်မက အနှောင့် ကော်သုတ်သောဌာနတွင် တာဝန်ကျ၏။ တစ်နေ့လျှင် ၈ နာရီ အလုပ်လုပ်ရ ပြီး တစ်ပတ်လျှင် ၅ ရက် အလုပ်ဆင်းရပါသည်။ ထိုအလုပ်နှင့်စာလျှင် ကောလိပ်သို့ ဆက်တက်ခြင်းက သက်သာလိမ့်မည်ဆိုသော အတွေးက အမြဲရှိနေခဲ့၏။ ဒေးဗစ်၏ မိခင်ဖြစ်သူက ဤစက်ရုံတွင် အလုပ်လုပ်သူတစ်ဦးဖြစ်ခြင်းကြောင့် ကျွန်မတို့နှစ် ယောက်စလုံးအား အလုပ်ဝင်နိုင်စေရန် ကူညီခဲ့သဖြင့် နှစ်ယောက်သား ပခုံးချင်းယှဉ် ကာ နွေရာသီတစ်ခုလုံး အလုပ်လုပ်ခဲ့ကြသည်။ ဒေးဗစ်သည် စမတ်ကျကာ နူးညံ့ညင် သာသူဖြစ်ပြီး အရပ်မြင့်မြင့်နှင့် ကြည့်ကောင်းသူလည်း ဖြစ်ပါသည်။ သူက ကျွန်မ ထက် ၂ နှစ်ကြီး၏။ ဒေးဗစ်က ကျွန်မတို့ အိမ်နီးချင်း ရိုဇန်ဘာ့ဂ်လမ်းပန်းခြံအတွင်း၌ ရှိသော ဘတ်စကက်ဘောကစားကွင်းတွင် လာကစားခြင်းဖြင့် အစ်ကိုဖြစ်သူ ခရိတ် နှင့် လွန်ခဲ့သည့် ၂ နှစ်ခန့်ကတည်းက ခင်မင်ရင်းနှီးခဲ့ကြသည်။

ကျွန်မတို့ရပ်ကွက်ထဲတွင် သူ့အမျိုးများရှိသဖြင့် လာရောက်လည်ပတ်လေ့လည်း ရှိသည်။ ထိုသို့ဖြင့် ကျွန်မနှင့် တစ်စတစ်စ နီးကပ်လာခဲ့သည်။ ကျောင်းဖွင့်သည့်ကာလတွင် ဒေးဗစ်က ကောလိပ်ဆက်တက်ရန်အတွက် ထွက်ခွာသွားခြင်းကြောင့် ကျွန်မနှင့် ဝေးကွာသွားခဲ့သည်။ ကျောင်းပိတ်ရက်များတွင် သူက သူ့အမေအိမ်သို့ ပြန်လာမြဲဖြစ်သဖြင့် ညနေတိုင်း ကျွန်မကို ကားနှင့်လာခေါ်ကာ လည်ပတ်လေ့ရှိပါသည်။

ဒေးဗစ်သည် ပေါ့ပေါ့ပါးပါး နေတတ်သူဖြစ်သည်။ ကျွန်မတွေ့ဖူးသမျှ ယောက်ျားလေးမိတ်ဆွေများ ထဲတွင် သူသည် လူကြီးဆန်သူဖြစ်၏။ အိမ်သို့ လာလည်လျှင် ဧည့်ခန်းတွင်ထိုင်ကာ အဖေနှင့်အတူ ဘောလုံးပွဲများ ကြည့်နေလေ့ရှိသည်။ ခရိတ်နှင့် ရယ်စရာမောစရာများပြောရင်း အမေနှင့်လည်း ယဉ်ကျေးသိမ်မွေ့သော စကားများကိုသာ ဆိုတတ်သူဖြစ်ပါသည်။ ကျွန်မတို့နှစ်ယောက်တည်း အပြင်ထွက် လေ့ရှိသော်လည်း ချစ်စကား၊ ကြိုက်စကားများထက် လူကြီးဆန်ဆန် ညစာစားခြင်း နှင့် ရုပ်ရှင်သွားကြည့်ကြခြင်းသာ ရှိခဲ့ပါသည်။ တစ်ခါတစ်ရံတွင် ကျွန်မတို့နှစ်ယောက် သူ့ကားထဲ၌ ဆေးခြောက်ရှူတတ်၏။ နေ့ခင်းတွင် ကျွန်မသည် စာအုပ်ချုပ်သည့် လုပ်ငန်း၌ အလုပ်ဆင်းနေမြဲပင် ဖြစ်သည်။ ထို့ကြောင့် သူနှင့် ကျွန်မကြားမှာ ထွေထွေထူးထူး စကားဆိုရန် မရှိတော့ပေ။ ကျွန်မတို့နှစ်ယောက်စလုံးပင် စာအုပ်ချုပ် လုပ်ငန်း၌ အမြဲတစေ အလုပ်လုပ်ရန် ရည်ရွယ်ချက်မရှိကြပေ။ ကောလိပ်ဆက်တက် ရန် ပိုက်ဆံစုကြခြင်းသက်သက်သာ ဖြစ်သည်။ ကျွန်မကိုယ်တိုင်ကမူ ဤနေရပ်သို့ ပြန်လာရန် ရည်ရွယ်ချက်မရှိတော့ပေ။ ကျွန်မစိတ်များသည် ပရင်စတန်သို့သာ ရောက်ရှိနေပြီဖြစ်သည်။

ဩဂုတ်လ၏ ညနေခင်းတွင် ကျွန်မတို့ သားအဖနှစ်ယောက်နှင့် ဒေးဗစ်တို့ ခရီးထွက်ခွာလာကြခြင်း ဖြစ်သည်။ အမြန်လမ်းမကြီး ၁ မှတစ်ဆင့် ကျောင်းပရိဝုဏ် အတွင်းသို့ ဝင်ရောက်လာသည့်အခါ အရွက်ဖားဖားဝေဆာနေသော လမ်းမကြီးက ကြိုဆိုနေ၏။ ကားရပ်လိုက်သည့်အခါ ကျွန်မသေတ္တာနှစ်လုံးကို ချကာ ကျောင်းသူ ကျောင်းသားများ စုဝေးနေသည့် ခန်းမကြီးသို့ ဝင်ရန် အဆင်သင့်ဖြစ်ခဲ့ပြီဖြစ်သည်။ အခြားကျောင်းသူကျောင်းသားများလည်း တဖွဲဖွဲ ရောက်ရှိလာကြရာ ကြည့်ရသည်မှာ ဝင်ငွေနည်းသော မိသားစုများမှ ပေါက်ဖွားလာသည့် ရင်သွေးများမှာ အများစုဖြစ်ကြပြီး အားကစားသမား အနည်းငယ်ပါသည်ကိုလည်း တွေ့ရ၏။ ကျောင်းမှကျွေးသော အစားအစာကို မြည်းစမ်းခွင့်ရပေတော့မည်။ ကျောင်းပရိဝုဏ်ကို လေ့လာမှတ်သားရသည်။ သင်ယူရမည့် သင်ရိုးညွှန်းတမ်းကိုလည်း လေ့လာရသည်။ ကျွန်မ ရောက်ချင်သည့် ပရင်စတန်ကောလိပ်သို့ ရောက်ခဲ့ပြီ။ ထိုစဉ်က ကျွန်မမှာ အသက် ၁၇ နှစ် အရွယ်သာရှိသေးပြီး ဘဝခရီးအတွက် ဆက်လျှောက်ရမည့် လမ်းမှာ ရှေ့တွင်ရှိနေ

ပြီဖြစ်သည်။

ပြဿနာတစ်ခုသာ ရှိသည်။ ထိုပြဿနာမှာ ဒေးဗစ်ပင် ဖြစ်၏။ အဖေ မောင်းလာသည့်ကား ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်ကို ကျော်ဖြတ်လိုက်ကတည်း က ဒေးဗစ်ကို ကြည့်ရသည်မှာ ဆွေးရိပ်သန်းလာ၏။ အဖေ့ကားနောက်ခန်းမှ ပစ္စည်းများကို ချသည့်အခါ ဒေးဗစ်၏ မျက်နှာမှာ ပြိုတော့မည့်မိုးကဲ့သို့ မှုန်မှိုင်းနေသည်။ ကျွန်မတို့နှစ်ယောက် တွဲခဲ့ကြသည်မှာ တစ်နှစ်ကျော်ကာလရှိခဲ့ပြီ ဖြစ်သည်။ အချစ်ဆိုသည်ကို တွေ့ရှိခဲ့ကြသည်။ သို့သော် ကျွန်မတို့ တွေ့ရှိသောအချစ်မှာ အိမ်နီးပတ်ဝန်းကျင်၊ ရက်ဒ်လေ့ဘ်စတာစားသောက်ဆိုင်နှင့် ရိုဇန်ဘာ့ဂ်လမ်းပန်းခြံ အတွင်းရှိ ဘတ်စကက်ဘောကွင်းတွင်သာ ဖြစ်ပါသည်။ အခြားနေရာသို့ လုံးဝမသွားခဲ့ ကြပါ။ အဖေက ယာဉ်မောင်းနေရာမှ ဆင်းရန်အတွက် အချိန်ယူနေဆဲတွင် ဒေးဗစ်နှင့် ကျွန်မက မျက်နှာချင်းဆိုင်ရပ်ကာ ဘာစကားမှ မဆိုဖြစ်ခဲ့ပေ။ ကျွန်မနေရမည့် အဆောင်ရှေ့မှ မြက်ခင်းပြင်စိမ်းစိမ်းကိုသာ ငေးစိုက်နေမိသည်။ ကျွန်မတို့နှစ်ယောက် ခွဲခွာခြင်းမှာ ခဏသာ ဖြစ်ကောင်းဖြစ်နိုင်မည် ဖြစ်သော်လည်း ရေမြေဒေသများ ကွဲပြားနေသဖြင့် ခွဲခွာခြင်းမှာ မရေရာလှပေ။ တစ်ဦးထံ တစ်ဦး သွားရောက်လည်ပတ် ကြမည်လား။ စာများ အပြန်အလှန်ရေးကာ လွမ်းဆွတ်ကြမည်လား။ ခွဲခွာနေရခြင်း သည် နာကျင်မှုကို ဖန်တီးပေမည်လား။

ဒေးဗစ်က ကျွန်မလက်ကို ဆုပ်ကိုင်ထား၏။ ကျွန်မခေါင်းထဲတွင် ရှုပ်ထွေးလာသည်။ တစ်စုံတစ်ခု ကျွန်မပြောလိုသည်မှန်သော်လည်း ပြောရမည့် စကားလုံး များ ရှာဖွေမတွေ့ရှိခဲ့ပေ။ တစ်နေ့နေ့တွင် ယောကျ်ားတစ်ယောက်အား ခွဲခွာရခြင်း အတွက် ခံစားရသည့် ဝေဒနာသည် ကျွန်မရင်တွင်းမှ ဖယ်ထုတ်နိုင်မည်ဟု ယူဆပါသည်။ အချစ်ပုံပြင်တိုင်းသည် ခွန်အားကြီးမားကြပါသည်။ ကျွန်မမိဘနှစ်ပါးဆိုလျှင် ဆယ်ကျော်သက်အရွယ်ကတည်းက ချစ်ခဲ့ကြသူများဖြစ်သည်။ အမေတက်နေသည့် ကျောင်းသို့ အဖေက သွားရောက်ကာ လည်ပတ်ခဲ့သည်။ ဆယ်ကျော်သက်အရွယ် အချစ်များသည် ခိုင်မြဲတတ်သည်ကို ကျွန်မ မြင်တွေ့ရပါသည်။ ကျွန်မတို့နှစ်ယောက် အတွက် ပေါ်ပေါက်ခဲ့သောအချစ်သည် မည်သို့ ဖန်တီးလာမည်ဆိုသည်ကို မပြောတတ် သေးပေ။

ကျွန်မ ထာဝရချစ်ရမည့်သူသည် ယခု ကျွန်မရှေ့တွင် ရပ်နေသူ ဖြစ်၊ မဖြစ်ဆိုသည်မှာလည်း မသေချာသေးပေ။

စကားမဆိုဘဲ မျက်နှာချင်းဆိုင်ရပ်နေကြသော ကျွန်မတို့နှစ်ယောက်ကြား သို့ အဖေ ဝင်ရောက်လာသည်။ ပစ္စည်းများကို ခန်းမဆောင်အတွင်းသို့ သယ်ဆောင် သွားကြရန်သင့်မည်ဟု အဖေက သတိပေးလာသည်။ အဖေနှင့် ဒေးဗစ်ကမူ

မြို့ထဲရှိမိုတယ်တစ်ခုတွင် တည်းခိုကြမည်ဖြစ်၏။ နောက်တစ်နေ့တွင် လာတွေ့မည်ဖြစ် ကြောင်း နှုတ်ဆက်စကားဆိုကာ ထွက်ခွာသွားကြသည်။

ကားရပ်နားသည့်နေရာတွင် ကျွန်မက အဖေ့ကို တင်းတင်းကျပ်ကျပ်ဖက်ထားခဲ့သည်။ အဖေ့လက်များသည်လည်း ငယ်စဉ် လက်ဖွေ့ထိုးခဲ့သော၊ ရေကူးခဲ့သော လက်များဖြစ်ခဲ့သော်လည်း ယခုအခါတွင်မူ တုတ်တစ်ချောင်းကိုထောက်ကာ လမ်း လျှောက်ရသည့်အခြေအနေဖြစ်နေသဖြင့် ကျွန်မအား ဖက်ထားသည့်တိုင် လျော့ရဲနေပြီ ဖြစ်သည်။

"ကောင်းကောင်းနေနော်... မစ်ချ်" အဖေက ဆိုသည်။ အဖေ့မျက်နှာတွင် ဂုဏ်ယူခြင်းနှင့်အတူ စိတ်လှုပ်ရှားမှုကိုလည်း တွေ့ရ၏။

ထို့နောက် အဖေက ကားထဲသို့ ဝင်သွားသည်။ ဒေးဗစ်နှင့် ကျွန်မအား လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန် ဖြစ်မည်ထင်သည်။

ကျွန်မတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် စကားမဆိုနိုင်သေးဘဲ ရပ်နေကြမြဲ ဖြစ်သည်။ သူက ငုံ့ကာ ကျွန်မပါးပြင်ကို နမ်းလိုက်သည့်အချိန်၌ ရင်ထဲတွင် လှိုက်ခနဲ ပူနွေးသွားသည်။ သူ နှုတ်ဆက်နေပါပကောလား။

ကျွန်မ သိပါသည်။ သူ့ကို ဖက်လိုက်သည့်အချိန်တွင် သဘောကောင်း သော၊ နူးညံ့သိမ်မွေ့သော ချီကာဂိုသားကြီးသည် ကျွန်မအပေါ်တွင် အစဉ်အမြဲ နွေးနွေးထွေးထွေး ရှိခဲ့သည်။ ယခုလည်း နွေးထွေးနေဆဲ။ သို့သော် ကိုယ့်လမ်းကိုယ် လျှောက်ကြရာတွင် ပြန်လည်ဆုံစည်းကြပါမည်လား။ ကျွန်မက ကျွန်မလမ်းကို၊ ကျွန်မကမ္ဘာသစ်ကို လျှောက်လှမ်းရတော့မည်။ သူကလည်း သူ့ကမ္ဘာသစ်ကိုလျှောက် ရမည်သာ ဖြစ်သည်။ ရင်ထဲ၌ ချစ်သူနှင့် ခွဲခွာရခြင်း၊ မိသားစုနှင့် ခွဲခွာရခြင်းကို ပထမဦးဆုံးအကြိမ်အဖြစ် ခံစားလိုက်မိသည်။ ဘဝတွင် ဤသို့သော ခွဲခွာမှုများသည် အစဉ်အမြဲ ကြုံတွေ့ရဦးမည်သာ။ နောက်တစ်နေ့တွင် ကျွန်မကို ဒေးဗစ် လာတွေ့ပေ ဦးမည်။ တစ်နေရာရာ၌ ထမင်းအတူသွားစားရန် သို့မဟုတ် နှစ်ယောက်တည်း လမ်းလျှောက်ရန် ခွင့်တောင်းပေလိမ့်မည်။ ကျွန်မက ကျောင်းတွင် ရောက်ရှိနေပြီဖြစ် သဖြင့် ထိုသို့ အပြင်ထွက်ရန် အချိန်ရပါမည်လားဟု တွေးမိသည်။ ထိုညက ကျွန်မ တို့နှစ်ယောက် နှုတ်ဆက်ခြင်းသည် ထာဝရအတွက် ဖြစ်လိမ့်မည်ဆိုသည်ကို ထိုစဉ်က မသိခဲ့ပါပေ။ အကယ်၍ ထိုစဉ်က နှုတ်ဆက်ခြင်းသည် ထာဝရဖြစ်မည်ဆိုသည်ကို သိပါက နှစ်ယောက်စလုံး ခံစားကြရမည်ထင်သည်။ သို့သော် ထိုစဉ်ကမူ သာမန်နှုတ် ဆက်ခြင်းအနေဖြင့် နှုတ်ဆက်ခဲ့သည်သာ။

၁၉၈၀ ခုနှစ်များ၏ စောစောပိုင်းကာလဖြစ်သဖြင့် ပရင်စတန်ကောလိပ် ဝန်းကျင်၌ ကျွန်မ လေ့လာသင်ယူရန် များစွာရှိသေးသည်ကို တွေ့ရှိရပါသည်။

နွေရာသီကျောင်းပိတ်ရက်၌ သင်တန်းတက်ရသော ကျောင်းသူတစ်ဦးအနေနှင့် ရက်သတ္တပတ်ပေါင်းများစွာ အားသွန်ခွန်စိုက် ကြိုးစားခဲ့ရသည်။ ကျွန်မပတ်ဝန်းကျင်၌ ရှိကြသော လူငယ်များသည်လည်း ကျွန်မနည်းတူ ကြိုးစားကြရ၏။ ကျောင်းပြန်ဖွင့်သည့် ကာလတွင် ကျောင်းသားဦးရေမှာ များစွာတိုးတက်လာသည်။ ဆည်များမှ ရေတံခါးများ ဖွင့်ချလိုက်သကဲ့သို့ အလုံးအရင်းနှင့် ဝင်ရောက်လာကြ၏။ ကျွန်မပိုင် ဆိုင်သောပစ္စည်းများကို အခြားအခန်းသို့ ရွှေ့ရသည်။ ပိုင်းန်ဟောလ်ဟု အမည်ရသော ခန်းမကျယ်ကြီးထဲတွင် ပြောင်းရွှေ့ရသည်။ တတိယထပ် ပြတင်းပေါက်မှနေ၍ ထောင်ပေါင်းများစွာသော ကျောင်းသားများကို ကြည့်နေမိသည့်အခါ အများစုမှာ လူဖြူများဖြစ်သည်ကို တွေ့ရ၏။ အချို့ကျောင်းသူကျောင်းသားများက ဇိမ်ခံကားများ နှင့် ကျောင်းတက်ကြသည်။ ကျောင်းသူတစ်ဦးဆိုလျှင် ဇိမ်ခံကား ၂ စီးနှင့် ကျောင်း တက်လာသည်ကို တွေ့ရသည်။ တစ်စီးမှာ သူမ၏ ခြွေရံသင်းပင်းများ စီးလာသော ကား ဖြစ်သည်။

ပရင်စတန်သည် လူဖြူအများစုရှိပြီး အမျိုးသားများသည်ကို တွေ့ရ၏။ ထိုအချက်မှာ ငြင်း၍မရနိုင်သောအချက်ပင် ဖြစ်သည်။ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေ၏ နှစ်ဆခန့် ရှိသည်။ မောင်မယ်သစ်လွင်များ၏ စာသင်ခန်းများတွင် လူမည်းဦးရေမှာ ၉ ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ နွေရာသီသင်တန်းတက်နေစဉ်ကာလ က ကျွန်မတို့ပိုင်ဆိုင်ခဲ့သည့် နေရာများတွင် သူတို့ နေရာယူသွားခြင်းကြောင့် ကျွန်မတို့မှာ အတော်ပင်အနေကျုံ့သွားခဲ့သည်။ အကယ်၍ ကျွန်မသာ ဝှစ်တနီယန်းကျောင်းသူ တစ်ဦး မဟုတ်ပါလျှင် များပြားလှသော အဖြူများကြားတွင် နေစရာမရှိလောက် အောင် အားငယ်နေမည်မှာ အမှန်ပင်ဖြစ်သည်။ ဝှစ်တနီယန်းကျောင်းတွင် အဖြူများ နှင့် နေသားတကျရှိခဲ့ခြင်းကြောင့် ပရင်စတန်တွင် အထူးတလည် ခံစားရခြင်းမရှိတော့ပေ။

မည်သည့်အခြေအနေတွင် ရှိသည်ဖြစ်စေ လိုက်လျောညီထွေဖြစ်အောင် နေတတ်ရမည်သာဖြစ်သည်။ အချို့အခြေအနေများမှာ အလွယ်တကူ ရောထွေးနိုင်သည်။ ကျောင်းသားဦးရေ များပြားလှသော်လည်း မည်သူကမျှ ရာဇဝတ်မှုနှင့်ပတ် သက်၍ ကြောက်ရွံ့ဟန်မရှိပေ။ ကျောင်းသူကျောင်းသားများသည် သူတို့အခန်းများကို သော့ခတ်ခြင်း အလျှင်းမရှိ။ စက်ဘီးများကိုလည်း ဘီးရပ်သည့်နေရာတွင် လက်လွတ် စပယ်ထားခဲ့ကြသည်။ ကျောင်းသူများဆိုလျှင် ရွှေနားဆွဲတို့မှာ ရေချိုးခန်းတွင်း၌ မကြာခဏ ပြုတ်ကျရစ်ကြသည်။ ကမ္ဘာလောကကြီးအား သူတို့ယုံစားမှုမှာ အတော မသတ်နိုင်ပင် ဖြစ်သည်။ ရှေ့သို့သာ တက်လှမ်းနေကြသော သူတို့စိတ်ကူးစိတ်သန်း များသည် ယုံကြည်စိတ်ချလွန်းလှသည်။ ကျွန်မကိုယ်တိုင်က အစပိုင်းတွင် အသား

မကျေလှသော်လည်း အချိန်ကြာလာသည့်အခါ ရိုးသွားသည်။ ဝုစ်တနီယန်းတွင် ကျောင်းတက်နေစဉ် ကာလများက ကျွန်မပိုင်ဆိုင်သောပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ ကျောင်းမှ အိမ်သို့ ပြန်သည့် ညနေခင်းများတွင်လည်း အိမ်သော့ ကို လက်သီးဆုပ်ထဲတွင် ပိုင်ပိုင်နိုင်နိုင် ဆုပ်ထည့်ထားခဲ့သည်။ သော့တံကို လက်သီး ဆုပ်အပြင်၌ အနည်းငယ်ထွက်နေစေပြီး အကယ်၍ အရေးအကြောင်းကြုံလာပါက ကိုယ့်ကိုယ်ကို ခုခံကာကွယ်ရန် ပြင်ဆင်ထားခဲ့သည်။

ပရင်စတန်သို့ ရောက်လာသည့်အခါတွင် ကျွန်မ အမှန်တကယ် သတိပြုစောင့်ရှောက်ရမည်မှာ ကျောင်းစာများသာဖြစ်သည်ကို တွေ့လာရသည်။ ကျောင်းသား များအားလုံးမှာ တစ်ပြေးညီ သူလိုကိုယ်လိုလူများသာ ဖြစ်သဖြင့် ပစ္စည်းဥစ္စာနှင့် ပတ်သက်၍ ကြောင့်ကြနေရန် မလိုတော့ပေ။ မနက် အိပ်ရာထတွင် ကျောင်းက မနက်စာအတွက် ရွေးချယ်နိုင်ရန် အမျိုးအစား ၅ မျိုး ပေးထားသည်။ ကျောင်းဝင်းထဲ ၌ မြင့်မားလှသော ဝက်သစ်ချပင်ကြီးများအောက်တွင် ခုံတန်းရှည်ကြီးများချကာ ထိုင်နိုင်ရန် စီစဉ်ပေးထားသည့်အပြင် ကိုယ်လက်လှုပ်ရှားကစားလိုက ကစားနိုင်ရန်နှင့် ကျွန်မတို့၏ သောကများ ဖြေဖျောက်စေရန်အတွက် Frisbees ကစားလိုက ကစားနိုင်ပါသေးသည်။ စာကြည့်တိုက်ကြီးမှာ ရှေးဟောင်းကမ္ဘာမှ ဘုရားရှိခိုး ကျောင်းကြီးသဖွယ် မျက်နှာကြက်အမြင့်ကြီးများဖြင့် တည်ဆောက်ထားသည်။ အရောင်တောက်နေသော စားပွဲရှည်ကြီးများတွင် ဖတ်လိုသည်များကို ဖတ်နိုင်ကြသည်။ ဖတ်လိုသည့်စာအုပ်ကို ရွေးချယ်ကာ တိတ်တဆိတ် ဖတ်ကြရသည်။ ကျွန်မတို့ နေရသည်မှာ ကာကွယ်စောင့်ရှောက်မှု အပြည့်အဝရှိသော နေရာပင်ဖြစ်သည်။ ကလေးပေါင်းများစွာရှိသဖြင့် ကျွန်မ နားလည်လာသည်မှာ သူတို့ဘဝတွင် မည်သည့် အခါကမျှ မရဖူးသော လွတ်လပ်ရေးကို လွတ်လပ်စွာ ခံစားနိုင်ခွင့်ရှိနေကြသည် ဆိုခြင်းပင်။

နွေရာသီသင်တန်းတွင် တွေ့ရှိလာရသည်မှာ စကားလုံးအသစ်အဆန်းများပင် ဖြစ်သည်။ ထိုစကားလုံးများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်စေဖို့ လေ့ကျင့် ကြရသည်။ စာဖတ်ချိန်ကို မည်သို့ အသုံးချမည်နည်း ဆိုသည်ကို မည်သူကမျှ အဓိပ္ပာယ်ဖွင့်ဆိုမပြခဲ့ပေ။ အိပ်ခန်းတွင်း၌ရှိသော အိပ်ရာခင်းများမှာ ရှည်လျားလှသည်။ ကျောင်းသို့ ယူဆောင်လာရမည့် ပစ္စည်းများစာရင်း၌ "အိပ်ရာခင်းရှည်"ဟု ဖော်ပြထားခဲ့သော်လည်း အဓိပ္ပာယ်ကို နားမလည်သဖြင့် အိမ်တွင်သုံးသည့် အိပ်ရာ ခင်းကိုသာ ယူဆောင်လာခဲ့ရာ ကျွန်မ ပထမနှစ် ကျောင်းသူဘဝ၌ ခြေထောက်များ မှာ မွေ့ရာပေါ်၌ အုပ်ထားသော ပလတ်စတစ်အစများပေါ်သို့ ရောက်ရှိနေခဲ့သည်။ ထိုနည်းတူ အားကစားနည်းများနှင့် ပတ်သက်၍လည်း ကျွန်မ နားမလည်သည်များ ရှိခဲ့ပါသည်။ ကျွန်မတို့က ဘောလုံးကစားခြင်း၊ ဘတ်စကက်ဘောနှင့် ဘေ့စ်ဘောတို့ ကိုသာ

ကစားခဲ့ကြသော်လည်း အရှေ့ပိုင်းကမ်းခြေမှ ကျောင်းများတွင် ကျွန်မတို့ထက် ပို၍ စုံလင်သောကစားနည်းများ ကစားကြသည်ကို တွေ့ရသည်။ ဟော်ကီ ကစားကြသည်။ စကွန့်ရှ် ကစားကြသည်။ တောင်ပိုင်းမှ လာသော ကျောင်းသူကျောင်းသားများ အတွက် အနည်းငယ်စိတ်ရှုပ်စေသည်။

ကျွန်မ၌ အခွင့်အရေးတစ်ခု ရှိ၏။ သူငယ်တန်း တက်စဉ်ကတည်းက ထိုအခွင့်အရေးကို ရခဲ့သည်။ ခရိတ်ရော်ဘင်ဆင်၏ နှမကလေးဆိုသည့် အခွင့်အရေး ပင် ဖြစ်ပါသည်။ ယခုအခါတွင် ခရိတ်သည် ကျောင်း၏ လက်ရွေးစင် ဘတ်စကက် ဘောအသင်း၌ တစ်ဦးအပါအဝင် ဖြစ်နေပြီဖြစ်သည်။ ခရိတ်က အမြဲတမ်း လူချစ် လူခင်ပေါများသူဖြစ်ရာ ကျွန်မအတွက် တစ်ပန်းသာလှသည်။ ကျောင်းစောင့်များက ပင်လျှင် သူ့ကို နှုတ်ဆက်ရာ၌ သာမန်နှုတ်ဆက်ခြင်းမျိုးမဟုတ်ဘဲ နာမည်ထည့်ခေါ် ကာ နှုတ်ဆက်ခံရသည်အထိ မျက်နှာပွင့်ပါသည်။ ထိုသို့ မျက်နှာပွင့်သော ခရိတ်၏နှမအဖြစ် ကျွန်မက အခွင့်အရေးယူတတ်ပါသည်။ သူ့အသင်းမှ ကစားဖော်များကို ကျွန်မ သိသကဲ့သို့ သူ့သူငယ်ချင်းများကိုလည်း ကျွန်မ သိနေပါသည်။ တစ်ညတွင် ခရိတ်နှင့်အတူ ကျောင်းဝင်းအပြင်၌ ကျင်းပသော ညစာစားပွဲ တစ်ခုသို့ လိုက်ပါသွား ခွင့်ရခဲ့သည်။ ဘတ်စကက်ဘောအသင်း၏ တာဝန်ခံလူကြီးတစ်ယောက်အိမ် ဖြစ်၏။ ခမ်းနားသော ညစာစားပွဲကို ကျွန်မ တက်ရောက်ခွင့်ရလိုက်ခြင်းပင် ဖြစ်ပါသည်။

ကောလိပ်ကျောင်းသားများသည် တစ်ဖက်မှာလည်း ဝင်ငွေရှာကြရသည် ဖြစ်ရာ တစ်နှစ်တွင် ခရိတ်သည် တတိယကမ္ဘာစင်တာဟု အမည်ပေးထားသော နေရာ၏ အပေါ်ထပ်၌ အိမ်လခမပေးရဘဲ နေခွင့်ရကာ ထိုအိမ်ကို ထိန်းသိမ်းစောင့် ရှောက်ရသောအလုပ်ကို လုပ်ရသည်။ တတိယကမ္ဘာစင်တာဆိုသည်မှာ အမည်အားဖြင့် ဆိုးသည်ဟု ယူရသော်လည်း အသားအရောင်မျိုးစုံ ကျောင်းသားများအား ထိန်းသိမ်းစောင့်ရှောက်ပေးရသည့် နေရာဖြစ်သဖြင့် ရည်ရွယ်ချက်ကောင်းမွန်သော နေရာ ဖြစ်သည်။(တတိယကမ္ဘာစင်တာကို နောင်အနှစ် ၂၀ ခန့်ကြာသောအခါ မှ Carl A.Fields Center for Equality And Cultural Understanding ဟု အမည်ပြောင်းလဲပေးခဲ့သည်။ ကားလ်အေဖီးလ်ဆိုသည်မှာ ပရင်စတန်မှ ပထမဆုံးသော အာဖရိကန်-အမေရိကန်ကျောင်းအုပ်အမည်ဖြစ်ပြီး သူ့နာမည်ကို အစွဲပြုကာ မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။) စင်တာမှာ ပရော့စပက်အဗဲနျူးလမ်းထောင့်တွင်ရှိပြီး အဆောက်အဦများမှာ ကြီးကျယ်ခမ်းနားလှပါသည်။

TWCဟု အတိုကောက်ခေါ်ကြသော နေရာမှာ ကျွန်မအတွက် အိမ်ကဲ့သို့ ဖြစ်လာပါသည်။ ထိုနေရာ၌ ပါတီပွဲများ ကျင်းပသကဲ့သို့ စုပေါင်းစားသောက်သော စားပွဲများလည်း ကျင်းပလေ့ရှိပါသည်။ လုပ်အားပေး ဆရာ၊ ဆရာမများက အိမ်စာ

များကို ကူညီလုပ်ကိုင်ပေးပြီး အိမ်စာလုပ်ရန်မရှိသည့်တိုင် အပန်းဖြေနေလိုပါကလည်း နေနိုင်သည့်နေရာဖြစ်သည်။ ထိုနေရာတွင် ကျွန်မသည် မိတ်ဆွေအတော်များများ ရရှိခဲ့သည်။ ထိုမိတ်ဆွေများအနက်မှ စူဇန်းနီးအယ်လီးမှာ ကျွန်မနှင့် အရင်းနှီးဆုံး ဖြစ်လာသည်။ စူဇန်းနီးမှာ အရပ်မြင့်မြင့်၊ ပိန်ပိန်သွယ်သွယ်၊ မျက်ခုံးထူထူ၊ မည်းနက် သန်စွမ်းသောဆံပင်များက သူ့ကျောလယ်အထိ ရောက်နေသည်။ သူမမှာ နိုက်ဂျီးရီး ယားတွင် မွေးဖွားခဲ့သူဖြစ်ပြီး ဂျမေကာနိုင်ငံ ကင်စတန်မြို့တွင် ကြီးပြင်းခဲ့သူဖြစ်သည်။ သူ့မိသားစုများကမူ သူမ ဆယ်ကျော်သက်အရွယ်တွင် မေရီလန်းသို့ ရွှေ့ ပြောင်းသွားခဲ့သည်။ စူဇန်းနီးသည် မည်သည့်ယဉ်ကျေးမှုတွင်မျှ ခင်တွယ်ခြင်းမရှိသီးခြားလွတ်လပ်နေသူတစ်ဦး ဖြစ်သည်။ လူအများက စူဇန်းနီးကို စိတ်ဝင်စားကြသည်။ သူ့အပြုံးများသည် ဆွဲဆောင်မှုရှိပြီး သူ့အသံကလည်း ချိုသာလွန်းလှသည်။ အနည်းငယ်သောက်စားထားသည့်အခါ၌ ပို၍ကောင်းသည်ဟု ဆိုကြသည်။ ထို့ကြောင့် စူဇန်းနီးသည် ကျွန်မတို့ ပရင်စတန် စတူဒီယိုများ၌ ထင်ပေါ်ကျော်ကြားသူတစ်ဦးပင် ဖြစ်လာသည်။ သူသည် ခင်မင်သိကျွမ်းသူ တစ်ဦးတလေမျှ မရှိသည့် ပါတီပွဲများ၌လည်း ပါဝင်ဆင်နွှဲရန် ကြောက်ရွံ့ခြင်းမရှိ။ သူ အဓိက သင်ယူနေသော အကသင်တန်း၌ သူသည် ပျော်ပျော်ကြီး တက်ရောက်နေသူလည်း ဖြစ်၏။

ထို့နောက် ကျွန်မတို့ ဒုတိယနှစ်ရောက်ချိန်တွင် စူဇန်းနီးက Cap and Gown ဟု အမည်ရသော အဖွဲ့တစ်ခုသို့ ဝင်လိုက်သည်။ ထိုအဖွဲ့၏ အဓိကအလုပ်မှာ အငြင်းအခုံလုပ်ခြင်းပင် ဖြစ်သည်။ အဖွဲ့ကလည်း အငြင်းသန်သူများကို အဓိကထား စုဆောင်းလေ့ရှိသည်။ စူဇန်းနီးက ပြန်လာလျှင် သူတို့အဖွဲ့၏ စားပွဲများ၊ ကပွဲများ အကြောင်းပြောပြသည်ကို ကျွန်မ အလွန်သဘောကျသည်။ သို့သော် ကျွန်မကိုယ်တိုင် ကမူ ထိုအဖွဲ့သို့ဝင်ရန် စိတ်မပါခဲ့ပေ။ ကျွန်မက မျိုးနွယ်တူသော လူမည်းများ၊ လာတီနိုများနှင့် အပေါင်းအသင်းဖြစ်ရသည်ကို ကျေနပ်နေသည်။ ကျွန်မတို့အစုအဖွဲ့ သည် ပရင်စတန်ကောလိပ်ကျောင်းတွင် အင်အားတောင့်တင်းသော အဖွဲ့တစ်ဖွဲ့ ဖြစ်လာသည်။ လူဦးရေများစွာပါဝင်သည့်အဖွဲ့ကြီး မဟုတ်သော်လည်း ကျစ်လျစ် စည်းရုံးသည်။ ပါတီပွဲများ ကျင်းပကြပြီး ညဉ့်ဝက်ခန့်အထိ က,ကြသည်။ နေ့လယ် စာစားချိန်တွင် တစ်ယောက်တစ်မျိုး ယူဆောင်လာကြခြင်းကြောင့် စားဖွယ်ရာတို့မှာ ဆယ်မျိုးထက်မနည်းရှိပြီး စားပွဲတစ်ခုလုံး ပြည့်နေတတ်သည်။ ညစာစားကြလျှင်လည်း စကားပြောကြသည်က ခပ်များများဖြစ်၍ နာရီပေါင်းများစွာ ကြာတတ်ပါသည်။ ထိုညစာစားပွဲများသည် ဦးလေးတောင်ပိုင်းသား၏ နေအိမ်၌ အမျိုးများ စုစားသည် နှင့်လည်း မတူပါချေ။

ပရင်စတန်ကောလိပ် အုပ်ချုပ်သူများကမူ ထိုသို့ လူမည်းများ တစုတဝေး ရှိနေတတ်သည်ကို နှစ်သက်ဟန်မရှိပေ။ ကျွန်မတို့ချင်း သွေးစည်းမိပါက

အုပ်ချုပ်ရေး ပိုင်း၏ အမိန့်တို့ကို ဖီဆန်လာလိမ့်မည်ဟု တွေးနေကြဟန်ရှိသည်။ ထိုသို့ တွေးခေါ်ကြ ခြင်းကိုလည်း ကျွန်မ နားလည်ပါသည်။ ကောလိပ်၏ရည်မှန်းချက်မှာ အသား အရောင်မတူသူများ တူတူညီညီ ရယ်ရယ်ပြုံးပြုံးနှင့် စည်းစည်းရုံးရုံးရှိစေရန်ဖြစ် ကြောင်း သူတို့ မကြာခဏ ထုတ်ဝေသော လက်ကမ်းကြော်ငြာများတွင် တွေ့ရတတ်၏။ သို့သော် ကောလိပ်ကျောင်းများတွင် ယနေ့ထက်တိုင် လူဖြူကလေးအရေအတွက် က လူမည်းများထက် သာလွန်နေမြဲဖြစ်ရာ စည်းရုံးရေးဆိုသည့်တာဝန်မှာ လူနည်းစု တို့၏ ပခုံးထက်သို့ ကျလာသောတာဝန်တစ်ရပ် ဖြစ်နေဆဲပင် ဖြစ်ပါသည်။ ကျွန်မ အတွေ့အကြုံအရပြောရလျှင် မေးခွန်းထုတ်ရန် ကိစ္စများစွာ ရှိနေဆဲဖြစ်သည်။

ပရင်စတန်တွင် ကျွန်မအတွက် လူမည်းမိတ်ဆွေများစွာရှိရန် လိုအပ်ပါသည်။ ကျွန်မတို့ချင်း တစ်ဦးနှင့်တစ်ဦး ဖေးမကူညီကြသည်။ လိုအပ်သူကို ထောက်ပံ့ ကြသည်။ ထို့ကြောင့် မပြည့်စုံသော်လည်း လူမည်းကလေးများ ပရင်စတန်သို့ ရောက်လာခဲ့ကြသည်။ ကောလိပ်မှ သင်ခန်းစာများမှာ ခက်ခဲသော်လည်း ဖြည်းဖြည်း မှန်မှန် သင်ယူကြသည်။ မိဝေးဖဝေး ရောက်လာကြသူများဖြစ်သော်လည်း အားငယ် စရာမဖြစ်အောင် ဝိုင်းဝန်းပေးကြသည်။ သူတို့ဘဝမှာ စန္ဒရားတီးတတ်စ,လူတစ် ယောက် စင်ပေါ်တက်ပြီး ပရိသတ်ကို ဖျော်ဖြေပြရသကဲ့သို့ ဖြစ်နေသဖြင့် ကျွန်မတို့က သူတို့ကို ဝိုင်းကူကြရသည်။

ထိုကိစ္စမှာ လုပ်သင့်လုပ်ထိုက်သောကိစ္စဟုလည်း ကျွန်မ ထင်သည်။ လူမည်းကျောင်းသူ ကျောင်းသားတို့မှာ လူနည်းစုဖြစ်သည့်ပြင် ကောလိပ်၏ စိန်ခေါ်မှု များစွာ ကြုံတွေ့ကြရသည်။ စာသင်ခန်းတွင်းမှ စိန်ခေါ်မှုသာမက စုပေါင်းလှုပ်ရှားသည့် ကိစ္စများတွင်လည်း ကြုံကြရသည်။ ထိုအခါမျိုးတွင် မိမိကိုယ်မိမိ ယုံကြည်စိတ်ချ မှု အပြည့်အဝရှိရန်လိုအပ်သည်။ ထိုအကြောင်းကြောင့်ပင် ကျွန်မတို့ သူငယ်ချင်းများ ညစာစားရာ၌ စုဝေးကြခြင်းဖြစ်သည်။ မျိုးနွယ်တူချင်း ပေါင်းစည်းမိကြချိန်တွင် ခွန်အားရကြသည်။ ထိုကြောင့်လည်း ညဉ့်နက်သည်အထိ စုစည်းနေကြခြင်းဖြစ်သည်။

ပိုင်းဟောလ်တွင် ကျွန်မနှင့်အတူ နေရသော အခန်းဖော်နှစ်ယောက်ရှိသည်။ နှစ်ဦးစလုံးမှာ သဘောသကာယကောင်းကြပါသည်။ သို့သော် ကျွန်မက အခန်းတွင် နေသည့်အချိန် နည်းလွန်းသဖြင့် သူတို့နှင့် အလွန်ရင်းနှီးသည့်အဆင့်သို့ မရောက်ခဲ့ပေ။ အပြင်တွင်လည်း ကျွန်မမိတ်ဆွေများထဲ၌ အသားအရောင်မတူသူ ရှားပါသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ကျွန်မ၏အပြစ်သာ ဖြစ်ပါမည်။ ကျွန်မကိုယ်တိုင်က သူတို့ နှင့် ရောနှောနေရန် ဝန်လေးခြင်းကြောင့် ဖြစ်သည်။ ကျွန်မက သတိကြီးစွာထားတတ် သူလည်း ဖြစ်သည်။ ထဲထဲဝင်ဝင်သိသူများနှင့်သာ

ပေါင်းသည်။ မသိသည့်ကိစ္စကို ပိုမိုသိရှိလာစေရန် ကြိုးပမ်းသည့်ကိစ္စမျိုး ကျွန်မ လုပ်လေ့လုပ်ထ,မရှိပါ။

နောက်နှစ်ပေါင်းအတန်ကြာပြီးမှသာ ကျွန်မနှင့် တစ်ခန်းတည်းနေခဲ့သော ကေသီအမည်ရှိ အမျိုးသမီး၏ မိခင်မှာ မည်ကဲ့သို့ သဘောထားရှိသူဖြစ်ကြောင်း ကျွန်မ သိခွင့်ရခဲ့ပါသည်။ ချူးအော်လီးန်မှ ကျောင်းဆရာမဖြစ်သော ထိုအမျိုးသမီးက သူ့သမီး ကေသီသည် လူမည်းအမျိုးသမီးအခန်းဖော်နှင့် နေထိုင်ရသည်ကို သိသွားသောအခါ အခန်းပြောင်းရွှေ့ပေးရန် ကောလိပ်အုပ်ချုပ်ရေးအဖွဲ့သို့ တောင်းဆိုခဲ့သည် ဆို၏။ ထိုအကြောင်းကို နောင်တွင် သူ့အင်တာဗျူးတစ်ခု၌ ထည့်ပြောခြင်းကြောင့် ကျွန်မ သိခဲ့ရခြင်းဖြစ်သည်။ သူတို့ မိသားစုဘဝတွင် “နီဂရိုး”ဆိုသော ဝေါဟာရမှာ သူတို့ အဘိဓာန်တွင်မရှိကြောင်း၊ အဘိုးဖြစ်သူမှာ မြို့အုပ်ချုပ်ရေးမှူးဖြစ်ပြီး သူအုပ်ချုပ် ရသည့်ဒေသ၌ လူမည်းတစ်ဦးဦးကို တွေ့ရှိပါက လိုက်ရိုက်ပြီး မြို့ပြင်သို့ နှင်ထုတ်ခဲ့သူ ဖြစ်သည်ဟု ဆို၏။ ထိုသို့သော မျိုးနွယ်မှ ဆင်းသက်လာခဲ့သူ ကေသီက လူမည်း တစ်ဦးဖြစ်သည့် ကျွန်မနှင့် တစ်ခန်းတည်းနေရသည် ကြားရသောအခါ သူ့သမီး အတွက် ကြီးစွာ တုန်လှုပ်ခဲ့ရသည်ဆို၏။

ပထမနှစ်ဝက်မှာပင် ကေသီက သုံးယောက်ခန်းမှ တစ်ယောက်ခန်းသို့ ပြောင်းရွှေ့သွားခဲ့သည်။ ထိုစဉ်က ကျွန်မမှာ အဓိပ္ပာယ်နားမလည်ခဲ့ပေ။

ပရင်စတန်ကောလိပ်၌ တက်နေဆဲတွင် ကျွန်မ ပညာသင်စရိတ်ထောက်ပံ့ငွေမှာ မလုံလောက်တော့သဖြင့် တစ်ဖက်မှ အလုပ်လုပ်ရန် လိုအပ်လာသည်။ ကံကောင်းထောက်မစွာ TWC အဖွဲ့အစည်း၏ ဒါရိုက်တာတစ်ယောက်အား လက်ထောက်အဖြစ် ကူညီရန် ငှားရမ်းခြင်းခံရသည်။ ရက်သတ္တတစ်ပတ်လျှင် ဆယ်နာရီ ကျောင်းအားသည့်အချိန်များ၌ ကူညီရသည်။ အတွင်းရေးမှူးအမျိုးသမီး လော်ရီတာ အနီး ခုံတွင် ထိုင်ကာ မှတ်စုများကို ကွန်ပျူတာစာစီပေးရသည်။ တယ်လီဖုန်းဖြေကြား ပေးခြင်း၊ အကူအညီလိုအပ်သဖြင့် ဖုန်းဆက်သွယ်မေးမြန်းသော ကျောင်းသားများ အား လမ်းညွှန်ဖြေကြားပေးခြင်းတို့ ဆောင်ရွက်ရသည်။ ရုံးခန်းမှာ ကျောင်းအဆောက် အဦ၏ထောင့်တွင်ရှိပြီး နေရောင်ခြည်ပြည့်ပြည့်ဝဝ ရသောအခန်း ဖြစ်သည်။ ကျွန်မသည် ထိုရုံးခန်း၌ အလုပ်လုပ်နေရခြင်းကို ပျော်နေမိ၏။ ထို့ထက်ပိုသည်မှာ ဌာနအကြီးအကဲဖြစ်သော စီဇားနီး ဘရပ်ဆဲလ် ဆိုသည့် အမျိုးသမီးကြီးကို ချစ်ခြင်း ကြောင့် ဖြစ်သည်။

စီဇားနီးမှာ လူမည်းအမျိုးသမီးတစ်ဦးဖြစ်ပြီး နယူးယောက်ဇာတိဖြစ်ကာ အသက်အရွယ်အားဖြင့် သုံးဆယ်ပင် မပြည့်တတ်သေးဟု ထင်သည်။ ဂျင်းဘောင်းဘီ အပွကိုဝတ်၍ အမြဲတစေ သွက်သွက်လက်လက်ရှိပြီး သူ့ခေါင်းထဲတွင် စိတ်ကူး လေးငါးခု တစ်ပြိုင်တည်း အမြဲရှိနေသူပင် ဖြစ်သည်။

ပရင်စတန်တွင် သူရှိနေခြင်း သည် ကျွန်မတို့ လူမည်းကျောင်းသူကျောင်းသားများအတွက် အားကိုးရာပင် ဖြစ်တော့သည်။ အမြဲတစေ လူမည်းကလေးများအတွက် တွေးတောကြံဆနေတတ်ပြီး ကိစ္စရှိလျှင်လည်း မားမားမတ်မတ်ရပ်ကာ ကာကွယ်ပေးတတ်သူဖြစ်သည်။ သူရုံးပြန်လျှင် အမြဲနောက်ကျသည်။ လက်ထဲတွင် စာရွက်စာတမ်း တစ်ပွေ့တစ်ပိုက် ပိုက်ကာ ပါးစပ်တွင် စီးကရက်ခဲရင်း ကျွန်မနှင့် အတွင်းရေးမှူးမလေး လော်ရီတာတို့ကို တရစပ် ညွှန်ကြားပြီး တစ်ဟုန်ထိုး ထွက်သွားတတ်သူလည်း ဖြစ်သည်။ သူနှင့်အတူ အလုပ်လုပ်ရခြင်းက ကျွန်မအတွက် အတွေ့အကြုံသစ်များ ရစေသည်။ ထို့ပြင် သူက ကျွန်မအား အချိန်ပိုင်းဝန်ထမ်း၊ ကျောင်းသူတစ်ဦးအနေဖြင့် မဆက်ဆံဘဲ လူကြီးတစ်ယောက်သဖွယ် နေရာပေး ဆက်ဆံတတ်သူ ဖြစ်သည်။ စီဇားနီးတွင် ဂျိုနာသန်အမည်ရှိသားကလေးတစ်ယောက်ရှိပြီး တစ်ခါတစ်ရံတွင် ကျွန်မက ထိုကလေးကို ထိန်းပေးသည်။ သူ့တွင် ခင်ပွန်းမရှိသဖြင့် စီဇားနီးသည် တစ်ယောက်တည်း အုပ်ထိန်းနေသော မိခင် ဖြစ်သည်။

စီဇားနီးကိုယ်တိုင်က ကျွန်မအား အလားအလာရှိသော မိန်းကလေးတစ် ယောက်ဟု ရှုမြင်သုံးသပ်ခြင်းကြောင့် တစ်ခါတစ်ရံတွင် မေးခွန်းများ မေးလေ့ရှိသည်။ သူ့မေးခွန်းတို့ကြောင့် ကျွန်မတွင် ရဲရင့်သောစိတ်ဓာတ် ပေါ်ပေါက်လာစေခဲ့သည်။ သူ့မေးခွန်းများမှာ "မင်းရောက်ဖူးလား"၊ "မင်းသွားဖူးလား" အစချီသော မေးခွန်းများ ဖြစ်ကြသည်။ ဥပမာ ဂျိမ်းစ်ကွန်းအကြောင်း ဖတ်ဖူးလား။ ပရင်စတန်ကောလိပ်က တောင်အာဖရိကမှာ ဘယ်လောက်ရင်းနှီးမြှုပ်နှံထားလဲ။ ပရင်စတန်ကောလိပ်က အရွယ်မရောက်သေးတဲ့ ကလေးတွေကို ဒီထက်ပိုပြီး လက်ခံသင့်တယ်လို့ မင်းထင် သလား။ ကျွန်မအဖြေအများစုမှာ မသိပါ ဟူ၍သာ ဖြစ်သည်။ တစ်နေ့တွင် သူမေး လိုက်သောမေးခွန်းမှာ စိတ်ဝင်စားဖွယ်ဖြစ်၏။

"မင်း နယူးယောက်ကို ရောက်ဖူးသလား"ဆိုသည့် မေးခွန်းပင် ဖြစ်သည်။

အဖြေမှာ ထုံးစံအတိုင်း မရောက်ဖူးပါဟူ၍သာဖြစ်သည်။ သို့သော် စီဇားနီး က များမကြာမီမှာပင် လက်တွေ့လုပ်ဆောင်တော့သည်။ တစ်ခုသော စနေနေ့ နံနက် တွင် ကျွန်မတို့တစ်တွေ သူ့ကားပေါ်၌ စုမိကြသည်။ ဂျိုနာသန်ကလေးနှင့်အတူ TWC မှ အခြားဝန်ထမ်းမိတ်ဆွေတစ်ဦးလည်းပါဝင်သည်။ စီဇားနီးက ကားမောင်းကာ နယူးယောက်မြို့ မဟတ္တန်သို့ မိုင်ကုန်တင်တော့သည်။ စကားပြောရင်း၊ စီးကရက် သောက်ရင်းဖြင့် မောင်းလာခဲ့သည်။ ပရင်စတန်အနီးရှိ မြင်းမွေးမြူရေးခြံများကို ကျော်ဖြတ်ကာ မကြာမီမှာပင် နယူးယောက်မြို့၏ အရိပ်အယောင်ကို စတင်မြင်တွေ့ လာရသည်။ ချီကာဂိုသည် ကျွန်မ၏

ဇာတိမြေဖြစ်သကဲ့သို့ နယူးယောက်မှာလည်း စီဇေးနီး၏ ဇာတိမြေ ဖြစ်သည်။ မွေးရပ်မြေနှင့် မကင်းကွာသေးပါက ကိုယ့်ဇာတိမြေ ကို မည်မျှခင်တွယ်ကြောင်း မသိတတ်ကြပေ။

ထိုသို့ နားမလည်နိုင်သေးမီမှာပင် ကျွန်မတို့ နယူးယောက်သို့ ရောက်ရှိခဲ့ကြသည်။ အမိုးအဝါရောင်နှင့် အငှားယာဉ်များ ပျားပန်းခပ်နေသည့်ကြားတွင် စီဇေးနီး သည် ကျွမ်းကျွမ်းကျင်ကျင်မောင်းနေ၏။ ဟွန်းသံများ ဆူညံနေပြီး များပြားလှသော ယာဉ်ထိန်းမီးပွိုင့်တို့တွင် နောက်ဆုံးစက္ကန့်၌သာ မီးနီပြနေသောပွိုင့်၌ ရပ်၏။ ထိုနေ့က ဘာတွေလုပ်ခဲ့ကြသည်ကို မမှတ်မိတော့သော်လည်း ပီဇာစားခဲ့သည်ကို သတိရသည်။ ရော့က်ဖဲလားစင်တာကို မြင်တွေ့ခဲ့ရသည်။ ကမ္ဘာကျော် စင်ထရယ်လ်ပါ့ခ်ကိုလည်း ရောက်ခဲ့ပါသည်။ မျှော်လင့်ချက်ကို ကိုယ်စားပြုသည့် မီးတုတ်တစ်ဖက်ကိုင်ထား သော လစ်ဘာတီရုပ်တုကိုလည်း မြင်ခဲ့ရသည်။ သို့သော် နယူးယောက်သို့ ကျွန်မတို့ သွားကြခြင်းမှာ အလည်သက်သက် မဟုတ်ပေ။ စီဇေးနီးက အရေးပေါ်လိုအပ်သော ပစ္စည်းများ လာရောက်ဝယ်ခြမ်းခြင်းဖြစ်သည်။ အချို့ပစ္စည်းတို့ ဝယ်ယူကာ အချို့ ပစ္စည်းများ ချထားပေးခဲ့သည်လည်း ရှိ၏။ အချို့ ကားရှုပ်သောနေရာများတွင် စီဇေးနီးက ကားကို နှစ်ထပ်ရပ်ပစ်ခဲ့ကာ ခပ်သုတ်သုတ်ဝင်၊ ခပ်သုတ်သုတ်ထွက်သည် မှန်သော်လည်း အခြားကားသမားများက ဟွန်းသံဆူညံစွာပေးကာ ဖယ်ရှားစေ၏။ နယူးယောက်သည် ကျွန်မကို ပျော်ရွှင်စေ၏။ နေရာတကာ သုတ်သုတ်သွားကာ ဟွန်းသံဆူညံနေသောမြို့၊ ချီကာဂိုကဲ့သို့ စိတ်ရှည်သည်းခံသူ နည်းပါးသောမြို့ပင် ဖြစ်သည်။ သို့သော် စီဇေးနီးကမူ သူ့မြို့၌ သူပျော်ပုံရသည်။ သေးနံ့တထောင်းထောင်း ထ,ကာ အမှိုက်များလည်း ရှုပ်ပွနေသောမြို့ပင် ဖြစ်တော့သည်။

တစ်နေရာအရောက်တွင် နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်ကာ နှစ်ထပ်ရပ်ရန် စဉ်းစားပုံရသည်။ သို့သော် ပိုကောင်းသည့်စိတ်ကူးတစ်ခု ရသွားဟန်နှင့် သူ့ဘေးတွင်ထိုင်နေသော ကျွန်မကို လှည့်ကြည့်လိုက်ကာ သူ့နေရာတွင် ကျွန်မကို ဝင်ထိုင်စေသည်။

"မင်းမှာ လိုင်စင်ရှိတယ် မဟုတ်လား"ဟု ကျွန်မကို မေးလာသည်။ ကျွန်မကလည်း ခေါင်းညိတ်ပြလိုက်သည်။ "အေး .. ကောင်းတယ်။ ဒီဘလောက်ကို ဖြည်းဖြည်းလေးပတ်ပြီးမောင်း။ တစ်ပတ်ဖြစ်ချင်ဖြစ်မယ်၊ နှစ်ပတ်ဖြစ်ချင်ဖြစ်မယ်။ ငါးမိနစ်လောက် အပေါ်တက်လိုက်မယ်"ဟု ဆိုကာ တက်သွားတော့သည်။

ကျွန်မ သူ့ကိုကြည့်ကာ ရူးသွားပြီလားဟု တွေးမိ၏။ ကျွန်မအမြင်တွင် သူရူးသွားပြီဟု ထင်သည်။ မဟတ္တန်ကဲ့သို့သောနေရာတွင် ကားမောင်းခိုင်းခြင်းမှာ

ရှုး၍သာဖြစ်ပါမည်။ ဆယ်ကျော်သက်အရွယ်သာ ရှိသေးသော ကျွန်မကို ကားမောင်း ခိုင်းနေသည်။ ဤသို့သောနေရာမျိုးတွင် အစိမ်းသက်သက်သာဖြစ်သော ကျွန်မအနေ နှင့် ကားမောင်းရန် မသင့်ပါ။ ကားများက ဥဒဟိုသွားနေကြသည်။ ထို့ပြင် ကားပေါ် တွင် သူ့သားလေးပါသဖြင့် ယာဉ်ရှုပ်ထွေးလှသည့် ဤသို့သော ညနေခင်းမျိုးတွင် ကားတိုက်မည်ဆိုပါက ကလေးငယ်အတွက် အန္တရာယ်များလှပါသည်။ သို့သော် ကျွန်မအပေါ်တွင် ယုံကြည်မှုအပြည့်ရှိသော စီဇားနီးကို ကျွန်မ မငြင်းတော့ဘဲ မောင်းလာခဲ့သည်။ ထိုသို့ ကျွန်မအား ယုံကြည်လိုက်ခြင်းက နယူးယောက်သူ စီဇားနီးနှင့် ကျွန်မ ရာသက်ပန်မိတ်ဆွေ ဖြစ်သွားစေခဲ့တော့သည်။ ကားပေါ်က သူ ဆင်းကာ ခဏလေးပါဆိုသည့် စကားနှင့်အတူ ပျောက်ကွယ်သွားခဲ့ပြီ။

ကျောင်းစာများကို ကျွန်မ အသည်းအသန်လေ့ကျင့်နေပြီဖြစ်သည်။ နည်းမျိုးစုံနှင့် ကျက်မှတ်နေသည်။ စာသင်ခန်းထဲ၌ တစ်ယောက်တည်း လေ့လာသည် ရှိသကဲ့သို့ တတိယကမ္ဘာစင်တာဟု အမည်ပေးထားသော တိတ်ဆိတ်နေသည့် ခန်းမ ကြီးထဲ၌ လေ့လာသည်။ စာကြည့်တိုက်တွင် သွားရောက်လေ့လာသည်လည်း ရှိပါသည်။ ပီပီပြင်ပြင် စာရေးတတ်စေရန်၊ ထက်ထက်မြက်မြက် တွေးခေါ်တတ် စေရန် အပြင်းအထန်လေ့လာသည်။ အမှန်တကယ် ကျွန်မ အပြင်းအထန် လေ့လာ ဖြစ်သည်မှာလည်း နောက်ဆုံးအချိန်ကပ်ပြီးမှ အပြင်းအထန်လေ့လာခြင်းဖြစ်၏။ စာမေးပွဲဖြေသည့် အခါ၌လည်း ကျေနပ်အားရခဲ့သည်။ အထက်တန်းကျောင်းတက်စဉ် ကာလကတည်းက ကျွန်မ အချိန်ပိုအားစိုက်လိုက်လျှင် အဖြူများကို မီအောင်လိုက်နိုင် ခဲ့သည်ကို သိရှိခဲ့ပြီးဖြစ်သည်။

အဖြူအများစုသာ တက်ရောက်လေ့ရှိသော ပရင်စတန်ကောလိပ်ကဲ့သို့သော နေရာမျိုးတွင် လူမည်းများ မျက်နှာမငယ်စေရန် ကြိုးစားသည်။ စာမေးပွဲဖြေနေစဉ် ကာလအတွင်း အဖြူကျောင်းသားအချို့နှင့် ပါမောက္ခအချို့ အပါအဝင် ကြည့်ကြသည့် အကြည့်များကို ကျွန်မ နားလည်ပါသည်။ “ဘာဖြစ်လို့ ဒီလိုကျောင်းမှာ တက်ချင် ရတာလဲဆိုတာ သိပါတယ်” ဆိုသည့် အကြည့်များပင်ဖြစ်၏။ ထိုအချိန်မျိုးတွင် ကျွန်မစိတ်လျှော့လိုက်ပါက အရည်ပင် ပျော်သွားနိုင်ပါသည်။ အချို့သော သူတို့၏ အကြည့်က ဤသို့သော အဓိပ္ပာယ်ဆောင်ချင်မှဆောင်ပါလိမ့်မည်။ သို့သော် အများစု က ထိုသို့ ကြည့်ကြခြင်းပင်။

တဖြည်းဖြည်းနှင့် ကျောင်း၏ စနစ်ကို နားလည်လာသည်။ ဤကျောင်းတွင် လူဖြူလူမည်းတို့ကို သာတူညီမျှအခွင့်အရေးပေးထားသည်။ အထူးသဖြင့် လူနည်းစုဖြစ်သော လူမည်းတို့အတွက် အခွင့်အရေးပေးထားသော်လည်း ထိုအခွင့်

အရေးတို့ကို ခံစားသွားကြသည်က လူဖြူများပင်ဖြစ်သည်။ အထူးအခွင့်အရေးပေးခံရသောသူများလည်း ရှိပါသည်။ ဥပမာအားဖြင့် အားကစားသမားများ။ ထို့ပြင် အမွေဆက်ခံခွင့်ရှိသူ တချို့လည်း ရှိပြန်သည်။ သူတို့ အဖေများ၊ အဘိုးများက ကျောင်းအတွက် အဆောင်ဆောက်လုပ်လှူဒါန်းခဲ့သူ၊ စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းသူ စသူတို့၏ သားသမီး၊ မြေးများဖြစ်ကြသည်။ သို့သော် ချမ်းသာကြွယ်ဝခြင်း က စာမေးပွဲကျရှုံးခြင်းကိုမူ ကယ်တင်ခြင်း မပြုနိုင်ပေ။ ကျွန်မ ပတ်ဝန်းကျင်တွင်ရှိသော ချမ်းသာသူ၊ ကျော်ကြားသူတို့လည်း စာမေးပွဲမဖြေနိုင်ပါက ကျကြသည်သာ ဖြစ်သည်။ ပါတီပွဲစုံမက်နေသူများ၊ အပျော်အပါးကြိုက်နေသူများမှာ နောက်ဆုံးမှ ကပ်ကြိုးစားပါက အချည်းနှီးပင်။ ကျွန်မကမူ စာမေးပွဲတိုင်း အမှတ်ကောင်းစေရန် ဂရုစိုက်သည်။

ဒုတိယနှစ်တွင် နှစ်ယောက်ခန်းတစ်ခန်း၌ စူဇန်းနီးနှင့် ကျွန်မ အတူနေကြသည်။ ကျွန်မက စာကို အထူးဂရုစိုက်သည်။ စာသင်ခန်းများ၌ ဆွေးနွေးကြရာတွင် လူဖြူအမျိုးသားများက ကြီးစိုးကြသည်။ ကျွန်မက ထိုသို့မဖြစ်စေရန် စာကိုကြိုးစားပြီး သူတို့နှင့် တန်းတူဆွေးနွေးလေ့ရှိသောကြောင့် အတန်းထဲ၌ ထင်ရှားသောမိန်းကလေး တစ်ယောက်ဖြစ်လာသည်။ ကျွန်မကလည်း အဖြူများကြားတွင် စာသင်နေရသည့် လူမည်းအမျိုးသမီးတစ်ယောက် ဖြစ်နေခြင်းကြောင့် သိမ်ငယ်သည့်စိတ်ကို ကြိုးစား မေ့ဖျောက် ထားလိုက်သည်။ လူဖြူအမျိုးသားများ ပြောပုံဆိုပုံတို့ကို လေ့လာကြည့်ရာ တွင် သူတို့သည် ကျွန်မတို့ထက် မသာနိုင်ကြောင်း တွေ့လာရသည်။ သူတို့သည် အစဉ်အလာအားဖြင့် အထက်စီးမှ နေခွင့်ရခဲ့ကြခြင်းကြောင့် သာသယောင်ယောင် ဖြစ်နေကြခြင်းပင်။ တကယ်တမ်းတွင် သူတို့သည် ကျွန်မတို့ထက် ပိုသာသောအချက် မရှိပါချေ။

အချို့သော လူမည်းအမျိုးသားများဆိုလျှင် ကျွန်မခံစားရသည်ထက် ပို၍ ခံစားကြရသည်။ ဒဲရစ်ခ်ဆိုသော မိတ်ဆွေလူမည်းတစ်ဦးက ပြောပြခဲ့သည်မှာ လူဖြူကျောင်းသားများက သူနှင့်အတူ လမ်းမလျှောက်လိုဟု ပြောခဲ့ကြသည်ဟု ဆို၏။ ကျွန်မနှင့်သိသော လူမည်းမိန်းကလေးတစ်ဦးက သူ့အခန်းထဲတွင် လူမည်းမိန်းကလေး ခြောက်ဦးနှင့် မွေးနေ့ပွဲကျင်းပသဖြင့် ကောလိပ်ကျောင်းအုပ်အထိ အတိုင်ခံရသည်။ အခန်းဖော် လူဖြူမိန်းကလေးက လူမည်းမိန်းကလေးများ အခန်းထဲ၌ လာရောက် စုဝေးကြခြင်းကို သည်းမခံနိုင်၍ တိုင်ကြားခြင်းဖြစ်သည်ဟု ဆို၏။ ပရင်စတန်တွင် လူမည်းဦးရေမှာ အနည်းငယ်သာရှိပါသည်။ ထိုသို့ နည်းနေသည်ကိုပင် အနိုင်ကျင့်ချင် နေကြသည်။ ကျွန်မ ခံယူချက်မှာ များပြားလှသော လူဖြူတို့ကို ကျော်ဖြတ်ကာ သူတို့ထက်သာစေရန် စွမ်းဆောင်ဖို့ပင် ဖြစ်သည်။ ဝှစ်တနီယန်းတွင် တက်ရောက်စဉ် ကကဲ့သို့ “နင်တို့ကို လုပ်ပြမယ်”ဟူသော စိတ်ဓာတ်က ကိန်းအောင်းလာ၏။ အထက်တန်းကျောင်းတွင် ကြိုးစားခဲ့သည်က

ကိုယ့်အနီးပတ်ဝန်းကျင်အတွက်သာ ဖြစ်သော်လည်း ယခုကောလိပ်တွင်မူ ကျွန်မတို့ လူမည်းတစ်မျိုးသားလုံးအတွက် ဖြစ်လာခဲ့သည်။ အတန်းထဲတွင်ဖြစ်စေ၊ စာမေးပွဲတွင်ဖြစ်စေ ထိုစိတ်က ကြီးစွာသော စိုးမိုးမှု ဖြစ်စေခဲ့သည်။

အခန်းဖော်ဖြစ်သည့် စူဇန်းနီးကို လေ့လာကြည့်သည့်အခါ ဘာကိုမျှ လေးလေးနက်နက်မရှိသည်ကို တွေ့ရ၏။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားသူဖြစ်ခြင်းကြောင့် ကျွန်မက သူ့ကို စခရူဇန်းနီးဟု နာမည်ပြောင်ပေးထားသည်။ သူ့ဆုံးဖြတ်ချက်မှန် သမျှသည် သူတွဲနေသောသူ၊ သူတက်နေသော အတန်းမှ သူငယ်ချင်းတို့အပေါ်တွင် မူတည်သည်။ အထူးသဖြင့် အပျော်အပါးမက်သည်။ သွားနေသည့်လမ်းကြောင်းက မပျော်ဟုထင်လျှင် တိတ်တိတ်ကလေး လမ်းကြောင်းပြောင်းသွားသည်။ ကျွန်မက လူမည်းများအစည်းအရုံး တစ်ခုဖြစ်သော တတိယကမ္ဘာစင်တာသို့ ဝင်ရောက်သော အခါ စူဇန်းနီးက ဘောလုံးအသင်းသို့ ဝင်ရောက်သည်။ အဓိကအချက်မှာ ချစ်ဖွယ်ကောင်းသော အမျိုးသားအားကစားသမားများနှင့် နီးနီးကပ်ကပ်နေနိုင်ရေး ဖြစ်သည်။ အစားအသောက်နှင့်အငြင်းအခုံ အဓိကလုပ်ဆောင်ကြသော Cap and Gown အဖွဲ့ဝင် ဖြစ်ခဲ့စဉ်က သူသည် ချမ်းသာသောလူဖြူများကြားတွင်သာမက ဆယ်ကျော်သက် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးနှင့်ပင် ရင်းနှီးခဲ့သည်။ ထိုသူတို့အလယ်တွင် သူသည် မင်းသမီးတစ်ပါးကဲ့သို့ ရှိခဲ့၏။ စူဇန်းနီး၏ မိဘများက ဆေးပညာလိုက်စားရန် ဖိအားပေးကြသောအခါ သူ မပျော်တော့ပေ။ စာမေးပွဲများလည်း ကျလာသည်။ သို့သော် သူက မမှုပေ။ ကျွန်မတို့နှစ်ယောက် အတူနေသော အခန်းတွင်လည်း တစ်ယောက်နှင့်တစ်ယောက် ကွဲပြားခြားနားလာသည်။ သူ့နံဘေး ပတ်ပတ်လည်တွင် အဝတ်ဟောင်းများ၊ ဆုတ်ဖြဲခြေမွလွှင့်ပစ်ထားသော စက္ကူစုတ်တို့ရှိနေပြီး ကျွန်မ ဝန်းကျင်၌မူ လေ့လာဖတ်ရှုနေသော စာအုပ်များ ဝန်းရံနေ၏။

တစ်ရက်တွင် အားကစားလုပ်ပြီး ပြန်လာသော စူဇန်းနီးက ချွေးစိုနေသော သူ့အဝတ်တို့ကို ကြမ်းပေါ်တွင် ချွတ်ပုံထားလိုက်ကာ ရေချိုးခန်းအတွင်း ဝင်၍ ခေါင်းလျှော်နေသည်။ ချွေးစိုအဝတ်တို့ကို နေရာမှ ကောက်မည့်ပုံမပေါ်။ ခဏကြာ လျှင် ထိုအဝတ်တို့သည် လျှော်ပြီးသောအဝတ်များနှင့် ရောသွားမည်ဖြစ်သည်။ “ဒီလို လုပ်ဖို့ လိုအပ်လို့လား စူဇန်းနီး”ဟု ကျွန်မက မေးလိုက်သောအခါ သူက “ဘယ်လို လုပ်ရဦးမှာလဲ”ဟု တုံ့ပြန်လာ၏။

သူနှင့်နေရသည်မှာ တစ်ခါတစ်ရံတွင် လျစ်လျူရှုထားနိုင်သော်လည်း တစ်ခါတစ်ရံတွင် အော်ဟစ်ပစ်ချင်စိတ်ပေါက်ပါသည်။ သို့သော် မည်သည့်အခါကမျှ မအော်ဖြစ်ခဲ့ပေ။ သူက သူသာဖြစ်ပြီး ကျွန်မ မဟုတ်ဟု ဆင်ခြင်မိသောကြောင့် ဖြစ်သည်။ အခန်းထဲ၌ သူရှုပ်ပွထားသည်မှာ များသည်ထက်များလာ၍ သည်းမခံနိုင်သည့်အခါ ဘာမျှမပြောတော့ဘဲ သူ့အမှိုက်အားလုံးကိုကျုံးကာ

သူ့အိပ်ရာပေါ် တင်ထားလိုက်သည်။

ယခု ပြန်စဉ်းစားကြည့်သည့်အခါ စူဇန်းနီးက ကျွန်မအား အကျင့်တစ်ခု သင်ပေးသွားခဲ့သည်ဟု မြင်မိပါသည်။ လူတိုင်းသည် ကိုယ်နှင့်ပတ်သက်သော စာရွက်စာတမ်းတို့ကို စံနစ်တကျဖိုင်တွဲကာ အက္ခရာဝလိစဉ်ရေးထိုး၍ သိမ်းဆည်း တတ်ကြသူများ မဟုတ်ပေ။ သူ့အကျင့်နှင့်သူ ရှိကြသည်သာ။ နှောင်နှစ်ပေါင်း များစွာကြာသောအခါ စူဇန်းနီးနှင့် အကျင့်တူသော အမျိုးသားတစ်ဦးကို ကျွန်မ ချစ်မိပါသည်။ ထိုသူသည် စူဇန်းနီးကဲ့သို့ပင် သူ့အဝတ်အစားကအစ ပစ်စလက်ခတ် ထားသူ ဖြစ်သည်။ သို့သော် ထိုသူနှင့် ကျွန်မ အတူနေနိုင်ပါသည်။ ယခုထက်ထိလည်း နေဆဲဖြစ်သဖြင့် စူဇန်းနီးကို ကျေးဇူးတင်မိပါသည်။

တစ်နေ့တွင် စီဇားနီးက "ကျောင်းဆင်းပြီးသွားရင် ကလေးတွေအတွက် အစီအစဉ်လေး တစ်ခုလောက်များ လုပ်မယ်လို့ မစဉ်းစားမိဘူးလား"ဟု မေးလာသည်။

သူ မေးလိုက်သည်မှာ အကြောင်းမဲ့မဟုတ်နိုင်ဆိုသည်ကိုလည်း ကျွန်မ သိပါသည်။ ကျွန်မက ဂျိုနာသန်ကလေးနှင့် အချိန်ဖြုန်းနေတတ်သည်။ ထိုအချိန်များ အတွက်လည်း အချိန်ပိုအလုပ်ဆင်းချိန်အဖြစ် လုပ်ခပေးထား၏။ မူလတန်းတက် နေပြီဖြစ်သော ဂျိုနာသန်ကိုအဖော်ပြုကာ ပရင်စတန်ကောလိပ် ကျောင်းပရိဝုဏ် အတွင်း လှည့်လည်အချိန်ဖြုန်းနေသဖြင့် စီဇားနီးက မေးလိုက်ခြင်းဖြစ်မည်။ တစ်ခါ တစ်ရံတွင် ကျွန်မတို့နှစ်ယောက်သည် တတိယကမ္ဘာစင်တာသို့ သွားကြကာ အလွန် ညံ့ဖျင်းစွာ အသံထွက်သော စန္ဒရားကြီးကို တီးကြပြီး သီချင်းဆိုကြသည်။ ထိုသို့ မဟုတ်ပါက ခပ်စုတ်စုတ်ဆိုဖာပေါ် ထိုင်ကာ စာဖတ်ကြသည်။ ထိုအချိန်အားလုံး အတွက် ကျွန်မအား လစာပေးထားသော်လည်း ယခုထက် တစ်ဆင့်တက်ကာ လုပ်စေချင်ပုံရပါသည်။

"အတည်ပြောနေတာ။ အလုပ်လုပ်နေကြရတဲ့ မိဘတွေအတွက် သူတို့ ကလေးတွေ ကျောင်းဆင်းပြီးချိန်မှာ စောင့်ရှောက်ပေးမယ့်သူ လိုအပ်နေကြတယ်။ မင်းအနေနဲ့ ဒီကလေးတွေကို ထိန်းပေးရင်း အစီအစဉ်တစ်ခုခုလုပ်ရင် အကျိုးရှိနိုင် တယ်"

စီဇားနီး၏ ပါးစပ်ကြော်ငြာဖြင့်ပင် ကျွန်မ စောင့်ရှောက်ပေးရမည့် ကလေး သုံး,လေးဦး ရလာသည်။ ထိုကလေးတို့မှာ တက္ကသိုလ်မှ လူမည်းပါမောက္ခနှင့် အုပ်ချုပ်ရေးပိုင်းမှ အရာရှိကြီးများ၏ ကလေးများဖြစ်ကြသည်။ ညနေခင်း ကလေးများကျောင်းဆင်းချိန် ထိန်းပေးရခြင်းဖြစ်၍ သူတို့အတွက် ကျန်းမာရေးနှင့် ညီညွတ်သော သရေစာကလေးများ ကျွန်မက စီစဉ်ပေးထားသည်။ သူတို့နှင့်အတူ မြက်ခင်းပေါ် ပြေးကစားသည်။ အိမ်စာပါလာပါက သူတို့နှင့်အတူ အိမ်စာကူလုပ်

ပေးသည်။

ကျွန်မအတွက် အချိန်ကုန်သည်မှာ မြန်လှ၏။ ကလေးများနှင့် ပျော်ပျော်ရွှင်ရွှင် ကစားနေရခြင်း ကြောင့် ကျွန်မခေါင်းထဲသို့ ကျောင်းမှ အပူအပင်များလည်း ဝင်လာရန်အချိန် မရှိတော့ပေ။ ကျွန်မငယ်စဉ်က အရုပ်ကလေးများ၏ မိခင်အဖြစ် ကစားလေ့ရှိသည်။ အဝတ်အစားလဲပေးခြင်း၊ ခေါင်းဖြီးပေးခြင်း၊ သူတို့ ဒူးကလေးများ တွင် ဒဏ်ရာရဟန်ဖြင့် ပလတ်စတာလေးများ ကပ်ပေးခြင်း စသဖြင့် ကစားခဲ့ဖူးပါသည်။ လက်တွေ့ဘဝတွင် ကျွန်မသည် သက်ရှိကလေးငယ်များအား လက်တွေ့ ဆောင်ရွက်ပေးနေရပြီဖြစ်သည်။ သူတို့နှင့် နာရီအတော်ကြာနေပြီးနောက် အဆောင်သို့ ပြန်သွားချိန်တွင် ပင်ပန်းသည်မှန်သော်လည်း ပျော်နေခဲ့သည်။ ရက်သတ္တပတ်တစ် ပတ်လျှင် တစ်ကြိမ် ကျွန်မ အားလပ်ခွင့်ရသောအခါ လျှူးစစ်တွင် ကျန်ရစ်သော မိဘများထံသို့ ကျွန်မ ဖုန်းဆက်ပါသည်။ အကယ်၍ အဖေက မနက်စောစော အလုပ်ဝင်ရသည့် နေ့နှင့် ကြုံနေပါက ညနေပိုင်း၌ နောက်တစ်ကြိမ် ပြန်ခေါ်ပါသည်။ ထိုအခါမျိုးတွင် အဖေသည် ရုပ်မြင်သံကြားစက်ရှေ့တွင် ထိုင်ကောင်းထိုင်နေမည်၊ သို့မဟုတ် မသန်တော့သည့် သူ့ခြေထောက်ကို ခုံတစ်ခုပေါ်တင်ကာ အမေ အလုပ်မှ ပြန်လာမည့်အချိန်ကို မျှော်နေပေလိမ့်မည်ဟု ကျွန်မ တွေးမိသည်။ ညနေခင်းများ တွင် ဆက်လျှင် ဖုန်းကို အမေကောက်ကိုင်သည်က များပါသည်။ ထိုအခါ များတွင် ကျွန်မက ကောလိပ်ကျောင်းမှ အတွေ့အကြုံများကို ပြောပြတတ်ပါသည်။ ထိုအခါ မျိုးတွင် မိဘနှစ်ပါးသည် ရင်ခုန်စိတ်လှုပ်ရှားစွာ နားထောင်တတ်ကြ၏။ သူတို့ မှာ ရှေ့တန်းစစ်မျက်နှာမှ စစ်ထွက်သားသမီးထံမှ ကြားရသလိုမျိုး စိတ်လှုပ်ရှား တတ်ကြပါသည်။ ကျွန်မကလည်း မခြွင်းမချန် ရင်ထဲရှိသမျှ ချပြောသည်သာဖြစ်သည်။ ကျွန်မတို့အတန်းတွင် ပြင်သစ်ဘာသာ လာရောက်သင်ကြားပေးသည့် ပါမောက္ခကို ချစ်ကြောင်းမှအစ ကျောင်းဆင်းချိန် ထိန်းပေးရသော ကလေးများ အကြောင်းအထိ အိတ်သွန်ဖာမှောက်ပြောပြသည်။ စူဇန်းနီးနှင့်ကျွန်မတို့ မျက်လုံး အစိမ်းရောင်ရှိသော အာဖရိကန် အမေရိကန် အင်ဂျင်နီယာကလေးတစ်ယောက်ကို သဘောကျကြသဖြင့် သူ့လှုပ်ရှားမှုမှန်သမျှကို တကောက်ကောက် လိုက်ကြည့်ကြသော်လည်း သူကမူ ကျွန်မတို့ရှိနေသည်ကိုပင် သတိထားမိဟန် မတူကြောင်းလည်း ပြောပြသည်။

ကျွန်မပြောသမျှကို အဖေက စိတ်ဝင်တစားနားထောင်သည်။ တစ်ခါတစ်ရံ တွင် "တကယ်လား"ဟုပင် စကားထောက်ပေးတတ်သည်။ တစ်ခါတစ်ရံ၌ "ဟိုကိစ္စ ဘယ်လိုလဲ"ဟု လည်းကောင်း၊ တစ်ခါတစ်ရံ၌ "အဲဒီကောင်လေးက သမီးတို့နှစ် ယောက်နဲ့ မတန်လို့နေမှာပါ"ဟုလည်းကောင်း စကားထောက်ပေးတတ်ပါသေးသည်။

ကျွန်မက ကျောင်းမှအကြောင်းများ ပြောပြနေစဉ် အဖေကလည်း အိမ်မှ သတင်းများကို မျှဝေပါသည်။ ဒယ်ဒီနှင့် ဘွားဘွားတို့က ဒယ်ဒီ၏ မွေးရာဇာတိမြေ တောင်ပိုင်း ကာရိုလိုင်းနားမှ ဂျော့ချ်တောင်းသို့ ပြောင်းခဲ့ကြကြောင်း၊ ဘွားဘွားမှာ အထီးကျန်ဆန်နေပုံရသည်ဟု ဆိုသည်။ မာမီက အချိန်ပိုအလုပ်ဆင်းကာ ရော်ဘီအား ပြုစုနေကြောင်း၊ ရော်ဘီမှာ အသက်ခုနစ်ဆယ်တွင်း ရောက်နေပြီး ကျန်းမာရေးချို့တဲ့ လာကြောင်း၊ မုဆိုးမ ဖြစ်သွားချိန်မှစကာ ချူချာလာကြောင်းများ ပြောပြသည်။ တစ်ကြိမ်တွင် ခရိတ်က အိမ်ကွင်းဖြစ်သော ပရင်စတန်၌ ကစားရမည်ဖြစ်၍ အဖေနှင့် အမေတို့က သူ့ပွဲ လာကြည့်ကြသည်။ အဖေနှင့်အမေတို့ကို အသံဖြင့်သာ ဆက်သွယ် နိုင်ခဲ့သော ကျွန်မအတွက် အိမ်မှ ထွက်လာခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြန်လည် ဆုံတွေ့ရခြင်းပင် ဖြစ်ပါသည်။ ကားပေါ်မှ ဆင်းလိုက်သည့် အဖေက ဘီးတပ်တွန်း လှည်းပေါ်သို့ ပြောင်းထိုင်လိုက်ပြီး ထိုတွန်းလှည်းကို အမေက တွန်းပေး၏။

ကျွန်မ အဖေ၏အဖြစ်ကို ကျွန်မ မကြည့်ရက်ပါ။ အဖေ့အား ကူညီနိုင်မည့် နည်းလမ်းအသွယ်သွယ်ကို ပရင်စတန်၏ စာကြည့်တိုက်ထဲမှ စာအုပ်များတွင် ကြိုးစား ရှာဖွေသည်။ တွေ့ရှိသမျှသော ဆောင်းပါးများကို ကော်ပီကူးကာ ပို့ပေးသည်။ ရူပဗေဒလေ့ကျင့်ခန်းများ လုပ်ပေးခြင်းဖြင့် ဆောင်ရွက်နိုင်ကြောင်း ဆောင်းပါးများ ကူးယူပေးပို့သော်လည်း အဖေက လက်မခံပေ။ သူ့ရောဂါနှင့် ပတ်သက်၍ ဘာမျှ မကြားချင်ဟု ဆိုသည်။ ကျွန်မတို့ ဖုန်းဆက်သွယ်ပြောကြားရာတွင်လည်း သူ့ရောဂါ နှင့် ပတ်သက်၍ လုံးဝအပြောမခံပေ။

ကျွန်မက သတိတရနှင့် “အဖေ့ခြေထောက် ဘယ်လိုနေသေးလဲ”ဟု မေးပြန် လျှင်လည်း “ကောင်းပါတယ်”ဟူသည့် အဖြေတစ်ခုတည်းကို ကြားရသည်သာ။

ထိုအခါမျိုးတွင် ကျွန်မက အဖေ့အသံကို သရုပ်ခွဲကြည့်ရသည်။ ကြည်ကြည်လင်လင် ရှိပါ၏လော၊ နာကျင်သံပါနေသလော စသဖြင့် သရုပ်ခွဲကြည့်ရသည်။ အဖေ့အဖြေစကားသည် ကျွန်မအတွက် အောက်ဆီဂျင်ပင် ဖြစ်ပါသည်။ ကျွန်မနှင့် စကားပြောပြီး ဖုန်းချခါနီးတိုင်း အဖေ မေးလေ့ရှိသောစကားမှာ ကျွန်မ ဘာလိုသေး သလဲ၊ ငွေလိုသလားဟူသော မေးခွန်းပင် ဖြစ်ပါသည်။ ကျွန်မကလည်း မည်သည့် အခါမျှ လိုအပ်သည်ဟု မဖြေခဲ့ဖူးပေ။

※※※

၇

အိမ်ဆိုသည်မှာ ဝေးသည်ထက်ဝေးလာခဲ့ပြီး စိတ်ကူးထဲတွင် မှုန်းဆကြည့်ရုံမျှသာ ရှိတော့သည်။ ကောလိပ်တက်နေစဉ်က အထက်တန်းကျောင်း အတူတက်ခဲ့ကြ သော သူငယ်ချင်းအချို့နှင့် အဆက်အသွယ်ရှိခဲ့သေးသည်။ အထူးသဖြင့် ဝါရှင်တန်ဒီစီ မှ ဟောင်းဝပ်တက္ကသိုလ်တွင် တက်နေသော စန်တီတာနှင့် အဆက်အသွယ်ရှိခဲ့၏။ ကျောင်းပိတ်ရက်ရှည်ရစဉ်က သူ့ထံသို့ ကျွန်မ သွားရောက်လည်ပတ်ပြီး ရယ်ကြမော ကြ၊ စကားတွေ အတည်လည်းပြောခဲ့ကြနှင့် ငယ်ငယ်ကအတိုင်း ရှိခဲ့ကြသည်။ ဟောင်းဝပ်တက္ကသိုလ်၏ ပရိဝုဏ်မှာ တောနှင့်တူလှသည်။ ထို့ကြောင့် "မိန်းမ . . . နင်က တောထဲရောက်နေတာကိုး"ဟုပင် စ,ခဲ့သေးသည်။ စ,လောက်အောင်ပင် ဧရာမကြွက်ကြီးတစ်ကောင်က သူ့အခန်းရှေ့မှ ဖြတ်ပြေးသည်ကို မြင်လိုက်ရသည်။ ဟောင်းဝပ်တွင် တက်ရောက်ပညာသင်ယူနေကြသော ကျောင်းသူကျောင်းသားအရေ အတွက်မှာ ကျွန်မတို့ ပရင်စတန်၏ နှစ်ဆရှိပါသည်။ အားလုံးနီးပါးသည် လူမည်းများ ဖြစ်ကြခြင်းကြောင့် စန်တီတာကို အားကျမိပါသည်။ လူမည်းအများစု ရှိနေခြင်းကြောင့် သိမ်ငယ်ရန်မလိုတော့ပေ။ သို့သော် မြစိမ်းရောင် မြက်ခင်းပြင်ကျယ်၊ ကျောက်တုံးများနှင့် ဆောက်လုပ်ထားသော မုခ်ဦးရှိသည့် ပရင်စတန်နှင့် မလဲနိုင်ပါချေ။ လူမည်းအနည်းစုသာ ရှိသည်ဆိုသော်လည်း ကျွန်မတို့သည် တစ်ယောက် အကြောင်းတစ်ယောက် သိပြီးဖြစ်နေကြပြီ ဖြစ်သည်။

ကျွန်မက လူမှုဗေဒဘာသာရပ်ကို အထူးပြုဘာသာရပ်အဖြစ် လေ့လာသင်ယူနေ၏။ ကျွန်မက စမတ်ကျပြီး ပျော်ပျော်ပါးပါးနေတတ်သော ဘောလုံးသမားတစ် ယောက်နှင့်လည်း တွဲနေပြီဖြစ်သည်။ အဆောင်တွင် စူဇန်းနီးနှင့် ကျွန်မက အခြား အခန်းဖော်တစ်ဦးနှင့်တွဲကာ သုံးယောက်ခန်းတွင် နေကြသည်။ သူ့အမည်မှာ အိန်ဂျ လာကနေဒီ ဖြစ်ပြီး စကားခပ်သွက်သွက်ပြောကာ ဖြတ်ထိုးဉာဏ်ရှိသည်။ အိန်ဂျလာ က ဝါရှင်တန်မှ ကျောင်းလာတက်သူလည်းဖြစ်သည်။ သူရှိနေခြင်းက ကျွန်မတို့ကို အမြဲရယ်နေစေခဲ့သည်။ မြို့ကြီးပြကြီးမှ လာသည့် လူမည်းအမျိုးသမီးတစ်ဦးဖြစ်သော အိန်ဂျလာသည် ဝတ်စားဆင်ယင်ရာ၌ အချိုးမကျသူ ဖြစ်သည်။ ကြိုးသိုင်းဖိနပ်စီး တတ်ပြီး ဆွယ်တာအကျီပန်းရောင် ဝတ်တတ်သေးသည်။

ကျွန်မကမူ ကိုယ်နေခဲ့သော အရပ်ဒေသကို ခွဲခွာကာ အခြားဒေသတစ်ခုသို့ လာရောက်နေထိုင်ရသူ ဖြစ်သော်လည်း လူအထင်ကြီးစေရန် လိမ်ညာမပြောတတ်ပေ။ ကျောင်းတွင် တစ်ယောက်ယောက်က ကျွန်မကို

ဘယ်ကလာတာလဲဟု မေးလာလျှင် ကျွန်မက ချီကာဂိုကပါဟု ဖြေရန် ဝန်မလေးပေ။ ချီကာဂိုဟု ဆိုလိုက်သည်နှင့် လူချမ်းသာများသာနေနိုင်သည့် မြောက်ပိုင်းမှ အဲဗန်စတန်တို့လို၊ ဝင်နက်ကာတို့လို ဒေသမျိုးဟု ထင်သွားမည်စိုးသဖြင့် "တောင်ပိုင်းကပါ"ဆိုသည်ကိုလည်း နောက်ဆက်တွဲအနေဖြင့် ပြောဖြစ်အောင်ပြောပါသည်။ တောင်ပိုင်းကပါဟု ဆိုလိုက်ရုံဖြင့် လူမည်းအများစု နေရာဒေသ၊ ဂိုဏ်များ မကြာခဏ ဆိုသကဲ့သို့ ပစ်ခတ်နေကြသည့် ဒေသဆိုသည်ကို သတင်းများတွင် မကြာခဏ တွေ့မြင်နေကြရသောကြောင့် အခြေအနေကို အလိုလိုသိသွားစေပါသည်။ သို့သော် ကျွန်မသည် ပရင်စတန်ကောလိပ်ကျောင်းသူဖြစ်ကြောင်း ထည့်ပြောလိုက်ရုံဖြင့် အလိုလိုဂုဏ်တက်စေသည်ကိုလည်း မသိစိတ်က စွဲနေပါသည်။ ထို့ကြောင့် ချီကာဂိုတောင်ပိုင်းမှ လာပါသည်ဆိုသော စကားကို ခပ်ကျယ်ကျယ်ပြောရန် ဝန်မလေးခဲ့ပေ။

ကျွန်မအတွက်မှာမူ အများပြည်သူတို့ တီဗွီမှတစ်ဆင့် မြင်ကြရသော ချီကာဂိုသည် ပကတိအခြေအနေနှင့် ခြားနားလှပါသည်။ ကျွန်မဇာတိဖြစ်သော ချီကာဂို၏ လျူးစစ်လမ်း၌ ကျွန်မတို့အိမ် ရှိသည်။ အရောင်မှိန်နေပြီဖြစ်သော ကော်ဇောခင်းကာ မျက်နှာကြက်ခပ်နိမ့်နိမ့်သာရှိသော အိမ်တွင် အဖေသည် သူထိုင်နေကျ ကုလားထိုင်ပေါ်တွင် ထိုင်နေပေလိမ့်မည်။ ခြံဝင်းသေးသေးကလေးထဲတွင် ဘော်ဘီ စိုက်ပျိုးထားသော အပင်ကလေးများမှ အပွင့်များ ဝေဝေဆာဆာ ရှိနေကြလိမ့်မည်။ ခြံတွင်း၌ရှိသော ကျောက်သားခုံတန်းရှည်ပေါ်တွင် ကျွန်မသည် ရော်နယ်အမည်ရှိသော အမျိုးသားလေးတစ်ဦးကို နမ်းခဲ့ဖူးပါသည်။ သို့သော် အိမ်သည် လက်ရှိအခြေအနေတွင် ကျွန်မနှင့် ဝေးကွာသည့်အရပ်၌ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ပရင်စတန်တွင် ကျွန်မနှင့် ဆွေမျိုးသားချင်းတော်စပ်သူတစ်ဦး ရှိ၏။ ဒန်ဒီ၏ ညီမဖြစ်ပြီး သူ့ကို ကျွန်မတို့က အန်တီစစ္စဟု ခေါ်ကြသည်။ သူသည် အနေအထိုင်ရိုးသားကာ ထက်မြက်သော အမျိုးသမီးတစ်ဦးဖြစ်ပြီး မြို့စွန်ဘက်တွင် နေထိုင်၏။ ပရင်စတန်တွင် အန်တီစစ္စ ဘာကြောင့် ကာလရှည်ကြာစွာကတည်းက ရောက်နေသည်ကို ကျွန်မ မသိသော်လည်း ပတ်ဝန်းကျင်မှ မိသားစုများ၏ အလုပ်ကိစ္စများကို ကူညီလုပ်ဆောင်ပေးနေသည်ဟုသာ သိထားပါသည်။ အန်တီစစ္စသည် ပရင်စတန်၌ ကာလရှည်ကြာနေပြီဖြစ်သော်လည်း သူ့ဇာတိမြေဖြစ်သော ဂျော့ချ်တောင်းလေသံကမူ မပျောက်ပေ။ အန်တီစစ္စသည် ဒန်ဒီကဲ့သို့ပင် ဂျော့ချ်တောင်း၌ ကြီးပြင်းခဲ့သူ ဖြစ်သည်။ ကျွန်မငယ်စဉ်က နွေရာသီနှစ်ခုခန့်တွင် ဂျော့ချ်တောင်းသို့ မိဘများနှင့် သွားရောက်လည်ပတ်ခဲ့ကြသည်ကို မှတ်မိနေပါသည်။ ထိုဒေသမှာ ရာသီဥတု ပူပြင်းပြီး ဝက်သစ်ချပင်ကြီးများပေါ်၌ ရေညှိစိမ်းစိမ်းများ ရှိနေတတ်ပါသည်။ စွတ်စိုနေသော ဗွက်အိုင်ကြီးများ၌ အမြဲစိမ်းလန်းနေသော ထင်းရှူးပင်များ ပေါက်ရောက်နေသည်။ တံငါသည် အဘိုးကြီးတစ်ယောက်က ရွှံ့ညွန်ထဲတွင် သူ့ ငါးမျှားတံကိုချကာ ငါးမျှားနေ၏။ ဂျော့ချ်တောင်းတွင်

ပိုးမွှားတစ်မျိုးလည်း ရှိသေးသည်။ ညနေ နေဝင်ပြီဆိုသည်နှင့် ထိုအကောင်များသည် ရဟတ်ယာဉ်များသဖွယ် တဝီဝီနှင့် ထွက်လာကြတော့၏။

ကျွန်မတို့ အလည်သွားစဉ်က ဒန်ဒီနှင့် ညီအစ်ကိုတော်စပ်သော ကျွန်မတို့ အဘိုးလေး သောမတ်စ်အိမ်တွင် တည်းကြသည်။ အဘိုးလေးသည် အထက်တန်း ကျောင်းအုပ်ဖြစ်၍ သူကျောင်းသွားသောအခါ ကျွန်မကိုခေါ်သွားပြီး သူ့ခုံတွင် ထိုင်ခိုင်းထားသည်။ မနက်စာအဖြစ် အဘိုးလေး၏ဇနီးဖြစ်သူ အန်တီဒေါ့တ်က ဝက်ပေါင်ခြောက်၊ ဘီစကစ် အစရှိသည့်မုန့်များ ကျွေးလိုက်ပြီးဖြစ်သော်လည်း အဘိုးလေးက ကျွန်မအား မြေပဲဖြင့် ပြုလုပ်ထားသော ထောပတ်မုန့်တစ်ဘူး ဝယ်ပေး၏။ မြို့ပြင်သို့ ထွက်ကြည့်ကြသောအခါ ဂိတ်တံခါးပေါင်းများစွာ ကျော်ဖြတ်ရသည်။ ထိုနေရာတို့မှ တစ်ချိန်က ကျွန်များ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြရသည့် မြေနေရာများ ဖြစ်သည်ဟု သိရ၏။ ယခုအခါတွင်မူ မည်သူကမျှ ပြန်လည်ပြုစုပျိုးထောင်ရန် စိတ်မဝင်စားကြတော့ပေ။ မည်းမည်း ခပ်ကြမ်းကြမ်းလမ်းပေါ်မှ တောနက်နက်ထဲသို့ ရောက်သွားသောအခါ ပြိုကျနေသော တဲကလေးတစ်လုံး၌ နေ့လယ်စာ စားကြသည်။ ထိုတဲမှာ ကျွန်မတို့နှင့် ဆွေမျိုးစပ်လျှင်တော်သောသူ ပိုင်သည်ဟု သိရသည်။ စားရသည့်နေ့လယ်စာမှာ သမင်အသား ဖြစ်ပါ၏။ လူကြီးတစ်ဦးက ခရိုတ်ကို ခေါ်သွားပြီး သေနတ်ပစ်နည်းပြခဲ့သည်။ ညဘက် အဘိုးလေး သောမတ်စ်အိမ်ပြန်ရောက်၍ အိပ်ကြသောအခါ တော်တော်နှင့်အိပ်မပျော် နေ့လယ်က သွားခဲ့သည့် တောနက်ကြီးကို သတိရနေမိ၏။

တဝီဝီအသံပေးကာ ပျံသန်းနေကြသော အကောင်များနှင့် တွန့်လိမ်ကောက် ကွေးသည့် လက်တံများရှိသော ဝက်သစ်ချပင်တို့မှာ အိမ်သို့ ပြန်ရောက်သည့်တိုင် သတိရနေမိသော အရာများဖြစ်သည်။ ထိုစဉ်က ကလေးအရွယ်သာရှိသေးသော် လည်း ကျွန်မရင်တွင်း၌ ဇာတိမြေဖြစ်သော တောင်ပိုင်းဒေသသည် အခြား မည်သည့် အရပ်နှင့်မျှမတူ စွဲမက်ဖွယ်ကောင်းသည်ဟု မှတ်ယူခဲ့မိသည်။ အဖေက ကျွန်မတို့ကို ခေါ်ဆောင်သွားခဲ့ခြင်းမှာ ထိုအရပ်ဒေသတွင် သူ့အမျိုးများရှိကြောင်း သိစေရန် ဖြစ် ပါလိမ့်မည်။ ဒန်ဒီသည် လူငယ်တစ်ဦးဖြစ်သော်လည်း ဂျော့ချ်တောင်းကို ကျောခိုင်း စွန့်ခွာနိုင်ခဲ့သည်။ သို့သော် သူ့ရင်ထဲ၌ ပြန်သွားလိုစိတ်လည်း ရှိနေခဲ့၏။ နောင်တွင် သူ ပြန်သွားပြီးနောက် မြစ်တစ်စင်းဘေး၌ တဲတစ်လုံးထိုးကာ နေခဲ့သည်။

တောင်ပိုင်းဒေသသည် နိဗ္ဗာန်ဘုံ မဟုတ်ပါချေ။ သို့သော် ကျွန်မတို့ အတွက်မှာမူ အဓိပ္ပာယ်ရှိသောနေရာ ဖြစ်သည်။ ကျွန်မတို့ ချက်မြှုပ်ဇာတိဖြစ်သည့် အပြင် ကောင်းမွေ၊ ဆိုးမွေအားလုံးရှိသည့် နေရာလည်း ဖြစ်သည်။ ချီကာဂိုမှ လူတော်တော်များများကို ကျွန်မ သိသည်။ အချို့မှာ ကျွန်မနှင့်အတူ ဘရိုင်ယန်

ကျောင်း၌ တက်ခဲ့ကြသူများဖြစ်ပြီး အချို့က ဗုစ်တနီယန်းကျောင်းတွင် အတူတက်ခဲ့ကြသူများ ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် စိမ်းမနေကြပေ။ ထိုစဉ်က နွေရာသီများတွင် ကလေးများသည် ဂျော်ဂျီယာ၊ လွီစီယားနား၊ မစ္စစ္စပီ အစရှိသော နေရာများသို့ သွားကြသည်။ စီးပွားရေးအခြေအနေအရ ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့နေထိုင်ကြသော အဘိုးအဘွားများ၊ ဆွေမျိုးများအား သွားတွေ့ကြခြင်းပင် ဖြစ်ပါသည်။ ဒန်ဒီဆိုလျှင် ကာရိုလိုင်းနားပြည်နယ်တောင်ပိုင်းသား ဖြစ်သည်။ ဦးလေးတောင်ပိုင်းသားကြီး၏ မိခင်မှာ အာလာဘားမားပြည်နယ်မှ ဖြစ်သည်။ ထို့ကြောင့် လူတိုင်း၏ နောက်ခံသမိုင်းကြောင်းကိုကြည့်လျှင် တစ်နေရာတည်းတွင် နေထိုင်ကြသူများ မဟုတ်ကြပေ။ သို့သော် သူတို့အားလုံးသည် ကျွန်မကဲ့သို့ပင် ကျွန်များမှ ဆင်းသက်လာကြသူများသာ ဖြစ်ကြသည်။

ပရင်စတန်တွင်ရှိကြသော ကျွန်သူငယ်ချင်း အခြားလူမည်းများကို စိစစ်ကြည့်လျှင်လည်း ဤသို့သာ ဖြစ်ပါမည်။ သို့သော် ကျွန်မတွင် လူမည်းများ အမေရိကားသို့ ရောက်လာခြင်းနှင့်ပတ်သက်၍ အခြားအယူအဆတစ်ခု ရှိပါသည်။ အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေသို့ ရောက်ရှိလာကြသော ပွာတိုရီကန်၊ ကျူးဘား၊ ဒိုမီနီကန်လူမည်းကလေးများကို တွေ့ကြည့်သည်။ ကျွန်မမိတ်ဆွေများထဲမှ မိတ်ဆွေကောင်းတစ်ဦးဖြစ်သော ဒေးဗစ်မေနာ့ဒ်ဆိုလျှင် ချမ်းသာကြွယ်ဝသော ဘဟားမားမိသားစုတစ်စုမှ ပေါက်ဖွားခဲ့သူဖြစ်သည်။ ကျွန်မသူငယ်ချင်း စူဇန်းနီး ဆိုလျှင် သူ့မွေးစာရင်းမှာ နိုင်ဂျီးရီးယားမှ ဖြစ်သည်။ သူ့အဒေါ်များက ဂျမေကာတွင် မွေးဖွားခဲ့ကြသည်ဟုဆိုသည်။ ထို့ကြောင့် ကျွန်မတို့ လူမည်းများသည် တစ်နေရာ တည်းမှ လာခဲ့ကြသူများမဟုတ်ဘဲ နေရာဒေသအသီးသီးမှ ရောက်ရှိလာခြင်း ဖြစ် သည်ဟု ယူဆရပါသည်။ ဇာတိကို မေ့ထားသကဲ့သို့ ဖြစ်နေကြသည်။ ထိုသို့မဖြစ် သင့်။ ငယ်ရွယ်သေးသော ကျွန်မတို့က ဆင်းသက်လာသော အမျိုးအနွယ်တို့ အကြောင်း စကားမစပ်ကြ။ မမြင်ရသော အနာဂတ်ကိုသာ မျှော်မှန်းနေကြသည်။ တစ်နှစ်လျှင် တစ်ကြိမ်နှစ်ကြိမ်ခန့်မျှ အန်တီစစ္စက ခရိတ်နှင့် ကျွန်မအား ညစာဖိတ်ကျွေးတတ်သည်။ သေသေသပ်သပ်ပြင်ဆင်ထားသော ပန်းကန်ပြားတို့ဖြင့် ကျွေးမွေးရာတွင် ပြောင်းစေ့ဖြင့် ပြုလုပ်ထားသောပေါင်မုန့်ကို လေးထောင့်ကျကျ လှီးဖြတ်ထားပြီး လှပသော တောင်းကလေးဖြင့် ထည့်ထားသည်။ ကျွန်မတို့က ထိုပေါင်မုန့်များကို ထောပတ်သုတ်ကာ စားကြ၏။ အသီးအရွက်များများကျွေးသည်။ ကျွန်မတို့၏ ဖန်ခွက်များထဲတွင် မယုံနိုင်စရာကောင်းလောက်အောင် ချိုလွန်းသော လက်ဖက်ရည်များ ထည့်ပေးသည်။ တစ်ကြိမ်သောက်လိုက်မိလျှင် နောက်ထပ် အကြိမ်ကြိမ်သောက်ရန် တိုက်တွန်းတော့၏။ ကျွန်မ မှတ်မိသမျှဆိုလျှင် အန်တီစစ္စနှင့် အခြားအကြောင်းအရာများ ဆွေးနွေးခြင်း မရှိပေ။ ယဉ်ကျေးမှုအရ ညစာစားချိန်မှာ အနည်းဆုံးတစ်နာရီခန့် အချိန်ပေးရပါသည်။

ထိုအချိန်အတောအတွင်း ထူးထူးခြားခြား ဘာစကားမျှမပြောမိကြချေ။ အန်တီစစ္စသည် ယဉ်ကျေးသိမ်မွေ့သော အမျိုးသမီးကြီး တစ်ဦး ဖြစ်သည်ဟု ကျွန်မ မြင်မိပါသည်။ သူက ကျွန်မတို့မောင်နှမအား တစ်စုံတစ်ခု ပေးနေခြင်း ဖြစ်ဟန်တူသော်လည်း ကျွန်မတို့က ငယ်သေးသဖြင့် နားမလည်ခဲ့ကြပေ။ ကျွန်မတို့အဖေ၊ အဘိုးတို့၏ အတိတ်ကအကြောင်းများ ပြောသော်လည်း ကျွန်မတို့က သူဘာကိုဆိုလိုသည် မသိသဖြင့် ခပ်မဆိတ်သာ နားထောင်နေကြသည်။ ထမင်းစား ကြပြီးလျှင် ပန်းကန်များကို ဝိုင်းကူဆေးပေးကြပြီးနောက် မိုက်လေးနေသော မောင်နှမ နှစ်ယောက် အဆောင်သို့ လှေ့ကျင့်ခန်းလုပ်သည့်အနေဖြင့် လမ်းလျှောက်ကာ ပြန်ကြသည်။

အမှတ်တရကိစ္စတစ်ခု ပြောရန်ရှိပါသည်။ အမှတ်တရဟု ပြောသော်လည်း တိတိကျကျ မဟုတ်လှပေ။ ကမ်းခြေသဲသောင်မှ ကျောက်ခဲလှလှကလေးများ ကောက်ယူကာ အိတ်ထဲတွင် ထည့်သကဲ့သို့ပင် ဖြစ်သည်။ ထိုအမှတ်တရမှာ ကျွန်မဒုတိယနှစ်တွင် တွဲခဲ့သော ဘောလုံးသမား ကီဗင်နှင့် ပတ်သက်နေပါသည်။

ကီဗင်မှာ အိုဟိုင်းယိုးမှ ဖြစ်သည်။ အရပ်မြင့်မြင့်၊ မျက်နှာချိုချိုနှင့် ကစားရာတွင် ခပ်ကြမ်းကြမ်းကစားသူ ဖြစ်၏။ သူ ပါဝင်ကစားသော “တိုက်ဂါး” အသင်းအတွက် လျင်မြန်ဖျတ်လတ်သော၊ ကြောက်ရွံ့မှုမရှိသော၊ နည်းပရိယာယ် ကြွယ်ဝသော ကစားသမားတစ်ဦးဖြစ်ပြီး ဆေးပညာသင်ယူမည့် သူလည်းဖြစ်သည်။ သူက ပရင်စတန်သို့ ကျွန်မထက် နှစ်နှစ်စောရောက်သူဖြစ်၍ ခရိတ်နှင့် အတန်းတူ ဖြစ်သည်။ မကြာမီ ကောလိပ်မှ သင်တန်းများပြီးတော့မည့်သူ ဖြစ်သည်။ သူပြုံး လိုက်လျှင် အလွန်ချစ်စရာကောင်းသည်ဟု ကျွန်မ ယူဆပါသည်။ ကျွန်မတို့နှစ် ယောက်လုံးတွင် သီးခြားစီ မိတ်ဆွေများ ရှိကြသော်လည်း နှစ်ယောက်တည်းလည်း တွေ့ဆုံလိုကြပါသည်။ အားလပ်သည့် ကျောင်းပိတ်ရက်များတွင် ပီဇာဝယ်ကာ တစ်နေရာရာသို့ သွားကြ၏။ ကီဗင်က အစားအသောက်ခုံမင်သည်။ သူ့အရပ် အမောင်းနှင့် ကိုယ်အလေးချိန် ထိန်းထားနိုင်ရန်အတွက်လည်း ဖြစ်နိုင်ပါသည်။ နောက်ထပ် အကြောင်းတစ်ခုမှာ သူသည် မည်သည့်အခါမျှ ငြိမ်ငြိမ်ထိုင်နေတတ်သူ မဟုတ်ခြင်းကြောင့်လည်း ဖြစ်သည်။ အမြဲတမ်း တလှုပ်လှုပ် တရွရွ ရှိနေတတ်ပါသည်။ ထိုသို့ လှုပ်လှုပ်ရွရွရှိနေခြင်းကပင်လျှင် ကျွန်မအတွက် ချစ်စရာကောင်းနေ ပြန်ပါသည်။

“ကားလျှောက်မောင်းရအောင်”ဟု သူက ဆိုလာသည်။ ဖုန်းနှင့်ပြောခဲ့ သည်လား၊ နှစ်ယောက်အတူရှိနေစဉ် ပြောခဲ့သည်လား မမှတ်မိပါချေ။ သူ့ကားနီနီ ကလေးထဲသို့ ရောက်ခဲ့ကြပြီး သူက ပရင်စတန်ကောလိပ်၏ ပရိဝုဏ်ဖြစ်သော်လည်း သေသေချာချာ မပြုပြင်ရသေးသော နေရာသို့ ဦးတည်မောင်းလာခဲ့သည်။ အပြင်မှ ကြည့်လျှင် လုံးဝမမြင်နိုင်ရန် အမှိုက်သရိုက်များက ဖုံးကွယ်ထားသောနေရာသို့

ရောက်လာသည်။ နယူးဂျာဆီ၏ ရာသီဥတုမှာ ကြည်လင်လှပနေသည်။

ကျွန်မတို့ စကားပြောဖြစ်ကြသည်လား၊ တစ်ယောက်လက်ကိုတစ်ယောက် ကိုင်နေကြသည်လား ဆိုသည်ကို မမှတ်မိတော့ပေ။ ကျွန်မတို့နှစ်ယောက်စလုံး သက်သက်သာသာ ပေါ့ပေါ့ပါးပါး ရှိနေကြသည်။ တစ်နေရာအရောက်တွင် ကီဗင်က ဘရိတ်ဆွဲကာ ရပ်လိုက်သည်။ ပတ်ဝန်းကျင်မှာ ကွင်းကျယ်ကြီးဖြစ်သည်။ မြက်ရိုင်းပင် အရှည်ကြီးများရှိသကဲ့သို့ တောပန်းကလေးအချို့ ပွင့်နေကြသည်။ သူက ကားပေါ်မှ ဆင်းလိုက်သည်။ လျှောက်သွားနေရင်းက လာလေဟု ကျွန်မအား လက်ပြ ကာ ခေါ်သည်။

"ဘာလုပ်ဖို့လဲ"ဟု ကျွန်မက ပြန်မေးလိုက်သည်။

သူ ကျွန်မကို စူးစူးစိုက်စိုက်ကြည့်နေ၏။

"ကွင်းထဲမှာ ပြေးကြမယ်လေ"ဟု ဆိုသည်။

ကျွန်မတို့ တကယ်ပင် ကွင်းထဲ၌ လျှောက်ပြေးခဲ့ကြသည်။ တစ်ဖက်စွန်းမှ အခြားတစ်ဖက်စွန်းရောက်အောင် ပြေးကြရင်း လက်နှစ်ဖက်ကိုမြှောက်ကာ ကလေးများကဲ့သို့ အော်ကြသည်။ တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်တွင် ကျွန်မတို့၏ အပျော်များ ပျော်ဝင်စေခဲ့၏။

မြက်ခြောက်များကြားမှ တောပန်းကလေးများကို ရှာကြည့်ကြသည်။ ကားပေါ်သို့ နှစ်ယောက်သား ပြန်ရောက်ချိန်တွင် ပြေးခဲ့သည့် အရှိန်ကြောင့် အတော်မောနေကြပြီ ဖြစ်သည်။ သူ ဘာကြောင့် ဤသို့ ပြုလုပ်ခဲ့သည် ကို ကျွန်မ နားမလည်ခဲ့သော်လည်း ယခု နားလည်ခဲ့ပြီ ဖြစ်သည်။

ကျွန်မ ပြောလိုသည့် အမှတ်တရဆိုသည်မှာ ဤမျှသာဖြစ်သည်။ တဒင်္ဂ တခဏလေးမျှသာ ဖြစ်သော်လည်း ကျွန်မရင်ထဲ၌ စွဲကျန်နေရစ်သည်။ အကြောင်းပြချက်မရှိသော မိုက်မဲမှုတစ်ခုဟု ဆိုချင်ပါက ဆိုနိုင်ပါသည်။ ရေးကြီးခွင့်ကျယ်ဖြစ်တော့မည့်အရေးမှ လွှဲဖယ်ပေးလိုက်သော ကိစ္စသေးသေးတစ်ခုသာ ဖြစ်သော်လည်း အရေးကြီးသည့်ကိစ္စ ဆောင်ရွက်ရမည့်အချိန်တိုင်း ထိုကိစ္စကို သတိရနေမိသည်။ ကျွန်မသည် လူမှုဗေဒအထူးပြုကျောင်းသူတစ်ဦးဖြစ်သဖြင့် အများနှင့် ရောနှောကာ စားသောက်ရန် ဝန်မလေးသကဲ့သို့ ကပွဲကြမ်းပြင်ပေါ် တက်က,ရန်လည်း ဝန်မလေး သူ ဖြစ်သည်။ သို့သော် ထိုကိစ္စဖြစ်ပြီးနောက်ပိုင်းတွင် ကိုယ်လုပ်ရမည့်အလုပ်သည် လုပ်ထိုက်သောအလုပ် ဟုတ်,မဟုတ် စဉ်းစားတတ်လာသည်။ ကျွန်မ နေ့စဉ် လုပ်ဆောင်ရမည့်ကိစ္စမှန်သမျှကို ခေါင်းထဲတွင် ထည့်ထားတတ်လာသည်။ မည်သည့်နေရာသို့ သွားသည်ဖြစ်စေ အလုပ်များကို မမေ့မလျော့ သတိရှိသည်။ ကျွန်မ ရည်မှန်းချက်ပန်းတိုင်ကို တိတိကျကျ ထားသည်။ အလုပ်များမှ ထွက်ပေါ်လာသော

ကောင်းကျိုးဆိုးကျိုးတို့ကို ဝေဖန်သုံးသပ်သည်။ မည်မျှအောင်မြင်သည်ကို သုံးသပ်သည်။ မိန်းကလေးတစ်ယောက်၏ ဘဝတွင် စိန်ခေါ်မှုတို့မှာ များပြားလှပါသည်။ ငါလုပ်တာ ကောင်းရဲ့လားဟု အမြဲသုံးသပ်နေသူတစ်ယောက်အတွက် ကျေနပ်နှစ်သိမ့် မှုရစေရန် အမြဲ ကြိုးစားနေရသည်သာ ဖြစ်၏။

ထိုကာလများအတွင်း၌ ကီဗင်ကို ဘေးဖယ်ထားရသည်။ ကျွန်မ ဒုတိယ နှစ် ပြီးဆုံးချိန်တွင် သူနှင့် ခရိတ်က ပရင်စတန်မှ ဘွဲ့ရသွားကြပြီဖြစ်သည်။ ခရိတ်က အင်္ဂလန်နိုင်ငံ မန်ချက်စတာအသင်းတွင် ကြေးစား ဘတ်စကက်ဘောကစားသမား အဖြစ် ရောက်ရှိသွားသည်။ ကီဗင်ကို ဆေးကျောင်းဆက်တက်လိမ့်မည်ဟု ထင်ထား သော်လည်း သူစိတ်ဝင်စားသည့် အားကစားလောက၏ လာဘ်ကောင်အဖြစ် ရောက်ရှိသွားခဲ့သည်။

ကျွန်မ အမှန်အတိုင်းပြောနေခြင်း ဖြစ်သည်။ သူစိတ်ဝင်စားသည့် ကလေ့ဗ် လဲန်အသင်းသို့ ရောက်ရှိသွားခဲ့သည်။ သို့သော် ကစားသမားတစ်ဦးအနေဖြင့် မဟုတ်ဘဲ မည်သည့်အသင်းနှင့် ကစားရမည်ဆိုသည်ကို အမြင်ကျယ်ကျယ်နှင့် စီစဉ်ပေးခြင်း ဖြစ်သည်။ ထိုအလုပ်သည် သူ ဝါသနာပါခဲ့သော၊ သူ စိတ်ကူးယဉ်အိပ်မက်မက်ခဲ့ သော အလုပ်ပင်ဖြစ်၏။ ထိုနှစ် နွေရာသီက ကီဗင်သည် သူ့မိသားစုအိမ်ရှိရာမှ ချီကာဂိုသို့ တကူးတကန့်ပင် ရောက်လာခဲ့သေးသည်။ ကျွန်မနှင့် တွေ့ဆုံရန်ဟု ဆိုသော်လည်း နောင်တွင် သိရှိလာရသည်က သူသည် ချီကာဂိုကို သဘောကျသူဖြစ် ပြီး သူ့လူတွေ့ စစ်ဆေးခြင်း၌ ဝတ်ဆင်ရန် ကံကောင်းစေမည့် အဆောင်အဖြစ် သားမွေးဝတ်စုံ ဝယ်ယူရန်လည်းဖြစ်ကြောင်း သိရသည်။ နေ့လယ်ခင်းတစ်ခုလုံး ကျွန်မတို့ နှစ်ယောက် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် သူလိုချင်သော ဝတ်စုံလိုက်ရှာကြသည်။ ထိုနေ့က သူလိုချင်သည့် လာဘ်ကောင်သားမွေးအင်္ကျီ ရ၊ မရ ကျွန်မ မသိခဲ့သော် လည်း နောင်တွင် သူသည် ဆရာဝန်ကောင်းတစ်ယောက်ဖြစ်လာကာ ကျွန်မတို့ အတန်းဖော် မိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ကျသွားသည်ဟု သိခဲ့ရသည်။

ထိုစဉ်က သူနှင့်ပတ်သက်၍ ကျွန်မ တွေးခဲ့ဖူးသည်မှာ ဆရာဝန်လုပ်မည်ဟု ရည်ရွယ်ခဲ့သူတစ်ဦးသည် ဘာကြောင့် အချိန်ကုန်ခံကာ အားကစားလောကတွင် သွားယောင်နေခဲ့ပါသနည်း။

ပရင်စတန်ကောလိပ်ကဲ့သို့သော ကျောင်းကြီးတွင် ပညာသင်ကြားခဲ့သူက မူလရည်မှန်းချက်အတိုင်း ဆေးတက္ကသိုလ်သို့သာ ဆက်တက်သင့်ခဲ့ ပါလျက် အချိန်ကုန်ခဲ့သည်။ သို့သော် ထိုသို့တွေးခေါ်သူက ကျွန်မသာဖြစ်သည်။ ကျွန်မက

တစ်စုံတစ်ခု အတွက် ကြိုးစားအားထုတ်ရပါလျှင် ထိုကြိုးစားမှုအတွက် အကျိုးမည်မျှရမည်ကို တွက်သည်။ လုပ်ပြီးတိုင်း အကျိုးရှိရမည်။ ချမှတ်ထားသော ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်သူ ဖြစ်ရမည်။ ကျွန်မမိသားစုထဲတွင်(ခရိတ်မှလွဲ၍) မည်သူ မျှ မရရှိဖူးသေးသော အောင်မြင်မှုကိုရရန် ရည်မှန်းသည်။ အနာဂတ်အတွက် ကြိုတင်စိတ်ကူးထားသည်လည်း ရှိသည်။ ကျွန်မ ရှေ့နေတစ်ယောက်ဖြစ်ရမည် ဟူ၍ပင်။

လျူးစစ်အဗဲနျူးတွင် နေထိုင်ခဲ့သောဘဝက ကျွန်မအား အချိန်နှင့် ငွေကို အကျိုးရှိရှိ အသုံးချတတ်စေရန် သင်ပေးခဲ့သည်။ ဒုတိယနှစ် ဖြေကြားပြီး နွေရာသီအားလပ်ရက် ပထမတစ်လတွင် ကျွန်မ အလုပ်လုပ်ကိုင်ခဲ့သည်က နယူးယောက် ဟာ့ဆန်ဖဲလီးမှ ကလေးများ နွေရာသီစခန်းချရာ၌ အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ပေး ခြင်းဖြစ်သည်။ မြို့ပေါ်မှ ကလေးများ တောထဲတွင် စခန်းချခြင်းဖြင့် ပထမဆုံးအတွေ့အကြုံရယူကြခြင်းလည်း ဖြစ်သည်။ ကျွန်မ ထိုအလုပ်လုပ်ရသည်မှာ ပျော်သော် လည်း ကျွန်မလိုအပ်သော ငွေကြေးကို မိဘက ထောက်ပံ့နေရဆဲဖြစ်သဖြင့် ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သည့်ခွန်အားရချင်သည်။ မိဘများက မည်းကြသော်လည်း ကျွန်မ ရှေ့ဆက်ပညာသင်ရမည့်ကာလက ရှိနေသေးသည်။ ထို့ကြောင့် အခြားအလုပ်ကို ကြံဆရသည်။

ထိုနှစ် နွေရာသီမှာပင် ကျွန်မချစ်သောအမျိုးများ ကွယ်လွန်ကြသည်။ ကျွန်မဘွားလေးတော်စပ်ပြီး စန္ဒရားသင်ရာ၌ စည်းစနစ်ကြီးသူ ရော်ဘီ ဇွန်လ၌ ကွယ်လွန်သွားသည်။ ကျန်ရစ်သည့် သူပိုင်အိမ်ကို ကျွန်မမိဘများအား လွှဲပေးခဲ့သဖြင့် ဘဝတွင် ပထမဆုံး အိမ်ပိုင်ရှင်များ ဖြစ်လာကြသည်။ နောက်တစ်လအကြာတွင် ဦးတောင်ပိုင်းသားကြီးက အဆုတ်ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားပြန်သည်။ တောင်ပိုင်းသားကြီး၏ အသုဘပြီးချိန်တွင် အမေ့ဘက်မှ ဆွေမျိုးများ တောင်ပိုင်းသား ကြီး၏ နေအိမ်သေးသေးကလေးထဲတွင် စုဝေးကြသည်။ ကျွန်မမှာ ကောလိပ်တက် နေစဉ်ကထက် နက်နက်နဲနဲ ခံစားလိုက်မိပါသည်။ တဖြည်းဖြည်းနှင့် မျိုးဆက် ဟောင်းတို့ လျော့ပါးလာကာ မျိုးဆက်သစ်များအပေါ်သို့ ပခုံးပြောင်း တာဝန်ယူကြရ တော့မည်ဆိုသည်ကိုလည်း သတိထားမိလာသည်။ ကျွန်မ၏ ဝမ်းကွဲမောင်နှမများမှာ ကလေးများမဟုတ်ကြတော့ဘဲ ဗီဘိ လူကြီးများဖြစ်လာကြသကဲ့သို့ အဒေါ်များမှာ အိုသည်ထက် အိုလာကြပေပြီ။ ဆွေမျိုးများထဲတွင် အိမ်ထောင်ကျသူများကြောင့် အမျိုးအသစ်များ တိုးပွားလာသကဲ့သို့ ကလေးများလည်း တိုးပွားလာကြသည်။ ထမင်းစားခန်းထဲ၌ ရှိသော စပီကာမှ ဂျက်ဇ်ဂီတသံ ပျံ့လွင့်နေ၏။ ထိုစပီကာမှာ တောင်ပိုင်းသားကြီး၏ လက်ဖြစ် စပီကာပင် ဖြစ်သည်။ တစ်အိမ်လျှင် ဟင်းတစ်ခွက်စီ ယူဆောင်လာကြခြင်းကြောင့် စားဖွယ်ရာများမှာလည်း စုံနေ၏။

သို့သော် အိမ်ရှင်က မရှိတော့ပေ။ စဉ်းစားကြည့်လျှင် ရင်နာဖွယ်ကောင်းသော်လည်း အချိန်ဟူသော ယန္တရားက ကျွန်မတို့အား ရပ်တန့်ခွင့်မပြု၊ ရှေ့သို့သာ တွန်းပို့နေတော့သည်။

နှစ်စဉ်နှစ်တိုင်း နွေဦးပေါက်ရာသီရောက်ပြီဆိုလျှင် ပရင်စတန်ကောလိပ် ဝင်းအတွင်းသို့ တက်ကြွနေကြသော မောင်မယ်သစ်လွင်တို့ ရောက်ရှိလာကြသည်။ အကယ်၍ ကျောင်းသားတစ်ဦးဦးသည် စုတ်ပြတ်နေသော ဂျင်းဘောင်းဘီ၊ ကြယ်သီး တပ်မထားသော ရှပ်အင်္ကျီ၊ ကွမ်းရိုးစင်းကုတ်တို့ကို ဝတ်ဆင်ထားသည်ကိုတွေ့ပါက သူ သို့မဟုတ် သူမသည် မိုးထိမြင့်မားသည့် အဆောက်အဦကြီးများရှိသော နယူး ယောက် မဟာနဂရမှ ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။ နောင်တစ်နေ့တွင် ဘဏ်သူဌေး များ၊ ဥပဒေအကျိုးဆောင်များ၊ ဆရာဝန်များ၊ ကုမ္ပဏီကြီးများ၏ အမှုဆောင်အရာရှိကြီးများ ဖြစ်လာကြမည့် ကျောင်းသူကျောင်းသားတို့သည် ဘာကြောင့်များ ဤကဲ့သို့ ဝတ်ဆင်လိုကြသည်ဆိုသည်ကို နားမလည်နိုင်တော့ပေ။ ထိုသူများထဲတွင် အချို့ တစ်ဝက်သည် ပညာကို လိုလိုလားလားရှိကြသူများ ဖြစ်ကြမည်ဆိုသည်ကို ကျွန်မ သိပါသည်။ အချို့က အနုပညာရှင်များ၊ အချို့က အကျိုးအမြတ်မလိုသော လူမှု အသင်းအဖွဲ့များတွင် ဝင်ရောက်လုပ်ကိုင်ကြမည့်သူများ၊ အချို့က ငြိမ်းချမ်းရေး ဆောင်ရွက်ကြမည့်သူများ၊ အချို့က တပ်ထဲတွင် ဝင်ရောက် တာဝန်ထမ်းဆောင်ကြ မည့်သူများ ဖြစ်ကြပေလိမ့်မည်။ သူတို့ ဘာဖြစ်လာကြမည်ကို ကျွန်မ မသိပေ။ ကျွန်မကမူ လေ့ကားထစ်များကို ကြိုးစားကျော်လွှားနေဆဲသာ ဖြစ်သည်။ စာကြိုးစား ရသည်။ လက်တွေ့လုပ်ရသည်။ ရှေ့တည့်တည့်ကိုသာ ကျွန်မ မျှော်မှန်းနေပါသည်။

အခြားသူတို့၏ ကိစ္စကိုသာ တွေးနေမည်ဆိုပါက ကျွန်မ၏ ကျောင်းမှ သင်ကြားပို့ချချက်များ၊ သင်ခန်းစာများ၊ စာမေးပွဲများကို ထိခိုက်လာနိုင်ပါသည်။ သို့သော် ကျွန်မသည် LSAT ဟု အတိုကောက်ခေါ်ဆိုကြသော ဥပဒေသင်တန်း တက်ရောက်ခွင့်ရရေးအတွက် ဖြေဆိုရသောစာမေးပွဲကို ဖြေဆိုနိုင်ခဲ့ပြီး ကျမ်းပြုခြင်းကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတွင်ရှိသော ကျောင်းများအနက် အကောင်းဆုံးသော ဥပဒေကျောင်းသို့ ဝင်ရောက်ခွင့် လျှောက်ထားနိုင်ခဲ့သည်။ ကျွန်မ ကိုယ်ကျွန်မ သုံးသပ်ကြည့်ရာတွင် စမတ်ဖြစ်သူ၊ ကိစ္စအဝဝကို သရုပ်ခွဲရှုမြင်တတ် သူ၊ ရည်မှန်းချက်ရှိသူဟု မြင်မိပါသည်။ ကျွန်မအား တက်ကြွသူတစ်ဦးအဖြစ် မိဘ များနှင့်အတူ တက်ရောက်ရသော ညစာစားပွဲသို့ ဖိတ်ကြားခြင်းခံရသည်။ ထိုညစာစားပွဲမှာ စကားရည်လုပွဲနှင့်အတူ ကျင်းပသောပွဲဖြစ်၏။

စကားရည်လုရာတွင် ကျွန်မ က သီအိုရီကျကျ အနှစ်သာရပေါ်လွင်အောင်

ငြင်းခုံနိုင်ခဲ့သည်။ ရှေ့နေလုပ်ရန် ရည် ရွယ်သူတစ်ဦးအနေဖြင့် ထိုသို့သော အရည်အချင်းရှိရမည်ဟုလည်း ကျွန်မ ယုံကြည် ပါသည်။ ကျွန်မသည် ရည်ရွယ်ချက်ပြည့်ဝစေရန် ကြိုးစားသကဲ့သို အခြားသူများ၏ အသိအမှတ်ပြုမှုကိုလည်း လိုလားခြင်းကြောင့် ကြိုးစားသည်ဟုဆိုလျှင်လည်း ဝန်ခံရမည်ဖြစ်သည်။ ကျွန်မငယ်စဉ်က သူငယ်ချင်းများ၊ အိမ်နီးချင်း၊ ဘုရားရှိခိုး ကျောင်းတွင် ဓမ္မသီချင်း အတူတူသီဆိုသည့် သူငယ်ချင်းတို့အား ကျွန်မကြီးလာလျှင် ဆေးပညာပါရဂူဖြစ်အောင် ကြိုးစားမည်ဟု ကြွားခဲ့ဖူးပါသည်။ တကယ်တော့ ရည်မှန်းချက် မြင့်လွန်းလှပါသည်။ သူတို့အကြည့်များက ယင်းသို့ ပြောနေကြသည်။ နှောင်နှစ်ကာလအတန် ကြာသည်အထိလည်း ကျွန်မရည်မှန်းချက်က မပြောင်းလဲသေးပေ။ အသက်အရွယ်ရလာပြီး ပါမောက္ခများ၊ ဆွေမျိုးများ၊ မိတ်ဆွေများက ကျွန်မရည်မှန်းချက် မေးကြသည့်အခါတွင်မူ ကျွန်မရည်မှန်းချက်က ဟားဗတ်တက္ကသိုလ်မှ ဥပဒေဘွဲ့ယူရန်ဟု ဖြစ်လာသည်။ ဟားဗတ်တွင် တက်ခွင့်ရရန် စောင့်ရသည်။ သို့သော် ရရမည်ဟူသည့် ရည်မှန်းချက်အတိုင်း တက်ခွင့်ရခဲ့ပါသည်။ လူအများက ကျွန်မအား ရည်မှန်းချက်ပေါက်မြောက်အောင် လုပ်နိုင်သူအဖြစ် ရှုမြင်ကြပါသည်။

သူများက ဘာထင်မည်ဆိုသည်ကို သတိထားတတ်သောကိစ္စသည် ကျွန်မအတွက် အခြေခံကျကျ အရေးကြီးသည့်ကိစ္စ ဖြစ်သည်ဟု ဆိုရပါမည်။ ကျွန်မက ပတ်ဝန်းကျင်ကို ဂရုစိုက်သူဟု ဆိုမည်ဆိုပါကလည်း မှန်ပါသည်။ သူများက ကိုယ့် အားအထင်ကြီးနေခြင်းကို မဖျက်ဆီးလိုပါ။ မန်ဆာချူးဆက်တွင် သုံးနှစ်မျှ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာသင်ကြားပြီးနောက် အမျိုးများကြားတွင် ယုံကြည်အပ်နှံမှု အလွဲသုံးစားလုပ်သည့်ကိစ္စလောက်ကိုသာ ဖြေရှင်းပေးနေရသူလည်း မဖြစ်လိုပါ။ အချို့သောသူများအတွက် ထိုကိစ္စသည် စိတ်ဝင်စားဖွယ်ကောင်းသည့်ကိစ္စ ဖြစ် ကောင်းဖြစ်ပါလိမ့်မည်။ ကျွန်မအတွက်မှာမူ ထိုသို့ မဟုတ်ပါချေ။ ဥပဒေပညာ လေ့လာသင်ယူနေသည့် သုံးနှစ်ကာလအတွင်း တွေ့ရှိလာသော မိတ်ဆွေအပေါင်း အသင်းတို့သည် ထာဝရချစ်ခင်လေးစားရသော မိတ်ဆွေများ ဖြစ်ကောင်းဖြစ်လာ နိုင်ပါသည်။ ဥပဒေပညာ မသိသူများအတွက် ရှုပ်ထွေးသည်ဟု ဆိုကြသော်လည်း နားလည်သူများအတွက်မူ ထိုသို့ မဟုတ်ပါချေ။ ဥပဒေပညာရှင်တစ်ယောက်သည် သူတတ်စွမ်းသမျှကို လုပ်ဆောင်ပေးရသည်ဖြစ်ရာ၊ မိမိကိုယ်မိမိ “ငါလုပ်ပေးလိုက်တာ အစွမ်းကုန် ဟုတ်ပါရဲ့လား”ဟု ပြန်မေးလိုက်လျှင် အဖြေမှာ “ဟုတ်ပါတယ်”ဟူ၍သာ ဖြစ်ရပါမည်။

ကျွန်မဘဝ၌ နောက်ထပ်ပေါ်ပေါက်လာသည့်ကိစ္စမှာ ဆုလာဘ်ဟုလည်း ဆိုနိုင်၊ ဘဝအတွက် လှေကားတစ်ထစ်ဟုလည်း ဆိုနိုင်သည့်ကိစ္စ ဖြစ်သည်။ ယခုတစ် ကြိမ် ရရှိလိုက်သည့်အခွင့်အရေးမှာ ချီကာဂိုရှိ နာမည်ကြီး

ဥပဒေအကျိုးဆောင် လုပ်ငန်းဖြစ်သည့် "စစ်ဒလီနှင့် အော်စတင်"၌ လခစားအလုပ်ရလိုက်ခြင်းပင် ဖြစ် ပါသည်။ မွေးရာဇာတိမြေသို့ ပြန်လာခွင့်ကြုံရပြီး မြို့လယ်ရှိ လေးဆယ့်ခုနစ်ထပ် မြင့် သော ရုံးခန်း၌ အလုပ်လုပ်ရသည်။ ရုံးအဆောက်အဦရှေ့တွင် ပန်းပုရုပ်များလည်း ရှိသည်။ တောင်ပိုင်းသား ကလေးငယ်အဖြစ် ကျောင်းတက်စဉ်ကာလက ကျောင်း သွားတိုင်း ဘတ်စ်ကားဖြင့် ဤအဆောက်အဦရှေ့မှ ဖြတ်သွားဖူးသည်။

ထိုစဉ်က ကားပြတင်းပေါက်မှတစ်ဆင့် ဤအဆောက်အဦကြီးထဲ၌ အလုပ်လုပ်ရန် ဝင်ရောက် သွားကြသော ဝန်ထမ်းများကို အားကျခဲ့ရသည်။ ခုတော့ ကိုယ်တိုင်ပင် အလုပ်ဝင်ရတော့မည်။ စည်ကားနေသော ပလာဇာကိုဖြတ်ကာ ငြိမ့်ခနဲတက်သွားသော ဓာတ်လှေကားစီးပြီး အလုပ်လာလုပ်သူ တစ်ယောက် ဖြစ်လာခဲ့ပြီ။ အသက်နှစ်ဆယ့်ငါးနှစ်အရွယ်တွင် လက်ထောက်တစ်ယောက်ရှိသော သူတစ်ယောက်ဖြစ်လာပြီး ဝင်ငွေမှာလည်း မိဘများမည်သည့်အခါကမျှ မရဖူးသည့် လစာကို ရသည်။ လုပ်ဖော်ကိုင် ဖက်တို့မှာ ယဉ်ကျေးသိမ်မွေ့သော၊ ပညာတတ်သောသူများဖြစ်ပြီး အများစုမှာ လူဖြူများဖြစ်ကြ၏။ အကောင်းစားဝတ်စုံဖြစ်သော အမားနီး"ဝတ်စုံဖြင့် ရုံးတက်ကာ လက်မှတ်ထိုးပေးလိုက် ရုံမျှဖြင့် ဝိုင်သောက်နိုင်သည်။

ရရှိလာသောလစာထဲမှ ဥပဒေကျောင်းတက်ခဲ့စဉ်က အစိုးရထောက်ပံ့ပေးခဲ့သော ထောက်ပံ့ကြေး ငွေကို ပြန်လည် ပေးဆပ်နိုင်သည်။ ညနေရုံးဆင်းလျှင် ကျန်းမာရေးအတွက် လေ့ကျင့်ခန်းသွားလုပ်သည်။ ကိုယ်ပိုင်ငွေဖြင့် Saab(ဆာ့ဘ်)တစ်စီး ဝယ်စီးနိုင်လာသည်။

ဘာများ မေးစရာရှိပါသလဲဟု ပြောစရာမလိုလောက်အောင်ပင် ဖြစ်လာခဲ့ပါသည်။ ကျွန်မ ဖြစ်ချင်ခဲ့သော ရှေ့နေတစ်ယောက်ဖြစ်လာခဲ့ပြီး လိုတရသည့် ဘဝ သို့ ရောက်လာခဲ့သည်။ မိဘတို့၏ မေတ္တာ၊ ဆရာသမားတို့၏ ယုံကြည်မှု၊ တောင်ပိုင်း သားကြီးနှင့် ရော်ဘီတို့ ပေးခဲ့ကြသော ဂီတအမွေအနှစ်၊ အန်တီစစ္စ ချက်ကျွေးသော ဟင်းလျာများ၊ ဒန်ဒီ သင်ပေးသော ဝေါဟာရသစ်များဖြင့် ဘဝမှာ စိုပြည်နေပါသည်။ တောင်တစ်လုံးကိုတက်ခဲ့သော ကျွန်မ ယခု တောင်ထိပ်ပေါ်သို့ ရောက်နေပြီ ဖြစ်သည်။ ပုံမှန်လုပ်နေကျ လုပ်ငန်းများအပြင် ရုံးမှ တာဝန်ပေးသဖြင့် ပြင်ပကုမ္ပဏီများ၏ ဉာဏပစ္စည်းပိုင်ဆိုင်မှုကိစ္စများလည်း လိုက်ပါဆောင်ရွက်ပေးရသည်။ ထိုသို့ ဆောင်ရွက်ခွင့်ရခြင်းက ကျွန်မတို့ကဲ့သို့သော ရှေ့နေငယ်များအတွက် အတွေ့အကြုံ ရစေပါသည်။ ရုံးမှ ဝါရင့်ပုဂ္ဂိုလ်တစ်ဦးက နွေရာသီတွင် အလုပ်ဝင်လာမည့် ရှေ့နေ အသစ်တစ်ဦးကို ဦးဆောင်လမ်းပြပေးနိုင်ပါမည်လားဟု မေးလာသောအခါ ကျွန်မ အဖြေမှာ ဟုတ်ကဲ့သာဖြစ်ပါသည်။ အမှန်က တာဝန်အသစ်တစ်ခုပေးလာပြီဆိုလျှင်

နောက်ကွယ်၌ ရှိနိုင်သော အခက်အခဲ၊ ပြဿနာအရပ်ရပ်တို့ ရှိပါသည်။ ထိုပြဿနာတို့က မိမိကို ရစ်ပတ်လာနိုင်သည်။ ကိုယ့်နာမည်နှင့် တွဲဖက်ကာ နောက်ထပ်နာမည်တစ်ခု ပါလာတော့မည်ဖြစ်သည်။ ကျွန်မ တွဲဖက်ရမည့်သူကလည်း ကျွန်မကဲ့သို့ပင် သူ့ဘဝလှေကားကို ကြိုးစားတက်နေသူ ဖြစ်နိုင်ပါသည်။ သူကလည်း ကျွန်မကဲ့သို့ပင် လူမည်းတစ်ဦးဖြစ်ပြီး ဟားဗတ်ကျောင်းဆင်း ဖြစ်သည်။ ထို အချက်အလက်မှလွဲ၍ ကျွန်မ ဘာမျှမသိ။ သူ့နာမည်ကို သိသည်။ နာမည်မှာလည်း ကိုးရိုးကားရားနိုင်လှ၏။

※※※

တစ်နေ့တွင် ဘားရက်အိုဘားမားက နောက်ကျနေသည်။ လေးဆယ့်ခုနစ်ထပ်ရှိ ရုံးခန်းတွင် ကျွန်မသည် သူ့ကိုစောင့်နေသည်လည်းမဟုတ်၊ မစောင့်ဘူးဟုလည်း မဆိုသာနိုင်အောင် အလုပ်များနေသည်။ အလုပ်များသဖြင့် ကျွန်မသည် နေ့လယ် စာရော၊ ညစာကိုပါ ကျွန်မ၏ အလုပ်စားပွဲ၌ စားသူဖြစ်သည်။ စားရင်းသောက်ရင်း နှင့်ပင် စာရွက်စာတမ်းတို့နှင့် နပန်းလုံးနေရသည်။ ထိုစာရွက်စာတမ်းအားလုံးမှာ တိကျသေချာသော ဥပဒေဝေါဟာရတို့ဖြင့် ရေးထားသော စာများသာဖြစ်သည်။ မှတ်စုတွေဖတ်လိုက်၊ မှတ်စုတွေရေးလိုက်၊ အခြားသူများ ရေးထားသောမှတ်စုများကို တည်းဖြတ်လိုက်လုပ်နေသည်။ ထိုစဉ်တွင် ကျွန်မကိုယ်ကျွန်မ တွေးမိသည်မှာ ကျွန်မသည် ဘာသာစကားသုံးမျိုး ပြောနေရသူဖြစ်ကြောင်း သတိရလိုက်မိသည်။ တောင် ပိုင်းသားတို့ ပြောသောစကားမှာ မိရိုးဖလာစကားဖြစ်၍ မထူးဆန်း။ တောင်ပိုင်းသံမဝဲ ဘဲ တိကျသောအသံထွက်နှင့်လည်း ပြောရပြန်သည်။ ယခုတစ်ဖန် ဥပဒေစကားများ ကို ပြောနေရပြန်သည်။ လက်ရှိလုပ်ကိုင်နေသော ဥပဒေအကျိုးဆောင်အဖွဲ့က ကျွန်မ အား ဈေးကွက်ရှာရန် တာဝန်ပေးထားသည့်အပြင် ဉာဏပစ္စည်းများနှင့် သက်ဆိုင် သောအမှုကိစ္စတို့ကိုလည်း ကိုင်တွယ်ဖြေရှင်းရန် တာဝန်ပေးထားသည်။ ရုံးတွင်း၌ ဉာဏပစ္စည်းအမှုကိစ္စ ဆောင်ရွက်ရသောအုပ်စုမှာ အခြားအုပ်စုများထက် ပို၍ အရေး ပါသည်။ ထိုသို့ပြောရခြင်းမှာ ဉာဏပစ္စည်းနှင့်ပတ်သက်၍ ဆောင်ရွက်ရသောအမှု များသည် နာမည်ကြီးကြော်ငြာများနှင့် ပတ်သက်နေသည်။ ရုပ်မြင်သံကြားအစီအစဉ်များတွင် ကြော်ငြာထည့်ရာ၌ ဖက်ဒရယ်ကော်မြူနီကေးရှင်းကော်မရှင်မှ ချမှတ်ထား သော စည်းမျဉ်းများနှင့် ငြိစွန်းခြင်း ရှိမရှိကို လေ့လာကြရသည်။ ကော်မရှင်မှ ကြော်ငြာတစ်ခုသည် မူဝါဒနှင့် ငြိစွန်းနေသည်ဟု စွပ်စွဲလာပါက ကျွန်မတို့ဘက်မှ မငြိစွန်းကြောင်း ခုခံချေပရသည်။ နောင်တွင် ကျွန်မအား Barney the Dinosaur အမှုလိုက်ရာ၌ အနိုင်ရခဲ့မှုကြောင့် ဆုချီးမြှင့်ခြင်းပင်ခံရပါသည်။

ပြဿနာက ကျွန်မမှာ လုပ်ငန်းတွင် လူငယ်ဖြစ်နေခြင်းကြောင့် အမှုသည် များနှင့် တိုက်ရိုက်ထိတွေ့ရခြင်း မရှိပေ။ ကျွန်မကလည်း မိသားစုအတွင်း၌ ရော်ဘင် ဆင် ဖြစ်သည်။ မည်သည့်အရာမဆို မရမရှိစေရ။ ရအောင် ဖန်တီးတတ်သည်။ ဖခင်နှင့်တကွ မိသားတစ်စုလုံးက အလိုလိုက်ခံထားရသူလည်းဖြစ်ရာ လိုချင်သည်ကို ရအောင်ယူတတ်သူ၊ သိချင်သည်ကို သိအောင်လုပ်တတ်သူ ဖြစ်သည်။ ကျွန်မတစ် ယောက်တည်း လုပ်ငန်းခွင်၌ အထီးကျန်မနေ၊ ကျွန်မလက်ထောက်ဖြစ်သူ လော်ရင်း နှင့် ထွေးရောယှက်တင်နေကာ ရယ်စရာမောစရာများ ပြောနေတတ်သည်။ လော်ရင်းက ကျွန်မရုံးခန်းရှေ့တွင် ထိုင်ကာ ကျွန်မထံ ဆက်သွယ်လာသော

ဖုန်းများကို ဖြေကြား ပေးရသည့် ကျွန်မထက် အသက်များစွာကြီးသူ အာဖရိကန်-အမေရိကန် အမျိုးသမီး တစ်ဦးဖြစ်ပါသည်။ လုပ်ငန်း၌ ကျွန်မထက် လုပ်သက်ရင့်သော လုပ်ဖော်ကိုင်ဖက်များ နှင့်လည်း ရောရောထွေးထွေးနေကာ စကားစမြည်ပြောတတ်ပါသည်။ သို့သော် လူတိုင်းသည် အလုပ်များကာ ဝန်ပိနေကြသူများဖြစ်ခြင်းကြောင့် တစ်မိနစ်မျှပင် အချိန်ဖြုန်းလိုစိတ် မရှိကြပေ။ ထို့ကြောင့် ကျွန်မမှာ ကိုယ့်စားပွဲတွင်ကိုယ်ထိုင်ကာ စာရွက်စာတမ်းများနှင့်သာ လုံးထွေးနေရပါတော့သည်။

အကယ်၍ တစ်ပတ်လျှင် နာရီခုနစ်ဆယ်သာ လာရသော နေရာတစ်ခု ဖြစ်မည်ဆိုပါက ကျွန်မရုံးသည် အလွန်သာယာသောနေရာ ဖြစ်ပေလိမ့်မည်။ ကျွန်မ၏ ကုလားထိုင်မှာ သားရေနှင့်ပြုလုပ်ထားသော ကုလားထိုင်ဖြစ်ပြီး စားပွဲမှာ သစ်ကြား သားနှင့်ပြုလုပ်ထားသော စားပွဲဖြစ်သည်။ နံရံတွင်ရှိသော ပြတင်းပေါက်မှာ ခပ်ကျယ် ကျယ်ဖြစ်၍ အပေါ်စီးမှ မြင်ကွင်းအားလုံးမြင်နိုင်သည်။ ထိုပြတင်းပေါက်မှ ကြည့် လိုက်လျှင် ပျားပန်းခပ်လှုပ်ရှားနေသော စီးပွားရေးလုပ်ငန်းများကို မြင်နိုင်သကဲ့သို့ ခေါင်းဖြူဖြူလှိုင်းများနှင့် ရှိနေသော မစ်ရှီဂန်ရေအိုင်ကြီးကိုလည်း မြင်တွေ့နိုင်ပါသည်။ နွေရာသီကာလများတွင် ထိုကန်အတွင်း၌ ရွက်လွှင့်သွားလာနေကြသော ရွက်လှေဖြူဖြူကလေးများကိုလည်း မြင်တွေ့နိုင်ပါသည်။ ထိုထက်ပိုဝေးသောနေရာကို ကြည့်လိုက်ပါလျှင် တောင်ပိုင်းဒေသမှ အမိုးနိမ့်နိမ့်အိမ်များကိုလည်း တွေ့နိုင်၏။ ထိုအိမ်တို့၏ ပတ်ဝန်းကျင်တွင် သစ်ပင်များ စီစီရီရီပေါက်ရောက်နေကြသည်။ ကျွန်မထိုင်သည့်နေရာမှ ကြည့်လျှင်မူ အားလုံးသည် ကစားစရာအရုပ်ကလေးများသဖွယ် ရှိနေပါ၏။ သို့သော် လက်တွေ့ဘဝမှာ အပေါ်စီးမှ ကြည့်သကဲ့သို့ မဖြစ်နိုင်ပေ။ တောင်ပိုင်းဒေသတွင် စီးပွားရေးမဖွံ့ဖြိုးသောကြောင့် လူအတော်တော်များများတို့မှာ နေရပ်ဒေသကို စွန့်ခွာကာ ပြောင်းရွှေ့သွားကြပြီဖြစ်သည်။ တစ်ချိန်က လူပေါင်းများစွာအား အလုပ်ပေးနိုင်ခဲ့သော သံမဏိစက်ရုံကြီးပင်လျှင် အလုပ်သမားဦးရေ ထောင်နှင့်ချီကာ လျော့လာသည်။ ဒီထ္ထိုက်၊ နယူးယောက်တို့ကဲ့သို့ အာဖရိကန်-အမေရိကန် လူမည်းတို့ ခိုလှုံရာနေရာမှာ ချီကာဂိုဖြစ်လာသည်။ သို့သော် ငြိမ်သက်မှု မရှိလှပေ။ ဂိုဏ်းဂဏ တို့က ဝေစုခွဲရာတွင် မကျေနပ်မှုကြောင့် မကြာခဏ တိုက်ပွဲများဖြစ်ကြသည်။ လူငယ်ကလေးများက လမ်းများပေါ်တွင် လုယက်ကြသည်။ သူတို့သည် ကျောင်း တက်ရန်ထက် လုယက်ရန် စိတ်အားထက်သန်နေကြသည်။ လူသတ်မှုများ အရေ အတွက်မှာလည်း တရိပ်ရိပ်တက်နေသည်။ မကြာမီ ပိုမိုဆိုးရွားတော့မည့် အရိပ် လက္ခဏာပင် ဖြစ်တော့၏။

စစ်ဒလီ ဥပဒေအကျိုးဆောင်လုပ်ငန်းတွင် လုပ်ရသည်မှာ ကျွန်မအတွက်

ငွေအတော်ပင်ရပါသည်။ သို့သော် ငှက်တစ်ကောင်ကဲ့သို့ တစ်နေရာတည်းတွင် နေရသည်မှာ မပျော်မွေ့နိုင်ပါချေ။ ကျောင်းပြီးကတည်းက ဇာတိမြေ တောင်ပိုင်း ကမ်းခြေအနီး၌ ပြန်လည်နေထိုင်ခဲ့သည်။ ကျွန်မနေသောနေရာ၌ပင် တစ်ခါတစ်ရံ လူဆိုးဂိုဏ်းများက လာသောင်းကျန်းတတ်ပါသေးသည်။ ကျွန်မမိဘများက ရော်ဘီ ပေးခဲ့သောအိမ်၌ အောက်ထပ်သို့ ပြောင်းရွှေ့နေထိုင်ကြပြီး ကျွန်မလာနေရန် ဖိတ် ခေါ်ကြခြင်းကြောင့် ငယ်ငယ်ကနေခဲ့သော အိမ်အပေါ်ထပ်သို့ ရောက်ခဲ့ပြန်ပါသည်။ အဖြူရောင်ဆိုဖာများနှင့် နံရံကို ပါတိတ်အဆင်ခြယ်သလိုက်သည်။ အိမ်၌ နေခွင့်ပေး ခဲ့ခြင်းကြောင့် မိဘများအတွက် အခါအားလျော်စွာ ချက်လက်မှတ်ရေးပေးပါသည်။ ကျွန်မပေးသော ငွေကြေးပမာဏမှာ မိမိလခမျှပင် မရှိပါ။ သို့သော် သူတို့က များ သည်ဟု ဆိုကြသည်။ အပေါ်ထပ်သို့တက်ရန် သီးခြား အပေါက်ဖောက်လုပ်ပေးထား သော်လည်း ကျွန်မကမူ မိဘများ၏ မီးဖိုခန်းအပေါက်မှသာ အဝင်အထွက်ပြုပါသည်။ ထိုအပေါက်မှာ ကားဂိုဒေါင်နှင့် ကပ်လျက်ရှိသည့်အပြင် ကျွန်မ၏ အဝင်အထွက်ကို မိဘများသိစေရန်လည်း ဖြစ်ပါသည်။

ကျွန်မကိုယ်ပိုင်ဝင်ငွေဖြင့် ကြိုက်သည့်ဝတ်စုံကို ဝယ်ဝတ်ကာ ဆာ့ဘ်ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းနေနိုင်ပြီဖြစ် သော်လည်း တစ်ခါတစ်ရံတွင် တစ်ကိုယ်တည်းနေရခြင်းကို ငြီးငွေ့လာသည်။ နေ့စဉ် အလုပ်သွားချိန်၊ ပြန်ချိန်တို့၌ မိဘများကို ဖက်ယမ်းနှုတ်ဆက်ပြီးမှသာ သွားလေ့ပြန် လေ့ရှိပါသည်။ မိုးသည်းသည်းရွာနေသည့် နေ့ဆိုလျှင်လည်း သူတို့ကို နှုတ်ဆက်ပြီးမှသာ သွား၏။ ရုံးချိန်မီရန် ဟူသောစကား ဖြည့်စွက်ပြောရန် လိုမည်ထင်ပါသည်။

ကျွန်မ နာရီ ကြည့်လိုက်သည်။

"အဲဒီလူ အရိပ်အယောင်တောင် မတွေ့ရသေးပါလား" ကျွန်မ လော်ရင်း အား ပြောလိုက်သည်။

သူက သိသိသာသာသက်ပြင်းချလိုက်သည်။ "ဟုတ်ပါရဲ့။ ခုထက်ထိကို မတွေ့သေးဘူး"ဟု ဆို၏။ သို့သော် သူ့အသံမှာ ရယ်ချင်နေပုံရသည်ကို ကျွန်မ သိသည်။ ကျွန်မက အချိန်ကိုလေးစားသူဖြစ်၍ သူတစ်ပါး အချိန်မလေးစားလျှင်လည်း စိတ်တိုတတ်သူဖြစ်သည်။

ဘားရက်အိုဘားမားသည် လုပ်ငန်းခွင်သို့ မရောက်မီကပင် သတင်းမွှေးခဲ့သူ ဖြစ်သည်။ ကျွန်မတို့လုပ်ငန်းက ပုံမှန်အားဖြင့်ဆိုလျှင် နွေရာသီအတွက် ဥပဒေ ဒုတိယနှစ်ကျောင်းသားများကိုသာ ခေါ်လေ့ရှိသော်လည်း ဘားရက်အိုဘားမားသည် ပထမနှစ်သာ ပြီးသေးသောကျောင်းသား ဖြစ်သည်။ သတင်းများ ထွက်ပေါ်လာ သည်က သူသည် ခြွင်းချက်ဖြင့် ခန့်ထားခြင်းခံရသူ ဖြစ်သည်ဆို၏။ ယခုလုပ်ငန်း၏ အစုရှယ်ယာဝင်လူကြီးတစ်ဦး၏ သမီးက ဟားဗတ်တွင် ဆရာမတစ်ဦးဖြစ်ပြီး

ဘားရက်အိုဘားမားက တော်လွန်းသဖြင့် အလုပ်ခန့်ရန် တိုက်တွန်းမှုကြောင့် ရောက်လာခြင်းဖြစ်သည်ဟု ဆိုကြသည်။ သူ လူတွေ့စစ်ဆေးမှု ခံယူရန်လာရောက်သည့်နေ့က မြင်တွေ့လိုက်ကြသော အတွင်းရေးမှူးများက ဘားရက်အိုဘားမားသည် စာတော်သည်သာမက ချစ်စရာလည်းကောင်းသည်ဟု မှတ်ချက်ချကြသည်။

ကျွန်မက မည်သူ့စကားကိုမျှ မယုံတတ်ပေ။ အဝတ်အစားကောင်းကောင်း ဝတ်လိုက်လျှင် လူမည်းတစ်ယောက်သည်လည်း လူဖြူနီးပါး ရုပ်ဖြောင့်သူ ဖြစ်သွားနိုင်ပါသည်။ သူသည်လည်း ထိုကဲ့သို့ ဖြစ်နေမည် ထင်ပါသည်။ ရုံးမှ ထုတ်ဝေသော နွေရာသီ လမ်းညွှန်စာစောင်တွင် သူ့ပုံဖော်ပြထားသည်ကို မြင်ဖူးပါသည်။ သွားဖြဲရယ်ပြနေသော သူ့ဓာတ်ပုံမှာ မည်သို့မျှ စိတ်ဝင်စားစရာ မရှိပေ။ သူ့ကိုယ်ရေးရာဇဝင် ကိုလည်း ဖော်ပြထားသဖြင့် လေ့လာကြည့်ရာ ဟာဝိုင်ယီမှဟု သိလိုက်ရသည်။ ပုံစံမှာ စာကိုသာ သဲသဲမဲမဲလိုက်စားသည့်ဟန် ရှိသည်။ အခြားထူးခြားချက် ဘာမျှ မရှိပေ။

လွန်ခဲ့သည့် ရက်သတ္တပတ်များကတည်းက ထိုပုဂ္ဂိုလ်မှာ ကျွန်မနှင့် တွဲအလုပ် လုပ်ရမည့်သူ ဖြစ်ကြောင်း ရုံးမှ အသိပေးထားသဖြင့် ကျွန်မက သူ့အား ဖုန်းဆက်သွယ်ကာ အကျဉ်းချုပ် မိတ်ဆက်လိုက်ရသည်။ သူ့အသံမှာ အောင်မြင်သည်။ လိင်ဆွဲ ဆောင်နိုင်စွမ်းရှိသည်။ သူ့ရုပ်နှင့်ပင် မလိုက်ဟု ကျွန်မ မှတ်ချက်ချထားခဲ့သည်။

နောက်ထပ် ဆယ်မိနစ်ကြာမှ သူ ကျွန်မတို့အထပ်သို့ ရောက်လာကာ ဧည့်ကြိုမိန်းကလေးအား မေးမြန်းနေသဖြင့် ကျွန်မကပင် သူရှိရာသို့ လျှောက်သွားလိုက်သည်။ ခုံတစ်လုံးပေါ်တွင် ထိုင်နေသော ဘားရက်အိုဘားမား ဆိုသူကို တွေ့ရပါသည်။ အနက်ရောင်ဆု(တ)ဝတ်ဆင်ထားပြီး မိုးအနည်းငယ် မိလာဟန်တူ၏။ ကျွန်မကို လက်ဆွဲနှုတ်ဆက်ချိန်တွင် ရှက်ပြုံးပြုံးရင်း သူနောက်ကျသွားသဖြင့် ခွင့်လွှတ်ပါရန် တောင်းပန်စကားဆိုသည်။ ပြည့်ပြည့်ဝဝပြုံးတတ်သူဖြစ်ပြီး ကျွန်မ ထင်ထားသည် ထက် အရပ်မြင့်ကာ ပိန်ပိန်ပါးပါးဖြစ်သဖြင့် အစားသိပ်မစားသူဟု ထင်သည်။ သူ့ကိုကြည့်ရသည်မှာ လုပ်ငန်းသဘောအရ ဆု(တ)အပြည့်အစုံ ဝတ်ထားရသည်ကို အနေကျဉ်းကျပ်နေပုံရ၏။ ကျွန်မက သူ့ကို ခေါ်ဆောင်သွားကာ ရုံးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များ၊ အသုံးအဆောင်များအကြောင်း မိနစ်နှစ်ဆယ်မျှ ပြောကြား နေချိန်တွင် သူသည် လေးလေးနက်နက် မှတ်သားနာယူနေသည်ကို တွေ့ရ၏။ ထို့နောက် သူ၏ အမှန်တကယ်ကြီးကြပ်သူအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကျွန်မ အထက်အရာရှိထံသို့ ပို့ဆောင်ပေးကာ ကျွန်မ စားပွဲသို့ ပြန်လာခဲ့သည်။

ထိုနေ့မှာပင် ဘားရက်ကို နေ့လယ်စာစားရန်အတွက် ရုံး၏ ပထမထပ်တွင် ရှိသော စားသောက်ဆိုင်သို့ ခေါ်ဆောင်သွားခဲ့ပါသည်။ စားသောက်ဆိုင်မှာ ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသည့် ဘဏ်သူဌေးများ၊ ရှေ့နေများဖြင့် ပြည့်ကျပ်နေသည်။ ဆိုင်မှ ယူသော ဈေးနှုန်းမှာလည်း ညစာတမျှ ဈေးကြီးလှပါသည်။ သူ့ကိုခေါ်ဆောင်သွားခြင်းမှာ ကျွန်မတို့လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင် နေကြသူများ အနေဖြင့် ကောင်းကောင်းနေ၊ ကောင်းကောင်းစားတတ်စေရန် လမ်းပြပေးခြင်းပင်ဖြစ်သည်။ ဈေးကြီးသည်ဆိုသော်လည်း လုပ်ငန်းမှ စားစရိတ်ကျခံပေးသဖြင့် အိတ်စိုက်ရန် မလိုပေ။ ကျွန်မက ဘားရက်အား တိုက်ရိုက်ကြီးကြပ်ရသူ မဟုတ်သော်လည်း လက်ထောက်ဖြစ်သဖြင့် လူမှုရေးကိစ္စများကိုသာ ကူညီသင်ပြပေးခြင်းလည်း ဖြစ်ပါ၏။ ကျွန်မတာဝန်မှာ သူ့ကို လုပ်ငန်းခွင်ပျော်စေရန် ဖန်တီးပေးရမည်၊ သူမသိ၍ မေးလာသောမေးခွန်းများကို ကူညီဖြေကြားပေးရမည် ဖြစ်သည်။ ဥပဒေကျောင်းသား များအား နွေရာသီတွင် အလုပ်သင်အဖြစ် ခေါ်ယူခြင်းသဘောမှာ နောင်တစ်နေ့ သူတို့ ဥပဒေဘွဲ့ရသည့်အခါ လုပ်ငန်း၌ ခန့်ထားရန် ရည်ရွယ်ပြီး ကြိုတင်လေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။

ဘားရက် အနေးနှင့်အမြန်ဆိုသကဲ့သို့ အကူအညီလိုလိမ့်မည်ဆိုသည်ကို သိပါသည်။ သူက ကျွန်မထက် အသက်သုံးနှစ်ကြီးပြီး နှစ်ဆယ့်ရှစ်နှစ်ပြည့်တော့မည် ဖြစ်သည်။ သူက ကျွန်မကဲ့သို့မဟုတ်ဘဲ ကိုလံဘီယာ၌ ကျောင်းပြီးချိန် ဥပဒေဘွဲ့ယူရန် မကြိုးစားသေးဘဲ အလုပ်ဝင်လုပ်နေခဲ့သည်။ ကျွန်မ စိတ်ဝင်စားမိသည်က လုပ်ငန်းခွင်မှတစ်ဆင့် ဘယ်အကြောင်းကြောင့် ဥပဒေသင်တန်း တက်ဖြစ်သွားသနည်း ဆိုသည်ပင် ဖြစ်သည်။ သူ့ကိုကြည့်ရသည်မှာ မည်သူ့ကိုမဆို ယုံလွယ်မည့်ပုံဖြစ်သည်။ ကျွန်မကမူ ဘယ်သူ့ကိုမျှ မယုံတတ်ပေ။ နေ့လယ်စာစားရင်း သူ့အကြောင်းသိရသည်မှာ သူသည် အရာရာကို စပ်စပ်စပ်စပ် စိတ်ဝင်စားတတ်သူဖြစ်၏။ ကျွန်မက ရည်မှန်းသည့်အတိုင်း ပရင်စတန်မှ အောင်သည်နှင့် ဟားဗတ်သို့ တက်ကာ ယခု ရုံးပေါ်သို့ ရောက်လာခဲ့သည်။ သူကမူ ကောင်းကင်ယံတွင် ပျံဝဲကာ အရာရာကို လေ့လာခဲ့သူနှင့် တူ၏။ ကင်ညာနိုင်ငံသား လူမည်းဖခင်နှင့် ကဲန်ဆပ်စ်ပြည်နယ် သူ လူဖြူမိခင်တို့မှ ပေါက်ဖွားခဲ့သော သားဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ် အိမ်ယာထူထောင်ခဲ့ကြသဖြင့် အိမ်ထောင်သက် မရှည်ခဲ့ကြပေ။ သူ့ကို ဟိုနိုလူလူတွင် မွေးဖွားခဲ့ သော်လည်း အသက်လေးနှစ်အရွယ်အထိ စွန့်လွှတ်သူများအား ကူညီပေးခြင်း၊ ခရစ်ကက် ကစားသည့်နေရာ၌ ဘောလုံးကောက်ပေးခြင်းတို့ကို အင်ဒိုနီးရှားနိုင်ငံတွင် လုပ်ဆောင်ခဲ့ရသည်။ အထက်တန်းကျောင်းစာမေးပွဲ အောင်မြင်ပြီးသည့်နောက် လော့စ်အိန်ဂျလိစ်ရှိ Occidental ကောလိပ်တွင် နှစ်နှစ်တက်ခဲ့သည်။ ထို့နောက် ကိုလံဘီယာသို့ ပြောင်းရွှေ့လာခဲ့သည်။ ထိုကာလများက ဘားရက်ကိုကြည့်ရသည်မှာ ၁၉၈၀ ခုနှစ် များအတွင်းက မဟာတ္တန်ကျောင်းသားနှင့်

မတူဘဲ ၁၆ ရာစုနှစ်က ဂူအောင်းကာ တရားထူးတရားမြတ်များ ရှာဖွေနေသည့် သူတော်စင်ပုံပေါက်နေ၏။ ၁၀၉ လမ်းရှိအခန်းတစ်ခန်းတွင် နေထိုင်ကာ စာပေလေ့လာခြင်း၊ အတွေးအခေါ်များအား လေ့လာခြင်း၊ ခပ်ညံ့ညံ့ကဗျာများ ရေးဖွဲ့ခြင်း၊ တနင်္ဂနွေနေ့များတွင် ဥပုသ်စောင့်ခြင်းတို့ လုပ်ဆောင်နေခဲ့သည်။

နှစ်ယောက်သား နောက်ကြောင်းများကိုပြောကာ ရယ်ဖြစ်ကြသည်။ ယခုတော့ နှစ်ယောက်လုံး ဥပဒေကာကွယ်စောင့်ရှောက်သူများ လမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ကြပြီ။ ဘားရက်သည် အရာရာကို အလေးအနက်ထားသူဖြစ်သော်လည်း သူ့ကိုယ်သူ အလေးအနက်မထားတတ်သူ ဖြစ်သည်။ သူ့အမူအရာမှာ အလေးအနက် မထားသူဟု ထင်ရသော်လည်း စိတ်ထဲတွင် လေးလေးနက်နက်ရှိသူ ဖြစ်သည်။ ထူးခြားချက်တစ်ခုမှာ ချီကာဂိုကို သူ နှံ့နှံ့စပ်စပ် သိနေခြင်းပင်။

ဘားရက်သည် ကျွန်မ စစ်ဒလီလုပ်ငန်းသို့ ရောက်ပြီးမှ ပထမဦးဆုံးတွေ့ဖူးသော ဆံပင်ညှပ်ဆိုင်သွားသူ၊ ဘာဘာကျူးဆိုင် သွားစားတတ်သူ၊ သမ္မာကျမ်းစာ အမြဲ ဖတ်လေ့ရှိသည့် တောင်ပိုင်းအဖျားစွန်းမှ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ ဥပဒေ သင်တန်း မတက်မီက သူသည် သုံးနှစ်လုံးလုံး လူမှုအဖွဲ့အစည်းအတွက် စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ထိုအလုပ်မှာ အကျိုးအမြတ်မယူသော ဘုရားရှိခိုးကျောင်းများက ပေါင်းစည်းလုပ်ကိုင်သော အလုပ်ဖြစ်၍ တစ်နှစ်လျှင် လစာ ဒေါ်လာ ၁၂၀၀၀ သာ ရပါသည်။ သူ့အလုပ်မှာ အလုပ်မရှိသောသူများကို လုပ်ငန်းခွင်အရောက် ပို့ဆောင်ပေးခြင်းပင်ဖြစ်၏။ ထိုအလုပ်နှင့်ပတ်သက်၍ သူပြောပြရာ၌ အပိုင်းနှစ်ပိုင်းရှိသည်ဟု ခွဲခြားပြသည်။ တစ်ပိုင်းမှာ ဆုရခြင်းဖြစ်သည်။ သူက အဖွဲ့အစည်း အစည်းအဝေးများခေါ်ယူနိုင်ရေး ရက်သတ္တပတ်ပေါင်းများစွာ ပြင်ဆင်ရသည်။ သို့သော် အစည်းအဝေးသို့ လူပေါင်းတစ်ဒါဇင်မျှသာ တက်ရောက်ခဲ့ကြသည်။ သို့သော် သူ့ကြိုးစားအားထုတ်မှုကို လူကြီးများက သဘောကျကြသည်။ လူမည်းများသာမက လူဖြူခေါင်းဆောင်ပိုင်းကလည်း သဘောကျကြ၏။ သူ့လုပ်ဆောင်မှုတို့ကို လူကြီးများ သဘောကျသည်ဆိုခြင်းက သူ့ကို အားတက်စေသည်။ သူက ဥပဒေကျောင်းသား ဖြစ်ခြင်းကြောင့် အောက်ခြေလူတန်းစားတို့ အလုပ်လုပ်ချင်စိတ် ပေါ်လာစေရန်မှာ အုပ်ချုပ်သူလူတန်းစားဘက်ကလည်း ခိုင်မာသောမူဝါဒများ ချမှတ်ပေးရန် လိုအပ်ကြောင်း ရှင်းပြနိုင်ခဲ့သည်။

စတွေ့ကတည်းက ခပ်ယိုင်ယိုင်ဖြစ်နေသော ကျွန်မ စိတ်ခံစားတို့မှာ သူ့ အရည်အချင်းတို့ကို သိလိုက်ရသောအခါ သူ့အပေါ်တွင် စိတ်ညွတ်မိတော့သည်။ ကျွန်မ လိုချင်သောယောကျ်ားတစ်ယောက်၏ အရည်အချင်းမျိုး သူ့တွင် ရှိနေသည်ကို သိလိုက်သည်။ သို့သော် လုပ်ငန်းခွင်တွင် ကျွန်မက သူ့အထက်က ကြီးကြပ်သူ ဖြစ်နေသည်။ ထို့ပြင် ယောကျ်ားတစ်ယောက်နှင့် အတူတွဲကာ

အပြင်ထွက်သည့် အလုပ်မှာ အချိန်ပေးရသောအလုပ်ဖြစ်၍ အလုပ်များသော ကျွန်မအနေနှင့် အပြင်ထွက်လိုစိတ် မရှိသည်မှာ ကြာပြီဖြစ်သည်။ သူနှင့်ကျမှ ကျွန်မ စိတ်လျှော့ရပါမည်လား။ ဟုတ်သည်။ သူသည် ကျွန်မအတွက် အသင့်တော်ဆုံးပင် ဖြစ်ပေလိမ့်မည်။

နောက်ထပ် ရက်သတ္တနှစ်ပတ်အတွင်းမှာပင် ကျွန်မတို့ အခြေအနေမှာ ပြောင်းလဲလာသည်။ ညနေစောင်းစ,ပြုလာလျှင် ဘားရက်က အခန်းထဲ၌ တောင်လျှောက် မြောက်လျှောက်လုပ်ပြီး ကျွန်မအခန်းထဲမှ ခုံတစ်ခုံတွင် ဝင်ထိုင်တတ်သည်။ သူ့ပုံစံမှာ သိပောင်းကျွမ်းပောင်း တစ်ယောက်ထံ လာသကဲ့သို့ပင်။ ကျွန်မတို့နှစ်ယောက်မှာ စိတ်ကူးများတူသကဲ့သို့ ခံစားချက်ချင်းလည်း တူနေကြသည်။တစ်ခါ တစ်ရံ သူစိမ်းများ ကျွန်မ စားပွဲရှေ့၌ ရှိနေလျှင်မူ သူက ခပ်လှမ်းလှမ်းမှ ကြည့်နေ တတ်သကဲ့သို့ ကျွန်မကလည်း သူ့ကို မသိမသာ ပြန်ကြည့်တတ်ပါသည်။ နှစ်ယောက် သား မပြောဖြစ်ကြသော်လည်း သူ့ပုံစံက အစ်ကိုတစ်ယောက်က နှမတစ်ယောက် အား အုပ်ထိန်းနေသကဲ့သို့ ရှိနေသည်။ ကျွန်မတို့ရုံးတွင် ရှေ့နေပေါင်း လေးရာခန့်ရှိပြီး ဝက်လုံတော်ရမှာ ငါးဦးသာ ရှိပါသည်။ ထိုငါးဦးစလုံးမှာ အာဖရိကန်-အမေရိကန် များသာဖြစ်ကြရာ တစ်ဦးနှင့်တစ်ဦး အကြည့်ဖြင့် နားလည်မှုရှိကြပါသည်။

ဘားရက်သည် နွေရာသီ အလုပ်သင် ဝင်ရောက်လာကြသူများထဲတွင် ပါးရည်နပ်ရည်အရှိဆုံးဟု ဆိုရပါမည်။ (ကျွန်မကိုယ်တိုင်ကမူ စစ်ဒလီသို့ သူ့ထက် နှစ်နှစ်စောရောက်ခဲ့သူဖြစ်သည်။) ထို့ပြင် ယခု နေရာထက် ပိုကောင်းမည့် အလုပ် အကိုင်ကိုလည်း သူက ကြိုးကြိုးစားစား အင်တာနက်မှတစ်ဆင့် ရှာဖွေနေသူဖြစ်သည်။ ကျွန်မတို့ အလုပ်ခွင်တွင် သူ့သတင်းက မွှေးပျံ့နေပြီး အဆင့်မြင့်အစည်း အဝေးများသို့ပင် တက်ရောက်ရန် ဖိတ်ကြားလာကြသည်။ ရှုပ်ထွေးသည့် အမှုကိစ္စများ ဆွေးနွေးရာ၌လည်း သူ့အကြံကို တောင်းခံလာကြသည်။ သူရောက်စ နွေဦးကာလ၌ပင် စာမျက်နှာသုံးဆယ်ခန့် ပါဝင်သော စီမံချက်တစ်ခုကို ရေးသားတင်သွင်းခဲ့ရာ ထိုစီမံချက်မှာ များစွာ ထိရောက်မှုရှိသည်ဟု အကြီးအကဲများက ချီးမွမ်းခဲ့ကြ၏။ ဒီလူက ဘယ်လိုလူပါလိမ့်။ လူတိုင်းက သူ့ကို စိတ်ဝင်စားလာကြသည်။

"မင်းအတွက် မိတ္တူတစ်စောင် ယူလာတယ်"။ ဘားရက်က ကျွန်မ စားပွဲပေါ်သို့ ဖိုင်တစ်ခု တင်လိုက်ရင်း ခပ်ပြုံးပြုံး ဆိုလာသည်။

"ကျေးဇူးပါပဲ၊ ကျွန်မလည်း ဖတ်ချင်နေတာ"ဟု ဆိုကာ ဖိုင်ကို လှမ်းယူ လိုက်သည်။

သူ ပြန်သွားသောအခါ ထိုဖိုင်ကို အံဆွဲထဲ ထည့်သိမ်းလိုက်၏။

ထိုဖိုင်ကို ကျွန်မ မည်သည့်အခါကမျှ ဖတ်မကြည့်ဆိုသည်ကို သူသိပါမည်လော။ သူသိမည်မှာ မုချပင်ဖြစ်သည်ဟု ကျွန်မ ထင်ပါသည်။ သူက ကျွန်မကို ထိုဖိုင်ပေးခဲ့ခြင်းမှာ စ,လိုနောက်လို၍သာ ဖြစ်ပါသည်။ ကျွန်မသည် သူ၏ လက်ထောက်ကြီးကြပ်သူ ဖြစ်သော်လည်း လုပ်ငန်းအုပ်စု မတူပါချေ။ ထို့ကြောင့် သူသိရန် လိုသော ကိစ္စများမှာ ကျွန်မ သိရန်မလိုသောကိစ္စများသာ ဖြစ်သည်။ ကျွန်မတွင် ဖတ်ရန်၊ လေ့လာသုံးသပ်ရန် စာရွက်စာတမ်းများစွာ ရှိပါသည်။ အပိုစာရွက် စာတမ်းတို့ မဖတ်အားပါ။ ယခုဆိုလျှင် ကျွန်မနှင့် ဘားရက်သည် မိတ်ဆွေများ ဖြစ်သွားကြပြီး လက်တွဲညီသော ရဲဘော်ရဲဘက်များလည်း ဖြစ်ခဲ့ကြသည်။ တစ်ပတ်လျှင် တစ်ကြိမ်၊ တစ်ခါတစ်ရံတွင် တစ်ကြိမ်ထက်ပို၍ နေ့လယ်စာ အတူတူထွက်စားကြသည်။ ကုန်ကျစရိတ်က သူပေးရန် မလိုသကဲ့သို့ ကျွန်မလည်း ပေးရန်မလိုဘဲ ရုံးမှ ကျခံပေးသည်။ တဖြည်းဖြည်းနှင့် တစ်ယောက်အကြောင်းတစ်ယောက် သိလာကြသည်။ ကျွန်မက မိဘများနှင့် တစ်အိမ်တည်းတွင်နေကြောင်း သူသိသည်။ ဟားဗတ် မှ ဘွဲ့ရခဲ့ပြီး ယခုအလုပ်တွင် တန်းဝင်ခဲ့သည်ဆိုသည်ကိုလည်း သူသိ၏။ သူကအချိန်ရတိုင်း နိုင်ငံရေးအတွေးအခေါ် စာအုပ်များကိုသာ ဖတ်လေ့ရှိသူဟု ကျွန်မ သိထားသည်။ သူ့အဖေသည် ကင်ညာနိုင်ငံတွင် ကားတိုက်မှုတစ်ခုကြောင့် ကွယ်လွန်ခဲ့ ရသဖြင့် အကျိုးအကြောင်းစုံသိစေရန် ကင်ညာသို့ သူ တစ်ခေါက်လိုက်သွားဖူးသေးသည်။ သူသည် ဘတ်စကက်ဘော ဝါသနာပါပြီး ရုံးပိတ်ရက်များ၌ ခရီးရှည် အပြေး လေ့ကျင့်လေ့ရှိသည်။ ဟာဝိုင်ယီကျွန်းရှိ အိုအားဟူတွင် ကျန်ရစ်ခဲ့ကြသော မိတ်ဆွေများ၊ မိသားစုများအကြောင်းကို သူ မကြာခဏ ပြောတတ်သည်။ သူ့တွင် မိန်းကလေး မိတ်ဆွေများစွာ ရှိခဲ့ဖူးပြီး ယခု တစ်ယောက်မျှ မရှိကြတော့ပေ။

သူ့တွင် မိန်းကလေးမိတ်ဆွေတစ်ယောက်မျှ မရှိတော့ဆိုသည့် ကိစ္စကိုမူ ကျွန်မ လေ့လာရန် လိုအပ်မည် ထင်ပါသည်။ ချီကာဂိုတွင်နေသော ကျွန်မဘဝမှာ ထွေထွေထူးထူးဘာမျှမရှိပါ။ အရည်အချင်းရှိသည့် လူမည်းအမျိုးသမီးများစွာရှိပါသည်။ ထိုအမျိုးသမီးတို့တွင်လည်း စာဖွဲ့လောက်သည့် ဇာတ်လမ်းများ မရှိနိုင်ဟု ကျွန်မ ထင်ပါသည်။ ကျွန်မတို့မှာ အလုပ်ထဲတွင် ခေါင်းနှစ်ကာ လုပ်နေကြရသူများ ဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်။ ကျွန်မက လူများနှင့် ပေါင်းသင်းဆက်ဆံရခြင်းကို ဝါသနာပါသည်။ အထက်တန်းကျောင်းမှ သူငယ်ချင်းများ၊ လုပ်ငန်းသဘောအရ ဆက်သွယ်ပေါင်းသင်းရသော မိတ်ဆွေများ၊ ခရိတ်မှတစ်ဆင့် သိကျွမ်းရသော မိတ်ဆွေများ စသဖြင့် များစွာရှိပါသည်။ ခရိတ်က အိမ်ထောင်ပြုပြီး ဘဏ်လုပ်ငန်းရှင်တစ် ယောက်အဖြစ် ချီကာဂိုမှာပင် စီးပွားရေးလုပ်နေသည်။ သူနှင့် ကျွန်မမှာလည်း တစ်ခါ တစ်ရံ ထမင်းစားချိန်းဖြစ်သည့်အခါများ၌သာ တွေ့ဖြစ်ပါသည်။ ဥပဒေပညာသင်ယူနေစဉ်ကာလက အမျိုးသားနှစ်ဦးနှင့် ကျွန်မ တွဲကြည့်ဖူးပါသည်။ သို့သော် သူတို့သည် ချီကာဂိုတွင် လိုက်နေရန် စိတ်မဝင်စားကြ၍ အဆင်မပြေပါ။

ထို့နောက်ပိုင်းတွင် ကျွန်မက ဥပဒေပညာရှင်ဖြစ်ရေးသည်သာ ကျွန်မ၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်း လာပြီး စပ်ဟပ်ကြသူများ အပါအဝင် အားလုံးကို ကြေညာခဲ့၏။ ကျွန်မတို့ မိန်း ကလေးများစွာတို့မှာ တွဲခုတ်မည့် အမျိုးသားများပေါ်လာရေးကို ငံ့လင့်နေကြပါသည်။

နွေရာသီ၏တစ်ခုသော ညနေတွင် ကျွန်မက ဘားရက်အား မြို့လယ်ရှိဘားတစ်ခုသို့ ခေါ်ဆောင်လာခဲ့ပါသည်။ ထိုဘားက လူမည်းပညာရှင်များအတွက် အထူးတလည် အရက်စပ်ပေးတတ်သော ဘားလည်း ဖြစ်သည်။ ကျွန်မက ဤဘားတွင် သူငယ်ချင်းများနှင့် မကြာခဏချိန်းတွေ့သောနေရာ ဖြစ်၍ ကျွမ်းကျင်နှံ့စပ်နေပြီ ဖြစ်သည်။ သူက ရုံးတွင်ဝတ်သော အဝတ်ကို လဲလာသဖြင့် ပေါ့ပေါ့ပါးပါး ရှိနေသည်။ အဖြူရောင် လိုင်နင်ဘလေဇာကို ဝတ်ဆင်ထားသဖြင့် Miami Vice ရုပ်ရှင် ဇာတ်ကားထဲက လိုလို၊ ဘာလိုလို။ အလှဲ့။

သူ့ကို ရုံးမှာ လူကြီးလူကောင်းတစ်ယောက်ကဲ့သို့ မြင်နေကျဖြစ်၍ ရိုးရိုး အရပ်ဝတ်ဖြင့် တွေ့လိုက်ရသောအခါတွင်လည်း ငြင်းပယ်ရန် မရှိပါချေ။ ကြည့်ကောင်းသူတစ်ဦးဟု လက်ခံမိသည်။ လူအများကို ဖမ်းစားနိုင်သူ၊ အောင်မြင်သူ တစ်ယောက်ပင်ဖြစ်သည်။ သူသည် အားကစားကို စိတ်ဝင်စားသူ၊ ကြင်နာတတ်သူ ဖြစ်သည်။ လူတစ်ယောက်တွင် ဒီထက်ပိုသည့် အရည်အချင်းမရှိနိုင်တော့ဟု ထင်သည်။ ဘားအတွင်းသို့ ကျွန်မပင် ဦးဆောင်ဝင်ခဲ့သည်။ မိန်းကလေးမိတ်ဆွေများနှင့် လာလျှင်လည်း ဤသို့ပင် ကျွန်မသာ ဦးဆောင်ဝင်လေ့ရှိပါသည်။ အထဲသို့ ရောက် လျှင်ရောက်ချင်းဆိုသလိုပင် ကျွန်တို့လုပ်ငန်း၏ ဘဏ္ဍာရေးဌာနမှ အမျိုးသမီးခပ်ချော ချောတစ်ယောက် ရောက်လာကာ ဘားရက်ကို နှုတ်ဆက်တော့သည်။ ထိုအမျိုးသမီးက နှုတ်ဆက်ရုံမျှသာမကဘဲ အနားမှမခွာ စကားများဖောင်ဖွဲ့နေသဖြင့် ကျွန်မက အရက်ခွက်ကို ကောက်ယူလိုက်ပြီး ဆိုင်အတွင်းသို့ ရောက်နှင့်နေကြသော အသိအကျွမ်းများအား လိုက်နှုတ်ဆက်နေလိုက်သည်။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် ဘားရက်အား လှမ်းတွေ့လိုက်သော်လည်း ထိုအမျိုးသမီးက စကားမပြတ်သေးပေ။ ဘားရက်က ကျွန်မကို လှမ်းကြည့်လိုက်သည်။ သူ့အကြည့်က သူ့ကို ကယ်ပါဦးဟု အဓိပ္ပာယ်ပေါက်သော်လည်း ထိုနေရာသို့ ကျွန်မ မသွားပေ။ အရွယ်ရောက်ပြီးသည့် ယောက်ျားတစ်ယောက် မိန်းမတစ်ယောက် လက်မှ လွတ်မြောက်စေရန် ကယ်တင်ဖို့မလိုအပ်၊ သူ့ဘာသာ ရှန်းပါစေတော့ဟု ထား လိုက်သည်။

နောက်တစ်နေ့တွင် ဘားရက်က ကျွန်မ ရုံးခန်းအတွင်းသို့ ရောက်လာပြီး “မနေ့က ဟိုမိန်းမက ဘာပြောတယ် ထင်သလဲ။ သူနဲ့ အတူတူ လျှောက်စီးရအောင်

တဲ့။ ကားလို့ မင်းမတွေးလိုက်နဲ့။ သူက မြင်းလှော်ကစ်းချင်တာတဲ့”ဟု ဆိုသည်။ စိတ်ကြိုက်ရုပ်ရှင်ဇာတ်ကားများ အကြောင်း ပြောရာ၌လည်း အဆင်မပြေဆို၏။

ဘားရက်သည် အပေါင်းရ အသင်းရခက်သည်ဟု တချို့က ဆိုကြသည်။ အမှန်မှာ သူက အပေါင်းအသင်းလုပ်ရန် သတိကြီးစွာထားသူဖြစ်ခြင်းကြောင့် ထိုသို့ မြင်ကြခြင်းဖြစ်ပါသည်။ သူသည် အမြဲတစေ ပျော်ပါးနေတတ်သူ မဟုတ်။ တကယ် တမ်းတွင် စောစောကတည်းက သူ့ကို ကျွန်မနားလည်ခဲ့ဖို့ ကောင်း၏။ ကျွန်မကမ္ဘာ တွင် ရှိသူအားလုံးတို့သည် ကိုယ့်နည်းကိုယ့်ဟန်နှင့် အပေါ်ရောက်အောင် ကြိုးစားနေ ကြသူများချည်းဖြစ်သည်။ ကားသစ်များ၊ ကွန်ဒိုတိုက်ခန်းသစ်များ ဝယ်ကြသည်။ ညနေခင်းတွင် မာတနီသောက်ရင်း ပါးစပ်အရသာခံကာ ပြောကြသည်။ ဘားရက်က ထိုကဲ့သို့မဟုတ်။ ညနေအားလပ်ချိန်တွင် တစ်ယောက်တည်း စာဖတ်နေတတ်သူဖြစ်သည်။ သူသည် စည်းရုံးရေး လုပ်ရသူလည်းဖြစ်၍ ဆင်းရဲသားလူတန်းစားတို့ ခံစားနေရသည်များကို အမြဲတစေ နားထောင်ပေးလေ့ရှိပြီး ထိုဒုက္ခများမှ ကင်းလွတ် စေရန် မည်သို့ဆောင်ရွက်ပေးရမည်ကို ကြံဆနေသူ ဖြစ်သည်။ သူ့ကို ကျွန်မ နားလည်အောင် ကြိုးစားရသည်။ ကျွန်မကမ္ဘာနှင့် သူတွေးနေသောကမ္ဘာမှာ သီးခြားစီ ဖြစ်နေ၍ အတော်ပင် ကြိုးစားရပါသည်။

ရှုံးနိမ့်ခဲ့သော သူ့ဘဝတွင် သူသည် လူရိုင်းကလေးတစ်ဦး ဖြစ်ခဲ့ဖူးကြောင်း ကျွန်မအား ပြောပြခဲ့သည်။ သူ အသက်နှစ်ဆယ်အရွယ်အထိ သူ့ကို နာမည်ပြောင် ဖြစ်သော ဘာရီ ဆိုသည့်အမည်နှင့်သာ သိခဲ့ကြသည် ဆို၏။ ဆယ်ကျော်သက်အရွယ် ဘဝတွင် ဆေးခြောက်ရှူရာ၌ သူ့ဇာတိမြို့ အိုဟွားတွင်ရှိသော မီးတောင်၏ခြေရင်း တွင် သွားရှူသည်။ အောက်စီဒဲန်တယ်သို့ ရောက်လာချိန်တွင် ၁၉၇၀ ခုနှစ်များ အတွင်းက ရေပန်းစားခဲ့သော ဂျင်မီဟဲန်ဒရစ်၊ ရိုးလင်းစတုန်းတို့ကို အားကျသည်။ ရုန်းကန်လှုပ်ရှားရင်းဖြင့် သူ့နာမည်ရင်းဖြစ်သော ဘားရက် ဟူစိန် အိုဘားမားကို သိလာရသည်။ နာမည်ကြောင့်ပင် သူ့မျိုးရိုးဗီဇနှင့် ပတ်သက်၍ နားမလည်နိုင်ဖြစ်ရ ပြန်သည်။ သူသည် လူဖြူနှင့် လူမည်းတို့ ပေါင်းစပ်ရာမှ မွေးဖွားလာသော အာဖရိကန်-အမေရိကန်လူမျိုး ဖြစ်သည်။ ရိုးရိုးကုပ်ကုပ်ဘဝမှ ဆင်းသက်လာသူပီပီ ရိုးရိုး ကုပ်ကုပ်သာ နေခဲ့သည်။ သို့သော် သူ့စိတ်ထားက မြင့်မြတ်သည်။ တစ်နေ့နေ့တွင် သူ့စိတ်ထားအတွက် ကမ္ဘာကြီးက ဆုလာဘ်ချီးမြှင့်လိမ့်မည်ဟု ထင်ခဲ့သည်။ သူသည် အရာရာကို အလေးအနက်ထားသူဟု ကျွန်မ ပြောနိုင်ပါသည်။ တစ်ခါတစ်ရံ သူစိတ် လက်ပေါ့ပါးနေသည့်အချိန်များ၌ ဟာသပင် ပြောတတ်သည်။ သို့သော် သူသည် ကျေးဇူးတရားကို မည်သည့်အခါမျှ မမေ့တတ်သူဖြစ်၏။ အရာရာကို စူးစမ်းလေ့လာ သူလည်း ဖြစ်သည်။ ကျွန်မတို့သွားခဲ့သည့် ဘားဆိုင်က အချို့ရက်များတွင် ဈေးချရောင်းတတ်သည်။နောက်တစ်ကြိမ် ဈေးလျှော့ရောင်းသည့်နေ့၌ သူ့အား

မခေါ်တော့ဘဲ ကျွန်မတစ်ယောက်တည်းသာ ထွက်လာခဲ့တော့သည်။

ကျွန်မ ကလေးဘဝအရွယ်က မိဘများ ဆေးလိပ်သောက်ကြသည်။ ညနေခင်း၊ မီးဖိုဆောင်ဘက်တွင် ညစာမစားမီ အလုပ်အကြောင်းများပြောကြရင်း သောက်ကြသည်။ ညပိုင်းတွင် စားသောက်ပြီးသော ပန်းကန်များကို ဆေးကြောကြရင်း သောက်ကြသည်။ တစ်ခါတစ်ရံတွင် လေကောင်းလေသန့် ဝင်စေရန်အတွက် ပြတင်းပေါက်များကို ဖွင့်ထားကြသည်။ သူတို့သည် ဆေးလိပ်စွဲနေကြသူများမဟုတ် ဘဲ ရံဖန်ရံခါ သောက်ကြသူများသာ ဖြစ်သည်။ သူတို့ သောက်ကြသည်မှာ သုတေသနသမားများက ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည်ဟု ထုတ်ဖော်ကြေညာချိန်အထိ ဖြစ်၏။

သူတို့ ဆေးလိပ်သောက်ခြင်းက ကျွန်မတို့အတွက် ကြီးစွာသော အနှောင့်အယှက်ပင်ဖြစ်၏။ ခရိတ်အတွက်လည်း ထိုနည်းအတူပင်။ သူတို့ ဆေးလိပ်သောက်ပြီ ဆိုပါက ကျွန်မ ချောင်းအဆက်မပြတ် ဆိုးတော့သည်။ ဆေးလိပ်သွားဝယ်ခိုင်းလျှင် မကျေနပ်ကြ။ ငယ်စဉ်က ကျွန်မတို့မောင်နှမသည် မိဘများ သိမ်းဆည်းထားသော နယူးပို့တ်စီးကရက်တစ်ကာတွန်းလုံးကို ဖျက်ဆီးပစ်ခဲ့ကြဖူးသည်။ စီးကရက်အတွင်းမှ ဆေးများကို မီးဖိုဆောင်အတွင်းရှိ ရေစည်ပိုင်းအတွင်း သွန်ခဲ့ကြသည်။ စီးကရက် အစီခံများကို ဆေ့စ်အချဉ်ရည် ခပ်စပ်စပ်ဖြင့် ဆွတ်ထားခဲ့ကြသည်။ ဆေးလိပ် သောက်ခြင်းသည် အဆုတ်ကင်ဆာဖြစ်ပွားစေကြောင်း ကျောင်းတွင် သင်ကြားသည် များကို မိဘများအား ပြန်လည်ပြောပြသည်။ ဆေးလိပ်သောက်သူများ၏ အဆုတ်တွင် မည်းမှောင်နေအောင် စွဲနေသည့် ရောဂါလက္ခဏာများကိုလည်း ပြသသည်။ ခန္ဓာကိုယ်အတွင်းမှ အစိတ်အပိုင်းများ ပျက်စီးစေပုံတို့ကိုလည်း ပြောပြသည်။ သူတို့အား ကောင်းခြင်းနှင့် မကောင်းခြင်း၊ ကျန်းမာခြင်းနှင့် မကျန်းမာခြင်း ခွဲခြားပြသည်။ သို့သော် ကျွန်မတို့၏ မိဘများသည် နောက်နှစ်ပေါင်း အတော်ကြာသည့်အခါမှသာ ဆေးလိပ်ပြတ်ခဲ့ကြပါသည်။

ဘားရက်သည်လည်း ကျွန်မမိဘများကဲ့သို့ ဆေးလိပ်သောက်သူ ဖြစ်သည်။ နေ့လယ်စာ၊ ညစာ စားပြီးချိန်များတွင် လမ်းလျှောက်ရင်း သို့မဟုတ် သူ့စိတ်ထဲ၌ ပူပန်သောကရောက်ခြင်း ရှိသည့်အခါများတွင် သူ့လက်ကို အအားပေးမထားဘဲ ဆေးလိပ်သောက်ခြင်းပင် ဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် ဆေးလိပ်သောက်ခြင်း အလေ့အထသည် ယခုကာလထက်ပင် ပိုမိုများပြားခဲ့ပါသည်။ နေ့စဉ်ဘဝတွင် ဆေးလိပ်သောက်ခြင်းသည် မဖြစ်မနေလုပ်ရမည့် ကိစ္စတစ်ခုကဲ့သို့ ပါဝင်ခဲ့ပါ၏။ ဆေးလိပ်သောက်သူသည် သူ့ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေကြောင်း သုတေသနပြု လုပ်သူများက ဖော်ထုတ်လာကြသည်။ လူအများက စားသောက်ဆိုင်များ၊ ရုံးများနှင့် လေဆိပ်တို့တွင် ဆေးလိပ်သောက်ကြသည်။ ရုပ်ရှင်များထဲတွင်လည်း ဆေးလိပ်

သောက်သည်ကို ပြကြသည်။ ကျွန်မနှင့်တကွ တွေးခေါ်တတ်သူအများ၏ အမြင်တွင် ဆေးလိပ်သောက်ခြင်းသည် မိမိကိုယ်မိမိ ဖျက်ဆီးခြင်းပင် ဖြစ်၏။

ဘားရက်က ဆေးလိပ်သောက်ခြင်းနှင့် ပတ်သက်၍ ကျွန်မ ဘယ်လို ခံစားရသည်ကို သိသည်။ ကျွန်မတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ ရိုးရိုးသားသား စကားပြောကြခြင်းအဆင့်သာဖြစ်၍ နှစ်ယောက်စလုံး ခင်မင်နှစ်လိုကြသည်။

"ရှင့်လို ထက်မြက်တဲ့လူတစ်ယောက်က ဘာဖြစ်လို့ နုံနုံအအလူတစ်ယောက်လို ဆေးလိပ် သောက်ရတာလဲ" ဟု ပထမဆုံး တွေ့သည့်နေ့ကပင် ကျွန်မ မေးလိုက်သည်။ ထိုအချိန်တွင် သူက နှစ်ယောက်အတူ နေ့လယ်စာစားရန်အတွက် နေရာယူရန် ပြင်ဆင်နေစဉ် ဆေးလိပ်သောက်နေခြင်းကြောင့် ဖြစ်သည်။ ကျွန်မက လည်း ရိုးရိုးသားသားပင် မေးလိုက်ခြင်းဖြစ်ပါသည်။

ကျွန်မ မှတ်မိသမျှဆိုလျှင် ထိုသို့ မေးလိုက်သည့်အချိန်၌ သူ အတန်ပင် တုန်လှုပ်သွားပြီး ကျွန်မပြောသည်မှာ မှန်သည်ဟု လက်ခံလိုက်ပုံရ၏။ သူဆေးလိပ်ဖြတ်ရန်အတွက် ကျွန်မတို့နှစ်ယောက် အပြင်းအထန် ငြင်းခုံရန် မလိုခဲ့ပါ။ ယုတ္တိဗေဒကျကျ တွေးခေါ်တတ်သူပီပီ သူ ဆေးလိပ်ဖြတ်နိုင်ခဲ့သည်။

ကျွန်မ ဝန်ခံသည်ဖြစ်စေ၊ ဝန်မခံသည်ဖြစ်စေ နှစ်ဦးသားကြားတွင် ပြောင်းလဲမှုတစ်ခုခု စတင်လာပြီ ဆိုသည်ကို သတိထားလိုက်မိသည်မှာ အမှန်ပင် ဖြစ်ပါသည်။ နေ့ခင်းပိုင်းများတွင် ကျွန်မတို့မှာ အလုပ်များလွန်းသဖြင့် ရုံး၌ မျက်နှာချင်းဆိုင်တွေ့ရန်ပင် မလွယ်ကူလှပေ။ ကျွန်မ လုပ်ဆောင်ရန် ရှိသည်များကို တင်ပြနိုင်ရန် ရှာရ၊ ဖွေရသည်။ သူ ရုံးခန်းထဲသို့ ဝင်မလာသည့်အခါများ၌ ကျွန်မမှာ စိတ်ပျက်လက်ပျက်ဖြင့် တစ်ယောက်တည်း စကားပြောနေမိသည်။ ထိုအခါမျိုးတွင် သူဝင်လာသည်နှင့် ကြုံကြိုက်သွားပါက ရင်ခုန်စိတ်လှုပ်ရှားခဲ့ရ၏။ ကျွန်မ ဤလူကို စိတ်ဝင်စားနေမိသည်မှာ အမှန်ပင် ဖြစ်ပါသည်။ သို့သော် သူသည် မတုန်မလှုပ် ရှိနေဆဲပင် ဖြစ်၏။ ရုံးလုပ်ငန်းနှင့်ပတ်သက်၍ တစ်နှစ်တစ်ခါ သုံးသပ်ချက်များ ရေးရသည်။ ထိုအခါမျိုးတွင် ကျွန်မသည် ဘက်မလိုက် ဖြောင့်တန်းမှန်ကန်စွာ ရေးသားပါသည်။ Sidley & Austin တွင် အလုပ်ဝင်စဉ်ကတည်းက ကျွန်မအကျင့် ဖြစ်၏။ ယခု ကျွန်မ အသက် ၃၂ နှစ်အရွယ်သို့ ရောက်ခဲ့ပြီဖြစ်သည်။ ကျွန်မလိုချင်သမျှ အရာရာပြည့်စုံခဲ့ပြီ။ သို့သော် နောက်ထပ်လိုအပ်သည့် အရာတစ်ခုအတွက် ကျွန်မကိုယ်ကျွန်မ ယုံကြည် စိတ်ချစွာဖြင့် ကြိုးစားရဦးမည် ဖြစ်၏။

ကျွန်မက သူနှင့်ကျွန်မကြားတွင် ပိုမိုရင်းနှီးလာသည့် ကိစ္စများကို ဥပေက္ခာပြုထားသော်လည်း သူက ထိုသို့ မဟုတ်ပေ။

"ကိုယ်တို့ အပြင်ထွက်ကြရင် မကောင်းဘူးလား"။ ဘားရက်က တစ်ညနေခင်းတွင် ထိုသို့ ဆိုလာသည်။ သူ ပြောစဉ်က ကျွန်မတို့နှစ်ယောက်မှာ နေ့လယ်စာ စားနေချိန် ဖြစ်၏။

"ဘယ်လို... ရှင်နဲ့ကျွန်မ ဟုတ်လား"။ သူ့စကားကြောင့် ကျွန်မ အနည်းငယ် တုန်လှုပ်သွားသည်။ ကျွန်မ မေးခွန်းကို သူက ခေါင်းညိတ်ကာ တုံ့ပြန်သည်။

"ရှင့်ကို ကျွန်မ ပြောဖူးတယ်လေ။ ကျွန်မ ဒိတ်မလုပ်ပါဘူးလို့။ ပြီးတော့ ကျွန်မက ရှင့်ကြီးကြပ်သူလေ"

သူက ကျွန်မကိုကြည့်ကာ ရယ်လိုက်သည်။ "မင်းက အဲဒီလိုသဘောထားတာလား။ မင်းက ကိုယ့်ရဲ့ဘော့စ် မဟုတ်ပါဘူး။ ကိုယ့်ရဲ့ အလှကလေးပါ" ဟု ဆိုသည်။

ဘားရက်က ပြုံးနေလိုက်သည်မှာ သူ့မျက်နှာတစ်ခုလုံး ရွှင်နေတော့သည်။ သူသည် အရာရာကို ချောမွေ့စေရန်နှင့် ကျိုးကြောင်းခိုင်လုံစေရန် အမြဲတမ်းကြိုးစားသူ ဖြစ်သည်။ နောက်နေ့များတွင် သူက ကျွန်မတို့နှစ်ယောက် ဘာကြောင့် အပြင်ထွက်သင့်ကြောင်း သက်သေပြစရာ မျိုးစုံတို့ကို တင်ပြလာတော့သည်။ ကျွန်မတို့နှစ် ယောက်သည် ရေ့သွားနောက်လိုက်ညီ၏။ တစ်ယောက်ကိုတစ်ယောက် ပျော်ရွှင်စေရန် ဖန်တီးပေးနိုင်သည်။ နှစ်ယောက်စလုံးသည် လူလွတ်များ ဖြစ်ကြသည်။ တစ်ယောက်ကိုယ် တစ်ယောက် စိတ်ဝင်စားမှုအပြည့်ရှိကြပြီး အခြားသူများကို စိတ်ဝင်စားခြင်း မရှိကြ။ လုပ်ငန်းတွင်ရှိသော မည်သူကမျှ ကျွန်မတို့နှစ်ယောက်တွဲလျှင် ကန့်ကွက်မည့်သူ မရှိ။ ထို့ကြောင့် ကျွန်မက သူနှင့် အပြင်ထွက်သင့်သည်ဟု ဆိုပါသည်။ အကယ်၍ သူပြောသည်ကို လက်ခံပါက သူ့တွင်ရှိသော ကျွန်မ မကြိုက်သည့် အရာ မှန်သမျှကို ရှောင်ကြဉ်ပါမည်ဟုလည်း ဆိုလာပါသည်။

"ဩော်... ရှင်က ကျွန်မကို ငါးမျှားဖို့ ငါးစာတပ်သလိုပေါ့" ဟု ကျွန်မက ဆိုပြီး ရယ်လိုက်သည်။ "ရှင့်ကိုယ်ရှင်တော့ ဟုတ်လှပြီပေါ့"။

နွေရာသီတွင် ကျွန်မတို့လုပ်ငန်းက အစီအစဉ်များ တစ်ခုပြီးတစ်ခု လုပ်တတ် ပါသည်။ ထိုအစီအစဉ်များထဲတွင် ရုံး၌ လုပ်ကိုင်နေကြသူများ တစုတဝေးတည်း အပြင်ထွက်ခြင်းသည်လည်း တစ်ခု အပါအဝင် ဖြစ်သည်။ ထိုအစီအစဉ်များထဲတွင် ပါဝင်လိုခြင်း ရှိ၊ မရှိ ဆိုသည်ကို လက်မှတ်ရေးထိုးကာ ဆန္ဒပြုကြရပါသည်။ တစ်ပတ်တွင် ရုံးမှ ဝန်ထမ်းအားလုံး Les Miserables ပြဇာတ်ကို ရုံတွင် သွားကြည့်ရန် ဆန္ဒပြုကြသည်။ ပြဇာတ်ရုံမှာ ကျွန်မတို့ရုံးနှင့် မဝေးလှပေ။ ကျွန်မက လက်မှတ်နှစ်စောင် ယူမည်ဟု ဆိုလိုက်သည်။ လက်မှတ်နှစ်စောင် ယူမည်ဆိုသည်မှာ ဝန်ထမ်းတစ်ဦးအတွက် အဆန်းမဟုတ်ပေ။

သူနှင့်အတူ အဖော်တစ်ဦး ခေါ်လာမည်ဆိုသည့် အဓိပ္ပာယ်သာ ဖြစ်သည်။ လက်မှတ်များကလည်း ရုံးအတွက် အထူးနှုန်းဖြင့် ရရှိ၏။ နောက်တစ်စောင်အတွက် ကျွန်မ ရည်ရွယ်သူမှာ ဘားရက်ပင် ဖြစ်ပါသည်။ သူ့ကို ရုံးမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး ထိတွေ့စေချင်သည်။ ထိုအချက်သည် ကျွန်မ အဓိက ရည်ရွယ်သောအချက်ပင် ဖြစ်ပါသည်။

ရုံထဲတွင် ကျွန်မတို့နှစ်ယောက် ဘေးချင်းကပ်လျက် အတူထိုင်ကြသည်။ တစ်နေ့လုံး အလုပ်ပင်ပန်းထားကြသဖြင့် နွမ်းလျနေသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ပြည်ဖုံးကားကြီး ဖွင့်လိုက်ချိန်တွင် သရုပ်ဆောင်များ၏ သီချင်းသီဆိုမှုနှင့် စတင်၏။ နောက်ခံမှာ ပဲရစ်မြို့၏ နောက်ခံဖြစ်ပြီး ရှုချင်စဖွယ်ပင် ဖြစ်ပါသည်။ Les Miserables ပြဇာတ်မှာ ပြင်သစ်နိုင်ငံ နောက်ခံဇာတ်လမ်း ဖြစ်၏။ ဆင်းရဲမွဲတေခြင်း၊ အခမ္ဘမှုများ ကျူးလွန်ခြင်း၊ တရားမျှတမှုမရှိခြင်း စသည်တို့ကို ဖော်ကျူးထားပြီး ဤပြဇာတ်မှာ ကမ္ဘာတစ်ဝန်းရှိ ပရိသတ် သန်းပေါင်းများစွာတို့ နှစ်ခြိုက်ကြသော တေးသံစုံဇာတ်လမ်းပင် ဖြစ်ပါသည်။ သို့သော် ကျွန်မမှာ ပင်ပန်းနွမ်းနယ်နေပြီဖြစ်သဖြင့် တေးသံစုံ များကို မခံမရပ်နိုင်လောက်အောင်ပင် ရှိခဲ့ပါသည်။

ခေတ္တ အားလပ်ချိန်ပေးရန်အတွက် မီးများဖွင့်လိုက်သည့်အခါ ကျွန်မ ဘားရက်ကို ခိုးကြည့်လိုက်သည်။ ဘားရက်သည် လက်တန်းခုံပေါ်တွင် တံတောင်ဖြင့် ထောက်ပြီး လက်ညှိုးတစ်ချောင်းက နဖူးကိုထောက်ကာ ခေါင်းငုံ့နေသည်။ သူ ဘာဖြစ်နေသည်ဆိုသည်ကို ကျွန်မ မမှန်းတတ်ပါ။

"ဘယ်လိုနေလဲ ကောင်းရဲ့လား" ဟု ကျွန်မက မေးလိုက်သည်။ သူ ကျွန်မကို ဘေးတိုက် ကြည့်လိုက်ပြီး "မကောင်းဘူး မဟုတ်လား"။ ကျွန်မ ရယ်လိုက်သည်။ သူနှင့်ကျွန်မ ခံစားချက်ချင်း တူနေ၏။ ဘားရက်က သူ့ခုံမှ ထ,ရပ်လိုက်သည်။ "ကိုယ်တို့ အပြင်ထွက်ရအောင်။ အပြင်သွားရတာကမှ ကောင်းဦးမယ်" ဟု ဆိုလိုက်၏။

သာမန်အားဖြင့်ဆိုလျှင် ကျွန်မ ထ,ပြန်မည် မဟုတ်ပါ။ ကျွန်မသည် ထိုသို့ ပြုလုပ်တတ်သူလည်း မဟုတ်။ ထို့ပြင် ရုံးကလူများနှင့် လာကြည့်ခြင်းဖြစ်သောကြောင့် တခြားသူများက ဘာထင်ကြမည်ကို ကျွန်မ ထည့်တွက်တတ်ပါသည်။ ကျွန်မတို့နှစ်ယောက် ထိုင်သည့်ခုံ လွတ်နေသည်ကိုတွေ့လျှင် သူတို့ ဘာတွက်ကြမည်ဆိုသည်ကို ကျွန်မ မတွေးတတ်ပါ။ သာမန်အားဖြင့်ဆိုလျှင် ကျွန်မသည် အရာရာကို ဂရုစိုက် လွန်းသည်ဟု ဆိုနိုင်ပါသည်။ သူ့ကို ပြဇာတ်ကြည့်ရန် ကျွန်မက ခေါ်ခဲ့ခြင်း ဖြစ်သည်။ ဖြစ်နိုင်လျှင် နောက်ဆုံးပြကွက်အထိ ကြည့်စေချင်သည်။ ဘရော့ဒ်ဝေးဇာတ်ရုံ၌ နာမည်ကြီးခဲ့သော တေးသံစုံဇာတ်တစ်ပုဒ် ဖြစ်သဖြင့်

အစအဆုံး ကြည့်စေချင်သည်။ ယနေ့ ဗုဒ္ဓဟူးညသည် သာယာလှပသောည ဖြစ်ချင်ပါသည်။ သို့သော် ကျွန်မကိုယ်တိုင်က ပြဇာတ်ကို မနှစ်မြို့လှသဖြင့် ဆက်မကြည့်ချင်သော ဘားရက်၏ အလိုကို လိုက်ခဲ့ပါသည်။

ဇာတ်ရုံအပြင် ထွက်လိုက်သည့်အခါ စားသောက်ဖွယ်ရာများ စားသုံးကြရင်း အညောင်းပြေအညာပြေ ရှိနေကြသော အကြံပေးပုဂ္ဂိုလ်များ၊ ရှေ့နေများ စသဖြင့် တွေ့ရသည်။ သူတို့ကို ရှောင်ကွင်းကာ ပြဇာတ်ရုံကြီး၏ အပြင်ဘက်သို့ ထွက်လိုက်ကြ၏။ ကောင်းကင်ယံကို မော့ကြည့်လိုက်သည့်အခါ၌လည်း သာယာ လှပနေ၏။ ကျွန်မ အသက်ခပ်ပြင်းပြင်းရှူသွင်းလိုက်သည်ကို တွေ့လိုက်ရသောအခါ ဘားရက်က ရယ်၏။

"အခု ကျွန်မတို့ ဘယ်သွားကြမှာလဲ"

"တစ်ခုခု သွားသောက်ကြရင် မကောင်းဘူးလား"

အနီးပတ်ဝန်းကျင်ရှိ ဘားတစ်ခုသို့ ကျွန်မတို့ လျှောက်သွားကြသည်။ ပုံမှန် သွားနေကျအတိုင်း ကျွန်မက ရှေ့တစ်လှမ်းရောက်နေပြီး သူက နောက်တစ်လှမ်းချန်ရစ်ကာ လျှောက်လာခဲ့ကြသည်။ သူက လမ်းလျှောက်နှေးသူဖြစ်သည်။ မည်သည့် အခါမျှ ခပ်သွက်သွက်လျှောက်လေ့မရှိ။ လမ်းလျှောက်ခြင်းတွင် ဇိမ်ယူနေသည်လား ဟု ထင်မှတ်ရအောင်ပင် အေးအေးသက်သာသာ လျှောက်တတ်သူဖြစ်သည်။ ကျွန်မက မူ လမ်းလျှောက်သည့်အခါတိုင်း ခပ်သွက်သွက်သာ လျှောက်တတ်သည်။ သို့သော် ယခုအခါတွင်မူ သူပြောသမျှ စကားများကို ကြားလိုစိတ်ရှိခြင်းကြောင့် ကျွန်မထုံးစံအတိုင်း ခပ်သွက်သွက်လျှောက်သည့် အကျင့်ကို ဖျက်ကာ သူ့နှယ် ခပ်လေးလေးပင် လျှောက်သည့်တိုင် သူ့ရှေ့ ခြေတစ်လှမ်းခန့် ရောက်နေမြဲဖြစ်သည်။ သူပြောသမျှကို ကျွန်မ ကြားလိုလှပါသည်။ တစ်ခါတစ်ရံတွင် သူသည် ကျွန်မအတွက် လေပွေတစ်ရပ် နှယ် ဘဝကို ပရမ်းပတာဖြစ်သွားစေရန် မွှေနှောက်မည့်သူလားဟုလည်း ပူပန်မိပါသည်။

နောက်နှစ်ရက်ခန့် ကြာသောအခါ ဘားရက်က သူနှင့်အတူ အလုပ်ဝင်သော နွေရာသီ အလုပ်သင်များထဲမှ တစ်ဦး၏ အိမ်တွင် ကျင်းပမည့် ဘာဘာကျူး အသားကင်စားမည့် နေရာသို့ ကျွန်မနှင့်အတူ လိုက်ပါရစေဟု ဆိုလာသည်။ ကျင်းပမည့်နေရာမှာ မြို့၏ မြောက်ပိုင်းတွင်ရှိသော လူချမ်းသာများ နေထိုင်သည့် ကန်၏ ကမ်းစပ်တွင် ဖြစ်သည်။ ရာသီဥတုမှာ ထိုနေ့က ကျွန်မ မှတ်မိသမျှဆိုလျှင် ကြည်လင်နေသည်။ ကန်ရေပြင်၌ လှိုင်းကြက်ခွပ်ကလေးများက မီးရောင်ဖြင့် တလက်လက် တောက်ပနေပြီး စပီကာများမှ ဖွင့်ထားသော ဂီတသံများ လွင့်ပျံ့နေ၏။ တည်ခင်း သော သူ၏ အိမ်မှာ အလွန်တရာ လှပသည်။ ကျွန်မ

သိသမျှဆိုလျှင် ဘားရက်သည် ဘဝတွင် သူလုပ်ချင်သည်ကို လုပ်လိုသောဆန္ဒရှိသူ ဖြစ်သည်။ ယခု ရှေ့နေတစ်ယောက် ဖြစ်စေရန် သူကြိုးစားနေသည်။ သို့သော် သူသည် အဆမတန် ချမ်းသာ ကြွယ်ဝလိုသူတစ်ယောက် မဟုတ်ပေ။ ကျွန်မကဲ့သို့ပင် ချမ်းသာရန် ကြိုးစားခြင်းမရှိပေ။ အတန်အသင့် ချမ်းသာလျှင် ကျေနပ်မည့်သူများသာ ဖြစ်သည်။

ပါတီအတွင်း၌ ကျွန်မတို့နှစ်ယောက်သည် အတွဲများမဟုတ်သဖြင့် ကိုယ်သွားလိုရာသို့ သွားကာ စကားစမြည် ပြောနေကြသော်လည်း မကြာမီမှာပင် ပြန်ဆုံကြသည်။ အပေါင်းအသင်းများနှင့် စကားပြောလိုက်၊ ဘီယာနှင့် အချိုရည်များ သောက်လိုက်၊ ဟမ်ဘာဂါ နှင့် အာလူးသုပ်များကို ပလတ်စတစ်ပန်းကန်ပြားများဖြင့် ထည့်ကာ စားလိုက် ရှိနေကြသည်။ သူနှင့် ကျွန်မမှာ ပါတီအတွင်း၌ ကွဲသွားလိုက်ကြ၊ ပြန် ဆုံလိုက်ကြ ရှိနေကြသည်။ အမျိုးသားအချို့က ဘတ်စကက်ဘောကစားရန် ပြင်ဆင် နေကြခိုက် ကျွန်မ ဘားရက်အား လှည့်ကြည့်လိုက်ရာ သူစိတ်ဝင်တစားရှိနေသည်ကို တွေ့ရ၏။ သူသည် မည်သည့်နေရာ၌မဆို ဝင်ဆံ့သူတစ်ဦးဖြစ်သည်။ ရုံး၌လည်း များပြားစွာသော အကြံပေးပုဂ္ဂိုလ်များ၊ ရှေ့နေများ၏ အတွင်းရေးမှူးများကို နာမည်နှင့်တကွ သူသိသည်။ ကျွန်မတွေးနေခိုက်မှာပင် သူတို့ ဘတ်စကက်ဘော စ,ကစားနေကြပြီ။ ဘားရက်လည်း ပါသည်။ ဒီတစ်ကြိမ်သာ သူ့ကို နီးနီးကပ်ကပ် တွေ့မြင်ဖူး သကဲ့သို့ ကြည့်မိသည်။ သူက ဘောလုံးကို အခြားရှေ့နေတစ်ယောက်ထံသို့ လှလှပပ ပစ်ပေးလိုက်နိုင်သည်။ ဩော်... လူတော်တစ်ယောက်ပါလား။ ကောလိပ်ကျောင်းသားကလေးများကဲ့သို့ ကစားကြပြီးနောက် ကျွန်မ သူ့ကို အကဲဖြတ်ကြည့်ရာ၌ သူသည် ကျွန်မ စာမေးပွဲကို အောင်မြင်သွားခဲ့သည်။ အားကစားသမားတစ်ယောက်ကဲ့သို့၊ အနုပညာသမား တစ်ယောက်ကဲ့သို့ ဘတ်စကက်ဘောကို ကစားနိုင်သည်။ မြင့်မြင့်သွယ်သွယ် သူ့ခန္ဓာကိုယ် ယိမ်းနွဲ့နေပုံမှာ ကျက်သရေရှိလှသည်။ ကျွန်မဘေး၌ ရပ်နေသော အမျိုးသမီးတစ်ဦးက သူ့အမျိုးသား ကစားနေပုံကို ချီးကျူးပြောဆိုနေသော်လည်း ကျွန်မမျက်လုံးများက ဘားရက်ကိုယ်ပေါ်မှ မခွာနိုင်တော့ပေ။ ယောကျ်ားတစ်ယောက်အနေဖြင့် တတ်အပ်သော ပညာရပ် မှန်သမျှကို သူတတ်မြောက်ထားသည်။ ထူးခြားသော ယောကျ်ားတစ်ယောက်ပါပေ။

ပါတီရှိရာမှ ကျွန်မတို့ ပြန်လာခဲ့ကြသည်။ ကျွန်မရင်ထဲ၌ ဝေဒနာတစ်ခု ခံစားလာရသည်။ ထိုဝေဒနာမှာ တစ်စုံတစ်ခုကို တောင့်တမိခြင်းပင် ဖြစ်ပါသည်။ ဩဂုတ်လဆိုလျှင် ဘားရက်သည် ဥပဒေကျောင်းတက်ရန်အတွက် ကျွန်မတို့လုပ်ငန်း မှ ခွာပေတော့မည်။ သူ့လမ်းကို သူလျှောက်ပေတော့မည်။ ကျွန်မတို့နှစ်ယောက်မှာ တစ်ယောက်အပေါ်တစ်ယောက် ယခုထက်ထိ ပွင့်လင်းမှု မရှိကြသေးပေ။ ကားပေါ် ရောက်သည့်အခါ ကျွန်မကျောရိုးထဲမှ

ပူလောင်သည့်ဝေဒနာတစ်ရပ် ဖြစ်ပေါ်နေသည် ဟု ခံစားရသည်။ သေးကွေးလှသော ကျွန်မကားထဲ၌ သူနှင့် ကျွန်မမှာ တစ်ခုံစီ ထိုင်နေသည်မှန်သော်လည်း သူ့လက်များက ကျွန်မတို့နှစ်ယောက်ကြားရှိ နေရာလေးတစ်နေရာ၌ တင်ထားခြင်းဖြစ်သဖြင့် မကြာခဏ လက်ချင်း တိုက်မိသကဲ့သို့ အရပ်ရှည်သော သူ့ဒူးများကလည်း ကျွန်မလက်နှင့် တိုက်မိတတ်ပြန်ပါသည်။ သူ သတိထားမိသည်လား၊ သတိမထားမိသည်လား မပြောနိုင်ပေ။ တောင်ပိုင်းဒေသသို့ ကျွန်မတို့ ပြန်လာကြစဉ် ကန်ပတ်လမ်းဖြစ်သော Lake Shore Drive သို့ ကျော်ဖြတ်လာခဲ့သည်။ လမ်းပေါ်တွင် စက်ဘီးစီးကျင့်နေကြသူများ၊ အပြေးကျင့်နေကြသူများကို တွေ့ရသည်။ ကျွန်မက ကျွန်မစိတ်နှင့် ကျွန်မကိုယ် အငြင်းပွားနေမိသည်။ ကျွန်မ ဘာလုပ်ရမည်နည်း။ ကျွန်မ တစ်စုံတစ်ခု လုပ်လိုက်ပါက အလုပ်ကိုထိခိုက်လေ မည်လား။ ကျွန်မ ဘာလုပ်ရမည်ဆိုသည်ကို မဝေခွဲတတ်တော့ပေ။ နောက်ဆုံးတွင် ဖြူ၊ မည်း သဲကွဲစေရန်အတွက် သူ့လှုပ်ရှားမှုကိုသာ စောင့်စားရတော့မည်ဖြစ်သည်။

သူက ဟိုက်ဒ်ပါ့ခ်တွင် နေထိုင်လျက်ရှိသည်။ သူငယ်ချင်းတစ်ယောက်၏ အခန်းတွင် ထပ်ဆင့် ငှားရမ်းနေထိုင်ခြင်းဖြစ်၏။ သူဆင်းရမည့် နေရာဝန်းကျင်သို့ ရောက်ရှိလာပြီဖြစ်သည်။ သူနှင့် ကျွန်မကြားတွင် တစ်စုံတစ်ခုသည် ဖြစ်ပေါ်တော့မည်ကဲ့သို့ ရှိနေသည်။ သူနေထိုင်သည့် နေရာရှေ့တွင် ကျွန်မ ကားရပ်လိုက်သည်။ ကျွန်မစိတ်များက ဝေဝါးနေဆဲ။ သူကလည်း မဝံ့မရဲရှိနေဟန် ပေါ်၏။ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်ရန် မဝံ့မရဲရှိနေကြသည့်ပုံ ဖြစ်နေသည်။ ထိုစဉ်တွင် သူက ကျွန်မဘက်သို့ လှည့်လာ၏။

"ကိုယ်တို့ ရေခဲမုန့်စားရင် ကောင်းမလား" ဟု ဆိုသည်။

ဤသို့ဆိုလျှင်ဖြင့် ညသည် အလဟဿမကုန်ဆုံးသေးဘဲ အချိန်ကျန်နေသေးသည်။ ကျွန်မချစ်သော ဤမြို့ကလေးတွင် ရာသီဥတုသည် နေချင့်စဖွယ်ကောင်း လောက်အောင် ရှိနေသည်။ ကျွန်မ အသားအရေပေါ်သို့ လေနုအေးကလေးများ ဖြတ်တိုက်သွားသည်။ သူနေသည့် အိမ်နားတွင် အအေးဆိုင်ရှိသည်။ ထိုဆိုင်မှ ရေခဲမုန့် နှစ်ခု ဝယ်ယူလိုက်သည်။ နှစ်ယောက်သား ဒူးချင်းထိကာ ရေခဲမုန့်စားကြသည်။ ပြင်ပတွင် အချိန်ကုန်ခဲ့ကြခြင်းကြောင့် နွမ်းလျနေကြပြီဖြစ်သည်။ သူက ကျွန်မ မျက်နှာကို စေ့စေ့ကြည့်ကာ ကျွန်မ မည်သို့ခံစားနေရသည်ကို လေ့လာနေပုံရ၏။ ကျွန်မက ခံစားမှုမှန်သမျှကို စိတ်လျှော့ကာထားလိုက်ပြီ ဖြစ်သည်။

သူက ကျွန်မကို ခပ်ပြုံးပြုံးနှင့် စိုက်ကြည့်နေသည်။

"ကိုယ် မင်းကို နမ်းလို့ရမလား"တဲ့။

ထိုစကားမျှနှင့်ပင် ကျွန်မ သူရှိရာဘက်သို့ ငဲ့စောင်းပေးလိုက်တော့သည်။

※※※

ကျွန်မတို့ဘဝ ဖြစ်တည်ခြင်း

၉

ဘားရက်ကို နမ်းခွင့်ပြုလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်မသွေးများ ဆူပွက်လာသည်။ တောင့်တ,နေသည်များ ပြီးပြည့်စုံသကဲ့သို့ ခံစားလိုက်ရသည်။ ကျွန်မဘဝအတွက် ရည်မှန်းချက်များ၊ ပန်းတိုင်များမှာ ဘားရက်၏ ထိုအနမ်းတစ်ချက်ဖြင့်ပင် ကျေပျက်သွားခဲ့ပြီး အရာရာသည် ဘားရက်အတွက်သာ ဖြစ်လာခဲ့သည်။ သူ့အကြောင်း ပြည့်ပြည့်စုံစုံသိရေး၊ သူနှင့်ပတ်သက်သမျှ အမြန်ဆုံးသိနိုင်ရေးမှာ ကျွန်မ အတွက် အရေးအကြီးဆုံး ဖြစ်လာသည်ပေါ့။

နောက်တစ်လဆိုလျှင် သူက ဟားဗတ်သို့ ပြန်ရတော့မည်ဖြစ်သည်။ သူရှိနေ စဉ်ကာလအတွင်း သူနှင့် မကြာခဏ ဆုံဖြစ်နေသည်။ ကျွန်မမှာ မိဘများနေအိမ်တွင် နေသူဖြစ်သဖြင့် အိမ်တွင် ချစ်သူနှင့်အတူ အိပ်ရန်ဆိုသည်မှာ မဖြစ်နိုင်သေး၍ ဘားရက် နေထိုင်ရာ အခန်းသို့ လိုက်သွားကာ ညများကို အချိန်ကုန်စေရသည်။ သူနေထိုင်သည့် အခန်းမှာ ဆူညံရှုပ်ထွေးလှသော ၅၃ လမ်းတွင် ရှိသည်။ ဒုတိယထပ်သို့ တက်ရန် အတွက် စတိုးဆိုင်တစ်ခု၏ ရှေ့မျက်နှာစာမှ ဖြတ်ဝင်ရသည်။ မူရင်း အခန်းပိုင်ရှင်မှာ ချီကာဂိုတက္ကသိုလ်တွင် ဥပဒေပညာသင်ယူနေသော ကျောင်းသားတစ်ယောက်ဖြစ်သည်။ သူက သူ့အခန်းကို ကျောင်းသားတစ်ယောက်အနေဖြင့် တတ်နိုင်သမျှ ပြင်ဆင်ထားသည်။ ပရိဘောဂတို့မှာ ကြုံရာ ပစ္စည်းအဟောင်းရောင်းသည့် နေရာများမှ ဝယ်ထားခြင်းဖြစ်၍ တစ်ခုနှင့်တစ်ခု မလိုက်ဖက်ပေ။ စားပွဲလေးတစ်လုံး၊ ခပ်စုတ်စုတ် ကုလားထိုင်နှစ်လုံး၊ နှစ်ယောက်အိပ်မွေ့ရာတစ်ချပ်က ကြမ်းပေါ်၌ ခင်းထားသည်။ ဘားရက်၏ စာအုပ်ပုံ၊ နေ့စဉ်ထုတ်သတင်းစာများက ကြမ်းပြင် နေရာအလွတ်မရှိ ဖုံးအုပ်ထားကြသည်။ ဘားရက်ဝတ်ဆင်လေ့ရှိသော ဆု(တ)မှာ မီးဖိုဆောင်ဘက်မှ ကုလားထိုင်ကျောမှီတွင် ချိတ်ထား၏။ ရေခဲသေတ္တာထဲတွင်လည်း စားစရာအနည်းငယ်သာ ရှိသည်။ သူနေသည့်နေရာမှာ အိမ်နှင့် လုံးဝမတူသော်လည်း လျင်မြန်စွာ တိုးပွားနေသည် အချစ်စိတ်တို့ကြောင့် နေချင်စဖွယ်ကောင်းသောအိမ်ဟု ထင်လာ ပါသည်။

ဘားရက်သည် တစ်နေ့ထက်တစ်နေ့ စိတ်ဝင်စားဖွယ်ကောင်းသူ ဖြစ်လာသည်။ သူသည် ကျွန်မ တွဲခဲ့ဖူးသော တခြားအမျိုးသားများနှင့် မတူဟု ဆိုရလောက်အောင်ပင် စည်းစောင့်လွန်းသူဖြစ်၏။ ချစ်သည်ဆိုသည်ကို သံသယမရှိလောက် အောင်ပင် ပွင့်လင်းပါသည်။ သူက ကျွန်မ လှသည်ဟု ဆို၏။ သူ့ကြောင့် အရာရာကို ကျေနပ်မိသည်။ ဆိုရပါလျှင် သူသည် ကျွန်မဘဝတွင် ဒဏ္ဍာရီထဲ၌သာ ကြားဖူး သော နတ်မြင်းပျံကို အရှင်လတ်လတ် တွေ့နေရသကဲ့သို့

ရှိ၏။ သူသည် ရုပ်ဝတ္ထု ပစ္စည်းများနှင့်ပတ်သက်၍ မည်သည့်အခါမျှ မပြောပေ။ အိမ်တစ်လုံးဝယ်ဖို့၊ ကားတစ် စီးဝယ်ဖို့၊ ယုတ်စွအဆုံး ဖိနပ်အသစ်တစ်ရန် ဝယ်ရန်ပင် မပြောဖူးပေ။ သူ့ဝင်ငွေ အများစုမှာ စာအုပ်ဝယ်ခြင်း၌ သုံးစွဲပြီး ထိုစာအုပ်တို့မှာ သူမြတ်နိုးသောအရာတို့ပင် ဖြစ်ပါသည်။ သူ့စိတ်ခွန်အား တိုးမြှင့်ပေးသောအရာများလည်း ဖြစ်သည်။ ညဆိုလျှင် ညဉ့်နက်သည့်တိုင် စာဖတ်သည်။ ကျွန်မ အိပ်ပျော်သည်အထိပင်ဖြစ်သည်။ သမိုင်းကြောင်းများ၊ အတ္ထုပ္ပတ္တိများကိုလည်း စိတ်ဝင်စားသည်။ နေ့စဉ်ထုတ် သတင်းစာများကိုလည်း အလွတ်မပေးပေ။ သတင်းစာမျက်နှာဖုံးမှ ကျောဖုံးအထိ ဖတ်သူ ဖြစ်သည်။ ထွက်သမျှ စာအုပ်များ သုံးသပ်ချက်တို့အား မှတ်သားထားသည်။ ပိုလန်နိုင်ငံ၏ ရွေးကောက်ပွဲအကြောင်း ပြောကြစတမ်းဆိုလျှင်လည်း ခြေခြေမြစ်မြစ် ပြောတတ်သူဖြစ်သည်။

သူ့အခန်းတွင် လေအေးပေးစက်မရှိသဖြင့် ညအိပ်ကြလျှင် ပြတင်းပေါက်များ ဖွင့်အိပ်ခြင်းဖြင့် ပူလောင်ခြင်းပြဿနာကို ဖြေရှင်းကြရသည်။ ဤသို့ဖြင့် ကျွန်မတို့ ကျေနပ်ကြရသည်။ ထိုကာလများက ၅၃ လမ်းသည် ညဘက်တွင် ပိုမို သက်ဝင်လှုပ်ရှားသောလမ်း ဖြစ်သည်။ ပျားပန်းခပ် သွားလာလှုပ်ရှား နေကြသူများကြားမှ ရဲကား၏ ဥသြဆွဲသံများလည်း ပေါ်လာတတ်ပါသည်။ သို့တည်းမဟုတ် တစ်စုံတစ်ယောက်၏ အော်သံဟစ်သံတို့ကြောင့် မွေ့ရာပေါ်တွင် အိပ်ပျော်နေသော ကျွန်မ လန့်နိုးလာတတ်သည်။ ကျွန်မကသာ အလန့်တကြားရှိသော်လည်း ဘားရက်က တုတ်တုတ်မျှမလှုပ်။ သူ့ကိုကြည့်ရသည်မှာ ထိုအသံများနှင့် နေသားတကျ ရှိနေသကဲ့သို့ပင်။ ဆူညံသံများက သူ့ကို မည်သို့မျှ အနှောင့်အယှက်ပေးဟန် မရှိပေ။ တစ်ညတွင် ကျွန်မနိုးလာ၍ သူ့ကိုကြည့်လိုက်သောအခါ မျက်နှာကြက်အား စိုက်ကြည့်နေသည် ကို တွေ့ရ၏။ ပြင်ပမှ ဝင်လာသောအလင်းရောင်တို့ကြောင့် သူ့အား ဘေးတိုက်မြင် တွေ့နေရသည်။ ကြည့်ရသည်မှာ တစ်စုံတစ်ခုကို စိတ်မသက်မသာ ခံစားနေရပုံရသည်။ ကျွန်မနှင့်ပတ်သက်၍ များလား သို့တည်းမဟုတ် သူ့ဖခင် ကွယ်လွန်သွားခြင်း ကြောင့်လား။

ဟေး... ဘာတွေ စဉ်းစားနေတာလဲ”။ ကျွန်မက သူ့ကို လေသံဖြင့်မေးလိုက်၏။

သူ ကျွန်မဘက်သို့ လှည့်ကာ ရက်ပြုံးကလေးပြုံးရင်း “ဘာမှမဟုတ်ပါ ဘူးကွာ။ လူတွေရဲ့ ဝင်ငွေရပုံ မညီမျှမှုကို တွေးနေမိတာပါ”ဟု ဆိုသည်။

သူသည် ကိုယ်ပိုင်အနားယူရမည့်အချိန်မှာပင် အများအကျိုးကို စဉ်းစားနေတတ်သူ ဖြစ်ကြောင်း ကျွန်မ သိလိုက်ရပါသည်။ သူသည် ထိုသို့ မနိုင်မကန် ကြီးကျယ်လှသောကိစ္စများကို သူဖြေရှင်းနိုင်မည်ကဲ့သို့ အမြဲတွေးနေသူ

ဖြစ်၏။ ထိုအချက်သည် သူနှင့်ပတ်သက်၍ ကျွန်မ သိလာရသော အချက်သစ်တစ်ခု ဖြစ်လာသည်။ နေ့စဉ်နှင့်အမျှ တာဝန်များနှင့် သွားလာလှုပ်ရှား နေရသော်လည်း သူ့စိတ်က အများ ကောင်းကျိုးအတွက် ဘာလုပ်ပေးရမည်ဆိုသည်ကို တွေးနေတတ်သူ ဖြစ်၏။ အထူးသဖြင့် သူ့အတွေးတို့သည် ညဘက်တွင် ပိုမိုနက်ရှိုင်းစွာ ပျံ့လွင့်လေ့ရှိသည်ကို သိလာရပါသည်။ ကျွန်မတို့နှစ်ဦး၏ အချိန်အများစုမှာ ရုံးတွင် ကုန်ဆုံးရသည်သာဖြစ်သည်။ မနက်မိုးလင်းသည်နှင့် စိတ်ကူးအိပ်မက်တို့ကို ဇစ်နှင့် ဆွဲပိတ်လိုက်သကဲ့သို့ ဖြတ်ချလိုက်ပြီး ကျွန်မ ရုံးခန်းသို့သွားကာ စာရွက်စာတမ်းများ၊ အမှုသည်များနှင့် နစ်ပါးသွားရတော့သည်။ ဘားရက်နှင့် ရုံးတွင် တွေ့ခွင့်မရလောက်အောင်ပင် သူကလည်း စာရွက်စာတမ်းများ၊ အမှုသည်များနှင့် လုံးထွေးနေတော့သည်။ သူနှင့် အတူတွဲလုပ်ရသော သူများက သူ့ကို အထင်ကြီး လေးစားလောက်အောင်ပင် သူသည် အလုပ်ကြိုးစားသူ ဖြစ်သည်။

ကျွန်မတို့နှစ်ယောက် ဦးစားပေးရမည့် အခြားကိစ္စများ ရှိသေးသဖြင့် ကျွန်မတို့၏ ဆက်ဆံရေးကို ပတ်ဝန်းကျင်မှ မသိစေရန် သိုသိပ်ထားကြသည်။ ကျွန်မ၏ လက်ထောက်ဖြစ်သော လော်ရင်းကမူ ကျွန်မအခန်းသို့ ဘားရက်လာတိုင်း သူသိပါသည် ဟူသော အပြုံးမျိုးဖြင့် ကြည့်တတ်၏။ သူနှင့်ကျွန်မ ပထမဆုံး နမ်းကြပြီးသည့် နောက်တွင် အတွဲအဖြစ် Art Institute သို့ ပထမဆုံးအကြိမ် သွားခဲ့ကြသည်။

နောက်တစ်ကြိမ်မှာ Spike Lee ၏ ရုပ်ရှင်ကားဖြစ်သည့် Do the Right Thing သွားကြည့်ကြသည့် နေ့က ဖြစ်သည်။ ထိုရုပ်ရှင်သွားကြည့်ရာ၌ ကျွန်မတို့လုပ်ငန်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းတစ်ခုမှ ထိပ်တန်းပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့် နယု(တ)မီနိုနှင့် သူ့ဇနီး ဂျူစဖင်းတို့လည်း လာကြည့်သည်နှင့် တည့်တည့်တိုးတော့သည်။ သူတို့က လှိုက်လှဲစွာ နှုတ်ဆက်ကြသည်မှအပ ဝေဖန်ခြင်းမရှိပေ။ သို့သော် ကျွန်မတို့ကမူ လျှိုနေကြမြဲဖြစ်သည်။

ထိုကာလများအတွင်း အလုပ်လုပ်နေရသည်မှာ ယခင်ကကဲ့သို့ စိတ်ပါဝင်စားမှု နည်းပါးလှပါသည်။ မခွဲခွာရသေးမီရက်အတွင်း လုပ်သင့်လုပ်ထိုက်သည့် ကိစ္စကလေးများကို ဆောင်ရွက်ကြသည်။ ရုံးချိန်ပြင်ပအခါများ၌ ဘားရက်နှင့် ကျွန်မ မဆုံးနိုင်အောင် စကားများပြောကြသည်။ ဟိုက်ဒ်ပါ့ခ်ပန်းခြံကြီးကို ပတ်ကာ မမောတမ်းလမ်းလျှောက်ကြသည်။ ထိုသို့ လမ်းလျှောက်ကြရာ၌ သူရော ကျွန်မပါ ဘောင်းဘီတို၊ တီရှပ်တို့သာ ဝတ်ဆင်ကြပါသည်။ နေ့လယ်စာ၊ ညစာစားကြသည့် အချိန်များမှာ တိုတောင်းသည်ဟု ထင်ကြသော်လည်း တကယ်တမ်းတွင် ကျွန်မတို့ စားကြသည်မှာ နာရီပေါက်ကြာတတ်ပါသည်။ နှစ်ယောက်စလုံးက စတီဗီဝမ်းဒါး၏ ခေတ်ပြားများကို နှစ်သက်ကြသော်လည်း အချို့သီချင်းများနှင့် ပတ်သက်၍

အယူအဆ မတူသည်များကိုလည်း ငြင်းခုံတတ်ကြပါသည်။ ကျွန်မ နောက်ထပ် သူ့ကို သဘောကျသည့် အချက်တစ်ခုမှာ သူ့အသံနှင့် ကျွန်မ ရယ်စရာပြောသည့်အခါ ကြည့်နေတတ်သော နူးနူးညံ့ညံ့ သူ့မျက်ဝန်းများပင် ဖြစ်ပါသည်။ ကျွန်မနှင့်သာ နေရလျှင် သူသည် အချိန်ကုန်မှာကိုလည်း မစိုးရိမ်တတ်တော့ပေ။

နေ့ပါများလာသောအခါ တစ်နေ့တစ်နေ့ သူ့အကြောင်း တစ်ခုပြီးတစ်ခု သိလာသည်။ ကျွန်မက ချီကာဂို ဘေ့စ်ဘောအသင်းများတွင် Cubs အဖွဲ့၏ ပရိသတ် ဖြစ်ပြီး သူက White Sox အသင်းကို အားပေးသည်။ ကျွန်မက မာခရိုနီနှင့် ဒိန်ခဲ စားရခြင်းကို သဘောကျသော်လည်း သူကမူ အနံ့ပင်မခံနိုင်ပေ။ ရုပ်ရှင်ဆိုလျှင် သူက ဒရာမာဇာတ်လမ်းများကို ကြိုက်သော်လည်း ကျွန်မက အချစ်ကားများနှင့် ဟာသကားများ ကြိုက်၏။ သူက ဘယ်သန်ဖြစ်ပြီး လက်ရေးအလွန်လှသည်။ ကျွန်မကမူ ညာသန် ဖြစ်သော်လည်း လက်ရေးမလှ။ သူ ကင်းဘရစ်ချ်သို့ မပြန်မီ တစ်လ အလိုတွင် အမှတ်တရဖြစ်စေရန်အတွက် ငယ်ဘဝက မမေ့နိုင်သည့် အဖြစ်အပျက်များ၊ ဆယ်ကျော်သက်အရွယ်တွင် ဇရက်ကျခဲ့ကြသည်များ၊ သူနှင့်ကျွန်မ တစ်ယောက် အပေါ်တစ်ယောက် စိတ်ဝင်စားမိသည့် နေ့ရက်များအကြောင်းတို့ကို အပြန်အလှန် ပြောကြသည်။

ဘားရက်က ကျွန်မ ကြီးပြင်းလာပုံကို တစ်နှစ်ချင်း စိတ်ဝင်စားသကဲ့သို့ ဆယ်စုနှစ်အလိုက်လည်း စိတ်ဝင်စားပြန်ပါသည်။ လျူးစစ်အဖဲ့ချူးတွင် နေစဉ်က ခရိတ်၊ မာမီနှင့် ဒယ်ဒီ ကျွန်မတို့လေးယောက်သား အိမ်၏ ထောင့်တစ်နေရာစီတွင် ထိုင်ကာ စာဖတ်နေကြပုံများကိုလည်း သူသဘောကျသည်။ ဘားရက်ကမူ ဘုရားရှိခိုးကျောင်းတွင် အချိန်တော်တော်များများ ကုန်ဆုံးစေခဲ့သူ ဖြစ်သည်။ သူက စည်းရုံးရေးမှူးတစ်ယောက်အဖြစ် ဆောင်ရွက်ရခြင်းကြောင့်ဖြစ်၏။ ထို့ကြောင့်ပင် ဘားရက်က စုပေါင်းဝတ်ပြုခြင်းကို စိတ်သန်သည်။ သို့သော် တစ်ဘက်တွင် ဘားရက်သည် ရိုးရာခလေ့ထုံးစံများကို လိုက်နာမှုနည်းပါးပြန်သည်။ သူက ပြောပြသည်မှာ လက်ထပ်သည်ဆိုခြင်းမှာ မလိုအပ်သည့်ကိစ္စဖြစ်သည်ဟု ပြောခဲ့ဖူးသည်။

ဘားရက်ကို ကျွန်မမိသားစုနှင့် မိတ်ဆက်ပေးသည့်နေ့ကိုမူ ကျွန်မ ကောင်းစွာ မမှတ်မိပါ။ ခရိတ်က တိုက်တွန်းသဖြင့် ဘားရက်ကို အိမ်သို့ခေါ်ဆောင်သွားကာ မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုနေ့ညနေက ကျွန်မတို့နှစ်ယောက်သား လျူးစစ် လမ်းမကြီးပေါ်တွင် အိမ်ရောက်သည်အထိ လမ်းလျှောက်သွားကြသည်။ အိမ်သို့ ရောက်သည့်အခါ ခရိတ်က ဧည့်ခန်းထဲ၌ မိဘများနှင့်အတူ စောင့်ဆိုင်းနေသည်။ ဘားရက်က သူမှတ်မိသမျှ ပြန်ပြောပြသည်မှာ ခရိတ်သည် သူနှင့် အလွယ်တကူ ရင်းနှီးသွားခဲ့ပြီး

မိဘများမှာလည်း မိနစ်ပိုင်းအတွင်းမှာပင် တရင်းတနှီးရှိသွားခဲ့သည် ဟု ဆိုပါသည်။ ထိုအချိန်က ကျွန်မမှာ ပစ္စည်းတစ်ခု လိုချင်သဖြင့် ကျွန်မအခန်းသို့ တက်သွားချိန်ဖြစ်သည်။

ကျွန်မအဖေက ချက်ချင်းပင် ဘားရက်ကို သဘောကျသည်။ သို့သော် အချို့ အချက်အလက်များကိုမူ မကြိုက်ဟု ဆိုသည်။ သူသည် ကျွန်မ အထက်တန်း ကျောင်းသူဘဝက ချစ်သူဖြစ်ခဲ့ဖူးသော ဒေးဗစ်ကိုလည်း ပရင်စတန်ကောလိပ်အဝင်ဝ တွင် ဆုံခဲ့ဖူးပါသည်။ ကောလိပ်ကျောင်းသားတစ်ဦးဖြစ်သည့် ဘောလုံးသမား ကီဗင်ကိုလည်း သူမြင်ဖူး၏။ ကျွန်မမိဘများကမူ ဘားရက်ကို အကြွင်းမဲ့ လက်ခံကြသည်။ မိဘများသည် ကျွန်မဘဝအား ကိုယ့်ခြေထောက်ပေါ်တွင် ကိုယ်ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးခဲ့ကြသည်။ ထို့ကြောင့်လည်း ကျွန်မသည် အစဉ်အမြဲ အလုပ် ရှုပ်နေခဲ့ပြီး မိဘများနှင့်ပင် စကားပြောချိန်နည်းခဲ့ပြီး ယောကျ်ားသားများအတွက် ကျွန်မနှလုံးသား၌ နေရာပေးရန် အချိန်မရှိခဲ့ပေ။ ခရိတ် ပြန်ပြောပြချက်အရ ဘားရက်နှင့် ကျွန်မ အိမ်မှ ပြန်လည်ထွက်ခွာသွားချိန်တွင် အဖေက ခေါင်းတယမ်းယမ်းနှင့် ရှိခဲ့ပြီး “လူကောင်းတစ်ယောက်ပါ။ ဒါပေမဲ့ ဒီကောင်လေးလည်း မင်းနှမဒဏ် ကြာရှည်ခံနိုင်မယ် မထင်ဘူး”ဟု မှတ်ချက် ချခဲ့သည် ဆို၏ အကယ်၍ ကျွန်မတို့မိသားစုသည် ဂျီသြမေတြီဘာသာရပ်စကားအားဖြင့် လေးထောင့်စပ်စပ် ဖြစ်သည်ဟု ဆိုပါက ဘားရက်သည် အလွန်ဝေးကွာသော ပင်လယ်၊သမုဒ္ဒရာများကို ဖြတ်ကာ အံဝင်ခွင်ကျဖြစ်စေရန်အတွက် ရောက်ရှိလာသူ ဖြစ်သည်ဟု ဆိုရပါမည်။ သူသည် နှစ်ပေါင်းများစွာ မျဉ်းကြောင်းများကိုသာ လေ့လာခဲ့သူဟု ဆိုရမည်ဖြစ်သည်။ သူ့မိခင်မှာ အဲန်းဒန်ဟမ်း ဆိုသူဖြစ်ပြီး ၁၉၆၀ ခုနှစ်က ဟာဝိုင်ယီတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် အသက် ၁၇ နှစ်အရွယ် အမျိုးသမီးငယ်ဖြစ်သည်။ အဲန်းသည် ကင်ညာနိုင်ငံမှ လာရောက် ပညာသင်ကြားနေသူ ဘားရက်အိုဘားမား ဆိုသူနှင့် မေတ္တာသက်ဝင်ကြပြီး လက်ထပ် ခဲ့ကြသည်။ သို့သော် သူတို့အိမ်ထောင်သက်မှာ ခေတ္တခဏသာ ကြာမြင့်ခဲ့ပြီး သူ့ ခင်ပွန်းသည်မှာ နိုင်ရိုဘီမြို့တွင် ဇနီးတစ်ဦးရှိသည်ကို သိလိုက်ရသဖြင့် ကွာရှင်းပြတ်စဲ ခဲ့ကြသည်။ ယင်းသို့ ကွာရှင်းပြီးနောက် အဲန်းက ဂျာဗားနိုင်ငံသား ဘူမိဗေဒပညာ ရှင် လိုလိုဆိုတိုရို ဆိုသူနှင့် လက်ထပ်ပြီး ဂျကာတာသို့ ပြောင်းရွှေ့သွားသည်။ သူ နှင့်အတူ သားဖြစ်သူ အိုဘားမားဂျူနီယာလည်း ပါသွား၏။ ထို အိုဘားမားမှာ ကျွန်မ၏ အိုဘားမား ဖြစ်လာမည့်သူ ဖြစ်သည်။ ထိုစဉ်က ဘားရက်မှာ အသက် ၆ နှစ်အရွယ်သာ ရှိသေးသည် ဆိုသည်။

ဘားရက်က ကျွန်မအား ပြောပြသည်မှာ သူသည် အင်ဒိုနီးရှားတွင်

ပျော်နေပြီး ပထွေးဖြစ်သူနှင့်လည်း အဆင်ပြေသည်ဟု ဆိုသည်။ သို့သော် မိခင်ဖြစ်သူ က သူ့ကျောင်းပညာရေးမကောင်းမည်ကို စိုးရိမ်ခဲ့၏။ ၁၉၇၁ ခုနှစ်တွင် အဲန်းက သူ့သားကို ဟာဝိုင်ယီရှိ အိုဟိုးမြို့သို့ ပြန်ပို့ပြီး ပုဂ္ဂလိကကျောင်းတစ်ခု၌ တက်စေကာ သူမ၏ မိဘများနှင့် နေစေခဲ့သည်။ အဲန်းသည် လွတ်လပ်မှုကို မြတ်နိုးသူဖြစ်သဖြင့် ဟာဝိုင်ယီနှင့် အင်ဒိုနီးရှားကို ကူးချည်သန်းချည်လုပ်နေသူ ဖြစ်သည်။ ထိုစဉ်က ဘားရက်မှာ အသက် ၁၀ နှစ်အရွယ် ရှိနေပြီဖြစ်သည်။ သူ့ဖခင်ဖြစ်သူမှာ စိတ်ခွန်အား ထက်သန်သူဖြစ်သကဲ့သို့ အရက်ကိုလည်း စွဲစွဲမြဲမြဲ သောက်သူဖြစ်သည်။

သို့သော် ကျွန်မ၏ ဘားရက်က သူ့အဖေအား အလွန်ချစ်၏။ အိုဟိုးမှ မိခင်ဘက်မှတော်စပ်သည့် အဘိုးအဘွားများက ဘားရက်အား ချစ်သကဲ့သို့ အမေတူ အဖေကွဲ ညီမဖြစ်သူအားလည်း အလွန်ချစ်သည်။ ထိုညီမအမည်မှာ အော်မာဟု ခေါ်သည်။ ဘားရက်၏မိခင်ဖြစ်သူ အဲန်းမှာ ဂျကာတာတွင် နေထိုင်လျက်ရှိသော်လည်း သားဖြစ်သူအား အဝေးမှ ထောက်ပံ့ပေးသည်။ သူကြီးပြင်းလာရပုံမှာ တည်ငြိမ်မှုမရှိခဲ့ပေ။ သူ့ခြေထောက်ပေါ် သူရပ်တည်နိုင်ရန် ကြိုးစားခဲ့ရသူဖြစ်သည်။ သူ့ဘဝဇာတ်ကြောင်းမှာ ပုံပြင်ဆန်လှသည်။ သူ့မိသားစုက ကိုယ့်အားကိုယ်ကိုးတတ်ရန် သင်ကြားပေးသည်ဟုလည်း ဆိုနိုင်ပါသည်။ သူသည် သူ့ဘဝကိုသူ ရှင်သန်နိုင်စေ ရန်အတွက် အောင်မြင်စွာ ကြိုးစားနိုင်ခဲ့သူဟု ဆိုရပါမည်။

ပူပြင်းသော တစ်ညနေခင်းတွင် ဘားရက်က သူ့မိတ်ဆွေဟောင်းတစ်ဦးထံသို့ ကျွန်မကို ခေါ်ဆောင်သွားခဲ့သည်။ ထိုသူမှာ သူနှင့်အတူ စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်သဖြင့် ရို့စ်လဲန်း၌ ရှိသော လူမည်းမိသားစုများအား ပြုစုပျိုးထောင်ရာတွင် ပါဝင်လုပ်ဆောင်နိုင်မည်လားဟု သွားရောက် မေးမြန်းခြင်းပင် ဖြစ်သည်။ ထိုဒေသမှာ ၁၉၈၀ ခုနှစ်များအတွင်းက တည်ရှိခဲ့သော သံမဏိစက်ရုံ ပိတ် သိမ်းသွားသဖြင့် ထိုစက်ရုံအား အားကိုးလုပ်ကိုင်နေကြသော လူမည်းမိသားစုများ အတိဒုက္ခရောက်နေကြချိန် ဖြစ်သည်။ ဘားရက်ကိုယ်တိုင်က ထိုအလုပ်ကို စိတ်ဝင် စားသည်။ တစ်ချိန်က သူလုပ်ခဲ့ဖူးသောနေရာလည်း ဖြစ်၏။ ကျွန်မတို့နှစ်ယောက် ရုံးမှအပြန် လမ်းလျှောက်လာချိန် ထိုအကြောင်း စကားစပ်မိကြခြင်းဖြစ်ပါသည်။ နှစ်ယောက်စလုံးမှာ ရုံး၌ဝတ်သော ဝတ်စုံများနှင့် ရှိနေကြဆဲဖြစ်သည်။ ကျွန်မက သူလုပ်ခဲ့ဖူးသော စည်းရုံးရေးမှူးအလုပ်ဆိုသည်မှာ မည်သည့်အလုပ်များ လုပ်ကိုင်ရသည် ဆိုသည်ကို မသိခဲ့ပေ။ ကျွန်မတို့နှစ်ယောက်သား မီးချောင်းထွန်းထားသော မြေအောက်အခန်းတစ်ခုသို့ ဆင်းခဲ့ကြသည်။ ထိုအခန်း၏ မျက်နှာကြက်မှာ ခပ်နိမ့်နိမ့် ပင်ဖြစ်၏။ အခန်းထဲတွင် လူ ၁၅ ယောက်ရှိပြီး အများစုမှာ အမျိုးသမီးများ ဖြစ် ကြ၏။ ကျွန်မ မှတ်မိသမျှ ပြန်ပြောရလျှင်

ထိုသူများမှာ ခေါက်ကုလားထိုင်များပေါ် တွင် ထိုင်နေကြပြီး အခန်းအနေအထားမှာ နွေကလေးထိန်းဂေဟာကဲ့သို့ ဖြစ်ပါသည်။ သို့သော် ရာသီဥတုမှာ ပူနွေးနေသဖြင့် အခန်းထဲရှိသူများ သူတို့ကိုယ်သူတို့ ယပ်တောင် ခတ်နေကြသည်။ ကျွန်မလည်း ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ဘားရက်က ထိုသူအားလုံး၏ရှေ့သို့ လျှောက်သွားကာ “ဟယ်လို”ဟု နှုတ်ဆက်လိုက်သည်။

သူတို့အမြင်တွင် ဘားရက်သည် လူငယ်တစ်ဦးဖြစ်ပြီး ရှေ့နေတစ်ဦးဟုလည်း သိထားကြပုံရသည်။ ဘားရက်ကို အားကိုးအားထားပြုကြပုံရပြီး သူ့ထံမှ တန်ဖိုးရှိအရာတစ်ခုခု ရလိမ့်မည်ဟုလည်း မျှော်လင့်ထားကြပုံ ရသည်။ ထိုအခြေအနေ မျိုးမှာ ကျွန်မ များစွာ ကြုံခဲ့ဖူးပါသည်။ ကျွန်မ၏ ဘွားလေးဖြစ်သူ ရော်ဘီ သင်ကြားပို့ချပေးသော ဓမ္မတေးသင်တန်းများတွင် လာရောက်သီဆိုကြသော အမျိုးသမီး အများစုမှာ ထိုကဲ့သို့ ဖြစ်သည်။ သူတို့သည် ရည်ရွယ်ချက်ကောင်းမွန်ကြပြီး အဖွဲ့အစည်းအနေနှင့် စည်းလုံးသော စိတ်ဓာတ်ရှိကြသည်။ အများစုမှာ အိမ်ထောင်ဖက်မရှိဘဲ သားသမီးများတို့ကို မွေးဖွားထားကြသူများဖြစ်သည်။ အချို့က အဘွားများ ဖြစ်ကြသည်။ စေတနာ့ဝန်ထမ်းအလုပ်လုပ်ကြဖို့အတွက် သူတို့က တက်ကြွသည်။

ဘားရက်က သူ့ကုတ်အင်္ကျီကို ချွတ်လိုက်ကာ သူ့ကုလားထိုင်၏နောက်တွင် ချိတ်လိုက်ပြီး လက်ကောက်ဝတ်၌ ပတ်ထားသော လက်ပတ်နာရီကိုလည်း ချွတ်လိုက်ကာ သူ့ရှေ့ရှိ စားပွဲ၌ တင်ထားခြင်းအားဖြင့် အချိန်ကို သူသိရှိနိုင်ရန် စီစဉ်ထားသည်။ ဘားရက်က သူ့ကိုယ်သူ မိတ်ဆက်စကား ပြောကြားပြီးနောက် သူပြောရန်ရှိသည်များ ကို ပြောကြားနေသည်မှာ တစ်နာရီခန့် ကြာသည်။ ထို့နောက် ဘားရက်က ထိုင်နေကြသူများအား သူတို့အဖြစ်အပျက်များ၊ စိုးရိမ်သောကများအကြောင်း ပြောပြကြရန် ဖိတ်ခေါ်လိုက်သည်။ ဘားရက်ကိုယ်တိုင်ကလည်း သူ့အကြောင်း ကိုယ်တိုင်ပြောပြ ခြင်းအားဖြင့် သူ့ရှေ့တွင်ရှိနေသော ပုဂ္ဂိုလ်များ ပြောရဲလာစေရန် စည်းရုံးနိုင်ခဲ့သည်။ သူက ယခု အခန်းထဲ၌ ရောက်ရှိနေသော ပုဂ္ဂိုလ်များသည် တသီးတခြားစီဟု ထင်ရသော်လည်း အမှန်စင်စစ်အားဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်နွှယ်နေကြကြောင်း ပြောကြားခဲ့သည်။ ပေါင်းစည်းလိုက်ကြပါက ခွန်အားကြီးမားသော အရာတစ်ခု ဖြစ်လာနိုင်မည်ဟု ဘားရက်က ဆိုသည်။ သူက ဆက်လက်ပြောကြားသည်မှာ ယခု အဖွဲ့ငယ်ကလေးသည် ဘုရားရှိခိုးကျောင်းသေးသေးတစ်ခုမှ အဖွဲ့ဖြစ်သော်လည်း အိမ်နီးချင်းများကို မေ့လျော့နေကြသည့်သူများနှင့် တူကြောင်း၊ ပေါင်းစည်းလိုက်ကြပါက နိုင်ငံရေးဩဇာအာဏာရှိသော အဖွဲ့အစည်းတစ်ခု ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။ သူက သတိပေးစကားအဖြစ် ပြောကြားရာတွင် ယင်းသို့ ဖြစ်လာနိုင်ရေးအတွက် ကြိုးစားအားထုတ်ရန်မူ လိုအပ်ကြောင်း၊ အိမ်နီးပတ်ဝန်းကျင်မှ သူများ၏ အသံကိုလည်း

နားထောင်ရန်လိုအပ်ပြီး ကိုယ့်အချင်းချင်း ယုံကြည်စိတ်ချမှုရှိကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းသို့ အဖွဲ့သေးသေးကလေးများ ပေါင်းစည်းလိုက်ပါက ခွန်အားရှိသောအဖွဲ့တစ်ခု ဖြစ်လာနိုင်ကြောင်းကိုလည်း ပြောပြသည်။(ထိုသို့ ဆောင်ရွက်သောကိစ္စသည် သူ အဓိကဆောင်ရွက်ရသည့် စည်းရုံးရေးမှူး၏တာဝန် ဖြစ်မည် ထင်သည်။) သူက အာမခံချက်ပေးသည်မှာ သူတို့အားလုံးတွင် လွှမ်းမိုးနိုင်သော အင်အားရှိကြောင်းပင် ဖြစ်သည်။ ပြောင်းလဲမှုကို သူတို့ လုပ်နိုင်သည်။

သို့သော် ပြောင်းလဲမှုတိုင်းသည် သိမ်မွေ့ညင်သာမှုမရှိနိုင်ကြောင်း အက်ဂျဲလ်ပန်းခြံတွင် အများ ပြည်သူနေထိုင်ရန် အတွက် အိမ်ရာဆောက်လုပ်ခြင်းကို ဆောင်ရွက်ရာ၌ လူတစ်ဦးတစ်ယောက်က ဦးဆောင်ကာ မဲဆန္ဒရှင်များကို စည်းရုံးပြီး မြို့တော်ဝန်နှင့်တကွ တာဝန်ရှိသူများကပါ ယင်းနေရာတွင် အိမ်ရာဆောက်လုပ်ခွင့်ပြုရန်၊ အလုပ်နှင့်ပတ် သက်သည့် လေ့ကျင့်ပေးမှုများ ပြုလုပ်ပေးရန် သဘောတူခဲ့ကြရသည်ကို ရှင်းလင်း ပြောပြသည်။

ကျွန်မအနီးတွင် ထိုင်နေသော ခပ်ဝဝအမျိုးသမီးတစ်ယောက်က သူ့ဒူးပေါ်တွင် ကလေးငယ်ကိုတင်ကာ တလှုပ်လှုပ်လုပ်နေသည်။ ဘားရက်ကို စူးစူးစိုက်စိုက် ကြည့်နေပြီး သူ့မေးစေ့နှင့် အောက်နှုတ်ခမ်းတို့မှာ ထိလုမတတ် ရှိနေသည်။ သူ့ပုံစံက နင်က ဘယ်သူလဲ၊ ငါတို့ကို ဘာတွေလုပ်ဖို့ လာပြောနေတာလဲ ဟု မေးသယောင် ယောင်ရှိ၏။

သို့သော် မည်သူက မည်သို့အခြေအနေတွင် ရှိနေစေကာမူ သူသည် လုံးဝ စိတ်မပျက်ပေ။ သူစိတ်ပျက်ရန်လည်း ဆောင်ရွက်နိုင်စွမ်း မရှိကြပေ။ ဘားရက်သည် ကျွန်မအိပ်မက်ထဲမှ နတ်မြင်းပျံကဲ့သို့ ဖြစ်ပြီး ထူးခြားသောအမည်ပိုင်ရှင်၊ ထူးခြားသော အမွေဆက်ခံသူ၊ ပျောက်ဆုံးနေသောဖခင်၊ ခိုင်ကြည်သောစိတ်ဓာတ်တို့ကို ပိုင်ဆိုင် ထားသူ ဖြစ်သည်။ သူသည် ရောက်လေရာတွင် သူပြောသကဲ့သို့ စွမ်းဆောင်နိုင်သူဖြစ် ကြောင်း သက်သေပြနိုင်သူလည်း ဖြစ်သည်။

ရို့စ်လဲန်းတွင် သွားရောက်လုပ်ဆောင်ကြရန် သူပြောသည့်ကိစ္စမှာ လွယ်ကူသည့်ကိစ္စ မဟုတ်ပါချေ။ သံမဏိလုပ်ငန်း ကျဆုံးသွားပြီးသည့်နောက်တွင် ထိုဒေသ၌ လူမည်းများ ပျောက်ကွယ်သွားကာ လူဖြူများသာ ကြီးစိုးနေသည့် နေရာသာဖြစ်သည်။ ထို့အပြင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသည့် နေရာကြီးတစ်ခုလည်း ဖြစ်နေပြီ ဖြစ်သည်။ စည်းရုံးရေးမှူးတစ်ယောက်အနေနှင့် ဘားရက်သည် မဖြစ်မနေ ကြိုးစားရမည်ဖြစ်ကြောင်း ကျွန်မအား ပြောပြခဲ့သည်။ ထိုနေရာသို့ လူမည်းများ ပြန်လည်ဝင်ရောက်နိုင်ရန်နှင့် အလုပ်အကိုင်များ ပြန်လည်ထွန်းကားစေရန် ကြိုးစားရ မည်ဖြစ်ကြောင်း ပြောပြသည်။ သူပြောသည်ကို ကျွန်မ နားလည်ပါသည်။ ကျွန်မ ပတ်ဝန်းကျင်နှင့်

ကျွန်မမိသားစုအတွင်း၌လည်း ထိုသို့ ရှိခဲ့သည်သာ။ အဓိကမှာ ယုံကြည်မှုရှိရန်ပင် ဖြစ်သည်။ ကျွန်မတို့ အဘိုးများလက်ထက်က ထိုနေရာမှာ စည်ပင်သာယာခဲ့သော နေရာဖြစ်ပြီး အများစုက စွန့်ခွာသွားကြသဖြင့် ယခုကဲ့သို့ ဖြစ်သွားရခြင်းဖြစ်သည်။ ကျွန်မ မူလတန်းကျောင်းတက်စဉ်က ဒုတိယတန်း၌ သင်ကြားသော ဆရာတစ်ဦးသည် ကျောင်း၌ ဆက်လက်သင်ကြားခြင်း မပြုတော့ဘဲ လက်မြှောက်သွားသည်ကို ကြုံခဲ့ဖူးသည်။ ကျောင်းဆင်းချိန်တွင် ကလေးများ လာ ရောက်ဆော့ကစားခြင်းကြောင့် မြက်ခင်းပိုင်ရှင်သည် သူ့အိမ်ရှေ့တွင်ရှိသော မြက်ခင်း ကို မရိတ်မသိမ်းဘဲ ထားခဲ့သည်ကိုလည်း ကြုံခဲ့ဖူးပါသည်။ ကျွန်မတို့ အိမ်နီးနားမှ ပန်းခြံတွင်လည်း လူအများသည် အမှိုက်များကို အမှတ်တမဲ့ စွန့်ပစ်ခဲ့ကြသည်။ အရက်များလည်း ထိုမြက်ခင်းပေါ်တွင် ဖိတ်စဉ်ခဲ့ကြသည်။ ထိုသို့သောအကြောင်းများကြောင့် မြက်ခင်းပိုင်ရှင်က မရိတ်မသိမ်းဘဲ ထားလိုက်သည့်ကာလ ကြာသွားသဖြင့် မြက်ခင်း ပျက်စီးသွားသကဲ့သို့ ကျွန်မတို့သည်လည်း ပျက်စီးခဲ့ကြသည် မဟုတ်လား။

ဘားရက်က စကားပြောသည့်နေရာတွင် ရိုစ်လဲန်မှ လူများကို နှိမ့်ချမပြောပေ။ သို့သော် သူကိုယ်တိုင်ကမူ ထိုသူများအား လွှမ်းမိုးထားလိုဟန် ရှိသည်။ သူက စကားပြောရာ၌ လူမည်းတစ်ယောက်ပီပီသသပင် ဖြစ်နေသေးသည်။ ကူကယ် ရာမဲ့နေသော လူမည်းများအတွက် သူသည် ဖြောင့်မတ်နေသောမြားတစ်စင်း ဆန့်ကျင် ဘက်သို့ ချိန်ရွယ်လျက်ရှိသည်နှင့် တူနေပါသည်။

ကျွန်မသည် အာဖရိကန်-အမေရိကန်လူမျိုးတစ်ယောက်ဖြစ်သော်လည်း မည်သည့်အခါကမျှ တခြားသော လူမည်းများအရေးကို ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့ဖူးပေ။ ငယ်စဉ်ကတည်းက အပြုသဘောဆောင်သော အတွေးများကိုသာ တွေးတတ်စေရန် မိဘများက သင်ကြားပေးခဲ့ကြသည်။ ကျွန်မ အောင်မြင်သည်ကို မြင်လျှင် မိဘများနှင့် ဆွေမျိုးများ ကျေနပ်ပျော်ရွှင်ခဲ့ကြသည်။ Operation PUSH ဆန္ဒပြပွဲကို သူငယ်ချင်း စန်နီတာဂျက်ဆင်နှင့် တက်ရောက်နားထောင်ဖူးစဉ်ကလည်း စန်နီတာ၏ ဖခင်က လူမည်းများအနေဖြင့် ကိုယ့်ကိုယ်ကို ဂုဏ်ယူတတ်ကြရမည်ဟု ဟောပြောသံ ကြားခဲ့ရဖူးပါသည်။ ကျွန်မကမူ အနီးပတ်ဝန်းကျင်ရှိ လူမည်းများကို သာ သတိထားမိပြီး ကိုယ့်ရှေ့ရေးကိစ္စများကို အောင်မြင်ရန်သာ ဂရုစိုက်ပါသည်။ အောင်လည်းအောင်မြင်ခဲ့ပါသည်။ ယခုဆိုလျှင် ဘွဲ့နှစ်ခုရရှိထားသော လူမည်းအမျိုး သမီးတစ်ယောက်အနေဖြင့် မိဘ၊ ဆွေမျိုးများက ဂုဏ်ယူကြပါသည်။ စစ်ဒလီနှင့် အော်စတင်ကဲ့သို့သော ဥပဒေအကျိုးဆောင်လုပ်ငန်းတွင် နေရာတစ်နေရာ ရထားသူ ဖြစ်နေပြီ။ သို့သော် ဘားရက်၏ ဟောပြောချက်များကို နားထောင်ကြည့်သောအခါ သူသည် ကျွန်မ မျှော်မှန်းသည်ထက် အဆပေါင်းများစွာ မြင့်သည့် မျှော်မှန်းချက်ရှိသူ

ဖြစ်ကြောင်း သိလိုက်ရသည်။ သူ မျှော်မှန်းသကဲ့သို့ ဖြစ်မြောက်လာရန်မှာ ကျွန်မတို့ ကြိုးစားကြရမည်။ ရောက်ရှိနေသောနေရာကိုသာ ဖက်တွယ်မနေကြဘဲ ဆက်လက် ချီတက်နိုင်ရန် ကြိုးစားကြရမည်ဖြစ်သည်။

သူသည် သာမန်လူများထက် ထူးခြားသူတစ်ယောက်ပါလားဟု ကျွန်မ တွေးမိလိုက်ချိန်တွင် ကျွန်မတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထ,သွားမိသည်။ တဖြည်း ဖြည်းနှင့် ကျွန်မအနီးအနားမှ အမျိုးသမီးကြီးများ ခေါင်းတညိတ်ညိတ် ဖြစ်လာကြသည်။ သူ့ဟောပြောမှုကို ကျေနပ်အားရဟန်နှင့် "အမ်......" ဆိုသော ကျေနပ်သံများ၊ "ဟုတ်တာပေါ့" ဆိုသည့် ထောက်ခံသံများ ပေါ်ထွက်လာကြသည်။

ဘားရက်ကလည်း စိတ်အားတက်ကြွစွာဖြင့် အသံ တစ်စထက်တစ်စ ကျယ်၍လာရာ နောက်ဆုံးတွင် သူ အသံကုန်အော်သည်အထိ ဖြစ်လာခဲ့၏။ သူသည် တရားဟောသည့် ဘုန်းတော်ကြီးတစ်ပါး မဟုတ်သော်လည်း ကျွန်မတို့ လူမည်းများအား တစ်စုံတစ်ခုကို ညွှန်ပြပေးနေသူဖြစ်သည်။ သူသည် ကျွန်မတို့အတွက် ရင်းနှီး မြှုပ်နှံမှုတစ်ခု ပြုလုပ်ပေးနေသူဖြစ်သည်။ ရွေးချယ်ရန်မှာ ကျွန်မတို့ တာဝန်သာ ဖြစ်သည်။ အလုပ်မှ ထွက်ကြမည်လား၊ သို့တည်းမဟုတ် အလုပ်လုပ်ရင်းကပင် ကောင်းသောပြောင်းလဲမှုတစ်ခုကို ရစေရန် ဆောင်ရွက်ကြမည်လား။ "ဘယ်ဟာက ပိုကောင်းသလဲ" ဘားရက်က အခန်းတွင်း ရှိနေသူများကို မေးလိုက်သည်။ "ကမ္ဘာ ကြီးကို လက်ရှိဖြစ်ပေါ်နေတဲ့အတိုင်း ထားကြမလား၊ ဒါမှမဟုတ် ဖြစ်သင့်ဖြစ်ထိုက် တာ ဖြစ်ရအောင် ကြိုးစားကြမလား" သူ့မေးခွန်း ဖြစ်သည်။

ထိုစကားမှာ သူ စည်းရုံးရေးမှူး စ,လုပ်စဉ်က စာအုပ်တစ်အုပ်တွင် သူ ဖတ်ခဲ့ဖူးသော စကားပင်ဖြစ်သည်။ ထိုစကားကို ကျွန်မ နှစ်ခြိုက်သွားသဖြင့် နှစ် အတော်ကြာအောင်ပင် သတိရနေမိသည်။ ဘားရက်က ဘာကိုရည်ရွယ်ပြောသည် ဆိုသည်ကိုလည်း ကျွန်မ နီးနီးစပ်စပ်ပင် သဘောပေါက်လာသည်။ ကမ္ဘာကြီးကို ဖြစ်သင့်ဖြစ်ထိုက်တာ ဖြစ်စေရန် ပြောင်းလဲပေးရမည်။

ကျွန်မအနီးမှ အမျိုးသမီးတစ်ယောက်က ကလေးကို သူ့ပေါင်ပေါ်တင်ထား ရင်း ဘားရက်၏စကားကို နှစ်ခြိုက်စွာဖြင့် "အေမင်. . ."ဟု ဆိုလိုက်သံ ကြားလိုက်ရသည်။ "အေမင်. . ." ကျွန်မလည်း စိတ်တွင်းမှ ရွတ်ဆိုလိုက်မိသည်အထိ သူ့ကို ယုံကြည်လိုက်ပါသည်။

ဥပဒေပညာ ဆက်လက်သင်ကြားရန် မပြန်မီ ဩဂုတ်လလယ်ခန့်တွင် သူက ကျွန်မအား ချစ်သည်ဟု ပြောလာပါသည်။ သူ မပြောမီကပင် ကျွန်မတို့နှစ် ယောက်ကြားမှ ချစ်ခြင်းမေတ္တာတို့ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီးဖြစ်သောကြောင့် သူဖွင့်ပြောသည့်နေ့က ခံစားရသည့်ခံစားချက်ကို အထူးတလည် မှတ်မိမနေတော့ပါ။

ဘယ်နေရာတွင် သူ ဘယ်သို့ ပြောလိုက်သည်ဆိုသည်ကိုလည်း မမှတ်မိတော့ပါ။ ကျွန်မတို့နှစ်ယောက်ကြားတွင် ကြင်နာမှု၊ နွေးထွေးမှု၊ အဓိပ္ပာယ်ရှိမှုတို့ ပြည့်ဝပြီးဖြစ်၍ ချစ်သည်ဆိုခြင်းမှာ အံ့သြရန် မရှိတော့ပေ။ ကျွန်မတို့နှစ်ယောက် တွေ့ကြသည်မှာ နှစ်လမျှသာရှိသေးသော်လည်း လက်တွေ့မကျဟု ဆိုလိုက ဆိုကြစေတော့ ချစ်မိခဲ့ကြ ပြီဖြစ်သည်။

သို့သော် သူ ကျောင်းပြန်တက်သည့်အချိန် ခွဲရမည်ဆိုလျှင် မိုင်ပေါင်း ကိုးရာကျော် ဝေးကွာနေကြမည် ဖြစ်သည်။ ဘားရက်က ကျောင်းနှစ်နှစ် ဆက်တက် ရဦးမည်။ ကျောင်းပြီးပါက ချီကာဂိုတွင် အခြေချမည်ဟု ဆိုသည်။ ထိုကာလအတော အတွင်း၌ ကျွန်မ မည်သို့နေရမည်ပင် မသိတော့ပေ။ ကျွန်မကိုယ်တိုင်က စစ်ဒလီတွင် ရှေ့နေတစ်ယောက်သာဖြစ်နေသေးခြင်းကြောင့် အတွေ့အကြုံ သင်ယူနေရဆဲကာလ သာ ရှိနေသေးသည်။ ဥပဒေသင်တန်းကို တက်ခဲ့ဖူးသူဖြစ်ခြင်းကြောင့် ဘားရက် မည်မျှအလုပ်များမည်ဆိုသည်ကို ကျွန်မ သိပါသည်။ ဘားရက်ကို ဥပဒေကျောင်း သားများ ထုတ်ဝေသော Harvard Law Review ဂျာနယ်၏ အယ်ဒီတာအဖြစ် ရွေးချယ် လိုက်ကြသည်။ ထိုဂျာနယ်မှာ တစ်လ တစ်ကြိမ်ထုတ် ဥပဒေရေးရာဂျာနယ်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် ထိပ်တန်းဂျာနယ်တစ်စောင် ဖြစ်သည်။ အယ်ဒီတာအဖြစ် အရွေးခံရ သည်ဆိုသည်မှာ ဂုဏ်ယူဖွယ်ဖြစ်သော်လည်း အလုပ်များသော ဥပဒေကျောင်းသား တစ်ယောက်အနေဖြင့် အချိန်ပြည့် အလုပ်လုပ်နေရသကဲ့သို့ ဖြစ်သည်။

ထိုကိစ္စနှင့် ကျွန်မတို့နှစ်ယောက် မည်သို့ပတ်သက်သနည်းဟု မေးရန်ရှိပါသည်။ ကျွန်မတို့နှစ်ယောက် အစဉ်အမြဲ ဖုန်းပြောစေရန် ဖြစ်လာပါသည်။ သတိပြု စေလိုသည်မှာ ယခုပြောနေသည်မှာ ၁၉၈၂ ကာလဖြစ်၍ တယ်လီဖုန်း ဆိုသည်မှာ အိတ်ထဲ၌ ရှိသောအရာ မဟုတ်သေးပါ။ စာရိုက်ပြီး ပြော၍လည်း မရသေးပါ။ ယခု ခေတ်ကဲ့သို့ သင်္ကေတအရုပ်ကလေးများပြကာ နမ်း၍လည်း မရသေးပါ။ လိုင်းဖုန်း များသာဖြစ်၍ နှစ်ယောက်လုံး အားလပ်ချိန်ဖြစ်ရန် လိုအပ်ပါသည်။ ကိုယ်ရေးကိုယ် တာကိစ္စများကိုမူ ညအချိန် အိမ်ပြန်ရောက်မှ အိမ်ဖုန်းဖြင့် ပြောကြရသည်။ အိမ်ပြန် ရောက်ချိန်၌ လူက ပင်ပန်းနွမ်းနယ်နေပြီဖြစ်၍ အိပ်ချင်စိတ်က ကြီးစိုးနေသည်။

မခွဲခွာမီတွင် ဘားရက်က သူသည် ဖုန်းပြောရခြင်းထက် စာရေးပြောရခြင်း ကို စိတ်ထက်သန်သည်ဟု ပြောဖူး၏။

"ကိုယ်က ဖုန်းသိပ်ပြောချင်တဲ့ကောင် မဟုတ်ဘူး"ဟု သူ ဆိုခဲ့၏။

ကျွန်မတို့နှစ်ယောက် တစ်နွေလုံး စကားတွေပြောခဲ့ကြသော်လည်း ပြော စရာစကားက မကုန်နိုင်ခဲ့။ စာတိုက်မှတစ်ဆင့် စာပို့ကာ ကျွန်မအချစ်များအကြောင်း

ပြောရမည်ကို မကြိုက်ပါ။ ထို့ကြောင့် စာရေးဆက်သွယ်မည် သို့မဟုတ် ဖုန်းနှင့်ပြောမည်ဆိုသော ကိစ္စမှာ ကျွန်မတို့နှစ်ယောက်ကြားတွင် သဘောထားကွဲလွဲမှု ရှိခဲ့ဖူးပါသည်။ ဘားရက်က သူချစ်သမျှကို သူ့ကလောင်မှတစ်ဆင့် ယိုစီးပြလိုသည်။ သူက ငယ်စဉ်ကတည်းက မိခင်နှင့် ခွဲခွာခဲ့ရသူဖြစ်၍ အင်ဒိုနီးရှားနိုင်ငံတွင် နေထိုင်သူ မိခင်ထံမှ လေကြောင်းစာအိတ်ဖြင့် ရောက်လာမည့်စာများကို မျှော်တတ်သူ ဖြစ်သည်။ ကျွန်မက မျက်နှာချင်းဆိုင် စကားပြောရသည်ကို နှစ်သက်သည်။ ဦးတောင်ပိုင်းအိမ် တွင် အမျိုးများဆုံကြပြီဆိုလျှင် စကားတွေပြောကြလွန်းသဖြင့် တစ်ခါတစ်ရံ အော် ပြောရသည်အထိ ရှိခဲ့၏။

ကျွန်မတို့ မိသားစုဝင်များ၊ ဆွေမျိုးများက တစ်အိမ်နှင့်တစ်အိမ် ကူးလူးဆက်ဆံမှုရှိသည်။ အဖေဆိုလျှင် သူ့ခြေထောက် မသန်စွမ်းတော့သဖြင့် သူ့ကားကို မသန်မစွမ်းများအတွက် အထူးထုတ်လုပ်ထားသည့် ကားနှင့် အလဲအထပ်လုပ်ကာ သူ့ညီအစ်ကို မောင်နှမဝမ်းကွဲများ၏ အိမ်သို့ ကိုယ်တိုင်ကိုယ်ကျ မကြာခဏ သွား၏။ သူ့အမျိုးများကလည်း မကြာခဏဆိုသလိုပင် ကျွန်မတို့အိမ်သို့ လာကာ စကားဝိုင်းဖွဲ့ကြသည်။ အဖေက သူတို့မသိမမီသော အကြောင်းအရာများကို ပြောပြသည်။ အကြံဉာဏ်တောင်းလျှင်လည်း အဖေက ပေးသည်။ ကျွန်မ အထက်တန်းကျောင်းသူဘဝက ချစ်ခဲ့ဖူးသော ဒေးဗစ်ပင်လျှင် အဖေ့ထံ အကြံတောင်းတတ်သည်။ တယ်လီဖုန်းသုံးရမည်ဆိုလျှင်လည်း အဖေက ပြဿနာမရှိပေ။ နှစ်ပေါင်းများစွာပင် တောင်ပိုင်း ကာရိုလိုင်းနားတွင်နေသော အဘွားထံ နံနက်တိုင်း ဖုန်းဆက်ကာ ကျန်းမာ ရေးအခြေအနေကို မေးတတ်သည်။

ကျွန်မက ဘားရက်အား ကျွန်မတို့နှစ်ယောက်၏ ဆက်ဆံရေး အဆက်မပြတ်စေရန်အတွက် တယ်လီဖုန်းသုံးရန် ဝန်မလေးသင့်ကြောင်း တိုက်တွန်းရသည်။ “ကျွန်မပြောတာကို ရှင်က နားမထောင်ချင်ဘူးဆိုရင်တော့ နားထောင်ချင်တဲ့သူ ရှာရမှာပဲ”ဟု ကျွန်မက ပြောလိုက်သည်။ အမှန်တကယ်က ကျွန်မ စ,လိုက်ခြင်းသာ ဖြစ်ပါသည်။ အတည်လည်း နည်းနည်းပါပါသည်။

ဤသို့ဖြင့် ဘားရက်သည် ပုံမှန် ဖုန်းသုံးစွဲသူတစ်ယောက် ဖြစ်လာပါတော့သည်။ နှစ်ယောက်သား အားလပ်သည့်အချိန်များ ညကြီကာ ဖုန်းပြောကြသည်။ သူ့ ကမ္ဘာ၊ ကိုယ့်ကမ္ဘာမှ အလုပ်များအကြောင်း ပြောကြသကဲ့သို့ တစ်နေ့တာလုပ်ငန်းခွင် မှ အတွေ့အကြုံများကိုလည်း ဖလှယ်ကြသည်။ ကျွန်မက လုပ်ငန်းတွင် စိတ်ရှုပ်ခဲ့ သမျှကို ရုံးဆင်းချိန်တွင် အေရိုးဘစ်ကစားကာ ချွေးများအဖြစ် ထုတ်ပစ်လိုက်ကြောင်း ပြောပြရာ သူက ရယ်သည်။ လပေါင်းများစွာ ကြာလာသောအခါ တစ်ယောက်နှင့် တစ်ယောက် ယုံကြည်စိတ်ချလာကြသည်။ ကျွန်မဘဝအတွက် မေးခွန်းထုတ်ရန် မလိုအပ်တော့သူ ဖြစ်လာခဲ့သည်။

ကျွန်မသည် စစ်ဒလီနှင့် အော်စတင် ဥပဒေအကျိုးဆောင်လုပ်ငန်းတွင် ချီကာဂိုရုံးအတွက် အင်အားဖြည့်တင်းထားသည့် ဝန်ထမ်းဖြစ်ခြင်းကြောင့် ဟားဗတ် ဥပဒေကျောင်းမှ ကျောင်းသူကျောင်းသားများ နွေရာသီကျောင်းပိတ်ရက်၌ အလုပ်သင်အဖြစ် ဝင်ရောက်ရန်အတွက် အင်တာဗျူးလုပ်ပေးရန်လည်း တာဝန်ယူရပါသည်။ ကျွန်မကိုယ်တိုင်ပင် ကျောင်းသူဘဝက စိတ်ဝင်စားခဲ့သော ဥပဒေအကျိုးဆောင် လုပ်ငန်းဖြစ်ပြီး ဩဇာကြီးမှု၊ အဘိဓာန်တစ်အုပ်မျှ ထူထဲလှသော ဥပဒေအကျိုးဆောင် လုပ်ငန်းများစာရင်းတွင် အထင်ရှားဆုံးဖြစ်မှု၊ ရုံး၏ တည်နေရာ အဆောက်အဦ၏ပုံစံမှာ ခမ်းနားထည်ဝါ ခြင်းတို့ကြောင့် အထူး စိတ်ဝင်စားခဲ့ရသည့်လုပ်ငန်း ဖြစ်ပါသည်။ ထို့ပြင် စစ်ဒလီ၌ ဟားဗတ်တက္ကသိုလ်ဆင်း ဥပဒေဘွဲ့ရများ များပြားခြင်းက လည်း ဆွဲဆောင်မှုတစ်ခုဖြစ်သည်။ ဥပဒေအကျိုးဆောင်လုပ်ငန်းများမှာ မြို့တိုင်းနယ် တိုင်းတွင် ရှိသည်ဖြစ်ရာ ကျောင်းသူကျောင်းသားတစ်ဦးအနေဖြင့် မိမိ သိလိုသည့် လုပ်ငန်းအကြောင်း ဆက်သွယ်မေးမြန်းလိုက်လျှင် ထိုလုပ်ငန်းက ကျောင်းဝင်းထဲအထိလာရောက်ကာ ရှင်းလင်းပြောကြားပေးပါသည်။ အဆင်ပြေသွားပြီဆိုလျှင် ထိုလုပ်ငန်း က လေယာဉ်လက်မှတ်ပေးပို့ကာ ခေါ်ယူသည့်အပြင် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ် တွင် ထားပေးပါသည်။ လုပ်ငန်းအင်တာဗျူး တစ်ကြိမ် ဖြေဆိုရပါသည်။ အောင်မြင် သည်ဆိုပါက ထိုကျောင်းသားအား ဝိုင်၊ ညစာစားပွဲတို့ဖြင့် ဧည့်ခံကာ ကြိုဆိုပါသည်။ ကျွန်မက ကျောင်းသားများအား ရှင်းပြရန်အတွက် ဆန်ဖရန်စစ္စကို၊ လော့စ်အိန်ဂျ လိစ်တို့သို့ သွားရသည်။ ရိုးရိုးသားသား ဝန်ခံရလျှင် ကျွန်မ ကယ်လီဖိုးနီးယားသို့ မရောက်ဖူးပါ။

ယခု ကျွန်မက စစ်ဒလီ၏ ဝန်ထမ်းအဖြစ် ကျောင်းသူကျောင်းသားများ အား နွေရာသီအတွက် အင်တာဗျူးလုပ်ကာ ခေါ်ယူရန် တာဝန်ကျလာသည်။ စိစစ်သည့် ကျွန်မတို့အဖွဲ့တွင် စီနီယာဖြစ်သော လူမည်းအမျိုးသမီးတစ်ဦးလည်း ပါဝင်သည်။ မာစီဒီးလိုင်းဟု အမည်ရပါသည်။ သူသည် ကျွန်မထက် အသက်ဆယ်နှစ် ကြီးပြီး နှစ်လိုဖွယ်ကောင်းသဖြင့် ကျွန်မ၏ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် အမျိုးသမီး ကြီးဖြစ်လာခဲ့ပါသည်။ သူကလည်း ကျွန်မကဲ့သို့ပင် ဘွဲ့နှစ်ခုရထားသူဖြစ်ပြီး သူ့ စားပွဲတွင်ထိုင်ကာ မညည်းတမ်း အလုပ်လုပ်သူလည်း ဖြစ်သည်။ အလုပ်သင်ကျောင်း သားများ ရွေးချယ်ရာတွင် ကျွန်မက တော်သော၊ တတ်သော၊ ထက်သော လူဖြူ ကျောင်းသားများထက် အာဖရိကန်-အမေရိကန် ကျောင်းသားများကို ပိုမို ရွေးချယ်ရန် ရည်ရွယ်ထားသည်။ လူရွေးချယ်ရေးအစည်းအဝေးများတွင် ကျွန်မက အတိုက်အခံ ဖြစ်နေသည်။ လုပ်ငန်းက ရည်ရွယ်သည်မှာ နေရာဒေသသာမက ကောလိပ်အသီးသီး မှ ကျောင်းသားများကိုလည်း ခန့်ထားလိုသည်။ ဟားဗတ်၊ ယေးလ်၊ နော့သ်ဝက် စတင်း၊ ယူနီဗာစီတီအော့ဖ်ချီကာဂိုနှင့် ယူနီဗာစီတီအော့ဖ် အီလီနွိုက်တို့ကမူ အခြေခံ ထားမည့် ကျောင်းများပင် ဖြစ်သည်။ လက်ရှိ လုပ်ကိုင်နေကြသော

ဝါရင့်ပုဂ္ဂိုလ်ကြီး များသည်လည်း ထိုတက္ကသိုလ်များမှ ဘွဲ့ရခဲ့ကြသူများ ဖြစ်သည်။ သူတို့တစ်တွေ အသက်အရွယ်ကြီးရင့်လာကြသောအခါ သူတို့နေရာ ဆက်ခံရန်အတွက် မျိုးဆက်သစ်တို့ အစားထိုးနိုင်ရန်ပင် ဖြစ်ပါသည်။ စစ်ဒလီက ယင်းကဲ့သို့ တရားမျှတစေရန် ကြိုးစားခဲ့သော်လည်း ပြဿနာမှာ ရှိခဲ့သည်သာ။ နိုင်ငံအတွင်း၌ ဥပဒေအကျိုးဆောင် လုပ်ငန်းကြီးများစွာရှိသော်လည်း ထိုစဉ်က National Law Journal ၏ သုတေသနပြု လုပ်ချက်အရဆိုလျှင် ဥပဒေအကျိုးဆောင် လုပ်ငန်းကြီးများ၌ တာဝန်ထမ်းဆောင် နေကြသည့် အာဖရိကန်-အမေရိကန် ဦးရေမှာ သုံးရာခိုင်နှုန်းပင် မပြည့်ဟု ဆိုသည်။ လုပ်ငန်းရှင်ဦးရေနှင့် တွက်ကြည့်လျှင်မူ တစ်ရာခိုင်နှုန်းပင် မပြည့်ဟု ဖော်ပြခဲ့ဖူး ပါသည်။

ထိုသို့ မညီမမျှဖြစ်နေသော အခြေအနေကို ကြိုးစားကုစားနိုင်ရန်အတွက် ကျွန်မက အခြား ပြည်နယ်တက္ကသိုလ်များ၊ အထူးသဖြင့် လူမည်းများအများစုတက် သော ဟောင်းဝပ်ဒ်တက္ကသိုလ်ကဲ့သို့သော ကျောင်းများမှ ဥပဒေကျောင်းသားများကို ခေါ်ယူရန် တိုက်တွန်းသည်။ နွေရာသီ အလုပ်သင်,သင်တန်းသို့ တက်ရောက်ရန် လျာထားခံရသော ဥပဒေကျောင်းသားတစ်စုတစ်ဝေးကို ခန်းမကျယ်ကြီးထဲတွင် တစ်ဦး ချင်း လူတွေ့စစ်ဆေးရာ၌ ကျောင်းသားတစ်ဦးသည် ရေးဖြေစာမေးပွဲ၌ B အဆင့် တစ်ခုပါခဲ့ပါက ရွေးချယ်ခြင်းမှ ပယ်ဖျက်ရန် တောင်းဆိုခဲ့သည်။ လူနည်းစု(လူမည်း) တို့အား ရှေ့နေဖြစ်လာစေရန် ပြုစုပျိုးထောင်ရာတွင် အခြေခံကောင်းမှသာ ဖြစ်နိုင်မည် ဟု ခံယူပါသည်။ သူတို့ဘဝတွင် ပေးလာသောအခွင့်အရေးတို့ကို မည်သို့ မိမိရရ ဆုပ်ကိုင်အသုံးချခဲ့သည်ဆိုခြင်းထက် ပညာရေးလှေကားထစ်များကို မည်သို့ ခက်ခက် ခဲခဲ ကျော်ဖြတ်လာခဲ့သည် ဆိုသည်က အရေးကြီးပါသည်။ လုပ်ငန်းအတွက် ထူးချွန် ထက်မြက်သည့် ရှေ့နေများ လိုအပ်သည်မှန်သော်လည်း ကျောင်းများမှ အကဲဖြတ်သည့် ရေးရိုးနည်းအတိုင်း အကဲမဖြတ်သင့်ပေ။ လုပ်ငန်းအောင်မြင်ရေးကို ပံ့ပိုးပေး မည့်သူ ရရှိရေးသည်သာ အဓိက ဖြစ်သည်။ ကျွန်မတို့အနေနှင့် လူတော်လူကောင်း များများရရှိရေးအတွက် ကျောင်းသားများများကို အင်တာဗျူးလုပ်ကြရမည်။

ထိုသို့သော အကြောင်းအချက်များကြောင့် အလုပ်သင်များ ဖြည့်တင်းရေး အတွက် ကင်းဘရစ်ချ်တက္ကသိုလ်သို့လည်း သွားရသည်။ ဟားဗတ်သို့လည်း သွားရသည်။ ဘားရက်ကို တွေ့ခွင့်ရရန်ဟု ဆိုပါကလည်း မမှားဟု ထင်ပါသည်။ ပထမဆုံး အကြိမ် ပြန်လည်ဆုံစည်းစဉ်က ဘားရက်က ကျွန်မအား သူဝယ်ထားသည့် ငှက်ပျောခွံ အဝါရောင် ဒတ်ဆန်းကားဖြင့် လာကြိုသည်။ ထိုကားကို သူက ကျောင်းသားများ အား ပေးသည့်ချေးငွေဖြင့် ဝယ်ထားခြင်း ဖြစ်သည်။ သူ ကားသော့လှည့်လိုက်သည် နှင့်တစ်ပြိုင်နက် ကျယ်လောင်သောစက်သံ ပေါ်ထွက်လာပြီး ကားက တုန်ခါသွား လိုက်သည်မှာ

နှစ်ယောက်လုံး ခုံပေါ်မှ ပြုတ်ကျမတတ်ပင် ဖြစ်သည်။ ကျွန်မ ဘားရက်ကို မယုံနိုင်သောမျက်လုံးဖြင့် ကြည့်လိုက်သည်။

"ရှင် ဒီကားကို မောင်းနေတယ်..." ကျွန်မအသံမှာ သူ့ကား အင်ဂျင်သံဖုံးနေသဖြင့် မနည်းအော်ပြောရသည်။

သူက ကျွန်မကို ရက်ပြုံးပြုံးပြသည်။ ထိုအပြုံးသည် ကျွန်မ အမြဲတစေ အရှုံးပေးရသောအပြုံး ဖြစ်ပါသည်။ "ကိုယ့်ကို ခဏလေးအချိန်ပေးပါ"ဟု ဆိုကာ ဂီယာထိုးလိုက်သည်။ "ဒီကောင်က ဒီလိုပဲ"ဟု သူ့ကားနှင့် ပတ်သက်၍ ဆိုသည်။ မိနစ်အနည်းငယ်အတွင်းမှာပင် ကျွန်မတို့ ယာဉ်ကြောရှုပ်ထွေးသော လမ်းမကြီးပေါ်သို့ ရောက်လာကြသည်။ "အောက်ကိုတော့ ငုံ့မကြည့်နဲ့ပေါ့"ဟု သူက ဆိုသဖြင့် ကျွန်မ ကမန်းကတန်း ငုံ့ကြည့်လိုက်ရာ ကားကြမ်းခင်းတွင် လေးလက်မခန့်ရှိသော အပေါက် တစ်ခုရှိနေ၏။

ဘားရက်နှင့် နေရသည့်ဘဝက မည်သည့်အခါမျှ ပျင်းစရာမဟုတ်ဆိုသည်ကို ထိုစဉ်ကတည်းက ကျွန်မ သိခဲ့သည်။ အဝါရောင်ကားနှင့် ခေါင်းမွေးထောင်ခဲ့ရသည့် အကြိမ်များစွာ ရှိခဲ့ပါသည်။ ကျွန်မအတွက် တစ်ခုသေချာသွားစေသည်မှာ ဘားရက်သည် မည်သည့်အခါမျှ အပိုငွေဖြုန်းမည့်သူ မဟုတ်ကြောင်း သိလိုက်ရ ခြင်းပင်။

သူက တစ်ယောက်ခန်းတစ်ခန်းငှားကာ နေထိုင်သူ ဖြစ်သည်။ စစ်ဒလီမှ ကျွန်မအတွက် ကျောင်းပရိဝုဏ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ချားလ်စ်အမည်ရှိ ဗိမ်ခံဟိုတယ်တစ်ခုတွင် အခန်းငှားပေးထားသည်။ ကျွန်မတို့နှစ်ယောက် အကောင်းစား ခင်းကျင်းပေးထားသော ဟိုတယ်အိပ်ခန်းတွင် အိပ်ကြသည်။ မနက်စာ ပူပူနွေးနွေး စားသောက်ပြီးနောက် ဘားရက်က ကျောင်းသွားသည်။ ညနေခင်းတွင်လည်း သူ့ကားနှင့် ဟိုတယ်သို့ပင် ပြန်လာကာ ဟိုတယ်မှပေးထားသော ညဝတ်အင်္ကျီဝတ်ပြီး အိမ်စာလုပ်စရာရှိသည်များကို လုပ်၏။

ထိုနှစ် ခရစ္စမတ်တွင်မူ ကျွန်မတို့နှစ်ယောက် ဟိုနိုလူလူသို့ သွားကြသည်။ ကျွန်မက ဟာဝိုင်ယီသို့ တစ်ခေါက်မျှ မရောက်ဖူးပါ။ သို့သော် ထိုနေရာမှာ လှနေမည် ဆိုသည်ကိုမူ သိနေပါသည်။ ကျွန်မက ချီကာဂိုမှ တန်းလာခဲ့ခြင်းဖြစ်ပြီး ထိုနှစ် ဆောင်းက ဧပြီလအထိပင် အေးနေခဲ့သည်။ ဟာဝိုင်ယီတွင် ကားတိုင်းက နှင်းများ ရှင်းထုတ်ရန် ဂေါ်ပြားကို ကားနောက်ခန်းတွင် ထည့်ထားရစမြဲ ဖြစ်သည်။ ကျွန်မက ဆောင်းရာသီတွင် ခရီးသွားရသည်ကို နှစ်သက်သူဖြစ်သည်။ ကျွန်မ ကောလိပ်တက် နေစဉ်က ဘဟားမားသို့ အတန်းဖော် ဒေးဗစ်နှင့် လိုက်သွားဖူးသည်။ ဂျမေကာသို့ လည်း စူဇန်းနီးနှင့် သွားဖူးပါသည်။ ပင်လယ်ကြီးနှင့်

နီးနီးစပ်စပ်နေရခြင်းကို ကျွန်မ ပျော်ပါသည်။ ကျွန်းပေါ်၌ နေထိုင်ကြီးပြင်းခဲ့သူများကိုလည်း သဘောကျပါသည်။

ကင်စတန်တွင် စူဇန်နီးက ကျွန်မအား ပေါင်ဒါကဲ့သို့ ဖြူဖွေးနူးညံ့နေသော သဲများ ရှိသည့် ကမ်းခြေသို့ လိုက်ပို့ပေးသည်။ ထိုကမ်းခြေတွင် မြကဲ့သို့ အစိမ်းရောင် ရှိသော လှိုင်းများ စီးခဲ့ကြသည်။ လမ်းပေါ် ချရောင်းနေသည့် ဈေးသည် အများအပြား ရှိသည့် ဈေးသို့လည်း လိုက်ပို့ခဲ့သည်။

"ရော့... ဒါ စားကြည့်"။ စူဇန်နီးက တိုင်းရင်းသားလေသံအပြည့်ဖြင့် ကမ်းပေးလိုက်သည်မှာ ငါးကင်ဖြစ်သည်။ မီးကင်ထားသည့် မျောက်ဥ၊ ကြံတို့ကိုလည်း ကျွေးခဲ့သည်။ သရက်သီးစိမ်းလည်း စားခဲ့သည်။ သူက စားကြည့်ဆိုတိုင်း ကျွန်မကလည်း စားကြည့်သည်သာ။

ဘားရက်နှင့်လည်း ထိုနည်းအတူပင်။ သူသည် ပြည်မကြီးပေါ်တွင် နှစ်ပေါင်းများစွာ နေခဲ့ပြီးသော်လည်း ဟာဝိုင်ယီကို သံယောဇဉ်ကြီးနေဆဲပင် ဖြစ်သည်။ အရွက်ဖားဖားဝေနေသည့် သရက်ပင်များက ဟိုနိုလူလူ၏ လမ်းများတွင် တစ်ဖက်တစ်ချက် စီတန်းပေါက်နေကြပြီး ထိုလမ်းများက လခြမ်းကွေးသဖွယ်ရှိနေသော ကမ်းခြေကို ဝန်းရံထားကြသည်။ မိတ်ဆွေမိသားစုများ ပိုင်သောအခန်းကို ရက်သတ္တတစ်ပတ်မျှ ငှားနေကြသည်။ ပင်လယ်ကမ်းခြေသို့ နေ့စဉ် ဆင်းဖြစ်ကြ၏။ ရေကူးကြ၊ ပင်လယ်ထက်မှ နေဝန်းနီကို ငေးမောခဲ့ကြသည်။ ထိုခရီးစဉ်တွင် ဘားရက်၏ အမေတူအဖေကွဲ နှမတော်စပ်သည့် မာယာကိုလည်း တွေ့ခဲ့ရသည်။ မာယာသည် အသက် ၁၉ နှစ်ရှိပြီး စိတ်သဘောထားနူးညံ့ကာ စမတ်ကျသူလည်း ဖြစ်သည်။ ဘားနတ်တက္ကသိုလ်မှ ဘွဲ့ယူရန် သင်ကြားလျက်ရှိသည်။ ပါးမို့မို့၊ အညိုရောင် မျက်လုံးများ၊ အနက်ရောင်ဆံပင်တို့က ကောက်ကောက်ကွေးကွေးနှင့် ပခုံးပေါ်တွင် ဝဲနေကြသည်။ သူ့အဘိုးနှင့်အဘွားဖြစ်သော စတန်လေနှင့် မယ်ဒလင်တို့နှင့်လည်း တွေ့ရပါသည်။ သူတို့သည် ဘားရက် ငယ်ဘဝက နေခဲ့ဖူးသော အခန်းကျဉ်းကျဉ်း ကလေးမှာပင် နေထိုင်နေကြသည်။ အိမ်၏ နံရံတွင် နှစ်ပေါင်းများစွာက ဘားရက်၏ မိခင် အဲန် အင်ဒိုနီးရှားနိုင်ငံမှ ပေးပို့ခဲ့သော အင်ဒိုနီးရှားဒီဇိုင်းပိတ်စတို့ဖြင့် အလှဆင် ထားဆဲ ဖြစ်သည်။

ဘားရက်၏မိခင် အဲန်ကိုလည်း ကျွန်မ တွေ့ခွင့်ရခဲ့ပါသည်။ သူမသည် ခပ်ဝဝဖြစ်သော်လည်း ဖျတ်လတ်တက်ကြွ၏။ အနက်ရောင်ဆံကေသာ ကောက် ကောက်များရှိပြီး မေးရိုးကျပုံမှာ ဘားရက်နှင့် တူသည်။ အရောင်တလက်လက် တောက်ပနေသော ငွေထည်လက်ဝတ်ရတနာတို့ ဆင်မြန်းထားပြီး ပါတိတ်နှင့်ချုပ်ထား သောဝတ်စုံကို ဆင်မြန်းထားသည်။ ဖိနပ်မှာ ခေတ်ဟောင်းက လူများသာ ဝတ်ဆင် လိမ့်မည်ဟု ကျွန်မ ယူဆသောပုံစံရှိသည့် ဖိနပ်ကို

ဝတ်ဆင်ထားသည်။ သူမသည် ကျွန်မအား ရင်းရင်းနှီးနှီးပေါင်းကာ ကျွန်မမိဘမျိုးရိုးနှင့် ကျွန်မ ရည်မှန်းချက်တို့ကို သိရှိနိုင်ရန် မေးမြန်းခဲ့သည်။ သားကိုချစ်သော အမေတစ်ယောက်ဖြစ်၍ ကျွန်မအကြောင်း စပ်စုခြင်းဖြစ်သည်ဟု နားလည်ပေးနိုင်ခဲ့ပါသည်။ အချိန်အားသည်နှင့် တစ်ပြိုင်နက် ဘားရက်အနားတွင် ထိုင်ကာ စကားပြောတော့သည်။ သူပြောသည့် အကြောင်းအရာများထဲတွင် သူ့အလုပ်အကြောင်း အများစုပါဝင်သဖြင့် သားနှင့် စကားပြောနေသည့် အမေပုံစံထက် မိတ်ဟောင်းဆွေဟောင်းများ စကားပြောနေ သကဲ့သို့ ရှိသည်။

ဘားရက်၏ မိသားစုဝင်အားလုံးက ဘားရက်အား "ဘာရီ"ဟုသာ ခေါ်ကြသည်။ သူတို့သည် ၁၉၄၀ ခုနှစ်များအတွင်းကတည်းက ဇာတိမြေဖြစ်သော ကင်းဆပ်စ်ကို စွန့်ခွာခဲ့ကြသူများဖြစ်သော်လည်း ဘားရက် ပြောသကဲ့သို့ပင် နေရာမှားရောက်သွားခဲ့ကြသော ဥရောပအနောက်အလယ်ပိုင်းမှ ပုဂ္ဂိုလ်များနှင့် တူလှပါသည်။ အဘိုးမှာ ဘားရက်က "ဂရမ့်"ဟုခေါ်သည့်အတိုင်း ဝက်ဝံကြီးသဖွယ် ကြီးမား ထွားကျိုင်းသော ခန္ဓာကိုယ်ရှိပြီး ကျွန်မအား ဟာသများ မကြာခဏ ပြောတတ်သူပင်။ အဘွားဖြစ်သူကို ဘားရက်က "တွတ်ဒ်" ဟု ခေါ်လေ့ရှိပြီး တောင့်တောင့်တင်းတင်း ခန္ဓာကိုယ်နှင့် ဆံပင်များက ဖြူနေပြီဖြစ်သည်။ အဘွားသည် အလုပ်ကောင်းကောင်း လုပ်နိုင်သူဖြစ်၍ ဘဏ်တစ်ခု၏ ဒုတိယဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေဆဲ ဖြစ်သည်။ အဘွားက ကျွန်မတို့ နေ့လယ်စာအဖြစ် စားနိုင်ရန် ငါးသေတ္တာနှင့် ပေါင်မုန့်ညှပ်ထားသောမုန့်လုပ်ကျွေး၏။ ညစာစားရန် ဗန်းများနှင့် သယ်ဆောင်လာကာ တီဗွီမှ ထုတ်လွှင့်နေသော သတင်းများကြည့်ရင်း တီဗွီရှေ့မှာပင် စားကြသည်။ တချို့ကလည်း စာလုံးများ ဆက်ကစားရသော Scrabble ကို သဲကြီးမဲကြီး ကစားနေကြရင်း စားကြသည်။ သူတို့ကိုကြည့်ရသည်မှာ အဆင့်အတန်းရှိသောမျိုးရိုးမှ ဆင်းသက်လာကြသူ များနှင့် တူပြီး ကျွန်မမိသားစုနှင့်ပင် မတူပေ။

ဤနေရာတွင် ဘားရက်နှင့် ကျွန်မ အယူအဆ မတူသည်များရှိကြောင်း ပြောပြလိုပါသည်။ ကျွန်မတို့နှစ်ယောက်တွင် အယူအဆ မတူကြသော်လည်း ခြားနားခြင်းများက ပေါင်းစည်းပေးလိုက်သည်ဟု ဆိုရမည်ဖြစ်သည်။

ဟာဝိုင်ယီတွင် ဘားရက် ငယ်ဘဝများ သိခွင့်ရခဲ့သည်။ သူကိုယ်တိုင်ကလည်း ဟာဝိုင်ယီသို့ လာရခြင်းမှာ သူ့အိမ်သူ့ရာသို့ ပြန်လာသည့်နှယ် ခံစားရဟန်တူသည်။ အိမ်ပြန်ရောက်နေသည်ဆိုခြင်းကို သူ့အနေဖြင့် မည်သူ့ကိုမျှလည်း ရှင်းပြရန် မလိုခဲ့ပေ။ ကျွန်မတို့နှစ်ယောက်မှာ ဘာကိုလုပ်သည်ဖြစ်စေ အမြဲနောက်ကျတတ်ကြသည်။ သို့သော် မည်သူ့အတွက်မျှ အနှောင့်အယှက်မဖြစ်ပေ။ ကျွန်မကိုယ်တိုင်လည်း မဖြစ်မိပေ။ ဘားရက်၏ ကျောင်းနေဖက်သူငယ်ချင်း ဘော်ဘီ ဆိုသူက စီးပွားဖြစ် ငါးလုပ်ငန်းရှင်တစ်ယောက် ဖြစ်နေသည်။ သူက

ကျွန်မတို့နှစ်ယောက်အား အပျော် သဘော်လိုက်စီးရန် ခေါ်သည်။ ထိုခရီးတွင် ဘားရက်ကို ကျွန်မ မမြင်ဖူးသည့်ပုံစံ နှင့်တွေ့လိုက်ရ၏။ သူ စိတ်လွတ်ကိုယ်လွတ် သက်သက်သာသာ နေသည်ကို ကျွန်မ တစ်ကြိမ်မျှ မတွေ့ဖူးခဲ့ပေ။ မိုးပြာပြာအောက်တွင် သူသည် ဘီယာအေးအေးကို သောက်ကာ ပေါ့ပါးနေသည်။ သူငယ်ချင်းဟောင်းနှင့် စကားတပြောပြောရှိနေသော သူ့ခေါင်းထဲတွင် ဝင်ငွေမညီမျှသည့်ကိစ္စ ဖြေရှင်းရန်၊ ဥပဒေစာမေးပွဲဖြေဆိုရန် ကိစ္စ စသည်တို့ မရှိတော့ပေ။ ပြာသော ကောင်းကင်အောက်တွင် ကျွန်မတို့နှစ် ယောက် လွတ်လပ်ပေါ့ပါး နေကြပါသည်။ ကျွန်မတို့နှစ်ယောက်လုံး တစ်ကြိမ်တစ် ခါမျှ မရဖူးသော စိတ်အေးချမ်းမှုကို ရစေခဲ့ပါသည်။

ကျွန်မသူငယ်ချင်း အတော်များများက သူတို့အတွက် ဘဝခရီးဖော်ရှာကြ ရာတွင် ရုပ်ရည်နှင့် ဝင်ငွေရနိုင်ခြေတို့ကို ထည့်သွင်းစဉ်းစားလေ့ ရှိကြပါသည်။ သူတို့လက်ထပ်ရန် ရည်ရွယ်သူက အဆင်မပြေမှုများ ကြုံလာသည့်တိုင် အိမ်ထောင် သည်ဘဝတွင် အဆင်ပြေသွားလိမ့်မည်ဟု ယုံစားကြပြန်သည်။ သို့သော် ကျွန်မဘဝ တွင်မူ ဘားရက်သည် ပြုပြင်ယူရန်ပင် မလိုလောက်အောင် ပြီးပြည့်စုံသူတစ်ယောက် အဖြစ် ကျွန်မဘဝထဲသို့ ရောက်ရှိလာခဲ့သည်။ ကျွန်မနှင့် စတွေ့သည်ဆိုကတည်းက သူသည် တစ်ကိုယ်ကောင်းဆန်သူ မဟုတ်ကြောင်း ကျွန်မ လက်ခံနိုင်ခဲ့သည်။ သူ သည် အမှန်တရားကို လေးစားမြတ်နိုးသူလည်းဖြစ်သည်။ လုပ်ငန်းခွင်တွင်လည်း သူသည် သူတစ်ပါးအတွက် သူ့ကိုယ်ကျိုးစွန့်တတ်သူ ဖြစ်၏။

ဟာဝိုင်ယီတွင် ရှိနေစဉ် သူ့အကြောင်းကို ပို၍ အသေးစိတ် သိခွင့်ရလာခဲ့သည်။ အထက်တန်းကျောင်းသားဘဝက ခင်မင်ခဲ့ကြသော သူငယ်ချင်းများကို ယခုထက်တိုင် ခင်မင်ရင်းနှီးစွာ ဆက်ဆံသည်။ စိတ်ဓာတ်မာကျောသော သူ့မိခင်ကို တွယ်တာသည့်အပြင် ဘားရက်သည် အမျိုးသမီးများ၏ အခွင့်အရေးကိုလည်း လေးစားသူ ဖြစ်သည်။ အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်၍ ဘားရက်သည် အထူး ဆွေးနွေးရန် မလိုသူဖြစ်သည်။ ထို့ကြောင့် ဘားရက်သည် သူနှင့်တွဲသည့် သူအတွက် အထူးဆွေး နွေးရန်မလိုသူ ဖြစ်မည် ထင်ပါသည်။ ဤကိစ္စများသည် ချစ်သူနှစ်ဦး၏ ဆက်ဆံရေး ၌ ပြောရ၊ သင်ပေးရမည့်ကိစ္စများ မဟုတ်ပေ။ ဟာဝိုင်ယီခရီးစဉ်မှာ ဘားရက်က ကျွန်မ သိရှိရန်လိုသော သူ့ဘက်မှ အခြေအနေများကို ပြသလိုက်ခြင်းပင် ဖြစ်သည်။ ထိုကိစ္စမှာ တစ်သက်လုံး လက်တွဲကြမည့်သူများအနေ ဖြင့် ကြိုတင်သိထားသင့်သော ကိစ္စများပင် ဖြစ်သည်။

တစ်ညနေတွင် ကားငှားလိုက်ကြပြီး မြောက်ဘက်ရှိ အိုဟူးကမ်းခြေသို့ ထွက်ခဲ့ကြသည်။ သောင်ပြင်ပေါ်တွင် ထိုင်ကြပြီး ရေလွှာစီးနေကြသူများကို ကြည့်နေ ကြသည်။ စကားတပြောပြောနှင့် လှိုင်းလုံးများ

တလိမ့်လိမ့်တက်လာသည်ကို ကြည့် နေကြသည်မှာ နာရီအတော်ကြာခဲ့သည်။ နေလုံးကြီးက မိုးကုပ်စက်ဝိုင်းအတွင်းသို့ ငုပ်လျှိုးသွားပြီဖြစ်၍ လူအတော်များများ ကမ်းခြေမှ ပြန်နေကြပြီ။ ကျွန်မတို့နှစ် ယောက် စကားပြောနေလိုက်ကြသည်မှာ ကောင်းကင်ကြီးက ပန်းရောင်သန်းလာသည်။ ထိုမှတစ်ဆင့် ခရမ်းရောင်ဖြစ်လာသည်။ နောက်ဆုံးတွင် မည်းမှောင်လာ၏။ ပိုးကောင်ကလေးများ ကိုက်စ,ပြုလာပြီဖြစ်ပြီး ဗိုက်လည်းဆာလာပြီ ဖြစ်သည်။ အကယ်၍ ကျွန်မ၏ ဟာဝိုင်ယီခရီးစဉ်က ဘားရက်၏ အတိတ်ကို တူးဆွ လေ့လာ ကြည့်ဖို့ဟု ဆိုပါလျှင် ယခု ကျွန်မတို့ ထိုင်နေသောနေရာမှာ ရောမပင်လယ်ကြီး၏ ကမ်းစပ်တွင်ဖြစ်ပြီး အနာဂတ်အရေးများကို တိုင်ပင်နေကြသည်။ ဘယ်သို့သော အိမ်မျိုးတွင် နေကြမည်၊ သားသမီးများအပေါ် မည်သို့သော မိဘများဖြစ်လာစေရန် ကြိုးစားကြမည် ဆိုသည်များကို ဆွေးနွေးကြသည်။ အမှန်စင်စစ်တွင် ထိုသို့သောကိစ္စ များကို ဆွေးနွေးကြသည်မှာ စောလွန်းသည်ဟု ပြောလိုက ပြောနိုင်ပါသည်။ သို့သော် တစ်ဖက်မှကြည့်လျှင် ကျွန်မတို့နှစ်ယောက်၏ အချစ်မှာ မည်သည့်အခါမျှ ပျက်ပြယ်မည် မဟုတ်သဖြင့် ဆွေးနွေးနေကြခြင်းဖြစ်သည်ဟု ဆို၍လည်း ရနိုင်ပါသည်။ ထိုညက ဆွေးနွေးခဲ့ကြသည်များမှာ ကျွန်မတို့ တစ်သက်တာအတွက်ပင် ဖြစ်ပါတော့သည်။

အလုပ်ကိစ္စများ ဆောင်ရွက်ပြီးစီးသဖြင့် ဘားရက်နှင့်ခွဲကာ ချီကာဂိုသို့ ပြန်လာခဲ့ရသည်။ တစ်ခါတစ်ရံတွင် ထိုစဉ်က ပျော်ခဲ့ကြသည်များကို သတိရမိပါသည်။ ကျွန်မက ညဉ့်နက်သည်အထိ ပြင်ပတွင် လည်ပတ်ခြင်းမရှိပေ။ စာဖတ် ဝါသနာပါသူ ဘားရက်ကြောင့် ကျွန်မလည်း စာဖတ်ကျင့်ရလာသည်။ အားလပ်သည့် စနေညများတွင် အပြင်လုံးဝမထွက်တော့ဘဲ စာအုပ်ကိုသာ အဖော်ပြုတတ်လာသည်။ ဆိုဖာခုံရှည်ပေါ်တွင် လှဲပြီး ဝတ္ထုစာအုပ်ကောင်းကောင်းတစ်အုပ် ဖတ်နေရခြင်းကို အရသာတွေ့လာသည်။

ငြီးငွေ့လာပြီဆိုလျှင် မိတ်ဆွေဟောင်းများထံ လှမ်းစကားပြောသည်။ ကျွန်မတွင် အိမ်ထောင်ဖက်အဖြစ် ရည်ရွယ်ထားသည့်ချစ်သူ ရှိနေပြီဖြစ်သော်လည်း အမျိုးသမီးမိတ်ဆွေများကိုလည်း အခင်အမင်မပျက်ပေ။ သူငယ်ချင်း စန်နီတာ ဂျက်ဆင်က ရော်ဘတ်တာဖလက်တေးဂီတအဖွဲ့တွင် နောက်ခံအဆိုကျော် ဖြစ်နေ၍ တိုင်းပြည်အနှံ့ လှည့်လည်ဖျော်ဖြေနေရသည်။ သို့သော် အချိန်ရတိုင်း ကျွန်မနှင့် စကားပြောသည်။ လွန်ခဲ့သည့် တစ်နှစ်ကျော်ကျော်ခန့်ကဆိုလျှင် ကျွန်မနှင့် မိဘနှစ်ပါးတို့သည် စန်နီတာတို့အိမ် ဧည့်ခန်းတွင် စန်နီတာတို့ မောင်နှမတွေနှင့်အတူ သူတို့ဖခင် ဘုန်းတော်ကြီး ဂျက်ဆင် ၁၉၈၈ခုနှစ် ဒီမိုကရက်တစ် နေရှင်နယ်ကွန်ဗင်းရှင်းတွင် ဟောပြောခဲ့သည်များကို ထိုင်ကြည့်ခဲ့ကြသည်။ ဘုန်းတော်ကြီး ဂျက်ဆင်က သမ္မတနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နေရာအတော်များများ နိုင်ခဲ့၏။ သူနှင့် အပြိုင် ရွေးကောက်ပွဲဝင်သော မိုက်ကယ်လ်ဒူကားကစ္စက

အနိုင်ရသွားခဲ့သည်။ ရွေးကောက်ပွဲမဝင်မီကာလကဆိုလျှင် သူတို့မိသားတစ်စုလုံးမှာ မျှော်လင့်ချက်များ၊ ရင်ခုန်စိတ်လှုပ်ရှားမှုများ အပြည့်ရှိခဲ့ကြသည်။ ကျွန်မတို့ကမူ သူသည် ပန်းတိုင်သို့ ရောက်ရန် များစွာလိုသေးသည်ဟု သဘောပေါက်နေခဲ့ကြပါသည်။

နောက်ထပ် ကျွန်မနှင့် အဆက်အသွယ်မပြတ် ရှိခဲ့သူတစ်ဦးမှာ ဥပဒေပညာ သင်ကြားစဉ်က သူငယ်ချင်းဖြစ်သော ဗာနာဝီလျမ် ဖြစ်သည်။ သူကမူ ယခုအချိန်တွင် ကင်းဘရစ်ချ်၌ နေထိုင်သူဖြစ်သည်။ သူက ဘားရက်ကို သုံးလေးကြိမ်ခန့် တွေ့ဖူးပြီး ကျွန်မအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေသူပင်။ သို့သော် သူက ကျွန်မအားကျီစယ်လိုသဖြင့် အပြောကြီးသည့် ကျွန်မ ယခုတော့ ဆေးလိပ်သောက်တတ်သူ၏ ရင်ခွင်သို့ ဝင်ရတော့မည်ဟု ဆိုလေ့ရှိသည်။ နောက်တစ်ယောက်က အင်ဂျလာ ကနေဒီ ဖြစ်သည်။ သူက ကျွန်မကဲ့သို့ အရယ်သန်သဖြင့် နှစ်ယောက်သား ရယ်မဆုံး ရှိတတ်ကြသည်။ သူက နယူးဂျာစီတွင် ကျောင်းဆရာမလုပ်နေပြီး ကလေးတစ် ယောက်ရနေပြီ ဖြစ်သော်လည်း ပြိုလုလု အိမ်ထောင်ကို ထိန်းနေရသည်။ သူနှင့် ကျွန်မမှာ ကောလိပ်ကျောင်းသူဘဝ၊ မရင့်ကျက်ကြသေးမီကတည်းက ခင်ခဲ့ကြသူများဖြစ်သော်လည်း ယခုအခါတွင် သူရော ကျွန်မပါ လူကြီးများဖြစ်လာကြ၍ လူကြီးများအနေဖြင့် ပူပင်သောကရှိနေကြပြီဖြစ်သည်။ ထိုသို့ လူကြီးအနေဖြင့် ပူပင်သောက ရောက်ရခြင်းကပင်လျှင် ကျွန်မတို့အတွက် ရယ်စရာကောင်းနေပါသည်။

ပရင်စတန်ကောလိပ်တက်စဉ်က တစ်ခန်းတည်းနေခဲ့သော စူဇန်းနီးမှာလည်း လွတ်လပ်ပေါ့ပါးသော စိတ် ရှိ၏။ သူ့ဘဝအကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ ကျွန်မအား ရင်ဖွင့်တတ်သူဖြစ်သည်။ အစက သူနှင့်ကျွန်မ စကားမပြောဖြစ်ကြဘဲ ခပ်တန်းတန်း သာ ရှိခဲ့ကြသေးသည်။ ရင်းနှီးသွားကြသောအခါ ကျွန်မက သူ့ကို “စခရူဇီ” ဟု ခေါ်ပြီး သူက ကျွန်မကို “မစ်ချ်” ဟု ခေါ်၏။ အပြင်ကမ္ဘာသို့ ရောက်သွားကြသော အခါ သီးခြားစီဖြစ်သွားကြသည်။ သူက အစားကလပ်နှင့် ပါတီပွဲများ တက်လေ့ရှိသူ ဖြစ်ခြင်းကြောင့် သူ့အဝတ်ဟောင်းများကို ခုတင်အောက်တွင် ထိုးသွင်းထားတတ်သည်။ သို့သော် သူ့ကို ကျွန်မက ညီအစ်မရင်းသဖွယ် တွယ်တာခဲ့သည်။ သူ့ အကြောင်းကို ခရေစေ့တွင်းကျ မသိနိုင်တော့ဘဲ ခပ်ဝေးဝေးမှသာ အကဲခတ်ခွင့်ရပါ တော့သည်။ သူသည် တစ်ခါတစ်ရံတွင် စိတ်အနှောင့်အယှက်ဖြစ်စေသော်လည်း ရုပ်ကလေးချောချောနှင့် ချစ်ဖို့ကောင်းသည်။ ကျွန်မအတွက် အရေးပါသူတစ်ဦးလည်း ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် သူက ကျွန်မထံမှ အကြံဉာဏ် တောင်းတတ်သော်လည်း မည်သည့်အခါမျှ ကျွန်မအကြံပေးသည့်အတိုင်း မလုပ်ပါချေ။ “နာမည်မကျော်

တကျော် ပေါ့စတားတစ်ယောက်နဲ့ ရည်းစားထားရင် ကောင်းမလား”၊ “ဘာဖြစ်လို့လဲ၊ ကောင်းသားပဲ”ဟု အကြံပေးခဲ့လျှင် သူကလည်း သူထင်တာ လုပ်မည်သာ။ သူ့ကို ကျွန်မ စိတ်အပျက်ဆုံးဖြစ်ခဲ့ရသည်မှာ ကောလိပ်မှအောင်ပြီးနောက် တက္ကသိုလ် ဆက်မတက်တော့ခြင်းပင် ဖြစ်ပါသည်။ သို့သော် သူသည် နာမည်သိပ်မကြီးသော ကျောင်းတစ်ကျောင်းမှ MBA ဘွဲ့ရအောင် သင်ယူခဲ့ပါသည်။ ကျွန်မကမူ ထိုလုပ်ရပ်သည် လူပျင်းတစ်ယောက်၏ လုပ်ရပ်မျိုးဖြစ်သည်ဟုသာ မြင်မိပါသည်။

ဘားရက်နှင့် တွဲမိပြီး မကြာခင်တွင် ကျွန်မက စူဇန်းနီးအား ဆက်သွယ်ကာ ဘားရက်နှင့်အကြောင်း ပြောပြခဲ့သည်။ ကျွန်မ ရင်ခုန်ပျော်မြူးနေသည်ကို ကြားရသည့်အခါ သူလည်း ကျွန်မအတွက် ပျော်နေခဲ့သည်။ အပျော်များသည် လျှပ်စစ်ကဲ့သို့ စီးဆင်းသွားပုံရ၏။ သူ့တွင်လည်း ကျွန်မအား ပြောရန် သတင်းရှိနေခဲ့သည်။ သူက ကွန်ပျူတာကျွမ်းကျင်သူတစ်ယောက်အဖြစ် Federal Reserve တွင် တာဝန်ထမ်းဆောင် နေသဖြင့် ခရီးထွက်ရသည်ဟု ဆိုသည်။ ခရီးစဉ်က ရက်သတ္တပတ်မျှသာ မဟုတ်ဘဲ လနှင့်ချီ၍ ကြာတတ်သည်ဟု ဆို၏။ စူဇန်းနီးနှင့် သူ့အမေတို့သည် မကြာမီ ကမ္ဘာ လှည့်ခရီးစဉ်တစ်ခု ထွက်ကြရန် စီစဉ်ထားသည်ဟုလည်း ဆိုသည်။ ကောင်းပါလေ့။

ထိုစဉ်က စူဇန်းနီးသည် သူ့ခန္ဓာကိုယ်အတွင်း၌ ဝင်ရောက်တိုက်ခိုက်တော့မည့် ရောဂါဆိုးတစ်ခု ရှိနေပြီဆိုသည်ကို မသိခဲ့ပေ။ ၁၉၈၉ ခုနှစ် ဆောင်းဦးပေါက်တွင် ကျွန်မက စစ်ဒလီ၏ ငြီးငွေ့ဖွယ်ကောင်းသော ကွန်ဖရင့်များကို တက်ရောက်နေ ချိန်တွင် စူဇန်းနီးနှင့် သူ့မိခင်တို့သည် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေကြပြီဖြစ်သည်။ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ၏ တာ့ချ်မဟာသို့ ရောက်သွားကြပြန်သည်။ ကျွန်မ ကမူ နိစ္စဓူဝကိစ္စများနှင့် လည်ပတ်နေသည်။ လျှော်ပြီးသားအဝတ်များကို ဝင်ရွေး၊ လျူစစ်လမ်းမှ အိမ်ပြန်ချိန်တွင် ရွက်ကြွေများလမ်းပေါ်၌ ကြွေကျနေကြသည်။ ထိုအချိန်တွင် စူဇန်းနီးက ပူလောင်ပြင်းပြသော ရာသီဥတုရှိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သို့ ရောက်ရှိနေပြီး တုတ်တုတ်စီးနေသည်။ သူ ဘယ်ကိုရောက်နေပြီဆိုသည်မှာ ကျွန်မ၏ မှန်းဆချက်သာဖြစ်သည်။ သူကမူ သာကြောင်းမာကြောင်း သတင်းစကားပါးရန် ပို့စကတ်ကလေးတစ်ခုတလေပင် မပို့ခဲ့ပါချေ။ သူ အချိန်ရခိုက် ကမ္ဘာကြီးကို လှည့်ပတ်ကြည့်နေခဲ့သည်။

သူ့အိမ်ရှိရာ မေရီလဲန်ဒ်ပြည်နယ်သို့ ပြန်ရောက်ပြီးနောက် သူ ဆက်သွယ်နိုင်သော အချိန်တွင် စူဇန်းနီးက ကျွန်မအား ဆက်သွယ်လာသည်။ သူ့ရုပ်ရည်မှာ ကျွန်မ မယုံနိုင်လောက်အောင်ပင် ကျဆင်းနေခဲ့ပြီဖြစ်သည်။

“ငါ ... ကင်ဆာဖြစ်နေပြီတဲ့ဟာ၊ တော်တော်ပျံ့နေပြီတဲ့” သူ့အသံက

တိုးလျှက်။

ဆရာဝန်များစမ်းသပ်ချက်အရ ကင်ဆာရောဂါမှာ နေရာအတော်များများသို့ ပျံ့နေပြီဟု သိလိုက်ရသည်။ သူက တတ်နိုင်သမျှ ကုသမှုခံယူကြည့်မည်ဟု ဆိုသည်။ ဖုန်းမချမီတွင် သူ့မိခင်မှာလည်း စိတ်ထိခိုက်လွန်းသဖြင့် အိပ်ရာထဲလဲနေပြီဖြစ်ကြောင်း ပြောပြသွားသည်။

လောကကြီးက တရားပါ၏လောဟု ကျွန်မ တွေးကြည့်မိသည်။ သို့သော် ကျွန်မအတွက်မှာမူ အမြဲတစေ ကြိုးစားရုန်းကန်ခြင်းဖြင့် ကိစ္စအဝဝကို ရင်ဆိုင်ဖြေရှင်းနိုင်သေးသည်။ စူဇန်းနီး ကင်ဆာရောဂါရနေပြီဆိုသည်မှာ ကျွန်မဘဝအတွက် ချစ်သူခင်သူများထဲမှ ပထမဆုံး ကြားခဲ့ရဖူးသော သတင်းဆိုးဖြစ်သည်။ ပထမဆုံး အကြိမ် ကြားဖူးသော ရောဂါဆိုးဖြစ်၍ ကျွန်မရင်ထဲတွင် သံရိုက်ထားသကဲ့သို့ စွဲဝင်ခဲ့ပြီး အနာဂတ်တွင် တိုက်ဖျက်ရမည့် ရောဂါဆိုးတစ်ခုဟု မှတ်သားထားမိသည်။

သူနှင့် ကျွန်မ တိုင်ပင်ထားကြသည်က တစ်ယောက် မင်္ဂလာဆောင်လျှင် ကျန်တစ်ယောက်က အပျိုရံအဖြစ် ဆောင်ရွက်ပေးရန်ဖြစ်သည်။ ကျွန်မတို့ ခင်ပွန်းများသည် တစ်ဦးနှင့်တစ်ဦး အခြေအနေမတူ ကွာခြားကောင်း ကွာခြားနိုင်သော်လည်း သူတို့သည် ကျွန်မတို့ကို အကြောင်းပြုကာ ခင်မင်ရင်းနှီးကြလိမ့်မည်ဟု မျှော်လင့်မိကြပါသည်။ သားသမီးများ ရလာကြသည့်အခါ မိသားနှစ်စု ဂျမေကာသို့ အပန်းဖြေခရီး သွားကြမည်၊ သူနှင့်ကိုယ် သားသမီးများအား ထိန်းကျောင်းခြင်း အတွေ့အကြုံ ဖလှယ်ကြမည်၊ သူ့ကလေးများက ကျွန်မအား အဒေါ်တစ်ယောက်အဖြစ် သတ်မှတ် သကဲ့သို့ ကျွန်မကလေးများကလည်း သူ့အား အဒေါ်တစ်ယောက်အဖြစ် သတ်မှတ်ကြပေလိမ့်မည်။ ဤသို့ဖြင့် ကျွန်မတို့ ကြီးပြင်းကြမည်ဟု ထင်ခဲ့ကြသည်။ အဘွားကြီး များဖြစ်သည်အထိ ချစ်ခင်နေကြဦးမည်ဟု မျှော်လင့်ခဲ့ကြသည်။

လောကကြီးက ကျွန်မတို့ တွေးထားသကဲ့သို့ မဟုတ်ဘဲ သူ့တာဝန်ကို သူထမ်းဆောင်ခဲ့၏။

ကျွန်မအတွက် မှတ်သားလောက်သည့် အဖြစ်အပျက်များသည် ထိုနှစ် နွေနှင့် ဆောင်းဦးပေါက် ရာသီများတွင် ကြုံလိုက်ရသည်။ ကျွန်မက ရှေ့နေတစ်ယောက် ဖြစ်၍ ထုံးစံအတိုင်း ကိုယ့်အလုပ်နှင့်ကိုယ် အလုပ်များနေသည်။ ရှေ့နေဆိုသည်က လည်း အလုပ်များလေ ငွေရလေ မဟုတ်ပါလား။ အလုပ်က ရွေးစရာမရှိ၊ အလုပ်သာ ပဓာနဖြစ်သည်ဟုလည်း ကိုယ့်ကိုယ်ကို အားပေးရသည်။ ထို့ကြောင့် မနက်မိုးလင်းပြီ ဆိုသည်နှင့် ချီကာဂိုမြို့လယ်ကောင်သို့ ရောက်နေရပြီ ဖြစ်သည်။ စုရပ်မှာ One First National Plaza ပင်ဖြစ်သည်။ ခေါင်းငုံ့

လမ်းလျှောက်နေရင်း နာရီနှင့်အမျှ ရလာမည့်ငွေကိုသာ တွက်နေမိသည်။

စူဇန်းနီးကမူ မေရီလဲန်ဒ်တွင် သူ့ကင်ဆာရောဂါအတွက် ဆရာဝန်များ၏ ရက်ချိန်းများတွင် သွားပြ၊ ခွဲစိတ်ကုသမှုခံယူ စသဖြင့် ကြိုးစားလုပ်ဆောင်နေရင်း တစ်ဖက်ကလည်း ကင်ဆာရောဂါ ဖြင့်ပင် အိပ်ရာထဲလဲနေသော သူ့အမေကို ပြုစုနေရသည်။ ဆရာဝန်များက သူ့အမေ၏ ကင်ဆာရောဂါ ဖြစ်ပွားမှုမှာ စူဇန်းနီး၏ ရောဂါနှင့် မသက်ဆိုင်ဟုလည်း သုံးသပ်ကြပါသည်။ သူတို့သားအမိမှာ ကံဆိုးလှပါသည်။ ကျန်မိသားစုဝင်များကလည်း ဂရုမစိုက်၊ စူဇန်းနီးနှင့် ညီအစ်မဝမ်းကွဲတော်စပ်သော မိန်းကလေးနှစ်ဦးတို့ ကသာ သူတို့တတ်နိုင်သမျှ လုပ်ဆောင်ပေးကြသည်။ အင်ဂျလာ က နယူးဂျာစီမှ ကားဖြင့်လာကာ သူတတ်နိုင်သည့်ကိစ္စများကို လုပ်ဆောင်ပေးသည်။ သို့သော် သူ့မှာလည်း အလုပ်ကတစ်ဖက်၊ ကလေးကတစ်ဖက် ဖြစ်သည်။ ကျွန်မက ကျောင်းနေဖက် သူငယ်ချင်းတစ်ဦးဖြစ်သော ဗာနာအား အကူအညီတောင်းကြည့်သည်။ ကျွန်မတို့ ဟားဗတ်တက်စဉ်က ဗာနာနှင့် စူဇန်းနီးတို့ ခေတ္တ ဆုံဖူးကြပါသည်။ ကံကောင်းထောက်မစွာ ဗာနာက ဆီးလ်ဗားစပရင်းတွင် နေထိုင်သဖြင့် စူဇန်းနီးနှင့် ကားရပ်နားစခန်းတစ်ခုသာ ကွာဝေးပါသည်။

ဗာနာကို ကျွန်မက အကူအညီတောင်းခံခဲ့သော်လည်း တကယ်တမ်းပြောမည်ဆိုလျှင် ဗာနာကိုယ်တိုင်ကလည်း မကြာသေးခင်ကမှ သူ့ဖခင် ကွယ်လွန်သွားသဖြင့် ဝမ်းနည်းပူဆွေးနေသူ ဖြစ်သည်။ သို့သော် ဗာနာက မိတ်ဆွေကောင်းတစ်ယောက်ပင် ဖြစ်တော့သည်။ မေလ၏ တစ်ခုသောရက်တွင် ကျွန်မရုံးသို့ ဖုန်းဆက်သွယ်လာသည်။

“ငါ သူ့ဆံပင်တွေကို ဖြီးချလိုက်တယ်”ဟု ဆိုလာသည်။

စူဇန်းနီးမှာ ဆံပင်များကျွတ်နေသူဖြစ်၍ နေ့စဉ်နှင့်အမျှ ကျွန်မကို ဖုန်းဆက်တိုင်း ပြောလေ့ရှိသည်။ သို့သော် ကျွန်မက သူ့အား အမှန်အတိုင်း မပြောပြဘဲ ဖုံးဖုံးဖိဖိသာ ပြောခဲ့သည်။ ကျွန်မကိုယ်တိုင်ကလည်း ဒီလိုဖြစ်ချင်မှ ဖြစ်မှာပါဟု ဖြေတွေး, တွေးထားခြင်းကြောင့် ဖြစ်သည်။ စူဇန်းနီး၏ ကျန်းမာရေးသည် ပြန်ကောင်း လာကောင်း လာနိုင်သည်ဟုလည်း ကျွန်မက မျှော်လင့်မိသည်။ အခုတော့ဖြင့် အန ဗာနာ ပြောစကားအရဆိုလျှင် မျှော်လင့်ဖွယ် မရှိတော့ပြီ။

ဇွန်လတွင် အင်ဂျလာက ကျွန်မအား ဖုန်းဆက်လာသည်။ သူက လိုတိုရှင်းပင် ပြော၏။ “မစ်ချ်... နင်ကိုယ်တိုင် လာမလား၊ လာရင် ကောင်းမယ်ထင်တယ်” ဟု ဆိုသည်။

ထိုအချိန်က စူဇန်းနီးမှာ ဆေးရုံသို့ ရောက်ရှိနေပြီဖြစ်သည်။ စကားပြောရန်ပင် ခွန်အားမရှိတော့ပေ။ သတိမှာလည်း ရတစ်ချက်၊ မရတစ်ချက် ဖြစ်နေပြီ

ဖြစ်သည်။ ကျွန်မ ငြင်းနိုင်စွမ်းမရှိတော့ပါ။ တယ်လီဖုန်းချလိုက်ပြီးနောက် လေယာဉ် လက်မှတ် လှမ်းဝယ်လိုက်သည်။ ရောက်လျှင်ရောက်ချင်း အငှားယာဉ်တစ်စီး ငှားရမ်းကာ ဆေးရုံသို့ တန်းလာခဲ့သည်။ ဓာတ်လှေကားဖြင့် တက်လာခဲ့သည်။ ခန်းမကျယ်မှ တစ်ဆင့် စူဇန်းနီးရှိနေမည့် အခန်းသို့ လျှောက်လာခဲ့ရာ ခုတင်ပေါ်တွင် လဲလျောင်းနေ သည်ကို တွေ့ရ၏။ အင်ဂျလာနှင့် သူနာပြုဝမ်းကွဲညီမတစ်ဦးတို့က စောင့်ကြည့်နေကြသည်။ မည်သူမျှ စကားမပြောသဖြင့် တစ်ခန်းလုံးမှာလည်း တိတ်ဆိတ်နေသည်။ စူဇန်းနီး၏ မိခင်ဖြစ်သူမှာ လွန်ခဲ့သည့် ရက်အနည်းငယ်ကပင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ ယခု စူဇန်းနီးကလည်း ကိုမာ ဝင်နေပြီ ဖြစ်၏။ အင်ဂျလာက ကျွန်မ နားနေနိုင်ရန်အတွက် သူ့ခုတင်နံဘေးတွင် ခုတင်တစ်လုံး စီစဉ်ပေး၏။

ကျွန်မ စူဇန်းနီးကို စူးစူးစိုက်စိုက်ပင် ကြည့်နေမိသည်။ သူ့မျက်နှာကလေး မှာ နှလုံးသားပုံဟု ဆိုရလောက်အောင် မေးရိုးသွယ်သွယ်နှင့် ဖြစ်သည်။ အသားအရေ မှာ အနီရောင်သန်းသော အညိုရောင် ဖြစ်၏။ ငယ်စဉ်က သူ့ပါးပြင်တို့မှာ ချောမွတ်ခဲ့ပြီး ခန္ဓာကိုယ်အချိုးအစားမှာလည်း မိန်းမတိုင်း တပ်မက်လောက်သည့် အချိုးအစား ပင် ဖြစ်သည်။ သူ့နှုတ်ခမ်းများကလည်း လှပပါသည်။ ယခုတွင်မူ ထိုအလှအပတို့သည် ကင်ဆာရောဂါ၏ တိုက်စားမှုကြောင့် ကွယ်ပျောက်ခဲ့ရပြီး သူ့ခေါင်းပေါ်တွင် ကျန်နေသေးသော ဆံပင်များကမူ နက်မှောင်သန်စွမ်းနေဆဲပင် ဖြစ်သည်။ တစ်စုံတစ် ယောက်က စူဇန်းနီး၏ ကျန်ဆံပင်များကို နှစ်ဖက်ခွဲကာ ဆံကျစ်ကျစ်ပေးထားရာ ခါးလောက်နီးနီး ရှည်သည်ကို တွေ့ရ၏။ ငယ်စဉ်က အပြေးသန်ခဲ့သော စူဇန်းနီး၏ ခြေထောက်တို့သည် ဖုံးလွှမ်းထားသော စောင်အောက်သို့ ရောက်ရှိနေပြီ။ ငယ်ရွယ်နေ ဆဲ၊ ချစ်စရာကောင်းနေဆဲ၊ လှပနေဆဲ အသက် ၂၆ နှစ်အရွယ်သာ ရှိသေးသည့် ကျွန်မ သူငယ်ချင်းသည် ခဏတစ်ဖြုတ် အိပ်မောကျနေခြင်းသာ ဖြစ်ပေလိမ့်မည်။

စောစောစီးစီး မလာဖြစ်ခဲ့ခြင်းအတွက် ကျွန်မ နောင်တရမိသည်။ သူနှင့်ကျွန်မ ဆက်ဆံရေးတွင် စီးဆောက်ခဲ့သို့ နိမ့်ချည်မြင့်ချည် ရှိခဲ့သည်ကိုလည်း သတိရမိပါသည်။ ထိုစဉ်က သူလုပ်သည်များကို မှားသည်ဟု ကျွန်မ ယူဆချိန်တွင် သူ့ဘက် က သူ့အတွေးနှင့် မှန်နေမည်သာ ဖြစ်ပါသည်။ ကျွန်မက ကျွန်မ အကြံဉာဏ်ပေး သည်ကို မလိုက်နာသည့်အတွက် စိတ်ဆိုးခဲ့ခြင်းသာ ဖြစ်ပါ၏။ သူ ဘွဲ့တစ်ခုရပြီး အလုပ်တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေပြီဟု သိရသောအခါ ကျွန်မ ဝမ်းသာခဲ့သည်။ ကျွန်မအား တိုင်ပင်ခဲ့သော အဆိုကျော်တစ်ယောက်နှင့် သူ တစ်ပတ်ခန့် လူမြင်ကွင်းမှ ပျောက်သွားခဲ့ဖူးသည်။ သို့သော် ပြန်ပေါ်လာသည့်အခါ သူတစ်ယောက်တည်းပင် ဖြစ်သည်။ နောက်ဆုံး၌ သူသည် မိခင်နှင့်အတူ ကမ္ဘာကျော် အချစ်ဗိမာန်ဟု တင်စား ကြသည့် တာ့ချ်မဟာကို

ရောက်ဖူးသွားခဲ့သည်။ သူ အသက်ရှင်ခဲ့သည်မှာ ကျွန်မထက် အဓိပ္ပာယ်ပြည့်ဝခဲ့သည်ဟု ဆိုရပါမည်။

ထိုနေ့က ကျွန်မ သူ့လက်ကိုကိုင်ကာ သူ့ရင် နိမ့်ချည်မြင့်ချည်နှင့် ခက်ခဲစွာ အသက်ရှူနေသည်ကို ကြည့်နေမိသည်။ အသက်ရှူနေသော်လည်း တစ်ချက်နှင့်တစ်ချက် ကြားတွင် ရပ်တန့်သွားသော အချိန်များလည်း ရှိလာခဲ့သည်။ သူနာပြုဆရာမက ကျွန်မတို့ကို ခေါင်းတစ်ချက်ညိတ်ပြသွားခဲ့သည်။ မျှော်လင့်ထားကြသည့်အချိန် မကြာမတင် ရောက်ရှိလာတော့မည် ဖြစ်သည်။ စူဇန်းနီး ထွက်ခွာသွားတော့မည်။ ကျွန်မ အသိစိတ်အားလုံး မှောင်ကျသွား၏။ ဘာမျှ မတွေးခေါ်နိုင်တော့။ လူတစ်ယောက်၏ နောက်ဆုံးအချိန်ကို ကျွန်မ တွေ့မြင်နေရပြီ။ ထိုစဉ်က ကျွန်မ ရူးသွားနိုင်သည်ဟုပင် တွေးခဲ့ပါသည်။

အသက် ၂၆ နှစ်အရွယ်တွင် နာမကျန်းဖြစ်ကာ လူလောကကြီးမှ စူဇန်းနီး ထွက်ခွာသွားရသည်မှာ မတရားဟု ထင်ပါသည်။ သို့သော် လောကကြီးက သူထမ်းဆောင်ရမည့် တာဝန်များကို ထမ်းဆောင်နေခြင်းသာဖြစ်သည်။

အေးစက်အရုပ်ဆိုးစွာဖြင့် ကျွန်မသူငယ်ချင်းကို ခေါ်ဆောင်သွားတော့သည်။ သူ့ရုပ်ကလာပ်ကို ဆေးရုံခန်းတွင်း၌ ထားရှိကာ ကျွန်မ ကျောခိုင်းထွက်ခွာလာစဉ် အတွေးတစ်ခု ဝင်လာမိသည်။ “သူကတော့ သွားပြီ၊ ငါကတော့ ဒီမှာ ကျန်နေသေးတယ်”ဟု ဖြစ်သည်။ သူ့အခန်း အပြင်ဘက် လျှောက်လှမ်းလာခဲ့စဉ် အသက်အိုမင်းပြီး နာမကျန်းဖြစ်နေပုံရသော သူတချို့ကို တွေ့ရသည်။ သူတို့သည် စူဇန်းနီးထက် အသက်များစွာ ကြီးကြပြီး ပို၍လည်း နာမကျန်းပုံရသည်။ ကျွန်မ ချီကာဂိုသို့ လေယာဉ်ဖြင့် ပြန်လာလိုက်သည်။ ရှုပ်ထွေးနေသော အမြန်လမ်းမကြီးပေါ် ကားမောင်းလာခဲ့ပြီး ဓာတ်လှေကားမှတစ်ဆင့် ကျွန်မရုံးခန်းရှိရာသို့ တက်လာလိုက်သည်။ ကျွန်မ မြင်သမျှ လူများမှာ ပျော်ရွှင်နေကြပုံရပြီး ကားမောင်းသူက မောင်း၊ လမ်းပေါ်မှာ လမ်းလျှောက်သူက လျှောက်၊ နွေရာသီဝတ်စုံများဖြင့် ကော်ဖီဆိုင်များထဲတွင် ထိုင်သူများက ထိုင်၊ အလုပ်စားပွဲတွင် အလုပ်လုပ်နေကြ သူများက လုပ် ရှိနေကြသည်။ သူတို့အားလုံးသည် စူဇန်းနီးဆိုသည့် မိန်းကလေးတစ်ဦး လူ့လောကကြီးမှ ထွက်ခွာသွားသည်ကို မည်သူမျှ မသိကြပေ။ ထိုနည်းတူ သူတို့သည်လည်း အချိန်မရွေး သေသွားနိုင်သည်ကို သတိရမိကြပုံ မပေါ်ပေ။ သေခြင်းတရားသည် အချိန်မရွေး ရောက်လာနိုင်သည်။ လူတွေအားလုံး အသက်ရှင်လှုပ်ရှားနေနိုင်ပါလျက် ကျွန်မသူငယ်ချင်း စူဇန်းနီးတစ်ယောက်သာ လူ့လောကကြီးက ထွက်ခွာသွားခြင်းပါလား။

※※※

ထိုနှစ် နွေရာသီမှစတင်ကာ ဂျာနယ်(ဒိုင်ယာရီ)ရေးသည့် အကျင့်ကို အကျစတင် ခဲ့သည်။ အဖုံးကို ပိတ်စနှင့် ချုပ်ထားသော ဂျာနယ်တစ်အုပ် ဝယ်ခဲ့သည်။ အဖုံးတွင် ခရမ်းရောင်ပန်းပွင့်ကလေးများပါဝင်ပြီး ထိုစာအုပ်ကို ကျွန်မခုတင်နံဘေးမှာပင် ထားလိုက်သည်။ အလုပ်ကိစ္စဖြင့် ခရီးသွားရသည့်အခါများ၌လည်း ထိုစာအုပ်ကလေး ကို ကျွန်မ ယူသွားသည်။ သို့သော် ကျွန်မမှာ နေ့စဉ် ရေ ရေးသွင်းလေ့ရှိသူ မဟုတ်ပေ။ တစ်ပတ်တစ်ကြိမ်ရေးသူလည်း မဟုတ်။ အလုပ်အကိုင်မ င်များနှင့် နပန်းလုံး၊ စိတ်ရှုပ်နေသည့်အခါများမှသာ ဖောင်တိန်ကောက်ကိုင်ကာ ရေးတတ်သူဖြစ်သည်။ အနည်းငယ်ကောက်ရေးပြီးလျှင်လည်း နောက်ထပ်ရက်သတ္တပတ်များ ပတ်များစွာ လနှင့်ချီ၍မရေးဖြစ် တော့ပါ။ ကျွန်မ၏ ပင်ကိုသဘောသဘာဝမှာ မိမိကိုယ်မိ ကိုယ်မိမိပြန်လည်ဆန်းစစ်သုံးသပ် သူ မဟုတ်ပေ။ ထို့ကြောင့် မိမိလှုပ်ရှားမှုများကိုမှတ်တမ်းတင် ရေးသားရမည် ဆို သည်မှာ ကျွန်မအတွက် ထူးခြားသောကိစ္စဖြစ်နေသည်။ ထိုကိစ္စမှာ ဘားရက်ကို အားကျရာမှ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ သူက နေ့စဉ်မှတ်တမ်းရေးသွင်းကာ သူ့ ကိုယ်သူ ဝေဖန်ဆန်းစစ်ကြည့်တတ်သူဖြစ်သည်။ သူ ထိုသို့ ကျင့်သုံးလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်တွင် သူ ချီကာဂိုသို့ ပြန်လာသည်။ သည်တစ်ကြိမ်တွင် သူက အခန်းမငှားတော့ဘဲ လျှူးစစ်ရှိ ကျွန်မအခန်းသို့သာ တန်းလာခဲ့သည်။ ကျွန်မတို့နှစ်ယောက် ပိုမိုနီးကပ်စွာ နေထိုင်ရင်းတစ်ယောက်နှင့်တစ်ယောက် လေ့လာကြမည် ဟူသည့် အဓိပ္ပာယ်ကိုလည်း ဆောင်ပါသည်။ ဤသို့ နေခြင်းအားဖြင့် သူ့ အကျင့်၊ ကိုယ့်အကျင့်တို့ကို တစ်ယောက်နှင့်တစ်ယောက် ပိုသိလာနိုင်မည်။ ထို့ပြင် ဘားရက်အနေဖြင့် ကျွန်မမိသားစုဝင်များနှင့် ပိုမိုနီးကပ်ကာ နားလည်မှုရစေချင်သည်။ အဖေ အလုပ်မှပြန်လာလျှင် ဘားရက်က အဖေနှင့် အားကစားအကြောင်း ပြောသည်။ အမေ ဈေးဝယ်ပြီး ကားနှင့်ပြန်လာလျှင် ကားခန်းမှ မီးဖိုဆောင်အထိ ဝယ်ယူလာသောပစ္စည်းများကို ကူညီသယ်ပေးသည်။ သူ ထိုသို့ လုပ်ကိုင်ပေးနေသည်များကို မြင်ရသောအခါ ကြည်နူးမိသည်။ ခရိတ်က ဘားရက်ကို လေ့လာသုံးသပ်ခဲ့သည်။ အလုပ်အားရက်များတွင် သူတို့နှစ်ယောက်က သူငယ်ချင်းများနှင့် ဘတ်စကက်ဘော သွားကစားကြသည်။ သူငယ်ချင်းအများစုမှာ တက္ကသိုလ်များတွင် ဘတ်စကက်ဘောကစားကြသူများ ဖြစ်ကြသည်။ ကျွန်မတိုက်တွန်းမှုကြောင့် ခရိတ်က သူ့ကို ခေါ်သွားခြင်းလည်း ဖြစ်သည်။ ဘားရက်အပေါ် ခရိတ်အမြင်မှာလည်း ကျွန်မအတွက် အရေးပါလှပါသည်။ ခရိတ်က လူကဲခတ်တော်သူ ဖြစ်ခြင်းကြောင့် တစ်ကြောင်းလည်း ဖြစ်သည်။ ခရိတ်က

အားကစားသမားဖြစ်၍ ကစားကွင်း၌ ကစားပုံကို ကြည့်ကာ အကဲခတ်တတ်သူ ဖြစ်၏။ ဘားရက်က ခရိတ်၏ စာမေးပွဲကို အောင်မြင်သွားခဲ့၏။ ကျွန်မအစ်ကိုက ပြန်ပြောပြသည်မှာ ဘားရက်သည် ကစားကွင်း အတွင်း၌ နူးညံ့သည်။ ဘယ်အချိန်တွင် သူတစ်ပါးထံသို့ ဘောလုံးပစ်ပေးရမည်ကို နားလည်သကဲ့သို့ သူ လွတ်လပ်နေသောအခါများတွင် ကိုယ်တိုင်ဂိုးသွင်းရန်လည်း ဝန်မလေးသူ ဖြစ်သည်ဟု ဆိုသည်။ "သူက တစ်ကိုယ်ကောင်းစိတ် မရှိဘူး။ ဉာဏ် ကောင်းတယ်"ဟု ခရိတ်က မှတ်ချက်ချသည်။

ဘားရက်က နွေရာသီ အလုပ်သင်အလုပ်ကို ဥပဒေအကျိုးဆောင်လုပ်ငန်း တစ်ခု၌ လုပ်ရန် သဘောတူလိုက်သည်။ သူအလုပ်ဝင်မည့် လုပ်ငန်းမှာ မြို့ထဲတွင်ရှိပြီး ကျွန်မရုံးနှင့်လည်း နီးသည်။ သို့သော် သူ ချီကာဂိုတွင် နေခွင့်ရသောအချိန်မှာ တိုတောင်းလှပါသည်။ သူ့ကို Harvard Law Review ထုတ်ဝေရေးအတွက် ဥက္ကဋ္ဌ အဖြစ် ရွေးချယ်လိုက်ကြသည်။ သို့ဖြစ်ရာ သူသည် လာမည့် စာသင်နှစ်အတွင်း စာမျက်နှာသုံးရာခန့် ပါဝင်သောစာအုပ် လေးကြိမ် ထုတ်ဝေနိုင်ရေးကို ဆောင်ရွက်ရ မည်ဖြစ်၍ ကင်းဘရစ်ချ်သို့ စောစောပြန်ရခြင်း ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ထိုရီဗျူး စာအုပ်ထုတ်ဝေရေး၏ ဥက္ကဋ္ဌဖြစ်ရေးကို နှစ်စဉ် အပြိုင်အဆိုင် ဖြစ်တတ်ကြသည်။ အယ်ဒီတာအဖြစ် ဆောင်ရွက်ကြမည့် ကျောင်းသား ရှစ်ဆယ်တို့က မဲပေးရွေးကြရသည်။ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံရသူသည် ရောမအောင်ပွဲ ရရှိခြင်းပင် ဖြစ်၏။ ရီဗျူးထုတ်ဝေလာခဲ့သည့် နှစ်ပေါင်း ၁၃၀ အတွင်း ဘားရက်သည် ပထမဆုံးရွေးချယ်တင်မြှောက်ခံရသော အာဖရိကန် - အမေရိကန်တစ်ယောက် ဖြစ်နေပြန်သည်။ ထို အောင်မြင်မှုအတွက် နယူးယောက်တိုင်းမ် သတင်းစာကြီးကပင်လျှင် တကူးတကန့် ရေးသားဖော်ပြရာ ဘားရက်၏ ပြုံးနေသောဓာတ်ပုံကိုပါ ဖော်ပြခဲ့သည်။

တစ်နည်းပြောရလျှင် ကျွန်မချစ်သူသည် အောင်မြင်မှုကြီးစွာ ရခဲ့ပါသည်။ သူကျောင်းပြီးသွား၍ လုပ်ငန်းခွင်ဝင်မည် ဆိုပါက ဥပဒေအကျိုးဆောင်လုပ်ငန်းများ က လခ မတန်တဆ ပေးကြပေလိမ့်မည်။ သို့သော် ဘားရက်က အထူးပြု ဘာသာရပ် အဖြစ် နိုင်ငံသားအခွင့်အရေးဆိုသည့် ဘာသာရပ်ကို သင်ယူမည်ဟု ဆိုသည်။ ထိုဘာသာရပ်ကို အထူးပြုအဖြစ်ယူပါက သူ့အနေဖြင့် နိုင်ငံတော်မှ ပညာသင်စရိတ် ချေးထားငွေကို နှစ်ကာလရှည်ကြာစွာ ပေးဆပ်ရမည် ဖြစ်သည်။ သူ့ပတ်ဝန်းကျင်မှ မိတ်ဆွေများက ယခင် ဥက္ကဋ္ဌများကဲ့သို့ တရားလွှတ်တော်ဝင်နိုင်သည့် ဘာသာရပ်မျိုး ကိုသာ အထူးပြုအဖြစ် သင်ယူရန် တိုက်တွန်းကြသည်။ သို့သော် ဘားရက်က အခြား ခေါင်းစဉ်များကို စိတ်မဝင်စားဟု ဆိုသည်။ သူက ချီကာဂိုတွင် အခြေချနေထိုင်ကာ အမေရိကန်ပြည်ထောင်စုအတွင်း၌ နေထိုင်ကြသော လူမျိုးများအကြောင်း

စာအုပ်ရေး သားလိုသည်ဟု ဆိုသည်။ ဘားရက်သည် သာမန်အမှုမျိုးကို လိုက်ကာ ငွေရှာမည့် အစား အများအကျိုးလုပ်ရန်သာ ရည်ရွယ်သူဖြစ်၍ ကျွန်မအမြင် ပြောရလျှင် အလွန် အံ့အားသင့်ဖွယ်ကောင်းသော ဆုံးဖြတ်ချက်ပင် ဖြစ်သည်။ သူသည် သူ့ပန်းတိုင်ကို မယိမ်းမယိုင် ရောက်အောင်သွားမည့်သူပင် ဖြစ်သည်။

သူ့မွေးရာပါ စိတ်ဓာတ်သည် အားကျဖွယ် ကောင်းလှပါသည်။ သို့သော် ရိုးရိုးသားသားပြောရပါလျှင် ထိုပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရန်မှာ ခက်ခဲနိုင်ပါသည်။ ကျွန်မအတွက်မှာမူ ခုတင်ပေါ်တွင် အတူတူအိပ်လျှင်ဖြစ်စေ၊ မနက်စာ အတူစားရန် စားပွဲ၌ ထိုင်သည့်အခါ ဖြစ်စေ၊ သူက တက်တက်ကြွကြွပြော နေသည်ကို နားထောင်နေရသည်။ သူ့ရည်မှန်းချက်နှင့် ကျွန်မ ရည်မှန်းချက် နှိုင်းယှဉ် လိုက်ပါက ကွာခြားလွန်းလှသည်။

ထို့ကြောင့် ကျွန်မ ဂျာနယ်၏ ပထမဆုံးစာမျက်နှာတွင် ချရေးမိသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

တစ်။ ကျွန်မဘဝ ခြေလှမ်းတွေ ဘယ်ကိုလှမ်းရမလဲ မသိတော့ စိတ်ရှုပ် မိတယ်။ ဘဝမှာ ဘယ်လိုလူ ဖြစ်ချင်တာလဲ။ ကမ္ဘာကြီးကို ဘယ်လိုပေးဆပ်နိုင်မှာလဲ။

နှစ်။ ကျွန်မ ဘားရက်ကို တစ်သက်တာအတွက် ရည်ရွယ်ခဲ့ပါပြီ။ သူ့အတွေး၊ သူ့ခြေလှမ်းတွေကို မီဖို့ ကျွန်မကိုယ်ကျွန်မ ပြုပြင်ရဦးမည် ဟု ဖြစ်သည်။

ပန်းပွင့်များပုံ အဖုံးပါဝင်သော ထိုစာအုပ်ကလေးမှာ ယခုဆိုလျှင် နှစ်ပေါင်း နှစ်ဆယ်ခန့် ရှိခဲ့ပြီ ဖြစ်သည်။ လှုပ်ရှားမှု အတော်များများကို မှတ်တမ်းတင်နိုင်ခဲ့သည်။ အိမ်ဖြူတော်၌လည်း ကျွန်မ အဝတ်လဲခန်းထဲမှာပင် ရှစ်နှစ် ကြာခဲ့သည်။ ယခု ကျွန်မတို့ အိမ်အသစ်ရောက်မှ သေတ္တာငယ်ကလေး အတွင်းမှ ထုတ်ကာ ရှေ့နေပေါက်စဘဝက မှတ်တမ်းတချို့ကို ပြန်ဖတ်မိသည်။ ထိုစာကြောင်းများကို ဖတ်မိသည့်အခါ ကိုယ့်ကိုယ်ကို ဘာပြောချင်ခဲ့သည် ဆိုသည်ကို ပြန်တွေးနေမိ၏။ အဓိပ္ပာယ်မရှိသော စကားတစ်ခွန်းမျှ မပြောခဲ့မိ၊ မရေးခဲ့မိပါချေ။ အမှန်စင်စစ် တွေးကြည့်ပါက ရိုးရိုးကလေးသာ။ ပထမအချက်မှာ ရှေ့နေဖြစ်လာရခြင်းအတွက် ကျွန်မကိုယ်ကျွန်မ မုန်းမိသည်။ တကယ်တမ်းတွင် ရှေ့နေအလုပ်သည် ကျွန်မစရိုက် နှင့် လိုက်ဖက်ညီခြင်း မရှိပါ။ ထိုအလုပ်နှင့် ကျွန်မ သင့်တော်မှု အလျှင်းမရှိခဲ့။ ရှေ့နေအလုပ်တွင် ကျွန်မ တော်သည်ဟု ပြောကြသော်လည်း တကယ်တမ်းတွင်မူ ကျွန်မ ခေါင်းထဲ၌ ဘာမျှမရှိ၊ အခွံသက်သက်သာ ဖြစ်သည်။ ယခုကဲ့သို့ ဝန်ခံပြော ကြားရခြင်းသည်ပင်လျှင် အတော်စိတ်ပျက်စရာ ကောင်းလှပါသည်။ တကယ်တမ်း တွင် ကျွန်မသည် လမ်းလွဲလိုက်ခဲ့သူတစ်ဦးသာ ဖြစ်ပါသည်။

ဒုတိယအချက်မှာ ကျွန်မသည် နက်ရှိုင်းစွာ၊ ပျော်ဝင်စွာ လူတစ်ယောက်ကို ချစ်ခဲ့မိပြီး ထိုသူက ရည်မှန်းချက်ကြီးမားသူ၊ ဉာဏ်ရည်ထက်မြက်သူဖြစ်၍ သူ့ကို ချစ်နေရခြင်းနှင့်ပင် ကျွန်မရည်မှန်းချက်များမှာ သူနှင့် ထပ်တူ ဖြစ်သွားပုံရပါသည်။ ပင်လယ်ပြင်တွင် တလိမ့်လိမ့်တက်လာသော လှိုင်းလုံးများကဲ့သို့ သူ့ကိုချစ်သည့် ချစ်စိတ်များသည် တလိမ့်လိမ့် တက်လျက်သာ ရှိနေခဲ့ပါသည်။ ထိုလှိုင်းတံပိုးများ အောက်မှ ကျွန်မ မည်သည့်အခါမျှလည်း ရုန်းထွက်လိမ့်မည် မဟုတ်ပေ။ ထိုအချိန် ကတည်းက သူ့ကိုချစ်ခဲ့သော စိတ်ဖြင့်သာ နစ်မွန်းနေခဲ့ခြင်းကြောင့် ကျွန်မခြေထောက် နှစ်ချောင်းပေါ်တွင် ကိုယ့်ခွန်အားဖြင့် ရပ်တည်နိုင်ရေးကို မည်သည့်အခါ ကမျှ မကြိုးစားမိတော့ပေ။

ဆိုလိုသည်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း တခြားတစ်ခုခု မရှာမိတော့ ခြင်းပင် ဖြစ်သည်။ ဘာဖြစ်ချင်တာလဲ၊ ဘာလုပ်ချင်တာလဲဟု မိမိကိုယ်မိမိ မေးကြည့်သည့်အခါ များတွင်လည်း ရေရာသည့်အဖြေ ထွက်မလာခဲ့ပေ။ ကျွန်မ ကျောင်းတက်နေစဉ် ကာလများကတည်းက ကျွန်မ ဘာဖြစ်ချင်သည်ဟု စွဲစွဲမြဲမြဲ စိတ်ထဲတွင် မရှိခဲ့။ လူငယ်တစ်ယောက်အနေဖြင့် ဘာကို ဝါသနာပါသည်ဟုလည်း မည်သည့် ကိစ္စကိုမျှ စိတ်မဝင်စားခဲ့။ ဘားရက်ကမူ ကျွန်မနှင့်မတူ။ ငယ်ငယ်ရွယ်ရွယ် ကတည်းက စည်းရုံးရေးမှူးလုပ်ခဲ့သူဖြစ်၍ သူ ဘာကို စိတ်ဝင်စားသည်ဆိုသည်ကို သူ့ကိုယ်သူ သိခဲ့သည်။ ထို့ပြင် ကောလိပ်ကျောင်းမှ ပြီးပြီးချင်း မဟာတ္တန်မှ စီးပွားရေး လုပ်ငန်းတစ်ခု၏ သုတေသနသမားတစ်ယောက်အဖြစ် အလုပ်ဝင်လုပ်ခဲ့သေးသည်။ ထို့ကြောင့် သူသည် လူအမျိုးမျိုး စိတ်အထွေထွေ ရှိတတ်သည်ကို သိရှိလာခဲ့သည်။ ကျွန်မကမူ တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ဝန်လေးသူ ဖြစ်သည်။ လူအများ လေးစားမှုခံယူလိုသူ၊ လစဉ် ပေးဆောင်ရမည့် ကုန်ကျစရိတ် များကို မှန်မှန်ပေးဆောင်နိုင်သူသာ ဖြစ်လိုပါသည်။ ထို့ကြောင့်ပင် ထွေထွေထူးထူး စဉ်းစားခြင်းမပြုတော့ဘဲ ဥပဒေပညာကိုသာ ဆက်လက်သင်ကြားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အချိန်ကာလ တစ်နှစ်အတွင်းမှာပင် ကျွန်မဘဝထဲသို့ ဘားရက် ဝင်ရောက် လာခဲ့ပြီး စူဇန်းနီးက လောကကြီးမှ ထွက်ခွာသွားခဲ့သည်။ ထို အတွေ့အကြုံနှစ်ခုမှာ ကျွန်မအတွက် အလှည့်အပြောင်းဟု ဆိုနိုင်ပါသည်။ ရုတ်တရက် ကွယ်လွန်သွား ခဲ့သော စူဇန်းနီးကြောင့် ကျန်ရှိနေသေးသော ဘဝသက်တမ်းတွင် အဓိပ္ပာယ်ရှိစွာ၊ ပျော်ရွှင်စွာ ဖြတ်သန်းလိုပါသည်။ သူနှင့် ပတ်သက်မိခါမှ တွေးစရာများ ပေါ်ပေါက် လာစေခြင်းကြောင့် ကျွန်မ တွေဝေခဲ့ရသဖြင့် ဘားရက်ကိုသာ စိတ်တိုမိပါသည်။ "အကယ်၍ ကျွန်မဘဝမှာ ကျွန်မဘာဖြစ်ချင်တာလဲ၊ ဘာတွေက ထိခိုက်နာကျင်စေ ခဲ့တာလဲလို့ အဆက်မပြတ် မေးနေတဲ့သူသာ ကျွန်မအနားမှာ မရှိခဲ့ဘူးဆိုရင် ကိုယ့်ဆုံး ဖြတ်ချက်နဲ့ကိုယ်ရော သွားနိုင်ပါ့မလား" ဟု ကျွန်မ ဂျာနယ်ထဲတွင်

ချရေးခဲ့မိသည်။

ကျွန်မ ဘာလုပ်ရမည်နည်း။ ကျွန်မတွင် မည်သို့သော အရည်အချင်း လိုအပ်နေသနည်း။ ကျောင်းဆရာမ လုပ်ရမည်လော။ ကောလိပ်တစ်ခုခုတွင် အုပ်ချုပ်ရေးဆိုင် ရာဝန်ထမ်း လုပ်ရမည်လော။ ကျောင်းဆင်းလာသည့် ကလေးများကို မိဘများက မစောင့်ရှောက်နိုင်သေးခင် အချိန်အတွင်း ထိန်းကျောင်းပေးသည့်အလုပ်ကို လုပ်ရမည် လော။ ထိုအလုပ်မှာ ပရင်စတန်ကောလိပ်တက်နေစဉ်က ကျွန်မ လုပ်ခဲ့ဖူးသည်။ အလုပ်တစ်ခုခု ရချင်သည်၊ ထိုအလုပ်မှာ ကျွန်မလုပ်ချင်သော လုပ်အားပေးအလုပ်များ လုပ်နိုင်ရန်အတွက် အချိန်ပိုရသောအလုပ်လည်း ဖြစ်စေချင်သည်၊ သို့တည်းမဟုတ် အနုပညာအလုပ်တွေကို သုံးသပ်နိုင်လောက်သည့်အချိန် ရချင်သည်။ ကျွန်မက အမြတ်အစွန်းမရှိသော ဖောင်ဒေးရှင်းအလုပ် တစ်ခုကိုလည်း လုပ်ချင်ပါသေးသည်။ လူစဉ်မမီ ဖြစ်နေသောကလေးများကို ကူညီစောင့်ရှောက်ပေးချင်သည်။ ကျွန်မလုပ်ချင်သော၊ လုပ်နိုင်သောအလုပ်များကို စာရင်းချရေးကြည့်သည်။ ပညာရေး၊ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်များကိစ္စ၊ လူမည်းများအရေးကိစ္စ။ ထိုအလုပ်များကို လုပ်ကိုင်လျှင် လစာထဲမှ ပေးရန်ရှိသည်များကို ဖြတ်တောက်မည့် ကိစ္စများကရှိသေးသည်။ ဝိုင်ဖိုးနှင့် ကျန်းမာရေးကလပ် လစဉ်ကြေးတို့က အဖြတ်ခံရဦးမည်။ ပညာသင်ထောက်ပံ့ကြေးက တစ်လလျှင် ဒေါ်လာ ၆၀၀ ပြန်ဆပ်ရသည်။ ကားဖိုးက တစ်လ ၄၀၇ ဒေါ်လာ ပြန်သွင်းရသည်။ ကျန်သည့် အသက်အာမခံ၊ ဂက်စ်ဖိုး၊ အစားအသောက်ဖိုး စသဖြင့် ပေါင်းလိုက်လျှင် တစ်လအတွက် ဒေါ်လာ ၅၀၀ ခန့် ကုန်ကျသည်။ မိဘအိမ်တွင် အတူမနေဘဲ အိမ်သီးခြားနေမည်ဆိုလျှင် အိမ်လခ ထပ်လိုဦးမည်။

မဖြစ်နိုင်ဘူးဆိုသည်မှာ ဘာမျှမရှိဟု ဆိုကြသော်လည်း အရာအားလုံးသည် အလွယ်တကူတော့ဖြင့် မရနိုင်ပေ။ ကျွန်မ ဖျော်ဖြေရေးနှင့် ပတ်သက်သော ဥပဒေကို လေ့လာကြည့်သည်။ စိတ်ဝင်စားဖွယ်ကောင်းပြီး အပိုဝင်ငွေ အနည်းအပါး ရနိုင်မည် ဖြစ်သည်။ သို့သော် တဖြည်းဖြည်းနှင့် ကျွန်မနှလုံးသားထဲတွင် သဘောပေါက်လာ သည်မှာ ကျွန်မသည် ဥပဒေနှင့် ပတ်သက်၍ ဝါသနာပါသူ မဟုတ်ဟု ဖြစ်သည်။ တစ်နေ့တွင် နယူးယောက်တိုင်းမ်သတင်းစာ၌ ဆောင်းပါးတစ်ပုဒ် ပါလာသည်။ ဥပဒေသမားများ၊ အထူးသဖြင့် အမျိုးသမီးများတွင် ပင်ပန်းနွမ်းနယ်ခြင်း၊ စိတ် ပင်ပန်းခြင်း၊ မပျော်ရွှင်ခြင်းတို့ ခံစားနေကြရကြောင်း ရေးသားထားသည့် ဆောင်းပါး တစ်ပုဒ်ကို ဖတ်လိုက်ရသည်။ “စိတ်ဓါတ်ကျဖို့ ကောင်းလိုက်တာ”ဟု ကျွန်မ ဂျာနယ် တွင် ရေးခဲ့၏။

ထိုနှစ် ဩဂုတ်လက ဝါရှင်တန်ဒီစီ ဟိုတယ်တစ်ခု၏ ကွန်ဖရင့်ခန်းမကို ငှားရမ်းကာ အမှုတစ်ခုအတွက် ပြင်ဆင်ရန်ဆောင်ရွက်နေရာသို့ ကူညီရန်

စစ်ဒလီနှင့် အော်စတင် ဥပဒေအကျိုးဆောင်လုပ်ငန်းက ကျွန်မကို စေလွှတ်ခဲ့သည်။ ဝါရှင်တန်တွင် ကျွန်မ ရက်သတ္တသုံးပတ်မျှ နေထိုင်ခဲ့ရသော်လည်း မြို့၏ နေရာတချို့ကိုသာ ရောက်ခဲ့သည်။ အလုပ်က ခန်းမထဲတွင် ထိုင်ကာ စစ်ဒလီ၏ အခြားသော လုပ်ဖော်ကိုင်ဖက် များနှင့် လုပ်ကိုင်နေရခြင်းကြောင့် ဖြစ်သည်။ အမှုသည် ကုမ္ပဏီမှ ပေးပို့လိုက်သော ကတ်ထူပုံးများကိုဖောက်ကာ ပါလာသော စာရွက်စာတမ်း အထောက်အထား ထောင်ပေါင်းများစွာကို စစ်ဆေးကြရသည်။

အမှန်စင်စစ်အားဖြင့် ထိုအလုပ်သည် ကျွန်မအတွက် ပင်ပန်းစိတ်ပျက်ဖွယ် အလုပ်ဟု ထင်ရန်ဖြစ်သော်လည်း ကျွန်မမှာ ဥပဒေပညာကို လေ့လာနေသူပီပီ စိတ်ဝင်စားနေမိသည်။ နောက်တစ်ကြောင်းမှာ ရေမြေအပြောင်းအလဲဖြစ်ပြီး မြင်ကွင်း များမှာလည်း ပြောင်းနေသဖြင့် ပင်ပန်းသည်ဟု မထင်မိတော့ပေ။ အမှုနှင့် ပတ်သက် ၍ ပေါ်ပေါက်လာမည့် မေးခွန်းများကိုလည်း စိတ်ဝင်စားနေမိ၏။

တစ်နယ်တစ်ကျေးသို့ သွားရောက်ကာ ရက်ရှည်အလုပ်လုပ်၍ ပြန်လာသည့် ကျွန်မကို အမေက အိုဟဲလေဆိပ်၌ လာကြိုသည်။ အမေ့ကို မြင်တွေ့ရသည့် အတွက် စိတ်သက်သာရာရခဲ့ပါသည်။ အမေက အသက်ငါးဆယ်အတွင်း ရောက်နေ ပြီဖြစ်သော်လည်း မြို့ထဲက ဘဏ်တစ်ခုတွင် လက်ထောက်အမှုဆောင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေဆဲ ဖြစ်သည်။ အမေ့အပြောအရဆိုလျှင် ဘဏ်၏ အုပ်ချုပ်ရေး ဆိုင်ရာ အရာရှိများမှာ အများအားဖြင့် အမျိုးသားများဖြစ်ကြပြီး စားပွဲတွင် ထိုင်ကာ စကားပြောနေကြသူများသာ ဖြစ်သည်ဟု ဆိုသည်။ သူတို့မှာ ဖခင်ဖြစ်သူများက ဘဏ်လုပ်ငန်းရှင်များဖြစ်၍ အုပ်ချုပ်ရေးပိုင်း ရောက်လာကြသူများ ဖြစ်သည်ဟု ဆိုသည်။ အမေကမူ အားသွန်ခွန်စိုက် အလုပ်လုပ်သူ ဖြစ်သည်။ ဆံပင်ကို ခပ်တိုတိုသာ ထားပြီး အဝတ်အစားမှာလည်း ရှုပ်ရှုပ်ယှက်ယှက်မဝတ်၊ ရိုးရိုးရှင်းရှင်းသာ ဝတ်၏။ ခရိတ်နှင့်ကျွန်မ ကလေးအရွယ်ကတည်းကပင် အလုပ်ဝင်ခဲ့သည်။ ကျွန်မတို့မောင်နှမ၏ ပုဂ္ဂလိက ဘဝများထဲသို့ မည်သည့်အခါမျှ ဝင်ရောက်စွက်ဖက်ခြင်း မရှိ။ ခရီးထွက် လျှင် လိုက်ပို့တတ်သကဲ့သို့ ပြန်လာသည့်အခါများတွင်လည်း လာကြိုတတ်ပါသည်။ ဆာနေလျှင် အိမ်ရောက်သည့်အခါ အဆင်သင့် လုပ်ထားသော စားစရာတစ်ခုခု ကျွေးသည်။ စိတ်ရှည်တတ်သော အမေသည် ကျွန်မအတွက် နားခိုရာတစ်ခုပင် ဖြစ် တော့သည်။

မြို့ထဲသို့ ဦးတည်မောင်းလာနေစဉ် ကျွန်မက သက်ပြင်းချလိုက်သည်။ “အဆင်ပြေရဲ့လား သမီး”ဟု အမေက မေးလာ၏။

အလင်းရောင်တစ်ဝက်တစ်ပျက်ဖြင့် မြင်နေရသော အမေ့မျက်နှာကို ကျွန်မ လှည့်ကြည့်လိုက်၏။ “မပြောတတ်ပါဘူး အမေရယ် . . .”ဟု စကားပြန်လိုက်သည်။

ထိုမှ စတင်ကာ ကျွန်မရင်ထဲ၌ တင်းကျပ်နေသော ခံစားချက်များကို အမေ့အား ရင်ဖွင့်မိတော့သည်။ ကျွန်မ ရွေးချယ်ခဲ့သော အသက်မွေးဝမ်းကျောင်း အလုပ်နှင့် လုပ်ငန်းခွင်၌ မပျော်ကြောင်း၊ ဆောက်တည်ရာမရ ဖြစ်နေကြောင်းများ အမေ့အား ရင်ဖွင့်မိသည်။ တခြားအလုပ် ပြောင်းလုပ်ချင်ကြောင်း၊ သို့သော် ထိုသို့ ပြောင်းလုပ်ပါက တစ်လ၊ တစ်လ ကျွန်မအသုံးစရိတ်များကို မကာမိဖြစ်မည်ကိုလည်း စိုးရိမ်ကြောင်း ပြောပြလိုက်ပါသည်။ ကျွန်မ စကားတန်ဆာဆင်မနေတော့ဘဲ ခံစား ချက်အတိုင်း ပြောလိုက်ကာ သက်ပြင်းချလိုက်သည်။ ကျွန်မ ကောလိပ်စ,တက်သည့် နှစ်က ဆိုလျှင် အမေ အလုပ်လုပ်ခဲ့သည်မှာ လုပ်သက် ၉နှစ်ပင် ရှိပြီ ဖြစ်သည်။ အလုပ်မလုပ်မီကဆိုလျှင် အမေသည် ကျွန်မ၏ ကျောင်းဝတ်စုံများကို ကိုယ်တိုင်ချုပ် လုပ်ပေးသည်။ စားဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးသည်။ အဖေ့အဝတ်များကို လျှော်ဖွပ်ပေးသည်။ လေဆိပ်သို့ တစ်နာရီကြာမျှ ကားမောင်းကာ လာကြိုပေးသော အမေသည် ကျွန်မအား အိမ်လခမယူဘဲ နေခွင့်ပေးခဲ့သည်။ မနက် အရုဏ်တက်ချိန်မှ ထ,ကာ အလုပ်သွားမည့် မသန်မစွမ်းဖြစ်နေသော အဖေ့အား အကူအညီပေးရသည်။ အမေသည် ယခုလည်း ကျွန်မခံစားနေရသော စိတ်ကျဉ်းကျပ်မှုကိုဖြေရှင်းရန် စဉ်းစား နေလောက်ပေပြီ။

မိသားစုအတွက် ဖြေရှင်းပေးရခြင်းသည် အမေ့အတွက် စိတ်ချမ်းသာမှု ရစေသည်ဟု ကျွန်မ ထင်ပါသည်။ ကျွန်မမိဘနှစ်ပါးမှာ ပေါင်းဖက်လာခဲ့ကြသည့် ကာလ နှစ်ပေါင်းသုံးဆယ်မျှ ရှိနေပြီဖြစ်၍ ထိုအချိန်မတိုင်မီကတည်းက အစစ အရာရာအတွက် သူတို့ချင်း တိုင်ပင်ထားခဲ့ကြပုံ ရပါသည်။

အမေက ကျွန်မ လုပ်ငန်းခွင်တွင် မပျော်ရွှင်ခြင်းနှင့် ပတ်သက်၍ တစ်ခွန်း တစ်ပါဒမျှ ဝေဖန်ခြင်းမပြုပေ။ ထို့အတူ သူ့ဘဝတွင် စွန့်လွှတ်ခဲ့သည်များကို ဥပမာ ပေးကာ ကျွန်မအား လုပ်ငန်းခွင်၌ ပျော်လာစေရန် တိုက်တွန်းခြင်းလည်း မပြုပါ။ အမေသည် ကျွန်မလုပ်သမျှကို တစ်ခွန်းတစ်ပါဒမျှ ဝေဖန်ခြင်းမပြုဘဲ အမြဲတစေ အကောင်းမြင်ဖြင့် ကြည့်တတ်သူဖြစ်သည်။ အိမ်အနီးပတ်ဝန်းကျင်သို့ ရောက်ရှိလာ သောအခါ အမေက လက်ဖျစ်တီးလိုက်ကာ “အမေပြောမယ်၊ သမီး စိတ်မပူရအောင် ပိုက်ဆံကို အရင်ရှာ။ ပြီးတော့ ပျော်ရွှင်မှုကို နောက်မှရှာ”ဟု တစ်ခွန်းတည်းသာ ဆိုခဲ့ပါသည်။

လောကတွင် အမှန်တရားဆိုသည်မှာ ရှိမြဲဖြစ်သည်။ သို့သော် ကျွန်မတို့က အမှန်တရားတချို့ကို ရင်ဆိုင်ကြသော်လည်း တချို့ကိုမူ လျစ်လျူရှုတတ်ကြသည်။ နောက်ခြောက်လအတွင်း ကျွန်မသည် လုပ်ငန်းခွင်တွင် မည်သည့်ပြောင်းလဲမှုမျှ မပြုလုပ်ဘဲ ငြိမ်ငြိမ်သက်သက်ပင် လုပ်မြဲကိုင်မြဲ ရှိခဲ့သည်။ လုပ်ငန်းခွင်၌ ကျွန်မဌာန ခွဲ၏ အကြီးအကဲနှင့် တွေ့ရာ ကျွန်မအတွက် ပိုမိုအားစိုက်ရသည့် ကိစ္စမျိုး ချထားပေး

ရန် တောင်းဆိုလိုက်သည်။ ကျွန်မက အဓိပ္ပာယ်ရှိသော ကိစ္စများကိုသာ အာရုံစိုက်ချင် ပါသည်။ ထိုအချိန်ကာလအတွင်း သတင်းစာများ၌ ကြော်ငြာအဖြစ် ထည့်သွင်းသော အလုပ်ကြော်ငြာများကိုလည်း မျက်ခြည်မပြတ်အောင် လေ့လာခဲ့သည်။ ကျွန်မရည်မှန်း ချက်မှာ ရှေ့နေမဟုတ်သော အခြား အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခု လုပ်ကိုင် ရန် ဖြစ်ပါသည်။ ထိုသို့ အလုပ်အကိုင်ပြောင်းလုပ်ခြင်းအားဖြင့် ကျွန်မစိတ်လည်း အပြောင်းအလဲ ဖြစ်လာလိမ့်မည်ဟု ယုံကြည်မိ၏။

လျူးစစ်ရိပ်သာလမ်းမကြီးပေါ်ရှိ ကျွန်မအိမ်တွင် ဖြစ်ပေါ်လာသော အမှန်တရားတစ်ခုကို ကျွန်မ ရင်ဆိုင်ရန် မဝံ့မရဲ ဖြစ်နေခဲ့ပါသည်။ ထိုကိစ္စမှာ ဖခင်ဖြစ်သူ၏ ခြေထောက်မှာ အကြောင်းတစ်စုံတစ်ရာမရှိဘဲ ရောင်ရမ်းလာခြင်းပင် ဖြစ်သည်။ ခြေထောက်မှ အသားအရေတို့မှာ ထူးထူးခြားခြားပင် မည်းလာ၏။ အဖေ့အား မည်သို့ ခံစားရသလဲဟု မေးသည့်အခါတိုင်း အဖေက ကျွန်မအား နှစ်ပေါင်းများစွာ ဖြေကြားခဲ့သည့်အတိုင်း ဘာမှမဖြစ်ပါဘူးဟုသာ ပြန်ဖြေကြားလေ့ရှိပါသည်။

"အဖေ နေကောင်းပါတယ်"ဟုသာ ပြောလေ့ရှိပြီး သူ့အား မေးသူ နောက် တစ်ကြိမ် ထပ်မမေးစေရန် ပိတ်လိုက်သကဲ့သို့ ရှိသည်။

ချီကာဂိုတွင် ဆောင်းဥတု ဝင်လာခဲ့ပြီ။ ကျွန်မ နံနက်တိုင်း အိမ်နီးနားချင်းတို့၏ နှင်းများကို သူတို့ကားများပေါ်မှ ခြစ်ထုတ်သံ ကြားရခြင်းဖြင့် နိုးထ,လာခဲ့သည်။ ဆောင်းလေအေးအေး တိုက်ခတ်နေပြီး နှင်းများကျနေသည်။ နေရောင်ခြည်ထွက်ပေါ် သည်ဆိုသော်လည်း နှင်းများကြားတွင် ခပ်မှိန်မှိန်သာ ရှိနေသည်။ အဆောက်အဦ ကြီး၏ ၄၇ ထပ်တွင် ရှိနေသော စစ်ဒလီရုံးမှ ပြတင်းပေါက်တွင် နှင်းများပိတ်နေတတ် ပြီး ထိုနှင်းများကြားမှာ မစ်ရှီဂန်ရေကန်ကြီးကို လှမ်းမြင်တွေ့ရသည်။ ထိုသို့သော ကာလမျိုးတွင် ကျွန်မကိုယ်ပေါ်၌ သိုးမွေးအနွေးထည် ရှိနေမြဲဖြစ်ပါသည်။ ဆောင်း ဥတုသည် သူ့တာဝန်ကို ကျေပွန်စေရန် အလှည့်ကျရောက်လာမြဲ ဖြစ်ပါသည်။ ထိုအချိန်မျိုးတွင် တေးဆိုနေကျ ငှက်ကလေးများလည်း အနားရသည်။ လူများလည်း အနွေးထည်များကြားမှ ပါးစပ်တစ်ပေါက်ကိုသာ မြင်သာစေရန် ဖွင့်ထားပြီး စကား ပြောကြရသည်။

ကျွန်မ အဖေက ခြေထောက်ရောင်နေသော်လည်း သူ့ထုံးစံအတိုင်း ဟာသ စကားများ အပြောမပျက်ပေ။ ခရိတ်ကမူ မိသားစုများ ဆုံစည်းသည့် ညစာစားပွဲများသို့သာ ရောက်အောင် လာလေ့ရှိသည်။ မိသားစု စုံညီရှိသည့်အခါ ကျွန်မတို့ စားပွဲတွင် ဝိုင်းထိုင်ကြပြီး ရယ်ကြမောကြ ရှိခဲ့ကြသည်။ ယခုဆိုလျှင် ကျွန်မတို့ မိသားစုတွင် ခရိတ်၏ဇနီးဖြစ်သူ ဂျဲနစ္စလည်း မိသားစုဝင်တစ်ဦးအဖြစ်

တိုးလာခဲ့ပြီဖြစ်သည်။ ဂျဲနစ္စမှာ တယ်လီကွန်မြူနီကေးရှင်းနှင့် ပတ်သက်၍ မြို့လယ်တွင် အလုပ်လုပ်သူတစ် ဦး ဖြစ်သည်။ သူလည်း ကျွန်မ၏ ဖခင်ကို ချစ်ခင်သူတစ်ဦးပင် ဖြစ်လာသည်။ ခရိုတ်ကမူ MBA ဘွဲ့ရပြီးနောက် ဒုတိယဥက္ကဋ္ဌအဖြစ် ကွန်တီနန်တယ်လ် ဘဏ်တစ်ခုတွင် အလုပ်လုပ်နေ၏။ သူတို့ဇနီးမောင်နှံမှာ ဟိုက်ဒ်ပါ့ခ်တွင် အတော်ကောင်းမွန်သော ကွန်ဒိုတစ်လုံး ဝယ်ယူကာ နေထိုင်နေကြသည်။ ခရိုတ်ဆိုလျှင် အသင့်ချုပ်ထားသည့် ဝတ်စုံများကို ဝတ်ကာ ပေါ့ရှ် ၉၄၄ တာဘိုကားကို စီးနေပြီဖြစ်သည်။ သို့သော် သူ့ကိုကြည့်ရသည်မှာ ပျော်ရွှင်ပုံမရပေ။ သူ့မှာလည်း ကျွန်မကဲ့သို့ပင် စိတ်ညစ်စရာအကြောင်းများ ရှိနေပုံရ၏။ လာမည့်နှစ်၌ သူ့အလုပ်အကိုင် ကောင်းပါမည်လား၊ လုပ်ခအပိုဆု ရနိုင်ပါမည်လား စသဖြင့် တွေးတောကာ စိတ်မောနေပုံရသည်။ မိဘများ ကျွန်မတို့အတွက် စိတ်မအေးဖြစ်နေရမည်ကို စိုးရိမ်သဖြင့် ကျွန်မတို့မောင်နှမ က ထမင်းစားပွဲတွင် မည်သည့်အခါမျှ အလုပ်ထဲမှ သောကများကို ပြောလေ့မရှိပေ။

ခရိုတ်တို့ ဇနီးမောင်နှံက သူတို့အိမ်သို့ ပြန်မည့်အခါတိုင်း နှုတ်ဆက်ကြရာ တွင် ခရိုတ်သည် အဖေ့အား စိတ်မချသောစိတ်ဖြင့် နေကောင်းရဲ့လားဟု မေးမြဲဖြစ်သည်။ ထိုအခါများတွင်လည်း အဖေသည် ပျော်ပျော်ရွှင်ရွှင်ဖြင့် “ငါ နေကောင်းပါ တယ်”ဟုသာ ဖြေလေ့ရှိပါသည်။

ကျွန်မတို့ကလည်း အဖေ့စကားကို ယုံကြည်စိတ်ချစွာဖြင့် နေလိုက်ကြသည်။ အဖေ ခြေထောက်တစ်ဖက်တည်းဖြင့် နေခဲ့သည်မှာလည်း နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး အမြဲလည်း နေကောင်းနေသူဖြစ်၍ အမှတ်တမဲ့ ရှိခဲ့ကြသည်။ အမှန်စင်စစ်တွင် အဖေ့ကျန်းမာရေးသည် တဖြည်းဖြည်း ကျဆင်းနေပြီ ဖြစ်သည်။ သို့သော် အဖေကမူ ကျွန်မတို့အား နေကောင်းသည်ဟုသာ ဖြေနေမြဲဖြစ်၏။ နေ့စဉ် နေ့တိုင်းလည်း အဖေက အလုပ်သို့ သွားနေမြဲဖြစ်၏။ ခြေထောက်ကိုသာ ဂရုစိုက် မကြည့်မိလျှင် အဖေသည် သာမန်လူကောင်းကဲ့သို့ပင် ရှိသည်။

ကျွန်မက အမေ့အား အဖေ့ခြေထောက်နှင့် ပတ်သက်၍ ဘာကြောင့် ဆရာဝန်ထံ မပြရသလဲဟု မေးကြည့်ခဲ့ဖူးသည်။ သို့သော် အမေသည်လည်း ကျွန်မ ကဲ့သို့ပင် အဖေ့အား လက်လျှော့ထားရသည်။ အဖေနှင့်ပတ်သက်လျှင် ဆရာဝန်များ က ကောင်းသတင်း မည်သည့်အခါမျှ မပြောကြသောကြောင့် အဖေကလည်း ဆရာ ဝန်များကို ရှောင်ရှားပုံရပါသည်။ အဖေက စကားများများပြောလေ့ရှိသော်လည်း မည်သည့်အခါမျှ သူ့ရောဂါအကြောင်း ထည့်မပြောပေ။ သူ့အမြင်တွင် သူခံစားရ သည်ကို အခြားသူများ သိရန်မလိုဟု ယူဆပုံရသည်။ ခြေထောက်တစ်ဖက်လုံး ရောင်ရမ်းလာသောအခါ အဖေက အမေ့အား သူ့ခြေထောက်ထက် ပိုကြီးသော

လုပ်ငန်းအတွင်း စီးသည့် ဖိနပ်ကို ဝယ်ပေးရန်သာ ပြောခဲ့ဖူးသည်။

ဇန်နဝါရီလ တစ်လလုံး အဖေ့အား ဆရာဝန်ထံ ပြသခဲ့ကြသည်။ ဖေဖော်ဝါရီလတွင် ပူလာခဲ့ပြီဖြစ်သည်။ အဖေ လမ်းလျှောက်သည်မှာ ပိုမိုနှေးကွေးလာပြီး နာကျင်နေပုံလည်း ရ၏။ အိမ်ထဲ၌ နေလျှင် အလူမီနီယံချိုင်းထောက်ကို အသုံးပြုကာ လမ်းလျှောက်နေသော်လည်း အတော်ပင် မောပုံရသည်။ လမ်းလျှောက်လိုက်၊ အသက်ရှူလိုက်ဖြင့် လှုပ်ရှားနေရ၏။ နံနက်ခင်းများတွင် အိပ်ရာမှ ထ,ကာ ကိုယ် လက်သန့်စင်ရန်အတွက် ရေချိုးခန်းသို့ သွားရသည်ပင် အဖေ့အတွက် အတော်ဝန်လေးလာသည်။ ရေချိုးခန်းမှတစ်ဆင့် မီးဖိုခန်း၊ ထိုမှတစ်ဆင့် ထမင်းစားခန်း၊ ထို့နောက် လှေကားသုံးထစ် ဆင်းကာ ကားဂိုဒေါင်ရောက်အောင်သွားပြီး ကိုယ်တိုင်ကားမောင်း ကာ လုပ်ငန်းခွင်သို့ သွားသူ ဖြစ်သည်။ အိမ်၌ မည်သို့ပင်ဖြစ်နေစေကာမူ သူ့စက်ရုံ ရောက်သွားလျှင် အဖေသည် ပကတိလူကောင်းတစ်ဦးကဲ့သို့ လှုပ်ရှားနေမြဲ ဖြစ်၏။ စက်ရုံ၌ အဖေက မော်တာနှင့် မောင်းနှင်သော စကူတာလေးတစ်စီးကို မောင်းနှင် ကာ ဘွိုင်လာအိုး တစ်နေရာနှင့် တစ်နေရာ ကူးပြောင်းသွားလာသည်။ ထိုသို့သော အချိန်များတွင် အဖေ့အား မည်သူမျှ ကူညီရန် မလိုအပ်ပေ။ လုပ်သက် ၂၆ နှစ် အတွင်း အဖေသည် တစ်ရက်မျှ အလုပ်မပျက်ခဲ့ဖူးပေ။ ဘွိုင်လာအိုးတစ်အိုး အပူလွန်ကဲနေလျှင် အဖေသည် ထိုဘွိုင်လာအိုးပေါ်သို့ တက်ကာ လိုအပ်သည်မှန်သမျှကို လုပ်ရဲ သူတစ်ဦးလည်း ဖြစ်သည်။ စက်ရုံတွင် အဖေကဲ့သို့ ဘွိုင်လာအိုးပေါ်သို့ တက်ရဲသူမှာ အနည်းငယ်မျှသာ ရှိ၏။ ထို့ကြောင့်လည်း အဖေ့အား မကြာမီတွင် ရာထူးတိုးပေးရန် တာဝန်ရှိပုဂ္ဂိုလ်များက စဉ်းစားနေကြ၏။

အမေနှင့် ကျွန်မက အဖေပြောသည့်စကားများနှင့် ကျွန်မတို့ မျက်မြင်ဒိဋ္ဌ မြင်တွေ့ရသည်များ ကွာခြားနေသဖြင့် အချင်းချင်း ညှိနှိုင်းဖြေရှင်းနေရသည်။ ကြာ လာသောအခါ အဖေ့အခြေအနေ ဆိုးလာပြီဟု နားလည်လိုက်ရသည်။ လုပ်ငန်းခွင်မှ ပြန်လာသော ညနေခင်းများတွင် အဖေသည် ရုပ်မြင်သံကြားစက်ရှေ့၌ ထိုင်ကာ ဘတ်စကက်ဘောပွဲများ ကြည့်လေ့ရှိသည်။ သို့သော် အဖေ့အခြေအနေမှာ အားအင် ယုတ်လျော့နေပြီး ပင်ပန်းနွမ်းနယ်နေဟန် ရှိပါသည်။ ထို့အပြင် အဖေ့လည်ပင်းမှာ လည်း ရောင်ရမ်းစပြုလာသည်။ ထိုသို့ ဖြစ်လာသည်ကို ကျွန်မတို့ သတိထားမိ၏။ အဖေ့အသံမှာ ခပ်အစ်အစ်ဖြစ်လာပြန်သည်။

တစ်ညတွင် ကျွန်မတို့ မိသားစု တိုင်ပင်ကြသည်။ ခရိတ်က ထုံးစံအတိုင်း အဖေနှင့် ထိပ်တိုက်တွေ့မည့်အရေးကို ရှောင်သည်။ အမေကလည်း အဖေ့ကျန်းမာရေး နှင့် ပတ်သက်၍ ပြောမရဆိုမရ ဖြစ်သည်မို့ မပြောလိုဟု ဆိုသည်။ အဖေ့အား ဖျောင်းဖျပြောဆိုရန် တာဝန်မှာ ကျွန်မခေါင်းပေါ်သို့ ကျလာ၏။ ကျွန်မက အဖေ့အား ဆရာဝန်နှင့် ပြသရန် လိုအပ်နေပြီဟု ယူဆကြောင်း၊

မနက်ပိုင်းတွင် ဆရာဝန်အား အိမ်သို့ ပင့်ရန် စီစဉ်မည်ဟု အသိပေးခဲ့ပါသည်။ ကြိမ်ဖန်များစွာ ပြောသည့်အခါမှ အဖေက သဘောတူသည်။ အိမ်သို့ ပင့်ရန်မလိုဘဲ ဆေးခန်း၌ ချိန်း၍ရသည်ဆိုပါ က ဆေးခန်းတွင်သာ သွားရောက်ပြသမည်ဟု ဆိုပါသည်။ ထိုညက အဖေ့အား အိပ်စက် အနားယူရန်လိုအပ်ကြောင်း တိုက်တွန်းကာ ထားခဲ့သည်။

ညဉ့်နက်မှ အမေနှင့်ကျွန်မ အိပ်ရာဝင်ကြသည်။ နောက်ဆုံးတွင် အဖေ့ကိုတိုက်တွန်း၍ ရခဲ့သဖြင့် စိတ်သက်သာရာ ရသွားကြသည်။

အဖေ စိတ်လျှော့သွားပြီဟု ဆိုရပါမည်။ လုပ်ငန်းခွင်မှ ခေတ္တမျှ နားခြင်း သည်ပင်လျှင် သူ့အတွက် ရောမပျက်ကွက်မှုဟု ယူဆပုံရ၏။ မနက် အိပ်ရာမှနိုးချိန် တွင် အောက်ထပ်သို့ ကျွန်မ ဆင်းလာရာ အမေက အလုပ်သို့ ထွက်သွားပြီဖြစ်သည်။ အဖေက မီးဖိုခန်းအတွင်းရှိ စားပွဲတွင် ထိုင်နေသည်။ သူ့အနီးတွင် လက်စွဲတော် လမ်း လျှောက်တုတ်က ထောင်လျက်သားရှိနေ၏။ အပြာရင့်ရောင် စက်ရုံဝတ်စုံကို ဝတ်ဆင် ထားပြီး ရှူးဖိနပ်လည်းစီးပြီး ဖြစ်နေသည်။ သူ အလုပ်သွားတော့မည်ပေါ့။ အဖေ သမီးထင်တာက ဒီနေ့ အဖေ နားမယ်ထင်တာ။ ဆရာဝန်နဲ့ လည်း ချိန်းရမယ်လေ”

အဖေက ပခုံးတွန့်လိုက်သည်။ “အဖေ သိပါတယ် သမီးရယ်၊ အခု အဖေ က နေကောင်းနေတာပဲ” ဟု အဖေက ဆိုသည်။ အဖေ့အသံမှာ ခါတိုင်းကဲ့သို့ မဟုတ်တော့ပေ။

ခေါင်းမာလွန်းသော အဖေ့ကို ကျွန်မ မည်သို့စိတ်ဆိုးရမည် မသိပါ။ မည်သို့ပင် တားဆီးစေသော်လည်း သူ့လုပ်ငန်းခွင်ကို အပျက်ခံမည် မဟုတ်ပေ။ ကျွန်မတို့မိဘများက မိမိအလုပ်ကို မိမိတာဝန်ကျေရန် ငယ်စဉ်ကတည်းက သင်ကြား ပေးခဲ့ကြသည်။ ယခု အဖေသည် သူ့အလုပ်မပျက်စေရန် အတွက် သွားရောက်မည်ကို ကျွန်မ မည်သည့်နည်းနှင့်မျှ တား၍ရမည် မဟုတ်ပေ။ ရှူးဖိနပ်ပင် စီးပြီး အဆင်သင့် ဖြစ်နေသည့်အဖေကို တား၍ ရနိုင်တော့မည် မဟုတ်ပေ။ ကျွန်မ စိတ်လျှော့လိုက်သည်။ အဖေ့ကို နမ်းလိုက်ကာ အပေါ်ထပ်သို့ ပြန်တက်လာခဲ့ပြီး ကျွန်မကိုယ်တိုင် လည်း အလုပ်သွားရန် ပြင်ဆင်ရတော့သည်။ ရုံးသို့ရောက်မှ အမေ့ထံ ဖုန်းဆက်သွယ် ကာ အဖေ့အကြောင်း ပြောထားရဦးမည်ဟု စဉ်းစားထားသည်။

နောက်ဖေးတံခါးပိတ်သံ ကြားလိုက်ရသည်။ မိနစ်အနည်းငယ်ကြာသည့် အခါ မီးဖိုခန်းသို့ သွားရောက်ကြည့်ရာ မည်သူမျှ မရှိတော့ပေ။ အဖေ့လမ်းလျှောက် တုတ်သည် တံခါးနားတွင် ရှိနေ၏။ ကျွန်မ တံခါးဆီသို့ လျှောက်သွားကာ ချောင်း ကြည့်ပေါက်ငယ်မှ ချောင်းကြည့်လိုက်သည်။ အဖေ ကားနှင့်ထွက်သွားပြီဆိုသည်ကို

သေချာစေရန် ကြည့်လိုက်ခြင်းဖြစ်ပါသည်။

သို့သော် ကားက ရှိနေသည်။ အဖေလည်း ရှိနေ၏။ အဖေက ဦးထုပ်ဆောင်းထားသည့်အပြင် ဆောင်းတွင်းဝတ်သည့် ဂျက်ကက်ကို ဝတ်ဆင်ထားကာ ကျွန်မဘက်သို့ ကျောပေးလျက် အနေအထားနှင့် ရှိနေ၏။ ကားရှိရာသို့ အသွားတွင် မောသဖြင့် လမ်းတစ်ဝက်၌ ထိုင်နေခြင်းဟု ထင်ပါသည်။ အဖေ့ကိုယ်ကို ဘေးတိုက်အနေအထားဖြင့် တွေ့မြင်နေရပြီး အသက်ရှူသည်မှာ ပြင်းထန်နေသည်။ ခေါင်းမှာ ငိုက်စိုက်ကျနေပြီး နံဘေးမှ သစ်သားလှေကားလက်ရန်းကို မှီထားသည်ကိုလည်း မြင်ရ၏။ သို့သော် အဖေ့ပုံစံက အခက်အခဲရှိပုံမပေါ်။ ခါတိုင်းကဲ့သို့ပင် ခေတ္တခဏနားနေဟန်ရှိ၏။ နားပြီးလျှင် အမောပြေသည်နှင့် တစ်ပြိုင်နက် ဆက်ဆင်းသွားမည်ဟု ထင်ရသည်။

ကျွန်မ အဖေ့ကို ကြည့်နေမိသည်။ အဖေ သူ့ကိုယ်သူ လက်လျှော့တော့မည်လား။ ရောဂါဆိုးတစ်ခုဖြင့် နှစ်ပေါင်းနှစ်ဆယ်ကျော် မညည်းမညူ ခံစားနေခဲ့သည့် အဖေ့ခန္ဓာကိုယ်သည် ရောဂါကို နောက်ထပ် တာရှည်ခံနိုင်မည့်ပုံ မပေါ်တော့ပေ။ အဖေက လှေကားပေါ်တွင်ထိုင်နေသဖြင့် ကျွန်မက မည်သည့်အခါကမျှ မသုံးဖူးသောလမ်းကို သုံးကာ အဖေရှိရာသို့ သွားရမည်။ ခေါင်းထဲ၌ ပေါ်လာသည်မှာ အဖေ့ကို တွဲခေါ်ကာ ဒီနေ့အတွက် အနားယူစေဖို့ တောင်းပန်ရမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် အဖေ လက်ခံပါမည်လား။

အကယ်၍ အဖေ ပြန်လှည့်လာပါက ကျွန်မ မြင်နိုင်မည်ဟု ထင်ပါသည်။ ထိုသို့ ပြန်လှည့်လာပါလျှင် သူ့ဖိနပ်များကို ချွတ်ပေးကာ ရေတိုက်မည်။ ကုလားထိုင်တစ်လုံးတွင် ထိုင်နိုင်စေရန် အဖေ့ကို တွဲခေါ်ရမည်။ ထိုသို့ဆိုလျှင် အဖေနှင့် ကျွန်မကြားတွင် စကားများများပြောရန်မရှိဘဲ ကျွန်မ ကူညီလုပ်ကိုင်သည်ကို အဖေ လက်ခံ လိမ့်မည်ဟု ထင်ပါသည်။

အပေါ်ထပ်ရှိ ကျွန်မအခန်းထဲတွင် ငြိမ်ငြိမ်ကလေးထိုင်ကာ အောက်ထပ်မှ ကြားရမည့် အဖေ့အသံကို နားစွင့်နေမိ၏။ ကျွန်မ ငါးမိနစ်ပြီး ငါးမိနစ် ထိုင်စောင့်နေမိသည်။ နောက်ဆုံးတွင် သည်းခံနိုင်စွမ်း မရှိတော့သဖြင့် အဖေရှိနေမည့် အောက်ထပ် သို့ ဆင်းလာလိုက်သည်။ ချောင်းကြည့်ပေါက်မှတစ်ဆင့် အဖေ ရပ်မှရပ်နိုင်ပါမည် လားဟု ချောင်းကြည့်လိုက်သည်။ သို့သော် အဖေထိုင်ခဲ့သည့်နေရာတွင် ဘာမျှမရှိ။ အဖေသည် မည်သူ့အကူအညီကိုမျှ လက်ခံလေ့မရှိဘဲ သူ့ခန္ဓာကိုယ်ကို သူနိုင်အောင် ကြိုးစားမြဲဖြစ်သည်။ အောက်ထပ်သို့ ဆင်းသွားပြီး ချောနေသည့် လျှောက်လမ်းပေါ် လျှောက်ကာ ကားဆီသို့ ရောက်သွားပြီဖြစ်သည်။ ကားကို မောင်းထွက်သွားပြီဆိုလျှင် သူ့စက်ရုံရှိရာ လမ်းတစ်ဝက်သို့ပင် ရောက်နေလောက်ပြီ ဖြစ်သည်။ အဖေသည် ရောဂါ သည်းနေသော်လည်း လက်မြှောက်မည့်သူ

မဟုတ်ပေ။

နောက်ထပ် လအနည်းငယ်မျှ ဘားရက်နှင့် ကျွန်မသည် လက်ထပ်ပွဲကျင်းပရန်အတွက် စိတ်ကူးများဖြင့် လုံးပန်းနေကြသည်။ ကျွန်မတို့နှစ်ယောက် အတူနေခဲ့ကြသည်မှာ တစ်နှစ်ခွဲခန့်ရှိပြီဖြစ်ပြီး တစ်ယောက်နှင့်တစ်ယောက် ချစ်ခင် စုံမက်နေကြသည်ဆိုသည်မှာ သေချာသွားပြီဖြစ်၏။ သူက ဟားဗတ်တက္ကသိုလ်တွင် နောက်ဆုံးနှစ် တက်ရောက်နေပြီး သူ့တာဝန်ဖြစ်သော Law Review စာအုပ်အတွက် လည်း လုံးပန်းနေရသေးသည်။ သို့သော် အီလီနွိုက်တွင် ကျွန်မအတွက် အလုပ်အကိုင် သစ် ရှာဖွေရေးကိုလည်း ဆောင်ရွက်ပေးနေပြန်သည်။ ကျွန်မတို့ စိတ်ကူးထားသည်မှာ သူ ကျောင်းပြီးလျှင် လျူးစစ်သို့ ပြန်လာမည်။ ထိုသို့ ပြန်လာလျှင် ကျွန်မနှင့် အတူ နေတော့မည်ဖြစ်သည်။ ထို့ကြောင့် ယခုနှစ် ဆောင်းရာသီသည် ကျွန်မအတွက် ရှည် လျားလွန်းလှသည်ဟု ထင်နေမိသည်။

ကျွန်မတို့နှစ်ယောက် မင်္ဂလာပွဲဆင်နွှဲမည့်ပုံစံကို ဆွေးနွေးကြသည်။ တစ်ခါ တစ်ရံတွင် သူနှင့်ကျွန်မ စိတ်ကူးချင်းမတိုက်ဆိုင်သဖြင့် ကျွန်မ စိတ်ပူမိသည်။ ယောကျ်ားတစ်ဦးနှင့် ထိမ်းမြားမင်္ဂလာဆောင်နှင်းရမည် ဆိုသည်မှာ တစ်နေ့နေ့ တစ်ချိန် ချိန်တွင် မိန်းကလေးတစ်ဦး ကြုံတွေ့ရမည့်ကိစ္စသာ ဖြစ်သည်။ ထိုနည်းအတူ သား သမီးများလည်း မွေးဖွားရပေဦးမည်။ ငယ်စဉ်ကတည်းက ကျွန်မ ကစားလျှင် အရုပ် ကလေးများသည် ကျွန်မ၏ သမီးများဖြစ်သည်ဟု ခံယူထားမြဲ ဖြစ်ခဲ့သည်။ ဘားရက် က လက်ထပ်ရန် စိတ်သန်သော်လည်း အလောတကြီးကိစ္စမဟုတ်ဟု ခံယူထားသည်။ သူ့အတွက်ကမူ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်နေခြင်းက လုံလောက်နေပြီဟု ခံယူထားသူဖြစ်သည်။ ချစ်ခြင်းမေတ္တာသည်သာ နှစ်ယောက်အတူ ရှေ့ဆက်ရမည့်လမ်းအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်သည်ဟု ခံယူထားသည်။ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် လက်စွပ်လဲခြင်းသည် လိုအပ်သောကိစ္စ မဟုတ် ဟု သူက ထင်သည်။

ကျွန်မတို့နှစ်ဦးမှာ နှစ်ဖက်မိဘများ၏ ထိန်းကျောင်းမှုပုံစံ တစ်ပုံစံတည်းက ကြီးပြင်းလာကြသူများ ဖြစ်သည်။ ဘားရက်က လက်ထပ်မင်္ဂလာဆောင်နှင်းခြင်းသည် ဘဝအတွက် အရေးပါအရာရောက်သောကိစ္စ မဟုတ်ဟု ယူဆသည်။ သူ့အမေသည် နှစ်ကြိမ်လက်ထပ်ပြီး နှစ်ကြိမ်စလုံး ကွာရှင်းပြတ်စဲခြင်းဖြင့် အဆုံးသတ်ခဲ့၏။ တစ်ကြိမ် ကွာရှင်းတိုင်း သူ့အမေ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည်လည်း ပြောင်းလဲသွားသည့်အပြင် သားသမီးများလည်း တိုးပွားလာခဲ့သည်။ ကျွန်မမိဘများကမူ တစ်လင် တစ်မယားစနစ်ဖြင့် ဘဝကို ထူထောင်ခဲ့ကြသူများဖြစ်သည်။ သူတို့နှစ်ဦးအနေဖြင့်

မည်သည့်ဆုံးဖြတ်ချက်ကို ချစေကာမူ နှစ်ဦးသဘောတူ တိုင်ပင်ပြီးမှ ချမှတ်လေ့ရှိသည်။ သူတို့အိမ်ထောင်သက် နှစ်ပေါင်းသုံးဆယ်အတွင်း တစ်ညမျှ ခွဲအိပ်ဖူးသည်မရှိ။

ကျွန်မနှင့် ဘားရက်က မည်သည့်ပုံစံကို လိုချင်ကြပါသလဲ။ သူ့အမေလို အိမ်ထောင်ဆက် မများချင်သကဲ့သို့ ကျွန်မမိဘများကဲ့သို့လည်း ရိုးရှင်းသောဘဝကို မဖြတ်သန်းလိုကြပါ။ ကျွန်မတို့ ဖြစ်ချင်သည်က တစ်ဦးနှင့်တစ်ဦး စိတ်သဘောထား ချင်း ညီမျှသော ဇနီးမောင်နှံဘဝကို ရလိုကြသည်။ သူကလည်း အိမ်ထောင်ဖက်ဆို သည်မှာ လူနှစ်ဦး ချစ်ခြင်းမေတ္တာဖြင့် ပေါင်းစည်းကြရာ၌ တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ် ရှိရမည်ဟု ယုံကြည်သည်။ တစ်ဦး၏ လွတ်လပ်မှု၊ အိပ်မက်များ၊ မျှော်လင့် ချက်များကို တစ်ဦးက ကြီးစိုးလွှမ်းမိုးမှုလည်း မရှိစေချင်ကြ။ ကျွန်မအတွက်မူ လက်ထပ်ခြင်းဆိုသည်မှာ ဘဝနှစ်ခုကို တစ်စုတည်းဖြင့် ပေါင်းစပ်ခြင်းဖြစ်သည်ဟု ယုံကြည်သည်။ ဘဝနှစ်ခု ပေါင်းစပ်ခြင်းမှ မိသားစု ပေါက်ဖွားလာဦးမည် ဖြစ်၏။ ကျွန်မကိုယ်တိုင်က မိဘနှစ်ပါးကဲ့သို့ ထပ်တူထပ်မျှ တူညီသော အိမ်ထောင်သည်ဘဝ ကို မမျှော်လင့်၊ မလိုလားခဲ့ပေ။ အိမ်တစ်အိမ်တည်းတွင် ရာသက်ပန် ရိုးမြေကျ နေထိုင်ကာ အလုပ်တစ်ခုတည်းတွင် လုပ်၊ ပြောင်းလဲမှုမရှိသည့်ဘဝကို အားမကျပေ။ သို့သော် တစ်နှစ်ပြီးတစ်နှစ်၊ ဆယ်စုနှစ် တစ်ခုပြီးတစ်ခု တည်ငြိမ်စွာ ဖြတ်သန်းခဲ့ကြ သော ကျွန်မမိဘများ၏ ဘဝကိုမူ အားကျပါသည်။ "လူတစ်ဦးတစ်ယောက်၏ လွတ်လပ်မှုကို ကျွန်မ လေးစားပါသည်။ သူ့စိတ်ကူး၊ သူ့ရည်မှန်းချက်၊ သူ့အိပ်မက် များကိုလည်း တန်ဖိုးထားရမည် ဖြစ်သည်။ သို့သော် လူတစ်ယောက်၏ စိတ်ကူးအိပ် မက်သည် အခြားသူတစ်ဦးအပေါ်တွင် လွှမ်းမိုးမည်ကိုမူ ကျွန်မ မလိုလားပါ" ဟု ကျွန်မ၏ ဂျာနယ်ထဲတွင် ရေးသားမိသည်။

နှစ်ယောက် ခံစားချက်များကို ဖလှယ်ကြပြီးနောက် ချီကာဂိုသို့ ဘားရက် ပြန်လာချိန် ရာသီဥတုကလည်း ပူနွေးစပြုလာချိန်တွင် ကျွန်မတို့နှစ်ယောက် အတူနေရ သောဘဝတွင် ပျော်ပျော်ကြီး နေခဲ့ကြပြန်သည်။ ကျွန်မအနေနှင့် အချိန်ကိုစောင့်ရဦး မည် ဖြစ်သည်။ ကျွန်မ အချိန်စောင့်ရပေဦးမည်။ စောင့်ရသည့်အချိန်များသည် တာရှည်လွန်းလှပါသည်။ တစ်ခါတစ်ရံတွင် ကျွန်မအခန်းမှ အောက်ထပ်တွင်ရှိသော မိဘများ စကားပြောနေသည့်အသံကို ကြားရ၏။ အဖေက အမေ့ကို ပုံပြင်ကလေး များ ပြောပြနေတတ်သည်။ တချို့မှာ ရုပ်မြင်သံကြားအစီအစဉ်မှ သူကြည့်ခဲ့သော ဇာတ်လမ်းများဖြစ်ပြီး အိပ်ရာမဝင်ခင် ပြောပြနေပုံရသည်။ ကျွန်မက ယခု အသက် ၂၇ နှစ်အရွယ်သို့ ရောက်ရှိခဲ့ပါပြီ။ သို့သော် ဘဝမှာ မပြည့်စုံသေးဟု ခံစားရ၏။ ကျွန်မချစ်သောအရာမှန်သမျှကို ရာသက်ပန်အတွက် ဆုပ်ကိုင်ရယူထားလိုပါသည်။ မည်သည့်အရာကိုမျှ ဆုံးရှုံးရမည်ကိုလည်း ခံနိုင်ရည်ရှိမည် မထင်ပါ။

အဖေ့အား ဆရာဝန်နှင့် ပြသရန်အတွက် ရက်ချိန်းယူခဲ့သည်မှာ ကျွန်မဖြစ်သော်လည်း ဆရာဝန်ထံ သွားရမည့်အချိန်၌ တကယ်တမ်း လိုက်ပို့ပေးခဲ့သူမှာ အမေဖြစ်ပါသည်။ အဖေ့ကို ဆေးရုံကားဖြင့် ခေါ်သွားခဲ့ရသည်။ အဖေ့ခြေထောက်မှာ အဆမတန်ရောင်ရမ်းနေသဖြင့် လမ်းမလျှောက်နိုင်တော့၍ ဆေးရုံကားဖြင့် ပို့ဆောင်ရခြင်း ဖြစ်ပါသည်။ သွားရမည့်အချိန်တွင် အဖေ့မှာ မတ်တတ်ပင် မရပ်နိုင်တော့ပေ။ ထိုစဉ်က ကျွန်မမှာ ရုံးသို့ ရောက်ရှိနေခြင်းကြောင့် နောင်မှ အမေက ပြန်ပြောပြခဲ့ခြင်း ဖြစ်ပါသည်။ ဆေးရုံသို့ ပို့ဆောင်မည့် မော်တော်ယာဉ်မှ သူနာပြုအကူများနှင့်ပင် အဖေက ရယ်စရာမောစရာများ ပြောနေခဲ့သေးသည် ဆို၏။

အဖေ့ကို ချီကာဂိုတက္ကသိုလ်ဆေးရုံသို့ တိုက်ရိုက်ပင် ပို့ပေးခဲ့ကြသည်။ သွေးစစ်ဆေးခြင်း အစရှိသည့် စစ်ဆေးရန်ရှိသည်များကို စစ်ဆေးကြသည်။ ဆေးရုံမှ ကျွေးသော အစားအသောက်များကို အဖေက လက်နှင့်ပင် မထိမတို့။ ဆရာဝန်များက လှည့်လည်စစ်ဆေးကြတိုင်း အဖေ့အား ဝင်ကြည့်ကြသည်။ အဖေ့ခြေထောက်မှာ ဆေးရုံပေါ်ရောက်သည့်တိုင် ဆက်လက်ရောင်ရမ်းနေဆဲပင်။ တဖြည်းဖြည်းနှင့် မျက်နှာလည်း အန်းလာပြီး လည်ပင်းမှာလည်း ပိုပြီး တစ်ဆို့လာသဖြင့် အသံမှာ ခပ်အက်အက်ဖြစ်လာသည်။ ဆရာဝန်များက Cushing's Syndrome ဟု အဖေ့ရောဂါ ကို ကင်ပွန်းတပ်ကြသည်။ ရောဂါသိပြီးဖြစ်သဖြင့် ကုသရေးကို တဖြည်းဖြည်းချင်း စတင်နေပြီဖြစ်သည်။ Scan ဖတ်ကြည့်ရာ အဖေ့လည်ပင်းတွင် တစ်ဆို့နေသည့် အသားများမှာ တဖြည်းဖြည်းနှင့် ကြီးလာပြီး အသက်ရှူ၍ပင် မလွယ်ကူနိုင်လောက် အောင် ဖြစ်လာခဲ့၏။

"ဘယ်ကနေ ဘယ်လိုစ,ဖြစ်လာသလဲ မသိပါဘူး" ဟု အဖေက ဆရာဝန်အား သူထုတ်နိုင်သည့်အသံဖြင့် ပြောပြနေသည်။ ပြောနေသည့်ပုံစံမှာ ရက်ပိုင်းလပိုင်း ကမှ ဤရောဂါ ဖြစ်လာသကဲ့သို့ ပြောနေသော်လည်း အမှန်တကယ်ဖြစ်နေသည်မှာ နှစ်နှင့်ချီ၍ ဖြစ်နေပြီး နာကျင်သော်လည်း အဖေက သူ့ဝေဒနာကို ကြိတ်မှိတ်ခံစားခဲ့သည်။

အဖေရှိနေသော ဆေးရုံသို့ အမေ၊ ခရိတ်၊ ဂျဲနစ္စနှင့် ကျွန်မတို့ သွားရောက်ကြသည်။ ဆရာဝန်များက အဖေ့အား သူ့ရောဂါအတွက် ဆေးများပေးနေကြပြီဖြစ်သည့်အပြင် အဖေ့ကိုယ်ပေါ်တွင် စက်များလည်း တပ်ဆင်ထားသည်ကို တွေ့ရ၏။ ကျွန်မတို့က အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံကာ အဖေ့ရောဂါ နှင့် ပတ်သက်ပြီး အကြောင်းအရာများကို မေးမြန်းကြည့်ကြသည်။ သူတို့ပြောသည်ကို အပြည့်အဝ နားမလည်သော်လည်း စိတ်ကျေနပ်မှုရစေရန် မေးကြခြင်းသာ ဖြစ်ပါသည်။

အဖေနှင့်တွေ့ဆုံသည်ဆိုသော်လည်း အဖေ့ရောဂါအကြောင်းကို မေးမြန်းခြင်းမပြုကြဘဲ တက္ကသိုလ်များမှ ဘတ်စကက်ဘောပွဲများအကြောင်း၊ ယနေ့

ဖြစ်ပေါ်နေသော ရာသီ ဥတုအကြောင်း စသဖြင့် ထွေရာလေးပါးကိုသာ ပြောနေကြခြင်းဖြစ်သည်။ အဖေက လည်း ဂရုတစိုက် နားထောင်နေသည်။ သို့သော် မောနေသဖြင့် စကားမပြန်နိုင်တော့ ပေ။ ကျွန်မတို့ မိသားစုသည် အရာရာကို ကြိုတင်စီမံကိန်းချကာ လုပ်ကိုင်တတ်သော မိသားစုဖြစ်သော်လည်း ကြုံတွေ့လာရသည့် ပြဿနာမှာ မည်သည့်အခါမျှ မမျှော်လင့် ခဲ့၍ စီမံချက်လည်း မရှိပါ။ အဖေနှင့်တွေ့လျှင် ပျော်ရွှင်ဖွယ်ကောင်းသော အတိတ် ကာလ၏ အမှတ်တရများ ပြောပြတိုင်း အဖေ့မျက်ဝန်းမှာ တောက်လာသည်ကို သတိထားမိ၏။ ကျွန်မတို့ ကားလျှောက်စီးကြတာ မှတ်မိလား အဖေ၊ အဖေက ကျွန်မကို လက်ဝှေ့ထိုးတဲ့ လက်အိတ်တွေ ဝယ်ပေးခဲ့တယ်လေ၊ Dukes Happy Holiday Resort မှာ ရေကူးသင်ပေးခဲ့တယ်၊ ဒယ်နီအိမ်မှာ ညစာ သွားစားတုန်းက ပျော်စရာကြီးနော် စသဖြင့် ပျော်ရွှင်ဖွယ်အမှတ်တရများကို ပြန်ပြောကြသည်။ နှစ်သစ်ကူးအကြိုညတုန်း က အမေ ပုစွန်တွေ ကင်ကျွေးတာရော မှတ်မိလား အဖေ။

တစ်ညနေ ကျွန်မ ဆေးရုံသို့ရောက်သွားချိန်တွင် အခန်းထဲ၌ အဖေတစ်ယောက်တည်းရှိနေသည်။ အမေက အိမ်သို့ ခဏပြန်သွားခိုက်ဖြစ်ပြီး သူနာပြုဆရာမ များက ခန်းမထဲတွင် ရှိနေကြ၏။ အဖေ့အခန်းတစ်ခန်းလုံးမှာ တိတ်ဆိတ်နေသည်။ အချိန်ကာလမှာ မတ်လ၏ ပထမပတ်ပင် ဖြစ်သည်။ ဆောင်းရာသီက ကျခဲ့သော နှင်းများလည်း ပျော်နေကြပြီဖြစ်သည်။ တစ်မြို့လုံးမှာ နှင်းများပျော်နေသဖြင့် စွတ်စွတ် စိုစိုဖြစ်နေ၏။ အဖေက အသက် ၅၅ နှစ်ဆိုသော်လည်း သူ့ကိုကြည့်ရသည်မှာ အဘိုးအိုတစ်ယောက်ကဲ့သို့ ဖြစ်နေသည်။ မျက်လုံးများက ဝါနေပြီး သူ့လက်ကို သူရွှေ့ ရန်ပင် အတော်အားထုတ်နေရ၏။ အဖေနိုးနေသည်မှန်သော်လည်း စကားမပြောတော့ ပေ။ လည်ပင်းက ကြီးနေခြင်းကြောင့် စကားမပြောသည်လား ကျွန်မ မတွေးတတ် ခဲ့ပါ။ မည်သည့်အခါမျှလည်း ကျွန်မ နားလည်မည် မဟုတ်။

အဖေ့ခုတင်အနီးသို့ ကုလားထိုင်ကိုရွှေ့ကာ အဖေ ပင်ပင်ပန်းပန်းအသက်ရှူ နေသည်ကို ကြည့်နေမိ၏။ အဖေ့ရင်ဘတ်ပေါ်သို့ ကျွန်မလက် တင်လိုက်သည့်အခါ ကျွန်မလက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လာသည်။ တစ်ယောက်နှင့်တစ် ယောက် စကားမပြောမိကြဘဲ စူးစူးစိုက်စိုက်သာ ကြည့်နေမိကြ၏။ ရင်ထဲ၌ ပြောရန် စကား များစွာရှိသော်လည်း တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်လိုက်ခြင်းက အရာရာကို ပြောပြီးသကဲ့သို့ ဖြစ်သွားခဲ့သည်။ ကျွန်မတို့ မုန်ကန်သောနိယာမတစ်ခုကို လက်ခံလိုက်ကြရတော့မည် ဖြစ်သည်။ ကျွန်မ အဖေ့ကို ဆုံးရှုံးရတော့မည်။ နေ့စဉ်နှင့်အမျှ ပျော်ပျော်ကြီးနေခဲ့သော အဖေ့နေ့ရက်များ ကွယ်ပျောက်တော့မည်ဖြစ်သည် ကျွန်မမျက်ဝန်းမှ မျက်ရည်များ ပါးပေါ်သို့ စီးကျလာခဲ့သည်။

ကျွန်မကို စိုက်ကြည့်နေသောအဖေက ကျွန်မလက်ကို ကိုင်မြှောက်ကာ သူ့နှုတ်ခမ်းပေါ်သို့ တင်လိုက်ပြီး အကြိမ်ကြိမ် နမ်းနေတော့သည်။ မငိုပါနဲ့ သမီးရယ်ဟု ပြောနေသကဲ့သို့ ခံစားရပါသည်။ ကျွန်မ ဝမ်းနည်းကြေကွဲနေသည်။ တစ်ပြိုင်နက် တည်းမှာပင် စိတ်ကို တည်ငြိမ်အောင် တည်ဆောက်နေမိ၏။ အဖေပြောချင်သည့် စကားများကို ကျွန်မ နားလည်အောင် ကြိုးစားချင်ပါသည်။ ကျွန်မလက်ကိုနမ်းသော အနမ်းများဖြင့် အဖေက သူ့နှလုံးသားနှင့် ထပ်တူထပ်မျှ ကျွန်မအား ချစ်သည်ကို ပြောပြနေပုံရပါသည်။ အောင်မြင်သောသမီးတစ်ယောက်အဖြစ် ကျွန်မနှင့် ပတ်သက် ၍ ဂုဏ်ယူဟန်လည်း ရှိ၏။ မကြာမီ သူသွားရတော့မည်ကို သိနေပြီဖြစ်သည်။ ခွင့်လွှတ်ပါဟု အဖေ့မျက်လုံးများက ပြောနေသည့်အပြင် သွားတော့မယ်ဟု နှုတ်ဆက်နေဟန်လည်း ရှိပါသည်။

ထိုညက အဖေ အိပ်ပျော်သွားသည်အထိ ဆေးရုံတွင် ကျွန်မ နေခဲ့သည်။ ပြန်လာသောအခါ အပြင်တွင် မည်းမှောင်နေသည်။ အိမ်သို့ရောက်သည့်အခါ အမေက အိမ်မီးများပင် ဖွင့်ထားပြီဖြစ်၏။ အခုတော့ အိမ်တစ်လုံးထဲတွင် ကျွန်မတို့သားအမိနှစ် ယောက်သာ ရှိကြပါတော့သည်။ နံနက် နေထွက်ချိန်တွင် အဖေသည် လောကကြီးကို စွန့်ခွာသွားပါတော့သည်။ ထိုညက အဖေ ဖရေဇာရော်ဘင်ဆင်(၃)သည် နှလုံးရောဂါ တိုက်ခိုက်မှု ခံစားခဲ့ရပြီး ကွယ်လွန်ခဲ့ခြင်းပင် ဖြစ်သည်။ အဖေ စွန့်ခွာသွားချိန်တွင် ကျွန်မတို့အား အရာရာ ပေးဆပ်ခဲ့ပြီး ဖြစ်သည်။

※ ※ ※

တစ်စုံတစ်ယောက် ကွယ်လွန်သွားပြီးသည့်အချိန်တွင် ကျန်ရစ်သူအတွက် ဆက်လက် အသက်ရှင်ရသည်မှာ နာကျင်လှပါသည်။ အခန်းထဲတွင် လမ်းလျှောက်နေ ရမည်လား၊ ရေခဲသေတ္တာကို သွားဖွင့်ရမည်လား မဝေခွဲတတ်ပါချေ။ ခြေအိတ်နှစ်ဖက် ဝတ်ပြန်လျှင်လည်း နာကျင်မှုခံစားနေရပြီး သွားတိုက်ချိန်၌လည်း သတိရနေပြန်သည်။ အစားအသောက်များသည် အရသာမရှိ။ အရောင်တို့သည်လည်း မည်သို့မျှ ဆွဲဆောင် မှုမရှိ။ ဂီတသံသည် တစ်နည်းတစ်ဖုံ သတိရစေသဖြင့် နာကျင်မှုကို ပိုမိုခံစားစေသည်။ ညနေ နေဝင်ချိန်တွင် ကောင်းကင်၏အလင်းရောင်သည် ခရမ်းသွေးရောင်တောက်ပ နေပြီး ကစားကွင်းအတွင်း၌ ကလေးများ ပြည့်နှက်နေကြသည်။ ထိုမြင်ကွင်းကိုမြင်ရသည့်အခါတွင်လည်း ဆုံးရှုံးလိုက်ရသည့်အတွက် နက်နဲသောဝေဒနာကို ခံစားရပြန်သည်။ လွမ်းဆွတ်ကြေကွဲမှုသည် မဆုံးနိုင်အောင်ပင်ရှိတော့၏။

အဖေကွယ်လွန်ပြီးနောက်တွင် တောင်ပိုင်းရှိ အသုဘအခမ်းအနားများ ကျင်းပပေးရာနေရာသို့ ကျွန်မတို့ ရောက်သွားကြသည်။ ကျွန်မ၊ အမေနှင့် ခရိတ်တို့ ဖြစ်၏။ ခေါင်းဝယ်ယူရန်နှင့် အောက်မေ့သတိရခြင်းအထိမ်းအမှတ် ဝတ်ပြုရန် ဖြစ်သည်။ အသုဘအခမ်းအနားများ ကျင်းပပေးသည့်နေရာက ကိစ္စအဝဝကို စီမံပေးသည်။ ယခု ပြန်စဉ်းစားသည့်အခါ ခပ်ရေးရေးသာ မှတ်မိတော့သည်။ ကျွန်မ မှတ်မိသည်က သုံးယောက်လုံး အတွေးကိုယ်စီဖြင့် နှုတ်ဆိတ်နေကြခြင်းပင် ဖြစ်ပါသည်။ သို့သော် မှတ်မိနေသည့် အချက်တစ်ခုက အဖေ့အတွက် ခေါင်းဝယ်ယူရာ၌ မည်သည့်ခေါင်းကို ဝယ်ယူမည်ဖြစ်ကြောင်း ခရိတ်နှင့်ကျွန်မ အငြင်းအခုံဖြစ်ကြခြင်း ဖြစ်သည်။

ကျွန်မက အကောင်းဆုံးခေါင်း၊ ဈေးအကြီးဆုံးခေါင်းကို ဝယ်ယူလိုသည်။ ထိုခေါင်းမှာ ဘေးမှ လက်ကိုင်များတပ်ဆင်ထားသည့်အပြင် အတွင်း၌လည်း ကူရှင်များပါသဖြင့် သက်သက်သာသာ ရှိနိုင်မည်ဖြစ်သည်။ ဘာကြောင့် ထိုခေါင်းကို လိုချင်သည် ဆိုသည်ကိုတော့ မည်မည်ရရ အကြောင်းပြချက်မရှိပါချေ။ ကွယ်လွန်သွားပြီဖြစ်သော အဖေ့ကို သက်သက်သာသာရှိစေချင်သည့်သဘောပင် ဖြစ်ပါမည်။ အဖေသည် ကောင်းရာမွန်ရာသို့ ရောက်ရှိသွားကာ နတ်သမီးကလေးများနှင့် ထိုင်နေ လေမည်လားဟု တွေးမိ၏။ ထို့ကြောင့် အဖေနှင့်ထိုက်တန်သော အခေါင်းကောင်း ကောင်းတစ်လုံးကို လိုချင်မိခြင်းလည်း ဖြစ်နိုင်ပါသည်။

ခရိတ်ကမူ အဖေသည် အရာရာ လက်တွေ့ကျကျ လုပ်ဆောင်တတ်သူ

တစ်ဦးဖြစ်သဖြင့် လိုသည်ထက် ပိုမိုဖြုန်းတီးခြင်းကို လိုလားမည်မဟုတ်ဟု ဆိုသည်။ သာမန်ခေါင်းတစ်လုံးသည်သာ အဖေနှင့် လိုက်ဖက်မည်ဟု တွေး၏။ ကွယ်လွန်သွားပြီ ဖြစ်သဖြင့် အပေါ်ယံအလှပြသည့် ကိစ္စမျိုးကို ဆောင်ရွက်ရန်မသင့်ဟုလည်း သူက ဆိုပါသည်။

ပထမပိုင်းတွင် ကျွန်မတို့နှစ်ယောက် ကျိတ်၍သာ ငြင်းခုံနေကြသော်လည်း နောက်ပိုင်းတွင် ပေါက်ကွဲလာကြသည်။ အသုဘအခမ်းအနား ကျင်းပသည့်နေရာက တာဝန်ရှိသူကမူ ကျွန်မတို့မောင်နှမ ငြင်းခုံနေကြသည်ကို မကြားဟန်ပြုနေ၏။ အမေကလည်း သူကိုယ်တိုင်က ဝမ်းနည်းကြေကွဲနေခြင်းကြောင့် ကျွန်မတို့နှစ်ယောက် ကို ဘာမျှမပြောဘဲ ရီဝေသောမျက်လုံးများဖြင့်သာ ကြည့်နေရှာသည်။

ကျွန်မတို့ မောင်နှမသည် ငြင်းခုံရန် မလိုအပ်သည့် ကိစ္စတစ်ခုအတွက် တစ်ယောက်နှင့်တစ်ယောက် အော်ကြီးဟစ်ကျယ်ပင် ငြင်းခုံမိကြသည်။ နောက်ဆုံးတွင် အဖေ့အတွက် သင့်တင့်မျှတသော ခေါင်းတစ်လုံးကို ဝယ်ယူဖြစ်ခဲ့ကြသည်။ အလွန်လှပဆန်းကြယ်သည်လည်း မဟုတ်၊ အလွန်ရိုးသည်လည်း မဟုတ်။ ထို့နောက် ပိုင်းတွင် ခရိတ်နှင့်ကျွန်မ ထိုကဲ့သို့ ငြင်းခုံခဲ့ကြခြင်းနှင့် ပတ်သက်၍ မဆွေးနွေးမိကြ တော့ပါ။ ကျွန်မတို့နှစ်ယောက်စလုံးမှာ အဖေ့အတွက် ခံစားချက်များကိုယ်စီရှိနေခြင်းကြောင့် မသင့်လျော်သော ငြင်းခုံမှုကို ပြုခဲ့ကြခြင်းဖြစ်ပါလိမ့်မည်။

ထို့နောက် အမေ့ကို လျူးစစ်ရိပ်သာလမ်းသို့ ပြန်လည်ပို့ဆောင်လိုက်ကြသည်။ အောက်ဆုံးထပ်ရှိ မီးဖိုဆောင် ထမင်းစားစားပွဲတွင် သုံးယောက်သား ထိုင်မိကြသည်။ ထိုသို့ ထိုင်လိုက်မိခါမှ လွတ်နေသော စတုတ္ထမြောက်ကုလားထိုင်က ကျွန်မတို့အား ပိုမိုချောက်ချားစေခဲ့ပါသည်။ မကြာမီအချိန်အတွင်းမှာပင် ကျွန်မတို့ သုံးယောက်စလုံး အဖေ့ကို သတိရသောစိတ်ဖြင့် ငိုမိကြသည်။ အချိန်တော်တော်ကြာကြာ ငိုနေခဲ့ကြပြီး မျက်ရည်များခန်းခြောက်သည်အထိ ဖြစ်ခဲ့ကြ၏။ တစ်နေ့လုံး စကား အပိုတစ်ခွန်းမျှ မပြောခဲ့သည့် အမေက နောက်ဆုံးတွင် စကားတစ်ခွန်း ပြောလာ၏။

“သားတို့ သမီးတို့ ဒီမှာကြည့်”ဟု အမေက စကားစ,လာ၏။

အမေ့စကားက ပေါ့ပေါ့ပါးပါးပင် ဖြစ်ပါသည်။ ရော်ဘင်ဆင်မိသားစုတို့သည် ဖြစ်ပျက်လာသမျှတို့ကို မမှတ်မိနိုင်လောက်အောင် မို့မောက်လာသောမျက်ခွံများ၊ နီရဲနေသော နှာခေါင်းများ ဖြစ်လာသည်အထိ ငိုကြွေးခဲ့ကြသည်။ မီးဖိုဆောင်ထဲတွင် ကူကယ်ရာမဲ့ဖြစ်နေကြပြီလား။ ကျွန်မတို့ ဘယ်သူတွေလဲ။

အမေ့စကားကြောင့် မျက်ရည်သိမ်းလိုက်ကြပြီး ကိုယ့်စိတ်ကိုယ်ထိန်းလိုက်ကြသည်။

အမေက ကျွန်မကိုကြည့်လိုက်ပြီး ခရိတ်ကို ကြည့်ပြန်သည်။ တစ်ယောက်နှင့်တစ်ယောက် ကြည့်ကာ ပြုံးမိကြ၏။ လွတ်နေသောကုလားထိုင်အတွက် ဘာလုပ် ရမည်ဆိုသည်ကို စိတ်ကူးရသွားကာ ထိုကုလားထိုင်ကို ရိုက်ချိုးလိုက်ကြသည်။ ထို့နောက် တစ်ဦးကိုတစ်ဦးကြည့်ကာ ရယ်လိုက်မိကြ၏။ ကျွန်မတို့ အပြုအမူမှာ ဆန်းကြယ်သည်ဟု ယူဆရန်ရှိသော်လည်း စောစောက ငိုနေသည်ထက် စိတ်လက် ပေါ့ပါးလာသည်။ အမေကိုယ်တိုင်ကလည်း ကျွန်မတို့ကို ဤပုံစံဖြင့်သာ ကျန်ရစ်စေ ချင်လိမ့်မည်ဟု ယူဆပါသည်။

အဖေ့ကို ဆုံးရှုံးလိုက်ပြီးသည့်နောက်တွင် ကျွန်မသည် ရှေ့ဆက်ရမည့် ဘဝခရီးအတွက် ဘာလုပ်ရမည်ဆိုသည်ကို တွေဝေငေးမောနေချိန်မရပါ။ အဖေကွယ် လွန်စဉ်က အသက် ၅၅ နှစ်သာ ရှိပါသေးသည်။ စူဇန်းနီးဆိုလျှင် ၂၆ နှစ်သာ ရှိသေး၏။ ရလာသည့်သင်ခန်းစာမှာ ရိုးရိုးကလေးပင် ဖြစ်ပါသည်။ ဘဝဆိုသည်မှာ တိုတောင်းလှပြီး အချိန်ဖြုန်းရန်မသင့်ပါ။ အကယ်၍ ကျွန်မသေသွားခဲ့လျှင် ကျန်ရစ် သူများအနေဖြင့် တရားရုံးများတွင် ကျွန်မ လျှောက်လဲချက်ပေးခဲ့သည်များကို သတိရကာ တမ်းတမနေစေလိုပါ။ ကျွန်မအနေဖြင့် ကမ္ဘာကြီးအတွက် ယခုထက် ပိုမိုလုပ် ဆောင်ရန်များ ရှိနေပါသေးသည်။ ကျွန်မ စတင်လှုပ်ရှားရပါတော့မည်။

လှုပ်ရှားရမည်ဟု ဆိုသော်လည်း ကျွန်မကိုယ်တိုင်က ဘာလုပ်ရမည်ဆို သည်ကို မသိပါ။ မိတ်ဆက်စာများရိုက်ကာ ချီကာဂိုမြို့မှ လူအများထံ ပေးပို့လိုက်သည်။ ကျွန်မ ပေးပို့သည့်သူများမှာ ဖောင်ဒေးရှင်းများ၏ အကြီးအကဲများ၊ အကျိုး အမြတ်မယူသော အဖွဲ့အစည်းများ၏ အကြီးအကဲများ၊ ချီကာဂိုမြို့ရှိ တက္ကသိုလ်များ၏ အကြီးအကဲများထံ ပေးပို့ခြင်း ဖြစ်ပါသည်။ ကျွန်မ ပေးပို့သည့်စာများကို သူတို့၏ ဥပဒေဆိုင်ရာ အကြံပေးဌာနများသို့ ရောက်ရှိစေရန် ရည်ရွယ်ပါသည်။ သို့သော် ကျွန်မက ဥပဒေနှင့်ပတ်သက်၍ အလုပ်လုပ်လိုခြင်းကြောင့် မဟုတ်ပါ။ ဥပဒေနှင့် ပတ်သက်သည့် ဌာနများသို့ ပေးပို့မှသာ ထိုသူတို့က ထိရောက်သော ဆောင်ရွက်မှုများ လုပ်နိုင်မည်ဟု ယုံကြည်ခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်မစာများကို အတော်များများက တုံ့ပြန်လာကြသည်။ အချို့က နေ့လယ်စာ အတူစားရင်း ဆွေးနွေး ရန် ဖိတ်ခေါ်လာကြပြီး အချို့က အစည်းအဝေးတက်ရောက်ရန် ဖိတ်ခေါ်ကြသည်။ တချို့က သူတို့၌ ပေးရန် အလုပ်မရှိသော်လည်း ကျွန်မကို စိတ်ဝင်စားလာကြသည်။ ၁၉၉၁ ခုနှစ်၏ နွေဦးပေါက်နှင့် နွေရာသီတွင် ကျွန်မအား အကြံပေးနိုင်မည်ဟု ယူဆရသည့် ပုဂ္ဂိုလ်မှန်သမျှထံသို့ ကျွန်မ ရောက်ခဲ့သည်။ အလုပ်သစ်ရှာရန် ဆိုသည် ထက် ကျွန်မ ဘာလုပ်သင့်သည်ဆိုသည်ကို လေ့လာနေခြင်းပင် ဖြစ်ပါသည်။ ကျွန်မ

ရထားသောဘွဲ့များသည် ကျွန်မအတွက် အလုပ်သစ်ရှာပေးသည်ဆိုသည်ထက် လုပ်သင့်လုပ်ထိုက်သော အလုပ်ကို ကျွန်မကသာ ရှာရမည်ဟု နားလည်မိပါသည်။ အလုပ်သစ်တစ်ခုကို လွယ်လွယ်ကူကူ လက်ခံလိုက်ခြင်းထက် လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ရမည်ဟု နားလည်လာပါသည်။ ကျွန်မနှင့် တွေ့ဆုံသည့် ပုဂ္ဂိုလ်များအား ကျွန်မ လုပ်လိုသည်များကို ထပ်တလဲလဲ ရှင်းပြသည်။ သူတို့မှတစ်ဆင့် အခြား ကျွန်မ နှင့် သင့်လျော်မည့် ပုဂ္ဂိုလ်များအား ညွှန်ပြစေပါသည်။ ဥပဒေဘွဲ့ရတစ်ဦး ဖြစ်သော် လည်း ကျွန်မ လုပ်လိုသည်က ဥပဒေနှင့် ပတ်သက်သည့်အလုပ် မဟုတ်ပါ။

တစ်ညနေတွင် ကျွန်မ၏ မိတ်ဆွေတစ်ဦးဖြစ်သော အာ့တ်စပ်စမဲန်း ဆိုသည့် အမျိုးသားတစ်ဦး၏ ရုံးသို့ ရောက်ရှိသွားသည်။ သူသည် ချီကာဂိုတက္ကသိုလ်၌ ဥပဒေရေးရာဌာနတွင် တာဝန်ထမ်းဆောင်နေသူ တစ်ဦး ဖြစ်ပါသည်။ ထိုသူ့ထံ၌ အမေသည် အတွင်းရေးမှူးအဖြစ် တစ်နှစ်ခန့် လုပ်ကိုင်ခဲ့ဖူးသည်ဟု သိရ၏။ ထိုစဉ်က ကျွန်မမှာ အထက်တန်းကျောင်းသူဘဝသာ ရှိပါသေးသည်။ နောက်မှ အမေက ဘဏ်သို့ အလုပ်ပြောင်းသွားခြင်းဖြစ်သည်။ အာ့တ်က သူ့ထံတွင် အမေ အလုပ်လုပ်နေ စဉ်က တစ်ကြိမ်တစ်ခါမျှ ကျွန်မ လာရောက်လည်ပတ်ခြင်းမရှိသည့်အတွက် အံ့ဩ နေသည်။ အမှန်တကယ်လည်း ကျွန်မသည် ထိုကျောင်းဝင်းအတွင်းသို့ ခြေတစ်ဖဝါး မျှပင် မချခဲ့ဖူးပါချေ။

ရိုးရိုးသားသားပြောရလျှင် ထိုကျောင်းဝင်းအတွင်းသို့ သွားရောက်လည်ပတ်ရန် ကျွန်မတွင် မည်သို့မျှ အကြောင်းမရှိပါချေ။ ကျွန်မတက်နေသည့် ကျောင်းကလည်း ထိုတက္ကသိုလ်ဝင်းကြီးအတွင်းသို့ လေ့လာရေးခရီး တစ်ကြိမ်မျှ မသွားဖူးပါ။

ကျွန်မ ငယ်စဉ်က ထိုကျောင်းဝင်းအတွင်း၌ ယဉ်ကျေးမှုနှင့် ပတ်သက်သည့် ပွဲများ ကျင်းပခဲ့ဖူးသည်ဟု ဆိုသော်လည်း ကျွန်မတို့ မိသားစု မသိခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ ကျွန်မတို့တွင် မိတ်ဆွေမရှိ၊ အပေါင်းအသင်းမရှိ အထီးကျန်နေခဲ့ကြသည်။ ချီကာဂိုတက္ကသိုလ်ဆိုသည်မှာလည်း ချမ်းသာသည့် မိသားစုအသိုင်းအဝိုင်းများမှသာ တက်ရောက်နိုင်သည့် နေရာ ဖြစ်ပါသည်။ ကျွန်မတို့မှာ လက်လုပ်လက်စား မိသားစု များသာဖြစ်၍ ချီကာဂိုတက္ကသိုလ်နှင့် လားလားမျှ မအပ်စပ်ပါ။ ချီကာဂိုတက္ကသိုလ် ကြီး၏ ကျောက်သားများဖြင့် ဆောက်လုပ်ထားသော အဆောက်အဦများသည် လမ်းများဘက်သို့ ကျောပေးကာ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ကျောင်းအနီးမှ ဖြတ်ကာ ကားမောင်းသွားရသည့်အခါတိုင်း အဖေသည် တက္ကသိုလ်အတွင်းသို့ ဝင်ထွက်သွားလာနေကြသော ကျောင်းသားများကို ငေးမောကြည့်နေတတ်သည်။

တောင်ပိုင်းသား အများစုကဲ့သို့ ကျွန်မတို့မိသားစုကလည်း မျက်စိရှေ့

မှောက်တွင်ရှိနေသော ချီကာဂိုတက္ကသိုလ်ကြီးသည် ကျွန်မတို့နှင့် လားလားမျှ မသက် ဆိုင်ဟု ခံယူထားကြသည်။ အမေက ထိုတက္ကသိုလ်ထဲတွင် တစ်နှစ်တာမျှ အလုပ်လုပ် ခဲ့သည် ဆို၏။ ခရိတ်နှင့်ကျွန်မ တက္ကသိုလ်တက်ရန် စဉ်းစားကြရသည့်အရွယ်တွင် ချီကာဂိုတက္ကသိုလ်သို့ တက်ရောက်ရန် လုံးဝပင် မစဉ်းစားခဲ့ကြပေ။ ဘာကြောင့် မစဉ်းစားခဲ့ကြသည် ဆိုသည်ကိုလည်း မတွေးတတ်ပါ။

ရှေ့ဖြစ်နောက်ကြောင်းများကို ပြောနေသည့် အာ့တ်က ကျွန်မအား "မင်း ဒီထဲကို တကယ်တစ်ခေါက်မှ မရောက်ဖူးဘူးလား"ဟု မေးလာ၏။

"ဟုတ်၊ တစ်ခါမှ မရောက်ဖူးပါဘူး"

ကျွန်မ အသံခပ်ကျယ်ကျယ်ဖြင့် ဖြေလိုက်သည်။ ချီကာဂိုတက္ကသိုလ် ကျောင်းသူဖြစ်လျှင် မည်မျှကောင်းလိုက်မည်နည်းဟုလည်း ကျွန်မ မတွေးပါ ။ ထိုတက္ကသိုလ်သည် အနီးပတ်ဝန်းကျင်၌ နေထိုင်သော ကျွန်မတို့ကဲ့သို့ လူတန်းစားများ နှင့် လားလားမျှ မထိုက်တန်သည့်ကျောင်း ဖြစ်ပါသည်။ တွေးကြည့်လိုက်သည့်အခါ ရင်ထဲ၌ နာကျင်လာသည်။ လူမည်းဖြစ်ခြင်း၊ တောင်ပိုင်းသားဖြစ်ခြင်းတို့က ချီကာဂို တက္ကသိုလ်နှင့် ကျွန်မတို့ကို စည်းခြားထား၏။ ထိုသို့ စည်းခြားထားကြောင်း ကျွန်မအား ဆွေးနွေးနေသော အာ့တ်စပ်စမဲန်းကိုယ်တိုင်ပင် သိပုံ မပေါ်ပါချေ။

နှစ်ပေါင်းများစွာအတွင်း တက္ကသိုလ်၌ တာဝန်ထမ်းဆောင်ရန် တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကြိမ်ကြိမ် ဆွေးနွေးခဲ့ဖူးပါသည်။ သို့သော် အလုပ်မရခဲ့ပါ။ ယခုအခါ တွင်မူ အာ့တ်က ကျွန်မအား အလုပ်ပေးမည်ဟု ဆိုလာချေသည်။

"ပထမတော့ မင်း စူဇန်ရှားနဲ့ စကားပြောလိုက်ပါဦး" ဟု သူက ဆိုသည်။ စူဇန်မှာ ကျွန်မထက် အသက် ၁၅ နှစ်ခန့် ကြီးသူ ဖြစ်၏။ သူသည် ဥပဒေလုပ်ငန်း ကြီး၏ ပါတနာတစ်ဦးဖြစ်ပြီး ဩဇာသက်ရောက်သူ ဖြစ်သည်။ ကျွန်မကလည်း တွေ့လိုက်မည်ဟု သဘောတူလိုက်ပါသည်။ စူဇန်သည် ချီကာဂိုပြည်နယ် အစိုးရ၏ အရေးပါအရာရောက်သော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပါသည်။ စူဇန်၏ မျက်လုံးများမှာ မီးခိုးရောင်သန်းနေပြီး အသားဖြူဖြူနှင့် အရယ်သန်သူလည်း ဖြစ်ပါသည်။ ညင်သာ နူးညံ့သူဖြစ်ပြီး ကျွန်မအား တစ်သက်လုံးရင်းနှီးလာသည့် မိတ်ဆွေတစ်ဦးကဲ့သို့ပင် ဆက်ဆံပါသည်။ နောက်ဆုံး သူနှင့်တွေ့သည့်အခါ "အခုပဲ မင်းကို ခန့်လိုက်ပြီ။ ဒါပေမဲ့ မင်းက ရှေ့နေ မလုပ်ချင်ဘူးဆိုတော့ ဘာကြောင့်မလုပ်ချင်တာလဲ ဆိုတာကို တော့ ပြောပြစေချင်တယ်"ဟု ဆို၏။

စူဇန်က ကျွန်မအား အလုပ်ခန့်လိုက်ပြီဟု ဆိုသော်လည်း ဥပဒေအကျိုး ဆောင်လုပ်ငန်းတွင် ခန့်ထားခြင်းမဟုတ်ဘဲ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားသည့်

သူ့မိတ်ဆွေများ၏ လုပ်ငန်းတစ်ခုတွင် အလုပ်ထည့်ပေးလိုက်ခြင်း ဖြစ်ပါသည်။ ထိုလုပ်ငန်းမှာ ဥပဒေနှင့်ပတ်သက်၍ အများပြည်သူတို့အား ဆောင်ရွက်ပေးသည့် လုပ်ငန်း ဖြစ်သည်။ တောင်ပိုင်းသားတစ်ဦး၏ သမီးသည် အများပြည်သူတို့ အကျိုးငှာ ဆောင်ရွက်ရတော့မည်ဖြစ်သည်။ သို့သော် စူဇန်က "နောက်တစ်ယောက်ကိုတော့ မင်း တွေ့ဖို့ လိုဦးမယ်။ အဲဒါကတော့ ဗယ်လာရီဂျားရက် ဆိုတဲ့သူပဲ"ဟု ညွှန်ပြန်သည်။

ဗယ်လာရီဂျားရက် ဆိုသူမှာ ချီကာဂိုမြို့တော်ဝန်၏ လက်ထောက်ဝန်ထမ်းအကြီးအကဲဖြစ်ပြီး တောင်ပိုင်းဒေသရှိ အာဖရိကန်-အမေရိကန်အဖွဲ့အစည်းများနှင့် ပတ်သက်သူ ဖြစ်သည်။ စူဇန်ကဲ့သို့ပင် သူမသည်လည်း ဥပဒေကျောင်းနှင့် ဥပဒေလုပ်ငန်း တည်ထောင်ထားသူ ဖြစ်သည်။ မြို့တော်ခန်းမ၌ ပြောင်းရွှေ့ဖွင့်လှစ်ရခြင်းမှာ ၁၉၈၃ ခုနှစ်ကတည်းက မြို့တော်ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဟာရိုးဝါရှင်တန်ကြောင့်ပင် ဖြစ်သည်။ ထိုစဉ်ကာလက ကျွန်မမှာ ကောလိပ်ကျောင်း တက်နေစဉ်ဖြစ်ပြီး ပထမဆုံး ရွေးချယ်တင်မြှောက်ခံရသော လူမည်းမြို့တော်ဝန်လည်း ဖြစ်သည်။ ဝါရှင်တန်သည် ပွင့်လင်းသည့်စိတ်ဓာတ်ရှိသော နိုင်ငံရေးသမားတစ်ဦးပင် ဖြစ်ပါသည်။ သူ့မိန့်ခွန်းများမှာ ရှိတ်စပီးယား၏ အဆိုအမိန့်များ ထည့်သွင်းပြောကြားခြင်းရှိခြင်းကြောင့် ကျွန်မမိဘများက အလွန်နှစ်သက်သူ ဖြစ်သည်။ သူ့ကြောင့်ပင် ချီကာဂို၌ ဒီမိုကရက်တစ်တို့ တောက်လျှောက်လွှမ်းမိုးထားနိုင်ခြင်းဖြစ်သည်။ သူ့ကြောင့်ပင် နိုင်ငံရေးနှင့်ပတ်သက်၍ အလှူရှင်များပေါ်များပြီး လူမည်းအများစုတို့မှာ ပါတီ၌ ပါဝင်လာကြသည်။ ရွေးချယ်ခံပုဂ္ဂိုလ်တချို့လည်း ဖြစ်လာကြသည်။

ချီကာဂိုမြို့၏ နိုင်ငံရေးနှင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ဝါရှင်တန်က ပင် လှုံ့ဆော်ခဲ့သည်။ ရွေးကောက်ပွဲ၌ ဝါရှင်တန်သည် နှာတစ်ဖျားဖြင့် နိုင်ခဲ့ပြန်သည်။ သူသည် ပြိုင်ဘက်များအပေါ်တွင် ဖြတ်ထိုးဉာဏ်ဖြင့်လည်း အနိုင်ယူနိုင်သူ ဖြစ်သည်။ လူမည်းတစ်ဦးဖြစ်သော်လည်း ဦးနှောက်ကောင်းသည့် စူပါဟီးရိုးတစ်ဦးဟု ဆိုရပေမည်။ သူသည် လူဖြူမြို့တော်ကောင်စီဝင်များနှင့်လည်း ရဲရဲဝံ့ဝံ့ ငြင်းခုံရဲသူ ဖြစ်သည်။ အထူးသဖြင့် ချီကာဂိုတွင်ရှိသော လူမည်းများနှင့် ပတ်သက်၍ မားမားမတ် မတ်ရပ်ကာ ခေါင်းဆောင်မှု ပေးသည်။ သူ့လုပ်ဆောင်မှုများသည် ၁၉၈၅ ခုနှစ်၌ ချီကာဂိုမြို့တွင် စည်းရုံးရေးမှူးတာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသော ဘားရက် အား စိတ်ဝင်စားမှုရစေသည်။

ဝါရှင်တန်ကို ဗယ်လာရီကလည်း စိတ်ဝင်စားပုံရသည်။ ၁၉၈၇ ခုနှစ်၌ ဝါရှင်တန်၏ ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်သောအခါ ဗယ်လာရီသည် အသက်

၃၂ နှစ်ရှိပြီဖြစ်သည်။ ထိုစဉ်က ဗယ်လာရီ၌ သမီးတစ်ဦးရှိပြီး တစ်ခုလပ် ဖြစ်သည်။ အလုပ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းရာ၌ ကြားကာလသည် လစာနစ်နာသောကာလ ဖြစ်သည်။ ဝါရှင်တန်ထံ အလုပ်ဝင်ခဲ့သော်လည်း ကြေကွဲဖွယ်ရာဖြစ်ရပ်နှင့် ကြုံရသည်။ ဟာရိုးဝါရှင်တန်သည် စားပွဲ၌ ထိုင်ကာ သတင်းစာရှင်းလင်းပွဲတစ်ရပ် မိနစ်သုံးဆယ်မျှ ကျင်းပခဲ့သည်။ ထိုရှင်းလင်းပွဲမှာ လစာနိမ့်ကျသော သူများအတွက် အိုးအိမ်စီမံကိန်းများ ဆောင်ရွက်ပေးရန် ရှင်းလင်းခြင်းဖြစ်၏။ ထိုရှင်းလင်းပွဲအပြီး၌ ဝါရှင်တန်သည် နေရာမှာပင် နှလုံးရောဂါကြောင့် ကွယ်လွန်သွားခဲ့သည်။ သူ့နေရာတွင် မြို့တော်ကောင်စီက လူမည်းအမျိုးသားကြီးတစ်ဦးအား ခန့်ထားခဲ့သည်။ သို့သော် သူ့သက်တမ်းမှာလည်း သိပ်မကြာခဲ့ပေ။ အာဖရိကန်-အမေရိကန်တို့က နောက် တက်လာသူများသည် ချီကာဂိုမြို့နေ လူမည်းများအပေါ်တွင် လူဖြူတို့ကဲ့သို့ပင် ဖိနှိပ်သည်ဟု မြင်ကြ၏။ မဲဆန္ဒရှင်တို့က ယခင် မြို့တော်ဝန်ဟောင်း ရစ်ချတ်ဂျေ ဒါလေး၏ သားဖြစ်သူ ရစ်ချတ်အမ်ဒါလေးအား ရွေးချယ်ကြသည်။

အုပ်ချုပ်မှုစနစ်သစ်များနှင့် ကြုံလာခဲ့သော်လည်း ဗယ်လာရီက မြို့တော်ခန်းမ၌ပင် ဆက်လက်အလုပ်လုပ်သည်။ သို့သော် ဥပဒေဌာနတွင် မဟုတ်တော့ဘဲ မြို့တော်ဝန် ဒါလေး၏ ရုံးတွင် ပြောင်းရွှေ့အမှုထမ်းသည်။ သူ့ကိုကြည့်ရသည်မှာ ထိုနေရာ၌ တာဝန်ထမ်းဆောင်ရသဖြင့် ပျော်ရွှင်နေပုံရ၏။ သူက ကျွန်မအား Corporade Law ဌာနမှ အစိုးရဌာနသို့ ပြောင်းလဲတာဝန်ထမ်းဆောင်ရခြင်းကြောင့် လွန်စွာ စိတ်သက်သာရာရသည်ဟု ပြောခဲ့သည်။ ရုံးမှာလည်း မိုးထိမြင့်မားသော အဆောက်အဦကြီး၏ အပေါ်ဆုံးထပ်တွင် ရှိသဖြင့် ကမ္ဘာကြီးကို အပေါ်စီးမှ မြင်နေရသကဲ့သို့ ရှိသည်ဟု ဆိုပါသည်။

ချီကာဂို၏ မြို့တော်ခန်းမသည် အမိုးပြားပြားနှင့်ဖြစ်ပြီး ၁၁ ထပ်ရှိသော အဆောက်အဦကြီး ဖြစ်ပါသည်။ ဘေးပတ်ဝန်းကျင်မှ ရှိသော ရုံးအဆောက်အဦများ နှင့် ယှဉ်လိုက်လျှင် အတော်ပင်မြင့်မားသည့် အဆောက်အဦဖြစ်ပြီး မျက်နှာစာတွင် ကြီးမားသောတိုင်လုံးကြီးများဖြင့် ဆောက်လုပ်ထားသဖြင့် ထည်ဝါမှုရှိပါသည်။ အဆောက်အဦ၏ တစ်ခြမ်းကို မြို့ပြအုပ်ချုပ်ရေးဆိုင်ရာဌာနများက အသုံးပြုပြီး အခြားတစ်ခြမ်းမှာ မြို့တော်ခန်းမအဆောက်အဦ ဖြစ်သည်။ နေ့စဉ်နှင့်အမျှ လူဝင်လူ ထွက် များပြားလှသော အဆောက်အဦပင် ဖြစ်ပါသည်။

လက်ထပ်လိုကြသော စုံတွဲများသည် ဤရုံးသို့ လာရောက်ကာ မှတ်ပုံတင်ကြသကဲ့သို့ ယာဉ်ပိုင်ရှင်များကလည်း သူတို့၏ ယာဉ်များ မှတ်ပုံတင်ရေးကိစ္စကို ဤရုံးသို့ပင် လာကြရသည်။ ပြည်သူလူထု၏ အမှုကိစ္စမှန်သမျှတို့မှာလည်း ဤရုံး၌ပင် တိုင်ကြားဖြေရှင်းမှုခံယူရသည်။ စာနယ်ဇင်းသမားများ အဝင်အထွက်များသကဲ့သို့ အိုးမဲ့အိမ်မဲ့များကလည်း အပူဒဏ်ကိုခိုလှုံသည့်

နေရာတစ်ခု ဖြစ်သည်။ ရုံးမျက်နှာစာ ဘက်တွင် နိုင်ငံရေးလှုပ်ရှားသူများကလည်း အမြဲတမ်းလိုလို ကြွေးကြော်သံများဖြင့် ဆန္ဒပြမှုများ ရှိနေကြသည်။ ဘာကြောင့် သူတို့ ယခုကဲ့သို့ ဒေါသဖြစ်နေကြသည် ဆိုသည်ကိုမူ ကျွန်မ မသိပါ။ မြို့တော်ခန်းမ ဆိုသည်မှာ ပြည်သူများက ပိုင်ပါသည်။ ထိုနေရာသည် ဆူညံသောနေရာ အမြဲဖြစ်နေသဖြင့် စစ်ဒလီတွင် ကျွန်မ တာဝန်ထမ်း ဆောင်စဉ်က ကာလနှင့် လုံးဝ မတူပါချေ။

ထိုနေ့က ဗယ်လာရီက ကျွန်မနှင့် စကားပြောရန် သူ့အချိန်များထဲမှ မိနစ် ၂၀ အချိန်ပေးထားသည်။ သို့သော် ကျွန်မတို့နှစ်ယောက် စကားပြောလိုက်ကြ သည်မှာ တစ်နာရီခွဲခန့် ကြာမြင့်သွား၏။ ပိန်ပိန်ပါးပါး အညိုရောင်အသားအရေရှိသည့် အာဖရိကန်-အမေရိကန် အမျိုးသမီးသည် လုပသောဝတ်စုံကို ဝတ်ဆင်ထားသည်။ စကားပြောသံမှာ နူးညံ့ညင်သာပြီး ရင်းနှီးမှုအပြည့်ရှိသည်။ အညိုရောင်မျက်လုံးများဖြင့် တရင်းတနှီး ကြည့်တတ်သည်။ သူသည် အလုပ်ကို ပျော်ရွှင်စွာ လုပ်ကိုင် တတ်သူဖြစ်ပြီး ဗျူရိုကရက်စနစ် ကျင့်သုံးသော အစိုးရအလုပ်ကိုမူ မကြိုက်ပေ။ နောင်နှစ်ပေါင်းကြာလာသောအခါ ဗယ်လာရီက သူ ကျွန်မကို တွေ့စဉ်မှာ အခြား ဝန်ထမ်းများနှင့်မတူ အင်တာဗျူးလုပ်ရာ၌ စိတ်ဝင်စားမှုရှိခဲ့ပြီး ကျွန်မထံမှ အချက် အလက်ကောင်းတချို့ ရရှိခဲ့ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ ကျွန်မက သူပေးသည့် အလုပ်တွင် အံဝင်ခွင်ကျရှိစေရန် ကြိုးစားသကဲ့သို့ သူကလည်း ကျွန်မအရည်အချင်း ကို အကဲခတ်နေသူ ဖြစ်သည်။

နောက်ကြောင်းပြန်ကြည့်လျှင် ထိုကဲ့သို့သော အမျိုးသမီးကြီးနှင့် ဆုံစည်းခွင့် ရလိုက်သည်မှာ ကံကောင်းသည်ဟု ဆိုရပါမည်။ ဗယ်လာရီသည် တည်ငြိမ်အေးဆေးပြီး ရဲရင့်သည်။ ကျွန်မ တွေ့ဖူးသမျှထဲတွင် ဉာဏ်ပညာအမြော်အမြင်ရှိသူလည်း ဖြစ်၏။ သူ့ထံမှ များစွာ သင်ယူရရှိနိုင်သည်ကို ကျွန်မ သိခဲ့ပါသည်။

ကျွန်မ ပြန်လည်မထွက်ခွာမီမှာပင် အလုပ်တစ်ခု ကျွန်မအတွက် ကမ်းလှမ်း ခဲ့သည်။ ထိုအလုပ်မှာ မြို့တော်ဝန် ဒါလေး၏ လက်ထောက်အဖြစ် သူလုပ်ကိုင်နေသော အလုပ်၌ သူ့လက်ထောက်အဖြစ် ဝင်ရောက်ဆောင်ရွက်ရန်ပင် ဖြစ်သည်။ လစာအားဖြင့် တစ်နှစ်လျှင် ဒေါ်လာခြောက်သောင်း ပေးမည်ဟု ဆိုသည်။ လက်ရှိကျွန်မ စစ်ဒလီနှင့် အော်စတင်တွင် ရနေသည့် လစာ၏ တစ်ဝက်မျှသာ ရှိပါသည်။ သူက ကျွန်မအား အလုပ်ပြောင်းလုပ်ရန် သေသေချာချာ စဉ်းစားစေချင်ကြောင်း လည်း တိုက်တွန်းခဲ့ပါသည်။ ကျွန်မ စဉ်းစားရပါဦးမည်။

ကျွန်မသည် မည်သည့်အခါကမျှ မြို့တော်ခန်းမသည် လေးစားလောက်သည့် နေရာဖြစ်သည်ဟု မတွေးခဲ့ဖူးပေ။ တောင်ပိုင်းဒေသတွင်

လူမည်းများကြား ကြီးပြင်းခဲ့ရသဖြင့် နိုင်ငံရေးဆိုသည်မှာ ယုံကြည်မှုအနည်းငယ်သာ ရှိပါသည်။ လူမည်းများအား နှိပ်ကွပ်ရန်အတွက် အသုံးချရန် လက်နက်ဟုသာ သဘောထားပါသည်။ သူတို့သည် ကျွန်မတို့အား ပညာမဲ့စေရန်၊ အလုပ်အကိုင်မရှိစေရန်၊ ဝင်ငွေနည်း ပါးစေရန် ကြိုးပမ်းနေကြသူများဟု မြင်မိသည်။ ကျွန်မ ဘိုးဘွားများဆိုလျှင် ဂျင်မ် ခရိုးဥပဒေများအောက်၌ လူသားချင်း စာနာထောက်ထားမှုကင်းမဲ့စွာ နေခဲ့ကြရသည်။ အာဏာပိုင်များ၏ မယုံသင်္ကာမျက်လုံးများ အောက်၌ နေခဲ့ကြရသည်။ ကျွန်မအဖေဆို လျှင် မြို့တော်၏ ဝန်ထမ်းတစ်ဦးဖြစ်သော်လည်း သူ့အလုပ်၌ ရာထူးတိုးရန် မည်သည့်အခါကမျှ စဉ်းစားခြင်းမခံခဲ့ရပေ။ သူသည် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်သော်လည်း ရာထူးမှာ နေမြဲအတိုင်းဖြစ်၏။

ကျွန်မအလှည့်တွင်မူ မြို့တော်ခန်းမ၌ အလုပ်ဝင်ရောက်လုပ်ကိုင်ရန် စဉ်းစား လာမိသည်။ လစာလျော့သွားမည်မှန်သော်လည်း လူနေမှုအဆင့်မြင့်လာမည်ဟု ခံယူ မိသည်။ ကျွန်မ၏ အနာဂတ်စီမံကိန်းများ၌ အထောက်အကူပြုလိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။ ဗယ်လာရီက နောက်ရက်အနည်းငယ်ကြာသည့်အခါ ကျွန်မထံမှ အဖြေကို တောင်းလာသည်။ ထိုအခါ ကျွန်မက ထူးဆန်းသောမေးခွန်းတစ်ခု သူ့ကို မေးလိုက်မိ၏။ “ကျွန်မ ချစ်သူနဲ့ ရှင့်ကို မိတ်ဆက်ပေးလို့ရမလား”ဟူသော မေးခွန်းပင် ဖြစ်ပါသည်။

ကျွန်မအတွေးစကို ဦးနေရာတွင် ဖြတ်လိုပါသည်။ နွေရာသီ၏ ပူပြင်း သော ရာသီဥတုဒဏ်ကိုခံရင်း အဖေကွယ်လွန်သွားစဉ်က လပေါင်းများစွာ ကြေကွဲခဲ့ ရသည်ကို သတိရနေမိခြင်း ဖြစ်ပါသည်။ ဘားရက်က ချီကာဂိုသို့ ပြန်လာကာ သူနေနိုင်သမျှ အချိန်ပေးကာ နေပေးခဲ့ပြီး ဟားဗတ်သို့ ပြန်သွားခဲ့သည်။ မေလနှောင်း ပိုင်းတွင် သူ ဘွဲ့ယူပြီးသည့်နောက် ပစ္စည်းများထုပ်ပိုးကာ သူပိုင်သည့် ၄က်ပျောခွံ အဝါ ရောင်ဒက်ဆန်းကားကိုလည်း ရောင်းချလိုက်သည်။ ထို့နောက် အမှတ် ၇၄၃၆ တောင်ပိုင်း လျူးစစ်ရိပ်သာလမ်းသို့ ပြောင်းရွှေ့ကာ ကျွန်မရင်ခွင်သို့ ဝင်လာခဲ့ပါ တော့သည်။ ကျွန်မ သူ့ကို ချစ်သည်။ သူလည်း ကျွန်မကို ချစ်သည်။ ကျွန်မတို့နှစ်ယောက်သည် အလှမ်းကွာဝေးသော ချစ်သူနှစ်ဦးအဖြစ် နှစ်နှစ်တာကာလကို ဖြတ်သန်းပြီးနောက် နောက်ဆုံးတွင် အနီးကပ်နေထိုင်ကြသည့် စုံတွဲတစ်ခု ဖြစ်လာပါသည်။ ရုံးပိတ်ရက်များတွင် ကျွန်မတို့နှစ်ယောက်သည် အိမ်မှာပင်နေကြကာ သတင်းစာများ ဖတ်ခြင်း၊ တစ်ခါတစ်ရံ အပြင်ထွက်၍ လည်ပတ်ခြင်း စသဖြင့် စိတ်ကူးရှိရာ လုပ်ကြသည်။ တနင်္လာနေ့ ညစာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး ညစာများကိုလည်း အတူ စားကြသည်။ ဟင်းသီးဟင်းရွက်များ ဝယ်ကာ အိမ်တွင်လည်း ချက်ပြုတ်စားကြ၏။ တီဗွီကြည့်ကြရင်း အဝတ်လျှော်သည့်အလုပ်ကို လုပ်ကြသည်။ ထိုသို့ အဆက် မပြတ် လုပ်ကိုင်နေသည့်ကြားမှပင် တစ်ခါတစ်ရံ၌ ကျွန်မသည် အဖေ့ကိုသတိရကာ

မျက်ရည်ကျမိ၏။ ထိုအချိန်မျိုးတွင် ဘားရက်သည် ကျွန်မအား ပွေ့ဖက်ကာ ဦးခေါင်း ကို နမ်းခြင်းဖြင့် ချော့လေ့ရှိပါသည်။

ဘားရက်က ဥပဒေပညာဖြင့် ကျောင်းပြီးသွားခဲ့သော်လည်း သူသည် ပညာရေးဘက်၌ ဆက်လက်လုပ်ကိုင်ရန် စိတ်အားထက်သန်သူ ဖြစ်သည်။ စာရေးလည်း ကောင်းသူဖြစ်သဖြင့် နယူးယောက်မြို့မှ ထုတ်ဝေသူတစ်ဦးထံတွင် လူမျိုးရေး နှင့်ပတ်သက်သည့် စာအုပ်တစ်အုပ် ရောင်းချခဲ့ဖူးသည်။ ထုတ်ဝေသူက သူ့စာကို သဘောကျသဖြင့် စရန်ကြိုပေးကာ စာရေးချိန် တစ်နှစ်ခွင့်ပြုခဲ့သည်။

ဘားရက်၌ အမြဲတစေ စိတ်ကူးစိတ်သန်းများ ရှိနေတတ်သည်။ ဥပဒေ ကျောင်းမှ ပါမောက္ခများကလည်း ဘားရက်နှင့် ဆွေးနွေးကြသည်အထိ ရှိသည်။ နယူးယောက်တိုင်းမ်စ် သတင်းစာကြီးကလည်း ဥပဒေအမြင်ဖြင့် သူရေးသားသော သမ္မတရွေးချယ်ခြင်းဆောင်းပါးကို ဖော်ပြခဲ့သည်။ ထိုဆောင်းပါးမှာ လှုပ်လှုပ်ခတ်ခတ် ရှိလာ၏။ ချီကာဂိုတက္ကသိုလ်က သူ့ကို ရုံးခန်းတစ်ခန်း တစ်နှစ်စာပေးကာ ဆက်လက် ပညာသင်ကြားရေးကို ထောက်ပံ့ခဲ့သည်။ ထိုရုံးခန်း၌ သူသည် စာအုပ်ကိုရေးကာ တစ်ဖက်တစ်လမ်းမှလည်း ဥပဒေကျောင်းတွင် သင်တန်းများ ကူညီပို့ချပေးလျက်ရှိသည်။ စစ်ဒလီနှင့် အော်စတင်မှ ကျွန်မမိတ်ဆွေများက တစ်ချိန်ချိန်တွင် ဘားရက် သည် သူတို့ရုံးသို့ ပြန်လည်ဝင်ရောက် အလုပ်လုပ်ကိုင်လိမ့်မည်ဟု မျှော်လင့်ကြသေးသည်။ သူသာ အလုပ်ဝင်မည်ဆိုလျှင် စစ်ဒလီ၌ အဆင်သင့်ရှိကြောင်း ပြောကြားခဲ့ကြသည်။ သူကမူ ဒါးဗစ္စ၊ မိုင်နာ၊ ဘရန်းဟေးလ်နှင့် ဂါလန် စသည့် အလုပ်များကို စိတ်ဝင်စားနေသည်။ ထိုအလုပ်တို့မှာ အလုပ်ချိန်နည်းပြီး အများအားဖြင့် ပြည်သူတို့၏ အခွင့်အရေးကို လုပ်ဆောင်နေသောလုပ်ငန်းများဖြစ်သည်။ ဘားရက်အား နောက်ထပ် ဆွဲဆောင်မှုရှိနေသည့် အလုပ်မှာ ဟာရိုးဝါရှင်တန် ဆိုသည့်အလုပ်ပင် ဖြစ်သည်။

ဘားရက်သည် မည်သည့်အလုပ်ခွင်သို့ ရောက်သည်ဖြစ်စေ ကြိုးကြိုး စားစားလုပ်ကိုင်ကာ တာဝန်ကျေအောင် ဆောင်ရွက်သူဖြစ်သည်။ သူ့ကိုပေးအပ်သည့် ဝတ္တရားမှန်သမျှ ကျေပွန်စေသည်။ ထိုသို့လုပ်ဆောင်သည် ဆိုသည်မှာလည်း သူ့တက် လမ်းအတွက် မျှော်လင့်ကာ လုပ်ဆောင်ခြင်းမဟုတ်သည် ဆိုသည်ကို ကျွန်မ သိပါသည်။ တစ်ခါတစ်ရံ၌ ကျွန်မသည်လည်း ထိုသို့ ဖြစ်တတ်သည်မို့ သူ့ကို ကိုယ်ချင်းစာ မိသည်။ အသက်သုံးဆယ်ကျော်အရွယ် ဥပဒေပညာရှင်တစ်ယောက်သည် ယခုအခြေ အနေမျိုးတွင် ကားနှင့်၊ ကွန်ဒိုနှင့် ဖြစ်သင့်နေပြီဖြစ်သော်လည်း သူ့မှာ ကားမရှိ၊ နေစရာဆိုသည်မှာလည်း ကျွန်မအခန်းသာ ရှိသည်။ ကျွန်မတို့နှစ်ယောက် အတူတူနေ ကြပြီး ဘဝတွင် တိုးတက်မှုကို ရှာကြရဦးမည်ဖြစ်သည်။

သူယုံကြည်သည်မှာ ကိုယ်ချမှတ်ထားသောမူဝါဒအတိုင်း တစိုက်မတ်မတ် လုပ်ဆောင်သွားပါက အောင်မြင်မှုပန်းတိုင်ကို ရောက်ရမည်ဟူ၍ ဖြစ်သည်။ သူနှင့် ကျွန်မ ကြိမ်ဖန်များစွာ ထိုကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြဖူးပါသည်။ သူက ကျွန်မ လုပ်ကိုင်နေသောအလုပ်မှ အတွေ့အကြုံများကို အသုံးပြုကာ တိုးတက်မှုရှာရန် ဆွေးနွေးသည်။ ကျွန်မတွင် ပညာသင်စရိတ်ကြွေးများ ပေးဆပ်ရန်ရှိနေသည်။ ထို့ကြောင့် အိမ်ဝယ်လိုသည့်တိုင် မဝယ်နိုင်သေးပေ။ ထိုသို့ ဖြစ်လာသည့်အခါတိုင်း အဖေသည် သူ့ရည်မှန်းချက်နှင့် ယုံကြည်ချက်တို့ကို တစ်သက်လုံး စွဲကိုင်သွားကြောင်း ပြန်ပြောင်းတွေးမိသည်။ ကျွန်မတို့ မိသားစုအတွက် သူ အသက်ဆုံးရှုံးသွားသည် အထိ အိမ်တစ်လုံး ဝယ်မပေးနိုင်ခဲ့ပေ။ ထိုအခါမျိုးတွင် အမေ့စကားကို ကြားယောင် မိသည်။ “ပိုက်ဆံရှာဖို့ အခိကကြိုးစားပါ။ ပျော်ဖို့ရွှင်ဖို့က နောက်တစ်ဆင့်မှ” ဟု အမေက ဆိုခဲ့သည်။ ထို့ကြောင့် ပိုင်ဆိုင်မှုပစ္စည်းများအတွက် စိတ်ဆန္ဒကို နောက် ချန်ထားရသည်။ ကျွန်မတွင် သားသမီးများ မွေးလာပေဦးမည်။ ထိုသို့သောအခါတွင် ဘဝသည် မည်သို့ဖြစ်လာမည်ကို တွေးတောပူပန်မိ၏။

ချီကာဂိုသို့ ဘားရက် ပြန်ရောက်လာသည့်အခါ ကျွန်မ၏ ပူပန်မှုများသည် သူ့ဖြေသိမ့်မှုကြောင့် လျော့ကျသွားခဲ့ရသည်။ ကျွန်မတွင် ကြုံတွေ့ရသော ကြွေးဆပ်ရ မည့်ပြဿနာများမှာ သူ့တွင်လည်း ရှိသဖြင့် စိုးရိမ်ပူပန်ရန်မလိုကြောင်း နှစ်သိမ့်ပေးသည်။ ထိုနည်းတူ သူကလည်း သားသမီးများ ရလိုကြောင်း ဆိုလာပါသည်။ အနာဂတ်ကာလတွင် မည်သို့ ကြုံဆုံလာမည်ဆိုသည်မှာ ပူပန်ရန်မလိုကြောင်း၊ နှစ်ယောက်စလုံးမှာ ဥပဒေပညာရှင်များဖြစ်၍ အခက်အခဲ ကြီးကြီးမားမားရှိလာမည် ဟု မထင်ကြောင်း သူ အားပေးခဲ့၏။ သို့သော် လက်တွေ့ဘဝတွင် ကျွန်မတို့မှာ ဆင်းရဲနေကြသည်မဟုတ်သော်လည်း အနာဂတ်ကာလမှာ မရေရာဖြစ်နေ၏။ ကြိုတင် စီမံကိန်းချ၍ မရနိုင်လောက်အောင်ပင် ရှိနေသည်။

သူ့စကားသံများသည် ကျွန်မ၏ စိတ်ပူပန်မှုများကို လျော့ကျစေကာ ပျော်ရွှင်မှုကို ပေးခဲ့သည်။ ထိုသို့ဖြင့် ကျွန်မတို့နှစ်ယောက်သည် လက်ရှိဘဝမှာပင် ပျော်နေခဲ့ကြသည်။

“စိတ်မပူပါနဲ့ကွာ၊ ကိုယ်တို့ ပြဿနာအားလုံး ရှင်းနိုင်မှာပါ” ဟုသာ ဘားရက်က အားပေးလေ့ရှိပါသည်။

ထိုနှစ် နွေရာသီ၌ ခရိတ်က ဂျဲနစ္စကို လက်ထပ်သည်။ ဂျဲနစ္စနေထိုင်ရာ ဒန်ဗာမြို့၌ လက်ထပ်ခြင်းဖြစ်ပါသည်။ ယောက်မလောင်းက ကျွန်မအား သတို့သမီး အရံအဖြစ် ဆောင်ရွက်ပေးရန် ပြောကြားလာပါသည်။ ကျွန်မကလည်း စိတ်ပါဝင် စားစွာဖြင့် ဆောင်ရွက်ပေးရန် သဘောတူလိုက်ပါသည်။ မင်္ဂလာပွဲတွင် သတို့သမီး

အရံအဖြစ် ပျော်ပျော်ပါးပါး ဆောင်ရွက်ပေးခဲ့သည်။ ကျွန်မ မပျော်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း အစ်ကိုဖြစ်သူ၏ မင်္ဂလာပွဲ၌မူ ပျော်ခဲ့ရပါသည်။ သူ့အတွက် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးခဲ့ခြင်းကိုလည်း ကျေနပ်မိ၏။

ယခင် စနစ်က စာမေးပွဲအောင်စာရင်းများကို စာတိုက်မှ ပေးပို့သည့်စနစ် ကျင့်သုံးသည်ကိုလည်း ကျွန်မ သတိရမိပါသည်။ ထိုနှစ် ဆောင်းဦးပေါက်တွင် ဥပဒေစာမေးပွဲကတစ်ဖက်၊ လက်ထပ်ပွဲကတစ်ဖက် ဖြစ်ခဲ့သည်။ တစ်နေ့တွင် ကျွန်မက လုပ်ငန်းခွင်မှနေ၍ အဖေ့အား ဖုန်းဆက်သွယ်ကာ ကျွန်မအတွက် စာများ ရောက်လာသလားဟု မေးကြည့်မိသည်။ စာရောက်နေသည်။ ထိုစာမှာ အီလီနွိုက်ပြည်နယ် ဥပဒေအသင်းမှ စာ ဟုတ်ပါ သလားဟု မေးကြည့်မိသည်။ အဖေကလည်း ဟုတ်သည် ဟု ဖြေ၏။ အဲဒီစာအိတ်ကို အဖေ ဖွင့်လိုက်ပါဟု ပြောသောအခါ အဖေက ဖွင့် ဖတ်ပေးသည်။ တစ်ဖက်မှ အသံခေတ္တတိတ်သွားသည်။

ကျွန်မ စာမေးပွဲကျခဲ့သည်။

ကျွန်မဘဝတွင် မည်သည့်အခါကမျှ စာမေးပွဲမကျဖူးပါ။ သူငယ်တန်းမှစ၍ စာမေးပွဲတိုင်း အောင်မြင်ခဲ့သည်သာ ဖြစ်သည်။ သူငယ်တန်းတွင် White ဆိုသည့် စကားလုံးကို မဖတ်တတ်သည်က လွဲ၍ စာမေးပွဲတိုင်း အောင်မြင်ခဲ့ပါသည်။ စာမေးပွဲ ကျရှုံးခြင်းအတွက် စိတ်ပျက်မသွားသော်လည်း ရှက်မိသည်။ ကျွန်မအား ဝိုင်းဝန်းသင်ကြားပို့ချပေးခဲ့ကြသောလူများကို စိတ်ခတ်ကျအောင် ကျွန်မ လုပ်ဆောင် မိသည်ဟု ထင်၏။ မည်သည့်စာမေးပွဲတွင်မဆို ကျွန်မ ကြိုတင်ပြင်ဆင်မှုရှိခဲ့ပါသည်။ ယခု စာမေးပွဲတွင်မူ ခြေချော်လက်ချော်ဖြစ်ခဲ့၏။ ဥပဒေပညာနှင့် ပတ်သက်၍ သင်ယူခဲ့သည်များ များပြားလှပြီဖြစ်၍ ငြီးငွေ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ ကျွန်မက လူတွေကြားတွင်သာ နေချင်သည်။ စာအုပ်များကြားတွင် နေလိုသူ မဟုတ်ပါ။ ဥပဒေပညာရှင်ဆိုသည်မှာ အများအားဖြင့် စာအုပ်များနှင့် ထွေးရောယှက်တင်နေထိုင် ရသည့်ကာလက များပါသည်။ တစ်စုံတစ်ယောက်ကို ကူညီမည်ဆိုပါက ဥပဒေအရ မည်သည့်အချက်အလက်အရ ကူညီနိုင်ကြောင်း စာအုပ်ကိုသာ ပြန်လည်ဆွေးနွေးရမြဲ ဖြစ်ပါသည်။

စာမေးပွဲကျသည် ဆိုသော်လည်း ကျွန်မက အကျမခံလိုပါ။ ကျရှုံးခြင်း၏ ဒဏ် ကို လပေါင်းများစွာ ခံစားရသည်။ စစ်ဒလီရှိ ကျွန်မမိတ်ဆွေများက သူတို့လည်း ပထမအကြိမ်တွင် ဤကဲ့သို့ပင် ကျရှုံးခြင်းကို ကြုံကြရပါကြောင်း ဖျောင်းဖျကြသည်။ ဆောင်းရာသီနောက်ပိုင်းတွင် ကျွန်မ အပြင်းအထန် ကြိုးစားတော့သည်။ ဤသို့ဖြင့် ကျရှုံးခဲ့ဖူးသော စာမေးပွဲကို အနိုင်ယူခဲ့ပါသည်။

နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ကျွန်မရင်ထဲတွင် ကျရှုံးခြင်း၏ နင့်သီးသောခံစားရခြင်းကို ခံစားခဲ့ရသည်။ ဘားရက်အပေါ်တွင်လည်း

အထူးသတိကြီးစွာထားပြီး ဆက်ဆံသည်။ သူက ဥပဒေသင်တန်း ဆက်တက်နေသည့် အားလျော်စွာ ဥပဒေနှင့်ပတ်သက်သော စာအုပ်စာတမ်းများစွာကို ယူဆောင်လာလေ့ ရှိသည်။ သူက ထိုစာအုပ်များကို အဆက်မပြတ် လေ့လာလေ့ရှိသော်လည်း ကျွန်မကမူ ဖတ်ပြီးသိပြီးသားများဖြစ်၍ ထပ်မံဖတ်ရှုရန်မလိုအပ်ဟု ယူဆခဲ့သည်။ သို့သော် ကျွန်မအနေနှင့် သူဖတ်နေသည်ကိုလည်း မှားသည်ဟု မဝေဖန်လိုပါ။ ထို့ကြောင့် သူနှင့် ကျွန်မမှာ ချစ်သူများဖြစ်သည်ဟု ဆိုသော်လည်း အကျင့်စရိုက်အားဖြင့် မတူသည်ကို သတိထားမိခဲ့သည်။ ဘားရက်၏ ဦးနှောက်ထဲတွင် ဥပဒေနှင့်ပတ်သက်သည့် အချက်အလက်များစွာတို့ သိုမှီးထားသည်။ ထို့ကြောင့် သူ့အား ကျွန်မက "အချက်အလက် သိုမှီးသူကြီး"ဟု စ,လေ့ရှိပါသည်။ မည်သည့်ကိစ္စနှင့် ပတ်သက်၍ မဆို ဘားရက်အား မေးလိုက်လျှင် သူက ချက်ကျလက်ကျ ပြန်လည်ရှင်းပြနိုင်သည်။ အသေးစိတ် အချက်အလက်ကအစ လစ်ဟင်းခြင်းမရှိစေရ။

၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် သူ စာမေးပွဲဖြေဆိုပြီးသွားသဖြင့် ကျွန်မတို့နှစ်ယောက် အောင်ပွဲခံကြသည်။ မြို့လယ်ရှိ ဂေါ်ဒွန်အမည်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ကြိုတင်မှာကြားကာ အောင်ပွဲခံကြခြင်း ဖြစ်ပါသည်။ ထိုဆိုင်တွင် မီးရောင်စုံများ လှပစွာ ထွန်းညှိထားပြီး စားပွဲခင်းဖြူဖြူများနှင့် အထူးချက်ပြုတ်ထားသော ဟင်းလျာများစာရင်းကို ချထားပေးပါသည်။ ထိုညက ကျွန်မတို့နှစ်ယောက် နွေရာသီပင်ဖြစ်သော်လည်း အထူးပျော်ခဲ့ကြသည်။

ဂေါ်ဒွန်တွင် ဘားရက်နှင့်ကျွန်မက စားစရာမျိုးစုံကို မှာကြသည်။ မာတနီနှင့် အမြည်းမျိုးစုံလည်း ပါ၏။ အထူးကောင်းမွန်လှသော ဝိုင်အရက်ကို သောက်ကြသည်။ ရောက်တတ်ရာရာစကားများ ပြောကြသည်။ စားသောက်ပြီးကြသည့်အခါ ဘားရက်က ကျွန်မကို ပြုံး၍ ကြည့်လိုက်ပြီး လက်ထပ်ဖို့အရေး စကားဆိုလာတော့သည်။ သူက ကျွန်မလက်ကို ဖမ်းကိုင်လိုက်ပြီး သူ မည်ရွေ့မည်မျှချစ်ကြောင်း ဖွင့်ဟပြောကြားလာပါသည်။ ကျွန်မတစ်ကိုယ်လုံးရှိသွေးများ မျက်နှာပြင်ပေါ်သို့ ရောက်လာသည်ဟု ထင်လိုက်ရသည်။ ဈာကလီးယားစက်ရုံတွင် သတိပေးချက်များ အထပ်ထပ်ဝန်းရံကာ မီးနီပြထားသည့် ခလုတ်ကို သူနှိပ်လိုက်သည်ဟု ထင်ရသည်။ တကယ်လား။ ကျွန်မတို့ အကြင်လင်မယားအဖြစ် ပေါင်းဖက်ကြရတော့မည်။

အမှန်တကယ်ပင် ဖြစ်ပါသည်။ လက်ထပ်ရန်ကိစ္စကို အထပ်ထပ် အခါခါ ဆွေးနွေးကြသည်။ ပြောင်းလဲခြင်းမရှိပါ။ ကျွန်မက ရိုးရာဓလေ့ကို ခင်တွယ်သူဖြစ်သော်လည်း ဘားရက်ကမူ လက်ထပ်ခြင်းဆိုသည်မှာ အဓိပ္ပာယ်မရှိသောကိစ္စတစ်ခုဟု ခံယူသူ ဖြစ်သည်။ သို့သော် လူ့အသိုင်းအဝိုင်းအတွင်း၌ နေထိုင်ကြသော ကျွန်မတို့ အတွက် ဓလေ့ထုံးစံတို့ကို

ရှောင်ဖယ်၍ မရနိုင်ပါ။ အထူးသဖြင့် ကျွန်မတို့နှစ်ဦးစလုံး မှာ ဥပဒေအကျိုးဆောင်များဖြစ်သဖြင့် လက်ထပ်ခြင်းကို မလွဲမသွေ ဆောင်ရွက်ရမည်သာ ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သောအခါ ဝတ်ကောင်းစားလှများနှင့် အမျိုးသား၊ အမျိုးသမီးတို့သည် ပျော်ပျော်ကြီးဆင်နွှဲနေကြသည်။ ကျွန်မအသံကို နှိမ့်နိုင်သမျှနှိမ့်ကာ ပြောလိုက်၏။

"ကျွန်မတို့နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ချစ်မိပြီဆိုမှတော့ ဓလေ့ထုံးစံအတိုင်း ဆောင်ရွက်ရတော့မှာပေါ့"ဟု ပြောလိုက်ခြင်း ဖြစ်ပါသည်။

ထိုအချိန်မှစ၍ ကျွန်မတို့နှစ်ယောက်မှာ မကြာခဏဆိုသကဲ့သို့ အငြင်းပွားမှုကလေးများ ဖြစ်ကြရပါသည်။ လက်ထပ်ခြင်းဆိုသည်မှာ အရေးကြီးပါသလား။ ဘာကြောင့် အရေးကြီးပါသလဲ။ လက်မထပ်ဘဲ ပေါင်းသင်းလျှင်ကော ဘာဖြစ်မလဲ။ ကျွန်မတို့နှစ်ယောက်မှာ ရန်ဖြစ်ကြခြင်း မဟုတ်သော်လည်း ရှေ့နေများပီပီ တစ်ယောက်ကိုတစ်ယောက် အနိုင်မခံ အရှုံးမပေး ငြင်းခုံကြခြင်းသာ ဖြစ်ပါသည်။ သူက ထိုးလျှင် ကျွန်မက ပြန်ထိုးသည်။ ကြားဖြတ်မေးခွန်းများ မေးသည်။ ဆိုရလျှင် ကျွန်မသည်သာ ရှုံးနိမ့်သူ ဖြစ်ပါ၏။

ကျွန်မတို့ စားပွဲအနီးသို့ စားပွဲထိုးဖြစ်သူက အစာပိတ်စားရန် အချိုမုန့်သယ်ဆောင်လာသည်။ အပေါ်တွင် ငွေရောင်အဖုံးဖြင့် ဖုံးအုပ်ထား၏။ ကျွန်မရှေ့သို့ချကာ အဖုံးကို ဖွင့်လိုက်သည်။ ငုံ့ကြည့်ရန် ကျွန်မ မဝံ့မရဲဖြစ်နေသည်။ နောက်ဆုံးတွင် အရဲစွန့်ကာ ငုံ့ကြည့်လိုက်သောအခါ ကတ္တီပါ သားဖြင့် ပြုလုပ်ထားသော ဘူးထဲ၌ ချောကလက်အသားဖြင့် ပြုလုပ်ထားသည့် ကိတ်မုန့်ရှိနေ၏။ ထိုကိတ်မုန့်အလယ်တွင် စိန်လက်စွပ်တစ်ကွင်းက ကျွန်မအား ဖိတ်ခေါ်နေပါသည်။

ဘားရက်က ကျွန်မအား ပြုံးကာ ကြည့်နေ၏။ ကျွန်မ အငိုက်မိခဲ့သည်။ ရုတ်တရက် ခံလိုက်ရသဖြင့် ဒေါသဖြစ်သကဲ့သို့ ဖြစ်သွားသော်လည်း ရင်ထဲ၌ ပျော်ရွှင်မှုအပြည့် ဖြစ်သွားသည်။ ကိတ်မုန့်ဘူးအဖုံးကို ပြန်ပိတ်လိုက်သည့်အခါ သူက ကြမ်းပြင်ပေါ်တွင် ဒူးတစ်ဖက်ထောက်လိုက်ပြီး စိတ်လှုပ်ရှားနေသောအသံဖြင့် သူ့ကို လက်ထပ်ပါဟု တောင်းဆိုလာတော့သည်။ နောင်တွင် ကျွန်မ သိလာရသည်မှာ သူက ကျွန်မမိဘများနှင့် အစ်ကိုတို့အား ကြိုတင်ခွင့်တောင်းပြီးဖြစ်ကြောင်း ဖြစ်၏။ ကျွန်မက "ဟုတ်ကဲ့"ဟု လက်ခံစကားဆိုလိုက်သည့်အခါ စားသောက်ဆိုင်တစ်ဆိုင် လုံးတွင် ရှိနေကြသော ပရိသတ်များထံမှ လက်ခုပ်သံများကို ကြားလိုက်ရသည်။

တစ်မိနစ်၊ နှစ်မိနစ်ခန့် ကျွန်မ ကြောင်နေမိသည်။ မည်သည့်စကားကိုမျှ မဆိုနိုင်။ ကျွန်မလက်တွင် ဝတ်ဆင်ပေးထားသော လက်စွပ်ကိုသာ ကြည့်နေမိသည်။ တကယ်ဟုတ်ပါ၏လောဟု ဘားရက်ကို စူးစူးစိုက်စိုက်

ကြည့်လိုက်မိပြန်သည်။ သူက ပြုံးနေ၏။ သူသည် ကျွန်မအား အလွန်အံ့ဩအောင် ဖန်တီးနိုင်သူပင် ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် ကျွန်မတို့နှစ်ယောက်စလုံး အောင်မြင်ခဲ့ပါပြီ။ “ကိုင်း. . . ဘာစကားမှပြောမနေနဲ့တော့”ဟု သူက ပေါ့ပေါ့ပါးပါးပင် ဆိုလာပါသည်။

ဗယ်လာရီဂျားရက်အား လက်ခံပါမည်ဟု ပြောပြီး မကြာမီမှာပင် ဘားရက်အား ကျွန်မ လက်ခံခဲ့ရသည်။ ကျွန်မ မေတ္တာရပ်ခံသည့်အတိုင်း ဘားရက်နှင့် ဗယ်လာရီတို့အား ညစာစားပွဲတစ်ခု၌ တွေ့ဆုံပေးကာ ကျွန်မတို့သုံးယောက် စကားပြောကြသည်။

ကျွန်မ ဤကဲ့သို့ ပြုလုပ်ရခြင်းမှာ အကြောင်းရှိပါသည်။ တစ်ချက်မှာ ကျွန်မက ဗယ်လာရီကို သဘောကျသည်။ သူ့ကို အထင်ကြီးသည်။ အလုပ်ကို လက်ခံသည် လက်မခံသည်ထက် ဗယ်လာရီကို ကျွန်မ ခင်သည်။ သူနှင့် ရင်းနှီးရသည်ကိုပင် ကျွန်မ ရင်ခုန်မိ၏။ ဘားရက်ကိုလည်း ဗယ်လာရီနှင့် ပတ်သက်၍ ရင်းနှီးစေချင်သည်။ ထို့ပြင် ဗယ်လာရီပြောပြသည့် သူ့အတွေ့အကြုံများကို ဘားရက် ကြားစေချင်ပါသည်။ ဗယ်လာရီသည် ဘားရက်ကဲ့သို့ပင် သူမ၏ ကလေးဘဝကို အခြားနိုင်ငံတစ်ခုတွင် ကြီးပြင်းခဲ့ရသည်။ ဗယ်လာရီက အီရန်နိုင်ငံတွင် ကြီးပြင်းခဲ့သူ ဖြစ်သည်။ ဖခင်ဖြစ်သူက ဆရာဝန်ဖြစ်သဖြင့် အီရန်နိုင်ငံ၏ ဆေးရုံတစ်ရုံ၌ တာဝန် ထမ်းဆောင်သည်။ ထို့နောက် ဗယ်လာရီ ကျောင်းတက်ရမည့်အရွယ်တွင် အမေရိကန် ပြည်ထောင်စုသို့ ပြန်လာခဲ့ကြသည်။ ဘားရက်က ကျွန်မကို မြို့တော်ခန်းမ၌ အလုပ် လုပ်မည်နှင့် ပတ်သက်၍ ပူပန်သောကရှိ၏။ ဗယ်လာရီမှာ မည်သည့်ကိစ္စကိုမဆို တိုင်ပင်နှီးနှော၍ ရနိုင်သောသူ ဖြစ်သည်။ သူမက ဘဝတစ်ခုလုံး ဟာရိုးဝါရှင်တန် အတွက် ပေးဆပ်ရန် ဆုံးဖြတ်ထားသူလည်း ဖြစ်သည်။ သို့သော် ဝါရှင်တန်က မမျှော်လင့်ဘဲ ကွယ်လွန်သွားခဲ့သည်။ လူမည်းအများစုက လူမည်းတို့၏ ကယ်တင်ရှင် အဖြစ် မျှော်လင့်ထားခဲ့ကြသည်။ ဝါရှင်တန်ကလည်း လူမည်းများ မျှော်လင့်သကဲ့သို့ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးခဲ့၏။ ဝါရှင်တန် ရုတ်တရက် ကွယ်လွန်သွားသည့်အခါ သူ့လုပ်ဆောင်ချက်တချို့မှာ မပြီးပြတ်သေးဘဲ ကျန်ရစ်ခဲ့သည်။

ဝါရှင်တန် ကွယ်လွန်သွားသော်လည်း ဗယ်လာရီက မြို့တော်ဝန်၏ ရုံးမှာပင် ဆက်လက်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့သည်။ ကျွန်မတို့အားလည်း သူ့ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဗယ်လာရီအား ဒါလေက ပံ့ပိုးကူညီခဲ့သည်။ ဟာရိုးဝါရှင်တန်အပေါ်တွင် ဗယ်လာရီ၏ သစ္စာစောင့်သိမှုကို ဒါလေက လည်း အသိအမှတ်ပြုခဲ့သည်။ ယခုဆိုလျှင် ဗယ်လာရီဂျားရက်သည် ကျွန်မတို့ဘဝ တွင် အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ မည်သည့်အရာကို ပြုလုပ်မည်ဆိုစေ

ကျွန်မတို့သုံးဦး တိုင်ပင်ပြီးမှသာ လုပ်ဆောင်တတ်သည်အထိ ဖြစ်လာခဲ့၏။

နောက်ဆုံးလုပ်ဆောင်ရန် တစ်ခုသာ ကျန်ပါတော့သည်။ ကျွန်မတို့နှစ်ယောက်မှာ စေ့စပ်ကြောင်းလမ်းပြီးစီးကြပြီ။ ကျွန်မက လုပ်ငန်းခွင်အသစ်၌လည်း ဝင်ရောက်နေပြီဖြစ်သည်။ ဘားရက်က Davis, Miner, Branhill & Galand ဥပဒေအကျိုးဆောင်လုပ်ငန်း၌ အလုပ်ဝင်နေသည်။ တစ်ခါတစ်ရံတွင် ကျွန်မတို့ အားလပ်ရက်ယူကြပြီး အပန်းဖြေခရီးထွက်ကြသည်။ ဩဂုတ်လနှောင်းပိုင်း တစ်ရက် ဗုဒ္ဓဟူးနေ့တွင် ကျွန်မတို့ ချီကာဂိုမှ ထွက်လာခဲ့ကြသည်။ ဂျာမနီနိုင်ငံ ဖရန့်ဖို့ဒ်လေဆိပ်၌ လေယာဉ်ခရီးဆက်ရန် စောင့်ဆိုင်းကြပြီး နောက်ထပ် ၈ နာရီကြာ ခရီးစဉ်အဖြစ် ကင်ညာနိုင်ငံ နိုင်ရိုဘီလေဆိပ်သို့ ရောက်ရှိခဲ့ကြ၏။ ရောက်ရှိသည့်အချိန်မှာ နံနက်အရုဏ်တက်စအချိန် ဖြစ်သည်။ လရောင်ဖြာနေဆဲဖြစ်ပြီး နှစ်ယောက်အတူရှိနေခြင်း က ထူးခြားသည့်ခံစားချက်ကို ရရှိစေခဲ့ပါသည်။

ကျွန်မသည် ဂျမေကာ၊ ဘဟားမားနှင့် ဥရောပခရီးစဉ်များသို့ ရောက်ဖူးပါသည်။ သို့သော် ယခု ခရီးစဉ်မှာ အိမ်နှင့် အလှမ်းကွာလှသော ပထမဆုံး ခရီးစဉ်ပင် ဖြစ်ပါ၏။ နိုင်ရိုဘီ၏ အငွေ့အသက်မှာ သူစိမ်းဆန်လွန်းလှသည်။ တစ်နည်းပြောရလျှင် ဟန်ဆောင်ခြင်းအလျဉ်းမရှိ ပီဘိသူစိမ်း ဖြစ်နေခြင်းပင် ဖြစ်သည်။ တစ်ကြိမ်တစ်ခါမျှ မရဖူးသော အနံ့တစ်ခု ရသည်။ သစ်သားများအား မီးရှို့ခြင်းမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့ သို့မဟုတ် ဒီဇယ်ကြောင့် ထွက်ပေါ်လာသောအနံ့လည်း ဖြစ်နိုင်ပါသည်။ သို့တည်းမဟုတ် ပတ်ဝန်းကျင်ရှိ စိမ်းစိုသော သစ်တောများမှ ထွက်ပေါ်နေသည့် အနံ့လည်း ဖြစ်နိုင်၏။ နေသည် တစ်ကမ္ဘာလုံးတွင် တစ်စင်းသာရှိသော်လည်း နိုင်ရိုဘီ၌ တွေ့ရသော နေသည် ကျွန်မအတွက် ထူးခြားနေပြန်သည်။

ဘားရက်၏ အဖေတူ အမေကွဲ နမဖြစ်သူ အော်မာက လေဆိပ်တွင် လာကြိုသည်။ သူက ကျွန်မတို့အား ဝမ်းမြောက်ဝမ်းသာ နွေးထွေးစွာပင် ကြိုဆိုပါသည်။ သူတို့မောင်နှမမှာ အကြိမ်အနည်းငယ်သာ တွေ့ဖူးကြသည် ဆို၏။ ပထမ အကြိမ်မှာ လွန်ခဲ့သည့် ၆ နှစ်ခန့်က အော်မာ ချီကာဂိုမြို့သို့ လာရောက်လည်ပတ်စဉ် က ဖြစ်၏။ သို့သော် သူတို့မောင်နှမမှာ ထူးထူးခြားခြား ချစ်ခင်ကြသည်။ အော်မာ က ဘားရက်ထက် တစ်နှစ်ကြီးသည်။ သူမ၏ မိခင်ဖြစ်သူ ဂရေ့စ်ကီဇီယာက ကိုယ်လေးလက်ဝန်ဖြင့် ကျန်ရစ်ခဲ့စဉ် ဖခင်ဖြစ်သူ ဘားရက်အိုဘားမားစီနီယာက ၁၉၅၉ ခုနှစ်တွင် ဟာဝိုင်ယီသို့ ပညာသင်ကြားရန် ထွက်ခွာသွားခဲ့သူ ဖြစ်သည်။ (သူတို့တွင် အေဘွန်ဂို အမည်ရှိ သားတစ်ယောက်လည်း ရှိသည်။ ထိုစဉ်က သားဖြစ် သူမှာ ကလေးအရွယ်သာ ရှိသေး၏။) ၁၉၆၀ ခုနှစ်များ၌ ကင်ညာနိုင်ငံသို့ ပြန် ရောက်လာစဉ် ဘားရက်စီနီယာနှင့် ကီဇီယာတို့ ပြန်လည်ပေါင်းဖက်ကြပြီး နောက်ထပ်

ရင်သွေးနှစ်ဦး ထွန်းကားခဲ့သေးသည်။

အော်မာမှာ အသားအရေ ညိုမောင်းပြီး ဖြူဖွေးသောသွားများရှိကာ အင်္ဂလိပ်စကားကို ဗြိတိန်အသံထွက်ဖြင့် သွက်သွက်လက်လက်ပြောကြားနိုင်သူ ဖြစ်သည်။ သူ့အပြုံးမှာ တစ်ဖက်သားကို ငြိမ်းချမ်းစေ၏။ ကင်ညာသို့ ရောက်သော အခါ ကျွန်မမှာ ပင်ပန်းလွန်းသဖြင့် စကားပင် မပြောနိုင်တော့ပေ။ သို့သော် အော်မာ၏ ဘောက်စ်ဝက်ဂွန်ကားကလေးနောက်မှ ထိုင်လိုက်လာရင်း မြို့၏ အလှအပကို ခံစားရသည့်အခါ ပြန်လည်ရွှင်လန်းလာသည်။ အော်မာ၏ အပြုံးမှာ သူ့မောင် ဘားရက်၏ အပြုံးနှင့် တူ၏။ မျက်နှာကျအနေအထားမှာလည်း ဘားရက်ကဲ့သို့ပင်။ အော်မာသည် သူ့မိသားစုဝင်များကဲ့သို့ပင် ဦးနှောက်ပြေးသူ ဖြစ်၏။ ကင်ညာနိုင်ငံတွင် ကြီးပြင်းခဲ့ပြီး မကြာခဏ ပြန်လာသူလည်း ဖြစ်သည်။ သို့သော် ကျောင်းတက်ရာ၌မူ ဂျာမနီနိုင်ငံ၌ တက်ခဲ့ခြင်းဖြစ်ပြီး ယခုထက်ထိလည်း ဂျာမနီ၌ နေနေသည်။ အော်မာ သည် Ph.D ဘွဲ့ရသူတစ်ဦး ဖြစ်ပြီး အင်္ဂလိပ်ဘာသာ၊ ဂျာမန်ဘာသာ၊ ဆွာဟီလီဘာသာ စကားတို့ကို ကျွမ်းကျင်စွာ ပြောနိုင်သူ ဖြစ်၏။ သူသည်လည်း ကျွန်မတို့ကဲ့သို့ပင် အလည်အပတ်ရောက်ရှိနေခိုက် ဆုံစည်းကြခြင်း ဖြစ်ပါသည်။

အော်မာက ကျွန်မတို့အတွက် အခန်းလွတ်ဖြစ်နေသော သူ့မိတ်ဆွေတစ်ဦး၏ အခန်းတွင် နေထိုင်ရန် စီစဉ်ထားသည်။ အိပ်ခန်းတစ်ခန်းပါဝင်ပြီး ထိုအဆောက်အဦ မှာ ပန်းနုရောင်ခပ်ရင့်ရင့် သုတ်ထားသည်။ ပထမနှစ်ရက်ခန့်မှာ ဂျက်လေယာဉ်စီးလာ ခဲ့ရသည့် ဒဏ်ကြောင့် မလှုပ်မရှားချင်ဖြစ်နေကြသည်။ နိုင်ရိုဘီမြို့၏ အနေအထားမှာ ချီကာဂိုနှင့် ကွဲပြားခြားနား၏။ ဗြိတိသျှပုံစံဖြစ်ပြီး စက်ဘီးများ၊ ကားများ၊ ယာဉ် ရထားများ ရှုပ်ယှက်ခတ်နေသည်။ အဆောက်အဦတို့၏ အရောင်အသွေးများမှာလည်း ခပ်တောက်တောက် အရောင်များပင် ဖြစ်သည်။

ကျွန်မ အာဖရိကသို့ ရောက်ခဲ့သည်။ မြင်သမျှ၊ တွေ့သမျှတို့မှာ အဆန်း ချည်းသာ ဖြစ်နေ၏။ အော်မာ၏ မိုးပြာရောင် ဘောက်စ်ဝက်ဂွန်ကားလေးမှာ အိုမင်း လုပြီဖြစ်၍ တစ်ခါတစ်ရံ၌ စက်နိုးရန် တွန်းပေးရ၏။ ကျွန်မက ဤခရီးစဉ်အတွက် ဖိနပ်အဖြူကလေးတစ်ရန် ဝယ်ယူလာခဲ့သည်။ ထိုဖိနပ်ကလေးမှာ နိုင်ရိုဘီသို့ ရောက် ပြီး ရက်များမကြာမီမှာပင် နီညိုရောင်သို့ ပြောင်းသွားတော့သည်။

ဘားရက်က နိုင်ရိုဘီတွင် အပြင်ထွက်သည်ထက် အခန်း၌ နေသည်သာ များ၏။ ကျွန်မကမူ ကမ္ဘာလှည့်ခရီးသွားတစ်ယောက်ကဲ့သို့ အပြင်သို့ လျှောက်ကြည့်သည်။ ကျွန်မကိုယ်တိုင်ကလည်း လူမည်းဖြစ်သဖြင့် နိုင်ရိုဘီမြို့သူမြို့သားများနှင့် မကွဲပြားပါ။ တစ်ခါတစ်ရံတွင် လမ်းပေါ်မှ လူများက ကျွန်မတို့အား ထူးထူးခြားခြား ကြည့်တတ်သည်။ အာဖရိကနှင့်ပတ်သက်၍

ရောက်ဖူးရုံသာ ဖြစ်ပါသည်။ အာဖရိက ၌ ရှိသော အာဖရိကန်-အမေရိကန်တို့ကို မြင်ဖူးရုံသာ ရှိပါသည်။ ထိုသို့ မြင်ဖူးရာ၌ ကျွန်မရင်ထဲတွင် ဝမ်းနည်းကြေကွဲမှုကို ခံစားရသည်။ နှစ်နိုင်ငံစလုံးတွင် သူတို့သည် သူတို့နိုင်ငံ မဟုတ်သကဲ့သို့ ခံစားနေကြရခြင်းကြောင့် ဖြစ်သည်။

ရက်အနည်းငယ်ကြာလာသောအခါ ကျွန်မတို့နှစ်ယောက်စလုံး လည်ချောင်းများ ရောင်လာကြသည်။ တစ်ယောက်နှင့်တစ်ယောက် ဘာကြောင့်ဖြစ်သည် ဆိုသည်ကို ငြင်းကြခုံကြသည်။ ကင်ညာတွင် ကျွန်မတို့ ပင်ပန်းစပြုလာပြီ ဖြစ်သည်။ ကျွန်မ ဂျာနယ်ထဲ၌ ဘားရက်ကို စိတ်ဆိုးတယ်။ သူနဲ့ကျွန်မ ဘာမှ အယူအဆ မတူဘူး”ဟု ရေးမိသည်အထိ ဖြစ်ခဲ့၏။ ထိုစာကြောင်း၏ နောက်တွင် ကျွန်မက မျဉ်းကြောင်းရှည်ကြီးတစ်ကြောင်းကို ရေးခြစ်ထားခဲ့မိသည်။

ချစ်စခင်စ ဇနီးမောင်နှံများကဲ့သို့ ကျွန်မတို့မှာ ရန်ဖြစ်သည်ဆိုသော်လည်း အမုန်းပွားခြင်း မဟုတ်ပေ။ မကြာခဏ ရန်မဖြစ်ဟု ဆိုသော်လည်း စိတ်ဆိုးကြသည်တော့ ရှိသည်သာ။ စိတ်ဆိုးရသည့် အကြောင်းမှာလည်း ဘာမျှမဟုတ်သည့် အသေး အဖွဲအကြောင်းများသာ ဖြစ်ပါသည်။ အမှန်တကယ်တွင် ကျွန်မတို့သည် ပင်ပန်းခြင်း၊ နွမ်းနယ်ခြင်းတို့ကြောင့် စိတ်တိုနေကြခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်မက စိတ်တိုလာ လျှင် အော်ပစ်လိုက်သည်။ ဒေါသထွက်လာပြီဆိုလျှင် မီးလုံးတစ်လုံးက ကျွန်မ ကျောရိုးမှ တက်လာသကဲ့သို့ ခံစားရပြီး ပါးစပ်မှ ဘာပြော၍ ပြောလိုက်သည်ကိုပင် မသိတော့ဘဲ ရှိတတ်သည်။ ဘားရက်ကမူ ဒေါသထွက်သော်လည်း တိတ်တိတ်ဆိတ် ဆိတ်ပင် နေတတ်သည်။ သူ့ပါးစပ်မှ စကားလုံးများထွက်လာပြီဆိုလျှင်လည်း သေ လောက်အောင်ပင် နာကျင်ရပါသည်။ ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး ဖြစ်ပေါ်နေသည်များ ကို နားလည်နိုင်စေရန်အတွက် နှစ်ပေါင်းများစွာ တည်ဆောက်ယူကြရသည်။ အချိန်ကြာလာသောအခါ တစ်ဦးနှင့်တစ်ဦး နားလည်နိုင်လာကြပြီး ထိန်းသိမ်းနိုင်လာကြသည်။

နောက်တစ်နေ့ နံနက် အိပ်ရာမှ နိုးလာသောအခါ နိုင်ရိုဘီ၏ ကောင်းကင်ပြာသည် ခွန်အားအသစ်တို့ကို ပေးစွမ်းနိုင်ခဲ့ပြီး ဂျက်လေယာဉ်စီးလာရခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုကို ဖြေဖျောက်ပေးနိုင်ခဲ့သည်။ အော်မာနှင့် ကျွန်မတို့ မြို့တွင်းမှ ဘူတာရုံတစ်ခုတွင် ဆုံကြပြီး ရထားစီးသွားကြကာ အိုဘားမားမိသားစုများ၏ ရှေးအစဉ်အဆက်မှ အိမ်ရှိရာသို့ သွားကြသည်။ ရထားတွဲထဲတွင် ကင်ညာနိုင်ငံသားများ အပြည့်အကျပ်ရှိနေကြပြီး တချို့မှာ ကလေးများတိုးလိုးတွဲလောင်း၊ တောင်းများ၊ ဝန်စည်စလယ်များနှင့် တချို့က ကြက်များပင် သယ်လာကြသေးသည်။ ခရီးသည် တချို့က မြို့တွင်းမှ ဝယ်လာသည့် ပရိဘောဂတချို့ကို သယ်ဆောင်လာကြသည်။ ကျွန်မက ရထားပြတင်းပေါက်ဘက်တွင် တွယ်ကပ်ထိုင်လာခဲ့သည်။ ပြတင်းပေါက်မှ

မြင်ရသောမြင်ကွင်းတို့မှာ စုတ်ပြတ်နေသောတဲများ၊ ရွှံ့နွံထူထပ်နေသောလမ်းများ ဖြစ်သဖြင့် ကျွန်မ မြင်ရဖို့ မဆိုထားနှင့်၊ စိတ်ကူးပင်မယဉ်မိသော ဆင်းရဲမွဲတေမှုကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်။

ရထားပေါ်တွင် ကျွန်မတို့ နာရီအတော်ကြာကြာ စီးရသည်။ ဘားရက်က စာအုပ်တစ်အုပ်ကို ဖွင့်ကာ ဖတ်နေသည်။ ကျွန်မကမူ ပြင်ပမြင်ကွင်းများကိုသာ စူးစိုက်ကြည့်နေမိ၏။ ရာသီဥတုမှာ ပူပြင်းလှသည်။ ကျွန်မတို့ သွားနေသည့်နေရာမှာ အဘွားဖြစ်သူ နေထိုင်သည့် ကိုဂီလို ဆိုသည့် ရွာသို့ ဖြစ်သည်။

ကျွန်မ ယနေ့အထိ မမေ့နိုင်သည့် မြင်ကွင်းမှာ ကင်ညာနိုင်ငံ၏ အနီရောင်ရွှံ့များပင် ဖြစ်ပါသည်။ ကလေးများ၏ ဆံပင်များမှာလည်း ထိုရွှံ့များ၏အရောင် ဖြစ်နေကြသည်။ ဘူတာရုံသို့ရောက်၍ အဘွားနေသည့်ရွာသို့ လမ်းလျှောက်သွားကြရသည့် အခါ ကျွန်မမှာ ရေငတ်လှပါသည်။ အဘွား၏ နေအိမ်မှာ လွန်ခဲ့သည့် နှစ်ပေါင်းများ စွာက ဆောက်လုပ်ထားခဲ့သော တိုက်တစ်လုံးပင် ဖြစ်ပါသည်။ တိုက်နှင့် မျက်စောင်း ထိုးဘက်တွင် အသီးအနှံစိုက်ခင်းများရှိပြီး အဘွားကို သူတို့က အဘွား ဆာရာ ဟု ခေါ်ကြ၏။ အဘွားသည် အရပ်ပုပုဝဝ၊ မျက်လုံးပြူးပြူးနှင့် ချိုသာသောအပြုံး ရှိသူ ဖြစ်သည်။ အဘွားသည် အင်္ဂလိပ်စကားဖြင့် ပြောနိုင်သည့်အပြင် တိုင်းရင်းသား ဘာသာစကားဖြစ်သည့် လျူစကားကိုလည်း ပြောနိုင်သူ ဖြစ်သည်။ အဘွားက သူ့ကို တကူးတက လာရောက်တွေ့ဆုံခြင်းအတွက် ဝမ်းသာသည်ဟု ဆိုပါသည်။ အဘွားအနားတွင် ရပ်လိုက်သည့်အခါ ကျွန်မအရပ်က အလွန်အမင်းမြင့်နေသည်။ အဘွားက ကျွန်မကို တအံ့တဩ မော့ကြည့်၏။ ကျွန်မ ဘယ်အရပ်သူလဲဟုလည်း မေးပြန်သည်။ ထို့အပြင် “သမီးမိဘတွေထဲက ဘယ်သူက လူဖြူလဲ”ဟုလည်း မေးပါသည်။

ကျွန်မ ရယ်လိုက်ပြီး အော်မာ၏ အကူအညီဖြင့် ကျွန်မသည် လူမည်းတစ်ဦးသာဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံတွင် နေထိုင်သူဖြစ်ကြောင်း ပြောပြရပါသည်။

အဘွား ဆာရာက သဘောကျသွားသည်။ ဘာပဲပြောပြော ရယ်နေတော့သည်။ ဘားရက်အား တိုင်းရင်းသားဘာသာစကား မပြောနိုင်ခြင်းအတွက် စ,နေ၏။ ကျွန်မမှာ အဘွား၏ ဟာသများတွင် ကြည်နူးနေမိသည်။ ညနေခင်းရောက်သောအခါ အဘွားက ကြက်များကိုသတ်ပြီး တိုင်းရင်းသားဟင်းလျာ တစ်မျိုးသည့်ဖြစ်သည့် အူဂါလီဟင်းကို ချက်ကျွေးသည်။ ပတ်ဝန်းကျင်မှ မိတ်ဆွေများ၊ ဆွေမျိုးများကလည်း အိုဘားမားအငယ်ကို လာရောက်နှုတ်ဆက်ကြကာ စေ့စပ်ကြောင်းလမ်းမှုအတွက် ဝမ်းမြောက်ဝမ်းသာစကား ဆိုကြသည်။ ညနေစောင်းတွင် ညစာကို စားသုံးကြပြီး လျှပ်စစ်မီးမရှိသော ရွာ၌ ပါတီပွဲ ဆင်နွှဲကြသည်။ ဤနေရာ၌ ထူးခြားသည်မှာ

ဘားရက်နှင့်ကျွန်မ အိပ်သောအခန်းမှ မမြင်ရသည့် တိရစ္ဆာန်များ၏ အော်သံများကို ကြားနေရခြင်းဖြစ်ပါသည်။ သေးငယ်သော်လည်း လုံခြုံနွေးထွေးသည့် အိမ်ထဲတွင် ကျွန်မ အန္တရာယ်ကင်းစွာ ရှိခဲ့ပါသည်။ ကျွန်မဘဝတွင် အလုပ်သစ်ကို ရခဲ့သည်။

ခင်ပွန်းလောင်းလည်း ရှိခဲ့ပြီ။ ကင်ညာနိုင်ငံမှ အဘွား အပါအဝင် ဆွေမျိုးများလည်း တိုးပွားခဲ့သည်။ ကျွန်မကမ္ဘာတွင် အရာရာသည် ပြီးပြည့်စုံနေပြီဟု ယူဆပါသည်။

※※※

ဘားရက်နှင့်ကျွန်မ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ နေသာသည့် တစ်ခုသော စနေနေ့တွင် Trinity United Church of Christ ၌ ဧည့်သည်သုံးရာတို့ကို အသိသက်သေထားကာ တောင်ပိုင်းတွင် လက်ထပ်ခဲ့ကြသည်။ မိတ်ဆွေများ၊ မိသားစုဝင်များဖြင့် ဧည့်သည်သုံးရာဆိုသည်မှာ မင်္ဂလာဆောင်ကြီး တစ်ခုပင်ဖြစ်၏။ ကြီးသင့် သဖြင့် ကြီးရသော မင်္ဂလာဆောင်ဟု ဆိုရပါမည်။ အကယ်၍ ကျွန်မတို့သည် ချီကာဂို၌သာ လက်ထပ်သည်ဆိုပါက ဧည့်သည်လျှော့ချရန် လိုအပ်မည် မဟုတ်ပေ။ ကျွန်မဘက်က ဆွေမျိုး များလွန်းလှသည်။ ကျွန်မတွင် ဝမ်းကွဲများသာမက ဝမ်းကွဲများမှ တော်စပ်လာသော ဆွေမျိုးများ၊ ထိုဝမ်းကွဲများမှ ပေါက်ဖွားလာသော ကလေးများလည်း ရှိကြရာ ကျွန်မအနေဖြင့် မည်သူ့ကိုမျှ ချန်လှပ်မထားဘဲ ဖိတ်ကြားခဲ့သည်။ သူတို့အားလုံးမှာလည်း ဝမ်းသာအားရရှိကြပါသည်။

ကျွန်မအဖေဘက်မှ မောင်နှမများက တောင်ပိုင်းတွင် ရှိသည်။ အမေ့ဘက်မှ ဆွေမျိုးအားလုံးကလည်း တောင်ပိုင်းတွင် နေကြသည်။ ကျောင်းနေဖက် သူငယ်ချင်းဟောင်းများ၊ အိမ်နီးချင်းများ၊ ပရင်စတန်ကျောင်းမှ မိတ်ဆွေများ၊ ဝှစ်တနီ ယန်းမှ မိတ်ဆွေများ လာကြသည်။ အထက်တန်းကျောင်းသူဘဝက တက်ခဲ့သော ကျောင်း၏ လက်ထောက်ကျောင်းအုပ်ကတော် မစ္စစ်စမစ်သ်တို့ကလည်း လျူးစစ်အဗဲ န်ျူးတွင် နေထိုင်ဆဲဖြစ်၍ ကျွန်မတို့ မင်္ဂလာပွဲကျင်းပနိုင်ရန် ဝိုင်းဝန်းကူညီကြသည်။ ကျွန်မတို့လမ်းထဲက မျက်စောင်းထိုးတွင် နေထိုင်သော မစ္စတာ သော်မဆင်တို့ ဇနီးမောင်နှံက သူတို့၏ ဂျက်ဇ်တေးဂီတဝိုင်းဖြင့် ဧည့်ခံပွဲတွင် ကူညီဖျော်ဖြေပေးသည်။ ဝန်နီတာဂျက်ဆင်က လည်ပင်းဟိုက်ထားသော အနက်ရောင်ဝတ်စုံဖြင့် ကျွန်မ၏ အပျိုရံအဖြစ် ဆောင်ရွက်ပေးခဲ့ပါသည်။ မင်္ဂလာပွဲတက်ရောက်ရန်အတွက် ကျွန်မ လုပ်ကိုင်ခဲ့ဖူးသော စစ်ဒလီ ဥပဒေအကျိုးဆောင်ဌာနမှ မိတ်ဆွေများကို ဖိတ်ကြားသကဲ့သို့ လက်ရှိလုပ်ကိုင်နေသော မြို့တော်ခန်းမမှ မိတ်ဆွေများကိုလည်း ဖိတ်ကြားခဲ့ ပါသည်။ ဘားရက်နှင့် လက်တွဲအလုပ်လုပ်နေသော ဥပဒေအကျိုးဆောင်များလည်း တက်ရောက်ကြသည်။ ဘားရက်၏ ဟာဝေယံအထက်တန်းကျောင်းမှ သူငယ်ချင်း များလည်း တက်ရောက်လာကြရာ အရောင်တောက်တောက် ခြယ်သထားသော အာဖရိကန်ဦးထုပ်များ ဆောင်းထား၏။ ဝမ်းနည်းစရာကောင်းသည်မှာ ဘားရက်၏ အဘိုးတော်သူ ဂရင့်ပ်မှာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ ပြီးခဲ့သည့်နှစ်ကမှ ကင်ဆာ ရောဂါ ဖြင့် ကွယ်လွန်သွားခဲ့ခြင်း ဖြစ်၏။ ဘားရက်၏ အမေနှင့်အဘွားတို့က ချီကာဂို အထိ လာခဲ့ကြသည်။ သူ့အမေတူ အဖေကွဲ ညီမနှစ်ယောက်ဖြစ်သည့် အူမာနှင့်

မာယာတို့က အခြားတိုက်မှ ရောက်အောင်လာတက်ခဲ့ကြသည်။ ကျွန်မတို့၏ နှစ်ဖက် မိသားစုများ ဆုံစည်းမိကြသည့်ပွဲဖြစ်ခြင်းကြောင့် အလွန်ပျော်စရာကောင်းခဲ့ပါသည်။

ကျွန်မတို့ကို အချစ်များ ဝန်းရံထားသကဲ့သို့ ရှိသည်။ မတူညီသောယဉ်ကျေးမှုများနှင့် အိုဘားမားမျိုးနွယ်နှင့် ရော်ဘင်ဆင်မျိုးနွယ်တို့ ပေါင်းစည်းကြသည့်ပွဲမှာ လှပစွာ ရက်လုပ်ထားသောအဆင်နှင့် တူလှသည်။ ဘုရားကျောင်းအတွင်းမှ ဘုရားရှိခိုးသည့် ခုံတန်းလျားများပေါ်၌ ထွေးရောယှက်တင် ရှိနေကြသည်။ ဘုရားရှိခိုးကျောင်း အတွင်း ဝင်ရောက်သည့် လျှောက်လမ်းပေါ်၌ လျှောက်ရသည့်အခါ ကျွန်မအား သတို့သားထံ အပ်နှံရန် တွဲလာသော အစ်ကိုဖြစ်သူ ခရိတ်၏ လက်ကို တင်းတင်းကျပ် ကျပ် ဆုပ်ထားမိသည်။ လက်ထပ်ရန်အတွက် ပရိသတ်အားလုံးရှေ့သို့ ရောက်သွားသည့်အခါ ရှေ့ဆုံးတန်းတွင် ထိုင်နေသော အမေ့ကို လှမ်းကြည့်လိုက်ရာ ကျွန်မအား ငေးမောကြည့်နေသည်ကို တွေ့ရ၏။ အမေက ကျွန်မနှင့်အတူ သွားရောက် ရွေးချယ် ဝယ်ယူခဲ့သော စီးကွင့်အဖြူနှင့်အနက် ရောယှက်ထားသည့် ဝတ်စုံရှည်ကို ဝတ်ဆင် ထားသည်။ အမေ့မျက်နှာက ဂုဏ်ယူနေသကဲ့သို့ ခပ်မော့မော့ရှိနေသည်။ ကျွန်မတို့မှာ ကွယ်လွန်သွားသည့် အဖေ့အတွက် နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရနေကြဆဲပင် ဖြစ်ပါသည်။

ထိုနေ့မနက်က ဘားရက်သည် အိပ်ရာမှ ထ,ကတည်းက ခေါင်းအုံနေသည် ဆို၏။ သို့သော် ဘုရားရှိခိုးကျောင်းသို့ ရောက်သည်နှင့် ထူးဆန်းစွာ အလိုလိုပျောက်သွား၏။ ကျွန်မ သူရှိရာသို့ လျှောက်လှမ်းလာနေသည်ကို ကြည့်နေသော ဘားရက်၏ မျက်ဝန်းတို့မှာ ရွှန်းစိုတောက်ပနေသည်။ ဘုန်းတော်ကြီးအပါးတွင် သူက ငှားရမ်းဝတ်ဆင်ထားသော တပ်က်ဆူဒိုဝတ်စုံ၊ ပြောင်လက်တောက်ပနေသော ရှူးဖိနပ်တို့ ဆင်မြန်း ထားသည်။ လက်ထပ်ခြင်းဆိုသည်ကို မယုံကြည်သူဖြစ်သည့်အတွက် လက်တွေ့တွင် ပိုမိုထူးခြားစွာ ခံစားနေရပုံရသည်။ သူ့ခံစားချက်က ကျွန်မထက် ပိုမည်ထင်ပါသည်။ တစ်ဆယ့်လေးလအတွင်း စေ့စပ်ခဲ့ကြသည်။ သူ့အတွက် မထူးခြားခဲ့။ လက်ထပ်ရန် နေ့ရက်ကို သေသေချာချာ ရွေးခဲ့ပြီးသည့်အခါ၌မူ သူသည် အစစအရာရာတွင် ပါဝင် လာခဲ့သည်။ ပန်းအလှပြင်သည်ကအစ ဝင်ပါခဲ့သည်။ South Shore Cultural Center တွင် နောက်ထပ် တစ်နာရီဆိုလျှင် ဧည့်ခံကြတော့မည် ဖြစ်သည်။ မင်္ဂလာသီချင်းကို လည်း နှစ်ဦးသဘောတူ ရွေးချယ်ခဲ့ကြပြီး စန်တီတာက စန္ဒရားနှင့် သီဆိုမည်ဖြစ်သည်။

ကျွန်မတို့ ရွေးချယ်ထားသည့်သီချင်းမှာ စတီဗီဝမ်းဒါး သီဆိုထားသော You and I (We Can Conquer the World) ဖြစ်သည်။ ထိုသီချင်းမှာ

ကျွန်မငယ်ငယ်ကတည်းက ကြားခဲ့ဖူးသော သီချင်းဖြစ်ပြီး ဂရိတ် သုံး၊ လေး အရွယ်ခန့်က ဦးတောင် ပိုင်းသားကြီး ကျွန်မအား လက်ဆောင်ပေးခဲ့သော Talking Book အယ်လ်ဘမ်တွင် ပါခဲ့သည့်သီချင်း ဖြစ်သည်။ ထိုအယ်လ်ဘမ်သည် ကျွန်မတစ်သက်တွင် ပထမဆုံးပိုင် ဆိုင်ခွင့်ရခဲ့သည့် အယ်လ်ဘမ်လည်းဖြစ်သဖြင့် တန်ဖိုးထားခဲ့ပါသည်။ လက်ဆောင်ရ သော အယ်လ်ဘမ်ကို ဦးတောင်ပိုင်းသား၏ အိမ်တွင်သာ ထားရှိပြီး ကျွန်မအလည် သွားလျှင် ခွင့်တောင်းရန်မလိုဘဲ ဖွင့်ခွင့်ရှိသည့် အယ်လ်ဘမ် ဖြစ်သည်။ ဦးတောင်ပိုင်း သားက အယ်လ်ဘမ်ကို ကိုင်ပုံကိုင်နည်း၊ သန့်ရှင်းရေး လုပ်ပုံလုပ်နည်း၊ စက်မှ အပ်ကို မ,ပုံမ,နည်း၊ အပ်ချရာတွင် နေရာမှန်ကို ချတတ်စေရန် အစရှိသဖြင့် အစစအရာရာ သင်ပေးထားပါသည်။ ကျွန်မ သူ့အိမ်ရောက်ပြီဆိုသည်နှင့် လွတ်လွတ်လပ်လပ် နားထောင်နိုင်ရန်၊ အယ်လ်ဘမ်မှတစ်ဆင့် သင်ယူသင့်သည်များကို သင်ယူနိုင်ရန် အတွက် ဦးတောင်ပိုင်းသားကြီးက ရှောင်နေတတ်ပါသည်။ သို့မှသာ အယ်လ်ဘမ်တွင် ပါသော သီချင်းစာသားကို ကလေးတစ်ယောက်အနေဖြင့် သင်ယူနိုင်ရန် ဖြစ်ပါမည်။

ကိုယ့်ရင်ထဲမှာတော့

ကမ္ဘာကြီးကို အောင်နိုင်မည် ထင်ပါတယ်

မင်းနဲ့ကိုယ် ချစ်နေရင်း

မင်းနဲ့ကိုယ်

မင်းနဲ့ကိုယ်

အဲဒီအချိန်က ကျွန်မမှာ ကိုးနှစ်သမီးအရွယ်သာ ရှိပါသေးသည်။ အချစ်ဆိုသည်ကို နားမလည်သေးသဖြင့် ကမ္ဘာကြီးကို အောင်နိုင်မည်ဆိုသည့် စာသားကို လည်း နားမလည်သေးပါ။ ထို့ကြောင့် ကျွန်မရင်ထဲတွင် အချစ်ဆိုသည်မှာ ဘာပါလိမ့် ဟု တွေးခဲ့ဖူးပြီး တစ်နေ့နေ့တွင် ကျွန်မအပါး၌ သီချင်းထဲကကဲ့သို့ အားပေးမည့်သူမှာ မည်သူဖြစ်လာမည်လဲဟု တွေးခဲ့မိသည်။ မိုက်ကယ်ဂျက်ဆင်လား၊ Cubs အဖွဲ့ထဲက ဂျိစီကာဒီနယ်လား၊ အဖေ့လိုလူမျိုးလား။ ကျွန်မ တွေးနေခဲ့မိသည်။ ကျွန်မအတွက် “မင်း”သည် မည်သူဖြစ်လာမည်ဆိုသည်ကို မမှန်းတတ်ခဲ့ပေ။

သို့သော် ယခုအခါတွင် ကျွန်မအတွက် သူက အပါးတွင် ရောက်ရှိနေပြီ။ ထီနီတီဘုရားကျောင်းသည် လုပတင့်တယ်ကာ ဂုဏ်ကျက်သရေရှိ၏။ ဘားရက်က စည်းရုံးရေးမှူးလုပ်နေစဉ်ကာလကတည်းက ဤဘုရားကျောင်း၌ ဝတ် ပြုခဲ့ဖူးသည်။ မကြာသေးမီ အချိန်ကစ၍ ကျွန်မတို့နှစ်ယောက်လုံး ဘုရားကျောင်း အသင်းဝင်များ

ဖြစ်ခဲ့ကြ၏။ မြို့ပေါ်တွင် အာဖရိကန်-အမေရိကန်လူမျိုး လူငယ် များစွာတို့နှင့်လည်း အကျွမ်းတဝင် ရှိနေကြပြီ။ ဘုရားရှိခိုးကျောင်း၏ ဆရာတော်မှာ ဂျမီးရားရိုက်ဖြစ်ပြီး ခရစ်ယာန်အသိုင်းအဝိုင်းတွင် ထင်ရှားသူဖြစ်ပြီး ယခု ကျွန်မတို့ အား လက်ထပ်ပေးနေသူ ဖြစ်သည်။ ဘုန်းတော်ကြီးက ပထမဦးစွာ ဧည့်ပရိသတ်တို့ အား ခရီးဦးကြိုစကား ပြောကြားကာ ကျွန်မတို့နှစ်ယောက်၏ လက်ထပ်လက်စွပ်များ ကို ဧည့်ပရိသတ်တို့ မြင်တွေ့စေရန်ပြသည်။ ထို့နောက် အမျိုးသားတစ်ဦးနှင့် အမျိုး သမီးတစ်ဦးတို့၏ ပေါင်းစည်းမှုတွင် ဧည့်သည်တော်များသည် အသိသက်သေများပင် ဖြစ်ပါကြောင်း၊ ထိုဧည့်သည်တို့မှာ အမျိုးသား၏အကြောင်း သိသူများ ပါသကဲ့သို့ အမျိုးသမီး၏အကြောင်း သိသူများလည်း ပါဝင်ကြောင်း စသဖြင့် မင်္ဂလာပွဲတွင် ဧည့် သည်များ၏ အရေးပါအရာရောက်မှုကို ရှင်းလင်းပြောကြားပြီးမှ လက်ထပ်မင်္ဂလာ ကျမ်းသစ္စာ ကျိန်ဆိုမှုကို စတင်ပါသည်။

ထိုအချိန်ကျမှသာ ကျွန်မအသိဉာဏ်တွင် ကျွန်မတို့ ယခု ဆောင်ရွက်နေ သော လက်ထပ်မင်္ဂလာ၏ အရေးပါမှုကို သတိထားမိပါတော့သည်။ ကျွန်မတို့ နှစ်ယောက် အနာဂတ်တွင် ဘာဖြစ်လာမည် မသိသေးသော်လည်း လက်တွဲခဲ့ကြပြီ။ မမြင်ရသေးသည့် ဘဝခရီးအတွက် တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ခဲ့ ကြပြီ ဖြစ်သည်။

မည်သည့်ကိစ္စကို ရင်ဆိုင်ရသည်ဖြစ်ပါစေ၊ နှစ်ယောက် လက်တွဲခဲ့ကြပါပြီ။ ဤနေ့ ဤရက်အတွက် များစွာ ပြင်ဆင်ခဲ့ကြရသည်။ ရောက်ရှိလာပြန်တော့လည်း တစ်သက်တာမမေ့မည့် နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်ရပါတော့သည်။ တစ်ယောက် လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားကြခြင်းမှာ ဤနေ့တစ်နေ့တာ အတွက်သာမဟုတ် တစ်ဘဝတာအတွက်ပင် ဖြစ်တော့သည်။ သူ့လက်ကို ဆုပ်ကိုင်လိုက်ရခြင်း သည် မည်သည့်အဖြစ်အပျက်နှင့်မျှ မတူ။ ဤသူ့အပေါ်တွင် ယုံကြည်မှုအပြည့်အဝရှိသည်။ ဘုန်းတော်ကြီးရှေ့မှောက်တွင် အကြင်လင်မယားအဖြစ် မြွက်ဟ,ကြေညာခဲ့ ကြပြီ။ ဘားရက်မျက်နှာကို ကြည့်လိုက်သည့်အခါ သူလည်း ကျွန်မကဲ့သို့ ခံစားနေရ သည်ဟု ထင်သည်။ ထိုနေ့က မည်သူမျှ မျက်ရည် မကျခဲ့ကြသကဲ့သို့ မည်သူမျှလည်း ငိုချင်စိတ်ဖြင့် အသံတုန်ယင်ခြင်း မရှိခဲ့ပေ။ ကျွန်မတို့ လက်ထပ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ရာနှင့်ချီသော ဧည့်သည်များ ဧည့်ခံပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ကျွန်မတို့ မောပန်းလာသည်အထိ စားကြသောက်ကြ၊ ကကြခုန်ကြပေဦးမည် ဖြစ်သည်။

ကျွန်မတို့နှစ်ယောက်၏ ဟန်းနီးမွန်းမှာ အဓိကအားဖြင့် အပန်းဖြေရန် ဖြစ်သည်။ လူမသိသူမသိ ခပ်လျှိုလျှိုဖြင့် ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းသို့ ထွက်လာခဲ့ကြ၏။ ဝိုင်သောက်ကြမည်၊ အိပ်မည်၊ ရွှံ့များဖြင့် တစ်ကိုယ်လုံးမံသည့်

ဆေးဖက်ဝင် ရေချိုးနည်းနှင့် အစားအသောက်ကောင်းကောင်းစားရန်သာ ရည်ရွယ်ခဲ့ကြသည်။ မင်္ဂလာဆောင်ပြီး နောက်တစ်နေ့တွင် ဆန်ဖရန်စစ္စကိုသို့ ထွက်လာကြကာ "နာပ"တွင် ရက်အတော်ကြာအောင် နေကြသည်။ ထိုမှတစ်ဆင့် အမှတ် ၁ ဟိုင်းဝေး လမ်းမကြီးအတိုင်း မောင်းနှင်လာကာ စာအုပ်များဖတ်ကြရန်အတွက် "ဘစ်ဆာ"သို့ သွားကြ၏။ လမ်းတစ်လျှောက်တွင် မြင်တွေ့နေရသော ပင်လယ်ရေပြင်ပြာပြာကို ငေးရင်း စိတ်အပန်းဖြေကြသည်။ ရေပြင်ပြာပြာကို ကြည့်ရသည်မှာ အေးချမ်းလှသော် လည်း ဘားရက်၏ ခေါင်းအုံသောဝေဒနာက သည်းသည်းထန်ထန် ဝင်ရောက်လာသည်။ ထို့ကြောင့် ရှို့ဖြင့် အမံခံမည့်အစီအစဉ်ကို လက်လျှော့လိုက်ရသည်။

တစ်နှစ်ပတ်လုံး အလုပ်များခဲ့ကြသည်ဖြစ်ခြင်းကြောင့် နားနိုင်ရန် စီစဉ်ခဲ့ကြခြင်း ဖြစ်သည်။ မင်္ဂလာမဆောင်မီ လပေါင်းများစွာကတည်းက ဘားရက်သည် သူရေးနေသည့်စာအုပ်ကို လက်စသတ်ခဲ့ပြီး သူ့ဥပဒေအကျိုးဆောင်လုပ်ငန်းအသစ်တွင် အလုပ်များ လက်စသတ်နိုင်ရန် ကြိုးစားခဲ့သော်လည်း အချို့တစ်ဝက်သာ ပြီးခဲ့သည်။ ၁၉၉၂ခုနှစ် အတွင်း၌ သူ့အား Project VOTE! ဟု အမည်ခံယူထားသည့် အဖွဲ့အစည်းတစ်ခုက ချဉ်းကပ်လာခဲ့သည်။ ထိုအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ မဲဆန္ဒရှင်စာရင်းအသစ် ကောက်ယူရန် ဖြစ်သည်။ အသက်မပြည့်သူများ အသက်ပြည့် လာသည့်အခါ တိုးမြင့်လာသည့် မဲဆန္ဒရှင်အရေအတွက်မှာ နည်းလွန်းနေခြင်းကြောင့် ဖြစ်သည်ဟု ဆို၏။ ထိုသူတို့က ဘားရက်အား အီလီနွိုက်တွင် တာဝန်ယူဆောင်ရွက် ပေးနိုင်ရန် မေးကြသည်။ ချီကာဂိုတွင် ရုံးခန်းဖွင့်ကာ နိုဝင်ဘာလ ရွေးကောက်ပွဲအတွက် လူမည်း မဲဆန္ဒရှင်များ စာရင်းကောက်ယူပေးရမည် ဖြစ်သည်။ ပြည်နယ် တစ်ခုတည်းတွင် လူမည်းမဲဆန္ဒရှင် လေးသိန်းခန့်မှာ အရွယ်ရောက်ပြီးဖြစ်သော်လည်း စာရင်းသွင်းမခံရသေးဟု ခန့်မှန်းကြသည်။ အများစုမှာ ချီကာဂိုနှင့် ပတ်ဝန်းကျင်တွင် ရှိနေကြသည်ဟု တွက်ဆကြသည်။

သူတို့ပေးနိုင်မည့် လစာငွေမှာ မက်လောက်ဖွယ်မရှိသော်လည်း အလုပ်က ဘားရက် ယုံကြည်အားပေးလိုသောအလုပ် ဖြစ်နေသည်။ ၁၉၈၃ ခုနှစ်တွင်လည်း အလားတူ မဲဆန္ဒရှင်အသစ်များ မှတ်ပုံတင်လုပ်ပေးခြင်းက ဟာရိုးလ် ဝါရှင်တန်ကို အောင်နိုင်မှု ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အလားတူ မဲဆန္ဒရှင် အသစ်များ မှတ်ပုံတင်ရေးကိစ္စက တစ်စခန်းထ,လာခဲ့၏။ နောက်ထပ် အာဖရိကန်-အမေရိကန်လူမျိုးတစ်ဦးဖြစ်သော ရွေးကောက်ပွဲဝင် ကာရိုးလ် မော်စလီဘရန်းကို ဆီးနိတ်အမတ်ရွေးပွဲ၌ ဒီမိုကရက်တစ်အမတ်လောင်းအား မဲအနည်းငယ် အသာဖြင့် အနိုင်ရစေခဲ့ခြင်းကြောင့် အံ့အားသင့်ခဲ့ကြရသည်။ ထို့ကြောင့် အထွေထွေရွေးကောက် ပွဲကြီးတွင် အကျပ်အတည်းကြုံရတော့မည်ဟု ကြိုတင် တွက်ဆခဲ့ကြသည်။ သမ္မတ နေရာအတွက် ဘီလ်ကလင်တန်က

ဂျော့ချ်အိတ်ချ်ဒဗလျူဘွတ်ရှ်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ထို့ကြောင့် မဲဆန္ဒရှင်အသစ်များ မှတ်ပုံတင်ရေးကိစ္စမှာ အရေးကြီးနေပြီး အချိန်အားဖြင့်လည်း သိပ်မရတော့ပေ။

ထိုအလုပ်ကို ဘားရက် စိတ်ရောကိုယ်ပါ ဝင်လုပ်လိမ့်မည်ဆိုသည်မှာ ပြောရန်မလိုသည့်ကိစ္စပင် ဖြစ်ပါသည်။ Project VOTE! အဖွဲ့၏ ရည်မှန်းချက်မှာ ရက်သတ္တတစ်ပတ်လျှင် အီလီနွိုက်မှ မဲဆန္ဒရှင်အသစ် တစ်သောင်းခန့် စာရင်းသွင်းနိုင်ရေး ဖြစ်သည်။ အလုပ်မှာ ကျွန်မ စာရင်းကောက်ယူခဲ့ဖူးသော အခြေခံလူတန်းစားစာရင်း နှင့် ခပ်ဆင်ဆင်ပင် ဖြစ်သည်။ ဆောင်းရာသီနှင့် နွေရာသီ၌ ဘားရက်နှင့် သူ့ရုံးအဖွဲ့ ဝန်ထမ်းများသည် ဘုရားကျောင်းများကို အခြေခံကာ တစ်အိမ်တက်ဆင်း စာရင်း မပေါက်သေးသော မဲဆန္ဒရှင်စာရင်းကို ကောက်ယူကြသည်။ ဘားရက်က လူမှုအဖွဲ့ အစည်းခေါင်းဆောင်များနှင့် ဆက်သွယ်ကာ ချမ်းသာကြွယ်ဝသည့် အလှူရှင်များ၏ အလှူငွေများဖြင့် ရေဒီယိုမှ ကြော်ငြာခြင်း၊ လက်ကမ်းကြော်ငြာများအား လူမည်းများ ထံ ရောက်ရှိစေရန် ဝေငှခြင်းစသဖြင့် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးစားခဲ့သည်။ အိမ်ရာစီမံကိန်းများသို့လည်း အရောက်သွားသည်။ အဖွဲ့၏ ရည်မှန်းချက်မှာ ကောင်းမွန်သော ရည်မှန်းချက်ဖြစ်၍ ပေါက်မြောက်အောင်မြင်ခဲ့သည်။ ဘားရက်၏ရည်မှန်းချက် အောင်မြင်သည်ကို ကျွန်မ သိပါသည်။ မဲပေးခြင်းတွင် စွမ်းပကားရှိပါသည်။ အပြောင်းအလဲကို လိုချင်သည်ဆိုပါက အိမ်တွင်နေ၍ မဖြစ်နိုင်ပါ၊ ရွေးကောက်ပွဲနေ့တွင် မဲပေးကြရပါမည်။

ညနေခင်းများတွင် ဘားရက်က ကျွန်မတို့နေထိုင်သော လျူးစစ်လမ်းမှ အိမ်သို့ ပြန်လာပြီး ဆိုဖာပေါ်တွင် အိပ်ပျော်သွားတတ်၏။ တစ်ခါတစ်ရံတွင် ကျွန်မ ကွယ်ရာ၌ သောက်တတ်သော သောက်လက်စ စီးကရက်က သူ့လက်ကြား၌ ညှပ်လျက်သား ရှိနေတတ်သည်။ သူ့ကိုကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်ပုံရသော်လည်း သူ့ဇွဲကို လျှော့မည့်ပုံ မရှိပေ။ မဲဆန္ဒရှင်အသစ်စာရင်းကို သူ မျက်ခြည်အပြတ်မခံ သတိထားသည်။ နွေရာသီအလယ်၌ သူတို့ စာရင်းကောက်ယူမှုမှာ ရက်သတ္တတစ်ပတ်လျှင် ခုနစ်ထောင်ခန့်သာ ရှိသေးသဖြင့် မူလခန့်မှန်းချက်ကို မပြည့်မီသေးပေ။ ထို့ကြောင့် ဘားရက်က မဲဆန္ဒရှင်အသစ်များ အမြန်ဆုံး မှတ်ပုံတင်နိုင်ရေးသတင်းကို ယခုထက် ပိုမိုထိရောက်စွာ ကျယ်ပြန့်နိုင်ရေးနှင့် ရန်ပုံငွေထည့်ဝင်ပေးနိုင်မည့်သူများ ရှာဖွေရေးတို့ကို ပိုမို အားစိုက်နေတော့သည်။ ယခုအလုပ်ကို သူ့စိတ်ထဲတွင် ပဟေဠိကစားနေသကဲ့သို့ သဘောထားနေပုံရသည်။ နေရာမှန်တွင် ထည့်နိုင်ပါက ပွဲပြီးသွားပေမည်။ သူက ကျွန်မအား ပြောပြသည်မှာ အသက် ၁၈ နှစ်မှ ၃၀အတွင်း မဲဆန္ဒရှင်တို့မှာ အစိုးရအား အယုံအကြည်မရှိကြသူများဖြစ်သဖြင့် စည်းရုံးရခက်သည် ဟု ဆို၏။

ကျွန်မကိုယ်တိုင်ကလည်း အစိုးရဝန်ထမ်း ဖြစ်နေသည်။ ယခုဆိုလျှင် ဗယ်လာရီနှင့်အတူ မြို့တော်ဝန်ရုံးတွင် အလုပ်ဝင်ခဲ့သည်မှာ တစ်နှစ်ပင် ကျော်ခဲ့ပြီ ဖြစ်သည်။ ဆက်သွယ်ရေးအရာရှိအဖြစ် မြို့တော်၏ ဌာနအသီးသီးသို့ ဆက်သွယ်ရသည်။ ထိုသို့ ဆက်သွယ်ရသည့်အထဲတွင် ပြည်သူ့ကျန်းမာရေးနှင့် လူသားဝန်ဆောင် မှုဌာနလည်း အပါအဝင် ဖြစ်သည်။ လုပ်ငန်းမှာ အတော်ပင်ကျယ်ပြန့်၍ ပါဝင်လုပ် ဆောင်ကြသည့် ဝန်ထမ်းများကလည်း အပြည့်အဝ ကြိုးစားအားထုတ်ကြပါသည်။ စိတ်လည်းဝင်စားကြသည်။ တစ်ခါက ကျွန်မသည် ကန်ရေပြင်ကို မျက်နှာပြုထား ပြီး ကော်ဇောခင်းထားသည့် ရုံးခန်းအတွင်း၌ ရေးမှတ်ရန်ရှိသည်များကို ရေးနေသည်။ ကျွန်မရုံးခန်းမှာ ပြတင်းပေါက်မရှိသည့်အခန်း ဖြစ်သည့်အပြင် အပေါ်ဆုံးထပ်ဖြစ်ခြင်းကြောင့် တစ်နေ့လုံး ဆူညံစွာဝင်ထွက်သွားလာနေကြသော မြို့သူမြို့သားများနှင့်လည်း အလှမ်းဝေးသည်။

အစိုးရက ထုတ်ပြန်သော အမိန့်ကြော်ငြာစာဆိုသည်မှာ သေသေချာချာ စိစစ်ပြီး အသေးစိတ်ဖော်ပြထားသော ကြေညာချက်များ ဖြစ်သည်။ သို့သော် မည်သည့်အခါမျှ မပြီးတတ်ဘဲ နောက်ဆက်တွဲများ လိုက်ကြရမြဲပင် ဖြစ်သည်။ ကျွန်မ အလုပ်မှာ ဌာနဆိုင်ရာခေါင်းဆောင်များနှင့် တွေ့ဆုံခြင်းနှင့် အစည်းအဝေးများကြား လွန်းပျံကူးနေရတတ်သည်။ လက်တွေ့လုပ်ဆောင်ရာ၌ ဝန်ထမ်းများနှင့်သာ ထိတွေ့ ဆက်ဆံရသည်။ တစ်ခါတစ်ရံတွင် ချီကာဂိုပတ်ဝန်းကျင်ဒေသများသို့ ကိုယ်တိုင်ကိုယ် ကျ သွားရောက်ရသည်လည်း ရှိပါသည်။ အများအားဖြင့် ထိုကိစ္စတို့မှာ မြို့တော်ဝန်ထံ တိုင်ကြားထားသည့်ကိစ္စများအတွက် ဖြေရှင်းပေးရခြင်းများ ဖြစ်သည်။ တစ်ခါတစ်ရံတွင် လဲကျနေသော သစ်ပင်ဖယ်ရှားရေးကို သွားရောက်စစ်ဆေးရသည်။ ယဉ်ကြော ရှုပ်ထွေးမှု၊ အမှိုက်ပြဿနာတို့အတွက် စိတ်ပျက်နေကြသော အနီးအပါးမှ ဘုန်းတော် ကြီးများအားလည်း နှစ်သိမ့်ဖြေရှင်းပေးရသည်။ တစ်ခါတစ်ရံ၌ မြို့တော်ဝန်ရုံးကို ကိုယ်စားပြုကာ ပွဲလမ်းသဘင်တချို့ကို တက်ပေးရသည်။ ထိုသို့သော ကိစ္စမျိုးစုံတို့မှာ ဥပဒေပညာသင်ကြားခဲ့သူတစ်ယောက်နှင့် မည်သို့မျှ မသက်ဆိုင်သော်လည်း ကျွန်မ မည်သည့်အခါ ကမျှ မသိခဲ့ရသော ချီကာဂိုမြို့တွင်း၌ ဖြစ်ပျက်နေသည်များကို ကြုံတွေ့ ခွင့်ရနေခြင်းပင် ဖြစ်ပါသည်။

ကျွန်မက စူဇန်ရှား၊ ဗယ်လာရီဂျာရတ်တို့နှင့် အနေများခြင်းကြောင့် သူတို့နှစ်ယောက် ကြောက်ခမန်းလိလိ ကြိုးစားကြပုံများကို မျက်ဝါးထင်ထင် မြင်တွေ့ရခြင်းကြောင့် သူတို့ထံမှ သင်ယူလေ့လာရသည်။ သူတို့သည် လူကို လူကဲ့သို့ တန်ဖိုးထားတတ်ကြသူများလည်း ဖြစ်ကြသည်။ စူဇန်က အစည်းအဝေးများ တရစပ် တက်နေရသော်လည်း သူ့အလှမပျက်။ ဗယ်လာရီက

ခန်းလုံးပြည့်မှုရှိသော အမျိုး သားများကြားတွင် အလုပ်လုပ်ရသူဖြစ်သော်လည်း သူ့ရင်တွင်းစကားများကို မည်သည့်အခါမှ ထုတ်မပြောဘဲ နေတတ်သူဖြစ်သည်။ သူက တစ်နေရာမှ တစ်နေရာသို့ ခပ်မြန်မြန် ကူးနေသူလည်း ဖြစ်၏။ ကျွန်မ လက်ထပ်ပွဲ မကျင်းပမီကလေးမှာပင် သူ ရာထူးတက်သွားကာ မြို့တော်စီမံကိန်းနှင့်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု စီမံကိန်းဌာန၏ မင်းကြီး ဖြစ်လာသည်။ သူက ကျွန်မကို သူ့ဌာနတွင် သူ့လက်ထောက်အဖြစ် လာလုပ် ရန် ခေါ်ခြင်းကြောင့် ဟန်းနီးမွန်းမှ ပြန်လျှင် လုပ်မည်ဟု စဉ်းစားထားသည်။

ကျွန်မက စူဇန်နှင့်ယှဉ်လျှင် ဗယ်လာရီနှင့် ပိုတွေ့တတ်သည်။ သို့သော် သူတို့နှစ်ယောက်စလုံးထံမှ သင်ယူသင့်သည်မှန်သမျှကို ရေးမှတ်ထားလေ့ရှိသည်။ ကောလိပ်တက်စဉ်က ကျွန်မအား စီမံအုပ်ချုပ်ခဲ့သူ စီဇေးနီးနှင့် ပတ်သက်၍လည်း ထိုနည်းအတိုင်းပင် မှတ်သားခဲ့သည်။ ထိုအမျိုးသမီး သုံးဦးစလုံးသည် သူတို့ဩဇာ မည်မျှ သက်ရောက်သည်ကို သိရှိကြသူများဖြစ်ပြီး သုံးစွဲရန်လည်း ဝန်မလေးကြသူများ ဖြစ်သည်။ သုံးယောက်စလုံးပင် ပေါ့ပေါ့ပါးပါး ရယ်ရယ်မောမော နေတတ်ကြသူများ ဖြစ်သော်လည်း သူတို့ဩဇာအာဏာ သုံးရမည့်အချိန်များတွင်လည်း မဆိုင်းမတွ သုံးတတ်ကြသည်။ ထို့ပြင် ထူးခြားသည်မှာ သုံးယောက်စလုံးပင် အိမ်ထောင်သည် ကလေးမိခင်များ ဖြစ်ကြသည်။ ကျွန်မ သူတို့ကို သေသေချာချာ လေ့လာသည်။ တစ်နေ့နေ့တွင် ကျွန်မလည်း သားသမီးများ ရှိလာပါက သူတို့နည်းတူ အလုပ်လုပ်နိုင် ရန်ဖြစ်၏။ ဗယ်လာရီက ဘယ်လောက်အရေးကြီးသည့် အစည်းအဝေးဖြစ်နေပါစေ သူ့သမီးကျောင်းမှ ဖုန်းဆက်ပါက အစည်းအဝေးခန်းမှ ထွက်သွားရန် ဝန်မလေးသူ ဖြစ်သည်။ စူဇန်ကလည်း ထိုနည်းအတူပင် ဖြစ်သည်။ သူ့သား ဖျားနေသည်ဟု သတင်းကြားရလျှင်ဖြစ်စေ၊ မူကြိုကျောင်းမှ ဂီတဖျော်ဖြေပွဲတွင် ပါဝင်ရသည့်အခါ ဖြစ် စေ အရောက်သွားတတ်သူ ဖြစ်သည်။ သူတို့ကလေးများသည် သူတို့အတွက် ဦးစား ပေးဖြစ်ခြင်းကြောင့် လုပ်ငန်းတွင် အခြားသူများအတွက် မည်မျှပင် ကသိကအောက် ဖြစ်သည်ဖြစ်စေ တောင်းပန်ခြင်းလည်းမရှိ၊ သူတို့အလုပ်ကို သူတို့ ပုံမှန်လုပ်သည့်နှယ် သဘောထားကြသည်မှာ စစ်ဒလီတွင် ကျွန်မလုပ်ကိုင်စဉ်က အမျိုးသားဝန်ထမ်းများ ကဲ့သို့ပင် ဖြစ်သည်။ သူတို့နှစ်ယောက်မှာ တစ်ခုလပ်မိခင်များ ဖြစ်သော်လည်း သား သမီးအရေးကိစ္စကို ဦးထိပ်ပန်ဆင်ထားကြသူများ ဖြစ်တော့သည်။ နှစ်ယောက်စလုံးမှာ စင်းလုံးချော အပြစ်ကင်းကြသူများ မဟုတ်ကြသော်လည်း အကောင်းဆုံးဖြစ်စေရန် ကြိုးစားလုပ်ကိုင်ကြသူများ ဖြစ်သည်။ နှစ်ယောက်စလုံးသည် ကျွန်မအပေါ်တွင် ခင်မင်ရင်းနှီးကာ ကူညီတတ်ကြသည်။

ဘားရက်နှင့် ကျွန်မ၏ ဟန်းနီးမွန်းခရီးစဉ်ကို မြောက်ပိုင်းကယ်လီဖိုးနီး ယား၌ အဆုံးသတ်ကာ ပြန်လာကြချိန်၌ သတင်းကောင်းရော သတင်းဆိုးပါ

ပါလာကြသည်။ သတင်းကောင်းဆိုသည်က နိုဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဖြစ်သည်။ ဒီရေများ လိုမ့်တက်လာသကဲ့သို့ ပြောင်းလဲမှု အကြီးအကျယ် ပေါ်ပေါက်လာပြီဖြစ်သည်။ ဘီလ်ကလင်တန်က အီလီနွိုက်တွင် အနိုင်ရသည်သာ မက တစ်နိုင်ငံလုံးတွင် အနိုင်ရရှိခဲ့သဖြင့် လက်ရှိသမ္မတ ဘွတ်ရှ်မှာ သမ္မတသက်တမ်း တစ်ကြိမ်သာ ထမ်းဆောင်ခဲ့ရပြီး အိမ်ဖြူတော်မှ ထွက်ပေးရတော့မည် ဖြစ်သည်။ ကာရိုးလ်မော်စလီ ဘရန်းကလည်း အနိုင်ရသွားသဖြင့် ဆီးနိတ်လွှတ်တော်တွင် ပထမဆုံးသော အာဖရိကန်-အမေရိကန် လူမည်းအမျိုးသမီး အမတ် ဖြစ်လာခဲ့သည်။ ဘားရက်အတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းသည်မှာ သူ့ကြိုးပမ်းမှုကြောင့် မဲဆန္ဒ ရှင် အသစ် ၁၁၀,၀၀၀ တိုးပွားလာခဲ့ခြင်းဖြစ်သည်။ Project VOTE! ၏ ရည်မှန်းချက် ပေါက်မြောက် အောင်မြင်ခဲ့ပါသည်။ မဲဆန္ဒရှင်တိုင်း မဲရုံသို့ သွားရောက်မဲပေးကြရန် လှုံ့ဆော်ချက် အောင်မြင်ခဲ့သည်။

ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်အဖြစ် ချီကာဂိုတွင်ရှိသည့် သန်းဝက်မျှသော လူမည်းမဲဆန္ဒရှင်တို့ မဲရုံသို့ သွားရောက်ကာ မဲပေးခဲ့ကြသည်။ စုပေါင်းအားဖြင့် နိုင်ငံရေးအခြေအနေကို ပြောင်းလဲစေနိုင်ကြောင်း ပြသနိုင်ခြင်းလည်း ဖြစ်သည်။ ဤသို့ ပြသလိုက်နိုင်ခြင်းက ဟာရိုးလ် ဝါရှင်တန် ကွယ်လွန်ပြီးကတည်းက ပျောက်ဆုံးသွားခဲ့သည့် နိုင်ငံရေးအခြေအနေကို ပြုပြင်ပြောင်းလဲနိုင်ကြောင်း ပြသ လိုက်သည်လည်း ဖြစ်ပါသည်။ ထို့ကြောင့် ဥပဒေပြုကြသူများ၊ နိုင်ငံရေးသမားများ ပြန်လည် နိုးကြားလာကြသည်။ ရွေးကောက်ပွဲတွင် အာဖရိကန်- အမေရိကန် လူမည်း တို့၏ မဲသည် အရေးပါသော မဲများဖြစ်ကြောင်း သတိပြုမိလာကြသည်။ လူမည်းများ၏ ကိစ္စများကို လျစ်လျူရှုခဲ့ကြသော၊ လူဖြူများနှင့် တန်းတူမပေးချင်သော နိုင်ငံရေး သမားများအတွက် လူမည်းတို့သည် လိုအပ်သောသူများ ဖြစ်ကြောင်း သတိပေးလိုက် သကဲ့သို့ ဖြစ်သွားသည်။ ထိုသို့ ဖြစ်ပေါ်စေခြင်းကြောင့် ဘားရက်၏ ကြိုးပမ်းမှုမှာ အရာထင်ခဲ့သည်။ ကြိုးပမ်းရကျိုးနပ်ခဲ့သည်။ ပင်ပန်းခဲ့သော်လည်း ထိုအလုပ်က ပေးလိုက်သည့်အသိမှာ ချီကာဂိုတွင် နိုင်ငံရေးအခြေအနေမှာ ရောထွေးနေပြီး သူ့အနေဖြင့် အောင်မြင်စွာ စည်းရုံးရေး လုပ်ဆောင်နိုင်သည် ဟူသည့် အသိတရားပင်ဖြစ်သည်။ သူက အခြေခံလူတန်းစားတို့၏ ခေါင်းဆောင်များကို စည်းရုံးနိုင်သည်။ နေ့စဉ် သွားလာလှုပ်ရှားနေကြရသူများ၊ ရွေးချယ်တင်မြှောက်ခြင်း ခံရသော အရာရှိများကို စည်းရုံးနိုင်ခြင်းက မယုံနိုင်စရာကောင်းလောက်သည့် ရလဒ်ကို ပေါ်ထွက်စေခဲ့သည်။ မီဒီယာပေါင်းများစွာက Project VOTE! အဖွဲ့၏ လှုပ်ရှားမှုကို ချီးကျူးကြသည်။ ချီကာဂိုအမည်ရှိ မဂ္ဂဇင်း၏ စာရေးဆရာတစ်ယောက်ကမူ ဘားရက်အား “အရပ်မြင့် မြင့်၊ ဖော်ရွေကာ အလုပ်ကို မနေမနားလုပ်သူ”ဟု တင်စားရေးသားခဲ့သည်။ ထိုသူက ဘားရက်သည် တစ်နေ့နေ့တွင် ရွေးကောက်ပွဲဝင်သင့်သူဟု ရေးသားခဲ့သော်လည်း

ဘားရက်ကမူ ပခုံးတွန့်ပြခဲ့သည်။

သတင်းဆိုးဆိုသည်မှာ သူရေးနေသည့်စာအုပ်ကို ပစ်ထားကာ မဲဆန္ဒရှင်အသစ်များ တိုးပွားလာရေးကြိုးစားနေရသဖြင့် ထုတ်ဝေသူထံ အပြီးသတ်အပ်နှံရမည့် ရက် ကျော်လွန်သွားပြီဖြစ်၍ ထုတ်ဝေသူက ချုပ်ဆိုထားသောသဘောတူစာချုပ်ကို ပယ်ဖျက်လိုက်ကာ စရန်ပေးထားသော ဒေါ်လာ ၄၀,၀၀၀ ကိုပြန်ပေးရန် တောင်းဆို လာခြင်း ဖြစ်သည်။

ထိုစာကြောင့် ဘားရက် ထိတ်လန့်တုန်လှုပ်သွားနိုင်သော်လည်း ကျွန်မရှေ့တွင် ဘာမျှမဖြစ်ခဲ့ပေ။ ကျွန်မကလည်း မြို့တော်ခန်းမ၌ ဝင်ရမည့် ကျွန်မအလုပ်သစ် အတွက် ပြင်ဆင်မှုများလုပ်နေရခြင်းကြောင့် အလုပ်များနေသည်။ ဘုတ်အဖွဲ့အစည်း အဝေးများ တက်ရောက်နေရခြင်း၊ သက်ကြီးရွယ်အိုတချို့၏ ပျော်ပွဲစားများကို လိုက်ပေးရခြင်း အစရှိသည့် အလုပ်ဟောင်းမှ မပြီးပြတ်သေးသောကိစ္စများကို ဆောင်ရွက် ပေးနေရသေးသည်။ ကျွန်မက ရှေ့နေအလုပ်ကို မလုပ်တော့သော်လည်း နေ့စဉ် ညနေ ပိုင်းဆိုလျှင် မြင်နေကျမျက်နှာများ၏ ပြဿနာများကို ကြားသိနေရပြန်သည်။ အိမ်သို့ရောက်၍ စိတ်ပင်ပန်းခဲ့သမျှ ဖြေလျှော့မည် ကြံသော်လည်း မရ။ နောက်ဆုံးတွင် ဝိုင်ပုလင်းကိုင်၍ကာ ဦးနှောက်မှ အလုပ်အကိုင်အားလုံးကို မေ့ပစ်ပြီး ရုပ်မြင်သံကြားရှေ့ရှိ ဆိုဖာရှည်ပေါ်တွင် လှဲကာ နေလိုက်တော့သည်။ အကယ်၍ ကျွန်မသည် ဘားရက်နှင့် Project VOTE! တို့၏ ပတ်သက်မှုအတိုင်းအတာကို သိမည်ဆိုပါကလည်း ကျွန်မအတွက် အထောက်အကူမဖြစ်နိုင်ပေ။ သူ စိတ်ပူသကဲ့သို့ ကျွန်မလိုက် ပြီး စိတ်ပူမည် မဟုတ်။ တစ်ကြောင်းက Project VOTE! အဖွဲ့သားတွေက ဘားရက် ကဲ့သို့ပင် စိတ်ပူပေးနေကြသူများ ဖြစ်သည်ကို ကျွန်မသိထားခြင်းကြောင့် လည်း ဖြစ်သည်။ ကျွန်မဘက်တွင် ကမောက်ကမဖြစ်မှုများ အတန်အသင့် ရှိသော်လည်း ဘားရက်ကမူ အပူအပင်မရှိပေ။ သူသည် ဆပ်ကပ်ထဲမှ ပန်းကန်ပြားများစွာကို လှည့်ပြနေသူကဲ့သို့ အေးအေးသက်သာ ရှိလှသည်။ အရာအားလုံး တည်ငြိမ်အေးစက်နေလျှင် နောက်ထပ်လာရန် ကိစ္စများရှိသေးသည်ဟု ခံယူထားသူ ဖြစ်သည်။ သူသည် တစ်ခုပြီးတစ်ခု တန်းစီကာ ဖြေရှင်းသွားတတ်သူဖြစ်ကြောင်း ကျွန်မနားလည်လာသည်။ နောက် လာမည့်ကိစ္စအတွက် ကြိုတင်တွေးဆ ပူပန်နေခြင်းက အချိန်နှင့် ခွန်အားကို ဖြုန်းတီးရာရောက်သည်ဟု သူက ခံယူထားသည်။ ဥပမာအားဖြင့် သူသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းနှစ်ခုခန့်၏ အလုပ်များကို တာဝန်ယူလုပ် နေသည့်ကြားကပင် ချီကာဂိုတက္ကသိုလ်၌ လာမည့်စာသင်နှစ်အတွက် စာသင်ကြားပို့ ချခြင်း ဆောင်ရွက်ပေးပါဟု ဆိုလာလျှင်လည်း လက်ခံသည်။ တစ်ဖက်မှလည်း ဥပဒေအကျိုးဆောင်လုပ်ငန်း၌ ဆောင်ရွက်နေသောကိစ္စများကို မလစ်ဟင်းအောင် ဆောင်ရွက်တတ်ပါသည်။

အလုပ်များ မအားသည့်ကြားမှပင် စာအုပ်ကိုလည်း ရေးပြန်သည်။ ဘားရက်၏ ကိုယ်စားလှယ် အမျိုးသမီးကမူ ပထမစကားပြောထားသူက မယူတော့ဘူးဟု ဆိုလျှင် အခြားထုတ်ဝေသူက ယူလိမ့်မည်ဟု ဆိုသည်။ ဘားရက်ဘက်ကမူ စာမူကြမ်းပင် မပြီးသေးပေ။ တစ်ဖက်တွင် တာဝန်ယူထားသော စာသင်ရန်ကိစ္စက လည်း ရှိသေးသည်။ ဥပဒေအကျိုးဆောင်လုပ်ငန်းကလည်း သူ အချိန်ပြည့်ဝင်ရောက် လုပ်ကိုင်ရန် စောင့်ဆိုင်းနေသည်မှာ တစ်နှစ်နီးပါးရှိနေပြီ ဖြစ်သည်။ သို့သော် သူက ကိစ္စအားလုံးကို ဖြေရှင်းနိုင်ပြီး သူနှင့် အသင့်တော်ဆုံးနည်းလမ်းကို တွေ့ရှိခဲ့၏။ စာအုပ်ကို လက်စသတ်နိုင်ရန်အတွက် ကောလိပ်တွင် စာတမ်းတင်ရန် ကြိုးစားခဲ့ရသကဲ့သို့ အနှောင့်အယှက်ကင်းဝေးသည့် နေရာတွင် အခန်းကျဉ်းတစ်ခု ငှားကာ စာအုပ်ကိုသာ ဇောက်ချရေးတော့သည်။ သူ တွက်ထားသည်က စာအုပ်ကို လက်စ သတ်နိုင်ရန် လအနည်းငယ်သာ ကြာမည်ဟု ဖြစ်သည်။ သူ ဖြစ်ပျက်ခဲ့သမျှကို ကျွန်မ အား တစ်ညတွင် ပြန်ပြောပြသည်။ ထိုကိစ္စတို့မှာ လက်ထပ်အပြီး ရက်သတ္တခြောက် ပတ်အကြာတွင် ပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။ သူ စာသွားရေးနိုင်ရန် အခန်းကို သူ့အမေက ငှားပေးခဲ့သည်။ ဈေးသက်သာပြီး ဆိတ်ငြိမ်သည့် ပင်လယ်ကမ်းခြေမှ အခန်းကလေးပင် ဖြစ်၏။ ဆနာတွင် ဖြစ်သည်။ ဆနာမှာ အင်ဒိုနီးရှားပိုင် ဘာလီကျွန်းတွင် ဖြစ်သည်။ ကျွန်မနှင့်ဆိုလျှင် မိုင်ပေါင်း ကိုးထောင်အကွာ ဖြစ်၏။

ကြားရသည်မှာ ပြက်လုံးတစ်ခုနှင့်ပင် တူတော့သည်။ အထီးကျန်ဖြစ်နေသူက အိမ်တွင်မကပ်သည့် အမျိုးသမီးတစ်ယောက်ကို လက်ထပ်လိုက်သည့်အခါ မည်သို့ဖြစ်လာမည်ကို စဉ်းစားကြည့်သင့်သည်။

အဖြေမှာ အိမ်ထောင်ပြုလိုက်ခြင်းအားဖြင့် ခြေမငြိမ်သောကျွန်မ ခြေငြိမ်ကာ အိမ်ကပ်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ အိမ်ထောင်ရေးတွင် ပေါ်ပေါက်လာသည့် ပြဿနာမှန်သမျှကိုလည်း ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ ထိုသို့သာ ဖြေရှင်း နိုင်မည်ဆိုပါက ဤနည်းလမ်းထက် ပိုကောင်းသောနည်းလမ်း မရှိနိုင်တော့ပြီ။

၁၉၉၃ ခုနှစ် နှစ်ဦးပိုင်းတွင် ဘားရက်သည် ဘာလီသို့ တစ်ယောက်တည်း ထွက်ခွာသွားပြီး ရက်သတ္တပတ်ငါးပတ်မျှ တစ်ယောက်တည်းနေထိုင်ကာ သူရေး လက်စ စာအုပ်ဖြစ်သော ကျွန်တော့်အဖေ၏ အိပ်မက်များ စာအုပ်ကို သူရေးနေကျ စာရေးစက္ကူများပေါ်တွင် လက်ရေးဖြင့် ရေးသားသည်။ အုန်းပင်များကြားတွင် နေ့စဉ် လမ်းလျှောက်သည့်အလုပ်ကိုလုပ်ပြီး ဒီရေအတက်အကျတွင် နေ့စဉ် ရေစိမ်သည့်အလုပ်ကိုလည်း မပျက်မကွက် လုပ်ခဲ့၏။ ထိုကာလတွင် ကျွန်မက လျူးစစ် လမ်းနေအိမ်တွင် နေထိုင်မြဲဖြစ်ပြီး အပေါ်ထပ်တွင် နေထိုင်ကာ ချီကာဂို၏ ဆောင်းတွင်းကာလကို ဖြတ်သန်းနေသည်။ သစ်ပင်များ နှင်းဖုံးလွှမ်းနေပြီး

လမ်းများပေါ်တွင်လည်း ရေခဲနေသည်။ ကျွန်မကိုယ်ကျွန်မ အလုပ်များနေစေရန် မိတ်ဆွေများနှင့် တွေ့ဆုံခြင်း၊ ညနေခင်းများတွင် လေ့ကျင့်ခန်းလုပ်ခြင်းတို့ဖြင့် ဖြတ်သန်းလျက်ရှိ၏။ အလုပ်လုပ်နေစဉ်ဖြစ်စေ၊ လမ်းလျှောက်နေစဉ်ဖြစ်စေ ကျွန်မဘဝထဲတွင် စကားလုံး အသစ်တစ်ခု တိုးလာခဲ့သည်။ ထိုစကားလုံးမှာ "ကျွန်မယောက်ျား"ဆိုသော စကားပင် ဖြစ်သည်။ ကျွန်မယောက်ျားနဲ့ကျွန်မက အိမ်တစ်လုံးဝယ်ဖို့ မျှော်လင့်ထားကြတယ်။ ကျွန်မ ယောက်ျား စာရေးဆရာက သူ့စာအုပ်တစ်အုပ်ကို အဆုံးသတ်နေတယ်။

ထိုသို့သော စကားကို တွေးမိ၊ ပြောမိလျှင် ကျွန်မ စိတ်အတွင်း၌ အနားတွင်မရှိသော ခင်ပွန်း သည်ကို တမ်းတမိသည်။ ဘားရက်ကို လွန်လွန်မင်းမင်း တမ်းတမိသည်မှာ အမှန်ပင် ဖြစ်သည်။ သို့သော် အခြေအနေကို ကျွန်မတတ်နိုင်သမျှ ထိန်းသိမ်းနေခဲ့သည်။ ကျွန်မတို့နှစ်ယောက်မှာ လက်ထပ်ပြီးခါစ ဇနီးမောင်နှံပင်ဖြစ်သော်လည်း အခြေအနေအရ ခေတ္တ ခွဲခွာနေရခြင်းမှာ အကောင်းဆုံးဖြစ်လာဖို့ နေကြရခြင်းပင် ဖြစ်သည်။

သူသည် အဆုံးမသတ်နိုင်သေးသော စာအုပ်တစ်အုပ်ကို လက်စသတ်နိုင်ရန် အတွက် တိုက်ပွဲဝင်သကဲ့သို့ ခွဲခွာနေရခြင်းသာ ဖြစ်သည်။ ကျွန်မကို မကြင်နာ၍ မဟုတ်။ ကျွန်မမြင်ကွင်းမှ ခေတ္တခဏသာ ပျောက်ကွယ်နေခြင်းဖြစ်ပါသည်။ ကျွန်မ လက်ထပ်ယူခဲ့သော ခင်ပွန်းသည်သည် အများတကာနှင့်မတူသော အတွေးအခေါ် များကို တွေးတတ်သူဖြစ်ကြောင်း မိမိကိုယ်မိမိ သတိပေးရသည်။ သူသည် သူ့အလုပ် ကို လက်စသတ်နိုင်ရန်အတွက် ကြိုးစားနေခြင်းသာဖြစ်၏။ ကျွန်မနှင့် နှစ်ယောက် အတူ သွားခဲ့ကြသော ဟန်းနီးမွန်းခရီးစဉ်မှာပင် သူသည် ထိန်းထိန်းသိမ်းသိမ်း နေနိုင်ခဲ့သူဖြစ်၏။

ရှင်နဲ့ ကျွန်မ၊ ရှင်နဲ့ ကျွန်မ၊ ရှင်နဲ့ ကျွန်မ။ ကျွန်မတို့နှစ်ယောက်သည် စကားပြောရာ၌ ကျွန်မတို့၊ ကျွန်တော်တို့ ဟု ပြောမည့်အစား "ရှင်နှင့်ကျွန်မ" ဆိုသည့် အသုံးအနှုန်းကို သုံးခြင်းအားဖြင့် ပိုမိုရင်းနှီးမှုရစေသည်ဟု ခံယူထားကြပါသည်။ ကျွန်မတို့နှစ်ယောက်သည် နှစ်ကာလများစွာ တွဲခဲ့ကြပြီး ယခုအခါတွင်မူ တံဆိပ်သစ် ပြောင်းတပ်ခဲ့ကြပြီ။ သူက ကျွန်မခင်ပွန်းသည်ဖြစ်လာခဲ့ပြီး ကျွန်မက သူ့ဇနီး ဖြစ်ခဲ့ပြီ။ ဘုရားကျောင်းတွင် လူအများရှေ့မှောက်၌ မြွက်ဟကြေညာခဲ့ကြပြီး ဖြစ်သည်။ ကျွန်မတို့နှစ်ယောက်သည် အခြားပစ္စည်းများကို ပိုင်ဆိုင်ခဲ့ကြသကဲ့သို့ တစ်ယောက်ကိုတစ်ယောက် ပိုင်ဆိုင်ခဲ့ကြပြီဖြစ်သည်။

ကျွန်မအပါအဝင် အမျိုးသမီးတော်တော်များများ၌ "ဇနီး" ဆိုသော စကား ရပ်တွင် တာဝန်ရှိသည်ဟု ခံယူကြပါသည်။ ဤသို့ဖြစ်လာရခြင်းမှာလည်း သမိုင်း ကြောင်း ရှိပါသည်။ ၁၉၆၀ ခုနှစ်များက မွေးဖွားကြီးပြင်းခဲ့ကြသူများအနေဖြင့်

ရုပ်မြင်သံကြားအစီအစဉ်များ၌ ပြသသော ဇာတ်လမ်းတွဲများတွင် ဇနီးသည်တို့သည် အိမ်မှာပင် နေထိုင်ကာ အစားအသောက်မျိုးစုံကိုစား၊ သားသမီးများမွေး၊ ခင်ပွန်းသည် အတွက် ညစာစားသုံးရန် အဆင်သင့်ပြင်ဆင်ပေးသည့် အမျိုးသမီးများ ဖြစ်ကြသည်။ အိမ်သန့်ရှင်းရေးကိုလည်း လုပ်ဆောင်ကြရသည်။ သူတို့၏တာဝန်မှာ ဤမျှသာဖြစ်သည်။ ထိုဇာတ်လမ်းတွဲများကို ကျွန်မလည်း အိမ်၏ ဧည့်ခန်းတွင် ကြည့်ခဲ့ဖူးပါသည်။

ကျွန်မဖခင်ဖြစ်သူ အလုပ်မှ ပြန်လာချိန်၌ အတူကြည့်ကြသည်။ ကျွန်မမိဘများ၏ ပုံစံမှာလည်း ရုပ်မြင်သံကြားတွင်တွေ့ရသော ဇနီးမောင်နှံတို့၏ ဆက်ဆံရေးပုံစံအတိုင်း ပင် ဖြစ်ပါသည်။ ထိုသို့သော ပုံစံနှင့် ပတ်သက်၍ ဘားရက်က ဟာသလုပ်တတ်၏။ ကျွန်မ ကြီးပြင်းလာရသောဘဝမှာ လူမည်းတို့၏ Leave it to Beaver ပုံစံမျိုးပင်ဖြစ်သည်။ တောင်ပိုင်းကမ်းခြေမှ ရော်ဘင်ဆင်တို့သည် ပုံမှန်အနေအထားရှိတတ်ပြီး အမေရိကန်ပြည်ထောင်စု မေဖီးလ်ဒေသမှ ကလီဗာမိသားစုတို့မှာမူ တစ်မူထူးခြားသည်။ ကျွန်မတို့မိသားစုမှာ ကလီဗာမိသားစုနှင့် တူသော်လည်း လက်လုပ်လက်စား လူတန်းစားသာဖြစ်သည်။ ဖခင်ဖြစ်သူက စက်ရုံအလုပ်သမားဖြစ်သည်။ ဘားရက်က ထိုမိသားစုနှစ်စုတို့ကို နှိုင်းယှဉ်ပြကာ မနာလိုစိတ်ဝင်သကဲ့သို့ ရှိတတ်သည်။ သူ့ ကလေးဘဝမှာ ထိုမိသားစုများကဲ့သို့ မပြည့်မစုံနေခဲ့ရခြင်းကြောင့် ဖြစ်၏။ အာဖရိကန်- အမေရိကန် မိသားစုတော်တော်များများမှာ ချို့တဲ့ကြပါသည်။ ကံအားလျော်စွာ ကျွန်မတို့မိသားစုမှာမူ လူလတ်တန်းစားအဖြစ် လူဖြူအိမ်နီးချင်းများကြားတွင် နေနိုင်ခဲ့ ကြသည်။

ကလေးဘဝအရွယ်ကဆိုလျှင် ကျွန်မက The Marry Tyler Moore Show ကို နှစ်သက်ခဲ့သည်။ မေရီတွင် အလုပ်တစ်ခုရှိပြီး အားကျလောက်ဖွယ် အဝတ်အစား များရှိသည်။ သူ့ဆံပင်ပုံစံမှာလည်း ကြည့်ကောင်းသည်။ သူသည် လွတ်လွတ်လပ်လပ် နေထိုင်ပြီး အမြဲတစေ ပျော်ရွှင်နေတတ်သည်။ ရုပ်မြင်သံကြားတွင် မြင်တွေ့ရသော အခြားအမျိုးသမီးများနှင့်မတူ၊ သို့သော် သူ့တွင်လည်း စိတ်ဝင်စားစရာကောင်းသော ပြဿနာများ ရှိသည်သာ။ သူ့ပြောစကားများထဲတွင် ကလေးများအကြောင်း မပါ၊ အိမ်မှုကိစ္စများအကြောင်း မပါပေ။ လက်ထပ်ယူရမည့် ခင်ပွန်းလောင်းလည်း မရှိ။ သူသည် အမြဲတစေနှုပ်ပျိုနေပြီး တစ်ခါတစ်ရံတွင်လည်း လူကြီးဆန်သွားသည်။ ထို ကာလက ယခုကဲ့သို့ အင်တာနက်များ မထွန်းကားသေးသည့်ကာလဖြစ်သဖြင့် ရုပ်မြင်သံကြား လွှင့်ထုတ်သောလိုင်းပင်လျှင် သုံးလိုင်းသာ ရှိသည်။ ပန်းချီဆွဲလိုသူများ က ပန်းချီပညာသင်ကြားပေးသော လိုင်းကို ကြည့်ကြပြီး ဇနီးကောင်းပီသလိုသူများ က မေရီတိုင်လာမိုးသည် စံပြပင် ဖြစ်၏။

ယခု ကျွန်မအသက်မှာ ၂၉ နှစ်အရွယ် ရှိခဲ့ပြီဖြစ်သည်။ သို့သော် ငယ်စဉ်ကတည်းက နေထိုင်ခဲ့သော အခန်းမှာပင် နေထိုင်ကာ ကြည့်ခဲ့ဖူးသော ရုပ်မြင်သံကြား အစီအစဉ်များကို ကြည့်နေမြဲဖြစ်ပြီး မာရီယန်ရော်ဘင်ဆင် အမည်ရှိ အမျိုးသမီးကြီး ချက်ကျွေးသော စားသောက်ဖွယ်ရာများကို စားသုံးနေမြဲဖြစ်နေသည်။ ကျွန်မမှာ ပညာတတ်တစ်ဦးဖြစ်ပြီး ကျန်းမာသူလည်း ဖြစ်သည်။ ရည်မှန်းချက်ရှိသည်။ ထို့ကြောင့် ငယ်စဉ်ကတည်းက ကျွန်မအား ပြုစုပျိုးထောင် စောင့်ရှောက်လာခဲ့သော မိခင်ဖြစ်သူ မာရီယန်ရော်ဘင်ဆင်အပေါ်တွင် ကျေးဇူးသိတတ်ရန် လိုအပ်လှပေသည်။ အမေက စာဖတ်တတ်ရန် သင်ကြားပေးခဲ့သည်။ ထိုသို့ သင်ကြားပေးသည်မှာ ကျွန်မ မူကြိုကျောင်းမတက်မီ ကတည်းကပင် ဖြစ်သည်။ အမေ့ရင်ခွင်တွင် ကြောင်ကလေး တစ်ကောင်ကဲ့သို့ ခွေခေါက်ဝင်ထိုင်ရင်း အမေသင်ကြားပေးသောစာများကို လိုက်ဆို ခဲ့သည်။ အမေ့ကျေးဇူးကြောင့် စာကြည့်တိုက်မှ Dick and Jane စာအုပ်ကို လေ့လာ နိုင်ခဲ့သည်။ ကျွန်မတို့အတွက် ချက်ပြုတ်ကျွေးမွေးခဲ့သည်။ ဝတ်ဆင်ရန် အဝတ်အစား များကိုလည်း အမေကိုယ်တိုင်ပင် ချုပ်ပေးခဲ့၏။ မိသားစုအတွက် အမေသည် အဓိပ္ပာယ်များစွာ ရှိစေသည်။ ယခုအခါတွင် ကျွန်မသည် အရွယ်ရလာခဲ့ပြီဖြစ်၍ ကျွန်မနှင့် အစ်ကိုဖြစ်သူ ခရိတ်တို့အတွက် အမေက နာရီပေါင်းများစွာ သုံးစွဲပေးခဲ့ပြီး သူ့အတွက်ကိုမူ လုံးဝမသုံးခဲ့သည်ကို သတိရလာမိ၏။

ကျွန်မ ထိုသို့ တွေးတောလိုက်မိခြင်းကြောင့် ဘဝတွင် ကောင်းကျိုးချမ်းသာ ရပြီဟု ဆိုရပါမည်။ ကျွန်မတို့ကို အမေက မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိစေရန် သင်ကြားပေးခဲ့သည်။ ကျွန်မ လိုချင်သည်ဆိုလျှင် ရအောင်ယူတတ်သည့် စိတ်ဓာတ်ကိုလည်း မွေးမြူပေးခဲ့သည်။ ထိုသို့ဆိုလျှင် စူဇန်းနီးက ဘာဖြစ်လို့လဲဟူသည့် မေးခွန်းကို မေးတတ်ပါသည်။ ကျွန်မက စွန့်လွှတ်စွန့်စားသူတစ်ဦးအဖြစ် ရပ်တည်ချင် သကဲ့သို့ ဇနီးကောင်းတစ်ယောက်၊ မိခင်ကောင်းတစ်ယောက်အဖြစ်လည်း ရပ်တည်လို ပါသည်။ အလုပ်တာဝန်ထမ်းဆောင်သော အမျိုးသမီးတစ်ယောက် ဖြစ်ချင်သကဲ့သို့ အိမ်တွင်နေသည့် အိမ်ရှင်မတစ်ယောက်လည်း ဖြစ်ချင်ပါသည်။ သို့သော် အရာအားလုံးသည် လုံးဝပြည့်စုံနိုင်မည် မဟုတ်ပေ။ ကျွန်မက ကျွန်မမိခင်ကဲ့သို့ တစ်ထပ်တည်း ဖြစ်ချင်သော်လည်း တစ်ပြိုင်တည်းမှာပင် အမေနှင့် လုံးဝမတူသည့် အမျိုးသမီးတစ် ယောက် ဖြစ်ချင်ပါသည်။ အရာအားလုံးကို လိုချင်တောင့်တသော အမျိုးသမီးတစ် ယောက်အနေဖြင့် ဖြစ်လာနိုင်မည် မဟုတ်ပါ။ ကျွန်မ လိုချင်သည်များကို ရနိုင်မည် လား သို့တည်းမဟုတ် မရနိုင်ဘူးလား ဆိုသည်မှာ မသိနိုင်တော့ပေ။

ထိုကာလအတောအတွင်းတွင် ဘားရက်သည် ဘာလီမှ ပြန်လာခဲ့သည်။

အသားပင် အတော်ညိုသွားပြီး စာမူတွေ တစ်ထပ်ကြီးလည်း ပါလာသည်။ အထီးကျန် နေထိုင်ခြင်းက စာပေဘက်တွင် သူလိုချင်သည့်အောင်မြင်မှုကို ရရှိခဲ့ပါသည်။ စာရေး သား၍ ပြီးစီးခဲ့၏။ လပိုင်းအတွင်းမှာပင် သူ့ကိုယ်စားလှယ်က ထုတ်ဝေသူအသစ်ထံသို့ စာမူကို ရောင်းချလိုက်နိုင်ခဲ့သဖြင့် ပထမထုတ်ဝေသူထံမှ ယူထားသောအကြွေးကို ပေးဆပ်လိုက်နိုင်သည်။ ကျွန်မအတွက် ပို၍ အရေးပါသည်မှာ ကျွန်မတို့နှစ်ယောက် လက်ထပ်ပြီးစ ဇနီးမောင်နှံအဖြစ် ပြန်လည်နေထိုင်နိုင်ခြင်းပင် ဖြစ်ပါသည်။ ကျွန်မ ကမ္ဘာထဲသို့ ဘားရက် ပြန်ရောက်လာခဲ့ပြီ။ ကျွန်မခင်ပွန်း ပြန်ရောက်လာခဲ့ပြီ။ ကျွန်မပြောပြသမျှသော ပြက်လုံးများကို ဘားရက်က ပြုံး၍ ပြုံး၍ နားထောင်နေ၏။ နာ သူ မရှိစဉ်ကာလအတွင်း ကျွန်မနေထိုင်ခဲ့ရသည့် နေ့များအကြောင်းကို ကြားလိုလှသည်ဟု ဆို၏။ ညအိပ်ခါနီးတွင် သူက ကျွန်မကို နမ်း၍ နှုတ်ဆက်သည်။

လများကိုကျော်ဖြတ်ကာ ကျွန်မတို့ ချက်ပြုတ်စားသောက်ကြသည်။ ပျော်ရွှင်ရယ်မောကြသည်။ စီမံကိန်းများလည်း ချခဲ့ကြ၏။ ထိုနှစ် နွေဦးပေါက်တွင် ကွန်ဒို တစ်ခန်းဝယ်ယူရန်အတွက် ငွေကြေးအလုံအလောက်ရှိနေပြီဖြစ်သဖြင့် တောင်ဝိုင်း လျူးစစ်လမ်း အမှတ် ၇၄၃၆ မှ လှပသော ကွန်ဒိုသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ဟိုက်ဒ်ပါ့ခ်လမ်းတွင် ရှိသည့် ကြမ်းခင်းများမှာ သစ်သားနှင့် ဖြစ်သည်။ မီးလင်းဖို လည်း ပါသည်။ ဘားရက်၏ အားပေးမှုဖြင့် နောက်ထပ် အလုပ်သစ်တစ်ခုပြောင်းရန် ကျွန်မ စီစဉ်ပြန်သည်။ ဒီတစ်ကြိမ်တွင် ဗယ်လာရီနှင့် စူဇန်တို့ကို မြို့တော်ခန်းမတွင် နှုတ်ဆက်ထားရစ်ခဲ့ပြီး ကျွန်မ အစဉ်အမြဲစိတ်ဝင်စားနေသည့် ငွေကြေးအမြတ်အစွန်း မယူသော အဖွဲ့အစည်းတစ်ခု၌ ခေါင်းဆောင်အဖြစ် အလုပ်ဝင်ခဲ့ခြင်းဖြစ်သည်။ ကျွန်မဘာဝနှင့် ပတ်သက်၍ စိတ်ကူးယဉ်ခဲ့သော အလုပ်တစ်ခုလည်း ဖြစ်ပါသည်။ ဇာတ်လမ်းတွဲများထဲမှ မေရီနှင့် မယ်ရီယန်တို့ကဲ့သို့ ဖြစ်,မဖြစ်ဆိုသည်မှာ သိနိုင်ရန် ခက်ခဲနေသည့်ကိစ္စပင် ဖြစ်ပါသည်။ ထိုမေးခွန်းများမှာ ကျွန်မစိတ်ထဲ၌ အစဉ်ကိန်း အောင်းနေသော မေးခွန်းများပင် ဖြစ်ပါသည်။ ပူပန်ခဲ့သမျှကို ခေတ္တခဏမျှ မေ့ထား လိုက်သည်။ မကြာခင်မှာပင် ဖြေရှင်းနိုင်လိမ့်မည်ဟုလည်း ကျွန်မ ယုံကြည်ပါသည်။ ယခုအချိန်တွင် ကျွန်မသည် တစ်ဦးတစ်ယောက်တည်း မဟုတ်တော့ဘဲ “ကျွန်မတို့” ဆိုသည့် နှစ်ယောက်ပေါင်းအင်အား ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် ကျွန်မတို့ မှာ ပျော်ရွှင်နေကြသည်။ ပျော်ရွှင်နေခြင်းသည် အစစအရာရာအတွက် ကနဦးအစပင် ဖြစ်သည်ဟု ကျွန်မ ယုံကြည်မိပါသည်။

※※※

၁၃

လုပ်ငန်းခွင်အသစ်က ကျွန်မအား စိတ်လှုပ်ရှားစေခဲ့ပါသည်။ ချီကာဂို၏ အသစ်စက်စက် စာမျက်နှာအဖြစ် ပေါ်ပေါက်လာသည့် "ပြည်သူ့မဟာမိတ်"ဟု အမည် ပေးထားသော အဖွဲ့သစ်တစ်ခုဖြစ်ပြီး ထိုလုပ်ငန်းသစ်အတွက် ကျွန်မက အမှုဆောင် အရာရှိအဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်။ လုပ်ငန်းက အသစ်စက်စက်ဖြစ်သည့်အပြင် ကျွန်မ လုပ်ရမည့်အလုပ်ကလည်း မကျွမ်းကျင်သော စကားပြောရမည့်အလုပ် ဖြစ်နေသည်။ ပြည်သူ့မဟာမိတ်အဖွဲ့သည် လွန်ခဲ့သည့် တစ်နှစ်ကမှ ဝါရှင်တန်ဒီစီတွင် စတင်ဖွဲ့စည်းခဲ့သည့်အဖွဲ့ ဖြစ်သည်။ ထိုအဖွဲ့မှာ ကျွန်မနှင့် တစ်ကျောင်းတည်း ဆင်းခဲ့ကြသော ဗနက်ဆာကာ့ရ်နှင့် ကက်ထရီနာဘရောင်းတို့၏ စိတ်ကူးမှပေါ်ပေါက် လာသောလုပ်ငန်း ဖြစ်၏။ အဓိကရည်ရွယ်ချက်မှာ အလုပ်လက်မဲ့ဖြစ်နေကြသူများကို ပြည်သူ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ခွင့် ရရှိစေရေးနှင့် အကျိုးအမြတ်မယူ သော အဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရရေး လုပ်ဆောင်ပေးရန်ဖြစ်သည်။ ဘားရက်က ခေါင်းဆောင်သူနှစ်ဦးနှင့် ကွန်ဖရင့်တစ်ခုတွင် တွေ့ဆုံခဲ့ဖူးပြီး သူတို့အဖွဲ့ဝင်တစ်ဦးပင် ဖြစ်နေပြီဖြစ်သည်။ သူနှင့်ပတ်သက်ကာ ကျွန်မအား ထိုအဖွဲ့တွင် တာဝန်ထမ်းဆောင် ရန် စကားကမ်းလှမ်းလာခဲ့ခြင်းပင် ဖြစ်သည်။

ပုံစံက ရှိနှင့်ပြီးဖြစ်သော Teach for America(အမေရိကားကို သင်ပေးပါ) ဆိုသည့် အဖွဲ့နှင့် ခပ်ဆင်ဆင်ပင် ဖြစ်ပါသည်။ ထိုစဉ်က "အမေရိကားကို သင်ပေး ပါ" အဖွဲ့သည်လည်း အသစ်စက်စက်အဖွဲ့သာ ဖြစ်နေပါသေးသည်။ ပြည်သူ့မဟာမိတ်အဖွဲ့က အရည်အချင်းရှိသော လူငယ်များစွာတို့ကို စုဆောင်းကာ လေ့ကျင့်သင်ကြား ပေးခြင်းဖြင့် ခေါင်းဆောင်ကောင်းများတွင်ရှိမည့် အရည်အသွေးများ ရှိစေသည်။ ထို့နောက် လခစား အလုပ်သင်အရာရှိများအဖြစ် လူမှုအဖွဲ့အစည်းများတွင် ဆယ်လ ကြာ လေ့လာသင်ယူစေပြန်သည်။ အဓိကရည်ရွယ်ချက်မှာ ထိုလူငယ်တို့ အဓိပ္ပာယ်ရှိစွာ လုပ်ငန်းခွင်များသို့ ဝင်ရောက်သွားနိုင်ရန်ပင် ဖြစ်သည်။ ထို့ထက်ကျယ်ပြန့်သော ရည်ရွယ်ချက်မှာ လုပ်ငန်းခွင်အတွင်း ရောက်ရှိသွားကြသူများက ကျွန်မတို့က "မဟာ မိတ်" ဟု ခေါ်သော နောက်ထပ် လူသစ်များကို နေရာပေးလာရေးပင် ဖြစ်သည်။ ဤသို့ဖြင့် အမြတ်အစွန်းမယူသော အဖွဲ့အစည်းများနှင့် ပြည်သူ့လုပ်ငန်းများတွင် မျိုးဆက်သစ်ခေါင်းဆောင်များ နေရာရလာမည် ဖြစ်သည်။

ကျွန်မအတွက်မှာမူ ထိုစိတ်ကူးသည် အလွန်သင့်မြတ်သော စိတ်ကူးပင် ဖြစ် သည်ဟု မြင်၏။ ပရင်စတန်ကောလိပ်တွင် ကျွန်မတက်နေစဉ်ကာလက ကျွန်မတို့

နှင့် သက်တူရွယ်တူ လူငယ်များသည် MCAT, LSAT စာမေးပွဲများ ဝင်ရောက်ဖြေဆိုရန် ကြိုးစားခဲ့ကြသည်။ ထိုစာမေးပွဲများဖြေဆိုနိုင်ရန် အင်တာဗျူး ဖြေကြရသေးသည်ဖြစ်ရာ (ကျွန်မကိုယ်တွေ့မှာ တစ်ကြိမ်တည်းနှင့် အောင်မြင်နိုင်ရန် ခဲယဉ်းလှပါသည်။) ထိုစာမေးပွဲအောင်မြင်ပါက အလုပ်သင်များအဖြစ် ခန့်အပ်ခြင်းခံရသောကြောင့် လူငယ်များ ကြိုးစားကြပါသည်။ "ပြည်သူ့မဟာမိတ်အဖွဲ့"က လူငယ်တို့၏ ထိုလိုလားချက်ကို ဖြည့်ဆည်းနိုင်ရေးပင်ဖြစ်သည်။ လုပ်ငန်းခွင် ဝင်ရောက်လိုကြသည့် လူငယ်များအတွက် အခွင့်အလမ်း ပိုမိုရရှိစေရေး ရည်ရွယ်ပါသည်။ ကျွန်မ ပိုသဘောကျသည့်အချက်မှာ မြို့ပေါ်နေ လူငယ်များထက် နယ်တွင်နေထိုင်ကြသူများအနက်မှ အရည်အချင်းရှိသော ရွက်ပုန်းသီးကလေးများကို ပိုမိုရှာဖွေ ဖော်ထုတ်ခြင်းကြောင့် ဖြစ်သည်။ မဟာမိတ်တစ်ယောက်ဖြစ်လာရန် ဘွဲ့ရတစ်ယောက်ဖြစ်ဖို့ မလိုပါ။ လိုအပ်သည်မှာ အသက်တစ်ဆယ့်ခုနစ်ထက် မငယ်၊ သုံးဆယ်ထက် မကြီးသူဖြစ်ပြီး အထက်တန်းကျောင်းပညာ အောင်မြင်ပြီးသူ သို့မဟုတ် GED ဒီပလိုမာ ရပြီးသူဖြစ် ရန် လိုပါသည်။ ခေါင်းဆောင်နိုင်သည့် အရည်အချင်းရှိသူဖြစ်သော်လည်း အစွမ်းအစ ပြခွင့် မရသေးသူများအတွက် ရည်ရွယ်သည်။

မဟာမိတ်၏သဘောမှာ အရည်အချင်းရှိသူများကို ရှာဖွေမည်။ ပွားများပေးမည်။ အသုံးတည့်သွားစေရန် ဖန်တီးပေးမည်ဖြစ်သည်။ ထို့ကြောင့် အဓိကဦးတည်ချက်မှာ အရည်အချင်းရှိသော်လည်း သူတို့၏ အစွမ်းအစကို ထုတ်ဖော်ပြသခွင့် မရကြသေးသော လူငယ်များကိုရှာဖွေကာ သူတို့ဘဝအား အဓိပ္ပာယ်ပြည့်ဝစွာ အသုံးချခွင့်ရနိုင်ရေးပင် ဖြစ်သည်။ ကျွန်မအတွက် ဤအလုပ်သည် ပန်းတိုင်တစ်ခုကဲ့သို့ သတ်မှတ်မိပါသည်။ အချိန်တိုင်းပင် ချီကာဂိုတောင်ပိုင်း စစ်ဒလီတွင်ရှိသော အဆောက်အဦ လေးဆယ့်ခုနစ်ထပ်၏ ပြတင်းပေါက်မှ အရည်အသွေးရှိသော လူငယ် များကို မျှော်နေမိတော့သည်။ ကျွန်မ၏ပတ်ဝန်းကျင်၌ပင် အရည်အချင်းရှိပြီး ဖော်ထုတ်ပြသခွင့် မရရှာကြသည့် ရွက်ပုန်းသီးလူငယ်များစွာ ရှိနေကြသည်ကို ကျွန်မ သိပါသည်။ သူတို့ကို ရှာဖွေဖော်ထုတ်ရပါမည်။

ဝါရှင်တန်ဒီစီတွင် စတင်ခဲ့သော ပြည်သူ့မဟာမိတ်အဖွဲ့သည် လူငယ်တစ်ဆယ့်ငါးဦးတို့ကို အလုပ်အကိုင်နေရာ အသီးသီးတွင် ထည့်သွင်းနိုင်ခဲ့ပြီဖြစ်သည်။ မြို့ပတ်လည်ရှိ အဖွဲ့အစည်းအသီးသီး၌ နေရာရခဲ့ကြပြီ။ ထို့ကြောင့် ရန်ပုံငွေ ထပ်မံဖြည့်ဆည်းကြပြီး ချီကာဂိုသို့ ခြေလှမ်းလာခဲ့ကြသည်။ ပြည်သူ့မဟာမိတ်အဖွဲ့သည် သမ္မတ ကလင်တန်လက်ထက်တွင် တီထွင်ပေးလိုက်သော Ameri Corps ဆိုသည့် အစီအစဉ်မှ ရန်ပုံငွေထောက်ပံ့မှု ပထမဆုံးရရှိခဲ့သောအဖွဲ့လည်း ဖြစ်လာသည်။ ရည်ရွယ်ချက်၊ ရည်မှန်းချက် ပုံရိပ်တို့ကို တွေ့မြင်လာရသောကြောင့် ကျွန်မ ရင်ခုန်

စိတ်လှုပ်ရှားမိသကဲ့သို့ စိတ်ပူပန်မှုလည်း ဖြစ်မိသည်။ အလုပ်နှင့်ပတ်သက်၍ ကျွန်မ လုပ်ဆောင်ရမည့် တာဝန်ပိုင်းမှာ အတိအလင်း သိထားပြီးဖြစ်သော်လည်း အကျိုး အမြတ်မယူသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ခြင်းကြောင့် လစာရမည် မဟုတ်ပါ။ ပထမ ပိုင်းတွင် ကျွန်မရသောလစာမှာ နည်းပါးလှသော်လည်း ချီကာဂိုအတွက် အလုပ်လုပ် နေတာပဲဟု နှလုံးသွင်းနိုင်ခဲ့သည်။ ရရှိသောလစာမှာ ဥပဒေအကျိုးဆောင်လုပ်ငန်းတွင် လုပ်ဆောင်စဉ်က ရခဲ့သောလစာ၏ တစ်ဝက်သာရှိသည်။ ကျွန်မနည်းတူ ပြည်သူ့ မဟာမိတ်လုပ်ငန်းတွင် စိတ်အားထက်သန်စွာ လုပ်ဆောင်နေကြသူများအားလုံးပင် လစာနည်းကြပါသည်။ သို့သော် သူတို့သည် လစာအနည်းအများကို ဂရုမစိုက်ကြပေ။ သူတို့မှာ ပညာသင်ထောက်ပံ့ကြေး ပြန်လည်ပေးသွင်းရန် မလိုသောသူများ ဖြစ် ကောင်းဖြစ်ကြပါလိမ့်မည်။ သို့တည်းမဟုတ် မျက်မှောက်ကာလကိုသာ အရေးထား ကာ အနာဂတ်အတွက် မစုဆောင်းလိုသူများ ဖြစ်ကောင်းဖြစ်ကြပါမည်။

ကျွန်မအနေဖြင့် ထိုအဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်မည်ဆိုပါက လစာကိစ္စ ညှိနှိုင်းရန် လိုပါလိမ့်မည်။ သူတို့ ပေးရန်မျှော်မှန်းထားသည်က ကျွန်မ မျှော်လင့်သည် ထက် များစွာ နည်းနေသည်။ ကျွန်မက လက်တွေ့သမား ဖြစ်သည်။ ကျွန်မ လစဉ် လိုအပ်သည့်လစာဝင်ငွေ မည်ရွေ့မည်မျှဖြစ်သည်ကို ပြောပြကာ ညှိနှိုင်းရန် ဝန်မလေးပေ။ ရှက်ရန်လည်း မလိုဟု ယူဆပါသည်။ ကျွန်မ ပညာသင်ထောက်ပံ့ စရိတ် လစဉ် ပြန်လည်ပေးသွင်းရသည်က တစ်လလျှင် ဒေါ်လာ ၆၀၀ ရှိသည်။ ကျွန်မတွင် ခင်ပွန်းရှိသည်ဆိုသော်လည်း သူ့ပညာသင်စရိတ်ကို ပြန်လည်ပေးသွင်းနေရသဖြင့် ရသည့်လစာမှာ ကာမိရုံမျှသာရှိသည်။ ကျွန်မ အကြွေးမည်မျှ ဆပ်နေ၊ ကြောင်း ပွင့်ပွင့်လင်းလင်း တင်ပြလိုက်သည့်အခါ သူတို့က ရန်ပုံငွေထပ်မံရှာဖွေကြပြီး ကျွန်မကို ဘုတ်အဖွဲ့ဝင် ဖြစ်လာစေခဲ့သည်။

ထို့ကြောင့်ပင် ကျွန်မက ရလာသည့် အခွင့်အရေးကို အမိအရ အသုံးချကာ ကြိုးစားရတော့သည်။ သည်တစ်ကြိမ်သည် ကျွန်မရရှိသည့် ပထမဆုံးအကြိမ်ပင် ဖြစ်ရာ အလုပ်တစ်ခုကို ဖြစ်မြောက်ရန် အခြေခံမှ စကာ ရုပ်လုံးပေါ်လာသည်အထိလုပ်ရမည်လည်း ဖြစ်သည်။ ထိုသို့ ဖြစ်လာရန်မှာလည်း ကျွန်မတစ်ဦးတစ်ယောက် တည်းနှင့်သာ သက်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်၏ ပံ့ပိုးမှုကိုမျှ ရမည် မဟုတ် ပေ။ ၁၉၉၃ ခုနှစ် နွေရာသီတွင် ရုံးခန်းကလေးတစ်ခု ငှားနိုင်ရန် ကြိုးစားခဲ့ပြီး ဝန်ထမ်းအနည်းငယ်ကိုလည်း ခေါ်ယူလိုက်သည်။ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ် ခြင်းဖြင့် ဆောင်းဦးပေါက်ချိန်တွင် မဟာမိတ်များ စတင် စုဆောင်းနိုင်မည် ဖြစ်သည်။ မစ်ရှီဂန် အဗဲန်ျူးတွင် ဈေးသက်သက်သာသာဖြင့် အခန်းတစ်ခန်း ငှားနိုင်ခဲ့သည်။ ပရိဘောဂအသစ်များ လဲလှယ်နေသော လုပ်ငန်းကြီးတစ်ခုမှ ပရိဘောဂအဟောင်း များ လှူလိုက်သဖြင့်

ပြည့်စုံသွားသည်။

ထိုကာလအတွင်း ချီကာဂို၌ရှိသော လှူနိုင်တန်းနိုင်မည့် ပုဂ္ဂိုလ်များကို ကျွန်မနှင့် ဘားရက်တို့ ရှာကြသည်။ ကာလရှည်တည်တံ့နိုင်မည့် ဖောင်ဒေးရှင်းအတွက် ရေရှည် လှူဒါန်းပေးမည့် အလှူရှင်များကိုသာ ရှာကြပါသည်။ တစ်နှစ်ခန့်သာ လှူနိုင်မည့်သူများကိုမူ လုံးဝ ထုတ်ဖော်မပြောဘဲ ထားကြသည်။ ဗယ်လာရီဂျားရက်က မြို့တော်ဝန်ရုံးနှင့် မြို့တော် ကျန်းမာရေးဌာနတို့၌ လစ်လပ်မည့် ရာထူးနေရာများတွင် ကျွန်မတို့၏ မဟာမိတ်များအား အလုပ်ဝင်နိုင်စေရန် စီစဉ်ပေးသည်။ ထိုကဲ့သို့သော နေရာများတွင် အလုပ်ရကြခြင်းကြောင့် မဟာမိတ်များအနေဖြင့် ပတ်ဝန်းကျင်မှ ကလေးငယ်များအား ကာကွယ်ဆေးထိုးခြင်းကဲ့သို့သော လုပ်ငန်းများတွင် ပါဝင်အားဖြည့်နိုင်ကြသည်။ ဘားရက်ကလည်း သူ့အဆက်အသွယ်၊ သူ့အသိုင်း အဝိုင်းမှ လူများကို တရားရေးကိစ္စများနှင့်ပတ်သက်၍ အကူအညီလိုအပ်ပါက ကျွန်မ တို့ မဟာမိတ်အဖွဲ့နှင့် ဆက်သွယ်အကူအညီရယူနိုင်ကြောင်း လမ်းညွှန်ပေးသည်။ စစ်ဒလီရှိ မိတ်ဆွေများက နောက်ထပ် လှူဒါန်းနိုင်မည့် ပုဂ္ဂိုလ်များနှင့် ဆက်သွယ် လမ်းညွှန်ပေးကြပြန်သည်။

ပို၍ ရင်ခုန်စရာကောင်းသည်မှာ မဟာမိတ်များကိုယ်တိုင်က အဖွဲ့အတွက် လှူနိုင်မည့်သူများကို သူတို့ကိုယ်တိုင် ရှာဖွေလာနိုင်ကြခြင်းပင် ဖြစ်သည်။ တစ်မျိုးသားလုံး စည်းရုံးရေးမှူးများ အကူအညီဖြင့် ကောလိပ်ကျောင်းများတွင် လျှောက်ထားလိုသော အရည်အချင်းရှိသည့် ကျောင်းသားများ လျှောက်ထားနိုင်ပါကြောင်း ကြော်ငြာနိုင်ခဲ့သည်။ ထိုသို့ဖြင့် အရည်အချင်းရှိသူများ နီးနီးနားနားမှ ပိုမိုပေါ်ထွက်လာ နိုင်မည်ဖြစ်သည်။ ကျွန်မနှင့် အဖွဲ့ဝင်များက ချီကာဂိုတွင်ရှိသော ကောလိပ်ကျောင်း ကြီးများနှင့် အထက်တန်းကျောင်းများသို့ သွားရောက်ကာ မဟာမိတ်အဖွဲ့အကြောင်း ဟောပြောကြသည်။ ကျွန်မတို့အဖွဲ့က ကာဘရီနီဂရီးန်ကဲ့သို့သော အိမ်ရာစခန်းများသို့ လည်း အရောက်သွားကာ တစ်အိမ်တက်ဆင်း စည်းရုံးရေးဆင်းကြသည်။ လူမှုအဖွဲ့ အစည်းများ၏ အစည်းအဝေးများ၊ မိခင်တစ်ဦးတည်းသာ အုပ်ထိန်းနေရသော အဖွဲ့ အစည်းများသို့လည်း သွားရောက်ကြသည်။ ကျွန်မတို့က တွေ့သမျှ လူများကို စည်းရုံး ကြရာ တရားဟောဆရာများကိုလည်း အလွတ်မပေး၊ ပတ်ဝန်းကျင်ရှိ မက်ဒေါ်နယ် ဆိုင်များမှ မန်နေဂျာများလည်း မကျန်စေရ၊ ဆက်သွယ်ကာ သူတို့ သိထားသော စိတ်ဝင်စားဖွယ်ကောင်းသည့် အရည်အချင်းရှိသော လူငယ်များကို လမ်းညွှန်ပေးစေ ပါသည်။ ဘယ်သူတွေက ခေါင်းဆောင်တွေလဲ။ အကြံအစည်ကောင်းရှိပါလျက် အခက်အခဲကြောင့် လုပ်ခွင့်မသာဖြစ်နေသူ ဘယ်မှာရှိသလဲ။ ထိုကဲ့သို့သော သူများကို ကျွန်မတို့က မြေတောင်မြှောက်ပေးချင်ပါသည်။ သူတို့ဖြစ်ချင်သည်ကို ဖြစ်စေရန် ကျွန်မတို့က ကူညီပါသည်။ ယုတ်စွအဆုံး

ဘတ်စ်ကားလက်မှတ်ဝယ်ယူရန် အခက် အခဲဖြစ်နေသူကအစ၊ ပညာဆက်လက်သင်ကြားရန် ထောက်ပံ့ငွေ လိုအပ်နေသည့် ကလေးများကအစ ကူညီကြပါသည်။

မိုးရာသီရောက်ချိန်တွင် ကျွန်မတို့မဟာမိတ် ၂၇ ဦးတို့မှာ ချီကာဂိုအနှံ့ နေရာအသီးသီးတွင် အလုပ်ဝင်နိုင်ခဲ့ကြပြီဖြစ်သည်။ အလုပ်သင်အရာရှိများအဖြစ် မြို့တော်ခန်းမမှအစ တောင်ပိုင်းဒေသရှိ အဖွဲ့အစည်းများ၊ လာတီနိုလူငယ်အသင်း အပါအဝင် အထက်တန်းကျောင်းများအထိ ရောက်ရှိသွားကြပြီ ဖြစ်သည်။ သူတို့ အားလုံးသည် စိတ်အားထက်သန်သော၊ မဟာမိတ်အဖွဲ့၏ ရည်ရွယ်ချက်ကို ပြည့်ပြည့် ဝဝ နားလည်ကြသောသူများ ဖြစ်ကြသည်။ သူတို့အထဲတွင် ဂိုဏ်းသားအမျိုးသမီး တစ်ဦးလည်း ပါဝင်၏။ လက်တင်အမျိုးသမီးဖြစ်ပြီး ချီကာဂို အနောက်တောင်ဒေသတွင် ကြီးပြင်းကာ ဟားဗတ်တက္ကသိုလ်ကျောင်းသူ ဖြစ်သည်။ နောက်ထပ် အမျိုးသမီးတစ်ဦးမှာ အသက်နှစ်ဆယ်တွင်းဖြစ်ပြီး ရောဘတ်တေလာဟုမ်းစ်တွင် နေထိုင်သော ကလေးတစ်ယောက်အမေ ဖြစ်သည်။ သူက တက္ကသိုလ်ဆက်တက်နိုင် ရန် ငွေစုနေသူ ဖြစ်၏။ ဂရင်ဘူလီဘတ်မှ အမျိုးသားမှာမူ အသက်နှစ်ဆယ့်ခြောက် နှစ်အရွယ်ရှိပြီး အထက်တန်းကျောင်းပင် မပြီးခဲ့သူ ဖြစ်သည်။ သို့သော် သူက ပညာကိုလိုလားသူဖြစ်၍ စာကြည့်တိုက်မှ စာအုပ်များကို ဖတ်ရှုလေ့လာပြီး ဒီပလိုမာရအောင် စွမ်းဆောင်နိုင်ခဲ့သည်။

သောကြာနေ့တိုင်း ကျွန်မတို့ မဟာမိတ်များ ရုံးတွင်စုစည်းကြသည်။ တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံဖလှယ်ခြင်း၊ ဆက်သွယ်ကြခြင်း စသည်တို့ကို အလုပ်ရုံ ဆွေးနွေးပွဲအဖြစ် ဆွေးနွေးတိုင်ပင်ကြသည်။ ကျွန်မက ထိုကဲ့သို့ ဆွေးနွေးရသော သောကြာနေ့များကို သဘောကျပါသည်။ မဟာမိတ်တွေ ဆုံကြပြီဆိုလျှင် တစ်ခန်းလုံး ဆူညံစွာ စကားပြောကြသည်။ ပါလာသောပစ္စည်းများနှင့် ဆောင်းရာသီ အဝတ် အထည်များကို အခန်းတစ်နေရာ၌ စုပုံထားကြသည်။ သူတို့တင်ပြသည့် အခက်အခဲ အတွေ့အကြုံများကို ကျွန်မက ဖြေရှင်းပေးသည်။ ထိုပြဿနာများထဲတွင် Excel မသုံးတတ်သဖြင့် အခက်ကြုံနေရသူပါသကဲ့သို့ ရုံးတက်သည့်အခါ ဝတ်စုံကို စနစ် တကျ မဝတ်တတ်သူများ၏ အခက်အခဲအထိ ပါဝင်ပါသည်။ အခက်အခဲရှိသူက တင်ပြသည့်ပြဿနာများကို အခန်းတွင်းရောက်ရှိနေသော ကျွမ်းကျင်ပုဂ္ဂိုလ်များက ဝိုင်းဝန်းဖြေရှင်းပေးကြသည်။ တစ်ခါတစ်ရံတွင် အလုပ်မှန်မှန်မတက်သော မဟာမိတ် များ၏ ဌာနများက အကြောင်းကြားစာများ ရတတ်ပါသည်။ ယင်းသို့သောအခါ မျိုးတွင် ကျွန်မက မျက်နှာထားဖြင့် ဆူပူကြိမ်းမောင်းရသည့်အခါလည်း ရှိပါသည်။ တစ်ခါတစ်ရံတွင် ကျွန်မတို့ မဟာမိတ်ရောက်သွားသည့်အဖွဲ့ အလုပ်အကိုင်တို့က အဆင်မပြေတတ်သည်များလည်း ရှိတတ်ရာ ကျွန်မအနေနှင့်

ကိုယ့်မဟာမိတ်ဘက်က အကောင်းဆုံး ကြိုးစားလုပ်ကိုင်ရန်သာ ဖျောင်းဖျရပါသည်။

ခြုံ၍ပြောရလျှင် ကျွန်မတို့ မဟာမိတ်အဖွဲ့သည် အပတ်စဉ် နည်းနည်းချင်း လေ့လာသင်ယူရင်းက အတွေ့အကြုံရင့်ကျက်လာကြသည်။ မဟာမိတ်အားလုံးမှာ အကျိုးအမြတ်မယူသောအဖွဲ့များသို့သာ ရောက်သွားကြသည် မဟုတ်ပေ။ အချို့မှာ စီးပွားရေးလုပ်ငန်းများသို့ ရောက်သွားကြသူများလည်းရှိကြရာ အတွေ့အကြုံ အခက်အခဲတို့မှာ စုံလင်လှပါသည်။ ထိုအခက်အခဲများကို ကျွန်မတို့ မဟာမိတ်များက ဖြေရှင်းပေးနိုင်ပုံများကို ကြားရသည့်အခါ ကျွန်မမှာ တအံ့တဩ ဖြစ်ရပါသည်။ ဤသို့သော အခက်အခဲများကို ဖြေရှင်းနိုင်သည့် အရည်အသွေးမှာ မဟာမိတ်များ အတွက် အတွေ့အကြုံကောင်းများကို ရစေသည်မှာ အမှန်ပင်ဖြစ်သည်။ တချို့မှာ ပြည်သူ့မဟာမိတ်များ ပြန်ဖြစ်လာကြပြီး တချို့က အစိုးရလုပ်ငန်းများတွင် ခေါင်း ဆောင်နေရာများသို့ ရောက်လာကြသည်။ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ် ကြာခဲ့ပြီဖြစ်သော် လည်း ပြည်သူ့မဟာမိတ်လုပ်ငန်းသည် ယခုထက်တိုင် ဆက်လက် လည်ပတ်နေမြဲ ဖြစ်သည်။ ဤလုပ်ငန်းသည် ချီကာဂိုတွင်သာမက အခြားမြို့ပေါင်း နှစ်ဒါဇင်ခန့်၌ လည်း ဆက်လက်လည်ပတ်နေပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆိုပါက မဟာမိတ်အင်အား ထောင်ပေါင်းများစွာ တိုးပွားခဲ့ပြီဖြစ်သည်။ ဤလုပ်ငန်းကြီးတွင် ကျွန်မသည် တစ်ထောင့်တစ်နေရာမှ ပါဝင်နိုင်ခဲ့သဖြင့် ကျေနပ်မိသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

မဟာမိတ်များအပေါ်တွင် ကျွန်မသည် မိခင်တစ်ယောက်သဖွယ် ဖြစ်လာသည်။ ညအိပ်ရာဝင်လျှင် နောက်ထပ် ဘာလုပ်ရမည်၊ ဘာလိုသေးသည်ကို စဉ်းစား မိပြီး မနက်မိုးလင်း မျက်စိဖွင့်လိုက်ချိန်တွင်လည်း တစ်နေ့အတွက်၊ တစ်ပတ်အတွက်၊ တစ်လအတွက် လုပ်ဆောင်ရမည့်ကိစ္စများကိုသာ သတိရရင်း နိုးထ,လာတတ်ပါသည်။ ပထမ နှစ်ဆယ့်ခုနစ်ယောက်တို့ အလုပ်သွင်းပေးပြီးသည့်နောက် နောက်ထပ် လူလေးဆယ်ကို အလုပ်ရှာပေးနိုင်ခဲ့သည်။ ကျွန်မဘဝတွင် ဤသို့ လုပ်ဆောင်ပေးနိုင် ခဲ့သည်မှာ အသေးအဖွဲကိစ္စတစ်ခုသာဖြစ်သည်ဟု ဆိုနိုင်သော်လည်း ဂုဏ်ယူမိပါသည်။ အထူးသဖြင့် အင်္ဂလိပ်စကားမပြောတတ်ဘဲ စပိန်ဘာသာစကားသာ တတ် သောသူများမှာ ပတ်ဝန်းကျင်အသစ်တွင် အလုပ်လုပ်ရမည်ကို စိုးရွံ့တတ်ကြပါသည်။ သို့သော် ကျွန်မတို့ မဟာမိတ်အဖွဲ့က ထိုသူများကိုလည်း အဆင်ပြေစေရန် ကူညီပေး နိုင်ခဲ့ပါသည်။

ကျွန်မဘဝတွင် အဓိပ္ပာယ်ရှိသော အလုပ်တစ်ခုကို လုပ်နိုင်ခဲ့သည်ဟုလည်း ဂုဏ်ယူမိသည်။ မဟာမိတ်တို့မှာ ကျွန်မတို့ ပတ်ဝန်းကျင်မှ လူများဖြစ်ပြီး ကျွန်မတို့ ယဉ်ကျေးမှုတစ်ခုအတွက် လုပ်ဆောင်ပေးကြခြင်း ဖြစ်သည်ဟု စဉ်းစားမိသောအခါ

ကျေနပ်မိသည်။ ဘားရက်အပေါ်တွင်လည်း ပိုမိုနားလည်လာမိသည်။ သူသည် Project VOTE! တွင် ပါဝင်လုပ်ဆောင်ခဲ့ရင်း ဤအတွေးကို ရခဲ့ဟန်ရှိသည်။ သူက အမြဲတစေ သူတစ်ပါးအား ကူညီရန် တွေးနေသူဖြစ်သဖြင့် ကျွန်မကိုလည်း သူကဲ့သို့ ကူညီတတ်စေရန် မဟာမိတ်အဖွဲ့နှင့် ချိတ်ဆက်ပေးခဲ့ခြင်းပင် ဖြစ်ပေလိမ့်မည်။

※

ကျွန်မက ပြည်သူ့မဟာမိတ်အသင်းတွင် အားသွန်ခွန်စိုက် ကြိုးပမ်းနေစဉ် ဘားရက်က ချီကာဂိုတက္ကသိုလ်တွင် လူမျိုးရေးခွဲခြားမှုနှင့် ပတ်သက်သည့် ဥပဒေကို သင်ကြားပို့ချပေးနေပြီး သူ့ဥပဒေအကျိုးဆောင်လုပ်ငန်းတွင်လည်း မဲဆန္ဒပေးပိုင်ခွင့်နှင့်ပတ်သက်သည့်အမှုများ၊ လုပ်ငန်းခွင်တွင် လူမျိုးရေးခွဲခြားဆက်ဆံခံရသည့်ကိစ္စတို့ကို လိုက်ပါဆောင်ရွက်ပေးနေသည်။ တစ်ခါတစ်ရံတွင် လူ့အဖွဲ့အစည်းများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများလည်း ကျင်းပပါသေးသည်။ အသက်သုံးဆယ်အရွယ်သာရှိသေးသည့် ခေတ်ပညာတတ် ထိုအမျိုးသားသည် သူ့မူ၊ သူ့ဝါဒနှင့် မကိုက်ညီပါက ကမ်းလှမ်းလာသည့် မည်သည့်အခွင့်အရေးကိုမဆို ပယ်ချသူလည်းဖြစ်၏။ သူသည် ရှေ့နေတစ်ယောက်ဖြစ်သည့်အပြင် ကျောင်းဆရာတစ်ယောက်၊ စည်းရုံးရေး မှူးတစ်ယောက်လည်းဖြစ်၍ သူ့ဘဝတွင် အစွန်းအထင်း၊ အညစ်အထေး မခံရစေရန် အထူးသတိထားသည်။ ထို့ပြင် မကြာခင်ကာလအတွင်း၌ သူရေးသားသော စာအုပ် ထုတ်ဝေတော့မည်ဖြစ်၍ စာရေးဆရာလည်း ဖြစ်လာဦးမည်ဖြစ်သည်။

ဘာလီမှ ပြန်လာပြီးနောက် တစ်နှစ်လုံးလုံး ဘားရက်က သူ့စာမူကို ဒုတိယအကြိမ် ပြန်အချောသပ်သည်။ ထိုကာလအတွင်း သူသည် မည်သည့်အလုပ်ကိုမျှ မသွားပေ။ ကျွန်မတို့နေသည့် အခန်းတွင် စာကြည့်ခန်းအဖြစ် သီးသန့်ကန့်ထားသော အခန်းကျဉ်းထဲ၌ ညဉ့်နက်သန်းခေါင်အထိ နေ၏။ ထိုအခန်းထဲ၌ စာအုပ်ပေါင်းများစွာ ရှိသည်။ တစ်ခါတစ်ရံတွင် ကျွန်မက သူရှိနေသော ထိုအခန်းတွင်းသို့ သူ့စာမူများကို ကျော်ကာလွှားကာ ဝင်ရောက်သည်။ သူ့ရှေ့တွင်ထိုင်ကာ ရယ်မောစေရန်အတွက် ဟာသများ ပြောတတ်ပါသည်။ သူက ပြုံးရုံသာပြုံးကာ အလုပ်ကို အဆက်မပြတ်လုပ် နေတတ်၏။ သို့သော် ထိုအခန်းထဲ၌ ကျွန်မကို ကြာရှည်နေခွင့် မပေးပါ။

ဘားရက်ကို ကျွန်မ နားလည်လာခဲ့သည်။ သူသည် တစ်ယောက်တည်း အေးအေးဆေးဆေး နေနိုင်မည့် အခန်းကျဉ်းကလေးတစ်ခန်းကို မက်မောသူ ဖြစ်သည်။ ထိုအခန်းကျဉ်းကလေးထဲတွင် အနှောင့်အယှက်မရှိလျှင် သူ ကျေနပ်ပြီ။ အခန်းထဲတွင် သူ့ဦးနှောက်ကို အသုံးပြုကာ ကြံစည်စိတ်ကူးနေတတ်သူ ဖြစ်သည်။ ထို့ကြောင့် ကျွန်မတို့ ပြောင်းရွှေ့နေထိုင်သည့် အိမ်တိုင်းတွင် သူ့အတွက် အခန်းငယ် တစ်ခု သီးခြား ဖန်တီးထားတတ်ကြပါသည်။ ဒီနေ့ထက်ထိ ဟာဝိုင်ယီမှာ ဖြစ်စေ၊

မာသာ၏ စပျစ်ခြံတွင်ဖြစ်စေ အိမ်ငှားနေကြပါက ဘားရက်က သူ့အတွက် သီးခြား အခန်းတစ်ခု ယူလေ့ရှိပါသည်။ ထိုအခန်းထဲတွင် သူဖတ်မည့် စာအုပ်ခြောက်အုပ်၊ ခုနစ်အုပ်ခန့်ကို ယူဆောင်သွားပြီး ဖတ်ပြီးသည့် နေ့စဉ်သတင်းစာများကမူ ကြမ်းပြင်ပေါ် ပစ်ချထားတတ်ပါသည်။ ထို သီးသန့်ခန်းကလေးများမှာ သူ့အတွက် အကြံဉာဏ် ကောင်းများ မွေးဖွားရာ အခန်းအဖြစ် သူက တလေးတစား ထားတတ်ပါသည်။ ကျွန်မအတွက်မှာမူ ထိုအခန်းများသည် အမြဲတစေ ရှုပ်ပွနေသော အခန်းများသာ ဖြစ်ပါသည်။ ထိုအခန်းတိုင်း၌ ကျွန်မ ဝင်နိုင်ထွက်နိုင်သော တံခါးတစ်ပေါက်လည်း ထားရှိပါသည်။ ထူးခြားသည့်အကြောင်းကိစ္စရှိပါက ကျွန်မ အလွယ်တကူ ဝင်ရောက် နိုင်ရန် ဖြစ်ပါသည်။

၁၉၉၅ ခုနှစ် နွေရာသီတွင် ဘားရက်ရေးသားသော "အဖေ့အိပ်မက် များ' (Dreams from My Father) စာအုပ် ထွက်ရှိလာခဲ့သည်။ ဝေဖန်သုံးသပ်သူများက အကောင်းမြင်ကြသော်လည်း စာအုပ်မှာ အနည်းငယ်သာ ရောင်းရသည်။ သို့သော် အဆင်ပြေပါသည်။ အရေးကြီးသည့်အချက်မှာ ဘားရက်အနေဖြင့် သူ့ဘဝဇာတ်ကြောင်းကို တင်ပြလိုက်နိုင်ခြင်း ဖြစ်သည်။ သူ့ဆွေစဉ်မျိုးဆက်တို့မှာ အာဖရိ၊ ကင်ဆန်၊ အင်ဒိုနီးရှား၊ ဟာဝိုင်ယီ၊ ချီကာဂိုတို့ ပေါင်းစည်းနေခြင်းကို ရှင်းလင်းတင်ပြနိုင်ခဲ့သည်။ သူ ဘယ်အမျိုးအနွယ်မှ ဆင်းသက်လာခဲ့သည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း သိစေခဲ့သည်။ ထိုသို့ ဖော်ပြနိုင်ခြင်းကြောင့် ကျွန်မ သူ့အတွက် ဂုဏ်ယူ၏။ စာပေမှတစ်ဆင့် ဖခင်ဖြစ်သူနှင့် ငြိမ်းချမ်းပြေလည်မှု ရစေခဲ့သည်။ ထိုသို့ ပြေလည်စေရန် ဘားရက်ဘက်မှ တစ်ဦးတည်း ကြိုးစားအားထုတ်မှုဖြစ်သည်။ အဖေ ဘားရက်နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းသည့် ကိစ္စများကို ရေးသားဖော်ထုတ်ခဲ့သည်။ ကျွန်မ သိထားသမျှဆိုလျှင် ဘားရက်သည် ကလေးဘဝကတည်းက သူ့ခြေထောက် ပေါ် သူ ကြိုးစားရပ်တည်ခဲ့ရသူ ဖြစ်သည်။

※

စာအုပ် လက်စသတ်ထုတ်ဝေနိုင်ခဲ့ပြီဖြစ်၍ သူ့တွင် အချိန်ပိုရှိလာသည်။ သို့သော် ဘားရက်အိုဘားမားဆိုသူမှာ ဘယ်သူပါလဲဆိုသည့် မေးခွန်းများအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သောကွက်လပ် ရှိနေပါသေးသည်။ သူ့အကြောင်း မသိသူများက တစ်ဖက်သတ် ပုတ်ခတ်စွပ်စွဲသည့် သတင်းများ ထွက်ပေါ်လာခဲ့သည်။ ထိုကာလအတွင်း သူ့အမေ အဲန်းမှာ သားအိမ်ကင်ဆာဖြစ်လာသဖြင့် ဂျကာတာမှ ဟိုနိုလူလူသို့ ပြောင်းရွှေ့ကာ ဆေးဝါးကုသမှု ခံယူရသည်။ ကျွန်မတို့ သိသမျှဆိုလျှင် သူ့အခြေအနေမှာ ကောင်းပါသည်။ ကီမိုသရပီ(ဓာတ်ကင်ကုသခြင်း)ကြောင့် အခြေအနေကလည်း တိုးတက်လာခဲ့သည်။ ဟာဝိုင်ယီတွင် ဘားရက်နှင့် အမေတူ အဖေကွဲ နှမဖြစ်သော မာယာနှင့် တွတ်ဒ်တို့ကလည်း ပြုစုစောင့်ရှောက်နေကြသည်။

ဘားရက် ကလည်း မကြာခဏ ဆက်သွယ်ကာ သူ့အမေအခြေအနေကို မေးမြန်းတတ်ပါသည်။ သို့သော် ကုသမှုခံယူချိန်မှာ နောက်ကျနေခဲ့သဖြင့် ကင်ဆာကလည်း ပျံ့နေခဲ့ပြီဖြစ်ခြင်းကြောင့် အခြေအနေမှန်ကို မှန်းဆရန်မှာ ခက်ခဲလှပါသည်။ ထို့ကြောင့် ဘားရက် အတော်ပင် စိတ်ဖိစီးမှုခံနေရသည်ကို ကျွန်မ သိပါသည်။

ချီကာဂိုတွင် နိုင်ငံရေးအခြေအနေက လှုပ်လှုပ်ရွရွ ဖြစ်လာပြန်သည်။ ၁၉၉၅ ခုနှစ် ဆောင်းဦးပေါက်တွင် မြို့တော်ဝန် ဒါလေကို တတိယမြောက်သက်တမ်း အတွက် ရွေးချယ်လိုက်ကြသည်။ ထို့ကြောင့် လူတိုင်းက ၁၉၉၆ ခုနှစ် ရွေးကောက်ပွဲ အတွက် တက်ကြွနေကြသည်။ ထိုရွေးကောက်ပွဲတွင် အီလီနွိုက်ပြည်သူတို့က လွှတ် တော်အမတ်တစ်ဦး ရွေးချယ်ကြရမည်ဖြစ်ပြီး သမ္မတ ကလင်တန်က ဒုတိယသက်တမ်းအတွက် ရွေးချယ်ခံရမည်ဖြစ်သည်။ ထိုကာလအတွင်း ကွန်ဂရက်မှ အမတ်တချို့ လိင်မှုကိစ္စများအတွက် စစ်ဆေးမှုခံနေရသည်ဟူသော ကောလာဟလများ ထွက်ပေါ် လာပါသည်။ နိုင်ငံ၏ ဒုတိယအကြီးဆုံး ပြည်နယ် အမတ်နေရာအတွက် ဒီမိုကရက် တစ်ပါတီမှ နေရာလွတ်နေပါသည်။ ထိုပြည်နယ် သတ်မှတ်ချက်တွင် ချီကာဂိုတောင် ပိုင်းလည်း ပါဝင်နေသည် ဖြစ်သည်။ လူသိများသည့် လွှတ်တော်အမတ်တစ်ဦးဖြစ်သူ အဲလစ္စပါးလ်မားဆိုသူက ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သတင်းများ ထွက်ပေါ်လာသည်။ အဲလစ္စနှင့် ဘားရက်က Project VOTE! လုပ်ခဲ့ကြစဉ်က သိကျွမ်းခဲ့ကြဖူးသည်။ အဲလစ္စက ဝင်ပြိုင်မည်ဆိုခြင်းကြောင့် လက်ရှိ သူယူထားသော ဆီးနိတ်လွှတ်တော် အမတ်နေရာမှာ လွတ်သွားပြန်သည်။ လွတ်သွားသည့် ထိုနေရာအတွက် ဘားရက် ဝင်ပြိုင်မည်ဆိုပါက ပြိုင်နိုင်သည်။

သူ စိတ်ဝင်စားပါ့မလား။ ပြိုင်ကော ပြိုင်မှာလား။

ထိုစဉ်က ကျွန်မ မသိခဲ့သော်လည်း ကျွန်မတို့ဘဝထဲတွင် နောက်ထပ် ဆယ်စုနှစ်တစ်ခု ကြာသည်အထိ ထိုမေးခွန်းက ကိန်းအောင်းနေခဲ့သည်။ ဘာကိုပဲ လုပ်သည်ဖြစ်စေ ထိုမေးခွန်းသည် ကျွန်မရင်ထဲတွင် ဒရမ်တစ်ခု တီးခတ်နေသကဲ့သို့ စည်းချက် မှန်မှန် ဝင်ရောက်နေခဲ့သည်။ “သူပြိုင်မှာလား၊ ပြိုင်နိုင်ပါ့မလား၊ ပြိုင်သင့် သလား” ဟု ကိုယ့်ကိုယ်ကို မေးနေတတ်သည်။ သို့သော် ထိုမေးခွန်းများထက် အရေး ပါသောမေးခွန်းက ရှိနေပြန်သည်။ သူက အဲလစ္စအကြောင်း ကျွန်မအား ရှင်းပြလာသည်။ အဲလစ္စ ပြိုင်ပါက သူ့နေရာ လွတ်သွားမည်ဖြစ်ကြောင်း၊ သူ့အနေဖြင့် လက်ရှိအခြေအနေဖြစ်သော ဥပဒေအကျိုးဆောင်၊ ပါမောက္ခ၊ စည်းရုံးရေးမှူး၊ စာရေးဆရာ ဆိုသည်တို့ထက် တိုင်းပြည်အတွက် ဥပဒေပြု ပုဂ္ဂိုလ်တစ်ဦး ဖြစ်သင့်သည်ဟု ဆိုသည်။ “ဘယ်လိုသဘောရသလဲ မစ်ချ်”ဟု မေးလာသည်။

ထိုမေးခွန်းမှာ ကျွန်မရင်ထဲ၌ တိတ်တခိုး မေးမြန်းနေခဲ့မိသည့် မေးခွန်းဖြစ်သော်လည်း ဘားရက်က ပွင့်ပွင့်လင်းလင်းမေးလာသောအခါတွင်မူ ဖြေဆိုရန် အဆင် သင့်မဖြစ်ခဲ့ပေ။ ကျွန်မအတွေးထဲတွင် တွေးထားသည်က ဘားရက်အနေဖြင့် ရွေး ကောက်ပွဲ မဝင်သင့်သေးပေ။ ထိုအဖြေမှာ ကျွန်မ အကြိမ်ကြိမ်တွေးကာ ဆုံးဖြတ်ထား ခြင်းဖြစ်ပြီး ခိုင်မာလှပါသည်။

၁၉၉၉ခုနှစ် အီလီနွိုက်ရွေးကောက်ပွဲကို ဘားရက် မဝင်သင့်ဟု ဆုံးဖြတ်ထားသည်မှာ ကျွန်မတွင် အကြောင်းရှိပါသည်။ ကျွန်မက နိုင်ငံရေးသမားဆိုသူများကို သဘောမတွေ့လှပေ။ ကျွန်မယောက်ျားကို ထိုသို့ သဘောမကျသော အုပ်စုတွင် မပါဝင်စေလိုပါ။ နေ့စဉ်ထုတ် သတင်းစာများကို ဖတ်ကြည့်လျှင် နိုင်ငံရေးကိုသိနိုင်ပါသည်။ အခြေအနေကောင်း မဟုတ်ပါ။ ကျွန်မနှင့် ခင်မင်ရင်းနှီးခဲ့သော စန်တီတာဂျက်ဆင်တို့ မိသားစုကို လေ့လာကြည့်ရာ နိုင်ငံရေးသမားများသည် အိမ်တွင်နေရသည့် အချိန် နည်းလှပါသည်။ ခြုံ၍ ပြောရမည်ဆိုပါလျှင် ဥပဒေပြုသူများ သည် ချပ်ဝတ်တန်ဆာ ဆင်မြန်းထားသော လိပ်များနှင့် တူပါသည်။ လုံခြုံမှုရှိစေရန် သားရေဝတ်စုံများ ဝတ်ဆင်ထားကြပြီး လှုပ်ရှားမှုနှေးကွေးကာ ကိုယ့်အတွက်သာ နားလည်သောသူများ ဖြစ်ကြသည်။ ဘားရက်ကမူ စိတ်အားထက်သန်နေပြီး ထက်မြက် သေချာသော အစီအမံများနှင့် တက်ကြွနေ၏။ ကျွန်မကမူ အီလီနွိုက်မှ ပြိုင်မည့်အစား စပရင်းဖီလ်မှ ဝင်ပြိုင်စေချင်ပါသည်။

ကျွန်မ နှလုံးသားထဲတွင် ဘားရက်ကဲ့သို့သော လူတော်တစ်ယောက်အတွက် နေရာရစေချင်ပါသည်။ သို့သော် ရှုပ်ထွေးလှသော နိုင်ငံရေးလောကတွင် သူ့ကို အစိမ်းလိုက် ဝါးစားသွားကြမည်လားဟုလည်း ပူပန်မိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျွန်မစိတ်ထဲတွင် သူ့ကို လုပ်စေချင်သည့်ဆန္ဒနှင့် မလုပ်စေချင်သည့် စိတ်တို့ နှစ်ခု ဖြစ်နေသည်။ သူ နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်သွားပြီဆိုပါက ကျွန်မက ဇနီးတစ်ယောက်အနေဖြင့် မည်သည့်ကဏ္ဍမှ ပါဝင်ရမည်နည်း။ ကျွန်မ သူ့ကို တားသင့်ပါ၏လော။ သူသည် ကျွန်မဘဝကို လမ်းညွှန်ပေးနိုင်ခဲ့သူ ဖြစ်သည်။ ဥပဒေအကျိုးဆောင် မလုပ်လိုသော ကျွန်မကို အလုပ်ထွက်စေပြီး မြို့တော်ဝန်ရုံးတွင် အလုပ်ဝင်စေခဲ့သည်။ သူ အလုပ်မျိုးစုံ တစ်ပြိုင်တည်းတွင် လုပ်နေသည်ဆိုသည်မှာ ကျွန်မလုပ်စာက ပညာသင်ထောက်ပံ့ကြေး အကြွေးများ ဖြတ်ခံနေရခြင်းကြောင့် သူ့ ဘက်က အပိုဝင်ငွေရှာခြင်းဖြစ်သည်။ အိမ်ထောင်သက် ခြောက်နှစ်အတွင်းတွင် သူ သည် ကျွန်မအရည်အချင်းများနှင့် ပတ်သက်၍ စိုးစဉ်းမျှ သံသယမရှိခဲ့သူလည်း ဖြစ်သည်။ ထို့ကြောင့် “စိတ်မပူနဲ့၊ ရှင်လုပ်နိုင်မှာပါ။ ကျွန်မတို့ နည်းလမ်းတွေ ရှာကြတာ ပေါ့”လို့ အားပေးလိုက်ပါသည်။

ဒါကြောင့် ပထမဆုံးအကြိမ် သူဝင်ပြိုင်မည့်ကိစ္စကို သဘောတူလိုက်ပါသည်။ သို့သော် ဇနီးမယားတစ်ယောက်အနေနဲ့ သောကရှိတာကိုတော့လည်း ထုတ် ပြောမိပါသေးသည်။ “ရှင်အရွေးခံရပြီဆိုရင်တော့ တခြား ဘာမှလုပ်နိုင်မှာ မဟုတ် တော့ဘူး။ အသေအလဲ ကြိုးစားလုပ်ရမှာ”ဟု ဆိုမိသည်။

“လုပ်တာတော့လုပ်ရမှာပေါ့ကွာ၊ ဒါပေမဲ့ ကိုယ်ကြိုးစားရင် ကောင်းတာလေးတွေလည်း ဖြစ်မလာဘူးလို့ ဘယ်ပြောနိုင်မလဲ”ဟု သူက ပခုံးတွန့်ကာ တုံ့ပြန်ခဲ့သည်။

“ဟုတ်ပါတယ်၊ ဘယ်သူ ပြောနိုင်မလဲ” ကျွန်မက စကားတုံ့ပြန်လိုက်သည်။ သူ့ရွေးချယ်မှုကို ကျွန်မက ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပါပေ။

※

တခြားသူများအတွက် သတင်းဟု မဆိုသာသော်လည်း ကျွန်မယောကျ်ားက နိုင်ငံရေးသမား ဖြစ်သွားခဲ့သည်။ သူသည် လူကောင်းတစ်ယောက်ဖြစ်ပြီး ကိုယ်တိုင်ဝင်ရောက်လုပ်ဆောင်မှသာ သူဖြစ်စေချင်သည်များကို လုပ်နိုင်မည်ဟု ယုံကြည်သူ ဖြစ်သည်။ ထိုသို့သော စိတ်ဓာတ်မှာ ဘားရက်တွင် အမြဲခံယူထားသော စိတ်ဓာတ် ပင် ဖြစ်တော့သည်။

၁၉၉၆ ခုနှစ် ရွေးကောက်ပွဲတွင် ဘားရက်ကို အီလီနွိုက်ပြည်နယ် ဆီးနိတ်အမတ်အဖြစ် ရွေးချယ်လိုက်ကြသည်။ နောက်နှစ်လအကြာတွင် ကျမ်းသစ္စာကျိန်ဆိုရသည်။ မဲဆွယ်ပွဲများ စတင်ကတည်းက ကျွန်မ သူ့အတွက် စိတ်လှုပ်ရှားမှုနှင့် ပျော်ရွှင်မှုတို့ကို ခံစားရပါသည်။ သူ့အတွက် မဲထည့်ကြရန် စည်းရုံးရေးတွင် ပါဝင် ပေးခဲ့သည်။ ကျွန်မ အားလပ်သည့် စနေနေ့များတွင် အနီးပတ်ဝန်းကျင်မှ အိမ်များကို တံခါးခေါက်ကာ မဲဆွယ်စည်းရုံးပေးသည်။ အိမ်နီးချင်းများက ပြောပြသော အစိုးရ အပေါ် မကျေလည်သည့်ကိစ္စများကို နားထောင်ကာ ပြုပြင်ပေးသင့်သည်ထင်သော ကိစ္စတို့ကို မှတ်သားပေးသည်။ ထိုသို့ ပြုလုပ်ရာတွင် ကျွန်မယယ်က အဖေ သွားလေရာ တကောက်ကောက် လိုက်ခဲ့ဖူးသည်ကို သတိရမိသည်။ တကယ်တမ်း တွင် ကျွန်မသည် မလိုအပ်ဘဲ လိုက်နေခြင်းသာ ဖြစ်၏။ မဲဆွယ်စည်းရုံးခြင်းမှာ ကျွန်မအတွက် ဝါသနာတစ်ရပ်ကဲ့သို့ ဖြစ်နေသည်။

ဘားရက် ရွေးကောက်ပွဲဝင်မည်ဟု ကြေညာပြီး မကြာခင်မှာပင် ဘားရက်၏ မိခင်သည် ဟိုနိုလူလူ၌ ကွယ်လွန်သွားလေသည်။ သူမ ရောဂါအခြေအနေက ပြင်းထန်လွန်းသဖြင့် ဘားရက်မှာ သူ့မိခင်ကို သွားရောက်နှုတ်ဆက်ချိန်ပင် မရလိုက် ပေ။ ဘားရက် အတော်ပင် စိတ်ထိခိုက်ခဲ့၏။

သူ့ကို စာပေ၏ အနှစ်သာရများနှင့် ကျိုးကြောင်းပြကာ စနစ်တကျငြင်းခုံတတ်စေရန် သင်ကြားပေးသူမှာ သူ့မိခင် အဲန်းဒန် ဟမ်း ဖြစ်သည်။ သူ့အမေသာ မရှိခဲ့ပါက ဘားရက်သည် ဂျကာတာ၏ မုတ်သုံမိုးဒဏ် ကို ခံနိုင်မည် မထင်ပေ။ သူသည် ရာသီဥတုချင်း မတူသည်သာမက ရေမြေဒေသ အခြေအနေ ခြားနားသော ဒေသတစ်ခုမှ တစ်ခုသို့ ကူးပြောင်းလာခဲ့သည်။ မိခင်ဖြစ် သူမှာလည်း တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ကာ သူ့နှလုံးသားကို သူ အလိုလိုက်တတ်သူတစ်ဦးလည်း ဖြစ်၏။ သူ့အမေဆုံးသွားခြင်းက ကျွန်မတို့နှစ် ယောက်လုံးအား စိတ်ထိခိုက်စေသည်မှာ ကျွန်မဖခင် ကွယ်လွန်သွားစဉ်ကအတိုင်းပင် ဖြစ်ပါသည်။

ဆောင်းရာသီသို့ ရောက်လာသောအခါ ဥပဒေပြုလွှတ်တော်များလည်း စတင် သက်ဝင်လာပြီဖြစ်၍ ကျွန်မတို့မှာ ရက်သတ္တပတ်အတွင်း ရက်တော်တော် များများ ခွဲနေကြရသည်။ ဘားရက်က တနင်္လာနေ့တွင် စပရင်းဖီးလ်သို့ လေးနာရီမျှ ကားမောင်းသွားရသည်။ စျေးပေါသော ဟိုတယ်တစ်ခု၌ အခြားလွှတ်တော်ကိုယ် စားလှယ်များကဲ့သို့ ငှားရမ်းနေထိုင်ရသည်။ ကြာသပတေးနေ့ ညနေတွင် အိမ်ပြန် လာ၏။ သူ့အတွက် ရုံးခန်းသေးသေးကလေးတစ်ခု ပေးထားပြီး ချီကာဂိုတွင် အချိန်ပိုင်းဝန်ထမ်းများ ထားပေးသည်။ အားလပ်သည်နှင့် တစ်ပြိုင်နက် သူဖွင့်ထားသော ဥပဒေအကျိုးဆောင်လုပ်ငန်းသို့ ပြေးရပါသေးသည်။ ကျွန်မတို့တွင် အကြွေးတင်နေ ခြင်းကြောင့် သူ ဤမျှအလုပ်လုပ်နေရခြင်း ဖြစ်ပါသည်။ ဥပဒေပညာသင်ကြားခြင်း ကိုလည်း လက်မလွှတ်နိုင်သေးပါ။ စပရင်းဖီးလ်တွင် သူရှိနေရန် မလိုအပ်သောနေ့ များ၌ ဥပဒေပညာ သွားရောက်ပို့ချ၏။ သို့သော် ညတိုင်းမူ ကျွန်မနှင့် ဖုန်းပြောပါသည်။ သူ့အကြောင်း ကိုယ့်အကြောင်း ပြောကြသည်များရှိသကဲ့သို့ သမီးရည်းစား ဘဝက ပျော်ခဲ့ကြသည်များကို ပြန်သတိရကာ ပြောဖြစ်ကြသည်လည်း ရှိပါသည်။ သောကြာနေ့တွင်မူ သူက ချီကာဂိုသို့ ပြန်ရောက်လာသည်။ သူ့အလုပ်၊ ကိုယ့်အလုပ် ပြီးချိန် ညပိုင်း၌ တွေ့ရန် ချိန်းကြသည်။ အများအားဖြင့် မြို့လယ်တွင်ရှိသော ဇင်ဖန်ဒဲလ် အမည်ရှိ စားသောက်ဆိုင်၌ ဆုံတတ်ကြပါသည်။

ထိုသို့ ဆုံခဲ့ကြသည့်ညများကို ယခု ပြန်စဉ်းစားပါက အလွန်ကြည်နူး ချမ်းမြေ့လှပါသည်။ စားသောက်ဆိုင်မှာ မီးရောင်ခပ်မှိန်မှိန်သာ ထွန်းထားပြီး အများ အားဖြင့် ကျွန်မက အရင်ရောက်ကာ ထိုင်စောင့်နေတတ်ပါသည်။ သောကြာနေ့ ဆိုသည်မှာ ရက်သတ္တပတ် ကုန်ဆုံးရက်ဖြစ်၍ ရုံးလုပ်ငန်းများ လက်စသတ်ကြရသော ကြောင့် ရုံးသမားအများစု နောက်ကျကြပါသည်။ ထိုအကြောင်း သိထားခြင်းကြောင့် သူနောက်ကျခြင်းကို မငြူစူမိပါ။ စားသောက်ဆိုင်ထဲသို့ သူဝင်လာသည်ကိုမြင်ရတိုင်း ကျွန်မမှာ ရင်ဖိုမြဲဖြစ်သည်။ သူက ဆောင်းတွင်းဖြစ်၍ ဝတ်ဆင်ထားသော အပေါ်ရုံ ကုတ်အရှည်ကိုချွတ်ကာ

စားသောက်ဆိုင်မှ ဆီးကြိုနေသူ လက်သို့ အပ်လိုက်ပြီး စားပွဲ များဆီသို့ လျှောက်လာရင်း မျက်လုံးများက ကျွန်မကို ရှာနေတတ်သည်။ ကျွန်မကို တွေ့သွားလျှင် လျှောက်လာပြီး ကျွန်မကို နမ်းသည်။ ထို့နောက် သူက ဂျက်ကက် ကို ချွတ်ကာ သူထိုင်မည့်ထိုင်ခုံကျောမှီတွင် ချိတ်သည်။ ဒါသည်ပင်လျှင် ကျွန်မ ယောက်ျား အစဉ်ပြုမူခဲ့သော အမူအကျင့်ဖြစ်ပါသည်။ ထို့နောက် သောကြာနေ့တိုင်း စားနေကျဖြစ်သည့် အစားအစာကိုသာ မှာ၏။ အစားအသောက်များ ရောက်လာပြီဆိုလျှင် နှစ်ယောက်သား ကုန်သည်အထိ စားကြသည်သာ ဖြစ်သည်။

ထိုအချိန်သည်သာ ကျွန်မတို့နှစ်ယောက် အတူပိုင်ဆိုင်ခွင့်ရသောအချိန် ဖြစ်ပါသည်။ ကျန်သည့်အချိန်များ၌ သူက သူ့အလုပ် သူလုပ်နေရသကဲ့သို့ ကျွန်မက လည်း ကျွန်မအလုပ်ကို ကျွန်မ လုပ်နေရခြင်းကြောင့် နှစ်ယောက်အတူ ပျော်ရသည် မှာ ရှားပါးလှပါသည်။ စပရင်းဖီးလ်၏ ဆီးနိတ်ကိုယ်စားလှယ် ဖြစ်လာချိန်တွင် ဘားရက်သည် ဥပဒေကြမ်း တစ်ဆယ့်ခုနစ်ခု တင်သွင်းခဲ့၏။ ဤအရေအတွက်ကို ကြည့်ခြင်းအားဖြင့် ဘားရက်သည် ဥပဒေရေးရာနှင့်ပတ်သက်၍ စိတ်အားထက်သန် သူ ဖြစ်သည်ကို သိနိုင်ပါသည်။ သူ တင်သည့် ဥပဒေကြမ်းများအနက် အချို့မှာ အတည်ပြုခံရပြီး အချို့မှာ ဥပဒေသင်ကျောင်းများတွင် ချက်ချင်းပင် ထည့်သွင်းသင် ကြားရန် ရွေးချယ်ခံရသည်။ ကျွန်မ ကြိုတင်ခန့်မှန်းခဲ့သည့်အတိုင်းပင် နိုင်ငံရေး လောကဆိုသည်မှာ ညစ်ပတ်မှုများ၊ သစ္စာဖောက်မှုများ စသည်တို့ဖြင့် ပြည့်နှက်နေ သောနေရာ ဖြစ်သည်ကို မကြာမီမှာပင် ဘားရက် သိရှိလာရသည်။ သို့သော် ဘားရက်၏ ကြိုတင်ခန့်မှန်းမှုများကလည်း မှန်ကန်နေသည်ကို တွေ့ရသည်။ တိုက် ခိုက်ခံလျှင်လည်း ဟာဝေယံ သွေးပီသစွာ ခံနိုင်ရည်ရှိသည်။ သူ့ယုံကြည်ချက်၊ သူ့မျှော်မှန်းချက်တို့သည် တစ်နေ့နေ့တွင် တစ်နည်းနည်းဖြင့် မှန်ကန်လာလိမ့်မည်ဟု လည်း စွဲမြဲစွာ ယုံကြည်သည်။ ပွတ်တိုက်ပါများလျှင် ပိုမိုအရောင်လက်လာသော ကြေးအိုးများကဲ့သို့ သူ့အရည်အချင်းမှာလည်း တစ်နေ့နေ့တွင် ပေါ်လွင်လာလိမ့်မည်ဟု သူက အပြည့်အဝ ယုံကြည်၏။

ကျွန်မကိုယ်တိုင်မှာလည်း အကူးအပြောင်းကာလတစ်ခုသို့ ရောက်ရှိနေသည်။ ကျွန်မ ပြုစုပျိုးထောင်ခဲ့သော ပြည်သူ့မဟာမိတ်အဖွဲ့မှ ထွက်ကာ အလုပ်သစ် တစ်ခု ရှာဖွေနေသည်။ သုံးနှစ်လုံးလုံး ဇွဲကြီးစွာဖြင့် ပြည်သူ့မဟာမိတ်အဖွဲ့ကို ပြုစု ပျိုးထောင်ခဲ့သည်။ တာဝန်မှန်သမျှ ယူခဲ့သည်။ လုပ်ဆောင်ရန်ရှိသမျှကို အကြီးအသေး မရှောင် လုပ်ဆောင်ခဲ့သည်။ ယုတ်စွအဆုံး ကွန်ပျူတာထုတ်ရန် စက္ကူ မရှိသည့်ကိစ္စ ကအစ ပါဝင်ခဲ့သည်။ အဖွဲ့အတွက် ရန်ပုံငွေကို အစိုးရက ထောက်ပံ့မှုရနေသည့် အပြင် အလှူရှင်များလည်း ခိုင်ခိုင်မာမာ ရှိနေကြပြီဖြစ်၍ ကျွန်မ မရှိလျှင်လည်း ဆက်သွားနိုင်မည့် အရည်အချင်းရှိနေပြီ ဖြစ်သည်။ ၁၉၉၆ ခုနှစ် ဆောင်းဦးရာသီ ရောက်ချိန်တွင် ချီကာဂိုတက္ကသိုလ်မှ ကျွန်မမိတ်ဆွေ အတ်ဆပ်စ်မဲန်က သူတို့ဌာနတွင် ရာထူးသစ်တစ်ခုရှိသဖြင့် ကျွန်မ

လျှောက်လိုပါက လျှောက်ထားရန် အကြောင်းကြား လာသည်။

တက္ကသိုလ်က လူထုဆက်ဆံရေးနှင့် ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးကို လက်ထောက်ကျောင်းအုပ်အဖြစ် ခန့်ထားရန် ရှာဖွေနေခြင်းဖြစ်သည်။ အထူးသဖြင့် တက္ကသိုလ်တည်ရှိရာ ချီကာဂိုတောင်ပိုင်းဒေသမှ လူငယ်များနှင့် အထိအတွေ့ရှိရမည် ဖြစ်၏။ ပြည်သူ့မဟာမိတ်တွင် လုပ်ခဲ့သည့်အလုပ်နှင့် အတူတူပင်ဖြစ်သည်။ အလုပ်က ကျွန်မနေပုံထိုင်ပုံနှင့် တစ်ထပ်တည်း လာကျနေသည်ဟု ဆိုရပါမည်။ ကျွန်မထို အလုပ်မျိုးကို လုပ်ချင်ကြောင်း လွန်ခဲ့သည့် နှစ်ပေါင်း အတော်ကြာကြာကတည်းက “အတ်”ကို ပြောပြထားခဲ့ဖူးသည်။ ချီကာဂိုတက္ကသိုလ်သည် ပတ်ဝန်းကျင်မှ လူငယ်များ အပေါ်တွင် စိတ်ဝင်စားမှုအပြည့်ရှိသည်။ ကျွန်မ တက်ခဲ့ဖူးသော အရှေ့ဘက်ကမ်းခြေ မှ ကျောင်းများနှင့် မတူခြားနားပါသည်။ ကျွန်မ အဓိကစိတ်ဝင်စားမိသည်မှာ တက္ကသိုလ်က ပတ်ဝန်းကျင်မှ လူငယ်များကို စိတ်ဝင်စားကာ သူတို့ကျောင်းသို့ ရောက်လာစေရန် ဆွဲဆောင်သကဲ့သို့ လူငယ်များကလည်း ချီကာဂိုတက္ကသိုလ်ဆို သည်မှာ ဘာလဲဟု သိခွင့်ရသွားကြပြီး စိတ်ဝင်စားလာကြမည် ဖြစ်သည်။

ထိုသို့ စိတ်ဝင်စားစေသည့်အချက်ရှိသည့်အပြင် အဓိကကျသည့်အချက် တစ်ခုမှာ အလုပ်အတွက် အာမခံချက်ရှိမှုပင် ဖြစ်သည်။ အကျိုးအမြတ်မယူသော အဖွဲ့အစည်းနှင့်စာလျှင် တက္ကသိုလ်ကျောင်းက အလုပ်အတွက် ရေရှည်အာမခံချက် ရှိ၏။ ကျွန်မ ရလာမည့်လခက ကောင်းမည်ဖြစ်သည့်အပြင် ကုန်ဆုံးသွားမည့် ကျွန်မ၏ အချိန်တို့မှာလည်း အကျိုးရှိစွာ ကုန်ဆုံးမည်ဖြစ်သည်။ အလုပ်အတွက် ကျွန်မစိတ် ပူရန်လည်း ရှိမည် မဟုတ်ပေ။ မိတ္တူကူးစက်ထဲတွင် စက္ကူလုံလုံလောက်လောက်ရှိပါရဲ လားဟုလည်း ကျွန်မ ပူရန်မရှိတော့ပေ။ ကျွန်မအသက်ကလည်း သုံးဆယ့်နှစ်နှစ် ရှိလာပြီဖြစ်၍ ဘယ်အလုပ်မျိုးကို လုပ်သင့်သည်ဆိုသည်ကိုလည်း ရွေးချယ်တတ်လာ ပြီဖြစ်၏။ ဘားရက်နှင့် ကျွန်မ ဇင်ဖန်ဒဲလ်စားသောက်ဆိုင် တွင် တွေ့ကြသောအခါ တစ်ခါတစ်ရံတွင် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ပြောခဲ့သောစကားကို ပြန်ပြော ဖြစ်ကြသည်များလည်း ရှိသည်။ အလုပ်သစ်ကို လက်ခံလိုသည့် အကြောင်းများထဲတွင် ချီကာဂိုတက္ကသိုလ်မှ ပေးမည့် ကျန်းမာရေးအာမခံချက်မှာ ကျွန်မ လုပ်ခဲ့ဖူးသည့် မည်သည့်လုပ်ငန်းနှင့်မျှမတူ ထူးခြားကောင်းမွန်နေသည်။ ထိုအချက်သည် အရေးကြီး သောအချက်တစ်ခု ဖြစ်သည်။ သောကြာ ညတွင် ဘားရက်နှင့်ကျွန်မ မျက်နှာချင်း ဆိုင်ထိုင်ပြီး တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားမိကြသည်။ နှစ်ယောက်စလုံး အပျော်ကြီးပျော်နေကြသည်။ နှစ်ယောက်သား သားသမီးယူကြရန် ဆုံးဖြတ်ခဲ့ ကြပြီး အခြေအနေကလည်း ကောင်းမွန်နေခြင်းကြောင့်ဖြစ်သည်။

※

နှစ်ယောက်သား အဆင်ပြေပြေ နှစ်နှစ်ကာကာချစ်ကြပြီး အလုပ်ကိုလည်း ဖွဲ့နပဲကြီးစွာ လုပ်ကိုင်တတ်သောသူများအတွက် ကိုယ်ဝန်ရရေးဆိုသည်မှာလည်း သေချာသည့် အလုပ်မဟုတ်ပေ။ မျိုးဥပေါင်းစပ်ခြင်းက ပဋိသန္ဓေရစေသည်ဆိုသော်လည်း မရေရာလှပေ။ တစ်ခါတစ်ရံတွင် ကြိုးစားမှုနှင့် ရလာသောရလဒ်တို့မှာ အချိုးညီ မကျတတ်ပေ။ ဘားရက်နှင့်ကျွန်မ အတွက်မှာမူ ထိုကိစ္စသည် အံ့သြစရာကောင်းသကဲ့သို့ စိတ်ပျက်စရာလည်း ကောင်းပါသည်။ ကျွန်မတို့ ကြိုးစားခဲ့ကြသော်လည်း ပဋိသန္ဓေမရခဲ့ကြ။ သားသမီးရပါတော့မလားဟုလည်း တွေးမိကြသည်။ နောက်တစ်ကြောင်းမှာ ဘားရက်က အိမ်တွင် မရှိသည့်ရက်က များနေသည်။ ကျွန်မတို့ ကိုယ်ဝန်ရရေးကိစ္စမှာ လစဉ်ပေါ်သည့် ဓမ္မတာကိစ္စထက် အီလီနွိုက်၏ ဥပဒေပြုကိစ္စများနှင့် ပိုသက်ဆိုင်နေသည်ဟု ပြောရမည်ကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် ကျွန်မက စနစ်တကျ ရက်တွက်သည့်နည်းကို ကျင့်သုံးသည်။

ထိုနည်းနှင့်လည်း မအောင်မြင်ခဲ့ပေ။ လွှတ်တော်နားသည့်ရာသီ ရောက်လာချိန်တွင် ဘားရက်က ခရီးမထွက်တော့ဘဲ အိမ်မှာပင် နေခဲ့သည်။ နှစ်ပေါင်းများစွာ ကိုယ်ဝန်မရစေရန် တားဆီးထားခဲ့ကြသည့် ကျွန်မတို့အတွက် ခုတော့ ကိုယ်ဝန်ကို အငမ်းမရ လိုချင်လာကြသည်။ ကိုယ်ဝန်ရရှိရေးကို ကျွန်မက မစ်ရှင်တစ်ရပ်လိုပင် ကြိုးစား၏။ တစ်ကြိမ်တွင် ကိုယ်ဝန်ရှိမရှိ စစ်ဆေးမှုက ရှိနေပြီဖြစ်ကြောင်း ပြသသည်။ ကျွန်မတို့နှစ်ယောက်လုံး သောကဟူသမျှကို မေ့ပျောက်ကာ ပျော်ကြသည်။ သို့သော် ရက်သတ္တပတ် အနည်းငယ်အကြာတွင် ထိုကိုယ်ဝန် ပျက်ကျသွား၏။ ကျွန်မ ရုပ်ပိုင်းဆိုင်ရာအရ မကျန်းမမာဖြစ်သွားသကဲ့သို့ စိတ်ပိုင်းဆိုင်ရာတွင်လည်း များစွာ ထိခိုက်ခဲ့ပါသည်။ လမ်းပေါ်တွင် အမျိုးသမီးတစ်ဦး သားတွေ၊ သမီးတွေနှင့် လမ်းလျှောက်သွားသည်ကို မြင်ရလျှင် ကျွန်မမှာ ထိထိခိုက်ခိုက်ခံစားရသည်။ စိတ်သက်သာရာတစ်ခု ရှိသည်မှာ ကျွန်မတို့နေသောနေရာနှင့် ကျွန်မအစ်ကို ခရိတ်တို့ နေသော နေရာမှာ တစ်ဘလောက်သာ ဝေးပါသည်။ သူတို့တွင် ချစ်စရာကောင်းသော လက်စလီနှင့် အေဗရီအမည်ရှိ ရင်သွေးနှစ်ယောက် ရှိသည်။ ကျွန်မက လမ်းကြုံတိုင်း သူတို့အိမ်ဝင်ကာ ကလေးများနှင့် ကစားခြင်း၊ ပုံပြင်များ ဖတ်ပြခြင်းတို့ လုပ်ခြင်းဖြင့် စိတ်သက်သာ ရာ ရှာရပါသည်။

အကယ်၍ ကျွန်မအနေဖြင့် မည်သူမျှ ပြောပြလေ့မရှိသော အကြောင်းအရာ တစ်ခုကို ရေးသားပါဟု ဆိုလျှင် ကျွန်မ စရေးမည့်အကြောင်းအရာမှာ ကိုယ်ဝန်ပျက်ကျခြင်းအကြောင်းပင် ဖြစ်ပေလိမ့်မည်။ ကိုယ်ဝန်ပျက်ကျချိန်တွင် ခံစားရသော ခံစားချက်မှာ အထီးကျန်စိတ် ဖြစ်ပေါ်ခြင်း၊ နာကျင်ခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ကို အဆိုးရွားဆုံး ခံစားရပါသည်။ တစ်ကြိမ်ပျက်ကျလျှင် ကိုယ့်ဘက်က

အမှားအယွင်းတစ်စုံတစ်ရာလုပ်မိ၍ဟု ခံစားနိုင်သေးသည်။ အမှန်တကယ်တမ်းတွင်မူ အမှား အယွင်းကြောင့် မဟုတ်ပေ။ မည်သည့် အမျိုးသမီးကမျှ ထုတ်ဖော်ပြောပြလေ့ မရှိသည်မှာ ကိုယ်ဝန်ပျက်ကျခြင်းပင် ဖြစ်သည်။ အမျိုးသမီး တော်တော်များများ ပျက်ကျတတ်ကြပါသည်။ ခန့်မှန်းသည်ထက် ပိုများသည်။ သို့သော် ထုတ်ဖော်ပြော ကြားခြင်းမပြုဘဲ နှုတ်ဆိတ်နေကြသည်။ ကျွန်မက ရင်းနှီးသည့် အမျိုးသမီးနှစ်ဦးအား ကိုယ်ဝန်ပျက်ကျသည့်အကြောင်း ပြောကြားရာ သူတို့လည်း ပျက်ကျဖူးကြောင်း ထုတ်ဖော်ပြောကြားကြပြီး ကျွန်မအား ကြင်နာနွေးထွေးစွာ အားပေးခဲ့ကြသည်။ ပျက်ကျရခြင်းမှာ မိခင်လောင်း၏ မှားယွင်းမှုကြောင့်မဟုတ်ဘဲ သန္ဓေသားလောင်း တွင် မှားယွင်းမှု တစ်စုံတစ်ခုရှိနေခြင်းကြောင့်သာ ပျက်ရခြင်းဖြစ်ကြောင်း ပြောပြကြ ပါသည်။

ထိုအမျိုးသမီးနှစ်ဦးထဲမှ တစ်ဦးက သူတို့ဇနီးမောင်နှံ ပဋိသန္ဓေရစေရန် ကုသလမ်းညွှန်ပေးသော ဆရာဝန်တစ်ဦးထံသို့ လမ်းညွှန်ပေးသဖြင့် ဘားရက်နှင့် ကျွန်မ သွားရောက်ကာ စစ်ဆေးမှုခံယူကြပါသည်။ သူ့စစ်ဆေးချက်အရ ကျွန်မတို့ နှစ်ဦးစလုံးတွင် သားသမီးမရနိုင်သည့် ချွတ်ယွင်းချက်တစ်စုံတစ်ရာမှ မရှိပါကြောင်း၊ သားသမီးရရန် အချိန်မတိုက်ဆိုင်သေးခြင်းကြောင့်သာ ဖြစ်သည်ဟု ဆိုပါသည်။ သူက ကျွန်မအား Clomid ဆိုသည့် ဆေးသောက်ရန် လမ်းညွှန်သည်။ ထိုဆေးက မျိုးဥပိုမိုကျဆင်းရန် အားပေးသည်ဟု ဆိုပါသည်။ ထိုဆေး နှစ်လခန့် သောက်သော် လည်း မထူးခြားသောအခါ သူက ကျွန်မတို့အနေဖြင့် မျိုးဥပြဿနာ စစ်ဆေးပေး သော ဌာနသို့ ပြသရန် လမ်းညွှန်သည်။ ကံကောင်းသည်မှာ ကျွန်မ ယူထားသော ကျန်းမာရေးအာမခံက ထိုကိစ္စများအတွက်လည်း အကျုံးဝင်သဖြင့် ကုန်ကျစရိတ်မရှိပေ။

ကျွန်မအခြေအနေမှာ ထီလက်မှတ်ကိုင်ကာ ထီဆုကြီး မျှော်နေရသူကဲ့သို့ ဖြစ်နေ၏။ အခြေခံစစ်ဆေးမှုများ ခံယူပြီးချိန်တွင် လွှတ်တော်က ပြန်စ,တော့မည်ဖြစ် ၍ ကျွန်မ၏ ချစ်လှစွာသော ခင်ပွန်းသည်မှာ ကျွန်မအနားတွင် နေခွင့်မသာတော့ဘဲ လွှတ်တော် ပြန်တက်ရပါတော့သည်။ သန္ဓေသားရစေရန်အတွက် ရက်သတ္တပတ်ခုနစ် ပတ်မျှ ကျွန်မ ဆေးထိုးခံရသည်။ ပထမပိုင်းထိုးသော ဆေးများက မျိုးဥအောင်စေ သောဆေးဖြစ်ပြီး နောက်ပိုင်းထိုးသောဆေးများက မျိုးဥကြွေဆင်းစေသော ဆေးများ ဖြစ်သည်။ ကြွေဆင်းလာသည့် မျိုးဥများတွင် အောင်မြင်သောမျိုးဥ ပါလာနိုင်မည်ဖြစ်၏။

ဆေးသာ အထိုးခံနေရသော်လည်း ကျွန်မမှာ စိတ်ပူနေမိသည်။ ကျွန်မ ကလေးလိုချင်ပါသည်။ အရွယ်ရောက်လာသော အမျိုးသမီးတစ်ယောက်အနေဖြင့် အေးစက်မာတင်းနေသော အရုပ်ကလေးများ၏ ပါးပြင်ကို မနမ်းလိုတော့ပါ။

နောက်ထပ် ကလေးတစ်ယောက်မွေးပေးရန် အမေ့ကို ပူဆာခဲ့ဖူးသည်။ အမေ မွေးပေးပါက ထိုကလေးနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ကျွန်မ လုပ်ဆောင်ပါမည် ဟုလည်း ကတိပေးခဲ့ဖူးသည်။ အမေက မဖြစ်နိုင်ဟု ငြင်းဆိုသောအခါ အမေ့အတွင်း ခံဘောင်းဘီများ ထားရှိသည့် အံဆွဲကိုဖွင့်ပြီး သန္ဓေတားဆေးများ ရှိလေမလားဟု ရှာဖွေမိသည်။ ထိုဆေးများ ဖွက်ထားနိုင်ပါက အမေ ကိုယ်ဝန်ရလာလိမ့်မည်ဟု တွေးခဲ့ခြင်းကြောင့် ဖြစ်၏။ ယခု ကျွန်မအလှည့် ကြုံလာသည်။ မိသားစုလေးတစ်ခုကို ကျွန်မတမ်းတမိသကဲ့သို့ ဘားရက်ကလည်း လိုချင်နေသည်။ ထို့ကြောင့်ပင် ယခု ကျွန်မသည် နေအိမ်၏ ရေချိုးခန်းတွင်းရောက်ရှိနေပြီး ကျွန်မပေါင်သို့ ဆေးထိုးအပ် တစ်ချောင်း ထိုးနေပါသည်။

ထိုကာလတွင် ကျွန်မသည် အလုပ်ကြိုးစားလွန်းသော၊ ဖွဲ့နပဲကြီးလှသော ဘားရက်ကို စိတ်တိုမိသည်။ မိန်းမသားဖြစ်ရခြင်း၏ အားနည်းချက်ဟုလည်း ခံယူမိပါသည်။ ကျွန်မဘက်က ဆေးဝါး အကူအညီဖြင့် အစစအရာရာပြင်ဆင်ပြီး ဖြစ်သော်လည်း သူက မရှိ။ သားသမီးရရေးတွင် သူ့ထက် ကျွန်မက ပိုဝီရိယကောင်း နေသကဲ့သို့ ဖြစ်နေသည်။ သူက သူ့လွှတ်တော်ကိစ္စများ ဆောင်ရွက်နေချိန်တွင် ကျွန်မက မျိုးဥများအခြေအနေသိနိုင်ရန် အာလ်ထရာဆောင်းရိုက်ရသည်။ သူ့ကို စစ်ဆေးရန် ချိန်းသောရက်များမှာ အစည်းအဝေးရှိသောရက် ဖြစ်နေပါက ဆေးရုံရက် ချိန်းကိုသာ ဖျက်သည်၊ သူ့အစည်းအဝေး မပျက်စေရ။ သို့သော် ကျွန်မယောကျ်ားက သန္ဓေသားနှင့်ပတ်သက်၍ ဆည်းပူးလေ့လာသည်။ IVF ဆေးပညာစာစောင်များ ဖတ်ကာ အတူနေရသည့် ညများ၌ မမောတမ်း ပြောပြသည်။ သူဘက်တွင် အပြစ်မရှိသော်လည်း ကြိုးစားအားထုတ်မှုဘက်၌ ကျွန်မက ပိုသည်ဟု ဆိုရပါမည်။ ကျွန်မတို့ နှစ်ယောက်၏ စိတ်ကူးအိပ်မက်ကလေး အကောင်အထည်ဖော်နိုင်ရန် အခြားကိစ္စ များကို ကျွန်မ မေ့ထားရသည်။ လိုချင်သည့် သားသမီးအတွက် ရည်ရွယ်ကာ ကျွန်မပေါင်တွင်းသို့ ဆေးထိုးအပ်ကို ထိုးသွင်းလိုက်ပါတော့သည်။

※

ရက်သတ္တပတ်ရစ်ပတ်ခန့် ကြာသောအခါ အာလ်ထရာဆောင်း ရိုက်ကြည့် လိုက်သည်။ ကျွန်မ ကိုယ်ဝန်ရှိနေပြီ။ အမှန်တကယ်ပင် ဖြစ်ပါသည်။ သန္ဓေသား ခိုင်မြဲရေးအတွက် ကျွန်မတွင် တာဝန်ရှိလာသည်။ စွန့်လွှတ်သင့်သည်များကို စွန့်လွှတ် ကာ ရှောင်သင့်သည်များကို ရှောင်ရတော့မည်။ ကိုယ်တွင်း၌ ကျွန်မတို့ ကိုယ်ပွားလေး ရှိနေခြင်းက အရာရာကို ထူးခြားစွာ ပြောင်းလဲစေပါသည်။ ရင်သွေးလွယ်ထားရပြီ ဖြစ်ကြောင်း သိလိုက်ရချိန်တွင် အရာရာသည် လှပကာ အရောင်အသွေး စုံလင်နေ တော့သည်။ ရင်သွေးလွယ်ခွင့်ရခြင်းသည် မိန်းမဖြစ်ရခြင်း၏ ထူးခြားသော အခွင့် အရေးတစ်ရပ်ပင် ဖြစ်တော့သည်။

လနုသေးသည့် ခပ်စောစောပိုင်းတွင် ကိုယ်ဝန်ဆောင်များ ခံစားရလေ့ရှိသည့် အတိုင်း ဝေဒနာများခံစားရခြင်းကြောင့် ကျွန်မမှာ ပင်ပန်းနွမ်းနယ်ခဲ့ပါသည်။ တစ် ဖက်မှ ကျွန်မ အလုပ်မှာလည်း များပြားသကဲ့သို့ ဘားရက်ကလည်း သူ့လွှတ်တော် အလုပ်များနှင့် အလုပ်များနေသည်။ အပြင်ထွက်ကြသည့်အခါများ ရှိသကဲ့သို့ ကျွန်မ ကိုယ်တွင်းမှ ရင်သွေးမှာလည်း လရင့်လာခဲ့ပြီ ဖြစ်သည်။ ကျွန်မ လွယ်ထားရသည်မှာ သေးသေးကွေးကွေး သမီးကလေးတစ်ဦး ဖြစ်သည်။(ဘားရက်က မည်သည့်ကိစ္စ မဆို ကြိုတင်တွက်ချက်တတ်သူဖြစ်ပြီး ကျွန်မကလည်း စီမံကိန်းချ ဆောင်ရွက်တတ်သူဖြစ်၍ သန္ဓေသားကို ကျား၊ မ သိစေရန် အာလ်ထရာဆောင်း ရိုက်ကြည့်ခဲ့ကြသည်) ကျွန်မတို့ သူ့ကို မမြင်ရသေးသော်လည်း ရာသီတွေပြောင်းသည်နှင့်အမျှ သူကလည်း ကြီးထွားလာခဲ့သည်။ ပြင်ပလုပ်ငန်းများကိုသာ လုပ်ဆောင်နေရသော ဘားရက်ကို မနာလို ဖြစ်မိသည်။ ကျွန်မအလုပ်က ရုံးတွင်းမှာသာ ဆောင်ရွက်ရသည်။ လုပ်ရင်းကိုင်ရင်းနှင့်ပင် သမီးကလည်း ကြီးထွားလာသည်။ သူ့ခြေထောက် ကလေးများနှင့် ကန်တတ်သကဲ့သို့ တံတောင်ဆစ်ကလေးများနှင့်လည်း တွက်တတ်သည်။ ကျွန်မတစ်ယောက်တည်း အထီးကျန် မဖြစ်တော့ပေ။ ကျွန်မတွင် အဖော် အဖြစ် သမီးရှိနေပါပြီ။ ကျွန်မ ကားမောင်းနေသည်ဖြစ်စေ၊ အစားအသောက် ချက်ပြုတ်နေစဉ်ဖြစ်စေ၊ အိပ်ရာထဲတွင် လဲလျောင်းကာ ကိုယ်ဝန်ဆောင်များ လမ်းညွှန် စာအုပ်ဖြစ်သော What to Expect When You're Expectingကို အကြိမ် ကိုးရာခန့် ဖတ်နေလျှင်ဖြစ်စေ သမီးက အဖော်အဖြစ် ရှိနေသည်။

ချီကာဂို၏ နွေရက်များသည် ကျွန်မအတွက် အထူးတလည် သာယာလှသည်။ မိုးကောင်းကင်ကြီးက ညနေ အချိန်တော်တော်စောင်းသည်အထိ လင်းနေသည်။ မစ်ချီဂန်ကန်ကြီးထဲတွင် ရွက်လှေကလေးများ လူးလာသွားနေကြသည်။ ကျွန်မ နွေရာသီကို ချစ်သည်။ နိုင်ငံရေးအခြေအနေမှာလည်း ငြိမ်သက်နေပြီဖြစ်၍ ကျွန်မဘဝမှာ ပျော်စရာအတိပင်။

အခက်အခဲမရှိ ကိုယ်ဝန်ဆောင်နိုင်ခဲ့ပြီး ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက် နေ့ နံနက်တွင် ကျွန်မ ပထမဆုံးအကြိမ် မွေးဖွားတော့မည့်လက္ခဏာ ပြလာသည်။ ဘားရက်နှင့် ကျွန်မ ချီကာဂိုတက္ကသိုလ်ဆေးရုံသို့ သွားကြသည်။ မွေးဖွားခါနီးရက်ကို မှန်းကာ ရောက်လာခဲ့သော မာယာလည်း လိုက်ပါလာ၏။ အမေကလည်း ကျွန်မကို အားပေးရန် ရောက်နေသည်။ (ထိုနေ့မှာ အမေရိကန် လွတ်လပ်ရေးနေ့ ဖြစ်သည်) မစ်ရှီဂန်ကန်ကြီးတွင် တပျော်တပါး လာရောက်ကာ ဘာဘာကျူးကင် စားကြမည့်သူများ လာမည့်အချိန်ထက် စောနေသေးသည်။ ကန်ပတ်လည်၏ မြက်ခင်းများပေါ်တွင် အခင်းများခင်းကြကာ အလံများ တလွင့်လွင့် ထူထားကြမည်။

မြို့သူမြို့သားများ မီးရှူးမီးပန်းများဖောက်ကြသည့်အခါ ကန်ရေပြင်တွင် လှပသောအရိပ်များ မြင်ကြ ရမည်။ ကျွန်မတို့မှာ နိုင်ငံ့အရေးထက် မိသားစု အရေးကိုသာ အာရုံစိုက်နေကြရသည်။ မိသားစုအတွင်းသို့ မလီယာအဲန်အိုဘားမား ဟု အမည်တွင်မည့် သမီးကလေး ကျွန်မတို့ ကမ္ဘာအတွင်းသို့ ရောက်လာပေတော့မည်။

※ ※ ※

မိခင်ဘဝသည် အရာရာအတွက် စိုးရိမ်ပူပန်တတ်သူ၊ ကြိုတွေးတတ်သူ အဖြစ်ကို ရောက်စေသည်။ ကျွန်မ၏ လှုပ်ရှားမှုများ၊ ဆုံးဖြတ်ချက်များသည် နေ့စဉ်နှင့်အမျှ သမီးအပေါ်တွင်သာ မူတည်နေသည်။ တခြားကိစ္စဆောင်ရွက်ဖို့နေနေ သာသာ တွေးတောရန်ပင် အချိန်မပေးနိုင်လောက်အောင် မိခင်ဘဝက နေရာယူထားသည်။ ကျွန်မ ပင်ကိုစရိုက်ကပင်လျှင် အရာရာကို ကြိုတင်ပြင်ဆင်တတ်သူဖြစ်နေ သဖြင့် သမီးနှင့်ပတ်သက်လာသောအခါ ပိုဆိုးတော့သည်။ ဘားရက်နှင့် ကျွန်မက မလီယာကလေးကို အသေးစိတ်ကြည့်ကာ လေ့လာကြသည်။ သမီးနှုတ်ခမ်းကလေး မှာ ထူးခြားစွာ နှင်းဆီငုံ ကလေးကဲ့သို့ ဖူးဖူးကလေး ဖြစ်နေသည်။ ဆံပင်များက နက်မှောင်ကောက်ကွေးနေပြီး တစ်နေရာရာသို့ ငေးစိုက်ကြည့်နေတတ်၏။ သမီးကို ရေချိုးပေးပြီးလျှင် ရင်ခွင်၌ ဖက်ကာထားမိသည်။ သူ အစားစားနေလျှင်လည်း မျက်ခြည်မပြတ် ကြည့်နေမိသကဲ့သို့ အိပ်နေသောအချိန်များတွင်လည်း တစိမ့်စိမ့်ကြည့် နေမိ၏။ အနီးစိုသွား၍ လဲပေးရလျှင်လည်း သမီး၏ အနီးကို သေသေချာချာ လေ့လာ ကြည့်ရပြန်သည်။

သမီးသည် ပိစိကွေးကလေးသာရှိသေးသော်လည်း ကျွန်မတို့နှစ်ယောက်လုံး၏ ယုံကြည်ကိုးစားရသူဖြစ်သည်။ သမီးနှင့်ပတ်သက်၍ ကျွန်မမှာ သူ့အသက်ရှူ နေပုံကလေးကိုပင် တစ်နာရီမကကြာအောင် စိုက်ကြည့်နေမိသည်အထိ တန်ဖိုးထား ရသောရတနာတစ်ပါးပင် ဖြစ်တော့သည်။ ကလေးတစ်ယောက် အိမ်တစ်အိမ်တွင်ရှိလာပြီဆိုလျှင် ယခင်က ရှိခဲ့ဖူးသောအိမ်၏ စည်းကမ်းများလည်း အလိုလိုပျက်တော့သည်။ သမီးနှင့် နေရင်းကပင် ခြောက်လဆိုသောအချိန်သည်ပင် ကုန်ဆုံးသွားခဲ့သည်။ ဘားရက်နှင့်ကျွန်မ မိဘဘဝရောက်မှ ပြောင်းလဲသွားကြပုံများကိုပြောကာ ရယ်ဖြစ် ကြသည်။ သမီးမရှိစဉ်က ကျွန်မတို့နှစ်ယောက် ညစာအတူစားကြလျှင် ဥပဒေရေးရာ များအကြောင်း ပြောကြရင်း စားကြသောက်ကြသည်။ ကျွန်မက ပြည်သူ့မဟာမိတ် အဖွဲ့တွင်လုပ်ခဲ့စဉ်က ကြုံတွေ့ခဲ့ဖူးသည်များနှင့် နှိုင်းယှဉ်ကာ သူပြုပြင်မည့် ဥပဒေ ရေးရာကိစ္စများကို တိုင်ပင်နှီးနှောတတ်သည်။ ယခုအခါတွင်မူ သမီးအကြောင်းသည် သာ အဓိက ဖြစ်လာသည်။ သူက ဘယ်ပုံသိပ်သည်၊ ကျွန်မက ဘယ်သို့ သိပ်သည် စသဖြင့် သမီးနှင့်ပတ်သက်သည်တို့ကိုသာ ပြောဖြစ်ကြသည်။ မိဘအသစ်ကျပ်ချွတ် ဖြစ်လာသော ကျွန်မတို့အတွက် သမီးအကြောင်းမှာ ငြီးငွေ့ဖွယ်မရှိသော ခေါင်းစဉ် တစ်ခုပင်။ ကျွန်မတို့နှစ်ယောက် ဆုံမြဲဖြစ်သော သောကြာညများတွင် သမီးကိုလည်း လှည်းဖြင့်ထည့်ကာ ဇင်ဖန်ဒဲလ်သို့ ခေါ်ဆောင်သွားလေ့ရှိသည်။ သို့သော် ခပ်ကြာကြာ စောင့်ရမည့် အစားအသောက်များကို မစားဖြစ်ကြတော့ဘဲ ကလေး

မနေတတ်မထိုင် တတ်ဖြစ်မလာမီ ရနိုင်သည့်အစားများကိုသာ မှာစားကြတော့၏။

မလီယာမွေးပြီး လပေါင်းအတော်ကြာမှပင် ကျွန်မ ချီကာဂိုတက္ကသိုလ်မှ အလုပ်ကို ပြန်ဝင်ဖြစ်သည်။ ကျောင်းနှင့် ကျွန်မ ညှိလိုက်ကြသည်မှာ ကျွန်မ နေ့တစ်ဝက်သာ အလုပ်ဆင်းခွင့်ရရေး ဖြစ်သည်။ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် အစီအစဉ်ပင်ဖြစ်ပါသည်။ ထိုသို့ ညှိနှိုင်း၍ရခြင်းကြောင့် ကျွန်မ အစဉ်အားကျခဲ့သော မေရီတိုင်လာမိုး၊ မာရီယန်ရော်ဘင်ဆင်တို့ကဲ့သို့ တာဝန်ထမ်းဆောင်မှုလည်း မပျက်၊ မိခင်ဘဝလည်း မစွန့်လွှတ်ရဖြစ်ခဲ့သည်။ ကလေးထိန်းရန် အမျိုးသမီးတစ်ဦး ရရှိခဲ့သည်။ ဂလိုရီနာ ကာဆာဘဲလ်ဟု အမည်ရပြီး အသက်အရွယ်အားဖြင့် ကျွန်မထက် ဆယ်နှစ်ခန့် ကြီးသည်။ ကလေးကို အလွန်ဂရုစိုက်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် မွေးဖွား ခဲ့ပြီး သူနာပြုသင်တန်းတက်ရောက်ထားသည်။ သူ့တွင် သားနှစ်ယောက်ရှိ၏။ သူ့ နာမည်မှာ ဂလိုရီနာဖြစ်သော်လည်း အဖျားဆွတ်ကာ ဂလိုဟုသာ ခေါ်ကြသည်။ အရပ်ခပ်ပြတ်ပြတ်၊ ဆံပင်တိုတိုနှင့် ရွှေရောင်ကိုင်းနှင့် မျက်မှန်တပ်ထားသူ ဖြစ်သည်။ သူက အနီးလဲရာ၌ အလွန်ကျွမ်းကျင်သဖြင့် တစ်ဆယ့်နှစ်စက္ကန့်သာ ကြာပါသည်။ သူသည် သူနာပြုကောင်းတစ်ဦးဖြစ်ပြီး အလုပ်ကိုလည်း မခိုမကပ် လုပ်တတ်သည်။ ထို့ကြောင့် နောင်နှစ်ပေါင်းများစွာ ကြာသည့်တိုင် ကျွန်မတို့မိသားစု၏ အချစ်တော် တစ်ဦး ဖြစ်ခဲ့သည်။ သူ့အရည်အချင်းများထဲမှ ကျွန်မအနှစ်သက်ဆုံးမှာ သမီးအား အလွန်ချစ်ခင်ခြင်းပင် ဖြစ်၏။

ကျွန်မ နားမလည်သည့်ကိစ္စတစ်ခု ရှိသည်။ ထိုကိစ္စမှာ အချိန်ပိုင်း တာဝန်ထမ်းဆောင်သူဆိုသည့် ဝေါဟာရပင် ဖြစ်သည်။ ကျွန်မကဲ့သို့ပင် အတော်များများမှာလည်း အချိန်နှောင်းပြီးမှ နားလည်လာကြသည်ဟု ထင်သည်။ အချိန်ပြည့် လုပ်နေကျ တာဝန်များကို အချိန်ပိုင်းအတိုင်းအတာတစ်ခုအတွင်း ပြီးစီးအောင် ဆောင်ရွက်ရခြင်း မှာ တကယ်တမ်းတွင် ထောင်ချောက်တစ်ခုဟု ကျွန်မ မြင်သည်။ သူများတွေအတွက် မဖြစ်ဘူးဆိုလျှင်လည်း ကျွန်မအတွက် ဖြစ်ခဲ့သည်။ ရုံးတွင် ကျွန်မ တက်နေကျ အစည်းအဝေးမှန်သမျှ တက်သည်။ တာဝန်ချထားပါကလည်း ယူသည်။ အချိန်ပိုင်းဟု ဆိုသော်လည်း ကျွန်မတာဝန်က လျော့မသွား။ မူလအတိုင်း အပြည့်အဝ တာဝန်ယူရ သည်သာ ဖြစ်သည်။ ထူးခြားပြောင်းလဲသွားသည်က ကျွန်မ၏ လစာသာ ဖြစ်သည်။ မူလ လစာ၏ တစ်ဝက်သာရ၏။ ခွင့်ယူထားသည့်ကာလအတွင်း တင်ရှိနေသော အလုပ်ကြွေးများလည်း ရှင်းရသည်။ မနက်စောစော အစည်းအဝေးရှိသည့် ရက်များတွင် အစည်းဝေးချိန်မီရန် အတွက် မလီယာကို စောစောစီးစီး ကျွေးရသည်။ (မလီယာ ကလည်း ကျွန်မကိုယ်တိုင်ကျွေးလျှင် ပျော်ပျော်ရွှင်ရွှင် စားလေ့ရှိသည်။) မွန်းလွဲပိုင်း တွင် ချီကာဂိုမြောက်ပိုင်းရှိ ဂီတသင်တန်းကိုလည်း မီအောင်တက်ရသေးသည်။ တစ်ခါတစ်ရံတွင် ရုံးမှ မပြီးပြတ်ခဲ့သေးသောကိစ္စများကို

အိမ်ရောက်မှ ဖုန်းဆက်ရ သဖြင့် စိတ်မသန့် ဖြစ်ရပါသည်။ တစ်ခါတစ်ရံတွင် လူက ရုံးစားပွဲတွင်ထိုင်နေ သော်လည်း စိတ်က သမီးအကြောင်းတွေးနေမိတတ်သဖြင့် စိတ်မလုံရသည်မှာလည်း အခါခါပင်ဖြစ်သည်။ မလီယာက မြေပဲနှင့် လုံးဝမတည့်။ မြေပဲနံ့ရလျှင်ပင် ယားယံ တတ်သူဖြစ်၏။ အချိန်ပိုင်းအလုပ် လုပ်ရခြင်းကြောင့် ကျွန်မအတွက် လွတ်လပ်မှုရ လာပါသည်။ သို့သော် ကျွန်မစိတ်ထဲတွင် အလုပ်များကို တစ်ဝက်တစ်ပျက်သာ လုပ်ခဲ့ မိလေသလားဟု ခံစားမိတတ်သည်။

ထိုကာလအတွင်း ဘားရက်မှာ အခွင့်အရေးတစ်ရပ် ကြုံလာပြန်သည်။ မလီယာမွေးဖွားပြီး လအနည်းငယ်အကြာတွင် ဘားရက်ကို အထက်လွှတ်တော် (ဆီးနိတ်)အမတ် အဖြစ် သက်တမ်းလေးနှစ် အတွက် ၈၉% မဲ ရရှိကာ အရွေးခံရသည်။ သူက လွှတ်တော်အမတ်များကြား ရေပန်းစား၊ လူချစ်လူခင်ပေါများသူ ဖြစ်သည်။ ထိုကာလကပင် သူ့ရင်ထဲ၌ ထိုထက်ပိုမိုသောကိစ္စအတွက် စိတ်ကူးရှိနှင့်နေပြီ ဖြစ်သည်။ လေးနှစ်သက်တမ်းရှိသောအောက်လွှတ်တော် (ကွန်ဂရက်) အမတ်နေရာကို ဒီမိုကရက်တစ်ပါတီမှ ဘော်ဘီရပ်ရှ်နှင့် ယှဉ်ပြိုင်အရွေးခံခြင်းပင် ဖြစ်သည်။ လွှတ်တော်အမတ်အဖြစ် သူဝင်ပြိုင်သင့် မပြိုင်သင့်ဆိုသည်ကို ကျွန်မ မသိပါ။ ရပ်ရှ်က လူသိများသော ပုဂ္ဂိုလ်ဖြစ်သော်လည်း ထူးထူးခြားခြား ဘားရက်နိုင်လိမ့်မည်ဟု ကျွန်မ ယုံကြည်နေမိသည်။ သို့သော် ဘားရက်သည် ယခုအခါတွင် နိုင်ငံရေးသမား တစ်ယောက်ဖြစ်နေပြီဖြစ်သည့်အပြင် အထက်လွှတ်တော်မှ ဒီမိုကရက်တစ်များက လည်း သူ့ကို သဘောကျကြသည်။ သူ့ကို အားပေးနေကြသူများက ဝင်ရောက်ယှဉ် ပြိုင်စေလိုကြသည်။ သူနှင့် ရင်းနှီးသူတချို့က မဲဆန္ဒရှင်တချို့ကို စစ်တမ်းကောက် ကြည့်ရာတွင် ဘားရက်နိုင်မည်ဟု အဖြေထွက်သည် ဆို၏။ ထို့ကြောင့် ကျွန်မက လည်း ကျွန်မခင်ပွန်းသာ နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ရှေ့တွင် ရောက်လာသော အခွင့်အရေးတစ်ခုကို သူ မရှောင်သင့်ပေ။

၁၉၉၉ ခုနှစ် ခရစ္စမတ်ကာလတွင် မလီယာမှာ တစ်ဆယ့်ရှစ်လအရွယ်ရပြီ ဖြစ်၍ ဟာဝိုင်ယီရှိ သူ့ဘွားအေကြီး တွတ်ဒ်အား ပြရန်အတွက် ခေါ်ဆောင်သွားကြသည်။ တွတ်ဒ်က အသက် ခုနစ်ဆယ့်ခုနစ်အရွယ်ရှိနေပြီဖြစ်ပြီး သူ ဆယ်စုနှစ်ပေါင်း များစွာ နေလာခဲ့သော အထပ်မြင့်အခန်းတွင် နေနေဆဲဖြစ်သည်။ မိသားစုဝင်များ တစ်နှစ်လျှင် တစ်ကြိမ်မျှ တွတ်ဒ်ကို သွားတွေ့ကြမြဲဖြစ်သည်။ သို့မှသာ တွတ်ဒ်အနေ ဖြင့် သူ့မြေးနှင့်မြစ်တို့ကို တွေ့နိုင်မည်ဖြစ်သည်။ ဆောင်းဥတုက ချီကာဂိုသို့ နောက် တစ်ကြိမ် ဝင်လာခဲ့ပြန်ပြီ။ ကောင်းကင်ပြာပြာအောက်တွင် တိုက်ခတ်နေသော လေဒဏ်ကို ခံနေကြရသည်။ ကျွန်မတို့ မိသားစုအတွက် ဝါကီကီကမ်းခြေအနီးတွင် ဟိုတယ်အခန်းတစ်ခု ငှားရမ်းထားလိုက်ကြသည်။ ဘားရက်၏ တက္ကသိုလ်တွင် ဥပဒေပညာသင်ကြားမှုမှာလည်း ကျောင်းပိတ်ရက်ဖြစ်ရာ အားလပ်နေသည်။ ကျွန်မ

မှာမူ ရုံးနှင့်အဆက်မပြတ် အလုပ်လုပ်နေရဆဲဖြစ်သည်။ နိုင်ငံရေးကလည်း သူ့အရှိန်နှင့်သူ သွားနေမြဲပင်။

ထိုကာလတွင် အီလီနွိုက်မှ အထက်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ရာဇဝတ်မှုတစ်ခုနှင့် ပတ်သက်၍ ပြဿနာပေါ်လာသည်။ လစ်လပ်သွားသည့်နေရာအတွက် ခရစ္စမတ်အားလပ်ရက်မတိုင်မီပင် ရွေးကောက်ပွဲကျင်းပဖို့ ဖြစ်လာသည်။ စပရင်းဖီးလ်သို့ ရောက်နေသော ဘားရက်က ကျွန်မတို့ စီစဉ်ထားသည့် အပန်းဖြေခရီးကိစ္စ ရက်အနည်းငယ်ဆိုင်းငံ့ထားရန် အကြောင်းကြားလာသည်။ ထိုသတင်းသည် ကျွန်မအတွက် သတင်းကောင်းမဟုတ်သော်လည်း သူ့အတွက်မှာမူ အခွင့်ကောင်းတစ် ရပ်ဖြစ်သည်။ ကျွန်မကမူ တွတ်ဒ်တစ်ယောက်တည်း ခရစ္စမတ်ကာလကို မကျော်ဖြတ် စေချင်ပေ။ ထို့ပြင် ဘားရက်နှင့်ကျွန်မတို့ နှစ်ယောက်စလုံးမှာလည်း အနားယူရန် လိုအပ်ပါသည်။

ဘားရက်က မူလစီစဉ်ထားသည့်အတိုင်း အောက်လွှတ်တော်အမတ်နေရာကို ဝင်ပြိုင်သည်။ နောင်တွင် သူက သတင်းထောက်တစ်ဦးနှင့် တွေ့ဆုံဖြေကြားရာ၌ သူသည် မဲဆွယ်သည့်ကာလ ခြောက်လကျော်အတွင်း အိမ်တွင် လေးရက်သာ သမီးနှင့် နေနိုင်ခဲ့သည်ဟု ဖြေကြားခဲ့သည်။ မဲဆွယ်ရခြင်းအတွက်ရရှိခဲ့သော ဝေဒနာအစစ် အမှန်ပင်ဖြစ်ပါသည်။ အခြားသောတာဝန်များအပြင် တချက်ချက်မြည်ကာသွားနေသော နာရီစက္ကန့်သံများက သူ့အား မတ်လတွင် ကျင်းပမည့် ရွေးကောက်ပွဲ တစ်စတစ်စ နီးလာနေပြီကို သတိပေးနေသည်။ စက္ကန့်မိနစ်တို့က ထွက်ပေါ်လာမည့် အဖြေကို ကြားသိနိုင်ရန်လည်း သတိပေးနေသည်။ မဲဆွယ်ရေးကာလတွင် အမတ်လောင်း တစ်ယောက်သည် သူ့မိသားစုနှင့် အတူနေကာ အချိန်မဖြုန်းသင့် ဆိုသည်ကိုလည်း ကျွန်မ သဘောပေါက်ပါသည်။

နိုင်ငံရေးလှုပ်ရှားမှုတွေက အပြောင်းအလဲမြန်လွန်းသဖြင့် ကျွန်မကလည်း မျက်ခြည်ပြတ်မခံ နေ့စဉ် လေ့လာနေမိသည်။ နောက်ဆုံးတွင် ဘားရက်က ဖြစ်လာသမျှကို ရင်ဆိုင်နိုင်ရန် အားမွေးဖို့ ပြောကြားသဖြင့် လေ့လာခြင်းမပြုတော့ဘဲ ထားလိုက်သည်။ ကျွန်မစိတ်ထဲတွင် ဘားရက် ရှုံးနိမ့်သွားပါက နိုင်ငံရေးတွင် စိတ်ကုန်သွားပြီး အခြားတစ်ဖက်သို့ လှည့်သွားလိမ့်မည် ထင်သည်။ ဖောင်ဒေးရှင်းကို ဦးဆောင်ဦးရွက် ပြုစေချင်သည်။ ဖောင်ဒေးရှင်းအလုပ်လုပ်နေစဉ်က ညစာကို အိမ်ပြန် စားနိုင်ခဲ့သေးသည်။

ဒီဇင်ဘာလ ၂၃ ရက်နေ့မှပင် ဟာဝိုင်ယီသို့ သွားဖြစ်ကြသည်။ မူလစီစဉ်ထားသည့်အတိုင်း ဝါကီကီကမ်းခြေမှ ဟိုတယ်တွင် တည်းဖြစ်ကြပြီး မလီယာကလေးအတွက်လည်း အဆင်ပြေခဲ့သည်။ ကမ်းခြေတစ်လျှောက်တွင် တောက်တောက်တောက်တောက်သွားပြီး လှိုင်းများပြေလျောကာ သူ့အနီးသို့ ရောက်လာခဲ့

သည်ကိုလည်း တခစ်ခစ်နှင့် သဘောကျနေသည်။ ခရစ္စမတ်ကာလကို ကျွန်မတို့ တွတ်ဒ်အခန်းမှာပင် ပျော်ရွှင်စွာ ကျင်းပဖြစ်ကြသည်။ လက်ဆောင်ထုပ်တွေ ဖောက်ကာ ပျော်ကြသည်။ အရုပ်ဆက်ကစားရသော Jigsaw ကစားနည်းကို ဝါသနာပါသော တွတ်ဒ်က စားပွဲကြီးပေါ်တွင် အစိတ်အပိုင်းပေါင်း ၅၀၀၀ ပါဝင်သော အပိုင်းအစ များကို ဆက်နေသည်။ နေ့စဉ်နှင့်အမျှ ပင်လယ်လေညင်းခံကြသည်။ သမီးမှာလည်း ပျော်မဆုံးရှိနေ၏။ နေ့စဉ်နှင့်အမျှ သတင်းစာများက သတိပေးဖော်ပြနေကြသည့် သတင်းခေါင်းစဉ်များကြောင့် ကျွန်မတို့ မကြာမီပင် ထောင်စုနှစ်အသစ်ဆီသို့ ကူးပြောင်းကြရတော့မည်ဆိုသည်ကိုလည်း သတိထားမိ၏။ ၁၉၉၉ ခုနှစ်၏ နောက် ဆုံးနေ့များကို ကျော်ဖြတ်ရန်အတွက် ကျွန်မတို့မိသားစုမှာ ချစ်ဖွယ်ကောင်းလှသည့် နေရာသို့ ရောက်ရှိနေကြသည်။

အစစအရာရာ အဆင်ပြေချောမွေ့နေဆဲမှာပင် ဘားရက်ထံသို့ တစ်စုံ တစ်ယောက်က ဖုန်းဆက်သွယ်လာခဲ့၏။ ထိုသူက ဆီးနိတ်အမတ်၏ ရာဇဝတ်မှု အပြီး အပြတ်ဆုံးဖြတ်ပြီးမှသာလျှင် အမတ်နေရာအတွက် ရွေးချယ်လိမ့်မည်ဟု သတင်းပေး လာခြင်းဖြစ်သည်။ အကယ်၍ ဘားရက်အနေဖြင့် မဲခွဲဆုံးဖြတ်ရာတွင် ပါဝင်မဲပေးလို သည်ဆိုပါက နောက် လေးဆယ့်ရှစ်နာရီအတွင်း စပရင်းဖီးလ်သို့ ပြန်ရောက်ရမည် ဖြစ်သည်။ နာရီသံချက်ချက်မြန်လေပြီ။ သူ ဘာလုပ်မည်ဆိုသည်ကိုသာ ကျွန်မ စောင့် ကြည့်နေလိုက်သည်။ ဘားရက်က ချက်ချင်းပင် ကျွန်မတို့ အပြန်ခရီးစဉ်ကို ပြင်လိုက်သည်။ နောက်တစ်နေ့ ပြန်ကြမည်ဖြစ်သည်။ ကျွန်မတို့တွင် ရွေးချယ်ရန် လမ်းမရှိတော့ပေ။ ကျွန်မက သမီးနှင့် နှစ်ယောက်တည်း နေရစ်ရန် စဉ်းစားမိသေးသည်။ သို့သော် မသင့်တော်ပေ။ နိုင်ငံရေးသမားတစ်ယောက်၏ ဇနီးမယားတစ်ယောက်အနေ ဖြင့် သူနှင့်ထပ်တူခံစားနိုင်ရမည် ဖြစ်သည်။ သူ မဲပေးရန်ကိစ္စမှာလည်း အရေးကြီးပါသည်။ တင်ပြမည့် ဥပဒေကြမ်းတွင် လက်နက်ကိုင်ဆောင်မှုကို ထိန်းချုပ်ရေးကိစ္စ လည်း ပါဝင်သည်။ ထိုကိစ္စမှာ ဘားရက်ကိုယ်တိုင် အပတ်တကုတ် ကြိုးစားတင်ပြ ထားသည့်ကိစ္စ ဖြစ်သည်။ အတည်ပြုမည့် ဥပဒေကို မဲခွဲမည်ဖြစ်ရာ လွှတ်တော်ကိုယ် စားလှယ်တစ်ဦး၏ မဲတစ်မဲမှာလည်း အရေးပါလှပါသည်။ ကျွန်မတို့ အိမ်ပြန်ကြ ပါမည်။

သို့သော် မမျှော်လင့်ထားသည့်ကိစ္စတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ မလီယာက ကောက်ကာငင်ကာ အဖျားကြီးနေသည်။ နေ့ခင်းက ပင်လယ်ကမ်းစပ် တွင် ဆော့ကစားနေပါလျက် ညကျမှ ဖျားလာခြင်း ဖြစ်သည်။ ကလေးမှာ မျက်လုံးလေး ကလယ်ကလယ်ဖြစ်နေပြီး တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေဟန် ရှိ၏။အသက် ငယ်လွန်းသေးသဖြင့် သူခံစားနေရသည်ကိုလည်း မပြောတတ်ရှာပေ။ ကျွန်မတို့ သူ့ကို တိုင်လီနောဆေး တိုက်လိုက်ကြသည်။ သို့သော် ထိရောက်မှုမရှိ။ ဘာကြောင့်များ သမီးက ခုမှ ကောက်ကာငင်ကာ ဖျားရပါသလဲ မစဉ်းစားတတ်ပါ။

သမီးခံစား နေရသည်ကို ထိုင်ကြည့်နေမိသည်။ မသက်မသာကြားမှပင် သူ အိပ်ပျော်သွားရှာ၏။ လေယာဉ်စီးရန်မှာလည်း နာရီပိုင်းသာ လိုပါတော့သည်။ ဘားရက် မျက်နှာကိုကြည့် လိုက်သောအခါတွင် သူလည်း ဝေခွဲရခက်နေသည်ကို တွေ့ရ၏။ ကျွန်မတို့ ဘာဆက် လုပ်ကြမည်ဆိုသည်ကို သူသာ ဆုံးဖြတ်ရတော့မည်။

"ကလေးက လေယာဉ်စီးလို့ မဖြစ်တာတော့ သေချာတယ် ဘားရက်"

"ဟုတ်တယ်လေ၊ အဲဒါကို ကိုယ်သိပါတယ်"

"လေယာဉ်ခရီးစဉ် ပြန်ပြောင်းရမယ် ထင်တယ်"

"ကိုယ် သိပါတယ်"

နှစ်ယောက်သား မပြောဘဲ နားလည်လိုက်သည်က သူတစ်ယောက်တည်း ပြန်နှင့်ရန် ဖြစ်သည်။ ဟိုတယ်မှ ထွက်ပြီး အငှားကားတစ်စီးဖြင့် လေယာဉ်ကွင်းသို့ သွားလိုက်ရုံမျှဖြင့် သူပေးရမည့်မဲကို ပေးလိုက်နိုင်မည်ဖြစ်သည်။ ဖျားနေသော သမီးငယ်နှင့် ထိတ်လန့်တုန်လှုပ်နေသော ဇနီးသည်တို့ကို ပစိဖိတ်သမုဒ္ဒရာ တစ်ဖက်ကမ်းတွင် ထားခဲ့ကာ သူ့နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များရှိရာသို့ သွားမည်လော။ သူ စိတ်ကြိုက်ဆုံးဖြတ်နိုင်ပါသည်။ ကလေး ဘာဖြစ်မည်ဆိုသည်ကို မသိနိုင်သေးသဖြင့် ကျွန်မ ကြောက်နေသည်မှာ အမှန်ပင်။ သို့သော် သူ့ကို ဘယ်လိုလုပ်ပါဟု အကြံမပေးလိုပါ။ သူ့ဆုံးဖြတ်သည်ကိုသာ ကျွန်မ နာခံပါမည်။ အကယ်၍ ကလေးက အဖျားမကျဘဲ ပိုဆိုးလာခဲ့လျှင်၊ ဆေးရုံတင်ရမည်ဟု ဆိုပါလျှင် ကျွန်မ ဘာလုပ်ရမည်နည်း။ ကမ္ဘာတစ်ဝန်းတွင်လည်း နှစ်ထောင်ပြည့်နှစ်နှင့် ပတ်သက်၍ ကောလာဟလမျိုးစုံ ထွက်ပေါ်နေသဖြင့် ပုန်းခိုရန် နေရာရှာသူတွေက ရှာနေကြသည်။ နှစ်ထောင်ပြည့်နှစ်သို့ ကူးပြောင်းသည်နှင့် ကွန်ပျူတာအားလုံး ရပ်ဆိုင်းသွားလိမ့်မည် ဟုလည်း ဟောကိန်းထုတ်နေကြသည်။ မဖြစ်ခဲ့လျှင် ကောင်းသော်လည်း ဖြစ်ခဲ့သည် ရှိသော် တွေးစရာပင်။ သူတစ်ယောက်တည်း သွားဖို့များ တွေးနေသလား။

အဖြေက သူ မသွားဟု ဆိုသည်။ သူ ဘယ်တော့မှ မသွားဟု ဆို၏။ ထိုနေ့က သူ သက်ဆိုင်ရာသို့ ဖုန်းဆက်ကာ လာရောက်မဲပေးနိုင်မည်မဟုတ်ကြောင်း အကြောင်းကြားနေသည်ကို သိသော်လည်း ကျွန်မ နားထောင်မနေတော့ပါ။ သမီးအဖျားကျရေးကိုသာ ဂရုစိုက်နေခဲ့သည်။ သူကလည်း ဖုန်းပြောပြီးသည်နှင့် သမီး အပါးသို့ ရောက်လာ၏။ သမီးသည်သာ ကျွန်မတို့နှစ်ယောက်၏ဘဝ ဖြစ်ပေသည်။ ဘားရက်ကိုယ်တိုင်ကလည်း သမီးကိုသာ ဦးစားပေးရွေးချယ်ခဲ့လေပြီ။

နောက်ဆုံးတွင် နှစ်ထောင်ပြည့်နှစ်သို့ ကူးပြောင်းခဲ့ကြသည်။

ကြိုတင်ဟောကိန်း ထုတ်ခဲ့ကြသည်များလည်း တစ်ခုမျှ ဖြစ်မလာခဲ့ပေ။ နောက်နှစ်ရက်ခန့် ကြာသောအခါ သမီးသည် နားလိုက်ရသည်က တစ်ကြောင်း၊ ပဋိဇီဝဆေးများ တိုက်ကျွေး သည်ကတစ်ကြောင်းတို့ကြောင့် ပြန်လည် ကျန်းမာလာခဲ့သည်။ နားကိုက်နေသည်မှာလည်း ပျောက်သွားသဖြင့် ကလေးသဘာဝအတိုင်း ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်။ ကျွန်မတို့ဘဝမှာလည်း ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့၏။ ဟိုနိုလူလူ၏ ကောင်းကင်ကြီး ပြာလဲ့လှပနေသော နေ့တစ်နေ့တွင် ကျွန်မတို့ လေယာဉ်ဖြင့် ပြန်ခဲ့ကြ၏။ ချီကာဂို၏ ဆောင်းက အေးမြသောလေများကို မြားအစင်းပေါင်းများစွာ ပစ်လွှတ်နေသကဲ့သို့ ရှိနေဆဲပင်။ ဘားရက်ကမူ နိုင်ငံရေးလောကတွင် သူ့ပျက်ကွက်မှုအတွက် အဖတ်ဆယ်ရပေဦးမည်။

ပြစ်မှုနှင့်ပတ်သက်၍ ဥပဒေပြုရန် တင်ပြသောအဆိုပြုချက်မှာ ရှုံးနိမ့်သွားခဲ့သည်။ ငါးမဲနှင့် ကပ်၍ ရှုံးသွားခြင်းပင် ဖြစ်၏။ မိန်းမတစ်ယောက်ဖြစ်သော ကျွန်မအနေနှင့်မူ ဘားရက် အချိန်မီရောက်လာကာ မဲပေးစေဦးတော့ ရှုံးမည်သာဖြစ် သည်ဟု မိန်းမတွက်,တွက်မိသည်။ သို့သော် ဘားရက်ကမူ သူ မရှိလိုက်သည့် အချိန်ဖြစ်သဖြင့် ရှုံးလိုက်ရသည်ဟု စိတ်မကောင်းဖြစ်ပုံရပါသည်။ သူနှင့် ပြိုင်ဘက် များကမူ ဘားရက်သည် အဆိုတစ်ခုကို တင်သွင်းထားခဲ့သော်လည်း မဲပေးရန် ပျက်ကွက်ခဲ့ပြီး ဟာဝိုင်ယီတွင် အပန်းဖြေသွားနေသူအဖြစ် ပြစ်တင်ရှုတ်ချကြသည်။

ကွန်ဂရက်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဘော်ဘီရပ်ရှ်မှာ လွန်ခဲ့သည့် လ အနည်းငယ်ကပင် ချီကာဂို၌ သေနတ်ကိုင် လူရမ်းကားတစ်ဦးကြောင့် မိသားစုဝင် တစ်ဦး ဆုံးရှုံးထားရသူဖြစ်သည်။ ထို့ကြောင့် ဘားရက် အဆိုပြုထားသော လက်နက် ထိန်းချုပ်ရေးကိစ္စမှာ အရေးပါလှပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက ဘားရက်၏ဇာတိမှာ ဟာဝိုင်ယီဖြစ်ကြောင်း မသိရှိကြဘဲ ဘွားအေကြီးထံ အလည် အပတ်သွားသည်ဟုသာ သိထားကြသည်။ အချိန်မီ ပြန်မလာနိုင်သည်မှာ သမီး နေမကောင်းဖြစ်၍ ဆိုသည်ကိုလည်း သိထားကြပါသည်။ အရေးကြီးသည်က ဆန္ဒမဲမပေးနိုင်ခဲ့ခြင်းသာ ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ သတင်းစာများက မဲခွဲသည့်နေ့တွင် မဲမပေးနိုင်ဘဲ ပျက်ကွက်ခဲ့ကြသူများကို အတော်ပင်ရှုတ်ချကာ ရေး သားခဲ့ကြသည်။ The Chicago Tribune သတင်းစာက ဆိုလျှင် အယ်ဒီတာ့အာဘော် အခန်း၌ မဲမပေးခဲ့ကြသူများကို “ဦးနှောက်မရှိသော သိုးများ”ဟုပင် တင်စားရေးသားခဲ့ ပါသည်။ ဘားရက်နှင့် ပြိုင်ဘက်ဖြစ်သော အခြား ဆီးနိတ်တာတစ်ဦးဖြစ်သည့် ဒေါန်ထရော့တာကမူ “ကလေးကို အကြောင်းပြပြီး အလုပ်မသွားတာဟာလည်း အဲဒီလူရဲ့ အရည်အချင်းကို ပြသရာရောက်တာပဲ”ဟု တိုက်ခိုက်ခဲ့သည်။

ကျွန်မအနေနှင့် သတင်းများထဲတွင် ကျွန်မမိသားစုအား တိုက်ခိုက်ရေးသားခြင်း တစ်ကြိမ်တစ်ခါမျှ ခံစားဖူးခြင်းမရှိသောကြောင့် ထူးထူးခြားခြား ခံစားရသည်။ ကျွန်မခင်ပွန်းသည်၏ စာရိတ္တနှင့်ပတ်သက်၍ ဤသို့ တစ်ကြိမ်တစ်ခါမျှ ရေးသားခြင်း မခံရဖူးပါ။ မှန်ကန်သော၊ ကောင်းမွန်သော ဆုံးဖြတ်ချက်တစ်ခု ချမှတ်နိုင်ရန် ကျွန်မ တွင်လည်း တာဝန်ရှိသည်ဟု နားလည်လာခဲ့သည်။ ကျွန်မကို ငဲ့ကွက်ခဲ့မှုကြောင့် သူပေးဆပ်ရသည်မှာ တန်ဖိုးကြီးလှသည်။ ကျွန်မတို့ ပတ်ဝန်းကျင်၌သာ ထုတ်ဝေ သော သတင်းစာတစ်စောင်တွင် ဘားရက်က သူ ဘာကြောင့် ဟာဝိုင်ယီတွင် ကျွန်မတို့ သားအမိနှင့် နေထိုင်ရန် ရွေးချယ်ခဲ့သည်ဆိုသည်ကို ပြန်လည် ရေးသားခဲ့သည်။ "နိုင်ငံရေးသမားများက မိသားစုနဲ့ ပတ်သက်ပြီး ပြောကြဆိုကြတာကို ကျွန်တော် အများကြီးကြားခွင့်ရခဲ့ပါတယ်။ ကိုယ်တိုင်ကြုံတွေ့လာတဲ့အခါမှ မိသားစု တန်ဖိုးကို ပိုနားလည်လာကြပါလိမ့်မယ်" ဟု ဖြစ်သည်။

ကျွန်မသမီး နားကိုက်လိုက်ခြင်းက ဘားရက် သုံးနှစ်လုံးလုံး ဆီးနိတ်တွင် လုပ်ကိုင်ခဲ့သည်များကို ဖျက်ဆီးပစ်လိုက်သကဲ့သို့ ဖြစ်သွားသည်။ သူက ပြည်နယ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကာ ရွေးချယ်ခြင်းခံရသော ပုဂ္ဂိုလ်များ၏ မဲဆွယ်အသုံးစရိတ်ကို ထိန်းချုပ်နိုင်ရန် ဥပဒေပြုသင့်ကြောင်း တင်ပြသည်။ အခွန်လျှော့ချရေး၊ ဆင်းရဲသားများ၏ ကြွေးမြီများလျှော်ပစ်ရေး၊ သက်ကြီးရွယ်အိုများ သုံးစွဲရသည့် ဆေးဝါးများ ကုန်ကျစရိတ် လျှော့ချရေးတို့ကိုလည်း တင်ပြခဲ့သည်။ သူ့ကို အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ ပြည်နယ်အသီးသီးမှ ဥပဒေပြုပုဂ္ဂိုလ်များ က ယုံကြည်စိတ်ချကြသည်။ ရီပါဘလစ်ကင်မှရော၊ ဒီမိုကရက်တစ်ကပါ စိတ်ချကြသည်။ ခုတော့ဖြင့် မည်သူကမျှ အရေးမစိုက်ကြတော့ပြီ။ လူမျိုးကွဲပြားနေခြင်းက လည်း ထိုသူတို့အတွက် အသုံးချစရာ တရားမဝင်တိုက်ကွက်တို့ ဖြစ်လာစေခဲ့သည်။

ဘားရက် မဲဆွယ်ချိန်မှစတင်ကာ သူ့ပြိုင်ဘက်များက အာဖရိကန်-အမေရိကန်လူမျိုး မဲဆန္ဒရှင်များကြားတွင် မမှန်သတင်းများ ဖြန့်ကြသည်။ ဘားရက်သည် လူဖြူတို့၏ လက်ကိုင်တုတ်အဖြစ် အသုံးချခံရသူသာဖြစ်၍ မဲမပေးရန် စည်းရုံးကြသည်။ ထို့နည်းအတူ လူဖြူ ဂျူးလူမျိုးတို့ကိုလည်း တောင်ပိုင်းဒေသတွင် စည်းရုံးကြသည်။ တောင်ပိုင်းဒေသမှာ ဘားရက်အား လေးစားအားကျကြသူများ၌ စည်းရုံးကြခြင်းပင် ဖြစ်သည်။ "တကယ်တော့ ဘားရက်က လူမည်းသာဖြစ်နေတာ၊ သူ့စိတ်ဓာတ်က လူဖြူတွေနဲ့ တစ်ထပ်တည်း"ဟု ဆိုကြသည်။ ထိုကဲ့သို့ စတင်ပြောကြားခဲ့သူမှာလည်း ဘားရက်၏ ပြိုင်ဘက်ဖြစ်သူ ဒေါန်ထရေ့တာပင် ဖြစ်သည်။ သူက ထိုစကားကို Chicago Reader သတင်းစာသို့ ပြောကြားခဲ့သည်။ ထိုသတင်းစာမှာပင် ဘော်ဘီရပ်ရှ်ကလည်း "သူက ဟားဗတ်တက္ကသိုလ်က ဆင်းလာတာဆိုတော့ ပညာတတ်အရူးတစ်ယောက် ဖြစ်နေတာပေါ့။ ကျွန်တော်တို့ကတော့

ဘာဒီဂရီ တွေပဲရရ သူ့ကို အထင်မကြီးပါဘူး”ဟု ဆိုပြန်သည်။ တစ်နည်းပြောရလျှင် သူဆိုလို သည်မှာ ဘားရက်သည် သူတို့နှင့် တစ်အုပ်စုတည်း မဟုတ်ကြောင်း ထုတ်ဖော်ပြော ကြားလိုက်ခြင်းပင် ဖြစ်သည်။ ဘားရက်သည် သူတို့ကဲ့သို့ လူမည်းစစ်စစ် မဟုတ်ပေ။ ထို့ကြောင့် သူတို့ကဲ့သို့သော စကားမပြော၊ သူတို့ကဲ့သို့ မပြုမူ၊ သူတို့ မဖတ်နိုင်သော စာအုပ်ပေါင်းများစွာကို ဖတ်ခဲ့သူ ဖြစ်၏။

ကျွန်မ စိတ်ရှုပ်မိသည်မှာ တောင်ပိုင်းဒေသရှိ လူမည်းမိဘများက သူတို့ ကလေးများအတွက် ဖြစ်စေချင်သည့် အရာမှန်သမျှကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးစား နေခြင်း ဖြစ်သည်။ သူသည် ဘော်ဘီရပ်ရှ်၊ ဂျက်ဆီဂျက်ဆင်ကဲ့သို့သော လူမည်းခေါင်း ဆောင်များ အနှစ်နှစ်အလလက ပြောကြားခဲ့ကြသော လူမည်းများအတွက် ဖြစ်စေ ချင်သောဆန္ဒများကို ဖြည့်ဆည်းပေးချင်နေသည်။ သူက ပညာတတ်တစ်ယောက် ဖြစ်သည်။ အနှစ်နှစ်အလလက ပစ်ပယ်ထားခဲ့ကြသော လူမည်းများ အာဖရိကန်-အမေရိကန်တို့၏အရေးကို ထမ်းဆောင်ပေးလိုသည်။ ရွေးကောက်ပွဲဝင်မည့် ဘားရက် နှင့် ပတ်သက်၍ တစ်ဖက် ပြိုင်ဘက်များက သူ မလုပ်သည်များကို လုပ်ကြံသတင်း လွှင့်ထားကြသည်။ ခေါင်းဆောင်ပိုင်းမှ လူများကလည်း ဘားရက်သည် သူတို့အတွက် အန္တရာယ်ပြုလာမည့်သူတစ်ဦးအဖြစ် မြင်နေကြသည်။ လူမျိုးရေးကိစ္စ၊ အဆင့်အတန်း ကိစ္စတို့ကိုပါ စကားပြောလာကြသည်။ ကျွန်မ တော်တော်ပင် စိတ်ပျက်မိသည်။

ဘားရက်ကိုယ်တိုင်ကမူ ကျွန်မထက် ပိုခံစားရပေမည်။ စပရင်းဖီးလ်တွင် ကျင်းပသော ရွေးကောက်ပွဲ၌ နိုင်ငံရေးခြေထိုးမှုများစွာ ကြုံတွေ့ခဲ့ရသည်။ သို့သော် အမှန်တရားက အချိန်တန်လျှင် ပေါ်ပေါက်လာမြဲသာ ဖြစ်သည်။ အလဲလဲ အကွဲကွဲ ဒဏ်ရာရနေသော်လည်း ဘားရက်သည် အရှုံးမပေးသော စိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခံသည်။ ဆောင်းရာသီတစ်လျှောက်လုံး စည်းရုံးရေးဆင်း၏။ စပရင်းဖီးလ်သို့ အပတ်စဉ်ပင် သွားချည်လာလှည့်လုပ်ကာ ကောလာဟလမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံကာ တွန်းလှန်၏။ သူ့အား ထောက်ပံ့အားပေးကြသော အလှူရှင်များမှာလည်း တစ်စထက်တစ်စ လျော့နည်းလာပြီး ဘော်ဘီရပ်ရှ်ဘက်သို့ ကူးပြောင်းသွားကြသည်။

နာရီသံ တချက်ချက်နှင့် အချိန်များ ရွေ့ပြောင်းလာသည်နှင့်အမျှ မလီယာနှင့် ကျွန်မမှာ သူ့အား တွေ့နိုင်ခွင့် ပိုနည်းလာခဲ့သည်။ သို့သော် ညတိုင်း ကောင်းသောညပါဟု သူ့နှုတ်ဆက်သံကိုမူ ကြားခွင့်ရခဲ့ပါသည်။

မတွေ့ရ၊ မမြင်ရသောကာလများတွင် နှစ်ယောက်အတူသွားခဲ့ကြသော ဟာဝိုင်ယီခရီးစဉ်မှ ပင်လယ်ကမ်းစပ်တွင် နှစ်ယောက်အတူ ပျော်ခွင့်ရခဲ့သည်များကို တွေးကာ ကျေနပ်နေမိသည်။ သူလည်း ကျွန်မနည်းတူ သတိရနေမည်ဆိုသည်ကို

သိပါသည်။ အလုပ်တာဝန်အရ ဝေးနေကြရသော်လည်း သူ သတိရနေပါလိမ့်မည်။ သူသည် အရာရာကို အလေးအနက်ထားတတ်သူ ဖြစ်သည်။ ကျွန်မတို့သားအမိနှင့် ဝေးနေရခြင်းကြောင့် သူလည်း ခံစားနေရသည်ကို ညစဉ် သူ့နှုတ်ဆက်သံကို ကြားရခြင်းအားဖြင့် ကျွန်မ သိပါသည်။ သူ့မှာ နိုင်ငံရေးနှင့် မိသားစုအရေးကြား ဗျာများနေပုံရပါသည်။

မတ်လတွင် ကျင်းပသော ဒီမိုကရက်တစ်ပါတီ အခြေခံရွေးကောက်ပွဲ၌ ဘားရက် ရှုံးနိမ့်သွားပြီး ဘော်ဘီရပ်ရှ်က အောင်ပွဲခံသွားပါသည်။ သတင်းကြားရချိန်၌ သမီးလေး မလီယာကိုသာ ကျွန်မ တင်းတင်းကျပ်ကျပ် ဖက်ထားမိပါတော့သည်။

ထို့နောက်တွင် ကျွန်မတို့အတွက် ဒုတိယမြောက်သမီးလေး ရရှိလာခဲ့သည်။ သူ့အမည်ကို “နာတာရှာ မာရီယန် အိုဘားမား” ဟု ကင်ပွန်းတပ်လိုက်ကြ၏။ ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့၌ သမီးကို ချီကာဂို မယ်ဒီကယ်လ်စင်တာတွင် မွေးဖွားခဲ့သည်။ သမီးမှာ သာမန်သန္ဓေသားမဟုတ်ဘဲ ပြင်ပတွင် ကျွန်မတို့ဇနီးမောင်နှံ၏ မျိုးဥများပေါင်းစပ်သည့်နည်း(IVF)ဖြင့် ရယူခဲ့ခြင်းဖြစ်သည်။ တစ်ကြိမ်တည်းဖြင့် သန္ဓေသားရခဲ့သည့်အပြင် မွေးဖွားရာ၌လည်း လွယ်လွယ်ကူကူပင် မွေးနိုင်ခဲ့ပါသည်။ ထိုစဉ်က မလီယာမှာ သုံးနှစ်သမီးအရွယ်ရောက်နေပြီဖြစ်သည်။ ကျွန်မ မီးဖွားနေစဉ် မလီယာက အိမ်တွင် ကျွန်မမိခင်နှင့် ကျန်ရစ်ခဲ့ပါသည်။ ကျွန်မသမီးငယ်သည် မိန်းမချောကလေးတစ်ယောက်ပင် ဖြစ်၏။ နက်မှောင်သန်စွမ်းသော ဆံပင်ကောက်ကောက်ကွေးကွေးကလေးများနှင့် မျက်လုံးများက ရွှန်းလဲ့တောက်ပနေသော အညိုရောင် ဖြစ်သည်။ စတုတ္ထမြောက် မိသားစုဝင် တိုးပွားလာခြင်းကြောင့် ကျွန်မတို့မှာ လပေါ်ရောက်ရဘိသကဲ့သို့ ဝမ်းမြောက်မိကြပါသည်။

သမီးငယ်၏အမည်ကို အတိုကောက်အားဖြင့် ကျွန်မတို့က ဆာရှာဟု ခေါ်ကြမည်ဟု သဘောတူကြသည်။ ဆာရှာဆိုသော မိန်းကလေးသည် မည်သူ့ကိုမျှ အရူးလုပ်မည့်သူ မဟုတ်။ အားလုံးသော မိဘများကဲ့သို့ပင် သမီးတို့အတွက် အရာရာ ပြည့်စုံစေချင်သည်။ အစစအရာရာတွင် ဘေးမသီ ရန်မခစေရန် ဆုတောင်းမေတ္တာ ပို့သသည်။ သမီးတို့အရွယ်ရောက်လာလျှင် သူတို့အဖေကဲ့သို့ ဉာဏ်ရည်ထက်သော၊ ခွန်အားကြီးမားသောသူများဖြစ်ကြပြီး အမေကဲ့သို့ အားသွန်ခွန်စိုက် ကြိုးပမ်းတတ်သူ ကလေးများ ဖြစ်စေချင်ပါသည်။ အရာအားလုံးထက် ဖြစ်စေချင်သည်မှာ သံမဏိကဲ့သို့ မာကျောခွန်အားရှိသည့် စိတ်ဓာတ်၊ ရှေ့သို့သာ ဇွဲကြီးကြီးနှင့် ထိုးဖောက်သွားလိုသော စိတ်ဓာတ်ရှိစေချင်ပါသည်။ ရှေ့တွင် ကျွန်မတို့မိသားစု ဘာဆက်ဖြစ်ကြမည်ဆို သည်ကို မသိပါ။ ချမ်းသာလာသည်ဖြစ်စေ၊ ဆင်းရဲသွားသည်ဖြစ်စေ စိတ်ဓာတ်ကြံ့ခိုင် ရန်

အရေးကြီးပါသည်။ ကျွန်မအလုပ်က သူတို့ ဘာဖြစ်လာမည်ဆိုသည်ကို စောင့်ကြည့်ရန်သာ ရှိတော့သည်။

တက္ကသိုလ်မှ အလုပ်ကို ပြန်ဝင်ရန် ဝန်လေးနေမိသည်။ ကလေးများ ထိန်းသိမ်းစောင့်ရှောက်ရသည့် စရိတ်ကလည်း ရှိသေးသည်။ ဆာရှာအား မွေးဖွားပြီးနောက် အလုပ်ဆက်လုပ်ရေး၊ မလုပ်ရေး စဉ်းစားလာရသည်။ လစာဝက်သာရသော အလုပ်ကို ဆက်လုပ်မည့်အစား အိမ်တွင်နေကာ အချိန်ပြည့် အိမ်ထောင်ထိန်းသိမ်းနေသည်က ပိုသင့်တော်မည်ဟု ထင်သည်။ ကျွန်မတို့ သမီးကြီးကို ထိန်းကျောင်းခဲ့သည့် ကလေးထိန်း ဂလိုကလည်း လစာပိုကောင်းသော သူနာပြုအလုပ်ရသဖြင့် အလုပ်ထွက်ခွင့်တောင်းနေသည်။ ကျွန်မ သူ့ကို ပြစ်တင်ရန်အကြောင်း မရှိပေ၊ သို့သော် သူအလုပ်ထွက်မည်ဆိုခြင်းက ကျွန်မအနေဖြင့် အစစအရာရာကို ပြန်လည် စီမံခန့်ခွဲရန် လိုလာခဲ့၏။ အလုပ်လုပ်သော မိခင်တစ်ယောက်၏ဘဝကို စွန့်လွှတ်သင့် က စွန့်လွှတ်ရပေမည်။ ဂလိုက သမီးကို ထိန်းပေးနေသဖြင့် ကျွန်မက အလုပ်လုပ်နိုင် ခဲ့သည်။ သူက သမီးကိုလည်း သူ့သမီးကဲ့သို့ ချစ်ရှာသည်။ သူအလုပ်ထွက်တော့မည် ဟု ကျွန်မအား အသိပေးသည့်ညက ကျွန်မမှာ ငိုမဆုံးတော့ပေ။ သူသာ မရှိဘူးဆို လျှင် ကျွန်မအတွက် အခက်ကြုံတော့မည်။ ဂလိုကို ကျွန်မတို့ ခေါ်ယူငှားရမ်းခွင့်ရခဲ့ခြင်းကပင် ကံကောင်းလှပါသည်။ ခုတော့ သူက သွားတော့မည်။ ကျွန်မအတွက် လက်တစ်ဖက်ပြုတ်သွားခြင်းပင် ဖြစ်တော့၏။

သမီးကလေးများနှင့် နေရသည့်အတွက် ကျွန်မပျော်ပါသည်။ ဘားရက်၏ အလုပ်များမှာ အချိန်အကန့်အသတ်မရှိ ပေါ်ပေါက်လာတတ်ခြင်းကြောင့် အိမ်တွင် ကျွန်မရှိနေသည့် မိနစ်တိုင်း၊ နာရီတိုင်းသည် တန်ဖိုးရှိနေ၏။ ငယ်စဉ်ဘဝက ကျွန်မ မိခင်သည်လည်း ဝန်ထမ်းဘဝကိုစွန့်ကာ ခရိုတ်၊ ကျွန်မတို့မောင်နှမနှင့် နေပေးခဲ့သည်ကို သတိရနေမိသည်။ ထိုစဉ်က အမေသည် Pine-Sol ချေးချွတ်ဆေးများနှင့် ပြတင်းပေါက်ပေါင်များကို ချေးချွတ်လိုက်၊ အဝတ်ကလေးလျှော်လိုက်နှင့် နေရသော အမေ့ဘဝသည် ကောင်းလေစွဟု ထင်ခဲ့မိသည်ကို နောင်တရမိပါသည်။ ယခု ကျွန်မ ထိုနေရာသို့ ပြန်ရောက်လာခဲ့ရပြီဖြစ်သည်။ အိမ်ရှင်မဘဝ ဆိုသည်မှာလည်း စီမံခန့်ခွဲတတ်ရန် လိုပါသည်။ လုပ်ငန်းခွင်နှင့် အိမ်ရှင်မအလုပ် နှိုင်းယှဉ်ကြည့်ပါက လုပ်ငန်းခွင်တွင် ကိစ္စတစ်ခုမက ခေါင်းထဲထည့်ထားရသည်။ အိမ်ရှင်မအလုပ်က တစ်ခုသာ အာရုံစိုက်ရ၏။ အိမ်အလုပ်ကို ကိုယ်တိုင်လုပ်ခြင်းအားဖြင့် ကုန်ကျစရိတ်လည်း သက်သာသည်။ ဘားရက်၏ စာသင်ခြင်းအလုပ်မှာလည်း အကြီးတန်းကထိကရာထူး သို့ တိုးမြှင့်ခံရသည်။ ထို့ပြင် တက္ကသိုလ်၏ လက်တွေ့သင်တန်းကျောင်း၌ မူကြို တက်ရတော့မည့် သမီး မလီယာအတွက်လည်း ကျောင်းလခ လွတ်ငြိမ်းခွင့် ရသေးသည်။

ထိုသို့ရှိနေစဉ် ကျွန်မ ကောလိပ်တက်စဉ်က ကြီးကြပ်သူအဖြစ် ဆောင်ရွက်ပေးခဲ့သူလည်းဖြစ်၊ ကျွန်မသမီး ဆာရာ သွားရောက်မွေးဖွားခဲ့သည့် ချီကာဂိုတက္ကသိုလ်ဆေးရုံ၏ အထွေထွေအတိုင်ပင်ခံလည်း ဖြစ်နေသူ စူဇန်ရှားက ဆက်သွယ် လာခဲ့သည်။ သူတို့ဌာနတွင် ရောက်ရှိလာသော အသစ်စက်စက်ဥက္ကဋ္ဌမှာ လူတိုင်း ပါးစပ်ဖျားတွင် ရေပန်းစားနေသူဖြစ်ပြီး ထိုသူက လူတန်းစားအလွှာအသီးသီးနှင့် ထိုးဖောက်ဆက်ဆံရေးလုပ်လိုသူ ဖြစ်သည်ဟုဆို၏။ ထို့ကြောင့် သူက လူတန်းစား အလွှာအသီးသီးသို့ ထိုးဖောက်ဝင်ရောက်ရန် ကျွမ်းကျင်သူတစ်ဦးငှားရမ်းကာ အမှု ဆောင်ဒါရိုက်တာအဖြစ် ခန့်ထားလိုကြောင်း၊ ထိုအလုပ်မှာ ကျွန်မနှင့် အသင့်တော် ဆုံးဖြစ်၍ ဆက်သွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ကျွန်မအနေဖြင့် ထိုသူနှင့် တွေ့ဆုံရန် ဆန္ဒရှိ၊ မရှိ မေးမြန်းလာခြင်းဖြစ်၏။

ကျွန်မ မျှော်မှန်းသည့်လစာအပါအဝင် အရည်အချင်းများ ဖော်ပြသည့် အလုပ်လျှောက်လွှာ ပို့သင့်၊ မပို့သင့် ချီတုံချတုံ ဖြစ်မိသည်။ အိမ်မှာပင်နေပြီး အိမ်ရှင်မဘဝနှင့်သာ နေတော့မည်ဟု စိတ်ကူးထားခါမှ အလုပ်က ပေါ်လာသည်။ လက်လွှတ်လိုက်မည်ဆိုပါကလည်း နှမြောစရာကောင်းသည့် အခြေအနေဖြစ်နေပြန်သည်။ ဆံပင်ကို ကျကျနနပြင်ဆင်ကာ အလုပ်တက်သည့် ဝတ်စုံကလေးနှင့် ရုံးသွားရသည့်ဘဝကို မြင်ယောင်မိပြန်သည်။ ဆာရာက ငယ်သေးသဖြင့် တစ်ညတစ်ည အိပ်ရာက ထ,ရသည့်အကြိမ်ပေါင်း မနည်းပေ။ ကျွန်မကိုယ်တိုင်က သပ်သပ်ရပ်ရပ် နေရခြင်းကို နှစ်သက်သူ ဖြစ်သော်လည်း ကလေးနှစ်ယောက်အမေ ဖြစ်လာသောအခါ အစစအရာရာ လက်လျှော့ခဲ့ရသည်။ ကျွန်မတို့နေသည့် ကွန်ဒိုတစ်ခန်းလုံးတွင် ကလေးကစားစရာအရုပ်များ၊ ကလေးများဖတ်သည့် စာအုပ်များ၊ အနှီးထုပ်များ စသည့် ကလေးပစ္စည်းတို့နှင့်သာ ပြည့်နေသည်။ အပြင်ထွက်မည်ဆိုပါကလည်း ကလေးအတွက် အနှီးထုပ်၊ လိုအပ်သည့် အသုံးအဆောင်များ၊ ကစားစရာအရုပ်များ၊ လဲပေးရန် အဝတ်အစားများ စသည် စသည်တို့ဖြင့် ဝန်ကျယ်လှပါသည်။

သို့သော် မိခင်ဘဝသည် အံ့ဩဖွယ်ကောင်းလှသော မိတ်ဆွေကောင်းများကို တိုးပွားစေနိုင်ပါသည်။ ကျွန်မက လူမှုရေးကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုမှ အမျိုးသမီးများနှင့် အဆက်အသွယ်ရထားသည်ဖြစ်ရာ ထိုအမျိုးသမီးအများစုမှာလည်း သုံးဆယ်ကျော်အရွယ်များချည်း ဖြစ်ကြသည်။ သူတို့အားလုံးသည် နယ်ပယ်စုံတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်သဖြင့် ဘဏ်လုပ်ငန်းလုပ်သူမှအစ အကျိုးအမြတ်မယူသော အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသူများအထိ ပါဝင်ကြပါသည်။ ထို့ပြင် ကျွန်မတို့အုပ်စုထဲမှ အများစုမှာလည်း သားသည်အမေများ ဖြစ်နေကြပြန်သည်။ ကလေးများလေ နေရထိုင်ရခက်လေဖြစ်နေကြသည်။ ကျွန်မတို့က ရက်သတ္တပတ်ကုန်ဆုံးသည့် နေ့တိုင်းလည်း

တစ်ဦးနှင့် တစ်ဦး တွေ့ဆုံကြသည်။ ကလေးများကိုလည်း ခေါ်ဆောင်သွားလေ့ရှိရာ သူ့ကလေးကို ကိုယ်တွေ့ဖူးသကဲ့သို့ ကိုယ့်ကလေးကိုလည်း သူတွေ့ဖူးနေသည်။ တစ်ခါတစ်ရံတွင် တစုတဝေးတည်း တိရစ္ဆာန်ရုံသို့ သွားကြသကဲ့သို့ လက်မှတ်များဝယ်ကာ ဒစ္စနေလဲန်ဒ် ရေခဲပြင်သို့ သွားကြသည်။ တစ်ခါတစ်ရံ စနေနေ့ခင်းများတွင် ကျွန်မတို့တစ်တွေ စုဝေးကာ ကလေးများကို တစ်ယောက်ယောက်၏အိမ် ကစားခန်းထဲ ထည့်ထားကြ ပြီး ဝိုင်သောက်ကြသည်။

အုပ်စုထဲတွင် ပါဝင်သူတိုင်းသည် ပညာတတ်များသာ ဖြစ်ကြသည်။ ရည်မှန်းချက်ကိုယ်စီရှိကြပြီး သား သမီးများအတွက် မျှော်လင့်ချက်ကြီးကြသူများ လည်း ဖြစ်ကြသည်။ အလုပ်နှင့် မိခင်ဘဝ ယှဉ်လာသောအခါတွင် သူတို့သည်လည်း ကျွန်မကဲ့သို့ပင် ခြေမကိုင်မိ လက်မကိုင်မိနှင့် ဘာကိုရွေးရမှန်းမသိ ဖြစ်ကြသည်သာ။ ကျွန်မတို့အထဲမှ အချို့က အချိန်ပြည့် အလုပ်လုပ်ကြပြီး အချို့ကမူ အချိန်ပိုင်းအလုပ် လုပ်ကြသည်။ အချို့က အလုပ်မလုပ်ကြတော့ဘဲ အိမ်မှာပင် ကလေးများအား ပြုစု စောင့်ရှောက်ပေးသည့် အိမ်ထောင်ရှင်မဘဝကို လုံးလုံးကြီး ခံယူလိုက်ကြသည်။ တချို့ မိခင်များက သူတို့ကလေးများကို ဟော့တ်ဒေါ့ခ်နှင့် ပြောင်းဖူးပွင့် ကျွေးကြ၏။ အချို့က ဂျုံကြိတ်ထားသည့်မုန့်ကိုသာ ကျွေးကြသည်။ တချို့ အမျိုးသမီးများ၏ ခင်ပွန်းသည်တို့က မိန်းမပြုစုစောင့်ရှောက်နေသော ကလေးကိစ္စတွင် အစစအရာရာ ဝင်ပါတတ်ကြသော်လည်း အချို့ကမူ ကျွန်မခင်ပွန်းကဲ့သို့ ကလေးနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ မပါဝင်ကြသူများလည်း ရှိပါသည်။ အချို့သောမိတ်ဆွေတို့က အိမ်ထောင်ရေးသုခ ခံစားကာ ပျော်ရွှင်နေကြသော်လည်း အချို့ကမူ လင်နှင့်မယား ဆက်ဆံရေးအခြေအနေကို ပြုပြင်ပြောင်းလဲရန် ကြိုးစားနေကြဆဲ အခြေအနေတွင် ရှိကြသည်။ ကျွန်မတို့အများစုမှာ တစ်နေရာတည်းတွင် အခြေချ နေထိုင်ကြသူများဖြစ် ကြပြီး ဘဝက ပေးလာမည့် အခွင့်အလမ်းများကို စောင့်မျှော်နေကြသူများ ဖြစ်သည်။

ညနေခင်းများတွင် ဆုံလေ့ရှိသော မိတ်ဆွေများ၏ အတွေ့အကြုံအရ မိခင်ဘဝတွင် ပုံသေကားကျ မှတ်သားထားရမည့် ဥပဒေသ မရှိပေ။ မည်သည့်နည်း က မှား၍ မည်သည့်နည်းက မှန်သည်ဟုလည်း မဆိုသာပြန်ပေ။ တစ်ယောက်၏ အတွေ့အကြုံကို ကျန်သူများက လေ့လာမှတ်သားထားရုံသာရှိ၏။ မည်သူက မည်သည့်နည်းဖြင့် ဤသို့ နေနိုင်သည်ဆိုသည်မှာ စိတ်ဝင်စားရန် မရှိ။ ကစားနေသော ကလေးတိုင်းမှာ ချစ်ဖွယ်ကောင်းပြီး ကျန်းမာစွာ ကြီးထွားလာရေးသည်သာ အဓိကဖြစ်သည်။ သူတို့နှင့် ဆုံသည့်အခါတိုင်း ကျွန်မခံစားမိသည်က သူတို့အားလုံးသည် ကလေးများကို အဓိကထားကာ ပြုစုစောင့်ရှောက်နေကြသူများဟု ကျွန်မ မြင်မိပါသည်။ နောက်ဆုံး၌ မည်သို့ပင်ဖြစ်စေကာမူ ကျွန်မတို့သည် တစ်ဦးကိုတစ်ဦးကူညီ ကာ

အားလုံးအဆင်ပြေစေရန် ကြိုးစားနေကြသူများသာ ဖြစ်သည်။

ဘားရက်၊ ကျွန်မမိတ်ဆွေများနှင့် တိုင်ပင်ပြီးချိန်တွင် တက္ကသိုလ်ဆေးရုံမှ အလုပ်ကို လျှောက်ထားကြည့်ရန်နှင့် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။ အနည်းဆုံး သူတို့ ဘာလုပ်မည်ဆိုသည်ကိုတော့ သိနိုင်မည်ဖြစ်သည်။ ကျွန်မအနေနှင့် ခံစားရသည်က ကျွန်မသည် ထိုအလုပ်နှင့် အသင့်တော်ဆုံးသူ ဖြစ်သည်ဟူ၍ ဖြစ်သည်။ ထိုအလုပ်ကိုသာ လုပ်ရမည်ဆိုပါက ကျွန်မ ကျွမ်းကျင်သည့်အပြင် မြတ်မြတ်နိုးနိုးလုပ် မည့်အလုပ်လည်း ဖြစ်၏။ သို့သော် ထိုအလုပ်ကို လက်ခံလိုက်မည်ဆိုပါက ကျွန်မ အနေဖြင့် မိသားစုအတွက်လည်း ခွန်အားစိုက်ထုတ်ရန် ပိုမိုလိုအပ်လာမည် ဖြစ်သည်။ ကျွန်မ ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည်ဟုလည်း ယုံကြည်ပါသည်။ သို့သော် အစည်းအဝေးပြီးအစည်းအဝေး ဆက်နေရသည့် မနိုင်ဝန်ထမ်းခိုင်းခြင်းမျိုး မဟုတ်ဘဲ ကျွန်မအချိန်ကို ကျွန်မကိုယ်တိုင်သာ စီမံခန့်ခွဲခွင့်ရရန် လိုပေမည်။ မပြီးပြတ်သေးသောအလုပ်များကို အိမ်မှာ ဆက်လုပ်ခွင့်ရှိရမည်။ လိုအပ်ပါက လုပ်ငန်းခွင်မှ အိမ်သို့ ခေတ္တပြန်ခွင့်ရှိရမည်။ တစ်ခါတစ်ရံ ကလေးအတွက် ဆရာဝန်နှင့်ပြသရန် ချိန်းထားသောရက်ဖြစ်နေပါက သွားခွင့်ရှိရမည်ဖြစ်သည်။

ထို့ပြင် ကျွန်မအနေဖြင့် အချိန်ပိုင်းလုပ်ရခြင်းမျိုးကို မလုပ်လိုတော့ပေ။ ကျွန်မ ထိုအတွေ့အကြုံ ရခဲ့ပြီးဖြစ်သည်။ အချိန်ပြည့်အလုပ်ကိုသာ လုပ်ချင်သည်။ ကလေးများ ပြုစုစောင့်ရှောက်မည့်သူ၊ အိမ်ထိန်းသိမ်းပေးမည့်သူ ငှားရမ်းရမည်ဖြစ်ခြင်း ကြောင့် လစာမှာလည်း မက်လောက်သည့်အနေအထားတွင် ရှိရန်လိုပါသေးသည်။ သို့မှသာ ကျွန်မလည်း အမေကဲ့သို့ Pine-Sol သုံးကာ အိမ်ပြတင်းပေါက်များကို သ,ရင်း ပျော်ပျော်ရွှင်ရွှင်နေနိုင်မည်ဖြစ်ပါသည်။ ကူညီမည့်သူရှိခြင်းကြောင့် အားလပ် ချိန်များတွင် သမီးတို့နှင့် ပျော်ရွှင်စွာ ကစားနိုင်ပေဦးမည်။ သို့သော် ကျွန်မအား အင်တာဗျူးမေးမည့်သူနှင့် တွေ့ဆုံချိန်တွင်မူ ကျွန်မသည် နို့ချိုတိုက်ကျွေးနေသည့် သမီးအမေဖြစ်ကြောင်း၊ သမီးကြီးက မူကြိုတက်နေသဖြင့် ကျောင်းသွားကြိုရ ကြောင်း၊ ခင်ပွန်းဖြစ်သူမှာ နိုင်ငံရေးသမားဖြစ်၍ အချိန်မရွေး ခရီးစဉ်ပေါ်တတ်သူဖြစ် သဖြင့် အိမ်နှင့်ပတ်သက်သည့် ကိစ္စအဝဝမှာ ကျွန်မတာဝန်သာဖြစ်ကြောင်း အသိပေး ၍ မဖြစ်နိုင်သေးပေ။

ကျွန်မအား အင်တာဗျူးမေးသည့် ဆေးရုံဥက္ကဋ္ဌသစ် မိုက်ကယ်ရီရော်ဒန်းနှင့် တွေ့ဆုံရာ၌ ကျွန်မနှင့် ပတ်သက်သည့် ကိုယ်ရေးကိုယ်တာကိစ္စမှန်သမျှကို တစ်ခုမျှ မပြောခဲ့ပေ။ သုံးလသမီးအရွယ်သာ ရှိသေးသော ဆာရှာကိုပင် ခေါ်သွား လိုက်ပါသေးသည်။ ဘာကြောင့် ခေါ်သွားဖြစ်ခဲ့သည်ဆိုသည်ကိုမူ မမှတ်မိတော့ပေ။ ကလေးထိန်းပေးမည့်သူ မရှိ၍ဖြစ်မည် ထင်သည်။ ဆာရှာကလေးက သေးကွေးပြီး

ချူချာသူကလေး ဖြစ်ခြင်းကြောင့် ကျွန်မမှာ အစဉ်ဂရုစိုက်နေရသည်။ ထို့ကြောင့် အင်တာဗျူးမေးသူနှင့် ဖြေသူကြားမှ စားပွဲပေါ်တွင် တင်ကာ မေးသမျှ ဖြေခဲ့သည်။ တစ်နည်းပြောရလျှင် ကျွန်မမှာ ဒီနို့စို့ကလေးရှိသည်ဟု သူသိအောင် ပြလိုက်သကဲ့သို့ ရှိ၏။

ထူးဆန်းအံ့သြဖွယ်ကောင်းလောက်အောင်ပင် နောင်တွင် ကျွန်မ၏ အထက်လူကြီး ဖြစ်လာမည့် သူကလည်း ကျွန်မ ပြခဲ့သည်ကို သဘောပေါက်ခဲ့သည်။ သူနှင့် စကားပြောနေစဉ် သမီးရှူးပေါက်လိုက်ပါက စားပွဲပေါ်တွင် ပေကုန်မည်ကို သတိရ သောကြောင့် သမီးကို ပေါင်ပေါ်သို့ ရွှေ့ယူကာ ပုတ်ပေးနေခဲ့သည်။ သို့သော် မေးနေ သူက ကျွန်မ ဘာလုပ်နေသည်ဆိုသည်ကို ဂရုမစိုက်။ အခန်းထဲမှ ထွက်လာချိန်တွင် ဖြေခဲ့သမျှနှင့်ပတ်သက်၍ ကိုယ့်ကိုယ်ကို ကျေနပ်သည်။ အလုပ်ရလိမ့်မည် ဆိုသည်ကို လည်း သိနေမိသည်။ အလုပ်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်မ ရင်တွင်း ရှိသမျှ သွန်ထုတ်ခဲ့ရသဖြင့် ကျေနပ်ပါသည်။ သူ့အပေါ်တွင် လိမ်ညာခြင်းလည်း မရှိခဲ့၍ ကျွန်မ စိတ်ရှင်းပါသည်။ သမီးနှင့် နှစ်ယောက်သား အိမ်ပြန်ခဲ့ကြတော့သည်။

※

ဤသို့ ဖြစ်သွားခြင်းက ကျွန်မတို့မိသားစုအတွက် ဂဏန်းသင်္ချာတစ်မျိုး တိုးလာသလိုပင်။ ကျွန်မတို့တွင် ကလေးနှစ်ယောက်ရှိပြီး အလုပ်သုံးခု လုပ်နေကြသည်။ ကားက နှစ်စီး၊ ကွန်ဒိုက တစ်ခန်း။ သို့သော် နှစ်ယောက်လုံးအတွက် အားလပ်ချိန် လုံးဝမရှိတော့ပေ။ ကျွန်မက တက္ကသိုလ်ဆေးရုံမှ အလုပ်ကို လက်ခံ လိုက်သည်။ ဘားရက်က စာသင်ခြင်းနှင့် ဥပဒေပြုခြင်းအလုပ်ကို ဆက်လက်လုပ် ကိုင်နေသည်။ နှစ်ယောက်လုံး၏ အလုပ်များမှာ အများအားဖြင့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများနှင့် ပတ်သက်နေသည်။ အထူးသဖြင့် ဘားရက်က ကွန်ဂရက် အမတ်နေရာအတွက် ယှဉ်ပြိုင်စဉ်က ပါတီတွင်း အခြေခံရွေးကောက်ပွဲမှာပင် ရှုံးနိမ့်ခဲ့ရခြင်းကို နာကြည်းပုံရသည်။ သို့သော် ဘားရက်က ထိုအဆင့်ထက် မြင့်သော ရာထူး တစ်ခုခုအထိ မှန်းထားပုံရသည်။ ယခုအချိန်တွင် ဂျော့ချ်ဒဗလျူဘွတ်ရှ်က အမေရိကန် ပြည်ထောင်စု၏ သမ္မတ ဖြစ်နေသည်။ တိုင်းပြည်တစ်ခုလုံးအနေဖြင့် ၉/၁၁ ၌ တိုက်ခိုက်ခံလိုက်ရခြင်းက ထိတ်လန့်တုန်လှုပ်ဖွယ်ရာ၊ ကြောက်မက်ဖွယ်ရာ ဖြစ်ခဲ့သည်။ အာဖဂန်နစ္စတန်၌လည်း စစ်ပွဲဆင်နွှဲနေရသည်။ အမေရိကန်ပြည်ထောင်စု အစိုးရအတွက် အရောင်စုံသောခြိမ်းခြောက်မှုများ အန္တရာယ်များ ဝိုင်းနေသည်။ အိုစမာဘင်လာဒင်က လျှို့ဝှက်သောဂူတစ်ခုအတွင်း အောင်းနေသည်ဟု ဆိုကြသည်။ ပုံမှန်အတိုင်းပင် ဘားရက်က နေ့စဉ် သတင်းများကို မပြတ်လေ့လာနေ၏။ သူ့ပုံမှန် အလုပ်များကို မပျက်မကွက်

ဆက်လက်လုပ်ဆောင်နေရင်းကပင် တွေးတောကြံဆ နေဟန်ရှိသည်။

အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်(ဆီးနိတ်)အမတ်အဖြစ် ဝင်ရောက်အရွေးခံမည်ဟု ကျွန်မကို အသိပေးခဲ့သော်လည်း မည်သည့်အချိန်က ပြောခဲ့သည်ဆိုသည်ကိုမူ မမှတ်မိတော့ချေ။ ထိုစိတ်ကူးမှာ သူ့ရင်ထဲတွင် လွန်ခဲ့သည့် လပေါင်းများစွာကတည်းက အခြေတည်နေခဲ့ပုံရသည်။ ထိုစကားပြောလိုက်စဉ်က ကျွန်မ သူ့ကို မျက်လုံးတစ်ချက်သာ လှန်ကြည့်လိုက်မိပါသည်။ အဓိပ္ပာယ်မှာ "အမယ် လေးရှင်ရယ်... ဒီမှာ အလုပ်တွေများရတဲ့ကြား... ရှင်က တစ်မျိုး..."ဟု ရည်ရွယ် လိုက်ခြင်းပင် ဖြစ်ပါသည်။

နိုင်ငံရေးကို စိတ်မဝင်စားသော ကျွန်မအတွက် စပရင်းဖီးလ်တွင်ဖြစ်စေ၊ ဝါရှင်တန်ဒီစီတွင်ဖြစ်စေ အတူတူသာ ဖြစ်ပါသည်။ သက်တမ်းငါးနှစ် တာဝန်ထမ်းဆောင်ရသော အထက်လွှတ်တော်အမတ် ဖြစ်လာသည့် ဘားရက်၏ လုပ်ငန်းတာဝန် တို့မှာ အချိန်ပြည့်များပြားလှပါသည်။ သူ့အလုပ်များလေ ကျွန်မမှာ တာဝန်ပိလာလေ ဖြစ်သည်။ သမီးဆာရှာနှင့် မလီယာတို့ နည်းနည်းကြီးလာကြပြီဖြစ်၍သာ ကျွန်မအပေါ် ပိလာသောတာဝန်များကို ထမ်းဆောင်နိုင်ခြင်းဖြစ်၏။

အလုပ်တာဝန် များပြားလှသော်လည်း ကျွန်မတို့နှစ်ယောက်လုံး သမီးများအပေါ် မျက်ခြည်အပြတ်မခံကြပါ။ အိမ်တွင် ကလေးထိန်းအသစ်တစ်ယောက် ထပ်ရထားသည်။ မလီယာက ချီကာဂို တက္ကသိုလ်၏ မူကြိုသင်တန်းကျောင်းတွင် ပျော်နေသည်။ မိတ်ဆွေသူငယ်ချင်းများ ရှိနေပြီဖြစ်သည့်အပြင် သူလည်း သူ့ဇယားနှင့်သူ ရှိနေသည်။ ကျောင်းပိတ်သည့် တနင်္ဂနွေနေ့များတွင် သူငယ်ချင်းများ၏ မွေးနေ့ပါတီပွဲများတက်ရောက်ရခြင်း၊ ရေကူး သင်တန်းသွားရခြင်း စသဖြင့် သူ့အချိန်ဇယားနှင့်သူ ဖြစ်နေသည်။ ဆာရှာကလေးက တစ်နှစ်သမီးအရွယ်ရောက်လာပြီဖြစ်ရာ လမ်းစလျှောက်နေပြီး တစ်လုံးစ၊ နှစ်လုံးစ စကားလေးများ ပြောတတ်လာ၏။ သူ့အပြုံးမှာ ဆွဲဆောင်မှုအပြည့်ရှိသည်ဟု ကျွန်မ ထင်ပါသည်။ စပ်လည်းစပ်စုတတ်သည်။ သူ့အစ်မ မလီယာနှင့် သက်တူရွယ်တူ လေးနှစ်သမီးလေးများ တစုတဝေးရှိနေလျှင် သူ ဝင်ပါချင်သည်။ ဆေးရုံမှာက အလုပ်မှာလည်း အဆင်ပြေပါသည်။ တစ်ခုသာရှိသည်က အိပ်ရာမှ သူများမထ,ခင်မနက်ငါးနာရီတွင်ထ,ကာ ကွန်ပျူတာတစ်လုံးနှင့် စအလုပ်လုပ်ရခြင်းသာ ရှိပါသည်။

ဤသို့ မနက်စောစောအိပ်ရာမှထကာ အိပ်ရေးမဝခြင်းက ကြာလာသည့်အခါ ညပိုင်းတွင် အပြင်ထွက်လေ့ရှိသော ကိုဇီးကွက် ကျွန်မယောကျ်ားနှင့် ထိပ်တိုက် ပြဿနာဖြစ်လာသည်။ သူက ကြာသပတေးနေ့ ညနေတွင် စပရင်းဖီးလ်မှ ပြန်လာပြီး မိသားစုနှင့်ခွဲနေရသည့်ကာလအတွက် အသုံးချသည်။ သို့သော်

ကျွန်မအတွက်မှာ အချိန်ဇယားက အချိန်ပိုမပေးနိုင်။ အချိန်ပြည့်လှုပ်ရှားနေရသူ ဖြစ်သည်။ ဤသို့ဖြင့် သူနှင့် ကျွန်မကြားတွင် မပြေလည်မှုကလေးများ စတင်လာခဲ့သည်။ ကျွန်မက တစ်ခါတစ်ရံတွင် သူ့ကို အားလပ်နေသည့်အချိန် တစ်ယောက်တည်း အပြင်သွားပါ လားဟု စ,တတ်သည်။ ထိုအခါများတွင် သူက "ကိုယ်ရောက်ချင်တဲ့နေရာက ကိုယ့် အိမ်လေ. . . အခု ရောက်နေပြီပဲ။ ဘယ်မှ သွားစရာမလိုတော့ပါဘူး" ဟု ဖြေတတ်၏။ ပထမပိုင်းတွင် ကျွန်မက သူ့စကားများကို စိတ်ရင်းအတိုင်းပြောသော အမှန် အကန်စကားများဟု ယူဆခဲ့ပါသည်။ ညအိပ်ရာဝင်ခါနီးတွင် သမီးများကို ညစဉ် ရေချိုးပေးရသဖြင့် ကျွန်မ စောစောအိပ်ရာမဝင်နိုင်ပါ။ သမီးများက ရေချိုးပြီးလျှင် သူတို့အဖေကို ဖက်ယမ်းနှုတ်ဆက်ပြီးမှ အိပ်ရာဝင်ကြပါသည်။ တစ်ခါတစ်ရံတွင် သမီးများကို ညစာကျွေးပြီးသည်နှင့် တစ်ပြိုင်နက် အိပ်ခိုင်းလိုက်သည်။ သို့သော် ကျွန်မကိုယ်တိုင်က ညစာစားရသေးသည်။ ထမင်းစား စားပွဲပေါ်တွင် ဖယောင်းတိုင်တချို့ ထွန်းညှိကာ ဘားရက်နှင့် နှစ်ယောက်တည်း ကြည်ကြည်နူးနူး စားကြပါသည်။

တစ်ညတွင် သမီးများ ညစာစားပြီးကြ၍ မျက်ခွံများလေးကာ အိပ်ငိုက်နေကြပြီ။ ဘားရက်က ပေါ်မလာသေး။ ထို့ကြောင့် သမီးတို့ကို တစ်ယောက်စီပွေ့ချီကာ အိပ်ခန်းတွင်း ပို့ပေးခဲ့သည်။ ကျွန်မက ဆာနေသော်လည်း ညစာမစားသေးဘဲ သူ့ကို စောင့်နေလိုက်သည်။ စားပွဲပေါ်မှ ဖယောင်းတိုင်များလည်း အရည်ပျော်ကုန် ကြပြီ။ ကျွန်မလည်း အိပ်ငိုက်လှပြီ။ အိမ်ကိုသာ ပြန်ချင်သည်ဆိုသော ဘားရက်က ရောက်မလာသေး။ အိမ်ကိုပဲ ပြန်ချင်တာပါ ဆိုသည့် သူ့စကားမှာ ယုံရခက်လာသည်။ တစ်ခါတစ်ရံတွင် သူသည် အိမ်ပြန်တော့မည်ဟု ကားပေါ်တက်ခါနီးမှ စကား မပြတ်သေးသည့် မိတ်ဆွေနှင့် စကားရပ်ပြောခြင်းကပင်လျှင် လေးဆယ့်ငါးမိနစ်ခန့် ကြာတတ်သည်ဆိုသည်ကိုလည်း ကျွန်မ သိပါသည်။ တစ်ခါတစ်ရံတွင်လည်း အိမ်ပြန် နေဆဲ လမ်းပေါ်ရောက်ခါမှ အားကစားလေ့ကျင့်ခန်း မလုပ်ရသေးသည်ကို သတိရ၍ ပြန်လှည့်သွားတတ်သည်လည်း ရှိ၏။

ကလေး မရသေးမီကာလများက ထိုကဲ့သို့သော အဖြစ်အပျက်များကို ကျွန်မ သည်းခံနိုင်ပါသည်။ ထိုကာလများက ကျွန်မတို့ နှစ်ယောက်တည်းသာရှိသော ကာလဖြစ်၍ အစစ အဆင်ပြေသည်။ သို့သော် အချိန်ပိုင်းတာဝန် ထမ်းဆောင်နေရပြီး အချိန်ပိုင်းသာ ဇနီးမယားဖြစ်ခွင့် ရှိလာသောအခါတွင်မူ သည်းမခံနိုင်တော့ပါ။ တစ်ခါတစ်ရံ သူ အိမ်ပြန်နောက်ကျနေလျှင် ကျွန်မက တစ်အိမ်လုံး မီးများပိတ်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်နေပြီဖြစ်သည်။

※

ဘားရက်နှင့်ကျွန်မ ကြီးပြင်းခဲ့ရသည့် ပတ်ဝန်းကျင်အခြေအနေမှာ လုံးဝ ကွဲပြားခြားနားလှပါသည်။ ဘားရက်ငယ်စဉ်ကပင် သူ့အဖေသည် သူ့ဘဝထဲမှ ပျောက်ကွယ်သွားခဲ့သည်။ အမေက ရှိသော်လည်း သူ့အပါးမှာ သွားချည်လာလှည့် သာ ဖြစ်သည်။ သားကိုချစ်သည့်မိခင် ဖြစ်သော်လည်း မည်သည့်အခါကမျှ ပူးပူးကပ် ကပ် နေထိုင်ခဲ့ဖူးသူ မဟုတ်ပေ။ ထို့ကြောင့် သူ့ငယ်ဘဝတွင် ချစ်ခင်တွယ်တာရမည့်သူ မရှိခဲ့။ တောတောင်၊ ရေမြေ၊ ပင်လယ်ကမ်းခြေတို့သည်သာ သူ့အဖော် ဖြစ်ခဲ့ရသည်။ ထို့ကြောင့် သူ့ကမ္ဘာသည် လွတ်လပ်၏။ ယခင်က လွတ်လပ်နေသကဲ့သို့ ယခုလည်း လွတ်လပ်နေဆဲ၊ နောင်တွင်လည်း ထိုသို့သာဖြစ်ပေမည်။ ကျွန်မကမူ စည်းကမ်းတင်း ကျပ်သော မိသားစုတွင် မွေးဖွားကြီးပြင်းခဲ့ရသူ ဖြစ်သည်။ အခန်းကျဉ်းကျဉ်းကလေး ထဲတွင် မိစုံဖစုံနေထိုင်ကာ တောင်ပိုင်းဒေသမှ အိမ်နီးချင်းအများစုတို့မှာလည်း ကျွန်မဦးကြီး၊ ဦးလေး၊ ဒေါ်ကြီးဒေါ်လေးတို့သာ ဖြစ်သည်။ အဘိုးအဘွားကလည်း ရှိသေးသည်။ တနင်္ဂနွေနေ့များတွင် ဆွေမျိုးတစ်သိုက် တစ်အိမ်တည်းတွင်စုကာ ညစာစားကြသည်က တပျော်တပါးရှိခဲ့သည်။ သူနှင့် ချစ်သူသက်တမ်း ၁၃ နှစ်ကြာ ပြီးခါမှ ထိုအချက်တို့ကို ကျွန်မ စေ့စေ့တွေးမိတော့သည်။

အထူးသဖြင့် သူနှင့် ဝေးနေသောကာလများတွင် ကျွန်မတို့နှစ်ယောက်၏ အခြေခံခြားနားမှုများကို ပိုတွေးမိတတ်လာသည်။ သူက ကျွန်မတို့ မိသားစုအပေါ် မချစ်၍ မဟုတ်၊ အကြွင်းမဲ့ချစ်သည် ဆိုသည်ကိုလည်း ကျွန်မ သိပါသည်။ မိသားစုနှင့် စည်းစည်းလုံးလုံးနေခဲ့သော ကျွန်မဘဝတွင် ကျွန်မယောကျ်ားကိုလည်း အချိန်ရသည့် အခိုက် မိသားစုနှင့်သာ ရှိနေစေချင်ပါသည်။ သူ ကျွန်မတို့အိမ်သို့ ရောက်နေပါလျက် အပြင်တွင် အချိန်ကုန်ဖန်များလာသည့်အခါ ကျွန်မ ခံစားလာရသည်။ သူ့အစား သမီးကလေးများကို ပိုမိုတွယ်တာနေမိသည်။ ကျွန်မတို့သားအမိတစ်တွေက သူ့ကို ကျွန်မတို့နှင့် ပိုမိုနီးကပ်စေချင်ပါလျက် သူက အပြင်ထွက်နေသည်။ သူပြန်သွား ပြန်တော့လည်း လွမ်းကျန်ရစ်ကြရသည်။ သူကိုယ်တိုင်ကရော ကျွန်မတို့ကို သတိရ ပါရဲ့လား။ သူရွေးချယ်ခဲ့သည့် နိုင်ငံရေးသမားလမ်းကြောင်းသည် ကျွန်မတို့မိသားစု နှင့် ဝေးသည်ထက် ဝေးကွာစေမည်ကို စိုးရိမ်မိပါသည်။ သူ ပထမဆုံးအကြိမ် ဆီးနိတ်အမတ်အဖြစ် အရွေးခံမည်ဟုပြောစဉ်က သူနှင့်ကျွန်မ နှစ်ယောက်တည်းသာ ရှိပါသေးသည်။ ထိုစဉ်က သဘောတူခဲ့လျှင် နောက်ဆက်တွဲခံစားရမည့် အကျိုးဆက် ကို ကျွန်မ မသိခဲ့ပေ။ ခုတော့ ကျွန်မအပြင် သမီးလေးနှစ်ယောက်တို့ပါ ခံစားနေရသည်။ ကျွန်မ သဘောပေါက်လာသည်မှာ နိုင်ငံရေးဆိုသည်မှာ မိသားစုများအပေါ် စာနာထောက်ထားရမှန်း မသိသည့်အရာတစ်ခုဖြစ်သည် ဆိုခြင်းပင်။ ကျောင်းသူဘဝ ငယ်စဉ်ကာလက မိတ်ဆွေဖြစ်ခဲ့သော စန်တီတာဂျက်ဆင်အကြောင်း ပြန်သတိရမိသည်။ ထို့နောက် ဘားရက်၏ နိုင်ငံရေးပြိုင်ဘက်က မလီယာ နေမကောင်းသဖြင့် ဟာဝိုင်ယီမှ

ပြန်မလာနိုင်ခဲ့သည်ကို အခွင့်ကောင်းယူကာ ချောက်တွန်းခဲ့သည်ကို လည်း သတိရမိပါသည်။

တစ်ခါတစ်ရံ သတင်းများကြည့်နေစဉ် သို့မဟုတ် သတင်းစာဖတ်နေစဉ် နိုင်ငံရေးကို တစိုက်မတ်မတ်လုပ်နေကြသူများ၏ ပုံများတွေ့ပါက ကျွန်မ ငေးကြည့်မိသည်။ ကလင်တန်မိသားစု၊ ဂိုးမိသားစု၊ ဘွတ်ရှ်မိသားစု နှင့် ကနေဒီမိသားစုတို့၏ ပုံဟောင်းများပင် ဖြစ်သည်။ သူတို့နောက်ကွယ်မှ မိသားစုအရေးအခင်းများ မည် သို့ ရှိလိမ့်မည်နည်းဟုလည်း တွေးမိပါသည်။ သူတို့မိသားစုဝင်အားလုံးသည် စိတ်ပုံ မှန်အနေအထားတွင် ရှိကြပါ၏လော။ ပျော်ကြပါမည်လား။ သူတို့အပြုံးများသည် အပြုံးစစ်စစ် ဟုတ်ပါ၏လော။

ကျွန်မတို့မိသားစုတွင်မူ စိတ်ချင်းမတိုက်ဆိုင်ကြသည့်ကိစ္စများက မကြာခဏ ပေါ်ပေါ်လာသည်။ ဘားရက်နှင့်ကျွန်မ တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာချစ်ကြသည်မှာ သေချာပါသည်။ သို့သော် ကျွန်မတို့နှစ်ယောက်ကြားတွင် ကျွန်မတို့ကိုယ်တိုင် မဖြေနိုင်သော အထုံးတစ်ခု ပေါ်လာနေသည်။ ကျွန်မအသက် သုံးဆယ့်ရှစ်နှစ်ရှိပြီဖြစ်ပြီး ကျွန်မတို့နှစ်ယောက်ကဲ့သို့ ခိုင်ခိုင်မြဲမြဲ လက်မတွဲနိုင်ဘဲ လမ်းခွဲသွားကြသော စုံတွဲများစွာကိုလည်း တွေ့ဖူးပါသည်။ ကျွန်မမိတ်ဆွေများထဲက ပင် အချို့သော အိမ်ထောင်ရှင်တို့မှာ စာမဖွဲ့လောက်သည့် ကိစ္စကလေးများနှင့်ပင် လမ်းခွဲကြသူတွေကိုလည်း တွေ့ခဲ့ဖူးပါသည်။ လွန်ခဲ့သည့် နှစ်နှစ်ခန့်ကပင် ကျွန်မ အစ်ကို ခရိုတ်သည် သူ့အိမ်ထောင် တဖြည်းဖြည်းပြိုကွဲသွားခဲ့သဖြင့် ကျွန်မတို့ ငယ်စဉ်က အတူကြီးပြင်းခဲ့ကြသော အပေါ်ထပ်အခန်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။ အောက်ထပ်တွင် အမေက နေသည်။

ဘားရက်က ကျွန်မ၏ စိတ်အခြေအနေကို ရိပ်စားမိသဖြင့် အဆင်မပြေသည့် အိမ်ထောင်ဖက်များအား ညှိနှိုင်းဆွေးနွေးပေးသော အတိုင်ပင်ခံပုဂ္ဂိုလ် တစ်ဦးဦးနှင့် သွားရောက် ဆွေးနွေးတိုင်ပင်ချင်သည့် ဆန္ဒရှိ၏။ လင်မယားချင်း အဆင်မပြေသည့် ပြဿနာများကို သူစိမ်းတစ်ယောက် ရှေ့သွားရောက်ကာ ပြောပြရန်မှာ သူနှင့် ကျွန်မက ရန်ဖြစ် စိတ်ဆိုးနေကြသူများလည်း မဟုတ်သဖြင့် မသွားချင်ပေ။ သူနှင့် ကျွန်မ မျက်နှာချင်းဆိုင်ကာ ရင်ဖွင့်လိုက်ခြင်းဖြင့် ပြီးပျောက်သွားနိုင်ပါသည်။ ကျွန်မဘက်မှ ရင်ဖွင့်ပြောကြားရန် ရှိသကဲ့သို့ သူ့ဘက်မှ ပြောလိုသည်များကိုလည်း ကြားလိုပါသည်။

ထိုသို့ ရင်ဖွင့်ချိန်မှာ ညဘက်မဖြစ်ချင်၊ သမီးနှစ်ယောက်ရှေ့မှာသာ ပြောချင်သည်။ ကျွန်မမိတ်ဆွေ နှစ်ဦး၊ သုံးဦးခန့်မှာလည်း လင်မယားချင်း ပွင့်ပွင့် လင်းလင်း ပြောလိုက်ခြင်းအားဖြင့် ပြေလည်သွားကြသည်ကိုလည်း တွေ့ဖူးပါသည်။ ထို့ကြောင့် ကျွန်မမိတ်ဆွေများ ညွှန်းကြသော မြို့ထဲမှ စိတ်ပညာဆရာဝန်ထံ တွေ့ဆုံရန် ကြိုတင်ရက်ချိန်းယူလိုက်ပါသည်။ ဘားရက်နှင့် ကျွန်မ ထိုဆရာဝန်ထံသို့

အကြိမ် ကြိမ် အတူတကွသွားခဲ့ကြ၏။

ကျွန်မတို့အား နှစ်သိမ့်ဆွေးနွေးပေးသူမှာ ဒေါက်တာဝုဒ်ချာ့ချ်ဖြစ်ပြီး စကားပြောသိမ်မွေ့ညင်သာကာ ကာကီဘောင်းဘီကို စွဲစွဲမြဲမြဲဝတ်သူ ဖြစ်၏။ သူသည် ကမ္ဘာ အရပ်ရပ်ရှိ တက္ကသိုလ်များမှ ဘွဲ့များကို ရရှိခဲ့သူလည်း ဖြစ်သည်။ တစ်ခေါက်သွားတိုင်း ကျွန်မက နောက်ဆုံး မကျေမနပ်ဖြစ်မိသော အကြောင်းအရာကို ပြောပြသည်။ ဘားရက်ဘက်ကလည်း ပြောရန်ရှိနေမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်လိုက်ခြင်းက ကျွန်မအတွက် နှစ်သိမ့်ဆွေးနွေးမှုဆိုသည်မှာ အိမ်ထောင်သည်များအတွက် များစွာအကျိုးရှိစေသည် ဆိုသည်ကို သိရှိလိုက်ရပါသည်။ သူ့ဘက်က ခံစားရသည်ကိုပြော၊ ကိုယ့်ဘက်က ခံစားရသည်ကို ပြောပြကြ ရုံသာဖြစ်ပြီး ကြားမှ နားထောင်ပေးသော ဒေါက်တာဝုဒ်ချာ့ချ်က ဘာမှ ဆုံးဖြတ်ချက်ပေးသည်မဟုတ်ပေ။ ထို့ပြင် ဒေါက်တာသည် နှစ်ဖက်လုံးမှ ပြောသည်များကို စိတ်ရှည်ရှည်နှင့် နားထောင်ပေးတတ်သူလည်း ဖြစ်သည်။ ကျွန်မတို့ ခံစားချက်များကို ပြောပြနေစဉ်တွင် ချော့ချော့မော့မော့ ဖျောင်းဖျပေးလေ့ရှိသည်။ နာနာကြည်းကြည်း စကားလုံးမျိုး သုံးစွဲပြောသည့်အခါများတွင်လည်း ဒေါက်တာက သတိပေးတတ်ပြန်သည်။ ကျွန်မတို့နှစ်ယောက်လုံးမှာ ဥပဒေပညာတတ်ကျွမ်းသူများဖြစ်နေကြခြင်း ကြောင့် တရားရုံးတွင် ရင်ဆိုင်သည့်နှယ် ရှေ့နေဆန်သော မေးခွန်းမျိုး ထုတ်မိသည့် အခါများတွင်လည်း ဒေါက်တာက ဖျောင်းဖျရပြန်သည်။ တဖြည်းဖြည်းနှင့် နာရီ ပေါင်းများစွာ ရင်ဖွင့်မိကြသည့်အခါ တစ်ဦးခံစားချက်ကို တစ်ဦးက နားလည်ပေးနိုင် လာသည်။ ဒေါက်တာ၏ ရုံးခန်းမှ ပြန်ထွက်လာကြသည့်အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး ပိုမိုနားလည်မှု ရစေခဲ့ပါသည်။

တဖြည်းဖြည်းနှင့် ကျွန်မ ခံစားလာရသည်မှာ ကျွန်မ ပျော်နိုင်စေဖို့ ဘားရက်အနေဖြင့် နိုင်ငံရေးနယ်ကိုစွန့်ရန်မလိုဘဲ ကျွန်မကိုယ်တိုင်က မနက်ကိုးနာရီမှ ညနေ ခြောက်နာရီအထိ ဖောင်ဒေးရှင်းတစ်ခုတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ပျော်ရွှင်မှု ရနိုင်သည်ကို သိလာခဲ့၏။(ဒေါက်တာနှင့် နှစ်သိမ့်ဆွေးနွေးမှု မပြုလုပ်မီက ထိုအတွေး မျိုး မရှိခဲ့ဘဲ သူ နိုင်ငံရေးနယ်မှ ထွက်မှသာ ကျွန်မတို့မိသားစု ပျော်နိုင်လိမ့်မည်ဟု ထင်ခဲ့ပါသည်။) ဒေါက်တာနှင့် တွေ့ဖန်များလာသောအခါ ကျွန်မဘက်မှ ဘားရက် အပေါ်တွင် အထင်အမြင်လွဲမှားနေမှုများ တစ်စထက်တစ်စ ပေါ်လွင်လာခဲ့သည်။ ဟားဗတ်ကျောင်းဆင်း နှစ်ယောက်က လိုအပ်သည့် သက်သေခံအချက်အလက်များ ကို ဒေါက်တာအား ပေးခဲ့ကြပြီး ထိုအချက်အလက်များကို စုစည်းရရှိသွားသည့် ဒေါက်တာက အဖြေထုတ်နိုင်ခဲ့သည်နှင့် တူလှပါ၏။ အရေးကြီးသည့်အချက်တစ်ခု တွေ့လာရသည်မှာ ကျွန်မအနေဖြင့် ပျော်ရွှင်မှုကို လိုလားသည်ဆိုပါက ထိုပျော်ရွှင်မှု

ကို ဖန်တီးရမည့်သူမှာ မိမိကိုယ်တိုင်သာ ဖြစ်သည်ဆိုသော အချက်ပင်။ ဥပမာအားဖြင့် ဘားရက်အား အားကစားလေ့ကျင့်ခန်း မည်သို့လုပ်ရမည်ဆိုသည်ကို ဝင်ရောက်ပြောကြားနေမည့်အစား မိမိကိုယ်တိုင် လေ့ကျင့်ရန်သာ အာရုံထားသင့်သည်။ ညစာကို အမြဲတစေ အတူစားမှသာ ညစာဖြစ်သည် မဟုတ်ပါ။ သူ့အလုပ်ကိစ္စဖြင့် အပြင်တွင် စားခဲ့သည်ဆိုပါက ကိုယ့်ညစာကို ကိုယ့်ဘာသာ စားလိုက်ရုံသာရှိသည်။ သူမပါဘဲ စားရသဖြင့် ညစာမစားချင်ဆိုသောစိတ်ကို ဖျောက်နိုင်ရသည်။

ကျွန်မသည် ဤသို့ အတ္တကြီးစွာဖြင့် မိမိကိုယ်မိမိ နှောင်ဖွဲ့ထားမိသည်ကို တွေ့ရှိလာခဲ့၏။ ရေခဲတောင်ပေါ်သို့ ကြိုးစားတက်ရောက်နေသော တောင်တက်သမား မိမိ၏ ပုဆိန်လွတ်ကျသွားသည်နှင့် တူလှ၏။ ဘားရက်ဘက်မှ အားလုံးမှန်ကန်သည် ဟု ပြောခြင်းမဟုတ်ပေ။ သူ့ဘက်မှလည်း ဆင်ခြင်ရန်၊ ပြင်ဆင်ရန် အချက်အလက်များ ထွက်လာခဲ့ပါသည်။ ကျွန်မတို့နှစ်ယောက်ကြားမှ ကွာဟချက်များ သူနားလည်လာခဲ့ ခြင်းဖြင့် သူ့အလုပ်ကို သူဖြောင့်ဖြောင့်လုပ်နိုင်စေသကဲ့သို့ ကျွန်မကိုလည်း တစ်ဖက် တစ်လမ်းမှ ကူညီရာရောက်စေခဲ့ပါသည်။ ဒေါက်တာနှင့် နှစ်သိမ့်ဆွေးနွေးမှု ခံယူပြီးသည့် နောက်ပိုင်းတွင် ကျွန်မတို့နှစ်ယောက် ကိုယ့်အားကစားရုံနှင့် ကိုယ်ကစားကြမည့်အစား အားကစားစခန်းတစ်ခုတည်းတွင် ကစားကြသည်။ စက်ပေါ်တွင်ပြေးလျှင် နှစ်ယောက်အတူ ယှဉ်လျက်သား ပြေးကြသည်။ ကျွန်မတို့နှစ်ယောက်ကို အားကစား လေ့ကျင့်ရေးမှူး ကော်နယ်လ်မက္ကလိန်းဆိုသူက လေ့ကျင့်ပေးသည်။ ကျွန်မက ကော်နယ်လ်နှင့် ယခင်က လေ့ကျင့်ခဲ့ဖူးပါသည်။ သို့သော် ကလေးများမွေးပြီးသည့် နောက်ပိုင်းတွင် သူနှင့် အဆက်ပြတ်သွားခဲ့၏။ ကျွန်မ ထိုသို့ လေ့ကျင့်ကစားနိုင်ရန် အကူအညီပေးသူမှာ ကျွန်မဘဝတစ်လျှောက်လုံး ပေးဆပ်သူအဖြစ်သာ ရပ်တည်နေခဲ့သည့် ကျွန်မမိခင်ပင် ဖြစ်ပါသည်။ ရက်သတ္တပတ်အတွင်း ရက်တော်တော်များများ၌ အမေက မနက် ၄း၄၅ နာရီတွင် ကျွန်မတို့အိမ်သို့ အရောက်လာပေးသည်။ အမေ ရောက်လာချိန်တွင် ကျွန်မက ကော်နယ်လ်၏ အားကစားစခန်းသို့ မနက် ၅ နာရီ အရောက်သွားကာ အခြားအမျိုးသမီးမိတ်ဆွေများနှင့် လေ့ကျင့်ခန်းများ လုပ်တော့သည်။ မနက် ၆း၃၀ တွင် သမီးများ အိပ်ရာမှ ထကြပြီး သူတို့ နေ့စဉ် လုပ်ဆောင်ရ မည့် ကိစ္စအဝဝကို စတင်ကြတော့၏။ ထိုသို့ လုပ်ငန်းစဉ်များ ပြောင်းလဲလိုက်သော အခါ စိတ်တည်ငြိမ်သွားကာ ခွန်အားလည်းရလာသည်။ လက်လွှတ်ဆုံးရှုံးရတော့မည် ဟု ကျွန်မထင်ထားသော အရာနှစ်ခုကိုလည်း ပြန်လည် ရရှိလာခဲ့သည်။

ညနေ အိမ်ပြန်ရောက်ချိန် ညစာအတွက် ပြင်ဆင်ရာ၌လည်း သမီးများနှင့် ကျွန်မအတွက် အကျိုးရှိစေမည့် ညစာကိုသာ ပြင်ဆင်သည်။ ညစာစားကြမည့်အချိန်ကိုလည်း သတ်မှတ်လိုက်သည်။ ည ၆း၃၀ နာရီတွင် ကျွန်မတို့ ညစာစားကြကာ

၇း၀၀ နာရီတွင် ရေချိုးကြသည်။ ပြီးလျှင် စာဖတ်လိုကဖတ်၊ ည ၈း၀၀ နာရီတွင် တစ် အိမ်လုံး မီးပိတ်ကာ အိပ်ကြတော့သည်။ ထိုစည်းကမ်းကို ကျွန်မက တင်းတင်းကျပ် ထားရာ ဘားရက်ကိုယ်တိုင်လည်း အိမ်ပြန်နောက်ကျသည်ဖြစ်စေ၊ နောက်မကျသည် ဖြစ်စေ လိုက်နာသည်။ ဤသို့ စည်းကမ်းလုပ်လိုက်သဖြင့် သမီးလေးများမှာလည်း အိပ်ချင်သည့်တိုင် အိပ်ရာမဝင်မီ သူတို့အဖေကို ဖက်ယမ်း နှုတ်ဆက်နိုင်ရန် အိပ်ချင် မူးတူးစောင့်နေရခြင်းမှ ကင်းလွတ်သွားစေသည်။ အကျင့်လုပ်ပေးလိုက်သဖြင့် အိမ်ဦး နတ် ပြန်မလာမချင်းစောင့်ကာ နှုတ်ဆက်ပြီးမှ အိပ်ရမည်ဆိုသော အယူအဆကိုလည်း ပယ်ဖျက်ပြီး ဖြစ်သွားခဲ့၏။ ကျွန်မတို့ငယ်စဉ်ကလည်း အိပ်ရာဝင် နှုတ်ဆက်ရန် အဖေ့ကို မည်သည့်အခါကမျှ မစောင့်ဆိုင်းခဲ့ရပါ။ သားသမီးများ အိပ်ချိန်အမီ အိမ် ပြန်ရန်မှာ ဖခင်တစ်ယောက်၏ တာဝန်သာ ဖြစ်ပါသည်။

※※※

ချီကာဂိုမြို့တွင်းမှ လာမည်ဆိုလျှင် မြောက်ဘက်အရပ်၌ "ကလိုင်းဘောင်း" အမည်တွင်သည့် ရပ်ကွက်၌ အလွန်သာယာကာ နေချင့်စဖွယ်ကောင်းသော ရပ်ကွက် တစ်ခု ရှိသည်။ အလုပ်လုပ်သောမိဘများ၊ အထူးသဖြင့် ကျွန်မအတွက် ရည်ရွယ်တည် ဆောက်ထားလေသလားဟု ထင်မှတ်ရလောက်အောင်ပင် အဆင်ပြေသည့်နေရာတစ်ခု ရှိပါသည်။ ထိုနေရာ၌ အမေရိကန်နိုင်ငံသားများသာ ဈေးဝယ်လေ့ရှိသော ကုန်တိုက် တစ်ခုလည်း ရှိ၏။ ဘာမဆို လိုချင်တာမှန်သမျှ ရနိုင်ပါသည်။ အထူးသဖြင့် ကလေး အသုံးအဆောင်ပစ္စည်းများသာ ထုတ်လုပ်သည့် BabyGap, Best Buy, Gymboree နှင့် CVs ကုန်ပစ္စည်းများသာ ရောင်းချသော ဌာနခွဲများရှိသကဲ့သို့ အခြားကုန်စည်များ ရောင်းချကြသည့် ဆိုင်ခွဲပေါင်းများစွာလည်း ရှိပါသည်။ အရေးပေါ် လိုအပ်သည့် ပစ္စည်းမှန်သမျှ ဝယ်ယူရရှိနိုင်၏။ အိမ်သာသုံးပစ္စည်း လိုသလား၊ ထောပတ်သီးမုန့် မုန့် စားချင်ပါသလား၊ ရေချိုးခန်းသုံး ကလေးဆောင်းဦးထုပ် ဝယ်လိုပါသလား၊ အစစ တ,လိုက်လျှင် ရနိုင်သည်ချည်းသာ ဖြစ်၏။ ထိုကုန်တိုက်နားတွင် ကွန်တိန်နာ ဖြင့် ရောင်းသောဆိုင်များလည်း ရှိသေးသည်။ ထိုကွန်တိန်နာဆိုင်မှ ရောင်းသော ငရုတ်သီးကို အငွေ့ဖြင့်သာ လှော်ထားသည်မှာ ဟင်းလျာများအတွက် အထူးကောင်း မွန်လှပါသည်။ ထိုနေရာမှာ ကျွန်မ ကျက်စားလေ့ရှိသော နေရာတစ်ခုပင် ဖြစ်ပါသည်။ ကားကိုရပ်ပြီး လိုအပ်သည့် ပစ္စည်းဝယ်ယူရန် စတိုးဆိုင်နှစ်ခု၊ သုံးခုသို့ ဝင်တတ်ပါသည်။ အသားဖြင့် ချက်လုပ်ထားသော ဟင်းလျာ ဝယ်လေ့ရှိသည်။

အများအားဖြင့် ကျွန်မ သွားတတ်သည်မှာ နေ့လယ်စာစားချိန်များ၌ ဖြစ်၏။ တစ်ခါ တစ်ရံ ခြေအိတ်ပျောက်သူများအတွက် ခြေအိတ်ဝယ်ခြင်း၊ လာမည့် စနေနေ့တွင် အသက်ငါးနှစ်ပြည့်တော့မည့် သမီးကြီး မလီယာအတွက် မွေးနေ့လက်ဆောင် ဝယ် ခြင်း၊ အိမ်တွင် လိုအပ်နေသော အချိုရည်ဖြည့်တင်းခြင်း၊ သမီးမွေးနေ့ပါတီတွင် အသုံး ပြုမည့် တစ်ခါသုံးပစ္စည်းများ ဝယ်ခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့၏။

ဆာရာနှင့် မလီယာတို့မှာ ယခု သုံးနှစ်နှင့် ခြောက်နှစ် အသီးသီးရှိခဲ့ကြပြီ ဖြစ်သည်။ စမတ်ကျကျနေတတ်ကြပြီး ကြီးလွယ်သည်ဟုလည်း ထင်မိ၏။ သူတို့နှစ်ယောက် အထွားမြန်သည်ကို ကြည့်ပြီး ကျွန်မမှာ အသက်ရှူမှားမတတ် ခံစားရပါသည်။ ထို့ကြောင့် လိုအပ်သည့်ပစ္စည်းများဝယ်ပေးရန် ဈေးဝယ်ပလာဇာသို့ ရောက်ခဲ့ရပြန်ပါသည်။

တစ်ခါတလေတွင် ကျွန်မက နေ့လယ်စာကို ရပ်ထားသည့်ကားပေါ်မှာ ပင်

ရေဒီယိုဖွင့်ထားရင်း စားလိုက်တတ်ပါသည်။ ထိုအချိန်မျိုးတွင် ကျွန်မ စိတ်သက်သာရာရသည့်အပြင် ကိုယ့်စွမ်းဆောင်ရည် အပေါ်တွင်လည်း ကျေနပ်နေမိတတ်သည်။ သမီးကလေးများရှိသောဘဝကို ကျေနပ်သည်။ ဒါသည်ပင်လျှင် ဘဝ၏ အကျိုးပေး တစ်ခုဟု ခံယူပါ၏။

ထိုအချိန်မျိုးတွင် ကျွန်မရှေ့၌ တစ်ယောက်မျှမရှိသော ပရိသတ်များအား "ကြည့်ကြစမ်းပါဦး... ဒါဟာ ကျွန်မဘဝရဲ့ အောင်မြင်မှုတွေပေါ့"ဟုလည်း ပြော လိုက်ချင်၏။

အသက်က လေးဆယ်အရွယ်သို့ ရောက်လာခဲ့ပြီ။ ဂျွန်ကလီဗာတို့၊ မေရီတိုင်လာမိုးတို့၏ ဘဝများနှင့် နည်းနည်းဆင်သည်ဟုလည်း ခံစားမိသည်။ ယခုကဲ့သို့ နေခွင့်ရခြင်းကြောင့် ကျွန်မကိုယ်ကျွန်မ ကျေနပ်မိသည်လည်း အမှန်ပင်ဖြစ်ပါသည်။ ကျန်သေးသည့် ဘဝအစိတ်အပိုင်းကို မျှော်ကြည့်လျှင်လည်း ယခုဘဝထက် အောက်ကျမည်ဟု မထင်ပေ။ တက္ကသိုလ်ဆေးရုံမှ ကျွန်မအလုပ်မှာလည်း ကျေနပ်ဖွယ်ကောင်းသည်အထိ အဆင်ပြေလျက်ရှိပြီး ကျွန်မဝါသနာနှင့်လည်း တစ်ထပ်တည်းကျသော အလုပ် ဖြစ်ခြင်းကြောင့် လုပ်ရကိုင်ရသည်မှာ အဆင်ပြေလှပါသည်။ ကျွန်မတို့ တက္ကသိုလ်ဆေးရုံကြီးတွင် ဝန်ထမ်းပေါင်း ကိုးထောင့်ငါးရာတို့ တာဝန်ထမ်းဆောင် လျက်ရှိကြပြီး ပုံမှန်နေ့စဉ်လည်ပတ်လှုပ်ရှား နေကြပါသည်။ ဆေးကုသခံယူသူများ ရှိသကဲ့သို့ ရောဂါများအား သုတေသနပြုသူများ၊ စာတမ်းတင်သူများ နေ့စဉ် ဝင်ထွက်သွားလာနေကြပါသည်။ သို့သော် အံ့သြဖွယ်ကောင်းသည်မှာ အနီးပတ်ဝန်းကျင်မှ အချို့သောသူတို့မှာ ဆေးရုံဆိုလျှင် ကြောက်ကြခြင်းကြောင့် ဆေးရုံဝင်းထဲမှပင် ဖြတ်မသွားဝံ့သူ များစွာရှိပါသည်။ ကျွန်မကမူ ကြောက်စိတ်ရှိရန် ဝေးစွ၊ မနက်မိုးမလင်းမီပင် ဆေးရုံဝင်းထဲသို့ ရောက်ရှိနေပြီဖြစ်၏။

ကျွန်မဘဝ၏ အချိန်တော်တော်များများမှာ ဤပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့ရပြီး ကျွန်မတို့ ပတ်ဝန်းကျင်တွင်ရှိကြသော လူမည်း အိမ်နီးချင်းများနှင့်မတူသည့် လူဖြူတို့၏ စိတ်လှုပ်ရှားနေမှုများကိုလည်း မြင်တွေ့ရပါသည်။ ကျွန်မအလုပ်မှာ ထိုသူတို့အတွက် အတားအဆီးများသဖွယ် ဖြစ်နေသော အခက်အခဲများကို စိတ်ဓာတ်အားဖြင့် ဖယ်ရှားပေးရခြင်းဖြစ်ပါသည်။ လူသားအချင်းချင်း ယိုင်းပင်းကူညီမှုရှိစေ ရန် လုပ်ဆောင်ပေးရသည်။ ကျွန်မ လုပ်ကိုင်ချင်သည်များကို ကျွန်မ အထက်အရာ ရှိကလည်း အားပေးသည်။ ကိုယ့်အစီအစဉ်နှင့်ကိုယ် စိတ်ကြိုက်လုပ် ဆောင်ခွင့်ပေးထား၏။ ကျွန်မက ဆေးရုံနှင့် အနီးပတ်ဝန်းကျင်မှ သူများ သဟဇာတဖြစ်အောင် ကြိုးပမ်းသည်။ ပထမပိုင်းတွင် ကျွန်မနှင့် လက်ထောက်တစ်ဦးသာ ရှိသော်လည်း နောင်တွင် နှစ်ဆယ့်နှစ်ဦးအထိ ပါဝင်သော အဖွဲ့တစ်ဖွဲ့ ဖြစ်လာခဲ့သည်။ ကျွန်မက

ဆေးရုံဝန်ထမ်းများ၊ ဆေးရုံသို့ လှူဒါန်းချီးမြှောက်ပေးနေကြသူတချို့ကို ပတ်ဝန်းကျင် မှ ပုဂ္ဂိုလ်များနှင့် ထိတွေ့စေပါသည်။ အထူးသဖြင့် ချီကာဂိုတောင်ပိုင်းမှ ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ သူတို့အား လူမှုအဖွဲ့အစည်းများ စုဝေးကြသည့်နေရာများ၊ ကျောင်းများ သို့ ခေါ်ဆောင်သွားကာ လေ့လာစေပါသည်။ တချို့ပုဂ္ဂိုလ်တို့အား နည်းပြဆရာများ အဖြစ်လည်းကောင်း၊ အချို့ကို သိပ္ပံပြပွဲ၏ အကဲဖြတ်ဒိုင်များအဖြစ် လည်းကောင်း ပူးပေါင်းပါဝင်စေခဲ့ပါသည်။ လူငယ်အချို့အားလည်း ဆေးရုံဝန်ထမ်းများအဖြစ် ခန့်အပ်ပေးသည်။ ဤသို့ဖြင့် ပတ်ဝန်းကျင်မှလူများသည် ကျွန်မတို့ ဆေးရုံတွင် စေတနာ့ဝန်ထမ်းအဖြစ် လာရောက်လုပ်ကိုင်ပေးကြသူများအထိ ပေါ်ပေါက်လာခဲ့ကြသည်။ နွေရာသီရက်တိုသင်တန်းများ ဖွင့်လှစ်ကာ လူငယ်များ တက်ရောက်နိုင်ရန် စီစဉ်ပေးခြင်းဖြင့် ဆေးပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် စိတ်ဝင်စားလာစေသည်။ ဆေးရုံမှ အမျိုးသမီးများနှင့် အရွယ်မရောက်သေးသူများအား ကန်ထရိုက် စာချုပ်ချုပ်ဆိုကာ ငှားရမ်းကြောင်း ကျွန်မ သိလာသောအခါ “အလုပ်အကိုင်အခွင့် အလမ်းရုံး” သီးခြားဖွင့်လှစ်ပေးခဲ့၏။

နောက်ဆုံးတွင် သုံးသပ်၍ရသည်မှာ ကျွန်မတို့ ပတ်ဝန်းကျင်၌ ဆေးနှင့် ပတ်သက်၍ အလွန်လိုအပ်နေသူ အများအပြားရှိနေသည်ဆိုခြင်းပင် ဖြစ်၏။ ချီကာဂို တောင်ပိုင်းဒေသတစ်ခုတည်းတွင် နေထိုင်ကြသော လူဦးရေမှာ တစ်သန်းကျော်ရှိသဖြင့် သူတို့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဆေးရုံဆိုသည်မှာ မည်သည့် နည်းနှင့်မျှ အချိုးအဆမညီမျှ မလုံလောက်နိုင်ပေ။ အထူးသဖြင့် ဆင်းရဲသားလူတန်း စားတို့တွင် ဖြစ်လေ့ဖြစ်ထရှိသော ပန်းနာရင်ကျပ်ရောဂါ၊ ဆီးချိုရောဂါ ၊ သွေးတိုးရောဂါ ၊ နှလုံးရောဂါတို့မှာ အများဆုံးပင် ဖြစ်သည်။ အများစုမှာ ကျန်းမာရေးအာမခံ မထားနိုင်သူများဖြစ်ပြီး တချို့မှာသာ အစိုးရ၏ ကျန်းမာရေးထောက်ပံ့မှုရကြသူများ ဖြစ်ပါသည်။ ကျွန်မတို့တက္ကသိုလ်ဆေးရုံ၏ အရေးပေါ်ဌာနဆိုလျှင် အမြဲတမ်း လူနာ များပြည့်ကျပ်နေတတ်၏။ တချို့မှာ အရေးပေါ်ကိစ္စများမဟုတ်ကြဘဲ ရောဂါကို ဂရု မစိုက်၊ ကာကွယ်ခြင်းမပြုကြသဖြင့် နောက်ကျမှ ရောက်လာသည့် လူနာများလည်း ရှိကြပါသည်။ ထိုသို့သောပုဂ္ဂိုလ်တို့မှာ ဘဝင်မကျစရာကောင်းလှသူများ ဖြစ်သည်။ ကုသရေးအတွက် ကုန်ကျစရိတ်များမည်။ လုံလောက်မှုမရှိနိုင်သောကြောင့် ပါဝင် ပတ်သက်ရသူအားလုံး စိတ်မောကြရပါသည်။ အရေးပေါ်ဌာနဆိုသည်မှာ ကြာရှည် စွဲကပ်နေသော ရောဂါများကို ကုသပေးနိုင်သည့်ဌာန မဟုတ်ပေ။ ထို့ကြောင့် ယင်း ပြဿနာကို ဖြေရှင်းနိုင်ရန် ကျွန်မ နည်းလမ်းရှာဖွေရတော့သည်။ အရေးပေါ်ဌာနသို့ လာပြနေကြသော ရောဂါ သည်များကို ရင်းရင်းနှီးနှီး အကြံဉာဏ်ပေးနိုင်မည့် ရှေ့နေ ကဲ့သို့သောသူများကို ခေါ်ယူရသည်။ ထိုသူတို့က အရေးပေါ်အခန်းသို့ ရောက်လာကြသည့် ရောဂါသည်များအား ရင်းနှီးစွာ တိုင်ပင်ဆွေးနွေးကြပြီး ယခုရောက်ရှိနေသော နေရာမှာ အရေးပေါ်ကိစ္စများကိုသာ ဆောင်ရွက်ပေးသည့်

ဌာနဖြစ်ပြီး စွဲကပ်နေသည့် ရောဂါကိုကုသရန်မှာ သက်ဆိုင်ရာဒေသများရှိ ဆေးပေးခန်းများသာဖြစ်ကြောင်း၊ ထိုဆေးပေးခန်းများတွင် စျေးသက်သက်သာသာဖြင့် ကုသမှုခံယူနိုင်ပါကြောင်း ဆွေး နွေးဖျောင်းဖျရ၏။

ကျွန်မအလုပ်က စိတ်ဝင်စားစရာကောင်းသကဲ့သို့ ပြန်လည်တုံ့ပြန်မှုရသည့် အားကလည်း ကောင်းပါသည်။ ထိုသို့ လုပ်ဆောင်နိုင်ခြင်းနှင့်ပတ်သက်၍ သမီးများ ကို ကျေးဇူးတင်ရမည်ဟု ကျွန်မခံစားမိသည်။ ကျွန်မက ဘားရက်အား သူဝါသနာပါသည့် နိုင်ငံရေးအလုပ်ကို စွန့်လွှတ်ရန် မတိုက်တွန်းတော့ဘဲ သူ့စိတ်ကူးအိပ်မက်များ ဆက်လက်အကောင်အထည်ဖော်ခွင့်ပြုရန် သဘောတူခဲ့သည်။ ကျွန်မကိုယ်တိုင်က လည်း ကျွန်မဝါသနာပါသည့်အလုပ်များကို ဇောက်ချကာ လုပ်ဆောင်မည်ဖြစ်သည်။ နောက်ဆုတ်မည့်အစား ရှေ့သို့သာ တိုးလိုက်ပါ၏။ ကျွန်မပတ်ဝန်းကျင်တွင် ဝေဖန် မည့်သူတစ်ဦးဦးသာရှိပါက ကျွန်မ အစွမ်းကုန်မလုပ်သေးဟု ဝေဖန်မည်ထင်သည်။ သို့သော် ကျွန်မက လုပ်နိုင်သမျှကိုလုပ်ကာ အရာရာကိုလည်း သဟိ၊ ဝီရိယနှင့် စောင့်ကြည့်နေသူဖြစ်သည်။ အချို့ သေးသေးမွှားမွှား ကိစ္စကလေးများကိုမူ ကျွန်မ ဂရု မစိုက်တော့ပေ။ ကလေးနှစ်ယောက်မိခင်၊ ဝန်ထမ်းတစ်ယောက်အနေဖြင့် လုပ်ဆောင် နိုင်သမျှကို လုပ်ပေးနေသည်။ ကျွန်မ ခြေနိုင်လက်နိုင်လုပ်နိုင်သည့် ကိစ္စများကိုသာ ဆောင်ရွက်ပါသည်။ အထူးသဖြင့် အချိန်နှင့်ပတ်သက်၍ သတိကြီးစွာထား၏။

လုပ်ငန်းခွင်မှ အိမ်သို့ပြန်ရောက်လျှင် အိမ်အလုပ်များ ဆက်လုပ်ရမည်ဖြစ်သော ကြောင့် ခွန်အားကို ချွေတာထားရခြင်းပင် ဖြစ်ပါသည်။

※

ကျွန်မ ရည်မှန်းချက်များက အတတ်နိုင်ဆုံးရိုးရှင်းပြီး တည်ငြိမ်စေရန် ဂရုစိုက်သည်။ သို့သော် ဘားရက်ကမူ ဤသို့မဟုတ်ပေ။ ကျွန်မတို့နှစ်ယောက် အိမ်ထောင် သက်ကြာလာသည်နှင့်အမျှ တစ်ယောက်အကြောင်းတစ်ယောက် ပိုသိလာကြ၏။ ထို့ကြောင့် သူ့အကျင့်နှင့်သူ၊ ကိုယ့်အကျင့်နှင့်ကိုယ် ဟုသာ သဘောထားလိုက်ကြသည်။ သူ့လမ်းသူလျှောက်၊ ကိုယ့်လမ်းကိုယ်လျှောက်ကြမည်။ ကျွန်မက ပုံမှန်ပြုလုပ် နေကျအလုပ်များကို လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ကိုင်သွားရခြင်းကို နှစ်သက်သည်။ သူက ထိုသို့မကြိုက်။ သူက ပင်လယ်တွင်း၌ နေရမည်ဆိုလျှင်လည်း နေမည့်သူ၊ ကျွန်မကမူ နေမည်ဖြစ်သော်လည်း လှေကလေးတစ်စင်းတော့ လိုအပ်မည်ဟု ခံယူသူ ဖြစ်၏။ သူ အိမ်၌ရှိနေလျှင် ရှိနေမှန်းသိအောင် လုပ်ဆောင်တတ်သည်။ သမီးများနှင့် ကြမ်းပြင်ပေါ်တွင် ဆော့ကစားမည်။ ညဘက်တွင် မလီယာအား ဟယ်ရီပေါ်တာ ဇာတ်လမ်းကို အသံထုတ်ကာ ဖတ်ပြမည်။ ကျွန်မက ရယ်စရာပြောလိုက်လျှင်လည်း သူ့မှာ

ရယ်မဆုံး၊ ကျွန်မကိုဖက်ထားပြီး ရယ်နေတော့သည်။ ဤသို့ လုပ်ဆောင်ခြင်း ဖြင့် သူ့အချစ်ကိုပြတတ်ပြီး နောက်ထပ် ရက်သတ္တပတ်တစ်ဝက် ပျောက်ကွယ်သွား ပြန်တော့၏။ သူ့အားလပ်ရက်များတွင်သာ ကျွန်မတို့မှာ ထမင်းအတူစားခြင်း၊ မိတ်ဆွေ များအား သွားရောက်တွေ့ဆုံခြင်းတို့ ပြုလုပ်နိုင်ကြပါသည်။ တစ်ခါတစ်ရံ၌ ကျွန်မ ကျေနပ်စေရန် Sex and the City ဇာတ်လမ်းတွဲကို အတူကြည့်ပေးတတ်ပြီး ကျွန်မက လည်း သူကျေနပ်စေရန်အတွက် တစ်ခါတစ်ရံ သူကြည့်သည့် The Sopranos အစီ အစဉ်များကို လိုက်ကြည့်ပေး၏။ ကျွန်မအနားတွင် သူ ထာဝရမနေနိုင်သည်မှာ အလုပ်ကြောင့်သာဖြစ်သည်ဆိုသော ခံယူချက်ထားလိုက်သည့်အခါ စိတ်ထဲတွင် ငြိမ်းချမ်းသွားသည်။ အမှန်စင်စစ်တွင် ထိုခံယူချက်ကို နှစ်မြို့လှသည်တော့မဟုတ်ပေ။ သို့သော် ရန်မဖြစ်ချင်တော့ပေ။ ဘားရက်ကမူ ကျွန်မတို့နှင့် ဝေးသောတစ်နေရာတွင် ဟိုတယ်၌နေပြီး အပေါင်းအသင်းများနှင့် နိုင်ငံရေးအကြောင်းပြောရင်း ကျေနပ်နေပေ မည်။ ကျွန်မကမူ အမိုးတစ်ခုတည်းအောက်တွင် သမီးနှစ်ယောက်နှင့် ပြည့်စုံနေရသည်။ ကလေးနှစ်ယောက်ကို သိပ်ပြီးလျှင် မီးဖိုခန်းထဲ၌ ဆေးကြောဖွယ်ရှိသည်များ ကို ဆေးကြောရင်း သီချင်းညည်းကာ နေလိုက်၏။

ကျွန်မတွင် အခြား ရွေးချယ်ရန်လမ်း မရှိတော့ပေ။ ဘားရက် အဝေးသို့ ရောက်နေသည်ဆိုသည်မှာလည်း တစ်သက်လုံးဖြစ်မည် မဟုတ်ပါ။ လက်ရှိအလုပ်ကို လုပ်ကိုင်နေရင်းမှာပင် ဘားရက်က မဲဆွယ်စည်းရုံးမှု လုပ်နေပြန်သည်။ ၂၀၀၄ ခုနှစ် ၌ ကျင်းပမည့် ရွေးကောက်ပွဲ၌ အထက်လွှတ်တော်အမတ်နေရာ ဝင်ရောက်ယှဉ်ပြိုင် ရန်အတွက် ဖြစ်၏။

တဖြည်းဖြည်းနှင့် သူသည် စပရင်းဖီးလ်၌ နေရသည်ကိုပင် အားမရဖြစ်ကာ ဆောက်တည်ရာမရဖြစ်လာ၏။ ဝါရှင်တန်သို့ ပြောင်းရွှေ့နေထိုင်နိုင်ပါက အစိုးရအဖွဲ့ ဝင် ဖြစ်လာသည်အထိ သူစွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်လာသည်။ ထိုသို့ ပြောင်းရွှေ့နေထိုင်မည်ဆိုပါက ကျွန်မ လက်ခံမည်မဟုတ်ဆိုသည်ကို သူသိသကဲ့သို့ ကျွန်မ ငြင်းလျှင် ဘယ်ကဲ့သို့ ချေပရမည်ဆိုသည်ကိုလည်း သူက ပြင်ဆင်ထားပုံရ၏။ သို့ဖြင့် ၂၀၀၂ ခုနှစ် နှစ်လယ်သို့ ရောက်လာသည်။ လိပ်ခဲတည်းလည်းဖြစ်နေသော ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် တစ်ဒါဇင်ခန့်မျှရှိသော ကျွန်မတို့နှစ်ယောက်၏ အရင်းနှီးဆုံး မိတ်ဆွေများကို အစည်းအဝေးမဟုတ်သော ဆွေးနွေးပွဲကလေးတစ်ခုသို့ တက်ရောက်ဆွေးနွေးပေးပါရန် ဖိတ်ကြားခဲ့ကြသည်။ ထိုဆွေးနွေးပွဲကို ဗယ်လာရီ ဂျားရက်အိမ်၌ ကျင်းပခဲ့ကြ၏။ မိတ်ဆွေများ၏အမြင်ကို ပွင့်ပွင့်လင်းလင်း တောင်းခံ ခဲ့ကြခြင်းပင်ဖြစ်သည်။

ဗယ်လာရီက ကျွန်မတို့နေသည့် ဟိုက်ဒ်ပါ့ခ်နှင့် မလှမ်းမကမ်းတွင် နေထိုင်

သူဖြစ်သည်။ သူမ၏ ကွန်ဒိုမှာ သန့်ရှင်းသပ်ရပ်ပြီး ခေတ်မီ၏။ နံရံ နံရံများမှာ အဖြူရောင် များဖြစ်သကဲ့သို့ ပရိဘောဂများကလည်း အဖြူရောင်များသာဖြစ်ပါသည်။ အိမ်တွင်း အလှဆင်ထားသော သစ်ခွပန်းရောင်စုံတို့က ပိုမိုပေါ်လွင်နေ၏။ ထို့ပြင် ဗယ်လာရီ သည် အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ ချီကာဂိုတက္ကသိုလ်ဆေးရုံ၏ ဘဏ္ဍာထိန်းလည်း ဖြစ်သည်။ ပြည်သူ့မဟာမိတ်အဖွဲ့တွင် ကျွန်မ လုပ်ခဲ့စဉ် ကလည်း အားပေးပံ့ပိုးခဲ့သည်။ ဘားရက်၏ မဲဆွယ်ပွဲများအတွက်လည်း များပြားလှသော သူ့အဆက်အသွယ်များအား ရန်ပုံငွေ ထည့်ဝင်လှူဒါန်းစေခဲ့သူဖြစ်၏။ ထို အကြောင်းများကြောင့်တစ်ကြောင်း၊ သိမ်မွေ့နူးညံ့ကာ အရာရာကို ချင့်ချင့်ချိန်ချိန် အကြံပေးတတ်သူလည်းဖြစ်ခြင်းကြောင့်ပင် ဗယ်လာရီသည် ကျွန်မတို့ ဘဝထဲတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သူ အမျိုးသမီးကြီးပင် ဖြစ်တော့သည်။ ကျွန်မ တို့ချင်း ရင်းနှီးမှုမှာ ကိုယ်ရေးကိုယ်တာအရ ဖြစ်သကဲ့သို့ လုပ်ငန်းသဘောအရလည်း ဖြစ်သည်။ ဗယ်လာရီသည် ကျွန်မတို့နှစ်ယောက် မပတ်သက်ခင်ကတည်းက နှစ် ယောက်စလုံးနှင့် ခင်မင်ရင်းနှီးခဲ့ခြင်းလည်း ဖြစ်၏။ ဇနီးနှင့်ရော ခင်ပွန်းနှင့်ပါ ခင်မင် ရင်းနှီးပြီးသူဆိုသည်မှာ ဖြစ်တောင့်ဖြစ်ခဲ ရှားပါးလှပါသည်။ စကားဝိုင်းမစမီတွင် ကျွန်မက မာန်တင်းနေသော်လည်း ဘားရက်ကမူ ရောက်နှင့်ပြီးသည့် မိတ်ဆွေတချို့နှင့် ပျော်ပျော်ပါးပါး ဘတ်စကက်ဘော ကစားနေ၏။ ကျွန်မတို့ ဖိတ်ကြားထားသည့် မိတ်ဆွေများထဲတွင် ဇနီးမောင်နှံစုံတွဲများ ပါသကဲ့သို့ သူတို့သားသမီးများက ကျွန်မတို့ သမီးများ၏ သူငယ်ချင်းဖြစ်နေသူများလည်း ပါဝင်ကြပါသည်။ တချို့မိသားစုတို့မှာ ကျွန်မတို့နှင့် အပန်းဖြေခရီးထွက်ခဲ့ကြဖူးသူတို့ ဖြစ်၏။ သို့သော် သူတို့အားလုံးနှင့် ယှဉ်လိုက်လျှင် ဗယ်လာရီသည် ထူးခြားသည်။ ကျွန်မတို့အပေါ်တွင် အစ်မကြီးတစ် ယောက်က စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်သည်။ အခက်အခဲကြုံလာလျှင် ကူညီဖြေရှင်းပေးတတ်သည်။ သူက ကျွန်မတို့အပေါ်တွင် အမြင်ကြည်လင်သကဲ့သို့ ကျွန်မတို့နှစ်ယောက်စလုံး၏ ရည်မှန်းချက်ကိုလည်း သိနားလည်သူဖြစ်၏။ ထို့ပြင် လိုအပ်ပါက ကာကွယ်ပေးနိုင်သူလည်း ဖြစ်သည်။

ဗယ်လာရီက ကျွန်မအား ကြိုတင်ပြောကြားထားသည်မှာ ဘားရက်သည် ဆီးနိတ်အမတ်လောင်း တစ်ဦးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိမ့်မည် မဟုတ်ဟု ထင်ကြောင်းဖြစ်၏။ ထို့ကြောင့် ထိုနေ့က ကျွန်မသည် စိတ်ပူပင်သောကမရှိဘဲ အေးဆေးနေခဲ့သည်။

သို့သော်... ကျွန်မတို့ မှားခဲ့ကြပါသည်။

ထိုညက ယခု သူဝင်ရောက်ယှဉ်ပြိုင်ရန် စဉ်းစားထားသော ဆီးနိတ်အမတ်

နေရာမှာ နိုင်ငံရေးလောကသို့ သူဝင်ရောက်နိုင်သည့် တစ်ခုတည်းသောဝင်ပေါက်ဖြစ် ကြောင်း ရှင်းပြခဲ့သည်။ သူကိုယ်တိုင်က သေချာပေါက် အောင်နိုင်လိမ့်မည်ဟု ယုံကြည်ထားသည်ဟုလည်း ဆို၏။ သူနှင့်ယှဉ်ပြိုင် အရွေးခံမည့်သူမှာ ပီတာဖစ်ဇ် ဂါလင် ဆိုသူဖြစ်ပြီး ရီပါဘလီကင်ပါတီမှဖြစ်ပြီး ဒီမိုကရက်တစ်များ အားကောင်းသည့် ပြည်နယ်တွင် သူသာနိုင်မည်ဟု ယုံကြည်သည် ဆို၏။ အခြေခံရွေးကောက်ပွဲ များတွင် ပါတီဝင်များစွာတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒီမိုကရက်တစ်ပါတီဝင် အများစုက ဘားရက်ကိုသာ ရွေးကြလိမ့်မည်ဟုလည်း ယုံကြည်ထားသည်ဟု ဆိုသည်။ သို့မှသာ ပြည်နယ် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်အနေဖြင့် အမတ်တစ်နေရာစာ သေချာနိုင်မည် ဖြစ်သည်။ ငွေကြေးကုန်ကျစရိတ်အနေဖြင့် မိသားစုပိုင်ငွေကြေး တစ်ပြားတစ်ချပ်မျှ ထိပါးသုံးစွဲမည် မဟုတ်ဟုလည်း သူက ကျွန်မအား ကတိပြုသည်။ အကယ်၍ သူ့အနေဖြင့် ဝါရှင်တန်တွင် သွားရောက်နေထိုင် မည်ဆိုပါက ကျွန်မတို့အနေနှင့် အိမ်နှစ်အိမ်ဖြစ်နေခြင်းကြောင့် စားဝတ်နေရေး အတွက် မည်သို့ ဆောင်ရွက်မည်နည်းဟု မေးကြည့်သောအခါ သူက “ကိုယ် စာအုပ် တစ်အုပ် ရေးမယ်လေ။ အဲဒီစာအုပ်က ပေါက်ထွက်မယ့်စာအုပ်ဖြစ်လို့ ငွေအများကြီး ရနိုင်တယ်”ဟု ဆို၏။

သူ့စကား ကြားရသည့်အခါ ကျွန်မ ရယ်မိသည်။ ကျွန်မသိသမျှ လူများထဲတွင် ဘားရက်သည် စာအုပ်တစ်အုပ်ရေးသားခြင်းဖြင့် အရာရာကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်သည့်တစ်ဦးတည်းသောပုဂ္ဂိုလ် ဖြစ်ပါသည်။ သူသည် Jackand the Beanstalk ပုံပြင်ထဲက လူငယ်ကလေးကဲ့သို့ ပဲစေ့များဖြင့် မိသားစု၏ ကိစ္စအဝဝ ကို ဖြေရှင်းပေးနိုင်မည့်သူဟု ယုံကြည်နေဟန်ရှိသည်။ မရေးရသေးသော သူ့စာအုပ်သည် အရာရာကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်နေ၏။

တခြား သူ တင်ပြသည့် အချက်အလက်အားလုံးတို့မှာ ခိုင်မာမှုရှိပါသည်။ သူစကားပြောနေစဉ်အတွင်း ကျွန်မက ဗယ်လာရီ၏ မျက်နှာကိုသာ ငေးစိုက်ကြည့်နေမိသည်။ ဗယ်လာရီ ကျွန်မကိုယ်စား ဒိုင်ခံမေးနေသော မည်သည့်ကိစ္စမဆို ဘားရက်က ကြိုတင်တွေးတောပြီးသော သူ့အဖြေများကို ဒိုးဒိုးဒေါက်ဒေါက် ဖြေသွားသည်။ သူပြောနေသည်များက အဓိပ္ပာယ်ရှိသည်ဆိုသည်ကိုလည်း ကျွန်မ လက်ခံပါသည်။ ယခုလည်း မိသားစုနှင့်ခွဲကာ စပရင်းဖီးလ်တွင် သွားနေရသည့် အတူတူ၊ ဝါရှင်တန်သို့ ပြောင်းနေခြင်းက ဘာမျှပိုထူးခြားသည် မဟုတ်ပါ။ နိုင်ငံရေးလုပ်နေခြင်း ကိစ္စကြောင့် သူနှင့် ကျွန်မကြား အကြိမ်ကြိမ် ပြဿနာတက်ကြသည်ဆိုသော်လည်း ကျွန်မ သူ့ကိုချစ်သည်၊ ယုံလည်းယုံကြည်၏။ သူ့တွင် မိသားစုနှစ်ခုရှိနေသည်။ ပထမတစ်ခုမှာ ကျွန်မနှင့် သမီးနှစ်ယောက်တို့ဖြစ်ပြီး ဒုတိယမိသားစုမှာ တောင်ပိုင်း ဒေသတွင်ရှိကြသော မဲဆန္ဒရှင် ၂၀၀,၀၀၀ ကျော်တို့ ဖြစ်သည်။ အီလီနွိုက်ပြည်နယ် နှင့် ကျွန်မတို့

ကိုယ်ပိုင်မိသားစုတို့ သူ့ကို လွှန်ဆွဲနေကြသည်နှင့်ပင် တူတော့သည်။ ကျွန်မ မတွေးတတ်တော့ပေ။ သူယုံကြည်ရာလမ်းကြောင်း ပိတ်သွားစေရန်လည်း မပြုရက်ပါ။ သူက နိုင်ငံရေးတွင် စိတ်ဓာတ် တစ်စထက်တစ်စ ပိုမိုပြင်းထန်လာသည် ဆိုသည်ကို ကျွန်မ အသိဆုံးပင်။

ထို့ကြောင့် ဗယ်လာရီအိမ်တွင် ဆွေးနွေးကြသည့်ညက သဘောတူညီချက် တစ်ခု ရလိုက်ကြပါသည်။ ဗယ်လာရီကိုယ်တိုင်က ဘားရက် ကုန်ကျမည့် စည်းရုံးမဲ ဆွယ်ခြင်းကိစ္စအဝဝအတွက် ကုန်ကျစရိတ် အားလုံးကို ကျခံပေးမည်ဟု သဘောတူ လိုက်သည်။ မိတ်ဆွေအချို့ကလည်း ငွေကြေးနှင့်အချိန် ပါဝင်ကူညီမည်ဟု ဆိုကြသည်။ ကျွန်မ လက်လျှော့လိုက်ပါပြီ။ သို့သော် အချက်တစ်ခုကိုမူ အားလုံးကြားစေရန် ခပ်ကျယ်ကျယ်ပင် အသံထုတ်ပြောလိုက်ပါသည်။ အကယ်၍ သူရှုံးခဲ့သည်ရှိသော်၊ နိုင်ငံရေးလောကကို သူ အပြီးတိုင်ကျောခိုင်းရမည်။ အခြားအလုပ်တစ်ခု လုပ်ရမည်။ အကယ်၍ ထိုသို့ ကျောခိုင်းခြင်းမပြုပါက သူနှင့်ကျွန်မ လမ်းခွဲရလိမ့်မည်ဟူ၍ ဖြစ်၏။ တကယ်ဖြစ်လာခဲ့လျှင် ကျွန်မ တကယ်လမ်းခွဲတော့မည်ဖြစ်သည်။ နောက်တစ်ဆင့် ဘားရက်အတွက် ဖြစ်လာသည်က ကံကောင်းခြင်းများ ဆက်တိုက် ရောက်လာခဲ့ခြင်းပင်ဖြစ်သည်။ ပထမဦးစွာ ကံကောင်းလိုက်ခြင်းက သူနှင့်ယှဉ်ပြိုင်ရမည့် ဖစ္စဂါလင်က ရွေးကောက်ပွဲတွင် ထပ်မံယှဉ်ပြိုင်တော့မည် မဟုတ်ကြောင်း ကြေညာလိုက်ခြင်းပင်။ သူ နုတ်ထွက်လိုက်သဖြင့် တစ်ဖက်ပါတီမှ ကျွန်မခင်ပွန်းကဲ့သို့သော မျက်နှာသစ်ပြိုင်ဘက်များ ပေါ်ထွက်လာနိုင်ပါသည်။ ဒီမိုကရက်တစ်ပါတီမှ ဘားရက်နည်းတူ ရွေးကောက်ပွဲဝင်နိုင်ခြေရှိသော ပြိုင်ဘက် နှစ်ဦးတို့မှာလည်း ဇနီးဟောင်းများက ပြဿနာထ,ရှာကြသဖြင့် ပါတီတွင်း အခြေခံရွေး ကောက်ပွဲကိုပင် ဝင်နိုင်သည့်အခြေအနေ မရှိကြတော့ပေ။ ထို့ကြောင့် ရွေးကောက်ပွဲ ကျင်းပရန် လပိုင်းသာလိုတော့သည့် အချိန်အထိ ဘားရက်အား ယှဉ်ပြိုင်အရွေးခံမည့် သူ ရီပါဘလီကင်၌ ပေါ်ပေါက်မလာတော့ပေ။

သေချာသည်ထက် သေချာစေရန် ဘားရက်က မဲဆွယ်စည်းရုံးခြင်းကို အဆက်မပြတ် ဆောင်ရွက်နေခဲ့သည်။ ပထမအကြိမ် ကွန်ဂရက်လွှတ်တော်အတွက် ယှဉ်ပြိုင်စဉ်က ရရှိခဲ့သောအရှုံးမျိုးကို နောက်ထပ် ရင်မဆိုင်ရစေရန်ဖြစ်၏။ ပါတီတွင်း အခြေခံရွေးကောက်ပွဲကျင်းပရာ ဘားရက်သည် ယှဉ်ပြိုင်လာသူ ခုနစ်ဦးတို့ကို အနိုင်ရခဲ့သည်။ သူ ရခဲ့သည့် မဲအရေအတွက်မှာ မဲပေးခွင့်ရှိသူများ၏ ထက်ဝက်ကို သိမ်းပိုက်နိုင်လိုက်ခြင်းပင်။ ထို့ကြောင့် ဘားရက်သည် ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုကာ ဆီးနိတ်အမတ်လောင်းအဖြစ် ယှဉ်ပြိုင်ရတော့မည်ဖြစ်၏။ ပြည်နယ် တစ်ခုလုံးသို့ နေရာအနှံ့ သွားလာကာ မဲဆန္ဒရှင်များနှင့် တွေ့ဆုံသည်။ သို့သော် သူသည် အိမ်ပြန်လာသည့်အခါတိုင်း ဘာမှပြောင်းလဲမှုမရှိ၊ ပျော်ပျော်နေတတ်သော၊ စမတ်ကျသော၊

အစဉ်အသင့်အနေအထားတွင်ရှိသည့်သူအဖြစ်သာ ရှိနေသည်။ မြို့ တော်ခန်းမ၌ ကျင်းပသော ဆွေးနွေးပွဲများတွင်လည်း သူသည် မဲဆန္ဒရှင်တို့ မေးသမျှကို ဒိုးဒိုးဒေါက်ဒေါက် ဖြေနိုင်သည်။ ထို့ကြောင့် မဲဆန္ဒရှင်များက သူသည် ဆီးနိုတ်လွှတ်တော်အမတ် နေရာအတွက် အသင့်တော်ဆုံးသူအဖြစ် လက်ခံကြပါသည်။ ဆီးနိုတ်အမတ်ဖြစ်ရန် ဘားရက်အတွက် ကံကောင်းခြင်း လမ်းကြောင်းများက ပွင့်လာခဲ့ လေပြီ။

ထို့ပြင် သူ့ကံဇာတာတက်လာပုံက ဘော်စတွန်တွင် ကျင်းပမည့် နိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ်ပါတီ၏ ကွန်ဗင်းရှင်းတွင် မိန့်ခွန်းပြောကြားပေးရန် ဂျွန်ကာရေး က ကမ်းလှမ်းလာသည်။ ထိုစဉ်က ကာရေးမှာ မန်ဆာချူးဆက်ပြည်နယ်မှ ဆီးနိုတ် အမတ်တစ်ဦးဖြစ်ပြီး ဂျော့ချ် ဒဗလျူဘွတ်ရှ်နှင့် သမ္မတနေရာအတွက် ပခုံးချင်း ယှဉ်နေသူလည်း ဖြစ်၏။

ကျွန်မခင်ပွန်းမှာ ကာရေးတို့ကဲ့သို့ ပွဲကြီးပွဲကောင်းများ မနွှဲဖူးသေးသူ ဖြစ်သည်။ ဘော်စတွန်၌ ကျင်းပမည့် ကွန်ဗင်းရှင်းမှာ ပါတီဝင် တစ်သောင်းငါးထောင် ခန့် တက်ရောက်ကြမည်ဖြစ်သည်။ တစ်ကြိမ်တစ်ခါမျှလည်း Teleprompterဟု ခေါ်သော ကြိုတင်ရေးထားသည့် မိန့်ခွန်းကို စာဖြင့် ပြသပေးသော ကိရိယာဖြင့် မဖတ်ဖူးသည့်အပြင် သူ မိန့်ခွန်းပြောသည်ကို တစ်ခါမျှလည်း ရုပ်မြင်သံကြား အစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်ခြင်း မပြုဖူးပေ။ သူက နိုင်ငံရေးလောကအတွက် မျက်နှာသစ် တစ်ယောက်ဖြစ်သည့်အပြင် လူမည်းတစ်ယောက်လည်း ဖြစ်နေသည်။ သူက ယခု အစဉ်အလာအားဖြင့် လူဖြူတို့သာ ကြီးစိုးဆောင်ရွက်ခဲ့ကြသော ဆီးနိုတ်လွှတ်တော်သို့ ဝင်ရောက်နိုင်ရန် ပြင်ဆင်နေပြီ။ နောင်တွင် နက်ဝါ့ခ်ပညာရှင်များက ဘားရက်သည် ထိုညက သန်းပေါင်းများစွာသော ပရိသတ်တို့အား ထိန်းထားနိုင်ခဲ့သည်ဟု မှတ်ချက်ချကြပါသည်။

ထိုညက သူ စကားမပြောရသေးမီတွင် စိတ်လှုပ်ရှားနေခဲ့သည်။ သူ့စိတ်တွေ ကဆုန်စိုင်း ပြေးလွှားနေလိမ့်မည် ဆိုသည်ကိုလည်း ကျွန်မ နားလည်ခဲ့သည်။ သူနှင့် ပေါင်းသင်းလာခဲ့သည့် နှစ်များစွာအတွင်း သူသည် စာအုပ်များ မပြတ်ဖတ်တတ်သူ၊ သတင်းစာမပြတ်ဖတ်သူ၊ အမြဲတမ်း စိတ်ကူးအကြံဉာဏ်ထုတ်နေတတ်သူ ဖြစ်သည် ဆိုသည်ကို ကျွန်မ သိထားသည်။ မည်သူနှင့် စကားပြောသည်ဖြစ်စေ ထိုသူထံမှ စိတ်ကူးအသစ်ရနိုင်ပါက အမိအရဖမ်းဆုပ်တတ်သူ ဖြစ်ပါသည်။ စကားပြောရမည့် စင်မြင့်ရှေ့တွင် လူပေါင်းများစွာ နေရာယူထားကြသည်ဖြစ်ရာ ကျွန်မလည်း သူနှင့် အတူ ရင်ခုန်နေခဲ့၏။

※

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် သူ မိန့်ခွန်းပြောကြားခဲ့ပြီးသည့်နောက် ကျွန်မက သူ့ကို “မိန့်ခွန်းကတော့ ကောင်းမှဖြစ်လိမ့်မယ်နော...”ဟု စ,တတ်ပါသည်။

သူမိန့်ခွန်းပြောကြားမည့် ဘော်စတွန်သို့ ကျွန်မ လိုက်သွားခဲ့သည်။ ကလေးနှစ်ယောက်ကို အမေက အိမ်၌ လာရောက်စောင့်ရှောက်ပေးသည်။ မိန့်ခွန်းပြောမည့် စင်မြင့်၏ ဘေးဘက်တွင် ကျွန်မ နေရာယူထားပါသည်။ စင်မြင့်ပေါ်သို့ ဘားရက်တက်သွားပြီး မီးရောင်များအောက်သို့ သူရောက်လာသည်။ သန်းပေါင်းများစွာသော ပရိသတ်တို့က သူ့ကိုကြည့်နေကြမည်ဖြစ်သည်။ သူရော ကျွန်မပါ စိတ်လှုပ်ရှားနေကြ သော်လည်း မည်သူမျှမသိစေရန် ထိန်းချုပ်ထားကြပါသည်။ ဒါသည်ပင် ဘားရက်၏ ထုံးစံဖြစ်တော့သည်။ ဖိအားများလေ သူ့စိတ်က တည်ငြိမ်လေဖြစ်၏။ သူပြောကြားမည့် မိန့်ခွန်းကို လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်ခန့်ကတည်းက ရေးခဲ့ပြီး အဖန်ဖန် လေ့ကျင့်ထားသည်။ ပြောရမည့် အဓိကအချက်များကို မေ့လျော့မသွားစေရန် အထူး ဂရုထားသည်။ တပ်ဆင်ထားသော Teleprompter မှာ အပိုသက်သက်ဖြစ်နေသည်။ ဘားရက်က သူပြောရမည့်စကားကို ကြည့်မနေဘဲ အလွတ်ပြောသွားနိုင်ခဲ့၏။ သူက တစ်နိုင်ငံလုံးမှ ကြည့်နေကြမည့် ပရိသတ်များအား ကြည့်သည့်အနေဖြင့် ရုပ်မြင်သံကြားကင်မရာများကို ကြည့်လိုက်သည်။ သူ့အတွင်းစိတ်ကို လှန့်နှိုးလိုက်ပုံရပြီး ပြုံးပြလိုက်ကာ တောက်လျှောက်ပင် ပြောတော့သည်။

ထိုညက သူ စကားပြောခဲ့သည်မှာ တစ်ဆယ့်ခုနစ်မိနစ်ကြာသည်။ သူ ဘယ်သူလဲ၊ ဘယ်က လာခဲ့သလဲ၊ သူ့အဘိုးသည် GI တပ်မတော်သားတစ်ဦးဖြစ်ခဲ့ပြီး ဗိုလ်ချုပ်ကြီး ပက်တန်လက်ထက်က အမှုထမ်းခဲ့သူဖြစ်ကြောင်း၊ အဘွားဖြစ်သူမှာလည်း စစ်အတွင်းက တပ်မတော်စစ်လက်နက်ပစ္စည်းစက်ရုံတွင် စက်ပစ္စည်းတပ်ဆင်သည့် လုပ်ငန်းကိုလုပ်ကိုင်ခဲ့သူဖြစ်ကြောင်း၊ ဖခင်ဖြစ်သူမှာ ကင်ညာနိုင်ငံတွင် ဆိတ် ကျောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ပါကြောင်း၊ ကံမကောင်းအကြောင်းမလှ စွာ မွေးဖွားလာသော သားဖြစ်သူကိုမူ ပညာတတ်တစ်ယောက်ဖြစ်စေရန် ပံ့ပိုးပေးခဲ့ကြ ပါကြောင်း စသဖြင့် သူ့ဘဝကို တင်ပြသွားခဲ့သည်။ ကျွမ်းကျင်ပိုင်နိုင်သော စကားလုံးများဖြင့် သူသည် သူစိမ်းတစ်ဦးမဟုတ်ဘဲ အမေရိကန်နိုင်ငံသမိုင်းတွင် အရေးပါခဲ့ သူများမှ ပေါက်ဖွားခဲ့သူသာဖြစ်ကြောင်း လှလှပပတင်ပြသွားခဲ့သည်။ သူက ပရိသတ်များအား နောက်ဆုံးပိတ်အနေနှင့် သတိပေးလိုက်သည်မှာ ပြည်သူအားလုံးသည် နိုင်ငံတော်အလံဖြစ်သော အနီနှင့်အပြာကိုသာ ချစ်နေ၍ မလုံလောက်ပါကြောင်း၊ လူလူချင်း စာနာထောက်ထားသည့် စိတ်ဓာတ်ကိုလည်း မွေးမြူကြရန်လိုအပ်ကြောင်း တိုက်တွန်းသွားခဲ့သည်။ အရာရာကို အပြုသဘောဆောင်သည့် အမြင်ဖြင့် ရှုမြင်သုံး သပ်တတ်ကြရန်

ပြောကြားအဆုံးသတ်ခဲ့သည်။ သူ့စကားလုံးတိုင်းတွင် မျှော်လင့်ချက် ရှိသည်။ အမှန်တကယ် ထိရောက်ခဲ့ပါသည်။

ဘားရက် ပြောကြားသွားသည်မှာ တစ်ဆယ့်ခုနစ်မိနစ်သာ ကြာသော်လည်း သူ့စကားလုံးတိုင်းမှာ ထိရောက်နေသည်။ နောက်ထပ် အစီအစဉ်အဖြစ် ဂျွန်ကာရေးနှင့် ဂျွန်အက်ဒဝပ်တို့ စင်မြင့်ပေါ်သို့ တက်ရောက်လာကြသည့်အခါ ပရိသတ်အားလုံး မတ်တတ်ရပ်ကာ လက်ခုပ်ဩဘာချီးမြှင့်ကြ၏။ ထိုအချိန်တွင် အဖြူရောင်ဝတ်စုံ၊ အဖြူရောင်ဒေါက်မြင့်ဖိနပ်စီးထားသော ကျွန်မကလည်း ဘားရက်ရှိရာ စင်မြင့် အလယ်သို့ စူးရှတောက်ပနေသော မီးရောင်အောက်မှဖြတ်ကာ လျှောက်သွားလိုက်သည်။ ဘားရက်အား ဖက်လိုက်ကာ ဂုဏ်ပြုလိုက်ပါသည်။ ထို့နောက် လက်ခုပ်သံ မစဲသေးသည့် ပရိသတ်အား နှစ်ယောက်အတူ လက်ဝှေ့ယမ်းပြီး နှုတ်ဆက်လိုက်ကြ ပါ၏။

ပရိသတ်၏ တုံ့ပြန်မှုမှာ ကြောက်စရာကောင်းလောက်အောင်ပင် အင်အား ပြင်းထန်လှပါသည်။ ဘားရက်ဆိုသူသည် စိတ်သဘောထားကြီးမြတ်သူ၊ ဒီမိုကရေစီဝါဒကို နှစ်နှစ်ကာကာ ယုံကြည်သူ၊ ဘာကိုမျှ လျှို့ဝှက်ထားမည့်သူ မဟုတ်ဟု တစ်မုဟုတ်ချင်းပင် ဝေဖန်လာကြသည်။ ကျွန်မ သိပြီးဖြစ်သည့် အကြောင်းအရာများ ဖြစ်သော်လည်း သူ့အတွက် ဂုဏ်ယူမိသည်။ ဤသို့သော သူမျိုးကို ကျွန်မ အိမ်ထောင် ဖက်အဖြစ် ရွေးချယ်ခဲ့မိပါသည်။ သူ့အရည်အချင်းများကို ကျွန်မ သိခဲ့ပြီးဖြစ်သော် လည်း ခုတော့ ကျွန်မနှင့်အတူ ပရိသတ်များပါ သိခွင့်ရခဲ့ကြသည်။ ထိုအရည်အချင်းရှိသူကို ကျွန်မနှင့် သမီးကလေးနှစ်ဦးတို့က ပိုင်ဆိုင်ထားကြပါပကော။ လက်ခုပ်သံများက မစဲသေး။ အားပေးကြပါ၊ အားပေးကြပါ၊ အားပေးကြပါ။

မီဒီယာများဘက်က ဘားရက်၏ မိန့်ခွန်းနှင့်ပတ်သက်၍ တုံ့ပြန်မှုမှာ ကြောက်ခမန်းလိလိဖြစ်ပါသည်။ NBC သတင်းဌာနမှ ဝေဖန်သုံးသပ်သူ ခရစ္စမက်သျူး က “ကျွန်တော်ကတော့ လူမည်းသမ္မတတစ်ဦးကို တွေ့လိုက်ရသလိုပါပဲ”ဟု သုံးသပ်ခဲ့သည်။ နောက်တစ်နေ့ နံနက် ထုတ်ဝေသည့် Chicago Tribune သတင်းစာကြီးက ရိုးရိုးကလေးပင် “ထူးခြားအံ့ဩဖွယ်”ဟု ဆို၏။ ဘားရက်၏ လက်ကိုင်ဖုန်းမှာ အဆက်မပြတ်မြည်နေတော့သည်။ ကေဘယ်လ်လိုင်းပညာရှင်များက ဘားရက်အား “ရော့ခ်စတား”ဟု တင်စားကြသည်။ “ညတွင်းချင်း အောင်မြင်သူ”ဟုလည်း ဆိုကြသည်။ အမှန်စင်စစ်တွင် သူသည် ဤသို့ အောင်မြင်ရန် အနှစ်နှစ်အလလ ကြိုးစားခဲ့ရသည်။ သူတစ်ပါးတို့အတွက် ဘားရက်သည် အထူးအဆန်းဖြစ်နေသော်လည်း ကျွန်မတို့မိသားစုအတွက်မှာ ရိုးနေပေပြီ။ သူ့မိန့်ခွန်းကြောင့် ကျွန်မတို့မှာ သာမန်အနေအထား မှ ပို၍မြင့်သော နေရာတစ်ခုသို့ ရောက်သွားသကဲ့သို့

ခံစားရပါသည်။ ထိုနည်းအတူ လူအများစု၏ မျှော်လင့်ချက်ရေစီးကြောင်းထဲသို့ မျောပါသွားသကဲ့သို့လည်း ခံစားရ ပါ၏။

ဖြစ်ပျက်သွားခဲ့သမျှတို့သည် ထူးဆန်းအံ့သြဖွယ်ကောင်းနေ၏။ ကျွန်မ လုပ်နိုင်သည်မှာ ထိုညက မိန့်ခွန်းနှင့်ပတ်သက်၍ သူ့ကို စ,နောက်နေခြင်းသာ ဖြစ်တော့သည်။

ဘားရက်နှင့် လမ်းပေါ်အတူ လျှောက်သွားလျှင် လူအများက သူ့ကို အော်တိုလက်မှတ် ရေးထိုးခိုင်းကြသည်။ ထိုအခါမျိုးတွင် ကျွန်မက ပခုံးတွန့်လိုက်ပြီး "မိန့်ခွန်းက ကောင်းတာကိုး....''ဟု စ,တတ်ပါသည်။ တစ်ကြိမ်တွင်လည်း ချီကာဂိုစားသောက်ဆိုင်တစ်ခုသို့ အတူသွားကြရာ လူတစ်စုက သူ့ကို အော်တိုရေးခိုင်းရန် စောင့်နေကြသည်နှင့်တိုး၏။ ကျွန်မက စ,နေကျအတိုင်းပင် "မိန့်ခွန်းက ကောင်းတာ ကိုး..." ဟု ဆိုခဲ့သည်။

စာနယ်ဇင်းဆရာများက သူ့ကို နိုင်ငံတော်နှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို မေးတတ်ကြသည်။ တိုင်းပြည်တွင် အရေးကိစ္စကြီး ငယ်ကြုံလာတိုင်း ဘားရက်၏အကြံကို စာနယ်ဇင်းများက မေးကြတော့သည်။ သူရေးခဲ့သည့် Dreams from My Father စာအုပ် ပြန်လည်ထုတ်ဝေလိုက်ရာ New York Times ၏ အရောင်းရဆုံးစာအုပ် စာရင်းဝင်ဖြစ်ခဲ့သည်။

အင်တာဗျူးဘုရင်မဟု တင်စားကြသော အော်ပရာဝင်းဖရေးကလည်း ကျွန်မတို့အိမ်တွင် တစ်နေ့လုံးလုံး လာနေကာ သူ့စာအုပ်အတွက် မေးမြန်းသည်။ ကျွန်မက ထုံးစံအတိုင်း "မိန့်ခွန်းက ကောင်းတာကိုး...''ဟု သူ့ကို စ,ခဲ့၏။

ကျွန်မတို့ ဘာဖြစ်နေကြသည်ဆိုသည်ကို ကျွန်မကိုယ်တိုင်ပင် လိုက်မမီ တော့ပေ။ နိုဝင်ဘာလတွင် ဘားရက်ကို ဆီးနိတ်အမတ်အဖြစ် ရွေးချယ်လိုက်ရာ ထောက်ခံမဲ ခုနစ်ဆယ်ရာခိုင်နှုန်းပင် ရခဲ့၏။ အီလီနွိုက်ပြည်နယ်၏ ရွေးကောက်ပွဲ သမိုင်းတွင် ဤသို့ သောင်ပြိုကမ်းပြို မဲအပြတ်အသတ်နိုင်ခဲ့ဖူးခြင်း မရှိခဲ့ဖူးပေ။ ဘားရက်ရခဲ့သည့် မဲများမှာလည်း လူများစုဖြစ်နေသော လူမည်းများ၊ လူဖြူများ၊ လက်တင်များ၊ အမျိုးသားအမျိုးသမီးများ၊ ဆင်းရဲသားနှင့် ချမ်းသာသူများ၊ တောနေ လူတန်းစား၊ မြို့ပေါ်မှ လူတန်းစား စသဖြင့် အလွှာစုံ အသီးသီးက ပေးခဲ့ကြခြင်းပင် ဖြစ်သည်။ တစ်ကြိမ်တွင် ကျွန်မတို့နှစ်ယောက် အရီဇိုးနားသို့ သွားကြရာ သူ့အား တွေ့လိုသဖြင့် စောင့်ဆိုင်းနေကြသောလူအုပ်ကြီးနှင့် ကြုံရသည်။ ထိုသို့ ကြုံလိုက်ရ သဖြင့် ကျွန်မမှာ သူ့အောင်မြင်မှုကို အောချရပါတော့သည်။ ယခုအခါတွင်မူ လူဖြူများကပါ သူ့အား လက်ခံလာကြပြီဖြစ်၏။

※

အခြေအနေအားလုံးမှာ ကျွန်မအတွက် သမားရိုးကျဖြစ်လာခဲ့ပြီ ဖြစ်သည်။ ကျွန်မတို့ မိသားစုချည်းရှိနေသည်ဖြစ်စေ၊ အပေါင်းအသင်းများနှင့်အတူ ရှိနေသည် ဖြစ်စေ အရာအားလုံးသည် ပုံမှန်အနေအထားမှာပင် ရှိနေပါသည်။ ကလေးများမှာလည်း ထို့အတူပင်ဖြစ်သည်။ သို့သော် အပြင်ရောက်သွားလျှင်မူ အခြေအနေများက ပြောင်းလဲသွား၏။ ဘားရက်က ဝါရှင်တန်ဒီစီနှင့် အိမ်သို့ အခေါက်ခေါက်အခါခါ ကူးချည်သန်းချည်လုပ်နေရသည်။ သူ့အတွက် ရုံးခန်းတစ်ခန်းနှင့် နေထိုင်ရန်အခန်းကို အရိုပ်အာဝါသကောင်းမွန်လှသော ကက်ပီတော်လ်တောင်ကုန်းတွင် ပေးထားသည်။ အိပ်ခန်းသေးသေးတစ်ခု ပါပြီး ထိုအခန်းမှာလည်း စာအုပ်များနှင့် ပြည့်နေရာ အိမ်နှင့်ဝေးသည့်အခါ သူ့အတွက် နားခိုရာပင် ဖြစ်တော့သည်။ ကျွန်မနှင့်သမီးများ သူ့ထံ သွားရောက်လည်ပတ်ကြလျှင်လည်း ကျဉ်းမြောင်းလှသော သူ့အခန်းတွင် မတည်းကြဘဲ ဟိုတယ်တစ်ခုခုတွင်သာ လေးယောက်စာ ကြိုတင် အခန်းမှာထားလေ့ရှိပါသည်။ သူ့အခန်းမှာ ဟန်ဆောင်ပန်ဆောင်ပင် တည်းနိုင်စိတ်မရှိပေ။

ကျွန်မက ချီကာဂိုတွင် ပုံမှန်အလုပ်များဖြင့် လည်ပတ်နေသည်။ အားကစား လုပ်၊ အလုပ်သွား၊ အိမ်ပြန်၊ ပန်းကန်ဆေး။ ရေကူးသင်တန်းတက်၊ ဘောလုံးပွဲကြည့်သည့်အခါ ကြည့်၊ ဘဲလေးကြည့်သည့်အခါ ကြည့်ဖြစ်သည်။ ကျွန်မဘဝက ပုံမှန် အတိုင်းပင် ပြောင်းလဲမှုမရှိပေ။ ဘားရက်ကမူ ဝါရှင်တန်ဒီစီတွင် ဆီးနိတ်အမတ်တစ် ယောက်ဖြစ်နေပြီဖြစ်၍ အမတ်တစ်ယောက်အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်း ဆောင်တာများကို လုပ်ဆောင်နေရသည်။ သို့သော် ကျွန်မဘဝက ပုံမှန်ပြောင်းလဲမှု မရှိပေ။ တစ်နေ့တွင် ကျွန်မသည် ကလေးဘွန်းဈေးဝယ်စင်တာရှေ့ ကားရပ်ကာ ငရုတ်သီးလှော်မှုန့်နှင့် Baby Gapမှ လိုအပ်သည့် ပစ္စည်းတချို့ဝယ်ယူပြီး ကားထဲတွင် ထိုင်ကာ အမောဖြေနေစဉ်တွင် အလုပ်မှ ကျွန်မ အတွင်းရေးမှူးမကလေးက ကျွန်မ အတွက် ဝင်လာသောဖုန်းတစ်ခုကို လွှဲပြောင်းပေးလိုက်၍ ရမည်လားဟု မေးလာပါသည်။ ဝါရှင်တန်ဒီစီမှ ကျွန်မနှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသေးသော အမျိုးသမီး တစ်ယောက်ဟုလည်း ဆိုပါသည်။ ထိုအမျိုးသမီးမှာ ဆီးနိတ်အမတ်တစ်ယောက်၏ ဇနီးဖြစ်ပြီး ကျွန်မအား ဆက်သွယ်နိုင်ရန် အကြိမ်ကြိမ်ကြိုးစားနေသူလည်း ဖြစ်၏။

"ရတယ်လေ၊ ဖုန်းလွှဲပေးလိုက်ပါ"ဟု ကျွန်မက ခွင့်ပြုလိုက်သည်။ ဖုန်းထဲမှ ဝင်လာသော အမျိုးသမီး၏အသံမှာ ချိုမြနွေးထွေးလှပါသည်။ "ဟယ်လို.. ကျွန်မ ရှင်နဲ့ စကားပြောခွင့်ရတာ ဝမ်းသာလိုက်တာ"ဟု စကားစ,လာသည်။

ကျွန်မကလည်း သူနှင့်စကားပြောရမည်ကို စိတ်ဝင်စားပါကြောင်း တုံ့ပြန် ပြောကြားလိုက်သည်။

"ကျွန်မ ရှင့်ကိုဆက်သွယ်ဖို့ ကြိုးစားနေတာက ကျွန်မတို့အနေနဲ့ ရှင်တို့ ဇနီးမောင်နှံကို ကြိုဆိုဂုဏ်ပြုချင်လို့ပါ။ တကယ်ကို ထူးထူးခြားခြား ဂုဏ်ပြုချင်တာပါ"

သူ ဆက်သွယ်လာရခြင်း အဓိကအကြောင်းရင်းကတော့ "ကျွန်မ စုံစမ်းလို့ ရသလောက်ဆိုရင် ဝါရှင်တန်ဒီစီမှာက အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ဇနီးတွေ ပူးပေါင်းဖွဲ့စည်းထားတဲ့ ကလပ်တစ်ခု ရှိပါတယ်။ သူတို့တစ်တွေက နေ့စဉ်နီးပါးလောက် စုဝေးကြပြီး နေ့လယ်စာစားကြရင်း တစ်နေ့တာ အခြေအနေတွေ ဆွေးနွေးကြတယ်။ အဲဒီလို တစုတစည်းတည်းတွေ့ပြီး ဆွေးနွေးကြရတာ သိပ်ကောင်း တာပေါ့။ အထူးသဖြင့် မစ်ချဲက တခြားတစ်နေရာမှာ နေတာဆိုတော့ အားလုံးနဲ့လည်း သိကျွမ်းသွားစေချင်တာလေ" ဟု သူက ဆိုသည်။

ကျွန်မဘဝတစ်လျှောက်လုံးတွင် မည်သူကမျှ ကလပ်တစ်ခုသို့ဝင်ရန် ဖိတ်ခေါ်ခြင်းမခံရဖူးပါ။ အထက်တန်းကျောင်းသူဘဝက သူငယ်ချင်းများက Jack and Jill ဆိုသော အဖွဲ့နှင့်ပူးပေါင်းကာ နှင်းလွှာလျှောစီး သွားကြသည်ကို ကြုံဖူးပါသည်။ ပရင်စတန်ကောလိပ်တက်စဉ်ကလည်း အခန်းပြန်မလာသေးဘဲ ကလပ်တွင် စားသောက်နေသည့် စူဇန်နီးကို အချိန်ကြာကြာ စောင့်ခဲ့ရဖူးပါသည်။ ဆစ်ဒလီတွင် ရှေ့နေအဖြစ် တာဝန်ထမ်းဆောင်စဉ်ကလည်း ရှေ့နေတစ်ဝက်ခန့်မှာ ကလပ်အဖွဲ့ဝင် များဖြစ်ကြသည်ကို ကြုံခဲ့ဖူး၏။ ကျွန်မအနေဖြင့် ပြည်သူ့မဟာမိတ်အဖွဲ့အတွက် ရန်ပုံငွေရရှိနိုင်ရန် ထိုကလပ်များစွာသို့ ရောက်ခဲ့ဖူးပါသည်။ ကျွန်မ လေ့လာမိသမျှ ကလပ်ဆိုသည်မှာ ငွေဖြုန်းတီးမှုသက်သက် ဟုသာဆိုချင်ပါသည်။ ကိုယ့်တွင်ရှိပြီးဖြစ်သော အရည်အချင်းသည် ကလပ်ဝင်၍ ပိုမိုတောက်ပြောင် လာလိမ့်မည်ဟု မမြင်မိပါ။

သူမက တကူးတကန့်ဖိတ်ကြားလာခြင်းအပေါ် ကျေးဇူးတင်ပါသော်လည်း ပျော်ရွှင်စွာပင် လက်မခံဘဲ ငြင်းပယ်လိုက်ပါသည်။

"ခုလိုဖိတ်ကြားတာကို ကျေးဇူးတင်ပါတယ်။ ကျွန်မအတွက် အခုလို တကူးတကန့် စဉ်းစားပေးတာကိုလည်း အထူးကျေးဇူးပါ။ ဒါပေမဲ့ ကျွန်မက ဝါရှင်တန်ကို ပြောင်းနေဖို့ အစီအစဉ်မရှိသေးတဲ့အတွက် မပါဝင်နိုင်သေးပါဘူး"ဟု ပြော လိုက်ကာ သမီးနှစ်ယောက်မှာ ချီကာဂိုတွင် ကျောင်းတက်နေကြဆဲဖြစ်ကြောင်း၊ ကျွန်မကိုယ်တိုင်မှာလည်း အလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်းတို့ကိုပါ ပြောပြလိုက်ပါသည်။ ဘားရက်က ဝါရှင်တန်တွင် အလုပ်လုပ်နေသည်ဆိုသော်လည်း အားလပ်သည့် အချိန်တိုင်း မိသားစုရှိရာသို့ ပြန်လာပါကြောင်းကိုလည်း ပြောလိုက်သည်။ သို့သော် ချီကာဂိုတွင် အိမ်သစ်တစ်လုံးဝယ်ယူရန်စီစဉ်နေခြင်းကိုမူ မပြောလိုက်ပါပေ။ ဘားရက်၏ စာအုပ် ပြန်လည်ထုတ်ဝေခြင်းက စာမူခထပ်ရလာ၍ အိမ်သစ်ဝယ်ရန်

စဉ်းစားကြခြင်းဖြစ်ပါသည်။ သူ့မှာ ပုံပြင်ထဲကကဲ့သို့ မှော်ပဲစေ့ရှိနေသည်လား မဆိုနိုင်ပါ။

တစ်ဖက်မှ ဆီးနိတ်တာကတော်သည် ခေတ္တကြာသည့်တိုင်အောင် ဖုန်းကိုင်ထားပြီး "ဒီလို မောင်တစ်ရွာ မယ်တစ်မြို့ နေတာ မိသားစုအတွက် မကောင်းဘူးနော်။ အိမ်ထောင်ပြိုကွဲသွားတတ်တယ်"ဟု ကျွန်မအား သတိပေးစကားဆိုလာခဲ့ပါသေးသည်။

သူ့အကဲဖြတ်ပုံကို ကျွန်မခံစားလိုက်မိပါသည်။ သူသည် ဝါရှင်တန်တွင် နှစ်ရှည်လများ နေထိုင်ခဲ့သူဖြစ်သဖြင့် အိမ်ထောင်ရေးကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံ သိပ်ရှိပုံမရပေ။ ခင်ပွန်းသည်နှင့်လည်း ခွဲခွာနေထိုင်ဖူးပုံမရှိပေ။ ထို့ကြောင့် ကျွန်မတို့ ဇနီးမောင်နှံ ယခုကဲ့သို့ တစ်နေရာစီ ခွဲနေခြင်းမှာ မသင့်တော်ဟု မြင်ခြင်းဖြစ်၏။

ကျွန်မက သတိပေးမှုအတွက် ကျေးဇူးတင်ပါကြောင်း ထပ်မံပြောကြားကာ ဖုန်းချလိုက်သည်။ ပြီးတော့ သက်ပြင်းချလိုက်မိ၏။ ခင်ပွန်းသည်နှင့် တကွဲတပြားစီနေ ထိုင်ရန်အစီအစဉ်မှာ ကျွန်မ ရွေးချယ်မှုမဟုတ်ပါ။ ကျွန်မသည်လည်း ယခုအခါ သူ ကဲ့သို့ပင် ဆီးနိတ်အမတ်ကတော်တစ်ယောက်ဖြစ်နေပြီဖြစ်သည်။ သူမက စကားပြော နေစဉ်တစ်လျှောက်လုံး မစ္စစ်အိုဘားမားဟုသာ ခေါ်ခဲ့သည်။ သို့သော် ထိုသို့အခေါ်ခံရ စေရန် ကျွန်မအနေဖြင့် ရှိသမျှ အခြေအနေများကိုဖျက်ကာ သူ့ကို ထောက်ခံရန် အတွက် လိုက်ရန်မလိုအပ်ဟု ထင်ပါသည်။

အခြားသော ဆီးနိတ်အမတ်ကတော်များမှာလည်း ဝါရှင်တန်သို့ လိုက်မနေကြဘဲ ကိုယ့်မြို့ ကိုယ့်ရွာမှာပင် နေခဲ့ကြသူများ ရှိကြပါသည်။ ဆီးနိတ်အမတ်တစ်ရာတွင် အမျိုးသမီးမှာ တစ်ဆယ့်လေးဦးသာ ရှိရာ ယခင်ကကဲ့သို့ အမျိုးသား၊ အမျိုးသမီးဦးရေ မျှတခြင်း မရှိတော့ပေ။ အခြား ဆီးနိတ်အမတ်ကတော်တစ်ယောက်အနေဖြင့် ရော ကျွန်မသည် အလုပ်တစ်ဖက်နှင့် သမီးများ ကျောင်းတက်နေသည့် ဇာတိမြို့မှာပင် နေရစ်ခဲ့ခြင်းက မှားသည်ဟု ဆိုလာဦးမည်လား။ ရွေးကောက်ပွဲပြီးသည့်နောက် ရက်သတ္တပတ်နှစ်ပတ်ခန့် အကြာတွင် အသစ်ရွေးချယ်တင်မြှောက်ခံရသော ဆီးနိတ်တာများနှင့် ဇနီးသည်တို့အား ဂုဏ်ပြုပွဲ ကျင်းပပေးသည့် အစီအစဉ်ရှိခြင်းကြောင့် ဘားရက်၏ဇနီးအဖြစ် တက်ရောက်ရန် ဝါရှင်တန်သို့ ကျွန်မ သွားရပါသည်။ ထိုနှစ်တွင် တက်ရောက်ကြသည့်ဦးရေမှာ နည်းလှ၏။ အသီးသီး မိတ်ဆက်ကြပြီးသည့် နောက် နိုင်ငံရေးသမားများက သူ့အုပ်စုနှင့်သူ ဝိုင်းဖွဲ့သွားကြသည်။ ကျန်ရစ်သည့် ဇနီးသည်များအား လွတ်လွတ်လပ်လပ်နေနိုင်စေရန်အတွက် ခန်းမကျယ်ကြီးတစ်ခု အတွင်းသို့

လမ်းညွှန်ပေးကြသည်။ ကျွန်မ နားလည်ထားသည်မှာ နိုင်ငံရေးသမားများ နှင့် မိသားစုဝင်တို့အား ဤနေရာသို့ ဖိတ်ကြားရခြင်းမှာ ဖက်ဒရယ်ဥပဒေအရ မည်သူ့ ထံမှ လက်ဆောင်ပဏ္ဏာကို လက်ခံခွင့်ရှိပြီး မည်သူ့ထံမှ လက်ဆောင်ကို လက်ခံခြင်း မပြုရဆိုသည့် မူဝါဒကို ရှင်းလင်းပြောပြမည့် အစီအစဉ်ဖြစ်သည်။ ဝါရှင်တန်မှ ခရီးထွက်လျှင် စရိတ်မည်မျှ၊ ဝါရှင်တန်သို့လာလျှင် မည်မျှ ဆိုသည့် သတ်မှတ်ချက် များကိုလည်း ပြောကြားမည်ဖြစ်သည်။ ကျွန်မ တွေးထင်ထားသည်က စုဝေးထိုင်ကြကာ ဆွေးနွေးကြမည်ဟု ဖြစ်သည်။ သို့မှသာ မိသားစုအရေးကိစ္စများနှင့် နောင်တွင် ပြုလုပ်ကြရဦးမည့် မဲဆွယ်ပွဲများအတွက် မည်သို့ ဆက်လက်လုပ် ဆောင်ကြမည်ဆိုသည့် အဖြေကို ရနိုင်မည်ဖြစ်သည်။

ခုတော့ဖြင့် ကျွန်မ ကြုံရသည်က လွှတ်တော်ခန်းမကြီး၏ ဂန္ထဝင်မြောက် အနုပညာများကို ရင်သပ်ရှုမောပြီး ရက်ရောသော နေ့လယ်စာစားသည့် အစီအစဉ် သာရှိ၏။ နေ့လယ်စာတစ်နပ်စားဖို့အရေး နာရီပေါင်းများစွာ အချိန်ပေးလိုက်ရသည်။ ကျွန်မမှာ ရုံးမှ တစ်ရက်ခွင့်ယူခဲ့ရသည့်အပြင် ကလေးနှစ်ယောက်နှင့် နေပေးရန် အမေ့ကိုလည်း အိမ်တွင် ခေါ်ထားခဲ့ရသေးသည်။ အကယ်၍ ကျွန်မတို့ကို နိုင်ငံရေး သမားများ၏ ဇနီးမယားများအဖြစ် အသိအမှတ်ပြုသည်ဆိုပါက ယခုကဲ့သို့ ပေါ့ပေါ့ ဆဆ နေ့လယ်စာကျွေးရုံမျှသာ အသုံးမပြုစေချင်ပါ။ ကျွန်မ နိုင်ငံရေးအကြောင်း နားမလည်ပါ။ ထို့ကြောင့် ပါဝင်ပတ်သက်လိုခြင်းလည်း အလျှင်းမရှိပါပေ။

ဝါရှင်တန်သည် ကျွန်မ၏စိတ်ကို ရှုပ်ထွေးစေခဲ့သည်။ လွှတ်တော်၏ ခမ်းနားထည်ဝါမှုကိုသာ တွေ့မြင်ခွင့်ရခဲ့သည်။ လူဖြူတို့က သူတို့၏ ဇနီးများနှင့် တစ်ဖက်တွင် နေ့လယ်စာကို သီးခြားစားကြသည်။ ခင်ပွန်းသည်ကြောင့် ကျွန်မသည် ဤအသိုင်းအဝိုင်းအတွင်းသို့ ရောက်ရှိလာခဲ့ပြီမှန်သော်လည်း ကြောက်လာသည်။ ယခင် တစ်ဆယ့်နှစ်နှစ်ကတည်းက ဖြစ်တည်ခဲ့သော မစ္စစ်အိုဘားမားဆိုသည်မှာ ယခု အခြေအနေနှင့် မတူတော့ပေ။ ယခု မစ္စစ်အိုဘားမားဟု အခေါ်ခံရခြင်းက ဆီးနိတ်တာဖြစ်လာသောခင်ပွန်းကို အကြောင်းပြုကာ ခေါ်ကြခြင်းဖြစ်၏။ ထို အိုဘားမားဆိုသူမှာ နိုင်ငံရေးလောကတွင် ရှော့ခ်စတား တစ်ယောက်ကဲ့သို့ အောင်မြင်လာခဲ့သူ၊ ဆီးနိတ်အမတ်များထဲတွင် တစ်ဦးတည်းသော လူမည်းလည်း ဖြစ်နေပြန်သည်။ ထို အိုဘားမားသည် ပြည်သူတို့အတွက် နား၊ မျက်စိ ဖွင့်ပေးမည့်သူအဖြစ် မျှော်လင့် ခြင်းခံရသူလည်း ဖြစ်နေသည်။

ကျွန်မခင်ပွန်းက ဆီးနိတ်တာဖြစ်သော်လည်း အချို့သော ပုဂ္ဂိုလ်တို့ကမူ ထိုအချက်ကို မသိကျိုးကျွန်ဖြစ်ဟန် ဆောင်ချင်ကြပုံရသည်။ သို့သော် သူနှင့်ပတ် သက်၍ အားလုံးက သိလိုသည့်အချက်မှာ သူ ၂၀၀၈ ခုနှစ် ကျင်းပမည့် သမ္မတရွေး ကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လေမည်လားဆိုသည့် အချက်ပင်။ ထိုမေးခွန်းမှာ သတင်းထောက်တိုင်းက မေးသော မေးခွန်းဖြစ်လာခဲ့သည်။ ယုတ်စွအဆုံး

လမ်းပေါ်၌ သူ့ကိုတွေ့လျှင်ပင် အပြေးအလွှားနှင့် ထိုမေးခွန်းကို မေးကြ၏။ တက္ကသိုလ်ဆေးရုံမှ ကျွန်မမိတ်ဆွေများကလည်း ကျွန်မအခန်းသို့ ရောက်လာကြကာ ထိုမေးခွန်းကို မေး ကြပြန်သည်။ သူတို့က သတင်းကို ဦးဦးဖျားဖျားသိချင်သောကြောင့် မေးခြင်းသာ ဖြစ်သည်ဟု ဆိုကြပါသည်။ အသက် ခြောက်နှစ်ခွဲသာရှိသေးပြီး ဘားရက်က ဆီးနိတ်လွှတ်တော်အမတ်တစ်ဦးအဖြစ် ဒစ်က်ချယ်နီထံတွင် ကျမ်းသစ္စာကျိန်ဆိုစဉ်က ပန်းနုရောင်ကတ္တီပါဝတ်စုံကလေးနှင့် ရပ်နေခဲ့သော ကျွန်မသမီး၊ ပထမတန်းကျောင်း သူ မလီယာကလည်း ထိုအဖြေကို သိချင်နေပြန်သည်။

“ဒယ်ဒီ.. ဒယ်ဒီက သမ္မတဖြစ်လာမှာလားဟင်။ သမ္မတဖြစ်ဖို့ဆိုတ ဒုတိယသမ္မတ အရင်ဖြစ်ရမှာ မဟုတ်လား”ဟု သူ့အဖေကို မေး၏။

ဤကိစ္စတွင် ကျွန်မကလည်း မလီယာနှင့် သဘောတူပါသည်။ ကျွန်မ သဘောက ဖြုန်းစားကြီးတက်သည်နှင့်စာလျှင် ဖြည်းဖြည်းနှင့်မှန်မှန်သာ တက်သင့် သည်ဟု ယူဆ၏။ အရာရာကို စိတ်ရှည်ရှည်နှင့် စောင့်ကြည့်တတ်သူဖြစ်သည်။ သို့သော် သမ္မတလုပ်မှာလား ဟူသည့်မေးခွန်း အမေးခံရတိုင်း ဘားရက်က မည်သူ့ကို မျှ တည့်တည့်မဖြေ၊ ဝေ့လည်ကြောင်ပတ်သာ ပြောတတ်သည်။ သူ့အနေနှင့် ဆီးနိတ် အမတ်တစ်ယောက်၏ တာဝန်များကိုသာ ကျေပွန်စွာ ထမ်းဆောင်လိုပါသေးသည်ဟု သာ ဖြေ၏။ သူက လူအများအား ပြောကြားလေ့ရှိသည်မှာ သူသည် အစိုးရအဖွဲ့တွင် အင်အားအနည်းငယ်သာ ပါဝင်ခွင့်ရထားသောပါတီ၏ အဆင့်နိမ့် အဖွဲ့ဝင်တစ်ဦးသာ ဖြစ်ပါကြောင်း၊ အရန်လူခုံတွင် ထိုင်နေရသူအဆင့်သာ ဖြစ်ပါ သည်ဟုလည်း ဖြေတတ်သည်။ တစ်ခါတစ်ရံ၌ သူ့တွင် လူလားမြောက်အောင် မြေတောင်မြှောက်ပေးရမည့် ကလေးနှစ်ဦး ရှိပါသေးသည်ဟုလည်း အကြောင်းပြတတ်သည်။

သို့သော် စည်ဆော်သံတွေ ကြားနေရသည်။ ထိုအသံတို့ ရပ်ဆိုင်းသွားစေရန် ဘားရက်ကိုယ်တိုင်ပင် စွမ်းဆောင်နိုင်စွမ်းမရှိဟု ထင်သည်။ ထိုစဉ်က ဘားရက်မှာ The Audacity of Hope ဟု အမည်ပေးထားသော စာအုပ်ကို ရေးနေချိန်လည်းဖြစ်၏။ သူ့အတွေးနှင့် နိုင်ငံအတွက် မည်သို့ ပြုပြင်သင့်သည်များကို ညစဉ်ပင် ရေးနေသည်။ သူရောက်ရှိနေသည့်နေရာတွင် ရောင့်ရဲတင်းတိမ်ကြောင်း ကျွန်မအား ပြောဖူးသည်။ ဆီးနိတ်တွင် လွှမ်းမိုးသွားနိုင်မည့် မိန့်ခွန်းတစ်ခုကိုသာ သူ အာရုံစိုက်နေ၏။ သို့သော် ထိုအချိန်မှာပင် မျှော်လင့်မထားသော မုန်တိုင်းက တိုက်ခတ်လာခဲ့သည်။

၂၀၀၅ ဩဂုတ်လနှောင်းပိုင်း၌ ကတ်ထရီနာဟု အမည်ပေးထားသော ဟာရီကိန်းသည် အမေရိကန်ပြည်ထောင်စုကို ဖြတ်တိုက်ခတ်ခဲ့သည်။ နယူးအော်လီးန် ဒေသတစ်ခုလုံး ရေဖုံးလွှမ်းသွားသည်။ လူအများမှာ

နေစရာထိုင်စရာကင်းမဲ့သွားကြသည်။ အများစုမှာ လူမည်းများဖြစ်ကြပြီး ပြိုကျပျက်စီးသွားသော အိမ်များ၏ အမိုးပေါ်တွင် တက်ရပ်နေကြရသည်။ မုန်တိုင်းကျပြီးသည့်နောက် မြင်ရသည့်မြင်ကွင်း များမှာ မကြည့်ရက်စရာပင်။ မီဒီယာများက ဆေးရုံများတွင် မီးများပြတ်တောက်နေ ပြီး အရန်မီးများ မရှိကြောင်း၊ ဒုက္ခသည်မိသားစုများကို ခန်းမကျယ်ကြီးများထဲတွင် စုစည်းထားကြပြီး အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများမှာလည်း ပစ္စည်းများ ပြတ် လပ်နေကြောင်း ဖော်ပြကြပါသည်။ စာရင်းချုပ်လိုက်သောအခါ လူပေါင်းတစ် သောင်းရှစ်ထောင် သေကျေပျက်စီးခဲ့ကြရသည်။ သန်းတစ်ဝက်ကျော်တို့မှာ အိုးမဲ့ အိမ်မဲ့ ဖြစ်သွားကြသည်။ အထူးခံစားလိုက်ကြရသည်က ဆင်းရဲသား အာဖရိကန်-အမေရိကန်လူမျိုးတို့ပင် ဖြစ်၏။ မျှော်လင့်ချက် ဘယ်မှာနည်း။

ကက်ထရီနာမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဖတ်ရမြင်ရတိုင်း ကျွန်မမှာ အကယ်၍ ချီကာဂိုတွင်သာ တိုက်ခတ်ပါက ကျွန်မ ဦးလေးများ၊ အဒေါ်များ၊ ဝမ်းကွဲမောင်နှမများ၊ အိမ်နီးချင်းများမှာလည်း သူတို့နည်းတူ ခံစားကြရလိမ့်မည်ဟု တွေးမိပါသည်။ ဘားရက်လည်း အနည်းနှင့်အများ တုန်လှုပ်သွား၏။ မုန်တိုင်း တိုက်ခတ်ပြီး ရက်သတ္တပတ်တစ်ပတ်ခန့်အကြာတွင် ဘားရက်က သမ္မတဟောင်း ဂျော့ချ်အိတ်ချ်ဒဗလျူဘွတ်ရှ်၊ ဘီလ်နှင့် ဟီလာရီကလင်တန်တို့နှင့် တွေ့ဆုံပူးပေါင်းရန် ဟျူစတန်သို့ သွားရောက်ခဲ့သည်။ ထိုသူတို့မှာ သူနှင့် ဆီးနိတ်တွင် မိတ်ဆွေများ ဖြစ်နေကြပြီး ထောင်ပေါင်းများစွာသော ဒုက္ခသည်တို့ ခိုလှုံရာသို့ သွားရောက်ကူညီကြသည်။ ထိုကိစ္စက သူ့အတွက် အတော်ပင် အထောက်အကူရသွားခဲ့၏။ မလှုပ်မရှား ခိုင်မြဲနေသော သူ့စိတ်ကို နှဲ့လိုက်သည့်နှယ် ဖြစ်သွားစေခဲ့သည်။

※

ထိုအတွေးမှာ လွန်ခဲ့သည့်နှစ်မှ အတွေ့အကြုံကို ပြန်တွေးခြင်းသာဖြစ်သည်။ စည်ဆော်သံတွေက ပိုမိုညံလာခဲ့ပြီး ကျွန်မတို့နှစ်ဦးစလုံးအပေါ်တွင် ဖိအားများ စုပုံကျလာ၏။ ကျွန်မတို့က လုပ်မြဲပုံမှန်အတိုင်းသာ ဆောင်ရွက်နေကြခြင်းဖြစ်သော် လည်း “ဘားရက် သမ္မတရွေးကောက်ပွဲဝင်မှာလား” ဆိုသည့်မေးခွန်း ကျွန်မတို့ထံပါး တွင် မပြတ်မစဲ တဝဲလည်လည်လှည့်နေသည်။ သူပြိုင်နိုင်မလား။ ပြိုင်မှာလား။ ပြိုင်သင့်သလား။ သို့ဖြင့် ၂၀၀၆ ခုနှစ် နွေရာသီသို့ ရောက်လာခဲ့သည်။ စစ်တမ်း ကောက်ယူသူများ၏ အဖြေတွင် ဘားရက်သည် သမ္မတဖြစ်နိုင်ခြေအများဆုံးဖြစ်သည် ဟု အဖြေထွက်ကြသည်။ ထိုစဉ်ကာလက ဟီလာရီကလင်တန်က နံပါတ်တစ်အဖြစ် ထိပ်ဆုံးမှ ပြေးနေချိန်လည်း ဖြစ်သည်။ နွေဦးပေါက်ရာသီရောက်လာချိန်တွင် ဘားရက် ရေးသားထားသော The Audacity of Hope စာအုပ်ထွက်သဖြင့်

အရောင်းမြှင့် တင်ရေး အစီအစဉ်အဖြစ် ခရီးထွက်ရသည်။ သူ့ကို မဲဆန္ဒပေးကြမည်ဟု ရည်ရွယ် ထားကြသူများ အရေအတွက်မှာ ယခင် ဒီမိုကရက်ပါတီ၏ အမည်စာရင်း တင်သွင်း ခံ ထားရသော အယ်လ်ဂိုး၊ ဂျွန်ကာရေးတို့ထက်ပင် မြင့်တက်လာခဲ့သည်။ ထိုကာလ၌ ဘားရက်က မိတ်ဆွေများ၊ အကြံပေးသူများ၊ လှူဒါန်းပါဝင်ပေးကြမည့်သူများနှင့် တိုင်ပင်ဆွေးနွေးလာသည်ကို ကျွန်မ သတိပြုမိ၏။ သူ ရွေးကောက်ပွဲတွင် သမ္မတ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်တော့မည်ဖြစ်ကြောင်း တပ်လှန့်လိုက်ခြင်းပင် ဖြစ်သည်။ သို့သော် ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်တော့မည်ဖြစ်ကြောင်း သူ အသိမပေးသူ တစ်ဦး ရှိသည်။ ထိုသူမှာ ကျွန်မပင် ဖြစ်၏။ ကျွန်မ ဘယ်သို့ခံစားသည်ဆိုသည်ကို သူကောင်းကောင်းသိပါသည်။ အခြားအကြောင်းအရာများထက် ဤခေါင်းစဉ်ကို သဲသဲမဲမဲ ဆွေးနွေးခဲ့ကြသည်။ လူတွေက မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်ဆိုင်းနေကြသည်။ သူက တုဏှိဘော လုပ်နေဆဲ။ ညစာကို မိသားစုနှင့်အတူ တည်တည်ငြိမ်ငြိမ် စားသောက်သည်။ မနက်တွင် ကလေးနှစ်ယောက်ကို ကျောင်းလိုက်ပို့ပေးသည်။ ပြီးတော့ ကျွန်မအလုပ်သို့လည်း လိုက်ပို့ပေးပြန်၏။ တခြား လုပ်ဆောင်ရမည့်ကိစ္စတို့ကို ဦးစားပေးဆောင်ရွက်စေချင်သော်လည်း သူက မိသားစုတာဝန်ကို မပျက်မယွင်း ယူနေဆဲ ဖြစ်၏။ အကယ်၍ သူသည် သမ္မတရွေးကောက်ပွဲ ဝင်မည်ဟု စဉ်းစားလျှင်ပင် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးလှုပ်ရှားရင်း၊ ဆီးနိုတ်အမတ်အဖြစ်သာ ရပ်တည်နေရင်း ကလေးများ လက်လွတ်နိုင်သည့်အချိန် ၂၀၁၆ ခန့်မှသာ သူ ဝင်ပြိုင်လိမ့်မည်ဟု ထင်ခဲ့ပါသည်။

ဘားရက်ကို ကျွန်မ စတင်သိကျွမ်းစဉ်ကတည်းက သူသည် မျက်စိတစ်ဆုံးကို ကြည့်တတ်သူ မဟုတ်ဘဲ ဟိုးအဝေးကြီးမှ မိုးကုပ်စက်ဝိုင်းအထိ မျှော်ကြည့်တတ်သူဖြစ်သည်ဆိုသည်ကို ကျွန်မ သိထားခဲ့သည်။ ကျွန်မကမူ ဘားရက်အား ယခု ရောက်ရှိနေသည့် ဆီးနိုတ်တာဘဝဖြင့် ရောင့်ရဲစေချင်ပါသည်။ သမီးနှစ်ယောက်ဖြစ်သော ဆာရှာနှင့် မလီယာတို့မှာ ငါးနှစ်နှင့် ရှစ်နှစ်သမီးအရွယ်သို့ ရောက်လာကြပြီဖြစ်၍ ဆံပင်များကို နောက်တွင် စုချည်ကာ တခစ်ခစ်ရယ်တတ်သော အရွယ်သို့ ရောက်လာကြပြီဖြစ်သည်။ သမီးတို့ကို သူက မည်သို့မြင်သည် မသိ။ သူလုပ်မည့် အလုပ်က သမီးတို့နှင့် မသက်ဆိုင်သကဲ့သို့ ဖြစ်နေ၍ ကျွန်မမှာ နာကျင်စွာခံစားမိပါသည်။

ကျွန်မတို့နှစ်ယောက်က ဆီးဆောစီးနေသကဲ့သို့ ဖြစ်နေသည်။ မစ္စတာက တစ်ဖက်၊ မစ္စစ်က တစ်ဖက်။ ယခု ကျွန်မတို့မှာ ကင်းဝုဒ်ဒေသတွင် တိုက်ကောင်းကောင်းတစ်လုံးနှင့် နေနိုင်ကြပြီဖြစ်သည်။ ခပ်ကျယ်ကျယ်ဆင်ဝင်နှင့် ပတ်ဝန်းကျင်၌ လည်း သစ်ပင်ကြီးများ ရှိသည်။ ကျွန်မအစ်ကို ခရိတ်နှင့် ကျွန်မ၊ အဖေ၏ ဗျူးကားနှင့် လျှောက်လည်ခဲ့ကြစဉ်က မြင်တွေ့ခဲ့ဖူးသော

အိမ်ကြီးအိမ်ကောင်းများကဲ့သို့ နေနိုင်ပြီလည်းဖြစ်သည်။ ထို့ကြောင့်လည်း အဖေ့ကို မကြာခဏပင် သတိရမိသည်။ ကျွန်မတို့အပေါ်တွင် အဖေ ရင်းနှီးမြှုပ်နှံခဲ့သည့် အသီးအပွင့်တို့ကို ကျွန်မ ခံစားနေ ရခြင်းဖြစ်သည်။ အဖေသာ သက်ရှိထင်ရှားရှိပြီး ကျွန်မတို့အခြေအနေများကို မြင်စမ်း စေချင်လှပါသည်။ ခရိတ်မှာလည်း သူ့ဘဝကို ပျော်ရွှင်စွာ ပြန်လည်တည်ဆောက် နိုင်ခဲ့ပြီဖြစ်သည်။ ဝန်ထမ်းဘဝမှ ထွက်လိုက်ပြီး ဘဏ်တွင် ရင်းနှီးမြှုပ်နှံကာ သူ့ငယ် ချစ်ဖြစ်သော ဘတ်စကက်ဘောကစားခြင်းဖြင့် ပျော်နေတော့သည်။ Northwestern အသင်းတွင် လက်ထောက်တစ်ဦးအဖြစ် နှစ်အနည်းငယ်ဆောင်ရွက်ခဲ့ပြီးနောက် ယခု ရို့ဒ်အိုင်းလဲန်ရှိ ဘရောင်းတက္ကသိုလ် အသင်းတွင် နည်းပြအဖြစ် ဆောင်ရွက်နေသည်။ အရှေ့ဘက်ကမ်းခြေရှိ ကောလိပ်တစ်ခု၏ ကျောင်းအုပ်ဖြစ်သော ကယ်လီ မက္ကရမ်းဆိုသည့် ပညာတတ်မိန်းမချောကလေးနှင့် ဒုတိယအိမ်ထောင် ထူထောင်ခဲ့ သဖြင့် ရင်သွေးနှစ်ဦးပင် ထွန်းကားခဲ့သည်။ သူ့ကလေးများမှာ အရပ်မြင့်မြင့်၊ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု အပြည့်အဝရှိကြသူများဖြစ်၍ နောင်တစ်ခေတ်၏ မျိုးဆက်ကောင်းများ ဖြစ်ကြပါလိမ့်မည်။

ကျွန်မက ဆီးနိတ်တာကတော် ဖြစ်သည်။ သို့သော် ကျွန်မအတွက် ပိုအရေးကြီးသည်က ကျွန်မကိုယ်တိုင် လုပ်ကိုင်နေသောဝန်ထမ်းဘဝဖြစ်၏။ ဆောင်းဦးပေါက်တွင် တက္ကသိုလ်ဆေးရုံမှ ကျွန်မအား ဒုတိယဥက္ကဋ္ဌရာထူး တိုးပေးသည်။ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ကျွန်မသည် တောင်ပိုင်းဒေသ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု ဟူသည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ဤအစီအစဉ်မှာ ယခင်က အရေးပေါ်ဌာနတွင် တိုးဝှေ့ကာ ဆေးဝါးကုသမှု ခံယူရန် ကြိုးစားခဲ့ကြသည့် လူနာပေါင်း တစ်သောင်းခွဲခန့်ကို သူတို့ထံမှ ပိုက်ဆံရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပုံမှန်ကုသ စောင့်ရှောက်ပေးနိုင်ခဲ့သည်။ ထိုသို့ လုပ်ဆောင်ပေးခဲ့ခြင်းမှာ စင်စစ်အားဖြင့် ကျွန်မ၏ စိတ်ခံစားမှုအရ ဖြစ်သည်။ လူမည်းများ အရေးပေါ် အခန်းသို့ လာရောက်ကာ ကုသမှုခံယူခွင့်ရရှိရေး ကြိုးပမ်းနေကြသည်ကို မမြင်ရက်ခြင်းကြောင့်ပင်ဖြစ်၏။ ဟိုယခင်က ယင်းသို့ တိုးဝှေ့နေကြသော လူမည်းတို့ကို လ်လျူရှုခဲ့ကြသည်။ ဆီးချိုဝေဒနာရှင်များဆိုလျှင် ကုသမှုမရကြသဖြင့် ခြေထောက်ဖြတ်လိုက်ရသူ များစွာရှိခဲ့ပါသည်။ မတတ်နိုင်ပါ။ သို့သော် ကျွန်မအဖေကဲ့သို့သော သူများပင်လျှင် ဆရာဝန်ချိန်းသည့်နေ့ မသွားရောက်နိုင်ဘဲ ပျက်ကွက်သည်များ ရှိခဲ့ဖူးပါသည်။ ထိုစဉ်က အဖေ့အား ကုသပေးခဲ့သည့် ဆရာဝန်ကြီးမှာ လူချမ်းသာ လူဖြူတစ်ဦးဖြစ်ပြီး ဆေးဝါးကုသစရိတ် လုံးဝမယူခဲ့ပေ။

ကျွန်မက လုပ်ကိုင်နေရသောအလုပ်ကို သဘောကျသည်။ ကျွန်မဘဝမှာ ပြီးပြည့်စုံပြီဟု မဆိုနိုင်သေးသော်လည်း ဘဝကိုလည်း ကျေနပ်ပါသည်။ ဆာရှာက မူလတန်းကျောင်းသို့ တက်ရတော့မည့် အချိန်တွင် ကျွန်မက ရည်မှန်းချက်ကို

နောက် တစ်ဆင့်မြင့်ချင်လာသည်။ သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးတွင် ပါဝင်လုပ်ဆောင်ရပါက မကောင်းပေဘူးလား။ ထိုသို့သာ လုပ်နိုင်ပါက အားလုံးကို အုပ်အုပ်စည်းစည်းလုပ်ဆောင်သွားနိုင်မည်ဟု ယူဆ၏။ လွန်ခဲ့သည့် တစ်ဆယ့်တစ်နှစ် အတွင်းက ဘားရက်နှင့်အတူ မဲဆွယ်စည်းရုံးရေးပွဲများတွင် ငါးကြိမ် လိုက်သွားခဲ့ဖူးသည်။ ထိုစဉ်ကတည်းက သူ့အပေါင်းအသင်းများက ဝန်ထမ်းအလုပ်ထက် ဘားရက်၏ အောင်နိုင်ရေးလုပ်ငန်းများတွင် ဝင်ရောက်ပံ့ပိုးသင့်သည်ဟု ဆိုကြပါသည်။ ပြောဖန်များလာသောအခါ ကျွန်မခေါင်းထဲသို့ ဝင်လာသည်။ အိမ်ထောင်ဖက်အတွက် လည်း အထောက်အပံ့ပေးနိုင်မည်ဖြစ်သည်။ သမ္မတရွေးကောက်ပွဲတွင် သူသာ ရွေး ချယ်ခံလိုက်ရပါက လက်ရှိအခြေအနေထက် ပိုဝေးသွားမည်ကိုလည်း စိုးမိပါသည်။ စပရင်းဖီးလ်နှင့် ဝါရှင်တန်တွင် တာဝန်ထမ်းဆောင်နေသည်ထက် မိသားစုနှင့် ဝေးကွာ သွားလေမည်လားဟု စိုးရိမ်ခြင်းပင် ဖြစ်သည်။ ဟိုစဉ်က ရက်သတ္တပတ်၏ တစ်ဝက် ကိုသာ စွန့်လွှတ်ခဲ့ရသော်လည်း ယခုအခြေအနေတွင် တစ်ပတ်လုံးလုံး စွန့်လွှတ်ရလေမည်လားဟုလည်း တွေးပူခဲ့သည်။ ရက်သတ္တပတ် ရှစ်ပတ်၊ ဆယ်ပတ် နေမှများ တစ်ကြိမ်ခန့်သာ ဆုံခွင့်ရကြလေမည်လား။ ထိုသို့ဆိုလျှင် ကျွန်မတို့မိသားစု က မည်သို့နေကြရမည်နည်း။ လူထုပရိသတ်ကရော ကျွန်မတို့၏ သမီးများအပေါ် မည်သို့ တုံ့ပြန်ကြမည်နည်း။

ကျွန်မက ဘားရက်နှင့်ပတ်သက်၍ ပေါ်ပေါက်လာသော အချို့ စကားမုန် တိုင်းငယ်များကို အတတ်နိုင်ဆုံး လျစ်လျူရှုပါသည်။ ကေဘယ်လ်သတင်းဌာနများမှ ပညာရှင်တို့က သူ့အလားအလာများနှင့် ပတ်သက်၍ ဝေဖန်ကြ၊ စကားစစ်ထိုးကြ ပါသည်။ New York Times သတင်းစာကြီးမှ ကွန်ဆာဗေးတစ်ပါတီဝင် ကော်လံစား သတင်းထောက် ဒေးဗစ်ဘရွတ် ဆိုသူကပင်လျှင် Run, Barack, Run ဆိုသည့် ခေါင်း စဉ်ဖြင့် ဘားရက် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စေရန် တိုက်တွန်းနှိုးဆော် လာခဲ့သည်။ ဘားရက် ဘယ်နေရာကိုပဲသွားသွား လူထုက မှတ်မိနေကြသည်။ သို့သော် ကျွန်မကိုမူ မမှတ်မိကြသေးသဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ဟု အောက် မေ့မိပါသည်။ အောက်တိုဘာလ၏ တစ်ခုသောနေ့တွင် ကျွန်မက ပစ္စည်းတစ်ခုဝယ် ယူရန် တန်းစီနေခိုက် တိုင်းမ်မဂ္ဂဇင်း၏မျက်နှာဖုံးပုံကို တွေ့လိုက်ရခြင်းကြောင့် ချက်ချင်းပင် မျက်နှာလွှဲလိုက်ရသည်။ ဘားရက်၏ မျက်နှာပြည့်ပုံကို အဖုံးတင်ကာ "ဘာကြောင့် ဘားရက်အိုဘားမားသည် နောက်တက်မည့်သမ္မတ ဖြစ်သင့်သနည်း" ဟူ၍ ဖြစ်သည်။

တစ်ခါတစ်ရံတွင် ကျွန်မစိတ်ထဲ၌ ဘားရက်နှင့်ပတ်သက်၍ ပြည်သူလူထု ကြားတွင် သို့လောသို့လော ဖြစ်နေကြသည်များ အဆုံးသတ်သွားစေရန်အတွက် ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်စေချင်ပါသည်။ သို့သော် သူက မပြော။ သူက ယှဉ်

ပြိုင်ရန် စိတ်ကူးရှိနေသည်ကိုး။ သူက ယှဉ်ပြိုင်လိုသော်လည်း ကျွန်မကမူ ယခုချိန်ထိသဘောမတူသေးပါ။

သတင်းထောက်တစ်ဦးက "ခင်ဗျား သမ္မတရွေးကောက်ပွဲ ဝင်ပြိုင်မှာလား"ဟု မေးလာတိုင်း ဘားရက်က "ကျွန်တော်စဉ်းစားနေတုန်းပါပဲ။ ဒါက မိသားစုနဲ့ တိုင်ပင်ပြီးမှ ဆုံးဖြတ်ရမယ့်ကိစ္စပါ"ဟုသာ ဝေ့လည်ကြောင်ပတ် ဖြေတတ်သည်။ သူ့စကားအဓိပ္ပာယ်က "မစ်ရှယ်က ပြိုင်ခွင့်ပြုမှ ပြိုင်မှာပါ"ဆိုသည့်သဘော သက် ရောက်နေပါသည်။

ဘားရက် ဝါရှင်တန်သို့ ရောက်နေသည့်ညများ၌ ကျွန်မ အိပ်ရာထဲတွင် လဲလျောင်းကာ သူ သမ္မတရွေးကောက်ပွဲဝင်ရန် ကျွန်မ သဘောမတူဖြစ်နေရခြင်းမှာ တစ်ကမ္ဘာလုံးနှင့် တစ်ယောက်တည်း ဆန့်ကျင်နေမိခြင်းများလားဟု တွေးမိသည်။ ကျွန်မက ဘားရက်ကို မိသားစုအတွက် ပိုင်ဆိုင်ထားချင်သည်၊ တစ်နိုင်ငံလုံးကလည်း သူ့ကို တိုင်းပြည်ကောင်းစားရေးအတွက် ပိုင်ဆိုင်ချင်ကြသည်။ ဘားရက်တွင် အကြံပေးကောင်စီတစ်ခုရှိသည်။ မဲဆွယ်စည်းရုံးရေးမှူးများဖြစ်ကြသည့် ဒေးဗစ် အက်စ်လေ့ဒ်နှင့် ရောဘတ်ဂစ်ဘ်တို့က သူ့ကို ဆီးနိတ်အမတ်ဖြစ်အောင် တွန်းတင်ပေး ခဲ့ကြပြီး ယခုတစ်ဖန် သမ္မတဖြစ်စေချင်နေကြပြန်သည်။ အက်စ်လေ့ဒ်၏ လုပ်ငန်းမှ ဒေးဗစ်ပလော့ဖ် ဆိုသူမှာလည်း သူ့အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ဘားရက်၏ ဝန်ထမ်းအကြီးအကဲ ပိ(တ)ရော့စ်၊ ဗယ်လာရီ အစရှိသူတို့ကလည်း ဘားရက် ဝင် ရောက်ယှဉ်ပြိုင်ရေးကို လိုလား အားပေးနေကြသည်။ သို့သော် သူတို့အားလုံးက ခြွင်းချက်ထားကြသည်မှာ သမ္မတလောင်းရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေး ဆင်းလျှင် ဘားရက်တစ်ယောက်တည်း ဆင်း၍မဖြစ်၊ ကျွန်မပါ လိုက်ရမည်ဟု ဆိုကြသည်။ သူ့ကို တောင်းဆိုနေကြသူများမှာ စိတ်ကူး၍ပင် မရလောက်အောင် များပြားလှပါသည်။ ဆီးနိတ်တွင် ထမ်းဆောင်နေရသော သူ့တာဝန်များကို မလစ်ဟင်းစေရန် စီစဉ်ပြီး ဘားရက်သည် အမေရိကန်ပြည်ထောင်စု၏ အရှေ့ဘက်ကမ်းခြေမှ အနောက်ဘက်ကမ်းခြေတိုင်အောင် စည်းရုံးရေး ဆင်းရမည်ဖြစ်သည်။ သူကျင့်သုံးမည့် ပေါ်လစီမူဝါဒကိုလည်း ချပြရမည်ဖြစ်ရာ သုံးစွဲရမည့်ငွေပမာဏ မှာလည်း မမျှော်မှန်း နိုင်လောက်သည့် ပမာဏဖြစ်၏။ ကျွန်မတာဝန်မှာ သူ့ကို အားပေးရုံသာမက စည်းရုံးရေး၌လည်း ပါဝင်ရမည်ဖြစ်သည်။ ကျွန်မနှင့် သမီးနှစ်ယောက်တို့မှာ မရေမတွက်နိုင်သော လက်များကို ဆွဲကိုင်နှုတ်ဆက်ကြရပါဦးမည်။ တစ်ချိန်လုံး ပြုံးနေကြရပါဦးမည်။ သူ့အတွက် အရာရာ လုပ်ဆောင်ပေးရပါဦးမည်။ အကြောင်းကြောင်းကို ထောက်ထားကာ ကျွန်မ နားလည်ပေး လိုက်ရပါတော့သည်။

ကျွန်မ မွေးကတည်းက စောင့်ရှောက်လာခဲ့သော အစ်ကိုဖြစ်သူ ခရိတ်ကပင်

လျှင် စိတ်လှုပ်ရှားကာ တက်ကြွနေသည်။ တစ်ညနေတွင် ခရိတ်က ကျွန်မထံ ဖုန်းဆက်သွယ်လာပြီး "မစ်ချ်…. ငါပြောမယ်၊ နင်စိတ်ပူလို့ သဘောမတူဖြစ်နေတယ်ဆိုတာ ငါသိတယ်။ ဘာဖြစ်သလဲ၊ သူ နိုင်ချင်လည်း နိုင်သွားမှာပေါ့။ နင် နားလည်ပြီလား"ဟု ဆိုလာပါသည်။

ခုတော့ အရာအားလုံးက ကျွန်မခေါင်းပေါ် ပုံကျလာခဲ့ပြီ။ ကျွန်မ အဆုံးအဖြတ်သာ အဓိကဟု ဆိုနေကြလေပြီ။ ကျွန်မက ရှုံးသွားမှာကို ကြောက်နေသည်လား၊ သို့တည်းမဟုတ် ပင်ပန်းနွမ်းနယ်နေခြင်း ကြောင့်လား။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သည်လူကို ကျွန်မချစ်ခဲ့မိပြီဖြစ်သည်။ သူသည် တွန့်ဆုတ်တွေဝေ ခြင်းမရှိ အရာရာကို ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်စွမ်းရှိသည်။ ရှုပ်ထွေးနေသော လောကကြီးကို သူ ရင်ဆိုင်နိုင်စွမ်းရှိသည်။ သူ တွေဝေနေသည်မှာ ကျွန်မနှင့်သမီး နှစ်ယောက်ကို ခွဲခွာနေရမည့်အရေးသာဖြစ်သည်။ သို့သော် သူ့အချစ်သည် ကျွန်မ အပေါ်တွင် မည်မျှကြီးမားကြောင်း ကိုလည်း ဖွင့်ဟပြန်သည်။ "ကိုယ်တို့ ဒီပြဿနာကို ဖြေရှင်းနိုင်ကြမှာပါ။ ဟုတ်တယ် မဟုတ်လား"ဟု ကျွန်မတို့နှစ်ယောက်အတူ အပေါ်ထပ်စာကြည့်ခန်းတွင်ရှိနေကြစဉ် သူက ကျွန်မလက်ကို ကိုင်ထားရင်း စကားစ,လာခဲ့သည်။ ယခုမှပင် ဘားရက်က ကျွန်မအား ပွင့်ပွင့်လင်းလင်း စတင်ဆွေးနွေးတော့သည်။ "ကိုယ်တို့နှစ်ယောက် ပူးပေါင်းလိုက်ရင် ခွန်အားတွေ ပိုပြည့်လာမှာပါ။ သမီးလေးတွေလည်း ပါတာပေါ့ ကိုယ်တို့ အဆင်ပြေမှာပါ။ တတ်နိုင်လိမ့်မယ်လို့ လည်း ယုံကြည်ထားတယ်"ဟု ဆိုပါသည်။

သူပြောသည်မှာ မှန်ပါသည်။ စည်းရုံးမဲဆွယ်ပွဲတစ်ပွဲ၏ ကုန်ကျစရိတ်မှာ မနည်းပေ။ ထို့အတွက် ကျွန်မတို့ဘက်က စွန့်လွှတ်ရမည်မှာ အချိန်၊ အတူတကွရှိနေခြင်း၊ ကျွန်မတို့နှစ်ဦးကြားက ကိုယ်ရေးကိုယ်တာကိစ္စတို့သာ ဖြစ်၏။ ဘယ်ရွေ့ဘယ်မျှ ခွဲခွာကြရမည်ဆိုသည်မှာလည်း ပြောရန် စောလွန်းနေပါသေးသည်။ ကျွန်မအတွက်မှာ ဘာနှင့်တူသလဲဆိုတော့ သူ့ဘဏ်စာရင်းတွင် ငွေလက်ကျန် မည်ရွေ့မည်မျှရှိသည်မသိဘဲနှင့် သုံးစွဲရမည့်သူကဲ့သို့ ဖြစ်နေပါသည်။ ကျွန်မတို့ ဘယ်အတိုင်းအတာအထိ သွားကြမည်နည်း။ နောက်ဆုံး လက်ကျန်က ဘာဖြစ်မည်နည်း။ မရေရာသော အဖြေသာရသည်။ အဆုံးတွင် ကျွန်မတို့အားလုံး ဆုံးရှုံးနစ်နာသွားနိုင်သည်။ ကျွန်မသည် အရာရာကို ကြိုတင်စူးစမ်းစမ်းသပ်တတ်သော မိသားစုမှ ပေါက်ဖွားလာ ခဲ့သူဖြစ်ပါသည်။ မီးလောင်လျှင် မည်သို့ဆောင်ရွက်ကြမည်ဆိုသည်ကအစ ကျွန်မတို့ မိသားစုက ကြိုတင်စမ်းသပ်ပြင်ဆင်ထားကြသူများ ဖြစ်သည်။ လက်လုပ်လက်စား လူတန်းစားတွင် ကြီးပြင်းခဲ့ရသူ၊ ဖခင်ဖြစ်သူက မသန်မစွမ်း ဖြစ်သဖြင့် ကျွန်မတို့သည် အရာရာအတွက် ကြိုတင်စဉ်းစားကြပါသည်။ တစ်ချက်မှားလိုက်လျှင် ယခုရှိသမျှ ပြောင်သွားနိုင်သည်။ တည်ငြိမ်နေသောဘဝမှ

ဆင်းရဲမွဲတေသောဘဝသို့ ချက်ချင်း ပြောင်းသွားနိုင်သည်။ လစာတစ်လစာ မရလိုက်သည်နှင့် လျှပ်စစ်မီတာခပင် မဆောင် နိုင်သူကဲ့သို့ ဖြစ်သွားနိုင်သည်။ အိမ်စာတစ်ရက် မလုပ်မိသည်နှင့် အတန်း၏ နောက် ဆုံးပိတ်သို့ ရောက်သွားသော ကျောင်းသား၊ ကောလိပ်မှ ကျောခိုင်းထွက်ခွာခဲ့ရသော ကျောင်းသားဘဝမျိုး ရောက်သွားနိုင်၏။

ပဉ္စမတန်းကျောင်းသူဘဝက အိမ်မီးလောင်မှုကြောင့် အသက်ဆုံးသွားရ ရှာသော သူငယ်ချင်းမတစ်ဦး ရှိခဲ့ဖူးသည်။ အသက်အရွယ် မအိုမင်းမီမှာပင် ကွယ် လွန်သွားခဲ့သော စူဇန်းနီး၏ နောက်ဆုံးအချိန်ကို မြင်တွေ့ခဲ့ရဖူးသည်။ ထိုအတွေ့ အကြုံများကြောင့် လောကကြီးသည် ကြိုးစားအားထုတ်မှုတိုင်းအတွက် ကောင်းမွန် သောရလဒ်ကို ပေးလိမ့်မည်ဟု ကံသေကံမ ပြော၍မရပါ။ နောင်တွင် ဘာဖြစ်လာ မည်ဆိုသည်ကို မှန်းဆမရနိုင်သဖြင့် ကျွန်မအနေနှင့် ဘားရက်၏ ဆန္ဒကို ပိတ်ပင် တားဆီးခြင်းသာလျှင် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ဆိတ်ငြိမ်နေသော ကျွန်မ၏ အိပ်ခန်းတွင်း၌ တစ်ယောက်တည်း တွေးနေမိပါတော့သည်။ သူ့ဆန္ဒ ဘာပဲဖြစ်ဖြစ် ကျွန်မ တားဆီးတော့မည်။ လုပ်လိုသပ ဆိုပါကလည်း သမီးနှစ်ယောက် အသက် အရွယ်ရလာချိန်မှသာ လုပ်ခွင့်ပေးနိုင်ပါမည်။

သို့သော် ထိုအတွေးနှင့် ဆန့်ကျင်ဘက်တစ်ဖက်က ရှိနေသေးသည်ကို ဘားရက်ရော ကျွန်မပါ သိရှိထားကြပြန်ပါသည်။ ကက်ထရီနာမုန်တိုင်း တိုက်ခတ် သွားမှုကြောင့် ပေါ်ပေါက်ခဲ့ရသော ဆိုးကျိုးများကို ကျွန်မတို့ မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ သားသမီးငယ်များ အသက်ရှင်ရေးအတွက် ရေထဲလေထဲတွင် ကိုယ်နှင့်မကွာ ပိုက် ထွေးထားကြသော မိဘများ၊ လူပေါင်းများစွာ စုပေါင်းနေရသည့် ကယ်ဆယ်ရေး စခန်းမှ ဆင်းရဲသား အာဖရိကန်-အမေရိကန်တိုင်းရင်းသားများကိုလည်း မြင်တွေ့ခဲ့ရသည်။ ကျွန်မ ယခင်လုပ်ကိုင်ခဲ့သော မြို့တော်ခန်းမအလုပ်၊ ပြည်သူ့မဟာမိတ် အလုပ်တို့မှသည် တက္ကသိုလ်ဆေးရုံ အလုပ်အထိ လုပ်ခဲ့သောအလုပ်တို့မှာ ဆင်းရဲသား လူတန်းစားတို့အား ကျန်းမာမှု စောင့်ရှောက်နိုင်ရေး၊ နေထိုင်မှုတတ်နိုင်သမျှ အဆင်ပြေစေရေးတို့အတွက်ဖြစ်သည်။ ယခုထက်ထိလည်း ဆင်းရဲသား လူတန်းစားများအတွက် ဆောင်ရွက်နေဆဲပင်။ ဘားရက်ဘက်ကို ကြည့်ပြန်လျှင် သူသည် စက်ရုံများမှ အလုပ်ထုတ်ခံကြရသည့် အလုပ်သမားများ၊ မသန်မစွမ်းဖြစ်သွား၍ စစ်မှုထမ်းဘဝမှ ရပ်နားလိုက်ကြရသော ဒုက္ခိတလူငယ်စစ်သည်များ ဘဝရေရှည်ရပ်တည်ရေး၊ ကျောင်းဟုသာ အမည်တပ်ခံထားရသော်လည်း သင်ကြားရေးညံ့ဖျင်းလှသော မည် ကာမတ္တကျောင်းများသို့ ရင်သွေးများအား ကျောင်းထားနေရသည့်အတွက် စိတ်ပျက် နေကြသော မိခင်များ စသည်တို့ကို သူ ရင်ဆိုင်နေရသည်။ ထိုသူများနှင့်စာလျှင် ကျွန်မတို့မှာ များစွာကံကောင်းလှပါသည်။ ထို့ကြောင့် ဒုက္ခရောက်နေသူတို့ အတွက်

လုပ်ဆောင်ပေးရန် ကျွန်မတို့မှာ တာဝန်ရှိသည်ဟု ခံစားရပြန်ပါသည်။

ကျွန်မတွင် ရွေးချယ်ရန်လမ်းမရှိ၊ စဉ်းစားရန်သာ ရှိပါတော့သည်။ ထို့ကြောင့် ပိတ်ထားမိသည့် စိတ်တံခါးမှ ဘားရက် ရင်ဆိုင်နေရသည်များကို သိရှိလာနိုင်ရန် တံခါးပေါက်ကို ကျွန်မ ဖွင့်လိုက်ပါတော့၏။ ထိုအကြောင်းများကို ဘားရက်နှင့် ကျွန်မ တစ်ကြိမ်မက အကြိမ်ကြိမ်အခါခါ ပြောခဲ့ကြဖူးပါသည်။ ဟာဝိုင်ယီရှိ တွတ်ဒ်ထံသို့ ခရစ္စမတ်ကာလ အလည်သွားကြစဉ်ကလည်း ပြောခဲ့ကြဖူးသည်။ ထိုစဉ်က အချို့စကားတို့မှာ ဒေါသဖြစ်စရာများ ပါဝင်ခဲ့ပြီး အချို့စကားများ အတွက် မျည်ရည်ကျခဲ့ရဖူးသည်။ သူပြောသည့် စကားအချို့မှာ ကျွန်မ လက်ခံနိုင်သည့်စကားများ ဖြစ်ခဲ့ပါ၏။ ခုတော့ ထိုစကားများပြောခဲ့ကြသည်မှာ တစ်ဆယ့်ခုနစ် နှစ်ပင် ကြာခဲ့ကြပြီဖြစ်ရာ ကျွန်မတို့က မည်သူတွေ ဖြစ်လာသနည်း။ ဘယ်သို့သော ကိစ္စများ ရင်ဆိုင်တွေ့နေကြရသနည်း။ ကျွန်မတို့ ဘာလုပ်နိုင်မည်နည်း။

နောက်ဆုံးတွင် ကျွန်မကိုယ်၌က ဘားရက်သည် သမ္မတကောင်းတစ် ယောက် ဖြစ်လိမ့်မည်ဟု ယုံကြည်သောကြောင့် သဘောတူလိုက်တော့သည်။ သူ သည် လူအများ တွေးထင်ထားကြသကဲ့သို့ လူကောင်းတစ်ယောက်ပင် ဖြစ်ပါသည်။ အလုပ်တိုင်းအပေါ်တွင် ဉာဏ်စိုက်ထုတ်သည်၊ စည်းကမ်းထားသည်။ မည်မျှပင် ခက်ခဲသောအလုပ်ဖြစ်ပါစေ သူ့ဘက်က အားစိုက်ထုတ်သည်၊ စိတ်ရှည်သည်။ ထို့ကြောင့် တိုင်းပြည်က လိုအပ်နေသော လူတော်လူကောင်းနေရာမှာ သူနှင့် အသင့်တော် ဆုံးဟု ကျွန်မ လက်ခံလိုက်သည်။ ထို့ပြင် သူ့ပတ်ဝန်းကျင်၌ ဝန်းရံနေကြသူတို့မှာ လည်း လူကောင်းများဖြစ်ကြပြီး သူ့အား အချိန်မရွေး ကူညီကြမည့်သူများ ဖြစ်နေသည်။ ထိုကဲ့သို့သော သူမျိုးကို ကျွန်မ တားဆီးပိတ်ပင် မထားသင့်တော့ပါ။ ကျွန်မနှင့်သမီးနှစ်ဦး လိုအပ်သည်များကိုသာ ဖြည့်ဆည်းပေးနေမည့်အစား သန်း ပေါင်းများစွာသော လူထုအကျိုး ဆောင်ရွက်ပေးနိုင်မည့် သမ္မတသာ ဖြစ်ပါစေတော့။

ကျွန်မ သူ့ကို ချစ်သည်နှင့်အမျှ သူစွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်သောကြောင့် သဘောတူလိုက်ခြင်းပင်။

ကျွန်မ သူ့ကို သဘောတူညီလိုက်သည်နှင့် တစ်ပြိုင်တည်းမှာပင် ဝေဒနာ တစ်ခုကိုလည်း ခံစားလိုက်ရပါသည်။ ထိုဝေဒနာကို ဖွင့်ဟပြောရန် အချိန်မသင့်သေး သောကြောင့် မပြောခဲ့ပေ။ သူ့မဲဆွယ်စည်းရုံးပွဲများတွင် ကျွန်မ ပါဝင်လုပ်ဆောင် ပေးခဲ့ပါသည်။ စိတ်ထဲတွင် သူ နိုင်လိမ့်မည်ဟုလည်း ယုံကြည်မှုအပြည့်ရှိခဲ့၏။ သူ့မိန့်ခွန်းများတွင် ပြည်သူအများစုတို့ ခံစားနေကြရသည်များကို ကုစားရန်နည်း လမ်းများ ချမှတ်သွားမည်ဖြစ်ကြောင်း ကရုဏာသက်သောအသံဖြင့် ပြောကြားရာ မဲဆန္ဒရှင်တို့မှာ ပိုမိုစိတ်ချလာကြသည်။ တကယ်ဆိုလျှင် ဘားရက်သည် အမေရိကန်

ပြည်ထောင်စုတွင် နေထိုင်သော လူမည်းတစ်ဦးသာ ဖြစ်သည်။ သို့သော် သူ မုချနိုင်လိမ့်မည်ဆိုသည်ကို ကျွန်မ ယုံကြည်နေပါတော့သည်။

※※※

သမ္မတရွေးကောက်ပွဲဝင်ခွင့်ပြုရန် သဘောတူလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ဘားရက်သည် ကျွန်မမြင်ကွင်းထဲတွင် အစက်အပြောက်ပေါင်းများစွာဖြင့် ဖွဲ့စည်း ထားသည့် လူတစ်ယောက်သဏ္ဍာန်ကဲ့သို့ ဖြစ်သွားသည်။ ကျွန်မသိသောသူ့ကို နေရာ တိုင်းတွင် တွေ့မြင်နိုင်လာတော့သည်။ အမှန်တကယ်အားဖြင့် ပါတီတွင်း အခြေခံ ရွေးကောက်ပွဲကျင်းပရန် တစ်နှစ်မပြည့်တပြည့် လိုပါသေးသည်။ ထိုအခြေခံရွေး ကောက်ပွဲမှာ အိုင်အိုဝါမှ စတင်မည်ဖြစ်၏။ ဘားရက်မှာ ချက်ချင်းပင် ဝန်ထမ်းများ ငှားရမ်းခြင်း၊ အလှူငွေများများထည့်ဝင်ပေးနိုင်မည့် အလှူရှင်များအား ချဉ်းကပ်ခြင်း၊ သူဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း မဲဆန္ဒရှင်များ အမြန်ဆုံးနှင့် အထိရောက်ဆုံး သိနိုင်စေသော နည်းလမ်းများဖြင့် ဆောင်ရွက်ရတော့သည်။ အဓိကရည်မှန်းချက်မှာ မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲနေ့တွင် မှန်ကန်သောရွေးချယ်မှုကို ပြုနိုင်ရန် ဖြစ်သည်။ မဲဆွယ် စည်းရုံးထားပါသော်လည်း အဖြေထွက်သည့်အခါ ဆုံးရှုံးသွားကြသည်များလည်း ရှိခဲ့ပေသည်။

စစ်ဆင်ရေးကြီးတစ်ခုလုံးကို အပေါ်စီးမှ ကြီးကြပ်ပေးကြသူနှစ်ဦးမှာ ဒေးဗစ်စ်နှစ်ယောက်ဖြစ်သည့် အက်လေ့ဒ်နှင့် ပလော့ဖ်တို့ပင် ဖြစ်ပါသည်။ အများက အက်စ်ဟုသာ အဖျားဆွတ်ခေါ်ကြသော အက်စ်လေ့ဒ်သည် နူးညံ့ညင်သာသည့်အသံ ရှိသူဖြစ်ပြီး နန်းဆန်သောအမူအရာရှိသူဟု ဆိုရပါမည်။ နှုတ်ခမ်းတစ်ဖက်စွန်းမှ တစ်ဖက်စွန်းအထိ နှုတ်ခမ်းမွေးရှိသည်။ သူသည် Chicago Tribune သတင်းစာ၏ သတင်းထောက်အဖြစ် ဆောင်ရွက်ဖူးသူလည်း ဖြစ်၏။ ထို့နောက်မှ နိုင်ငံရေးနယ် ပယ်တွင် အကြံပေးအဖြစ် ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ ဘားရက်အတွက် သူက မီဒီယာသမားပီသစွာ သတင်းအချက်အလက်များ စုဆောင်းပေးသည်။ ပလော့ဖ်က အသက်သုံးဆယ့်ကိုးနှစ်အရွယ် ရှိသူဖြစ်သော်လည်း သူ့အပြုံးများက ကလေးဆန်နေ ဆဲဖြစ်သည်။ သူက ကိန်းဂဏန်းများကို စိတ်ဝင်စားသူဖြစ်၍ မဲဆွယ်စည်းရုံးရေး လုပ်ငန်းကြီးတစ်ခုလုံးကို အပေါ်စီးမှ စီမံကွပ်ကဲသည်။ သူတို့အဖွဲ့၏ လှုပ်ရှားမှုများမှာ လျင်မြန်သွက်လက်လှသည်။ အတွေ့အကြုံရှိသူများက ဝိုင်းဝန်းအားဖြည့်ကာ ဆောင် ရွက်မည့် လုပ်ငန်းတိုင်းအတွက် ငွေကြေးကိစ္စကို စီမံပေးကြသည်။

တစ်စုံတစ်ယောက်က ဘားရက်အနေနှင့် ရွေးကောက်ပွဲဝင်မည်ဆိုသည့် အကြောင်း စပရင်းဖီးလ်တွင်လည်း ကြေညာသင့်သည်ဟု အကြံပြု၏။ အားလုံးက သဘောတူကြသည်။ အမေရိကန်ပြည်ထောင်စု

အလယ်ပိုင်းပြည်နယ်ဖြစ်ခြင်းကြောင့် စပရင်းဖီးလ်တွင် ကြေညာသင့်သည်ဟု ခံယူကြသည်။ ဘားရက်ကဲ့သို့ နိုင်ငံရေးနယ် မျက်နှာသစ်တစ်ဦး ပေါ်ထွက်လာခြင်းကို အသိပေးသင့်သည့် နေရာပင်ဖြစ်၏။ ဒါ သည်ပင်လျှင် ဘားရက်အတွက် တစ်ဆစ်ချိုးအကွေ့မှတ်တိုင်တစ်ခု ဖြစ်လာစေမည် ဖြစ်သည်။ သူ စည်းရုံးရေးမှူးဘဝ ဆောင်ရွက်စဉ်ကလည်း အထိအတွေ့ရှိခဲ့ကြဖူးသည်။ Project VOTE! အဖွဲ့သားများက သူ့ကို ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုကြသည်။ သူ သမ္မတရွေးကောက်ပွဲ ဝင်မည်ဆိုသည့်ကိစ္စသည် ထင်ထားသည်ထက် ပိုမို ကြီးကျယ်သောကိစ္စ ဖြစ်လာခဲ့သည်။ သူပေးခဲ့သော သတင်းစကားတို့သည် ပြည်သူ တို့ကြားတွင် ပျံ့နှံ့မှု အားကောင်းခဲ့သည်။ ပြည်သူများက လက်တွေ့တွင် အမှန် တကယ် မဲပေးကြမည်လား။ ဘားရက်ကိုယ်တိုင်ကလည်း သူသည် အခြားရွေး ကောက်ပွဲဝင် ပုဂ္ဂိုလ်များနှင့်မတူ တစ်မူထူးခြားနေသည်ဆိုသည်ကို သိပါသည်။

ဘားရက် သမ္မတရွေးကောက်ပွဲဝင်မည်ဆိုသည့် ကြေညာချက်ကို လွှတ်တော်ဟောင်း အဆောက်အဦ၏ လှေကားထစ်များထက်မှ ကြေညာရန် စီစဉ်ကြသည်။ ထိုနေရာသည် သမိုင်းဝင်နေရာဖြစ်ခြင်းကြောင့် သာမန်နေရာမျိုးထက် ပိုမိုစိတ်ဝင်စား မှုရစေမည်ဖြစ်၏။ သို့သော် အမှန်တကယ်ကြေညာဖြစ်ခဲ့သည်မှာ အီလီနွိုက်ပြည်နယ် သို့ ရောက်ရှိနေချိန်၊ ဖေဖော်ဝါရီလအတွင်း ရာသီဥတုကလည်း ရေခဲမှတ်အောက် ရောက်နေချိန် ပြင်ပတစ်နေရာတွင် ကြေညာဖြစ်ခဲ့သည်။ မူလ အစီအစဉ်ကို စဉ်းစား ကြစဉ်က ကျွန်မကြိုက်သည်မှန်သော်လည်း လက်တွေ့လုပ်ဆောင်ရန် ဖြစ်နိုင်ပါ့မလား ဟု တွေးခဲ့မိသည်။ သို့သော် ကျွန်မသြဇာမှာ စည်းရုံးရေးအဖွဲ့တွင် တိုးပေါက်မည် မဟုတ်သောကြောင့် မပြောဖြစ်ခဲ့ပေ။ ကျွန်မနှင့် သမီးနှစ်ယောက်တို့ နှင်းဖွေးဖွေးတွင် ကြိုးစားပြုံးပြကြရသည်။ တစ်ကိုယ်လုံး တုန်ချမ်းနေသော ဘားရက်မှာလည်း မပြီးနိုင် သောမေးခွန်းများကို ဖြေကြားနေရသည်။ ကျွန်မက အနောက်အလယ်ပိုင်းတွင် မွေးခဲ့သူဖြစ်၍ ရာသီဥတုက အစစအရာရာကိုဖျက်ဆီးတော့မည်ဖြစ်ကြောင်း ကြိုတင် မှန်းဆမိခဲ့ပါသည်။ ဤသို့သောအချိန်မျိုးတွင် ပြည်သူလူထုသည် အိမ်တွင်း၌သာ နွေးနွေးထွေးထွေးနေကြမည် ဖြစ်ပါသည်။ ဘားရက်ကိုယ်တိုင်လည်း မနက်စောစော အေးသည့်ဒဏ်ကို ခံနိုင်သူ မဟုတ်ပေ။

ဘားရက် မကြေညာမီ တစ်လခန့်ကတည်းက ဟီလာရီကလင်တန်က သူ သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သူ့ကိုယ်သူ ယုံကြည် စိတ်ချစွာဖြင့် ကြေညာခဲ့၏။ ကာရီ၏ ပြိုင်ဘက်တစ်ဦးဖြစ်ခဲ့ဖူးသူ ဂျွန်အက်ဒဝပ်ကလည်း ထို့ထက် တစ်လစောကာ သူ၏ နယူးအော်လီးန် နေအိမ်ရှေ့မှပင် ကြေညာခဲ့သည်။ ထိုအိမ်မှာ ကက်ထရီးနားမုန်တိုင်းဒဏ်ကြောင့် ပြားပြားဝပ်သွားခဲ့သော နေအိမ်ပင်ဖြစ်သည်။ စုစုပေါင်း ဒီမိုကရက်တစ်ပါတီဝင်

ကိုးဦးတို့ ရွေးကောက်ပွဲဝင်ကြတော့မည်ဖြစ်သည်။ အားပေးသည့်ပရိသတ်များပြားနိုင်ပြီး အကြိတ်အနယ်ယှဉ်ပြိုင်ရမည့် ပွဲလည်း ဖြစ်လာပါတော့မည်။

ဘားရက်၏အဖွဲ့က ပြင်ပတွင်သာ ကြေညာခဲ့ကြသည်။ ထိုနေရာမှာ ကျွန်မမှန်းဆထားသည့် နေရာများတွင် မပါသောနေရာ ဖြစ်နေသည်။ ကျွန်မက ဘားရက်စကားပြောချိန်တွင် ဣန္ဒြေမပျက် နွေးနွေးထွေးထွေး ပြောနိုင်စေရန် သူစကားပြောမည့် စင်မြင့်နေရာကို အနွေးဓာတ်ရစေဖို့ ဖန်တီးထားစေချင်သည်။ သတင်းများထုတ်လွှင့်ရန် ရိုက်ကူးကြသည့်အခါ သူခိုက်ခိုက်တုန်နေသည့်ပုံ မဖြစ်စေရန်အတွက် ဖြစ်ပါသည်။ ထိုသို့မဟုတ်ပါက ကျွန်မအနေဖြင့် ဝင်ရောက်စွက်ဖက်ပြောကြားရန် မရှိပါ။ ကျွန်မစိတ်ကို မနည်းထိန်းထားရသည်။ အစီအစဉ်အားလုံး အဆင်သင့်ဖြစ်နေခဲ့ပါပြီ။

မသိစိတ်က နှိုးဆော်ချက်ဖြင့် ကျွန်မသတိရလာသည်မှာ မလီယာနှင့် ဆာရှာတို့ပါ သူတို့အဖေနှင့်အတူ ဓာတ်ပုံရိုက်ခံရမည်ဆိုပါက ကလေးများအတွက် သင့်တော်မည့် နှင်းကာဦးထုပ်များ ဝယ်ယူထားရန်ဖြစ်သည်။ ကံအားလျော်စွာ သူတို့အတွက်ဝယ်ထားသည့် အနွေးထည်များကလည်း ရှိနေသည်။ သို့သော် ဦးထုပ်ကို ကျွန်မ မဝယ်ခဲ့မိခြင်းပင်ဖြစ်သည်။ တော်တော်နောက်ကျမှပင် ဦးထုပ်ဝယ်ရန် စီစဉ်ခဲ့ရ၏။

ကြေညာတော့မည့်နေ့ နီးကပ်လာသည်နှင့်အမျှ အလုပ်က ပြီးပြီးချင်း ဝါးတားတာဝါ ပလေ့စ်ရှိ ကုန်တိုက်များသို့ အပြေးအလွှားသွားရသည်။ ဈေးချရောင်းသော အထည်များနေရာတွင် အသည်းအသန်ရှာရသည်။ ထိုအခိုက်တွင် အတွေးတစ်ခုဝင်လာသည်က သမီးတို့သည် သမ္မတလောင်းတစ်ယောက်၏ သမီးများအဖြစ် တင့်တယ်မှု ရှိစေရမည်။ ထို့အတူ သူတို့အမေမှာရော။ နောက်ဆုံးတွင် သိုးမွေးဖြင့် ထိုးထားသော ဦးထုပ်ကလေးများ ရလာသည်။ မလီယာအတွက် အဖြူရောင်နှင့် ဆာရှာအတွက် ပန်းရောင် ရွေးချယ်လိုက်သည်။ နှစ်ခုစလုံးမှာ အမျိုးသမီးငယ်ဆောင်း ဦးထုပ်များပင် ဖြစ်၏။ မလီယာ ဆောင်းကြည့်လိုက်သောအခါ အနေတော်ဖြစ်နေပြီး ဆာရှာအတွက် ဦးထုပ်မှာ အနည်းငယ်ချောင်နေသည်။ သမီးတို့သည် ဖက်ရှင်ဆန်း ဆန်းများကို စိတ်မဝင်စားကြသေးသူများ ဖြစ်သည်။ ထို့ပြင် အေးချမ်းသည့် အီလီနွိုက်၏ ရာသီဥတုဒဏ်ခံနိုင်ရေးသာ အဓိကဟုလည်း ခံယူမိပါသည်။ ထိုကိစ္စသည် အောင်မြင်မှုတစ်ခုဖြစ်ခဲ့ပြီး ထိုအောင်မြင်မှုမှာလည်း ကျွန်မတစ်ယောက်တည်း၏ အောင်မြင် မှုဟု ဆိုရပါမည်။

※

ဘားရက် သမ္မတရွေးကောက်ပွဲဝင်မည်ဖြစ်ကြောင်း

တရားဝင်ကြေညာသည့်နေ့မှာ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်၊ နေသာသောနေ့တစ်နေ့ပင် ဖြစ်သည်။ မိုးတိမ်ကင်းစင်နေပြီး ဆောင်းလယ်ရာသီဖြစ်၍ နေသာသည်ဟု ဆိုရမည်ဖြစ် သော်လည်း အပူချိန်မှာ တစ်ဆယ့်နှစ်ဒီဂရီသာ ရှိပါသည်။ လေခပ်ပြေပြေတိုက်နေ၏။ ကျွန်မတို့မိသားစုဝင်သုံးဦးက တစ်ရက်ကြိုတင် ရောက်နှင့်နေကြပြီး မြို့ပေါ်ရှိ အိပ်ခန်း သုံးခန်းပါ ဟိုတယ်အခန်းကို ငှားထားသည်။ ကျွန်မတို့ တည်းမည့်အထပ်တွင် အောင် နိုင်ရေးကော်မတီဝင်များအတွက် အခန်းများလည်း ရှိပါသည်။ ထို့ပြင် ချီကာဂိုသို့ လိုက်ပါအားပေးကြမည့် မိတ်ဆွေအချို့လည်း ပါဝင်ကြပါသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲဆွယ်စည်းရုံးလုပ်ဆောင်ရခြင်းဖြစ်၍ ဖိအားတော့ များပါသည်။ ဘားရက် ကြေညာမည့်နေ့မှာပင် State of the Black Union နိုင်ငံရေးအဖွဲ့မှလည်း တာဗစ်ဆင်မလီ ဆိုသူကလည်း ကြေညာချက်ထုတ်ရန် စီစဉ်ထားသောနေ့ဖြစ်နေ၍ ဘားရက်အား စိတ်ဆိုးသည်ဟု ကြားရ၏။ သူက မကျေနပ်သည့်အကြောင်း ဘားရက်၏အဖွဲ့ဝင်များကို အတိအလင်းပင် ပြောကြားကာ ယင်းလုပ်ရပ်သည် အာဖရိကန်-အမေရိကန်လူမျိုးတို့၏ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေခြင်းကြောင့် ဘားရက်အတွက် ရလဒ်မကောင်းစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြုံးဝါးခဲ့သည်။ လူမည်းအသိုင်းအဝိုင်းထဲမှပင် ဤသို့သောစကား ကြားလာရခြင်းဖြစ်၍ အံ့သြမိပါသည်။

ကြေညာမည့်နေ့မတိုင်မီ တစ်ရက်အလိုမှာပင် Rolling Stone က ချီကာဂိုမြို့ရှိ တြိနီတီ ဘုရားရှိခိုးကျောင်းသို့ ရောက်သွားစဉ် သတင်းထောက်တစ်ဦးက မေးမြန်းနေသောပုံနှင့် ဖော်ပြလာသည်။ ထိုစဉ်က ကျွန်မတို့ လည်း အဖွဲ့ဝင်များအဖြစ် ပါ ကြသော်လည်း သမီးများမွေးပြီးနောက် ပထမဆုံးအကြိမ် အဖြစ် ကျွန်မတို့ပုံများကို ဖြုတ်ထားခြင်း ခံလိုက်ရပါသည်။ ထိုပုံနှင့်အတူ ဖော်ပြထားသည့် စာသားက ဒေါသတကြီးဖြစ်နေသော ဘုန်းတော်ကြီး ဂျရီမီးယားရိုက်က လူမည်းများအပေါ်တွင် လူဖြူတို့ ဖိနှိပ်ကြကြောင်း ပြောကြားထားသည့် လွန်ခဲ့သော နှစ်ပေါင်းများစွာက စကားဖြစ်သည်။

ပုံ၏အောက်တွင် ဖော်ပြထားသည့်ခေါင်းစဉ်က “ဘားရက်၏ ဇာစ်မြစ် အမှန်”ဟု ဆိုထားရာ ကွန်ဆာဗေးတစ်ပါတီဝင်တို့၏ လက်ချက်ဆိုသည်ကို ချက်ချင်းပင် သိလိုက်ကြပါသည်။ ကြေညာချက် ထုတ်ပြန်တော့မည့်ရက်တွင် ကပ်ကာ တမင် တကာလုပ်လိုက်သည့် အဖျက်အမှောင့်လုပ်ငန်းပင် ဖြစ်ပါသည်။ ဘားရက် ကြေညာချက်မပြောကြားမီ ဘုန်းတော်ကြီးရိုက်က အမှာစကားပြောကြားပေးရန် စီစဉ်ထား သည်ဖြစ်ရာ စီစဉ်ထားသမျှ

ကသောင်းကနင်းဖြစ်ရတော့သည်။ ထို့ကြောင့် ဘုန်းတော်ကြီးထံ တယ်လီဖုန်းဆက်သွယ်ပြီး သူ့အနေနှင့် အမှာစကားအစီအစဉ်ကို ပယ်ဖျက်လိုခြင်း ရှိမရှိ မေးမြန်းကြရပါသည်။

စင်ပေါ်တက်ကာ ဆုတောင်းမေတ္တာ ပို့သမည့်အစား စင်နောက်တွင် လာရောက်တွေ့ဆုံပြီး မေတ္တာပို့ပေးပါကလည်း လုံလောက်ပါကြောင်း ပြောကြားရသည်။ ဘုန်းတော်ကြီးရိုက်ကလည်း လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ပြောကြားခဲ့သည့်စကားကို ယခုမှ အကွက်ကျကျ ထည့်သွင်း အသုံးချခံလိုက်ရ၍ အတော်ပင် စိတ်မကောင်းဖြစ်သွားသည်။ ထို့ကြောင့် ကျွန်မတို့ အနေနှင့် သူသည် ကျွန်မတို့အား အမှန်တကယ်ထောက်ခံသူသာ ဖြစ်ကြောင်း အထပ်ထပ် အခါခါ ပြောခဲ့သည်။

ထိုနေ့နံနက်သည်ကား ဘယ်နည်းနှင့်မျှ နောက်ပြန်မလှည့်နိုင်သည့် အခြေအနေပင် ဖြစ်တော့သည်။ ကျွန်မတို့ မိသားစုဝင်များ အမေရိကန်ပြည်သူလူထုရှေ့ မှောက် ထွက်ပြကြရတော့မည်ဖြစ်၏။ ဤနေ့သည် မဲဆွယ်စည်းရုံးရေးအဖွဲ့၏ လက်ကုန် အစွမ်းကုန် ထုတ်ပြရမည့်နေ့လည်း ဖြစ်သည်။ ထိုနေ့သို့ရောက်လာစေရန် ကျွန်မတို့အားလုံး မျှော်လင့်စောင့်စားခဲ့ကြရသည် မဟုတ်ပါလား။

ပွဲစီစဉ်တင်ဆက်သူများ ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ကျွန်မ ရင်ခုန်စိတ်လှုပ်ရှားမိသည်။ တစ်စုံတစ်ယောက်မျှ ရောက်မလာခဲ့လျှင် ဟူသော အတွေးက ဖိစီးနေသည်။ ထိုအတွေးမျိုး ဘားရက်တွင်လည်း ဖြစ်ပေလိမ့်မည်ဟု ကျွန်မတွေးမိပါသည်။ ဖြစ်နိုင်ခြေရှိသည်များကို တွေးတောပူပန်တတ်သော အကျင့် ယယ်ရွယ်စဉ် ကျောင်းသူဘဝကတည်းက ရှိခဲ့သည်။ တကယ်လို့ မျှော်လင့်သည့်အတိုင်း ဖြစ်မလာခဲ့ရင် ဟူသော အတွေးက ကျွန်မရင်ထဲ တွင် အစဉ်အမြဲ ကြီးစိုးနေ၏။ မိတ်ဆွေများ၏ အားပေးစကားမှာ အရိုကို ပုံကြီးချဲ့ကာ ပြောကြသည်လည်း ဖြစ်နိုင်သည်။ ဘားရက်သည် သူ့လူများ ပြောကြားနေကြသကဲ့သို့ အောင်မြင်ထင်ရှားနေသူ ဟုတ်ချင်မှလည်း ဟုတ်ပေလိမ့်မည်။ သူ အချိန်မတန်သေးခင် ရှေ့ထွက်ခဲ့မိလေပြီလား။ ပွဲကျင်းပမည့်နေရာသို့ ရောက်လာပြီဖြစ်၍ ကျွန်မအတွေးများ ဖျောက်ပစ်လိုက်ရသည်။ သူ့ဝန်ထမ်းတချို့ ပြောပြသည်များကို နားထောင်ပြီးနောက် ကလေးနှစ်ယောက်ကို ကျွန်မအမေနှင့် မာမာကန်ရီလက်သို့ အပ်လိုက်ရသည်။ မာမာကန်ရီမှာ ဘားရက်၏ လမ်းညွှန်ပြသသူဖြစ်ခဲ့ပြီး ယခု သမီးတို့အား အဘွားတစ် ယောက်အဖြစ် စောင့်ရှောက်နေသူလည်း ဖြစ်နေသည်။

တက်ရောက်လာကြသည့် ပရိသတ်အင်အား အခြေအနေကောင်းသည်ဟု တစ်ယောက်က သတင်းပို့သည်။ ပရိသတ်များသည် နံနက်အရုဏ်မတက်မီကပင်

စတင်ရောက်ရှိလာကြသည်ဟု ဆိုသည်။ အစီအစဉ်မှာ ဘားရက်က ဦးစွာ စင်မြင့်ပေါ်သို့ တက်မည်။ ခေတ္တမျှ စောင့်ပြီး ကလေးနှစ်ယောက်နှင့် ကျွန်မ တက်ရောက်ကာ ပရိသတ်များအား လက်ဝှေ့ယမ်းနှုတ်ဆက်ကြမည်ဖြစ်သည်။ သူ့မိန့်ခွန်းမှာ မိနစ် နှစ်ဆယ်ကြာမြင့်မည်ဖြစ်ရာ ကျွန်မတို့ သူ့အနားတွင် တောက်လျှောက်ရပ်နေရန် လို,မလို ဆိုသည်ကိုလည်း မေးရသေးသည်။ ကလေးနှစ်ယောက်လုံး သူတို့အဖေ ပြောနေသမျှကို စိတ်ဝင်စားနေသယောင်ဖြင့် စင်မြင့်ပေါ်၌ ထိုင်ခိုင်းထားရန်မှာ အချိန် ကြာလွန်းသည်ဟု ထင်သည်။ မတော်တဆ ထိုင်နေရင်း နှာချေသည်ဖြစ်စေ၊ ညောင်း ညာလာသဖြင့်ဖြစ်စေ လှုပ်လှုပ်ရှားရှားလုပ်လိုက်ပါလျှင် စကားပြောနေသော ဘားရက် အတွက် အာရုံပျက်စေနိုင်မည်။ ကျွန်မမှာလည်း ထိုနည်းအတူ ဖြစ်သည်။ ငြိမ်ငြိမ် ကလေးထိုင်မနေတတ်။ အရုပ်တစ်ရုပ်နှယ် လှလှပပ ဝတ်စားဆင်ယင်ကာ တစ်ချိန်လုံး ပြုံးပြနေနိုင်မည့်သူ မဟုတ်ပါ။ ခင်ပွန်းသည်ပြောနေသမျှကို စိတ်ဝင်စားဟန်ပြုကာ ငေးနေနိုင်မည့် မိန်းမလည်း မဟုတ်ပေ။ ထိုသို့သော ပုံစံမျိုးမှာ ကျွန်မတွင် မည်သည့် အခါမျှ တွေ့မြင်နိုင်မည် မဟုတ်ပေ။ သူ့ကို ထောက်ခံသည်မှန်သော်လည်း ကျွန်မ သည် စက်ရုပ်တစ်ခု မဟုတ်ပါပေ။

ဘုန်းတော်ကြီးရိုက်၏ မေတ္တာပို့ဆုတောင်းမှုကို ခံယူကြပြီးနောက် ဘားရက်က စင်မြင့်ပေါ်သို့ တက်သွားသည်။ သူ့ကိုမြင်လိုက်သည်နှင့် ပရိသတ်၏ ဩဘာသံများ ညံသွားသည်။ ခန်းမအတွင်း၌ ထိုင်နေသော ကျွန်မပင် ကြားနေရ၏။ သို့ဖြင့် ကလေးနှစ်ယောက်ကို သွားခေါ်ရင်း စိတ်လှုပ်ရှားမှုကို ကျွန်မကိုယ်တိုင်ပင် စတင် ခံစားရပါတော့သည်။

“သမီးတို့ အဆင်သင့်ပဲလား”ဟု ကျွန်မက မေးလိုက်သောအခါ အငယ်မလေးက “အိုက်တယ် မာမီ”ဟု ဆိုကာ သူ့ခေါင်းပေါ်မှ ပန်းရောင်ခေါင်းစွပ်ကလေးကို ဆွဲချွတ်တော့၏။

“မချွတ်နဲ့ သမီး၊ ဆောင်းထားမှဖြစ်မှာ။ အပြင်မှာ အရမ်းအေးနေတယ်”ဟု တားလိုက်ရသည်။ မျက်နှာဝိုင်းဝိုင်းကလေးနှင့် ကျွန်မသမီးငယ်သည် သူလုပ်ချင်သည်ကို အချက်ကျကျ ပြောတတ်သူဖြစ်သည်။ သမီးနှင့် စကားပြိုင်ပြောမနေတော့ဘဲ အနားတွင်ရပ်နေသည့် အမျိုးသမီးဝန်ထမ်းတစ်ဦးကို လှမ်းကြည့်လိုက်သည်။ စင်ပေါ် သို့ အခြေအနေသတင်း ပို့စေရန်အတွက် ဖြစ်၏။ သို့သော် ထိုအမျိုးသမီးက သားသမီး ရှိပုံမရသဖြင့် ကလေး၏ အရိပ်အကဲကို နားမလည်ခဲ့ပေ။ ဘုရား...ဘုရား... ဒီကလေးနှစ်ယောက်နှင့် ကျွန်မကို စင်မြင့်ပေါ်သို့ အခုချက်ချင်း မဖိတ်ခေါ်ပါသေးလျှင် ကျွန်မမှာ ကလေးနှစ်ယောက်ကို ထားပစ်ခဲ့ရမည့်အခြေအနေသို့ ရောက်သွားနိုင် ပါသည်။ ဘုရားသခင်ဂုဏ်ကျေးဇူးတော်ဖြင့် ထိုအမျိုးသမီးက ကျွန်မအား ခေါင်းညိတ်ပြကာ

လမ်းပြခေါ်ဆောင်သွားတော့သည်။

အချိန် ကျရောက်လာခဲ့ပြီဖြစ်၍။ ကျွန်မသည် ဘားရက်၏ နိုင်ငံရေးတရားပွဲအတော်များများသို့ ရောက်ခဲ့ဖူး ပါသည်။ စည်းရုံးမဲဆွယ်ပွဲများ၊ ရန်ပုံငွေရှာဖွေပွဲများ၊ ရွေးကောက်ပွဲညပါတီပွဲများ စသဖြင့် တက်ရောက်ခဲ့ဖူး၏။ ပရိသတ်များ၊ သူ့ကို နှစ်ရှည်လများ ထောက်ခံအားပေး ခဲ့ကြသူများ စသူတို့ တက်ရောက်ကြသည့်ပွဲများဖြစ်ပါသည်။ သို့သော် စပရင်းဖီးလ် ပွဲမှာ ကျွန်မ တက်ရောက်ခဲ့ဖူးသောပွဲများနှင့် လားလားမျှ မတူပါ။

စင်ပေါ်သို့တက်လိုက်သည်နှင့် ကျွန်မ အကြောအခြင်များ ဆိုင်းသွားသည့်နှယ် ခံစားလိုက်ရသည်။ ကျွန်မအာရုံက သမီးငယ်သို့ ကြည့်လိုက်သောအခါ သမီးသည် မျက်နှာက ပြုံးနေသော်လည်း ခေါင်းမမော့။ သူစီးထားသည့် ရှူးဖိနပ်ကိုသာ ငုံ့ကြည့်နေ၏။ ကျွန်မက သူ့ခေါင်းကို ညင်ညင်သာသာကိုင်လိုက်ပြီး “ခေါင်းမော့ထား လေ သမီး” ဟု သတိပေးလိုက်ရသည်။ မလီယာကမူ ရှေ့က တက်နှင့်ပြီဖြစ်ပြီး သူ့အဖေနှင့်အတူ ပရိသတ်များအား လက်ဝှေ့ယမ်းနှုတ်ဆက်နေပြီဖြစ်၏။ လှေကားမှ ပြန်ဆင်းလာချိန်အထိ ကျွန်မမှာ ပရိသတ်များကို စေ့စေ့ကြည့်ရန် မကြိုးစားရဲခဲ့ပေ။ ထိုနေ့က ပရိသတ်ပေါင်း တစ်သောင်းငါးထောင်ကျော် တက်ရောက်ခဲ့ကြသည်ဟု ခန့်မှန်းကြပါသည်။ သူတို့သည် ဒီဂရီသုံးရာခန့် အဝန်းအဝိုင်းအတွင်းမှ အားပေးခဲ့ကြသည်။ ကက်ပီတော်လ်အဆောက်အဦကြီးတစ်ခုလုံးနီးပါး ဝန်းရံကြကာ စိတ်အား ထက်သန်စွာနှင့် အားပေးခဲ့ကြ၏။

ကျွန်မသည် မည်သည့်အခါကမျှ စနေနေ့ မွန်းလွဲပိုင်းကို နိုင်ငံရေးတရားပွဲအတွက် အသုံးမချခဲ့ဖူးပါ။ အားကစားခန်းမတစ်ခုခု သို့မဟုတ် လူစုလူဝေးဖြင့် ဟောပြော၍ရသော နေရာတစ်ခုခု၌ နိုင်ငံရေးသမားများ ကတိတွေအထပ်ထပ်ပေးကြ သည်မှာလည်း အဓိပ္ပာယ်မရှိသောကိစ္စဖြစ်သည်ဟု ခံယူခဲ့ပါ၏။ ယခု ကျွန်မတို့ ရှေ့မှောက်သို့ ရောက်လာကြသော ပရိသတ်သည် ဘာကိုယုံစားကာ ရောက်လာကြ သည်ဆိုသည်ကိုလည်း ကျွန်မ မသိပါ။ အနွေးထည်တွေအထပ်ထပ်ဝတ်ကာ ချမ်း ချမ်းစီးစီး ဒုက္ခခံကြသည်။ ငယ်ငယ်က ကြုံဖူးသော ပရိသတ်ကို သတိရမိ၏။ ကျွန်မတို့ငယ်ငယ်က အမေရိကန်တွင် ခေတ်စားသော စူပါဘောင်းလ်ဘော်လုံး အသင်းများကို ပရိသတ်က ဤသို့ပင် ချမ်းချမ်းစီးစီး အားပေးခဲ့ကြဖူးသည်။ သို့သော် ယခု ကိစ္စက နိုင်ငံရေးဖြစ်နေသည်။ ထို့ကြောင့် ကျွန်မမှာ သူတို့ကိုကြည့်ကာ အံ့သြ မဆုံးနိုင်တော့ပေ။

ကျွန်မတို့သည် တီးဝိုင်းတစ်ဖွဲ့၏ အရုဏ်ဦးဖြစ်နေသည်လား။ ကျွန်မတို့သည် ကွင်းအတွင်းဆင်းကာ ယှဉ်ပြိုင်တော့မည့် စူပါဘောင်းလ်အသင်းလား။ မည်သို့ပင်ဖြစ်စေကာမူ သူတို့နှင့် ပတ်သက်၍ ကျွန်မတို့၌ တာဝန်ရှိသွားပေပြီ။

တက်ရောက် လာသော တစ်ယောက်ချင်းစီ၏အကြွေး ကျွန်မတို့အပေါ် တင်ရှိခဲ့ပြီ။ သူတို့၏ ယုံကြည် မှုများကို ကျွန်မတို့ထံ ရင်းနှီးမြှုပ်ခဲ့ကြပြီဖြစ်၍ သူတို့နှင့် ထိုက်တန်သော အကျိုး အမြတ်ရရှိစေရန် ကျွန်မတို့က ဆောင်ရွက်ပေးရပေတော့မည်။ ထိုကိစ္စကို အကောင် အထည်ဖော်နိုင်ရန် နောက်ထပ် လပေါင်းနှစ်ဆယ်အတွင်း ပြည်နယ်ပေါင်းငါးဆယ် သို့ ခရီးနှင်ပြီးမှသာ အိမ်ဖြူတော်သို့ ရောက်နိုင်မည်ဖြစ်သည်။ မူလ စ,စဉ်ကာလက ကျွန်မစိတ်ထဲတွင် မယုံနိုင်ခဲ့သော်လည်း ယခုမူ ယုံကြည်မှုရှိလာပြီ ဖြစ်၏။ ထိုသည် ပင်လျှင် ဒီမိုကရေစီ၏ ဖိတ်ခေါ်သံနှင့် တာဝန်ယူမှုဖြစ်သည်ဟု ကျွန်မထင်ပါသည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်စွာဖြင့် အပ်နှံခြင်းဟုလည်း ဆိုချင်ပါသည်။ ရှင်တို့က ကျွန်မတို့အတွက် လာရောက်ခဲ့ကြသကဲ့သို့ ကျွန်မတို့ကလည်း ရှင်တို့အတွက် ရပ်တည် ရပေမည်။ ကျွန်မရင်ထဲတွင် ဘားရက် နိုင်စေချင်သော အကြောင်းပြချက်ပေါင်းမှာ လည်း တစ်သောင်းငါးထောင်မက ထွက်ပေါ်လာပါတော့သည်။

ကျွန်မ ခြေစုံပစ်ဝင်ရောက်ခဲ့မိပြီဖြစ်သည်။ မိသားစုတစ်ခုလုံးပင် အကြောက် အလန့်မရှိ ဝင်ရောက်ခဲ့ကြသည်ဟု ဆိုရပါမည်။ ရှေ့တွင် ဘာတွေဆက်ဖြစ်လာမည်ကို ယောင်လို့မျှ တွေးမကြည့်ဖြစ်သေးပါပေ။ ခုတော့ ကျွန်မတို့ လေးယောက်သား စင်မြင့်ထက် ပရိသတ်ရှေ့မှောက်၊ ကင်မရာများရှေ့မှောက်၌ ရပ်ခဲ့ကြပြီ။ ကုတ်အင်္ကျီ မှလွဲ၍ ဘာမျှမပါ။ ကျွန်မသမီးငယ်ခေါင်း၌ ဆောင်းထားသော ဦးထုပ်က လိုအပ် သည်ထက် အနည်းငယ်ပင် ကြီးနေခဲ့သေးသည်။

ဟီလာရီကလင်တန်သည် ကြောက်စရာကောင်းသည့် ပြိုင်ဘက်တစ်ဦး ဖြစ်၏။ စစ်တမ်းများ အထပ်ထပ်ကောက်ယူကြရာတွင်လည်း ဒီမိုကရက်တစ်အမတ် လောင်းများကြားတွင် သူသာ ဦးဆောင်သူဖြစ်နေပြီး ဘားရက်က မဲနှစ်ဆယ်ခန့် ပြတ်နေတတ်သည်။ အက်ဒဝပ်က ဘားရက်၏နောက် အမှတ်အနည်းငယ်အကွာဖြင့် လိုက်နေသည်။ ဒီမိုကရက်တစ်ပါတီဝင်များသည် ကလင်တန်မိသားစုဝင်များကို ချစ်ခင်ကြသူများဖြစ်၍ ဟီလာရီ နိုင်စေချင်ကြသည်။ လူအချို့မှာ ကျွန်မခင်ပွန်း၏ အမည်ကိုပင် မှန်အောင်အသံမထွက်နိုင်ကြသေးပေ။ ဘားရက်၏ မဲဆွယ်စည်းရုံး ရေးအဖွဲ့ဝင်များ အပါအဝင် ကျွန်မတို့က နိုင်ငံရေးအခင်းအကျင်းကို ကြည့်လိုက်လျှင် ဘားရက်သည် ဟိုးခပ်ဝေးဝေးနေရာသို့ ရောက်နေသူဖြစ်ကြောင်း သိထားကြပါသည်။ သူပေးထားသောကတိများဖြင့် ဘားရက်ဟူစိန် အိုဘားမား အမည်ရှိသော သူတစ်ယောက်မှာ ခပ်လှမ်းလှမ်းနောက်၌ ရှိနေဆဲပင် ဖြစ်ပါသည်။

ရင်ဆိုင်ကြရသည်မှာ တန်းကျော်အပြေးပြိုင်ပွဲကဲ့သို့ ဖြစ်နေပါသည်။ လူမည်းမဲဆန္ဒရှင်များ ကိုယ်တိုင်ကပင်လျှင် ဘားရက် နိုင်ပါ့မည်လားဟု သံသယ

ရှိကြသည်။ ကျွန်မကိုယ်တိုင်ကလည်း မူလက သံသယရှိခဲ့သည်ကိုး။ ထို့ကြောင့် လူမည်းမဲဆန္ဒရှင်များက ဘားရက်နှင့် ပတ်သက်၍ သံသယရှိကြသည်ကို အပြစ်ဟု မမြင်နိုင်ပါ။ လူဖြူများသာ အစဉ်အလာအားဖြင့် ကြီးစိုးထားသည့် ဥပဒေပြုလုပ်ငန်း ခွင်သို့ လူမည်းတစ်ယောက် ထိုးဖောက်ဝင်ရောက်သွားနိုင်မည်ဟု ယုံကြည်မိလျှင် ထိုယုံကြည်မှုမှာ အလွန်တရာမိုက်မဲသော လောင်းကစားမှုတစ်ခုပြုခြင်းနှင့်ပင် တူပါ တော့သည်။ နောက်ထပ် စိန်ခေါ်မှုတစ်ခုဟု ဆိုနိုင်သည့်ကိစ္စမှာ လူမည်းများက ဘီလ်ကလင်တန်ကို သဘောကျကြသည်။ သူက အခြား လူဖြူများနှင့်မတူ၊ အာဖရိကန်- အမေရိကန်အသိုင်းအဝိုင်းနှင့် ဝင်ဆံ့ကာ အဆက်အသွယ်များလည်း ရရှိထားသည်။ ဘားရက်ကလည်း အီလီနွိုက်ရှိ လူမည်းအသိုင်းအဝိုင်းနှင့် အဆက်အသွယ်ရ ထားသူ ဖြစ်သည်။ သူစည်းရုံး၍ ရထားသည့်အထဲတွင် ပြည်နယ်တောင်ပိုင်းဒေသမှ လူဖြူ တောင်သူလယ်သမားများပင် ပါဝင်၏။ သူ့အနေဖြင့် မဲအားလုံးရနိုင်ခြေရှိသည်။ သို့သော် ထိုအခြေအနေကို ကျန်ပုဂ္ဂိုလ်များက မသိကြပေ။

ဘားရက်သည် အဆိုးထဲမှ အကောင်းကို ရှာတတ်သူဖြစ်ပြီး သူ့မြင်ကွင်း များမှာလည်း အမြဲတမ်း စူးရှပြတ်သားနေသည်။ လူမည်းပြိုင်ဘက်တစ်ယောက်အနေ ဖြင့် ရှုံးကောင်းရှုံးနိုင်ပါလိမ့်မည်။ ထို့ကြောင့် မည်သည့်နေရာတွင်မဆို သူက အခြားသူ များထက် နှစ်ဆ အလုပ်ပိုလုပ်ရသည်။ ဘားရက်အနေဖြင့် ကလင်တန်ဆိုသော ပြိုင်ဘက်မှလွဲလျှင် ကျန်ပြိုင်ဘက်များအပေါ် အသာစီးရနိုင်ရန်၊ ပိုမိုလျင်မြန် ထိရောက်စေရန်အတွက် ငွေကို ပိုသုံးရသည်။ သို့မှသာ အောက်ခြေ မဲရွေးပွဲများတွင် ကလင်တန်ကို ကျော်ဖြတ်နိုင်မည်ဖြစ်၏။

ကျွန်မတို့၏ မျှော်လင့်ချက်များမှာ အိုင်အိုဝါတွင် အဖြေပေါ်နိုင်သည်။ အိုင်အိုဝါတွင် မနိုင်ပါက တစ်ပြည်လုံးအတွက် မျှော်လင့်ချက်ရှိတော့မည် မဟုတ်ပေ။ အိုင်အိုဝါတွင် တောနေလူတန်းစားက များပြီး လူဖြူဦးရေက ကိုးဆယ်ရာခိုင်နှုန်းခန့် ရှိသည်။ ထိုကဲ့သို့သောနေရာမျိုးတွင် တိုင်းပြည်၏ နိုင်ငံရေးအခြေအနေကို အကဲစမ်း ကြရမည်ဖြစ်၏။ ဘားရက်မှာ ချီကာဂိုကို အခြေပြုကာ လူသိများလာသူသာ ဖြစ်သည်။ ၁၉၇၂ ခုနှစ်နောက်ပိုင်းမှစ၍ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးအခြေ အနေမှာ အိုင်အိုဝါကို စံထား အကဲဖြတ်ကြရသည်။ နိုင်ငံရေးပါတီကြီးနှစ်ခုဖြစ်သော ဒီမိုကရက်တစ်နှင့် ကွန်ဆာဗေးတစ်ပါတီတို့က ဆောင်းဥတုအလယ်ခန့်တွင် အိုင်အိုဝါ ၌ တွေ့ဆုံကြသည်။ ထို တွေ့ဆုံပွဲကို တစ်တိုင်းပြည်လုံးက အာရုံစိုက်ကြ၏။ Des Monies နှင့် Dubuque တွင် အသိအမှတ်ပြုခံရသော သမ္မတလောင်းတို့မှာ အိုလန်ဒိုနှင့် အယ်လ်အေအတွက် သေချာသွားပြီဟု ဆိုနိုင်သည်။ ထိုအကြောင်းကို ကျွန်မတို့လည်း သိထားသဖြင့် အိုင်အိုဝါတွင် ကြိုးစားကြသည်။

လူမည်းမဲဆန္ဒရှင်များ ဘားရက်ကို စိတ်ချလက်ချ မဲပေးချင်လာအောင် စည်းရုံးရသည်။ ဘားရက်သည် အိမ်နီးချင်းပြည် နယ်ဖြစ်သော အီလီနွိုက်ပြည်နယ်မှ ဆီးနိတ်တာတစ်ဦးဖြစ်ကြောင်း၊ ယခု အိုင်အိုဝါ ပြည်နယ်မှ မဲဆန္ဒရှင်များအနေဖြင့် ဘားရက်အား မဲပေးရန်လိုအပ်ကြောင်း ပြောကြရသည်။ ဒေးဗစ်ပလော့ဖ် အဆိုအရ အိုင်အိုဝါတွင် ယခင်ကနှင့်စာလျှင် တိုးတက်မှု အနည်းငယ် ရလာသည်ဟု ဆို၏။ ကျွန်မတို့ အုပ်စီးနိုင်ရန် ကြိုးစားရပါဦးမည်။

ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် ကျွန်မ အိုင်အိုဝါသို့ အပတ်စဉ် သွားရတော့သည်။ မနက်စောစော ပျံသန်းသော ယူနိုက်တက်လေကြောင်းခရီးစဉ်ဖြင့် အိုဟဲ မှ ထွက်ခဲ့ပြီး တစ်နေ့တည်းမှာပင် မဲဆွယ်စည်းရုံးပွဲ သုံးလေးပွဲခန့် ဆက်တိုက်ကျင်းပ ရသည်။ ကျွန်မက ပလော့ဖ်အား ဤသို့ မဲဆွယ်စည်းရုံးရေးအလုပ် လုပ်ပေးရသည်ကို ပျော်ပါကြောင်း၊ သို့သော် သူတို့အနေဖြင့် ကျွန်မသမီးနှစ်ယောက် အိပ်ရာဝင်ချိန် အမီ ကျွန်မကို အိမ်ပြန်အရောက် ပို့ဆောင်ပေးရန်လိုအပ်ကြောင်း ပြောထားရသည်။ ကျွန်မအမေကလည်း သူ့အလုပ်ချိန်များကိုလျှော့ချကာ ကျွန်မ မရှိခိုက် သူ့မြေးများ အနားတွင်နေကာ စောင့်ရှောက်ပေးရန် စီစဉ်ရပါ၏။ ဘားရက်ကိုယ်တိုင်မှာလည်း အိုင်အိုဝါတွင် အချိန်တော်တော်ကြာကြာ နေထိုင်ကာ စည်းရုံးရေးလုပ်နေသည်ဖြစ် သော်လည်း သူနှင့်ကျွန်မမှာ ဆုံခဲလှပါသည်။ ကျွန်မတို့နှစ်ယောက်တွဲကာ မြင်ရခဲလှ ပါ၏။ ထို့ကြောင့် စည်းရုံးလှုံ့ဆော်ရေးသမားများက ကျွန်မကို ရွေးကောက်ပွဲဝင် ပုဂ္ဂိုလ်အစား ဝင်ရောက်တွေ့ဆုံပေးသူဟု သမုတ်ကြပါသည်။ သူ့ကိုယ်စား ကျွန်မက အိုင်အိုဝါ၌ မဲဆန္ဒရှင်များနှင့် တွေ့ဆုံဆွေးနွေးရ၏။ သို့ဖြင့် ကျွန်မသည် စီဒါဖောလ်စ် သို့မဟုတ် နယူးယောက်သို့လည်း ရန်ပုံငွေရှာဖွေပွဲများသို့ သူ့ကိုယ်စား တက်ရောက်ရပြန်ပါသည်။ တစ်ခါတစ်ရံ အရေးကြီးသည့် ပွဲများအတွက်သာ စည်းရုံးရေးအဖွဲ့ဝင် များက သူနှင့်ကျွန်မအား တစ်ခန်းတည်း အတူထားပေးကြသည်။

ဘားရက်က ယခုခရီးသွားလျှင် သူ့အပေါ် ဂရုတစိုက်ရှိကြသော အပေါင်းအဖော်များနှင့် ခရီးသွားသကဲ့သို့ ကျွန်မအတွက် လက်ထောက်နှစ်ယောက်ကိုလည်း ငှားရမ်းထားနိုင်ရန် ရန်ပုံငွေမှ စရိတ်ကျခံပေးထားပါသည်။ ထို့ကြောင့် ကျွန်မအတွက် မှာလည်း ရက်သတ္တပတ်တစ်ပတ်လျှင် မဲဆွယ်ပွဲသုံးလေးပွဲ ကျင်းပနိုင်ရန်အတွက် အချိန်များစွာ ပေးရန်မလိုတော့ဘဲနှင့် ဆောင်ရွက်လာနိုင်ခဲ့သည်။ မလီဆာဝင်းတား ဆိုသည့် မိန်းကလေးမှာ ပထမငှားရမ်းလိုက်သူဖြစ်ပြီး နောင်တွင် ကျွန်မ၏ ဝန်ထမ်း အကြီးအကဲ ဖြစ်လာခဲ့ပါသည်။ သူနှင့်ပတ်သက်၍ ထောက်ခံပေးသူမှာ ဘားရက်၏ ခရီးစဉ်များကို အစီအစဉ်ဆွဲပေးနေသူ ဖြစ်သည်။ မလီဆာသည် ဆီးနိတ်တာတစ်ဦး ဖြစ်သည့် ဂျိုးလီဘာမဲန်၏ ရုံးတွင် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ပြီး မဲဆွယ်ပွဲပေါင်း

၂၀၀၀ ခန့် အတွေ့အကြုံရှိသူဖြစ်၏။ အသက်သုံးဆယ်အရွယ်၊ အသားခပ်ညိုညို၊ မျက်မှန်တပ်ထားသော မလီဆာကို ကျွန်မက ချီကာဂိုအိမ်၏ ဧည့်ခန်းတွင် တွေ့ဆုံစစ်ဆေးခဲ့သည်။ သူ့အရည်အချင်းမှာ အထင်ကြီးလေးစားရလောက်အောင်ပင် အသေးစိတ်နားလည်ထားသူ ဖြစ်သည်။ ထိုအရည်အချင်းမှာ ဆေးရုံကိစ္စများနှင့် တစ်ဖက်က အလုပ်များနေသူဖြစ်၍ မရှိမဖြစ်လိုအပ်သောအရည်အချင်းပင် ဖြစ်ပါသည်။ ကလေး မက ထက်မြက်သည်။ လုပ်ရည်ကိုင်ရည် အရည်အချင်း ပြည့်ဝသည်။ လျင်မြန်သွက် လက်စွာ လှုပ်ရှားတတ်သည်။ နိုင်ငံရေးနယ်ပယ်အတွင်း ကျင်လည် နှံ့စပ်သည်။ ကျွန်မထက် အသက်အနည်းငယ်သာ ငယ်ခြင်းကြောင့် ယခင် တွေ့ကြုံခဲ့ဖူးသော ဝန်ထမ်းများထက် အားရမိသည်။ သူသည် ကျွန်မ ယုံကြည်စိတ်ချရသူဖြစ်လာခဲ့ပြီး ယနေ့အချိန်အထိလည်း ယုံကြည်နေရဆဲ ဖြစ်၏။

ကေတီ မက်ကောမစ် လယ်လီဗဲလ် ဆိုသည့် အသက်သုံးဆယ်ပင် မပြည့်သေးသော မိန်းကလေးက ကျွန်မ၏ ဆက်သွယ်မှုဒါရိုက်တာအဖြစ် ပါဝင်လာသောအခါ ကျွန်မတို့သုံးယောက်အဖွဲ့ ဖြစ်သွားသည်။ သူက ဟီလာရီကလင်တန် သမ္မတကတော်ဖြစ်နေစဉ်ကရော၊ သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည် ဆိုစဉ်ကပါ တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ ရုပ်ချောသူ မဟုတ်သော်လည်း ထိုးထွင်းဉာဏ် ကောင်းကာ စမတ်ကျကျ ဝတ်စားတတ်သူဖြစ်သည်။ ကေတီက သတင်းထောက်များ၊ ရုပ်မြင်သံကြားအဖွဲ့များနှင့် ဆက်သွယ်ရေးကို တာဝန်ယူထားသည်။ ထို့ကြောင့် ကျွန်မတို့ လှုပ်ရှားမှုမှန်သမျှ သတင်းအဖြစ် မလွတ်တမ်းဖော်ပြခံရသည်။ ထို့ပြင် သူနှင့်ပတ်သက်၍ ကျေးဇူးတင်ရန်ရှိသည်မှာ မည်သည့်နေရာသို့ ရောက်သည်ဖြစ်စေ ပါလာလေ့ရှိသော သားရေလက်ဆွဲအိတ်ကြီးတစ်လုံး ဖြစ်သည်။ ထိုအိတ်ထဲတွင် အစွန်းချွတ်ဆေး၊ အနံ့အသက်ပျောက်ဆေး၊ လက်ချုပ်ဆောင်ရွက်နိုင်သော အပ်နှင့် အပ်ချည် စသဖြင့် ကျွန်မတို့ လေယာဉ်ဖြင့် ဥဒဟို ပြေးလွှားနေချိန်များ၌ ပေါ်ပေါက် လာနိုင်သော အရေးပေါ်ကိစ္စများအတွက် ဖြေရှင်းနိုင်သည့် ပစ္စည်းများအထိ ပါဝင်သည်။

နှစ်ပေါင်းများစွာ ကျွန်မ ကြုံခဲ့ဖူးသော သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်တရားပွဲများ အိုင်အိုဝါ၌ ကျင်းပပြီဆိုလျှင် သမ္မတလောင်းတို့သည် မဲဆန္ဒရှင်များရှိနေကြသည့် စားသောက်ဆိုင်များသို့သွားရောက်ကာ ညစာ အတူစားပြခြင်း၊ ကော်ဖီအတူသောက်ပြခြင်းတို့ လုပ်ကြသည်။ ဤသို့ မဟုတ်ပါလျှင်လည်း နွားမပုံစံလှီးဖြတ်သရုပ်ပြထားသည့်ရှေ့၌ ကိုယ်တိုင်စားသောက်ပြသည်ကို ဓာတ်ပုံအရိုက်ခံကြသည်။ နိုင်ငံတော်ကိစ္စ ဆောင်ရွက်သည့်နေရာတွင် သမ္မတလောင်း စားသောက်ပြ နေသည်က ဘာမှမဆိုင်ဟု ထင်၏။ ကျွန်မ နားမလည်သည်လည်း ဖြစ်နိုင်ပါ၏။

ဘားရက်၏အကြံပေးများက အိုင်အိုဝါ နှင့်ပတ်သက်လျှင် ကျွန်မ လုပ်သင့်သည်ဟု ဆိုသည်။ ဒီမိုကရက်တစ်တချို့နှင့် လုပ်အားပေးများပါ,ပါဝင်ပြီး လူ့အဖွဲ့အစည်းများ၏ ခေါင်းဆောင်ပုဂ္ဂိုလ်များနှင့် အချိန်အနည်းငယ်စီပေးကာ တွေ့ဆုံဆွေး နွေးကြမည်။ သူတို့အဆိုအရ အိုင်အိုဝါပြည်နယ်သားတို့သည် သူတို့ပြည်နယ်မှ စကာ နိုင်ငံရေးကိစ္စ အလားအလာကို ပြသခွင့်ရသည်ဖြစ်ခြင်းကြောင့် အလွန်ဂုဏ်ယူ ကြသည်ဟု ဆိုသည်။ သူတို့ဘက်မှလည်း ကျရောက်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည့်အနေဖြင့် ရွေးချယ်ပွဲဝင်မည့်သူများနှင့် တွေ့တိုင်း သူတို့သိချင်သည့် အစိတ်အပိုင်းများ မေးလေ့ရှိသည်ဆို၏။ သူတို့သည် ဝါရင့်သမ္မာရင့်ကြီးများဖြစ်ကြ ခြင်းကြောင့် ပြုံးပြနှုတ်ဆက်ရုံလောက်ဖြင့် ကျေနပ်မည့်သူများ မဟုတ်ပေ။ အချို့ဆို လျှင် လနှင့်ချီ၍ပင် သူတို့သိချင်သည်ကို မေးသည် ဆို၏။ သူတို့က ကျွန်မကို ဘာ ပြောရမည်၊ ခေါင်းစဉ်က ဘယ်သို့ဖြစ်မည်စသည့် ဇာတ်ညွှန်း အလျှင်းပေးမထား။ ကြုံလျှင်ကြုံသလို စခန်းသွားရမည်သာဖြစ်သည်။

ကျွန်မ ပထမဦးဆုံးအကြိမ် တစ်ကိုယ်တော် မဲဆွယ်ပွဲသွားရသည်က ဧပြီလတွင်ဖြစ်ပြီး ဒက်စ်မွိုင်နက်စ် အမည်ရှိသည့် လှလှပပအိမ်ကလေးတစ်လုံးတွင်ဖြစ်သည်။ ဒါဇင်အနည်းငယ်လောက်သော ပရိသတ်တို့က အိမ်ကလေး၏ ဧည့်ခန်း၌ နေရာယူထားကြသည်။ တချို့က ဆိုဖာရှည်များပေါ်တွင် ထိုင်နေကြပြီး တချို့က ခေါက်ကုလားထိုင်များနှင့် ထိုင်နေကြသည်။ အချို့ကမူ ကြမ်းပြင်ပေါ်တွင် တင်ပျဉ်ခွေ ချိတ်ကာ ထိုင်နေကြ၏။ ဧည့်ခန်းထဲရောက်သွားချိန် ကျွန်မက စကားမစမီ အိမ်အနေ အထားကို မျက်စိကစားကြည့်လိုက်ရာ ကျွန်မမြင်လိုက်ရသည့်မြင်ကွင်းက အံ့အား သင့်သွားစေလောက်သည် မဟုတ်သော်လည်း အနည်းနှင့်အများ အံ့ဩသွားစေခဲ့ ပါသည်။ စားပွဲများပေါ်တွင် ခင်းထားသည့် တစ်ချောင်းထိုး ဇာစားပွဲခင်းတို့က ကျွန်မအဘွား ရှီးလ်၏အိမ်တွင် တွေ့ခဲ့ဖူးသော အပြင်အဆင်မျိုး ဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။ စင်ကလေးများပေါ်တွင် အလှဆင်ထားသော ကြွေရုပ်ကလေးများမှာလည်း လျူစစ်လမ်းမှ ကျွန်မတို့ အောက်ထပ်တွင်နေသော ရော်ဘီ၏ အပြင်အဆင်အရုပ်ကလေးများအတိုင်းပင် ဖြစ်သည်။ ရှေ့ဆုံးတန်းတွင် ထိုင်နေသော အမျိုးသားကြီးတစ် ဦးက နွေးထွေးသောအပြုံးဖြင့် ကျွန်မအား ကြည့်နေ၏။ ကျွန်မ ရောက်နေသည်က အိုင်အိုဝါ ဖြစ်သော်လည်း ခံစားလိုက်ရသည်က အိမ်သို့ ပြန်ရောက်သွားသကဲ့သို့ပင်။ အိုင်အိုဝါ ပြည်နယ်သားတို့သည် Shieldses နှင့် Robinson တို့ကဲ့သို့ပင် ရိုးသားကြသူများ ဖြစ်သည်။ သူတို့သည် လိမ်ညာလှည့်ဖြားခြင်း မခံလိုကြ။ လေဖြင့်သာ အလုပ်လုပ်ကြ သူများကို အယုံအကြည်မရှိကြ။ မလိုလားအပ်ဟု ယူဆလျှင် မောင်းထုတ်ရန် ဝန်မလေးကြသူများ ဖြစ်သည်။

ကျွန်မ နားလည်လိုက်သည်က ကျွန်မအလုပ်ကိုသာ ကျွန်မ လုပ်ရန်၊ ကျွန်မအကြောင်းသာ ကျွန်မပြောရန် ဖြစ်သည်။ ထို့ကြောင့် -

"ကျွန်မအကြောင်းကို ပြောပြပါရစေ။ ကျွန်မက မစ်ရှယ်လ်အိုဘားမားပါ။ ကျွန်မကို မိဘများက ချီကာဂိုတောင်ပိုင်းဒေသမှာ မွေးဖွားခဲ့ပါတယ်။ ကျွန်မ နေထိုင်ကြီးပြင်းခဲ့ရတဲ့ အိမ်ခန်းကလေးက ခပ်ကျဉ်းကျဉ်းကလေးဖြစ်ပြီးတော့ နှစ်ထပ်အဆောက်အဦရဲ့ အပေါ်ထပ်မှာပါ။ အခု ကျွန်မ ရောက်နေတဲ့အခန်းနဲ့ ခပ်ဆင်ဆင်တူပါတယ်။ ကျွန်မအဖေက မြို့ကို ရေဖြန့်ဝေတဲ့ ရေစက်မောင်းသမား တစ်ယောက်ပါ။ အမေကတော့ ကျွန်မနဲ့ ကျွန်မအစ်ကိုကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အိမ်ရှင်မအလုပ်ပဲ လုပ်ပါတယ်"

အစချီပြီး ကျွန်မအကြောင်းမှန်သမျှကို ပြောပြလိုက်ပါသည်။ ကျွန်မအစ်ကိုအကြောင်း၊ ကျွန်မတို့ကို မိဘများက ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ခဲ့ကြကြောင်း၊ လုပ်ငန်းခွင်မှာ ယခု အိမ်ထောင်ဖက်ဖြစ်လာမည့် ရှေ့နေကလေးနှင့် တွေ့ဆုံခဲ့ကြောင်း၊ သူက ကျွန်မအချစ်ကို သိမ်းပိုက်ရယူခဲ့ကြောင်း၊ သူ့အမြင် သူ့အတွေး၊ သူပြင်ဆင်ချင်သည့် နိုင်ငံအရေး။ ကျွန်မကမူ တက္ကသိုလ်ဆေးရုံတွင် အလုပ်လုပ်နေကြောင်း၊ ယနေ့ဆိုလျှင် ကျွန်မသမီးများကို အမေက ကျောင်းကြိုပေးရန် တာဝန်ယူထားရပါ ကြောင်း စသဖြင့် ပြောပြခဲ့သည်။

နိုင်ငံရေးကိစ္စများနှင့် ပတ်သက်၍ ကျွန်မက ပျားရည်ဆမ်းထားသော စကားတစ်လုံးမျှ မပြောခဲ့ပေ။ အမှန်တကယ်တွင် နိုင်ငံရေးလောက ဆိုသည်မှာ ကောင်းမွန်သောပြည်သူလူထုနှင့် မရောထွေးအပ်သော နေရာဟု ခံယူပါသည်။ ကျွန်မကိုယ်တိုင်က ဘားရက်အား ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် အတိုက်အခံလုပ်ခဲ့ကြောင်း၊ နိုင်ငံရေးဟူသော မီးမောင်းအောက်သို့ ရောက်သွားလျှင် ငြိမ်းချမ်းသော မိသားစု ကလေး ပြိုပျက်သွားမည် စိုးရိမ်ခဲ့ကြောင်း ပြောပြလိုက်ပါသည်။ သို့သော် နောက်ဆုံး တွင် ကျွန်မကိုယ်တိုင်က ခင်ပွန်းသည် လုပ်ဆောင်နိုင်စွမ်း ရှိလိမ့်မည်ဟု ယုံကြည်ပါ သဖြင့် ခွင့်ပြုခဲ့ပါကြောင်း၊ သူ့စာဖတ်အား၊ သူ့အတွေးအခေါ် အတိမ်အနက်တို့ကို လည်း ချင့်ချိန်ခဲ့ပါကြောင်း၊ ခင်ပွန်းသည်သည် တိုင်းပြည်အတွက် လိုအပ်နေသော စမတ်ကျသည့် တိုင်းပြည်ကောင်းကျိုးပြုမည့်သူ ဖြစ်ပါကြောင်း၊ ကျွန်မကိုယ်တိုင်ပင် လျှင် သူ့အရည်အချင်းများကို မိသားစုအတွက် အသုံးပြုရုံမျှသာမက တိုင်းပြည် အတွက် ဝေမျှသုံးစွဲစေချင်သည့် စိတ်ဆန္ဒဖြင့် ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြလိုက်သည်။

နောက်ထပ် ရက်သတ္တပတ်ပေါင်းများစွာပင် Davenport, Cedar Rapids, Council Bluffs, Sioux City, Marshall Town, Muscatine အစရှိသည့် မြို့များ၏ စာအုပ်တိုက်ကြီးများ၊ ခန်းမကြီးများ၊ အိမ်များ၊ စစ်မှုထမ်းဟောင်း သက်ကြီးရွယ်အိုဂေဟာ များ၌ ဟောပြောစည်းရုံးခဲ့သည်။ ရာသီဥတုအခြေအနေ

ကောင်းသည့်အခါများ၌ ပန်းခြံများတွင် ဟောပြောရသည်များလည်း ရှိခဲ့၏။ ကိုယ့်အကြောင်းကိုယ်ပြော နေရခြင်းဖြစ်၍ စိတ်လည်း ငြိမ်သည်၊ ပြောရသည်ကိုလည်း သဘောကျလာသည်။ သက်သက်သာသာ၊ အခက်အခဲမရှိ ပြောနိုင်လာသည်။ ကျွန်မပြောနေသည်ကို နားထောင်နေကြသူများထဲတွင် အသားအရောင် မတူသူများလည်း ပါသည်။ တစ်ချိန်က စိတ်ကူးအိပ်မက်မက်ခဲ့သော စာပို့သမားကြီး ဒယ်နီကဲ့သို့သော သူတွေလည်း ပါနိုင်ပါသည်။ စန္ဒရားဆရာမ ရော်ဘီကဲ့သို့သော ပုဂ္ဂိုလ်များ၊ မိသားစုအလုပ်ကိုသာ လုပ်ကိုင်ကြသည့် ကျွန်မအမေကဲ့သို့သောသူများ၊ ကျွန်မအဖေကဲ့သို့ မိသားစုအတွက် ဆိုလျှင် ဘာမဆိုလုပ်မည်ဟု ခံယူထားသော ပညာတတ်လူတန်းစားများလည်း ပါဝင်နိုင်ပါသည်။ ပြောဖန်များလာသောအခါ မှတ်စုထုတ်ကာ လေ့ကျင့်ရန်ပင် မလိုတော့ပေ။ ကျွန်မ ခံစားရသည်ကို ပြန်ပြောရခြင်းဖြစ်၍ ဖြစ်ပါသည်။

သတင်းထောက်အချို့နှင့် အပေါင်းအသင်းများကလည်း မေးကြသည်။ အရပ် ငါးပေ၊ တစ်ဆယ့်တစ်လက်မမြင့်သည့် ပညာတတ် လူမည်းအမျိုးသမီးတစ်ယောက်က ခန်းမအပြည့်ရှိသော လူထုပရိသတ်ကို မည်သို့ထိန်းထားနိုင်သနည်း ဟူသည့် မေးခွန်းပင် ဖြစ်ပါသည်။ အထူးသဖြင့် လူဖြူအများစုပါဝင်သော အိုင်အိုဝါ ပြည်နယ်သားတို့ ဖြစ်သည်။ သူတို့အမြင်တွင် အတော်ထူးဆန်းနေပုံရ၏။

ကျွန်မကမူ မေးခွန်းများကို မကြိုက်ပါ။ မေးခွန်းမေးသူများသည် ရက်ကိုး ရက်ကန်းနှင့် မေးလေ့ရှိပြီး နိုင်ငံရေးနှင့်ပတ်သက်၍ မေးရသည်ကိုပင် သူတို့အတွက် ဝန်လေးနေသကဲ့သို့ ဖြစ်နေသည်။ ထို့ပြင် ရွေးကောက်ပွဲကို ပြိုင်ပွဲတစ်ရပ်ကဲ့သို့ မြင်နေကြခြင်းမှာလည်း မသင့်ဟု ထင်သည်။ ကျွန်မအမြင်တွင် ရွေးကောက်ပွဲသည် ထိုသူတို့၏ အရည်အချင်းကို ချိန်ထိုးကာ ပြည်သူတို့က ရွေးချယ်ပေးရခြင်းဖြစ်သည်ဟု မြင်ပါသည်။ အနက်ရောင်နှင့် ရွှေရောင်စပ်ထားသည့် အကျႌဝတ်ဆင်ကာ၊ ရင်ဘတ် ပေါ်တွင် ပြောင်းဖူးအမှတ်တံဆိပ်ရေးထိုးထားသူမှာ ဟားဗတ်တက္ကသိုလ်မှ ဥပဒေဘွဲ့ရ ဘားရက် ဆိုသည့် ပုဂ္ဂိုလ်ဖြစ်ပြီး ထိုသူမှာ အိမ်သို့ပြန်လာလျှင် ရေခဲမုန့် သကြားပါသော ကွတ်ကီတို့ မိသားစုအတွက် ဝယ်လာတတ်သူဖြစ်သည်။ မိသားစုအကြောင်း ပြောပြပြီးလျှင် ပရိသတ်အချို့က ကျွန်မအား လာရောက်တွေ့ဆုံကာ သူတို့ အဘိုး အဘွားများလည်း ထိုကဲ့သို့ ဝယ်လာတတ်ကြောင်း ဝမ်းသာအားရ ပြောတတ်ကြသည်။ အများစုက သူတို့သည် နိုင်ငံရေးမဲဆွယ်ပွဲများသို့ တက်ရောက် နားမထောင်ဖူး ကြောင်း၊ သို့သော် ယခု ကျွန်မပြောသည်ကို နားထောင်ပြီးသည်နောက် နိုင်ငံရေး သည် လေ့လာသင့်သည့်အရာဟု သဘောပေါက်သွားကြောင်း ဆိုကြသည်။ အချို့က ဆိုလျှင် သူတို့ကိုယ်တိုင် ဘားရက်အတွက်

စေတနာ့ဝန်ထမ်းလုပ်အားပေးကြမည်ဖြစ် ကြောင်း၊ သူတို့မြို့တွင် ရုံးခန်းများ ဖွင့်မည်ဖြစ်ကြောင်း၊ နောက်တစ်ကြိမ် ကျွန်မ လာဦးမည်ဆိုပါက အိမ်နီးချင်းလင်မယားတို့ကိုပါ ခေါ်ဆောင်လာမည်ဟု ဆိုကြသည်။

စေတနာမှန်သောအကျိုးပေးဟု ထင်သည်။ သူတို့က လှိုက်လှဲစွာ ပွေ့ဖက် နှုတ်ဆက်ကြသောအခါ ကျွန်မလည်း တင်းတင်းကျပ်ကျပ် ပွေ့ဖက်ကာ နှုတ်ဆက်မိပါသည်။

※

အချိန်ကာလအားဖြင့် သမီးကြီး မလီယာအား ဆရာဝန်နှင့် ပြန်လည်ပြသရ မည့်အချိန် ရောက်လာသည်။ ကျွန်မက ကလေးများအား သုံးလ သို့မဟုတ် ခြောက် လတစ်ကြိမ် ဆရာဝန်နှင့် ပြန်လည်စစ်ဆေးလေ့ရှိသည်။ မလီယာက ကလေးကတည်း က ပန်းနာရင်ကျပ်ပါလာခဲ့သူဖြစ်၍ ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးစွဲတိုက်ခဲ့ရာ ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ သို့သော် ဆရာဝန်က ကျွန်မကို အသိပေးနှိုးဆော်လိုက် သည်မှာ ကြီးကောင်ဝင်စ,ပြုလာပြီဖြစ်သည့် သူ့ခန္ဓာကိုယ် အချိုးအစား၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ အသက်အရ ပြောကြားခြင်းဖြစ်သည်။ သို့သော် ထိုကိစ္စမှာ အခက်အခဲတစ်ခု မဟုတ်ဟု ဆရာဝန်က ဆိုသည်။ သို့သော် မွေးကင်းစမှ ပါလာသော ပန်းနာရင်ကျပ်ကို ဖိဖိစီးစီးကုသမှ ဖြစ်တော့မည်။ အကယ်၍ သူ့အပြုအမူ၊ အနေ အထိုင်တို့ကို မပြင်ပါက ရောဂါမှာ အသက်အရွယ်ရလာသည်အထိ ပြဿနာဖြစ်လိမ့် မည်ဟု ဆိုသည်။ ကလေးဘဝတွင် အဝ,လွန်ခဲ့ခြင်းကြောင့် လူကြီးဖြစ်လာချိန်တွင် ကျန်းမာ ရေးမကောင်းသော ပြဿနာမှာလည်း တစ်နိုင်ငံလုံးတွင် ပေါ်ပေါက်နေသည်။ သူ့အတွေ့အကြုံအရ အဖြစ်များသူများမှာလည်း လက်လုပ်လက်စား လူတန်း စားဖြစ်သည့် အာဖရိကန်-အမေရိကန်များ ဖြစ်သည်ဟု ဆို၏။

ထိုသတင်းက မှန်ပြတင်းပေါက်ကို ခဲနှင့် ပေါက်ခွဲလိုက်သကဲ့သို့ ဖြစ်သွားသည်။ ကျွန်မဘဝတွင် သမီးများ ကျန်းမာပျော်ရွှင်စေရေးကို အထူးအလေးထား ဆောင်ရွက်ခဲ့သည်။ ကျွန်မ ဘာအမှား လုပ်ခဲ့မိသလဲ။ သမီး၏ပြောင်းလဲလာမှုကို သတိမထားမိလောက်သည်မှာ ဘယ်လိုအမေမျိုးပေလဲ။ သမီးမှာ ပြောင်းလဲမှုတွေ စတင်နေပြီဆိုတာကိုတောင် မသိခဲ့ပါလား။

ဆရာဝန်နှင့် ဆက်ဆွေးနွေးကြည့်ရာ သမီးရောက်ရှိနေသော အခြေအနေ မှန်ကို သိလာရသည်။ ဘားရက်က အိမ်ကို မကပ်နိုင်တဲ့သူ။ ထို့ကြောင့် မိသားစု သာရေးနာရေးတာဝန်အားလုံးမှာ ကျွန်မတာဝန်သာဖြစ်သည်။ ကျွန်မတို့မှာ အစား အသောက်ကအစ အပြင်တွင်သာ ထွက်စားနေရသည်က များသည်။ ချက်ပြုတ်ချိန်

မရှိသဖြင့် အလုပ်မှအပြန် ဆိုင်တစ်ဆိုင်ကို လှမ်းမှာထားလိုက်ပြီး အိမ်ပြန်ချိန်၌ ဝင်ယူလိုက်သည်။ မနက်ပိုင်းတွင် သမီးတို့ လန့်ချ်ဘောက်စ်ထဲသို့ စားသောက်ဖွယ်ရာ အချို့နှင့် အချိုရည်ဘူးတို့ ထည့်ပေးလိုက်သည်။ ကျောင်းပိတ်ရက်များ၌ ဘဲလေးအက သွားကြည့်ပြီးအပြန် သို့မဟုတ် ဘောလုံးပွဲကြည့်ပြီးအပြန် လမ်းတွင် မက်ဒေါ်နယ်လ် ဆိုင်၌ ဝင်စားလိုက်ကြသည်သာ။ ဆရာဝန်က ယင်းကဲ့သို့ အပြင်စာကို တစ်ခါတစ်ရံ တွင် စားသောက်ခြင်းမှာ ပြဿနာမရှိသော်လည်း နိစ္စဓူဝ ပြုကျင့်လာသည့်အခါ ပြဿနာရှိလာသည်ဟု ဆိုသည်။

စားသောက်မှုပုံစံ ပြောင်းလဲရမည်ဆိုသောအခါ ကျွန်မမှာ မည်သို့ဆောင် ရွက်ရမည်မှန်း မသိတော့ပေ။ ပြဿနာတိုင်းအတွက် ဖြေရှင်းရန်ဆိုသည်မှာ အချိန်လို ပါသည်။ ချက်ပြုတ်ရန်အတွက် ကုန်စိမ်းများကို သွားဝယ်ရမည်။ မီးဖိုခန်းထဲ၌ ချက်ပြုတ်ရမည်။ ချက်ပြုတ်ရန် အသီးအနှံများကိုခြွေတန်ခြွေ၊ လှီးတန်လှီး၊ ကြက်သား ဆိုလျှင်လည်း အရေဆုတ် လုပ်ဆောင်ရန် များလှသည်။ ကျွန်မအတွက် အချိန်ရှားပါး နေချိန်၌ပင် အချိန်ပေးရမည့် ပြဿနာက ပေါ်လာခြင်းဖြစ်တော့သည်။

လေယာဉ်တစ်စင်းပေါ်တွင် ဆုံခဲ့ဖူးသော မိတ်ဆွေဟောင်းတစ်ယောက်က ပြောခဲ့သည်ကို သတိရလိုက်မိသည်။ သူတို့ဇနီးမောင်နှံအတွက် ကျန်းမာရေးနှင့်ပြည့် စုံသော အစားအသောက်များ စီစဉ်ချက်ပြုတ်ပေးရန် ဆမ်ကာ့စ်အမည်ရှိ စားဖိုမှူး တစ်ဦး ငှားလိုက်သည် ဆို၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ယင်းစားဖိုမှူး ဆမ်ကို ဘားရက်နှင့်ကျွန်မက အခြားမိတ်ဆွေဇနီးမောင်နှံနှင့် ပတ်သက်ပြီး သိကျွမ်းခဲ့ဖူး၏။

ကျွန်မဘဝတွင် မည်သည့်အခါကမျှ ကျွန်မတို့မိသားစု စားသုံးရန်အတွက် အခြားသူစိမ်း တစ်ယောက်က လာရောက်ချက်ပြုတ်ကျွေးရမည်ဟု မမျှော်လင့်ခဲ့ဖူးပါ။ ထိုသို့သောကိစ္စမျိုးသည် အရင်းရှင်လူတန်းစား ဘူဇွာများသာ ကျင့်သုံးကြသည်ဟု ကျွန်မတို့ဆွေမျိုးများ၊တောင်ပိုင်းသားများက ခံယူကြပါသည်။ ဘားရက်ကမူ ထိုကဲ့ သို့ အယူမရှိ။ မည်သူချက်သည်ဖြစ်စေ သူ့စည်းရုံးရေးကိစ္စအပြင် ဘာကိုမျှ စိတ်မဝင် စားအားပေ။ သို့သော် အိမ်ရှင်မဖြစ်သော ကျွန်မမှာ သူကဲ့သို့ ရှောင်လွှဲ၍မရပေ။ သမီးကျန်းမာရေးကိစ္စကလည်းဖြစ်ပြန်၊ ကိုယ်တိုင်ကလည်း မချက်နိုင်။ ကျွန်မတစ်ခု လိုချင်လျှင် တစ်ခုကို စွန့်လွှတ်ရပေမည်။ ဆေးရုံမှ ကျွန်မနှင့်ပတ်သက်သည့်ကိစ္စများ မှာလည်း မည်သူမျှ အစားမဝင်နိုင်ကြ။ အိုဘားမား၏ ဇနီးသည်အဖြစ် စည်းရုံးရေး ဆင်းရမည့်ကိစ္စတွင်လည်း အစားထိုးမရ။ ထို့ပြင် အိပ်ရာဝင်ချိန်၌လည်း သမီးတို့ အတွက် အမေအနေဖြင့် မည်သူ့ကိုမျှ လက်မခံကြ။ သို့ဖြင့် ဆမ်အနေနှင့် ကျွန်မတို့ အတွက် တစ်ခါတစ်ရံ ညစာများ ချက်ပေးနိုင်မည်လားဟု စီစဉ်ကြည့်ရတော့သည်။

ဆမ်ကို ကျွန်မတို့အိမ်သို့ ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်မျှ လာရောက်နိုင်မည်လားဟု စီစဉ်ကြည့်သည်။ သူ လာချက်သည့်ည၊ ညစာနှင့် ကျန်အစားအသောက် များကို ရေခဲသေတ္တာ၌ သိမ်းထားပြီး နောက်တစ်ည စားကြရန် ဖြစ်သည်။ သူသည် အိုဘားမားမိသားစုအတွက် လူစိမ်းသက်သက်သာဖြစ်သည့် ခေါင်းတုံးပြောင်ပြောင် လူဖြူတစ်ယောက်သာ ဖြစ်သော်လည်း သူ့ပြက်လုံးများက တစ်ခဏအတွင်း ရင်းနှီး သွားစေပြီး သမီးတို့က သူ ဟင်းချက်သည့်အနားသို့ပါ ရောက်သွားကြတော့သည်။ သူက သမီးတို့အား မုန်လာဥနီလှီးနည်းကအစ၊ အသားစဉ်းနည်း စသည့် ဟင်းချက် နည်းများ ပြသပေးမှုကြောင့် ကျွန်မတို့မှာ အလှအပ ပစ္စည်းများရောင်းသည့် ကုန်တိုက်ကြီးများသို့ မဟုတ်တော့ဘဲ အသားငါး၊ အသီးအရွက်ရောင်းသည့် ကုန်တိုက်များဆီသို့ ခြေဦးလှည့်ကြတော့သည်။ ရာသီအလိုက် ပေါ်ဦးပေါ်ဖျား အသီးအရွက်များ စားတတ်လာကြသည်။ သူကလည်း ပေါ်ဦးပေါ်ဖျားများအကြောင်းကို သတင်းပေးပါသည်။ သူက အသီးအနှံဆိုလျှင် ပေါ်ဦးပေါ်ဖျားဆိုသည်ထက် ရင့်မှည့်သည်အထိ စောင့်ပြီးမှ သမီးတို့အား ကျွေးတတ်၏။ ရင့်မှည့်သောအသီးများ စားခြင်းက စားနေကျ အချိုများ ထက် ပိုကောင်းကြောင်း ကလေးများကလည်း သိလာကြသည်။ ဆမ်က အစားအသောက်နှင့် ပတ်သက်လာလျှင် အချက်အပြုတ်သာမက အစားအသောက်တို့၏ အကျိုးအပြစ်ကိုလည်း နားလည်သူ ဖြစ်သည်။ ဈေးကွက်အတွင်း၌ ရောင်းချနေသော စည်သွတ်ဘူးများက ပြည်သူတို့၏ ကျန်းမာရေးကို မည်သို့ထိခိုက်စေနိုင်ကြောင်း သူ ရှင်းပြသည်။ သူပြောသည့် အချက်အလက်များနှင့် ဆေးရုံ၌ ကျွန်မ ကြုံတွေ့နေရသော ကိစ္စတချို့ကို ချိန်ထိုးကြည့်ရာ၌လည်း သူပြောသည်မှာ မှန်သည်ဟု လက်ခံနိုင် ခဲ့သည်။

တစ်ညနေတွင် ဆမ်နှင့်ကျွန်မ မီးဖိုဆောင်၌ နှစ်နာရီမျှ စကားပြောဖြစ်ခဲ့ကြသည်။ ပြောဖြစ်ကြသည့်အကြောင်းအရာမှာ အကယ်၍ ဘားရက် ရွေးကောက်ပွဲတွင် အနိုင်ရပြီး သမ္မတဖြစ်သွားပါက ကျွန်မသည် သမ္မတကတော်ဖြစ်၍ အချို့သော တာဝန်များကိုပါ ဝင်ထမ်းဆောင်ရလိမ့်မည်ဆိုသော အကြောင်းဖြစ်၏။ အကြောင်းအရာများကလည်း တစ်ခုပြီးတစ်ခု ပေါ်လာသည်။ အိမ်ဖြူတော်ဝင်းအတွင်း၌ အသီးအရွက်ပင်များ စိုက်ကာ သမ္မတကြီးအား လတ်ဆတ်သောအစာများ ကျွေးကြမည်။ သို့မှသာ ကလေးများလည်း ကျန်းမာမည် စသဖြင့် ဖြစ်၏။

ကျွန်မတို့ စကားကောင်းနေသည်နှင့် အတော်နောက်ကျသွားသည်။ ကျွန်မ ဆမ်ကိုကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်မိသည်။ "ပြဿနာက ကျွန်မတို့ သမ္မတလောင်းက မဲသုံးဆယ်ကျော် နောက်မှာ ပြတ်ကျန်နေတယ် ဆမ်ရေ့။ ကျွန်မ ကတော့ နိုင်မယ်မထင်ပါဘူး"ဟု ပြောလိုက်သည်။

ကျွန်မတို့ စိတ်ကူးယဉ်အိပ်မက် မက်နေကြခြင်းသာ ဖြစ်သည်။ သို့သော် ထိုအိပ်မက်ကို ကျွန်မ ကြိုက်သည်။

※

မဲဆွယ်စည်းရုံးရေး ဆင်းရမည့်အချိန် ရောက်လာပြန်တော့လည်း သံသရာလည်ရပြန်သည်။ ကျွန်မက ရိုးရှင်းစွာ တည်တည်ငြိမ်ငြိမ် ပြောကြားခြင်းတွင် အသား ကျနေသည်။ သမီးများအတွက်သာမက ကျွန်မအတွက်မှာလည်း တည်ငြိမ်နေ၏။ ကျွန်မ ဘလက်ဘယ်ရီနှစ်ပုလင်း ဝယ်ယူလိုက်သည်။ တစ်ပုလင်းမှာ ကျွန်မရုံးမှ မိတ် ဆွေများအတွက်ဖြစ်ပြီး ကျန်တစ်ပုလင်းမှာ ကျွန်မကိုယ်ရေးကိုယ်တာဟု ဆိုရပါ မည်။ ကိုယ်ရေးကိုယ်တာ ပတ်သက်ခဲ့ဖူးသည့်အပြင် နိုင်ငံရေးနှင့်ပတ်သက်၍လည်း ကျေးဇူးရှိနေသူ ဖြစ်၏။ နေ့စဉ်နှင့်အမျှ ဘားရက်နှင့်ကျွန်မ ဖုန်းပြောကြသည် ဆိုသော်လည်း အခြားစကားမပါ၊ လက်ရှိ ပေါ်ပေါက်နေသော သတင်းများအကြောင်း သာ ဖြစ်၏။ “မစ်ချ်.... မင်း ဘယ်ရောက်နေလဲ၊ အခြေအနေ ဘယ်လိုလဲ၊ ကလေး တွေ နေကောင်းကြရဲ့လား” စသဖြင့်သာ ဖြစ်သည်။ လိုတိုရှင်းသာပြောကြသည်။ နှစ်ယောက်စလုံးက ယခုအချိန်တွင် ပင်ပန်းသည့်ကိစ္စများ၊ ကိုယ်ရေးကိုယ်တာများ မပြောမိကြတော့ပေ။ ပြောရန်အကြောင်းလည်း မရှိ၊ အချိန်လည်း မပေးနိုင်ကြပေ။ ဘဝဆိုသည်မှာ စက္ကန့်လက်တံ ရွေ့သည်နှင့်အမျှ အချိန်ကုန်ဆုံးနေသည်။

လုပ်ငန်းခွင်ကိုလည်း မလစ်ဟင်းအောင် ဆောင်ရွက်ရသည်။ တက္ကသိုလ် ဆေးရုံတွင် ရှိနေကြသော ကျွန်မဝန်ထမ်းများကို ကျွန်မစီးနေသော တိုယိုတာကိုရိုလာ ကား၏ နောက်ခန်းတွင် ထိုင်လျက်လိုက်ပါရင်း ဆက်သွယ်မေးမြန်းရသည်။ ယင်း တိုယိုတာ ကိုရိုလာကားမှာ မနုသဗေဒ သင်ယူလေ့လာနေသော ကျောင်းသားတစ်ဦး က အိုင်အိုဝါတွင် စည်းရုံးလှုံ့ဆော်ရေးလုပ်ဆောင်စဉ် လိုရာသုံးရန် ပေးထားခြင်းဖြစ်၏။ စပရင်းဖီးလ်တွင် ဘားရက်၏ ကြေညာချက်ထုတ်ပြန်ပြီးနောက် လပေါင်း အတန်ကြာသောအခါ ကျွန်မမိတ်ဆွေများ၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုဖြင့် ကျွန်မ အချိန်ပိုင်းသာ အလုပ်လုပ်တော့ရန် ဆုံးဖြတ်လိုက်ရသည်။ သို့မှသာ ပြေလည်မည်ဖြစ်ပါ တော့သည်။ ရက်သတ္တတစ်ပတ်လျှင် နှစ်ရက်သုံးရက်မှာ ကျွန်မက လမ်းပေါ်ရောက်နေ၏။ မလီဆာ၊ ကေတီနှင့် ကျွန်မတို့သုံးယောက်အဖွဲ့ ဖြစ်သည်။ သုံးယောက်သား မှာ မိသားစုသဖွယ်ဖြစ်နေကြသည်။ မနက်တိုင်း လေဆိပ်တွင် ဆုံကြကာ လုံခြုံရေး စစ်ဆေးမှု ခံယူကြရသည်။ လေဆိပ်မှ လုံခြုံရေးတာဝန်ကျသူ အတော်များများပင် ကျွန်မနာမည်ကို မှတ်မိနေကြပြီဖြစ်၏။ ကျွန်မကို မှတ်မိနေကြသူများထဲတွင် အာဖ ရိကန်- အမေရိကန် အမျိုးသမီးအများစု ဖြစ်သည်။ ကျွန်မကို မြင်လိုက်လျှင် သူတို့က “မစ်ရှယ်...မစ်ရှယ်” ဟု

အောင်ခေါ်ကြတော့၏။

အပြောင်းအလဲတစ်ခု စတင်ကြုံလာရသည်။ ပထမပိုင်းတွင် ဖြည်းဖြည်းချင်း သာ ပြောင်းလဲနေ၍ မသိသာခဲ့။ တစ်ခါတစ်ရံတွင် ကျွန်မသည် လေထဲတွင် လွင့်မျောနေသကဲ့သို့ ခံစားရ၏။ ကျွန်မအား သိသကဲ့သို့ လက်ငှေ့ယမ်းကာ နှုတ်ဆက်နေကြသူ အများအပြားကို ကျွန်မကလည်း ပြန်လည်နှုတ်ဆက်နေမိသည်။ လေယာဉ် ကြီးတစ်စင်းက ကျွန်မကို သာမန်ကမ္ဘာကြီးမှ အခြားတစ်နေရာသို့ ခေါ်ဆောင်သွား နေသည်ဟု ခံစားလာရသည်။

ကျွန်မသည် လူသိများလာခဲ့ပြီ။ ကျွန်မကို သိကြခြင်းမှာလည်း နိုင်ငံရေးလုပ်နေသူတစ်ယောက်၏ ဇနီးအဖြစ် သိကြခြင်းပင် ဖြစ်ပါသည်။ တစ်ဆင့်ခံ အသိခံရခြင်းဖြစ်၍ အနည်းငယ် အောင့်သက်သက် ဖြစ်ရပါသည်။

မဲဆွယ်စည်းရုံးရေး လုပ်ငန်းကို ကျွန်မ တစိုက်မတ်မတ်လုပ်ဆောင်ပေးရာတွင် လူအမျိုးမျိုးနှင့်လည်း ကြုံရပါသည်။ ကျွန်မဘဝက မုန်တိုင်းအတွင်း တည့်တည့် ဝင် တိုးနေသူတစ်ဦးနှင့်ပင် တူသေးတော့သည်။ တချို့က စိတ်ဝင်တစားနှင့် ကျွန်မ လက်အား ဆွဲကိုင်နှုတ်ဆက်သူများရှိသကဲ့သို့ တချို့ကလည်း ဆံပင်ကိုပင် ထိတွေ့ကိုင် တွယ်ကြသည်။ တချို့က လက်ဆွဲနှုတ်ဆက်ရင်း ဘောလ်ပဲန်နှင့် လက်ကိုထိုးသူ၊ မပြောမဆို ကလေးများအား ရင်ခွင်ထဲသို့ ထိုးသွင်းလိုက်သူများ စသဖြင့် အမျိုးစုံကြုံ တွေ့ရပါသည်။ မည်သည့်အခြေအနေနှင့် ကြုံစေကာမူ ကျွန်မက ပြုံးနေရသည်သာ။ လက်ဆွဲနှုတ်ဆက်၊ သူတို့ ပြောသည်များကိုလည်း နားထောင်ရင်း လုပ်ဆောင်ရန် သတ်မှတ်ထားသည်များကို အပြီးလုပ်နိုင်ရန် အချိန်ကိုလည်း သတိထားရပါသေးသည်။ အချိန်မရွေး ကျွန်မပါးပြင်ထက်၌ သူများ၏ နှုတ်ခမ်းနီများ ပေစွန်းလာနိုင် သကဲ့သို့ ဘလောက်စ်အင်္ကျီတွင်လည်း လက်ရာများ ပေစွန်းလာနိုင်ပါသည်။ ဆွေးနွေး ပွဲပြီးတိုင်း ကျန်ရစ်ခဲ့သည့် ကျွန်မအခြေအနေမှာ မုန်တိုင်းဒဏ်ခံပြီးစ သူတစ်ယောက် နှင့်ပင် တူနေသေးတော့၏။

ထိုကိစ္စများကို စဉ်းစားရန် ကျွန်မမှာ အချိန်များများ မရှိပေ။ ဘားရက် အိုဘားမား၏ဇနီးအဖြစ် တစ်စထက်တစ်စ ထင်ပေါ်ကျော်ကြားလာခဲ့သော်လည်း တစ်ဖက်မှ ကျွန်မကိုယ်ပိုင်ပုံရိပ်တို့မှာ ပျောက်ကွယ်စ,ပြုလာသည်။ သတင်းထောက်များနှင့် စကားပြောသည့်အခါတိုင်း သူတို့က ကျွန်မ ဘာအလုပ် လုပ်သည်ဆိုသည်ကို မေးခဲလှသည်။ ကျွန်မအကြောင်း ရေးသားရာ၌ “ဟားဗတ်တက္ကသိုလ်ကျောင်းဆင်း” ဆိုသည့် ဂုဏ်ပုဒ်ကိုသာ အသားပေးဖော်ပြကြ၏။ သို့သော် အများအားဖြင့် ထိုအချက် ကိုပင်လျှင် ချန်ရစ်ခဲ့ကြသည်များလည်း ရှိ၏။ သတင်းဌာနနှစ်ခုကဆိုလျှင် ကျွန်မ

ရာထူးတိုးခြင်းမှာ လုပ်ငန်းခွင်တွင် ကြိုးစားလုပ်ကိုင်မှုကြောင့်မဟုတ်ဘဲ ပေါ်ပင်ရေပန်းစားနေသော နိုင်ငံရေးအခြေအနေကြောင့်သာ ဖြစ်သည်ဟု ရေးသားခဲ့ကြရာ ကျွန်မမှာ အတော်ပင် ရင်နာရပါသည်။ ဧပြီလ၏ တစ်ခုသောရက်တွင် မလီဆာက ကျွန်မအား ဖုန်းဆက်သွယ်ကာ New York Times သတင်းစာကြီးမှ မော်ရင်းဒရောက် ရေးသားထားသည်ကို ဖတ်ကြည့်ရန် အကြောင်းကြားလာသည်။ သူက ကျွန်မအား "ချီကာဂိုတောင်ပိုင်းမှ မင်းသမီးလေး"ဟု တင်စားလိုက်သည်။ သူက ကျွန်မပြောကြားချက်များတွင် ဘားရက်အား ကိုယ်တိုင်ခြေအိတ်ဝတ်သူ၊ မနက်စာ စားပြီးချိန်တိုင်း ထောပတ်ဘူးကို ရေခဲသေတ္တာထဲ ပြန်ထည့်တတ်သူဟု အမွှမ်းတင်တတ်ကြောင်း၊ ထို့ကြောင့် ကျွန်မသည် မဟာဖိုဝါဒကို ယုံကြည်လွန်းသူဖြစ်ကြောင်း ပြောကြားထားပါသည်။ ကျွန်မဘက်ကကြည့်လျှင် ဘားရက်ကို လူအများအမြင်တွင် သာမန်လူများထဲက လူတစ်ယောက်အဖြစ် မြင်စေချင်ပါသည်။ ဘားရက်သည် အခြားသော ယောကျ်ားများကဲ့သို့ စိတ်ကြီးဝင်မှု မရှိပါ။ ဆောင်းပါးရေးသူ မော်ရင်းကိုယ်တိုင် လည်း ထိုကဲ့သို့သော ယောကျ်ားမျိုးကို သဘောကျပေလိမ့်မည်။ ကျွန်မက ခင်ပွန်းသည်ကို ဟန်ဆောင်အပြုံးဖြစ်စေဦးတော့ ပြုံးကြည့်နေသည်ကို သူ သဘောကျပေမည်။ ဘာမဟုတ်သည့်ကိစ္စကို မော်ရင်းကဲ့သို့သော အတတ်ပညာရှင်တစ်ဦးက စာတစ်တန်ပေတစ်ဖွဲ့ ရေးနေသည်ကိုလည်း အံ့သြမိပါသည်။ ကျွန်မသည် မည်ကဲ့သို့သော အမျိုးသမီးဖြစ်သည်ကို သိရန် မကြိုးစားဘဲ အဝေဖန်စောသည်ဟု မြင်မိ၏။

ဤကိစ္စကို ကျွန်မက ဘာမျှ ဂရုစိုက်ရန်မလိုသောကိစ္စအဖြစ် ထားလိုက်ပါသည်။ သို့သော် တစ်ခါတစ်ရံတွင် ထိုကဲ့သို့သော အသေးအဖွဲကိစ္စများက ကသိကအောက် ဖြစ်စေသည်ကတော့ အမှန်ပင်။

ထိုသို့ မဲဆွယ်ပွဲကျင်းပလေတိုင်း သတင်းစာများကလည်း ဆောင်းပါးများ နှင့်တကွ ဖော်ပြတတ်ကြရာ အများအားဖြင့် အကောင်းမြင်ရေးကြသည်သာ များပါသည်။ ဘားရက် ပိုမိုထင်ပေါ်လာသကဲ့သို့ ပိုမိုတိုက်ခိုက်ရန်လည်း ဖြစ်လာသည်။ ရှူးနှမ်းနှမ်းကောလာဟလတချို့ ထွက်လာသည်က ဘားရက်သည် မွတ်စလင်မိဘမဲ့ ကလေးများကျောင်းတွင် ပညာသင်ကြားခဲ့သူဖြစ်ကြောင်း၊ အကယ်၍ သမ္မတအဖြစ် ရွေးချယ်ခံရပါက ကျမ်းကျိန်ရာတွင် ကိုရ်အန်စာအုပ်ကိုကိုင်ကာ ကျမ်းကျိန်လိမ့်မည် ဟု ဆိုသည်။ အစဉ်အလာအတိုင်း ရှေ့မှ သမ္မတများ ကိုင်ကာ ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသော ကျမ်းစာအုပ်ကို ကိုင်မည်မဟုတ်ဟု ဆိုသကဲ့သို့ နိုင်ငံတော်သီချင်း တီးခတ်နေစဉ် ဘားရက်သည် သူ့နှလုံးသားပေါ်သို့သာ လက်တင်ထားလိမ့်မည်ဟုလည်း ဆိုကြသည်။ ဘားရက်၏ မိတ်ဆွေတချို့မှာ ၁၉၇၀ ခုနှစ်များအတွင်းက အကြမ်းဖက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသူများတွင် ပါဝင်သည်ဟုလည်း ဆိုသည်။

လုပ်ကြံလွှင့်ထုတ် နေသော သတင်းလိမ်၊ သတင်းမှားတို့မှာ အခြေအမြစ်ရှိသောနေရာများမှ ထွက်ပေါ်လာသည်သာ ဖြစ်သည်။ သို့သော် ခြေခြေမြစ်မြစ်လိုက်စုံစမ်းပါက ခြေရာပျောက်သွား သော အီးမေးလ်များမှသာ ဖြစ်သည်ကို တွေ့ရ၏။

ဘားရက်၏ လုံခြုံရေးဆိုသည်မှာ ကျွန်မ မတွေးဝံ့သောကိစ္စပင် ဖြစ်သည်။ ညစဉ်ညတိုင်း ထုတ်လွှင့်နေသော သတင်းများ၌လည်း လုပ်ကြံမည်ဟု သတင်းရကြောင်း ကြားရသည်။ ကနေဒီညီအစ်ကိုတို့ လုပ်ကြံခံခဲ့ရသည်။ မာတင်လူသာကင်းဂျူနီယာလည်း ပစ်သတ်ခံခဲ့ရသည်။ ရော်နယ်ရီဂင်ကို ပစ်ခတ်ခဲ့ကြသည်။ ဂျွန်လင်နွန်ကို ပစ်သတ်ခဲ့ကြသည်။ လူသိများလာလေ အန္တရာယ်က နီးကပ်လာလေ ဖြစ်၏။ ထို့ပြင် ဘားရက်က လူမည်းတစ်ဦး ဖြစ်နေပြန်သည်။ သူသည် ပစ်ကွင်းတစ်ခုဖြစ်လာခြင်းမှာ မဆန်းတော့ပေ။ သူ့လူများက စိုးရိမ်ကြောင်း ပြောကြားလာကြတိုင်း ကျွန်မက သူ ခါတ်ဆီဆိုင်သို့ အသွားတွင် လုပ်ကြံခံရနိုင်ဖွယ်ရှိသည်ဟု အတွေးရောက် မိ၏။

မေလဆန်းပိုင်းအရောက်တွင် ဘားရက်အား လျှို့ဝှက်ရဲများဖြင့် လုံခြုံရေး ကာကွယ်ပေးလာကြသည်။ ထိုသို့ အကာအကွယ်ပေးခြင်းမှာ သမိုင်းတွင် အစောဆုံးသော အကာအကွယ်ပေးမှုဟု ဆိုရပေမည်။ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းမခံရမီ တစ်နှစ်ခွဲအလိုတွင် စတင်ကာကွယ်စောင့်ရှောက်ပေးခြင်း ကြောင့်ဖြစ်သည်။ ခြိမ်းခြောက်မှုများ များလွန်းသောကြောင့်လည်း ဖြစ်မည်ဟု ထင်ပါသည်။ ဘားရက် ယခု ခရီးသွားလျှင် အစိုးရက ပေးထားသော အနက်ရောင် SUV ကားနှင့် သွားရပြီး သူနှင့်အတူ တူညီဝတ်စုံဝတ်ဆင်ပြီး နားကြပ်များ တပ်ဆင်ထားကြသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သူလိုက်ပါသည့် ကားပေါ်တွင် ပါသွားကြသည်။ သူအိမ်၌ ရှိနေလျှင်လည်း လုံခြုံရေးတစ်ဦးက အိမ်ရှေ့ဆင်ဝင်အောက်တွင် အမြဲစောင့်နေ၏။

ကျွန်မကမူ မည်သည့်အခါမျှ မလုံမခြုံဖြစ်နေသည်ဟု မခံစားရပေ။ ခရီးသွားလျှင်လည်း တစ်ဦးတည်း သီးခြားခွဲထွက်မနေဘဲ လူအုပ်အတွင်း၌သာ နေလေ့ ရှိသည်။ ယခင်က လူနှစ်ဆယ်ခန့်ကိုသာ စုကာ အိမ်တစ်အိမ်၌ စကားပြောခဲ့သော ကျွန်မက ယခု လူရာပေါင်းများစွာ တက်ရောက်သောပွဲများကို ကျောင်းလေ့ကျင့်ရေး ခန်းမကျယ်ကြီးများတွင် ဟောပြောနေပြီ ဖြစ်သည်။ အိုင်အိုဝါမှ ရုံးဝန်ထမ်းများ အဆိုအရ ကျွန်မ ဟောပြောချက်များကို လူအများက သဘောကျကာ ထောက်ခံကြ ကြောင်း စစ်တမ်းများအရ သိရသည်ဟု ဆိုပါသည်။ မဲဆန္ဒရှင်အချို့က ကျွန်မကို “ချဉ်းကပ်သူ”ဟု နာမည်ဝှက်ပေးထားကြောင်း သိရသည်။ ကျွန်မ ဟောပြောချက်များကြောင့် မတင်မကျဖြစ်နေသော သူတို့စိတ်ခါတ်များ ယတိပြတ်ဆုံးဖြတ်နိုင်ခဲ့၍ ဖြစ်သည်ဟု ဆိုကြသည်။

နေ့စဉ်နှင့်အမျှ သင်ခန်းစာအသစ်များကလည်း တိုးပွားနေသည်။ သင်ခန်းစာအသစ်များကြောင့် စည်းရုံးရေးပိုမိုထိရောက်စေရန် လမ်းစအသစ်များ ရစေသည်။ စည်းရုံးရေးကာလအတွင်း နာမကျန်းမဖြစ်စေရန် အထူးဂရုစိုက်ရသည်။ နာမကျန်းဖြစ်၍ စည်းရုံးရေးမဆင်းနိုင် မဖြစ်ရန် ဖြစ်ပါသည်။ အခြေအနေအရ လမ်းဘေး၌ ညစာစားရမည်ဆိုပါက ကျန်းမာရေးအတွက် စိတ်အချရဆုံးနေရာနှင့် အစားအစာကိုသာ ရွေးချယ်စားသောက်တတ်တော့သည်။ အတွေ့အကြုံအရ မက်ဒေါ်နယ်၏ ချိစ်ဘာဂါကိုသာ ကျွန်မ စားလေ့ရှိ၏။ မြို့သေးသေးကလေးများကို ဖြတ်သန်း သွားလာရသည့်အခါ၌ ကျွန်မဝတ်ဆင်ထားသော အဝတ်အစားများ မပေမရေစေရန်လည်း ဂရုစိုက်ရပြန်သည်။ ရောက်လေရာတိုင်း၌ ဓာတ်ပုံရိုက်ခံနေရသောကြောင့် အဝတ်များ ပေရေနေ၍ မဖြစ်ပေ။ ရေသောက်ခြင်းကိုလည်း ဆင်ခြင်ရပြန်သည်။ လမ်းခရီး၌ သွားရင်းလာရင်း သန့်ရှင်းရေးကိစ္စဝင်လုပ်ရန် အချိန်မပေးနိုင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ကိုယ်ထည်ရှည်လျားသော ကုန်တင်ကားကြီးများ၏ အသံသည် သာမန်ကား များထက် ဆူညံသည်မှန်သော်လည်း အိပ်တတ်အောင် ကြိုးစားရသည်။ တစ်ခါတစ်ရံ ကျွန်မတို့ ဝင်အိပ်ကြသော ဟိုတယ်များ၏ နံရံများက ပါးသောအခါ ထိုပြဿနာမျိုး ကြုံတတ်သည်။ တစ်ဖက်အခန်းမှ လက်ထပ်ပြီးစ မင်္ဂလာမောင်နှံ အသစ်စက်စက်တို့၏ ကလူကျီစယ်သံတို့ကြားမှလည်း အိပ်ပျော်အောင် အိပ်တတ်ခဲ့ပြီ။

နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်ဖြင့် မဲဆွယ်သည့်ကာလ ပထမနှစ် ကုန်ဆုံးသွားသည့်အခါ နွေးထွေးသောအတွေ့အကြုံများ၊ ရယ်မောခဲ့ရသော အတွေ့အကြုံများ ရရှိခဲ့၏။ သမီး မလီယာနှင့် ဆာရှာတို့ကို ကျွန်မတတ်နိုင်သလောက် ခေါ်သွားတတ်ပါသည်။ သူတို့ကလည်း ခရီးထွက်ရာသို့ လိုက်ရမည်ဆိုလျှင် မည်သည့်အခါမျှ မငြင်းကြပါချေ။ နယူးဟမ်ရှိုင်းယား၌ ကျင်းပသောပွဲ၌ ဟောပြောပြီးချိန်တွင် တက်ရောက်လာသော ပရိသတ်ကို လက်ဆွဲနှုတ်ဆက်ရမည့်အစီအစဉ် ရှိနေသည်။ ပြီးလျှင် သမီးတို့အား ရုံးဝန်ထမ်းများနှင့် ထားခဲ့ကာ မဲရုံရှိမည့်နေရာများကို သွားရောက်ကြည့် ကြမည်။ ထို့နောက် မဂ္ဂဇင်းအတွက် ဓာတ်ပုံအရိုက်ခံရဦးမည် ဖြစ်သည်။ နောက် တစ်နာရီခန့်အကြာတွင် သမီးငယ် ဆာရှာကို မြင်လိုက်ရသည့်အခါ ကျွန်မ တုန်လှုပ်သွားမိသည်။ ပါး၊ နှာခေါင်းနှင့် နဖူးတို့တွင် ဆေးများသုတ်လိမ်းထားပြီး မျက်နှာ တစ်ခုလုံး အဖြူအမည်း ဆေးရောင်ခြယ်ခံထားရသည်။ ပင်ဒါတစ်ကောင်၏ မျက်နှာ ပုံစံ ဖန်တီးထားကြခြင်းဖြစ်ပြီး သမီးကလည်း ကျေနပ်နေသည်။ ချက်ချင်းပင် မဂ္ဂဇင်းအဖွဲ့မှ လာတော့မည်ကို သတိရလိုက်သဖြင့် ရိုက်ကူးရေးအစီအစဉ်ကို ကမန်း ကတန်းပင် ဖျက်လိုက်ရသည်။ ပြီးတော့မှသာ ပင်ဒါကလေး၏ မျက်နှာကို စေ့စေ့ ကြည့်ကာ အသက်ရှူနိုင်တော့သည်။ ကျွန်မသမီးကမူ အကျေနပ်ကြီးကျေနပ်နေသည်။ ဘာမျှ မတတ်နိုင်သည့်အဆုံး

ရယ်ချလိုက်ရပြီး အနီးဆုံး သန့်စင်ခန်းသို့ ခေါ် ဆောင်ကာ သူ့မျက်နှာကို ဆေးကြောသုတ်သင်ပေးလိုက်ရတော့၏။

အချိန်နှင့်အမျှ ခရီးသွားနေရသဖြင့် ကျွန်မတို့ လေးယောက်မှာ မိသားစု သဖွယ် ဖြစ်လာကြသည်။ စည်းရုံးရေးအဖွဲ့မှ အပန်းဖြေစီးနင်းနိုင်သော နောက်တွဲ ယာဉ်ပါတစ်စီးကို ငှားလိုက်ကြသည်။ မြို့ငယ်ကလေးများအား ဖြတ်ကျော်စဉ်တွင် ခေတ္တမှုရပ်နားပြီး Uno ကစားနည်း ကစားခြင်းဖြင့် အပန်းဖြေကြသည်။ တစ်ညနေ၌ Iowa State Fair ကျင်းပနေသည်နှင့် ကြုံ၏။ တိုက်ကားကလေးများ မောင်းနှင်ခြင်း၊ သေနတ်ပစ်ခြင်းဖြင့် အရုပ်ကလေးများ ဆုပေးနေသည့် ကစားကွင်းကိုလည်း တွေ့ရသည်။ ဓာတ်ပုံအလှရိုက်ပေးသည့် ဓာတ်ပုံဆရာများလည်း ရှိသည်။ ဘားရက်က မပြောမဆို နောက်တစ်နေရာသို့ ဆက်လက်ထွက်ခွာသွားရာ ကျွန်မနှင့် ကလေးနှစ် ယောက်မှာ တော်နေဒိုမုန်တိုင်း တိုက်ခတ်နေသည့်နယ် မေးခွန်းများ တရစပ်မေးနေ ကြသည့် သတင်းထောက်များ၊ လုံခြုံရေးများကြားတွင် ကျန်ရစ်ခဲ့ကြသည်။ ဝန်ထမ်း များကလည်း ဘားရက်နှင့်အတူ ပါသွားကြပြီဖြစ်သည်။ ဘားရက် မရှိတော့သည့် အတွက် ကျွန်မတို့မှာ နောက်ကြောင်းပြန်လှည့်ရတော့သည်။

ရက်သတ္တတစ်ပတ်ပြီးတစ်ပတ် ကုန်ဆုံးလာခဲ့သည်။ ရာသီကလည်း ပြောင်းလဲလာပြီဖြစ်ရာ လေယာဉ်ပြတင်းပေါက်မှ မြင်နေရသော အိုင်အိုဝါသည် စိမ်းလန်းစိုပြည်နေ၏။ ထိုဒေသတွင် ပြောင်းဖူးနှင့် ပဲပိစပ်တို့ စိုက်ပျိုးထွန်းကား၏။ စိုက်ပျိုးထားကြသည်မှာ ပေတံဖြင့် မျဉ်းဆွဲထားဘိသကဲ့သို့ ညီညီညာညာ ရှိလှသည်။ ထိုစိုက်ခင်းများကို ကျွန်မ သဘောကျသည်။ အစိမ်းရောင်များထဲတွင် အချို့မှာ ဝါရွှေ ရောင်သန်းနေသည်။ အဝေပြေးလမ်းမကြီးသည် ဖြောင့်တန်းစွာဖြင့် တစ်မျှော်တစ်ခေါ် မိုးကုတ်စက်ဝိုင်းဆီသို့ ဦးတည်နေသည်။ အလုပ်နှင့်ပတ်သက်၍သာ အကျွမ်းတဝင် ဖြစ်ခဲ့ရသော ဤပြည်နယ်ကို ကျွန်မ ချစ်မိသည်။ ရွေးကောက်ပွဲနိုင်ခြင်း၊ မနိုင်ခြင်းက သီးခြား ဖြစ်ပါသည်။

တစ်နှစ်တာကာလ၏ အကောင်းဆုံးအချိန်ဟု ယူဆရသောအချိန်တွင် ဘားရက်နှင့် သူ့အဖွဲ့က အိုင်အိုဝါကို ပိုပြီးအာရုံစိုက်ကြတော့သည်။ မည်မျှပင် အားထည့်လုပ်ဆောင်စေကာမူ စစ်တမ်းကောက်ကြည့်လိုက်ပါက ဘားရက်သည် ဟီလာရီ၊ ဂျွန်အက်ဒဝပ်တို့နောက် တတိယ သို့မဟုတ် ဒုတိယနေရာ၌ ရှိနေမြဲသာ ဖြစ်ပါသည်။ အကြိတ်အနယ် ယှဉ်ပြိုင်နေကြရသည့်ပုံပေါ်သည်။ သို့သော် ဘားရက်သည် ထိပ်ဆုံးသို့ တက်မလာနိုင်သေးပေ။ တစ်နိုင်ငံလုံးအနေအထားနှင့် ယှဉ်ကြည့် လိုက်လျှင် အခြေအနေက သာ၍ပင် ဆိုးပါသေးသည်။ သို့သော် ဘားရက်က ဟီလာရီ၏နောက်တွင် တစ်ဆယ့်ငါးမဲ၊ မဲနှစ်ဆယ်လောက်ပြတ်ရုံနှင့် ကပ်လိုက်နေသည်။ ကျွန်မက မဲစာရင်းအစမ်းကောက် အခြေအနေများကို

အမြဲဖော်ပြနေကြသည့် လေဆိပ်များ၊ သတင်းစာများကို မပြတ် လေ့လာနေမိသည်။

လပိုင်းမျှသာ လိုတော့သည့်အချိန်တွင် CNN, MSNBC, Fox News သတင်းဌာနတို့မှ သတင်းဝေဖန်သုံးသပ်သူတို့၏ အခြေအနေက ပိုဆိုးလာသည်။ ယခင်ကဆိုလျှင် အိမ်တွင် ယင်းသတင်းဌာနတို့ကို လုံး၀ မကြည့်ခဲ့ပေ။ သူတို့အစား ကျွန်မက E! နှင့် HGTV တို့မှ ထုတ်လွှင့်သော အစီအစဉ်တို့ကိုသာ ကြည့်ဖြစ်၏။ အလုပ်များသော နေ့တစ်နေ့၏ ညနေခင်းတွင် ဖြစ်ရပုံကို ပြောပြပါဦးမည်။ ကြည့်ဖြစ်နေသည့် အစီအစဉ်က ကြည်နူးစရာ ချစ်စခင်စ ကြင်စဦးဇနီးမောင်နှံတို့ သူတို့လိုချင်သည့် အိမ်ကလေးတစ်လုံးရ၍ ကြည်နူးနေကြသည်။ သတို့သမီးလောင်းကလေးက သူဝတ်ဆင်ရမည့် ဝတ်စုံကလေးကို စိတ်ကြိုက်ရွေးချယ်ပြီးလေပြီ။

အမှန်အတိုင်းပြောရလျှင် ကျွန်မသည် ကျွမ်းကျင်သူပညာရှင်၊ ပုရောဟိတ်တို့၏ ကြိုတင်ဟောကိန်းများ ဆိုသည်တို့ကို အယုံအကြည် မရှိလှပါ။ ကျွန်မနှလုံးသားထဲက သူတို့ဟောကိန်းများသည် မှားမည်ဟုသာ ယုံပါသည်။ စတူဒီယိုအတွင်းမှ ခန့်မှန်းကြေညာသော ရာသီဥတုသည် အိုင်အိုဝါ၏ ဘုရားရှိခိုးကျောင်းဝင်းအတွင်းမှ ရာသီဥတုနှင့် မတူပါ။ အထက်တန်းကျောင်းများ၌ ဖွဲ့စည်းကာ ဘောလုံးကစားနေကြသည့် ကလေးများ၊ ပြဇာတ်သင်တန်းတက်နေကြသည့် ကလေးများက သူတို့အသင်း များကို Barack Stars ဟု နာမည်ခံယူကာ ဆောင်ရွက်နေကြသည်ကိုလည်း ပညာရှင်တို့က မသိပါ။ သူတို့တစ်တွေသည် သွေးနှောသည့် မျိုးဆက်သစ်များဖြစ်ကြပြီး နောင်အနာဂတ်တွင် ငါ့သွေးငါ့သား၊ ငါ့မျိုးဆက်သစ်များ ကောင်းစားစေရမည်ဟု မျှော်လင့်ချက်ထားနေသော လူဖြူအဘွား၏ သား၊ မြေးများလည်း မဟုတ်ကြပေ။ ထို့ပြင် သူတို့သည် ကျွန်မတို့ စည်းရုံးရေးနှင့်လည်း ပတ်သက်မှုမရှိပေ။ ကျွန်မတို့က အောက်ခြေအလွှာမှ လူတန်းစားများကိုသာ အဓိကထားကာ စည်းရုံးရေးအတွက် ဝန်ထမ်းအင်အား နှစ်ရာ၊ ရုံးခွဲ သုံးဆယ့်နှစ်ရုံးနှင့် ဆောင်ရွက်နေကြခြင်းသာ ဖြစ်ပါသည်။ အိုင်အိုဝါ၏ သမိုင်းတွင် ကျွန်မတို့သည် အင်အားအတောင့်ဆုံးအဖြစ် မှတ်တမ်း တင်ရပါသည်။

ကျွန်မတို့ဘက်တွင် လူငယ်အင်အားရှိသည်။ အတွေးအခေါ်ကောင်းသော၊ ခွန်အားတောင့်တင်းသော၊ အသက်နှစ်ဆယ့်နှစ်မှ နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ရှိသော လူငယ်များက ပူးပေါင်းလာကြသည်။ သူတို့အရည်အချင်းမှာ လွန်ခဲ့သည့် ဆယ်နှစ်က ချီကာဂိုတွင် ဘားရက် စည်းရုံးစဉ်ကကဲ့သို့ အရည်အချင်းရှိကြသည်။ သူတို့တွင် စိတ်ဓာတ်နှင့်ခွန်အား အပြည့်ရှိကြ၏။ သူတို့သည် အိမ်ပေါက်စေ့တံခါးခေါက်ကာ မဲဆန္ဒရှင်များ မဲလာပေးကြရန် ဖိတ်ခေါ်ကြလိမ့်မည်။ ကျွန်မ အိုင်အိုဝါသို့ တစ်ခေါက် ရောက်သွားတိုင်း နိုင်မည်ဟူသော အသိက

ပိုပိုဝင်လာသည်။ ဘားရက်အား ယုံကြည် အားထားသည့်အင်အား ပို၍ပို၍ များပြားလာသောကြောင့်ပင် ဖြစ်သည်။ ကျွန်မတို့အတွက် လိုအပ်သောရုံးခန်းများကိုပင် လူငယ်များက စေတနာ့ဝန်ထမ်း ဆောက်လုပ်ပေးကြသည်ကို မြင်ရသောအခါ၊ သူတို့သည် လာမည့် မျိုးဆက်သစ်များ၏ ခေါင်းဆောင်လောင်းများဟုလည်း ယုံကြည်မိ၏။ သူတို့တွင် ပင်ပန်းသည့် ပုံစံ မမြင်ရ၊ အရည်အသွေးတောက်ပြောင်လာကြကာ စည်းရုံးမှုလည်း ရှိကြသည်။ သူတို့သည် ဒီမိုကရေစီကို မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ဆက်သွယ်ပေးနေကြသည်။ သူတို့သည် မဲဆန္ဒရှင်များအား ဆက်သွယ်ပေးရာ၌ မြေပြင်ပေါ်ရှိ ကျွန်မတို့ ရုံးခန်းမှဖြစ်စေ၊ ဝက်ဘ်ဆိုက်များမှဖြစ်စေ ဆက်သွယ်ပေးကြပါသည်။ သူတို့အစည်း အဝေးများကိုလည်း သူတို့ဘာသာပင် ကျင်းပကြသည်။ သူတို့နှင့်ပတ်သက်၍ ဘားရက်က ကျွန်မတို့သည် ရွေးကောက်ပွဲတစ်ခုတည်းကိုသာ ဦးတည်လုပ်ဆောင်နေ ခြင်းနှင့်မတူဘဲ အနာဂတ်၏ နိုင်ငံရေးကိုပါ ကောင်းမွန်အောင် လုပ်ဆောင်ပေးနေကြ သည်နှင့် တူသည်ဟု သုံးသပ်သည်။ ငွေကုန်ကြေးကျ နည်းသည်၊ ပိုင်ဆိုင်မှုပိုရသည်၊ မဆုံးနိုင်သော မျှော်လင့်ချက်များကိုလည်း ရစေသည်ဟု သူက ဆိုပါသည်။ ရွေး ကောက်ပွဲ မနိုင်ဘူးဆိုဦးတော့ တိုးတက်မှုကို ဖန်တီးပေးနိုင်ခဲ့သည်။ တစ်နည်းမဟုတ် တစ်နည်းဖြင့် သူတို့ အားထုတ်မှုများသည် သက်ရောက်မှုရှိလာပေလိမ့်မည်။

※

ရာသီဥတုက အေးလာပြန်သည်။ ဘားရက်က အိုင်အိုဝါတွင် ခွန်အားပြနိုင်မည့်နည်းလမ်းတစ်လမ်း စဉ်းစားလာ၏။ ဒီမိုကရက်တစ်ပါတီ၏ နှစ်ပတ်လည် ညစာစားပွဲကို ဂျက်ဖာဆင်- ဂျက်ဆင်၌ ကျင်းပမည်ဖြစ်သည်။ ပြည်နယ်အသီးသီး၌ ကျင်းပသော ပွဲပင် ဖြစ်၏။ အိုင်အိုဝါတွင် ထိုညစာစားပွဲကို နိုဝင်ဘာ၌ ကျင်းပရန် စီစဉ်ထားသည်။ ဇန်နဝါရီလတွင် ကျင်းပလေ့ရှိသော ပါတီဝင်ထု၏ အင်အားပြပွဲ မတိုင်မီ ရက်သတ္တပတ်ရှစ်ပတ်အလို၌ ကျင်းပမည့်ပွဲဖြစ်ပြီး ထိုပွဲမှာ မီဒီယာအားလုံး သတင်းဖော်ပြကြသည့်ပွဲလည်း ဖြစ်သည်။ ထူးခြားချက်တစ်ခုမှာ ထိုပွဲ၌ ရွေးကောက်ပွဲ ဝင်ကြမည့် သမ္မတလောင်းအားလုံး မိန့်ခွန်းပြောကြရသည်။ ပြောကြားရာ၌လည်း မှတ်စုမကိုင်ရ၊ စက်ဖြင့် ကြိုတင်ပြင်ဆင်ထားသော မိန့်ခွန်းကိုလည်း ကြည့်ခွင့်မရှိပေ။ ထို့ကြောင့် သမ္မတလောင်းများ မိမိအားထောက်ခံမည့်သူ တတ်နိုင်သမျှ များများခေါ် ဆောင်ရန် ကြိုးစားကြသည်။ အနှစ်သာရအားဖြင့် သမ္မတလောင်းတို့၏ အားစမ်းပွဲဟု ဆိုနိုင်ပါသည်။

လပေါင်းများစွာကတည်းက ထိုပွဲတွင် အိုင်အိုဝါပြည်နယ်သားတို့သည် ဘားရက်အား အားတက်သရော ထောက်ခံကြလိမ့်မည် မထင်ဟု သတင်းသမားတို့က ဆိုကြသည်။ သူသည် လူမည်းတစ်ဦးဖြစ်နေ၍

ပါဝင်ယှဉ်ပြိုင်နေကျ သမ္မတလောင်းများနှင့် မတူဟု သုံးသပ်ကြသည်။ ဂျက်ဖာဆင်-ဂျက်ဆင် ညစာစားပွဲသို့ တက်ရောက်လာကြမည့် ပရိသတ်သည်ပင် ကျွန်မတို့အတွက် အဖြေ ဖြစ်ပေမည်။ ပြည်နယ် တစ်ခုလုံးမှ ကျွန်မတို့အား ထောက်ခံသူ သုံးထောင်ခန့် တက်ရောက်လာကြသည်။

ကျွန်မတို့သည် မည်သူမျှ မျှော်လင့်မထားသောအင်အားကို ပြနိုင်ခဲ့၏။

စင်မြင့်ပေါ်တွင် စကားပြောကြရာ၌ ဂျွန်အက်ဒဝပ်က ဟီလာရီအား ထိပါးစေမည့် ရင်းနှီးပွင့်လင်းခြင်းနှင့် ယုံကြည်စိတ်ချရလောက်သော အရည်အချင်းရှိသင့်ကြောင်း ပြောကြားသွားခဲ့သည်။ ဂျိုဘီဒင်က ဆူဆူညံညံ ပေါ်ထွက်လာသော အိုဘားမား ထောက်ခံသူများအကြောင်း အသိအမှတ်ပြု ပြောကြားသွား၏။ ဟီလာရီ ကမူ အအေးဒဏ်ကို အန်တုနေရသည့်ကြားမှ ပြောကြားရာ၌ အိုဘားမား ပြောနေ သော "ပြောင်းလဲခြင်း"ဆိုသည့် စကားလုံးအတွက် "ခွန်အားနှင့် အတွေ့အကြုံ မရှိပါက မဖြစ်နိုင်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ထိုညက စကားပြောခွင့်ရသူများထဲတွင် ဘားရက်က နောက်ဆုံးဖြစ်သည်။ သူ့မိန့်ခွန်းတွင် သူ အဓိကပြောနေသော ပြောင်းလဲခြင်းအတွက် အဓိကထားပြောကြားရာ လက်ရှိ ဘွတ်ရှ်အစိုးရက ကြောက်ရွံ့ကာ တိုင်းပြည်ပြောင်းလဲရေးကို မလုပ်ဆောင်ဝံ့ကြကြောင်း၊ တကယ်ဆိုလျှင် တိုင်းပြည်က ပြောင်းလဲရန် အချိန်တန်နေပြီ ဖြစ်ကြောင်း၊ ကလင်တန်အစိုးရလက်ထက်ကတည်းက စကာ ပြောင်းလဲခဲ့သင့် ကြောင်း ပြောကြားသည်။ သူက "ကျွန်တော် နောက်ထပ် လေးနှစ်လုံးလုံး ဒီတိုက်ပွဲ တွေကိုချည်း တိုက်မနေချင်တော့ပါဘူး။ ဒီတိုက်ပွဲတွေက ကျွန်တော်တို့ ၁၉၆၀ ခုနှစ် များကတည်းက တိုက်လာခဲ့ကြတာပဲ။ အနီရောင်အမေရိကားက အပြာရောင်အမေရိကားကို တိုက်တာမျိုး မဖြစ်စေချင်ဘူး။ ကျွန်တော်က (အနီရော အပြာရော ပါတဲ့) အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတအဖြစ် ဆောင်ရွက်ချင်တာပါ"ဟု ရဲရဲတောက် ဆိုလိုက်သည်။

ခန်းမကြီးတစ်ခုလုံး မိုးချုန်းသံတို့ဖြင့် ဆူညံသွားသည်။

"အမေရိကား အခု ကျွန်တော်တို့ အချိန်ကျပါပြီ... ကျွန်တော်တို့အချိန် ကျပါပြီ..."

ထိုညက သူပြောလိုက်သည့် မိန့်ခွန်းသည် ကျွန်မတို့လုပ်ခဲ့ကြသော စည်းရုံးရေးကို အပြည့်စုံဆုံးဖြစ်အောင် ဆောင်ရွက်လိုက်နိုင်သည်။ ပြိုင်နေကြသည့် ပွဲတွင်လည်း သူ့ကို ရှေ့ဆုံးရောက်အောင် တွန်းပို့လိုက်သည်။ အိုင်အိုဝါ မဲဆန္ဒရှင်တို့၏ ထက်ဝက်ကျော်ကို စီးလိုက်နိုင်သည်။

ခရစ္စမတ်ပွဲတော်နောက်ပိုင်းတွင် အိုင်အိုဝါ၌ စည်းရုံးရေးကာလမှာလည်း နည်းပါးလာပြီ ဖြစ်သည်။ တောင်းပိုင်းဒေသ၌ ဆီးနှင်းထူထပ်စွာ ကျနေ၏။ အမေနှင့် မာမာကနီရီတို့ အိမ်ရောက်လာကြသည်။ အစ်ကိုနှင့် ကယ်လီတို့ကလည်း သူတို့ ကလေးများခေါ်ကာ ရောက်လာကြသည်။ ကျွန်မတို့ စားဖိုမှူးကြီး ဆမ်ကာ့စ်လည်း ရောက်နေပြီ။ စည်းရုံးရေးတွင် ဘားရက်၏ အကြံပေးအဖြစ် ပါဝင်ဆောင်ရွက်ပေးခဲ့သော ဗယ်လာရီလည်း ရောက်ရှိလာသည်။ သူနှင့်အတူ ကျွန်မ၏ ငယ်သူငယ်ချင်း အချို့လည်း သူတို့၏ခင်ပွန်းသည်များ၊ သားသမီးများနှင့်အတူ ရောက်ရှိလာကြသည်။ တက္ကသိုလ်ဆေးရုံမှ မိတ်ဆွေများ၊ စစ်ဒလီဥပဒေအကျိုးဆောင်အဖွဲ့မှ မိတ်ဆွေများ ကို မြင်ရသည့်အခါ လုပ်ငန်းခွင်ကဘဝကို လွမ်းမိ၏။ ကျွန်မတို့ စည်းရုံးရေးအဖွဲ့၏ ဆောင်ပုဒ်ဖြစ်သော "အချိန်တိုင်းကို အသုံးချပါ"ဆိုသည့်အတိုင်း သုံးညဒီဂရီသာရှိသော ရာသီဥတု၌ အိမ်တိုင်းကို တံခါးခေါက်ကာ ပါတီအင်အားပြပွဲကို တက်ရောက်ကြ ပါရန် နှိုးဆော်ခဲ့ကြသည်။ ယင်းသို့ လုပ်ဆောင်လိုက်ခြင်း၏ အကျိုးသက်ရောက်မှု အဖြစ် မှုလက အစီအစဉ်မရှိသော သူတချို့ပင် အိုင်အိုဝါသို့ ရောက်လာခဲ့ကြသည်။ မြို့ခံလူထု၏ အိမ်များ၌ရှိသော အခန်းလွတ်များ၌ ဝင်တည်းကြသည်။ မြို့သေးသေး ကလေးများအားလုံးတွင် ပရိသတ်တို့ ပြည့်လျှံခဲ့သည်။

ကျွန်မကိုယ်တိုင်ကမူ ဒက်စ်မိုင်းနက်စ်မြို့သို့ ရောက်ခဲပါသည်။ တစ်ပတ်လျှင် စည်းရုံးရေး သုံးလေးပွဲ လုပ်နေရခြင်းကြောင့် ဖြတ်သည်ဆိုရုံသာဖြတ်သွားနိုင်ခဲ့၏။ ယင်းသို့ ဖြတ်သန်းသွားရာ၌ ကျွန်မနှင့်အတူ မလီဆာနှင့်ကေတီတို့ ပါဝင်ကြပြီး စည်းရုံးရေးလုပ်အားပေးသူ တစ်ဦးဦးက ကားမောင်းပေးလေ့ရှိပါသည်။ ဘားရက်က လည်း ကျွန်မလိုပင် စည်းရုံးရေးဆင်းနေဆဲဖြစ်ပြီး သူ့နာမည်မှာလည်း လူသိများလာ ခဲ့ပြီ ဖြစ်သည်။

မိုင်ပေါင်း မည်မျှဝေးကွာသည့်နေရာတွင် ရောက်နေသည်ဖြစ်စေ အနောက်ပိုင်း ဒက်စ်မိုင်းနက်စ်တွင် ရှိသော ရက်ဆီးဒင့်စ်အင်းသို့ ကျွန်မ ရောက်အောင်ပြန်ပါသည်။ ထိုအင်း(တည်းခိုခန်း)မှာ ကျွန်မတို့ အခြေစိုက်သည့်နေရာအဖြစ် သတ်မှတ် ထားသောကြောင့်ပင် ဖြစ်သည်။ ညစဉ်ညတိုင်း သမီး မလီယာနှင့် ဆာရှာတို့၏ အိပ်ချိန်မှာ ညရှစ်နာရီဖြစ်ခြင်းကြောင့် သူတို့ အိပ်ရာဝင်ချိန်မတိုင်မီ ရောက်အောင်ပြန် ပါသည်။ သူတို့ကမူ ကျွန်မ ပြန်ရောက်ပြီ၊ မရောက်ပြီဆိုသည်ကိုပင် သတိမပြုမိအား ဘဲ ဝမ်းကွဲမောင်ညီမများ၊ ကလေးထိန်းများ၊ သူငယ်ချင်းများနှင့် ပျော်နေကြ၏။ သူတို့သည် တစ်နေ့လုံးနီးပါး ဟိုတယ်အခန်းများထဲတွင် ကစားနေကြသည့်အပြင် တစ်ခါ တစ်ရံ မြို့ထဲသို့ပတ်ကာ လျှောက်ကြည့်ကြသည်များလည်း ရှိ၏။ တစ်ညတွင် ကျွန်မ ပြန်ရောက်လာပြီးနောက် အိပ်ရာထဲတွင် လှဲလိုက်ဦးမည်ဟု အခန်းတံခါးဖွင့် လိုက်ရာ မီးဖိုဆောင်သုံးပစ္စည်းများက အခန်းထဲရောက်နေသည်။ အိပ်ရာပေါ်တွင်

ပင်အပ်ဘူးနှင့် စားပွဲအသေးပေါ်တွင် ဖြတ်ညှပ်ထားသည့် ကတ်ပြားတချို့ ရောက်နေသည်။ ကြမ်းပေါ်၌ ဟင်းပွဲများကို အုပ်ဆိုင်းသည့် စက္ကူပါးစများ ရှိနေသည်။

မီးအိမ်အုပ်ဆောင်းနှင့် ရုပ်မြင်သံကြားစက် မျက်နှာပြင်တွင်လည်း . . . ဘာတွေပါ လိမ့် ... ဂျုံမှုန့်တွေ အဖွေးသား။

"ဆမ်က သမီးတို့ကို ပါစတာလုပ်နည်း သင်ပေးမယ်ဆိုလို့ နည်းနည်းယူလာ တာပါ" မလီယာက ရှင်းချက်ပေး၏။

ကျွန်မ ရယ်လိုက်မိသည်။ ကျွန်မက အလုပ်မအားသောကြောင့် ခရစ္စမတ် ပိတ်ရက်တွင် သူတို့ဘွားအေကြီးရှိရာ ဟာဝိုင်ယီသို့ အလည်မပို့နိုင်၍ သမီးတို့တစ်တွေ ဘယ်လိုနေရှာမလဲဟု စိတ်ပူခဲ့မိသည်။ သူတို့ကတော့ ဒက်စ်မိုင်းနက်စ်တွင် ဝါကီကီ ကမ်းခြေမှ သဲများအစား ဒက်စ်မိုင်းနက်စ်မှ ဂျုံတစ်အိတ်ကို အစားထိုးကာ ပျော်နေကြသည်။

ရက်ပေါင်း အတန်ကြာသောအခါ တစ်ခုသော ကြာသပတေးနေ့၌ ပါတီဝင်များစုစည်းကာ အင်အားပြကြသည့်ပွဲတော်ရက် ရောက်လာသည်။ ဘားရက်နှင့် ကျွန်မက မြို့လယ်ရှိ စားသောက်ဆိုင်တစ်ခုတွင် နေ့လယ်စာစားကြပြီး ပျော်ပွဲရွှင်ပွဲများကျင်းပသည့် နေရာသို့ သွားကြသည်။ ညနေပိုင်းတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် မိတ်ဆွေများ၊ မိသားစုဝင်များအား ညစာတည်ခင်း ကျွေးမွေးကြပါသည်။ သူတို့တတွေသည် စပရင်းဖီးလ်မြို့၌ သမ္မတရွေးကောက်ပွဲဝင်မည်ဟု ကြေညာခဲ့သည့် အချိန်မှ စ,ကာ ဝိုင်းဝန်းခဲ့ကြသည်ဖြစ်၍ အချိန်ကာလအားဖြင့် တစ်ဆယ့်တစ်လ ရှိခဲ့ပြီဖြစ်သည်။ ညစာစားသည့်နေရာမှ ခပ်စောစောပင် ဟိုတယ်သို့ ကျွန်မ ပြန်လာခဲ့သည်။ ထိုည ဘားရက် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ အပိတ်မိန့်ခွန်းပြောရဦးမည်ဖြစ်၍ ပြင်ဆင် ပေးရန် ပြန်လာခြင်းဖြစ်သည်။ ခဏအတွင်းမှာပင် ကေတီနှင့် မလီဆာတို့ သူတို့ စည်းရုံးရေးရုံးခန်းမှ ကျွန်မအခန်းတွင်း ပြေးဝင်လာကြသည်။ သူတို့က ရွေး ကောက်ပွဲ(အစမ်းပွဲ)သတင်း သယ်ဆောင်လာခြင်းဖြစ်၏။ "ကျွန်မတို့ နိုင်ပြီ"ဆို၏။

ပျော်လွန်းသဖြင့် သုံးယောက်သား အတိုင်းအဆမရှိ အော်ဟစ်မိကြသည်။ ကျွန်မတို့ အော်သံကိုကြားသော လုံခြုံရေးတာဝန်ကျသူက အန္တရာယ်များဖြစ်လေ သလားဟု လာကြည့်ရသည်အထိပင် ဖြစ်သည်။

တစ်နှစ်တာလုံး၏ အအေးဆုံးညဟု မှတ်တမ်းတင်ကြရသော ထိုညတွင် အိုင်အိုဝါ ရှိ ဒီမိုကရက်တစ်ပါတီဝင်တို့ အအေးဒဏ်ကိုမမှုဘဲ မဲလာပေးခဲ့ကြရာ လွန်ခဲ့သည့် လေးနှစ်က မဲပေးခဲ့ကြသည်၏ နှစ်ဆ ခုန်တက်သွားသည် ဆို၏။ ဘားရက်သည် သမ္မတလောင်းဝင်ပြိုင်မည့် လူဖြူ လူမည်း၊ လူငယ်တို့ကို ကျော်ဖြတ်

ကာ အောင်ပွဲဆင်လိုက်ခြင်းဖြစ်ပါသည်။ မဲလာပေးသူ တစ်ဝက်ကျော်သည် ယခင် အကြိမ်များက မဲမပေးကြဖူးသူများဖြစ်ကြပြီး သူတို့မဲများက ဘားရက်အား အောင်ပွဲဆင်စေခဲ့ခြင်းပင်ဖြစ်၏။ သတင်းထောက်များက ဘားရက်၏ အောင်ပွဲကို ချီးကျူး ကြသည်။ သူတို့သည် ယခင်က ဟီလာရီကိုသာ ပံ့ပိုးခဲ့ကြသူများ ဖြစ်၏။

ထိုညက ဘားရက်၏ အောင်ပွဲခံမိန့်ခွန်းကို ဟိုင်းဗီးခန်းမတွင် ကျင်းပရာ ဘားရက် မိန့်ခွန်းပြောမည့် စင်မြင့်ပေါ်တွင် ကျွန်မ၊ မလီယာနှင့် ဆာရှာတို့လည်း နေရာယူခဲ့ကြ၏။ ကျွန်မ ပျော်ပါသည်။ ဤသို့သော အောင်မြင်မှုသေးသေးတစ်ခု အတွက်ပင် အတိုင်းမသိ ပျော်မိသည်။ ဘားရက်က နှစ်ပေါင်းများစွာ ကြိုတင်တွက်ဆ ထားသကဲ့သို့ အောင်မြင်ခြင်းဖြစ်၍ သူလည်း ပျော်ပေလိမ့်မည်။

ကျွန်မတို့သည် သမိုင်းဝင်မှတ်တမ်းတစ်ခု ရေးထိုးနိုင်ခဲ့ကြပြီ ဖြစ်သည်။ ကျွန်မတို့ဆိုရာ၌ ဘားရက်တစ်ယောက်တည်း မဟုတ်သကဲ့သို့ ကျွန်မတစ်ယောက် တည်းလည်း မဟုတ်၊ မလီဆာ၊ ကေတီတို့ အပါအဝင် ဖြစ်ပါသည်။ သူတို့နှင့်အတူ ပလော့ဖ်၊ အက်စ်လော့ဒ်၊ ဗယ်လာရီ၊ စည်းရုံးရေးအဖွဲ့ဝင်လူငယ်များ၊ စေတနာ့ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ တောင်သူလယ်သမားများ၊ အငြိမ်းစားဝန်ထမ်းများ စသဖြင့် အားလုံးပါဝင်ပါသည်။ သူတို့အားလုံးက အသစ်တစ်ခုကို ထိုညတွင် ဖန်တီး လိုက်ကြခြင်းပင်ဖြစ်တော့သည်။

အိုင်အိုဝါမှ ထွက်ခွာရန် ဘားရက်နှင့်ကျွန်မ လေဆိပ်သို့ သွားသောအချိန်မှာ သန်းခေါင်ကျော်နေပေပြီ။ အိုင်အိုဝါသို့ နောက်ထပ် လပေါင်းများစွာ ရောက်ဦးမည် မဟုတ်တော့ပေ။ ကျွန်မနှင့်သမီးများ ချီကာဂိုအိမ်သို့ ပြန်ကြမည်။ အလုပ်ပြန်ဝင်ရန်၊ ကျောင်းပြန်တက်ကြရန် ဖြစ်သည်။ ဘားရက်က နယူးဟမ်ရှိုင်းယားသို့ သွားရမည်။ ထိုပြည်နယ်၌ နောက်ရက်သတ္တပတ်ပင် မဝေးသောအချိန်၌ အခြေခံရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်၏။

အိုင်အိုဝါ က ကျွန်မတို့ကို ပြောင်းလဲပေးလိုက်သည်။ အထူးသဖြင့် ကျွန်မ၏ ယုံကြည်ချက်အား ပြောင်းလဲပေးလိုက်ခြင်းဖြစ်၏။ ထိုယုံကြည်ကိုးစားချက်ကို တစ်နိုင်ငံလုံးသို့ ဖြန့်ရပေဦးမည်။ ရက်ပိုင်းအတွင်းမှာပင် အိုင်အိုဝါမှ ကျွန်မတို့၏ စည်းရုံးရေးမှူးများသည်လည်း အခြားပြည်နယ်များသို့ ပြောင်းရွှေ့ကာ စည်းရုံးရေး လုပ်ဆောင်ကြတော့မည်ဖြစ်သည်။ သူတို့သည် နီဗားဒါး၊ ကာရိုလိုင်းနားတောင်ပိုင်း၊ နယူးမက္ကဆီကို၊ မင်နီဆိုးတား၊ ကယ်လီဖိုးနီးယားတို့သို့ ဖြာထွက်ကြကာ အိုင်အိုဝါမှ ကောင်းသတင်းကို ဖြန့်ကြလိမ့်မည်။ "ပြောင်းလဲခြင်း"ဆိုသည်မှာ လုပ်ဆောင်၍ရ ကြောင်း အိုင်အိုဝါမှ သက်သေပြခဲ့ချေပြီ။

※※※

ကျွန်မ ပထမတန်းတွင် ပညာသင်ကြားနေစဉ်ကာလ တစ်နေ့တွင် ကောင်လေးတစ်ယောက်က ကျွန်မမျက်နှာကို လက်သီးနှင့် ထိုး၏။ သူ့လက်သီးက မြန်လိုက်သည်မှာ ကြယ်တံခွန်တစ်ခုနှင့်ပင် တူသေးတော့သည်။ ကျွန်မတို့က နေ့လယ်စာ စားကြရန် တန်းစီနေကြရင်း ရောက်တတ်ရာရာ ပြောနေကြသည်။ အသက်အရွယ် အားဖြင့် ခြောက်နှစ်၊ ခုနစ်နှစ်ခန့်သာ ရှိကြပါသေး၏။ ဘယ်သူ အပြေးအသန်ဆုံးလဲ၊ ဆေးရောင်စုံခဲတံတွေ၏ ထူးခြားသည့် နာမည်တွေ စသည်ဖြင့် ပြောနေခိုက်တွင် ဝုန်းခနဲ ကျွန်မမျက်နှာပေါ်သို့ လက်သီးတစ်လုံး ကျလာသည်။ ဘာကြောင့် အထိုးခံ လိုက်ရသည်ကို ကျွန်မ မသိ။ ထိုကောင်လေး၏ အမည်ကိုလည်း မမှတ်မိတော့ပါ ချေ။ သို့သော် သူ့ကို ကျွန်မ နာကျင်နေသည့်ကြားမှ စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။ ကျွန်မအောက်နှုတ်ခမ်းတစ်ခုလုံးလည်း ဖူးရောင်နေ၏။ မျက်ရည်ကလည်း ပိုးပိုးပေါက်ပေါက်ကျလျက်။ ဒေါသဖြစ်ရမည်ကိုပင် တုန်လှုပ်မှုကြောင့် မေ့သွားပြီး အမေရှိရာ အိမ်သို့သာ ပြန်ပြေးခဲ့တော့သည်။

ထိုကောင်လေးကို ဆရာမက ဆူသည်ဟု ဆိုသည်။ အမေက ကျောင်းသို့ သွားကာ ထိုကောင်လေးအား ကိုယ်တိုင်ကိုယ်ကျ သွားတွေ့သည်။ ကျွန်မအား အကြောင်းမဲ့ ဘာကြောင့်ထိုးခဲ့သည်ကိုလည်း မေးရန်ဖြစ်၏။ ထိုနေ့က ကျွန်မတို့ အိမ်တွင်ရောက်နေသော ဦးတောင်ပိုင်းသားကြီးက မြေးဖြစ်သူ ကျွန်မအတွက် ဒေါသ ဖြစ်လွန်းသောကြောင့် အမေနှင့်အတူ ကျောင်းသို့ လိုက်သွားခဲ့၏။ လူကြီးမိဘချင်း စကားပြောဆိုကြကာ ထိုကောင်လေးက ကျောင်းတွင် ကျွန်မအား ရှက်ရွံ့နေသော မျက်နှာပေးဖြင့် တောင်းပန်ကာ နောက်နောင် သူ ဤကဲ့သို့ မပြုမူတော့ပါဟု ဆို လာပါသည်။

“အဲဒီကောင်လေးက သမီးနဲ့ ဘာမှမဆိုင်တဲ့ကိစ္စတစ်ခုအတွက် ဒေါသဖြစ်ပြီး သမီးကို ထိုးမိတာတဲ့ကွယ်”ဟု အမေက မီးဖိုဆောင်တွင်း၌ ညစာအတွက် ဟင်းချက် နေရင်း ကျွန်မအား ရှင်းပြသည်။ အမေက ခေါင်းတခါခါဖြင့် “သူ့မှာလည်း သူ့ ပြဿနာနဲ့သူပါ သမီးရယ်”ဟု ဆိုခဲ့၏။

အနိုင်ကျင့်ခြင်းဆိုသော ခေါင်းစဉ်အောက်မှ ပေါ်လာသော ပြဿနာကို ကျွန်မ သတိရလိုက်ခြင်းဖြစ်ပါသည်။ ကျွန်မငယ်စဉ်က ခန္ဓာကိုယ်ကလည်း သေးသွယ်သဖြင့် ဆွဲကိုင်လှုပ်ယမ်းရန် လွယ်ကူလှ၏။ အမှန်တကယ်တွင် အနိုင်ကျင့်သူတို့မှာ သူတို့ကိုယ်တိုင်က မသိစိတ်တွင် ကြောက်ရွံ့စိတ် ကိန်းအောင်းနေသူများ ဖြစ်ကြသည်။ ကျွန်မတို့အိမ်နှင့်

အလှမ်းမဝေးသည့်နေရာတွင်နေထိုင်သော ဒီးဒီး ဆိုသည့် မိန်းကလေးတစ်ဦး ရှိခဲ့သည်။ သူသည် ခန္ဓာကိုယ် တုတ်တုတ်ခိုင်ခိုင်ရှိသဖြင့် သူများ အပေါ် ဗိုလ်ကျအနိုင်ကျင့်တတ်သည်။ ကျွန်မအဘိုး ဒန်ဒီဆိုလျှင်လည်း ထိုနည်းအတူ ပင်။ သူ့ဇနီးအား ရိုင်းစိုင်းမောက်မာစွာ ဆက်ဆံတတ်၏။ ရန်ဖြစ်နေရသည်ကိုပင် သူတို့မှာ ပျော်နေကြသည်ဟု ထင်ရသည်။ သူတို့ကို ရှောင်နိုင်က ရှောင်သွားသင့်ပြီး မရှောင်နိုင်သဖြင့် ကြုံနေရပါကလည်း ပါဝင်စွက်ဖက်ခြင်းမပြုဘဲ ရပ်ကြည့်နေခြင်းက သာ အကောင်းဆုံးဖြစ်၏။ ဝင်ပါလိုက်မိပါက ထိုသူတို့သည် မိမိနှင့် ထိပ်တိုက်ဖြစ်လာ မည်ဟု အမေက ဆိုသည်။

ပါလိုက်မည်ဆိုပါက ဘာဖြစ်လာမည်နည်းဟု မေးရန် ရှိသည်။ အဖြေက ရှင်းရှင်းကလေးပင်၊ ကိုယ် နာလိမ့်မည်ဟုသာ မှတ်ပေရော့။ ကျွန်မ၏ဘဝတွင် စိန်ခေါ်မှုများစွာ ရှိခဲ့သည်။ ကျွန်မအသက် လေးဆယ် စွန်းစွန်းတွင် ခင်ပွန်းသည်က သမ္မတရွေးကောက်ပွဲဝင်မည်ဟု ဆိုလာသောအချိန်တွင် ကျွန်မက ပထမတန်းကျောင်းသူဘဝတွင် အနိုင်ကျင့်သူတစ်ဦး လက်သီးဖြင့် ထိုးခံခဲ့ရသော ငယ်ဘဝကို ပြေးသတိရခြင်းဖြစ်၏။ ချုံခိုတိုက်ခိုက်ခံလိုက်ရသကဲ့သို့ မမျှော်လင့် သောနေရာမှ ထွက်ပေါ်လာခဲ့သော လက်သီးသည် ကျွန်မ၏ မျက်နှာကို နာကျင်စေ ခဲ့သည်။

၂၀၀၈ ခုနှစ်သို့ ရောက်လာသောအခါတွင်မူ ကျွန်မသည် လက်သီးပုန်း များကို မမှုတော့ပါချေ။

※

အဖြစ်အပျက်များစွာ ကြုံခဲ့သည်များထဲမှ ကျော်လွှားကာ ပျော်စရာကောင်းသည့် အမှတ်တရကလေးများကို ဖြစ်ပေါ်စေသောကိစ္စမှ စ,ပြောချင်ပါသည်။ ဇူလိုင် လ ၄ ရက်နေ့သည် မလီယာ၏ ဆယ်နှစ်ပြည့်မွေးနေ့ဖြစ်ခြင်းကြောင့် မွန်တာနာရှိဘတ်မြို့သို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားကြသည်။ ထိုစဉ်က ရွေးကောက်ပွဲမှာ လည်း လေးလခန့် လိုပါသေးသည်။ ဘတ်သည် သမိုင်းဝင် ကြေးနီသတ္တုတွင်းများ ရှိသည့်နေရာ ဖြစ်၏။ ခပ်လှမ်းလှမ်းတွင် မြင်တွေ့နေရသော တောင်တန်းကြီးများက ညို့မှိုင်းနေသဖြင့် ဘတ်အား အနားသတ်ထားသကဲ့သို့ ရှိနေသည်။ ထို့ကြောင့် ဘတ် သည် ကျွန်မတို့ စည်းရုံးရေးသမားများ မျက်စိကျသောနေရာတစ်ခုလည်း ဖြစ်ခဲ့၏။ ပြီးခဲ့သည့် သမ္မတရွေးကောက်ပွဲကျင်းပစဉ်က ဘတ်သို့ ရောက်ရှိခဲ့သဖြင့် မဲပေးခဲ့ကြသည်။ ထို့ပြင် ဒီမိုကရက်တစ်ပါတီဝင်တစ်ဦးကိုပင် ပြည်နယ်အုပ်ချုပ်ရေးမှူး အဖြစ် မဲပေးရွေးချယ်ခဲ့ကြသည်။ ထို့ကြောင့် ဘတ်သည် ဘားရက် သွားသင့်သွားထိုက်သော နေရာတစ်ခုဟု မှတ်ယူခဲ့ကြသည်။

သာမန် ခါတိုင်းထက်ပို၍ ဘားရက်သည် တစ်နေ့တာ၏ မိနစ်ပိုင်းမှအစ မည်သို့သုံးစွဲသည်ကို စောင့်ကြည့် အကဲခတ်နေကြသည်။ သူ့တန်ဖိုးကို တွက်ဆနေကြသည်။ သူ ဘယ်ပြည်နယ်သို့ သွားခဲ့သည် ဆိုသည်ကိုလည်း မှတ်သားထားကြ၏။ သူ ဘယ်မှာ မနက်စာစားသလဲ၊ ဘာအသားစားသလဲ၊ ကြက်ဥနဲ့ ဘာကို တွဲစားသလဲ စသည်တို့ကအစ အသေးစိတ်မှတ်ကြတော့သည်။ ဘားရက်နောက်တွင် သတင်း သမား နှစ်ဆယ့်ငါးယောက်ခန့်မှာလည်း တကောက်ကောက်ပါဝင်နေကြသည်။ သူတို့သည် ဘားရက် စီးနင်းလိုက်ပါသည့်လေယာဉ်၏ နောက်ပိုင်းနေရာလွတ် များတွင် လိုက်ပါကြသည်။ မြို့သေးသေးများဆိုလျှင် စားသောက်ဆိုင်တို့မှာ သူတို့ သတင်းသမားများနှင့်ပင် ပိတ်ကျပ်နေတတ်၏။ ဘားရက်နောက်ကို တကောက် ကောက်လိုက်နေကြရင်းပင် သူတို့ကလောင်များကလည်း လှုပ်ရှားသက်ဝင်နေကြ၏။ အကယ်၍ သမ္မတရွေးကောက်ပွဲဝင်မည့် သူတစ်ယောက် အအေးမိသည်ဆိုလျှင်လည်း သူတို့အတွက်က သတင်းပင်။ ဈေးကြီးသော ဆံသဆိုင်တွင် ဆံပင်ဝင်ညှပ်ခြင်း ကလည်း သတင်းဖြစ်သည်။ TGI Fridaysအသင့်စားနိုင်သော စားသောက်ဆိုင်ဝင်ကာ စားကောင်းသောက်ဖွယ် ဝင်စားပါကလည်း သတင်းဖြစ်သည်။ (ရိုးလွန်းသော ဘားရက်က မသိသဖြင့် သူကြိုက်တတ်သော အစားအသောက်များ ဝင်ဝင်စားတတ် သဖြင့် New York Times သတင်းစာကြီးက တစ်ကြိမ် ရေးသားခံခဲ့ရဖူးသည်။)

ဒါသည်ပင်လျှင် လုပ်ရိုးလုပ်စဉ်တစ်ခုဟု ကျွန်မတို့ နားလည်ထားပါသည်။ ဘယ်ခေါင်းဆောင်သည် တိုင်းပြည်အတွက် ပိုလုပ်ဆောင်ပေးနိုင်မည်ဆိုသည်ကို ချိန်ဆနေသည့်ကာလဖြစ်ခြင်းကြောင့်ပင်။ ဥပမာ တင်စားပြရလျှင် သမ္မတလောင်းတို့၏ နှလုံးသားဝိညာဉ်ကို နေ့စဉ် ဓာတ်မှန်ရိုက်ကြည့်နေကြခြင်းပင် ဖြစ်၏။ အမေရိကန် နိုင်ငံတွင် သမ္မတအဖြစ် တာဝန်ထမ်းဆောင်မည့်သူသည် အမေရိကန်လူထု၏ စောင့်ကြည့် အကဲခတ်ခြင်းကို ခံနိုင်ရမည်။ သူတို့သမိုင်းကြောင်းကို ကျော်ဖြတ်မည့်သူ ဖြစ်၍ အပေါင်းအသင်းက မည်သို့ဖြစ်သည်၊ အသက်မွေးဝမ်းကျောင်းပညာက မည်သို့ဖြစ်သည် စသည့် အချက်အလက်တို့ကို သူတို့က စေ့စေ့စပ်စပ် လေ့လာသည်။ ကျွန်မတို့ခေတ် ရောက်လာချိန်တွင် အရာရာသည် တိုးတက်လာခဲ့ပြီး လူကိုယ်တိုင် ကြိုးစားပမ်းစား လုပ်ဆောင်နေရန်မလိုတော့ဘဲ မော်တာခလုတ်ကလေး တစ်ချက်နှိပ် လိုက်ရုံဖြင့် အစစ အရာရာမှာ မှတ်တမ်းတင်ပြီးသောခေတ် ဖြစ်နေသည်။ မကြာသေး ခင်ကပင်လျှင် ဖေ့စ်ဘွတ်ခ်သည် အဓိကအရေးပါသော သတင်းရေစီးကြောင်း ဖြစ် လာခဲ့ပြန်သည်။ တွစ်တာသည်လည်း အသစ်အဆန်းဖြစ်နေသည်။ အမေရိကန် အရွယ်ရောက်ပြီးသူတိုင်း၏ လက်ထဲတွင် ဆဲလ်ဖုန်းများ ရှိလာသည်။ ဆဲလ်ဖုန်းအများစု တွင် ကင်မရာ ပါလာ၏။ ကျွန်မတို့အနေအထားမှာ အစွန်းတစ်ခုတွင် ရပ်နေကြသည် နှင့် တူနေသည်။ ထိုသို့သော အနေအထားကို

အားလုံးနားလည်နိုင်ကြပါမည်လား ဆိုသည်ကိုမူ မပြောတတ်ပါပေ။

ဘားရက်၏ အနေအထားမှာ ဒီမိုကရက်တစ်ပါတီဝင်များ၏ မဲရရှိရုံမျှသာမက အမေရိကန်ပြည်ထောင်စုတစ်ခုလုံးကို လူပျိုလှည့်နေရသည်နှင့် တူနေသည်။ အိုင်အိုဝါတွင် ပါတီဝင်အများစု၏ ထောက်ခံမှုရပြီးသည်နောက် ဘားရက်နှင့် ဟီလာရီ တို့သည် ၂၀၀၈ ခုနှစ်၏ ဆောင်းနှင့် နွေဦးပေါက်ကာလများ၌ ပြည်နယ်အားလုံးသို့ ခြေဆန့်ခဲ့ကြသည်။(အခြားပြိုင်ဘက်များဖြစ်သော ဂျွန်အက်ဒဝပ်၊ ဂျိုဘီဒင်နှင့် အခြား ပြိုင်ဖက်တို့မှာ ဇန်နဝါရီလကုန်ကတည်းက ပြုတ်ကုန်ကြပြီဖြစ်၏။) သူတို့နှစ်ယောက် သာ အားစမ်းနေကြခြင်းဖြစ်ရာ ပထမပိုင်းတွင် ဘားရက်က ဟီလာရီထက် အနည်းငယ် အသာဖြင့်သာ ဦးဆောင်နိုင်သော်လည်း ဖေဖော်ဝါရီနောက်ပိုင်းတွင် မဲအပြတ်အသတ်ဖြင့် ဦးဆောင်နိုင်လာသည်။ စင်ပေါ်တွင် မတ်တတ်ရပ်ကာ အောင်ပွဲခံရသည့် အရေအတွက် များလာသောအခါ "သူက အခု သမ္မတဖြစ်သွားပြီလား"ဟု မလီယာက ကျွန်မအား မေးလာတော့သည်။ ကလေးတို့၏ ဟန်မဆောင်တတ်သော သဘော အတိုင်း မေးမြန်းခြင်းသာ ဖြစ်ပါသည်။

"အိုကေ မာမီ၊ ပြောပါဦး အခု ဒယ်ဒီက သမ္မတဖြစ်ပြီလားလို့......"

"မဖြစ်သေးပါဘူး သမီးရယ်"

ဇွန်လတွင် ဟီလာရီက အခြေအနေမှန်ကို လက်ခံလိုက်ပြီး နောက်ဆုတ်သွားသည်။ သူ့နောက်ဆုတ်မှုက နှောင့်နှေးခဲ့သဖြင့် စည်းရုံးရေးနှင့် ပတ်သက်သော အဖိုးတန်အချိန်တို့ အလဟဿ ကုန်ခဲ့ရသည်။ တစ်ဖက်မှ ရီပါဘလီကင်သမ္မတလောင်း ဂျွန်မက္ကိန်းနှင့် ယှဉ်ပြိုင်ရေး အားအင်ယုတ်လျော့ခဲ့ရသည်။ အရီဇိုးနားပြည်နယ်၏ နှစ်သံမဏိရှည်ကြာစွာ ဆီးနိတ်အမတ်အဖြစ် ရပ်တည်နေခဲ့သော ဂျွန်မက္ကိန်း က မတ်လတွင် ရီပါဘလီကင်ပါတီကိုယ်စားပြုမည့် သမ္မတလောင်းအဖြစ် ကြေညာ လာခဲ့သည်။ သူသည် ဂျော့ချ် ဒဗလျူဘွတ်ရှ်ထက် အတွေ့အကြုံများသူလည်း ဖြစ်၏။

ဇူလိုင်လ လေးရက်နေ့တွင် ကျွန်မတို့သည် ဘတ်မြို့သို့ အကြောင်းနှစ်ခုဖြင့် ရောက်နေကြသည်။ မည်သည့်ကိစ္စတွင်မဆို ကျွန်မတို့မှာ အကြောင်းနှစ်ခုရှိမှသာ လုပ်ဖြစ်ကိုင်ဖြစ် ဖြစ်နေတော့သည်။ ဘားရက်က အိုဟိုင်းယိုး၊ မစ်ဇူရီ၊ ကော်လိုရာဒို၊ မြောက်ပိုင်း ဒါကိုတာတို့၌ လွန်ခဲ့သော လေးရက်ကတည်းက စည်းရုံးရေးဆင်းနေခဲ့သည်။ စည်းရုံးရေးဆင်းနေသည့်ကြားမှ သမီးမွေးနေ့ပွဲတက်ရန် အချိန်အနည်းငယ်မျှ သာ ရပါသည်။ သူ့မှာ မဲဆန္ဒရှင်တို့၏ မျက်စိအောက်မှ အပျောက်မခံသော အနေ အထား ဖြစ်နေသည်။ နေ့ကလည်း တစ်တိုင်းပြည်လုံး လွတ်လပ်ရေးရသည့် ထူးထူး ခြားခြားနေ့ ဖြစ်နေပြန်ရာ သူ့မှာ မလူးသာမလွန့်သာ

ဖြစ်နေသည်။ ထို့ကြောင့် သူ ကျွန်မတို့ရှိရာသို့ လာရမည့်အစား ကျွန်မတို့ကပင် သူရှိရာ သွားလိုက်ကြ၏။ တစ်နည်း အားဖြင့် အထွတ်အမြတ်ထားအပ်သောနေ့တွင် မိသားစုစုံညီညီ မဲဆန္ဒရှင်များ မျက်စိရှေ့မှောက်တွင် ပျော်လိုက်ကြခြင်း ဖြစ်တော့သည်။ ဘားရက်၏ အမေတူ အဖေကွဲ နှမ မာယာနှင့် သူ့ခင်ပွန်း ကောနတ်တို့ကလည်း သူတို့သမီး ဆူဟိုင်းလားကို ခေါ်လာခဲ့သည်။ ချစ်ဖွယ်ကောင်းသော လေးနှစ်အရွယ် သမီးငယ်လေး ဖြစ်၏။

နေ့ကြီးရက်ကြီးများ၌ မွေးဖွားခဲ့ကြသော ရင်သွေးများ၏ မိဘတိုင်းက သူတို့ကလေး၏ အမှတ်တရမွေးနေ့သည် အခါကြီးရက်ကြီးနှင့် တိုက်ဆိုင်နေခြင်းကြောင့် နှစ်မျိုး ဆင်နွှဲကြရပါသည်။ ဘတ်မြို့မှ လူကောင်းတော်တော်များများက ထိုနေ့သည် မလီယာ၏ မွေးနေ့လည်းဖြစ်သည်ကို သိထားကြသဖြင့် Happy Birthday Malia! ဆိုသည့် စာတန်းများရေးထိုးကြကာ အဓိကလမ်းမကြီးတစ်လျှောက်ရှိ စတိုးဆိုင်ကြီးများ၏ ပြတင်းများတွင် ချိတ်ဆွဲထားကြပါသည်။ အနီးအနားဝန်းကျင် မှ လူများက နှုတ်ဖြင့် အော်ဟစ်နှုတ်ဆက်ကြပြီး တီးဝိုင်းသမားများက Yankee Doodle သီချင်းတီးမှုတ်သူများ၊ ပလွေမှုတ်ကြသူများ၊ ဒရမ်တီးကာ ဂုဏ်ပြုသူများ အများအပြား ရှိခဲ့၏။ ကျွန်မတို့အား လာရောက်နှုတ်ဆက်ကြသူ အများစုမှာ မိန်းကလေးများနှင့် လေးစားလောက်သည့် ဂုဏ်သရေရှိသူများ ဖြစ်ပါသည်။ ဒီမိုကရက်ကို မဲပေးမှာပါဟု ထုတ်ဖော်ပြောကြားကြသူများလည်းရှိရာ အစဉ်အလာကို ချိုးဖောက်ကြသူများဟုပင် ဆိုနိုင်ပါသည်။

ထိုနေ့ နှောင်းပိုင်းတွင် စည်းရုံးရေးအဖွဲ့မှ ပျော်ပွဲစားတစ်ရပ် ခင်းကျင်းဧည့်ခံကြသည်။ နေရာခပ်ကျယ်ကျယ် ကွင်းပြင်တစ်ခုထဲတွင်ဖြစ်ပြီး ဟိုးခပ်ဝေးဝေးတွင် တောင်တန်းကြီးများကို တွေ့မြင်နေရသည်။ ပျော်ပွဲစားသည် အမှန်စင်စစ်တွင် ကျွန်မတို့အား ထောက်ခံသည့်မဲဆန္ဒရှင်များ စုစည်းလိုက်သကဲ့သို့ပင် ရှိ၏။ သူတို့အားလုံးက မလီယာ၏မွေးနေ့အတွက် ကျင်းပပေးကြသည်။ ကျွန်မရင်မှာ ပီတိဖြင့် တသိမ့်သိမ့် လှုပ်ရှားရပါသည်။ သို့သော် တစ်ပြိုင်နက်တည်းမှာပင် ဘာကြောင့်မှန်း မသိ စိုးရိမ်ပူပန်စိတ် ဝင်နေမိသည်။ ကျွန်မစိတ်အစဉ်တွင် မိဘတစ်ဦးအနေဖြင့် ကြည်နူးမိသည်။ မျက်စိရှေ့မှောက်မှာပင် သမီးသည် ပီဘိကလေးလေးမှ ကြီးကောင်ဝင် လာခဲ့ပြီ။ ကိုယ်လက်အင်္ဂါတို့ ထွားကျိုင်းလာခဲ့ပြီ။ မျက်လုံးတို့သည်လည်း ဉာဏ်ပညာ ထွန်းကားလာသည့်အလား တောက်ပလာခဲ့ပြီ ဖြစ်၏။

ကျွန်မအတွက် ဖြတ်သန်းခဲ့ရသော ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့သည် အထူးခြားဆုံးနေ့တစ်နေ့ပင် ဖြစ်ပါတော့သည်။ လွန်ခဲ့သည့် ဆယ်နှစ်က ဘားရက်နှင့် ကျွန်မသည် ဆေးရုံ၏ မီးဖွားဆောင်သို့ ရောက်ခဲ့ကြသည်။ ထိုစဉ်က

ကျွန်မတို့သည် လောကကြီးအကြောင်း သိသည်ဟု ထင်ခဲ့ကြသော်လည်း အမှန်စင်စစ် ဘာမျှမသိကြသေးပေ။ ယခုလည်း မသိသေးသည်ကို ဝန်ခံရပါမည်။

ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုလုံးတွင် ကျွန်မသည် မိသားစုနှင့် အလုပ်တာဝန်များကြား မျှမျှတတနေနိုင်ရန် ကြိုးစားခဲ့ရသည်။ သမီးနှစ်ယောက်ဖြစ်သည့် မလီယာနှင့် ဆာရှာတို့အပေါ် ရင်အုပ်မကွာ စောင့်ရှောက်နိုင်ရန် ကြိုးစားသကဲ့သို့ လုပ်ငန်းခွင်၌လည်း လစ်ဟင်းမှု မရှိစေခဲ့ပါ။ သို့သော် လက်ရှိအခြေအနေတွင် ဦးတည်ချက်ပြောင်းလဲခဲ့ရသည်။ သမီးတို့အပေါ် မိခင်တစ်ယောက်၏ အုပ်ထိန်းမှု မပျက်စေသော်လည်း တစ်ဖက်တွင် လုပ်ငန်းခွင်အစား ရှုပ်ထွေးလှသော အမေရိကန်နိုင်ငံရေးလောကသို့ ဘားရက် ဝင်ရောက်နိုင်ရေး ပံ့ပိုးပေးရခြင်း ဖြစ်သည်။ ဘားရက်ကြုံတွေ့နေရသည့်ပမာဏမှာ စည်းရုံးရေးနှင့်ပတ်သက်၍ မြားမြောင်လှပါသည်။ ကျွန်မတို့မိသားစုအပေါ်တွင် လူထု၏ စိတ်ဝင်စားမှုမှာလည်း အရှိန်အဟုန်ပြင်းလာ၏။ အိုင်အိုဝါ ပါတီဝင်များ အင်အားပြသည့်ပွဲနောက်ပိုင်းတွင် ချီကာဂိုတက္ကသိုလ်ဆေးရုံမှ အလုပ်ကို ခေတ္တနားထားရန် ဆုံးဖြတ်လိုက်ရသည်။ မဖြစ်နိုင်မှန်းသိသော်လည်း တစ်ဖက်၌ အားစိုက်ရမည်ဖြစ်၍ နားလိုက်ခြင်းပင်။ အိုင်အိုဝါစည်းရုံးရေးကိစ္စမှာ မြားမြောင်လှသဖြင့် ကျွန်မမှာ ရုံးသို့သွားရောက်ကာ ပစ္စည်းများသိမ်းဆည်းခြင်း၊ မိတ်ဆွေများအား နှုတ်ဆက်ခြင်းတို့ပင် မပြုနိုင်ခဲ့ပေ။ လက်ရှိအခြေအနေတွင် ကျွန်မသည် အချိန်ပြည့်စောင့်ထိန်းနိုင်သောမိခင်တစ်ယောက် ဖြစ်လာ၏။ တစ်ဖက်မှလည်း ခင်ပွန်းသည်ကို လိုအပ်သည့်အခါ တိုင်း ကူညီပေးနိုင်သည့်ဇနီး ဖြစ်လာခဲ့သည်။ အမှန် တကယ်ပြောရလျှင် အလုပ်ထွက်လိုက်ရသည်ကို ကျွန်မ နာနာကျင်ကျင်ပင် ခံစားမိပါသည်။ သို့သော် ကျွန်မမှာ ရွေးချယ်ရန်လမ်းမရှိ။ ကျွန်မအား လိုအပ်နေသော မိသားစုကိုသာ ဦးစားပေးရတော့၏။

ထိုသို့ဖြင့် မွန်တာနာတွင် စည်းရုံးရေးလုပ်ဆောင်ရင်း သမီး၏ မွေးနေ့ပွဲဆင်နွှဲဖြစ်ခဲ့ကြသည်။ သူစိမ်းအများစုပါသော အဖွဲ့များက သမီးအတွက် မွေးနေ့ဆုတောင်းသီချင်းများ ဆိုခဲ့ကြ၏။ သမီးကမူ ဟမ်ဘာဂါထည့်ထားသည့် ပန်းကန်တစ် ချပ်ကိုကိုင်ရင်း ပြုံးကြည့်နေသည်။ မဲဆန္ဒရှင်များက သမီးသည် မျက်နှာချိုသော ကလေးတစ်ယောက်အဖြစ် အသိအမှတ်ပြုကြပြီး ကျွန်မတို့မိသားစုဝင်များ၏ ချစ်ခင်စည်းရုံးမှုကိုလည်း အားကျကြသည်။ သို့သော် ကျွန်မရင်ထဲတွင် ကြိမ်ဖန်များစွာ ပေါ်လာသည့် အတွေးက သမီးတို့အပေါ် သူတို့ဘာကြောင့်များ ဤကဲ့သို့ ရှုမြင် သုံးသပ်နိုင်ကြပါသနည်း ဆိုသည့် အတွေးပင်ဖြစ်သည်။ သူတို့ အမှန်တကယ်ပင် ထိုသို့ သုံးသပ်ပါ၏လောဟုလည်း တွေးမိပြန်သည်။ ရက်သတ္တပတ် ကုန်ဆုံးချိန်တွင် မလီယာအတွက် သူ့သူငယ်ချင်းများနှင့်သာ သီးခြားပျော်စေမည့် မွေးနေ့ပွဲကို ချီကာဂို နေအိမ်၌ ကျင်းပပေးရန် စီစဉ်ထားသည်။ သူငယ်ချင်းများက အိမ်တွင် အိပ်ကြလိမ့် မည်ဖြစ်ရာ

ထိုပွဲမှာ ဘာနိုင်ငံရေးမျှမပါ ကလေးများ၏ပွဲသာ ဖြစ်သည်။ ထိုညနေပိုင်း တွင် ကျွန်မတို့ ဟိုတယ်၏နောက်ဘက်တွင် စီစဉ်ထားသော သီးသန့် မွေးနေ့ပွဲကလေး သို့ ကလေးများ ရောက်လာကြသည်။ သူတို့ ပျော်ရွှင်စွာပင် ကစားကြသည်။ ဘားရက်နှင့်ကျွန်မက ဆီးကြိုလက်ဆွဲနှုတ်ဆက်ကြသည်။ ဤသို့ အခက်အခဲများ ကြားမှ စီစဉ်ပေးခဲ့ရသော မွေးနေ့ပွဲကို သမီးတို့ မှတ်မိပါမည်လားဟု သံသယတော့ ဖြစ်မိပါ၏။

သမီးနှစ်ယောက်ကို ကျွန်မရင်တွင်း၌ ဝင်ရောက်လာသည့် ကြီးစွာသော ကြောက်စိတ်တစ်ခုနှင့် ကြည့်နေမိသည်။ သူတို့ကိုလည်း ကျွန်မကဲ့သို့ပင် လုံခြုံရေးစိမ်များ က နာမည်ခေါ်ကာ စကားပြောနေကြပြီ။ လုံခြုံရေးစိမ်များက သမီးတို့အား ထိတွေ့ကိုင် တွယ်ကြသည်။ ဓာတ်ပုံရိုက်ကြသည်။ ဆောင်းရာသီကုန်ဆုံးသွားချိန်တွင် အစိုးရက ကျွန်မ တွေးပူနေသည်ကို သိသကဲ့သို့ ကလေးများအတွက် လျှို့ဝှက်ထောက်လှမ်းရေး များ တာဝန်ချထားပေးလာသည်။ ဆာရှာနှင့် မလီယာတို့ ကျောင်းတက်ချိန် သို့မဟုတ် နွေရာသီကျောင်းပိတ်ရက် စခန်းထွက်ချိန်များတွင် ကျွန်မအမေက ကိုယ်တိုင် ကားမောင်းလိုက်ပို့လေ့ရှိပြီး ထောက်လှမ်းရေးများက ထိုကားနောက်မှ ထက်ကြပ်မကွာ လိုက်ပါ စောင့်ရှောက်ပေးသည်။ ဆိုရလျှင် ကျွန်မတို့ မိသားစုဝင်တစ်ဦးချင်းစီကို ထောက်လှမ်းရေးများက စောင့်ကြည့်ပေးနေကြသည်။ ကျွန်မတို့အနီးသို့ သူစိမ်းတစ်ဦးတစ်ယောက်က နှုတ်ဆက်စကားပြောလို၍ ချဉ်းကပ်လာလျှင်ပင် စစ်မေးခြင်းခံရတော့သည်။ ကျေးဇူး တင်ရသည်မှာ သမီးတို့က ထိုလုံခြုံရေးများအား အစောင့်အရှောက်များအဖြစ် မမြင်ကြဘဲ သူတို့၏ မိတ်ဟောင်းဆွေဟောင်းများအဖြစ်သာ သဘောထားကြ၏။ ထိုသို့ဖြင့် ကျွန်မတို့မိသားစုတွင် နောက်ထပ် မိတ်ဆွေများ တိုးပွားလာရပြန်သည်။ ကျွန်မတို့ ခရီးသွားလျှင်လည်း သူတို့ ပါသည်။ တစ်ခုသာ ထူးခြားသည်က သူတို့နားတွင် အသံ ကြားနိုင်သော ကိရိယာကလေးများ တပ်ဆင်ထားကြကာ စကားများများမပြော တိတ်ဆိတ်နေကြသည်။ သမီးငယ် ဆာရှာက သူတို့အား "လျှို့ဝှက်လူတွေ"ဟု ကင်ပွန်း တပ်၏။

သမီးတို့က စည်းရုံးရေးခရီးစဉ်များ လိုက်ပါလာကြသော်လည်း ပေါ့ပေါ့ ပါးပါးရှိကြသည်။ ဖြစ်ပေါ်လာမည့် အကျိုးဆက်အတွက် သူတို့တွင် ရင်နှီးမြှုပ်နှံရမှု မရှိဟု ဆိုနိုင်သည်။ အဖေနှင့်အမေသာ သူတို့အနား ရှိနေလျှင် လုံလောက်နေပြီ ဖြစ်သည်။ မိသားစုတစ်စုလုံး ပါဝင်နိုင်ခဲ့ခြင်းကလည်း မဲဆန္ဒရှင်များအတွက် ပိုမိုဆွဲ ဆောင်မှုရှိသည်ဟု နောင်တွင် သိလာခဲ့ရပါသည်။ သမီးတစ်ယောက်ကမျှ သူတို့အဖေအနားတွင် လူတရုံးရုံးရှိနေကြသည်ကို စိတ်မဝင်စားခဲ့ပေ။ သူတို့ရင်ထဲတွင် ဒီမိုကရေစီ တည်ဆောက်ရေး သို့မဟုတ် အိမ်ဖြူတော်သို့ ရောက်ရှိရေးဆိုသည်ကိုလည်း မသိကြပေ။ သူတို့ တကယ်လိုချင်သည်က

ခွေးကလေးတစ်ကောင်သာ ဖြစ်သည်။ သူတို့ စိတ်ဝင်စားသည်က ကတ်ပြားများနှင့် ကစားခြင်းသာဖြစ်၍ စည်းရုံးရေးဝန်ထမ်းများ အားလပ်သည့်အချိန်များတွင် သူတို့နှင့် ကစား၏။ နေရာသစ်တစ်ခုသို့ ရောက်တိုင်း လည်း ရေခဲမုန့်ဝယ်စား၍ ရနိုင်မည့်နေရာကိုသာ ရှာကြသည်။

ယနေ့အချိန်အထိ မလီယာနှင့် ကျွန်မတို့ မှတ်မိနေကြသည်မှာ သူ ရှစ်နှစ် သမီးအရွယ်က ဘားရက် ချော့သိပ်နေစဉ် မေးခဲ့သော မေးခွန်းတစ်ခုပင် ဖြစ်ပါသည်။ "သမီး... ဒယ်ဒီ သမ္မတရွေးပွဲဝင်ပြိုင်မယ်ဆိုရင် သမီး ဘယ်လိုခံစားရမလဲ၊ အဲဒီ စိတ်ကူးက ကောင်းတယ်လို့ သမီးထင်သလား"ဆိုသည့် မေးခွန်းပင် ဖြစ်ပါသည်။

"ကောင်းတာပေါ့ ဒယ်ဒီ" သမီးကလည်း မဆိုင်းမတွပင် ပြန်ဖြေခဲ့ပြီး သူ့အဖေပါးကို နမ်းခဲ့၏။ သူ့ဆုံးဖြတ်ချက်သည် သမီး၏ဘဝတွင် အရာအားလုံးကို ပြောင်းလဲစေမည်လား။ သမီးက ဒီအရွယ်နှင့် ဘယ်လိုသိနေခဲ့တာလဲ။ သို့သော် ရှည်ရှည်ဝေးဝေး တွေးချိန်မရပါ။ အဖေကိုနမ်းပြီးသည်နှင့် သမီးသည် တစ်ဖက်သို့လှည့်ကာ အိပ်သွားခဲ့ပြီဖြစ်၏။

ဘတ်တွင်ရှိနေစဉ် ကျွန်မတို့သည် မိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ ကြ၏။ ရေသေနတ်ပစ်ကာ ကစားခြင်း၊ မြက်ခင်းပေါ်၌ ဘောလုံးကန်ခြင်းတို့ဖြင့် လည်း ပျော်ခဲ့ကြသည်။ ဘားရက်ကမူ ထုံးစံအတိုင်း များပြားလှစွာသော လက်များကို ဆွဲကိုင်နှုတ်ဆက်နေ၏။ နောက်ဘက်တွင် ရှိနေသော ကျွန်မတို့ထံ ရောက်လာသော အခါ သမီးတို့က သူ့အပေါ် တွယ်တက်ကြသည်။ ရယ်သံမောသံတို့ဖြင့် ပျော်ခဲ့ရပါသည်။ ပရိသတ်နှင့်တွေ့နေစဉ်က အပြုံးနှင့် သမီးတို့နှင့်တွေ့နေချိန် သူ့အပြုံးသည်ပင် ကွာခြားသည်ဟု ကျွန်မ မြင်မိသည်။ သူက နှမတော်စပ်သူ မာယာ၊ ယောက်ဖ ကောနတ်တို့နှင့် စကားပြောနေစဉ် ကျွန်မပခုံးကိုဖက်ထားပြီး တစ်နေရာမှ တစ်နေရာ သို့ ကူးပြောင်းစကားပြောခဲ့ကြ၏။

ကျွန်မတို့မှာ မည်သည့်အချိန်မျှ နှစ်ယောက်တည်း နေခွင့်မရပါပေ။ အနီးကပ် လုံခြုံရေး စောင့်ကြပ်နေသူများ၊ အင်တာဗျူးလုပ်ရန် စောင့်နေကြသည့် သတင်းသမားများ၊ စောင့်ကြည့်ဓာတ်ပုံ ရိုက်နေသူများ စသဖြင့် အမြဲတစေ သူတို့မျက်စိအောက်တွင်သာ ရောက်နေကြပါသည်။ ခုတော့ ကျွန်မတို့၏ သမားရိုးကျဘဝကို ပြန်လည်ရောက်ရှိလာသည်။ စည်းရုံးရေးလုပ်ငန်းမှာလည်း အသားကျလာပြီဖြစ်၍ အစီအစဉ်အတိုင်း ဆက်သွားရန်သာ လိုတော့သည်။ ဘားရက်နှင့် ကျွန်မမှာ အသက် နှစ်ဆယ်ကျော် လူငယ်တစ်စုနှင့် ဆက်လက်သွားရုံသာ ရှိတော့သည်။ ထိုလူငယ်များ မှာ ဉာဏ်ရည်ထက်မြက်ကာ စွမ်းရည်မြင့်မားသူများလည်း ဖြစ်ကြသည်။ သို့သော် ကျွန်မ၏ဝန်ထမ်းဘဝ စွန့်လွှတ်လိုက်ရခြင်းအပေါ် မည်မျှ ခံစားရလိမ့်မည်ဆိုသည်ကိုမူ မသိကြပါပေ။

ယုတ်စွာအဆုံး စတိုးဆိုင်တစ်ခုခုမှ ပစ္စည်းတစ်ခုလိုချင်သည် ဆိုပါလျှင် သူတို့ကို ပြောလိုက်ဖို့သာ လိုပါသည်။ ဘားရက်နှင့် စကားပြောလိုလျှင်လည်း သူ့ဝန်ထမ်းများမှ တစ်ဆင့် အကြောင်းကြားရသည်။ ကျွန်မ မသိသေးသော ပွဲလမ်းသဘင်များ၊ အခမ်းအနားများမှာလည်း ကျွန်မ၏ အစီအစဉ်များတွင် ပါဝင်လာခဲ့၏။ သို့သော် တဖြည်းဖြည်းနှင့် နေသားကျလာသည်။ ကျွန်မတို့ဘဝသည် ကိုယ် ပိုင်ဆိုသည်ထက် ပြည်သူလူထုက ပိုင်ဆိုင်ထားကြောင်း နားလည်ခံစားလာနိုင်ကာ အရှိကိုအရှိအတိုင်း လက်ခံလာနိုင်ပါတော့သည်။

ဘတ်မြို့၌ ညနေခင်းမကုန်ဆုံးမီမှာပင် ကျွန်မတို့ မိသားစုဝင်လေးဦးကို ရုပ်မြင်သံကြားအစီအစဉ်က အင်တာဗျူးမေးသဖြင့် ဖြေကြရသည်။ ကျွန်မ၊ ဘားရက်နှင့် သမီးနှစ်ယောက်တို့ ဖြစ်သည်။ ဤသို့ မိသားစုလိုက် အင်တာဗျူးမေးသည့် အစီအစဉ်မှာ မည်သည့်အခါကမျှ မလုပ်ခဲ့ဖူးသော အစီအစဉ်လည်း ဖြစ်သည်။

ပုံမှန်အားဖြင့်ဆိုလျှင် ကျွန်မတို့က ကလေးများကို မီဒီယာများနှင့် ဝေးဝေးတွင်သာ ထားပါသည်။ ဓာတ်ပုံအရိုက်ခံခြင်း၊ စည်းရုံးရေးပွဲများ၌ စင်ပေါ်တွင် ထိုင်ခိုင်းထား ခြင်းတို့သာ ရှိခဲ့ပါ၏။ ဒီတစ်ကြိမ်တွင် ကလေးများကိုပါ အင်တာဗျူးမည်ကို ဘာကြောင့် ကျွန်မ လက်ခံမိသည်လည်း မသိပါ။ ကျွန်မမှတ်မိသမျှ ပြန်ပြောရလျှင် စည်းရုံးရေးအဖွဲ့ဝင်များက ဘားရက်ကို ဖခင်တစ်ယောက်အနေဖြင့် ပရိသတ်မြင်စေ ရန်အတွက် ရိုက်ကူးသင့်သည်ဟု တိုက်တွန်းမှုကြောင့်ဖြစ်သည်။ သူသည် ကလေးများ ကို ချစ်တတ်သူဖြစ်သည်။ ထို့ကြောင့်ပင် ကြီးမြတ်သောသမ္မတ ဖြစ်လာခြင်း ဖြစ်ပါသည်။

ရုပ်မြင်သံကြားအစီအစဉ်မှ Access of Hollywood ကဏ္ဍစီစဉ်တင်ဆက်သူ မာရီယာ မနောနတ်စ်နှင့် တစ်ဆယ့်ငါးမိနစ်ခန့် ထိုင်ကာ စကားပြောကြရသည်။ ပန်းခြံအတွင်းမှ ခုံရှည်ကို ရှုချင်စဖွယ်ဖြစ်စေရန် အဝတ်ကဲ့သို့သော ပစ္စည်းများနှင့် အုပ်ဆိုင်းကာ အလှဆင်ထားသည်။ မလီယာ၏ ဆံပင်များကို ကျစ်ပေးထားပြီး ဆာရှာက အနီရောင်ဝတ်စုံကလေး ဝတ်ဆင်ထား၏။ ထုံးစံအတိုင်း သမီးနှစ်ယောက် တို့မှာ ချစ်ဖွယ်ကောင်းနေကြသည်။ မာရီယာမှာ ကျက်သရေရှိသော မိန်းမတစ် ယောက်ဖြစ်ပြီး ကျွန်မတို့မိသားစု၏ အသေးစားပါမောက္ခကလေး မလီယာကဲ့သို့ ပေါ့ပေါ့ပါးပါး မေးခွန်းများပင် မေးပါသည်။ သူမေးသမျှကိုလည်း သမီး မလီယာ က ဖြေနိုင်၏။ သမီးက သူ့အဖေက သူ့သူငယ်ချင်းများအား လက်ဆွဲနှုတ်ဆက်တိုင်း ရှက်ရွံ့သကဲ့သို့ ခံစားရကြောင်း၊ စည်းရုံးရေးခရီးထွက်ခါနီးတွင် အိမ်ပေါက်ဝ ပိတ် မတတ်ချထားသည့် ပစ္စည်းသေတ္တာများက စိတ်အနှောင့်အယှက်ဖြစ်စေသည် ဆို၏။ ဆာရှာကလည်း ငြိမ်ငြိမ်ကလေးထိုင်ကာ တတ်အားသမျှ ကြိုးစားဖြေရှာသည်။

အင်တာဗျူးမေးနေစဉ်အတွင်း တစ်ကြိမ်သာ "ရေခဲမုန့် ဘယ်တော့မှ စားရမှာလဲ"ဟု ကျွန်မအား လှည့်မေးခဲ့၏။ သူ့အစ်မ ဖြေနေသမျှကို နားထောင်နေသည်။ အဆုံးသတ်ခါ နီးတွင် ဆာရှာက "ဒယ်ဒီက အာဖရိကကို ရောက်ဖူးတယ်"ဟု ဝင်ပြောလိုက်သဖြင့် ကျွန်မတို့ ဝိုင်းရယ်ကြကာ အဆုံးသတ်လိုက်ကြသည်။

ရက်အနည်းငယ်အကြာတွင် ကျွန်မတို့ အင်တာဗျူးကို လေးပိုင်းခွဲ ထုတ်လွှင့်ကာ ABC ရုပ်မြင်သံကြားအစီအစဉ်က ထုတ်လွှင့်ပြသခဲ့သည်။ ပရိသတ်များ ကြိုက်နှစ်သက်ခဲ့ကြသည့်အပြင် သတင်းဌာနများက "ပြည်ဖုံးကား ဖွင့်ပြလိုက်သည့် အိုဘားမား၏သမီးများ တီဗွီအင်တာဗျူး"ဟု လည်းကောင်း၊ "အိုဘားမားသမီးနှစ်ယောက်၏ ဖွင့်ဟချက်"ဟု လည်းကောင်း ဩဘာပေးကြသည်။ သတင်းစာကြီးများကလည်း သမီးတို့၏စကားများကို ဖော်ပြကာ သတင်းအဖြစ် ဖန်တီးကြတော့သည်။

ဘားရက်နှင့်ကျွန်မကမူ ထိုအစီအစဉ် လက်ခံလိုက်မိခြင်းအတွက် နောင်တရကြသည်။ စိတ်ဝင်စားဖွယ်မကောင်းသော အင်တာဗျူးတစ်ခုဖြစ်သည့်ပြင် မေးခွန်းများမှာလည်း အကျိုးမရှိ၊ အနှစ်သာရမရှိသော မေးခွန်းများသာ ဖြစ်၏။ ကျွန်မတို့ ရွေးချယ်မှု မှားခဲ့ကြပြီ။ သမီးတို့သည် သူတို့ ဘာကိုဆိုလိုကြောင်း ကွဲကွဲပြားပြား မသိနိုင်သေးမီမှာပင် သူတို့အသံကို ပရိသတ်များ ကြားခွင့်ရသွားခဲ့သည်။ ဗီဒီယိုတွင် ပါသွားခြင်းအားဖြင့် မလီယာရော ဆာရှာပါ ထိခိုက်မှုမရှိပါ။ သို့သော် ယခု ကမ္ဘာက ကြည့်လိုက်ကြရပြီး အင်တာနက်တွင် ထာဝရ ရှိနေတော့မည်သာ ဖြစ်၏။ သူတို့ ရွေးချယ်ခြင်းမပြုရသေးသောကမ္ဘာထဲသို့ ကျွန်မတို့ ဆွဲခေါ်မိသည်။ သတင်း၏ သားကောင် ဖြစ်စေခဲ့မိသည်။

※

ခုတော့ဖြင့် ထိုမာယာတို့အကြောင်း ကျွန်မ သိခဲ့ပါပြီ။ ကျွန်မတို့အားလုံးသည် ထိုလောကမာယာကို ငေးမောကာကြည့်နေဖြစ်ကြသည်။ သူ့တွင် အရာအားလုံးအတွက် ထူးခြားသောခွန်အား ရှိ၏။ အော်ပရာဝင်းဖရေးက ကျွန်မထံ အားပေးသော သတင်းစကားပါးလာသည်။ ကျွန်မငယ်စဉ်ကတည်းက လေးစားအားကျ ချစ်ခင်ခဲ့သော အနုပညာရှင်ကြီး စတီဗီဝမ်းဒါးက စည်းရုံးရေးကျင်းပသည့် နေရာအထိ ရောက်လာပြီး ဟာသတွေပြောသည့်အပြင် ကျွန်မကိုလည်း မစ္စစ်အိုဘားမားဟု ခေါ်မည့်အစား မစ်ရှယ်လ်ဟူသည့် ကျွန်မအမည်ရင်းကိုသာ ခေါ်ပြောနှုတ်ဆက်ခဲ့ပသည်။ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သော အင်တာဗျူးနှင့်ပတ်သက်၍ လူပြောများသည် ဆိုသော်လည်း မကြာမီပင် မေ့ပျောက်သွားကြမည် ထင်သည်။ ဘားရက်ပြောခဲ့သော စကားများကလည်း လူမည်းတို့အား ခွန်အားတိုးပွားစေသဖြင့် ဖိတ်ဖိတ်စဉ်စဉ် မဖြစ်တန်လောက်ဆိုသည်ကို ကျွန်မ သိပါသည်။ အကယ်၍

အမေရိကန်ပြည်သူလူထု က ဘားရက်အား သမ္မတအဖြစ် ရွေးချယ်ကြပါက ဘားရက်အတွက်သာမက တိုင်း ပြည်အတွက်လည်း ဂုဏ်တက်စေမည်ဟု ကျွန်မ ယုံကြည်မိ၏။ လူပေါင်းများစွာ အကြောင်းပေါင်းများစွာတို့အတွက် ဤကိစ္စသည် အရေးပါလှပါသည်။

ဘားရက်ကလည်း အခြေအနေအရပ်ရပ်ကို နားလည်ထားသည်။ လူသိများ ထင်ရှားလေလေ မုန်းသူများလေလေ ဖြစ်မည်ဆိုသည်ကိုလည်း သိထားကြသည်။ ထိုသို့ဖြစ်တတ်သည်မှာ ရေးဆွဲမထားသော စည်းမျဉ်းတစ်ခုကဲ့သို့ပင် ဖြစ်နေသည်။ အထူးသဖြင့် နိုင်ငံရေးလောကတွင် ဖြစ်၏။ ပြိုင်ဘက်များက ငွေကြေးပုံအောသုံးစွဲကာ သူတို့ပြိုင်ဘက်၏ အကြောင်းအရာများကို လေ့လာစုံစမ်းကြသည်။ အချို့ကဆိုလျှင် မိမိပြိုင်ဘက်တို့အကြောင်း အသေးစိတ်ကအစ သိရှိနိုင်ရန် ကြိုးစားကြ၏။ အထူး သဖြင့် အမှားအယွင်း မကောင်းသတင်းများ သိရှိနိုင်ရန် စုံစမ်းကြခြင်းပင်။

ကျွန်မတို့နှစ်ယောက်၏ ပေါင်းစည်းခြင်းက အခြားသူများနှင့် မတူ ခြားနား သည်ဟု ဆိုနိုင်ပါသည်။ ဘားရက်က နိုင်ငံရေးစိတ်ဝင်စားသော်လည်း ကျွန်မက စိတ်မဝင်စား။ သူက ကောလာဟလများ၊ လုပ်ကြံသတင်းများကို စိတ်မဝင်စား၊ ဂရုလည်းမစိုက်။ ထိုလုပ်ကြံသတင်းများသည် ကျွန်မတို့၏ စည်းရုံးရေးတွင် အနည်းနှင့်အများ ထိခိုက်မှုရှိသည်ဆိုနိုင်သော်လည်း ဘားရက်သည် အမှုမထား၊ သူလုပ်ဆောင်ရန်ရှိသည်ကိုသာ စိုက်လိုက်မတ်တတ် လုပ်ဆောင်သူ ဖြစ်၏။ သူသည် နိုင်ငံရေးသမိုင်းကို လေ့လာခဲ့သူလည်းဖြစ်၍ ပရိယာယ်ကွယ်ဝပုံကို သိနေဟန် ရှိ၏။ ခြုံပြောရပါလျှင် သူသည် သူလျှောက်နေသောလမ်းပေါ်မှ သွေဖည်သွားမည့်သူ မဟုတ်ပေ။

ကျွန်မကမူ ပြည်သူ့ဘဝကို လေ့လာနေဆဲသာ ဖြစ်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်အဝရှိသော မိန်းမ၊ အောင်မြင်သောမိန်းမဟု မြင်ကြသော်လည်း ကျွန်မစိတ်ရင်းမှာမူ ကြီးလာရင် ဆေးပညာပါရဂူလုပ်မှာဟု ပြောခဲ့သော၊ အတန်းထဲတွင် အမှတ်ကောင်းကောင်းရရေးကိုသာ ဂရုစိုက်တတ်သည့် ကလေးစိတ်သာ ရှိနေသေးပါသည်။ တစ်နည်းပြောရလျှင် ကျွန်မသည် သူများပြောမည်၊ ဆိုမည်ကို သတိထားနေတတ်သော ကလေးစိတ်ရှိနေဆဲသာ ဖြစ်ပါသည်။ ငယ်ဘဝတွင် စိတ်တိုင်းကျနေသည်ထက် အများစိတ်ကြိုက် လိုက်နေခဲ့သူ၊ တာဝန်ကျေစွာ စာကြိုး စားခဲ့သူဖြစ်ပြီး လူမှုရေးနှင့်ပတ်သက်၍လည်း အရှုပ်အရှင်းကင်းအောင် နေတတ်သူ ဖြစ်သည်။

အသက်အရွယ်ရလာသောအခါ စာအုပ်စာပေတို့ ဖတ်ရှုခြင်းကြောင့် အောင်မြင်မှုပန်းတိုင်ကို မြင်လာခဲ့သည်။ သို့သော် အနိုင်ကျင့်ခံရမှုမျိုးကို ကြောက်နေ ဆဲဖြစ်၍ ရိုးသားစွာ၊ ဖြောင့်မတ်စွာ လုပ်ကိုင်ပါလျှင် ထိုသို့

အနိုင်ကျင့်ခံရခြင်းမှ ကင်းဝေးလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။

သို့သော် ကျွန်မယုံကြည်ချက် ပျက်ပြားသွားစေသည်အထိ ထိုကိစ္စက ပေါ်ပေါက်လာခဲ့ပါတော့သည်။

အိုင်အိုဝါတွင် ဘားရက် အောင်ပွဲခံနိုင်ပြီးသည့်နောက် ကျွန်မလည်း အရှိန်အဝါ မြင့်တက်လာသည်။ မဲဆန္ဒရှင်အရေအတွက် ရာဂဏန်းမျှသာ စည်းရုံးလှုံ့ဆော်နေသော ကျွန်မက လူဦးရေထောင်ဂဏန်းအထိ ဟောပြောလာသည်။ ဒဲလာဝဲတွင် မလီဆာ၊ ကေတီတို့နှင့်အတူ သွားရောက်ဟောပြောစဉ်ကဆိုလျှင် လူထုပရိသတ်မှာ ငါးဘလောက်စာမျှ ပြည့်ကျပ်နေခဲ့၏။ ခန်းမအတွင်းသို့ ဝင်ရောက်ကြရန် တန်းစီနေကြခြင်း ဖြစ်သည်။ ကျွန်မ အံ့သြခဲ့ရသကဲ့သို့ ပျော်လည်းပျော်မိပါသည်။ ထို့ကြောင့် ပရိသတ်များအား ယခုကဲ့သို့ စိတ်ဓာတ်တက်ကြွစွာဖြင့် လာရောက်အားပေးကြခြင်းကို ကျေးဇူးတင်ပါကြောင်း၊ နေ့စဉ်နှင့်အမျှ အားပေးနေကြခြင်းမှာ ဘားရက်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လို၍ ဖြစ်သည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

စည်းရုံးရေးအတွက် အိုင်အိုဝါတွင် ကျွန်မ စကားပြောပြီးသောအခါ စိတ်လက်ပေါ့ပါးသွားသည်။ ပြောကြားမည့် စကားများကို ကြိုတင်ရေးကာ စက်မှ ပြသသည်ကို လိုက်ဖတ်ခြင်းမဟုတ်။ လက်တန်းသာ ပြောခဲ့ခြင်းဖြစ်၏။ ကျွန်မစကား များမှာ ကြိုတင်ရေးထားခြင်းမဟုတ်သဖြင့် စကားဝေါဟာရကြွယ်ချင်မှလည်း ကြွယ် ပါလိမ့်မည်။ ဘားရက်ကမူ သူ့မိန့်ခွန်းများကို ကြိုတင်ရေးသားလေ့ရှိသဖြင့် လှလှပပ ပြောတတ်ပါသည်။ သို့သော် ကျွန်မစကားများမှာ နှလုံးသားမှလာသော စကားများဖြစ် သည်ကမူ သေချာပါသည်။ နိုင်ငံရေးနှင့်ပတ်သက်၍ ကျွန်မရင်တွင်း၌ သံသယရှိခဲ့ သည်မှာ အမှန်ပင်။ သို့သော် တစ်စထက်တစ်စ လျော့ပါးလာခဲ့သည်။ အားတက်မှုနှင့် မျှော်လင့်ချက်တို့က တိုးပွားဝင်ရောက်လာခဲ့၏။ ကျွန်မသိသောသူ ခပ်များများတွင်လည်း ဤသို့ ခံစားကြရသည်ဟု ကျွန်မ သိထားပါသည်။ ကျွန်မတို့အားလုံးသည် ရင်သွေးများ၏ အနာဂတ်အတွက် ပူပန်ခဲ့ကြသည်။ ကျွန်မ ယုံကြည်သကဲ့သို့ အများကလည်း ဘားရက်သည် အနာဂတ်တွင် ပြောင်းလဲခြင်းကို လုပ်ဆောင်ပေးနိုင်မည့် တစ်ဦးတည်းသော သမ္မတလောင်းဖြစ်သည်ဟု ယုံကြည်ကြပါသည်။

ဘားရက်က အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရတ်အရေးကိစ္စတွင် ပါဝင်ပတ်သက်နေသည်ကို မလိုလား။ ဂျော့ချ်ဒဗလျူဘွတ်ရှ်က အလွန်အမင်း ချမ်းသာကြွယ်ဝသည့် သူဌေးကြီးများထံမှ အခွန်အတုတ်လျှော့ပေါ့ကောက်ခံနေ သည်ကိုလည်း ပြန်လည် မြှင့်ချင်သည်။ အမေရိကန်ပြည်သူအားလုံး တတ်နိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုကိုလည်း ပေးချင်၏။ ထိုရည်မှန်းချက်မှာ ခိုင်မာသောရပ်တည် ချက်ပင်ဖြစ်သည်။ ကျွန်မနှင့် မဲဆန္ဒရှင်များ

တွေ့ဆုံစကားပြောကြရန် ခန်းမများ အတွင်းသို့ ရောက်ရှိသွားတိုင်း သူတို့လိုချင်သည့် ပန်းတိုင်သို့ရောက်အောင် ကျွန်မတို့ သွားရမည်ဟု စိတ်သွင်းထားခဲ့မိပါသည်။ ဟောပြောပွဲခန်းမများသည် မဲဆန္ဒရှင်များနှင့် ကျွန်မတို့အား တစ်သားတည်းရှိစေမည့် စိတ်ဓာတ်ကိုလည်း ပေးစွမ်းပါသည်။ မည်သည့်အသားအရောင်မဆို တစ်သားတည်းရှိစေရမည်ဆိုသည့် စိတ်ဓာတ်ပင် ဖြစ်၏။ ရည်မှန်းချက်မှာ ကြီးမားလွန်းသည်ဟု ဆိုနိုင်သော်လည်း ခွန်အားတိုးပွားကာ လှိုင်းများ တလိမ့်လိမ့် တက်လာသကဲ့သို့ "မျှော်လင့်ချက်တွေ ပြန်လာပြီ" ဟုသာ ဆိုချင်ပါတော့သည်။

ဖေဖော်ဝါရီလ၏ တစ်ခုသောရက်၌ ကျွန်မက ဝစ္စကွန်ဆင်သို့ ရောက်နေ၏။ ကစ်တီက ဘားရက်၏ အဖွဲ့သားများထဲမှ တစ်စုံတစ်ယောက်က ဖုန်းခေါ်နေသည်ဟု ပြောလာ၏။ ပြဿနာတစ်ခုခုလည်း ရှိပုံရတယ်ဟု ကေတီက ဆိုသည်။ ထိုအချိန်မတိုင်မီ နာရီအနည်းငယ်က ကျွန်မ မီလ်ဝေါကီတွင် စကားပြောခဲ့သေးသည်။ ထိုသို့ ပြောကြားရာ၌ အချို့အချက်အလက်တို့မှာ ပြောနေကျနှင့် မတူစေရန် ပြောကြား ဖြစ်ခဲ့၏။ ကေတီခေါင်းရှုပ်နေသကဲ့သို့ ကျွန်မလည်း စိတ်ရှုပ်သွား၏။ မီလ်ဝေါကီတွင် ပြောခဲ့သည်ဆိုသည်မှာ တကယ်တမ်းတွင် မယ်ဒီဆင်မှ ပရိသတ်များကို ပြောခဲ့သည် နှင့် အတူတူပင်။ ထိုစကားများကို အနယ်နယ်အရပ်ရပ်မှ မဲဆန္ဒရှင်များအား လပေါင်း များစွာ ပြောကြားခဲ့ပြီးလည်း ဖြစ်သည်။ မည်သည့်ပြဿနာမျှ မရှိခဲ့။ ယခုမှ ဘာပြဿနာတက်လေသည်လဲ။

ထိုနေ့ နှောင်းပိုင်းတွင် ပြဿနာ၏ရင်းမြစ်ကို သိလာရသည်။ လူတစ်ယောက်က ကျွန်မ မိနစ်လေးဆယ်မျှ စကားပြောသည်ကို ရိုက်ကူးသွားကာ ဆယ်စက္ကန့်မျှသာကြာသည့် သတင်းတိုအဖြစ် ပြင်ဆင်တည်းဖြတ်လိုက်၏။ ထိုသို့တည်းဖြတ် ရာတွင် အကြောင်းအရာတော်တော်များများ ပါဝင်သွားပြီး တချို့သော စကားလုံးတို့ သာ ကျန်ရစ်၏။

မီလ်ဝေါကီနှင့် မယ်ဒီဆင်တွင် ဟောပြောခဲ့သည်များလည်း အင်တာနက်တွင် တက်လာကြသည်။ ကျွန်မပြောခဲ့သည့် စကားအပြည့်အစုံက "ဒီနှစ်ပိုင်းအတွင်း ကျွန်မတို့ သိရှိခွင့်ရလာသည်က "မျှော်လင့်ချက်" ပြန်ရလာနေပြီ ဆိုတာပါပဲ။ ပြောပါရစေ၊ ကျွန်မ လူကြီးတစ်ယောက်ဖြစ်လာပြီးမှ ကျွန်မ ပထမဆုံးအကြိမ် ခံစားရတဲ့ ခံစားမှုပါ။ အဲဒါကတော့ ကျွန်မတိုင်းပြည်နဲ့ ပတ်သက်လို့ ဂုဏ်ယူမိတာပါပဲ။ ဘားရက်က ဘာမှမလုပ်ရသေးပါဘူး။ ဒါပေမဲ့ လူတွေက ပြောင်းလဲခြင်းကို ဆာလောင်မွတ်သိပ်နေကြပြီ။ ကျွန်မအနေနဲ့ကလည်း ကျွန်မတို့တိုင်းပြည်ကြီး အဲဒီလို ပြောင်းလဲသွားမှာကို မြင်ချင်ပါတယ်။ ကျွန်မမျှော်လင့်ချက်တွေ ဖြစ်မလာခဲ့ရင် တစ်ယောက်တည်း စိတ်ပျက်အားငယ်မိမှာ အမှန်ပါပဲ။ ကျွန်မ

ခုလိုစည်းရုံးရေးတရား ပွဲတွေ ကျင်းပတဲ့အခါမှာ ပြည်သူတွေရဲ့ တက်ကြွမှုကို မြင်ရတဲ့အတွက် ဂုဏ်ယူမိပါ တယ်။ မြင်ရရုံနဲ့ကို ဂုဏ်ယူမိတာပါ”ဟု ပြောကြားခဲ့သည်။

ကျွန်မစကားတွေကို ဖြတ်တောက်ပစ်လိုက်သည့်အခါ “မျှော်လင့်ခြင်း”၊ “စည်းရုံးခြင်း”ဆိုသည့် စကားများ ပါဝင်မလာတော့ပေ။ ရည်ရွယ်ချက်နှင့် တခြားစီ ဖြစ်သွား၏။ ရေဒီယိုမှ ဟောပြောချက်၊ စင်မြင့်ပေါ်မှ ဟောပြောချက်တို့ကို ဖြတ်ညှပ် ကပ်လုပ်လိုက်သည့်အခါ “ကျွန်မ လူကြီးတစ်ယောက် ဖြစ်လာပြီးမှ ပထမဆုံးအနေနဲ့ ကျွန်မတိုင်းပြည်အတွက် ဂုဏ်ယူပါတယ်” ဖြစ်လာခဲ့သည်။

သတင်းများကို ကျွန်မကြည့်လိုစိတ် မရှိတော့ပေ။ “ဒီမိန်းမက မျိုးချစ်စိတ် မရှိပါဘူး၊ သူက အမေရိကားကို မုန်းတယ်၊ ပြောနေတာတွေနဲ့ သူ့စိတ်ရင်းက တခြားစီပဲ၊ စင်ပေါ်မှ ဟန်ပြလုပ်နေတာ” စသည့်စကားသံများလည်း ထွက်လာ၏။ ဘဝတွင် ပထမဆုံးအကြိမ် ထိုးနှက်ခံလိုက်ရသည်။ ထိုသို့ ထိုးနှက်ခံရခြင်း မှာလည်း ကျွန်မကြောင့်သာ ဖြစ်ပါသည်။ သတိထားစကားပြောပါလျက် မလိုသူတို့၏ ညွတ်ကွင်းကို စကားဆယ့်လေးလုံးဖြင့် သက်ဆင်းခဲ့မိသည်။ ပထမတန်းကျောင်းသူဘဝကကဲ့သို့ ကျွန်မ မသိနားမလည်ခဲ့ပါလား။

ထိုညက စိတ်ဓာတ်ပျက်ပြားစွာ၊ အပြစ်ရှိသည်ဟု ခံယူကာ ချီကာဂိုနေအိမ် သို့ လေယာဉ်ဖြင့် ပြန်လာခဲ့သည်။ မလီဆာနှင့် ကေတီတို့ကတော့ ဤသို့ ဖြတ်ညှပ် ကပ်လုပ်ထားသောဗီဒီယိုမှာ မည်သူ့ထံမှ ပေါ်ပေါက်လာသည်ဆိုသည်ကို ဘလက် ဘယ်ရီမှတစ်ဆင့် ခြေရာခံနေကြမည်ကို ကျွန်မသိပါသည်။ သူတို့က ကျွန်မအား အသိမပေးသဖြင့် ကျွန်မကလည်း မမေးတော့ပေ။ ကျွန်မတို့သုံးယောက်သည် တစ်နှစ်ပတ်လုံး လက်တွဲကာ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ ကြသည်။ ကျွန်မတို့မှန်းထားသည်ထက် မိုင်ပေါင်းများစွာ ပို၍ ခရီးသွားခဲ့ကြသည်။ နာရီစက္ကန့်လက်တံနှင့်အပြိုင် သမီးတို့ အိပ်ချိန်မီအောင်လည်း အိမ်ပြန်ခဲ့သည်။ တစ်နိုင်လုံးရှိ ဟောပြောပွဲကျင်းပနိုင်သည့် ခန်းမကြီးများအား ခြေဆန့်ခဲ့ကြသည်။ လမ်းပေါ်မှ ကြုံရာ အသင့်စားသောက်ဆိုင်များတွင် စားခဲ့ကြ၏။ ဘားရက်နှင့် သူ့အဖွဲ့က စင်းလုံးငှားလေယာဉ်ဖြင့် ခြေဆန့်နေကြချိန်တွင် ကျွန်မတို့က အများပြည် သူတို့ စီးနင်းလိုက်ပါမည့်လေယာဉ်များတွင် လိုက်ပါခွင့်ရရန် တန်းစီနေကြ၏။ တစ်ခါတစ်ရံတွင် ဟောပြောပွဲတစ်ခုနှင့်တစ်ခုမှာ မိုင်ပေါင်းရာချီဝေး၍ မီးရထားဖြင့် သွားခဲ့ကြရသည်လည်း ရှိပါသည်။

လုပ်ဆောင်မှုနှင့်ပတ်သက်၍ ကျွန်မတို့ အကောင်းဆုံးလုပ်ဆောင်ခဲ့ကြသည်။ တစ်ခါတစ်ရံတွင် သတင်းထောက်များက ကျွန်မအား မေးခွန်းမေးရန်အတွက် တန်းစီစောင့်ဆိုင်းနေသည့်အခါများ၌လည်း ကေတီသည် ကုလားထိုင်တစ်လုံးပေါ် တက်ရပ်ကာ

အသံကုန်အော်ပြောနေရသည်များလည်း ရှိခဲ့ပါသည်။ တန်းစီနေကြ သော သတင်းထောက်များမှာ သူ့ထက် အသက်များစွာကြီးသူများ ဖြစ်ကြသည်။ မလီဆာကတော့ တကယ့်ဉာဏ်ကြီးရှင်ဟု ကျွန်မ ဆိုချင်ပါသည်။ ကျွန်မ၏ အစီအစဉ်အသေးစိတ်ကို ရေးဆွဲပေးသူ ဖြစ်၏။ တစ်နေ့တည်းတွင် စည်းရုံးရေးပွဲ နှစ်ပွဲ၊ သုံးပွဲကူးနိုင်စေရန်လည်း သူပင် စီစဉ်၏။ သူ အစီအစဉ်ကောင်းမှုကြောင့် ကျွန်မသည် စည်းရုံးရေးခရီးစဉ်အတွင်းမှာပင် သမီးတို့၏ ကျောင်းကပွဲလည်း မလွတ်စေရ၊ မိတ် ဟောင်းဆွေဟောင်းတို့၏ မွေးနေ့များကိုလည်း မပျက်ကွက်ခဲ့ရပေ။ ကျွန်မကိုယ် တိုင်လည်း နေ့စဉ် လေ့ကျင့်ခန်း ပုံမှန်ကစားနိုင်ပါသေး၏။ သူတို့နှစ်ယောက်သည် ထိုသို့ ပျက်ကွက်လစ်ဟင်းမှုမရှိစေရန် အရာရာကို စွန့်လွှတ်အနစ်နာခံနေကြသူများ ပင်ဖြစ်၏။

လေယာဉ်၏ မီးမှိန်မှိန်အောက်တွင် စကားဆယ့်လေးလုံးက ကျွန်မဘဝ တစ်ခုလုံးကို ဖောက်ခွဲသကဲ့သို့ ဖြစ်ခဲ့ရသည်ကို စဉ်းစားနေမိသည်။

အိမ်သို့ရောက်သည့်အခါ သမီးများအား သိပ်ပြီးနောက် အမေ့အား လျူးစစ် ရိပ်သာလမ်းနေအိမ်သို့ နားနေရန် ပြန်ပို့ရသည်။ အိမ်ပြန်ရောက်ချိန်တွင် ဘားရက်၏ လက်ကိုင်ဖုန်းအား ကျွန်မ ဆက်သွယ်လိုက်၏။ ထိုနေ့မှာ ဝစ္စကွန်ဆင်ရွေးကောက်ပွဲ မတိုင်မီတစ်ရက် ဖြစ်သည်။ အခြေအနေက ကျပ်ကျပ်တည်းတည်း ပြိုင်ရမည့် အခြေအနေ ဖြစ်နေသည်။ တစ်နိုင်ငံလုံးအတွက် ယှဉ်ပြိုင်ရမည်ဆိုလျှင် ဘားရက်၌ ထောက်ခံမှုအားနည်းနိုင်ပါသည်။ အင်အားကောင်းနေသော ဟီလာရီက ဘားရက် တင်ပြသော အမျိုးသားကျန်းမာရေး စီမံကိန်းကအစ ပြစ်တင်ဝေဖန်လျက် ရှိသည်။ ဘားရက်က ဟီလာရီနှင့် စကားစစ်ထိုးပွဲများကို တတ်နိုင်သမျှရှောင်နေ၏။ ယှဉ်ပြိုင်မှု အရှိန်အဟုန်မြင့်မားလာသည်နှင့်အမျှ ဘားရက်၏ စည်းရုံးရေးမှူးများက အထိအခိုက် မခံရစေရန် အထူးဂရုပြုနေကြသည်။ ထိုအချိန်မျိုးတွင် ကျွန်မ စကားအမှားပေါ်ပေါက် လာသဖြင့် ဘားရက်အား တောင်းပန်ရပါသည်။ “ကျွန်မ စိတ်ကူးမရှိဘဲပြောလိုက်တဲ့ စကားတစ်ခွန်းက အမှားဖြစ်သွားခဲ့တယ် ဘားရက်။ ဒါပေမဲ့ ဒီစကားက အခုမှပြောတဲ့ စကားလည်း မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ လပေါင်းများစွာကတည်းက ပြောလာခဲ့ တာပါ”။

ဘားရက်က ထိုညတွင် ဝစ္စကွန်ဆင်မှ တက္ကဆက်စ်သို့ ကူးနေသောည ဖြစ်သည်။ ဘားရက် ပခုံးတွန့်လိုက်သည်ကို မြင်ယောင်နေမိသည်။ “မစ်ချ် ပရိသတ်က များလွန်းတယ်လေ၊ မင်းပါဝင်ပေးတဲ့အတွက် စည်းရုံးရေးက အင်အားပိုကောင်း လာတာပါ။ အဲဒီအဓိပ္ပာယ်က သူတို့ ကိုယ့်ကိုမဲပေးမယ်လို့ ဆိုလိုတာပါကွာ။ စိတ်မပူပါနဲ့။ တစ်ခါတလေ ဒီလိုပဲ ဖြစ်တတ်ပါတယ်”ဟု ဆို၏။

သူနှင့် စကားပြောလိုက်တိုင်း စိတ်ချမ်းသာရပါသည်။ သူက ကျွန်မကို

စည်းရုံးရေးတွင် ပါဝင်ဆောင်ရွက်ပေးနေခြင်းအတွက် ကျေးဇူးတင်စကားပင် ဆိုနေသေးသည်။ “ကိုယ်ချစ်တယ် ဟန်နီ။ ဒီအလုပ်က ဟန်နီအတွက် ကြမ်းတမ်းတယ် ဆိုတာ သိပါတယ်။ ဒါပေမဲ့ ခါတိုင်းလိုပဲ အစစအရာရာ ပြီးသွားမှာပါ”ဟု ပြောကြားပြီးမှ ဖုန်းချသွားပါတော့သည်။

※

သူပြောသည်မှာ အမှန်ပင်ဖြစ်ပါသည်။ မှားသည်ဟုလည်း ဆိုနိုင်ပြန်ပါသည်။ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဝစ္စကွန်ဆင်၌ ကျင်းပသော အခြေခံရွေးကောက်ပွဲတွင် ဘားရက် ပွတ်ကာသီကာဖြင့် နိုင်လိုက်သည်။ နိုင်လိုက်သည်ကို ကြည့်ခြင်းအားဖြင့် ကျွန်မစကားသည် သူ့အား မထိခိုက်စေခဲ့ဟု ယုံကြည်ရ ပါသည်။ ထိုနေ့မှာပင် ကျွန်မက “ကျွန်မနိုင်ငံအတွက် ကျွန်မ ဂုဏ်ယူပါတယ်။ ရှင်တို့ ဟိုရက်ပိုင်းက ကျွန်မ ပြောပါတယ်ဆိုပြီး လုပ်ကြံခံရတဲ့စကားစုကိုများ ကြားမိကြသလားတော့ မပြောတတ်ဘူး။ တကယ်တော့ ကျွန်မက ကျွန်မတိုင်းပြည်အတွက် အင်မတန်ဂုဏ်ယူတဲ့ မိန်းမတစ်ယောက်ပါ” ဟု ပြောနေစဉ်တွင် စင်ဒီမက္ကိန်း က ခတ်ပုံရိုက်လိုက်၏။ ထိုစကားကို ကိုးကားကာ CNN က “မျိုးချစ်စိတ်ပျာလောင် ခတ်ခြင်း”ဟု ခေါင်းစဉ်တပ်သည်။ ဘလောက်ဂါများကလည်း ထိုးစံအတိုင်း ရေးကြသည်။ သို့သော် မကြာခင်ရက်ပိုင်းမှာပင် ပြန်လည် ငြိမ်သက်သွားကြပါသည်။ ဘားရက်နှင့် ကျွန်မက သတင်းထောက်များနှင့် တွေ့ကြသည်။ ကျွန်မက လူဖြူများ ကိုယ်တိုင် ပါဝင်လာကာ ကျွန်မတို့ပြောသည့် ဒီမိုကရေစီနှင့်ပတ်သက်၍ ယုံကြည်လာကြသဖြင့် ဝမ်းသာမိပါကြောင်း ပြောကြားခဲ့သည်။ အမှန်တကယ်လည်း ကျွန်မ ယုံကြည်မိလာခြင်းဖြစ်ပါသည်။ ကျွန်မတို့ ခရီးဆက်ကြသည်။ စည်းရုံးရေးပွဲများ၌ ကျွန်မပါးစပ်က ထွက်သော စကားလုံးတိုင်းကို ကျွန်မ သတိထားသည်။ သို့သော် ပြောသည့်အဓိပ္ပာယ်က အတူတူပင် ဖြစ်ပါသည်။ ကျွန်မ ဂုဏ်ယူနေမိသကဲ့သို့ အားလည်းတက်မိ၏။ ခုချိန်ထိ ပြောင်းလဲမှုဟူ၍ ဘာမျှ မရှိသေးပါ။

သို့သော် အဖျက်ဘက်မှ ပင်ပျိုကလေးတစ်ခုက မျိုးစေ့ချ အညှောက်ထွက်လာခဲ့ပြန်သည်။ ကျွန်မ သတိအတန်တန်ထားနေသည့်ကြားမှ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ဖန်တီးလာကြခြင်းပင် ဖြစ်သည်။ ဘားရက်၏ ပြိုင်ဘက်များဘက်က စတင် ထုတ်လွှင့်လေသလား သို့တည်းမဟုတ် အခြားမည်သည့်နေရာက စတင်လေသည်လဲ ဆိုသည်ကိုပင် မပြောတတ်ပါချေ။ မည်သူက စ,ဖြန့်သည်ဖြစ်စေ မဲဆန္ဒရှင်များကြား ပြန့်နှံ့လာခဲ့သည်။ “သူတို့က လူမည်းတွေ၊ ဒီလိုလူတွေ နိုင်လို့ ဘယ်ဖြစ်ပါ့မလဲ။ သူတို့အမြင်က အဖြူတွေ အမြင်နဲ့ ဘယ်တူနိုင်ပါ့မလဲ”ဆိုသည့် စကားဖြစ်၏။

သို့သော် ထိုစကားကို ချေဖျက်လိုက်နိုင်သည်က ABC သတင်းဌာနမှ ထုတ်လွှင့်ပေးသော ဘုန်းတော်ကြီး ဂျရာမီးယားရိုက်၏ နှစ်ဆယ့်ကိုးနာရီကြာ တရားပင် ဖြစ်သည်။ သူသည် ကျွန်မတို့ဇနီးမောင်နှံကို ထိမ်းမြားလက်ထပ်ပေးခဲ့သည့်အပြင် ကလေးများအားလည်း ဘာသာသွတ်သွင်း ပေးခဲ့သူ ဖြစ်သည်။ ကျွန်မတို့ နှစ်ယောက်လုံးမှာ လူမည်းများဖြစ်သဖြင့် လူမျိုးရေးခွဲခြားမှု မျက်လုံးများအောက်တွင် ကြီးပြင်းခဲ့ကြရသည်။ ကျွန်မအမေ၏ ဦးလေးတော်စပ်သူ ဦးတောင်ပိုင်းသားကြီးက ဆိုလျှင် သူ့မျိုးဆက်များ လူဖြူများဝန်းကျင်တွင် ကြီးပြင်းပါက နှိမ့်ချဆက်ဆံခံရမည်ကို သောက ရှိခဲ့၏။ ဘားရက်၏ အဘွား တွတ်သည် လူဖြူအမျိုးသမီးဖြစ်သော်လည်း လူမျိုးရေးခွဲခြားဆက်ဆံမှုကို မလိုလား။ သို့သော် တစ်ခါတစ်ရံ သူကိုယ်တိုင်ပင်လျှင် လမ်းပေါ်၌ လူမည်းတစ်ယောက်နှင့် ပက်ပင်းတွေ့ပါက ကြောက်စိတ်ရှိသည်ဟု ဆိုဖူးသည်။ ကျွန်မတို့သည် အစဉ်အဆက်အားဖြင့် သဘောထား ကျဉ်းမြောင်းသူတို့လက်တွင် ကြီးပြင်းခဲ့ကြရသည်။ သူတို့ စွဲကိုင်ထားသည့်ဆောင်ပုဒ်မှာ "မည်သူမျှ ပြီးပြည့်စုံ သူ မဖြစ်နိုင်"ဟု ဖြစ်ရာ မည်သူ့ကိုမျှ မယုံကြပေ။ ဘုန်းတော်ကြီး ရိုက်၏ တရားမှာ မီးစမွှေးသကဲ့သို့ ဖြစ်နေသည်။ ဤကိစ္စကို သုံးသပ်ကြည့်လျှင် တိုင်းပြည်၌ လူမျိုးရေး ကြောင့် ကွဲပြားနေကြသည်။ နှစ်ဖက်လုံးတွင် သံသယကိုယ်စီရှိနေခြင်းကြောင့်ပင် ဖြစ်တော့သည်။

တစ်စုံတစ်ယောက်က လွန်ခဲ့သည့် နှစ်နှစ်ဆယ်ခန့်က ပရင်စတန်တွင် ကျွန်မရေးခဲ့သော စာတမ်းကို တခုတ်တရ ရှာဖွေလာခဲ့သည်။ ပရင်စတန်ကောလိပ်တွင် အာဖရိကန်-အမေရိကန် လူမျိုးတစ်ယောက် အနေဖြင့် လူမျိုးရေးခွဲခြားဆက်ဆံမှုအပေါ် မည်သို့မြင်ပါကြောင်း ကျွန်မ ရေးခဲ့သည့်စာတမ်း ဖြစ်၏။ ကျွန်မ မည်သို့မျှ နားမလည်နိုင်ပေ။ တစ်ဖက်သတ်၊ တစ်ယူသန်နိုင်သော မီဒီယာများက ကျွန်မရေး သားခဲ့သောစာတမ်းကို လူမည်းတို့၏ ထွက်ရပ်လမ်းကို ညွှန်ပြနေသည့် ကျမ်းတစ်ဆူသဖွယ် တင်ပြလာခြင်းဖြစ်သည်။ ထိုစဉ်က ကျွန်မအသက်မှာ နှစ်ဆယ့်တစ်နှစ်သာ ရှိသေးပြီး ဟားဗတ်ဥပဒေကျောင်း တက်နိုင်ရန်အတွက် အမှတ်ကောင်းကောင်းရရေး ကိုသာ ရှေးရှုကာ ရေးသားတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်မထက် အမှတ်ကောင်းရနေသော လူဖြူကျောင်းသားများကို ကျော်တက်နိုင်ရေး အဓိကထားကာ ရေးခဲ့ခြင်းလည်း ဖြစ်ပါသည်။ ခုတော့ ထိုစာတမ်းက ကျွန်မခင်ပွန်းအတွက် အဟန့်အတား တစ်ခု ဖြစ်လာသည်။ စာနယ်ဇင်းများ၊ သတင်းဌာနများက "မစ်ရှယ်လ်အိုဘားမားသည် ဘုန်းတော်ကြီး ဂျမီးရားရိုက်၏ ကြေညာစာတမ်းအတွက် တာဝန်ရှိသူလား" ဟူသော ခေါင်းစဉ်များဖြင့် ရေးသားမေးမြန်း လာကြသည်။ ခရစ္စတိုဖာဟစ်ခန် ဆိုသူကဆိုလျှင် ကျွန်မသည် ကောလိပ်ကျောင်းသူဘဝတွင် လူမည်းအတွေးအခေါ် ပညာရှင်တို့၏ အဆိုအမိန့်များ လွှမ်းမိုးခံထားရပြီး စာတိုပေစရေးသူဖြစ်ကြောင်း

ဖော်ပြခဲ့သည်။ သူကပင် ကျွန်မ၏ စာတမ်းမှာ ဖတ်၍မရနိုင်ကြောင်း၊ လူမသိသည့် ဘာသာစကားဖြင့် ရေးဖွဲ့ထားကြောင်း စွပ်စွဲပြန်ပါသည်။

ကျွန်မကို ရိုးရိုးသားသား အရောင်ခြယ်မှုန်းကြသည်မဟုတ်၊ ကျွန်မ တတ်ကျွမ်းထားသော ဘာသာစကားသည် မည်သူမျှ မတတ်သော စကားဖြစ်သည်အထိ တွန်းပို့လိုက်သည်။ အမှန်စင်စစ်အားဖြင့် သဘောထားသေးသိမ်စွာ တွန်းလိုက်ခြင်းပင်။ သို့သော် သူဝေ့လိုက်သော ကျွန်မပညာအရည်အချင်း၊ အသက်ငယ်ရွယ်မှုက ကျွန်မအား ဂုဏ်သိက္ခာမကျဆင်းစေသည့်အပြင် ဂုဏ်တက်စေခဲ့၏။ ဘားရက်၏ ပုံတစ်ပုံကို လည်း ဆွဲထုတ်လာကြပြန်သည်။ ထိုပုံတွင် ဘားရက်က ခေါင်းပေါင်းပေါင်းထားကာ ဆိုမာလီရိုးရာဝတ်စုံကို ဝတ်ဆင်ထား၏။ ကင်ညာနိုင်ငံသို့ ဆီးနိတ်တာတစ်ဦးအဖြစ် သွားရောက်ရစဉ်က ရိုက်ကူးထားသည့်ပုံဖြစ်ပြီး ထိုပုံမှာ Drudge Report ၌ ဖော်ပြထား သောပုံဖြစ်၏။ သူတို့အဆိုက ဘားရက်သည် တိတ်တခိုးမွတ်စလင်ဖြစ်နေသည်ဟု ဖော်ပြကြပြန်သည်။ နောက်လအနည်းငယ်အကြာတွင် ဘားရက်သည် အမေရိကန် တိုင်းရင်းသားစစ်စစ် ဖြစ်ပါ၏လောဟု အင်တာနက်တွင် မေးခွန်းများ ပျံ့လာပြန်သည်။ ကောလာဟလများအဆိုအရ ဘားရက်သည် ဟာဝိုင်ယီတွင် မွေးဖွားသူ မဟုတ်၊ ကင်ညာနိုင်ငံတွင် မွေးဖွားခဲ့သူဟု ဆိုကြပြန်သည်။ ကင်ညာနိုင်ငံတွင် မွေးခဲ့သူဖြစ်ပါက သမ္မတ ဖြစ်မလာနိုင်ပေ။

ကျွန်မတို့က အခြေခံရွေးကောက်ပွဲများအတွက် အိုဟိုင်းယိုး၊ တက္ကဆက်စ်၊ ဗားမောင့်၊ မစ္စစ္စပီတို့မှာ ဆက်လက်လှုပ်ရှားနေဆဲတွင် ကျွန်မက မိန့်ခွန်းကို ဆက်လက်ပြောကြားသည်။ စည်းလုံးညီညွတ်ခြင်းအားဖြင့် “ပြောင်းလဲခြင်းကို ဆောင် ရွက်နိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် ဟောပြောသည်။ ထိုသို့ ဆက်လက်လုပ် ဆောင်နေရာ ကျွန်မနှင့်ပတ်သက်၍ နောက်ထပ်ပြဿနာတစ်ခုမှ ပေါ်မလာတော့ပေ။ FOX သတင်းဌာနကမူ ကျွန်မအား သွေးဆူလွယ်သူဟု ကင်ပွန်းတပ်လာသည်။ အင်တာနက်တွင်လည်း ကျွန်မစကားပြောစဉ် လူဖြူများအား “ဝှိုက်တီ”ဟု ပြောလိုက်သည်ကအစ အထအနကောက်ကာ ရေးသားကြ၏။ အမှန်တကယ်တွင် ကျွန်မ ထိုအသုံးအနှုန်းမျိုး သုံးလေ့သုံးထ,မရှိသည်ကို ကိုယ့်ကိုယ်ကို အသိဆုံးပင် ဖြစ်၏။ ဇွန်လတွင် ဘားရက်သည် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းဖြစ်သည်မှာ သေချာသွားပြီ ဖြစ်သည်။ မင်နီဆိုးတား၌ စည်းရုံးရေးပွဲ ကျင်းပစဉ် ထိုသတင်းရလိုက် သည်ဖြစ်၍ ကျွန်မက သူ့အား ချစ်ကြည်စွာ လက်သီးနှင့် တစ်ချက်ထိုးကာ ဂုဏ်ပြုလိုက်သည်။ ထိုအပြုအမူသည်လည်း သူတို့အတွက် ခေါင်းစီးသတင်း တစ်ပုဒ် ဖြစ်သွားပြန်သည်။ Fox သတင်းဌာနက “အကြမ်းဖက်သမား၏ လက်သီးချက်”ဟု ခေါင်းစဉ်တပ်၏။ သူတို့က ကျွန်မအား အန္တရာယ်ရှိသော မိန်းမတစ်ယောက်အဖြစ်

မီးမောင်းထိုးပြနေကြခြင်းပင် ဖြစ်သည်။ သူတို့ကပင် နောက်ထပ် ကင်ပွန်းတပ်ပေး လိုက်သည်က ကျွန်မကို "အိုဘားမား၏သမီး မေမေ" ဟူ၏။

ကျွန်မ အတော်ပင် ပင်ပန်းလာပြီ ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာပင်ပန်းခြင်း မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ နွမ်းလျလာခြင်း ဖြစ်သည်။ ထိုးနှက်ချက်တွေက များလာသည်။ အပြစ်မရှိအပြစ်ရှာကာ ရေးဖွဲ့ခြင်းတွေက များလာ၏။ ကာတွန်းရုပ်ပြောင်များ လည်း ဆွဲကြသည်။ အရုပ်မြင့်မြင့်၊ ဂေါ်ဇီလာကဲ့သို့ ဗလကောင်းကောင်းနှင့် မစ်ရှယ်လ်အိုဘားမားဟု ပြောင်ပြောင်တင်းတင်းပင် ကင်ပွန်းတပ်ကြသည်။ နာကျင် ရပါသည်။ တစ်ခါတစ်ရံ၌ မိတ်ဆွေများက ကျွန်မနှင့်ပတ်သက်၍ စိတ်ပူစွာ သတိပေး လာကြသည်အထိ ဖြစ်ကြရသည်။ သူတို့က ကျွန်မကို စည်းရုံးရေးတွင်မပါဘဲ ကျွန်မ လုပ်ဆောင်ထားသည်များကို စည်းရုံးရေးအဖွဲ့ မန်နေဂျာအား လွှဲပေးရန်အထိပြောကြသည်။ ကျွန်မက လူဖြူများကို ဝှိုက်တီဟု ခေါ်ဝေါ်သုံးစွဲကြောင်း ကောလာ ဟလများ ထွက်ပေါ်လာချိန်တွင် ကျွန်မအကြောင်း ကောင်းကောင်းသိသည့် မိတ်ဆွေ တစ်ယောက်က ဖုန်းဆက်ကာ အမှန်တကယ်မပြောခဲ့ဘူးလားဟု မေးနေသဖြင့် သူယုံအောင် မိနစ်သုံးဆယ်ခန့် ရှင်းပြရပါသေးသည်။ ကျွန်မသည် လူမျိုးရေးခွဲခြား တတ်သူ မဟုတ်ကြောင်းပင်။ ဖုန်းချလိုက်ပြီးချိန်တွင် ကျွန်မ တော်တော်စိတ်ဓာတ်ကျ သွား၏။

ခြုံ၍ ပြောရမည်ဆိုပါလျှင် ကျွန်မတို့ နိုင်မည်ဆိုသည်ကို သိနေပြီဖြစ်သည်။ မလိုသူများက မည်မျှပင် တိုက်ခိုက်နေစေကာမူ ကျွန်မတို့ ပန်းတိုင်သို့ ရောက်မည် သာဖြစ်ပါသည်။ ကျွန်မသည် မိန်းမသားတစ်ယောက်ဖြစ်သည့်အပြင် လူမည်းလည်း ဖြစ်နေသည်။ စိတ်ဓာတ်ခွန်အားပြင်းထန်သည်ကို မလိုသူများက ဒေါသကြီးသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြ၏။ အမှန်စင်စစ်တွင် သူတို့က လူမည်းအမျိုးသမီးတစ်ယောက်၏ စိတ်ဓာတ်ကို ရိုက်ချိုးကာ ချောင်ထိုးထားရန် ကြိုးစားနေကြခြင်းသာ ဖြစ်တော့သည်။

လက်ရှိအခြေအနေတွင် ကျွန်မသည် သူတို့ပြောသကဲ့သို့ ဒေါသ စ,ထွက် လာပြီဖြစ်သည်။ ထိုသို့ ဒေါသထွက်မိခြင်းက ကျွန်မအား မလိုမုန်းထားဖြစ်နေကြ သူများဆန္ဒကို ဖြည့်ဆည်းပေးသကဲ့သို့ ဖြစ်သွား၏။ သူတို့ဆင်ထားသော ထောင် ချောက်သို့ တိုးဝင်သကဲ့သို့ ဖြစ်သွားသည်။ ဒေါသဖြစ်နေကြသော လူမည်းအမျိုးသမီး မည်ရွေ့မည်မျှ သူတို့ထောင်ချောက်အတွင်း သက်ဆင်းခဲ့ကြပါသနည်း။ သူတို့ပြော သည်ကို နားထောင်မိလျှင် ကိုယ့်ဘက်ကလည်း အသံကျယ်ကျယ်နှင့် မတုံ့ပြန်မိဖို့ လိုသည်။

ကျွန်မ နွမ်းလျလာသည်။ တိုက်ခိုက်မှုများက မူဝါဒမဟုတ်တော့ဘဲ ပုဂ္ဂိုလ်ရေးဖြစ်နေသည်။ မရှောင်နိုင် မတိမ်းနိုင်တော့ဟုလည်း ခံစားမိ၏။ မေလ၏

တစ်ခုသောရက်တွင် ရီပါဘလီကင်ပါတီက အွန်လိုင်း၌ ဗီဒီယိုတစ်ခု တင်လာ၏။ ဝစ္စကွန်ဆင်တွင် ပရိသတ်များနှင့်တွေ့စဉ် ကျွန်မပြောသော စကားတချို့ကို ဖြတ်ညှပ် ကပ်လုပ်ထားသည့်ဗီဒီယို ဖြစ်သည်။ "ကျွန်မ ငယ်ငယ်ကလေးကတည်းက အမေ ရိကန်တစ်ယောက်ဖြစ်ရတာကို အင်မတန် ဂုဏ်ယူခဲ့တာ" ဆိုသည့် စကားမျိုးဖြစ်သည်။ NPR ဝက်ဘ်ဆိုက်က တစ်မျိုးထွင်လာပြန်သည်။ မစ်ရှယ်လ်အိုဘားမားက "ရပိုင်ခွင့်လား"၊ "ပေးရန်တာဝန်လား" ဟူသည့် စာရင်းကိုင်ပညာရပ်မှ စကားလုံးများ သုံးကာ ထိုးနှက်လာပြန်သည်။ ထိုခေါင်းစဉ်အောက်တွင် ကျွန်မနှင့်ပတ်သက်၍ "ရိုးရိုးသားသားလား၊ တိုက်ရိုက်ကျလွန်းတာလား" ဆိုသည့် စကားများဖြင့် ရေးသား ထိုးနှက်သည်။ "သူ့ပုံစံက တော်ဝင်ခံ့ညားခြင်းလား၊ စိုးရွံ့ထိတ်လန့်နေခြင်းလား"ဟု လည်း ဆိုပြန်သည်။

ကျွန်မ အမှန်အတိုင်းဝန်ခံရလျှင် ထိုသို့ အရေးခံရခြင်းကို နာကြည်းမိသည်။ တစ်ခါတစ်ရံတွင် စည်းရုံးရေး၌ ကျွန်မကိုပါဝင်စေသော ဘားရက်အား အပြစ်တင်မိသည်။ သို့သော် ကျွန်မသည် အခြားသမ္မတလောင်းများ၏ ဇနီးများထက် ထက်မြက်နေသည်ကိုလည်း ကျွန်မ သိ၏။ ထို့ကြောင့်ပင် ပိုမိုအတိုက်ခိုက်ခံရခြင်း ဖြစ်သည်။ ကျွန်မ ပင်ကိုဗီဇက ကိုယ့်ကိုထိလာလျှင် ချက်ချင်းတုံ့ပြန်တတ်သော သဘော ရှိသည်။ လိမ်ညာစွပ်စွဲခြင်း၊ မတော်မတရားပြောခြင်းတို့နှင့် ပတ်သက်၍ ကျွန်မကိုပြောသည်ဖြစ်စေ၊ ဘားရက်ကိုပြောသည်ဖြစ်စေ တုံ့ပြန်လိုက်ရမှ ကျေနပ်သည်။ သို့သော် သူ့စည်းရုံးရေးမှူးများက ဘာမျှမပြောဘဲ နေခြင်းက အကောင်းဆုံး ဟု ဆိုကြသည်။ ထို့ကြောင့် "ဒါ နိုင်ငံရေးပဲ"ဆိုသည့် မန္တန်ကိုသာ စိတ်ထဲတွင် အကြိမ်ကြိမ် ရွတ်နေရတော့သည်။ "နိုင်ငံရေး"ဟု အမည်တွင်သော ဂြိုဟ်ကမ္ဘာသည် သမားရိုးကျ ဥပဒေသများမရှိသည့် ရပ်ဝန်းပင် ဖြစ်တော့၏။

သို့ဖြင့် ကျွန်မပင်ကို ဗီဇစိတ်ဓာတ်ကို ချိုးနှိမ်ရတော့သည်။ ငါ ဒီလမ်းကို လိုက်ခဲ့ပြီးပြီ။ ဘယ်တုန်းကမှ မနှစ်မြို့ခဲ့တဲ့ နိုင်ငံရေး။ အလုပ်ကိုလည်း စွန့်ခဲ့ရတယ်၊ ခုတစ်ခါ ဖြစ်လာသမျှကိုလည်း ခေါင်းခံရတယ်၊ ငါ့မှာ ရှိခဲ့ဖူးတဲ့ ခွန်အားတွေ ဘယ်များရောက်ကုန်ကြပြီလဲဟု ကိုယ့်ကိုယ်ကို မေးမိသည်က အခါခါပင်။

ဘားရက် တစ်ရက်နားခွင့်ရသည့်နေ့ ချီကာဂိုက နေအိမ် မီးဖိုဆောင်အတွင်း နှစ်ယောက်သား အေးအေးဆေးဆေးရှိနေခိုက် ကျွန်မရင်တွင်းခံစားရသမျှကို ရင်ဖွင့်မိသည်။

"ကျွန်မ မလုပ်သင့်ဘူး ထင်တယ်။ စည်းရုံးရေးအတွက် ထိခိုက်စေမယ့် စကားကို ကျွန်မ ပြောလိုက်မိတယ် ထင်တယ်"ဟု ပြောမိသည်။

မလီဆာ၊ ကေတီနှင့် ကျွန်မတို့သုံးဦးမှာ ကျွန်မတို့အင်အားနှင့် မမျှတသော

သတင်းမီဒီယာများက ဝိုင်းဝန်းမေးမြန်းခြင်းခံရကြောင်း၊ ခရီးသွားရသည်မှာလည်း ကုန်ကျစရိတ်သက်သာစေရန် အများပြည်သူနည်းတူ သွားလာနေကြကြောင်း ရှင်းပြသည်။ ကျွန်မအနေဖြင့် စည်းရုံးရေးကိစ္စကို မထိပါးစေလိုဘဲ အထောက်အကူသာ ပြုလိုပါသည်။ သို့သော် အကျပ်အတည်းများနှင့် ကြုံလာရာ၌ အမှားအယွင်းဆို သည်မှာလည်း အနည်းနှင့်အများ ပါသွားနိုင်ကြောင်း၊ ပြစ်တင်ဝေဖန်လာကြသည့် အခါ ကျွန်မမှာ အကာအကွယ်မရှိကြောင်း ပြောပြသည်။ "ကျွန်မက အိမ်မှာပဲ အေးအေးဆေးဆေး ကလေးတွေနဲ့နေရင်ကောင်းမယ် ထင်တယ်"ဟု ဘားရက်ကို ပြောပြသည်။ "ပွဲကြီးတွေဆိုရင်တော့ ရှင့်ဘေးမှာ ရပ်ပြီး လာသမျှလူတွေကို ပြုံးပြပေး ပါမယ်။ ဒါဆိုရင် မလိုမုန်းထားဖြစ်နေကြသူတွေလည်း ကျေနပ်သွားကြမယ် ထင်တယ်"ဟုလည်း ရှင်းပြလိုက်သည်။

ကျွန်မပြောသမျှကို ဘားရက်က ကြင်နာစွာကြည့်ရင်း နားထောင်နေ၏။ သူ ပင်ပန်းနေပြီ ဆိုသည်ကိုလည်း ကျွန်မ နားလည်သည်။ အပေါ်ထပ်တက်ပြီး နားနားနေနေ အိပ်ဖို့သင့်နေပြီ။ မိသားစုဘဝနှင့် ကွာခြားသွားစေသော နိုင်ငံရေးဆိုသည်ကို တစ်ခါတစ်ရံတွင် ကျွန်မ မုန်းမိ၏။ သူ့ဘဝမှာ စက္ကန့်ပိုင်းလေးမျှပင် မနားရအောင် ပြဿနာများကို ဖြေရှင်းနေရသည်။ ကျွန်မအနေနှင့် နောက်ထပ် သူခေါင်းခြောက်စေမည့် ပြဿနာကို မတင်ပြလိုတော့ပါ။

"မင်းက ကိုယ့်အတွက် ထင်တာထက် ပိုလုပ်ပေးနိုင်ခဲ့ပါတယ် မစ်ချ်။ အဲဒါကိုတော့ မင်းသိထားဖို့ လိုမယ်"ဟု သူက ဆိုသည်။ "ဒါပေမဲ့ ခုအချိန်မှာ ဒီ အလုပ်တွေကို လျှော့ချလိုက်ချင်တယ်၊ ဒါမှမဟုတ် မလုပ်တော့ဘဲ ရပ်ပစ်လိုက်ချင်တယ်ဆိုရင်လည်း မင်းကို ကိုယ်နားလည်ပေးနိုင်ပါတယ်။ မင်းဆန္ဒရှိတဲ့အတိုင်း လုပ်ပါ"ဟု ဆိုသည်။

ဘားရက်က ကျွန်မအနေနှင့် သူ့အတွက် ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်ဟု မခံစားစေချင်သကဲ့သို့ စည်းရုံးရေးတွင်လည်း ပါဝင်လိုစိတ်ရှိမှသာ ပါဝင်ရန် ပြောသည်။ အကယ်၍ ကျွန်မအနေဖြင့် ဆက်လက်လုပ်ကိုင်ရန် ဆန္ဒရှိသည့်တိုင် လူအင်အားထပ်မံလိုအပ်ခြင်း စသည့် လိုအပ်သည့်ကိစ္စအဝဝ အတွက်လည်း သူ တိုင်ပင်ဖြည့်ဆည်းပေးမည်ဟု ဆို၏။

ကျွန်မ ကျေနပ်သွားသည်။ ကျွန်မအဖြစ်က ပထမတန်းကျောင်းသူကလေး တစ်ယောက် နေ့လယ်စာယူစားရန် တန်းစီနေစဉ် မုန့်ကောင်းကောင်းစားလိုက်ရသည့် ကလေး ပျော်သွားသကဲ့သို့ ဖြစ်နေ၏။ ထိုနည်းဖြင့်သာ နိုင်ငံရေးကိစ္စကို ဖြတ်လိုက်ကြပြီး ပန်းလျစွာဖြင့် အိပ်ရာဝင်ခဲ့ကြတော့သည်။

ထိုသို့ ဘားရက်နှင့် စကားပြောပြီး များမကြာမီရက်ပိုင်းအတွင်း ချီကာဂိုရှိဒေးဗစ်အက်စ်လေဘ့ဒ်၏ ရုံးခန်းသို့ သွားရောက်ကာ ဗယ်လာရီနှင့်အတူ ကျွန်မ ဟောပြောနေသည်များ ရိုက်ကူးထားသည့် ဗီဒီယိုကို ကြည့်ကြသည်။ ထိုသို့ ပြန်ကြည့် လိုက်သည့်အခါမှ စကားပြောသည့်နေရာတွင် ကျွန်မ မည်သည့်အစိတ်အပိုင်းကို ထိန်းချုပ်ရန်လိုအပ်ကြောင်း သဘောပေါက်လာခဲ့သည်။ သူတို့နှစ်ဦးကမူ ကျွန်မသည် ဘားရက်အတွက် များစွာ အထောက်အကူပြုကြောင်း၊ ဘားရက်အား လိုလားနေသူများကို ပိုမိုစိတ်ပါဝင်စားလာစေရန် ဆောင်ရွက်ပေးနိုင်သည်ဟု ချီးမွမ်းကြပါသည်။ သို့သော် အက်စ်က အသံကိုလျှော့ကာ ကျွန်မမျက်နှာပေးအမူအရာများကို အသေးစိတ်ကြည့်နိုင်ရန် ပြန်ပြသည်။

ကျွန်မ ဘာကိုတွေ့လိုက်သည် ထင်ပါသနည်း။ ကျွန်မသည် အဖြတ် အတောက်အလျှင်းမရှိ ကရားရေလွှတ် တောက်လျှောက်ပြောနေသည်။ အမေရိကန် ပြည်သူလူထုတို့ တွေ့ကြုံခံစားနေရသော ဒုက္ခများအကြောင်း ပြောနေသည်။ ကျောင်းများတွင် မညီမမျှခံစားနေရပုံ၊ ကျန်းမာရေး စောင့်ရှောက်မှုတွင်လည်း ဟာကွက်များ ရှိနေပုံ စသည်တို့ကို ထောက်ပြနေသည်။ ထိုကိစ္စရပ်များ တင်ပြနေသည့် ကျွန်မ မျက်နှာပေးမှာလည်း ခံစားနေရသည့်သူတစ်ယောက်၏ မျက်နှာပေးအတိုင်း ဖြစ်နေ၏။ ထိုကိစ္စများသည် အရေးကြီးသောကိစ္စများဖြစ်ကြောင်း ကျွန်မမျက်နှာကို ကြည့် ရုံဖြင့် သိသာပါသည်။

သို့သော် ထိုသို့ဆောင်ရွက်ခြင်းသည် ပြင်းထန်လွန်းနေသည်။ လူထုပရိသတ် က မိန်းမတစ်ယောက်ထံမှ ထိုကဲ့သို့သောကိစ္စများ ပြောလာလိမ့်မည်ဟု ထင်မထား ပေ။ ကျွန်မ ပြောနေသည်က အရေးပေါ်ဆန်လွန်းနေသည်။ ကျွန်မပေးရမည့် သတင်းစကားက တိုင်းပြည်တွင် ဤသို့ ဖြစ်နေပါသည်ဆိုသည့် အဆင့်လောက်သာ ဖြစ်ပါ၏။ အထူးသဖြင့် မိန်းမတစ်ယောက်က ပြောသော စကားဖြစ်၍ မိန်းမတို့ သဘာဝအတိုင်း မြည်တွန်တောက်တီးသည်နှင့် ပိုတူနေပုံရသည်။

မပြုံးမရယ်၊ ခပ်တည်တည်မျက်နှာပေးဖြင့် စကားပြောတတ်သော ဘားရက်ကိုမူ ဝေဖန်သံ မကြားရပေ။ ကျွန်မက ရွေးကောက်ပွဲဝင်မည့်သူ မဟုတ်၊ ထို့ကြောင့် ယခုကဲ့သို့ ရေးကြီးခွင့်ကျယ်စကားတွေ ပြောနေမည့်အစား ပေါ့ပေါ့ပါးပါး နေရန်သင့်သည်ဟု မြင်ကြသည်။ နိုင်ငံရေးကမ္ဘာတွင် အမျိုးသမီးတို့၏ အခန်းကဏ္ဍ ကို စဉ်းစားရန် လိုလာသည်။ House of Representatives ၏ ပြောရေးဆိုခွင့်ရှိသူ နန်စီပီလိုစီ ဆိုသည့် အမျိုးသမီးကိုကြည့်ပါက အမြဲစမတ်ကျနေပြီး မာသည်၊ ပြတ်သားသည်။ သူ့ကို ဟီလာရီနှင့်ပင် နှိုင်းယှဉ်တင်စားပြောခံရသည်။ ဟီလာရီကိုဆိုလျှင် အမျိုးစုံတိုက်ခိုက်ဝေဖန်ကြသည်။ သူစကားပြောလျှင် အမျိုးစုံ

သံသေးသံကြောင်တို့နှင့် နှောင့်ယှက်ကြသည်သာမက သူ့ရယ်သံကိုပင် လှောင်ပြောင်ကြသည်။ ဟီလာရီသည် ဘားရက်၏ ပြိုင်ဘက်ဖြစ်ခြင်းကြောင့် ကျွန်မအနေနှင့် သူ့ဘက်မှ ဝင်ပြီး နာစရာမရှိပေ။ သို့သော် ကျွန်မက သူ့ကို သဘောကျသည်။ မိန်းမသားဖြစ်သော်လည်း မားမား မတ်မတ်ရပ်ကာ ရင်ဆိုင်ရဲသူ ဖြစ်၏။

ထိုနေ့က ဗီဒီယိုကို အက်စ်၊ ဗယ်လာရီတို့နှင့်အတူ ကြည့်ပြီးနောက် ကျွန်မမျက်ဝန်းထဲတွင် မျက်ရည်များ ပြည့်လာသည်။ ကျွန်မ စိတ်ပျက်မိ၏။ နိုင်ငံရေး နယ်ပယ်တွင် ကျွန်မ မကျွမ်းကျင်သေးသည်ကို သိလိုက်ရသည်။ ကျွန်မဖြင့် စင်ပေါ် မှာ မိန့်ခွန်းတွေပြောလာခဲ့တာ တစ်နှစ်ကျော်လာခဲ့ပြီ။ မဲဆန္ဒရှင်များနှင့် အကောင်းဆုံး ဆက်ဆံရေးရှိသည်ဟု မှတ်ယူခဲ့မိသည်။ ခုတော့ဖြင့် ကျွန်မ နားလည်လိုက်ပါပြီ။ အိုင်အိုဝါ ကဲ့သို့ ခန်းမခပ်ကျဉ်းကျဉ်းတွင် ပြဿနာမရှိသော်လည်း ကြီးမားသော ခန်းမ ကြီးများ၌ ပရိသတ်များပြားပါက ကျွန်မ မထိန်းနိုင်သေးဆိုသည်ကို သဘောပေါက် လိုက်သည်။ လူပရိသတ်များလျှင် မျက်နှာပေးကအစ ဂရုစိုက်ရန် လိုသည်။ ကျွန်မ သဘောပေါက်သည့်အချိန်မှာ နှောင်းခဲ့ပြီလားဟုလည်း စိတ်ပူသွား၏။

ကျွန်မ၏ အကောင်းဆုံးမိတ်ဆွေအဖြစ် တစ်ဆယ့်ငါးနှစ်ကျော် ရပ်တည်ခဲ့ ပြီးဖြစ်သည့် ဗယ်လာရီက ကျွန်မလက်ကို ဖျစ်ညှစ်ကာ အားပေးလိုက်၏။

“ရှင်တို့က ကျွန်မကို စောစောကတည်းက သတိပေးသင့်တာပေါ့။ ဘာကြောင့် မပြောကြတာလဲ” ကျွန်မ သူတို့ကို မေးကြည့်လိုက်၏။

အဖြေက ရှင်းပါသည်။ မည်သူမျှ အသေးစိတ် မကြည့်ဖြစ်ခဲ့ကြ။ ဘားရက်၏ စည်းရုံးရေးကိစ္စတွင် ကျွန်မပါဝင်နေသည်မှာ ကောင်းသည်ဟု ထင်နေခဲ့ကြသော် လည်း မကောင်းကြောင်း ကျွန်မကိုယ်တိုင် သိလိုက်ရ၏။ ယခု ကျွန်မကိုယ်တိုင် အက်စ်၏ရုံးခန်းတွင် ပြန်ကြည့်မိသည့်အခါမှသာ အမှားကို တွေ့ရတော့၏။

ကျွန်မအတွက် တစ်ဆစ်ချိုးအကွေ့ဟု ဆိုရပါမည်။ စည်းရုံးရေးဆိုသည်မှာ သမ္မတလောင်း ရွေးကောက်ပွဲဝင်မည့် သူကို ပံ့ပိုးကူညီရမည့်သူ ဖြစ်သည်။ ဇနီးဖြစ်ရန်၊ မိသားစုဝင်ဖြစ်ရန် မလိုပါချေ။ ဘားရက်၏ ဝန်ထမ်းများ၊ မိတ်ဆွေများကမူ ကျွန်မစည်းရုံးရေးဆင်းမည်ဆိုသောအခါ လေးစားမှု၊ တန်ဖိုးထားမှုတို့ကြောင့် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဆိုသည်ကိုပင် လမ်းညွှန်မှုမပြုကြပေ။ ကျွန်မနှင့် အတူ သွားရန် ဝန်မလေးကြသကဲ့သို့ ကျွန်မ ပွဲများတက်ရောက်ရန်လည်း အားတက်ကြသည်။ ကျွန်မသည် မီဒီယာနှင့်ပတ်သက်၍ လေ့လာသင်ယူခြင်း မရှိသကဲ့သို့ မိန့်ခွန်း ပြောကြားရန်လည်း

သင်ကြားတတ်မြောက်ခြင်းမရှိပေ။ သို့သော် မည်သူကမျှ ကျွန်မ ကို မတားဆီးခဲ့။ ကိုယ့်အသိနှင့်ကိုယ် ဆုံးဖြတ်ရပေတော့မည်။ စည်းရုံးရေးကာလ ခြောက်လသာ ကျန်တော့သည့်အချိန်တွင် ကျွန်မ အမှန်တကယ် အကူအညီလိုအပ်နေပြီ ဆိုသည်ကို နားလည် သဘောပေါက်လိုက်ရသည်။ အကယ်၍ ကျွန်မက ရွေးကောက်ပွဲဝင်မည့်သူ တစ်ဦးကဲ့သို့ ပြောဆိုပါမည်ဆိုလျှင် ထိုရွေးကောက်ပွဲဝင်မည့်သူ အတွက် အထောက်အကူပြု စကားများကိုသာပြောရန် လိုအပ်ပါမည်။ ကျွန်မက စည်းရုံးရေးကောင်းသည်ဟု အထင်ရောက်ပြီး ကိုယ့်ကိစ္စကိုသာ ကိုယ်ပြောခဲ့သည်။ ဘားရက် နောက်ဆုံးနီးပါးဖြစ်လောက်သည့် စည်းရုံးရေးခရီးစဉ်များ ဆင်းသောအခါ ကျွန်မအဖွဲ့ကို အင်အားဖြည့်ပေးလိုက်သဖြင့် ပွဲစဉ်ရေးဆွဲသူနှင့် ကိုယ်ရေးအရာရှိအဖြစ် ခရစ္စတင်းဂျာဗစ္စ ပါဝင်လာသည်။ စိတ်နှလုံးကောင်းရှိသူဖြစ်ပြီး ဘားရက် ဆီးနိတ်တာဘဝက သူ့ရုံးတွင် အလုပ်လုပ်ခဲ့သူဖြစ်သည်။ စိတ်ငြိမ်ငြိမ်ထားတတ်သူဖြစ်ခြင်းကြောင့် ကျွန်မ သွေးပူနေသည့်အချိန်များတွင် ထိန်းထားနိုင်သူလည်း ဖြစ်၏။ နောက်တစ်ယောက်မှာ နိုင်ငံရေးနှင့်ပတ်သက်၍ ဆက်သွယ်မှု ကျွမ်းကျင်သူ စတက်ဖနီကတ်တာ ဖြစ်သည်။ ကေတီ၊ မလီဆာတို့နှင့် အလုပ်လုပ်ရင်း စတက်ဖနီက ကျွန်မပြောလိုသော သတင်းစကားတို့ကို ပိုမိုတောက်ပြောင်ထိရောက်လာအောင် စီစဉ်တင်ဆက်မှုကအစ ပြင်ဆင်ပေး၏။ အထူးသဖြင့် ပွဲကြီးများတွင် ပိုသတိထားသည်။ နွေရာသီ၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ်ကွန်ဗင်းရှင်းတွင် စကားပြောရန် သူ ပြင်ဆင်ပေးခဲ့သည်။ နောက်ဆုံးတွင် ကျွန်မတို့ စည်းရုံးရေးခရီး၌ သုံးရန် လေယာဉ်တစ်စင်း သုံးစွဲခွင့်ရခဲ့သည်။ ထို့ကြောင့် ကျွန်မအနေဖြင့် ပိုမိုသွက်လက်စွာ ခရီးဆန့်နိုင်လာသည်။ လေယာဉ်ဖြင့် ခရီးသွားနေစဉ် အတွင်း မီဒီယာများနှင့် အင်တာဗျူး လုပ်နိုင်လာသည်။ ပွဲကျင်းပမည့်နေရာသို့ မရောက်မီ လေယာဉ်ပေါ်၌ ကျွန်မအား မိတ်ကပ်ပြင်ဆင်ပေးခြင်း၊ ဆံပင်ပြင်ပေးခြင်း တို့ ဆောင်ရွက်နိုင်ကြသည်။ တစ်ခါတစ်ရံတွင် ဆာရှာနှင့် မလီယာတို့ လိုက်လိုသည် ဆိုပါက အပိုစရိတ်မကုန်တော့ဘဲ ခေါ်သွားနိုင်သည်။ ကျွန်မ စိတ်သက်သာရာရခဲ့ပါသည်။ ပိုပြီးလည်း ပြုံးနိုင်လာခဲ့၏။

ဟောပြောပွဲတစ်ခုကျင်းပရန် စီစဉ်နေခိုက်တွင် စတက်ဖနီက ကျွန်မကို အစမ်းသဘောဖြင့် ကျွန်မပြောခဲ့သမျှအကြောင်းအရာများထဲတွင် စိတ်ကြိုက်အတွေ့ဆုံး အကြောင်းအရာကို ပြောကြည့်ပါဟု ဆိုလာသည်။ ထိုအကြောင်းအရာတို့မှာ ကျွန်မခင်ပွန်းနှင့် သမီးများ၊ လုပ်ငန်းခွင်ဝင်နေသော မိခင်များနှင့် ဆက်သွယ်မှု၊ ချီကာဂိုမြို့သူဖြစ်ရခြင်းကြောင့် ဂုဏ်ယူသည့်အကြောင်းတို့ဖြစ်ကြောင်း သူ့ကို ပြောပြ လိုက်ရာ၊ သူက ကျွန်မသည် စကားပြောလျှင် ဟာသညှပ်ပြောတတ်သူဖြစ်ခြင်း ကြောင့် စင်ပေါ်တွင် စကားပြောလျှင်လည်း ယင်းသို့ပြောရန် အကြံပြု၏။ ထိုသို့ ပြောရမည်သာဆိုပါလျှင်

ကျွန်မ အထူးတလည် စဉ်းစားရန်မလိုသဖြင့် အဆင်ပြေလှ ပါသည်။ များမကြာမီမှာပင် The View အစီအစဉ်ကို တိုက်ရိုက်ထုတ်လွှင့်မည့် အစီအစဉ်၌ ကျွန်မကို ပူးတွဲတင်ဆက်သူအဖြစ် ပါဝင်ပေးရန် ကမ်းလှမ်းလာခဲ့ပါသည်။ ကျွန်မနှင့်အတူ စီစဉ်တင်ဆက်ကြမည့်သူများမှာ လှူပီဂိုလ်ဘာ့ဂ်၊ ဘာဘရာ ဝေါ်လ်တာနှင့် အခြားသူများ ပါဝင်ကြပါသေးသည်။ စကားထဲတွင် စကားညှပ်ကာ ကျွန်မအား တိုက်ခိုက်ကြကြောင်းလည်း ပါဝင်ပါသေးသည်။ အခြား အမျိုးသမီး ရေးရာဟာသများလည်း ပြောကြကာ တဝါးဝါး ရှိခဲ့ကြ၏။ ကျွန်မ စိတ်သက်သာရာ ရခဲ့၏။ ဩဇာသက်ရောက်မှုကို သိလာသည်။ ထိုအစီအစဉ် လွှင့်ထုတ်ရာ၌ အကောင်းဘက်မှ ဝေဖန်မှုများသာ ရခဲ့ပါသည်။ ထိုနေ့က ကျွန်မဝတ်ဆင်သွားသော ၁၄၈ ဒေါ်လာသာ တန်သည့် အဖြူအမည်း ဝတ်စုံမှာလည်း ရောင်းကောင်းခဲ့သည်ဟု ကြားရ၏။

လူထုပရိသတ်လက်ခံခြင်းကို ခံစားလာရသဖြင့် ကိုယ့်ကိုယ်ကို ကျေနပ်လာသည်။ တစ်ပြိုင်နက်တည်းမှာပင် ပိုမို ပွင့်လင်းမြင်သာလာတော့၏။ ရောက်လေရာ နိုင်ငံတစ်ဝန်းမှ အမေရိကန်တို့၏ အကျင့်စရိုက်များကို လေ့လာသည်။ အလုပ်လုပ်သော မိသားစုများ၏ ဝင်ငွေ၊ ထွက်ငွေ၊ လက်ကျန်ငွေတို့အကြောင်း စကားဝိုင်းဖွဲ့ကာ ဆွေးနွေးကြသည်။ ထိုကိစ္စကို ကျွန်မက အတော်ပင်စိတ်ဝင်စား၏။ ကျွန်မ လေ့လာသည့်အခါ တပ်မတော်သားများ၏ မိသားစုများသည် ပိုမိုနိမ့်ကျနေကြသည်ကို တွေ့ရသည်။ ကျွန်မ ဆုံခွင့်ရခဲ့သည့်အထဲတွင် အမျိုးသမီးက အများစုဖြစ်ပြီး အမျိုးသားအနည်းငယ်လည်း ပါဝင်သည်။

“ရှင်တို့ဘဝအကြောင်းတွေ ကျွန်မကို ပြောပြကြစမ်းပါ” ဟု ကျွန်မက ပြောလိုက်လျှင် တချို့ အမျိုးသမီးများက ကလေးကို ပေါင်ပေါ်တင်လျက်၊ တချို့က ဆယ်ကျော်သက်အရွယ် သားသမီးများနှင့် သူတို့ဘဝဇာတ်ကြောင်းတွေ ပြောပြကြသည်။ တချို့ဆိုလျှင် တပ်စခန်းနေရာ ရှစ်နေရာ၊ ကိုးနေရာအထိ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ကြရသဖြင့် သားသမီးတို့၏ ပညာရေး အခြေမခိုင်ကြောင်း သိရသည်။ ယင်းဘိ တစ်နေရာမှတစ်နေရာ ပြောင်းနေရသဖြင့် အခြား အသက်မွေးဝမ်းကျောင်း ပညာကိုလည်း လေ့လာသင်ယူရန် မဖြစ်နိုင်ကြောင်း ပြောပြသည်။ ဆရာတစ်ယောက် ဆိုလျှင် သူရောက်ရှိသော ပြည်နယ်အသစ်က ယခင်ပြည်နယ်မှ ထုတ်ပေးခဲ့သည့် လက်မှတ်ကို အသိအမှတ်မပြုသဖြင့် အလုပ်မရတော့ဟု ဆိုသည်။ လက်သည်းပညာ ရှင်၊ ခန္ဓာဗေဒကုထုံးကျွမ်းကျင်သူတွေလည်း ပြည်နယ်အကူးအပြောင်းမှာ လိုင်စင် ထုတ်ယူခွင့်မရသည့် အလားတူပြဿနာများ ရှိကြသည်။ လူငယ်၊ လူရွယ်မိဘများ ဖြစ်ကြပြီး နှစ်ယောက်လုံး လုပ်ငန်းခွင်ဝင်ကြသည့် မိဘများမှာလည်း ကလေးစောင့် ရှောက်ရေးအတွက် စရိတ်မတတ်နိုင်သည့်ပြဿနာ ရှိကြပြန်သည်။ အားလုံး

ကြုံရသည့် ပြဿနာတစ်ခုမှာ သူတို့ချစ်သော အိမ်ထောင်ဦးစီးများကို တစ်ဆယ့်နှစ်လခန့် အထိ သို့မဟုတ် ထိုထက်ပို၍ ကာဘူးလ် သို့မဟုတ် မိုဆိုးလ် သို့မဟုတ် တိုက် လေယာဉ်များ ထားရှိရာ တောင်တရုတ်ပင်လယ်သို့ သွားရောက်တာဝန်ထမ်းဆောင် စေခြင်း ဖြစ်သည်။ သူတို့၏ဇနီးများနှင့် ဆုံလိုက်ရသည့်အခါ ကျွန်မခံစားရသည်မှာ စာမဖွဲ့လောက်တော့ပေ။ သူတို့၏ စွန့်လွှတ်ပေးဆပ်ကြခြင်းက ကျွန်မထက် အဆ ပေါင်းများစွာ ပိုပါသည်။ ဤသို့ တွေ့ဆုံဆွေးနွေးရသော အစည်းဝေးများကျင်းပခြင်း ဖြင့် တပ်မတော်သားဘဝကို နည်းနည်းနားလည်လာ၏။ ထို့ကြောင့် အကယ်၍ ဘားရက်သာ ကံကောင်းထောက်မစွာ ရွေးချယ်ခြင်းခံရပါလျှင် ကျွန်မ သူတို့မိသားစု များအား တတ်နိုင်သမျှ ဖေးမရန် ကြိုးစားမည်ဟု ဆုံးဖြတ်မိသည်။

သူတို့နှင့် တွေ့ဆုံလိုက်ခြင်းက ကျွန်မခန္ဓာကိုယ်အတွင်းသို့ တွန်းအားတစ်ခု ရိုက်သွင်းလိုက်သည့်နှယ် ဖြစ်သွားသည်။ ထိုတွန်းအားက ဘားရက်နှင့် ဂျိုဘီဒန်တို့ အပေါ်တွင်လည်း သက်ရောက်စေခဲ့ပါသည်။ ဂျိုဘီဒန်မှာ ဒဲလာဝဲမှ ဆီးနိတ်တာတစ် ဦးဖြစ်ပြီး ဘားရက်နှင့်လက်တွဲကာ သမ္မတရွေးကောက်ပွဲဝင်မည်ဟု ကြေညာခဲ့၏။ ကျွန်မ၏ အသိစိတ်တွင် တစ်ချိန်က ကျွန်မ၏နောက်ကွယ်၌ မလိုလားခဲ့ကြသူများ သည် ယခု ကျွန်မတို့အား ဝန်းရံလာကြသည်ဟု ခံစားလိုက်ရ၏။ အများပြည်သူတို့နှင့် ထိတွေ့ဆက်ဆံရသော ပွဲများတွင် ကျွန်မက အုပ်စုများဖွဲ့လိုက်စေသည်။ ထောင်နှင့် ချီ၍ ပါဝင်လာကြသော အုပ်စုများနှင့် စင်နောက်တွင် ကျွန်မ တွေ့ဆုံ၏။ သူတို့အား ကြိုးများဖြင့် တားထားစေရသည်။ သူတို့သည် ကျွန်မနှင့် လူချင်းတွေ့ဆုံခွင့် ရလိုက်သည့်အခါ ကာတွန်းများဖြင့် ကျွန်မအား သရော်ခဲ့ကြသည်မှာ မဟုတ်မမှန်ကြောင်း သိသွားကြ၏။ အနီးကပ်နေသည့်အခါ လူတစ်ယောက်အား မုန်းရန် ခက်ခဲသည် ဆိုသည်ကို ကျွန်မ သဘောပေါက်လိုက်၏။

၂၀၀၈ ခုနှစ်၏နွေရာသီတွင် ကျွန်မ အလုပ်ပိုလုပ်သည်။ ပြင်းပြင်းထန်ထန် ပင် လုပ်၏။ ဘားရက်အတွက် ထူးခြားစေရမည်ဟုလည်း ယုံကြည်ထားသည်။

ကွန်ဗင်းရှင်း ပြီးဆုံးသွားသောအခါ မိန့်ခွန်းများရေးပေးသည့် ပညာရှင် မိန်းကလေး တစ်ဦးကို ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ငှားလိုက်သည်။ ဆာရာဟောင်းဝစ်ဇ် အမည်ရှိ ထိုမိန်းကလေးက ကျွန်မပြောပြသည့်စိတ်ကူးတစ်ခုကို တစ်ဆယ့်ခုနစ်မိနစ် ပြောရသော မိန့်ခွန်းအဖြစ် ဖန်တီးရေးသားပေး၏။ ရက်သတ္တတစ်ပတ်မျှ လေ့ကျင့်ပြီး ဒန်ဗာ ပက်ပ်စီစင်တာ၌ ကျင်းပသောပွဲတွင် ပြောကြားရန် စင်ပေါ်သို့ တက်သွားလိုက်သည်။ အချိန်ကာလအားဖြင့် ဩဂုတ်လနှောင်းပိုင်းဖြစ်ပြီး ပရိသတ် နှစ်သောင်းခန့် တက်ရောက်ကြသည်။ ရုပ်မြင်သံကြားအစီအစဉ်များမှ သန်းနှင့်ချီသော ကြည့်ရှုသူ များလည်း

ရှိနေမည်ဖြစ်သည်။ ကျွန်မ ဘယ်သူဘယ်ဝါ ဖြစ်သည်ဆိုသည်ကို ကမ္ဘာ့အလယ် ချပြမည့်ပွဲပင် ဖြစ်တော့၏။

ထိုညက ကျွန်မအား မိတ်ဆက်အမှာစကားပြောကြားကာ ပွဲထုတ်ပေးသူအဖြစ် ကျွန်မအစ်ကို ခရိုက်က ဆောင်ရွက်ပေးပါသည်။ ကျွန်မအမေက ရှေ့ဆုံးတန်း အမြင့်တစ်နေရာတွင် ထိုင်နေပြီး အမေ့မျက်နှာမှာ တင်းနေ၏။ သူ့စိတ်ထဲတွင် မြင့်မား လာသော ကျွန်မတို့ဘဝအတွက် ကျေနပ်နေမည် ထင်သည်။ ကျွန်မက အဖေ့ အကြောင်းက စ,ပြောသည်။ အဖေသည် လူသားဆန်စွာနေတတ်ပုံ၊ စိတ်ဓာတ်ရင့် ကျက်ပုံ၊ ကျွန်မတို့မောင်နှမကို ပြုစုပျိုးထောင်ခဲ့ပုံများ ပြောပြပါသည်။ ကျွန်မ ကြိုးစားတင်ပြနေသည်မှာ ဘားရက်၏ မြင့်မြတ်သောနှလုံးသားကို အမေရိကန်များ သိကြစေရန်တင်ပြနေခြင်း ဖြစ်ပါသည်။ ကျွန်မ မိန့်ခွန်းအဆုံးသတ်ပြီးချိန်တွင် လက် ခုပ်သံများ တော်တော်နှင့် မစဲတော့ပေ။ ကျွန်မ ကျေနပ်မိသည်။ လူတွေ ကျွန်မ အပေါ် မြင်နေကြသည့်အမြင်ကို ပြောင်းနိုင်ခဲ့ပေပြီ။

ထိုနေ့က အောင်မြင်မှုမှာ ကြီးကျယ်ခမ်းနားလှသည်ဟု ကျွန်မ ဆိုချင်ပါသည်။ ယနေ့အချိန်အထိ YouTube တွင် ရှာဖွေကြည့်ရှုနိုင်ပါသေး၏။ သို့သော် အမှန်စင်စစ်တွင် ထိုလက်ခုပ်သံတို့သည် ထူးဆန်းစွာ တစ်ခဏသာတည်ရှိသော သြဘာသံများသာ ဖြစ်သည်။ ကျွန်မအမြင်၊ ကျွန်မသုံးသပ်ချက်တို့မှာ ပြောင်းပြန်ဖြစ် နေ၏။ ဆွယ်တာတစ်ထည်ကို အတွင်းနှင့်အပြင် မှားဝတ်မိသလို ဖြစ်နေသည်။ စင်မြင့်များ၊ ပရိသတ်များ၊ မီးရောင်များ၊ လက်ခုပ်သံများ။ ဤအရာအားလုံးသည် သမားရိုးကျသာ ဖြစ်သည်ဟု ကျွန်မထင်ထားသည်ထက် ပိုမို ထူးခြားနေသည်။ ယခု ကျွန်မရောက်ရှိနေသောနေရာသည် ဇာတ်တိုက်ထားခြင်းမရှိ၊ ဓာတ်ပုံရိုက်ထား ခြင်းမရှိ၊ ခေတ္တနားနေချိန်တွင် ဖျော်ဖြေရေးအစီအစဉ်မရှိ၊ မည်သူကမျှလည်း အကဲဖြတ်နေခြင်းမရှိ။ သို့သော် ကျွန်မရင်ထဲတွင် စိမ့်စမ်းကလေးတစ်ခု စီးဆင်းနိုင်ခဲ့ပါသည်။

ထို့ကြောင့် ကျွန်မတို့ ဘတ်၊ မွန်တာနာတို့သို့ နောက်တစ်ကြိမ် ပြန်သွားရန် လိုအပ်လိမ့်မည်ဟု ယူဆကာ ဇူလိုင်လ လေးရက်နေ့ကို ရွေးချယ်လိုက်ကြပါသည်။ ညနေခင်းဖြစ်၍ နေမင်းသည်ပင်လျှင် အနောက်ဘက်တောင်တန်းများဆီသို့ ငုပ်လျှိုး သွားပြီဖြစ်သည်။ အမေရိကန်လွတ်လပ်ရေးနေ့ဖြစ်သဖြင့် ခပ်လှမ်းလှမ်းမှ မီးရှူးမီးပန်း များ ပစ်လွှတ်နေသည်ကို ကြားနေရ၏။ ကျွန်မတို့က Holiday Inn Express တွင် နားနေကြသည်။ နောက်တစ်နေ့တွင် ဘားရက်က မစ်ဇူရီသို့ သွားမည်ဖြစ်ပြီး ကျွန်မ နှင့် သမီးနှစ်ယောက်တို့က ချီကာဂိုနေအိမ်သို့ ပြန်ကြမည်ဖြစ်သည်။ ကျွန်မတို့ အားလုံးမှာ အတော်ပင် ပင်ပန်းနေကြပြီဖြစ်၏။ မိသားစုလိုက် ချီတက်ကြခြင်း၊ ပျော်ပွဲစားထွက်ကြခြင်းတို့ကြောင့် ဖြစ်သည်။

မိသားစုအလိုက် ဘတ်မြို့သူမြို့သားများ ဆင်နွဲသည့်ပုံစံအတိုင်း ပါဝင်ခဲ့ကြ၏။ နောက်ဆုံးတွင် သမီး မလီယာ၏ မွေးနေ့လည်း ဖြစ်ခြင်းကြောင့် သူ့အတွက် အချိန်ပေးကြရဦးမည် ဖြစ်၏။

ထိုအချိန်ကသာ ကျွန်မကို တစ်စုံတစ်ယောက်က မေးမည်ဆိုပါလျှင် သမီးအတွက် လာခဲ့ကြခြင်းဖြစ်သော်လည်း သူ့မွေးနေ့အမှတ်တရပွဲကိုမူ စည်းရုံးရေး ကိစ္စများဆောင်ရွက်ပြီးမှသာ လုပ်ပေးနိုင်ပါတော့၏။ ဟိုတယ်၏ အောက်ဆုံးထပ် အခန်းငယ်ကို ယူလိုက်ကြသည်။ ကွန်းရက်ဒ်၊ မာယာ၊ စူဟိုင်းလား အပါအဝင် မလီယာနှင့်ရင်းနှီးသော စည်းရုံးရေးအဖွဲ့ဝင်တချို့၊ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင် တချို့တို့ ပါဝင်ကြပါသည်။ အခန်းထဲတွင် ဘောလုံးများ ချိတ်ဆွဲပေးထားပြီး ကိတ်မုန့်၊ ဖယောင်းတိုင်ဆယ်တိုင်၊ ရေခဲမုန့်တစ်စည် မှာထားသည်။ မိတ်ဆွေတချို့က မွေးနေ့ လက်ဆောင်ပစ္စည်းများ ယူဆောင်လာကြသည်။ ပင်ပန်းနွမ်းနယ်နေသဖြင့် ကျွန်မတို့ မှာ စိတ်မပါသော်လည်း သမီးအတွက်မှာမူ မွေးနေ့ပွဲကလေး ဖြစ်မြောက်ခဲ့ပါသည်။ ဘားရက်နှင့်ကျွန်မ အကြည့်ချင်းဖလှယ်မိကြသည်။ နှစ်ယောက်စလုံး စိတ်မပါ ဖြစ်နေ ကြသည်ကို သိခဲ့ကြ၏။

အရာအားလုံးကို စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဝတ္တရားအရ ဆောင်ရွက်ပေးနေကျဖြစ်၍ နှစ်ယောက်သား ပစ္စုပ္ပန်ကိုသာ မျက်နှာမူလိုက်ကြရ ပါသည်။ မိဘနှစ်ပါးအနေဖြင့် သမီးမွေးနေ့ပွဲကို စိတ်မဝင်စားနိုင်ကြသည်မှာ အပြစ် တင်ရန် ဖြစ်နိုင်သော်လည်း ကျွန်မတို့ မွေးနေ့ပါတီပွဲကို ဆင်နွဲခဲ့ကြပါ၏။ သို့သော် မလီယာအား ကြည့်လိုက်သည့်အခါ တစ်ခုခု ထူးခြားနေပြန်သည်။ သူက တစ် ယောက်ချင်းစီ၏ မျက်နှာများကို အကဲခတ်နေမိပုံရ၏။ သူ့ကိုချစ်၍ ကြင်နာသော မျက်နှာများ၊ မွေးနေ့ကိတ်၊ သူ့ဘေးတွင် ညီမလေးနှင့် ဝမ်းကွဲမောင်နှမများ ဝန်းရံ နေကြသည်။ အသက်တစ်နှစ် ကူးပြောင်းတော့မည်။ တစ်နေ့လုံးလည်း အပြင်တွင် နေခဲ့ပြီး လွတ်လပ်ရေးနေ့ ချီတက်အလေးပြုခြင်းကိုလည်း ကြည့်ခဲ့၏။ မနက်ဖြန် တွင် လေယာဉ်ဖြင့် အိမ်ပြန်ကြတော့မည်။

မလီယာက ဘားရက်ထိုင်နေသည့်နေရာသို့ လျှောက်သွားပြီး သူ့ပေါင်ပေါ် တက်ထိုင်လိုက်၏။ “ဒီမွေးနေ့က သမီးအပျော်ဆုံးမွေးနေ့ပါပဲ ဒယ်ဒီ”ဟု ဆိုသည်။

သမီး မသိသည်က သူ့အမေရော အဖေပါ ပင်ပန်းလွန်းနေကြသဖြင့် စိတ်မပါနိုင်ဖြစ်နေကြပြီး အခန်းတွင်းရှိ ဧည့်သည်အတော်များများမှာလည်း ပင်ပန်း နွမ်းနယ်နေကြသည်ကိုပင်။ သို့သော် သမီးမှန်ပါသည်။ တစ်ဆယ်နှစ်ပြည့်ခဲ့ပြီ။ အရာအားလုံးသည် သူ့အတွက် အကောင်းချည်းဖြစ်ခဲ့၏။

※※※

‘ကျွန်မတို့မိသားစု။ ၁၉၆၅ ခုနှစ်ဝန်းကျင်ခန့် က ရိုက်ကူးခဲ့သည်။ ကျွန်မအစ်ကို ခရိတ်သည် ထိုအရွယ်ကပင် ကာကွယ်စောင့်ရှောက်သည့် သဘောဖြင့် ကျွန်မလက်ကို ကိုင်ထားခဲ့သည်။’

‘ကျွန်မတို့သည် အမေ့ အဒေါ်တော်စပ်သူရော်ဘီရှီးလ်တို့၏ အိမ်အပေါ်ထပ်တွင် နေထိုင်ကြီးပြင်းခဲ့ရသည်။ ပုံမှာ ကျွန်မအားချီပိုးထားသောရော်ဘီနှင့်။ အတူနေစဉ် ကာလတွင် ရော်ဘီကကျွန်မအား စန္ဒရားတီးသင်ပေးခဲ့၏။ သူနှင့်ကျွန်မအဆင်မပြေသည့် ကာလများ ရှိခဲ့သော်လည်း အကောင်းဆုံး သင်ကြားပေးခဲ့၏။’

‘ကျွန်မအဖေ ဖရေဇာရော်ဘင်ဆင်၊ အဖေသည်ချီကာဂိုရေဖြန့်ဝေပေးရေးစက်ရုံတွင် နှစ်ပေါင်းနှစ်ဆယ်မျှ တာဝန်ထမ်းဆောင်ခဲ့၏။ ခြေတစ်ဖက် မသန်စွမ်းဖြစ်လာသည့်တိုင် တစ်ရက်မျှ အလုပ်မပျက်ခဲ့ပေ။’



‘အဖေ့ ဗျူအီလက်ထရာ၂၂၅ ကားအနီးမှကျွန်မ။အဖေက သူ့ကား နှင့်ပတ်သက်၍ အမြဲဂုဏ်ယူသည်။ အဖေ့ကားသည် ကျွန်မတို့အတွက် ပျော်စရာများ ဖန်တီးပေးခဲ့သည်။ နွေရာသီကျောင်းပိတ်ရက်တွင် အဖေ့ကားဖြင့် Dukes Happy Holiday Resort သို့ အပန်းဖြေခရီးထွက်ကြသည်။ ဤပုံမှာအပန်းဖြေစခန်း၌ ရိုက်ထားခြင်းပင်။’

‘၁၉၆၉ခုနှစ်တွင် အိမ်နား၌ရှိသော မူလတန်း ကျောင်းကို စ တက်ခဲ့သည်။ ထိုကျောင်းမှာ လူလတ်တန်းစားမိသားစုများ၏ ရင်သွေးများ ပညာသင်ကြားရာ ဖြစ်ပြီး လူဖြူ လူမည်း မခွဲခြားပေ။ ပုံမှာ သူငယ်တန်း ကျောင်း သားများ အမှတ်တရပုံဖြစ်ပြီး ကျွန်မကတတိယမြောက်အတန်းညာဘက် ဒုတိယမြောက်တွင် ဖြစ်သည်။’

‘ငါးတန်းကျောင်းသူ ကျွန်မ။ တတိယမြောက်အတန်း၊ အလယ်တည့်တည့်။’



'ပရင်စတန်ကောလိပ်ကျောင်းသူ ဖြစ်ခဲ့ပြီ။'

‘ကောလိပ်ကျောင်းတက်ရမည်ဆိုသောအခါ စိတ် လှုပ်ရှားခဲ့သော်လည်းစူဇန်းနီး
အပါအဝင်ရင်းနှီး သောမိတ်ဆွေများက ပျော်ရွှင်စွာနေတတ်စေရန် သင်ကြားပေးခဲ့ကြသည်။’

‘ဘားရက်နှင့်ကျွန်မသည် ကျွန်မနေထိုင်ကြီးပြင်းခဲ့ရာ လျူးစစ်ရိပ်သာလမ်းမှ အခန်းမှာပင် နေထိုင်ခဲ့ကြသည်။ ထိုစဉ်က နှစ်ယောက်လုံးမှာ ရှေ့နေပေါက်စများသာဖြစ်ကြသော်လည်း ကျွန်မက အခြားအသက်မွေးဝမ်းကျောင်းပြောင်းလုပ်ရန် စဉ်းစားနေပြီဖြစ်သည်။’

‘၁၉၉၂ ခုနှစ် အောက်တိုဘာ ၃ ရက်နေ့က ကျင်းခဲ့သော ကျွန်မတို့ လက်ထပ်ပွဲမှာ ဘဝတွင်ပျော်စရာအကောင်း ဆုံးနေ့ ဖြစ်ခဲ့သည်။ လက်မထပ်မီ တစ်နှစ်ခွဲခန့်က တည်းက အဖေ ကွယ်လွန်ခဲ့ ခြင်းကြောင့် အစ်ကိုဖြစ်သူ ခရိတ်က လက်ချိတ်ကာပွဲ ထုတ်ပေးခဲ့၏။’

‘ဘားရက်နှင့် ချစ်ကျွမ်းဝင်စကတည်းက သူသည် ဖခင်ကောင်းတစ်ယောက်ဖြစ်မည်ဆို သည်ကို

ကျွန်မသိခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် မလီယာ မွေးလာသောအခါ ကျွန်မတို့ဘဝမှာ အသားကျလာ၏။’

‘နောက်သုံးနှစ်အကြာတွင်ပါးဖေါင်းဖေါင်း ကလေးနှင့်ချစ်ဖွယ်ကောင်းသော သမီး ဆာရာကို မွေးဖွားခဲ့သည်။ ခရစ္စမတ် ကာလတွင် ဘားရက်၏ဇာတိ ဟာဝိုင်ယီ သို့သွားကြသည်။ သူ့ဘက်မှ အမျိုး များထံ သွားရောက် လည်ပတ်ခြင်းဖြင့် ပူနွေးသောရာသီ၏ အရသာကိုလည်း ခံစားခွင့်ရကြသည်။’



‘မလီယာနှင့်ဆာရှာတို့ ညီအစ်မမှာအမြဲချစ်ချစ်ခင်ခင် ရှိကြသည်။ ချစ်ဖွယ်ကောင်းသော
သူတို့နှစ်ယောက် က ကျွန်မ၏အသည်းနှလုံးကို အမြဲအရည်ပျော်စေခဲ့၏။’

‘ချီကာဂို၏ 'ပြည်သူ့မဟာမိတ်' အဖွဲ့တွင် ကျွန်မကအမှုဆောင် ဒါရိုက်တာအဖြစ်သုံးနှစ်အလုပ် -

လုပ်ခဲ့သည်။ထိုအလုပ်မှာ လူငယ် များ ပြည်သူအကျိုးပြု လုပ်ငန်း များတွင် ဝင်ရောက်
တာဝန်ထမ်းဆောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း ပင်ဖြစ်သည်။ ပုံတွင် ကျွန်မကို ချီ
ကာဂိုမြို့တော်ဝန် ရစ်ချတ်အမ် ဒါလေ၊ အခြားအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့်
အမှတ်တရတွေ့မြင်နိုင်သည်။'

'နောက်တွင် ချီကာဂိုတက္ကသိုလ်ဆေးရုံ သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး
ချီကာဂိုတောင်ပိုင်းသား များစွာတို့ကို သက်သာစွာ ဆေးကုသခွင့်ရအောင်
ဆောင်ရွက်ပေးနိုင်ခဲ့သည်။'



‘အချိန်မရွေးခရီးထွက်ရသည့် ခင်ပွန်းသည်ရှိသော်လည်း အချိန်ပြည့်
အလုပ်လုပ်သောမိခင်တစ်ယောက်အနေဖြင့် မိသားစုတာဝန်ကိုလည်း မလစ်ဟင်းစေရပါ။’

❛ချီကာဂိုမြို့တော်ဝန်ရုံးတွင် လက်ထောက်ဝန်ထမ်းအကြီး အကဲအဖြစ် တာဝန်ထမ်းဆောင်သူ ဗယ်လာရီဂျားရက် (ဝဲဘက်)ကို ၁၉၉၁ခုနှစ်ကတည်းက ဆုံခဲ့ဖူးသည်။ သူမသည် ဘားရက်နှင့် ကျွန်မတို့ ယုံကြည်စိတ်ချရသော အကြံပေးပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။ ပုံမှာ၂၀၀၄ ခုနှစ် စည်းရုံးရေးသွား စဉ်က အတူရှိကြစဉ်။❜

❛အချိန်ကာလ ရလာသည်နှင့်အမျှ သမီးများ ကလည်း စည်းရုံးရေးခရီးစဉ်များတွင် ပါ လာကြသည်။ ပုံမှာ နောက်တွဲယာဉ်၏ ပြတင်းပေါက်မှတစ်ဆင့် အဖေပြော နေသည်ကို ကြည့်နေသော မလီယာ။❜

‘ဘားရက်က သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ၏ ချမ်းအေးသော နေ့တစ်နေ့တွင် အီလီနွိုက်ပြည်နယ် စပရင်းဖီးလ်မြို့၌ ကြေညာလိုက်သည်။ ကျွန်မက ဆာရာအတွက် ဝယ်ခဲ့သောပန်းရောင်ဦးထုပ်မှာ အနည်းငယ်ကြီးနေသောကြောင့် လွင့်ကျသွားမလားဟု ထင်ခဲ့သော်လည်း သမီးက ထိန်းနိုင်ခဲ့၏။’

‘စည်းရုံးရေးကာလ။ သတင်းသမား အနည်းဆုံး တစ်ဒါဇင်ခန့်မှာ အမြဲရှိနေကြ၏။’

‘အမေရိကန်ပြည်ထောင်စုတစ် ဝန်းမှမဲဆန္ဒရှင်များအား စည်းရုံး ရသည်ကို ကြိုက်ပါသည်။
သို့သော်ပင်ပန်းသဖြင့်ရသမျှအချိန် ကလေးကို လုကာနားရ၏။’

‘အထွေထွေရွေးကောက်ပွဲကြီးနီး လာချိန်တွင် စည်းရုံးရေးအတွက် လေယာဉ်ကိုပါ သုံးခွင့်ရသည်။ ခရစ္စတင်းဂျာဗစ္စ၊ ကေတီမက် ကောမစ်၊ ချွမ်ရစ်ဇ်နှင့် မလီဆာ ဝင်းတား တို့နှင့်အတူ။’

‘ဂျိုးဘိုဒင်မှာ ဘားရက် အတက်လက်တွဲဖော်ကောင်းတစ် ဦးဖြစ်သည်။ ပုံမှာ ၂၀၀၈ကစည်း ရုံးရေး ခေတ္တနားစဉ် ပင်ဆယ်လ် ဗေးနီးယား၌ အတူရှိနေခိုက်။’

‘၂၀၀၈ ခုနှစ်တွင် ဒိန်ဗာ၌ ကျင်း ပသော ဒီမိုကရက်တစ် ကွန်ဗင်းရှင်း ၌ ကျွန်မကိုယ်တိုင် စကားပြောခွင့် ရသည်။စကားပြောပြီးနောက် သမီး နှစ်ယောက်က စင်ပေါ်တက်လာကာ ပွေးပေါင်းကြပြီး ဘားရက်ထံ ဗီဒီယိုဖြင့် ခေါ်ကာနှုတ်ဆက်ကြသည်။’

‘၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ညကရွေး ကောက်ပွဲသတင်း ကြေညာနေသည် ကို ကျွန်မ၏မိခင် ဖြစ်သူ မာရီယန် ရော်ဘင်ဆင်နှင့် ဘားရက်တို့ နား ထောင်နေကြစဉ်။’

‘၂၀၀၉ ခုနှစ် ဇန်နဝါရီလ၌ ဘားရက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုချိန်တွင် မလီယာက အသက် ၁၀ နှစ်အရွယ်ရှိပြီး ဆာရှာမှာ အသက် ၇ နှစ်သာ ရှိသေးသည်။’



‘သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရသည့်ညက ဘားရက်နှင့်ကျွန်မသည်ဆယ်ပွဲခန့် ကခဲ့ကြရ၏။ ပင်ပန်းသော်လည်း ဂျေဆန်ဝူး ချုပ်ပေးသောပွဲတက်ဝတ်စုံက ကျွန်မအား ခွန်အားသစ်များ တိုးပွား ရရှိစေခဲ့ပါသည်။’

‘သမ္မတကတော် လော်ရာဘွတ်ရှ်က ကျွန်မအပေါ် စေတနာထားကာ အိမ်ဖြူတော်ကို စောစောစီးစီး လာရောက်လေ့လာခွင့်ပေးခဲ့ပါသည်။ သူ့သမီး များဖြစ်သော ဂျန်နာ၊ ဘာဘရာတို့ကလည်း ဆာရှာနှင့် မလီယာတို့အား ဝမ်းသာအားရကြို ခဲ့ကြသောကြောင့် အိမ်တော်၏ နိမ့်လျှောခင်းထား သော စင်္ကြံလမ်းကို လျှောအဖြစ် ပျော်ရွှင်စွာက စားခဲ့၏။’

‘ကျည်ကာမှန်တပ်ဆင်ထားသည့် ကား၏ပြတင်းမှ ဆာရှာကို တွေ့မြင်နိုင်ပါသည်။ထိုကားဖြင့် ကျောင်းသွားရသည်။ ကလေးများအတွက် စိတ်ပူသော်လည်း ဘာမျှမတတ်နိုင်ပါ။’

‘ကျွန်မတို့ဘဝထဲတွင် မည်သည့်နေရာသို့သွား သည်ဖြစ်စေ လုံခြုံရေးအတွက် အစောင့်အကြပ် များ အမြဲတစေလိုက်လာနေကြသည်ကို ကျင့် သားရရန် အတော်ပင် လေ့ကျင့်ခဲ့ရသည်။

ကျွန်မတို့ဘဝထဲတွင် မည်သည့်နေရာသို့သွား သည်ဖြစ်စေ လုံခြုံရေးအတွက် အစောင့်အကြပ် များ အမြဲတစေလိုက်လာနေကြသည်ကို ကျင့် သားရရန် အတော်ပင် လေ့ကျင့်ခဲ့ရသည်။’

‘၁၉၅၇ ခုနှစ်ကတည်းက အိမ်ဖြူတော်၏စား ဖိုမှူးအဖြစ် တာဝန်ယူခဲ့သော ဝီလ်ဆင်ဂျာ မဲန်သည်ပင်လျှင် ကျွန်မတို့၏ စားဖိုမှူးဖြစ် လာခဲ့ပြီး အခြားသမ္မတ အဆက်ဆက်နည်း တူ ကျွန်မတို့အား ချက်ပြုတ်ကျွေးမွေးခဲ့၏။’

‘အိမ်ဖြူတော်အတွင်းရှိ စိုက်ခင်းမှာ အာဟာ ရပြည့်ဝစေသော၊ ကျန်းမာရေးနှင့်ညီညွတ် သော သီးပင်၊ စားပင်တို့ စိုက်ပျိုးရာနေ ရာဖြစ်စေခဲ့သည်။ ထိုနေရာတွင် - ကျွန်မသည် သမီးများနှင့်အတူလက် အပေခံကာ မြေကြီးများကို တူးဆွပါသည်။’

‘ကျွန်မက အိမ်ဖြူတော်ဆို သည်မှာ ရောက်လာသူတိုင်း ကိုယ့် အိမ်ကိုယ့်ရာသို့ပြန် ရောက်လာဘိသကဲ့သို့ ပျော် စရာကောင်းသည့် နေရာဖြစ် စေချင်သည်။ ယုတ်စွအဆုံး သမ္မတကတော်နှင့် ကစားချင်သည်ဟု ဆိုလျှင်ပင် ကစားခွင့် ရသော နေရာ ဖြစ်စေချင်ပါသည်။’

‘ဘားရက်နှင့်ကျွန်မသည် ဗြိတိန်နိုင်ငံဘုရင်မကြီး အဲလစ်ဇဘက်ကို လေးစားချစ်ခင်ကြသည်။ သူ့ကိုမြင် လျှင် ဘားရက်က အဘွားဖြစ်သူအား သတိရသည်ဆို၏။ ဘုရင်မကြီးက ကျွန်မအား လူသားချင်းစာနာ ထောက်ထားခြင်းက အစဉ်အလာကိစ္စများထက် အ ရေးပါသည်ကို ပြသပေးခဲ့၏။’

‘နယ်လ်ဆင်မင်ဒဲလားက ကျွန်မအား အိမ်ဖြူ တော်တွင် နေထိုင်စဉ်အတွင်း နေသင့်ပုံများ လမ်းညွှန် ပေးခဲ့သည်။ သူက ‘ပြောင်းလဲခြင်း’ဆို သည်မှာ တဖြည်းဖြည်းချင်းသာ ပြောင်း၍ ရကြောင်း၊ လပိုင်း နှစ်ပိုင်းသာမက ဆယ်စုနှစ် များမှသည် တစ်သက်တာလုံးလည်း ကြာမြင့်နိုင်ကြောင်း ကျွန်မအား ပြသခဲ့၏။’

‘ပွေ့ဖက်နှုတ်ဆက်လိုက်ခြင်း သည် ဟန်ဆောင်ထားသမျှကို အရည်ပျော် ကျသွားစေပါသည်။ ပုံမှာ အောက်စဖို့ဒ်တက္ကသိုလ်၌ လန်ဒန်အဲလိဇဘက်ဂါးရက်အန်ဒါဆင် မှ မိန်းကလေးများနှင့် နှုတ်ဆက်နေ စဉ်ဖြစ်၏။’

‘ဝန်ထမ်းမိသားစုများ၊ စစ်မှုထမ်း မိသားစုများ တွင်တွေ့ခဲ့ရသော ဉာဏ်ရည်မပြည့်သူများ၊ ကိုယ်လက်အင်္ဂါချို့ယွင်း သူများ၏ စိတ်ဓာတ်ကို ကျွန်မမည်သည့်အခါမျှ မေ့တော့မည်မဟုတ်ပေ။ ဝေါ်လ်တာရိဒ် မယ်ဒီကယ်စင်တာတွင် သူတို့နှင့် တွေ့စဉ်က အမှတ်တရပုံဖြစ်သည်။’

‘ဟာဒီယာပဲဒယ်လ်တန်၏မိခင် ဖြစ်သူ ကလီယိုပါထရာ ကောင်း လီးပဲဒယ်လ်တန် သည်

အမုန်တရားကိုမြတ်နိုး သူ ဖြစ်သည်။ သို့သော် သူ သည် သေနတ်သမားလူရမ်း ကားတို့ ၏ရန်မှ သူ့ရင်သွေး များကို မကာကွယ်ခဲ့နိုင်ရှာ ပေ။ သူမကို ချီကာဂိုတွင် ကျင်းပသည့်ဟာ ဒီယာ၏ အသုဘအခမ်းအနားမတိုင်မီ သွားရောက်အားပေးခဲ့သည်။ မတရားမှု သက်သက်ဟုခံစား ခဲ့ရ၏။’

‘သမီးတို့ ကျောင်းမှပြန်ရောက်ချိန်တိုင်း အိမ်မှာရှိနေစေရန် ကျွန်မ အမြဲကြိုးစား ပါသည်။ အိမ်နှင့်ရှုံး တွဲနေခြင်း၏ အကျိုးအမြတ်ဟု ဆိုနိုင်သည်။’

‘ဘားရက်က အလုပ်နှင့် မိသားစုအချိန် ကို အမြဲ တမ်း ခွဲခြားထားနိုင် အောင်ကြိုးစားသည်။ ညစဉ်ညတိုင်း ညစာကို အိမ်ပေါ်တက် စားလေ့ရှိပြီး မိသားစုစုံညီစေသည်။ ၂၀၀၉ခုနှစ်တွင် ကျရောက်သော သူ့မွေး နေ့ညကမူ ကျွန်မတို့ သား အမိတစ်တွေက အစဉ် အလာကိုချိုးဖောက်လိုက် ကြပြီး သူ့အိုဗယ်ရုံးခန်းထဲ တွင် သူအံ့သြသွားအောင် ကျင်းပပေးခဲ့ကြသည်။’

❛အကယ်၍ ဘားရက် သာ သမ္မတဖြစ်ခဲ့လျှင် သမီးတို့အတွက် ခွေး တစ်ကောင်ဝယ်ပေး မည်ဟု ကတိရှိခဲ့သော ကြောင့် ခွေးနှစ်ကောင် ဝယ်ပေးဖြစ်သည်။❜

❝ပုံတွင်ဖော်ပြထား သော ခွေးအမည်မှာ 'ဘို'ဖြစ်ပြီး နောက်တစ် ကောင်က ဆန်နီဖြစ်သည်။❞

❛ဆောင်းဦးပေါက်ရောက်လေတိုင်း ဘွဲ့ရလူငယ်များအား ကျွန်မက မိန့်ခွန်းပြောကြားလေ့ရှိရာ သူတို့ဖြတ်သန်းခဲ့ကြရသည့် ဘဝများ၏ အောင်မြင်မှုများကို စောင်းငဲ့ကြည့်ရန်တိုက်တွန်းသည်။ ပုံမှာ ၂၀၁၂ ခုနှစ်က ဗာဂျီးနီးယား တက္ကသိုလ်၌မိန့်ခွန်း ပြောကြားရန် ပြင်ဆင်နေပုံဖြစ်သည်။❜

‘ဘိုနှင့်ဆန်နီတို့ နှစ်ကောင်မှာ အိမ်ဖြူတော် အတွင်းအကန့်အသတ်မရှိ သွားခွင့်ရထား ကြရာ သူတို့က စားဖိုဆောင်နှင့်ပန်းခြံအတွင်း နေရသည်ကို ပျော်ကြ၏။ စားဖိုမှူးထံမှစား စရာများရလေမလားဟု မျှော်နေကြဟန် တူသည်။’

‘အိမ်ဖြူတော်တွင် နေခွင့်ရခဲ့သည့် ရှစ်နှစ်လုံးလုံး ဂရုစိုက် ပေးခဲ့ကြသောဝန်ထမ်းများ အားကျေးဇူး တင်ပါသည်။ သူတို့နှင့်ဆက်နွယ်ကာ သား သမီးမြေးများ အထိသိကျွမ်း ခွင့်ရကြ၍ သူတို့ အတွက် အရေးပါသော အမှတ်တရ နေ့များ ကို ကျွန်မတို့ ပါဝင်ဆင်နွဲပေးကြပါသည်။
ပုံမှာ၂၀၁၂ ခုနှစ်က ဧည့်ကြို လက်ထောက်တာဝန်ခံ ရက်ဂျီဒစ်ဆင်၏
မွေးနေ့အတွက်လက်ဆောင် ပေးနေစဉ်ဖြစ်သည်။’

‘သမ္မတ၏မိသားစုဖြစ်ရသည့်အတွက် အခွင့်ထူးခံစားရခြင်းများရှိသကဲ့သို့
တစ်ခါတစ်ရံတွင်လည်း ထူးခြား သော စိန်ခေါ်မှုများနှင့် ကြုံတတ်ပြန်ပါသည်။

ဘားရက်နှင့်ကျွန်မကမူ သမီးများကို သာမန်အရပ်သား ကလေးများကဲ့သို့သာ ကြီးပြင်းစေချင်ပါသည်။ ဆာရှာ ဘတ်စကက်ဘောကစားနေသည်ကို ဘားရက်၊ ကျွန်မနှင့် မလီယာတို့ အားပေးနေပုံ(ဝဲ)။ သမီးနှစ်ယောက်တို့ သမ္မတကတော်အတွက်စီစဉ်ထားသော Bright Star အမည်ရှိ လေယာဉ်ပေါ်၌ တွေ့ရပုံ(ယာ)’

‘သမီးတို့ကို သာမန်ဆယ်ကျော် သက်များနှယ် ကြီးပြင်းစေချင်ပါသည်။ ထို့ကြောင့် ကားမောင်း တတ်စေရန် သင်ပေးထားသကဲ့သို့ ယာဉ်မောင်းလိုင်စင်လည်း ရယူ ထားစေ၏။’

‘ဇူလိုင်လ ၄ ရက်နေ့သည် အမေရိကန် လွတ်လပ်ရေး နေ့ဖြစ်သကဲ့သို့ မလီယာ၏ မွေးနေ့လည်း ဖြစ်ခြင်း ကြောင့် ဆင်နွှဲရခြင်းမှာ ကျွန်မတို့အတွက် ပိုမိုလေးနက်စေပါသည်။’

‘ဘဝတွင် အသိပညာတစ်ခုတိုးခဲ့သည်မှာ မိမိ၏အသံသြဇာကို အသုံးချခြင်းပင်ဖြစ်ပါသည်။ ကျွန်မက စကား ပြောရာတွင် အမှန်အတိုင်းသာ ပြောကြားပြီး ဘေးဖယ်ခံထားရသည့် ပြည်သူတို့၏ အသံများကိုသာ နားစွင့် ထားလေ့ရှိသည်။’

‘၂၀၁၅ ခုနှစ်တွင် ကွန်ဂရက်အမတ် ဂျွန်လူးဝစ္စနှင့် အခြားထင်ရှားသူများ၏ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုကို ကျွန်မတို့ အားပေးခဲ့ကြသည်။ ရွှေရတု အထိမ်းအမှတ်အဖြစ် အယ်လ်ဘားမားပြည်နယ် ဆယ်လ်မာမြို့ရှိအက်ဒ်မန် ပိတပ်စ်တံတားကို ကျော်ဖြတ်ချီတက်ရာ၌လည်း ပါဝင်ခဲ့သည်။ ထိုနေ့က ကျွန်မတွေးမိသည်မှာ ကျွန်မတို့တိုင်းပြည် ချီတက်ခဲ့သည့်ခရီးက မည်မျှရှည်လျားခဲ့ပြီး နောက်ထပ် ဘယ်မျှရှုန်းကန်ရ မည်နည်းဆိုသည့်ပင် ဖြစ်သည်။’

နောက်လေးလအကြာ ၂၀၀၈ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ဘားရက်အတွက် ကျွန်မ မဲပေးခဲ့သည်။ ကျွန်မတို့နှစ်ယောက် မနက်စောစောထ,ကာ Beulah Shoesmith မူလတန်းကျောင်းကလေး၏ အားကစားရုံအတွင်းရှိ မဲရုံသို့ သွားရောက်ကာ မဲထည့်ကြသည်။ ထိုမဲရုံမှာ ကျွန်မတို့ ချီကာဂိုအိမ်နှင့် ဘလောက်အနည်းငယ်သာ ဝေးပါသည်။ ကျွန်မတို့နှင့်အတူ မလီယာနှင့် ဆာရှာကိုလည်း ခေါ်သွားကြပါသည်။ နှစ်ယောက်စလုံးမှာ ကျောင်းတက်ရန် ကျောင်းဝတ်စုံများလည်း အဆင်သင့် ဝတ်ဆင်ထားကြပြီး ဖြစ်၏။ ရွေးကောက်ပွဲနေ့တွင် ကျောင်းမပိတ်ဘဲ ဖွင့်ခြင်းကို ကျွန်မက သဘောကျပါသည်။ ကျောင်းဆိုသည်မှာ ပုံမှန်ဖွင့်မြဲသာ ဖွင့်ရပါမည်။ ကျောင်းသူ၊ ကျောင်းသားကလေးများမှာ ကျောင်းတက်နေကြရခြင်းအတွက် စိတ်သက်သာရာရစေမည် ဖြစ်သည်။ မဲထည့်ရန် ကျွန်မတို့ လျှောက်သွားကြချိန်တွင် ခါတ်ပုံသတင်းထောက်များ၊ တီဗွီကင်မရာများက အားကစားရုံမှ အဆင်သင့် စောင့်ဆိုင်းနေကြသည်ကို တွေ့ရ၏။ မဲလာထည့်ကြသူအချို့နှင့်လည်း စကားပြောဖြစ်ခဲ့ကြသည်။ နေ့လယ်စာအဖြစ် စားသုံးနိုင်ရန် ဝေငှပေးသော ထမင်းဘူးလက်ဆောင်ရခဲ့ သဖြင့် ကျွန်မ ပျော်ရွှင်ကျေနပ်မိသည်။

ထိုနေ့က မည်သို့ခံစားနေရသည်ကို ပြောပြလိုပါသည်။ နေ့တာရှည်လွန်းသည်ဟု ထင်မိ၏။ အဖြေကို မသိရသေးပေ။ ဘားရက်အတွက်မူ နေ့စဉ်နေ့တိုင်း စိတ်ဖိစီးမှုများနေခြင်းကြောင့် ထိုနေ့မှာလည်း သာမန်နေ့များသဖွယ် ခပ်အေးအေးပင်ရှိနေသည်။ သူက မဲရုံတာဝန်ကျသူ များအား ကျေးဇူးတင်စကားဆိုပြီးနောက် သူ့အတွက် မဲပြားထုတ်ယူကာ တွေ့သမျှ မဲဆန္ဒရှင်များကို လက်ဆွဲနှုတ်ဆက်ခဲ့သည်။ ခပ်အေးအေးပင်။ သူ ဤသို့ နေနိုင်ခြင်းမှာ အဓိပ္ပာယ်ရှိသည်ဟု ကျွန်မ မြင်သည်။ ကြုံလာတော့မည့် အဖြစ်အပျက် အခြေအနေအားလုံးမှာ သူ ဘာမျှမတတ်နိုင်တော့ပေ။

ကျွန်မတို့နှစ်ယောက် မဲထည့်ကြချိန်တွင် သမီးတို့က နီးနီးကပ်ကပ်နေကြကာ လုပ်သမျှကို ကြည့်နေကြသည်။

ကျွန်မ ဘားရက်အား မဲပေးခဲ့သည်မှာ အကြိမ်ကြိမ်ရှိခဲ့ပေပြီ။ ပါတီ၏ အခြေခံရွေးကောက်ပွဲများ၊ ပြည်နယ်ရွေးကောက်ပွဲများ အစရှိသဖြင့်တို့တွင် မဲပေးခဲ့ဖူး သဖြင့် ယခု အထွေထွေရွေးကောက်ပွဲမှာ မထူးခြားတော့ပါ။ မဲပေးခြင်းဆိုသည်မှာ ကျွန်မအတွက် အကျင့်တစ်ခုကဲ့သို့ပင် ဖြစ်နေသည်။ အခွင့်သာတိုင်း မိမိနှစ်သက်ရာ ကို မဲပေးရွေးချယ်ရခြင်းသည်

ကောင်းသောအပြုအမူတစ်ခုပင် ဖြစ်သည်။ ကျွန်မ ငယ်စဉ်ကတည်းက မိဘများက သူတို့မဲပေးလျှင် ကျွန်မအား ခေါ်ဆောင်သွားလေ့ ရှိသည်။ ထို့ကြောင့် ကျွန်မကလည်း မလီယာနှင့် ဆာရှာတို့ကို ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်၏။ သူတို့ကို မဲဆန္ဒပေးခြင်း၏ အရေးပါပုံ သိထားစေချင်သည်။ ကျွန်မခင်ပွန်းသည်သည် နိုင်ငံရေးသမားတစ်ဦးဖြစ်လာခြင်းကြောင့် သူ့လုပ်ငန်းကိုလည်း ကျွန်မ မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရလာသည်။

ဆန္ဒမဲတစ်မဲသည် အပြောင်းအလဲများစွာကို ဖြစ်ပေါ်စေနိုင်သည်သာမက စနစ်တစ်ခုနှင့် တစ်ခုကိုပါ ပြောင်းလဲသွားစေနိုင်သည် ဆိုသည်ကို သဘောပေါက်ခဲ့ရသည်။ မဲမပေးဘဲ အိမ်တွင်းအောင်းနေကြပါက မိမိတို့ရင်သွေးများ ကျောင်းတွင် သင်ကြားနေရသည့် ပညာရေးစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တို့ကိုပါ ထိခိုက်လာနိုင်ကြောင်း သတိချပ်သင့်သည်။ သို့မဟုတ် ပြည်ပသို့ စစ်ဆင်ရေးအတွက် ကျွန်မတို့ တပ်သားများ စေလွှတ်သင့်၊ မသင့်ဆိုသည်ကိုလည်း အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။ မဲပေးခြင်းသည် ရိုးရှင်းသလောက် အကျိုးသက်ရောက်မှုလည်း ရှိစေပါသည်။ ထိုနေ့က ကျွန်မသည် ခင်ပွန်းသည်အမည်ပုံနှိပ်ထားသော ရှည်မျောမျော စာရွက်ကလေးကို စက္ကန့်အနည်းငယ်စိုက်ကြည့်ကာ အမေရိကန်ပြည်ထောင်စု၏ သမ္မတအဖြစ် ဆန္ဒပြုခဲ့ပါသည်။ နှစ်ဆယ့်တစ်လမျှ စည်းရုံးရေးဆင်းခဲ့ကြရပြီး တိုက်ခိုက်ဝေဖန်မှုများ ခံခဲ့ကြရသည်။ မောပန်းနွမ်းနယ်ခဲ့ကြသည်။ ခုတော့ နောက်ဆုံး အခြေအနေသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ နောက်ဆုံး လုပ်ဆောင်ရမည့်အလုပ်ကို လည်း ကျွန်မ လုပ်ဆောင်ပေးခဲ့ပါပြီ။

ဘားရက်က ကျွန်မကိုလှည့်ကြည့်လိုက်ပြီး ပြုံးလိုက်သည်။ “ခုထက်ထိစိတ်ပိုင်းဖြတ်လို့ မရသေးဘူးလား၊ နောက်ထပ် အချိန်ယူဖို့ လိုသေးလား”ဟု မေးလာ၏။

ရွေးကောက်ပွဲနေ့သည် ပူပင်သောက များရမည့်နေ့မဟုတ်ဘဲ ပျော်စရာကောင်းသည့် အသေးစား ခရီးထွက်ခြင်းဟု ခံစားလိုက်ချင်ပါသည်။ ရှေ့တွင်ကြုံရမည့် ကိစ္စကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ပစ်လိုက် ချင်သည်။ စည်းရုံးရေးကာလက အချိန်ကုန် မြန်ခဲ့သမျှ ယခုတွင် အချိန်သည်ကုန်နိုင်ခဲလှ၏။ အိမ်သို့ရောက်လာကြသော မိတ်ဆွေများအား ဧည့်ခံကျွေးမွေးခြင်း၊ စကားပြောခြင်းတို့ဖြင့် အချိန်ကို ဖြုန်းနေရသည်။

ထိုနေ့ မနက်ပိုင်းက ဘားရက်သည် ခရိတ် အပါအဝင် မိတ်ဆွေတချို့နှင့် အနီးအနားမှ အားကစားလေ့ကျင့်ရေးစခန်းတစ်ခုသို့ သွားကာ ဘတ်စကက်ဘော ကစားနေခဲ့သေးသည်။ ထိုအကျင့်မှာ ရွေးကောက်ပွဲနေ့ရောက်တိုင်း သူလုပ်လေ့လုပ်ထ ရှိသော ထုံးစံတစ်ခုပင် ဖြစ်တော့သည်။ ဘားရက်က

သူစိတ်လှုပ်ရှားနေမှုကို တည်ငြိမ် စေရန် ဘတ်စကက်ဘောကစားခြင်းပင် ဖြစ်၏။

ခရိုတ်နှင့်ဘားရက်တို့ အိမ်မှထွက်ခါနီးတွင် ကျွန်မက "ဟဲ့... သူ့နှာခေါင်း ကျိုးသွားအောင်တော့ ဘယ်သူမှ မလုပ်စေနဲ့နော်၊ သူက မကြာခင်မှာ ရုပ်မြင်သံကြား အစီအစဉ်တွေက လာပြီး သတင်းယူကြတော့မှာ..."ဟု သတိပေးလိုက်ရသေးသည်။

"အေးပါဟာ... ငါ အစစတာဝန်ယူပါတယ်"ဟု ခရိုတ်က တာဝန်ယူသွားသည်။

မောင်နှမချင်းဖြစ်၍သာ သူ ဤသို့ တာဝန်ယူခြင်းဖြစ်ပေလိမ့်မည်။ ထို့နောက် သူတို့နှစ်ယောက် ကစားရန် ထွက်ခွာသွားကြတော့သည်။

မဲဆန္ဒအစစ်အမှန်အတိုင်းသာဆိုလျှင် ဘားရက် အောင်ပွဲခံမည်မှာ အမှန်ပင် ဖြစ်ပါသည်။ သို့သော် ဘားရက်ကမူ ထိုညတွင် ပြောကြားရမည့်အစီအစဉ်အတွက် မိန့်ခွန်းနှစ်မျိုး ပြင်ဆင်ထား၏။ တစ်ခုက အောင်မြင်လျှင် ပြောရန်နှင့် နောက်တစ်ခုက မဲရှုံးနိမ့်သွားလျှင် ပြောမည့် မိန့်ခွန်းဖြစ်သည်။ ခုတော့ ကျွန်မတို့က နိုင်ငံရေးသဘော တရားကို ကျေညက်စ,ပြုလာပြီဖြစ်သည်။ မဲဆန္ဒခံယူခြင်း၌ ကံသေကံမ တွက်ဆမရ နိုင်ပေ။ ထွက်လာသည့်အဖြေကို လက်ခံရမည်သာ ဖြစ်၏။ ထိုအဖြစ်အပျက်မျိုးကို နိုင်ငံရေးလောကတွင် Bradley Effect ဟု ခေါ်ကြသည်။ ထိုသို့ ခေါ်တွင်ရခြင်းမှာ အာဖရိကန်-အမေရိကန်လူမျိုးတစ်ဦး ဖြစ်သည့် တွမ်ဘရက်ဒလီကို အကြောင်းပြုကာ ပေါ်ပေါက်လာသည့် ဝေါဟာရဖြစ်၏။ တွမ်သည် ၁၉၈၀ ခုနှစ်များအတွင်းက ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့၏။ အခြေခံရွေးကောက်ပွဲများ အခြေအနေအရ တွမ်သည် အသာစီးဖြင့် ဦးဆောင်လျက် ရှိနေသည်။ သို့သော် ရွေးကောက်ပွဲအစစ်အမှန် ကျင်းပလိုက်သောအခါ သူ ရှုံးသွား၏။ လူတိုင်း အံ့အားသင့်ခဲ့ကြရပြီး ကမ္ဘာကိုလည်း သင်ခန်းစာပေးနိုင်ခဲ့သည်။ အထူးသဖြင့် လူမည်းများ ဝင်ရောက်ယှဉ်ပြိုင်ပါလျှင် ဤသို့သော အဖြေထွက်တတ်သည်ဆိုသည်ကိုလည်း သိထားကြ၏။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ အားနည်းသည့်ဘက်ကို မဲဆန္ဒရှင်တို့က အားပေးသယောင်ယောင် ရှိကြသော်လည်း ကိုယ်တိုင် လွတ်လပ်စွာ မဲပေးခွင့်ရသည့်အချိန်၌ သူတို့ပေးချင်သူကိုသာ ပေးတတ်ကြပါသည်။

စည်းရုံးရေးကာလတစ်လျှောက်လုံး ကျွန်မလည်း ကိုယ့်ကိုယ်ကို မေးကြည့်မိသည်။ အမေရိကန်ပြည်သူလူထုသည် လူမည်းတစ်ယောက်ကို သူတို့သမ္မတအဖြစ် လက်ခံနိုင်ကြပါပြီလား။ တိုင်းပြည်က လူမျိုးရေး ကွဲပြားခြားနားမှုကို လက်ခံနိုင်သည့် အခြေအနေသို့ ရောက်ပါပြီလား။ မကြာခင် ကျွန်မတို့ ထိုအဖြေကို သိကြရပါတော့ မည်။

ခြုံ၍ပြောရပါလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပသောရွေးကောက် ပွဲကြီးသည် အခြေခံရွေးကောက်ပွဲများကဲ့သို့ ရင်ခုန်ရန်နည်းပါသည်။ ဂျွန်မက္ကိန်းသည် အလာစကာပြည်နယ်၏ အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံလိုက်ရပြီး ဆာရာပါလင်က သူ့လက်ထောက် ဖြစ်လာသည်။ ဆာရာသည် အတွေ့အကြုံမရှိ၊ ပြင်ဆင်မှုမရှိဘဲ အလျင်အမြန်ပင် နိုင်ငံတော်အဆင့် စာရင်းဝင်ဖြစ်လာခဲ့သည်။ ထို့နောက် စက်တင်ဘာ လလယ်ခန့်တွင် မကောင်းသတင်းများ စတင်ထွက်ပေါ်လာတော့၏။ အမေရိကန် ပြည်ထောင်စု၏ စီးပွားရေးအခြေအနေမှာ ထိန်းမရ သိမ်းမရဖြစ်လာသည်။ တိုင်းပြည်၏ စီးပွားရေး မြှုပ်နှံမှုတွင် အထင်ကရဖြစ်သော LehmanBrothersဘဏ်ကြီးက ပြိုကွဲ သွားသည်။ ယခု ကမ္ဘာက Wall Street ဟု သိထားကြသော စီးပွားရေးလုပ်ငန်းက လည်း သူရသည့် အမြတ်များကို အိမ်ဝယ်ချေးငွေများအဖြစ် ထုတ်ချေးထားခဲ့ရာက ငွေမလည် ဖြစ်လာသည်။ စတော့ဈေးကွက်ပျက်ပြီး ကြွေးဝယ်စနစ်တစ်ခုလုံးလည်း ရပ်ဆိုင်းသွားသည်။ အငြိမ်းစားများအတွက် ထားရှိသော ရန်ပုံငွေလည်း ပျောက်ကွယ် သွားသည်။

သမိုင်း၌ ဤသို့သော အဖြစ်ဆိုးများနှင့် ကြုံနေချိန်တွင် ဘားရက်သည် လူမှန်နေရာမှန် ဖြစ်တော့၏။ ရင်ဆိုင်ရမည့် ပြဿနာများမှာ မသေးလှပါ။ တစ်နေ့ ထက်တစ်နေ့ ကြီးထွားလာနေသည်။ ကျွန်မ ကြိုးစားခဲ့သည်မှာလည်း တစ်နှစ်ခွဲခန့် ရှိနေပြီ ဖြစ်၏။ ကျွန်မခင်ပွန်းသည်မှာ တည်ငြိမ်လွန်းလှပြီး သူ့ရင်တွင်း၌ အစစ အရာရာ ပြင်ဆင်ထားပြီး ဖြစ်ပုံရ၏။ သူ့၌ ဘာစိတ်ရှုပ်ထွေးမှုမှလည်း ရှိနေပုံ မပေါ်ပေ။ သူ့ဦးနှောက်သည် အစစအရာရာကို ခွဲခြမ်းစိတ်ဖြာထားပုံရသည်။ ကျွန်မကို ဘက်လိုက်သည်ဟု ပြောလိုက ပြောကြစေတော့၊ ဘားရက်ကို နိုင်စေချင်၏။ ကျွန်မတို့နိုင်ငံသည် သူ့အကူအညီကို အထူးလိုအပ်နေသော အချိန်ဖြစ်နေ၏။ ယခုအချိန်သည် အသားအရောင် ကွဲပြားခြားနားခြင်းကို ထည့်သွင်းစဉ်းစားရန် မလိုသော အခြေအနေသို့ ရောက်ရှိနေသည်။ အကယ်၍ သူ့ကို အသားအရောင် ကွဲပြားခြားနားမှုကြောင့် မရွေးချယ်ကြပါက တစ်နိုင်ငံလုံး မိုက်မဲရာကျပေတော့မည်။ တကယ်တော့ သူ ရင်ဆိုင်ရမည်က အခက်အခဲများစွာသာ ဖြစ်သည်။ ညနေခင်းသို့ ချင်းနင်းဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။ ကျွန်မ ရင်တွေ တုန်လွန်းသဖြင့် လက်ချောင်းကလေးများပင် ထုံလာသည်။ အစားလည်း မစားနိုင်ခဲ့ပေ။ အင်တာနက်မှတစ်ဆင့် အမေနှင့် စကားပြောလျှင်သော် လည်းကောင်း၊ အခြား မိတ်ဆွေ တစ်ဦးဦးနှင့် စကားပြောနေလျှင်သော် လည်းကောင်း စိတ်က လွတ်ထွက်သွားတတ်သည်။ တစ်ခါတစ်ရံ၌ အိမ်အပေါ်ထပ်သို့ တက်သွားကာ ကိုယ့်စိတ်ကို ကိုယ်ထိန်း ရ၏။

ဘားရက်လည်း ထိုကဲ့သို့ပင် အပေါ်ထပ်တက်ကာ သူ့စိတ်ကို ဖြေလျှော့ တတ်ကြောင်း သတိထားမိသည်။

ကျွန်မတို့အိပ်ခန်းနှင့် မျက်စောင်းထိုးခန့်တွင် သူ စာဖတ်လေ့ရှိသော စားပွဲတစ်လုံး ရှိသည်။ ထိုစားပွဲတွင် သူထိုင်ကာ အောင်မြင်ကျော်ကြားခဲ့သော သူ့မိန့်ခွန်းအဟောင်း မှတ်စုထုတ်ထားသည်ကို သူ ပြန်ဖတ်နေသည် တွေ့လိုက်ရ၏။ ထိုနေရာသည် သူ့ပုန်းခိုရာနေရာပင် ဖြစ်တော့၏။ ကျွန်မ သူရှိရာသို့ လျှောက်သွားလိုက်ပြီး ပခုံးများကို လက်နှင့် ပွတ်ပေးလိုက်သည်။

"ရှင် အဆင်ပြေရဲ့လားဟင်…"ဟု ကျွန်မ မေးလိုက်သည်။

"ပြေပါတယ်…"

"ပင်ပန်းနေတာလား"

"မဟုတ်ပါဘူး"။ သူက ကျွန်မကို ပြုံးပြုံးကြီးပင် မော့ကြည့်လာ၏။ သူ အမှန်တကယ်ပြောနေခြင်းဖြစ်ကြောင်း သက်သေထူနေသကဲ့သို့ ရှိ၏။ ထိုနေ့မတိုင်မီ ရက်အနည်းငယ်ကပင် ဟာဝိုင်ယီမှ ဘားရက်၏ အဘွားတော်စပ်သူ တွတ်ဒ်သည် လပေါင်းများစွာ ကင်ဆာရောဂါ ဝေဒနာခံစားခဲ့ပြီး အသက်ရှစ်ဆယ့်ခြောက်နှစ်အရွယ် ၌ ကွယ်လွန်သွားကြောင်း သတင်းကြားခဲ့ရသည် ခဲ့ရသည်။ အမေ ကွယ်လွန်စဉ်ကလည်း အသုဘပင် မမီခဲ့သော ဘားရက်က တွတ်ဒ်ကိုတော့ မကွယ်လွန်မီသွားကြည့်မည်ဟု အားခဲထားခဲ့သည်။ နွေရာသီရောက်လျှင် ကလေးများနှင့်အတူ သွားကြမည်ဟု စီစဉ် ထား၏။ စည်းရုံးရေးခရီးစဉ်အတွင်း ဘားရက်သည် တစ်ရက်အားလပ်ချိန်ယူကာ တွတ်ဒ်အပါးသို့ ရောက်သွားခဲ့သည်။ အဘွားလက်ကိုကိုင်ကာ သူ နှုတ်ဆက်ခွင့်ရလိုက်ပါ၏။ ကျွန်မ တွေးမိတိုင်း စိတ်မကောင်းဖြစ်ရသည်။ နိုင်ငံရေးလောကသို့ ဘားရက် ဝင်စအချိန်မှာပင် သူ့အမေကို ဆုံးရှုံးခဲ့ရသည်။ ထိုစဉ်က ဆီးနိတ်တာအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ကြေညာအပြီး နှစ်လအကြာတွင် ဖြစ်သည်။ ယခု အသီး အပွင့်ကို ခံစားရတော့မည့်အချိန်၌ အဘွား သိခွင့်၊ မြင်ခွင့်မရ ဖြစ်ခဲ့ပြန်သည်။

"ရှင် ဘာပဲ ခံစားနေရသည်ဖြစ်စေ၊ ရှင်လုပ်ခဲ့တဲ့အလုပ်တွေအတွက် ကျွန်မ ဂုဏ်ယူပါတယ် ဘားရက်။ ရှင် အများကြီးလုပ်ခဲ့ပြီးပါပြီ"

သူ ခုံပေါ်တွင်ထိုင်နေရာမှ ထ,လိုက်ကာ ကျွန်မကိုဖက်လိုက်ပြီး "မင်းလည်း အများကြီး လုပ်ခဲ့တာပါပဲ"ဟု ပြောကာ ကျွန်မကို ဖက်ထား၏။ "တို့နှစ်ယောက်စလုံး မှန်တယ်ထင်တာတွေ အားလုံးလုပ်ပေးခဲ့ပြီးပါပြီ" ဟုပြောကာ တင်းတင်း ကျပ်ကျပ်ဖက်ထား၏။

ကျွန်မကမူ သူ ရှေ့ဆက်လုပ်ရမည့်အလုပ်များကို တွေးနေမိတော့သည်။

※

မိသားစု ညစာစားကြပြီးသည့်နောက် အဝတ်များလဲကြကာ မိတ်ဆွေများနှင့်အတူ ရွေးကောက်ပွဲရလဒ်များ ကြေညာမည့် မြို့ထဲသို့ ထွက်လာခဲ့ကြသည်။ ကျွန်မတို့ စည်းရုံးရေးအဖွဲ့က Hyatt Regency ဟိုတယ်၌ နေရာငှားရမ်းထားပြီးဖြစ်၏။ စည်းရုံးရေးအဖွဲ့ဝင်များကလည်း ထိုဟိုတယ်၌ပင် သီးခြားနေရာယူထားကြ၏။ သူတို့ က ကျွန်မတို့မိသားစုအား လွတ်လွတ်လပ်လပ်နေနိုင်စေရန် သီးခြားငှားပေးထားခြင်း ပင်ဖြစ်၏။ ဂျိုးနှင့် ဂျီးလ်ဘီဒင်တို့လည်း မိသားစုဝင်များ၊ မိတ်ဆွေများနှင့် ရောက်လာ ကြသည်။

ပထမဆုံး ထွက်ပေါ်လာသည့်အဖြေက ညနေ ၆ နာရီခန့်တွင် ဖြစ်သည်။ ကင်တာကီ၌ မက်ကိန်းနိုင်ပြီး ဗားမွန့်တွင် ဘားရက်နိုင်၏။ ထို့နောက် အနောက်ဗာဂျီးနီးယား၌ မက်ကိန်းနိုင်သည်။ ထို့နောက် ကာရိုလိုင်းနားတောင်ပိုင်း၌လည်း မက်ကိန်းပင် အောင်ပွဲခံပြန်သည်။ ကျွန်မကိုယ်ကျွန်မ ယုံကြည်စိတ်ချမှု အနည်းငယ်ကျဆင်းစ,ပြုလာသည်။ အမှန်တကယ်တွင် ထိုအဖြေတို့မှာ အံ့သြဖွယ်ကောင်းလောက်သည့် အဖြေများသာဖြစ်သည်။ အက်စ်နှင့် ပလော့ဖ်တို့က အခန်းထဲနှင့်အပြင် ဝင်ချည်ထွက် ချည်လုပ်ကာ ရလာသောသတင်းများကို ပေးပို့နေကြသည်။ သူတို့ အဆိုအရဆိုလျှင် လူထုသည်ပင်လျှင် ခန့်မှန်းရခက်နေကြသည် ဆို၏။ နောက်ဆုံးရလာသည့် သတင်းများ သည် ခြုံပြောရလျှင် အခြေအနေကောင်းသည်ဟု ဆိုကြ၏။ နိုင်ငံရေး သမားများ ခန့်မှန်းနေကြသည်ကို ကျွန်မ ကြားလိုလှပါပြီ။ ကျွန်မတို့မှာ မည်သူနှင့်မျှ အဆက် အသွယ်မရ၊ ထိန်းချုပ်၍လည်း မရပေ။ ဘာတွေဖြစ်လာမှာပါလိမ့်။ ရုပ်မြင်သံကြားမှ ပြသနေသောသတင်းအရ Grant Park ကြီးထဲတွင် လူတွေအုံခဲကာ ရွေးကောက်ပွဲသတင်းကိုနားထောင်နေကြ၏။ သူတို့ ရပ်နေကြသောနေရာနှင့် တစ်မိုင်ခန့်ကွာသည့်နေရာ၌ ရွေးကောက်ပွဲသတင်းကို ဧရာမ ဖန်သားမျက်နှာပြင်ဖြင့် ထုတ်လွှင့်ပေးနေသည်။ များမကြာမီမှာပင် ထိုဖန်သားပြင်ပေါ်၌ ဘားရက်သည် သူ့ပြင်ဆင် ထားသော မိန့်ခွန်းနှစ်ခုအနက်မှ တစ်ခုကို ပြောရတော့မည်ဖြစ်၏။ တစ်မြို့လုံး၏ နေရာအသီးသီးတွင် ရဲလုံခြုံရေးများ စောင့်ကြပ်နေကြသကဲ့သို့ ရေကြောင်းဘက်၌ လည်း ရေယာဉ်များ ကင်းလှည့်နေကြသည်။ ရဟတ်ယာဉ်များကလည်း ကောင်းကင် ယံ၌ ဝဲကာ လုံခြုံရေးတာဝန်ယူထားကြသည်။ ချီကာဂိုမြို့သားတို့သည် သတင်းနားစွင့်နေကြရင်း အသက်ရှူရန်ပင် မေ့နေကြသည် ထင်၏။

ကွန်နက်တီကက်တွင် ဘားရက် နိုင်၏။ နယူးဟမ်ရှိုင်းယားတွင်လည်း ဘားရက်ပင် အောင်ပွဲခံသည်။ မန်ဆာချူးဆက်၊ မိန်း၊ ဒယ်လာဝဲ၊ ဒီစီတို့တွင်လည်း ဘားရက် ဆက်တိုက်နိုင်ပြန်သည်။ အီလီနွိုက်တွင်

ဘားရက်နိုင်ကြောင်းကြေညာချိန်၌ ကားများက ဟွန်းများတီးကြကာ ဂုဏ်ပြုကြ၏။ လမ်းပေါ်မှ လူများ၏ ဟစ်ကြွေးသံ များလည်း ကြားရ၏။ ကျွန်မက အခန်းတံခါးဝနားတွင် ကုလားထိုင်တစ်လုံး တွေ့၍ ထိုကုလားထိုင်တွင် ထိုင်ကာ အခန်းတွင်းမှ အဖြစ်အပျက်များကို ကြည့်နေမိသည်။ တစ်ခန်းလုံးငြိမ်သက်နေကြစဉ် နိုင်ငံရေးသမားတချို့၏ စိတ်လှုပ်ရှားစွာ ဝေဖန်နေမှုများ၊ ဟောကိန်းထုတ်နေမှုမြင်ကွင်းများကို မြင်တွေ့နေရသည်။ ကျွန်မညာဘက်တွင် သမီးနှစ်ယောက်က အနီနှင့်အနက် ချုပ်ထားသော ဝတ်စုံဆင်တူနှင့် ထိုင်နေကြသည်။ ဘယ်ဘက်တွင် ဘားရက်က ကျွန်မအမေနှင့်အတူ ဆိုဖာရှည်တစ်ခုပေါ်၌ ထိုင်နေသည်။ သူ့ကုတ်အင်္ကျီမှာ တစ်နေရာရာတွင် ချိတ်ထားဟန်ရှိ၏။ အမေက အနက်ရောင် ညနေခင်းဝတ်စုံကို ဝတ်ဆင်ထားပြီး ငွေထည်နားဆွဲကို ဆင်မြန်းထား၏။

"အဘွား . . . အဆင်သင့်ပဲလား"ဟု ဘားရက်က အမေ့အား မေးသံကြားလိုက်ရသည်။

အမေက ဘားရက်ကို လည်ပြန်ကြည့်လိုက်ပြီး ပခုံးတွန့်ပြလိုက်သည်။ သူတို့နှစ်ယောက်စလုံး ပြုံးနေကြ၏။ နောင်တွင် အမေက ကျွန်မအား ပြန်ပြောပြသည် မှာ ထိုအချိန်က သူသည် စကားသံမထွက်နိုင်လောက်အောင်ပင် စိတ်လှုပ်ရှားနေခဲ့ သည်ဟု ဆိုသည်။ အမေရိကန်ပြည်ထောင်စုသည် ဘားရက်အား မိမိကိုယ်မိမိအာမခံရဲသူ၊ ပါဝါရှိသူတစ်ယောက်အဖြစ် လက်ခံလိုက်ကြပြီဖြစ်သည်။ သို့သော် ကျွန်မအမေကမူ ရှေ့ဆက်ရင်ဆိုင်ရမည့် တာဝန်များကို တစ်ဦးတည်း ခေါင်းခံရတော့ မည်ဖြစ်၍ စိတ်မအေးဟု ဆိုသည်။ လွတ်လပ်သောကမ္ဘာအတွက် ရွေးချယ်လိုက်ကြ သူတွင် အဖေရော အမေပါ မရှိကြတော့သည်ကို သိကြမည် မဟုတ်ပေ။ နောက်တစ်ကြိမ် ဘားရက်နှင့်အမေ့ကို လှမ်းကြည့်လိုက်ရာ သူတို့နှစ်ယောက် လက်ချင်းကိုင်ထားကြသည်ကို တွေ့လိုက်ရ၏။

※

အချိန်မှာ ညဆယ်နာရီတိတိဖြစ်သည်။ ထိုအချိန်တွင် သတင်းကွန်ရက် အသီးသီးတို့က ပြုံးနေသော ကျွန်မခင်ပွန်း၏ပုံနှင့် ဘားရက်ဟူစိန်အိုဘားမားသည် အမေရိကန်ပြည်ထောင်စု၏ လေးဆယ့်လေးယောက် မြောက် သမ္မတဖြစ်ကြောင်း ဖော်ပြကြတော့သည်။ ကျွန်မတို့အားလုံး ခြေဖျားများထောက်ကာ အော်ဟစ်လိုက်ကြ၏။ စည်းရုံးရေးအဖွဲ့ဝင်များလည်း ကျွန်မတို့အခန်းထဲသို့ ပြေးဝင်လာကြသည်။ ဘီဒင် အပါအဝင် ဧည့်သည်များ အခန်းတွင်းသို့ ရောက်လာကြ၏။ အားလုံးသည် ပျော်ရွှင်စွာ တစ်ဦးကိုတစ်ဦး ဖက်ပြီး ဂုဏ်ပြုကြ၏။ စိတ်ပင်မကူးဝံ့သည့်ကိစ္စသည် အမှန်တကယ်ပင် ဖြစ်လာခဲ့ချေပြီ။ ကျွန်မကမူ ကျွန်မခန္ဓာကိုယ်ထဲမှ ထွက်ခွာကာ ကျွန်မကိုယ်ကို ပြန်ကြည့်နေသကဲ့သို့

ခံစားလိုက်ရသည်။ သူ စွမ်းဆောင်နိုင်ခဲ့ပြီ။ ကျွန်မတို့အားလုံး စွမ်းဆောင်နိုင်ခဲ့ကြပြီ ဖြစ်သည်။ ဟုတ်ကောဟုတ်ပါရဲ့လား။ သို့သော် သတင်းဌာန အားလုံးက ဖော်ပြနေပြီဖြစ်၍ အမှန်တကယ်ဖြစ်နေသည်ကို လက်ခံလိုက်ရ၏။

ဒီနေရာမှာ ကျွန်မ ခံစားရသည်ကို ပြောပြချင်ပါသေးသည်။ ကျွန်မတို့ မိသားစုတစ်ခုလုံးကို အမြောက်ထဲထည့်ကာ ပစ်လိုက်သဖြင့် ထူးဆန်းသောရေအောက် ကမ္ဘာသို့ ရောက်သွားသည့်နှယ် ဖြစ်နေပြန်သည်။ အရာအားလုံး၏ ရွေ့လျားမှုသည် နှေးကွေးနေပြီး အချို့အရာများမှာ ရှိသင့်ရှိထိုက်သည့် ပုံစံမျိုးမရှိဘဲ ရှည်မျောမျောဖြစ်နေကြသည်။ သို့သော် ကျွန်မတို့ကိုယ်တိုင်မှာမူ လျှို့ဝှက်ထောက်လှမ်းရေးများ က ခေါ်ဆောင်သွားမှုဖြင့် ခတ်လေ့ကားတစ်စင်းဆီသို့ ရောက်ရှိသွားကြသည်။ ထိုမှတစ်ဆင့် ဟိုတယ်၏ နောက်ပေါက်မှထွက်ကြပြီး အဆင်သင့်စောင့်ဆိုင်းနေသော SUV ကားပေါ်သို့ ရောက်လာခဲ့ကြ၏။ အပြင်ထွက်လာချိန်တွင် ကျွန်မ အသက်ရှူမိပါရဲ့လား။ ကျွန်မတို့ အပြင်ထွက်နိုင်ရန် တံခါးအဆင်သင့် ဖွင့်ပေးထားသူကို ကျေးဇူး စကား ဆိုမိပါရဲ့လား။ ကျွန်မ ပြုံးနေမိသလား။ ကျွန်မ ဘာမျှမသိတော့ပါ။ အမှန်တကယ် ဖြစ်ပျက်နေပါသည်ဟု ယုံနိုင်ရန် ကြိုးစားနေဆဲပင် ဖြစ်တော့သည်။ အချို့ ကိစ္စတို့မှာ ကျွန်မပင်ပန်းလွန်းနေသောကြောင့်လည်း ဖြစ်နိုင်သည်။ ယနေ့သည်ပင်လျှင် ဖြတ်သန်းရသည်မှာ ကြာလွန်းလှ၏။ သမီးတို့မျက်နှာမှာလည်း ပြုံးပျော်နေကြသည်။

ယနေ့ည နောက်ပိုင်းအတွက် သူတို့နှင့်အတူ ပျော်ရန် ကျွန်မ စီစဉ်ထားသည်လည်း ရှိသည်။ ဒယ်ဒီ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ကျွန်မတို့မိသားစု ပျော်ကြမည်ဟု ဖြစ်သည်။

ကျွန်မတို့ စီးလာသောကားကို ရဲများက ဦးဆောင်ခေါ်ယူသွား၏။ Grant Park ဆီသို့ အမြန်နှုန်းဖြင့် သွားနေသည်။ ကျွန်မဘဝတွင် ဤလမ်းမကြီးကို အကြိမ် တစ်ရာမက ဖြတ်ခဲ့ဖူးပြီ ဖြစ်သည်။ ဘတ်စ်ကားဖြင့် ဝုစ်တနီယန်းမှ အပြန်ခရီး၊ မနက်မိုးမလင်းမီ လေ့ကျင့်ခန်းလုပ်ရန်အတွက် အားကစားရုံသို့ သွားရသောခရီး စသဖြင့် ဖြစ်သည်။ သည်မြို့သည် ကျွန်မမြို့။ မည်သည့်နေရာမျှ ကျွန်မနှင့် စိမ်းသည် ဟု မရှိပါ။ သို့သော် ထိုညကမူ မြင်ကွင်းအားလုံး အသစ်အဆန်းဖြစ်နေသည်။ ထူးထူးခြားခြား တိတ်ဆိတ်နေ၏။ ကျွန်မမှာ အိပ်မက်ကမ္ဘာထဲသို့ ရောက်နေသည့်နှယ် ဖြစ်နေ၏။

မလီယာက SUVကား၏ ပြတင်းပေါက်မှ အပြင်သို့ ငေးနေသည်။ မြင်သမျှ မြင်ကွင်းများကို မှတ်နေပုံရ၏။

"ဒယ်ဒီ"ဟု သူခေါ်လိုက်၏။ သူ့အသံမှာ ခါတိုင်းနှင့်မတူ ပိုမိုနူးညံ့ပျော့

ပျောင်းနေ၏။ "လမ်းတွေပေါ်မှာ ဘယ်သူမှလည်း မရှိကြဘူး။ ဒယ်ဒီအောင်ပွဲခံတဲ့နေရာကို ဘယ်သူမှ မလာကြဘူး ထင်ပါရဲ့"ဟု သမီးက ဆိုသည်။

ဘားရက်နှင့်ကျွန်မ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး ရယ်မိကြသည်။ ထိုအခါမှ ကျွန်မကိုယ်တိုင်လည်း လမ်းပေါ်တွင် ကျွန်မတို့ကားတစ်စီး တည်းသာရှိသည်ကို သတိထားမိလိုက်သည်။ ဘားရက်က သမ္မတလောင်းအဖြစ် ရွေးချယ်ခံလိုက်ရပြီဖြစ်၍ လျှို့ဝှက်ထောက်လှမ်းရေးများက သူလာမည့် လမ်းကို ကြိုတင်ရှင်းထားကြပြီ ဖြစ်သည်။ Lake Shore Drive တစ်ခုလုံး လမ်းဆုံလမ်းခွမှန်သမျှ ပိတ်ကာ ရှင်းထား၏။ သမ္မတတစ်ယောက်အတွက် လုံခြုံရေးကြိုတင်စီမံထားခြင်းပင် ဖြစ်သည်ဆိုသည်ကို နောင်မှ ကျွန်မတို့ သိခဲ့ရသည်။ အရာအားလုံးသည် အသစ်အဆန်းဖြစ်နေတော့၏။

ကျွန်မက မလီယာအား ဖက်လိုက်ပြီး "လူတွေအားလုံးက အခု မာမီတို့ သွားနေတဲ့နေရာကို ရောက်နေပြီ သမီးရဲ့။ သူတို့က ဒယ်ဒီကို အဲဒီနေရာကနေ ကြိုနေကြမှာ"ဟု ရှင်းပြလိုက်ရသည်။

အမှန်တကယ်ပင် ဖြစ်ပါသည်။ ပရိသတ်ပေါင်း နှစ်သိန်းခန့်တို့သည် ကျွန်မတို့အလာကို ကြိုဆိုနေကြသည်။ ကျွန်မတို့ ကားပေါ်မှ ဆင်းလိုက်ချိန်တွင် သောင်းသောင်းဖြဖြ ကြိုဆိုကြသံများ ကြားလိုက်ရပြီး ကားက ဥယျာဉ်ကြီးရှေ့တွင် ကြိုတင်ဆောက်လုပ်ထားသော တဲဖြူဖြူကလေးရှေ့ ရပ်လိုက်၏။ တဲရှေ့တွင် စင်မြင့် ရှိသည်။ မိသားစုဝင်များ၊ မိတ်ဆွေများက လာနှုတ်ဆက်ကြသည်။ သို့သော် လျှို့ဝှက် ထောက်လှမ်းရေးတို့၏ စည်းကမ်းအရ သူတို့အားလုံး ကြိုးတားထားသည့်နောက် တွင်သာ နေကြရသည်။ ဘားရက်က ကျွန်မအား ဖက်လိုက်သည်။ သူ့ပုံစံကြည့်ရသည်မှာ သူ့အနီးတွင် ကျွန်မရှိနေသည် သေချာစေရန် ဖက်ကြည့်လိုက်ပုံရ၏။

မိနစ်အနည်းငယ်အကြာတွင် စင်မြင့်ပေါ်သို့ တက်လိုက်ကြသည်။ ကျွန်မက မလီယာ၏လက်ကို ဆွဲထားပြီး ဘားရက်က ဆာရှာ၏ လက်ကို ဆွဲထားသည်။ စင်ပေါ်သို့ ရောက်သွားသည်နှင့် မမြင်ဖူးသည်များကို တွေ့ရတော့၏။ စင်မြင့်ကို အသားခပ်ထူထူ၊ ကျည်မတိုးနိုင်သည့်မှန်ဖြင့်ကာထားသည်။ အပြင်တွင် ပင်လယ်တမျှ ကျယ်ပြောသောလူအုပ်ကြီး ရှိနေ၏။ အတော်များများ၏လက်ထဲတွင် အမေရိကန် နိုင်ငံ၏ အလံငယ်များ ကိုင်ဆောင်ကာ ဝှေ့ယမ်းနေကြသည်။ ကျွန်မဦးနှောက်က လိုက်မမီတော့ပေ။ ကြီးကျယ်ခမ်းနားလွန်းလှပါကလား။

ထိုညက ဘားရက်ပြောသော မိန့်ခွန်းကို အနည်းငယ်သာ မှတ်မိပါတော့သည်။ သူ စကားပြောနေသည်ကို ကျွန်မနှင့်သမီးတို့က စင်မြင့်၏ တောင်ပံများနေရာ မှ ကြည့်နေခဲ့ကြသည်။ မှန်များဖြင့် ကာရံထားသည့်နောက်တွင်

ကျွန်မတို့ မြို့သားများ နှင့် ခြောက်ဆယ့်ကိုးသန်းကျော်သော ပြည်သူတို့ ရွေးချယ်လိုက်ကြသည့် သမ္မတ မိန့်ခွန်း ပြောကြားနေချေပြီ။ ကျွန်မရင်ထဲတွင် ကျေနပ်နေသည်။ ချီကာဂိုရေကန်ကြီး၏ နံဘေး နိုဝင်ဘာ၏ ညချမ်းတွင် ရောက်နေသော်လည်း နွေးထွေးနေ၏။ လပေါင်းများ စွာ စည်းရုံးရေးဆင်းစဉ်ကာလက အော်ဟစ်ဆူညံနေခဲ့သော၊ ပြောချင်ရာပြော ဆိုချင်ရာဆိုကာ နေခဲ့ကြသော ပရိသတ်နှင့် ယခုည တွေ့ရသော ပရိသတ်တို့မှာ ကွာခြားလှပါသည်။ ယခု ပရိသတ်မှာ များပြားလှသော်လည်း တိတ်ဆိတ်ငြိမ်သက်နေကြ၏။ အပေါ်စီးမှ ကြည့်နေရသဖြင့် တစ်ယောက်ချင်းစီ၏ မျက်နှာများကိုပင် သဲသဲကွဲကွဲ မြင်ရပါသည်။ မျက်လုံးတော်တော်များများတွင် မျက်ရည်စများ ရှိနေကြ၏။ တိတ်ဆိတ်ငြိမ်သက်နေကြသည် ဆိုသည်မှာ ကျွန်မ စိတ်ကူးယဉ်ခြင်းလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ညဉ့်နက်နေ၍လည်း ဖြစ်နိုင်ပါသည်။ အစီအစဉ်များ ပြီးချိန်တွင် သန်းခေါင်သို့ ရောက်ခဲ့ပြီဖြစ်၏။ အားလုံး စောင့်မျှော်ခဲ့ကြသည်။ ကျွန်မတို့ အချိန်တော်တော်ကြာကြာကတည်းက စောင့်ခဲ့ရသောကာလကို ရောက်ခဲ့ပေပြီ။

※※※

WHISPER of WORDS

ပိုမိုဖြစ်တည်ခြင်း

နောက်ဖြစ်လာမည့် အမေရိကန်နိုင်ငံ၏ သမ္မတကတော်တစ်ယောက်သည် မည်သို့ကျင့်ကြံ နေထိုင်ရမည်ဖြစ်ကြောင်း လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းထားသည့် လက်စွဲစာအုပ် မရှိပေ။ သမ္မတကတော်ဆိုသည်မှာ နည်းပညာဆိုင်ရာ အလုပ်တစ်ခု မဟုတ်သကဲ့သို့ အစိုးရအသိအမှတ်ပြု ရာထူးတစ်ခုလည်း မဟုတ်ပေ။ လစာမရသကဲ့ သို့ လုပ်ဆောင်ရမည့်တာဝန်လည်း သတ်မှတ်ထားသည် မရှိပေ။ ထူးခြားသည့် ဘေးတွဲယာဉ်တစ်စီးကဲ့သို့ နိုင်ငံတော်၏သမ္မတနှင့် ကပ်လျက်ပါလာသူ ဖြစ်သည်။ ကျွန်မ သမ္မတကတော်ဖြစ်လာချိန်တွင် ကျွန်မရှေ့မှ အမျိုးသမီး လေးဆယ့်သုံးဦးတို့ သည် သမ္မတကတော်များဖြစ်ခဲ့ကြဖူးပြီး သူတို့နည်း သူတို့ဟန်နှင့်သာ ဆောင်ရွက်သွား ခဲ့ကြသည်။

ယခင် သမ္မတကတော်ဟောင်းများနှင့် ပတ်သက်၍ သူတို့ ဘယ်သို့ဘယ်ပုံ ဆောင်ရွက် နေထိုင်ခဲ့ကြသည်ကို ကျွန်မ အနည်းငယ်သာ သိသည်။ သမ္မတဂျွန်အက်ဖ် ကနေဒီ၏ဇနီး ဂျက်ကလင်းကနေဒီသည် အိမ်ဖြူတော်အား အသစ်ပြန်လည် မွမ်းမံစေ ခဲ့၏။ သမ္မတ ဂျင်မီကာတာကတော် ရိုစလင်းကာတာသည် ကက်ဘိနက်အစည်း အဝေးများတွင် ဝင်ထိုင်သည်ဆို၏။ သမ္မတ ရေဂင်ကတော် နန်စီရေဂင်သည် ဒီဇိုင်နာ ဝတ်စုံများကို လက်ခံမိသည့်အတွက် ပြဿနာတက်ခဲ့ဖူးသည်။ သမ္မတ ကလင်တန် ကတော် ဟီလာရီသည် သူ့ခင်ပွန်းသည် သမ္မတ ကလင်တန်အစိုးရအဖွဲ့၏ အုပ်ချုပ် ရေးတွင် မူဝါဒများကို နောက်ကွယ်မှ ကြိုးကိုင်သူဖြစ်သည်ဟု ဆိုကြ၏။ လွန်ခဲ့သည့် နှစ်နှစ်ကျော်ခန့်က ဆီးနိတ်တာကတော်များ နေ့လယ်စာ မိတ်ဆုံစားပွဲကျင်းပရာ၌ သမ္မတကတော် လော်ရာဘွတ်ရှ်သည် ကိုယ်ဟန်အနေအထားအမျိုးမျိုး၊ ပြုံးရွှင်သော မျက်နှာထားဖြင့် သူစိမ်းတစ်ယောက်ပြီးတစ်ယောက်နှင့်တွဲကာ ဓာတ်ပုံအရိုက်ခံသည် ကို တွေ့ရသောအခါ ကျွန်မမှာ ထိတ်လန့်တုန်လှုပ်ခြင်း၊ အံ့သြခြင်းတို့ ဖြစ်ခဲ့ရသည်။ လော်ရာသည် တစ်ချက်ကလေးမျှ မနားမနေ တောက်လျှောက်အရိုက်ခံသွားခြင်းဖြစ်သည်။ သမ္မတကတော်များက သူတို့ခင်ပွန်းသမ္မတများနှင့်အတူ ပြည်ပမှ အဖွဲ့အစည်း များအား လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံလျှင်လည်း ပါဝင်ရသည်ဖြစ်ရာ သတင်းများ၌ ဖော်ပြခံရသည်။ နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများ၌ ကျင်းပသော ညစာစားပွဲများတွင် လည်း လှလှပပဝတ်စားကာ တက်ကြရပြန်သည်။ သူတို့သည် အကြောင်းရှာကာ အလုပြထွက်ကြခြင်းဟု ကျွန်မ ထင်၏။

ကျွန်မအလှည့်တွင်မူ သူတို့ စံသတ်မှတ်ကာ တိုင်းနေသော ပေတံ ပြောင်း

သွားမည် ထင်သည်။ တစ်ဦးတည်းသော လူမည်းသမ္မတကတော် အိမ်ဖြူတော်၌ ခြေချခြင်းကပင်လျှင် ပုံမှန်မဟုတ်တော့ခြင်း ကြောင့်ပင်ဖြစ်သည်။ အကယ်၍ ရှေ့အဆက်ဆက်က ရှိခဲ့ကြဖူးသော သမ္မတကတော်များ စံသတ်မှတ်ခဲ့ကြသည်များ ရှိခဲ့ကြလျှင်လည်း ကျွန်မလက်ထက်တွင်မူ ပြောင်းလဲရပေမည်။ စည်းရုံးရေးကာလ တစ်လျှောက်လုံး ကြုံခဲ့သောအတွေ့အကြုံများအရ ကျွန်မသည် သူတို့ထက် ပိုတော်ရမည်၊ ပိုမြန်ရမည်၊ စမတ်ပိုကျရမည်၊ ခွန်အားပိုရှိရန် လိုအပ်သည် ဆိုသည်ကို ကျွန်မ သဘောပေါက်ခဲ့ပြီးဖြစ်၏။ ကျွန်မ စိတ်ပူမိသည်မှာ အမေရိကန်များသည် သူတို့ကိုယ်သူတို့ ကျွန်မနှင့် မတူမတန်ဟု ထင်မည်ကိုသာ ဖြစ်၏။ ကျွန်မ သွားမည့် ခရီးလမ်းသည် သူတို့နှင့် လားလားမှမဆိုင်ဟု လျစ်လျူရှုကြမည်ကို ဖြစ်သည်။ သမ္မတကတော်ဆိုသည့် ဂုဏ်ပုဒ်နှင့် လိုက်လျောညီထွေရှိအောင် သူတို့ သတိမထားမိခင်မှာပင် ကျွန်မက ဝင်ဆံ့ပြီး ဖြစ်စေရမည်ဖြစ်သည်။ သူတို့ အကဲဖြတ်ကြချိန်တွင် ကျွန်မရင်ထဲ၌ ပေါ်ပေါက်လေ့ရှိသော ကြောက်စိတ်တို့ ကင်းစင်ကာ ပကတိတည်ငြိမ် အေးဆေးနေစေချင်ပါသည်။ ကျွန်မရင်ထဲတွင် သမ္မတကတော်ဖြစ်တော့မည် ဆိုသည်ကို ရင်ခုန်နေမိသကဲ့သို့ တုန်လှုပ်နေမိသည်လည်း ရှိသည်။ သို့သော် ကျွန်မခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာခြင်းက ထိုစိတ်တို့ကို ဖယ်ရှားပစ်နိုင်ခဲ့ပါသည်။ ရှေ့အဆက်ဆက်က မည်သူမျှ "လူမည်းသမ္မတကတော်"ဟူ၍ မရှိခဲ့ဖူးပါ။ ကျွန်မသည်သာ ပထမဆုံးသော လူမည်း သမ္မတကတော် ဖြစ်သည်။ တောင်ခြေကိုရောက်ပြီးပါမှ မည်သည့်အကြောင်းကြောင့် တောင်ထိပ်ရောက်အောင် မတက်နိုင်ရမည်နည်း။ ကျွန်မ တက်ရပါမည်။ တစ်စုံတစ်ခု အကြောင်းတိုက်ဆိုင်လေတိုင်း ငယ်ဘဝနှင့်ယှဉ်ကာ သတိရတတ်သည်မှာ ကျွန်မအကျင့်ပင်။ ယခုလည်း ဝှစ်တနီယန်းကျောင်းသို့ စတက်စဉ်က ကိစ္စတစ်ခုကို သတိရမိပြန်ပါသည်။ ထိုစဉ်က အတိုင်းပင် ကိုယ့်ကိုယ်ကို အားပေးရတော့၏။

ငါက တန်လို့လား...၊ တန်တာပေါ့။

သမ္မတအဖြစ် ရွေးချယ်ခြင်းခံရသောနေ့နှင့် ကျမ်းသစ္စာကျိန်ဆိုသောနေ့မှာ ခုနစ်ဆယ့်ခြောက်ရက် ကွာပါသည်။ ထိုစဉ်ကာလအတွင်း ကျွန်မ ဘယ်လိုသမ္မတကတော် ဖြစ်စေမည်နည်းဟု တွေးတောကြံဆ နေရသည်။ နောက်ဆုံးတွင် ကျွန်မက ဖြစ်သင့်ဖြစ်ထိုက်သည်ဟု ယူဆရသည့်အတိုင်းသာ ဆောင်ရွက်တော့မည်ဟု ဆုံးဖြတ် လိုက်၏။ နှစ်ယောက်အတူ လက်တွဲဆောင်ရွက်ခြင်းကြောင့် ရရှိလာသော အကျိုး ခံစားခွင့်ကို ခံစားရတော့မည်ဖြစ်၍လည်း ကျေနပ်မိပါသည်။ စည်းရုံးရေးကာလ အတွင်းက တွေ့ခဲ့ရသော တပ်မှ မိသားစုဝင်များအတွက်လည်း အဆင်ပြေစေရန် ကြိုးစားပေးမည်ဟုလည်း သတိရမိသည်။ နောက်ထပ်ရသည့် စိတ်ကူးမှာ ဥယျာဉ်ခြံမြေများ စိုက်ပျိုးခြင်းဖြင့် အသီးအရွက်များ ရရှိစေကာ ကလေးများ၏ ကျန်းမာရေး

ဖွံ့ဖြိုးမှုကို ပိုမိုအထောက်အကူပြုစေရန် ဖြစ်သည်။

ထိုစိတ်ကူးများမှာ သာမန် တွေးရိုးတွေးစဉ်မျိုးမဟုတ်ဘဲ ကျွန်မအတွက် ကျောထောက်နောက်ခံ လုပ်ပေးမည့်အဖွဲ့နှင့် အိမ်ဖြူတော်သို့ သွားမည်ဖြစ်ပါသည်။ စည်းရုံးရေးကာလက ကျွန်မအပေါ် အမြင်မကြည်လင်ခဲ့ကြသူများ၊ စကားကို အထ အနကောက်ကာ ဖော်ပြခဲ့ကြသူများ၊ ဒေါသကြီးသည်ဟု သုံးသပ်ခဲ့ကြသူများကို လက်တွေ့လုပ်ပြမည်ဟုလည်း စိတ်ကူးထားပါသည်။ လက်တွေ့လုပ်မပြနိုင်လျှင် ထိုသူတို့စိတ်ထဲ၌ ကျွန်မအပေါ် အမြင်မကြည်မလင်ဖြစ်နေကြပေဦးမည်။ သို့သော် ကျွန်မအနေဖြင့် ဘားရက်၏အဖွဲ့မှ ညွှန်ကြားလာမည်ကိုမူ စောင့်ရပေဦးမည်။ ယမန်နှစ်က အတွေ့အကြုံအရ ကျွန်မစိတ်ထင်သည်ကို ထင်တိုင်းကြဲ၍ မရနိုင်ပေ။

※

ကျွန်မစိတ်က လုပ်ချင်ကိုင်ချင်သည်များကို ချက်ချင်းလုပ်ဆောင်ချင်နေသဖြင့် စိတ်စောနေမိသည်။ သို့သော် သမ္မတအဟောင်းနှင့် အသစ်ကြား ကူးပြောင်းရာ တွင် ဆောင်ရွက်ရသည့်ကိစ္စများရှိနေခြင်းကြောင့် အချိန်စောင့်နေရသည်။ ကျွန်မက အရာရာကို ကြိုတင်စီမံကိန်းချပြီးမှ ဆောင်ရွက်တတ်သူတစ်ဦးဖြစ်၏။ ထို့ကြောင့် ထိုင်စောင့်နေရသော အလုပ်များအတွက် စိတ်မရှည်ချင်ပါ။ ကျွန်မ၏ ပထမဦးစား ပေးမှာ သမီး ဆာရှာနှင့် မလီယာတို့ ဖြစ်သည်။ သမီးများ နေသားတကျဖြစ်စေချင်သည်။ ဝါရှင်တန်သို့ ပြောင်းရွှေ့နေရမည်ဖြစ်သဖြင့် သူတို့ကို ကျောင်းပြောင်းရဦးမည်။ ဝါရှင်တန်တွင် သူတို့ ပျော်မည်ဟု ထင်၏။

ရွေးကောက်ပွဲပြီးနောက် ခြောက်ရက်အကြာတွင် ကျွန်မ ဝါရှင်တန်သို့ လေယာဉ်ဖြင့် လာခဲ့၏။ ကျောင်းနှစ်ကျောင်း၏ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံရန် စီစဉ်ထားပြီးဖြစ်၏။ ကျောင်းနှစ်ကျောင်းလုံးတွင် ပညာရေးနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာ သင်ကြားမှုကိုလည်း လေ့လာထားသည်။ သို့သော် ကျွန်မစိတ်ကူးသည် ခေတ်နောက် ၌ ကျန်နေရစ်ပြီဖြစ်သည်ကို တွေ့ရသည်။ ကျောင်းနှင့်ပတ်သက်၍ အရာရာ ဆွေးနွေး ပြီးသည်သာမက သမီးများ ကျောင်းတက်နေချိန် လျှို့ဝှက်ထောက်လှမ်းရေးများက စောင့်ရှောက်ရေး၊ အရေးပေါ်အခြေအနေတွင် ကယ်ထုတ်ရေး၊ ကလေးများ၏ လုံခြုံ ရေးကအစ စီစဉ်ထားပြီး ဖြစ်နေသည်။ ကျွန်မထင်ထားသည်ထက် ပိုစနစ်ကျသည်။ လူအင်အားများစွာ သုံးထားသည်။ ဆုံးဖြတ်ချက်တစ်ခုချဖို့အရေး လူအများကြီးနှင့် စကားပြောရမည်ဖြစ်သည်။

ကြားကာလ၌လည်း ကျွန်မ စည်းရုံးရေးခရီးစဉ်တစ်လျှောက် လက်တွဲခဲ့ကြသော မလီဆာ၊ ကေတီ၊ ခရစ္စတင်းတို့ကို ဆက်လက်သုံးစွဲခွင့် ရထားသည်။ သူတို့

နှင့်တိုင်ပင်ကာ အိမ်ဖြူတော်သို့ ပြောင်းရွှေ့နေထိုင်ရေးနှင့် ဝန်ထမ်းများငှားရမ်းရေး ကိစ္စတို့ ဆောင်ရွက်ရပါသည်။ အချိန်ဇယားများ၊ ပေါ်လစီရေးဆွဲရေး ကျွမ်းကျင်သူများ၊ ဆက်သွယ်ရေးပညာရှင်များ၊ နောင်တွင် ကျွန်မ၏ ရုံးခန်းအဖြစ် အသုံးပြုရမည့် အရှေ့ဘက်ခြမ်း ရုံးခန်းကိစ္စများ၊ မိသားစုနေအိမ်အတွက် ခန့်ထားမည့်သူများကိုလည်း အင်တာဗျူးမေးရသေးသည်။ ပထမဦးဆုံး ငှားရမ်းလိုက်သည့်ဝန်ထမ်းမှာ ဂျီစလင်း ဖရိုင် ဖြစ်သည်။ သူက ဝေဖန်သုံးသပ်မှုအပိုင်းတွင် ထူးထူးခြားခြား ကျွမ်းကျင်သူဖြစ်ပြီး ဥပဒေကျောင်းတက်စဉ်က မိတ်ဆွေဟောင်းဖြစ်၍ သူ့ကို ပေါ်လစီဒါရိုက်တာ ခန့်လိုက်၏။ သူက ကျွန်မလုပ်ကိုင်လိုသည့် ကိစ္စများအတွက် ချမှတ်မည့် စီမံကိန်းများ ကို လေ့လာသုံးသပ်ပေးမည် ဖြစ်၏။

ထိုကာလတွင် ဘားရက်က သူ့ဝန်ကြီးအဖွဲ့တွင် ပါဝင်ထမ်းဆောင်ကြမည့် သူများကို ရွေးချယ်နေ၏။ အထူးသဖြင့် ကျဆင်းနေသော အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးကို ပြန်လည်တည့်မတ်ပေးနိုင်မည့် သူများကို ဦးစားပေး ရွေးချယ်နေသည်။ လက်ရှိအခြေအနေတွင် အမေရိကန် ဆယ်သန်းခန့်မှာ အလုပ်လက်မဲ့ဖြစ်နေကြသည်။ စက်မှုလုပ်ငန်းများလည်း ကျဆင်းနေ၏။ ထိုကိစ္စများကို ဆွေးနွေးသည့် အစည်း အဝေးပွဲတိုင်း၌ ကျွန်မခင်ပွန်းသည်၏ မေးရိုးများ တင်းနေသည်ကို ကြည့်ခြင်းအားဖြင့် အခြေအနေသည် အမေရိကန်များ ထင်ထားသည်ထက် ဆိုးရွားနေသည်ကို သိသာပါသည်။ သူ့ထံသို့ နေ့စဉ် ထောက်လှမ်းရေးအစီရင်ခံစာများလည်း ဝင်နေပြီဖြစ်ရာ နိုင်ငံနှင့်ပတ်သက်သည့် လျှို့ဝှက်ကိစ္စများစွာ ကိုလည်း စတင်သိရှိနေပြီဖြစ်၏။ ထိပ်တန်းခြိမ်းခြောက်မှုများ၊ တိတ်တခိုး မဟာမိတ်ဖွဲ့လာမှုများ၊ ပြည်သူလူထု မသိလိုက်သည့် တိတ်တခိုးလုပ်ဆောင်လိုက်မှုများ စသဖြင့် များစွာ ထိတွေ့ကိုင်တွယ် လာရသည်။

လာမည့်ကာလများအတွင်း လျှို့ဝှက်ထောက်လှမ်းရေးများက ကျွန်မတို့အား ကာကွယ်စောင့်ရှောက် ကြတော့မည် ဖြစ်သည်။ အေဂျင်စီက ကျွန်မတို့မိသားစုကို သူတို့ချင်းသာသိမည့် လျှို့ဝှက်ကုဒ်လည်း စီစဉ်ထားပြီးဖြစ်၏။ ဘားရက်က “သစ္စာ ဖောက်”၊ ကျွန်မက “တစ်ခေတ်ဆန်းသူ”ဖြစ်လာကြပြီး ကလေးနှစ်ယောက်ကိုမူ သူတို့စိတ်ကြိုက်ရွေးစေရာ မလီယာက “အလင်းတန်း”ကို ရွေးချယ်ပြီး ဆာရှာက “နှင်းဆီဖူး”ကို ရွေး၏။(နောင်တွင် ကျွန်မမိခင်အတွက်လည်း “အလင်းတန်း”ဆိုသည့် လျှို့ဝှက်ကုဒ်ကို သုံး၏။)

ထောက်လှမ်းရေးများက ကျွန်မနှင့်တိုက်ရိုက်စကားပြောလျှင်မူ “မဒမ်”ဟု သုံးကြသည်။ “ဒီလမ်းက ကြွပါ မဒမ်”၊ “ကျေးဇူးပြုပြီး နောက်တစ်လှမ်းဆုတ်ပေးပါ မဒမ်”၊ “ခဏနေရင် ကားအဆင်သင့်ဖြစ်ပါပြီ မဒမ်” စသဖြင့် ပြောကြပါသည်။ မဒမ်ဆိုတာ ဘယ်သူလဲဟု ကျွန်မ မေးလိုက်ချင်ပါသည်။ မဒမ်ဆိုသော

စကားလုံးကြားရတိုင်း အသက်ကြီးကြီးမိန်းမကြီးတစ်ယောက် ပိုက်ဆံအိတ်ကောင်းကောင်းကိုင်ကာ ဖိနပ်အကောင်းစားစီးပြီး ဝတ်ကောင်းစားလှနှင့် ခပ်လှမ်းလှမ်းတွင် ထိုင်နေသောသူဟု မြင်ယောင်မိသည်။

သို့သော် ကျွန်မက ယခု သူတို့ခေါ်နေသော "မဒမ်"ဖြစ်နေပြီဟု နှလုံးပိုက်မိသဖြင့် မမေးတော့ပါချေ။ ကြီးမားသော ပြောင်းလဲမှုတွင် ပါခဲ့ချေပြီ။

ထိုအတွေးက ကလေးများအတွက် ဝါရှင်တန်၌ ကျောင်းသွားစီစဉ်ရာတွင် ပေါ်ပေါက်ခဲ့သည်။ အစည်းအဝေးများ ပြီးသည့်နောက် ရေဂင်နိုင်ငံတကာလေဆိပ်သို့ သွားရောက်ကာ ချီကာဂိုမှ စီးလုံးငှားလေယာဉ်ဖြင့် ရောက်လာမည့် ဘားရက်အား စောင့်ဆိုင်းနေလိုက်သည်။ အသစ်ရွေးချယ်တင်မြှောက်ခံရသော သမ္မတအား သမ္မတ ဟောင်းက အိမ်ဖြူတော်သို့ ဖိတ်ကာ ဧည့်ခံရသည့် ထုံးစံရှိ၍ လာရခြင်းဖြစ်သည်။ ထိုအစီအစဉ်အတွက် ကလေးများကျောင်းကိစ္စနှင့် ကျွန်မ ဝါရှင်တန်လာမည့်ရက် နှင့် ညှိထားလိုက်၏။ ကျွန်မက ဘားရက်၏ လေယာဉ်ဆင်းလာမည့်အချိန်ကို သီးသန့်ဧည့်ကြိုဆောင်မှ စောင့်နေလိုက်သည်။ ကျွန်မ စောင့်နေသည့်နေရာနှင့် မလှမ်း မကမ်းတွင် ကျွန်မ၏ လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်နေသော ကော်နက် လီယပ်စ်ဆော့သ်ဟောလ်၏ ရုံးခန်း ရှိ၏။

ကော်နက်လီယပ်စ်သည် ပခုံးကျယ်ကျယ်နှင့် ကောလိပ်ကျောင်းသားဘဝက ဘောလုံးကစားသမား တစ်ဦးဖြစ်သည်။ သူသည် သမ္မတဘွတ်ရှ်၏ လုံခြုံရေး ခေါင်းဆောင်လည်း ဖြစ်၏။ ကျွန်မတို့နှင့်ပတ်သက်သည့် အဖွဲ့ခေါင်းဆောင်များ အတိုင်း သူသည် စမတ်ကျသူ၊ အထူးသတိထားတတ်သူ ဖြစ်သည်။ ဘားရက်၏ လေယာဉ်ဆိုက်ရောက်လာပြီးနောက် ကျွန်မတို့နှစ်ယောက် လေယာဉ်ပေါ်မှ ဘားရက် ဆင်းသက်လာနေသည်ကို ကြည့်နေစဉ်အတွင်းမှာပင် သူက ကျွန်မကို စကားတစ်ခွန်း ဆိုလိုက်သည်။ "မဒမ်...... ခုချိန်ကစပြီး ဘဝက ပြောင်းလဲသွားပါပြီ" ဆို၏။

ကျွန်မက နားမလည်သလိုနှင့် သူ့အား ကြည့်လိုက်သောအခါ သူက ခဏလေးစောင့်ပါ မဒမ်"ဟု ဆိုသည်။

သူက ညာဘက်သို့ လက်ညှိုးထိုးပြသည်။ ကျွန်မ လှည့်ကြည့်လိုက်သောအခါ ယာဉ်တန်းတစ်ခုကို တွေ့ရ၏။ နိုင်ငံတော်အလံ တလူလူလွင့်နေသော ကားတန်း တွင် ရဲကားများ၊ SUV ကားများ၊ လက်နက်တပ်ဆင်ထားသော မှန်လုံကားများ၊ မြင်သာအောင် စက်သေနတ်များ တပ်ဆင်ထားသည့်ကားများ၊ ဆေးရုံကား စသဖြင့် စုစုပေါင်း ယာဉ်အစီးနှစ်ဆယ်ခန့် ထွက်ပေါ်လာသည်။ ထိုယာဉ်တန်းသည် လေယာဉ် ပေါ်မှ ဆင်းသက်လာသည့် ဘားရက်အား

သွားရောက်ကြိုဆိုကြတော့သည်။

ကျွန်မက ကော်နက်လိယပ်စ်ဘက်သို့ လှည့်ကာ "နောက်နေကြတာလား ဟင်...၊ သူက ဒီမော်တော်ယာဉ်တန်းနဲ့ သွားရမှာလား"ဟု မေးလိုက်မိသည်။

သူက ပြုံးလိုက်သည်။ "ဟုတ်ပါတယ် မဒမ်၊ သူ သမ္မတဖြစ်နေသမျှကာလ ပတ်လုံး ဒီလိုပဲသွားရမှာပါ" ဟု ဆို၏။

ထူးခြားသည့်မြင်ကွင်းကို ကျွန်မ ငေးကြည့်မိသည်။ အလေးချိန်ပေါင် ပေါင်းများစွာပါဝင်သော သံထည်ပစ္စည်းများ၊ လက်ဖြောင့် ကွန်မန်ဒိုတပ်သားများ၊ ကျည်မတိုးနိုင်သည့် မှန်လုံကားများ စသည့် လုံခြုံရေးအစီအစဉ်များစွာဖြင့် ဘားရက် အား ကာကွယ်ပေးထားကြသည်။ ဒါသည်ပင်လျှင် ကျွန်မ မြင်ရသော လုံခြုံရေးမျှ သာ ရှိသေးသည်။ ကောင်းကင်ယံ၌ ရဟတ်ယာဉ်များကလည်း ဝဲကာ စောင့်ရှောက် နေကြသေးသည်။ သူသွားသည့် လမ်းတစ်လျှောက်တွင် အဆောက်အဦများ၏ ခေါင်မိုးပေါ်၌ လက်ဖြောင့်သေနတ်သမားတို့ နေရာယူထားကြပေဦးမည်။ သူ့ကိုယ် ရေးသမားတော်ကလည်း ယာဉ်တန်းတွင် အဆင်သင့်ပါလာကာ ကျန်းမာရေးပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ချက်ချင်းကုသပေးပေမည်။ ယာဉ်တန်းတွင် သမ္မတ အတွက် အရေးပေါ်သွေးလိုပါက အဆင်သင့်ရှိစေရန်အတွက် အမျိုးအစားတူသွေး လည်း ဆောင်ထားပေမည်။ ဘားရက် ကျမ်းသစ္စာမကျိန်ဆိုမီ ရက်သတ္တပတ် အတော်များများ ကြိုတင်ကာ သမ္မတ၏ စီးတော်ယာဉ်ကို အသစ်မွမ်းမံ ခြယ်သခြင်းလည်း ဆောင်ရွက်ပေးထား၏။ အမှန်စင်စစ်တွင် Beast ဟု အမည်ပေးထားသော မော်တော် ယာဉ်မှာ အလေးချိန်အားဖြင့် ခုနစ်တန်လေးသော သံချပ်ကာကားကို ဇိမ်ခံကားအဖြစ် ပြောင်းလဲထားခြင်းဖြစ်သည်။ ကား၌ မျက်ရည်ယိုဗုံးပစ်နိုင်သည့် ခလုတ်တပ်ဆင်ထား ပြီး ကျည်မတိုးသည့် တာယာများလည်း တပ်ဆင်ထားသည်။ လေဝင်နိုင်သော အပေါက်မှန်သမျှမှ ဓာတုဗေဒဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခြင်းမပြုနိုင် ရန် စီမံထား၏။

ယခုအခါ ကျွန်မသည် ကမ္ဘာမြေပေါ်တွင် လုံခြုံရေးအထူထပ်ဆုံးချ ထားသည့် သူတစ်ယောက်ကို အိမ်ထောင်ပြုထားသည်နှင့် တူ၏။

ကျွန်မ ကော်နက်လိယပ်စ်ကို ကြည့်လိုက်သည်။ သူက ဇိမ်ခံကားဆီသို့ လက်ညွှန်ပြကာ "ကားပေါ်ကြွပါ မဒမ်" ဆိုလာ၏။

※

ကျွန်မ အိမ်ဖြူတော်အတွင်းသို့ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ရောက်ခဲ့ဖူးပါသည်။ ဘားရက်က ဆီးနိတ်တာဖြစ်၍ သူ့ရုံးသို့လာလည်ရင်း မလီယာ၊

ဆရာတို့နှင့် အတူ လှေ့လာသူတစ်ဦးအဖြစ် ဝင်ရောက်ခဲ့ခြင်းဖြစ်၏။ အိမ်ဖြူတော်အတွင်း ဝင်လှေ့လာကြည့်လျှင် ပျော်စရာကောင်းမည်ဟူသော အတွေးဖြင့် ဝင်ကြည့်ခြင်းပင်။ အိမ်ဖြူတော်လှေ့လာရေးဆိုသော်လည်း ဧည့်လမ်းညွှန်အဖြစ် လိုက်ပြသူ မရှိပေ၊ မိမိကိုယ်တိုင်သာ လှည့်လည်လှေ့လာရခြင်းဖြစ်၏။ ကျွန်မ ဝင်လည်ချိန်တွင်မူ ရှင်းလင်း ပြသူတစ်ဦး အုပ်စုလိုက် လှည့်လည်ပြသရင်း ထည်ဝါခံ့ညားလှသော ခန်းမကြီးများ အကြောင်း ရှင်းလင်းပြောကြားပေး၏။

အရှေ့ဘက်ဆောင်တွင် မြင့်မားလှသည့် မျက်နှာကြက်များ၌ ချိတ်ဆွဲထား သော ဖန်မီးဆိုင်းကြီးများ ရှိသည်။ ထိုခန်းမတွင် သမိုင်းဝင် အခမ်းအနားကြီးများ ကျင်းပခဲ့သည်ဟု သိရ၏။ နံရံများပေါ်တွင် ပါးပြင်နီမြန်းနေသော ဂျော့ဝါရှင်တန်၏ ပုံတူပန်းချီကား အပါအဝင် လက်ဆောင်ရ ပန်းချီကားများ ချိတ်ဆွဲထားသည်။ ကျွန်မတို့ ဧည့်လမ်းညွှန်၏ ပြောပြချက်အရ ထိုခန်းမကြီးတွင် သမ္မတကတော် အဘီ ဂေးလ်အဒမ် လက်ထက်က အဝတ်လှန်းသည့်အခန်းဖြစ်ခဲ့ဖူးသကဲ့သို့ နောင်ဆယ်စုနှစ် အတန်ကြာသောအခါ အမေရိကန်ပြည်တွင်းစစ်ဖြစ်ပွားချိန်၌ တပ်များ စခန်းချသည့် နေရာလည်း ဖြစ်ခဲ့သည်ဟု ဆိုသည်။ အချို့သော သမ္မတများ၏ သမီးများ မင်္ဂလာပွဲ ကျင်းပရာ ခန်းမအဖြစ်လည်း အသုံးတော်ခံခဲ့ရသည်။ သမ္မတ အေဘရာဟင်လင် ကွန်း၊ ဂျွန်အက်ဖ်ကနေဒီတို့ လုပ်ကြံခံရစဉ်က ရုပ်အလောင်းကို ဤခန်းမ၌ ထားရှိကာ ပြသခဲ့သည် ဆို၏။

ကျွန်မစိတ်ထဲတွင် ကျောင်း၌ သင်ခဲ့ရဖူးသော သမိုင်းထဲမှ သမ္မတမိသားစု များကို သတိရမိပြီး ဤခန်းမများထဲ၌ သူတို့မိသားစုတွေ သွားလာလှုပ်ရှားနေခဲ့ကြ မည်ဟု တွေးမိသည်။ ထိုစဉ်က အသက်ရှစ်နှစ်သာရှိသေးသော သမီး မလီယာက ခန်းမကြီးများ၏ ကျယ်ဝန်းမှုကိုကြည့်ကာ အံ့သြနေသည်။ အသက်ငါးနှစ်သာရှိသေးသော ဆာရှာကမူ မထိရ၊ မကိုင်ရ ဟု သတ်မှတ်ထားသောပစ္စည်းများကို မကိုင်မိစေရန် ကြိုးစားနေ၏။ အရှေ့ဘက်ဆောင်မှ အစိမ်းရောင်ခန်းမသို့ ကူးသော အခါ သမီးက လက်ကို တွဲပြီး လိုက်လာခဲ့သည်။ အစိမ်းရောင်ခန်းမသည် မြသား ရောင်ပိုးထည်တို့ဖြင့် နံရံများကို ကာထားသည်။ ထိုခန်းမနှင့်ပတ်သက်ပြီး ၁၈၁၂ ခုနှစ်က ဖြစ်ပွားခဲ့သော စစ်ပွဲနှင့်ပတ်သက်၍ ဂျိမ်းစ်မယ်ဒီဆင်ဇာတ်လမ်းကို ကြားရသည်။ အပြာရောင်ခန်းမတွင် ပြင်သစ်ပရိဘောဂတို့ကို တွေ့ရပြီး ထိုခန်းမ၌ ဂရိုဗာ ကလေ့ဗ်လဲန် မင်္ဂလာဆောင်ခဲ့သည် ဆို၏။ သို့သော် ဧည့်လမ်းညွှန်က နောက်တစ်ခန်း ဖြစ်သည့် အနီရောင်အခန်းသို့ သွားကြမည်ဆိုသောအခါ ဆာရှာက ကျွန်မကိုမော့ ကြည့်လိုက်ပြီး "မသွားတော့ဘူး. . . နောက်တစ်ခန်း မသွားတော့ဘူး"ဟု ဆိုလာသည်။ ကျွန်မ သူ့ကို ကမန်းကတန်းကြည့်လိုက်ပြီး "အရှက်ကွဲအောင်မလုပ်နဲ့"ဟု မိခင်တစ် ယောက်၏ လုပ်ပိုင်ခွင့်ကိုသုံးကာ

ခပ်တင်းတင်းပင် ဆိုလိုက်သည်။

သို့သော် ရိုးရိုးသားသားတွေးကြည့်ပါလျှင် ကလေးကို အပြစ်တင်ရန် အကြောင်းမရှိပေ။ ကြီးကျယ်ခမ်းနားလှသော အိမ်ဖြူတော်တွင် အခန်းပေါင်း ၁၃၂ ခန်းရှိပြီး ရေချိုးခန်းပေါင်း ၃၅ ခန်း၊ မီးလင်းဖို ၂၈ ခု ရှိကာ အထပ်အားဖြင့် ခြောက်ထပ်ရှိပါသည်။ အခန်းတိုင်းတွင် သမိုင်းကြောင်းအသီးသီးရှိရာ တစ်ခေါက်တည်းနှင့် နှံ့စပ်ရန် မလွယ်ကူပေ။ ဤခန်းမများ၌ ဘဝအဖုံဖုံ ရှိခဲ့ကြသည်။ အောက်ထပ်အချို့တွင် အစိုးရဝန်ထမ်းများ လှုပ်ရှားသွားလာနေကြသည်ကို မြင်တွေ့ရပြီး အပေါ်ထပ်များတွင်မူ သမ္မတကြီး၊ သမ္မတကတော်မိသားစုနှင့် စကော့တယ်ရီယာခွေးကလေးများ နေကြသည်ဟု သိရ၏။ သို့သော် ကျွန်မတို့ရောက်နေသည့် နေရာမှာမူ ပြတိုက် အဆောက်အဦကဲ့သို့ ဖြစ်နေသည်။ သမိုင်းဝင်ပစ္စည်းအချို့ပင် ပြသထားပါသေးသည်။

နှစ်နှစ်ကြာသည့်အခါ ကျွန်မ ဤနေရာသို့ ရောက်လာခဲ့ပြန်ပါသည်။ သို့သော် ဝင်ပေါက်ချင်း မတူတော့ပေ။ သည်တစ်ကြိမ်တွင် ဘားရက်နှင့် ဖြစ်သည်။ သည်တစ်ကြိမ် လာရောက်ခြင်းက မကြာမီ ကျွန်မတို့နေရမည့် အိမ်အဖြစ် လာကြည့် ခြင်းပင်။

သမ္မတ ဘွတ်ရှ်နှင့် မစ္စစ်ဘွတ်ရှ်တို့က ကျွန်မတို့ကို သံတမန်ဆောင်တွင် လက်ခံတွေ့ဆုံကြ၏။ တောင်ဘက် မြက်ခင်းပြင်အနီး၌ ရှိသော အခန်းပင် ဖြစ်သည်။

သမ္မတကတော်က ကျွန်မလက်ကိုဆွဲကိုင်ကာ နွေးနွေးထွေးထွေးပင် ကြိုဆိုပါသည်။ စကားပြောကြသည့်အခါ “လော်ရာလို့ပဲ ခေါ်ပါ” ဟု သူက ဆို၏။ သမ္မတကမူ တက္ကဆက်စ်သားပီသစွာ ပွင့်ပွင့်လင်းလင်းပြောကြားရင်း ကြိုဆိုပါကြောင်း ပြောကြား နေပါတယ်။ စည်ရုံးရေးကာလအတွင်းတွင် ဘားရက်က လက်ရှိသမ္မတ၏ အမှားများ ကိုထောက်ပြကာ သူသာ သမ္မတဖြစ်ပါက ထိုအမှားများကို ပြင်ဆင်မည်ဟု ပြော ကြားခဲ့၏။ ဘွတ်ရှ်သည် ရီပါဘလီကင်ဖြစ်သည့်အားလျော်စွာ သူ့ပါတီမှ အရွေးချယ် ခံသော ဂျွန်မက္ကိန်းကိုသာ အားပေးခဲ့၏။ သို့သော် သူက ရာထူးလွှဲပြောင်းရေးကိစ္စ ကို သမိုင်းတွင် အညင်သာဆုံး လွှဲပြောင်းပေးခြင်းဖြစ်အောင် ဆောင်ရွက်ပေးပါမည် ဟု ဆို၏။ သူ့လက်အောက်ရှိ ဌာနအသီးသီးအားလည်း နောက်ဆုံးအခြေအနေများကို အကျဉ်းချုပ်ရေးသားထားစေပြီး နောက်ဝင်လာမည့် ဝန်ထမ်းအသစ်များ လွယ်ကူစေရန် ဆောင်ရွက်ပေးမည်ဟု ကတိပေးပါသည်။ သမ္မတကတော်ဘက်မှလည်း အဆက် အသွယ်များ စာရင်းပြုစုထားပြီး ဖြစ်သည်။ ကျင်းပသည့် ပွဲလမ်းသဘင်များ အချိန် ဇယား စသဖြင့် လိုအပ်မည့်ကိစ္စများကို စာရင်းဇယားနှင့် ပြုစုပေးထားသည်။ စာနာထောက်ထားမှုအပြည့်အဝဖြင့် ကူညီပေးသည်ဟု ကျွန်မခံစားရပါသည်။

ကျွန်မ တို့အား ယင်းသို့ အသေးစိတ်ကူညီခြင်းမှာ တိုင်းပြည်အား ချစ်ခြင်းကြောင့်ဖြစ်ကြောင်း ခံစားနားလည်ကာ ဂုဏ်ယူ အားကျခဲ့ရပါသည်။

သမ္မတဘွတ်ရှ်က တိုက်ရိုက်ဝန်ခံခြင်း မပြုသော်လည်း သူ့မျက်နှာတွင် ဝန်ထုပ်ဝန်ပိုးကြီး ကျသွား၍ စိတ်သက်သာရာရနေကြောင်း အထင်းသားပေါ်လွင်နေသည်။ သူ့ဇာတိမြေ တက္ကဆက်စ်သို့ ပြန်ကာ အခြေချနေတော့မည်ဟုလည်း ဆိုသည်။ သမ္မတအသစ်တစ်ယောက်အား သူ ပခုံးပြောင်းပေးရပေတော့မည်။ ခင်ပွန်းသည်နှစ်ယောက်က အလုပ်စကားပြောကြရန် အိုဗယ်(ဘဲဥပုံစံ) ခန်းမသို့ လျှောက်သွားကြသောအခါ လော်ရာက ကျွန်မအား သစ်သားဖြင့် ကာရံထား သော၊ သမ္မတမိသားစုအတွက် သီးသန့်စီစဉ်ထားသော ဓာတ်လှေကားရှိရာသို့ ခေါ်ဆောင်လာသည်။ ထိုဓာတ်လှေကားကို မောင်းနှင်သူမှာ ဝတ်စုံပြည့် ဝတ်ဆင်ထားသော အာဖရိကန်-အမေရိကန် အမျိုးသားတစ်ဦး ဖြစ်၏။

အပေါ်နှစ်ထပ် တက်လိုက်သောအခါ သမ္မတမိသားစု နေထိုင်ရာသို့ ရောက်၏။ လော်ရာက မလီယာနှင့် ဆာရှာတို့အကြောင်း မေးသည်။ ထိုစဉ်က လော်ရာမှာ အသက်ခြောက်ဆယ့်နှစ်နှစ်ရှိနေပြီး သမီးနှစ်ယောက်မှာ အိမ်ဖြူတော်၌ပင် ရှိသည်။ လော်ရာမှာ ကျောင်းဆရာမဟောင်း၊ စာကြည့်တိုက်မှူးဘဝမှ သမ္မတကတော် ဖြစ်လာသူပင်။ ထို့ကြောင့် ပညာရေးမြှင့်တင်ပေးရန် ကိစ္စများတွင် ပါဝင်ဆောင်ရွက်သည့် အပြင် ဆရာ၊ ဆရာမများ ကောင်းကျိုးအတွက် ဆောင်ရွက်ပေးသူ ဖြစ်၏။ သူက ကျွန်မကို သူ့မျက်လုံးပြာပြာကလေးများဖြင့် ကြည့်နေ၏။

"ဘယ့်နှယ်လဲ..." သူက ကျွန်မကို မေးလာသည်။

"ပျော်ပါတယ်" ကျွန်မ အမှန်အတိုင်းပင် ဝန်ခံလိုက်ပါသည်။

ကျေနပ်သွားပုံဖြင့် လော်ရာ ပြုံးသည်။

"ကျွန်မ သိပါတယ်။ ကျွန်မကိုလည်း ယုံပါ"ဟု တရင်းတနှီးပင် ဆိုလာပါသည်။

ထိုအချိန်က လော်ရာ ဘာကိုရည်ရွယ်ပြီး ပြောသည်ကို ကျွန်မ နားမလည် လိုက်ပေ။ သို့သော် နောင်တွင် သူ့စကားကို မကြာခဏပင် စဉ်းစားမိသည်။ ဘားရက်နှင့်ကျွန်မမှာ ထူးဆန်းသည့် အသိုင်းအဝိုင်းကလေးတစ်ခုကို ပေါင်းသင်းကြရသည်။ ထိုအသိုင်းအဝိုင်းတွင် ကလင်တန်မိသားစုများ၊ ကာတာမိသားစုများ၊ ဘွတ်ရှ်နှစ်ဆက် တို့၏ မိသားစုများ၊ နန်စီရေဂင်၊ ဘက်တီဖို့ဒ်တို့ ပါဝင်ကြသည်။ ဘားရက်နှင့်ကျွန်မ ရင်ဆိုင်နေကြရသည်ကို သူတို့လူစုလောက်သာ သိကြသည်။

သူတို့သည် အိမ်ဖြူတော် တွင် နေခဲ့ကြဖူးသူများဖြစ်၍ ဘဝတွင် ကြုံတွေ့ရသော ဝမ်းသာစရာ၊ ဝမ်းနည်းစရာ များကို နောကျေအောင် သိခဲ့ကြသူများဖြစ်၏။ လူချင်းမတူကြသော်လည်း ခိုင်ခိုင်မြဲမြဲ တွဲဖြစ်ခဲ့ကြပါသည်။

လော်ရာက အခန်းပေါင်းများစွာကို လိုက်ပြသည်။ သမိုင်းဝင်အဆောက်အဦကြီးဖြစ်သော အိမ်ဖြူတော်၏ နှစ်ထပ်တွင် သမ္မတမိသားစုအတွက် ယူထားသည့် ဧရိယာက စတုရန်းပေ နှစ်သောင်းခန့် ရှိသည်။ ဓာတ်ပုံများထဲတွင် မြင်တွေ့ကြရသော တိုင်လုံးကြီးများနှင့် အဆောက်အဦမှာပင် ဖြစ်သည်။ သမ္မတမိသားစု ထမင်းစားခန်း ကို မီးဖိုဆောင်နှင့်တွဲလျက်တွင် တွေ့ရသည်။ ထိုအခန်း၌ ကျွန်မတို့ ဝင်သွားချိန်တွင် ဝန်ထမ်းများ သမ္မတမိသားစုအား ညစာတည်ခင်းနိုင်ရန် ပြင်ဆင်နေကြသည်။ အပေါ် ဆုံးထပ်တွင် ဧည့်သည်များ တည်းခိုနေနိုင်သည့် အခန်းကိုတွေ့ရာ ကျွန်မအမေ နေနိုင်မည့်နေရာဟု စိတ်ထဲတွင် မှတ်ထားလိုက်ပါသည်။ အမေ့ကို ကျွန်မတို့နှင့် အတူလာနေရန် ပြော၍ရလျှင် ထားနိုင်မည့်နေရာပင် ဖြစ်သည်။(ထိုအထပ်တွင် အားကစားလေ့ကျင့်ခန်းငယ်တစ်ခု ရှိသည်။ ဘားရက်နှင့် ဘွတ်ရှ်တို့ နှစ်ယောက်လုံး ထိုနေရာကို သဘောကျကြသည် ဆို၏။) ကျွန်မစိတ်အဝင်စားဆုံးမှာ အိပ်ခန်းနှစ်ခန်း ဖြစ်သည်။ ထိုအိပ်ခန်းများတွင် သမီးနှစ်ယောက်အား ထားမည် စိတ်ကူးမိ၏။ ထို အခန်းနှစ်ခန်းမှာ ကျွန်မတို့အိပ်မည့် အခန်း၏ အောက်ထပ်တည့်တည့်၌ ရှိသည်။

ကျွန်မအတွက်မှာ သမီးနှစ်ယောက် ကိုယ့်အိမ်ကိုယ့်ရာကဲ့သို့ အသားတကျ နေနိုင်ရေးက အဓိကသော့ချက်ပင် ဖြစ်ပါသည်။ လက်ရှိအခြေအနေနှင့် နှိုင်းယှဉ် ကြည့်ပါက ဒဏ္ဍာရီပုံပြင်များထဲက အိမ်သဖွယ် ကြီးမားလှကာ စားဖိုဆောင်မှူး၊ ဘိုးလင်းကစားရန်ကွင်း၊ ရေကူးကန်တို့နှင့် ကျွန်မတို့ လုပ်မပေးနိုင်သော အဆင့် အတန်းမျိုးသို့ ရောက်ရှိကြမည် ဖြစ်သည်။ ကျောင်းစာဘက်တွင်မူ စာသင်နှစ် နှစ်ဝက်နှင့် ကျောင်းပြောင်းကြရမည်ဖြစ်၍ သူငယ်ချင်းများနှင့် ခွဲကြရမည်။ အိမ်သစ်၊ ကျောင်းသစ်နှင့် အစစအရာရာ အသစ်က စ,ကြရပေမည်။ ကျွန်မခေါင်းထဲတွင် ထိုအတွေး ဝင်လာတတ်သော်လည်း အခြားကျောင်းသူများ၊ အမေများလည်း ဤသို့ ကြုံခဲ့ကြသည်ပဲဟု ဖြေဖျောက်ရ၏။

လော်ရာက ကျွန်မကို ချစ်စရာကောင်းသည့် အခန်းကလေးတစ်ခုထဲ ခေါ်သွားသည်။ ထိုအခန်းမှာ အိပ်ခန်းဘက်မှ လျှံကျလာသောမီးရောင်များနှင့် လင်းနေသည်။ သမ္မတကတော်များ အဝတ်လဲခန်း ဖြစ်သည်။ ထိုအခန်းမှ လှမ်းကြည့်လိုက် လျှင် နှင်းဆီဥယျာဉ်နှင့် အိုဗယ်အခန်းကို မြင်နေရသည်။ လော်ရာက ထိုပြတင်း ပေါက်သည် ခင်ပွန်းသည် ဘာလုပ်နေသည်ကိုမြင်နိုင်ခြင်းကြောင့် သူ့အတွက် စိတ် ထွက်ပေါက်တစ်ခုပင် ဖြစ်သည်ဟု ဆို၏။ သူ့ကိုလည်း လွန်ခဲ့သည့် ရှစ်နှစ် အိမ်ဖြူတော်သို့

ပြောင်းမည့်အချိန် ဟီလာရီကလင်တန်က ပြသပေးသွားခြင်းဖြစ်သည်ဟု လော်ရာက ဆို၏။ ထို့အရင် ရှစ်နှစ်ကလည်း သူ့ယောက္ခမဖြစ်သူ ဘာဘရာဘွတ်ရှ်က ဟီလာရီအား ပြသပေးခဲ့သည် ဆို၏။ ကျွန်မ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်ပြီး ကျွန်မလည်း ဤပြတင်းပေါက်အကြောင်း လက်ဆင့်ကမ်းရပေဦးမည်ဟု မှတ်သား လိုက်မိသည်။

နောက်ထပ် လာမည့်လများတွင် အခြား အမျိုးသမီးများနှင့် ဆက်သွယ်လုပ်ကိုင်ရန်များ ရှိနေသေးသည်ကို ခံစားမိသည်။ ဟီလာရီကလည်း ကျွန်မအား သူ့ အတွေ့အကြုံများစွာပြောပြကာ သင်ခန်းစာပေးသည်။ အထူးသဖြင့် သမီးဖြစ်သူ ချယ်လ်ဆီးအတွက် ကျောင်းရွေးချယ်ပုံကို ပြောပြသည်။ ကျွန်မ ရိုစလင်းကာတာနှင့် လူချင်းတွေ့ဆုံကာ သူ့အတွေ့အကြုံများကို လေ့လာဆည်းပူးသည်။ နန်စီရေဂင်နှင့်မူ တယ်လီဖုန်းဖြင့်သာ စကားပြောရပါသည်။ သမ္မတကတော်ဟောင်းနှစ်ဦးစလုံးပင် စိတ်ကောင်းရှိကြပါသည်။ နောက်ရက်သတ္တနှစ်ပတ်ခန့် ကြာသောအခါ လော်ရာက မလီယာ၊ ဆာရှာတို့နှင့် လာလည်ရန် ဖိတ်၏။ ကျွန်မ၏ လက်ထောက်များဖြစ်ကြ သော ဂျဲနာနှင့် ဘာဘရာတို့လည်း လိုက်ပါ ကြကာ အိမ်ဖြူတော်၏ ပျော်စရာကောင်း သော အစီအစဉ်များကို လေ့လာကြမည် ဖြစ်သည်။

ထိုနေ့မှာ ရင်ခုန်စရာကောင်းသော နေ့တစ်နေ့ ဖြစ်သည်။ ကျွန်မ လေ့လာဆည်းပူးမိသည်မှန်သမျှကို နောက်ထပ်ရောက်လာမည့် သမ္မတကတော်အသစ်တစ် ယောက်အား လက်လွှဲပြောပြရန် မှတ်သားနာယူရသည့်နေ့ပင် ဖြစ်တော့သည်။

※

ခရစ္စမတ်ကျောင်းပိတ်ရက်များကို ကျွန်မတို့မိသားစု ဟာဝိုင်ယီတွင် သွားရောက် အပန်းဖြေခြင်းဖြင့် အသုံးချလိုက်ကြသည်။ သို့မှသာ မလီယာနှင့် ဆာရှာတို့မှာ ကျောင်းပြန်ဖွင့်ချိန်၌ သူငယ်ချင်းအသစ်များနှင့် စတင် ဆုံတွေ့နိုင်မည်ဖြစ်ပါသည်။ ဝါရှင်တန်သို့ ရောက်ကြချိန်တွင် ကျမ်းသစ္စာကျိန်ဆိုပွဲက ရက်သတ္တသုံးပတ် လိုနေ သေးသည်။ ထို့ကြောင့် ကျွန်မတို့မိသားစု ယာယီနေရန်အတွက် အခန်းငှားရန် လိုလာရာ ဝါရှင်တန်မြို့လယ်ရှိ Hay-Adam ဟိုတယ် အပေါ်ဆုံးထပ်မှ အခန်းများကို ငှားလိုက်ကြ၏။ ထိုအခန်းများမှကြည့်လျှင် Lafayette Square နှင့် အိမ်ဖြူတော်၏ မြောက်ဘက် မြက်ခင်းပြင်ကို အပေါ်စီးမှ မြင်နေရ၏။ အိမ်ဖြူတော်ဝင်းအတွင်း၌ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ချီတက်အလေးပြုရန် တပ်ဖွဲ့ဝင်များ လေ့ကျင့်နေကြသည် ကိုလည်း အပေါ်စီးမှ မြင်တွေ့နေရသည်။ ကျွန်မတို့ ခေတ္တတည်းခိုနေကြသည့် ဟိုတယ်၏တစ်ဖက်တွင် တစ်စုံတစ်ယောက်က “မလီယာနှင့် ဆာရှာတို့အား

ကြိုဆိုပါ သည်”ဟု ရေးထားသော ပိတ်စတစ်စကို လွှင့်ထူထားကြောင်း တွေ့ရ၏။

လေ့လာမှုများ၊ သွားရောက်ကြည့်ရှုမှုများ ပြုလုပ်ပြီးသည့်နောက် သမီးတို့အတွက် ဆစ်ဒ်ဝဲလ်ဖရင့်စ် အမည်ရှိ ပုဂ္ဂလိကကျောင်းကို ရွေးချယ်လိုက်သည်။ ထိုကျောင်းမှာ ကောင်းသတင်းမွှေးသည့် ကျောင်းဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။ ဆာရှာ က ဂရိတ်,နှစ်တက်ရမည်ဖြစ်ပြီး မလီယာက ဂရိတ်,ငါး တက်ရမည်ဖြစ်သည်။ ဆာရှာ တက်ရမည့်အတန်းက မေရီလဲန်၊ ဘီသက်စ်ဒါတွင်ရှိပြီး မလီယာ တက်ရမည့် အတန်းက အိမ်ဖြူတော်နှင့် မလှမ်းမကမ်းတွင် ရှိသည်။ ကလေးနှစ်ယောက်စလုံး ကျောင်းတက်လျှင် အိမ်ဖြူတော်မှ မော်တော်ဆိုင်ကယ်ယာဉ်တန်းဖြင့် သွားရမည်ဖြစ်၏။ သူတို့ရှေ့တွင် လက်နက် ကိုင်ဆောင်ထားသည့် ထောက်လှမ်းရေးများ ပါဝင်မည်ဖြစ်ပြီး၊ အချို့ထောက်လှမ်းရေးများက စာသင်ခန်းအပြင်ဘက်မှ ဆက်လက် စောင့်ကြပ်နေကြမည်ဖြစ်သည်။ သူတို့ အတန်းပြင်ထွက်လျှင်လည်း တကောက်ကောက် ပါမည်ဖြစ်သည်။ ကစားသည်ဖြစ်စေ၊ လေ့ကျင့်ခန်းလုပ်သည်ဖြစ်စေ သူတို့ စောင့်ရှောက်နေကြမည်သာ ဖြစ်၏။

ကျွန်မတို့အနေအထားမှာ ပြင်ပကမ္ဘာနှင့် ဆက်စပ်မှုမရှိ၊ သီးခြားကမ္ဘာထဲသို့ ရောက်နေမည်ဖြစ်သည်။ ကျွန်မ မိသားစုအတွက် လိုအပ်သောပစ္စည်းများ ကိုယ်တိုင်ကိုယ်ကျ ဈေးထွက်ဝယ်ကာ အပျော်သဘောဖြင့် ပန်းခြံထဲမှ လမ်းလျှောက်ပြန်လာခဲ့သည့် နောက်ဆုံးအခေါက်ကိုပင်လျှင် မမှတ်မိတော့ပေ။ လှုပ်ရှားမှုတိုင်းကို မပြုလုပ်မီ လုံခြုံရေးနှင့် အစီအစဉ်များအတွက် ဦးစွာ ဆွေးနွေးရသည်။ ကျွန်မတို့နေရသော ကမ္ဘာမှာ ကျဉ်းသည်ထက်ကျဉ်းလာသည်ဟု ယူဆရပါသည်။ စည်းရုံးရေးကာလမှာ ကတည်းက ဘားရက်၏ လုံခြုံရေးမှာ သတိထားရမည့်အခြေအနေသို့ ရောက်နေခြင်း ကြောင့် ကျွန်မတို့နှင့် ပရိသတ်များကြား၊ တစ်ခါတစ်ရံတွင် ကျွန်မတို့နှင့် မိတ်ဆွေ၊ မိသားစုဝင်များကြားပင်လျှင် စည်းခြားရသည့်အခါများ ရှိခဲ့ပါသည်။ သီးခြားကမ္ဘာတွင် နေရသည်မှာ ကျဉ်းကျပ်သဖြင့် ပျော်စရာမကောင်းပါ။ သို့သော် ထိုသို့နေရမည် ဆိုသည်ကိုလည်း နားလည်ပါ၏။ ရဲရှေ့ပြေးများနှင့် သွားခြင်းဖြစ်၍ ကျွန်မတို့ကားများသည် မီးပွိုင့်များတွင် ရပ်ရသည်ဟူ၍ မရှိပေ။ အဆောက်အဦတစ်ခု၏ ရှေ့ပေါက်မှ ထွက်ရသည်ဆိုသည်မှာလည်း နည်းလှပါသည်။ ဘေးပေါက်များမှ ထွက်ခဲ့ရသည်သာ များပါ၏။ ထောက်လှမ်းရေးများ၏ ရှုထောင့်အမြင်အရ ပြောရပါလျှင် ကျွန်မတို့မှာ လူမြင်မခံရလေ ပိုကောင်းလေ ဖြစ်နေ၏။

မလီယာနှင့် ဆာရှာတို့ နေရသောကမ္ဘာသည် ကျွန်မတို့နှင် မတူလောက်ဟု မျှော်လင့်မိသည်။ သူတို့သည် လုံခြုံစွာရှိနေကြသော်လည်း ကျွန်မတို့လောက် မကျဉ်း ကျပ်ဟု ထင်၏။ သူတို့တွင် မိတ်ဆွေများ ရှိစေချင်သည်။ ထိုမိတ်ဆွေများမှာ

ဘားရက်အိုဘားမား၏ သမီးများဖြစ်ခြင်းကြောင့် ပေါင်းသင်းကြသူများ မဟုတ်ဘဲ စစ်မှန်သောမိတ်ဆွေများ ဖြစ်စေချင်သည်။ သူတို့ကို သာမန်ကလေးများကဲ့သို့ပင် လေ့လာသင်ယူစေချင်သည်။ လဲကျက ပြန်ထ,ကာ ကြိုးစားသည့်ကလေးများ ဖြစ်စေချင်ပါသည်။ အမှားများ ဖြစ်ချင်သည့်အခါ ဖြစ်ပါစေ၊ ထိုအမှားများထဲမှ သင်ခန်းစာယူတတ်စေချင်၏။ Sidwell Friends ကျောင်းကို ကျွန်မရွေးချယ်ရသည့် အကြောင်း များစွာရှိသည်။ ထိုအချက်များထဲတွင် ကလင်တန်သမ္မတဖြစ်နေစဉ်က သမီးဖြစ်သူ ချယ်လ်ဆီးသည် ထိုကျောင်း၌ တက်ခဲ့၏။ ထိုကျောင်းမှ ဝန်ထမ်းများ သည် အရေးကြီးပုဂ္ဂိုလ်များ၏ သား၊ သမီးများလုံခြုံရေးကို စီမံတတ်သည်။ မလီယာ နှင့် ဆာရှာတို့၏ လုံခြုံရေးကို သူတို့ အတွေ့အကြုံအရ စီမံတတ်ကြမည်။ ကျွန်မတို့ အနေဖြင့် သူတို့ကျောင်းတက်နေချိန်မှာ မျက်ကွယ်၌ ဖြစ်နေသော်လည်း စိတ်ပူရန်မလိုပေ။ အရာအားလုံးထဲတွင် ကျွန်မနှစ်သက်မိသည်က ကျောင်း၏အနေအထား ဖြစ်သည်။ ဤကျောင်း၌ သူ့ထက်ငါ အပြိုင်အဆိုင် ဆုပေးသည့်စနစ်မရှိ။ ထို့ကြောင့် ကျောင်းသူချင်း သာတူညီမျှသာ ဆက်ဆံခံရမည်။ သူတို့အဖေ၏ ဂုဏ်အရှိန်အဝါ သည်လည်း သူတို့အပေါ် သက်ရောက်နိုင်မည် မဟုတ်ပေ။

ပထမဆုံး ကျောင်းစတက်ရမည့်နေ့တွင် ဘားရက်နှင့်ကျွန်မသည် သမီးတို့နှင့် အတူတူ နံနက်စောစောစာကို ဟိုတယ်၌ပင် အတူတူ စောစောစားလိုက်ကြပြီး သမီးတို့အား အနွေးထည်များ ဝတ်ဆင်ပေးလိုက်သည်။ ဘားရက်က သမီးတို့အား ပထမဆုံးကျောင်းစ,တက်သည့်နေ့တွင် ကျောင်းသစ်၊ ပတ်ဝန်းကျင်သစ်ဖြစ်၍ နေပုံ ထိုင်ပုံများ ပြောပြပေးသည်။ (မျက်နှာချိုချိုထား၊ ကြင်နာတတ်သော အမူအရာရှိစေ၊ ဆရာ၊ ဆရာမတို့၏စကားကို သေသေချာချာ နားထောင်ရန်) အမေနှင့် အောက်ထပ်တွင် ဆုံလိုက်ကြပြီး ဓာတ်လှေကားဖြင့် ဆင်းလာ လိုက်ကြသည်။

ဟိုတယ်အပြင်ဘက်တွင် လုံခြုံရေးများက ယာယီတဲငယ်တစ်လုံး ဆောက် လုပ်ထားကြသည်။ အပေါက်ဝတွင် စောင့်ဆိုင်းနေကြသော ရုပ်မြင်သံကြားကင်မရာ များ၊ ဓာတ်ပုံကင်မရာသမားများကလည်း အပြည့်ရှိနေသည်။ သမ္မတတာဝန် လွှဲ ပြောင်းပေးအပ်ခြင်း မပြုရသေးခြင်းကြောင့် သူတို့ကလည်း ကျွန်မတို့ လှုပ်ရှားမှုပုံများ ဖော်ပြလိုနေကြသည်။ တစ်ရက်သာ စောပြီး ချီကာဂိုမှ ရောက်လာခဲ့သော ဘားရက် က ယနေ့မနက်တွင် သမီးများကို ကျောင်းလိုက်ပို့ရန် စီစဉ်ထား၏။ သို့သော် သမ္မတလောင်းကိုယ်တိုင်က သမီးများကို ကျောင်းလိုက်ပို့သည်ဆိုပါလျှင် လုံခြုံရေးတာဝန် ယူထားသူများအတွက် အလွန်တာဝန်ကြီး ပေလိမ့်မည်။ သူကိုယ်တိုင် ထွက်သည်ဆို လျှင် လုံခြုံရေးအတွက် ရောမယာဉ်တန်းကြီး လိုက်ပါရပေမည်။ ထို့ကြောင့် ဘားရက် ကိုယ်တိုင်ပင် ကျောင်းလိုက်မပို့ရန် ဆုံးဖြတ်လိုက်ရ၏။ သမီးများက သူ့အား နှုတ်

ဆက်ကြသည့်အခါ သူ့မျက်နှာ၌ စိတ်မကောင်းသည့်အမူအရာကို ကျွန်မ မြင်လိုက်ရ၏။

အမေနှင့်ကျွန်မက သမီးတို့အား ကျောင်းလိုက်ပို့ကြသည်။ SUVကားဖြင့် သွားကြရ၍ နောင်တွင် ထိုကားမှာ ကျောင်းကား ဖြစ်သွားသည်။ အနက်ရောင်ကိုယ်ထည်နှင့် ကျည်မတိုးသောမှန်များ တပ်ဆင်ထားပါသည်။ ကျောင်းသို့ရောက်သော အခါ ကျွန်မသည် ကလေးများနှင့် တွေ့ရာ၌ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုအပြည့် အဝထားကာ ပြုံးပြုံးရွှင်ရွှင်နေနိုင်ရန် ကြိုးစားရပါသည်။ သို့သော် ကျွန်မကိုယ်တိုင်ပင် လျှင် ခြေတုန်လက်တုန်နှင့် စိတ်လှုပ်ရှားနေမိသည်က အမှန်ပင်ဖြစ်ပါသည်။ ကျွန်မ တို့ အပေါ်ကျောင်းကို အရင်ရောက်ကြသည်။ ထိုကျောင်းတွင် စောင့်ဆိုင်းနေကြသော သတင်းသမားများ၏ ကင်မရာမီးတဖျပ်ဖျပ်ရှေ့မှ မလီယာနှင့် ကျွန်မ ဖြတ်ရ၏။ ကျွန်မတို့သားအမိကို ထောက်လှမ်းရေးများက ဝန်းရံပေးထားကြသည်။ မလီယာအား သူ့ဆရာမအသစ်ထံ အပ်နှံပြီးသည်နှင့်တစ်ပြိုင်နက် မော်တော်ဆိုင်ကယ် ယာဉ်တန်းက ဆာရှာတက်ရမည့် ကျောင်းတည်ရှိရာ ဘီသက်စ်ဒါသို့ ထွက်ခွာတော့၏။ ထိုကျောင်းတွင်လည်း စောစောကအတိုင်းပင် ဆောင်ရွက်ခဲ့ပါသည်။ ဆာရှာ တက်ရမည့်အတန်း တွင် စားပွဲခုံအနိမ့်ကလေးများနှင့် ပြတင်းပေါက် ခပ်ကျယ်ကျယ်တို့ ရှိကြသည်။ သမီးများအတွက် လုံခြုံသောနေရာ၊ ပျော်ရွှင်သောနေရာဖြစ်ပါစေဟုသာ ဆုတောင်း ရပါသည်။

မော်တော်ဆိုင်ကယ်ယာဉ်တန်း ပြန်လည်ခေါ်ဆောင်လာသော ကျွန်မတို့ ယာယီတည်းနေသည့် Hay Adams ဟိုတယ်သို့ ကျွန်မ ပြန်ရောက်လာခဲ့သည်။ တစ်နည်း ပြောရလျှင် ကျွန်မတို့၏ သီးခြားကမ္ဘာထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့၏။ ကျွန်မ ယနေ့ဆောင်ရွက်ရမည့် အစီအစဉ်များမှာ များပြားလှပါသည်။ မိနစ်တိုင်းတွင် အစည်း အဝေးများရှိသည်။ ဘယ်လိုတွေများ စီစဉ်ထားကြပါလိမ့်။ အစည်းဝေးတွေ ဒီလောက် များနေတာ ဘယ်လိုများ စားချိန်ရှိပါလိမ့်။ ဒီလူတွေက အစည်းအဝေးခန်းတွေကိုပဲ သူတို့အိမ်၊ သူတို့ရာအဖြစ် သတ်မှတ်ထားကြလေသလား။ ခဏအကြာတွင် မနက်ပိုင်း က ဆာရှာ ကျောင်းလာတက်သည့်ပုံကို မီဒီယာများတွင် တွေ့လာရ၏။ ကျွန်မ မျက်ရည်ကျမိပါ၏။ ထိုပုံမှာ လျှပ်တစ်ပြက် ရိုက်ထားဟန် ရှိပါသည်။ မလီယာအား ကျွန်မအတန်းထဲသို့ လိုက်ပို့နေစဉ် ဆာရှာက ကားပေါ်၌ ကျွန်မအမေနှင့် စောင့်နေခိုက် ရိုက်ကူးသွားခြင်းဖြစ်သည်။ သမီးက သူ့မျက်နှာ ဝိုင်းဝိုင်းစက်စက်ကလေးကို SUV ကား၏ မှန်နှင့်ကပ်ကာ အပြင်သို့ ကြည့်နေခိုက်ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး သမီး မျက်နှာက ဝိုင်းကြည့်နေကြသူများကို ဘာမျှနားမလည်သောအကြည့်နှင့် ကြည့်နေ၏။

ကျွန်မတွင် စဉ်းစားရန်အချက်များစွာ ရှိလာသည်။ ဤပြဿနာသည် တစ်နေ့တည်း ကြုံရမည် မဟုတ်။ လပေါင်းများစွာ၊ နှစ်ကာလများစွာ ကြုံရပေဦးမည်။

※

ကျမ်းသစ္စာကျိန်ဆိုမည့်နေ့မှာ အလျင်အမြန်ပင် ရောက်လာရာ ကျွန်မမှာ ဗုံးကြဲသကဲ့သို့ လုပ်ဆောင်ရန်ရှိသည်များကို ခပ်သွက်သွက် လုပ်ဆောင်ရတော့သည်။ အိမ်ဖြူတော်ရောက်လျှင် သုံးရန် မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ ပန်းကန်ဆေး ဆပ်ပြာ၊ ဘီယာကအစ ဝယ်ရသည်။ ကျမ်းသစ္စာကျိန်ဆိုမည့်နေ့တွင် ကျွန်မဝတ်ဆင် ရမည့် ဝတ်စုံသစ်ကလည်း ဝယ်ရဦးမည်။ ပြီးလျှင် ကပွဲကျင်းပဦးမည်ဖြစ်ရာ မိတ်ဆွေ များနှင့် ဆွေမျိုးများ ဧည့်သည်တစ်ရာ့ငါးဆယ်ခန့်တို့ကို ဖိတ်ရဦးမည်။ ထိုကိစ္စအဝဝ အတွက် ကျွန်မလက်ထောက် မလီဆာကို အားကိုးရပြန်သည်။ ချီကာဂိုရှိ မိတ်ဆွေ တစ်ဦးဆက်သွယ်ပေးမှုဖြင့် အိုဗယ်အခန်းကို အိမ်တွင်းအလှပြင်ဆင်သူ တစ်ဦးဖြစ်သော မိုက်ကယ်လ်စမစ်သ်အား ငှားရမ်းကာ လုပ်ဆောင်စေရသည်။ ကျွန်မ လေ့လာမိသမျှမှာ ရွေးချယ်ခံရသော သမ္မတသစ်တစ်ယောက်သည် အိမ်ပြောင်းရွှေ့စရိတ်အဖြစ် ဒေါ်လာတစ်သိန်း ထုတ်ယူသုံးစွဲခွင့်ရှိသည်။ ထိုငွေဖြင့် အိမ်ဖြူတော်အား မွမ်းမံခြင်း၊ အိမ်ပြောင်းခြင်း လုပ်ဆောင်နိုင်သည်။ သို့သော် ဘားရက် ကမူ ထိုငွေထုတ်ယူခြင်းမပြုဘဲ ကိုယ်ပိုင်ငွေဖြင့်သာ အစစ လုပ်ဆောင်စေပါသည်။ ကျွန်မတို့တွင် သူရေးသားသည့် စာအုပ်မှ စာမူခရနေခြင်းကြောင့် ထိုငွေကိုသာ သုံးခဲ့၏။ ကျွန်မ လက်လှမ်းမီသမျှပြောရလျှင် သူသည် ထိုသို့ လုပ်ဆောင်သည်ချည်းသာ ဖြစ်သည်။ ပိုက်ဆံနှင့်ပတ်သက်လာလျှင် သူများပြောမည်ကို အလွန်စိုး၏။ ဥပဒေက မည်သို့ပင် ခွင့်ပြုထားသည်ဖြစ်စေ သူက ထုတ်မယူပေ။ လူမည်းလောကတွင် ရှေးဆိုရိုးစကားတစ်ခုရှိသည်မှာ "တစ်ဝက်ရဖို့အတွက် နှစ်ဆ ကောင်းပြပါ" ဆို၏။

ကျွန်မတို့မှာ အမေရိကန်သမိုင်းတွင် ပထမဆုံးသော အာဖရိကန်-အမေရိကန် သမ္မတမိသားစုအဖြစ် သမိုင်းတင်ခံရမည်ဖြစ်ရာ ကျွန်မတို့ကြောင့် လူမည်းတစ်မျိုးသားလုံး မထိခိုက်စေရန် သတိပြုရပါသည်။ အမှားအယွင်းအသေးအဖွဲသည်ပင်လျှင် ပုံကြီးချဲ့ ကြလိမ့်မည်ဟု နားလည်ထားပါသည်။

ခြုံ၍ပြောရပါလျှင် သစ္စာဆိုပွဲအတွက် အိုဗယ်အခန်းကို ပြင်ဆင်မွမ်းမံရခြင်း ထက် ရှေ့ဆက်ရမည့် ကျွန်မ၏ အခန်းကဏ္ဍကိုသာ စိတ်ဝင်စားမိပါသည်။ ကျွန်မမြင် သမျှဆိုလျှင် သစ္စာဆိုပွဲ၌ ကျွန်မလုပ်ဆောင်ရန် များများစားစားမရှိပေ။ ထို့ကြောင့် ကျွန်မ လွတ်လပ်ရေးရနေသည်ဟုပင် ဆိုနိုင်၏။ ကျွန်မပံ့ပိုးမှုသည်

ကျွန်မခင်ပွန်း သမ္မတအသစ်အတွက် အောင်မြင်မှု ပိုမိုရစေချင်ပါသည်။

သမီးနှစ်ယောက် ပထမဆုံးနေ့ ကျောင်းတက်ကြပြီးနောက် ပြန်လာကြချိန်တွင် ပျော်ပျော်ရွှင်ရွှင် ရှိကြသည်ကို တွေ့ရ၍ စိတ်သက်သာရာရမိပါသည်။ နှစ်ရက်၊ သုံးရက် ကျောင်းတက်ကြပြီးသောအခါ ဆရာရာက အိမ်စာလုပ်ရန် ပါလာသည်။ သူ့ဘဝတွင် ပထမဆုံးသောအိမ်စာပင် ဖြစ်၏။ မလီယာက အလယ်တန်းကျောင်း၏ ကျောင်းကပွဲတွင် သီချင်းဆိုရန် တာဝန်ကျလာသည်။ သမီးများက ပြန်ပြောပြသည်မှာ အချို့သော ကျောင်းသူများက သူတို့ကိုမြင်သောအခါ သေချာစေရန် နှစ်ခါ ပြန်ကြည့် လေ့ရှိကြသည်ဟု ဆိုသည်။ သို့သော် အရင်ကျောင်းရောက်နှင့်ကြသော ကလေးများ အားလုံး ကောင်းကြရာပါသည်။ နေ့စဉ်နေ့တိုင်း ကျောင်းတက်ရာတွင် မော်တော်ဆိုင် ကယ်ယာဉ်တန်းဖြင့် ကျောင်းတက်ရသည်မှာ ကြာလာသောအခါ သမားရိုးကျကဲ့သို့ ဖြစ်သွားသည်။ တစ်ပတ်ခန့် ကျောင်းတက်ပြီးသောအခါ ကျွန်မလိုက်ပို့ရန်ပင် မလို တော့ဘဲ သူတို့ချည်း သွားကြသည်။ ကျွန်မအမေကိုမူ သူတို့ သက်တော်စောင့်သဖွယ် ခေါ်သွားကြ၏။ သို့သော် အမေ့မှာလည်း အပို့နှင့်အကြိုသာ လုပ်ရသောကြောင့် ကျောင်းပို့ကျောင်းကြိုတွင် ရှေ့ပြေးယာဉ်နှင့် ထောက်လှမ်းရေးတချို့ လျှော့ချနိုင်ခဲ့ပါ၏။

အမေက ကျွန်မတို့နှင့်အတူ ဝါရှင်တန်သို့ လိုက်မနေချင်ပေ။ သို့သော် ကျွန်မက ဇွတ်အတင်း ခေါ်လာခဲ့ခြင်းကြောင့်သာ ပါလာခဲ့ခြင်းဖြစ်၏။ သမီးများအတွက် လိုအပ်သကဲ့သို့ ကျွန်မကိုယ်တိုင် အတွက်လည်း အမေ့ကို လိုအပ်ပါသည်။ ထိုနည်းအတူ အမေသည်လည်း ကျွန်မကို လိုအပ်လိမ့်မည်ဟု ယုံကြည်မိသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်မှ စတင်ကာ အမေသည် ကျွန်မတို့အတွက် နေ့စဉ် လိုအပ်နေပါသည်။ လက်တွေ့ကျကျလုပ်ဆောင်တတ်သော အမေက ကျွန်မတို့၏ ပူပင်သောက များကို ငြိမ်းသတ်ပေးနိုင်သည်။ အသက် ခုနစ်ဆယ့်တစ်နှစ်အထိ အမေသည် ချီကာဂို မှ လွဲ၍ မည်သည့်နေရာမှ မနေဖူးပေ။ အိမ်ခင်တွယ်သူဖြစ်၍ တောင်ပိုင်းဒေသနှင့် လျူးစ်ရိပ်သာလမ်းမှ သူ့အိမ်ကို မစွန့်ခွာလိုခဲ့ပေ။ (ရွေးကောက်ပွဲပြီးချိန် သတင်းထောက်များက အမေ့အား အင်တာဗျူးကြရာ အမေက "ဒီဒေသကလူတွေကို ချစ်တယ်။ အမေ့အိမ်ကိုလည်း အမေချစ်တယ်"ဟု ရိုးရိုးသားသား ပြောခဲ့သည်။ "အိမ်ဖြူတော်ဆိုတာကို မြင်ရင် ပြတိုက်ကို သတိရတယ်။ ပြတိုက်ကြီးလိုပဲ။ အဲဒီပြတိုက်ထဲ ဘယ်လိုများ အိပ်ကြရမှာလဲ"ဟုလည်း အမေက ပြောခဲ့၏။) ကျွန်မက အမေ ဝါရှင်တန်မှာ လိုက်နေမည်ဆိုလျှင် စိတ်ဝင်စားဖွယ် ကောင်းသည့် လူပေါင်းများစွာကို တွေ့ရမည်ဖြစ်ကြောင်း၊ စားသောက်ရန်အတွက် ကိုယ်တိုင်ချက်ပြုတ်ရန် မလိုတော့သကဲ့သို့ ကိုယ်တိုင်အဝတ်လျှော်ရန်လည်း လိုအပ် တော့မည်မဟုတ်ကြောင်း၊ အိမ်ဖြူတော်၏ အပေါ်ဆုံးထပ်တွင် အမေ့အိမ်ကဲ့သို့

နေနိုင် မည်ဖြစ်ကြောင်း ပြောပြသည်။ သို့သော် အမေက ဘာတစ်ခုကိုမျှ စိတ်မဝင်စားပေ။ အမေသည် အနိမ့်အမြင့် အတက်အကျ အားလုံးကို ကြုံခဲ့ဖူးပြီဖြစ်၍ မတုန်လှုပ်တော့ပေ။

နောက်ဆုံးတွင် အစ်ကိုဖြစ်သူ ခရိတ်အား အကူအညီတောင်းရတော့သည်။ "မာမီကို ကူပြောပေးပါဦး။ အမေ့ကို ကျွန်မတို့နဲ့အတူ ခေါ်ထားချင်လို့ပါ"ဟု ပြောရသည်။ ခရိတ်က လိုအပ်သည့်အခါ မာမာတင်းတင်းပြောတတ်သူဖြစ်၍ နောက်ဆုံး တွင် အမေ သဘောတူသွား၏။

အမေသည် ကျွန်မတို့နှင့်အတူ အိမ်ဖြူတော်တွင် ရှစ်နှစ်လုံးလုံး လာနေခဲ့သော်လည်း ပါးစပ်ဖျားကမူ ခဏလာနေပေးတာဟုသာ ပြောလေ့ရှိသည်။ သူ့မြေးမကလေးများ နေသားတကျဖြစ်သည်အထိသာ နေမည် ဆို၏။ အမေသည် ကျွန်မတို့ နေထိုင်သည့် သီးခြားဆန်သောနေရာတွင် နေလိုဟန် မရှိလှပေ။ မီဒီယာများနှင့် တွေ့ဆုံရန် ငြင်းပယ်သကဲ့သို့ လုံခြုံရေးအစောင့်အကြပ်များနှင့် သွားရသည်ကိုလည်း မကြိုက်ပေ။ သူ့ဘာသာသူ သိုသိုသိပ်သိပ်သာ နေလို၏။ သူ့အဝတ်ကို သူကိုယ်တိုင်သာ လျှော်လေ့ရှိပြီး အပြင်ထွက်ချင်သည့်အခါ လစ်ခနဲ ထွက်သွားတတ်ပြန်သည်။ တစ်ခါ တစ်ရံ ဈေးဝယ်ထွက်ချင်ထွက်သကဲ့သို့ သူ့မိတ်ဆွေများနှင့်လည်း နေ့လယ်စာ ထွက် စားခြင်းရှိ၏။ အချို့က ကျွန်မအမေသည် မစ်ရှယ်အိုဘားမားနှင့် အတော်တူသည်ဟု ဝေဖန် ကြသောအခါ သူက ပခုံးနှစ်ဖက်ကိုသာ တွန့်ပြ၏။ "ဟုတ်တာပေါ့၊ ကျွန်မ က သူနဲ့ တူရမှာပေါ့"ဟုလည်း တုံ့ပြန်တတ်သည်။ အမေသည် တစ်သက်တာပတ်လုံး မည်သူ့ကို မျှ ဒုက္ခမပေး၊ သူ့ကိစ္စမှန်သမျှကို သူကိုယ်တိုင်သာ ဆောင်ရွက်တတ်သူ ဖြစ်၏။

ကျမ်းသစ္စာဆိုပွဲသို့ ကျွန်မ၏ မိသားစုဝင်ဆွေမျိုးအားလုံး တက်ရောက်ခဲ့ကြသည်။ ကျွန်မ၏ ဦးလေးများ၊ အဒေါ်များ၊ ဝမ်းကွဲမောင်နှမများ၊ ဟိုက်ဒ်ပါ့ခ်မှ မိတ်ဆွေများ၊ ကျွန်မ၏ ငယ်သူငယ်ချင်းများနှင့် သူတို့၏ဇနီး၊ ခင်ပွန်းသည်များလည်း ပါဝင်ကြသည်။ မိသားစုရှိသူတိုင်းက သူတို့သားသမီးများကိုပါ ခေါ်လာကြမည်ဖြစ်၍ ထိုရက်သတ္တပတ်အတွင်းမှာပင် ပါတီကို နှစ်ခုခွဲကျင်းပရန် စီစဉ်ခဲ့ကြသည်။ ကလေး များ၏ ကပြဖျော်ဖြေပွဲတစ်ခုနှင့်အတူ နေ့လယ်စာစားနိုင်ရန် စီစဉ်ထားပြီး သူတို့ကြိုက် နှစ်သက်တတ်သော ပစ္စည်းကလေးများ ဝှက်ထားကာ လိုက်လံရှာဖွေယူရသော ကစားနည်းကိုလည်း ထည့်သွင်းပေးထားသည်။ ထိုအချိန်တွင် လူကြီးများက သစ္စာဆို ပွဲအပြီး ကျင်းပသည့် ကပွဲဆောင်သို့ ရောက်ရှိနေကြမည်ဖြစ်၏။

စည်းရုံးရေးကာလ၏ နောက်ဆုံးလတွင် ဘုရားသခင်ကောင်းချီးပေးခဲ့သဖြင့် ကျွန်မတို့နှင့် စိတ်သဘောထားချင်းတိုက်ဆိုင်သော ဂျိုးဘိုင်ဒင်မိသားစုနှင့်

ရင်းနှီးခဲ့ရသည်။ ရှေ့ပိုင်းကာလများက သူသည် ဘားရက်၏ ပြိုင်ဘက်တစ်ဦးပင်ဖြစ်သော် လည်း သူတို့နှစ်ဦးသည် ယခုအချိန်တွင် တရင်းတနှီးရှိနေကြပြီး မိသားစုချင်းမှာလည်း ရင်းနှီးသွားကြပါသည်။

ကျွန်မက ဂျိုးဘီဒင်၏ဇနီးသည်ဖြစ်သူ ဂျီးလ်ကို မြင်မြင်ချင်းပင် သဘောကျမိပါသည်။ သိမ်မွေ့သူ၊ အလုပ်နှင့်ပတ်သက်၍ စည်းကမ်းရှိသူ ဖြစ်ခြင်းကြောင့်ပင်။ သူက ဂျိုးနှင့် ၁၉၇၇ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး ဂျိုး၏ ယခင်အိမ်ထောင်နှင့် ထွန်းကားခဲ့သော သားနှစ်ယောက်၏မိထွေး ဖြစ်လာခဲ့၏။ ဂျိုး၏ ပထမဇနီးသည်နှင့် သမီးတို့မှာ ၁၉၇၂ ခုနှစ်က ယာဉ်တိုက်မှုကြောင့် ကွယ်လွန်ခဲ့ကြသည်။ နောင် တွင် ဂျိုးနှင့် ဂျီးလ် တို့၌လည်း သမီးတစ်ဦး ထွန်းကားလာခဲ့သည်။ ဂျီးလ်သည် ပညာရေးဆိုင်ရာ ဒေါက်တာဘွဲ့ ရထားသူတစ်ဦးလည်းဖြစ်ရာ ဒယ်လာဝဲဒေသ၌ အင်္ဂလိပ်စာသင်ကြားပို့ချရန် အစီအစဉ်ရှိ၏။ ဂျိုးက ဒယ်လာဝဲ၏ ဆီးနိတ်တာ ဖြစ်သည်သာမက သမ္မတရွေးကောက်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဖြစ်၏။ ဂျီးလ်က လည်း ကျွန်မကဲ့သို့ပင် တပ်မတော်သားများ၏ မိသားစုများအား ကူညီထောက်ပံ့ ပေးရန် စိတ်ကူးရှိသူ ဖြစ်သည်။ ကျွန်မနှင့် မတူဟု ပြောနိုင်သည့်အချက်တစ်ခုမှာ သူက ကိုယ်တိုင်ခံစားချက် ရှိနေခြင်းပင်ဖြစ်သည်။ ဂျိုး၏ သားကြီးဖြစ်သူ ဘီယူဘီဒင် က အီရတ်စစ်မြေပြင်တွင် နိုင်ငံတော်လုံခြုံရေး အစီအစဉ်အရ တာဝန်ထမ်းဆောင် နေရသည်။ သို့ဖြင့် ဒုတိယသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ပင်လျှင် ခွင့်ရက် အနည်းငယ်သာရ၍ တက်ရောက်လာခဲ့သည်။

ဘီဒင်တွင် မြေးငါးယောက်ရှိ၏။ ထိုငါးယောက်စလုံးပင် အဘိုးအဘွားတို့ အနား မကပ်ကြတော့ပေ။ ထိုကလေးငါးယောက်က ဒဲန်ဗာတွင် ကျင်းပသော ဒီမိုကရက်တစ်ပါတီ နိုင်ငံလုံးဆိုင်ရာ ကွန်ဗင်းရှင်းသို့ တက်ရောက်လာကြစဉ်က သမီးတို့ နှင့်တွေ့ပြီး ပျော်လိုက်ကြသည်မှာ ဂျိုးတည်းခိုနေသော ဟိုတယ်သို့ပင် ခေါ်သွားခဲ့ကြ သေးသည်။ သူတို့သည် နိုင်ငံရေးအခြေအနေကို စိတ်မဝင်စား။ ပျော်ဖို့သာ သိခဲ့ကြ၏။ သူတို့နှင့် ရင်းနှီးခွင့်ရ၍ ကျွန်မမှာ ကျေးဇူးပင်တင်ရသေးသည်။

သစ္စာဆိုသည့် အခမ်းအနားကျင်းပသည့်နေ့က အနည်းငယ်အေး၏။ အပူချိန်သည် ရေခဲမှတ်၏ အပေါ်သို့ လုံးဝတက်မလာခဲ့။ ထိုနေ့မနက်တွင် ဘားရက်၊ ကျွန်မနှင့် သမီးများ၊ ကျွန်မအမေ၊ ခရိတ်နှင့်ကယ်လီ၊ မာယာနှင့်ကွန်ရတ်၊ မာမာကာရီတို့သည် ဘုရားကျောင်းသို့ သွားကာ ဝတ်ပြုကြသည်။ ထိုနေ့မနက် အရုဏ်မတက်မီကတည်းကပင် လူအတော်များများက National Mall တွင် သမ္မတသစ် သစ္စာဆိုပွဲကို စောင့်ကြည့်ရန်အတွက် တန်းစီနေကြပြီဖြစ်သည်ကို တွေ့ရ၏။ ထိုနေ့က အေးစက်နေပုံကို ကျွန်မ မေ့နိုင်တော့မည် မဟုတ်ပါ။ ထိုမျှအေးနေသော

ရာသီဥတု တွင် ပရိသတ်များသည် နာရီပေါင်းများစွာ အပင်ပန်းခံကာ စောင့်ဆိုင်းနေခဲ့ကြ၏။ နောင်တွင် ကျွန်မသိလာရသည်မှာ ထိုမောလ်ထဲသို့ လူနှစ်သန်းခန့် ရောက်ရှိနေခဲ့ကြ သည်ဟူ၏။ အမေရိကန်ပြည်ထောင်စုတစ်ခုလုံး၏ ပြည်နယ်များမှ လာရောက်ကြ ခြင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ လွှတ်တော်ကို တစ်မိုင်ကျော်ဝေးသော ဝါရှင်တန်အမှတ်တရရုပ်တု ရှိသည့်နေရာမှ လှမ်းမျှော်ကြည့်ကြခြင်း ဖြစ်ပါသည်။

ဘုရားဝတ်ပြုပြီးသည့်နောက် ကျွန်မနှင့် ဘားရက်က ဂျိုးနှင့် ဂျီးလ်တို့ ရှိနေမည့် အိမ်ဖြူတော်သို့ သွားလိုက်ကြသည်။ သမ္မတ ဘွတ်ရှ်၊ ဒုတိယသမ္မတ ဒစ်ချယ်နီတို့နှင့် ဇနီးများ၊ အားလုံးအတူတကွ သစ္စာဆိုပွဲကျင်းပမည့် လွှတ်တော်သို့ မသွားမီ ကော်ဖီ၊ လက်ဖက်ရည်တို့ သောက်ကြသည်။ ထိုအချိန်မတိုင်မီကလေးမှာ ပင် ဘားရက်အား အမေရိကန်ပြည်ထောင်စုအား ကာကွယ်နိုင်ရန်အတွက် နျူကလီးယားဖြင့် တိုက်ခိုက်ခွင့်ပြုနိုင်မည့် လျှို့ဝှက်သင်္ကေတ အပ်နှင်းခဲ့ပြီး အသုံးပြုပုံကိုလည်း သင်ကြားပေးခဲ့သည်။ ထိုအချိန်က စ၍ သူသွားလေရာနောက်သို့ အလေးချိန် လေး ဆယ့်ငါးပေါင်ရှိသော လက်ဆွဲအိတ်ကို ကိုင်ဆွဲကာ တပ်ဖွဲ့ဝင်များက လိုက်နေတော့ မည်ဖြစ်သည်။ ထိုလက်ဆွဲအိတ်တွင် နျူကလီးယားလက်နက် ပစ်လွှတ်ရန် အမိန့်ပေးနိုင်သည့်ကိရိယာ ပါဝင်သည်။ တပ်အခေါ်အဝေါ်အရ နျူကလီးယားဘောလုံးဟု ဆို၏။ လေးလိုက်ပါဘိ။ ထိုအခမ်းအနားသည် ကျွန်မအတွက် နောက်ထပ် ထူးဆန်းသော အတွေ့အကြုံ၊ အလွန်တရာနှေးကွေးစွာ ဆောင်ရွက်သောအစီအစဉ်တစ်ခုဟု မြင်ပြီး မြင်ကွင်း မှာ ကျယ်လွန်းသောကြောင့် ကျွန်မကိုယ်တိုင် ဘာဖြစ်နေသည်ကို မသိနိုင်လောက် အောင် ဖြစ်ခဲ့ရသည်။ ကျွန်မတို့ လွှတ်တော်သို့ရောက်သွားချိန်တွင် ဧည့်ကြိုများက သီးခြားနေရာတစ်ခုသို့ လမ်းပြခေါ်ဆောင် သွားကြသည်။ ကလေးများကို မုန့်ကျွေး နေချိန်တွင် ဘားရက်က ကျွန်မနှင့်အတူ မိနစ်အနည်းငယ်နားချိန်ရ၍ အီဘရာဟင်လင် ကွန်းထက် သက်တမ်းရင့်ပြီး သက်တမ်းနှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သော သမ္မာ ကျမ်းစာအုပ်အနီကလေးပေါ်တွင် လက်တင်ကာ လေ့ကျင့်နေသည်။ ထိုအချိန်၌ ကျွန်မတို့၏ ဆွေမျိုးများ၊ မိတ်ဆွေများသည် လွှတ်တော်အတွင်း၌ နေရာယူနေကြပြီ ဖြစ်သည်။ ထိုနေ့က သစ္စာဆိုပွဲသည် အမေရိကန်သမိုင်းတစ်လျှောက်တွင် “လူမည်း ဧည့်သည်များကို” အရေးကြီးပုဂ္ဂိုလ်များအဖြစ် ပထမဆုံးအကြိမ် အသိအမှတ်ပြုခံရသော နေ့ ဖြစ်သည့်အပြင် တစ်ကမ္ဘာလုံးမှ ရုပ်မြင်သံကြားကင်မရာများ ရှေ့မှောက်တွင် လူအများဆုံး တက်ရောက်သည့် သစ္စာဆိုပွဲအဖြစ် မှတ်တမ်းတင်ကြရပါသည်။

ဘားရက်နှင့် ကျွန်မက ထိုနေ့သည် အမေရိကန်အများစု၊ အထူးသဖြင့် လူ့အခွင့်အရေး တိုက်ပွဲဝင်ခဲ့ကြသူများကို ကိုယ်စားပြုသည့်နေ့ဟု ခံယူကြပါသည်။ ဘားရက်က ဒုတိယကမ္ဘာစစ်တွင် သမိုင်းတွင်စေခဲ့သော အာဖရိကန်-အမေရိကန်

လူမျိုး လေယာဉ်မှူးများနှင့် မြေပြင်တွင် တိုက်ပွဲဝင်ခဲ့ကြသူ သူ့ဌေ့သည်အချို့ကို လည်း ဂုဏ်ပြုစကားဆိုခဲ့ပါသည်။ Little Rock Nine ဟု လူသိများသော ၁၉၅၇ ခုနှစ်က လူဖြူများသာ တက်ခွင့်ရှိသော စာသင်ကျောင်းများ၌ ကျောင်းတက်ခွင့် ရစေသည့် စီရင်ထုံးတစ်ခုဖြစ်အောင် ကြိုးစားခဲ့ကြသည့် လူမည်းများကိုလည်း ဖိတ်ခေါ်ထားခဲ့သည်။ ထိုစဉ်က အာကန်းဆပ်စ်တွင် လူဖြူကျောင်းသားများသာ တက်ခွင့်ရှိသောကျောင်းသို့ လူမည်းကျောင်းသားများ တက်ရောက်ခွင့်ရရေးကို ကြိုးပမ်းကြရာ အထက်တရားလွှတ်တော်တွင် Brown v Board of Education ဟူသည့် စီရင်ထုံးပေါ်ပေါက်စေခဲ့သည်။ ယခုကာလတွင် သူတို့အားလုံးသည် စီနီယာစီတီဇင်များ ဖြစ်နေကြပြီဖြစ်၏။ ဆံပင်တွေဖြူကာ ခါးကိုင်းစ,ပြုကြပြီ။ သူတို့သည် အနာဂတ် မျိုးဆက်သစ်တို့အတွက် တာဝန်ထမ်းဆောင်ခဲ့ကြ၏။ ဘားရက်က မကြာခဏ ပြောလေ့ရှိသည်မှာ သူ အိမ်ဖြူတော်၏ လှေကားထစ်များကို နင်းတက်လိုသည်မှာ Little Rock Nine အဖွဲ့က လူမည်းကလေးများအား အထက်တန်းကျောင်းများသို့ တက်ခွင့်ရအောင် ကြိုးစားခဲ့ခြင်းကို အားကျ၍ ဖြစ်သည်ဟု ဆိုခဲ့၏။ ကျွန်မတို့ ဘဝအတွက် အရေးပါသောကိစ္စပင် ဖြစ်သည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ကျွန်မတို့ဇနီးမောင်နှံသည် သမီးနှစ်ယောက်နှင့်အတူ နိုင်ငံ၏ရှေ့မှောက်၊ ကမ္ဘာ့ရှေ့မှောက်တွင် ရပ်ပြခဲ့ကြသည်။ အသေးစိတ် မမှတ်မိတော့ သည်မှာ အမှန်ပင်ဖြစ်သည်။ ထိုအချိန်မှ ကောင်းကင်ယံမှ နေမင်းသည် ဘားရက်၏ နဖူးသို့ အလင်းရောင်ထိုးဝင်လာ၏။ တရားလွှတ်တော်မှ တရားသူကြီးချုပ် ဂျွန်ရော ဘတ်စ်က အစီအစဉ်များကို စတင်ဆောင်ရွက်၏။ ကျွန်မ မှတ်မိသည်မှာ လူပင်လယ် ကြီးရှေ့ရပ်ကာ ခေတ်ပုံအရိုက်ခံရာ၌ ဆာရှာမှာ သေးငယ်လွန်းသဖြင့် စင်ပေါ်တွင် နောက်ထပ် ခုံတစ်ခု တင်ပေးကာ ရပ်ခိုင်းရသည်။ လေ၏အနံ့ကပင် မွေးနေသကဲ့သို့ ရှိ၏။ ကျွန်မက လင်ကွန်း၏ သမ္မာကျမ်းစာအုပ်ကို ကိုင်ပေးထားရာ ဘားရက်က ဘယ်ဘက်လက်ကို ကျမ်းစာအုပ်ပေါ်တင်လိုက်ပြီး အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံဥပဒေကို လေးစားလိုက်နာမည်ဖြစ်ကြောင်း ဝါကျတိုနှစ်ကြောင်းခန့်ဖြင့် ရွတ် ဆိုသည်။ တိုင်းပြည်၏ အရေးကိစ္စမှန်သမျှကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ကိုလည်း ကတိသစ္စာဆို၏။ ထိုအချိန်ကာလသည် တာဝန်ကြီးလေးသည် မှန်သော် လည်း ပျော်လည်းပျော်မိ၏။ ထို့နောက်တွင် ဘားရက်က မိန့်ခွန်းပြောကြားရတော့သည်။

“ကျွန်တော်တို့ ဒီနေ့ ဒီနေရာကို ရောက်လာကြတာက ကြောက်ရွံ့ခြင်းကင်း ရမယ်ဆိုတဲ့ မျှော်လင့်ချက်အတွက် ဖြစ်ပါတယ်။ စည်းလုံးခြင်းက ပဋိပက္ခ ထိပ်တိုက် ရင်ဆိုင်ရခြင်းတို့ကို လျော့ပါးစေမှာ ဖြစ်ပါတယ်”ဟု အစချီပြီး သူ့မိန့်ခွန်းကို ပြောပါ တော့သည်။ နားထောင်နေသည့် ပရိသတ်တို့မှာ ချမ်းအေးလှသည့် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံကြရင်း ယုံကြည်ကိုးစားသည့် ရုပ်သွင်များ ပေါ်လာသည်ကို

သတိပြုမိသည်။ ကျွန်မ လှမ်းမျှော်ကြည့်သည့် အရပ်မျက်နှာတိုင်းတွင် ပရိသတ်များအပြည့် ရှိနေသည်။ နေရှင်နယ်မောလ်တစ်ခုလုံး ပိတ်ကျပ်နေသည်။ ကျွန်မတို့မိသားတစ်စုလုံး သူတို့အထဲ ကျသွားလေမည်လား ဟုပင် ထင်ရသည်။ ကျွန်မတို့ ခရီးတစ်ခု စတင်ကြပါတော့မည်။ ရှင်တို့က ကျွန်မတို့ကိုပိုင်သကဲ့သို့ ကျွန်မတို့ကလည်း ရှင်တို့ကို ပိုင်ဆိုင်လိုက်ပေပြီ။

※

မလီယာနှင့် ဆာရှာတို့က လူပရိသတ် သန်းပေါင်းများစွာတို့ ရှေ့မှောက်မှာ သူတို့အဖေ သစ္စာဆိုသည်ကို သေသေချာချာ နားလည်သွားကြသည်။ ရှေ့ဆုံးမှ ဂုဏ်ပြုတပ်ဖွဲ့ချီတက်ပြီး သူတို့နောက်မှ သမ္မတ၏ မော်တော်ယာဉ်ပေါ်သို့ ကျွန်မတို့ တက်လိုက်သည့်အခါ တဖြည်းဖြည်းနှင့် အိမ်ဖြူတော်သို့ ဦးတည်သွားနေပြီဖြစ် သည်ကို သိလိုက်သည်။ ထိုအချိန်တွင် ကျွန်မတို့က သမ္မတဘွတ်ရှ်နှင့် လော်ရာတို့အား လက်ပြနှုတ်ဆက်ခဲ့ကြပြီး သူတို့ကိုမူ လွှတ်တော်မှ အသင့်စောင့်ဆိုင်းနေသော ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်သွား၏။ ခွဲခွာနှုတ်ဆက်ခြင်းမပြုမီ လွှတ်တော်တွင် ကျွန်မတို့အား နေ့လယ်စာတည်ခင်း ကျွေးမွေးခဲ့ရာ ဘဲရင်အုပ်ဖြင့် ဧည့်ခံပါသည်။ အခြား ဧည့်သည်နှစ်ရာခန့်လည်း ပါဝင်၏။ ဘားရက်၏ အစိုးရအဖွဲ့ဝင်များ၊ တရားလွှတ် တော်မှ တရားသူကြီးများလည်း ပါဝင်သည်။ သမီးတို့ကမူ သူတို့အကြိုက် စားဖွယ် ရာများကို အခြားအခန်းတစ်ခုထဲတွင် သူတို့မောင်နှမဝမ်းကွဲများ၊ ဘီဒင်၏ မြေးများနှင့် စားနေကြ၏။

သစ္စာဆိုနေစဉ်ကာလအတွင်း သမီးတို့ ဘယ်ကဲ့သို့ ဖြစ်နေကြမည်ကို ကျွန်မ သတိမထားမိခဲ့ပါ။ သို့သော် သူတို့သည် ပရိသတ်အား ပြုံးကြည့်နေလိမ့်မည် ဆိုသည်ကို ယုံကြည်မိ၏။ ပင်ဆယ်လ်ဗေးနီးယား လမ်းတစ်လျှောက်တွင် စောင့်ကြည့်နေကြသည့် ပရိသတ်များက ရှိနေကြဆဲပင်။

သမ္မတစီးနင်းလိုက်ပါလာသည့် ကား၏မှန်များက မည်းမှောင်နေသဖြင့် အထဲသို့ မမြင်နိုင် ကြသော်လည်း သူတို့သည် စိတ်အားထက်သန်စွာဖြင့် စောင့်ကြည့်ခဲ့ကြ၏။ ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေးခြင်း အစီအစဉ်အတွက် ကျွန်မတို့နှစ်ယောက် ကားပေါ်မှဆင်းပြီး အနည်းငယ်လမ်းလျှောက်ရသည့် အခါ လူထုပရိသတ်အား လက်ဝှေ့ယမ်း နှုတ်ဆက်ခဲ့ကြ၏။ မလီယာနှင့် ဆာရှာတို့ က ကျွန်မတို့၏ နောက်မှ ကားပေါ်တွင် ပါလာကြသည်။

ကျွန်မတို့ ကားပေါ်တက်ခါနီး သူတို့ကို လှမ်းကြည့်လိုက်ရာ သမီးတို့မှာ အသက်ပင်ရှူပါ၏လောဟု ထင်မှတ်မှားလောက်အောင် တခစ်ခစ် ရယ်နေကြသည် ကို မြင်လိုက်ရသည်။ အခမ်းအနားကြီးတစ်ခု ကျင်းပနေစဉ်ဖြစ်၍ ဣန္ဒြေပျက်

လောက်အောင် မရယ်သင့်ဟု ထင်သည်။ တစ်ယောက်ဦးထုပ်ကို တစ်ယောက်က ဆွဲချွတ်၊ တစ်ယောက်ဆံပင်ကို တစ်ယောက်က လှမ်းဖွ၊ ညီအစ်မနှစ်ယောက် ထင်တိုင်းကြဲနေကြသည်။ အတော်မောသွားဟန်ဖြင့် ခြေပစ်လက်ပစ် ထိုင်နေကြသည်။

ဘားရက်နှင့် ကျွန်မ ချွေးထွက်လာသည်အထိ စိတ်အိုက်သွားမိသည်။ ကျွန်မတို့သည် နိုင်ငံတော်၏ ပထမမိသားစုဟု တင်စားခေါ်ဝေါ်ခြင်းခံရသည့် အနေအထားသို့ ရောက်ခဲ့ပြီ။ ကိုယ် နေချင်သကဲ့သို့ နေ၍ မရတော့ပေ။

ထိုနေ့ညနေ နေဝင်သွားပြီးနောက်ပိုင်းတွင် ရာသီဥတုက အတော်ပင် အေးလာသည်။ ဘားရက်၊ ကျွန်မနှင့် ဂျိုးဘိုင်ဒင်တို့သည် နောက်ထပ် နှစ်နာရီမျှ အိမ်ဖြူတော်ပြင်ပမှ မြင်ကွင်းများကို စောင့်ကြည့်နေခဲ့ကြ၏။ ပြည်နယ်ပေါင်းငါးဆယ်တို့မှ ဘင်ခရာတီးဝိုင်းတို့က ပင်ဆယ်လ်ဗေးနီးယား လမ်းတစ်လျှောက် ချီတက်အလေးပြုနေကြသည်။ မတ်တတ်ရပ်ရသည်မှာ ကြာလွန်းလှသဖြင့် ကျွန်မခြေထောက်များ မရှိတော့သကဲ့သို့ ထုံကျဉ်လာသည်။ ဧည့်သည်များကလည်း တစ်ယောက်ပြီးတစ်ယောက် အနားမှ ပျောက်ကွယ်သွားကြကာ ကပွဲဆောင်သို့ သွားနေကြပြီဖြစ်သည်။

ည ၇ နာရီတိတိမှပင် နောက်ဆုံးဘင်ခရာအဖွဲ့ ချီတက်အလေးပြုမှု ပြီးစီးသွား၍ ဘားရက်နှင့်ကျွန်မ အိမ်ဖြူတော်အတွင်းသို့ ဝင်လာခဲ့ကြသည်။ သည်တစ်ကြိမ် ဝင်ရောက်ခြင်းမှာ ဧည့်သည်အဖြစ် မဟုတ်တော့ဘဲ အိမ်ရှင်များအနေနှင့် ဝင်လာခြင်းဖြစ်၏။ တစ်ညနေခင်းလုံး အိမ်ဖြူတော်ဝန်ထမ်းများသည် ဘွတ်ရှ်မိသားစုပိုင် ပစ္စည်းများကို ဖယ်ရှားသိမ်းဆည်းကာ ကျွန်မတို့ မိသားစုပိုင် ပစ္စည်းများ ထည့်သွင်းနေရာချထားခဲ့ကြ၏။ အချိန် လေးငါးနာရီအတွင်းမှာပင် ကော်ဇောများမှာလည်း ရေနွေးငွေ့ဖြင့် ပိုးသတ်သန့်စင်ပြီး ဖြစ်နေသည်။ ကျွန်မသမီး မလီယာက ယားယံတတ်သည့်ရောဂါ ရှိပြီး သမ္မတဘွတ်ရှ်၏ ခွေးများ သွားလာကျက်စားခဲ့ကြသည့် နေရာဖြစ်၍ သန့်ရှင်းရေးလုပ်ရခြင်း ဖြစ်သည်။

အိမ်ထောင်ပရိဘောဂများ နေရာချ ထားကြသည်။ အခန်းအသီးသီးတွင် အလှပြင်ပန်းအိုးများ ထားရှိကြသည်။ ကျွန်မတို့ အိမ်အဖြစ် အသုံးပြုမည့်အထပ်သို့ ဓာတ်လှေကားဖြင့် တက်သွားကြသောအခါ အဝတ် အစားများပင်လျှင် ဗီရိုထဲ၌ နေသားတကျ ရှိနေပြီ ဖြစ်သည်။ မီးဖိုဆောင်တွင်လည်း ကျွန်မတို့ မိသားစု ကြိုက်နှစ်သက်တတ်သော အစားအစာတို့ ဖြည့်တင်းထား၏။ အိမ်ဖြူတော်၏ စားဖိုမှူးများမှာ အစဉ်အလာအားဖြင့် အာဖရိကန်-အမေရိကန် လူမျိုးများဖြစ်ပြီး အသက်အရွယ်အားဖြင့် ကျွန်မတို့အရွယ် သို့မဟုတ် အနည်းငယ် အသက်ကြီးသူတို့သာ ဖြစ်ကြသည်။ သူတို့သည် အမြဲ အဆင်သင့်အနေအထားတွင်

ရှိနေကြပြီး ကျွန်မတို့ လိုလားသည်ကို ဖြည့်ဆည်းပေးရန် စောင့်ဆိုင်းနေကြ၏။

အေးလွန်းသဖြင့် ကျွန်မ ဘာမျှမစားလိုပေ။ နောက်ထပ် အချိန်တစ်နာရီအတွင်း ကပွဲအခမ်းအနား စတင်တော့မည်ဖြစ်ပြီး ဆယ်ပုဒ်မက ကပြရဦးမည်ဖြစ်၏။ အပေါ်ထပ်တွင် စားဖိုမှူးများအပြင် ကျွန်မ မသိသော သူစိမ်းတချို့ရှိနေသည်ကို သတိထားမိသည်။ တစ်ယောက်တည်း အထီးကျန်သကဲ့သို့ ခံစားနေရ၍ အောက်ထပ် သို့ ဆင်းလာကာ ပိတ်ထားသော အခန်းပေါင်းများစွာကို ကျော်ဖြတ်လာခဲ့သည်။

လွန်ခဲ့သည့် နှစ်နှစ်ကဆိုလျှင် ကျွန်မအပါး၌ လက်ထောက်များ ဝန်းရံနေကြသည်။ ယခုမူ တစ်ယောက်တည်း အထီးကျန်ခံစားရ၏။ သမီးတို့ကလည်း သူတို့ကလေးချင်း ပျော်ပါးကြဖို့ အခြားအဆောင်ဘက်သို့ ရောက်နေကြသည်။ အမေ၊ ခရိတ်၊ မာယာတို့ ကလည်း ကျွန်မတို့နှင့်အတူ ရှိနေမည်ဖြစ်သော်လည်း လောလောဆယ်တွင် ညပိုင်း ပျော်ပွဲများရှိနေမည့်နေရာသို့ သွားနေကြ၏။ ကျွန်မကို ဆံပင်ပြင်ဆင်ပေးမည့် သူက အဆင်သင့်စောင့်နေပြီး ဝတ်ဆင်ရမည့် ဝတ်စုံကလည်း ချိတ်ဆွဲထားပြီး အဆင်သင့် ရှိနေသည်။ ဘားရက်က အဝတ်မလဲမီ ရေဝင်ချိုးနေ၏။

ယနေ့သည် ကျွန်မတို့မိသားစုအတွက် ထူးခြားသောနေ့တစ်နေ့ ဖြစ်သကဲ့သို့ တိုင်းပြည်အတွက်လည်း ထူးခြားပါသည်။ သို့သော် မာရသွန်ပြေးပွဲထက်ပင် ပင်ပန်းလှ ပါ၏။ ကျွန်မ ရေနွေးနွေးနှင့်စိမ်ကာ အားအင်ပြန်လည်ဖြည့်တင်းနိုင်စေဖို့ ငါးမိနစ်မျှ သာ အချိန်ရပါသည်။ ပြီးလျှင် စားဖိုမှူး ဆမ်ကာ့စ် ပြင်ဆင်ပေးထားသော ညစာစားရပါမည်။ စားသောက်ပြီးသည်နှင့်တစ်ပြိုင်နက် ဆံပင်၊ မိတ်ကပ် ပြင်ဆင်ပေးခြင်းတို့ ခံယူပြီး ဆင်စွယ်ရောင်ဝတ်စုံကိုဝတ်ကာ တစ်ညတာ ပွဲဆင်နွှဲရပါတော့မည်။ ကျွန်မအတွက် ဝတ်စုံကို ဂျေဆန်ဝူး ဆိုသည့် လူငယ်ဒီဇိုင်နာက ချုပ်ပေးထား၏။ ဝတ်စုံမှာ ကြိုးတစ်ချောင်းတည်းသာ ပါဝင်ပြီး ပန်းများနှင့် အလှဆင်ထား၏။ အောက်ပိုင်းမှ စကတ်မှာ ကြမ်းပြင်ပေါ် ပုံကျနေ၏။

ကျွန်မဘဝတွင် ပွဲတက်ဝတ်စုံ တော်တော်များများ ဝတ်ခဲ့ဖူးပါသည်။ သို့သော် ဂျေဆန်ဝူး တီထွင်ပေးထားသည့် ပွဲတက်ဝတ်စုံမှာ အနည်းငယ်ထူးဆန်းနေ၏။ သူ့ဝတ်စုံကို ဝတ်လိုက်ရချိန်တွင် ကျွန်မစိတ်ထဲ၌ နူးညံ့ပျော့ပျောင်းနေပြီး ကျွန်မတစ်ကိုယ်လုံးမှာလည်း အမြင့်တင့်တယ်နေသည်ဟု ထင်မိပါသည်။ ထိုဝတ်စုံ သည် ကျွန်မမိသားစု၏ အိပ်မက်များကို အကောင်အထည်ဖော်ပေးနေသကဲ့သို့ ဖြစ် နေပြီး ကျွန်မအား ကပွဲခန်းမဆောင်၏ မင်းသမီးကလေးတစ်ပါး မဟုတ်သည့်တိုင် အောင် ကပွဲကြမ်းပြင်ပေါ်၌ တင့်တယ်သော အမျိုးသမီးတစ်ယောက်အဖြစ် ဖန်တီး ပေးနိုင်ခဲ့သည်ဟု ထင်ပါသည်။ ကျွန်မက ယခု FLOTUS(First Lady of the United States)

ဖြစ်နေပြီး ဘားရက်အတွက်မူ POTUS ဖြစ်နေ၏။ အောင်ပွဲဆင်နွှဲရန် အချိန်ကျ ရောက်လာပါပြီ။

ထိုညတွင် ဘားရက်နှင့် ကျွန်မသည် Neighborhood Ball ဟု အမည်ပေး ထားသော ကပွဲခန်းမဆောင်သို့ ရောက်ရှိခဲ့ကြသည်။ ထိုခန်းမဆောင်မှာ ပိုက်ဆံတတ် နိုင်သူများလည်း တက်ရောက်နိုင်သည့် ခန်းမဆောင်ဖြစ်ရာ အဆိုကျော် ဘီယွန်းစေးသီချင်းဖြစ်သော At Last ကို သီဆိုပေးကာ ကျွန်မတို့နှစ်ယောက်၏ ပွဲဦးထွက်အက အဖြစ် က,ခဲ့ကြပါသည်။ ထိုမှတစ်ဆင့် Home States Ball သို့ ကူးပြောင်းခဲ့ကြပြီး Commander in Chief Ball, Youth Ball နှင့် နောက်ထပ် ကပွဲခန်းမဆောင် ၆ ခုသို့ ကူးပြောင်းခဲ့ကြပါသည်။ ကပွဲခန်းမဆောင်တစ်ခုတွင် နေကြသည့်အချိန်မှာ အတူတူပင် ဖြစ်ပါ၏။ တီးဝိုင်းအဖွဲ့က Hail to the Chief ကို တီးခတ်သောအခါ ဘားရက်က မှတ်ချက်အချို့ပေးခဲ့၏။ ကျွန်မတို့နှစ်ယောက်စလုံးက တက်ရောက်ချီးမြှင့် အားပေးကြသော ပုဂ္ဂိုလ်အသီးသီးကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည့်အခါ ဧည့်သည် အားလုံးက မတ်တတ်ရပ်ကာ နားထောင်ခဲ့ကြသည်။ At Last ကို နောက်တစ်ခေါက် သံစဉ်အနှေးဖြင့် တီးသည့်အခါ၌လည်း ကျွန်မတို့ က,ခဲ့ကြပြန်ပါသည်။

ဘားရက်အား တွဲ၍ က,နေသည့်အခါတိုင်း သူ့မျက်နှာကိုကြည့်လိုက်သော အခါ လှုပ်ရှားမှုအလျှင်းမရှိ တည်ငြိမ်အေးဆေးနေသည်ကို တွေ့ရ၏။ ကျွန်မတို့နှစ်ယောက်၏ ဘဝတွင် နှစ်နှစ်ဆယ်ကျော် ဖြတ်သန်းခဲ့ကြပြီး ယခုထက်တိုင် ဆီးဆော စီးသကဲ့သို့ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ကြုံကြိုက်နေရခြင်း ပင်ဖြစ်သည်။ သို့သော် ကျွန်မတို့၏ ခိုင်မြဲသောအချစ်များဖြင့် ကြံ့ကြံ့ခံနိုင်ခဲ့ကြသည်။ ထို့ကြောင့်ပင် ကျွန်မဘဝသည် အမြဲ တင်းတိမ်ရောင့်ရဲနိုင်သောဘဝ ဖြစ်၏။

နာရီများ ကျော်ဖြတ်သွားခဲ့သည်။ သို့သော် ကျွန်မတို့မှာ မပင်ပန်းနိုင်ကြသေးပေ။ ထိုည၏ နောက်ဆုံးအစီအစဉ်မှာ အကောင်းဆုံးပင်ဖြစ်သည်ဟု ယူဆပါသည်။ အပြင်ဧည့်သည်များမပါဘဲ ကျွန်မတို့၏ မိတ်ဆွေများနှင့်သာ သီးခြားကျင်းပ သော အိမ်ဖြူတော်၏ ကပွဲ ဖြစ်ပါသည်။ ထိုပွဲသို့ အရင်းနှီးဆုံး လူနှစ်ရာခန့်သာ တက်ရောက်ခဲ့ပါသည်။ ထိုပွဲတွင် ရှုန်ပိန်အနည်းငယ်သောက်ပြီး စိတ်ကိုလည်း လျှော့ ထားလိုက်သည်။ ဒီပွဲပြီးလျှင်တော့ ကပွဲကြမ်းပြင်ပေါ်အတွက် အထူးစီးနင်းထားသော ဖိနပ်များကိုလည်း ချွတ်နိုင်တော့မည် ဖြစ်သည်။

နံနက် ၂ နာရီထိုးခါနီးနေပြီဖြစ်သည်။ ဘားရက်နှင့်ကျွန်မ ကပွဲကြမ်းပြင်ပေါ်သို့ လျှောက်သွားလိုက်ကြပြီး ထိုအခန်းမှာ

အရှေ့ခန်းမဆောင်ဖြစ်သည်။ ပါတီပွဲက စ,နေပြီဖြစ်၏။ အရက်ချောင်းစီးမတတ် တည်ခင်းဧည့်ခံထားပြီး ဝတ်ကောင်း စားလှဝတ်ဆင်ထားသော အတွဲများသည် တလက်လက်တောက်ပနေသော မီးဆိုင်း ကြီးများ၏အောက်တွင် ရှိနေကြသည်။ ဝင်တန်မာဆာလစ်ဖ် ဦးဆောင်သည့် တေးဂီတအဖွဲ့က ဂျက်ဇ်တေးဂီတကို တီးခတ်နေ၏။ ကျွန်မဘဝ၏ အခန်းကဏ္ဍအသီးသီးတွင် ပါဝင်ပတ်သက်ခဲ့ကြသော မိတ်ဆွေများကို တွေ့ရသည်။ ပရင်စတန်မှ မိတ်ဆွေများ၊ ဟားဗတ်မှ မိတ်ဆွေများ၊ ချီကာဂိုမှ မိတ်ဆွေများ၊ ရော်ဘင်ဆင်နှင့် ရှီးလ်တို့မှ မိတ်ဆွေများကို တွေ့ရသည်။ တချို့မိတ်ဆွေများနှင့် တွေ့ဆုံရသည့်အခါ ကျွန်မ ရယ်ချင်လှပါသည်။ သူတို့ကို ကျွန်မက "ဘယ့်နှယ် ဘယ့်နှယ်လုပ်ပြီးတော့များ တို့တစ်တွေ ဒီနေရာကို ရောက်လာကြပါလိမ့်" ဟု မေးလိုက်ချင်ပါသည်။

သို့သော် ဏ္ဍမေးခွန်းဆယ်ကာ မမေးခဲ့ပါ။ ဒီပွဲသည် နောက်ဆုံးပွဲပင်ဖြစ်၏။ နောက်တစ်နေ့မနက်တွင် အလုပ်များ စ,ရတော့မည် ဖြစ်သည်။ နောက်တစ်နေ့မနက် ဆိုသည်မှာ နာရီအနည်းငယ်သာ လိုပါတော့သည်။ ကျွန်မတို့မိသားစု တစ်နိုင်ငံလုံးအတွက် ဆုတောင်းမေတ္တာပို့သ,သည့် ဘုရားဝတ်ပြုပွဲ တက်ကြရဦးမည်ဖြစ်၏။ ထို့အပြင် အိမ်ဖြူတော်အား လာရောက်လည်ပတ်ကြမည့် ဧည့်သည်တော် ၂၀၀ ခန့် ကိုလည်း ကြိုကြရဦးမည်။ ဘားရက်က ကျွန်မမျက်နှာအားကြည့်ကာ ကျွန်မ ဘာတွေ တွေးနေသည်ဆိုသည်ကို သိလိုက်ဟန်တူသည်။ "မင်း အဲဒါတွေ တွေးပူမနေပါနဲ့ ကွာ။ အားလုံး အဆင်ပြေသွားမှာပါ" ဟု ဆို၏။

ပါတီပွဲလာသူများက ကျွန်မထံ ချဉ်းကပ်ကာ နှုတ်ဆက်ကြသည်။ စည်းရုံး ရေးအတွက် အလှူပါဝင်ခဲ့သော အလှူရှင်တစ်ဦး ကျွန်မထံသို့ ချဉ်းကပ်လာသည်။ မြို့တစ်မြို့၏ မြို့ဝန်ပင် ဖြစ်ပါသည်။ "မစ်ရှယ်လ် မစ်ရှယ်လ်" မိတ်ဆွေများက ဤသို့သာ တကြော်ကြော်ခေါ်နေကြသည်။ ပင်ပန်းလှပြီဟု အတွေးဝင်လာသော ကြောင့် ငိုချင်စိတ်ပင် ပေါက်လာခဲ့၏။

ထိုစဉ်တွင် ဘားရက် အခန်းထဲသို့ဝင်လာပြီး စကားပြောမည်ဟန်ပြင်ခိုက် ကျွန်မ ခွန်အားလုံးဝမရှိတော့ဘဲ သမ္မတကတော်ဆိုသည်ကိုလည်း သတိမေ့သွားကာ မိတ်ဆွေများအား တောင်းပန်ပြီး ဤအခန်းထဲမှ ထွက်ခွာသွားလိုလှပါသည်။ ကော်ဇော နီကိုဖြတ်သန်းကာ လျှောက်လာခဲ့စဉ် နောက်မှ ပါလာသော ထောက်လှမ်းရေးများကို ပင် သတိမေ့သွားခဲ့သည်။ ဓာတ်လှေကားနားရောက်သည်အထိ သူတို့ကို သတိမရမိပါ။ ကျွန်မ လျှောက်သွားသောလမ်းသည် အိမ်ဖြူတော်၏ မည်သည့်အစိတ်အပိုင်းဆို သည်ကိုလည်း သတိမရတော့သည့်အပြင် မရောက်ဖူးသည့် အခန်းတစ်ခန်းထဲသို့ ရောက်နေသကဲ့သို့ ခံစားလိုက်ရသည်။ ဖိနပ်ကို ကမန်းတတန်းချွတ်ကာ

အဝတ်အစား ကိုလည်း ချွတ်လိုက်သည်။ ကျွန်မ ရောက်နေသည့်နေရာက ကျွန်မတို့ဇနီးမောင်နှံ အတွက် ထူးခြားသော အိပ်ရာခုတင် ပြင်ဆင်ထားသောနေရာပင် ဖြစ်တော့သည်။

※※※

လူတွေက ကျွန်မကိုတွေ့လျှင် အိမ်ဖြူတော်မှာနေရတာ ဘယ်လိုနေသလဲဟု မေးတတ်ကြသည်။ ကျွန်မက တစ်ခါတစ်ရံတွင် ခေတ်မီထူးခြားသော ဟိုတယ်တစ်ခု တွင် တည်းခိုနေရသည်နှင့် တူသည်ဟု ဖြေခဲ့ဖူးပါသည်။ ထိုဟိုတယ်တွင် အခြား ဧည့်သည်မရှိ၊ ကျွန်မနှင့် မိသားစုသာ ရှိသည်။ နံနက်တိုင်း အခန်းတိုင်းတွင် ပန်းများ လတ်လတ်ဆတ်ဆတ်ထိုးထားသည်ကို တွေ့ရမည်ဖြစ်ပြီး နေ့စဉ်ပင် ဖြစ်ပါသည်။ အဆောက်အဦကြီးမှာ အိုမင်းနေပြီဖြစ်၍ အနည်းငယ် စိတ်လှုပ်ရှားဖွယ်ကောင်းပါသည်။ နံရံများမှာ ထူထပ်လွန်းပြီး ကြမ်းခင်းများကလည်း ခိုင်မာတောင့်တင်းသဖြင့် ကျွန်မတို့အိမ်ထဲ၌ ထွက်ပေါ်လာသော အသံမှန်သမျှကို အလွယ်တကူပင် စုပ်ယူသွား နိုင်၏။ ပြတင်းပေါက်ကြီးများမှာ မြင့်မားကာ ထည်ဝါလှပြီး မှန်များက ကျည်မတိုး နိုင်သည့်မှန်များ တပ်ဆင်ထားသည်။ လုံခြုံရေးအခြေအနေကြောင့် အမြဲတစေ ပိတ် ထား၏။ ထို့ကြောင့် အိမ်တွင်း၌ အစစအရာရာမှာ တိတ်ဆိတ်ငြိမ်သက်လွန်း၏။ တစ်အိမ်လုံး သန့်ရှင်းနေသည်။ ဝန်ထမ်းများအနေဖြင့် ဧည့်ကြိုဝန်ထမ်းများ၊ စားဖိုမှူး များ၊ အိမ်တော်ထိန်းများ၊ ပန်းအလှပြုပြင်သူများ၊ လျှပ်စစ်ပစ္စည်းပြင်ဆင်သူများ၊ ဆေးသုတ်သမားများ၊ ပန်းရန်များ စသဖြင့် ရှိကြသည်။ သို့သော် သူတို့အားလုံးသည် ဝင်ရာထွက်ရာ၌ အသံမကြားစေရန် အထူးဂရုပြုကြသည်။ သူတို့ရှိနေမှန်း မည်သူမျှ မသိစေရန် သိုသိုသိပ်သိပ်ပင် နေကြ၏။ ကျွန်မတို့အခန်းထဲ၌ ရှိနေသော်လည်း အပြင်ထွက်သွားသည်နှင့် တစ်ပြိုင်နက် လိုအပ်သည့် မျက်နှာသုတ်ပဝါမှအစ ပစ္စည်းများကို လစ်ခနဲ လာထည့်သွားကြ၏။

အခန်းကြီးများမှာ ကြီးလွန်းလှပါသည်။ ရေချိုးခန်းများ အပါအဝင် ဗီရိုများမှာ အကြီးစားကြီးများဖြစ်ပြီး ကျွန်မဘဝတွင် တစ်ခါမျှ မကြုံဖူးသော အရွယ်အစားများပင် ဖြစ်ပါသည်။ အခန်းတိုင်းတွင် အိမ်နှင့်တူရန် ထည့်ရသည့် ပရိဘောဂများမှာ များလွန်းလှသဖြင့် ကျွန်မရော ဘားရက်ပါ အံ့ဩရပါသည်။ ကျွန်မတို့အိပ်ခန်းမှာ King size ဟု ခေါ်သော ရောမခုတင်ကြီး ဖြစ်သည်။ ခေါင်းရင်းဘက်နံရံတွင် ပိုစတာ လေးခု ကပ်ထားပါသည်။ အခန်းတွင်း၌ မီးလင်းဖို၊ ထိုင်ရန်နေရာတို့လည်းရှိဆိုဖာခုံရှည်တစ်လုံးလည်း ရှိသည်။ ကော်ဖီစားပွဲနှင့် ခေါက်ကုလားထိုင်များလည်း ရှိ၏။ နေအိမ်အဖြစ် ကျွန်မတို့ သုံးစွဲမည့် အခန်းများတွင် ရေချိုးခန်းငါးခု ရှိသည့် အတွက် ကျွန်မတို့မိသားစုငါးဦး သုံးစွဲနိုင်ပါသည်။ ထိုရေချိုးခန်းများအပြင် နောက်ထပ် ရေချိုးခန်း ၁၀ ခု ရှိသေး၏။ ကျွန်မက အဝတ်အစားများထည့်ရန် ဗီရိုတစ်လုံး သာမက လှပသော မှန်တင်ခုံ ထည့်ထားသည့် အဝတ်လဲခန်းတစ်ခုလည်း ရရှိထားပါသည်။ ထိုအခန်းမှာ

လော်ရာဘွတ်ရှ် ပြခဲ့သော နှင်းဆီဥယျာဉ်ခြံသို့ လှမ်းကြည့်နိုင်သည့် အခန်းပင် ဖြစ်ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ ထိုအခန်းသည် ကျွန်မ၏ သီးခြား ရုံးခန်းကလေးတစ်ခုသဖွယ် ဖြစ်လာခဲ့၏။ အခန်းထဲတွင် ကျွန်မ တိတ်တိတ်ဆိတ်ဆိတ် ထိုင်ကာ စာဖတ်ခြင်း၊ အလုပ်လုပ်ခြင်း သို့မဟုတ် ရုပ်မြင်သံကြားကြည့်ရှုခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ လုံခြုံစိတ်ချရသည့် နေရာဖြစ်၍ ထိုအခါမျိုးတွင် ကျွန်မက တီရှပ်နှင့် ချွေးထွက်စေသော ဘောင်းဘီရှည် တို့ကိုသာ ဝတ်ဆင်ထားပါသည်။

ကျွန်မတို့ ယခုကဲ့သို့ နေရခြင်းမှာ ကံကောင်းလှသည်ဟု ယူဆပါသည်။ အိမ်၏ အဓိကခန်းမမှာ ကျွန်မငယ်စဉ်က နေထိုင်ကြီးပြင်းခဲ့ရသော လျူးစစ်ရိပ်သာ လမ်းမ၏ အပေါ်ဆုံးထပ်တစ်ခုလုံးထက်ပင် ကျယ်ပါသည်။ ကျွန်မအိပ်ခန်း၏ အပြင်ဘက်တွင် မိုးနက်၏ ပန်းချီကားတစ်ချပ်ရှိပြီး ထမင်းစားခန်းထဲ၌ ဒီဂတ်စ်၏ ကြေးပန်းပုရုပ်တုတစ်ခု ရှိသည်။ တောင်ပိုင်းဒေသတွင် ကြီးပြင်းခဲ့ရသော ကျွန်မသည် ယခု အခါတွင် သမီးများကို ကမ္ဘာကျော်ဒီဇိုင်နာ အလှဆင်ပေးထားသည့် အိပ်ခန်းများ အတွင်း၌ ထားနိုင်ခဲ့ပြီဖြစ်သည်။ သမီးများ အိပ်ရာမှ နိုးနိုးချင်း ဆာပါက အိပ်ရာထဲမှာ ပင် စားဖိုမှူးကို စားဖွယ်ရာ မှာကြားနိုင်ကြသည်။ ကျွန်မ ထိုအတွေးမျိုး ရံဖန်ရံခါ ဝင်လာသည့်အခါ အတ္တမာနဖြစ်သွားတတ်၏။

အိမ်ဖြူတော်၌ နေသဖြင့် အိမ်ဖြူတော်၏ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကျင့်သုံးရန် ကျွန်မ ကြိုးစားပါသည်။ အိမ်တော်ထိန်းများအား မှာကြားထားသည်မှာ ကျွန်မသမီးများသည် ချီကာဂိုတွင် ကြီးပြင်းခဲ့ကြသူများဖြစ်သည့်အတွက် နံနက် အိပ်ရာမှ ထ,တိုင်း သူတို့အိပ်ရာကို သိမ်းပေးရန်မလိုဘဲ သူတို့ကိုယ်တိုင်သာ သိမ်းပါစေဟု ဖြစ်သည်။ သမီး မလီယာနှင့် ဆာရာတို့အားလည်း အိမ်ဖြူတော်သို့ ရောက်လာသဖြင့် ချီကာဂိုတွင်နေခဲ့သော နေ့စဉ် ပြုလုပ်နေကျတာဝန်များကို မပျက် ကွက်စေဘဲ ကိုယ့်အိပ်ရာ ကိုယ်သိမ်းရမည်ဟု မှာကြားထားခဲ့ပါသည်။ ကျွန်မ အတွက် သမီးများသည် အရေးကြီးလှပါသည်။ သူတို့သည် အရွယ်ရောက်သည့်တိုင် စနစ်တကျသာ ကြီးပြင်းစေချင်ပါ၏။ “ခန်းမကျယ်ကြီးထဲမှာ ဘောလုံးကစားနိုင် တယ်။ ဗိုက်ဆာရင် စားဖိုဆောင်မှာ သွားပြီး ကြိုက်တာ သွားစားလို့ရတယ်”ဟုလည်း သူတို့အား မှာကြားထားပါသည်။ အပြင်ထွက်ချင်တိုင်း ကျွန်မအား ခွင့်လာရောက် တောင်းရမည်ဟု ကန့်သတ်မထားပါ။ တစ်ညနေတွင် ပြတင်းပေါက်မှ လှမ်းကြည့် လိုက်ရာ သမီးနှစ်ယောက်သည် အပြင်ဘက်ရှိ တောင်ဥယျာဉ်တွင် နှင်းလျှောစီးနေ ကြသည်ကို တွေ့လိုက်ရ၏။ သူတို့ စီးနေသည်မှာ စားဖိုဆောင်မှ ဝန်ထမ်းများ ပေး လိုက်သည့် ပလတ်စတစ်လင်ပန်းများ ဖြစ်နေသည်ကိုလည်း တွေ့ရသည်။

အမှန်တရားကို ဆန်းစစ်ကြည့်သောအခါ ကျွန်မနှင့် သမီးများသည် ဘား

ရက်ကြောင့် ရရှိလာသော ဇိမ်ခံပစ္စည်းများကို ဝိုင်းဝန်းသုံးစွဲခွင့်ရနေကြသူများသာ ဖြစ်ပါသည်။ သူ့ကို အမှီပြု၍ ကျွန်မတို့ ပျော်ကြရသည်။ ကျွန်မတို့အပျော်ကြောင့် သူ့သိက္ခာ မထိခိုက်စေရန် လိုအပ်သည်။ အိမ်ဖြူတော်ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် အတတ်နိုင်ဆုံး ပြည့်စုံစွာ ဖန်တီးပေးထားသောနေရာ ဖြစ်ပါ၏။ ထိုပုဂ္ဂိုလ်မှာ အမေရိကန်ပြည်ထောင်စု၏ သမ္မတပင်ဖြစ်သည်။

ယခုဆိုလျှင် ဘားရက်မှာ လူအများဝန်းရံလျက်ရှိပြီး သူ့ကို အဖိုးတန်ကျောက်မျက်ရတနာတစ်ခုကဲ့သို့ အရိပ်တကြည့်ကြည့် ရှိနေကြသည်။ ယခုကဲ့သို့ မဖြစ်လာမီက ကျွန်မတို့တွင် လိုအပ် ချက်များ ရှိခဲ့ကြပါသည်။ ပြီးပြည့်စုံနေသည့်ဘဝတွင် ကြီးပြင်းလာရသော သမီးများကို ယခုကဲ့သို့ ပြည့်စုံနေခြင်းသည် သာမန်အခြေအနေမျိုးဟု နားလည်စေချင်ပါသည်။ ဘားရက်ကလည်း အစစအရာရာကို သတိထားနေရမည် ဆိုပါက စိတ်မသက်မသာ ဖြစ်မည်စိုး၍ သမီးများနှင့်ပတ်သက်ပြီး အနည်းငယ်မျှသာ ပြောကြားလေ့ရှိပါသည်။

သူ့လက်အောက်တွင် ဝန်ထမ်း ၅၀ ရှိ၏။ ထိုဝန်ထမ်းများက သူ့ထံသို့ ဝင်လာသော အီးမေးလ်များ ဖတ်ကြားခြင်း၊ ပြန်ကြားခြင်းတို့ကို ဆောင်ရွက်ပေးရသည်။ သူ့အနီးအပါးတွင် ရဟတ်ယာဉ်မောင်းနှင်သော လေယာဉ်မှူးတစ်ဦး အဆင်သင့်စောင့်ဆိုင်းနေရသည်။ သူသွားလိုသည့်နေရာသို့ အချိန်မရွေး လိုက်ပါပို့ဆောင်ပေး ရန် ဖြစ်သည်။ လူခြောက်ဦးပါသော အဖွဲ့တစ်ဖွဲ့က လတ်တလောဖြစ်ပေါ်နေသော ကိစ္စများကို လေ့လာပြီး ဘားရက်အား အစီရင်ခံရသည်။ သူတို့အစီရင်ခံစာပေါ်တွင် မူတည်ကာ အမိန့်ချမှတ်ပေး၏။ သူ့အာဟာရနှင့် ပတ်သက်၍ စားဖိုမှူးအဖွဲ့တစ်ဖွဲ့က စောင့်ကြပ်ကြည့်ရှုနေသည်။ ကုန်စိမ်းရောင်းသည့် အဖွဲ့တစ်ဖွဲ့ကလည်း ကျွန်မတို့ အစားအသောက်များကို အမြဲသန့်ရှင်းလတ်ဆတ်နေရန် အတွက် ဂရုစိုက်နေကြသည်။

ကျွန်မ သိသမျှဆိုလျှင် ဘားရက်သည် ဈေးဝယ်ရန် ဝါသနာမပါသူဖြစ်ပြီး ချက်ပြုတ်ခြင်း၊ အိမ်မှုကိစ္စလုပ်ခြင်းတို့ကိုလည်း လုံးဝစိတ်မဝင်စားပေ။ အချို့ယောကျ်ားများကဲ့သို့ အိမ်အောက်ထပ်တွင် လျှပ်စစ်သုံးပစ္စည်းများထားရှိကာ စိတ်ဝင် စားသည့် ပစ္စည်းတချို့ လုပ်ကိုင်ခြင်းကိုလည်း ဝါ သနာမရှိပေ။ သူ့အတွက် ကျေးဇူးရှိသူများအား ပြန်လှန်ကျေးဇူးပြုနိုင်ရေးကိစ္စတစ်ခုတည်းကိုသာ ခေါင်းထဲတွင်ထားပြီး ထိုသို့ပြုနိုင်လျှင် ပျော်နေသူဖြစ်၏။ ထို့ကြောင့် ကျွန်မကလည်း သူ ခေါင်းအပိုရှုပ်စေ မည့်ကိစ္စမှန်သမျှကို မပြောဘဲပင် ထားလိုက်ပါသည်။

ရယ်စရာကောင်းသောကိစ္စတစ်ခုမှာ သူ့တွင် ကိုယ်ရေးကိုယ်တာ ခိုင်းစေနိုင်သော လူသုံးဦး ရှိသည်။ ထိုသူများက သူ့စီးမည့်ဖိနပ်များ အဆင်သင့် တိုက်ချွတ်ပေးထားခြင်း၊ သူဝတ်မည့် ရှပ်အင်္ကျီ၊ ဘောင်းဘီတို့ကို မီးပူတိုက်ထားခြင်း၊

အားကစား လေ့ကျင့်ရန်အတွက် သွားမည်ဆိုပါက ဝတ်ဆင်ရမည့် အားကစားဝတ်စုံကို သန့်ရှင်း သပ်ရပ်စွာဖြင့် ခေါက်ပေးထားခြင်းတို့ကို ဆောင်ရွက်ရသည်။ ကျွန်မတို့နေရသော အိမ်ဖြူတော်ဘဝ ဆိုသည်မှာ ပြင်ပကမ္ဘာနှင့် ခြားနားလှပါဘိ။

တစ်မနက်တွင် မနက်စောစောစာ စားကြရန်အတွက် စားပွဲ၌ ထိုင်ကြစဉ် ဘားရက်က "ကို ဒီနေ့ တော်တော်သပ်ရပ်နေတယ် မဟုတ်လား။ ကိုယ့်ဗီရိုကို ဖွင့်ကြည့်မိသေးလား" ဟု မေးလာ၏။ သူ့မျက်ဝန်းများမှာ အံ့သြသည့် အရိပ်အယောင် ရှိနေသည်ကို တွေ့ရ၏။

ကျွန်မ ပြုံးလိုက်သည်။ ပြီးတော့မှ "ကျွန်မ ကြည့်ပြီးပြီ။ အဲဒီအတွက် ရှင် ကျွန်မကို ဘာမှကျေးဇူးတင်ဖို့ မလိုပါဘူး"ဟု ဖြေလိုက်ရ၏။

※

ဘားရက် သမ္မတဖြစ်လာပြီးနောက် ပထမလတွင် Lilly Ledbetter Fair Pay Act ကို လက်မှတ်ရေးထိုးပြဋ္ဌာန်းလိုက်သည်။ ထိုဥပဒေအရ အလုပ်သမားများတွင် အဆင့်အတန်း ခွဲခြားဆက်ဆံရခြင်း ကင်းလွတ်သွားသည်။ လိင်၊ လူမျိုး၊ အသက်အရွယ်မရွေး လုပ်ခ တန်းတူညီမျှ ရသွားစေခဲ့သည်။ ထို့အပြင် ကိစ္စတစ်ခုခု အတွက် စစ်မေးရာ၌ နှိပ်စက်ညှဉ်းပန်းခြင်းမပြုရဟုလည်း အမိန့်ထုတ်ခဲ့သည်။ တစ်နှစ်အတွင်း၌ Guantanamo Bay၌ ရှိသော အကျဉ်းစခန်းတွင် စစ်မေးခြင်းများကို ကာကွယ်ပေးနိုင်ခဲ့၏။ ဘားရက်က အိမ်ဖြူတော်ဝန်ထမ်းများ၏ ကျင့်ဝတ်ဥပဒေကို လည်း ပြောင်းလဲပေးခဲ့သည်။ အရေးကြီးဆုံးမှာ ကော်ပိုရက်လွှတ်တော်၏ အသုံး စရိတ်များကို အဓိကထားကာ စီးပွားရေးအခြေအနေအရ စိစစ်ပေးခြင်းပင်ဖြစ်သည်။ ရီပါဘလီကင်ပါတီကလည်း သူ့ကို ထောက်ခံမဲ ပေးခဲ့၏။ သူ ကတိပြုခဲ့သော "ပြောင်းလဲခြင်း"သည် အမှန်တကယ်ပင် စတင်ခဲ့ပြီ။

မိသားစုအတွက် ဆုလာဘ်တစ်ခုအနေဖြင့် သူဆောင်ရွက်ပေးသည်ကတော့ ညစာကို အချိန်မှန်မှန် လာစားခြင်းပင် ဖြစ်ပါသည်။

ကျွန်မနှင့် သမီးများအတွက်က သူ ဤသို့ မိသားစုမျက်နှာစုံညီ အိမ်ဖြူတော်၏ ထမင်းစားဝိုင်းတွင် လာရောက်စားသုံးခြင်းသည် ချီကာဂို၌ ဖခင်တစ်ယောက် အနေဖြင့် လာရောက်စားသုံးခြင်းနှင့် အတူတူပင် ဖြစ်ပါသည်။ သို့သော် သမ္မတမဖြစ်မီ စည်းရုံးရေးကာလများကမူ ဘားရက်သည် မိသားစုနှင့် စုံညီစွာ ထမင်းစားခွင့်မရှိခဲ့ ပေ။ ထို့အပြင် ဆီးနိတ်တာဘဝ၌လည်း သူသည် မိသားစုနှင့် ကင်းဝေးနေခဲ့ရသည်။ အခုတော့ ကျွန်မတို့ မိသားစုမျက်နှာစုံညီ စားနိုင်ခဲ့ပြီဖြစ်ရာ ကျွန်မအတွက် ခင်ပွန်း သည်၏မျက်နှာ၊ ကလေးများအတွက်

အဖေ၏မျက်နှာကို ညစာစားသုံးရာ၌ ကြည့် ခွင့်ရခဲ့ကြပြီ ဖြစ်သည်။ သူ့ဘဝသည် စနစ်တကျရှိခဲ့ပြီဟု ဆိုနိုင်၏။ သူသည် နေ့စဉ်နေ့တိုင်း နာရီပေါင်းများစွာ အလုပ်လုပ်သူဖြစ်သည်။ သို့သော် ညနေ ၆နေရာခွဲ အချိန်တွင် ခေတ်လှေကားဖြင့် မိသားစုရှိရာသို့ တက်လာပြီး ညစာ လာစားလေ့ရှိသည်။ အလုပ်များမပြီးပြတ်သေးလျှင် ညစာစားပြီးနောက် ဘဲဥပုံခန်းမသို့ နောက်တစ်ခေါက် ပြန်ဆင်းလေ့ရှိပါသည်။ ကျွန်မအမေက တစ်ခါတစ်ရံတွင် ကျွန်မတို့နှင့်အတူ ညစာလာစားတတ်၏။ အမေကလည်း သူ့လုပ်ရိုးလုပ်စဉ်ကိစ္စများအတိုင်း ဖြစ်သည်။ သမီးနှစ်ယောက်အား ကျောင်းမပို့မီ ကျွန်မတို့အား လာနှုတ်ဆက်သည်။ ပြီးလျှင် သူ့မြေးနှစ်ယောက်ကို ကျောင်းလိုက်ပို့တော့၏။ ညနေပိုင်းတွင်မူ အမေက သူ့အိပ်ခန်း ရှိရာ အပေါ်ထပ်တွင် ညစာစားလေ့ရှိပါသည်။ အိပ်ခန်း၏ မျက်စောင်းထိုးဘက်တွင် ညစာစားသည်။ ထိုအချိန်တွင် Jeopardy အစီအစဉ်က ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေ ချိန်ဖြစ်၏။ ထိုအစီအစဉ်ကိုကြည့်ရင်း ညစာစားပါသည်။ ကျွန်မတို့က အတူတူညစာ စားရန် ခေါ်သည့်အခါတိုင်း “စားကြပါ၊ စားကြပါ၊ ကိုယ့်အစီအစဉ်နဲ့ကိုယ်စားကြ ပါ”ဟုသာ ဆိုကာ သူ့အပေါ်ထပ်သို့ တက်သွားမြဲ ဖြစ်၏။

အိမ်ဖြူတော်သို့ ရောက်ပြီးသည့် ပထမပိုင်းလများအတွင်းမှာပင် ကျွန်မသည် ပစ္စည်းအားလုံးကို သတိထားကြည့်ရန် လိုအပ်သည်ဟု ခံစားလာမိသည်။ ပထမဆုံး ကျွန်မ သတိထားမိသည့်အချက်မှာ ပစ္စည်းအားလုံးသည် တန်ဖိုးကြီးမားသောပစ္စည်းများ ဖြစ်နေခြင်းကြောင့်ဖြစ်သည်။ ဆိုရပါလျှင် ကျွန်မတို့သည် ဤအိမ်၌ အိမ်လခမပေးရဘဲ နေထိုင်ခွင့်ရသည့်အပြင် သုံးစွဲနေသည့်ပစ္စည်းများ၊ လုပ်ကိုင်ပေးနေ ကြသည့် ဝန်ထမ်းများအတွက်လည်း တစ်ပြားတစ်ချပ်မျှ မပေးရပေ။ ကျွန်မတို့ နေ ထိုင်စားသောက်စရိတ်အားလုံးမှာ စရိတ်ငြိမ်းဖြစ်သည်။ နေရသည်မှာလည်း အဆင့် အတန်းမြင့်သော ဟိုတယ်တစ်ခုထက်ပင် မြင့်မားပါသည်။ လစဉ်လတိုင်း အိမ်သာသုံး စက္ကူမှအစ အိမ်ဖြူတော်တွင် သုံးစွဲသော ပစ္စည်းများအားလုံး၏ စာရင်းကို ကျွန်မ လက်ခံရရှိပါသည်။ ညအိပ်ညနေ လာရောက်တည်းခိုသော ဧည့်သည်များအတွက် ကျသင့်သော ထမင်းစရိတ်များနှင့် အခြားသုံးစွဲပစ္စည်းများအတွက်ကိုမူ ကျွန်မတို့ ပေးရ၏။ ထို့ ကြောင့် ကျွန်မအနေနှင့် ဧည့်သည်ကို ဘာကျွေးသည်၊ ဧည့်သည်က ဘာသုံးသည် ဆိုသည်များကို စေ့စေ့စပ်စပ် ကြည့်ရန် လိုအပ်လာသည်။ ဘားရက်က အမှတ်တမဲ့ဖြင့် နံနက်စာစားသုံးချိန်တွင် အသီးအနှံများ ကြိုက်နှစ်သက်သည်ဟု ပြောလိုက်မိသည်ကြောင့် စားဖိုမှူးများက မှတ်သားပြီး သူ့အတွက် အစားအသောက် စာရင်းရေးဆွဲရာတွင် အလှည့်ကျ ထည့်ပေးတော့သည်။ လကုန်ချိန် စာရင်းတက်လာသောအခါ ဘားရက်စားသည့် အသီးအနှံတချို့မှာ ပြည်ပတိုင်းပြည်များမှ ဈေးကြီးပေး ဝယ်တင်သွင်းသည့် အသီးအနှံများ ဖြစ်သည်ကို တွေ့ရ၏။

ပထမပိုင်းလများ၌ ကျွန်မက မလီယာနှင့် ဆာရာတို့၏ အစားအသောက်စာရင်းကိုသာ သတိထားမိသည်။ ကျွန်မလေ့လာမိသမျှ သူတို့၏ စိတ်ခံစားမှုသည် အခြားကလေးများကဲ့သို့ပင် အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောင်းလဲနေသည်ကို သတိထားမိသည်။ သူတို့က သူငယ်ချင်းအသစ်ရသည်ဟု ဆိုလာလျှင်လည်း ကျွန်မက ပျာပျာသလဲမလုပ်ဘဲ ထားလိုက်သည်။ သို့သော် စိတ်တွင်း၌မူ မှတ်သားထားလိုက် ပါသည်။ ကျွန်မနားလည်ထားသည်မှာ အိမ်ဖြူတော်၌ ပြင်ပမှ အခြားကလေးများကို ခေါ်ယူကာ သမီးတို့နှင့် ကစားခိုင်းရန် သင့်,မသင့် ဟူ၍ တိတိကျကျ သတ်မှတ်ထားသည့် စည်းကမ်း မရှိပေ။ သို့သော် နောင်တွင် စနစ်တစ်ခု ကျွန်မ ကျင့်သုံးလာနိုင် ခဲ့သည်။

ကျွန်မအား BlackBerry ဆက်သွယ်ရေးစနစ်ဖြင့် ကိုယ်ပိုင်အကောင့်တစ်ခု ဖွင့်လှစ်နိုင်ကြောင်း သိရသည်။ သို့သော် ကျွန်မနှင့် အရင်းနှီးဆုံး၊ ကျွန်မကိုချစ်ခင်ပြီး ပံ့ပိုးပေးခဲ့ကြသူ ၁၀ ဦးထက်မပိုရဟု ကန့်သတ်ထားသည်။ ကျွန်မနှင့် အဆက်အသွယ်အများဆုံးမှာ မလီဆာဖြစ်ပြီး သူက ကျွန်မ၏ လက်ထောက်ဝန်ထမ်းအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ပြီ ဖြစ်သည်။ မလီဆာသည် ကျွန်မကိုယ်တိုင်ကလွဲလျှင် ကျွန်မအကြောင်း အသိဆုံးလူတစ်ဦးပင် ဖြစ်ပါသည်။ သူသည် ကျွန်မ၏ ဝမ်းကွဲ မောင်နှမများ၊ ကောလိပ်မှ မိတ်ဆွေများအားလုံးကို သိသည်။ ကျွန်မနှင့် ဆက်သွယ်ရန်လိုသော မိတ်ဆွေများကို ကျွန်မ၏ အီးမေးလ်၊ တယ်လီဖုန်းနံပါတ်တို့ အစား မလီဆာ၏ အဆက်အသွယ်များကိုသာ ပေးထားပါသည်။ သူ့ထံသို့ ခေါ်ဆိုပါက ကျွန်မထံ မလီဆာက လွှဲပြောင်းပေးပါသည်။ ထိုသို့ကျင့်သုံးရခြင်းမှာ မိတ်ဆွေဟောင်းများနှင့် အလှမ်းဝေးသော ဆွေမျိုးများက ဒီရေတက်သည့်နှယ် မေးခွန်းပေါင်းများစွာတို့ တရိပ်ရိပ်တက်လာခြင်းကြောင့် မလီဆာနှင့် လွှဲထားရခြင်းဖြစ်သည်။ “ဘယ်သူဘယ်ဝါရဲ့ ဘွဲ့နှင်းသဘင်မှာ ဘားရက် စကားလာပြောပေးလို့ ရမလား”၊ “ဘယ်သူဘယ်ဝါရဲ့ အမြတ်မယူတဲ့ အဖွဲ့အစည်းဖွင့်ပွဲတစ်ခုမှာ ဘားရက် မိန့်ခွန်းလာပြောပေးလို့ ရမလား”၊ “ရန်ပုံငွေရှာတဲ့ ပါတီပွဲတစ်ခုမှာ ဘားရက် လာပေးလို့ ရမလား” စသဖြင့် မဆုံးနိုင်သောမေးခွန်းများ ပေါ်ပေါက်လာခဲ့သည်။ အားလုံးမှာ စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ကြသည့်ကိစ္စများဖြစ်သော်လည်း ကျွန်မတို့ဘက်မှ အားလုံးကို ဖြည့်ဆည်းပေးရန် မလွယ်ကူပါချေ။

သမီးနှစ်ယောက်၏ နေ့စဉ်ဘဝနှင့် ပတ်သက်၍မူ ကျွန်မသည် လက်အောက်မှ ဝန်ထမ်းငယ်များ၏ အကူအညီကို ရယူရပါသည်။ သူတို့က သမီးတို့၏ ကျောင်းမှ ဆရာများ၊ အုပ်ချုပ်သူများနှင့် တွေ့ကာ ကျောင်း၏ နေ့ကြီးရက်ကြီးများ မှတ်သားထားကြသည်။ မီဒီယာများမှ လာရောက်မေးမြန်းလျှင်လည်း ဖြေကြားခြင်း မပြုရန်၊ ဆရာ၊ ဆရာမများက မေးမြန်းသည့် ကျောင်းစာနှင့်သက်ဆိုင်သော အမေးအဖြေများမှ လွဲပြီး နေ့စဉ်ဖြစ်ပျက်နေသော နိုင်ငံရေးသတင်းများကိုလည်း ဖြေကြားခြင်းမပြုရန် တားမြစ်ထားရသည်။ သမီးတို့က ကျောင်းပြင်ပ အခြားပုဂ္ဂိုလ်များနှင့်

ဆက်ဆံရေးကိစ္စများ ပေါ်လာသည့်အခါ ကျွန်မ ကိုယ်ရေးလက်ထောက်ကို ဆက်သွယ်ခိုင်းရသည်။ အခြားမိဘများ၏ တယ်လီဖုန်းနံပါတ်များကိုလည်း တောင်းယူထားရပါသည်။ ကျောင်းပြင်ပလှုပ်ရှားမှုများ ပြုလုပ်သည့်အခါ၌ ပို့ရမည့်အချိန်၊ ပြန်ကြိုရမည့်အချိန်၊ မည်သူနှင့်ရှိနေမည်ဆိုသည်ကို ကြိုတင်လေ့လာဆောင်ရွက်ရပါသည်။ ချီကာဂိုတွင် နေစဉ်ကာလကတည်းက သမီးတို့၏ မိတ်ဆွေသစ်များ တိုးပွား လာလျှင် ထိုမိတ်ဆွေသစ်တို့၏ မိခင်များကို ဖိတ်ကြားကာ နေ့လယ်စာကျွေးခြင်းနှင့် ကျောင်းတွင်း လှုပ်ရှားမှုများကို ကျွန်မကိုယ်တိုင် တက်ရောက်ကာ ထိုမိခင်များနှင့် ရင်းနှီးအောင် ဆောင်ရွက်ခဲ့ရပါသည်။ ဝန်ခံရပါလျှင် ဤကဲ့သို့ သမီးများနှင့်ပတ်သက် ကာ သူတို့မိဘများကိုပါ လေ့လာရသည်မှာ တကယ်တော့ မလုပ်သင့်ဆိုလျှင်လည်း ဟုတ်သည်ဟု ဝန်ခံရပါမည်။ တစ်ခါတစ်ရံတွင် သမီးတို့၏ မိတ်ဆွေသစ်ကလေးများ၏ မိဘများကို ကြည့်လိုက်ရုံဖြင့် ပေါင်းအပ်၊ မပေါင်းအပ် ဆုံးဖြတ်ရသည့်ကိစ္စများ လည်း ရှိပါသည်။ သူတို့ကမူ ကျွန်မအား တီဗွီမှဖြစ်စေ၊ သတင်းများမှဖြစ်စေ တွေ့ဖူးမြင်ဖူးနေ၍ မထူးခြားလှသော်လည်း ကျွန်မအတွက်မှာမူ အားလုံးသည် သူစိမ်း များသာ ဖြစ်ပါသည်။ သူတို့အတွက်က ကျွန်မသည် မလီယာနှင့် ဆာရှာတို့၏ အမေအဖြစ်သာ သိလျှင် ကောင်းပါမည်။ သို့သော် သမ္မတ ဘားရက်၏ဇနီးအဖြစ် သိသူက များနေ၍ အစစ ဆင်ခြင်ရပါသည်။

သမီး ဆာရှာ၏ သူငယ်ချင်းဖြစ်သူ ဂျူလီယာ၏ မွေးနေ့ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခြင်း ခံရသောအခါ ထောက်လှမ်းရေးများက လုံခြုံရေးအတွက် စေ့စေ့စပ်စပ်ရှာဖွေပြီးမှသာ တက်ရောက်ခွင့် ပြုနိုင်မည်ဟု ဆိုလာသည်။ မွေးနေ့ရှင် ကလေး၏ မိဘနှစ်ပါး လူမှုလုံခြုံရေးကတ်ပြားနံပါတ်များ မေးမြန်းရသည်။ ကလေးများကို ခေါ်ဆောင်သွားရာတွင် မည်သူက ထိန်းသိမ်းစောင့်ရှောက်သွားမည်။ ကျွန်မတို့အိမ်သို့ လိုက်ပါကာ ကစားကြမည်လား စသဖြင့် အတော်ခွကျကျနိုင်သော မေးခွန်းများ မေးရသည်မှာ ခက်လှပါသည်။ မေးခွန်းမှန်သမျှသည် သာမန်လူများအတွက် ခွကျသည့် မေးခွန်းများ ဖြစ်သော်လည်း အမှန်တကယ်လိုအပ်၍သာ မေးရခြင်းဖြစ်ပါသည်။ ပထမပိုင်းတွင် ကျွန်မကိုယ်တိုင်က ထိုသို့သောမေးခွန်းများကို မေးခံရမည်ဆိုလျှင် ကြိုက်နိုင်မည်မဟုတ်ဟု သုံးသပ်မိသည်။ သို့သော် ဆာရှာနှင့် မလီယာတို့၏ လုံခြုံရေး အတွက် မေးမြန်းနေသည်ဆိုသည်ကို သိလာရသောအခါ စိတ်လျှော့ရသည်။ သမီးတို့ ကလည်း သူတို့သူငယ်ချင်းများကိုတွေ့လျှင် ဖက်လဲတကင်းနှင့် အိမ်ဖြူတော်၏ သံတမန်ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်ကာ ကျွေးမွေးကြတော့သည်။ အိမ်ဖြူတော်တွင်း၌ တခစ်ခစ်ရယ်မောကာ ပြေးလွှားဆော့ကစား ကြသည်။ ကလေးဆိုသည်မှာ နေရာသစ်ကို ခေတ္တခဏသာ ရှိန်နေကြသော်လည်း ခဏအကြာတွင် သူတို့သည် ဘယ်ကိုရောက်နေသည်ဆိုသည်ကို သတိမရကြတော့ဘဲ ပျော်ရွှင်နေကြသည်သာ

ဖြစ်တော့သည်။

ကျွန်မသည် ခပ်စောစောကတည်းကပင် အိမ်ဖြူတော်၌ ကျင်းပလေ့ရှိသော ပွဲတချို့ကို ပယ်ဖျက်ရန် စည်းရုံးရေးဝန်ထမ်းများနှင့် စိတ်တူသဘောတူရှိခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကပွဲဟု ကင်ပွန်းတပ်ထားသော ပွဲတစ်ပွဲမှာ နှစ်စဉ် အိမ်ဖြူတော်၏ အရှေ့ဆောင်တွင် ဖေဖော်ဝါရီလတိုင်း ကျင်းပလေ့ရှိသည်။ ထိုနည်း အတူ Easter Egg Roll ဟု ကင်ပွန်းတပ်ထားသော ပွဲမှာလည်း ၁၈၇၈ ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပသောပွဲဖြစ်ပြီး ဧည့်သည်တော် ထောင်နှင့်ချီ၍ တက်ရောက်ကြသည်။ ထိုပွဲက အိမ်ဖြူတော်ပြင်ပ ဝင်းအတွင်း၌ ကျင်းပသည်။ ထိုပွဲအပြင် နွေဦးပေါက်တွင် ကျင်းပသည့် နေ့လယ်စာစားပွဲလည်း ရှိသေးရာ ကျွန်မက ဆီးနိတ်တာကတော် တစ်ယောက်အနေဖြင့် တက်ရောက်ခဲ့ဖူးပါသည်။ ထိုပွဲတွင် သမ္မတကတော် လော်ရာဘွတ်ရှ်သည် အပြုံးမပျက် လာသမျှ ဧည့်သည် တစ်ယောက်ချင်းစီနှင့် တွဲကာ ဓာတ်ပုံအရိုက်ခံသည်ကို တွေ့မြင်ခဲ့ရဖူးခြင်းဖြစ်သည်။

ကျွန်မအတွက်မှာ ဤသို့သော လူမှုရေးသက်သက်ကျင်းပသည့် ပွဲများမှာ အလုပ်မဖြစ်ဟု မြင်ပါသည်။ သို့သော် တုံးတိတိနှင့် တားမြစ်ခြင်းထက် ကျိုးကြောင်း ပြနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ ခေတ်မီသောပုံစံတစ်ခုသို့ ပြောင်းလဲပေးနိုင်ပါကလည်း အလုပ်ဖြစ်နိုင်ပါသည်။ ပါတီပွဲများမှ အကန့်အသတ်မရှိ သောက်သုံးခွင့်ပေးထားသော ဘားကောင်တာကိုလည်း ထိန်းချုပ်ရပေမည်။

ခြုံ၍ပြောရမည်ဆိုပါလျှင် ကျွန်မက အိမ်ဖြူတော်၏ သမိုင်းကြောင်းအဆက်ဆက် ကျင်းပလာခဲ့သော ပွဲများ ကိုလည်း ထိခိုက်စေခြင်းမရှိဘဲ လုပ်ဆောင်လိုခြင်းဖြစ်၏။ ဘားရက်နှင့်ကျွန်မက အိမ်ဖြူတော်၏ နံရံများပေါ်တွင် အာဖရိကန်-အမေရိကန်လူမျိုး ပန်းချီအနုပညာရှင်တို့၏ ပန်းချီကားများကို ပိုမိုချိတ်ဆွဲလာကြသည်။ ဥပမာအားဖြင့် ခေတ်ပေါ်ပရိဘောဂများ ကို ခေတ်ဟောင်းပရိဘောဂများနှင့် ပေါင်းစပ်ထားသည်။ ဘဲဥပုံရုံးခန်းတွင် ဝင်စတန် ချာချီ၏ ပုံတူပန်းချီကားကို ဘားရက်က မာတင်လူသာကင်း ဂျူနီယာ၏ပုံနှင့် အစား ထိုးလိုက်၏။ အိမ်ဖြူတော်၏ စားဖိုမှူးများ နေ့စဉ် ဆု(တ်)ဝတ်စုံပြည့်ဝတ်ဆင်ကာ လာရသည်ကို ပယ်ဖျက်လိုက်ပြီး ပွဲမရှိသောနေ့၊ ဧည့်သည်တော်မရှိသောနေ့များ၌ ပေါ့ပေါ့ပါးပါးရှိစေရန် အတွက် ကာကီဘောင်းဘီနှင့် စပို့ရှပ် ဝတ်ခွင့်ပြုလိုက်၏။

ဘားရက်နှင့်ကျွန်မသည် အိမ်ဖြူတော်တွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ကြိုးပမ်းနေခြင်း ဖြစ်ပါသည်။ ဝန်ထမ်းများ ကျဉ်းကျပ်ခြင်းမရှိစေဘဲ သက်သက်သာသာရှိစေရန် ကြိုးပမ်းကြသည်။ ကျွန်မတို့ ပွဲတစ်ခုလုပ်ပြီဆိုလျှင် လာ သမျှဧည့်သည်များကို ဘိုးတိုင်အနက်စည်းကာ

လာသည့်အဖြစ်မျိုး မလိုချင်ပေ။ သာမန် နေ့စဉ်ဝတ်သည့်ပုံစံဖြင့်သာ လာစေချင်၏။ ထို့ပြင် ကလေးများ လာကြသည် ကိုလည်း ကျွန်မက သဘောကျသည်။ ကလေးများသည် လူကြီးများထက် အစစ အရာရာ သာလွန်မြင်တတ်ကြသောကြောင့် ဖြစ်ပါသည်။ ကျွန်မက Easter Egg Roll ပွဲတော်ကို ယခုထက် လူပိုများများ ပါဝင်စေချင်သည်။ ကျောင်းသူကျောင်း သားများ၊ တပ်မတော်သားမိသားစုဝင်များ၊ ကွန်ဂရက်အမတ်များ၏ သား၊ သမီး၊ မြေးများနှင့် အခြား အရေးကြီးပုဂ္ဂိုလ်များကိုလည်း ပါစေချင်ပါသည်။ ကျွန်မက သမ္မတကတော် ဖြစ်ခြင်းကြောင့် ကွန်ဂရက်နှင့် ဆီးနိတ်အမတ်ကတော်များဖြင့် နေ့လယ်စာ စားရမည် ဆိုပါကလည်း အိမ်ဖြူတော်တွင်မဟုတ်ဘဲ အခြားတစ်နေရာရာ တွင် သွားစားနိုင်ပါသည်။

ကျွန်မစိတ်ထဲတွင် ဘာကြောင့် ထိုအတွေးမျိုး ကိန်းအောင်းမိသည်ဆို သည်မှာ ကျွန်မသည် ဝတ်ကောင်းစားလှဝတ်ဆင်ကာ ပါတီပွဲများ တက်ရောက်လာ သူ၊ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးရန် ရောက်လာသူကဲ့သို့ အမြင်မခံချင်ပေ။ အရာအားလုံး သူ့နေရာနှင့်သူ ရှိနေကြပါစေ။ ကျွန်မ အဓိကလုပ်လိုသည်က ဥယျာဉ်စိုက်ပျိုးခြင်းပင် ဖြစ်သည်။

ကျွန်မ မည်သည့်အခါကမျှ စိုက်ပျိုးရေးကို မလုပ်ဆောင်ခဲ့ဖူးပါ။ သို့သော် စားဖိုမှူး ဆမ်ကာ့စ် သင်ကြားပြသပေးမှုကြောင့် ကိုယ်တိုင်ချက်ပြုတ်စားသောက်ခြင်း၏ အရသာကို သိခဲ့သည်။ ဇွန်လတွင် စတော်ဘယ်ရီများ လှိုင်လှိုင်သီးတော့မည်ကို သိသည်။ အရွက်အရောင် အမည်းဘက်သို့ လုနေသော အပင်များ၏အသီးက ပို၍ အာဟာရဓာတ်ကြွယ်ဝသည်ဆိုသည်ကိုလည်း သိနေသည်။ အာဗင်တွင် ပေါင်းရန်မှာ လည်း မခဲယဉ်း။ ကျွန်မသမီးများက ပန်းမုန်လာကဲ့သို့သော အသီးအနှံများအား ကြိုက်ကြသည်။ ကျွန်မတို့မှာ ယခင်က စည်သွတ်ဘူးများကိုသာ အသင့်ချက်စားခဲ့ကြ ရာမှ ဆမ်၏ကျေးဇူးကြောင့် လတ်ဆတ်သော အသီးအနှံများ စားသုံးခြင်းက အကျိုး များကြောင်း သိရှိခဲ့ကြသည်။ လတ်ဆတ်သော ခရမ်းချဉ်သီးတစ်လုံး၊ မုန်လာတစ်ဥ ခူးဆွတ်စားသုံးခြင်းက ပိုအကျိုးများကြောင်း သိရှိနေပြီဖြစ်၏။

အိမ်ဖြူတော်ဝင်းအတွင်း၌ ဥယျာဉ်တစ်ခု ပြုစုပျိုးထောင်ရန် စိတ်ကူးလိုက်သည်။ ထိုကိစ္စသည် ကြီးကျယ်သောကိစ္စတစ်ခု ဖြစ်လာလိမ့်မည်ဟုလည်း ကျွန်မ မထင်ခဲ့ပေ။ ဘားရက်၏အစိုးရအဖွဲ့က ငွေကြေးမတတ်နိုင်သူများ၏ ကျန်းမာရေးကို ပိုမိုအထောက်အကူပြုရန် ကြိုးစားနေကြချိန်တွင် ကျွန်မကလည်း ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် လတ်ဆတ်သော အသီးအနှံများစားသုံးနိုင်ရန် ဥယျာဉ်ပျိုး ထောင်နေသဖြင့်

ပေးချင်သောသတင်းစကားမှာ အတူတူပင် ဆိုနိုင်ပါသည်။ ကျွန်မ အိမ်ဖြူတော်အတွင်း စိုက်ပျိုးရန်ရည်ရွယ်သည့် ဥယျာဉ်ခြံမှာ စမ်းသပ်မှုတစ်ခုသာ ဖြစ်ပါမည်။ သမ္မတကတော်တစ်ယောက် စမ်းသပ်အောင်မြင်ပါမှ နိုင်ငံသူများလည်း စိတ်ဝင်စားကြပေမည်။ အလုပ်သစ်တစ်ခုတွင် ဝင်ရောက်ရမည့်သူတစ်ဦးကဲ့သို့ တက်ကြွနေမိသည်။ စာသင်ခန်းတွင်းမဟုတ်ဘဲ ပြင်ပတွင်ဖြစ်၍ ကလေးများလည်း လာရောက် လည်ပတ်လေ့လာနိုင်ကြမည်ဖြစ်၏။ ဘာမျှ အန္တရာယ်မဖြစ်နိုင်သည့် မြေပြင်ကို မိန်းမတစ်ယောက်က ပေါက်ပြားတစ်လက်နှင့် တူးဆွနေခြင်းကိုပင်လျှင် လူထုပရိသတ်က မည်သို့ ဝေဖန်ကြမည်နည်း ဆိုသည်ကို ဘားရက်၏ အကြံပေး ပုဂ္ဂိုလ်တချို့က စိုးရိမ်ခဲ့ကြသေးသည်။

သို့သော် ကျွန်မရည်ရွယ်သည်က သူတို့မြင်သည်ထက် အဆင့်မြင့်သည်ကို မသိကြပါ။ အိမ်ဖြူတော်တွင် ဥယျာဉ်ခြံမြေ စိုက်ပျိုးနေသည်ဆိုသည်ကို ပြည်သူတို့ ကြားသိစေချင်သည်။ အာဟာရအကြောင်းကို သိကြစေချင်သည်။ အထူးသဖြင့် ကျောင်းသားမိဘများအနေဖြင့် စားကုန်များအား စည်သွတ်ဘူးများ လုပ်ကိုင်ပုံအဆင့် ဆင့်ကို သိစေချင်ပါသည်။ ထိုသို့ အဆင်သင့်စားသုံးနိုင်သော စည်သွတ်ဘူးများက ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်နေပုံကိုလည်း သိကြစေချင်ပါသည်။ ထိုအရေး အခင်းကို အိမ်ဖြူတော်မှ စတင် မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပြီး ဆယ်စုနှစ်ပေါင်းများ စွာ ကြီးစိုးထားသော စည်သွတ်ဘူးနှင့် အဖျော်ယမကာလုပ်ငန်းတို့၏ ဆိုးကျိုးကို ဖော်ထုတ်ရာ ရောက်ပေလိမ့်မည်။

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်မကိုယ်တိုင်ကလည်း လုပ်ချင်သည်ကိုသာ သိပါသည်။ အောင်မြင်နိုင်မှုရှိမရှိ မသိနိုင်ပေ။ သို့သော် အိမ်ဖြူတော်၏ ဝန်ထမ်းတစ်ဦး ဖြစ်လာသော ဆမ်ကို ကျွန်မက ညွှန်ကြားသည်။ ဥယျာဉ်ခြံပြုစုပျိုးထောင်ရန် လုပ်ငန်းအဆင့်ဆင့်ကို လုပ်ဆောင်စေသည်။

ကျွန်မရည်မှန်းချက်မှာ ပထမပိုင်းလများတွင် မပေါက်မြောက်ရှိနေ၏။ ပယောဂမှာ နိုင်ငံရေးပင်ဖြစ်ပါသည်။ ယခု ကျွန်မတို့မှာ ဝါရှင်တန်၌ နေထိုင်ရသဖြင့် အနီနှင့်အပြာတို့၏ အားပြိုင်မှုမှာ ပြင်းထန်လှပါသည်။ ကျွန်မက နိုင်ငံရေးနှင့် ဝေး အောင်နေခဲ့သူဖြစ်သည်။ သို့သော် ခင်ပွန်းသည်က သမ္မတ ဖြစ်လာပြီဆိုသောအခါ မပတ်သက်၍ မရတော့ပေ။ နေ့စဉ်ပင် ပတ်သက်နေရသည်။ သစ္စာဆိုပွဲမတိုင်မီ ရက်သတ္တပတ်ခန့် အလိုမှာပင် ကွန်ဆာဗေးတစ် ရေဒီယိုလိုင်းတစ်ခုမှ Rush Limbaugh ဆိုသူက “ကျွန်တော်ကတော့ အိုဘားမား ရှုံးလိမ့်မယ် ထင်ခဲ့တာ”ဟု လွှင့်ထုတ်ပြော ကြားခဲ့သေး၏။ ကွန်ဂရက်တွင်လည်း ရီပါဘလီကင်အမတ်များက ဘားရက်လုပ် သမျှကို ကဖျက်ယဖျက်လုပ်လေ့ရှိကြောင်း ရုပ်မြင်သံကြားမှ မြင်တွေ့နေရ၍ အတော်ပင် စိတ်ပျက်မိပါသည်။ ဘားရက်က အခွန်အခများ

လျှော့ချရေးဆိုလျှင်လည်း သူတို့ က အတိုက်အခံ၊ အလုပ်အကိုင်သစ်များ ပေါ်ထွန်းလာစေရန်ဆိုလျှင်လည်း လက်မခံ။ ဘားရက် သမ္မတရာထူး လက်ခံလိုက်ပြီးသည့်နောက်ပိုင်းတွင် အမေရိကန် စီးပွားရေး အခြေအနေသည် အလျင်အမြန် ကျဆင်းလာလိုက်သည်မှာ စီးပွားရေးကပ်ကျရောက် စဉ်ကထက်ပင် အခြေအနေဆိုးသည်ဟု ညွှန်းကိန်းများက ဆိုသည်။ ဇန်နဝါရီတစ်လ အတွင်းမှာပင် အလုပ်လက်မဲ့ ၇၅၀,၀၀၀ တိုးပွားလာသည် ဆို၏။ ဘားရက်က အမေရိကန်တို့သည် နှလုံးသားအားဖြင့် တစ်ပါတီနှင့်တစ်ပါတီ စည်း ရုံးလိုသည့်ဆန္ဒ ရှိကြသူများဖြစ်၍ ပါတီများပူးပေါင်းကာ လုပ်ဆောင်ကြမည်ဆိုလျှင် ယခုကြုံတွေ့ နေရသည့် စီးပွားရေးကျဆင်းမှုကို ကာကွယ်နိုင်လိမ့်မည်ဟု ဆိုသည့်တိုင် ရီပါဘလီကင်ပါတီဝင်တို့က တမင်တကာပင် အခြေအနေဆိုးကို ဖန်တီးလာကြသည်။ သို့မှသာ ဘားရက်၏လမ်းကြောင်း မှားနေသည်ဟု ထောက်ပြနိုင်ရန်ဖြစ်သည်။

ထိုကိစ္စများ တွေးနေမိသည့် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် ဘားရက်က ကွန်ဂရက်တွင် မိန့်ခွန်းပြောကြားနေသည်။ ထိုအစည်းအဝေးမှာ အစဉ်အလာအားဖြင့် အသစ်တက်လာသောသမ္မတက တိုင်းပြည်အတွက် သူ ချမှတ် လုပ်ဆောင်မည့် လမ်းစဉ်များကို ချပြသည့် မိန့်ခွန်းလည်း ဖြစ်သည်။ ထို့ကြောင့် ရုပ်မြင်သံကြားအစီအစဉ်များကလည်း လူကြည့်များသောအချိန်တွင် တိုက်ရိုက်ထုတ် လွှင့်ပြသကြသည်။ ထိုအစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များသာမက တရားလွှတ်တော်မှ တရားသူကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်မှ ဗိုလ်ချုပ်ကြီးများ စသဖြင့် စုံစုံညီညီ တက်ရောက်ကြသည်။ ထုံးတမ်းစဉ်လာအားဖြင့် ဤ အစည်းအဝေး၌ သမ္မတ၏ စိတ်ကူးကို ကြိုက်နှစ်သက်ခြင်းမရှိပါက ကန့်ကွက်နိုင် သကဲ့သို့ ကြိုက်နှစ်သက်ပါကလည်း ထောက်ခံကြောင်း ပြောခွင့်ရှိသည်။ ကန့်ကွက် လိုသူများက နေရာမှထ,ကာ မတ်တတ်ရပ်နေခြင်းအားဖြင့် သဘောမတူကြောင်း ပြသရသည်။

ကျွန်မက ဆင်ဝင်နားတွင် ခုံတစ်လုံးဖြင့်ထိုင်ကာ အသက်တစ်ဆယ့်လေးနှစ် အရွယ် မိန်းကလေးတစ်ဦးက သူမ၏ဖခင်ဖြစ်သူ အီရတ်စစ်မြေပြင်မှ ပြန်လာခွင့်ရ တော့မည်ဖြစ်၍ သမ္မတကြီးအား သူမ၏ နှလုံးသားမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင် ပါကြောင်း ရေးသားပေးပို့လာသည့်စာကို ဖတ်နေသည်။ သူ့နည်းတူ ကျွန်မသည်လည်း ခင်ပွန်းသည် ပြန်လာမည့်အချိန်ကို စောင့်နေပါသည်။ ကျွန်မထိုင်နေသည့် နေရာမှ ကြည့်လျှင် အပေါ်စီးအမြင်ဖြင့် သူတို့ကို မြင်နေရပါသည်။ ကျွန်မတို့နိုင်ငံ၏ ခေါင်းဆောင်များ ယောက်ျားပီပီသသ အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ကြကာ တိုင်း ပြည်အတွက် အလုပ်လုပ်နေကြသည်။ သို့သော် ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ

ထွန်းကားသည့် ကျွန်မတို့နိုင်ငံတွင် ဦးတည်ချက်မှာ ဝေဝါးသကဲ့သို့ ဖြစ်နေသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် အားနာဖို့ပင် ကောင်းပါသည်။ ခေတ်မီသော၊ ယဉ်ကျေးမှုပေါင်းစုံရှိသောနိုင်ငံတွင် ကန့်လန့်တိုက်နေသည်မှာ ရီပါဘလီကင်တို့ပင် ဖြစ်သည်။ ထိုစဉ်က ကွန်ဂရက်တွင် လူဖြူမဟုတ်သော ရီပါဘလီကင် ခုနစ်ဦးသာ ရှိပါသည်။ သူတို့ ခုနစ်ဦးစလုံးမှာလည်း အာဖရိကန်-အမေရိကန်လူမျိုးများ မဟုတ်ကြသည့်အပြင် တစ်ဦးမှာ အမျိုးသမီးဖြစ်၏။ ခြုံ၍ ပြောရမည်ဆိုပါလျှင် ကွန်ဂရက်အမတ် ငါးဦး လျှင် အမျိုးသားက လေးဦး ဖြစ်၏။

မိနစ်အနည်းငယ်အကြာတွင် လက်ခုပ်သံများကြားရသည်။ သဘာပတိက အချက်ပေးကာ အသံတိတ်ခိုင်းရသည်အထိ လက်ခုပ်သံတို့မှာ ငါးမိနစ်ခန့် ကြီးစိုးနေခဲ့သည်။ လူအုပ်၏အလယ်တွင် ဘားရက်ရောက်နေပြီး ထောက်လှမ်းရေးများ၊ ဗီဒီယို ကင်မရာသမားများကလည်း ဝိုင်းနေကြသည်။ ကမ်းလာသည့် လက်များကို ဆွဲယမ်း နှုတ်ဆက်ရင်း ဘားရက်က စကားပြောရန်အတွက် စင်မြင့်ရှိရာသို့ လျှောက်သွား နေသည်။

ကျွန်မ သည်မြင်ကွင်းမျိုးကို ရုပ်မြင်သံကြားအစီအစဉ်တွင် ကြိမ်ဖန်များစွာ မြင်ဖူးပါသည်။ ထိုစဉ်က မြင်ခဲ့ဖူးသည်မှာ အခြားသမ္မတများဖြစ်ပြီး ယခု တွေ့မြင်နေရသည်က ကျွန်မခင်ပွန်း ဖြစ်နေသည်။ သူသည် ကွန်ဂရက်လွှတ်တော်၏ ထက်ဝက်မကသော ထောက်ခံမဲကို ရရှိသွားခဲ့ပြီဖြစ်သည်။ ထိုညက ဘားရက်ပြောသော မိန့်ခွန်းသည် အသေးစိတ်အချက်အလက်များ ပါဝင်ပြီး တိကျသည်။ တိုင်းပြည်၏ စီးပွားရေးအခြေအနေ သုံးသပ်ချက်၊ ဆက်လက်ဖြစ်ပွားနေသော စစ်ပွဲများ၊ အကြမ်းဖက်သမားတို့၏ ခြိမ်းခြောက်မှုအန္တရာယ်၊ ပိတ်သိမ်းသွားသော ဘဏ်များနှင့်ပတ်သက်၍ အစိုးရ၌ တာဝန်ရှိသည်ဟုယူဆကာ ဒေါသထွက်နေကြသော အမေရိကန်ပြည်သူများ ကြောင့် စီးပွားရေးအခြေအနေများ ပိုမိုဆိုးရွားလာပုံတို့ကို ထည့်သွင်းပြောကြားသွားသည်။ သူသည် အခြေအနေမှန်ကို သတိကြီးကြီးထားကာ သုံးသပ်တင်ပြသွား၏။ သို့သော် သူ့မိန့်ခွန်းတွင် မျှော်လင့်ချက်ပါသည်။ နားဆင်နေကြသည့် ပြည်သူများကသာ ပူးပေါင်းပါဝင်ကြမည် ဆိုပါလျှင် ခက်ခဲကြမ်းတမ်းသောအခြေအနေကို ကျော်ဖြတ်ကာ ပြန်လည်နာလန်ထူနိုင်မည်ဖြစ် ကြောင်း ပြောကြားခဲ့၏။

ကျွန်မက ဆင်ဝင်မှကြည့်နေရာ ရီပါဘလီကင် အမတ်တော်တော်များများမှာ နေရာမှ မထ၊ ထိုင်မြဲသာထိုင်နေကြပြီး ဒေါသထွက်နေကြပုံရ၏။ လက်တွေပိုက်ကာ မျက်မှောင်များလည်း ကြုတ်ထားကြ၏။ အတန်းထဲတွင် စိတ်တိုင်းမကျဖြစ် နေသောကလေးများနှင့်ပင် တူနေသေးတော့၏။ သူတို့သည် ဘားရက် ဘာလုပ်လုပ်၊ တိုင်းပြည်အတွက် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ

ကန့်ကွက်ကြမည်သာ ဖြစ်ပေသည်။ သူတို့ မေ့ထားကြသည်မှာ တိုင်းပြည်ကို ယခုကဲ့သို့ အကျပ်အတည်း တွင်းသို့ ရောက်အောင်လုပ်ဆောင်သွားသူမှာ ရီပါဘလီကင်သမ္မတသာ ဖြစ်သည်ဆိုသည့် အချက်ပင်။ အရာအားလုံးထက် သူတို့ဖြစ်စေချင်သည်က ဘားရက် ကျဆုံးရေး ကိုသာ ဖြစ်သည်။ ထိုအချိန်က ကျွန်မသည် ဘားရက် ရှေ့ဆက်လျှောက်ရန် လမ်းမှ ရှိပါမည်လားဟု စိတ်ပူမိခဲ့ကြောင်း ဝန်ခံရပေမည်။

※

ကလေးဘဝအရွယ်က ကျွန်မသည် ကြီးလာလျှင် ဘယ်သို့သောဘဝ ဖြစ်လေမည်လဲဟု မကြာခဏ စဉ်းစားမိတတ်၏။ ဂိုးညီအစ်မများနှင့် သူတို့အိမ်တွင် သွားကစားလျှင် ကျယ်ကျယ်ဝန်းဝန်းနေရသော သူတို့တစ်တွေ၏ဘဝကို အားကျမိသည်။ အိမ်ကြီးတစ်လုံးတွင် သူတို့မိသားစုချည်း နေကြသည်။ ကျွန်မတို့မိသားစုတွင် အဖေစီးသောကားတစ်စင်းသာရှိရာ ယခုထက် ပိုကောင်းသောကား ဖြစ်သင့်သည်ဟု တွေးမိပြန်သည်။ ကျောင်းနေဖက်သူငယ်ချင်းများကို ကြည့်ပြန်လျှင်လည်း ဘယ်သူကတော့ လက်ကောက် ဝတ်နိုင်သည်၊ ဘယ်သူကတော့ ငါ့ထက် ဘာဘီအရုပ်ကလေး တွေ ပိုရှိသည်၊ ဘယ်သူဝတ်ထားတဲ့အဝတ်က ရှော့ပင်မောလ်က ဝယ်တာ၊ ငါ့လို အိမ်မှာတင် ခပ်ပေါ့ပေါ့ပိတ်စ စသဖြင့် တွေးတတ်ခဲ့သည်။ ကလေးဘဝဖြစ်၍ ဘာမျှ နားမလည်ခဲ့ပေ။ အမေချုပ်ပေးတာကို ဝတ်ရသည် မဟုတ် စသည်ဖြင့် တွေးခဲ့မိသည်။ ကလေးဖြစ်၍ တန်ဖိုးကိုနားမလည်ခဲ့ခြင်း ဖြစ်သည်။ တကယ်ဆိုလျှင် ကျွန်မက ကံကောင်းခဲ့ခြင်းသာ ဖြစ်၏။ သို့သော် အလွဲအမှားတို့ကိုသာ တွေးခဲ့မိသည်။

ယခု ကျွန်မတို့ အိမ်ဖြူတော်တွင် နေခွင့်ရခဲ့ပြီ။ တဖြည်းဖြည်းနှင့် ငယ်ဘဝ ကဲ့သို့ပင် တစ်ကျော့ပြန်တွေးလာပြန်ပါသည်။ ကျယ်ဝန်းလှသည့်နေရာတွင် နေရခြင်းကြောင့် မဟုတ်ဘဲ မိသားစုအတူတူ စားကြ၊ အိပ်ကြ၊ ရယ်ကြ၊ မောကြသည်။ ဘားရက်က သူသွားလေရာ ခရီးစဉ်များမှ ဝယ်ယူလာသော အမှတ်တရပစ္စည်း ကလေးများကို အိမ်သို့ ယူဆောင်လာလေ့ရှိရာ သူယူလာသမျှကိုလည်း သမီးများအား ပေးလေ့ရှိပါသည်။ ဆာရှာအတွက် နှင်းဖြင့်ပြုလုပ်ထားသော ကမ္ဘာလုံး၊ မလီယာ အတွက် သော့တွဲ စသဖြင့် ပေးတတ်၏။ အိမ်ဖြူတော်၏ ကျွန်မတို့နေအိမ်အဖြစ် ပိုင်းခြားထားသောနေရာ၌ မီးတချို့ကို ပြင်ဆင်ဖြည့်စွက်လိုက်သည်။ ရိုးရာထုံးစံ အတိုင်း ချိတ်ဆွဲထားသော ဖန်မီးဆိုင်းကြီးများနှင့် ခေတ်ပေါ်မီးလုံး အချို့ကို ရောစပ် လိုက်ခြင်းဖြစ်သည်။ ထိုသို့ ရောလိုက်သည့်အခါမှ လူနေအိမ်နှင့် တူသွားတော့သည်။ ကျွန်မက ပေးထားသည့်အခွင့်အရေးများကို လက်ကုန်သုံးကာ သာယာမှုရှာခြင်း မဟုတ်ဘဲ

လူနေအိမ်နှင့်တူအောင် ဖန်တီးခြင်းသာဖြစ်ပါ၏။

အိမ်ဖြူတော်သည် ပြတိုက်နှင့်တူသည်ဟု မှတ်ချက်ပေးခဲ့သော ကျွန်မအမေ ပင်လျှင် နောင်သောအခါ အချို့နေရာတို့၌ ပြင်ဆင်သင့်သည်ဟု သဘောပိုက်လာသည်။ အိမ်ဖြူတော်ထဲတွင် ကျွန်မတို့ချည်းမဟုတ် အခြားလူများစွာ ရှိနေကြသည်။ စားဖိုမှူးများဆိုလျှင် အိမ်ဖြူတော်၌ တာဝန်ထမ်းဆောင်နေခဲ့ကြသည်မှာ နှစ်ပေါင်းများ စွာရှိခဲ့ကြပြီ။ အိမ်ဖြူတော်သို့ ရောက်လာကြသည့် သမ္မတအဆက်ဆက်ကို တာဝန် ထမ်းဆောင်ခဲ့ကြသည်။ တိတ်ဆိတ်စွာဖြင့် တာဝန်ထမ်းဆောင်နေကြသည့် သူတို့ကိုမြင်ရသောအခါ ကျွန်မက ဦးလေးတယ်ရီကို သတိရမိသည်။ သူက ကျွန်မတို့ လျူးစစ်ရိပ်သာလမ်းတွင် နေစဉ်က အောက်ထပ်တွင် နေထိုင်ခဲ့သူ ဖြစ်သည်။ ခြံဝင်းထဲ၌ မြက်ရိတ်ရန်ရှိပါက ဦးလေးတယ်ရီသည် ဦးထုပ်တစ်လုံးဆောင်းကာ အတွင်းခံ ဘောင်းဘီနှင့် မြက်ရိတ်နေတော့သည်။ သူက မည်သူနှင့်မျှ စကားမဆို သူလုပ်ရန်ရှိသည်ကိုသာ လုပ်ဆောင်နေခဲ့၏။ ထို့ကြောင့် ယခု အိမ်ဖြူတော်တွင် ကြုံလာရသော ဝန်ထမ်းများအပေါ်တွင်လည်း ကျွန်မတို့ဘက်မှ အနှောင့်အယှက်မပေးမိစေရန် အထူး ဂရုပြုပါသည်။ ကျွန်မသဘောမှာ သူတို့ကို ကျွန်မတို့ မမြင်စေရန် ပုန်းလျှိုးကွယ်လျှိုး မရှိစေချင်ပေ။ အကယ်၍ စားဖိုမှူးများက နိုင်ငံရေးကိစ္စများ စိတ်ဝင်စားသည် ဆိုစေဦးတော့၊ တခြားပါတီကို လိုလားသည်ဆိုစေဦးတော့၊ ထိုအချက်သည် သူတို့ ရင်တွင်း၌သာ ထားရှိကြရမည့်ကိစ္စ ဖြစ်သည်ဟု ကျွန်မ ထင်ပါသည်။ သူတို့က ကျွန်မတို့၏ လွတ်လပ်မှုကို လေးစားကြသည်။ သို့သော် ကျွန်မတို့ လိုအပ်၍ ခိုင်းမည် ဆိုလျှင်လည်း အဆင်သင့်ပင်။ သို့ဖြင့် ကျွန်မတို့နှင့် တဖြည်းဖြည်းချင်း ရင်းနှီးလာကြသည်။ ဘယ်အချိန်တွင် အကူအညီလိုအပ်သည် ဆိုသည်ကိုလည်း သိလာကြသည်။ စားဖိုဆောင်သည် သူတို့ အများဆုံးနေကြသည့်နေရာ ဖြစ်ခြင်းကြောင့် သူတို့နှစ်သက် သော အားကစားအသင်းများအကြောင်း ပြောချင်ပြောကြသည်။ သားသမီး၊ မြေးတို့ အကြောင်း ပြောကြသည်လည်း ရှိ၏။ ထိုအချိန်မျိုးတွင် ကျွန်မက ကော်ဖီသောက်ရင်း နံနက်ခင်းသတင်းများ ဖတ်နေချိန်ဖြစ်သည်။ ရုပ်မြင်သံကြားအစီအစဉ်မှ တက္ကသိုလ် ဘတ်စကက်ဘောအသင်းများ ယှဉ်ပြိုင်ကစားကြပုံ ထုတ်လွှင့်မည့် အစီအစဉ်ရှိသည့် နေ့ဆိုလျှင် ဘားရက်က အိမ်ပေါ်တက်လာပြီး ခဏတစ်ဖြုတ် ကြည့်တတ်သည်။ ဆာရှာနှင့်မလီယာတို့က စားဖိုဆောင်ဝင်ကာ ပြောင်းဖူးပွင့် ဖုတ်စားတတ်လာကြသည်။ ဝန်ထမ်းအတော်များများက ကျွန်မ၏မိခင်ကိုလည်း လေးစားကြသောကြောင့် သူတစ်ယောက်တည်းနေသော အထပ်သို့တက်ကာ စကားစမြည် ပြောတတ်ကြ၏။ ပထမပိုင်းတွင် အိမ်ဖြူတော်၏ မြားမြောင်လှသော တယ်လီဖုန်းအော်ပရေ တာတို့၏ အသံကို မခွဲခြားနိုင်ခဲ့ပေ။ အချို့က မနက်အိပ်ရာမှထရန် လှမ်းနှိုးပေးသူ၊ တချို့က ကျွန်မအရှေ့ဆောင်တွင်

ရုံးထိုင်နေပါက ဆက်သွယ်ပေးသူတို့ ဖြစ်သည်။ သို့သော် များမကြာမီကာလအတွင်း သူတို့လည်း ကျွန်မနှင့် ရင်းနှီးသွားကြ၏။ တစ်ခါတစ်ရံတွင် ရာသီဥတုအကြောင်း၊ တစ်ခါတစ်ရံတွင်လည်း ဘားရက်နှင့် အတူပွဲတက်ရန်ရှိ၍ စောစောထကာ ဆံပင်ပြင်ရပုံ စသဖြင့် ပေါ့ပေါ့ပါးပါးကလေး များ ပြောကြဆိုကြရင်း ရင်းနှီးခဲ့ကြ၏။ ဤသို့ ရင်းနှီးသွားသောအခါ သမ္မတကတော် နှင့် ဝန်ထမ်းဆိုသည်ထက် စိတ်သက်သာရာ ရစေပါသည်။

စားဖိုမှူးများထဲမှ ဆံပင်ဖြူဖြူနှင့် အာဖရိကန်-အမေရိကန်လူမျိုးတစ်ဦးဖြစ်သော ဂျိမ်းစ်ရမ်ဆီ ဆိုသူမှာ အတွေ့အကြုံအများဆုံးပုဂ္ဂိုလ် ဖြစ်သည်။ သူသည် သမ္မတကာတာ လက်ထက်ကတည်းက စားဖိုမှူး ဖြစ်နေခဲ့၏။ သူက မကြာခဏဆို သလို Jet မဂ္ဂဇင်း လက်ဆောင်ပေးလေ့ ရှိသည်။ ပြုံးပြုံးပြုံးပြုံးနှင့် ချဉ်းကပ်လာပြီး "မစ္စစ်အိုဘားမားပုံ မျက်နှာဖုံးပါလာလို့ပါ" ဟု ဆိုကာ ပေးတတ်၏။

နွေးထွေးမှုရှိသောအခါ ဘဝသည် နေချင်စဖွယ်ကောင်းလှပါသည်။

※

အိမ်သစ်ဖြစ်သော အိမ်ဖြူတော်ဝင်းအတွင်း လမ်းလျှောက်ကာ မည်သို့ပြု ပြင်ရမည်ကို တွေးတောနေခဲ့သော်လည်း ဧပြီလတွင် ကျွန်မတို့သည် အင်္ဂလန်နိုင်ငံသို့ သွားရောက်ကာ ဘုရင်မကြီးနှင့် တွေ့ဆုံရန် အကြောင်းပေါ်လာခဲ့၏။

ဤခရီးစဉ်မှာ ဘားရက်နှင့်ကျွန်မ ရွေးကောက်ပွဲပြီးသည့်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် သွားရမည့် နိုင်ငံတော်ခရီးစဉ်ဖြစ်သည်။ လန်ဒန်သို့ Air Force One ဖြင့် သွားရောက်ရပါမည်။ ဘားရက်က G20 ဆိုသည့် ကမ္ဘာ့စီးပွားရေး အကောင်းဆုံးနိုင်ငံနှစ်ဆယ် စုစည်းထားသည့် အစည်းအဝေးတက်ရန်ရှိသည်။ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးကျဆင်းမှုသည် တစ်ကမ္ဘာလုံးသို့ ရိုက်ခတ်လျက်ရှိနေသည်။ G20 သည် ကမ္ဘာ့ဇာတ်ခုံအလယ်တွင် ဘားရက်အား သမ္မတအဖြစ် အသိအမှတ်ပြုသည့်ပွဲလည်း ဖြစ်၏။ သမ္မတအဖြစ်ခံယူပြီး ရုံးထိုင်သည့် ပထမလများတွင် ဘားရက်သည် အမေရိကန်၏ စီးပွားရေးအရှုပ်တော်ပုံများကို ရှင်းလင်းရန် ကြိုးစားနေရသည်။ အခြား အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ ကလည်း အမေရိကန်ပြည်ထောင်စုသည် စည်းကမ်းမဲ့ ပရမ်းပတာနိုင်သော ဘဏ်လုပ်ငန်းရှင်တို့အား ထိန်းကွပ်နိုင်သည့် အခွင့်အရေးကောင်းများကို လက်လွှတ်ခဲ့သည်ဟု ယူဆနေကြ၏။ ထို့ကြောင့်ပင် သူတို့တိုင်းပြည်များသို့ပါ စီးပွားရေးကျဆင်းခြင်းက ရိုက်ခတ်လာသည်ဟုလည်း မြင်ကြ၏။

ဆာရာနှင့် မလီယာတို့မှ ကျောင်းတက်သည့်ကိစ္စ အဆင်ပြေနေပြီ

ဖြစ်ခြင်းကြောင့် ကျွန်မခရီးသွားရမည့်ရက်အတွင်း အမေ့ကိုသာ အပ်ထားခဲ့ရန် စီစဉ်ရသည်။ အမေနှင့်သာဆိုလျှင်တော့ သူ့မြေးများကို အိပ်ရာ စောစောဝင်ရန်၊ ညစာစားချိန်တွင် အသီးအရွက်များများစားရန် စသည့် ကျွန်မ ချမှတ်ထားသောစည်းကမ်းများ ပျက် မည်ဆိုသည်ကို သိသော်လည်း ထားခဲ့ရသည်သာ။ အမေသည် သူ့မြေးများအလှည့် တွင် ကျွန်မနှင့်ခရိတ်တို့မောင်နှမ လက်ထက်ကထက် စည်းကမ်းပိုင်းတွင် များစွာ အလျှော့ပေးလာသူဖြစ်၏။ သမီးတို့ကလည်း အဘွားနှင့်သာနေရမည်ဆိုပါက ပို၍ပင်ပျော်ကြသည်။

ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သော ဂေါ်ဒန်ဘရောင်းက G20ကို လက်ခံ ကျင်းပသည်ဖြစ်ရာ စီးပွားရေးနှင့်ပတ်သက်သော ဆွေးနွေးပွဲများကို တစ်နေ့လုံး ကျင်းပကြသည်။ သို့သော် လန်ဒန်တွင် ဤကဲ့သို့သောပွဲများကျင်းပတိုင်း ဘုရင်မကြီးက အခြားတိုင်းပြည်များမှ ခေါင်းဆောင်များကို ဘာကင်ဟမ် နန်းတော်သို့ ဖိတ်ကြားကာ နှုတ်ဆက်လေ့ရှိရာ ဗြိတိန်နှင့် အမေရိကန်တို့မှာ နီးကပ်သော ဆက်သွယ်မှုရှိသည်က တစ်ကြောင်း၊ ဘားရက်မှာ တိုင်းပြည်ခေါင်းဆောင်အသစ်တစ်ယောက် ဖြစ်နေသည်က တစ်ကြောင်းတို့ကြောင့် ကျွန်မတို့အား ဘာကင်ဟမ်နန်းတော်သို့ သီးသန့် ဖိတ်ခေါ်ခဲ့သည်။

ကျွန်မတွင် တော်ဝင်သူများနှင့် ဆက်ဆံရသည့် အတွေ့အကြုံမရှိဆိုသည်ကို အထူးတလည် ပြောရန်လိုမည် မထင်ပေ။ ထို့ကြောင့် ဘုရင်မကြီးအား နှုတ်ဆက်ချိန် တွင် နန်းတွင်းထုံးတမ်းစဉ်လာအတိုင်း နှုတ်ဆက်လိုပါက နှုတ်ဆက်နိုင်ပြီး ဘုရင်မကြီး၏လက်ကိုသာ ဆွဲကာနှုတ်ဆက်လိုပါကလည်း နှုတ်ဆက်နိုင်သည်ဟု ကြိုတင် ခွင့်ပြုချက်ရရှိထားပါသည်။ ဘုရင်မကြီးအား စကားပြောလျှင်မူ "ဘုန်းတော်ကြီးလှ သော"ဟု ထည့်သွင်းပြောဆိုရမည်ဟုလည်း နားလည်ထားပါသည်။ ဘုရင်မကြီး၏ ကြင်ရာတော် အီဒင်ဘတ်မြို့စားကြီး ဖိလစ်မင်းသားနှင့် စကားပြောလျှင် Your Royal Highness ဟု ဆိုရမည်ဖြစ်သည်။ ထို့ထက်ပို၍ ကျွန်မ နားမလည်ပေ။ ကျွန်မတို့ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တန်းက မြင့်မားလှစွာသော သံဂိတ်တံခါးကြီး များကို ဖြတ်ကျော်ကာ နန်းတွင်းသို့ ဝင်လာသောအခါ စောင့်ကြည့်နေကြသည့် ပရိသတ်က သူတို့ကိုယ်များကို ခြံစည်းရိုးများနှင့်ကပ်ကာ ရပ်နေကြ၏။ အစောင့် အကြပ်တချို့ကို ကျော်ဖြတ်ပြီးချိန်တွင် ခရာမှုတ်သံကြားလိုက်ရပြီး အိမ်တော်ဝန်က ခန်းမအဝင်ဝမှ ကျွန်မတို့ကို ထွက်ကြိုနေသည်ကို မြင်တွေ့လိုက်ရ၏။

ဘာကင်ဟမ်နန်းတော်ကြီးမှာ ကြီးကျယ်ခမ်းနားလှပါသည်။ နန်းတော်၌ အခန်းပေါင်း ၇၇၅ ခန်းရှိသဖြင့် အိမ်ဖြူတော်ထက် တစ်ဆယ့်ငါးဆ ကျွာပါသည်။

နောက်နှစ်များတွင်လည်း ဘားရက်နှင့်ကျွန်မသည် ဘုရင်မကြီး၏ဖိတ်ခေါ်မှုကြောင့် အခေါက်ခေါက်အခါခါ ရောက်ခဲ့ရပါသည်။ နောက်အခေါက်များတွင် ကျွန်မတို့သည် နန်းတော်၏ မြေညီထပ်တွင်ရှိသော အခန်း၌ အိပ်ခွင့်ရခဲ့ကြသည်။ ခြေမြန်တော် တပ်သားက လိုအပ်သမျှကို ဆောင်ရွက်ပေးသည့်အပြင် အပျိုတော်တစ်ဦးကလည်း စောင့်နေပေးပါသည်။ ကပွဲဆောင်တွင်ကျင်းပသော ဘုရင်မကြီး၏ ဧည့်ခံပွဲသို့ တက်ရောက်ရသည့်အပြင် ညစာတည်ခင်းဧည့်ခံသောအခါ၌ ရွှေသားဖြင့် ပြုလုပ်ထားသော ဇွန်း၊ ခက်ရင်းတို့ဖြင့် စားခဲ့ရ၏။ နန်းတွင်းအား လှည့်လည်ပြသရာတွင် တစ်နေရာ၌ "ဒီခန်းမကတော့ အပြာရောင်ခန်းမပါ"ဟု ဆိုသည်။ သူတို့အပြာရောင် ခန်းမသည် ကျွန်မတို့၏ အပြာရောင်ခန်းမထက် ငါးဆမက ကျယ်သည်ကို သိလိုက်ရ၏။ ဘုရင်မကြီး၏ ဧည့်လမ်းညွှန်က တစ်နေ့တွင် ကျွန်မ၊ အမေနှင့် သမီးနှစ်ယောက် တို့ကို ဘုရင်မကြီး၏ နှင်းဆီဥယျာဉ်အား လိုက်ပြသည်။ တစ်ဧကခန့် ကျယ်ဝန်းသည့် မြေပေါ်တွင် အလွန်လှသော နှင်းဆီပန်း ထောင်ပေါင်းများစွာတို့ ဖူးပွင့်နေကြ၏။ ကျွန်မတို့ အိမ်ဖြူတော် ဘဲဥပုံရုံးခန်းအပြင်ဘက်တွင်လည်း နှင်းဆီဥယျာဉ်ရှိပါသည်။ သို့သော် ဘာကင်ဟမ်၏ နှင်းဆီဥယျာဉ်နှင့် ယှဉ်ကြည့်လိုက်သောအခါ ကွာခြားလှ ပါသည်။

ပထမအခေါက်ရောက်စဉ်က ကျွန်မတို့ကို ဘုရင်မကြီးရှိနေသည့် သီးသန့် အဆောင်သို့ ခေါ်ဆောင်သွားကြသည်။ ထိုခန်းမတွင် ဘုရင်မကြီးနှင့် ကြင်ရာတော်တို့ က လက်ခံတွေ့ဆုံရန် စောင့်ဆိုင်းနေကြ၏။ ထိုစဉ်က ဒုတိယမြောက် အဲလစ်ဇဘက် ဘုရင်မကြီးသည် သက်တော် ရှစ်ဆယ့်နှစ်နှစ်သာ ရှိသေးပြီး ကျက်သရေရှိလှပါသည်။ စိတ်နှလုံးချမ်းမြေ့စေသည့်အပြုံး ဖြူဖွေးနေသော ဆံပင်များကို နဖူးထက် ဆံစပ်မှ စတင်ကာအပေါ်သို့ လိပ်သိမ်းထားသည်။ ပန်းနုရောင်ဝတ်စုံဆင်မြန်းကာ ပုလဲတစ်ကုံးဆွဲထားပြီး လက်ကိုင်အိတ်အနက်ရောင်ကို လက်တစ်ဖက်တွင် ချိတ်ထား၏။ ကျွန်မတို့ လက်ဆွဲနှုတ်ဆက်လိုက်ကြပြီးနောက် ဓာတ်ပုံအရိုက်ခံကြသည်။ ဘုရင်မကြီးက ကျွန်မတို့အား လေယာဉ်ခရီးစဉ်အကြောင်း မေးမြန်းပြီး ထိုင်ကြရန် ဖိတ်ခေါ်၏။ ထို့နောက်ပိုင်းတွင် မည်သည့်စကားများ ပြောဖြစ်ခဲ့ကြကြောင်း ကျွန်မ မမှတ်မိတော့ပေ။ စီးပွားရေးအကြောင်းနှင့် အင်္ဂလန်နိုင်ငံ၏ ပြည်ထဲရေး အခြေအနေ ကို ဆွေးနွေးကြသည်။ ဘားရက် တက်ရောက်ရမည့် အစည်းအဝေးများအကြောင်း လည်း ပြောဖြစ်ကြ၏။

တရားဝင်စီစဉ်ထားသည့် အစည်းအဝေးတစ်ခုဟု ဆိုနိုင်သော်လည်း ဘုရင်မကြီးနှင့် ရောက်တတ်ရာရာ ပြောဆိုနေကြခြင်းမှာ အနည်းငယ်ကိုးရိုးကားရား နိုင်လှသည်ဟု ထင်မှတ်ဖွယ်ရာ ရှိပါသည်။ ကျွန်မ အတွေ့အကြုံအရမူ ရင်းနှီးမှုပေါ် အခြေခံကာ ပြောဆိုနေခြင်းပုံစံဆောင်နေသည်ဟု ထင်၏။ ဘုရင်မကြီးနှင့် မျက်နှာချင်းဆိုင်ထိုင် စကားပြောရသည်မှာ သူ့ဘုန်းကျက်သရေတို့ကြောင့်

ကြည့်မဝ၊ ရှုမဝ ဖြစ်မိ၏။ ကျွန်မက သမိုင်းစာအုပ်များထဲတွင် ဘုရင်မကြီး၏ပုံများကို အကြိမ်ပေါင်း တစ်ဒါဇင်မက မြင်ဖူး၊ တွေ့ဖူးခဲ့ပါသည်။ ရုပ်မြင်သံကြားအစီအစဉ်များ၌ တွေ့ဖူးရုံ သာမက ငွေစက္ကူပေါ်မှ သူ့ပုံကိုလည်း တွေ့ဖူးသည်။ သို့သော် လူကိုယ်တိုင် မျက်နှာချင်းဆိုင်ထိုင်ကာ မေးခွန်းများမေးနေသောအခါ နွေးထွေးသော သူ့အပြုံးကြောင့် မနေတတ် မထိုင်တတ်ဖြစ်ခဲ့ရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သူသည် ဗြိတိန်နိုင်ငံ၏ သက်ရှိဘုရင်မ၊ ကျွန်မတို့ကဲ့သို့ သာမန်လူသာဖြစ်သည် ဆိုသော်ငြားလည်း ကျွန်မ သူ့ကို ထူးထူးခြားခြား နှစ်သက်သွားမိ၏။

ထိုနေ့ညနေပိုင်းတွင် ဘားရက်နှင့်ကျွန်မသည် အခြားသော G20 ခေါင်းဆောင်များ၊ သူတို့၏ ဇနီးခင်ပွန်းတို့နှင့်အတူ ဘာကင်ဟမ်နန်းတော်၏ ညှော်ခန်းမ ဆောင်တွင် ညှော်ခံပွဲ တက်ရောက်ကြရသည်။ ကျွန်မက ဂျာမနီနိုင်ငံမှ အင်ဂျလာ မာခေးလ်၊ ပြင်သစ်နိုင်ငံမှ နီကိုလပ်စ် ဆာကိုဇီတို့နှင့် စကားလက်ဆုံကျနေဆဲတွင် ဆော်ဒီအာရေးဗျနိုင်ငံမှ ဘုရင်၊ အာဂျင်တီးနားနိုင်ငံမှ သမ္မတ၊ ဂျပန်နိုင်ငံနှင့် အီသီယိုးပီးယား၏ ဝန်ကြီးချုပ်တို့ကိုလည်း လှမ်းမြင်လိုက်ရသေးသည်။ မည်သည့်နိုင်ငံမှ မည်သူ တက်ရောက်မည်ဆိုသည်ကို မှတ်မိစေရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါသည်။ သို့သော် စကားအမှားမပါစေရန် အတွက် များများစားစား မပြောဖြစ်စေရန်လည်း ဆင်ခြင်ရပါသည်။ ခြုံ၍ပြောရပါလျှင် ယခုပွဲသည် မိတ်ဆွေရင်းများ တွေ့ကြဆုံကြသည့် ပွဲနှင့်တူပြီး နိုင်ငံအသီးသီးမှ ခေါင်းဆောင်တို့သည်လည်း သူတို့ သားသမီးမြေးတို့ အကြောင်း ပြောကြ၊ ဟာသတချို့ ပြောကြရင်း ဗြိတိန်နိုင်ငံ၏ ရာသီဥတုအရသာကို မြည်းစမ်းခွင့် ရကြသောပွဲပင်ဖြစ်တော့၏။

ပါတီပွဲပြီးခါနီးအချိန်ခန့်တွင် ကျွန်မ ခေါင်းလှည့်ကြည့်လိုက်ရာ တံတောင် ဆစ်နားတွင် ရောက်နေသော အဲလိဇဘက်ဘုရင်မကြီးကို ရုတ်တရက်မြင် လိုက်ရ၏။ လူအုပ်ကြီးထဲတွင် သူနှင့်ကျွန်မ နှစ်ယောက်တည်းရှိနေသကဲ့သို့ ခံစားလိုက်ရသည်။ အဖြူရောင်လက်အိတ် ဝတ်ထားသော ဘုရင်မကြီး၏ ပုံစံမှာ နာရီအတော်ကြာကြာက ကျွန်မတွေ့ခဲ့ရသည့်အတိုင်း ရွှင်ရွှင်လန်းလန်းပင် ရှိနေ၏။ သူက ပြုံးလိုက်သည်။ ခေါင်းမော့ကြည့်လိုက်ပြီး “အရပ် တော်တော်မြင့်တာပဲ”ဟု ဆိုသည်။

“ဟုတ်ကဲ့ . . ဖိနပ်က နှစ်လက်မလောက်မြင့်တာလည်းပါပါတယ်။ ကျွန်မ ကိုယ်တိုင်ကလည်း အရပ်မြင့်ပါတယ်”ဟု ဖြေလိုက်ရသည်။

ဘုရင်မကြီးက ကျွန်မစီးထားသော ဂျင်မီချူးစ်ဖိနပ်ကို ငုံ့ကြည့်လိုက်ကာ သူ့ခေါင်းကို ယမ်းလိုက်သည်။

"ဒီဖိနပ်တွေကတော့ မကောင်းပါဘူးကွယ်၊ ဟုတ်တယ်နော်"ဟု ဆိုကာ သူစီးထားသော အနက်ရောင်ရှူးဖိနပ်ကို ငုံ့ကြည့်လိုက်၏။

ထိုအခါကျမှ ကျွန်မကလည်း ယခု ကျွန်မ စီးထားသောဖိနပ်ကြောင့် ခြေထောက်နာနေကြောင်း ဝန်ခံလိုက်ရသည်။ သူကလည်း ဖိနပ်ကြောင့် ခြေထောက်နာနေသည်ဟု ဆို၏။ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက် မိကြသည်။ ဖိနပ်များကြောင့် ခြေထောက်နာနေကြသော မိန်းမသားနှစ်ဦး၏ ခေါင်း များထဲတွင် တူညီသောမေးခွန်းကို မေးချင်နေကြမည်ဟု ထင်ပါသည်။ ထိုမေးခွန်းမှာ "ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ ခုလို မတ်တတ် မတ်တတ်ရပ် စကားပြောနေရတဲ့ပွဲက ဘယ်တော့များမှ ပြီးမှာလဲ"ဟု ဖြစ်မည်ထင်သည်။ ထို့နောက် ဘုရင်မကြီးသည် ခပ်ပြုံးပြုံးနှင့်ပင် ကျွန်မအနားမှ ထွက်ခွာသွား၏။

ခေါင်းပေါ်တွင် စိန်သရဖူဆောင်းနိုင်ခွင့်ရှိသော ဘုရင်မနှင့် သမ္မတစီးသည့် ဂျက်လေယာဉ်ကို စီးနင်းလိုက်ပါလာခဲ့သော မိန်းမသားတို့သည် ဖိနပ်က နှိပ်စက်သောအခါ ပင်ပန်းနွမ်းနယ်မှုကို ခံစားကြရသည်သာဖြစ်၏။ ထိုစဉ်မှစ၍ ကျွန်မသည် သူစိမ်းများနှင့် စကားဆိုရသည့်အခါတိုင်း ကိုယ့်ခံစားချက်ကို ထုတ်ဖော်ပြောဆိုခြင်း က အလျင်အမြန် ရင်းနှီးမှုရလွယ်စေသော နည်းဖြစ်သည်ဟု နားလည်သဘောပေါက်ခဲ့ ရပါသည်။ ထို့ပြင် သူစိမ်းတစ်ဖက်သား၏ ပခုံးထက်တွင် မိမိလက်တစ်ဖက်တင်ကာ စကားပြောခြင်းသည်လည်း ရင်းနှီးမှုကို ရလွယ်စေပါသည်။

အမှန်တကယ်က ထိုသို့ ပြုလုပ်နေစဉ် ကျွန်မ မလုပ်သင့်မလုပ်ထိုက် ဆိုသည်ကို နားမလည်ခဲ့ပေ။ ကျွန်မသည် ဗြိတိန်နိုင်ငံ၏ ဘုရင်မကြီးအား ဖက်လဲ တကင်း ထိတွေ့ကိုင်တွယ်ခဲ့မိသည်။ ထိုသို့ မလုပ်ရဆိုသည်ကို နောင်မှ သိလာရတော့၏။ ကျွန်မတို့နှစ်ယောက် ရပ်စကားပြောနေကြသည်ကို ကင်မရာက ရိုက်ကူးသွားသည်။ နောက်ရက်များတွင် ယင်းပုံကို မီဒီယာများက ကူးယူကြပြီး တစ်ကမ္ဘာလုံး၌ ဖော်ပြလာကြ၏။ ခေါင်းစဉ်က "နန်းဓလေ့ကို ဖောက်ဖျက်ခြင်း"ဟူ၍ ဖြစ်၏။ အချို့က "ဘုရင်မကြီးကို ဖက်ရဲတဲ့ မီရှယ်အိုဘားမား"ဟု ဆိုကြပြန်သည်။ တိုက်ခိုက် သူများက စည်းရုံးရေးကာလတုန်းကကဲ့သို့ပင် သဲကြီးမဲကြီး တိုက်ခိုက်ကြသည်။ သမ္မတကတော်တစ်ယောက်၏ ဣန္ဒြေသိက္ခာမစောင့်စည်းသူ ဟုလည်း ဆိုကြသည်။ ကျွန်မ စိတ်ပူသွားမိသည်မှာ ဘားရက် ပြည်ပ၌ ဆောင်ရွက်ရသောကိစ္စများ ထိခိုက် မည်ကိုသာဖြစ်၏။ သို့သော် ဝေဖန်ချက်များကိုမူ ကျွန်မ မတုန်လှုပ်မိစေရန် ကြိုးစားနေ ရပါသည်။ အကယ်၍ ကျွန်မသည် ဘာကင်ဟမ်နန်းတော်၌ မပြုသင့်မပြုထိုက်ခဲ့သော ကိစ္စကို ဆောင်ရွက်ခဲ့သည်ဆိုပါက ထိုအပြုအမူသည်

ရိုင်းစိုင်းခြင်းမဟုတ် လူသားဆန်သောအပြုအမူသာ ဖြစ်ပါသည်။ ဘုရင်မကြီးကိုယ်တိုင် ကလည်း ကျွန်မအပေါ် ကျေနပ်လိမ့်မည်ဟု ရဲရဲကြီးပြောဝံ့ပါသည်။ ကျွန်မ သူ့ပခုံးပေါ်သို့ လက်တင်လိုက်သည့်အခါ သူကိုယ်တိုင်က ကျွန်မအနီးသို့ တိုးကပ်လာခြင်းကြောင့် ဖြစ်၏။ လက်အိတ်ဝတ်ထားသော လက်တစ်ဖက်ဖြင့် ကျွန်မကျောကို သိုင်းဖက်ထားခဲ့ပါသေးသည်။

နောက်တစ်နေ့တွင် ဘားရက်က စီးပွားရေးနှင့်ပတ်သက်သည့် အစည်းအဝေးများကို အပြေးအလွှား တက်နေဆဲ ကျွန်မက မိန်းကလေးကျောင်းတစ်ကျောင်း ကို သွားရောက်လေ့လာ၏။ ထိုကျောင်းမှာ အစိုးရ အထောက်အပံ့ဖြင့် ဖွင့်လှစ်ထား သောကျောင်းဖြစ်ပြီး အလယ်တန်း ကျောင်းတစ်ကျောင်းဖြစ်သည်။ အင်္ဂလန်ဟု အမည် ပေးထားသော အိုးအိမ်စီမံကိန်းအိမ်ရာများအတွင်း၌ တည်ရှိရာ ကျောင်းသူ ၉၀၀ ခန့်အနက် ကိုးဆယ်ရာခိုင်နှုန်းမှာ လူမည်းကလေးငယ်များဖြစ်ကာ ကျန်သည့်ကလေးတို့မှာ နိုင်ငံရေးခိုလှုံခွင့် တောင်းခံလာသူတို့၏ ကလေးများ၊ လူနည်းစုအမျိုးအနွယ်တို့မှ ပေါက်ဖွားလာကြသည့် ကလေးများ ဖြစ်ကြသည်။ ကျွန်မ စိတ်ဝင်စားမိသည်က ထိုကျောင်းကလေးသည် ငွေကြေးမပြည့်စုံသော ကျောင်းဖြစ်သော်လည်း ပညာရည်ထူး ချွန်သည့်ကလေးများ ပေါ်ထွက်သည့် ကျောင်း ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ကျွန်မက သွားရောက်လေ့လာကြည့်ရှုသည်ဆိုလျှင် ထိုနေရာ၌ အမှန်တကယ် ရှိနေသူများကိုသာ တွေ့လိုပါသည်။ သူတို့အား အုပ်ချုပ်နေသူများနှင့် တွေ့ရန်မဟုတ်ပေ။ ပြည်ပခရီး ထွက်ရခြင်းက ကျွန်မအတွက် ဘားရက်ကိုယ်တိုင် မရနိုင်သော အခွင့်အရေးပေါင်း များစွာကို ရရှိစေပါ၏။ သက်ဆိုင်ရာ အစိုးရအဖွဲ့က စီစဉ်ပေးသည့်အတိုင်း လိုက်နာကာ ခေါင်းဆောင်များနှင့် ထိုင်စကားပြောခြင်းထက် ကိုယ်သိချင်သည်ကို ကာယကံ ရှင်များထံ တိုက်ရိုက်မေးမြန်းလိုပါသည်။ ထိုသို့ လုပ်ဆောင်ရန် ရည်ရွယ်ခဲ့သည်မှာ လည်း အင်္ဂလန်ခရီးမှ အစပင်ဖြစ်သည်။

အဲလစ်ဇဘက် ဂါးရက် အန်ဒါဆင် ကျောင်းဝင်းအတွင်းသို့ ခြေချလိုက်မိသည့်အချိန်အထိ ကျွန်မ ဘယ်ကစ၍ ဘာလုပ်ရမည် မသိသေးသည်မှာ အမှန်ပင် ဖြစ်သည်။ ကျွန်မအား အားကစားခန်းမတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားရာ စောင့် ဆိုင်းနေကြသော ကလေးနှစ်ရာခန့်ကို တွေ့ရသည်။ သူတို့က တတ်မြောက်ထားကြ သည်များ ပြသကြမည်ဖြစ်ပြီး ကျွန်မ ပြောသည့်စကားများကို နားထောင်ကြရန် ဖြစ်၏။ ကျောင်းအမည်မှာ အင်္ဂလန်နိုင်ငံ၏ ပထမဦးဆုံး မြို့တော်ဝန်လည်းဖြစ်၊ ဆရာဝန်လည်းဖြစ်၊ စွန့်ဦးတီထွင်သူလည်းဖြစ်သူကို ဂုဏ်ပြုထားခြင်းဖြစ်သည်ဟု ဆိုသည်။ ကျောင်းပုံစံကပင် ထူးခြားမှုမရှိ၊ သာမန်လေးထောင့်ကျကျ အုတ်ဖြင့် ဆောက်လုပ်ထားသော ကျောင်းသာဖြစ်သည်။ သို့သော် စင်မြင့်ပေါ်၌ ထားရှိသော

ကုလားထိုင်တွင် ကျွန်မ ထိုင်မိသည်နှင့်တစ်ပြိုင်နက် ကလေးများ၏ ဖျော်ဖြေမှု စတင် ပါတော့သည်။ ရိုတ်စပီးယား၏ ပြဇာတ်မှ ဇာတ်ဝင်ခန်းတစ်ခုပါဝင်ပြီး ခေတ်ပေါ် အကများ၊ သံပြိုင်သီဆိုကြသော ဝှစ်တနီဟူစတန်၏သီချင်းတို့ ပါဝင်ရာ ကျွန်မ၏ ရင် တလှပ်လှပ်နေအောင် ခံစားရပါသည်။ ကျွန်မ အတိတ်ဘဝကို ပြန်ရောက်သွားသကဲ့သို့လည်း ခံစားမိ၏။

ကလေးများ၏မျက်နှာကို စေ့စေ့ကြည့်ခြင်းဖြင့် သူတို့သည် ဤသို့ ဖျော်ဖြေနိုင်ရန် အတော်ပင် အပြင်းအထန်လေ့ကျင့်ထားရကြောင်း သိသာလှပါသည်။ ခေါင်းဆောင်းပဝါ ဆောင်းထားသော မိန်းကလေးများလည်းပါဝင်ရာ သူတို့အတွက် အင်္ဂလိပ်စာသည် ဒုတိယဦးစားပေး ဘာသာရပ်ပင် ဖြစ်ပေမည်။ သူတို့အသားအရေက အမည်းမဟုတ်သည့်တိုင် ညိုနေကြ၏။ သူတို့သည် ဆင်းရဲမွဲတေခြင်း၊ အမျိုးသမီး ဖြစ်နေခြင်း၊ အသားအရောင်မတူကွဲပြား ခြားနားခြင်း စသည်တို့ကြောင့် နှိမ့်ချဆက်ဆံ ခံရခြင်းတို့ကို ကြုံကြရပေမည်။ ထိုအရာများကို တော်လှန်နိုင်ရန်အတွက် စာကို သင်ယူနေကြခြင်းဖြစ်တော့သည်။

သို့သော် သူတို့မျက်နှာကလေးများကို ကြည့်လိုက်သောအခါတွင်မူ မျှော်လင့် ချက်အသီးသီး ရှိနေကြသည်။ ကျွန်မကိုယ်တိုင်ကလည်း မျှော်လင့်မိသည်။ ကျွန်မ ဘက်က ပြောရပါလျှင် ထူးခြားသော တိတ်တဆိတ် ရှာဖွေတွေ့ရှိမှုဟု ပြောချင်သည်။ သူတို့သည် ကျွန်မနှင့် ထပ်တူဖြစ်သည်။ တစ်ချိန်က ကျွန်မခံစားခဲ့ရသကဲ့သို့ ခံစားနေ ကြရသည်။ ကျွန်မ စွမ်းဆောင်နိုင်သကဲ့သို့ သူတို့လည်း ဖြစ်လာရမည်သာ။ ကျောင်း သူကလေး ကိုးရာတို့၏ စွမ်းပကားသည် ထူးခြားလိမ့်မည်ဟု ယုံကြည်မိ၏။

ဖျော်ဖြေမှုအစီအစဉ်ပြီးသည့်နောက် ကျွန်မ စကားပြောရမည့်အလှည့် ရောက်လာသောအခါ ကျွန်မစကားသံ၌ ခံစားမှုပါမသွားစေရန် အတော်ပင် သတိထားရသည်။ စကားပြောရန် ရေးသားလာသော မှတ်စုကို ငုံ့ကြည့်လိုက်သော်လည်း စာရွက်၌ စိတ်မပါ။ သူတို့ကလေးတွေကိုသာ ကြည့်လိုနေသည်။ ကျွန်မက သူတို့ကို ကြည့်လိုက်ပြီး ဝေးလံသောတိုင်းပြည်ဖြစ်သည့် အမေရိကန်ပြည်ထောင်စု၏ သမ္မတ ကတော်တစ်ယောက်အနေနှင့် လာရောက်ခြင်းဖြစ်သော်လည်း ကျွန်မ ငယ်ဘဝသည် ယခု ကျွန်မရှေ့မှောက်ရှိ ကလေးတို့၏ဘဝနှင့် များစွာ ကွာခြားမှုမရှိပါကြောင်း၊ ကျွန်မသည် လက်လုပ်လက်စား မိသားစုတစ်ခုမှ မွေးဖွားလာခဲ့သူဖြစ်ကြောင်း၊ ကျွန်မတို့မိသားစုမှာ ပြည့်စုံချမ်းသာခြင်းမရှိသော်လည်း ချစ်ခြင်းမေတ္တာအပြည့် ရှိခဲ့ကြောင်း၊ ယခု ဤကျောင်းကို လာရောက်လေ့လာရာ ငယ်ဘဝကို ပြန်ရောက်သွား သကဲ့သို့ ခံစားရကြောင်း၊ ပညာကို အဓိကထားရှာဖွေကြရန်လိုအပ်ကြောင်း၊ ပညာက သာ

ကလေးတို့အား ကမ္ဘာ့ရှေ့တန်းရောက်အောင် ပို့ပေးနိုင်မည့်အရာဖြစ်ကြောင်း ပြောကြားခဲ့၏။

ကျွန်မ သမ္မတကတော်ဖြစ်လာသည်မှာ အချိန်ကာလအားဖြင့် နှစ်လမျှသာ ရှိပါသေးသည်။ သို့သော် ထိုဂုဏ်ပုဒ်သည် မရေရာ၊ မသေချာသော ဂုဏ်ဟုသာ ဆိုချင်ပါသည်။ ကလေးများအတွက် စိတ်ပူရသကဲ့သို့ ဘဝမှာလည်း မရေရာဟု ခံစားရသည်။ တစ်ခါတစ်ရံတွင် ကျွန်မသည် နိုင်ငံကို ကိုယ်စားပြုကာ ပြောရဆိုရခြင်း ရှိသော်လည်း ထိုအရေခွံသည် အချိန်မရွေး ကျွတ်ကျသွားနိုင်ပါသည်။ သို့သော် ယနေ့ ဤနေရာတွင် ကလေးများနှင့် တွေ့လိုက်သည့်အခါတွင်မူ ကျွန်မစိတ်ထဲ၌ သန့်ရှင်းသွားသည်။ "ကလေးတို့ရေ.. မင်းတို့က တော်ကြရဲ့လား။ ဟုတ်တယ်၊ တော်ကြပါတယ်။ အားလုံးတော်ကြပါတယ်"ဟု ကျွန်မစကားကို အဆုံးသတ်လိုက်သည်။ အဲလစ်ဇဘက် ဂါးရက် အင်ဒါဆင်ကျောင်းမှ ကလေးများအား ကျွန်မက သူတို့လေးတွေမှာ တန်ဖိုးရှိကြကြောင်း ပြောကြားကာ လက်လှမ်းမီသမျှကလေးများကို ပွေ့ဖက်နှုတ်ဆက်ခဲ့ပါ၏။

※

ဝါရှင်တန်သို့ ပြန်ရောက်ချိန်တွင် နွေဦးပေါက်ရာသီသို့ ရောက်လာပြီဖြစ်သည်။ နေ့စဉ် နေစောစောထွက်ကာ နောက်ကျမှ နေလုံးပျောက်သည်။ တောင်ဘက် မြက်ခင်းပြင်မှာ ကြည့်နေရင်းကပင် တဖြည်းဖြည်းနှင့် အစိမ်းရင့်ဖြစ်လာ၏။ အိမ် ပြတင်းပေါက်မှ ကြည့်လိုက်လျှင် ကျူးလစ်(နှင်းပန်း)တို့ အနီရောင်စွေးစွေးရှိနေကြပြီး လာဗင်ဒါသစ်ခွပန်းတို့မှာလည်း ဝေဝေဆာဆာနှင့် တောင်ကမူကလေးတစ်ခု၏ ခြေရင်းတွင် ရှိနေကြသည်။ ကျွန်မနှင့် ဝန်ထမ်းအချို့သည် လွန်ခဲ့သည့် နှစ်လကတည်း က ပန်းဥယျာဉ်ကို ပြုပြင်ခဲ့ကြသည်။ အလွယ်တကူ ပြုပြင်၍ရသည်တော့ မဟုတ် ပေ။ အမျိုးသားပန်းခြံများ ဝန်ဆောင်မှုဌာနမှ ပုဂ္ဂိုလ်များကို စည်းရုံးရသည်။ အိမ်ဖြူ တော်၏ ဥယျာဉ်မှူးများကိုလည်း စည်းရုံးရပါသေးသည်။ သူတို့၏ အကြံပြုချက် များဖြင့် ဆယ်စုနှစ်ပေါင်းများစွာ အပင်မစိုက်ဘဲ ထားခဲ့ကြသော အိမ်ဖြူတော်၏ ဗစ်ထရီဥယျာဉ်မှာ ပန်းများ ဝေဆာလာခြင်းပင်ဖြစ်သည်။ မည်သူကမျှ စိတ်မဝင် စားသကဲ့သို့ ချီးကျူးခြင်းလည်း မပြုကြပါပေ။ ဆမ်ကားစ်ကမူ "သူတို့က ကျွန်တော် တို့ကို အရူးတွေလို သဘောထားကြတယ် ထင်ပါရဲ့"ဟု မှတ်ချက်ပေးသည်။

ကျွန်မတို့ကလည်း လုပ်စရာရှိသည်ကိုသာ ဆက်လုပ်ခဲ့ကြရာ နောက်ဆုံး တွင် မြေကွက်သေးသေးတစ်ခု စိုက်ပျိုးရန် ရရှိလာသည်။ တင်းနစ်ကစားသည့် ကွင်းများနံဘေးတွင်ဖြစ်ပြီး စက်ပစ္စည်းများထားသည့် ဂိုဒေါင်နံဘေး ဖြစ်၏။ ဆမ်က သူတာဝန်ယူမည် ဆိုသည့်အတိုင်း ရလာသည့်မြေကွက်ကို တူးဖော်တော့သည်။

အယ်လ်ပုံစံအနေအထားရှိသော မြေကွက်မှာ စုစုပေါင်း စတုရန်းပေ တစ်ထောင့် တစ်ရာသာ ရှိပါ၏။ ထိုနေရာမှာ ဘားရက် ရုံးထိုင်သည့် ဘဲဥပုံရုံးခန်းနှင့် သိပ်မဝေး လှပေ။ သမီးတို့အတွက် မကြာသေးမီကမှ ဆင်ပေးထားသော ဒါန်းစင်နှင့်လည်း နီးပါသည်။ အိမ်ဖြူတော်၏ မြင်ကွင်းအလှအပလည်း မပျက်စီးစေရန် ထောက်လှမ်း ရေးနှင့်လည်း ညှိနှိုင်းရပါသေး၏။ ပထမဦးစွာ မြေကို ဓာတ်ခွဲစမ်းသပ်မှု ပြုလုပ်စေရပါသည်။ အာဟာရဖြစ်စေမည့် မြေမျိုးဖြစ်စေရန်၊ အဆိပ်အတောက် ဖြစ်စေနိုင်သော ခဲဓာတ်နှင့် ပြဒါးဓာတ်တို့ မပါဝင်စေရန် ဖြစ်၏။ အားလုံး ကင်းလွတ်သည်ဆိုလျှင် ကျွန်မတို့ ဆက်လက်ချီတက်နိုင်တော့မည်ဖြစ်သည်။

ဥရောပမှ ကျွန်မ ပြန်ရောက်ပြီး ရက်အတော်ကြာသောအချိန်တွင် မြို့၏ အနောက်တောင်ပိုင်းတွင် ရှိသော ဘင်ခရော့ဖ် အခြေခံမူလတန်းကျောင်းမှ ကလေးများကို ကျွန်မက ဖိတ်ကြားလိုက်ပါသည်။ ထိုရက်မတိုင်မီ ရက်သတ္တပတ်များစွာက ပေါက်ပြား၊ ဂေါ်ပြားတို့ဖြင့် မြေကို တူးဆွပြုပြင်ထားခဲ့ပြီးလည်း ဖြစ်၏။ ထိုကလေး များပင် ယခု လာရောက်ကာ ကျွန်မစိုက်ပျိုးသည့်နေရာတွင် ကူညီကြမည် ဖြစ်သည်။ ကျွန်မတို့နေရာသည် အိမ်ဖြူတော်၏ တောင်ဘက်ခြံစည်းရိုးနှင့် မနီးမဝေးတွင်ရှိပြီး အီးလမ်းမကြီးနှင့် မျဉ်းပြိုင်ဖြစ်နေသည်။ အီးလမ်းမကြီးသည် ကမ္ဘာလှည့်ခရီးသွားများ အများဆုံး လာရောက်ကြသည့် နေရာလည်း ဖြစ်သည်။ သူတို့က အီးလမ်းမကြီးပေါ်မှ နေ၍ အိမ်ဖြူတော်ကို ငေးကြည့်လေ့ရှိကြ၏။ ဤနေရာကို ရခြင်းအားဖြင့် သူတို့ အိမ်ဖြူတော်အား ကြည့်ကြလျှင် ကျွန်မတို့၏ စိုက်ပျိုးရေးလုပ်ငန်းကိုပါ မြင်တွေ့သွား နိုင်မည်ဖြစ်၍ ကျွန်မ ဝမ်းသာရပါသည်။

ဥယျာဉ်က ဘာတွေသီးပွင့်လာမည် မသိသေးသော်လည်း အပင်များပေါက်လာတော့မည်မှာ သေချာသဖြင့် ဝမ်းသာပျော်ရွှင်ရပါသည်။ သစ်ပင်များစိုက်ပျိုးနေစဉ် မီဒီယာများကိုလည်း ခေါ်ပြလိုက်သေးသည်။ အိမ်ဖြူတော်ရှိ စားဖိုမှူးများကိုလည်း ဝိုင်းကူကြရန် အကူအညီတောင်းကြသည့်အပြင် ဘားရက်၏ စိုက်ပျိုးရေးဆိုင်ရာ အကြံပေးဖြစ်သူ တော်မ်ဗီလ်ဆက်ကိုလည်း အကူအညီ တောင်းကြပါသေးသည်။ ပြောရလျှင် ကျွန်မတို့သည် တွေ့သမျှလူများကို ကျွန်မတို့ စိုက်ပျိုးရေး လုပ်နေသည်ကို လာကြည့်ကြရန် ဖိတ်ခေါ်မိကြသည်။ ခုတော့ ထွက်ပေါ်လာတော့မည့် ရလဒ်ကို စောင့်ကြည့်ရန်သာ လိုပါတော့သည်။ ထိုနေ့နံနက်က ဆမ်ကိုလည်း "အလုပ်ဖြစ်မှာ ပါနော်"ဟု ပြောခဲ့မိသေးသည်။

ထိုနေ့နံနက်က ကျွန်မသည် ငါးတန်းကျောင်းသူ ကလေးတစ်စုနှင့်အတူ မျိုးစေ့များချကြသည်။ ထို့နောက် ဥရောပခရီး၊ ကျွန်မ ဝတ်စုံများကိစ္စတို့နှင့် အလုပ် များနေခဲ့သည်။ မျိုးစေ့ချသည့်နေ့က ကျွန်မသည် ရွှံ့တောထဲတွင်

ထိုင်နိုင်ရန်အတွက် ပေါ့ပေါ့ပါးပါးရှိသော ဂျက်ကက်နှင့် ဘောင်းဘီခပ်ပွပွသာ ဝတ်ခဲ့သည်။ ကလေးများက စိုက်ပျိုးရေးနှင့်ပတ်သက်၍ မျိုးစုံမေးကြသည်။ အချို့က ယခု စိုက်ပျိုးနေသော အပင်များအကြောင်း မေးသူရှိသကဲ့သို့ တချို့ကလည်း "သမ္မတကြီးက ဘယ်မှာလဲ"၊ "သူက ဘာဖြစ်လို့ လာမကူတာလဲ" စသည့် မေးခွန်းများကို မေးကြသည်။ သို့သော် သူတို့ စိတ်ဝင်စားမှုသည် ခဏသာဖြစ်၏။ လက်မပေစေရန် သူတို့အတွက် ပေးထား သော လက်အိတ်ကလေးများ၊ မြေတူးဆွထားသဖြင့် ထွက်ပေါ်လာသော ပိုးကောင် ငယ်များဆီသို့ စိတ်ရောက်သွားကြသည်က များသည်။ ကျွန်မက ကလေးများနှင့်နေရ သည်ကို ပျော်၏။ ယခု ပျော်သကဲ့သို့ နောင်တွင်လည်း သူတို့နှင့်နေရပါက ပျော်မည် ထင်ပါသည်။ ကျွန်မစိတ်ဓာတ်ကို ကုစားပေးကြသူများဟု မြင်မိသည်။ သမ္မတ ကတော်အဖြစ် မွန်းကျပ်နေသောဘဝမှာ သူတို့နှင့် တွေ့မှ ရှင်လန်းရပါတော့၏။ ကလေးများနှင့်နေရခြင်းက ကိုယ့်ဘဝအမှန်ကို ပြန်လည်ခံစားစေသည်။ သူတို့အမြင် တွင် ကျွန်မသည် ဘာမျှမဟုတ်၊ ကြင်နာတတ်သော အရပ်ခပ်မြင့်မြင့် အမျိုးသမီးကြီး တစ်ဦးသာ ဖြစ်၏။

နောက်တစ်နေ့ နံနက်တွင် ကျွန်မတို့က ဆလတ်၊ မုန်ညင်း၊ စမုန်နက်၊ ပန်းမုန်လာပင်များ စိုက်ပျိုးကြသည်။ ထို့ပြင် မုန်လာဥနီ၊ ကြက်သွန်၊ ဂေါ်ဖီထုပ် စသည်တို့ကိုလည်း စိုက်ပျိုးကြသည်။ ဘယ်ရီသီးပင်ကလေးများလည်းပါ၏။ စိုက်ခဲ့ ပျိုးခဲ့ကြပြီးပြီဖြစ်သော်လည်း မည်ရွေ့မည်မျှ အောင်မြင်မည်ဆိုသည်ကိုမူ မပြောနိုင် သေးပေ။ ကျွန်မ မသိပါ။ ထိုနည်းအတူ အိမ်ဖြူတော်တွင် နေထိုင်ရသော ကျွန်မ ဘဝသည်လည်း ဘာဆက်ဖြစ်လာဦးမည် မပြောတတ်သေးပေ။ တိုင်းပြည်၏ အခြေ အနေသည်လည်းကောင်း၊ ကျွန်မအပါးတွင် ဝန်းရံခဲ့ကြသည့် ချစ်စရာကောင်းသော ကလေးတို့၏ အခြေအနေသည်လည်းကောင်း ဘာဆက်ဖြစ်လာမည် မသိနိုင်ပါချေ။ ကျွန်မတို့ လုပ်နိုင်သည်က လုပ်သောအလုပ်တိုင်းတွင် အပြည့်အဝကြိုးစားကာ ယုံကြည်မှုရှိရန်ပင် ဖြစ်ပါသည်။ သိထားရန်တစ်ခုမှာ အချို့ တစ်ဝက်တစ်ပျက်တို့မှာ နေဒဏ်မိုးဒဏ်တို့ဖြင့် ရွံ့ရည်ကြားတွင် ပျောပါသွားလိမ့်မည်ဆိုသည့် အချက်ပင် ဖြစ်၏။

※※※

မေလကုန်ရက် တစ်ညနေခင်းတွင် ဘားရက်က ကျွန်မအား အပြင်သို့ ခေါ်ထုတ်လာခဲ့သည်။ သမ္မတဖြစ်ပြီး လေးလအတွင်း သူသည် မဲဆန္ဒရှင်များအား ပေးခဲ့သည့်ကတိများကို အကောင်အထည်ဖော်နေခဲ့ပြီး ယခုမှသာ ကျွန်မအား ပေးခဲ့သည့် ကတိကို အကောင်အထည် ဖော်နိုင်ခြင်းဖြစ်သည်။ ကျွန်မတို့ နယူးယောက်သို့ သွားကြမည်။ ညစာစားကြပြီးလျှင် ပွဲတစ်ပွဲဝင်ကြည့်ကြမည် ဖြစ်သည်။

ချီကာဂိုတွင် နေခဲ့ကြစဉ်ကာလက ကျွန်မတို့နှစ်ယောက် အပတ်စဉ်ပင် အပြင်ထွက်ကြသည်။ တစ်ယောက်အလိုတစ်ယောက်လိုက်ကာ ဘဝတွင်ကြုံလာသမျှ ကို ကြံ့ကြံ့ခံခဲ့ကြသည်။ ကျွန်မက မီးခပ်မှိန်မှိန်သာ ထွန်းထားသည့် အခန်းတွင်းရှိစားပွဲ၌ ထိုင်ကာ သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း စကားပြောရသည်ကို သဘောကျ၏။ အစဉ်အမြဲပြောဖြစ်ခဲ့ကြသကဲ့သို့ နောင်တွင်လည်း ထာဝရပြောခွင့်ရမည်ဟု ယုံကြည်ခဲ့ပါသည်။ ဘားရက်သည် နားထောင်ကောင်းသူတစ်ယောက်ဖြစ်ပြီး စိတ် ရှည်သကဲ့သို့ တွေးတွေးဆဆလည်းရှိ၏။ ခေါင်းတညိတ်ညိတ်လုပ်ကာ ရယ်တတ်သော သူ့အကျင့်ကို ကျွန်မက ချစ်၏။ တလက်လက်တောက်ပနေသော သူ့မျက်ဝန်း၊ ကြင်နာမှုအပြည့်ပါသော သူ့လေသံတို့ကိုလည်း ချစ်ပါသည်။ တစ်ခွက်သောက်ကြပြီး နောက် အေးအေးဆေးဆေး နှစ်ယောက်သား စားသုံးနေရခြင်းသည် ဘဝကို အစပိုင်း သို့ ပြန်လည်ခေါ်ဆောင်သွားသလိုပင် ရှိတော့သည်။ သူနှင့်ကျွန်မ စ,တွေ့ကြသည်က ပူလောင်နေသော နွေရာသီ၏ နေ့တစ်နေ့ပင် ဖြစ်သည်။

နယူးယောက်ကို သွားကြမည်ဆိုခြင်းကြောင့် ကျွန်မက အနက်ရောင် ကောက်တေးဝတ်စုံ ဝတ်ဆင်လိုက်သည်။ နှုတ်ခမ်းနီဆိုး၊ ဆံပင်ကို သေသေသပ်သပ် ဖြစ်အောင် ပြန်ပြင်လိုက်သည်။ သူနှင့် နှစ်ယောက်တည်း မသွားဖြစ်ခဲ့သည်မှာ ကြာပြီ ဖြစ်၍ ကျွန်မ ရင်ခုန်မိသေး၏။ လွန်ခဲ့သည့် လအနည်းငယ်က ကျွန်မတို့ ညှော်ခံပွဲတစ်ခု ကျင်းပခဲ့ကြပြီး ကနေဒီစင်တာ၌ ကျင်းပသော ဖျော်ဖြေရေး အစီအစဉ်တစ်ခုသို့ သွားခဲ့ကြပါသေးသည်။ သို့သော် သမ္မတတစ်ယောက်အနေဖြင့် ကျင်းပသောပွဲဖြစ်၍ ကျွန်မတို့နှင့်အတူ ဧည့်သည်များ တစ်အုပ်တစ်မကြီး ပါဝင်လာကြပါသည်။ ယခုည မှာမူ နှစ်ယောက်တည်း ဖြစ်ပါသည်။

ဘားရက်က အနက်ရောင်ဆု(တ)ဝတ်ထားသော်လည်း လည်စည်းစည်း ထားခြင်း မပြုပေ။ သမီးများအား နမ်းကာ နှုတ်ဆက်လိုက်ကြပြီး အမေ့ကိုလည်း

နှုတ်ဆက်ကာ လက်ချင်းတွဲ၍ တောင်ဘက်မြက်ခင်းပြင်ကို ဖြတ်ခဲ့ကြသည်။ ထို့နောက် မရင်းဝမ်းအမည်ရှိ ရဟတ်ယာဉ်ပေါ်သို့ တက်လိုက်ကြတော့၏။ ထိုရဟတ် ယာဉ်က ကျွန်မတို့အား အင်ဒရူးလေတပ်အခြေစိုက်စခန်းသို့ ပို့ဆောင်ပေးသည်။ နောက်တစ်ဆင့်အနေဖြင့် အဲဖို့စ်ဝမ်းလေယာဉ်ဖြင့် ဂျေအက်ဖ်ကေလေဆိပ်သို့ ရောက် ရှိခဲ့ကြသည်။ ထိုလေဆိပ်မှတစ်ဆင့် ရဟတ်ယာဉ်တစ်စီးဖြင့် နယူးယောက်၏ မြို့ လယ်ရပ်ကွက်ဖြစ်သော မဟတ္တန်သို့ ရောက်ရှိလာခဲ့ကြသည်။ ကျွန်မတို့ ယခုကဲ့သို့ လာနိုင်ရေးဆိုသည်မှာ ခရီးစဉ်စနစ်တကျ ရေးဆွဲသောအဖွဲ့နှင့် လုံခြုံရေးအဖွဲ့တို့ ကြိုတင် စီစဉ်ထားခဲ့ကြခြင်းဖြစ်၏။ သူတို့အစီအစဉ်မှာ တတ်နိုင်သမျှ လူအင်အားလျှော့ချကာ လုံခြုံရေးအပြည့်အဝရှိစေရန်လည်း ဆောင်ရွက်ထားကြပါသည်။

ဘားရက်က(ဆမ်၏ အကြံပေးချက်ဖြင့်) ဝါရှင်တန်စကွဲယားပန်းခြံအနီးရှိစားသောက်ဆိုင်ကို ရွေးချယ်ထားသည်။ ထိုဆိုင်မှာ သေးငယ်သော်လည်း Blue Hill ဟုခေါ်သည့်ဟင်းလျာတစ်မျိုးရနိုင်ပြီး ကျွန်မကြိုက်လိမ့်မည်ဟု ဆမ်က ညွှန်းထား သောကြောင့်လည်းဖြစ်သည်။ နောက်တစ်ဆင့်အနေဖြင့် မော်တော်ဆိုင်ကယ်ယာဉ် တန်းအစောင့်အရှောက်များဖြင့် မဟတ္တန်မှတစ်ဆင့် ဂရီးန်ဝစ်ချ် ဗီးလစ်ချ်သို့ လာခဲ့ကြရ ပြန်သည်။ ထိုလမ်းကြောင်းတွင် ရဲများ၏ကားများက လမ်းဆုံလမ်းခွများတွင် အခြား ယာဉ်များ မဖြတ်သန်းနိုင်ရန် ပိတ်ထားသည်ကို ကျွန်မ သတိပြုမိသည်။ စနေညနေ ဖြစ်သဖြင့် မြို့ထဲ၌ လူစည်ကားနေချိန် ကျွန်မတို့ လာရောက်ခြင်းကြောင့် လမ်းများ ပိတ်ခံထားရခြင်းကို ကျွန်မအနေဖြင့် အပြစ်ရှိသကဲ့သို့ ခံစားလိုက်မိသည်။ နယူးယောက်မြို့သည် ကျွန်မစိတ်ထဲ၌ အမြဲ ပြုံးတုံးကြောင်တောင်ဖြစ်စေသောမြို့ ဖြစ်၏။ မြို့မှာ ကြီးလွန်းလှပြီး အမြဲ စည်ကားရှုပ်ထွေးနေသည်ဖြစ်၍ မည်မျှကြီးကြယ်သော သူပင် ဖြစ်စေကာမူ နယူးယောက်သို့ ရောက်လျှင် ထိုသူ၏ အတွက်မှာ လူပုကလေးတစ် ယောက်သာ ဖြစ်သွားပါတော့၏။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း နယူးယောက်သို့ ကျွန်မ ပထမဆုံးအခေါက်ရောက်ရှိလာစဉ်က ကျွန်မ နည်းပြဆရာမ ပါလာသည့်တိုင် မျက်စိသူငယ် နားသူငယ် ဖြစ်ခဲ့ရဖူးသည်ကို သတိရမိသည်။ ဘားရက်က တစ်စုံ တစ်ခုကို လေးလေးနက်နက်တွေးနေပုံရ၏။ နယူးယောက်သည် စီးပွားရေးမြို့တစ်မြို့ ဖြစ်ခြင်းကြောင့် ပညာတတ်များအတွက် အသင့်တော်ဆုံး ဖြစ်သည်ကို လံဘီယာ ကျောင်းသားဘဝက စိတ်ကူးခဲ့ပုံ ပြန်ပြောင်း သတိရနေဟန်တူသည်။

ကျွန်မတို့အတွက် ချန်ထားပေးသောနေရာမှာ ဆိုင်၏ ထောင့်နေရာဖြစ်သည်။ သူတို့စိတ်ကူးက အခြားသူများ ဝိုင်းကြည့်မနေကြစေရန်

ဖြစ်သော်လည်း ထောက်လှမ်းရေးများက ကျွန်မတို့နောက်မှ ဝင်လာသူများကို လုံခြုံရေးအတွက် စစ်ဆေးနေခြင်းကြောင့် ကျွန်မတို့ ရောက်နေကြောင်း အထူးတလည်ပင် ကြေညာရန် မလိုတော့ပေ။ လာရောက်စားသုံးသူများကို စစ်ဆေးနေကြခြင်းကြောင့် ကျွန်မမှာ နောက်ထပ် မျက်နှာပူမိသည်။

သောက်သုံးရန်အတွက် မာတနီ မှာလိုက်သည်။ နှစ်ယောက်သား ပေါ့ပေါ့ ပါးပါးစကားများသာ ပြောနေဖြစ်ကြသည်။ လွန်ခဲ့သည့် လေးလက ဖြစ်လာခဲ့သော POTUS(President of the United States) FLOTUS (First Lady of the United States) ဆိုသည်ကို မေ့ထားချင်ကြပါသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး တည်မှီကာ ရလာသော ထိုဘွဲ့ထူးတို့နှင့် ကင်းကွာ၍လည်း မရပေ။ ခုရက်ပိုင်းများတွင် ဘားရက်၏ လုပ်ငန်းဆောင်တာတို့မှာ ကျွန်မနှင့် အနည်းငယ် ကင်းကွာသကဲ့သို့ ရှိလာခဲ့သည်။ အဓိပ္ပာယ်မှာ သူ့အနေဖြင့် တိုင်ပင်နှီးနှောနိုင်သော သို့မဟုတ် မှျဝေခံစားပေးနိုင်သော ပုဂ္ဂိုလ်အချို့ သူ့အပါးတွင်ရှိနေပြီဟု ဆိုနိုင်ပါသည်။ သူ့အကြံပေးအဖွဲ့က သမီးတို့ နွေရာသီကျောင်းပိတ်ရက်ကာလတွင် ပြည်ပခရီးစဉ်တစ်ခု စီစဉ်စေလိုကြသည်။ ထိုသို့ မဟုတ်ပါက ကျွန်မ၏ သမ္မတကြီးသည် နံနက်မိုးလင်းပြီဆိုသည်နှင့် တစ်ပြိုင် နက် အနောက်ဆောင်သို့ ကူးကာ သူ့ဝန်ထမ်းများနှင့် နံနက်ခင်းသတင်းများကို နားဆင်တော့၏။ ကျွန်မနှင့် ယခုကဲ့သို့ နှစ်ယောက်တည်း အပြင်ထွက်လာသည်မှာ ရှားရှားပါးပါးဖြစ်၍ ကျွန်မက သူ့ကို ဤကဲ့သို့ ညစဉ် နားစေချင်ပါသည်။ သူ အနောက်ဆောင်၌ ရှိနေသည့်ကာလမျိုးတွင် ကျွန်မကိုယ်တိုင်ကလည်း ထိုအဆောင် သို့ သွားရမည့်ကိစ္စပေါ်လာလျှင်ပင် ကျွန်မကိုယ်တိုင် မသွားတော့ဘဲ ဝန်ထမ်းတစ် ယောက်ယောက်နှင့်သာ ဘားရက်အား သတင်းပို့ခိုင်းတတ်ပါသည်။ အလုပ်နှင့် ကိုယ်ရေးကိုယ်တာကို ခွဲခြားထားပါသည်။

တစ်ခါတစ်ရံတွင် ဘားရက်သည် အလုပ်ကိစ္စများကို သူ့လူများနှင့် ပြောသည်သာမက ကျွန်မနှင့်တွေ့သောအခါတွင်လည်း ထိုကိစ္စက အမျှင်မပြတ် ပါလာတတ်ကာ ကျွန်မအား ဆက်ပြောနေတတ်ပြန်၏။ အများအားဖြင့် သူ့ကိစ္စတို့မှာ သက်သက်ရစ်နေသောကိစ္စများ၊ စိန်ခေါ်မှုများ စသည်တို့က များပါသည်။ General Motor Co., က လူမွဲအဖြစ်ခံယူ၍ တရားစွဲဆိုခံရမည့်ရက်မှာ မဝေးတော့ပေ။ မြောက် ကိုရီးယားက နျူကလီးယားစမ်းသပ်နေသည်။ ဘားရက်က မကြာမီ ရက်ပိုင်းအတွင်း အီဂျစ်သို့သွားရောက်ကာ အရေးပါသည့် မိန့်ခွန်းတစ်ရပ်ပြောကြားရန် ရှိနေသည်။ ထိုမိန့်ခွန်းက ကမ္ဘာအရပ်ရပ်မှ မွတ်စလင်များအား ကြိုဆိုပါကြောင်း ပါဝင်မည် ဖြစ်သည်။ ထို့ကြောင့် သူ့ပတ်ဝန်းကျင်အခြေအနေမှာ မည်သည့်အခါမျှ ငြိမ်သက် သည်မရှိ၊ အမြဲတစေ လှုပ်ရှားနေ၏။ မိတ်ဟောင်းဆွေဟောင်းများ ကျွန်မတို့ ရှိနေသည့် အိမ်ဖြူတော်သို့ လာလည်လျှင် ကျွန်မတို့နှစ်ယောက်က သူတို့၏ အလုပ်အကိုင်များ၊ သားသမီးများ၊

သူတို့ဝါ သနာများ စသဖြင့် သူတို့နှင့်ပတ်သက်ကာ ပဟေဠိဝှက်လျှင် သူတို့ သိပ်ပျော်ကြသည်။ ကျွန်မတို့နှစ်ယောက်က သူတို့ ထင်ထားသကဲ့သို့ ကမ္ဘာ့ ရေးရာကိစ္စများကို စိတ်ဝင်စားသည်ထက် ကိုယ့်ပတ်ဝန်းကျင်မှ သတင်းကို ပိုစိတ်ဝင် စားကြ၏။

နယူးယောက်သို့ ရောက်နေကြသော ထိုညက ကျွန်မတို့နှစ်ယောက် ဖယောင်းတိုင် မီးမှိန်မှိန်အောက်တွင် စကားပြောကြသည်။ စားကြသောက်ကြသည်။ ခံစားချက်အသီးသီးကို ဖွင့်ဟကြသည်။ ကျွန်မတို့နှစ်ယောက်ကြားတွင် ကာလအတန်ကြာ ပျောက်ကွယ်နေခဲ့သော ဆွဲဆောင်မှုကို ပြန်လည်ရရှိခဲ့ပါ၏။ အိမ်ဖြူတော်ဆို သည်မှာ သမိုင်းမှတ်တမ်းတင်လောက်အောင်ပင် လှပပါသည်။ နေ၍လည်း ကောင်း ပါ၏။ သို့သော် အိမ်တစ်လုံးဟန် ဆောင်ထားသော ခံတပ်ကြီးတစ်ခုနှင့် တူသည်ဟု ပြောချင်ပါသည်။ ထိုနေရာတွင် ထောက်လှမ်းရေးများက ကျွန်မတို့၏ လုံခြုံရေးကို တာဝန်ယူထားကြသည်။ လုံခြုံစိတ်ချရစေရန်အတွက် ကျွန်မတို့မှာ ထိုနေရာမှ မခွာဘဲ နေရမည်ကဲ့သို့ ဖြစ်နေသည်။ အိမ်ထဲမှာပင်လျှင် သူတို့သည် ကျွန်မတို့ ဓာတ်လှေကား သုံးသည်ကို ပိုကြိုက်ကြသည်။ ရိုးရိုးလှေကားထစ်များမှ မတက်စေချင်ကြပါ။ အန္တရာယ်နည်းနိုင်သမျှ နည်းစေရန် သူတို့ ရှုထောင့်မှ သုံးသပ်ခြင်းပင် ဖြစ်ပါ၏။ ဘားရက် သို့မဟုတ် ကျွန်မ ဘဲလ်အဲစံအိမ်၌ အစည်းအဝေးရှိ၍ သွားမည်ဆိုပါလျှင် ထောက်လှမ်းရေးက ကျွန်မတို့အား မော်တော်ယာဉ်တန်းဖြင့်သာ သွားစေပါသည်။ ဘဲလ်အဲစံအိမ်သည် ပဲန်ဆယ်လ်ဗေးနီးယား လမ်းပေါ်တွင်သာ တည်ရှိပြီး အိမ်ဖြူတော်မှ လမ်းလျှောက်သွား၍ ရပါသည်။ သို့သော် ထောက်လှမ်းရေးက လေကောင်း လေသန့်ရှူပြီး လမ်းလျှောက်ခွင့်မပေး၊ ယာဉ်တန်းဖြင့်သာ သွားစေ၏။ ကျွန်မတို့၏ လုံခြုံရေးကို ဤမျှစောင့်ရှောက်ပေးသည့်အတွက် လေးစားပါသည်။ သို့သော် နေရ သည်မှာ ကျဉ်းကျပ်လာ၏။ တစ်ခါတစ်ရံတွင် ကျွန်မက အတိုက်အခံလုပ်ချင်လာ၏။ ကျွန်မ လိုအပ်ချက်တစ်ခုအတွက် တခြားလူအများ စိတ်အနှောင့်အယှက် မဖြစ်စေချင် ပေ။ အကယ်၍ ကျွန်မတို့ မိသားစုဝင်တစ်ဦးဦးက အိမ်ဖြူတော်၏ တောင်ဘက် လှပသောမြက်ခင်းပြင်ကို ကြည့်လိုသဖြင့် ထရူးမင်းဆင်ဝင်ဟု အမည်တွင်သော ဆင်ဝင်ဘက်သို့ ထွက်ကြည့်လိုသည်ဆိုပါက ကျွန်မတို့အနေဖြင့် ထောက်လှမ်းရေး အား အသိပေးရပါသည်။ ထိုနေရာကလေးမှာ ကျွန်မတို့မိသားစုနေအိမ်အဖြစ် အသုံး ပြုသောနေရာမှ ပြင်ပကမ္ဘာသို့ မြင်နိုင်သည့် တစ်ခုတည်းသော နေရာလည်း ဖြစ်သည်။ ထောက်လှမ်းရေးကို အသိပေးလိုက်သည်နှင့်တစ်ပြိုင်နက် အီးလမ်းမကြီးမှ အိမ်ဖြူ တော်အား လှမ်းမြင်နိုင်သည့်နေရာကို ကာပစ်လိုက်တော့သည်။ အီးလမ်းမကြီး ဆိုသည်မှာ ကမ္ဘာလှည့်ခရီးသည်များက နေ့၊ ညမရွေး အိမ်ဖြူတော်အား လာရောက် ဓာတ်ပုံရိုက်ကြသောနေရာ၊ ငေးမောကြည့်ကြသောနေရာ ဖြစ်၏။ ကျွန်မက ထိုဆင် ဝင်တွင် သွားထိုင်နေမည်ဟု ကြိမ်ဖန်များစွာ စိတ်ကူးမိဖူးသည်။ သို့သော် ပြန်စဉ်းစား

ကြည့်သောအခါ ကျွန်မလုပ်လိုက်လျှင် သူတစ်ပါး ခရီးသည်များအား ပိတ်ပင်ရာကျမည်စိုး၍ စိတ်လျှော့ရသည်။ တစ်ခါတစ်ရံတွင် ထိုနေရာ၌ ထိုင်ကာ လက်ဖက်ရည်တစ်ခွက်ကို ဇိမ်ခံသောက်လိုလှပါ၏။

ယင်းသို့ ကျွန်မတို့၏ လှုပ်ရှားမှုမှန်သမျှမှာ ကန့်သတ်ထားသကဲ့သို့ ခံစားလာ ရသောအခါ ဘားရက်နှင့်ကျွန်မ၏ နေ့စဉ်လှုပ်ရှားမှုမှာလည်း နည်းလာသည်။ အပေါ်ဆုံးထပ်ရှိ အားကစားခန်းမငယ်သို့ ရောက်သွားချိန်တွင်မူ ကျွန်မတို့နှစ်ယောက် စလုံး အစွမ်းကုန်လှုပ်ရှားကြပါတော့သည်။ ဘားရက်သည် အပြေးစက်ပေါ်တွင် တစ်နေ့လျှင် တစ်နာရီမျှ ပြေးခြင်းဖြင့် သူ့ပင်ကိုစွမ်းရည်ကို ပြန်ရအောင် ကျင့်သည်။ ကျွန်မမှာ မနက်ပိုင်းတွင် ကော်နဲလ်နှင့်အတူ ကစားဖြစ်သည်က များ၏။ သူက ချီကာဂိုတွင် ကျွန်မတို့ နေစဉ် လေ့ကျင့်ရေးမှူးဖြစ်ခဲ့ပြီး ယခု ကျွန်မတို့ကို အလေးမ ခြင်းဖြင့် လေ့ကျင့်ပေးနိုင်ရန် ဝါရှင်တန်၌ ခေတ္တ လာနေထိုင်ပေးသည်။

တိုင်းရေးပြည်ရေးကိစ္စမှလွဲလျှင် ဘားရက်နှင့်ကျွန်မမှာ အရာရာကို ဆွေးနွေးတိုင်ပင်နေကြဆဲပင်။ နယူးယောက်တွင် ညစာ ထွက်စားဖြစ်သည့် ညက မလီယာ၏ ပလွေသင်တန်းအကြောင်း ပြောဖြစ်ခဲ့သည်။ ဆာရှာကမူ ငယ်စဉ်ကတည်းက အိပ်လျှင် သူ့ခေါင်းပေါ်၌ အုပ်ထားနေကျ စောင်ကို ယခုထက်ထိ စွဲမက်နေဆဲဖြစ်၏။

မကြာသေးမီက မိတ်ကပ်သမားတစ်ဦးသည် ဓာတ်ပုံအရိုက်ခံရမည့် အစီအစဉ်တစ်ခု အတွက် အမေ့အား မျက်တောင်တု တပ်ဆင်ပေးရန် ကြိုးစားရာ အလွဲလွဲ အချော်ချော် ဖြစ်ပုံများ ပြောပြသောအခါ ဘားရက်က သူ့ထုံးစံအတိုင်း ခေါင်းတညိတ်ညိတ်လုပ်ပြီး ရယ်ပါတော့သည်။ ကျွန်မတို့ အိမ်သားတွေ အပျင်းပြေစေမည့် နောက်ထပ် အိမ်သား တစ်ဦး တိုးလာခဲ့ပါသည်။ ခုနစ်လသားအရွယ် ပေါ်တူဂီ ခွေးကလေးတစ်ကောင်ဖြစ်ပြီး ကျွန်မတို့က သူ့ကို “ဘို”ဟု အမည်ပေးထား၏။ ဆီးနိတ်တာ တက်ဒ်ကနေဒီမိသားစုက လက်ဆောင်ပေးခြင်းဖြစ်ပြီး စည်းရုံးရေးကာလအတွင်းက သမီးတို့ ပူဆာခဲ့သည်ကို ဖြည့်ဆည်းပေးနိုင်ခဲ့၏။ သမီးတို့က ဘိုနှင့် တူတူပုန်းတမ်းကို တောင်ဘက် မြက်ခင်းပြင်တွင် ကစားကြ၏။ သစ်ပင်များနောက်ကွယ်တွင် ပုန်းနေကြပြီး သူ့နာမည်ခေါ်လိုက်လျှင် ဘိုက မြက်ခင်းပေါ်၌ အသေအလဲ ရှာဖွေတော့သည်။ ကျွန်မတို့တစ်အိမ်လုံး ဘိုကို ချစ်ကြပါသည်။

ညစာစားအပြီး ပြန်ကြရန် မတ်တတ်ရပ်လိုက်ကြသောအခါ အခြားစားပွဲများမှ ညစာ လာစားနေကြသူများက မတ်တတ်ရပ်လိုက်ကြပြီး လက်ခုပ်ဩဘာပေး ကြသည်။ ကျွန်မမှာ ကျေနပ်သည်မှန်သော်လည်း ဤသို့ ပြုလုပ်ရန် မလိုအပ်ပါပေ။ ဖြစ်နိုင်သည်မှာ သူတို့အထဲမှ တချို့သည် ကျွန်မတို့ကို

ပြန်စေချင်နေကြပြီဟု ထင်မိ၏။

သာမန်လူများအတွက် ဘားရက်နှင့်ကျွန်မသည် အနှောင့်အယှက်ဖြစ်နေပေပြီလော။ ထိုသို့ ဖြစ်ရန်အကြောင်းမရှိပါ။ ကျွန်မတို့ စီးလာသောယာဉ်တန်းသည် ဆင္ဒမမြောက် ရိုပ်သာလမ်းနှင့် တိုင်းမ်စကွဲဘက်၌သာ ရပ်ထားကြပါသည်။ ထိုနေရာ ဝန်းကျင်တွင်မူ ရဲများက အသွားအလာကို စောစောပိုင်းကတည်းက ပိတ်ထားပြီးဖြစ်သည်။ ပွဲသွားမည့်သူများ တန်းစီကာ လုံခြုံရေးအတွက် အစစ်ဆေးခံယူနေကြရသည်။ ပွဲချိန်လည်း လေးဆယ့်ငါးမိနစ်မျှ နောက်ဆုတ်ထားရ၏။ လုံခြုံရေးအတွက် စစ်ဆေး နေခြင်းကြောင့်ဖြစ်၏။

ကြည့်ရသောပြဇာတ်မှာလည်း ကောင်းလှပါသည်။ ဩဂတ်စ် ဝီလ်ဆန်၏ လက်ရာဖြစ်ပြီး ကမ္ဘာပေါ်၌ ကြီးစွာသော လူဦးရေတို့ ရွှေ့ပြောင်းနေထိုင်ကြသည့် ကာလကို နောက်ခံထား၏။ ထိုစဉ်က သန်းပေါင်းများစွာသော အာဖရိကန်-အမေရိကန်လူမျိုးတို့သည် တောင်ပိုင်းကို စွန့်ခွာကာ အနောက်အလယ်ပိုင်းသို့ အလုံး အရင်းဖြင့် ပြောင်းရွှေ့နေထိုင်သောကာလ ဖြစ်၏။ ဘားရက်၏ အမျိုးများ၊ ကျွန်မ၏ အမျိုးများလည်း အပါအဝင် ဖြစ်သည်။ အမှောင်ထဲတွင် ဘားရက်နှင့် ကပ်ထိုင်နေသည့်တိုင် ကျွန်မ စိတ်လှုပ်ရှားရပါသည်။ ထို့နောက် စင်ပေါ်မှ ဖျော်ဖြေမှုများတွင် စီးမျောသွားတော့၏။

ည အတော်နက်မှပင် ဝါရှင်တန်သို့ ပြန်ရောက်ကြပြီး နောက်တစ်ကြိမ် ဤသို့ ထွက်ခွင့်ရရေးမှာ ကာလအတော်ပင် ဝေးလိမ့်မည်ဟု ခန့်မှန်းမိ၏။ ဘားရက်၏ နိုင်ငံရေးအတိုက်အခံတို့က ကျွန်မအား နယူးယောက်သို့ ခေါ်ဆောင်သွားကာ ပြဇာတ် ပြခြင်းကို ဝေဖန်ပြစ်တင်ကြပေမည်။ ရီပါဘလီကင်ပါတီက ကျွန်မတို့ အိမ်ပြန် မရောက်မီမှာပင် ကြေညာချက်တစ်စောင် ထွက်နေပြီဖြစ်၏။ ထိုကြေညာချက်၌ ကျွန်မတို့နှစ်ယောက်တည်း သီးသန့်တွေ့နိုင်ရေး ချိန်းတွေ့ကြသည့် အစီအစဉ်မှာ အခွန်ထမ်းပြည်သူများအတွက် စရိတ်စက ကြီးလွန်းလှသည် ဆို၏။ ထိုအကြောင်းအရာမှာ သတင်းဌာနများအတွက် စကားရည်လုစေသော ခေါင်းစဉ်တစ်ခုပင် ဖြစ်လာသည်။ ဘားရက်၏ အကြံပေးအဖွဲ့ကလည်း ကျွန်မတို့အနေဖြင့် နိုင်ငံရေးဘက်တွင် ပို၍ အာရုံစိုက်စေလိုသည်ဟု ဆိုလာကြသည်။ သူတို့ကပါ ထိုသို့ ပြောလာခြင်းကြောင့် ကျွန်မမှာ ပိုမိုအပြစ်ရှိသကဲ့သို့ ခံစားလိုက်ရသည်။ ခင်ပွန်းသည်နှင့် ရှားရှားပါးပါး နှစ်ယောက်ချင်း တွေ့မိသည်ကပင် အပြစ်ဖြစ်လာချေပြီ။

ထိုမျှသာ မကသေးပါ။ ဝေဖန်ရေးဆိုသည်မှာ အမြဲရှိနေမည်ဖြစ်ကြောင်း ကျွန်မ နားလည်ပါသည်။ အထူးသဖြင့် ရီပါဘလီကင်တို့သည် ကျွန်မတို့အား မည်သည့်အချိန်မျှ အလွတ်ပေးမည် မဟုတ်ပေ။

ကျွန်မတို့နှစ်ယောက် အပြင်ထွက်လိုက်ကြခြင်းမှာ ရင်ထဲတွင် သံသယရှိနေသော အချက်တစ်ခုကို လက်တွေ့စမ်းသပ်လိုက်ခြင်းလည်း ဖြစ်ပါသည်။ ထိုသံသယ၌ ကောင်းသည့်အပိုင်းနှင့် ဆိုးသည့်အပိုင်း ဟူ၍ နှစ်မျိုးရှိသည်။ ကောင်းသည့်အပိုင်းက ကျွန်မတို့နှစ်ယောက် သမီးရည်းစားဘဝကကဲ့သို့ ကြည်နူးနိုင်ကြမည်။ ဘားရက်နိုင်ငံရေးလောက မဝင်မီကကဲ့သို့ ဖြစ်သည်။ သမ္မတနှင့် သမ္မတကတော်ဆိုသော်ငြား လည်း တူနှစ်ကိုယ် လွတ်လွတ်လပ်လပ်ရှိကြောင်း ပြနိုင်မည်။ ကျွန်မတို့ချစ်သော မြို့တွင် ညစာစားကာ ပွဲကြည့်နိုင်ကြသည်။ သို့သော် မကောင်းသည့်အပိုင်းမှာ ကျွန်မတို့အတွက် လုံခြုံရေးများနှင့် ရဲများ နာရီပေါင်းများစွာ စည်းဝေးကြ၊ အစီအစဉ်တွေ ရေးဆွဲကြ စသဖြင့် လုပ်ကြရသည်။ ကျွန်မတို့ ဝန်ထမ်းများဘက် တွင်လည်း အလုပ်ပိုစေသည်။ ဇာတ်ရုံမှ ဝန်ထမ်းများ၊ စားသောက်ဆိုင်မှ စားပွဲထိုးများ အလုပ်ပိုကြသည်။ ဆဋ္ဌမမြောက်လမ်းမကြီးပေါ်၌ သွားလာနေသည့်ကားများ စစ်ဆေးခြင်းခံရသည်။ ထိုအရာအားလုံးမှာ ကျွန်မတို့နှစ်ယောက်ကြောင့် ဖြစ်ပေါ် လာခြင်းသာဖြစ်၏။ ကျွန်မတို့နှစ်ယောက် ခေတ္တခဏ ပေါ့ပေါ့ပါးပါး နေခွင့်ရရေး အတွက် အများ အလုပ်ရှုပ်စေခဲ့ပါလား။

※

ထရူးမဲန်ဆင်ဝင်မှ ကြည့်လျှင် မြက်ခင်း၏ အနောက်တောင်တွင်ရှိသော ဥယျာဉ်၏အလှကို ပြည့်ပြည့်ဝဝ မြင်တွေ့နိုင်ပါသည်။ ကျွန်မအတွက်မူ ထိုမြင်ကွင်းသည် ဒေင်ဥယျာဉ်အငယ်စားဟုပင် တင်စားမိသည်အထိ ကျေနပ်မိသည်။ ကျွန်မနှင့် ကျောင်းသားကလေးငယ်များ ပြုစုပျိုးထောင်ခဲ့ကြသော စားပင်သီးပင်တို့ အပြိုင်းအရိုင်း ရှိလာသည်ကို မြင်တွေ့ရခြင်းကြောင့် ဖြစ်၏။ ကျွန်မတို့ စားသုံးရန်ကိုယ်တိုင် ပြုစုပျိုးထောင်နိုင်ခဲ့ပြီ။

ဇွန်လ နှောင်းပိုင်းတွင် အသီးအနှံများ ရိတ်သိမ်းခူးဆွတ်ရန် အချိန်ကျပြီဖြစ်၍ ဘင်ခရော့ဖ်မူလတန်းကျောင်းမှ ကလေးများက ကျွန်မကို လုပ်အားပေးကာ လာရောက် ဆွတ်ခူးပေးကြသည်။ မြေကြီးပေါ်တွင် ရှို့အပေခံကာ ဒူးထောက်လိုက်ကြပြီး ပျော်ပျော်ပါးပါး ဆွတ်ခူးကြသည်။ သည်တစ်ကြိမ်တွင် ဘိုကသူတို့ကိုလည်း ပျော်ရွှင် စေရန် ပါဝင်အားဖြည့်ပေး၏။ ဘိုသည်လည်း စိုက်ခင်းထဲတွင်သာ နေရမည်ဆိုပါက အလွန်ပျော်တတ်သည့်ကောင် ဖြစ်သည်။ အပင်များကြား လှည့်ပတ်ပြေးကစားပြီး လျှင် ပက်လက်လှန်ကာ အိပ်ချလိုက်သည်က သူ့အကျင့်ပင်။

အပင်များကို ဆွတ်ခူးကြပြီးသည့်နောက် ကျွန်မက ဆမ်၏ အကူအညီဖြင့် ကလေးများအား အသုပ်လုပ်ကျွေးသည်။ ရက်သတ္တပတ်ဆယ်ပတ်အတွင်း ကျွန်မတို့စိုက်ခင်းမှ ဆယ်ကြိမ် ဆွတ်ခူး၍ ရခဲ့သည်။ အလေးချိန်အားဖြင့် ပြောမည်ဆိုပါက ပေါင် ကိုးဆယ်ခန့် ဆွတ်ခူးရရှိခဲ့ပါသည်။ မျိုးစေ့များဝယ်ယူစရိတ်က ဒေါ်လာ၂၀၀

သာ ရှိခဲ့ပါ၏။

ကျွန်မ၏ စိုက်ခင်းသတင်းက ပေါ်ပြူလာ ဖြစ်ခဲ့ပါသည်။ သို့သော် အချို့သောသူများက ကျွန်မ ယခုကဲ့သို့ လုပ်ဆောင်ခြင်းကို မနှစ်မြို့ကြန်နိုင်ဖြစ်လိမ့်မည်ဆိုသည်ကိုလည်း ကြိုတင် တွက်ထားမိ၏။ ကျွန်မ မည်သည့်လှုပ်ရှားမှုကို လုပ်သည်ဖြစ်စေ စောင့်ကြည့်ဝေဖန်မည့်သူများက အဆင်သင့် ရှိနေကြ၏။ အထူးသဖြင့် အမျိုးသမီးများပင်။ သူတို့က ကျွန်မအနေဖြင့် တတ်မြောက်ထားသော စီမံခန့်ခွဲမှု အတတ်ပညာကို ခေါက်ထားကာ သမ္မတကတော်ဆိုသည့် ဂုဏ်ပုဒ်အောက်တွင် ခိုအိမ် ကဲ့သို့ ကျဉ်းမြောင်းလှသော အလုပ်များနှင့်သာ ပြီးဆုံးသွားလိမ့်မည်ဟု ထင်ကြသည်။ ကျွန်မ ကိုယ်ရည်ကိုယ်သွေး မပြနိုင်မည်ကိုလည်း စိုးရိမ်ကြပါ၏။

ကျွန်မ မည်သည့်အလုပ်ပင် လုပ်သည်ဖြစ်စေ တစ်စုံတစ်ယောက်က စိတ်ပျက်လက်ပျက် ဖြစ်နေမည်ဆိုသည်ကို ကျွန်မ သိပါ၏။ စည်းရုံးရေးကာလက သင်ပေးလိုက်သည့် အတတ်ပညာများတွင် ကျွန်မ၏ မျက်နှာပေးကို တစ်ဒါဇင်မက အဓိပ္ပာယ်ဖွင့်ဆိုကြလိမ့်မည်ဟု သိထား၏။ ကျွန်မ မျက်နှာထားတင်းလျှင် ဒေါသထွက်နေသည်ဟု ဆိုတတ်ကြသည်။ ယခု စိုက်ခင်းစိုက်ပြီး လုပ်ကိုင်ပြပြန်တော့လည်း အကောင်းမမြင်နိုင်ကြပြန် ဖြစ်ရသည်။ မိန်းမဆန်လွန်းသော မိန်းမတို့၏ သဘောထား ကို စိတ်ပျက်မိသည်။ ဘားရက် ရွေးချယ်တင်မြှောက်ခြင်းမခံရမီ လပေါင်းများစွာက မဂ္ဂဇင်းတစ်စောင်က ကျွန်မအား အင်တာဗျူး၏။ အိမ်ဖြူတော်ရောက်သွားလျှင် ကျွန်မအနေဖြင့် မိသားစု၌ “မိခင်ချုပ်”အဖြစ် မိသားစုအတွင်း ရပ်တည်မည်လားဟု ဖြစ်သည်။ ကျွန်မကလည်း အမှတ်တမဲ့ဖြင့် ဟုတ်ကဲ့ဟုသာ ဖြေလိုက်ပါသည်။ သို့သော် သတင်းမီဒီယာများအတွက် ထိုစကားသည် ချဲ့ကားပြော၍ရသော စကား တစ်ခွန်း ဖြစ်သွားခဲ့ဖူး၏။ အချို့သော အမေရိကန်များက လက်ခံကြသည်။ အဖွဲ့ အစည်းများစွာတွင် ပါဝင်လှုပ်ရှားနေရခြင်း၊ သားသမီးများအား မွေးမြူစောင့်ရှောက် နေရခြင်းဟု အဓိပ္ပာယ်ကောက်ယူကြ၏။ သို့သော် အချို့ကမူ လက်မခံနိုင်ကြဘဲ သမ္မတကတော်ဘဝတွင် ကျွန်မသည် ကလေးများနှင့်သာ ကြောင်ရေချိုးနေသည်ဟု မြင်ကြ၏။

အမှန်တကယ်မှာ ကျွန်မသည် အလုပ်အားလုံးကို လုပ်ချင်ပါသည်။ ကျိုးကြောင်း ဆီလျော်စွာ အုပ်အုပ်စည်းစည်း ကျွန်မလုပ်နေကျပုံစံအတိုင်း လုပ်ချင်သည်။ သို့သော် ကျွန်မအနေအထားက ယခင်ကနှင့် မတူ၊ ဝိုင်းကြည့်ခြင်းခံနေရသူ ဖြစ်နေ၏။

ကျွန်မ လုပ်ချင်သည့်ပုံစံက အသံမထွက် တိတ်တိတ်ကလေး လုပ်ချင်သည်။ အများပြည်သူသို့ အသိမပေးသေးမီ စနစ်တကျ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချစွာ လုပ်ကြည့်ချင်သည်။ အောင်မြင်ပြီဆိုမှသာ ချပြလိုက်ချင်ပါ၏။ ကျွန်မ၏ ဝန်ထမ်း

များအား အကြိမ်ကြိမ် အခါခါ ပြောခဲ့သကဲ့သို့ ကိစ္စတစ်ခုကို ကိုင်တွယ်ဆောင်ရွက်ရတော့မည်ဟုဆိုလျှင် နက်နက်ရှိုင်းရှိုင်း ဦးစွာ လေ့လာရမည်။ ဥပမာပြရလျှင် ရေကန်တစ်ခုထဲတွင်ရှိနေသော ငန်းတစ်ကောင်နှင့် တူပါသည်။ ငန်း၏ ရေပေါ်တွင်ပေါ်နေသောအစိတ်အပိုင်းသည် တည်ငြိမ်နေသော်လည်း မမြင်ရသည့် ရေထဲမှ ခြေထောက်ပိုင်းသည် မရပ်မနား ကူးခပ်နေသည်သာ ဖြစ်၏။ စိုက်ခင်းနှင့် ပတ်သက်၍လည်း ထိုအတိုင်းပင် ဖြစ်သည်။ ကောင်းသတင်းများ ဝေဝေဆာဆာ ထွက်ပေါ်လာသည်။ အမေရိကန်ပြည်ထောင်စု၏ အနယ်နယ်အရပ်ရပ်မှ စာများရေးသားပေးပို့ကာ ချီးကျူး ကြသည်။ သူတို့စာများ၊ သတင်းများကြောင့် ကျွန်မသည် စိတ်ကူးကောင်းတစ်ခုကို ဖော်ထုတ်ပြသလိုက်နိုင်သည်ဟု ဆိုရပါမည်။ ယခုတစ်ဖန် ကျွန်မစိတ်ကူးထဲ၌ စိုက်ခင်းကိစ္စထက် ကြီးမားသောကိစ္စတစ်ခု ကိန်းအောင်းလာပြန်ပါသည်။

ဘားရက် သမ္မတဖြစ်လာချိန်တွင် အမေရိကန်ကလေးများ၏ သုံးပုံတစ်ပုံခန့်မှာ အဝလွန်ရောဂါ ဖြစ်နေကြ၏။ လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်ခန့်ကထက် သုံးဆမျှ ပိုမိုများပြားလာခြင်းပင်ဖြစ်၏။ ကလေးငယ်ကလေးများတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါတို့ ဖြစ်နေကြသည်။ မှတ်တမ်းတင်လောက်အောင်ပင် တိုးပွားများပြားလာခြင်းဖြစ်၏။ တပ်မတော်မှ အရာရှိကြီးများကလည်း ယင်းသို့ အဝလွန်ရောဂါရှိသူများသည် စစ်မှုထမ်းရန် အရည်အချင်းမပြည့်ဟု သတ်မှတ်ကြ၏။

ထိုပြဿနာမှာ မိသားစုတိုင်းတွင်ကြုံရသော ပြဿနာ ဖြစ်လာသည်။ ဈေးကြီးပေးဝယ်ကာ သောက်သုံးကြသော အသီးအနှံဖျော်ရည်များ၊ ကျောင်းများ၌ ရောင်းချသော အားကစားရန်ပုံငွေ အစားအသောက်များ အပါအဝင် ကလေးများအား ဆွဲဆောင်ထားသော တီဗွီ၊ ကွန်ပျူတာများမှ ကစားပြိုင်ပွဲများ၊ အပြင်ထွက် ကစား သည်ထက် အိမ်တွင်း၌သာ ကစားစေခြင်း စသည်တို့ကြောင့်ပင် ဖြစ်သည်။ ခရိတ်နှင့် ကျွန်မ ကလေးဘဝကဆိုလျှင် လွတ်လွတ်လပ်လပ် ကစားခဲ့ကြ၏။ မြို့ကြီးများ၌သာ နေကြသော မြောက်မြားလှသည့် မိသားစုတို့အတွက် အာဟာရပြည့်ဝသော သစ်သီး ဝလံတို့ ဝယ်ယူရရှိနိုင်မည့် ဆိုင်များ၊ ကုန်တိုက်များ မရှိ။ ကျေးလက်မှ တောင်သူများ မှာလည်း သူတို့ စိုက်ပျိုးထုတ်လုပ်လိုက်သည့် လတ်ဆတ်သော အသီးအရွက်များအား ရောင်းချရန် ဈေးကွက်မရှိကြပြန်ပေ။ ထိုအချိန်တွင် တိုးပွားလာသည်က စားသောက်ဆိုင်များပင် ဖြစ်သည်။ ကြော်ငြာများကို ကြည့်လိုက်ပြန်ပါလျှင် သကြားဓာတ်များ သော အချိုရည်များ၊ အကြီးစား မုန့်များက ကလေးတို့အကြိုက် ကာတွန်းဇာတ်ကောင်များဖြင့် ကြော်ငြာနေကြသည်။

အစားအသောက်နှင့် ပတ်သက်၍ တစ်စုံတစ်ခုကို ကိုင်တွယ်လိုက်ပြီဆိုပါ

က နောက်ဆက်တွဲ ပြဿနာများ တသီကြီးဝင်လာမည် ဖြစ်သည်။ အကယ်၍ ကျွန်မက ကလေးများ အထူးနှစ်သက်နေကြသော အချိုရည်ကို မရောင်းရန် ပိတ်ပင်လိုက်သည်ဆိုပါက အချိုရည်ထုတ်လုပ်နေကြသော ကုမ္ပဏီကြီးများနှင့် ထိပ်တိုက်တွေ့ရမည်။ ထို့ထက်မက ဖြစ်လာနိုင်သည်မှာ ထိုသို့သော အချိုရည်များထုတ်လုပ်ရန် အတွက် ပြောင်းဖူးစိုက်ကာ တင်သွင်းရောင်းချနေကြသော တောင်သူများ ထိခိုက် တော့မည်ဖြစ်သည်။ ကျောင်းများတွင် အခမဲ့ကျွေးသော ကလေးများ၏ နေ့လယ်စာ ကို စိစစ်ကြည့်ပါက အာဟာရမပြည့်ဝသည်ကို တွေ့နိုင်မည်ဖြစ်သည်။ ပြည်သူ့ ကျန်းမာရေးနှင့် ပတ်သက်၍ ကျွမ်းကျင်သူတို့၏ စကားများကို လျစ်လျူရှုထားခဲ့ကြ သည်မှာလည်း ကြာခဲ့ပြီဖြစ်၏။ ငွေများများ ရင်းနှီးမြှုပ်နှံနိုင်သော လုပ်ငန်းကြီးများက သာ အောင်ပွဲခံနေသည်။ အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ ကျောင်းများ၌ အခမဲ့ ကျွေးသော နေ့လယ်စာစရိတ်မှာ တစ်နှစ်လျှင် ခြောက်ဘီလျံရှိ၏။

ထိုကိစ္စမှာ ကျွန်မ လုပ်သင့်လုပ်ထိုက်သောအချိန် ဖြစ်သည်ဟု ခံစားမိသည်။ သို့သော် ထိုကိစ္စမှာ ကျွန်မ အရင်ဆုံး သတိထားမိသည့်ကိစ္စ မဟုတ်သကဲ့သို့ အရင်ဆုံးကြိုးစားခဲ့သူလည်း မဟုတ်ပေ။ အမေရိကန်တွင် ကျန်းမာသော အစား အသောက်များကိုသာ စားသုံးရေးကိစ္စမှာ အတန်အသင့် အသံကျယ်လာခဲ့ပြီဖြစ်သည်။ ကျေးလက်မှ တောင်သူများကလည်း မြို့ကြီးပြကြီးများသို့ တက်ရောက်ကာ သူတို့၏ ထွက်ကုန်များကို ရောင်းချရန် ကြိုးစားလာကြသည်။ နိုင်ငံ၏ ထိပ်သီးပါတီကြီးနှစ်ခု ဖြစ်သော ရီပါဘလီကင်နှင့် ဒီမိုကရက်တစ်တို့ကလည်း ဤနေရာတွင် သဘောထား ချင်း တိုက်ဆိုင်ကြသည်။ ကျန်းမာဖွံ့ဖြိုးသော လူနေမှုစနစ်ကို ထူထောင်လိုကြသည်။ ထို့ကြောင့် လူအများ လမ်းလျှောက်နိုင်စေရန် နေရာများ ဆောက်လုပ်ကြသည်။ အများပြည်သူ အပန်းဖြေနိုင်စေမည့် ပန်းခြံများ တည်ထောင်ပေးကြသည်။ သူတို့သည် ဤနေရာ၌ သဘောထားတူညီကြောင်း ပြသနေ၏။ ၂၀၀၉ ခုနှစ်၊ နှစ်လယ်ခန့်တွင် ကျွန်မနှင့် အဖွဲ့တို့က အနောက်တောင်ပံဘက်မှ ပေါ်လစီရေးဆွဲသူများ၊ အစိုးရအဖွဲ့ အတွင်းမှရော ပြင်ပမှပါ ပါဝင်စေပြီး စီမံကိန်းတစ်ခု ရေးဆွဲကြပါသည်။ ကျွန်မတို့၏ အဓိကရည်ရွယ်ချက်မှာ ကလေးများအတွက် ဖြစ်၏။ လူကြီးများ၏ အမူအကျင့်ကို ပြောင်းလဲစေရန်မှာ ခက်ခဲပါသည်။ ထို့ကြောင့် ကလေးများ၏ အတွေးအခေါ်တွင် ကျန်းမာ၍ အာဟာရဖြစ်စေသော အစားအသောက်များကို စားကာ ငယ်ရွယ်စဉ် ကတည်းက အားကစားလေ့ကျင့်ခန်း လုပ်သင့်သည်ဟူသော အတွေးအခေါ်ကို ရစေရန် ကြိုးစားကြမည်ဖြစ်သည်။ ကျွန်မတို့၏ ရည်မှန်းချက် ပေါက်မြောက်အောင် မည်သူက တာဝန်ယူ ဖော်ဆောင်ရမည်နည်း။

ထိုကာလက ကျွန်မသမီးများမှာ နွေရာသီကျောင်းပိတ်ရက် ဖြစ်၏။ ကျွန်မက ထိုကိစ္စတွင် ရက်သတ္တတစ်ပတ်လျှင် သုံးရက် သမ္မတကတော်တစ်ယောက်အနေ

နှင့် အချိန်ပေးပြီး ကျန်သည့်ရက်များမှာ မိသားစုအတွက်ဟု ဆုံးဖြတ်လိုက်သည်။ သမီးတို့အား ကျောင်းမှစီစဉ်သော နွေဘက် စခန်းသွင်းသည့်နေရာသို့ ပို့မည့်အစား ကျွန်မကိုယ်တိုင် မိတ်ဆွေများနှင့် စုပေါင်းကာ "ကင့်ပ်အိုဘားမား" Camp Obama ဟု အမည်ပေးထားသော လုပ်ငန်းတွင် ပါဝင်စေမည်ဟု ဆုံးဖြတ်ခဲ့သည်။ ထိုအလုပ်မှာ မိမိနေထိုင်ရာဒေသအကြောင်း ပိုမိုသိရှိနိုင်ရန် လေ့လာရေးခရီးများထွက်ခြင်း ဖြစ်သည်။ ကျွန်မတို့ မွန်တီဆယ်လိုနှင့် မောင့်ဗာနွန်တို့သို့ သွားရောက်ကာ "ရှနန်ဒေါ"ရှိတောင်ကြားကြီးများအကြောင်း လေ့လာကြသည်။ ဒေါ်လာငွေစက္ကူများ ပုံနှိပ်ထုတ် ဝေရေးလုပ်ငန်းကို လေ့လာကြသည်။ ဝါရှင်တန်အရှေ့တောင်ပိုင်းရှိ ဖရက်ဒရစ် ဒေါက်ကလပ်စ်၏အိမ်ကို လေ့လာကြသည်။ ဒေါက်ကလပ်စ်သည် ငွေဝယ်ကျွန်ဘဝ မှ ပညာတတ်တစ်ယောက်ဖြစ်လာခဲ့သည့်အပြင် သူရဲကောင်းတစ်ယောက်လည်း ဖြစ်လာခဲ့သူပင်။ ခရီးစဉ်များအတွင်း သမီးတို့ကို တစ်နေရာစီအကြောင်း မှတ်စုများ ရေးသားစေခဲ့၏။ သူတို့ ဘာသိရှိလာခဲ့သည်ကို သဘောပေါက်စေရန် ဖြစ်၏။ ပထမပိုင်းတွင် သူတို့က မရေးလိုလှပေ၊ သို့သော် ကျွန်မက ရေးခိုင်းခဲ့၏။

ဤအစီအစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ကျွန်မက မနက်စောစောပိုင်း သို့မဟုတ် ညနေပိုင်းများကို ရွေးချယ်၏။ သို့မှသာ ထောက်လှမ်းရေးများက လုံခြုံရေး အတွက် အတားအဆီးများ ပြုလုပ်ရာတွင် အခြားသူများ အနှောင့်အယှက်ကင်းနိုင်မည် ဖြစ်သည်။ ကျွန်မတို့မှာ ဘားရက်ပါလာသည့် တိုင်အောင် ပြင်ပပုဂ္ဂိုလ်များအတွက် အနှောင့်အယှက်ပေးရာကျနေမြဲသာ ဖြစ်သည်။ သမီးများနှင့် သွားရသည့်အခါ တတ် နိုင်သမျှ အပြင်လူများ စိတ်အနှောင့်အယှက်မရှိစေရန် ဆောင်ရွက်ပေးရန် ကြိုးစား ပါသည်။ သမီးတို့ကို အခြားသာမန်ကလေးများနည်းတူ လွတ်လွတ်လပ်လပ် ရှိစေ ချင်ပါ၏။

နှစ်စ ခပ်စောစောပိုင်းတွင် မလီယာအား သူ့သူငယ်ချင်းများနှင့်အတူ ရေခဲမုန့်သွားစားကြရန် ဖိတ်ကြားခြင်းခံရသောအခါ ထောက်လှမ်းရေးက အခြား မိသားစုဝင်များ၏ကားကို မလီယာ စီးခွင့်မရှိဟု တားလာသည်။ ဘားရက်ရော ကျွန်မပါ ထိုနေ့က မိနစ်ပိုင်းမျှပင် မအားကြ။ ကိစ္စအားလုံးမှာ ရက်သတ္တပတ်ပေါင်း များစွာ ကြိုတင်စီစဉ်ထားကြသည်များ ဖြစ်နေသည်။ မလီယာအား ထောက်လှမ်းရေး များက ခေတ္တစောင့်ရန် တားထားပြီး အဆင့်ဆင့် အမိန့်တောင်းခံနေရာ ပါဝင်ပတ် သက်သူအားလုံးမှာ အချိန်ဖင့်နှေးရသဖြင့် စိတ်ရှုပ်ကြရပြန်ပါသည်။

ကျွန်မက သမီးများကို ဤသို့ အကျဉ်းအကျပ်များထဲတွင် မနေစေချင်ပါ။ ကျွန်မကိုယ်တိုင်လည်း စိတ်ရှုပ်ရပါသည်။ ကျွန်မအမြင်တွင် ဤမျှ ကျဉ်းကျပ်နေရန် မလိုဟု ထင်သည်။ အိမ်ဖြူတော်ထဲတွင်လည်း ထောက်လှမ်းရေးတို့မှာ

နေရာတိုင်းတွင် ရှိနေသည်။ ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်လျှင်ပင် ထောက်လှမ်းရေး တို့၏ ကားများ ဝင်းအတွင်း၌ ရပ်ထားသည်ကို မြင်နိုင်သည်။ သမီးတို့မှာ သူတို့ သူငယ်ချင်းများနှင့် သွားဖို့အရေး မိခင်ဖြစ်သူ ကျွန်မ၏ ခွင့်ပြုချက်ဖြင့်သာ မလုံ လောက်တော့ ပေ။ ထောက်လှမ်းရေး၏ ညွှန်ကြားချက် အပြည့်အစုံလိုက်နာမှသာ ထွက်ခွင့်ရှိ တော့၏။

"နေရတာက မိသားစုဘဝနဲ့ မတူတော့ဘူး။ ကလေးတစ်ယောက် ရေခဲမုန့် ထွက်စားဖို့အရေး ဒီလောက်ကြီးကျယ်နေဖို့ မလိုဘူး ထင်တယ်။ ရှင်တို့က ကလေး တွေ လုံခြုံရေးအတွက် လုပ်တာပါဆိုရင် ကလေးတွေလိုပဲ တွေးစေချင်တယ်"ဟု ကျွန်မက ပြောကာ မလီယာနှင့်ဆာရာတို့ အပြင်ထွက်သည့်အခါ သူတို့ ထွက်ချင်သည့် အချိန် ထွက်ခွင့်ပေးရန်နှင့် ရှည်လျားထွေပြားသော လုံခြုံရေးအစီအစဉ်များ မလိုချင် ကြောင်း ပြောရသည်။ ကျွန်မအတွက်မှာ ဤကိစ္စသည် ကန့်သတ်ချုပ်ချယ်ထားခြင်း ကို တစ်ဆင့်ချိုးဖောက်ကြည့်ခြင်းပင် ဖြစ်ပါတော့သည်။ ကျွန်မနှင့် ဘားရက်ဘဝ က သူတို့၏ လုံခြုံရေးစောင့်ရှောက်မှုအောက်တွင် ရောက်လိုက ရောက်ပါစေတော့၊ သမီးတို့ကိုဖြင့် လွတ်လပ်စေချင်ပါ၏။

※

ဘားရက်၏ စည်းရုံးရေးကာလများက တစ်ခါတစ်ရံတွင် လူအများက ကျွန်မ၏ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ အာရုံစိုက်ခဲ့ကြဖူးသည်။ မီဒီယာများ ကလည်း ထိုနည်းအတူပင်။ သူတို့ အာရုံစိုက်ကြသဖြင့် အလှအပရေးရာနှင့် ပတ်သက်သည့် ဘလော့ဂ်များလည်း ပါလာကြသည်။ အင်တာနက်ပေါ်၌ ဝေဖန်ရေးများ ရေးသားကြ၏။ ဘာကြောင့်ရေးသားကြသည် မသိသော်လည်း ဖြစ်နိုင်ခြေရှိသည်မှာ ကျွန်မသည် အရပ်မြင့်သူဖြစ်၍ ခပ်ကြီးကြီးဒီဇိုင်းများကိုလည်း ဝတ်ရဲသူဖြစ်ခြင်း ကြောင့်ပင် ဖြစ်မည် ထင်၏။

ကျွန်မက တစ်ခါတစ်ရံ ဒေါက်မြင့်များမစီးဘဲ ဖိနပ်အပါး စီးပြန်လျှင်လည်း သတင်းအဖြစ် ရေးကြပြန်၏။ ကျွန်မ ပုလဲလည်ဆွဲ၊ ခါးပတ်၊ ရင်ခွဲအင်္ကျီ စသည်တို့မှာ ဂျေခရူးမှ ပစ္စည်းများဖြစ်သည်။ ဘားရက် ကတိသစ္စာပြုသည့်နေ့ကဆိုလျှင် ကျွန်မ သည် သတ္တိကောင်းစွာဖြင့် အဖြူဆွတ်ဆွတ်ဝတ်စုံကို ရွေးချယ်ခဲ့၏။ အမျိုးစုံ ဝေဖန်သံ တွေထွက်ခဲ့ကြပြီး တစ်ခဏအတွင်းမှာပင် အသံတွေ ပြန်ကြားရသည်။ ဘားရက် လွှတ်တော်နှစ်ရပ်အား မိန့်ခွန်းပြောကြားသည့်နေ့က ခရမ်းရောင် လက်မပါသည့် အင်္ကျီ ဝတ်ဆင်ခဲ့ပြီး အိမ်ဖြူတော်ရောက် မှတ်တမ်းဓာတ်ပုံရိုက်ရာ၌ အနက်ရောင်လက်ပြတ် အင်္ကျီ ဝတ်ဆင်ခဲ့သည်။ လက်မပါသောအင်္ကျီ ဝတ်ခြင်းကြောင့် မီဒီယာများက ချက်ချင်းပင် သတင်းရေးကြတော့သည်။ ၂၀၀၉

ခုနှစ်နှောင်းပိုင်းတွင် ကျွန်မတို့ ဂရင်းကင်ညွန်သို့ မိသားစုခရီးအဖြစ် သွားရောက်လည်ပတ်ကြရာ ကျွန်မကို အပြင်း အထန်ပင် ရှုတ်ချခံလိုက်ရသည်။ သမ္မတစီးသည့် Air Force One လေယာဉ်ပေါ်မှ ဆင်းလာသော သမ္မတကတော်သည် ဘောင်းဘီတိုဝတ်ထားသဖြင့် သိက္ခာမရှိဟု ဆိုကြသည်။ (ထိုနေ့က အပူချိန်ဒီဂရီ ၁၀၆ ရှိသည်ကို ထည့်မပြောကြပေ။)

ကြည့်ရသည်မှာ ကျွန်မဝတ်ဆင်ထားသော အဝတ်အစားများသည် ကျွန်မ ပြောသော စကားများထက် ပို၍ တာသွားဟန်ရှိ၏။ လန်ဒန်တွင် အဲလစ်ဇဘက် ဂါးရက် အင်ဒါဆင် မိန်းကလေးကျောင်း၌ သွားရောက်စကားပြောစဉ်ကလည်း ကျွန်မမှာ စိတ်ထိခိုက်လွန်းသဖြင့် မျက်ရည်လည်ရွဲဖြင့် စင်ပေါ်မှ ဆင်းလာစဉ် သတင်းထောက်တစ်ယောက်က ကျွန်မဝန်ထမ်းတစ်ဦးအား "သူ့အဝတ်အစားတွေ ဘယ်သူ တာဝန်ယူပြီး ချုပ်ပေးနေတာလဲ"ဟု မေးနေသည်နှင့် ကြုံခဲ့ရဖူးပါသည်။

ကျွန်မ စင်ပေါ်က ဆင်းလာချိန် ထိုမေးခွန်းကို ကြားဖြစ်လိုက်သဖြင့် ကျွန်မဝန်ထမ်းက ဒေါသမဖြစ်စေရန် ထိန်းသိမ်းပေးနေသည်။ သို့သော် ကျွန်မကမူ ထိုမေးခွန်းကို အသုံးချကာ ကျွန်မအတွက် အဖြေတစ်ခုရှာသင့်သည်ဟု ယူဆသည်။ ပရိသတ်များအနေဖြင့် မဂ္ဂဇင်းတစ်ခုခုကို ကောက်လှန်ကာ ကျွန်မ ဝတ်ဆင်နေသည့် အဝတ်အစားများအကြောင်း ဖတ်ကြည့်မည်ဆိုပါက ကျွန်မနှင့်အတူ ရပ်နေသော တပ်မတော်သားတစ်ဦးဦး၏ ဇနီးကို တွေ့နိုင်မည်ဖြစ်သကဲ့သို့ ကျွန်မပြောသည့် ကလေးများ၏ ကျန်းမာရေးကိစ္စအကြောင်းကိုလည်း ဖတ်နိုင်မည်ဖြစ်ပါသည်။ ဘားရက်ကို သမ္မတအဖြစ် ရွေးချယ်ပြီးစ, အချိန်တွင် Vogue မဂ္ဂဇင်းကြီးက ကျွန်မပုံကို မျက်နှာဖုံးအဖြစ် သုံးလိုသည်ဟု ကမ်းလှမ်းလာခဲ့၏။ သို့သော် ကျွန်မ၏ ဝန်ထမ်းများ က တိုင်းပြည်တွင် စီးပွားရေးအကျပ်အတည်း ကြုံနေချိန်ဖြစ်၍ လက်မခံသင့်ဟု တား ကြသည်။ သို့သော် ကျွန်မ လက်ခံလိုက်သည်။ လူမည်းအမျိုးသမီးများ၏ပုံကို မျက်နှာဖုံး တင်လေ့တိုင်း ပြဿနာရှိတတ်သည်ဟု ကျွန်မ ထင်ပါသည်။ ထိုစဉ်က လည်း ဝတ်စုံကို ကျွန်မစိတ်ကြိုက်ရွေးချယ်ခဲ့ရာ ဂျေဆန်ဝူးနှင့် နာစီစို ရိုဒရီဂေါ့ဇ်တို့၏ ဝတ်စုံများကို ဝတ်ဆင်ခဲ့၏။

ဖက်ရှင်နှင့်ပတ်သက်၍ ကျွန်မ အနည်းငယ်သာ သိပါသည်။ များများ စားစား မသိပေ။ အလုပ်လုပ်နေသော မိခင်တစ်ဦးအနေဖြင့် တစ်နေ့တစ်နေ့ ဘာဝတ်ဆင်ရမည်ကို စဉ်းစားနေရန် အချိန်မရှိပေ။ စည်းရုံးရေးလုပ်နေစဉ်ကာလက ကျွန်မအတွက် အဝတ်အစားများကို ချီကာဂိုမှ အထည်ဆိုင်များ၌သာ ဝယ်ယူခဲ့သည်။ ထိုဆိုင်တွင် ကျွန်မအတွက် ကံကောင်းထောက်မစွာ တိုင်ပင်ဖော်ရသည့် မီရာဒစ်သ် ကု(ပ)ဆိုသည့် မိန်းကလေးက ကူညီခဲ့သည်။ သူက စိန့်လူးဝစ္စတွင် ကြီးပြင်းခဲ့သော မိန်းကလေးဖြစ်ပြီး ဒီဇိုင်နာများအကြောင်း၊ အရောင်နှင့် အဝတ်အထည်တို့၏ အရည် အသွေးများအကြောင်း ကျွမ်းကျင်သူ

ဖြစ်၏။ ဘားရက် အရွေးခံရပြီးသည့်နောက်တွင် သူ့အား ကျွန်မ၏ ဒီဇိုင်နာအဖြစ် ခန့်အပ်ကာ ဝါရှင်တန်သို့ လိုက်နေရန် စည်းရုံးနိုင် ခဲ့သည်။ သူသည် ကျွန်မ၏ အလွန်စိတ်ချရသော သူငယ်ချင်းတစ်ယောက်လည်း ဖြစ်လာခဲ့၏။

မီရာဒစ်သ်က နှစ်လ တစ်ကြိမ်ခန့် ကျွန်မ၏ အဝတ်လဲခန်းသို့ အဝတ်အစားများ ဖြည့်ဆည်းပေးသည်။ သူ တစ်ကြိမ်ဖြည့်ဆည်းပေးတိုင်း ကျွန်မတို့နှစ်ယောက် အတူထိုင်ကာ ကျွန်မတက်ရမည့် ပွဲများစာရင်းနှင့် ကိုက်ညှိပြီး မည်သည့်ပွဲတွင် မည်သည့်ဝတ်စုံ ဝတ်မည်ဆိုသည်ကို ညှိနှိုင်းလိုက်ကြပါသည်။ ကျွန်မဝတ်ရန် ဝယ်ယူသည့်အဝတ်များအတွက် ငွေပေးချေသည်သာ ဖြစ်သည်။ သို့သော် ရံဖန်ရံခါတွင် အထိမ်းအမှတ် ပွဲကြီးလမ်းကြီးများ၌ ဒီဇိုင်နာများက အထူးတလည် ချုပ်ထားသော သူတို့၏ ဝတ်စုံကို ဝတ်ဆင်စေချင်ကြသည်ဆိုလျှင် ပိုက်ဆံပေးရန် မလိုပေ။ ကျွန်မဝတ်ပြီး ပြန်ပေးလိုက်သည်နှင့် သူတို့ကလည်း အမျိုးသားပြတိုက်သို့ လှူလိုက်ကြသည်သာ ဖြစ်၏။ ထိုအစဉ်အလာမှာ အိမ်ဖြူတော်၏ သက်တမ်းတစ်လျှောက်လုံး ပင် ဖြစ်ပါသည်။ ကျွန်မစိတ်ကြိုက် ရွေးချယ်ဝတ်ဆင်ခြင်းကို မည်သူတစ်ဦးတစ် ယောက်ကမျှ ဝေဖန်ပြောဆိုရန် အကြောင်းမရှိဟု ထင်သည်။ လျှောက်ရန် လမ်းမှာ ကျဉ်းမြောင်းနေသကဲ့သို့ ရှိ၏။ သူတစ်ပါးအပေါ် လွှမ်းမိုးသွားသကဲ့သို့ ဝတ်ဆင်ခြင်း မပြုရန် သတိထားရသကဲ့သို့ ကျွန်မ၏ လမ်းကြောင်းကိုလည်း မပျောက်စေရန် သတိထားရပြန်သည်။ လူမည်းအမျိုးသမီးဖြစ်နေ၍ အလွန်အကျွံဝတ်လိုက်ပါက ကဲ့ရဲ့စကား ဆိုခံရမည်ဖြစ်သကဲ့သို့ ပြီးစလွယ်ဝတ်လိုက်ပါ ကလည်း အပြစ်လွတ်မည် မဟုတ်ပါချေ။ ထို့ကြောင့် သမမျှတစွာ ဝတ်ဆင်နိုင်ရန် ကြိုးစားရပါသည်။ မိုက်ကယ်လ်ကော စကတ်ဝတ်လျှင် ဂက်ပ်တီရှပ်နှင့် တွဲဝတ်၏။ တစ်ခါတစ်ရံ တားဂက် ကိုဝတ်လျှင် နောက်တစ်နေ့ ဒိုင်ရင်းဗွန် ဖာစတင်ဘာ့ဂ် ဝတ်သည်။ ကျွန်မက အမေရိကန်ဒီဇိုင်နာတို့၏ အဝတ်အထည်များကို ဝတ်သည်သာ များသည်ဆိုသော်လည်း နာမည်ကြီးတို့ထက် နာမည်ရရန် ကြိုးစားနေဆဲ ဒီဇိုင်နာတို့၏ အဝတ်များကို ပိုအားပေးပါသည်။ ဥပမာ အော်စကာဒီလာရန်တာဆိုလျှင် သူ့ဒီဇိုင်းများကို ကျွန်မ မဝတ်သေးသဖြင့် မကျေမနပ်ဖြစ်နေသေးကြောင်း ကြားရသည်။ ကျွန်မ၏ရွေးချယ်မှုမှာ သမ္မတကတော်တစ်ယောက်အနေဖြင့် ပွဲလယ်တင့်စေရန်နှင့် နောင်လာနောက်သားတို့ အတွက် စံပြဖြစ်ရန်သာ ဖြစ်၏။

နိုင်ငံရေးလောကတွင် အရာရာကို မှန်ဘီလူးဖြင့် ပုံကြီးချဲ့ကာကြည့်တတ်ကြ သကဲ့သို့ ယခု ကျွန်မ၏ အဝတ်အစားကိစ္စတွင်လည်း ပုံကြီးချဲ့ကာ ကြည့်လာကြသည်။ ကျွန်မမှာ အချိန်၊ စိတ်ကူးနှင့် ငွေကို အဝတ်ဝယ်ရာ၌ ယခင်ကထက် ပိုသုံး ရသည်။ မီရာဒစ်သ်ကိုလည်း သေသေချာချာ သုတေသနပြုခိုင်းရသည်။ အထူးသဖြင့် ပြည်ပခရီးစဉ်များအတွက် ဖြစ်၏။ သူကလည်း နာရီပေါင်းများစွာ အချိန်ကုန်ခံကာ ဒီဇိုင်နာ၊ အရောင်၊ ပုံစံတို့ကို

သွားရောက်မည့် ဒေသ၏ အနေအထားနှင့် ကိုက်ညီအောင် ကြိုးစားလေ့လာပြီးမှ ဝယ်ယူ၏။ မီရာဒစ်သ်က ကျွန်မအတွက်သာမက သမီးများ ပွဲကြီးလမ်းကြီးများသို့ လိုက်ရမည့်အခါ များတွင်လည်း သူတို့အတွက်ပါ စီစဉ်ပေးရသည်။ ထို့အတွက် ကုန်ကျစရိတ်က ရှိလာပြန်သည်။ ကျွန်မတို့ကသာ ဒီဇိုင်းမျိုးစုံ၊ ပုံစံမျိုးစုံ အဝတ်အထည်များကို ဝတ်နေကြသော်လည်း ဘားရက်မှာမူ အနက်ရောင် ဝတ်စုံတစ်မျိုးတည်းနှင့် စခန်းသွားနေရသည်ကို မြင်ရသောအခါ ကျွန်မ သက်ပြင်းချမိပါသည်။ ရေမိုးချိုးပြီးသည်နှင့် တစ်ပြိုင်နက် သူ့ဗီရိုထဲမှ အနက်ရောင် ဆု(တ)ထုတ်ဝတ်ပြီးလျှင် ရုံးသို့ ဆင်းသွားတော့သည်။ ခေါင်းဖြီးရန်ပင် မလိုပါ။ အများပြည်သူရှေ့ ထွက်ရမည့်ကိစ္စရှိလျှင် သူစဉ်းစားသည်က ဆု(တ)အတွင်းမှ ဂျက်ကက်ခံဝတ်ရမည်လား၊ လည်စည်းစည်းရမည်လား၊ ချွတ်ထားရမည်လားသာ စဉ်းစားပါ၏။

မီရာဒစ်သ်နှင့် ကျွန်မသည် အမြဲတမ်း အဆင်သင့်ဖြစ်စေရန် သတိထားကြပါသည်။ ကျွန်မ၏ အဝတ်လဲခန်းအတွင်း၌ အဝတ်အစားသစ်များကို ဝတ်ကြည့်ပြီးလျှင် ထိုင်ကြည့်သည်။ ခြေမြှောက်ကြည့်သည်။ လက်များကို လှုပ်ကြည့်သည်။ အမှန်တကယ်ဝတ်ဆင်သည့်အခါ လွယ်လွယ်ကူကူ လှုပ်ရှားနိုင်ခြင်းရှိမရှိ စမ်းသပ် ထားခြင်းဖြစ်၏။ အကယ်၍ တစ်နေရာရာ၌ ကျပ်နေသည်ဆိုပါက ကျွန်မ မယူတော့ ပါ။ ခရီးသွားရာ၌လည်း ဝတ်စုံအပိုများ ယူဆောင်သွားလေ့ရှိပါသည်။ ရာသီဥတု အပြောင်းအလဲ၊ ပွဲတက်ရမည့် အစီအစဉ်အပြောင်းအလဲ စသည်တို့ကြောင့် အဝတ် အစားပြောင်းလဲရန် လိုအပ်လာနိုင်ခြင်းကြောင့်ဖြစ်၏။ တစ်ခါတစ်ရံ၌လည်း ဝတ်ထား ရင်း အင်္ကျီပေါ်သို့ ဝိုင်မှောက်ကျသည်မျိုး၊ ဇစ်ဆွဲ၍မရတော့သည်မျိုး ကြုံတတ်ခြင်း ကြောင့်ဖြစ်၏။ အတွေ့အကြုံများလာသည့်အခါ အသုဘများ၌ ဝတ်ဆင်သည့် အဝတ် အနက်တစ်စုံကိုလည်း အပိုထည့်ထားခြင်းအားဖြင့် လိုသည်မရှိဖြစ်တတ်သည်ကို တွေ့ရသည်။ ဘားရက်မှာ အချိန်ကပ်၍ အသုဘတက်ရန် အကြောင်းကြားခံရသည့် အခါမျိုး၊ ဥပမာ တပ်မတော်သား၊ ဆီးနိတ်တာနှင့် ကမ္ဘာ့ခေါင်းဆောင်များ အသုဘချသည့်အခါ နှင့် ကြုံတတ်ခြင်းကြောင့် ဖြစ်၏။

တဖြည်းဖြည်းနှင့် ကျွန်မသည် မီရာဒစ်သ်အပေါ်တွင် အတော်ကြီးမှီခိုအား ထားလာရသကဲ့သို့ ဂျော်နီရိုက် ဆိုသည့် စကားသွက်သွက်ပြောတတ်သော မုန်တိုင်း ကျသကဲ့သို့ အရယ်သန်သော ဆံပင်အလှပြင်ဆရာ၊ စကားပြောရာ၌ နူးညံ့ညင်သာပြီး လက်ရာမြောက်သည့် မိတ်ကပ်ပညာရှင် ကားလ်ရေးတို့သည်လည်း ကျွန်မလက်စွဲ ဖြစ်လာ၏။ သူတို့သုံးယောက် ပေါင်းလိုက်သည့်အခါ ကျွန်မအတွက် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်အဝရစေပြီး ပရိသတ်ရှေ့မှောက်သို့ ရဲရဲဝံ့ဝံ့ နေ့စဉ်ထွက် လာနိုင်သည်။ သူတို့ ဝိုင်းဝန်းပြင်ဆင်ပေးမှုကြောင့် ကျွန်မ ဝတ်စားဆင်ယင်မှု ဆံပင်ပြင်ဆင်ပုံ၊

မိတ်ကပ်လိမ်းခြယ်ပုံများနှင့် ပတ်သက်ကာ ဝေဖန်ချက် တစ်စုံတစ်ရာ ပေါ်ပေါက်လာခြင်းမရှိတော့ပေ။ ကျွန်မဘဝတွင် မည်သည့်အခါကမျှ ကျွန်မရုပ်ရည် ပြင်ဆင်ရန် အခြားကျွမ်းကျင်သူတစ်ဦးဦး၏ အကူအညီယူရလိမ့်မည်ဟု မမျှော်လင့်ခဲ့ ပေ။ ထိုသူတို့၏ အကူအညီယူရမည်ဆိုသည့်အခါ၌လည်း စိတ်ထဲ၌ မသက်မသာရှိခဲ့ ဖူးသည်။ သို့သော် သူတို့အကူအညီ ယူလိုက်သည့်အခါ မည်သူမျှ မဝေဖန်နိုင်တော့ သည်ကို တွေ့လာရသဖြင့် လက်ခံလိုက်ရသည်။ ယနေ့ကာလတွင် လူထုထဲတွင်ရှိနေ သော အမျိုးသမီးများသည် နိုင်ငံရေးသမားများ၊ ဖျော်ဖြေရေးသမားများ အများ အပြားရှိနေရာ မည်သူမဆို မီရာဒစ်သ်၊ ဂျော်နီနှင့် ကားလ်တို့၏ အရိပ်အငွေ့နှင့် မကင်းသည်ကို တွေ့ရမည်ဖြစ်သည်။ လိုအပ်ချက်ကြောင့် အသုံးပြုရခြင်းဖြစ်ပါသည်။ တစ်နည်းပြောရလျှင် ကျွန်မတို့ လူနေမှုအဆင့်အတန်းသည် ယခင်ကထက် မြင့်လာ ခြင်းကြောင့်လည်း ဖြစ်ပါ၏။

ကျွန်မရှေ့တွင် ရှိခဲ့ကြဖူးသော သမ္မတကတော်များသည် သူတို့၏ ဆံပင်၊ မိတ်ကပ်နှင့် အဝတ်အထည်များကို မည်သို့ရွေးချယ်ခဲ့ကြသည် ဆိုသည်ကို ကျွန်မ မသိပါ။ အိမ်ဖြူတော်သို့ ရောက်ရှိလာသည့် ပထမနှစ်အတွင်း၌ အချို့သောစာအုပ်များတွင် ကျွန်မရှေ့မှ သမ္မတကတော်များအကြောင်း ရေးသားထားကြသည်ကို ဖတ်ရဖူး ပါသည်။ သို့သော် တစ်ဝက်တစ်ပျက်နှင့် ချထားလိုက်မိသည်ချည်းပင်။ သူတို့သည် ကျွန်မနှင့်မတူသော နည်းလမ်းများကို သုံးခဲ့ကြသည်လား သို့မဟုတ် ကျွန်မနည်းတူ သုံးစွဲကြသည်လား ဆိုသည်ကို မသိလိုတော့ပါပေ။

စက်တင်ဘာလအတွင်း၌ ကျွန်မနှင့် ဟီလာရီကလင်တန်တို့ နေ့လယ်စာ အတူတူ သုံးဆောင်ဖြစ်ခဲ့ကြသည်။ ကျွန်မတို့နှစ်ယောက် အိမ်ဖြူတော်၏ ကျွန်မတို့ ထမင်းစားခန်းတွင် စားဖြစ်ခဲ့ကြခြင်းဖြစ်၏။ ဘားရက်သည် သမ္မတအဖြစ် အရွေးခံရ ပြီးသည့်နောက် ဟီလာရီအား နိုင်ငံတော်၏ အတွင်းရေးမှူး(ဝန်ကြီးချုပ်) အဖြစ် ရွေးချယ်လိုက်သဖြင့် ကျွန်မ အံ့အားသင့်ခဲ့ရဖူးသည်။ သူတို့နှစ်ယောက်သည် စည်းရုံးရေးကာလအတွင်းက တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေခဲ့ ကြသော်လည်း ထိုအဆင်မပြေမှုများကို ဘေးဖယ်ကာ ယခု နိုင်ငံတော်အတွက် တည်ဆောက်ရေးလုပ် ငန်းများကို အတူတကွ ပူးပေါင်းလုပ်ဆောင်နေကြ၏။ သူက ကျွန်မကို သမ္မတ ကတော်တစ်ယောက်၏ အရည်အသွေးပြည့်မီလိမ့်မည်ဟု မယုံကြည်ခဲ့ကြောင်း၊ သူကိုယ်တိုင်မှာ အာကန်းဆပ်စ်ပြည်နယ်မှ တက်လာသော သမ္မတကတော်ဖြစ်ပြီး ထိုအဆင့်မရောက်မီက သူသည်လည်း ဥပဒေဝန်ထမ်းတစ်ဦးဖြစ်ကာ ခင်ပွန်းဖြစ်သူ၏ ကျန်းမာရေးနှင့် ပညာရေးကို ထောက်ပံ့ပေးခဲ့သူဖြစ်သည်။ ဝါရှင်တန်သို့ ရောက်လာသည့်အခါ ဥပဒေပညာတတ်ဖြစ်သည့် ဟီလာရီသည် အိမ်ဖြူတော်၌ ရှိနေစဉ်ကာလ အတွင်း နိုင်ငံသားများ၏ ကျန်းမာရေးအစီအစဉ်ကို ပြင်ဆင်နိုင်ရန် ကြိုးစားခဲ့သည်။

သူထုတ်ပြန်သည့် ကြေညာစာတစ်ရပ်တွင် ပွင့်ပွင့်လင်းလင်းပင် ပြောခဲ့သည်။ အိမ်ဖြူတော်၌ သမ္မတကတော်များသည် အနောက်ဆောင်တွင် နေရာမရှိပေ။ သူက အရာအားလုံးကို သွက်သွက်လက်လက်ပင် ပြုပြင်နိုင်ရန် ကြိုးစားခဲ့ရာ နံရံတစ်ခုနှင့် တည့်တည့်ကြီး တိုးသွားဟန်ရှိ၏။

ကျွန်မကိုယ်တိုင်သည်လည်း ဟီလာရီကြုံရသကဲ့သို့ နံရံနှင့် တည့်တည့်မတိုး စေရန် သတိထားရသည်။ ရှေ့ယခင် အဆက်ဆက်က ရှိခဲ့ကြဖူးသော သမ္မတကတော် များ၏ အစဉ်အလာအတိုင်း အနောက်ဆောင်မှကိစ္စများတွင် ပါဝင်စွက်ဖက်မှုမရှိရန် ကြိုးစားခဲ့ပါသည်။ ကျွန်မကိုယ်တိုင် ဘားရက်နှင့် ထိုကိစ္စများအတွက် မေးမြန်းစွက် ဖက်ခြင်းမရှိဘဲ ကျွန်မ ဝန်ထမ်းများမှတစ်ဆင့်သာ အကြံပေးရန် ရှိသည်များကို အကြံ ပေးပြီး လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများ၏ အချိန်ဇယားနှင့် စီမံကိန်းများ အား သုံးသပ်ချက်များ ပြုလုပ်ပေးပါသည်။ သမ္မတ၌ အကြံပေးပုဂ္ဂိုလ်များရှိသည် ဆိုသော်လည်း တစ်ခါတစ်ရံ၌ သူတို့အကြံများသည် လွဲချော်နေတတ်၏။ နှစ်ကာလ အတန်ကြာလာသည့်အခါ ကျွန်မက ဆံပင်တွင် ကောက်ကွေးနေသည်များကို ဖြတ် လိုက်ရန် ဆုံးဖြတ်လိုက်သည်။ ကျွန်မဝန်ထမ်းများက ဆံပင်ဖြတ်သင့်၊ မဖြတ်သင့်ကို ဘားရက်၏ စိတ်ကူးနှင့် ညှိနှိုင်းသင့်သည်ဟု ဆိုကြသည်။ ကျွန်မတို့ ဇနီးမောင်နှံကြား ပြဿနာမဖြစ်စေရန် ဖြစ်ပါသည်။

နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ အတန်အသင့်ကောင်းမွန်လာသည့် အရိပ် အယောင်ပြလာသည်။ ဘားရက်၏အဖွဲ့က အိမ်ဖြူတော်မှ သမ္မတကတော်ဖြစ်သော ကျွန်မ၏ပုံစံကို မပြောင်းလဲစေချင်ကြပေ။ ကျွန်မကမူ တစ်သမတ်တည်း၊ တစ်ပုံစံတည်းနေရသည်ကို ငြီးငွေ့လာသည်။ အခက်အခဲများ ကြုံနေစဉ်ကာလကပင် ကျွန်မ တို့သည် ရယ်ရယ်မောမောနေနိုင်ခဲ့ကြ၏။ အထူးသဖြင့် မိသားစုကိစ္စများနှင့် ပတ် သက်ကာ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်နေနိုင်ရန် ကြိုးစားခဲ့ကြသည်။ အိမ်ဖြူတော်တွင် ကျွန်မသည် ကလေးများအတွက် Halloween ပါတီပွဲ ကျင်းပပေးခဲ့သည်။ အိမ်ဖြူတော်၏ အနောက်ဆောင်မှ ယခု အုပ်ချုပ်မှုဆိုင်ရာ အကြီးတန်းအကြံပေးအရာရှိ အက်စ်လေ့ဒ်နှင့် ပြန်ကြားရေးအရာရှိ ရောဘတ်ဂစ်ဘ်တို့ကမူ ထိုပါတီပွဲသည် ရှုံးပြသည့် ပါတီပွဲ၊ ကုန်ကျစရိတ်များသည့် ပါတီပွဲဖြစ်၍ ဘားရက်အပေါ်တွင် ပြည်သူလူထုက အထင်အမြင်လွဲမည်ကို စိုးရိမ်ကြသည်။ သို့သော် ကျွန်မက သဘောမတူပါ။ Halloween ပါတီသည် ကလေးများအတွက်၊ တပ်မတော်သားမိသားစုများအတွက်၊ အိမ်ဖြူတော်ကို ယခင်က မမြင်ဖူးကြသည့် ကလေးများအတွက် အထောက်အကူပြု ပြီး ကုန်ကျစရိတ်မှာလည်း လူမှုဆက်ဆံရေးရုံး၏ ဧည့်ခံစရိတ်မှ အနည်းငယ်သာဖြစ်သည်ဟု ချေပခဲ့ပါသည်။

အင်္ကျီနှင့် ဂါဝန်တို့သည် လုံးဝကြီးကျယ်နေပြီးလည်း မဟုတ်သော်လည်း ကျွန်မနှင့် အချေအတင်ပြောခြင်းကို မပြုကြတော့ပေ။ အောက်တိုဘာလကုန်တွင် ပေါင်ချိန်ထောင်နှင့်ချီသော ရွှေဖရုံသီးများ အိမ်ဖြူတော်၏ မြက်ခင်းပြင်ပေါ်သို့ ရောက်ရှိလာကြသည်။ ကျွန်မ ပျော်မိ၏။ တေးဂီတအဖွဲ့က ဂျက်ဇ်ဂီတများ တီးခတ်သည်။ အနက်ရောင်ပင့်ကူကြီးက မြောက်ဘက်ဆင်ဝင်ပေါ်မှ ဆင်းသက်လာသည်။ ကျွန်မက အိမ်ဖြူတော်ရှေ့တည့်တည့်တွင် ကျားသစ်ရေအင်္ကျီကို ဝတ်ဆင်ထားပြီး ဘောင်းဘီအနက်အရှည်ကို ဝတ်ထားသည်။ နားရွက်နှစ်ဖက်ကို ကြောင်နားရွက်ကဲ့သို့ တပ်ဆင်ထားသည်။ ဘားရက်ကမူ မည်သည့်အခါ ကမျှ ထိုသို့သော ထူးထွေဆန်းပြားသည့် အဝတ်များကို စိတ်မဝင်စားသူပီသစွာ ကျွန်မအနီးတွင် ဆွယ်တာတစ်ထည်ကို ဝတ်ကာ ရပ်နေ၏။ (အငြင်းသန်ခဲ့သော ဂါဝန်သည် ဒါ့သ်ဗင်ဒါ ကဲ့သို့ ဝတ်ဆင်ကာ ပျော်မြူးနေ၏။) ထိုညက ကွတ်ကီမုန့်များ၊ သစ်သီးခြောက်များကို အိတ်များတွင် ထည့်ကာ သမ္မတရုံးတံဆိပ်ဖြင့် ကလေးပေါင်း နှစ်ထောင်ကျော်ကို ဝေငှပေးနိုင်ခဲ့သည်။ သူတို့တစ်တွေလည်း ပျော်ရွှင်စွာဖြင့် မင်းသား၊ မင်းသမီးကလေးများ၊ ပင်လယ်ဓားပြ၊ တစ္ဆေ၊ ဘောလုံးသမားများ စသဖြင့် သူတို့နှစ်သက်ရာ ဝတ်စုံများ ဝတ်ဆင်ကြကာ ကျွန်မတို့အား အိမ်ဖြူတော်၏ မြက်ခင်းပြင်တွင် လာရောက်တွေ့ဆုံ ခဲ့ကြ၏။ ကျွန်မ ပျော်ရွှင်စေချင်သောကလေးများ ပျော်ရွှင်စွာ ဆင်နွှဲသွားကြသည်ကို တွေ့မြင်လိုက်ရသဖြင့် ကျွန်မ ဆုံးဖြတ်ချက် မှန်ကန်သည်ဟု ယူဆပါသည်။

※

ကျွန်မတို့ ပြုစုပျိုးထောင်ခဲ့သော စိုက်ခင်းနှင့် ပန်းဥယျာဉ်များက ကျွန်မတို့အား အသိပညာမျိုးစုံကို သင်ကြားပေးခဲ့ပါသည်။ ကျွန်မတို့ သခွားမွှေးပင်များ စိုက်ခဲ့ကြသော်လည်း ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး အရသာမရှိသည့် အသီးများကိုသာ သီးလာသည်။ မိုးဒဏ်ကြောင့် အပေါ်ယံမြေဆီလွှာများ ပျောက်ပျက်သွားခဲ့သည်။ ငှက်များက ကျွန်မတို့ စိုက်ပျိုးထားသော ဘလူးဘယ်ရီသီးများကို စားသောက်ကြသည်။ သခွားပင်များမှာလည်း ပျက်စီးသွားကြသည်။ ထိုသို့ဖြစ်လေတိုင်း နိုင်ငံတော် စိုက်ခင်းများဆိုင်ရာ ဝန်ဆောင်မှုဌာနမှ ဂျင်မ်အဒမ်က ကျွန်မတို့၏ ဥယျာဉ်မှူးကြီး သဖွယ် ဆောင်ရွက်ပေးသည့်အပြင် ဒေးလ်ဟာနေကလည်း ပြုပြင်ရန်ရှိသည်များကို ဝင်ရောက်ပြုပြင်ပေးပါသည်။ ကျွန်မတို့ နေ့စဉ် စားသုံးနေသည့် နေ့လယ်စာနှင့် ညစာများတွင် ကျွန်မ စိုက်ပျိုးထားသော အသီးအနှံများ ပါဝင်လာခဲ့သည်။ အသီးအနှံ များ ဆွတ်ခူးပြီးတိုင်း မာရီယန်ကစ်ချင်း အမည်ရှိ အကျိုးအမြတ်မယူသော လုပ်ငန်းတစ်ခုဖြစ်သည့် အိုးမဲ့အိမ်မဲ့များအား ဝေငှပေးသော ဌာနသို့ လှူဒါန်းလေ့ရှိပါသည်။ ထိုမှ ဆက်လက်ကာ စိုက်ပျိုးရေးခြံမှ ထွက်လာသော အသီးအရွက်တို့ကို သနပ်အဖြစ်

သိပ်ကာ လာရောက်လည်ပတ်ကြသော နိုင်ငံခြားမှ အဖွဲ့အစည်းများအား လက်ဆောင် အဖြစ် ပေးသည်။ ထို့အပြင် ပျားမွေးမြူရေးကိုလည်း လုပ်ဆောင်ထားခြင်းကြောင့် ထွက်ရှိလာသော ပျားရည်များကိုလည်း ဘူးကလေးများဖြင့် ထည့်ကာ လက်ဆောင် ပေးနိုင်ပြန်သည်။ ဝန်ထမ်းများထဲတွင် စိုက်ပျိုးရေးခြံမှ ဝန်ထမ်းများသည် မျက်နှာပွင့် လာသည်ဟု ဆိုရပါမည်။ ကျွန်မအတွက်မှာ စိုက်ပျိုးရေးခြံသည် ရိုးသားသလောက် ကြွယ်ဝမှုကိုပေးပြီး ကျန်းမာရေးနှင့် ယုံကြည်မှုကိုလည်း ပေးစွမ်းသည့်နေရာတစ်ခု ဖြစ်လာ၏။ လုပသကဲ့သို့ ခွန်အားလည်းရှိသည်ဟု ယုံကြည်ပါသည်။ စိုက်ပျိုးရေးခြံ သည် လူအများကို ပျော်ရွှင်စေ၏။

လွန်ခဲ့သည့် လအနည်းငယ်က ကျွန်မ၏ အရှေ့ဆောင်မှ ဝန်ထမ်းများနှင့် ကလေးများ၏ ကျန်းမာရေးအကြောင်း ဆွေးနွေးမိကြသည်။ ကလေးမိဘများအား ကလေးများ ကျန်းမာစေရန်အတွက် ကူညီရမည်ဟု စဉ်းစားမိကြသည်။ ပေးနိုင်မည့် အကူအညီမှာ အာဟာရပြည့်ဝသော အစားအသောက်များ ဖြည့်ဆည်းပေးခြင်းပင် ဖြစ်ပါသည်။ လူငယ်များအား ကာယအားဖြင့် တက်ကြွမှုရှိစေချင်သည်။ သူတို့အား လုပ်ငန်းတွင်း၌ ခေါ်ယူသုံးစွဲခြင်းအားဖြင့် သူတို့ တက်ကြွလာမည်ဖြစ်ပြီး ကျွန်မဖြစ်စေ ချင်သောလူငယ်များ ဖြစ်လာကြမည်ဟု ယုံကြည်မိသည်။ ထို့ကြောင့် လူငယ်သားသမီးများရှိသော မိဘများနှင့် ဆက်သွယ်မှုရစေရန် အဖွဲ့တစ်ခုဖွဲ့ကာ ဆောင်ရွက်စေသည်။ ထိုကာလတွင် အနောက်ဆောင်မှ ကျွန်မ၏ စီမံချက်အသစ်ကို လေ့လာနေကြပြီး အများအယွင်းဖြစ်ပေါ်ကာ ကလေးထိန်းသက်သက်စီမံကိန်း ဖြစ်သွားမည်ကို လည်း စိုးရိမ်နေကြသည်။

ကျွန်မရည်မှန်းချက်မှာ လူငယ်များအတွက် လုပ်ဆောင်မှုသည် အစိုးရက လုပ်သည်ထက် ပိုမိုထိရောက်မည်ဟု ယုံကြည်၏။ ကျွန်မနှင့် ဟီလာရီတို့ နေ့လယ်စာ အတူစားစဉ်က ဟီလာရီက သူ့အတွေ့အကြုံများကို ပြောပြခဲ့သည်။ နိုင်ငံရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ရန်၊ ဆောင်ရွက်ရန်တို့ကို ဘားရက်အား တာဝန်ပေးထားပြီးဖြစ် ၍ သမ္မတကတော် တစ်ယောက်ဖြစ်သော ကျွန်မအနေဖြင့်မူ တိုင်းသူပြည်သားများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော ကိစ္စရပ်များကို လုပ်ဆောင်သင့်သည်ဟု အားပေးခဲ့သည်။ အဝ,လွန်သည့်ကလေးများ ကိစ္စ ကိုင်တွယ်ဆောင်ရွက်နိုင်ရန်အတွက် အချို ရည်ထုတ်လုပ်သော ကုမ္ပဏီများမှ အမှုဆောင်အရာရှိချုပ်များ၊ ကျောင်းများတွင် အခမဲ့ကျွေးသော နေ့လယ်စာများအတွက် တာဝန်ယူဆောင်ရွက်ပေးသည့် ပုဂ္ဂိုလ်များနှင့် ကျွန်မ တွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံမှုမှာ သူတို့နှင့် ထိပ်တိုက်တွေ့ရန်မဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်ဟု ယုံကြည်မိပါသည်။ ယခုလည်း ကလေးများ အတွက် အကျိုးရှိရာရှိကြောင်း မိဘများနှင့် စကားပြောလိုခြင်း ဖြစ်ပါသည်။ သူတို့နှင့် စကားပြောပြီးလျှင် ကလေးများနှင့်လည်း ပြောရဦးမည်သာ။

ကျွန်မက တနင်္ဂနွေ မနက်ပိုင်းများတွင် ပြသလေ့ရှိသော အစီအစဉ်များ၌ ပါဝင်သော နိုင်ငံရေးကိစ္စများကို စိတ်မဝင်စားပါ။ ထို့အပြင် ကျန်းမာရေးမဂ္ဂဇင်းများ နှင့်လည်း အင်တာဗျူးလုပ်ရန် စိတ်မပါချေ။ ထို့ကြောင့် အိမ်ဖြူတော်၏ တောင်ဘက် မြက်ခင်းပြင်တွင် Sesame Street ဇာတ်လမ်းတွင် ပါသကဲ့သို့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ခြင်းသည် ပျော်စရာကောင်းကြောင်း လက်တွေ့ပြခဲ့သည်။ အသီး အရွက်များ စားသုံးခြင်းသည် ကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း ပြောပြခဲ့သည်။ အိမ်ဖြူတော်၏ ဥယျာဉ်များ၌ တွေ့ဆုံရသော သတင်းထောက်များနှင့် ပြောကြားခွင့်ရလျှင် အမေရိကန်ပြည်သူတို့သည် ကျန်းမာရေးနှင့်ပတ်သက်၍ အဝ, လွန်ရောဂါ စွဲကပ်နေကြပြီး ထိုရောဂါအတွက် ငွေကုန်ကြေးကျများနေကြကြောင်း ပြောပြလေ့ရှိပါသည်။ အဝ,လွန်ရောဂါကို တိုက်ဖျက်နိုင်ရန် အစားအသောက်နှင့် လေ့ကျင့်ခန်း၏ အရေးပါပုံကိုလည်း ပြောပြခဲ့ပါသည်။ ထိုကိစ္စကို စိတ်ထဲတွင် အမြဲတစေထားကာ အပတ်စဉ်တိုင်း ဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။ ကွန်ဂရက်မှ ပုဂ္ဂိုလ်တချို့လည်း ပါဝင်လာခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကျွန်မသည် ကျွန်မအမြင်အား မျှဝေရန် အဆင်သင့်ဖြစ်နေခဲ့ပြီ ဖြစ်သည်။ ရာသီဥတုအေးလှသော အင်္ဂါနေ့ ညနေခင်းတစ်ခုတွင် အိမ်ဖြူတော်၏ ထမင်းစားခန်း၌ ကျွန်မ စကားပြောရန် အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်မပတ်ဝန်းကျင်တွင် ကလေးများနှင့် အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ အားကစားဘက် တွင် ထူးချွန်သူများ၊ မြို့တော်ဝန်များ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ခေါင်းဆောင် များ၊ ပညာရေးဘက်မှ ပုဂ္ဂိုလ်များ၊ စားကုန်ထုတ်လုပ်ရေးလုပ်ငန်းများမှ ပုဂ္ဂိုလ်များ၊ မီဒီယာပေါင်းများစွာ ရောက်ရှိနေကြပြီဖြစ်သည်။ သူတို့ကို ကျွန်မက Let's Move ဟု အမည်ပေးထားသော စီမံချက်တစ်ခု ချပြသည်။ ထိုစီမံချက်မှာ အဝ,လွန်ရောဂါ စွဲကပ်နေသော မျိုးဆက်သစ်တစ်ခုကို ချေမှုန်းနိုင်ရန်ပင် ဖြစ်ပါသည်။

အရေးကြီးသည်မှာ ကျွန်မတို့သည် ဆုတောင်းနေရုံဖြင့် မပြီး၊ လက်တွေ့ကျကျ လုပ်ဆောင်နိုင်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြသရန် ဖြစ်သည်။ ကြိုးပမ်း အားထုတ်မှုမှာ အမှန်တကယ်ဖြစ်လာခဲ့ပြီး သူ့လမ်းကြောင်းပေါ်သို့ ရောက်လာခဲ့သည်။ ဘားရက်ကိုယ်တိုင်ကလည်း ကလေးများ အဝ,လွန်သည့် ရောဂါကို တစ်နိုင်ငံလုံးမှ ပါဝင်ကာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။ ကလေးများ နှင့် တိုက်ရိုက်ထိတွေ့နေသော လုပ်ငန်းကြီးသုံးခုရှိသည့်အနက် ကျောင်းများ၌ အခမဲ့ နေ့လယ်စာ တာဝန်ယူကျွေးနေသော လုပ်ငန်းမှ သူတို့ကျွေးသည့် နေ့လယ်စာတွင် ဆား၊ သကြားနှင့် အဆီဓာတ်တို့ကို လျှော့ချမည်ဖြစ်ကြောင်း ကြေညာလာသည်။ အမေရိကန် အဖျော်ယမကာလုပ်ငန်းမှလည်း သူတို့ထုတ်သည့် အချိုရည်များတွင် ပါဝင်သော

အချိုးအဆများကို ပုလင်းတံဆိပ်များ၌ အတိအကျဖော်ပြပါမည်ဟု ကတိပြုလာသည်။ အမေရိကန်ဆရာဝန်များအသင်းကလည်း ကလေးတို့၏ခန္ဓာကိုယ် အချိုးအစားများ တိုးတက်မြင့်မားလာစေရန် ဝိုင်းဝန်းကြိုးပမ်းပါမည်ဟု ကတိပြုလာ၏။ ထိုမျှသာမကသေး ဒစ္စနေ၊ NBC နှင့် ဝါနာဘရားသားစ်ကဲ့သို့သော ရုပ်မြင် သံကြားနှင့် ရုပ်ရှင်လုပ်ငန်းများကလည်း ထုတ်လွှင့်မှုများတွင် လူငယ်တို့ ကျင့်သုံးရ မည့် ဘဝနေထိုင်မှုပုံစံတို့ ပါဝင်အောင် ရိုက်ကူးထုတ်လုပ်ပါမည်ဟု ဆိုလာကြသည်။ အားကစားဌာနများကလည်း တစ်နေ့လျှင် မိနစ်ခြောက်ဆယ်ကစားရန် တိုက်တွန်းသည့် အစီအစဉ်များ ဆောင်ရွက်လာကြသည်။

ဤသည်မှာ အစမျှသာ ရှိပါသေးသည်။ ကျွန်မတို့က ကျေးလက်မှ သစ်သီးဝလံ၊ ဟင်းရွက်များ စိုက်ပျိုးသော တောင်သူတို့၏ ကုန်စည်များကို မြို့ပေါ်သို့ တင်ပို့ရောင်းချနိုင်ရန် ထုပ်ပိုးနည်းသစ်များ လမ်းညွှန်ပေးပါသည်။ ကလေးများ၏ ကျန်းမာရေးမှ စတင်ကာ စီးပွားရေးလုပ်ငန်းတစ်ခုလုံးပါ ပြောင်းလဲလာခဲ့သည်။

အမှန်တကယ်တွင် ပတ်သက်သည့် အဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်မှုကြောင့် ဤသို့ ဖြစ်လာခြင်းဖြစ်သည်။ ဒါသည်ပင်လျှင် ကျွန်မ လိုချင်သောအချက် ဖြစ်ပါ၏။ ပြောရမည်ဆိုလျှင် ကိစ္စမှာ အကြီးကြီးဖြစ်သော်လည်း သေးသေးလေးမှ စတင်လိုက်သည့်အခါ အောင်မြင်မှုဆက်တိုက်ရပြီး အကျိုးရှိလာခဲ့သည်။ ကျွန်မ အတွက်လည်း ဂုဏ်တက်စရာဖြစ်လာ၏။ ကျွန်မ ခွန်အားပြည့်လာခဲ့သည်။ အိမ်ဖြူ တော်တွင် ရှိနေသော သမ္မတကတော်သည် အသုံးကျသူတစ်ယောက်ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့၏။

※※※

နွေဦးပေါက်ရာသီ၏ တစ်နံနက်ခင်းတွင် ဘားရက် အပါအဝင် ကျွန်မတို့ မိသားစုဝင်များကို တောင်ဘက်မြက်ခင်းပြင်ဆီသို့ ဆင်းလာရန် ခေါ်ယူခံရသည်။ ကျွန်မ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော လူတစ်ယောက်က ကျွန်မတို့အား ဆီးကြိုနေသည်။ မျက်နှာမှာ ဖော်ရွေဟန်ရှိပြီး နှုတ်ခမ်းမွေးများက အနက်တချို့ အဖြူတချို့ ဖြစ်နေ၏။ သူက သူ့ကိုယ်သူ လွိုက်ဟု မိတ်ဆက်လာ၏။

“သမ္မတကြီးနဲ့ သမ္မတကတော်တို့ ခင်ဗျာ.... မိသားစုဝင်များအားလုံး စိတ်အပြောင်းအလဲကလေး ခံစားချင်ကြလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါကြောင့် ကျွန်တော်က သမ္မတကြီးတို့အတွက် အိမ်မွေးတိရစ္ဆာန်ကလေးတွေ ပါဝင်တဲ့ တိရစ္ဆာန်ရုံကလေးတစ်ခု ဖန်တီးထားပါတယ်”ဟု စကားစကာ ကျွန်မတို့အား ပြုံးကြည့်နေသည်။ “ဒီအိမ်ဖြူတော်မှာ နေထိုင်သွားကြတဲ့ ဘယ်သမ္မတမိသားစုမှ ခုလို အခွင့်အရေးမျိုး မရခဲ့ကြဖူးပါဘူး”ဟုလည်း သူက စကားဆက်၏။

သူက ဘယ်လက်ကိုမြှောက်ကာ ညွှန်ပြလိုက်သောကြောင့် ကျွန်မတို့လည်း ကြည့်လိုက်ကြသည်။ ကိုက်သုံးဆယ်ခန့်အကွာတွင်ရှိသော သစ်ကတိုးပင်၏ အရိပ်အောက်တွင် ကြီးမားကာလှပသည့် ကြောင်အမျိုးအနွယ်ဝင် လေးကောင် အေးအေးလူလူ ထိုင်နေကြသည်။ ခြင်္သေ့၊ ကျား၊ ကျားသစ်နက်နှင့် ခါးလျားရှည်ကာ အလွန်လှပသည့် ချီတာကျားသစ်တို့ ဖြစ်သည်။ ကျွန်မတို့ ရပ်နေသည့်နေရာမှ ကြည့်လျှင် သူတို့အား ထိန်းသိမ်းထားနိုင်မည့် သံကြိုးများ မပါသည်ကို မြင်နေရ၏။ သူတို့ကို ထိန်းချုပ်နိုင်မည့်အရာ တစ်ခုမျှ မပါခြင်းပင်ဖြစ်သည်။ ကျွန်မ တော်တော် ထူးထူးဆန်းဆန်းခံစားလိုက်ရ၏။ သေချာသည်က ကျွန်မတို့အတွက် လုံခြုံမှုမရှိဟု ခံစားလိုက်ရခြင်းပင်ဖြစ်သည်။

“ကျေးဇူးတင်ပါတယ်၊ ခုလို စိတ်အပြောင်းအလဲဖြစ်အောင် လာပြပေးတာ”။ ကျွန်မ သတိထားက အသံကို ထိန်းပြောလိုက်သည်။ “ဟုတ်ပါတယ်နော် မစ္စတာလွိုက်၊ ဒါပေမဲ့ သူတို့ကို ထိန်းချုပ်ထားတာ ဘာမှမပါပါလား။ ကျွန်မကလေးတွေအတွက် အန္တရာယ်များလွန်းလှပါတယ်”

“ဟုတ်ပါတယ်ခင်ဗျာ... ကျွန်တော်လည်း ဒါကို စဉ်းစားမိပါတယ်။ သမ္မတကြီးကတော်တို့ မိသားစုအနေနဲ့ ဒီလို တိရစ္ဆာန်တွေ သူတို့သဘာဝအတိုင်း တောထဲမှာ သွားလာနေကြသလို လွတ်လွတ်လပ်လပ် နေကြတာကို မြင်ရရင် စိတ်ပျော် ကြမယ် ထင်လို့ပါ။ အန္တရာယ်အတွက်ကတော့ မပူပါနဲ့။ ကျွန်တော်က သူတို့ကို စိတ်ညှို့ထားတာဖြစ်လို့ ဘာအန္တရာယ်မှ မရှိပါဘူး။ တကယ့်ကို အန္တရာယ်မရှိတာပါ ။ အနီးကပ်ပြီး လေ့လာကြည့်ကြပါ”။ သူက ရဲရဲကြီး

အာမခံနေသည်။

ဘားရက်နှင့်ကျွန်မက မလီယာနှင့်ဆာရာတို့ကို တစ်ဖက်စီဆွဲကာ တောင်မြက်ခင်းပြင်ကို ဖြတ်ကျော်လာကြသည်။ တိရစ္ဆာန်များမှာ အဝေးမှ ကျွန်မမြင်ခဲ့ရသည်ထက် ပိုကြီးနေ၏။ နှာခေါင်းများ ရှုံ့ပွရှုံ့ပွလုပ်ကာ အနံ့ခံနေကြရင်း အမြီးများမှာလည်း လှုပ်ရှားလာကြသည်။ သူတို့အနားသို့ ကျွန်မတို့ ချဉ်းကပ်လာနေသည်ကို သိနေသည့်ဟန်ပင်။ ကျွန်မတို့ကို မြင်မြင်ချင်း စတင်လှုပ်ရှားလာသည်က ခြသေ့်ဖြစ်၏။ ကျွန်မ တစ်သက်တွင် ကြောင်အမျိုးအနွယ်ဝင် တိရစ္ဆာန်လေးကောင်ကို ယခုကဲ့သို့ တစ်ပေါင်းတစ်စည်းတည်း တစ်ကြိမ်မှ မမြင်ဖူးပေ။ ကျားသစ်နက်က ကျွန်မတို့ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ကျားကမူ သူ့နားရွက်များကို ဆတ်ခနဲလှုပ်လိုက်၏။ ထိုအချိန်တွင် ချီတာသည် အရှိန်အဟုန်ပြင်းစွာဖြင့် အရိပ်ထဲမှ ပြေးထွက် လာတော့၏။

ကျွန်မ တုန်လှုပ်ချောက်ချားစွာဖြင့် ဆာရာကို လက်မောင်းမှဆွဲကာ မြက်ခင်းပြင်ကိုဖြတ်၍ အိမ်ဖြူတော်ဘက်သို့ တစ်ရှိန်ထိုးပြေးတော့သည်။ ဘားရက်လည်း မလီယာကိုဆွဲကာ ကျွန်မနည်းတူ ပြေးလိမ့်မည်ဟု ယုံကြည်မိသည်။ တိရစ္ဆာန်များတို့သည် ကျွန်မတို့နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်နေကြ၏။

လွိုက်သည် တံခါးပေါက်အနီး၌ ရပ်နေ၏။

“ရှင်ပြောတော့ သူတို့ကို စိတ်ညှို့ထားတယ်ဆို…” ကျွန်မ သူ့ကို အော်မေးလိုက်သည်။

“စိတ်မပူပါနဲ့ခင်ဗျာ၊ ကျွန်တော်တို့မှာ အရေးပေါ်အခြေအနေအတွက်လည်း အဆင်သင့်ပြင်ထားပြီး ရှိပါတယ်”။ သူက ပြောပြောဆိုဆို ခြေတစ်လှမ်းဖယ်ပေးလိုက် သည်နှင့် အိမ်ဖြူတော်အတွင်းမှ ထောက်လှမ်းရေးများ ပြေးထွက်လာကြသည်။ သူတို့လက်တွင်း၌ သေနတ်များ ပါဝင်ပြီး ကျည်ဆန်အစား သတိမေ့သွားစေနိုင်သော ဆေးများ ပါဝင်၏။ ထိုအချိန်၌ပင် ဆာရာက ကျွန်မလက်အတွင်းမှ လွတ်ထွက်သွား ခဲ့သည်။

မြက်ခင်းဘက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ တိရစ္ဆာန်များက ကျွန်မ မိသားစုဝင်များနောက်သို့ လိုက်လျက်ရှိကြပြီး ထောက်လှမ်းရေးများက သူတို့နောက်မှ လိုက်နေကြပြီး သေနတ်များ ပစ်ခတ်နေကြ၏။

“ဒါတွေ ရှင့်အကြံတွေပေါ့၊ ရှင် ဘာဖြစ်လို့ လုပ်တာလဲ”။ ကျွန်မက လွိုက်ဆိုသူကို အသံကုန်အော်ဟစ်နေသည်။

ထိုအချိန်၌ ချီတာက တစ်ချက်ဟိန်းလိုက်ပြီး ဆာရာအား ခုန်အုပ်လိုက်ပါ

တော့သည်။ လက်သည်းများ အစွမ်းကုန်ထုတ်ထားပြီး လေပေါ်၌ ပျံဝဲနေသကဲ့သို့ ရှိသည်။ ထောက်လှမ်းရေးတစ်ဦးက သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။ သို့သော် လွဲချော်သွားပြီး သေနတ်သံကို ပွဲတင်ကြားနေရ၏။ ကျွန်မ စက္ကန့်ပိုင်းမျှ ကြောင်သွားမိပြီး အဖြူနှင့်လိမ္မော်ရောင် စက်ဝိုင်းသဏ္ဌာန်ကလေးသည် ဆာရှာ၏လက်မောင်း၌ ပေါ် လာ၏။ မေ့ဆေးသေနတ်၏ ထိမှန်ချက်ဖြစ်ပါသည်။

ကျွန်မ ဝုန်းခနဲ ထ,ထိုင်လိုက်မိ၏။ နှလုံးတစ်ခုလုံး ဆူညံနေသည်။ တစ်ကိုယ်လုံးလည်း ချွေးစိုရွှဲနေ၏။ ဘေးသို့ ကြည့်လိုက်သောအခါ ကျွန်မခင်ပွန်းက ကွေးကွေးကလေး အိပ်ပျော်နေသည်။ ကျွန်မ အိပ်မက်ဆိုး မက်နေခြင်းသာ။

※

ကျွန်မစိတ်ထဲတွင် မိသားစုလိုက် ရောမရေတံခွန်ကြီးထဲသို့ နောက်ပြန်လန်ကျနေသကဲ့သို့ ခံစားနေရသည်။ အိမ်ဖြူတော်အတွင်း၌ တပ်ဆင်ထားသော ကိရိယာများသည် ကျွန်မတို့မိသားစု၏ လုံခြုံရေးကို အပြည့်အဝ ကာကွယ်ပေးနိုင်လိမ့်မည်ဆိုသည်ကို ယုံကြည်ပါသည်။ သို့သော် ကျွန်မစိတ်က မလုံမခြုံ ခံစားနေရ၏။ ကျွန်မသမီးများ အပါအဝင် အားလုံး၏ လှုပ်ရှားမှုမှန်သမျှတို့မှာ သူတစ်ပါး၏ လက်တွင်း၌သာ လုံးလုံးလျားလျား ရှိနေပါသည်။ သူတို့အထဲမှ အများစုမှာ ကျွန်မထက်အနည်းဆုံး အသက်နှစ်ဆယ်ခန့် ငယ်ကြသူတွေ ဖြစ်သည်။ လျူးစစ်ရိပ်သာလမ်း၌ နေထိုင်ကြီးပြင်းခဲ့ရသော ကျွန်မမှာ မည်သည့်ကိစ္စမဆို ကိုယ်တိုင်လုပ်ကိုင်ခဲ့ရသည်သာဖြစ်သည်။ သို့သော် လက်ရှိအခြေအနေတွင် ကျွန်မ ဘာမျှလုပ်ပိုင်ခွင့်မရှိတော့ပြီ။ ခရီးသွားမည်ဆိုလျှင် သူတို့က ပြင်ဆင်ကြသည်။ ခရီးစဉ် ဆွဲကြသည်။ နာရီ မိနစ်အတိအကျကအစ ပါသည်။ ခရီးစဉ်အတွင်း မည်သည့်နေရာ၊ မည်သည့်အချိန်၌ ကိုယ်လက်သန့်စင်မည် ဆိုသည်ကိုလည်း ဖော်ပြထား၏။ သမီးတို့အတွက် ဆိုလျှင်လည်း သူတို့ ကစားခွင့်ပေးသည့်အချိန် ကစားရ၏။ အိမ်တော်ထိန်းက ကျွန်မတို့အဝတ်များကို လျှော်ပေးသည်။ ကားမောင်းရန်မလို။ ငွေ၊ အိမ်သော့ စသည့် ပစ္စည်းများလည်း သိမ်းဆည်းယူဆောင်ရန်မလို။ တယ်လီဖုန်းလာလျှင် သူတို့ကသာ ဖြေသည်။ ကျွန်မကိုယ်စား လိုအပ်သော အစည်းအဝေးများ တက်ပေးကြသကဲ့သို့ လိုအပ်လျှင် ကျွန်မကိုယ်စား ကြေညာချက်ပင် ထုတ်ကြပါသေး၏။

အစစ အရာရာ သူတို့လုပ်ပေးကြသဖြင့် ကျေးဇူးတင်မိပါသည်။ အသေးအဖွဲကိစ္စများ သူတို့ လုပ်ပေးနေခြင်းကြောင့် ကျွန်မ စိတ်ဝင်စားသည့် အခြား ကြီးကြီးမားမားကိစ္စများကို စဉ်းစားခွင့်ရပါသည်။ သို့သော် တစ်ခါတစ်ရံတွင် အသေးစိတ်ထိန်းချုပ်ထားခြင်းခံရသည်ဟု ခံစားရသည်။ ချီတာနှင့် ခြင်္သေ့တို့ အိပ်မက်ထဲတွင် အော်ခဲ့ကြသကဲ့သို့ အော်ချင်စိတ် ပေါက်ပေါက်လာသည်။

နေ့စဉ် ဘဝဖြစ်စဉ်များထဲ၌ ကြိုတင် တွက်ဆမထားနိုင်သောကိစ္စများစွာ

ပေါ်ပေါက်လာနိုင်သည်။ သမ္မတအား လက်ထပ်ထားသည့် မိန်းမတစ်ယောက်အနေဖြင့် ကမ္ဘာကြီး၌ နေ့စဉ် ဖြစ်ပျက်နေသမျှကို နားလည်ပေးရပါမည်။ မမျှော်မှန်းနိုင်သောကိစ္စများသည် မျှော်မှန်းမထားသည့် နေရာများမှ နေ့စဉ် ပေါ်ပေါက်လာနိုင်၏။ ငြိမ်သက် အေးဆေးနေရာမှလည်း ပူလောင်လာနိုင်သည်။ သတင်းဆိုသည်မှာ မည်သည့်အခါမျှ လျစ်လျူရှုထား၍မရပေ။ ဟောတီတွင် လျှောင်လှုပ်၍ အများအပြား သေကျေပျက်စီးခဲ့သည်။ ရေအောက် ပေငါးထောင်အနက်တွင် ပေါက်ကွဲမှုတစ်ခု ပေါ်ပေါက်ခြင်းကြောင့် လွီစီယားနားပြည်နယ် ကမ်းရိုးတန်း၊ မက္ကဆီကို ပင်လယ်ကွေ့တွင် ရေနံစိမ်းစည် သန်းပေါင်းများစွာတို့ ယိုဖိတ်မှုဖြစ်ခဲ့သည်။ အီဂျစ်တွင် တော်လှန်ရေးတစ်ရပ် ပေါ်ပေါက်သည်။ အရီဇိုးနားပြည်နယ်၏ စူပါမားကက် ယာဉ်ရပ်နားသည့်နေရာတွင် သေနတ်သမားတစ်ဦးက ပစ်ခတ်ရမ်းကားမှုကြောင့် လူခြောက်ဦး သေဆုံးခဲ့၊ ကွန်ဂရက်အမျိုးသမီးကိုယ်စားလှယ်တစ်ဦး ပါဝင်သွားခဲ့သည်။

ဖြစ်လိုက်လျှင်လည်း သေးသေးကွေးကွေးမရှိ၊ အကြီးအကျယ်သာ ဖြစ်သည်။ နေ့စဉ် နံနက်တိုင်း ကျွန်မဝန်ထမ်းများက သိသင့်သိထိုက်သည့် နောက်ဆုံးသတင်းများကို ကျွန်မထံပေးပို့ကြရာ ကျွန်မနှင့်ဘားရက်မှာ ဖြစ်ပျက်သမျှကို သိနေကြ၏။ သူ မထိန်းချုပ်နိုင်ပါလျှင် ပြစ်တင် ဝေဖန်ခံရပေဦးမည်။ နိုင်ငံရပ်ခြားမှ ကြောက်မက်ဖွယ်ဆိုးရွားလှသည့် ပြဿနာများလည်း ကိုယ့်နိုင်ငံသို့ ကူးစက်မလာစေရန် သတိပြုရပါသေးသည်။ သူ့တာဝန်မှာ မည်မျှပူလောင်နေသည့်ကိစ္စဖြစ်စေ ခေါင်းအေးအေးဖြင့် ထားကာ တားဆီးပေးရမည်သာ ဖြစ်သည်။ နှစ်တစ်နှစ်၏ ရက်သတ္တပတ်တိုင်း၊ ရက်သတ္တပတ်၏ နေ့စဉ်နေ့တိုင်း ပေါ်ပေါက်လာသည့် ပြဿနာ တို့ကို သူသာ ဖြေရှင်းနေရတော့သည်။

ကျွန်မက သမ္မတကတော်အဖြစ် တာဝန်ထမ်းဆောင်နေချိန်အတွင်း ကမ္ဘာအရပ်ရပ်တွင် ရိုက်ခတ်နေသော ပြဿနာတချို့ ကျွန်မတို့နိုင်ငံသို့ ရိုက်ခတ်လာခြင်း မရှိစေရန် ကြိုးစားပါသည်။ မရေရာ၊ မသေချာလှသော အခြေအနေများတွင် ဘားရက်နှင့်လက်တွဲကာ ရင်ဆိုင်ခဲ့သည်။ ကျွန်မတို့နှစ်ယောက်လုံးက တိုင်းပြည်ကို ကိုယ်စားပြု ဆောင်ရွက်နေကြသည်ကို နားလည်ထားသည်။ ထို့ကြောင့် ဝမ်းနည်းကြေကွဲရန်ရှိလျှင်လည်း တိုင်းပြည်ကိုယ်စား ရှေ့ဆုံးမှ ရပ်ခဲ့ကြသည်။ အခက်အခဲကြုံရသည့်အခါ၊ စိတ်ရှုပ်ထွေးစရာ ကြုံရသည့်အခါများတွင်လည်း ထိုနည်းတူစွာပင် ဖြစ်ပါသည်။ မက္ကဆီကိုပင်လယ်ကွေ့၌ ရေနံများ ယိုဖိတ်မှုပေါ်ပေါက်ပြီးသည့်နောက် အမေရိကန်ပြည်သူအများစုတို့က မက္ကဆီကိုပင်လယ်ကွေ့မှာ မသွားသင့်သောနေရာ ဟု မှတ်ယူလာကြသည်။ ထိုဖြစ်ရပ်မှာ အမေရိကန်သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ဖူးသည့်ကိစ္စ ဖြစ်သည်။ မသွားသင့်သည့်နေရာဟု ယူဆလိုက်ကြသဖြင့် ထိုဒေသမှာ စီးပွားရေး ကျဆင်းလာ၏။ ကျွန်မတို့မိသားစုလိုက် ဖလော်ရီဒါသို့ ခရီး ထွက်ခဲ့ကြသည်။

ဘားရက်က ဆာရှာကို ပင်လယ်တွင်း၌ ရေကူးစေသည်။ သားအဖ နှစ်ယောက် ပင်လယ်ရေထဲတွင် ပျော်ရွှင်နေကြပုံဓာတ်ပုံများ ရိုက်ကူးကာ မီဒီယာ များသို့ ဖြန့်ဝေပေးလိုက်သည်။ လုပ်လိုက်သည့်အလုပ်က သေးသေးကလေးသာဖြစ်သော်လည်း ရရှိလာသည့်အကျိုးအမြတ်က ကြီးသွား၏။ သမ္မတပင်လျှင် ပင်လယ်ရေ ကို ယုံကြည်ပါက တို့တစ်တွေက ဘာမယုံစရာရှိသလဲဆိုသည့်အတွေးကို ရသွား စေ၏။

နာကျင်ကြေကွဲရန်ကောင်းသည့် ဖြစ်ရပ်များ ပေါ်ပေါက်ဖူးသည့်နေရာများ သို့ ကျွန်မတို့နှစ်ယောက် သို့မဟုတ် တစ်ယောက်ယောက် သွားလိုက်ပြီဆိုလျှင် အမေရိကန်တို့၏ ရင်တွင်း၌ ထိုဒေသ၏ အတိတ်ကာလမှ ဖြစ်စဉ်တို့ကို တသသဖြစ် မနေစေရန် သတိပေးလိုက်သကဲ့သို့ ဖြစ်စေပါသည်။ ကျွန်မက အချိန်ရသည့်အခါများ တွင် ကယ်ဆယ်ရေးဝန်ထမ်းများ၊ ပညာပေးသူများ၊ စေတနာ့ဝန်ထမ်း လုပ်အားပေး ကြသူများ၏ အခန်းကဏ္ဍကို ပိုမိုပေါ်လွင်လာစေရန် လုပ်ဆောင်ပေးပါသည်။ အထူး သဖြင့် ခက်ခဲကြမ်းတမ်းသောအခြေအနေများ ပေါ်ပေါက်နေသည့်ကာလတွင် ဖြစ်၏။ ၂၀၁၀ ခုနှစ်တွင် ဟေတီ၌ ငလျင်အကြီးအကျယ်လှုပ်ခတ်ခဲ့သည်။ သုံးလအကြာတွင် ဂျီးလ်ဘီဒင်နှင့်ကျွန်မ သွားရောက်ခဲ့ကြသည်။ တစ်ချိန်က အိမ်ရာများရှိခဲ့ဖူးဟန် တူသောနေရာများတွင် ပိရမစ်များကဲ့သို့ အပျက်အစီးများ တောင်ပုံယာပုံမြင်ရ သောအခါ ကျွန်မနှလုံးသား နာကျင်ခဲ့ရပါသည်။ ထောင်ပေါင်းများစွာသော လူများ၊ မိခင်များ၊ အဘိုးအဘွားများ၊ ကလေးသူငယ်များမှာ အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ် ခြင်းခံခဲ့ကြရသည်။ ကျန်ရစ်ခဲ့သည့် ကလေးသူငယ်တို့အား စိတ်ဒဏ်ရာမှ ပြန်လည် ပြုစုပျိုးထောင်ပေးနေသော နေရာတစ်ခုသို့လည်း ရောက်ခဲ့ကြသည်။ ကလေးများသည် မျှော်လင့်ချက်ဖြင့် ပြန်လည်လန်းဆန်းလာသည် ကို တွေ့ရ၏။

ဝမ်းနည်းကြေကွဲခြင်းနှင့် ခံနိုင်ရည်တို့သည် ကျောချင်းကပ်လျက် ရှိနေကြ သည်ဟု နားလည်ခဲ့ရ၏။ ထိုအသိကို ကျွန်မ သမ္မတကတော်ဘဝတွင် တစ်ကြိမ်သာ မက အကြိမ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရပါသည်။

မကြာခဏ ဆိုသကဲ့သို့ စစ်ပွဲများမှ ထိခိုက်ဒဏ်ရာရလာသည့် တပ်မတော် သားများအား ကုသပေးနေသည့် စစ်ဆေးရုံများသို့လည်း သွားတတ်ပါသည်။ ကျွန်မ ပထမဆုံးအကြိမ် ရောက်ဖူးသည်က Walter Reed National Military Medical Center ဖြစ်ပြီး အိမ်ဖြူတော်နှင့် ဆယ်မိုင်ခန့်သာ ဝေးသောနေရာတွင် တည်ရှိပါသည်။ စီစဉ်ထားသည်က ထိုနေရာတွင် ကျွန်မသည် မိနစ်ကိုးဆယ်ခန့်သာ ရှိနေရန် ဖြစ်သော် လည်း လေးနာရီနီးပါး နေဖြစ်ခဲ့၏။

ဝေါ်တာရိဒ် စစ်ဆေးရုံမှာ အီရတ်နှင့် အာဖဂန်နစ္စတန်စစ်ပွဲများ၌ ဒဏ်ရာရ လာသည့်သူများကို ကုသပေးသည့် ဒုတိယ သို့မဟုတ် တတိယမြောက်

ဆေးရုံဖြစ်သည်။ တိုက်ပွဲ၌ ဒဏ်ရာရလာပြီဆိုလျှင် အမေရိကန်ပြည်ထောင်စုသို့ မရောက်မီ ဂျာမနီနိုင်ငံမှ Landstuhl တွင် ကုသမှုခံယူကြရသည်။ ထို့ကြောင့် Walter Reed အချို့မှာလည်း လနှင့်ချီနေကြရ၏။ ရောက်လာသူအချို့မှာ ရက်အနည်းငယ်သာ နေကြရတော့သည်။ ဆေးရုံ၌ ခွဲစိတ်ကုသမှုအတော်ဆုံး ဆရာဝန်များရှိသကဲ့သို့ နာလန်ထ,လာသော လူနာများအား အကောင်းဆုံး ပြုစုပျိုးထောင်ပေးနိုင်သူများ ရှိကြသည်။ သံချပ်ကာကားတို့မှာ ယခင်ကနှင့်မတူ ခေတ်မီတိုးတက်အောင် ဖန်တီးထား ကြသည်။ တစ်ချိန်က ဗုံးမှန်လိုက်လျှင် သံချပ်ကာကားအတွင်းမှ စစ်သည်များ သေဆုံးကြသော်လည်း ယခုအခါတွင်မူ ဆန်းသစ်ထားသည့် သံချပ်ကာကားများဖြစ် ၍ မသေကြတော့ပေ။ ထိုသည်ပင်လျှင် သတင်းကောင်းတစ်ခုဟု ကျွန်မ ယူဆပါသည်။ စိတ်မကောင်းစရာ ဖြစ်ရသည်မှာ ဆယ်စုနှစ်တစ်ခုနီးပါး ကြာလာသည့်တိုင် မပြီးပြတ်သေးဘဲ တစ်ဖက်နှင့်တစ်ဖက် ပုန်းကွယ်ကာ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများနှင့် တိုက်ခိုက်ကြကာ သေကျေပျက်စီးနေစေခြင်းပင် ဖြစ်သည်။

ဘဝတွင် ကြုံလာသမျှကို ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်ထားလေ့ရှိသော ကျွန်မသည် စစ်ဆေးရုံ၊ Fisher Houses ဟု အမည်ပေးထားသောနေရာတို့နှင့် ကြုံလာသောအခါ မယုံနိုင်အောင်ဖြစ်ရပါသည်။ Fisher Houses တွင် ဒဏ်ရာရ တပ်မတော် သားများအား အနီးကပ်လာရောက်ပြုစု စောင့်ရှောက်ပေးနေကြသော သူတို့၏ ချစ်သူ၊ ဇနီးမယားတို့ အခမဲ့ နေထိုင်စားသောက်ရန် အလှူရှင်က မ,တည်ထားခြင်းပင် ဖြစ်ပါ၏။ ကျွန်မက တပ်နှင့်ပတ်သက်၍ အနည်းအကျဉ်းသာ သိသူဖြစ်သည်။ အဖေက တပ်တွင် နှစ်နှစ် တာဝန်ထမ်းဆောင်ခဲ့သည် ဆိုသော်လည်း ကျွန်မ မွေးချိန်တွင် အနားယူခဲ့ပြီဖြစ်သည်။ ဘားရက် စည်းရုံးရေးဆင်းသည့် ကာလကျမှပင် ကျွန်မလည်း တပ်မတော်သားမိသားစုများနှင့် ပတ်သက်လာရခြင်း ဖြစ်သည်။ ကျွန်မ အတွက် စစ်ဆိုသည်မှာ အစဉ်အမြဲကြောက်ရွံ့ရန် ကောင်းလှပါသည်။ သို့သော် မမြင်ဖူးသည့် နယ်မြေများမှ လူများအတွက် စိတ်မကူးနိုင်လောက်အောင်ပင် ပူပန်ရ ပါ၏။

ကျွန်မ ဆေးရုံသို့ရောက်သွားသောအခါ ထုံးစံအတိုင်း တာဝန်ကျ သူနာပြု ဆရာမကြီးနှင့် တွေ့ဆုံကာ ရောဂါပိုးမွှားများ မကူးစက်နိုင်သည့်ဝတ်စုံများ ဝတ်ရပါသည်။ အခန်းတစ်ခန်းသို့ ဝင်ရောက်ကြည့်ရှုတိုင်း ပိုးသတ်ဆေးဖြင့် လက်ဆေးရ၏။ အခန်းတစ်ခန်းထဲသို့ဝင်ရန် တံခါးမဖွင့်မီ အခန်းတွင်းရှိ လူနာ၏ ရာဇဝင်ကို အတိုချုပ် ရှင်းပြ၏။ လူနာတိုင်းအားလည်း ကျွန်မဝင်ရောက်ကြည့်ရှုမည်ကို လက်ခံ၊ မခံ ကြိုတင်သဘောတူညီမှု ရယူထားပါသည်။ အချို့လူနာများက မတွေ့လိုဟု ငြင်းပယ် သည်လည်း ရှိ၏။ သူတို့ကိုယ်တိုင်က နေထိုင်မကောင်း၊ စိတ်လက်မအီမသာ ဖြစ်နေခြင်းကြောင့် ဖြစ်ပါမည်။ နိုင်ငံရေးကို စိတ်နာသူလည်း ပါကောင်းပါ ပါလိမ့် မည်။

မည်သို့ပင်ဖြစ်စေ ကျွန်မ ကျေနပ်ပါသည်။ သူတို့အား လာရောက်အားပေး ကြည့်ရှုခြင်းဖြင့် တာဝန်ကျေပြီဟုလည်း ယူဆမိ၏။

အခန်းတစ်ခန်းသို့ ဝင်ရောက်ကြည့်ရှုလျှင် ကြာသည်ရှိသကဲ့သို့ မြန်သည် လည်း ရှိပါသည်။ လူနာ၏ အခြေအနေပေါ်တွင် မူတည်၏။ တချို့လူနာများက ပေါ့ပေါ့ပါးပါးရှိကြသော်လည်း တချို့လူနာတို့က ဝမ်းနည်းကြေကွဲနေကြသည်။ လူနာများနှင့် ကျွန်မတွေ့ဆုံရာ၌ သီးသန့်တွေ့ဆုံပါသည်။ သတင်းထောက်များ လိုက် ပါခြင်းမရှိစေရပေ။ တချို့လူနာများက အခန်းနံရံများတွင် သူတို့နှင့် ပတ်သက်သော ဓာတ်ပုံအချို့ ကပ်ထားတတ်ကြသည်။ ကျွန်မနှင့်စကားပြောကြလျှင် အားကစား အကြောင်း၊ သူတို့ မွေးဖွားကြီးပြင်းခဲ့ရာ ပြည်နယ်အကြောင်း၊ သူတို့ရင်သွေးများ အကြောင်း စသဖြင့် ပြောတတ်ကြ၏။ သူတို့ လိုအပ်သည့်ကိစ္စ၊ မလိုအပ်သည့်ကိစ္စ တို့ကိုလည်း ပြောတတ်ကြပါသည်။

တစ်နေရာအရောက်တွင် အနီရောင်ကတ်ပြားပေါ်၌ အနက်ရောင်စာလုံး များ ရေးကာ တံခါးဝ၌ ကပ်ထားသည်ကို တွေ့ရသည်။ သူ့အဓိပ္ပာယ်မှာ-

ဤအခန်းတွင်းသို့ ဝင်ရောက်လာသူအားလုံး သတိ

> ဤအခန်းတွင်းသို့ ဝင်ရောက်မည့်သူများအနေဖြင့် ကျွန်တော်၏ဒဏ်ရာများ ကိုကြည့်ကာ ဝမ်းနည်းမည်ဆိုပါက အခြားနေရာသို့သာသွားပါ။ ရရှိလာသောဒဏ်ရာ တို့မှာ ကျွန်တော်ချစ်သော အလုပ်ကြောင့် ရလာခြင်းသာဖြစ်ပါသည်။ ကျွန်တော် ချစ်သော ပြည်သူတို့အတွက် ဆောင်ရွက်ရင်း ရလာခြင်းသာ ဖြစ်သည်။ ကျွန်တော် နက်နက်နဲနဲချစ်သော တိုင်းပြည်၏ လွတ်လပ်ရေးကို ကာကွယ်ရင်း ရလာခြင်းဖြစ်သည်။ ကျွန်တော် ကြံ့ခိုင်ပါသည်။ မကြာမီ လုံးဝ ကောင်းသွားမည် ဖြစ်သည်။

ဤတပ်မတော်သားသည် ခံနိုင်ရည်ရှိသူဖြစ်ပြီး မျိုးချစ်စိတ်ဓာတ်အပြည့် အဝရှိသူဖြစ်ကြောင်း သူ့ကြေညာချက်က ဖော်ပြနေသည်။ သူကဲ့သို့သော တပ်မတော် သားကို ကျွန်မ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးပေ။ တစ်နေ့တွင်လည်း ကျွန်မ လူတစ် ယောက်နှင့် စကားပြောခဲ့ဖူးသည်။ သူသည် ယယ်ယယ်ရွယ်ရွယ် နုပျိုစဉ်ဘဝမှာပင် ကိုယ်ဝန်ဆောင်ဇနီးသည်ကို ထားရစ်ကာ ပြည်ပသို့ တာဝန်ထမ်းဆောင်ရန် ခရီး ထွက်သွားခဲ့သည်။ ပြန်လာသောအခါ သူသည် ဒုက္ခိတဘဝ ဖြစ်လာသည်။ သူ့ခြေ ထောက်နှင့် လက်များ မလှုပ်ရှားနိုင်တော့ပေ။ ကျွန်မတို့စကားပြောနေစဉ် သူ့ရင်သွေး မွေးကင်းစကလေးသည် သူ့ရင်ခွင်ထဲတွင် အိပ်နေရှာသည်။ နောက်တစ်ယောက် တွေ့ရသည်မှာ စစ်မြေပြင်၌ ဒဏ်ရာရ၍ ခြေထောက်ဖြတ်ထားရသော တပ်မတော် သား ဖြစ်သည်။ သူကမူ ကျွန်မအား ထောက်လှမ်းရေးများနှင့် ပတ်သက်သော မေးခွန်းပေါင်းများစွာ မေးခဲ့၏။ သူက

တပ်မတော်မှ ထွက်လျှင် ထောက်လှမ်းရေး အလုပ်လုပ်မည်ဟု စိတ်ကူးခဲ့ကြောင်း၊ သို့ရာတွင် ခြေထောက်ဖြတ်လိုက်ရခြင်းကြောင့် အခြားအလုပ်တစ်ခု စဉ်းစားနေသည်ဟု ဆိုခဲ့၏။

ထိုကဲ့သို့သော မိသားစုများ ဆေးရုံပေါ်တွင် များစွာရှိပါသည်။ ကျွန်မက သူတို့နှင့်တွေ့လျှင် ကျွန်မကိုယ်ကျွန်မ မိတ်ဆက်ပါသည်။ ဇနီးသည်များ၊ ခင်ပွန်းများ၊ အမေများ၊ အဖေများ၊ ဝမ်းကွဲညီအစ်ကိုမောင်နှမများ၊ မိတ်ဆွေများ စသဖြင့် လူပေါင်း စုံတို့ လူနာခုတင်အနီးတွင် တွေ့ရတတ်ပါသည်။ သူတို့သည် ခုတင်ပေါ်တွင် လှဲနေရသည့် လူနာ ပြန်လည်ရှင်သန်လာရေးအတွက် ကူညီအားပေးနေကြသူများပင် ဖြစ်တော့သည်။ တစ်ခါတစ်ရံတွင် ကျွန်မသည် လူနာနှင့် တိုက်ရိုက်စကားပြောခွင့်မရဘဲ လူနာစောင့်နှင့်သာ ပြောခွင့်ရသည့်အခါလည်း ရှိ၏။ လူနာအား ဒဏ်ရာအပြင်းအထန် နာကျင်နေစေခြင်းမှ သက်သာစေရန် အိပ်ဆေးထိုးပေးထားသည့် အခါမျိုးတွင် ဖြစ်ပါသည်။ မိသားစုဝင်များအကြောင်း မေးကြည့်လျှင်လည်း အတော်များများမှာ စစ်မှုထမ်းမျိုးရိုးမှ ဆင်းသက်လာကြသူများ ဖြစ်သည်ကို တွေ့ရပြန်သည်။ တစ်ခါ တစ်ရံ လူနာစောင့်နေသူ မိန်းကလေးမှာ မကြာသေးမီကမှ လက်ထပ်ခဲ့သော သတို့ သမီးကလေးများဖြစ်နေသည်ကိုလည်း ကြုံရပါသည်။ သူတို့ဘဝသည် ပျော်ရွှင်ကြည် နူးရတော့မည့်ဆဲဆဲတွင် တစ်ဆစ်ချိုးအကွေ့ကို ကြုံကြရသည်။ ဆေးရုံတွင် ကြုံခဲ့ရ သော မိခင်တို့နှင့်အတူ ကျွန်မ မျက်ရည်ကျခဲ့ရသည်မှာ အကြိမ်မရေတွက်နိုင်တော့ ပေ။ ဤဒုက္ခတို့ကို ကျော်လွှန်နိုင်ရန်မှာ ကျွန်မတို့ချင်း လက်တွဲကာ ဘုရားသခင်ထံ မျက်ရည်ဖြင့် ဆုပန်ရန်သာ ရှိပါတော့၏။

တပ်မတော်သား မိသားစုတို့၏ဘဝကို မျက်ဝါးထင်ထင် မြင်ရသောအခါ ကျွန်မ တုန်လှုပ်မိသည်။ ကျွန်မ အသက်ရှင်နေသမျှကာလပတ်လုံး ဆေးရုံ၏ ဤ အခန်းများထဲတွင် ဤသို့ မျိုးချစ်စိတ်ပြည့်ဝ,ကာ ဒဏ်ရာရခဲ့ကြသူများကို မမြင်လို၊ မတွေ့လိုတော့ပေ။

တက္ကဆက်စ်ပြည်နယ်၊ ဆန်အန်တိုနီယိုမြို့၏ စစ်ဆေးရုံတစ်ရုံ၌ ကျွန်မ ရောက်ရှိနေစဉ်က ဖြစ်သည်။ ကျွန်မ ဝင်တော့မည့်ဆဲဆဲ အခန်းတွင်း၌ သူနာပြု ဆရာမများ ဝင်ချည်ထွက်ချည် ဖြစ်နေကြသည်။ တစ်ယောက်ယောက်က “သူက ခုတင်ပေါ်မှာ မနေဘူးတဲ့”ဟု ခပ်အုပ်အုပ် ပြောသံကြားလိုက်ရသည်။ ကျွန်မ ဝင်သွား သောအခါ ရင်အုပ်ခပ်ကျယ်ကျယ်နှင့် တက္ကဆက်စ်ကျေးလက်မှ လူငယ်တစ်ယောက် ကို တွေ့ရပြီး ဒဏ်ရာများစွာ ရထားသည့်အပြင် တစ်ကိုယ်လုံးမှာလည်း မီးလောင် ထားသည်ကို တွေ့ရသည်။ သူက ခုတင်ပေါ်မှ အောက်သို့ ဆင်းနိုင်ရန် အသည်း အသန်ပင် ကြိုးစားနေသည်။ အိပ်ရာခင်းများကိုလည်း ဆုတ်ဖြဲထား၏။

ကျွန်မတို့အားလုံး သူ ဘာဖြစ်ချင်သည်ဆိုသည်ကို နားလည်စေရန် ကြည့်နေ ခဲ့ကြရသည်။ သူလုပ်လိုသည်က နာကျင်နေသည့် ဝေဒနာများကြားမှ သူ့အခန်းတွင်းသို့ ဝင်ရောက်လာမည့် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်အား အလေးပြုကြိုဆိုလို ခြင်းပင်။

※

၂၀၁၁ ခုနှစ်၏ တစ်ခုသောနေ့တွင် ဘားရက်က ကျွန်မအား အိုစမာဘင်လာဒင်နှင့်ပတ်သက်၍ ပြောကြားလာခဲ့သည်။ ညစာစားပြီးစ,အချိန်ဖြစ်၍ မလီယာနှင့် ဆာရှာတို့က သူတို့အိမ်စာများလုပ်ရန် အခန်းများသို့ သွားကြပြီဖြစ်သည်။ အိမ်၏ ထမင်းစားခန်း၌ ဘားရက်နှင့်ကျွန်မ နှစ်ယောက်တည်းသာ ရှိနေကြ၏။

"ကိုယ်တို့ ထင်တာကတော့ သူ ဘယ်မှာ ရှိနေတယ်ဆိုတာ သိနေပြီ။ ဒီတော့ သူ့ကို ဆွဲဖမ်းပြီး ထုတ်လာရုံပဲ။ ဒါပေမဲ့ သိပ်အသေအချာကြီးတော့လည်း မဟုတ်သေးဘူး"

ဘင်လာဒင်မှာ တစ်ကမ္ဘာလုံးမှ အလိုရှိနေသောသူပင် ဖြစ်သည်။ သို့သော် နှစ်ပေါင်းများစွာပင် သူက ခြေရာဖျောက်နေနိုင်ခဲ့သည်။ ဘားရက်ကလည်း သမ္မတဖြစ်ကတည်းက သူ့အား ဖမ်းဆီးနိုင်ရန် သို့မဟုတ် သတ်ပစ်နိုင်ရန် ကြိုးစားနေခဲ့၏။ ထိုသို့လုပ်ဆောင်နိုင်ပါလျှင် တိုင်းပြည်အတွက် တစ်စုံတစ်ရာ ထူးခြားစေမည်ဟု ထင်သည်။ ထောင်ပေါင်းများစွာသော စစ်မှုထမ်းတို့က တိုင်းပြည်အား အယ်ကိုင်ဒါ၏ ရန်မှ ကင်းဝေးစေရန် စောင့်ရှောက်နေရခြင်းမှ တာဝန်ပေါ့သွားစေမည်။ အထူးသဖြင့် စက်တင်ဘာ ၁၁ အတိုက်ခိုက်ခံရမှုတွင် အပြစ်မဲ့သော ချစ်သူခင်သူများ ဆုံးရှုံးလိုက်ရသူတွေအတွက် ဖြေသာမည်ဖြစ်၏။

ဘားရက်၏လေသံကို ကြားလိုက်ရရုံဖြင့် နောက်ကွယ်၌ ဖြေရှင်းရမည့် ပြဿနာများစွာ ရှိနိုင်သေးသည်ကို ကျွန်မ ရိပ်စားမိပါသည်။ ဖြစ်နိုင်ခြေများကို သူတွက်ဆနေပုံရသည်။ သူ့ကို ဘာမျှထပ်မမေးရန်နှင့် လိုအပ်လျှင် သူပြောလာသည်ကိုသာ နားထောင်ရန် ကျွန်မ သတိထားလိုက်ပါသည်။ သူက ယုံကြည်စိတ်ချရသူတစ်ဦးအဖြစ် ဖွင့်ပြောလာခြင်းသာဖြစ်သည်။ ကျွန်မသည်လည်း ရင်ထဲတွင် အစိုင်အခဲ ဖြစ်နေသောအခါ သူ့ကို ဤသို့ပင် ပြောတတ်ပါသည်။ ခုရက်ပိုင်းများတွင် သူ့အနီး၌ အစဉ်နီးပါး အကြံပေးများ၊ ကျွမ်းကျင်သူများ ဝန်းရံနေတတ်သည်ကို သတိထားမိ၏။ ဘားရက်က ထိပ်တန်း ထောက်လှမ်းရေးများထံမှ ဝင်လာသောသတင်းများကို စုစည်း ကာ သုံးသပ်သည်။ အထူးသဖြင့် နိုင်ငံတော်၏ လုံခြုံရေးနှင့် ပတ်သက်၍ ဖြစ်သည်။ ထိုအခြေအနေမျိုး၌ ကျွန်မ ပါဝင်ပတ်သက်ရန် မလိုပါချေ။ ခြုံ၍ပြောရမည်ဆိုပါလျှင် ကျွန်မနှင့်သမီးများပင်လျှင် ဘားရက်အား

ယခုအခြေအနေမျိုးတွင် စိတ်အနှောင့် အယှက် မပေးမိစေရန် အထူးသတိထားကြရပါသည်။

ဘားရက်သည် ခွဲခြမ်းစိတ်ဖြာ သုံးသပ်သည့်နေရာတွင် ကျွမ်းကျင်သူ ဖြစ်သည့်အလျောက် ကျွန်မတို့မိသားစုနှင့်အတူ ရှိနေသည့်တိုင် သူသည် တွေးတောကြံဆနေသည်ကို သိသာနေပါ၏။ အိမ်ထောင်သက် ရလာသည်နှင့်အမျှ တစ်ယောက်အလုပ်များနေလျှင် တစ်ယောက်က နားလည် ပေးတတ်ပါသည်။ တစ်ဦးနှင့်တစ်ဦး စည်းခြားသင့်သည့် ကိစ္စများကို စည်းခြားကြပါသည်။ ဘင်လာဒင်ကို ညစာစားရန် ဖိတ်ခေါ်ခဲ့ခြင်းမရှိ၊ လစ်ဗျား၌ ပေါ်ပေါက်နေသော လူသားချင်းစာနာထောက်ထားမှု ချိုးဖျက်နေသည့် ကိစ္စများကိုလည်း ဆွေးနွေးရန် ရီပါဘလီကင်တို့၏ လက်ဖက်ရည်ပွဲသို့ ဖိတ်ခေါ်ခြင်းမရှိပေ။ ကျွန်မတို့တွင် ကလေးများရှိသည်။ ထိုကလေးများ ပညာသင်ကြားရန်၊ လွတ်လပ်အေးချမ်းစွာ ကြီးပြင်းလာနိုင်ရန် လိုအပ်ပါသည်။ ကျွန်မတို့မိသားစု အတူတကွ နေခွင့်ရသည့် အချိန်ကလေးမှာပင် အေးချမ်းမှု မရှိတော့ ပေ။ ဘားရက်နှင့်ကျွန်မက ညစာစားချိန်တွင် သမီးတို့နှင့်အတူ စားလေ့ရှိရာ သူတို့ ပြောပြသော ကျောင်းကစားကွင်းအတွင်းမှ အကြောင်းအရာများ၊ မလီယာ၏ အန္တရာယ်များသော တိရစ္ဆာန်တို့အကြောင်း သုတေသနစာတမ်း စသည်တို့ကို ကမ္ဘာ ပေါ်တွင် အရေးအကြီးဆုံးသောကိစ္စများဟု သဘောထားကာ နားထောင်ကြရသည်။ သူတို့သည် ကျွန်မတို့၏ သမီးများ ဖြစ်နေခြင်းကြောင့်ပင် ဖြစ်၏။

ညစာစားနေကြဆဲမှာပင် အလုပ်ပေါ်လာသည်ကို ဘားရက်၏ ပခုံးပေါ်မှ ကျော်ကာ ခန်းမထဲ၌ ရောက်လာသော ဘားရက်၏ လက်ထောက်တစ်ယောက်ကို မြင်လိုက်ရ၍ သိလိုက်သည်။ သူသည် မှတ်စုစာအုပ်ငယ်ကို ကိုင်ကာ ထိုင်နေ၏။ ကျွန်မတို့ ညစာစားနေကြသည်မှာ တစ်ဝက်မျှသာ ရှိသေး၏။ ဤသည်မှာ အိမ်ဖြူတော်၏ အစဉ်အလာတစ်ခုပင် ဖြစ်ပါသည်။ ညနေခင်းတွင် နေ့စဉ် သတင်းနှစ်ကြိမ် ပို့၏။ ကျွန်မအတွက် တစ်ကြိမ်နှင့် နောက်တစ်ကြိမ်က ဘားရက်အတွက် ဖြစ်သည်။ ဘားရက်အတွက် သတင်းပို့သော စာအုပ်က ပိုမိုထူထဲကာ သားရေဖုံးစာအုပ် ဖြစ်သည်။ အထဲတွင် ကျွန်မတို့နှင့်သက်ဆိုင်သော ရုံးများမှ ပေးပို့ထားသည့် သတင်းများ ပါဝင်ပြီး ညတွင်းချင်း ကျွန်မတို့ ဖတ်ရန် ဖြစ်သည်။

ကလေးများအား သူတို့အိပ်ခန်းသို့ ပို့ဆောင်ပေးပြီးကြသည့်နောက်တွင် ဘားရက်က သူဖတ်ရမည့် သတင်းအစီရင်ခံစာ စာအုပ်ကိုကိုင်ကာ သူနားလေ့ရှိသော အခန်းထဲဝင်သွား၏။ ကျွန်မက ထိုင်နေကျဖြစ်သော အဝတ်လဲခန်းအတွင်းသို့ ဝင်လာ လိုက်သည်။ ညစဉ်ညတိုင်း ဤအခန်း၌ တစ်နာရီ၊ နှစ်နာရီမျှထိုင်ကာ ဖတ်ရန်ရှိသည် များကို ဖတ်သည်။ နံနက်ပိုင်းတွင်လည်း ဤနေရာ၌သာ ထိုင်ကာ ဖတ်ပါသည်။ အများအားဖြင့် ကျွန်မဝန်ထမ်းများ ရေးသားတင်ပြကြသော

မှတ်စုများသာ ဖြစ်ပါသည်။ တစ်ခါတစ်ရံ ကျွန်မ စကားပြောရမည့်ကိစ္စများ ပါဝင်လာတတ်၏။ ကျွန်မ ဆုံးဖြတ်ပေးရမည့်ကိစ္စများ ပါဝင်လာတတ်ပါသည်။

Let's Move အစီအစဉ် စတင်ပြီးနောက် တစ်နှစ်ကြာလာသောအခါ အသီးအပွင့်တို့ကို ကျွန်မတို့ စတင်မြင်တွေ့လာရပြီ ဖြစ်သည်။ ဖောင်ဒေးရှင်းများစွာ၊ ကျောင်းများသို့ အစားအသောက်ပေးသွင်းသည့် လုပ်ငန်းရှင်များစွာနှင့် တွေ့ဆုံညှိနှိုင်းကြပြီးသည့်နောက် ကျောင်းများ၏ စားသောက်ဆိုင်များတွင် အသီးအရွက်သုပ်များကို ရောင်းချပေးရန် ဆိုင်ခန်းပေါင်းခြောက်ထောင် ဆောက်လုပ်ပေးခဲ့သည်။

စားဖိုမှူးများကလည်း ကျောင်းသားများအတွက် အရသာရှိရုံမျှမက ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များဖြစ်စေရန် ကူညီပေးကြသည်။ ထိုစဉ်က အမေရိကန်ပြည်ထောင်စုတွင် ဟင်းသီးဟင်းရွက် ဈေးကွက်ဝေစုအများဆုံးရယူထားသော Walmart လက်လီဆိုင်များကလည်း ကျွန်မတို့နှင့် ပူးပေါင်းကာ အစားအသောက်များ၌ သကြားဓာတ်၊ ဆားဓာတ်နှင့် အဆီဓာတ်များလျှော့ချရေးကို ပူးပေါင်းပါဝင်သည် သာမက ဈေးနှုန်းလျှော့ချရေးကိုပါ ဆောင်ရွက်ပေးခဲ့၏။ မြို့ပေါင်း ငါးရာတို့မှ မြို့တော်ဝန်များအားလည်း ဆက်သွယ်ကာ ကလေးများ အဝလွန်ရောဂါ ကာကွယ်ရေး အတွက် ပူးပေါင်းပါဝင်ရန် တိုက်တွန်းခဲ့သည်။

အထိရောက်ဆုံး လုပ်ဆောင်နိုင်ခဲ့သည်မှာ ၂၀၁၀ တွင် ကလေးသူငယ်များ၏ အာဟာရနှင့် ပတ်သက်၍ ကွန်ဂရက်တွင် ဥပဒေကြမ်းတစ်ရပ် တင်သွင်းနိုင်ခဲ့ပြီး ကျောင်းများ၌ အခမဲ့ကျွေးမွေးနေသော နေ့လယ်စာများသည် အဆင့်မြင့်စေရန်သာ မက အာဟာရပြည့်ဝသော အစားအစာများဖြစ်စေရမည်ဟု ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထို့ပြင် နေ့လယ်စာကျွေးမွေးစရိတ် ထုတ်ပေးရာ၌လည်း တိုးမြှင့်ပေးရန် နှစ်ပေါင်းသုံး ဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျွန်မက နိုင်ငံရေး နှင့် ကင်းရှင်းစွာနေထိုင်သည် ဆိုသော်လည်း ကလေးသူငယ်များနှင့်ပတ်သက်၍ ဆောင်ရွက်ပေးလိုက်နိုင်ခြင်းကြောင့် ပျော်ရွှင်မိပါသည်။ ကျွန်မအတွက် ပွဲကြီးပွဲကောင်း တစ်ခုဟုလည်း ဆိုနိုင်၏။ ဤကိစ္စ အောင်မြင်ရေးအတွက် နာရီပေါင်းများစွာ ဆီးနိုတ်တာများ၊ ကိုယ်စားလှယ်များထံ ဖုန်းဆက်ကာ ကျောင်းတက်နေကြသော ကလေးများ ယခုထက် ပိုမိုခံစားခွင့်ရသင့်ပါကြောင်း ရှင်းပြခဲ့ရသည်။ ဘားရက် အပါအဝင် သူ့အကြံပေးများနှင့် ကျွန်မ ပြောသည်ကို စူးစိုက်နားထောင်တတ်သူအားလုံးကိုလည်း ပြောခဲ့သည်။ ပေါ်ထွက်လာသော ဥပဒေသစ်တွင် ကလေးများအား ကျွေးသည့် အစားအစာများတွင် လတ်ဆတ်သည့် အသီးအရွက်များ၊ ဂျုံကွဲသို့သော အစားအစာများ ကျွေးရမည်ဟု ပါဝင်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တွက်ကြည့်ပါက တစ်နေ့လျှင် လေးဆယ့်သုံးသန်း ကျွေးနေကြခြင်းဖြစ်၏။ ကျောင်းများ၌

စက်ဖြင့် ရောင်းချသော အဆင်သင့်စားသုံးနိုင်သည့် မုန့်များအတွက် ကျောင်းမှ ရန်ပုံငွေရသည် ဆိုသော်လည်း ထိုမုန့်များမှာလည်း စည်းကမ်းချက်နှင့် ညီညွတ်စေရန် ကန့်သတ်လိုက်သည်။ ဤနည်းဖြင့်က ကျွန်မသည် ကလေးသူငယ်များ ငယ်ငယ်ရွယ် ရွယ်တွင် အဝ,လွန်ခြင်းပြဿနာကို တားဆီးခဲ့ပါ၏။

ဘားရက်နှင့် သူ့အကြံပေးများကလည်း ဤဥပဒေ တင်သွင်းနိုင်ရေးကို ပံ့ပိုးပေးခဲ့ကြပါသည်။ ရွေးကောက်ပွဲများ၏ နှစ်လယ်ကာလ ရီပါဘလီကင်တို့ လွှတ်တော်၌ အသာစီးရလာကတည်းက ဘားရက်က ဥပဒေပြုသူများနှင့် ပူးပေါင်းထားပြီဖြစ်သည်။ ဒီဇင်ဘာလ စောစောပိုင်း ကွန်ဂရက်ကိုယ်စားလှယ်အသစ်တို့ စတင်ဝင်ရောက်လာချိန်တွင် တင်သွင်းသောဥပဒေသည် နောက်ဆုံးအဆင့်သို့ ရောက်နေပြီဖြစ်သည်။ နောက်ဆယ့်တစ်ရက်အကြာ ထိုဥပဒေကို အတည်ပြုကြောင်း သမ္မတဘားရက်က လက်မှတ်ရေးထိုးသော အခါ ကျွန်မက သူ့နံဘေးတွင် ခပ်ပြုံးပြုံး ရပ်နေခဲ့၏။ ပတ်ပတ်လည်တွင် မူလတန်းကလေးများ ဝန်းရံထားကြသည်။

"ဒီဥပဒေကို ကျွန်တော် အတည်ပြုမပေးရင် ညကျ ကျွန်တော် ဆိုဖာရှည်ပေါ်မှာပဲ အိပ်နေရလိမ့်မယ်"ဟု ဘားရက်က မီဒီယာများအား နောက်ခဲ့သေး၏။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ အောင်မြင်မှုရပြီးသည့်အခါ ဥပဒေအကျိုးဆောင်များပါဝင်သည့် နက်ဝပ်ခ်တစ်ခု တည်ထောင်ရန် စဉ်းစားမိပါသည်။ ထိုနက်ဝပ်ခ်သည် ကလေးများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ တာဝန်ယူပြောကြားကြမည် ဖြစ်သည်။ ကျွန်မ လုပ်ဆောင်မှုများသည် ၂၀၁၀ ပြည့်နှစ်တွင် ဘားရက် ပြဋ္ဌာန်းလိုက် သော Affordable Care Act ကို ကောင်းစွာအထောက်အကူပြုကြောင်း တွေ့ရှိရသည်။ ထိုဥပဒေသည် အမေရိကန်အားလုံး၏ ကျန်းမာရေးနှင့်ပတ်သက်သော အာမခံချက် အားလုံးကို တိုးမြှင့်ရရှိစေခဲ့၏။ နောက်တစ်ဖန် ကျွန်မကြိုးစားသည်မှာ Joining Forces ဆိုသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ထိုလုပ်ငန်းကို ဂျီးလ်ဘီတင်နှင့် တွဲဖက်လုပ်ကိုင်ခဲ့၏။ ဂျီးလ်၏သားမှာ အီရတ်စစ်မြေပြင်မှ တာဝန်ထမ်းဆောင်ကာ ကံကောင်းထောက်မစွာဖြင့် အမိနိုင်ငံသို့ ပြန်လာနိုင်ခဲ့ခြင်း ဖြစ်သည်။ ထိုအလုပ်သည် လည်း နိုင်ငံတော်၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဘားရက်အတွက် အထောက်အကူပြုခဲ့ပါသည်။

တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့် သူတို့မိသားစုပျားအပေါ်တွင် ကျွန်မတို့ ကျေးဇူးများစွာတင်ရှိပါသည်။ ဂျီးလ်နှင့် ကျွန်မက ပူးပေါင်းကာ တပ်မတော်အသိုင်းအဝိုင်းမှ မိသားစုများကို ပံ့ပိုးနိုင်ရန်

ကြိုးစားကြပြန်သည်။ ဘားရက်ကိုယ်တိုင်ကလည်း တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့ပေးနိုင်ရန် ကြိုးစားလျက်ရှိသည်။ ထိုစဉ်ကာလတွင် ကျွန်မသည် နိုင်ငံ၌ ဩဇာအာဏာအရှိဆုံး အမှုဆောင်အရာရှိချုပ်များကို ဆက်သွယ်ကာ စစ်မှုထမ်း ဟောင်းများနှင့် သူတို့၏ ဇနီး၊ ခင်ပွန်းတို့ကို လုပ်ငန်းများ၌ အသုံးချစေရန် ကြိုးစား ပေးခဲ့သည်။ ဂျီးလ်က ကောလိပ်များနှင့် တက္ကသိုလ်များတွင် ဆရာများနှင့် ပါမောက္ခ များအား တပ်မတော်သား မိသားစုတို့၏ လိုအပ်ချက်များ ပိုမိုနားလည်စေရန် ကြိုးစားသည်။ ကာယအားဖြင့်သာမက ကျွန်မတို့ ကြိုးစားချက်မှာ ထိုပုဂ္ဂိုလ်များ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုလည်း ရရှိအောင် ဆောင်ရွက်ပါသည်။ ရုပ်ရှင် လောကဖြစ်သော ဟောလိဝုဒ်မှ ပုဂ္ဂိုလ်များကလည်း သူတို့ရိုက်ကူးသောဇာတ်လမ်း များ၌ တပ်အခြေခံသည့် ဇာတ်လမ်းများ၊ တီဗွီဇာတ်လမ်းတွဲများ ရိုက်ကူးလာကြသည်။

ကျွန်မ လုပ်ဆောင်နေသောကိစ္စကို ကြည့်မည်ဆိုလျှင် လွယ်ကူသည်ဟု ထင်ရသော်လည်း မလွယ်ကူပါ။ သို့သော် ထိုကိစ္စများကို ခင်ပွန်းဖြစ်သူ ဘားရက်ကလည်း ပါဝင်ကူညီပေးသဖြင့် အောင်မြင်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် ညအခါများ တွင် သူက စိတ်ကူးစိတ်သန်းကောင်းများဖြင့် ကူညီ၏။ ကျွန်မ သူနှင့်တွေ့သည့်အချိန်ကစ၍ ဘားရက်သည် ညအချိန်များတွင် ပိုမို စိတ်ကူးရင့်သန်ကြောင်း သတိထားမိသည်။ တိတ်ဆိတ်ငြိမ်သက်နေသော ညအချိန်များတွင် သူသည် သတင်းအသစ်များ ရရှိသကဲ့သို့ သူ့စိတ်ကူးမြေပုံများပေါ်တွင် မည်သို့လုပ်ရမည်ဆိုသည်ကို ဖြည့်စွက် စဉ်းစားတတ်သည်။ ညပိုင်းများတွင် သူ့ဝန်ထမ်းတို့သည် သူနားခိုနေသည့် အခန်းသို့ အကြိမ်အရေအတွက် ပိုမိုများပြားစွာ ဝင်ထွက်လာကြပြီး စာရွက်စာတမ်းများလည်း များပြားလာသည်။ အောက်ထပ်ရုံးခန်း၌ ဝန်ထမ်းများ အလုပ်လုပ်နေကြဆဲ ဖြစ်သည်။ အကယ်၍ ဘားရက် ဆာသည်ဆိုပါက တစ်ဦးဦးက သစ်သီးယူဆောင်လာပါလိမ့် မည်။ ယခုဆိုလျှင် ဘားရက်သည် ဆေးလိပ် လုံးဝမသောက်တော့ဘဲ တစ်ခါ တစ်ရံ၌ နီကိုတင်းကိုသာ ဝါးနေတတ်ပါသည်။ ရက်သတ္တပတ်၏ ညအတော်များများတွင် သူသည် အလုပ်စားပွဲ၌ နံနက်တစ်နာရီ သို့မဟုတ် နှစ်နာရီအထိ ထိုင်နေတတ်သည်။ မှတ်စုများကို ဖတ်ရှုခြင်း၊ မိန့်ခွန်းများ ပြန်လည်ရေးသားခြင်း၊ အီးမေးလ်များ ပြန်ကြား ခြင်းတို့ကို ဆောင်ရွက်၏။ သို့သော် သူသည် အလုပ်မည်မျှပင် များစေကာမူ ကျွန်မနှင့် သမီးတို့ အိပ်ခါနီးအချိန်တိုင်း အနမ်းဖြင့် လာရောက်နှုတ်ဆက်တတ်ပါသည်။

ကျွန်မအနေဖြင့် အလေ့အကျင့်ရသွားခဲ့ပြီ ဖြစ်သည်။ မည်သည့်အခါမျှ ပြီးဆုံးနိုင်မည်မဟုတ်သော အုပ်ချုပ်ရေးကိစ္စများကို သူလုပ်နေမည်သာ ဖြစ်သည်။ ကျွန်မနှင့် သမီးတို့သည် သူ၏ ဇနီးနှင့်သမီးများ ဖြစ်သော်လည်း ကျန်သည့် တိုင်းသူ ပြည်သားများနည်းတူ ဝေမျှခံစားရသူများသာ ဖြစ်သည်။ သန်းသုံးရာထဲတွင်

ကျွန်မတို့ လည်း အပါအဝင် ဖြစ်ပါ၏။ သူ ခိုလှုံသည့် အခန်းငယ်ထဲတွင် ထားခဲ့ကာ တွေး ချင်ရာတွေးခွင့် ပေးခဲ့ရသည်သာ။

သန်းခေါင်ယံကျော်ပြီဆိုလျှင် ဘားရက် လုပ်လေ့ရှိသည့်အလုပ်မှာ အမေရိကန်ပြည်သူလူထုထံမှ ရေးသားပေးပို့သောစာများကို ဖတ်ခြင်းပင်ဖြစ်သည်။ သမ္မတ ဖြစ်ကတည်းက ဘားရက်က သူ့ဝန်ထမ်းကို အနည်းဆုံး တစ်ညလျှင် ဆယ်စောင်သူ့ထံ ပေးပို့ရန် ညွှန်ကြားထားသည်။ ရောက်ရှိသောစာများမှာ တစ်နေ့လျှင် တစ် သောင်းငါးထောင်ခန့်ရှိပြီး ထိုအထဲကမှ သူ့ဝန်ထမ်းက ရွေးခြယ်ပေးရခြင်းဖြစ်၏။ သူသည် စာတိုင်းကို စေ့စေ့စပ်စပ် ဖတ်သည်။ ထို့နောက် မည်သို့ပြန်ရမည်ဆိုသည်ကို သူ့ဝန်ထမ်းအား ညွှန်ကြား၏။ တစ်ခါတစ်ရံတွင် ဝန်ထမ်းမဟုတ်ဘဲ ကက်ဘိနက် အတွင်းရေးမှူးအား ပြန်ခိုင်းသည်လည်း ရှိပါ၏။ စာများမှာ ဆေးဝါးကုသရန် မတတ်နိုင်သည့် ကင်ဆာဝေဒနာရှင်များ၊ နေထိုင်ရန် အိမ်မရှိတော့သည့် အိုးမဲ့အိမ်မဲ့ များ ပါဝင်သကဲ့သို့ လိင်တူလက်ထပ်ထိမ်းမြားခွင့်ရရန် တောင်းဆိုသူများ၏ စာများလည်း ပါဝင်ပါသည်။ အချို့စာများမှာ မိခင်များ၊ အဘိုးအဘွားများ၊ ကလေးငယ်များ ထံမှ ဖြစ်တတ်၏။ သူ လုပ်ဆောင်ပေးနိုင်သည့် ကိစ္စမှန်သမျှကို လုပ်ဆောင်ပေးသည် သာဖြစ်သည်။

ဘားရက်က တိုင်းသူပြည်သားတို့၏ ခံစားမှုမှန်သမျှကို လုပ်ဆောင်ပေးရန် တာဝန်ရှိသည်ဟု ကျမ်းသစ္စာကျိန်ဆိုထားသူ တစ်ဦးအနေနှင့် ခံယူသည်။ သို့သော် အလုပ်မှန်သမျှကို ခက်ခက်ခဲခဲနှင့် သူတစ်ယောက်တည်း လုပ်ဆောင်နေရသည်ဖြစ်ရာ ကျွန်မအနေဖြင့် စိတ်ပင်ပန်းမိပါသည်။ သို့သော် သူကမူ မည်သူ့ကိုမဆို ရင်ဖွင့်ကြိုဆိုမြဲ ဖြစ်၏။ ကျွန်မတို့မိသားစုဝင်၊ အခြားသူများ အိပ်စက်နေချိန်တွင် သူကမူ စိတ်ကူး၍ ကောင်းနေဆဲဖြစ်၏။

※

တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့ ညနေပိုင်းများတွင် အသက် ၁၀နှစ်အရွယ်ရောက် လာပြီဖြစ်သည့် ဆာရှာက အမေရိကန်တက္ကသိုလ် ကိုယ်လက်လေ့ကျင့်ရေးဌာနတွင် ရေကူးလေ့ကျင့်သည်။ ထိုနေရာမှာ အိမ်ဖြူတော်နှင့် မိုင်အနည်းငယ်ကွာဝေးသဖြင့် တစ်ခါ တစ်ရံ၌ ကျွန်မကိုယ်တိုင်လိုက်ပါကာ သူ လေ့ကျင့်ခန်းလုပ်သည်များကို ကြည့် မိသည်။ ရေကူးကန်နံဘေး၌ ကလေးများအား စောင့်ကြည့်သည့် မိဘများ ထိုင်နိုင် ရန် အခန်းငယ်တစ်ခု စီစဉ်ထားသည်ဖြစ်ရာ အမှတ်တမဲ့ ကျွန်မ ဝင်ထိုင်လိုက်လျှင် သတိမပြုမိကြတော့ပေ။

အားကစားလေ့ကျင့်သည် ဆိုရာမှာ နာရီပေါင်းများစွာ ကြာမြင့်ပြီး ကျွန်မ လိုက်ကြည့်မည်ဆိုပါက လုံခြုံရေးများအနေဖြင့် အစီအစဉ်ပေါင်းများစွာ လုပ်ဆောင် ရမည်ဖြစ်သည်။ သို့သော် သူတို့နှင့်ကျွန်မ နားလည်မှုယူလိုက်ကာ ပေါ့ပေါ့ပါးပါးပင်

ဖြစ်စေပါသည်။ သမ္မတကတော် မဖြစ်မီက ကျွန်မသည် ခပ်သွက်သွက်လမ်းလျှောက် တတ်သူဖြစ်ပြီး ဟိုဟိုဒီဒီ မျက်စိမကစားတတ်သူ ဖြစ်သည်။ အားကစားလေ့ကျင့်သည့် ကျောင်းသူကျောင်းသားများကြားမှ အမှတ်တမဲ့ဖြတ်သန်းနိုင်ကာ သူတို့ကလည်း Zumba လေ့ကျင့်ခန်းများကို အစွမ်းကုန်လေ့ကျင့်နေကြသည်ဖြစ်သည်။ တစ်ခါတစ်ရံ ၌ မည်သူမျှပင် မသိလိုက်ကြပေ။ သို့သော် တစ်ခါတစ်ရံ တစ်ယောက်တလေက မှတ်မိသွားသည့်အခါ "ဟေး... ဟိုမှာ မစ်ရှယ်လ်အိုဘားမားပါလား"ဟု အချင်းချင်း သတင်းပေးတတ်ကြသည်။ သို့သော် မည်သည့်အခါမျှ ရုတ်ရုတ်သဲသဲ မရှိခဲ့ပေ။ လေ့ကျင့်သည့် ညများတွင် ရေကူးကန်နံဘေးမှ ခုံများသည် အများအားဖြင့် လွတ်နေတတ်ပါသည်။ ကလေးများအား လာရောက်စောင့်ကြပ်သည့် မိဘတို့မှာလည်း သူတို့အချင်းချင်း စကားစမြည်ဆိုသူက ဆို၊ တယ်လီဖုန်းကလိသူက ကလိ ရှိနေကြသည်။ ထိုနေ့မျိုးများတွင် ကျွန်မသည် တစ်နေရာ၌ ထိုင်ကာ ကလေးများ ရေကူးနေကြသည်ကို လေ့လာနေတတ်ပါသည်။

သမီးတို့က သူတို့အတွေ့အကြုံများကို သူတို့ပြောတတ်သည့်အတိုင်း ပြောသည့်အခါ ကျွန်မ ကျေနပ်မိသည်။ သူတို့စကားများသည် အိမ်ဖြူတော်သုံးစကားများ မဟုတ်။ မိဘများရှေ့မှောက်တွင် ပြောသည့်စကားများ မဟုတ်။ သူတို့အချင်းချင်း လွတ်လွတ်လပ်လပ် ပြောဆိုကြသည့် စကားများပင် ဖြစ်သည်။ ဆရာသည် ရေကူး သန်သူဖြစ်ပြီး စိတ်လည်းပါသည်။ လိပ်ပြာကူး၌ အထူးကျွမ်းကျင်၏။ အပြာရောင် ရေကူးဦးထုပ်ကလေးဆောင်းကာ ရေကူးဝတ်စုံနှင့် ကူးနေသည်မှာ မျက်စိပသာဒ ရှိပါသည်။ သူတို့အား စောင့်ကြပ်နေသည့် ရေကူးနည်းပြများက လိုအပ်သည်များကို သင်ကြားပို့ချပေးသည်။

ကျွန်မအတွက် ယခုကဲ့သို့ လွတ်လွတ်လပ်လပ် ထိုင်ကာ သမီးအား ကြည့်နေစဉ် နံဘေး၌လည်း ပရိသတ်အချို့ ရှိနေသည်ကို သိသော်လည်း ကျေနပ်မိပါသည်။ သမီးတို့သည် သူစိမ်းများအလယ်တွင် အိမ်ဖြူတော်မှ ကလေးများအဖြစ် လွတ်လွတ် လပ်လပ် ရေကူးနေကြသည်။ ကျွန်မက သမီးတို့၏ ပုံရိပ်ကို တတ်နိုင်သမျှ မထိခိုက် ဘဲ ရှိစေချင်ပါသည်။ ဘားရက်နှင့်ကျွန်မက သူတို့သည် အမေရိကန်သမိုင်း၏ အခန်းကဏ္ဍတစ်ခုတွင် ပါဝင်ပတ်သက်ခဲ့ဖူးသည် ဆိုသည်ကို သိစေချင်လှပါသည်။ ဘားရက်၌ ပြည်ပခရီးစဉ်များရှိချိန် သမီးတို့ကလည်း ကျောင်းပိတ်ချိန်နှင့် ဆုံလျှင် ကျွန်မတို့ မိသားစုအလိုက် ခရီးထွက်ကြပါသည်။ ထိုသို့ဖြင့် သမီးတို့အား ဗဟုသုတ ရစေချင်၏။ ၂၀၀၉ ခုနှစ်၌ မော်စကိုမြို့သို့ ခရီးစဉ်ရှိပြီး ကရင်မလင်နန်းတော်သို့ လည်ပတ်ခွင့်ရခဲ့သည့်အပြင် ရောမနိုင်ငံမှ ပုပ်ရဟန်းမင်းကြီး၏ မြို့တော် ဗာတီကင် သို့လည်း ရောက်ခဲ့ကြ၏။ ၇ ရက်ခန့်သာကြာသောခရီးစဉ်တွင် သူတို့သည် ရောမနိုင်ငံ မှ အဆောက်အဦကြီးများကို လေ့လာခွင့်ရခဲ့သကဲ့သို့ ဂါနာနိုင်ငံမှ

“ပြန်လမ်းမရှိတံခါးပေါက်များ”သို့လည်း လည်ပတ်ခွင့်ရခဲ့သည်။ ထိုနေရာ၌ အာဖရိကန်လူမျိုး ထောင်ပေါင်းများစွာတို့ ကျွန်အဖြစ် ရောင်းစားခံရသော နေရာလည်း ဖြစ်သည်။

ကလေးများအနေဖြင့် ထိုမျှ များပြားသော အချက်အလက်များကို မှတ်သား ရန်ဆိုသည်မှာ မလွယ်ကူလှသော်လည်း သူတို့အရွယ်နှင့် တတ်နိုင်သမျှ မှတ်သားမိစေ ချင်ပါသည်။ နွေရာသီကျောင်းပိတ်ရက် ခရီးစဉ်များမှ ပြန်ရောက်လာသောအခါ ဆာရှာသည် တတိယတန်းသို့ တက်ရတော့မည်ဖြစ်၏။ ထိုညက ကျွန်မက ဆာရှာ အား “နွေရာသီကျောင်းပိတ်ရက်အတွင်း ကျွန်မ လုပ်ဆောင်ခဲ့သည်များ” ခေါင်းစဉ် ဖြင့် သူ့ကို စာစီစာကုံးတစ်ပုဒ် ရေးစေခဲ့သည်။ “ကျွန်မ ရောမကို သွားပါတယ်။ ပုပ်ရဟန်းမင်းကြီးနဲ့ တွေ့ခဲ့တယ်”ဟု ဆာရှာက ရေး၏။ “သူ့လက်မတစ်ဖက်မှာ မရှိပေ”ဟု လည်း ဖြည့်စွက်ထားသည်။

၁၆ ဆက်မြောက် ပုပ်ဘားနာဒက်၏ လက်မနှင့်ပတ်သက်၍ ကျွန်မကိုယ်တိုင် မည်သို့ပြောရမည် မသိပါ။ အချို့အစိတ်အပိုင်းများ မရှိသည်မှာ အမှန်ပင်။ သို့သော် လူကြီးများပင် သေသေချာချာ လေ့လာကြည့်မှ တွေ့မြင်နိုင်သောအချက်ကို ၈ နှစ်အရွယ်ကလေးက စေ့စေ့စပ်စပ်မြင်ခဲ့သည်။ သမီးသည် အမြင်စူးရှသူဟု ဆိုရ ပေမည်။

ကျွန်မတို့က ကလေးများနှင့် ဘားရက်၏ အလုပ်များကြား ဆက်စပ်မှုမရှိစေရန် ကြိုးစားကြသော်လည်း ဆာရှာနှင့်မလီယာတို့မှာ အခြားကလေးများနှင့်စာလျှင် အတွေ့အကြုံအများအပြား ရှိနေ၏။ အခြားကလေးများထက် နိုင်ငံတကာ အရေး အခင်းကိစ္စများကို ကြားဖူးနေကြသည်။ သူတို့ရှေ့မှာပင် ပြောဆိုနေကြခြင်းကြောင့် ဖြစ်သကဲ့သို့ တစ်ခါတစ်ရံ၌ သူတို့အဖေသည် နိုင်ငံတော်၏ လုံခြုံရေးကိစ္စအရေးပေါ် ခေါ်ယူခြင်းခံရသည်ကိုလည်း သူတို့ သိနေကြသည်။ ကျွန်မအတွက်မူ အိပ်မက်ထဲ တွင် မြင်မက်ခဲ့သော ခြင်္သေ့များနှင့် ချီတာတို့၏ အနီးကပ် ချဉ်းကပ်လာပုံကို မြင် ယောင်နေမိတော့သည်။

၂၀၁၁ ခုနှစ်၏ ဆောင်းရာသီတွင် နယူးယောက်မှ အိမ်ခြံမြေလုပ်ငန်းရှင်ကြီး ဒေါ်နယ်ထရမ့်က စတင်အသံထွက်လာသည်။ ၂၀၁၂ ခုနှစ် ဘားရက် ပြန်လည် ယှဉ်ပြိုင်ရမည့်နှစ်တွင် သူက ရီပါဘလီကင် ကိုယ်စားလှယ်အနေဖြင့် ဝင်ရောက်ယှဉ် ပြိုင်မည်ဟု ဆိုလာ၏။ အများအားဖြင့် သူသည် အသံပေးရုံသာ ပေးခြင်းဖြစ်သည်။ သတင်းများတွင်လည်း မစားရ ဝ,ခမန်း ပြောကြားလာသည်။ ဘားရက်၏ နိုင်ငံခြား ရေးပေါ်လစီသည် မှားယွင်းနေကြောင်း ပြောကြားသည့်အပြင် ဘားရက်သည် အမေရိကန်နိုင်ငံသား ဟုတ်,မဟုတ် သံသယရှိဖွယ်ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်းပင် ပြောဆိုလာတော့သည်။ ထိုပြဿနာမှာ ဘားရက် စည်းရုံးရေးကာလကတည်းက

ပေါ်ပေါက်နေသော ပြဿနာဖြစ်သည်။ ဟာဝိုင်ယီတွင် မွေးဖွားသည်ဟု တင်ပြထားသော မွေးစာရင်းသည် အတုဖြစ်ပြီး ကင်ညာနိုင်ငံတွင်သာ မွေးဖွားခဲ့သူဖြစ်ကြောင်း စွပ်စွဲကြသည်။ ထရမ့်ကမူ ဤပြဿနာကို ခြေခြေမြစ်မြစ် သူ ဖော်ထုတ်မည်ဟု ဆိုလာ၏။ ရုပ်မြင်သံကြား အစီအစဉ်များတွင် ပြောကြားရာ၌ ၁၉၆၁ ခုနှစ်က ဟိုနိုလူလူသတင်းစာ၏ ကြေညာချက်၌ ဘားရက်၏ မွေးစာရင်းသည် အတုဖြစ်ပြီး သူနှင့်အတူ သူငယ်တန်းတက်ခဲ့ကြသော သူငယ်ချင်းများကလည်း မည်သူကမျှ မမှတ်မိဟု ဆိုကြသည်။ ထိုသတင်းများမှာ ပွထလာခဲ့သည်။ အထူးသဖြင့် ကွန်ဆာဗေးတစ်တို့က ပိုမိုစိတ်ဝင်စားကြ၏။ ထရမ့်၏ မီးစကို သူတို့က အောက်ဆီဂျင် ထိုးပေးနေ ကြသည်။

ထရမ့်ပြောသမျှမှာ မဖြစ်နိုင်သည့်ကိစ္စများ ဖြစ်သော်လည်း အန္တရာယ်များသည်မှာ အမှန်ပင်ဖြစ်သည်။ ကျွန်မအနေဖြင့် တစ်ဖက်မှ တုံ့ပြန်လာမည့်ကိစ္စများကို စိုးရိမ်မိ၏။ ထောက်လှမ်းရေးများ ကလည်း ကျွန်မအား အချိန်တိုင်း သတင်းနှင့်ပတ်သက်၍ တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကို အသိပေးနေကြသည်။ စိတ်မပူရန် ကြိုးစားသော်လည်း စိတ်ပူမိသည်သာဖြစ်၏။ အကယ်၍ သေနတ်ကိုင်သမားတစ်ယောက် ဝါရှင်တန်သို့ တက်လာပြီး ပစ်ခတ်မည်ဆိုလျှင် မည်သို့ဖြစ်မည်နည်း။ ကျွန်မသမီးများ ကို အန္တရာယ်ပြုမည်ဆိုလျှင်လည်း ဒုက္ခရောက်နိုင်သည်။ ဒေါ်နယ်ထရမ့်သည် အသံကျယ်ကျယ်နှင့် နှုတ်ကြမ်း၊ ကိုယ်ကြမ်းရှိသူဖြစ်၍ ကျွန်မတို့မိသားစု၏ လုံခြုံရေး မှာ စိတ်ပူရပါသည်။ ထို့ကြောင့် ကျွန်မ သူ့ကို မည်သည့်အခါမျှ ခွင့်လွှတ်မည် မဟုတ်ပေ။

ကျွန်မတို့မှာ ရွေးချယ်စရာ အနည်းငယ်သာရှိပါသည်။ ကြောက်ရွံ့စိတ်များ ကို ဖယ်ရှားကာ ကျွန်မတို့အား လုံခြုံစွာ ကာကွယ်ပေးထားသော ပုဂ္ဂိုလ်များအား ယုံကြည်လိုက်ရန်သာ ဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့သည် ကျွန်မတို့အား နှစ်ရှည်လများ စောင့်ရှောက်ခဲ့ကြသည်။ သူတို့ကလည်း ကျွန်မတို့အပေါ်တွင် ယုံကြည်စိတ်ချမှုရှိသည်။ စည်းရုံးရေးကာလက မဲဆန္ဒရှင်များနှင့်တွေ့လျှင် သူတို့က ကျွန်မတို့၏လက် များကို ဆွဲကိုင်ကာ “ရှင်တို့ကို ဘယ်သူမှ အန္တရာယ်မပြုပါစေနဲ့လို့ ဆုတောင်းပါ တယ်” ဟု ဆိုခဲ့ကြဖူးသည်။ လူမျိုးဘာသာမရွေး၊ အသက်အရွယ်မရွေး၊ ဆင်းရဲချမ်း သာမရွေး အားလုံးသည် ကျွန်မတို့အပေါ်တွင် မေတ္တာထားခဲ့ကြ၏။ “ကျွန်မတို့ ရှင်တို့မိသားစုအတွက် နေ့တိုင်း ဆုတောင်းပါတယ်”ဟုလည်း ဆိုခဲ့ကြသည်။

သူတို့ပြောစကားများကို ကျွန်မရင်တွင်း၌ သိမ်းထားမိသည်။ သန်းပေါင်း များစွာသော အဆင့်ရှိသည့် ပြည်သူများ၏ မေတ္တာသည် ကျွန်မတို့အား လုံခြုံစေလိမ့်မည်ဟု ယုံကြည်ပါသည်။ ဘားရက်နှင့် ကျွန်မတို့က ကိုယ့်ကိုယ်ကို

ယုံကြည်မှုလည်း ရှိပါသည်။ ဘုရားရှိခိုးကျောင်းသို့ ပုံမှန်တက်ခဲ့ကြသော်လည်း ယခုအခါတွင်မူ ပျက်ကွက်ခဲ့ကြသည်။ ဘုရားရှိခိုးကျောင်းသို့သွားလျှင် သတင်းထောက်များက အော် ဟာစ်ကာ မေးခွန်းများ မေးတတ်ခြင်းကြောင့် ရှောင်ခဲ့ကြခြင်း ဖြစ်ပါ၏။ ဘုန်းတော် ကြီး ဂျာရာမီးယားရိုက်၏ လုံခြုံရေးသည်ပင်လျှင် စိတ်ပူစရာဖြစ်လာခြင်းကြောင့် ဘားရက်က စီစဉ်ပေးခဲ့ရသည်။ ဘားရက်၏ ပြိုင်ဘက်တို့သည် ယုံကြည်မှုကို လက်နက်သဖွယ် အသုံးပြုရန် ကြိုးစားလာခဲ့ကြသည်။

ဘားရက်သည် "လျှို့ဝှက်မွတ် စလင်"တစ်ဦးဖြစ်သည်ဟု ဆိုကြ၏။ ကျွန်မတို့က ဘုရားကျောင်းသို့ သွားရောက်ရှိခိုး ခြင်းမပြုတော့ဘဲ အိမ်မှာပင် ရှိခိုးကြသည်။ ညနေတိုင်း ညစာမစားမီ ဘုရားရှိခိုးကြသည်။ တနင်္ဂနွေနေ့များတွင်မူ သမီးတို့အား ဘုရားကျောင်းသို့ ပို့ပေးကြပါသည်။ ဝါရှင်တန်တွင် ကျွန်မတို့ ဘုရားကျောင်း မတက်ဖူးပါ။ ပြဿနာကို ရှောင်ရှားလိုခြင်း ကြောင့်သာဖြစ်ပါသည်။ ချီကာဂိုတွင် ကျွန်မတို့တက်သော ဘုရားကျောင်းနှင့် ဝါရှင်တန်ရှိ ထရီနီတီဘုရားကျောင်းတို့သည် အတူတူပင်ဖြစ်ပါသည်။ ဘုရားကျောင်း သို့ သွားလိုက်လျှင် နွေးထွေးမှုကို အလိုလိုပင် ခံစားရပါသည်။ ညစဉ်ညတိုင်း ဘားရက်ကိုကြည့်လိုက်လျှင် ဘားရက်သည် သူ့မျက်လုံးကို မှိတ်ထားကာ ဘုရားစာ ရွတ်ဆိုနေသည်ကို တွေ့ရပါသည်။

ဘားရက်၏ မွေးရာဇာတိနှင့်ပတ်သက်၍ ကောလာဟလများ ပေါ်ထွက် လာပြီးသည့်နောက် နိုဝင်ဘာလ၏ တစ်ခုသော သောကြာညတွင် လူတစ်ယောက် သည် သူ့ကားကို ကွန်စတီကျူးရှင်းအဗဲနျူးတွင် ရပ်ကာ ရိုင်ဖယ်သေနတ်ဖြင့် အဆက်မပြတ် ပစ်တော့သည်။ သူ့ပစ်မှတ်မှာ အိမ်ဖြူတော်၏ အပေါ်ဆုံးထပ် ဖြစ်၏။ ကျည်ဆန်တစ်တောင့်က အဝါရောင် ဘဲဥပုံရုံးခန်း၏ ပြတင်းပေါက်ကို ထိမှန်သွားသည်။ ထိုနေရာမှာ ကျွန်မ မကြာခဏထိုင်ပြီး လက်ဖက်ရည်သောက်တတ်သော နေရာပင် ဖြစ်၏။ နောက်ထပ် ကျည်ဆန်တစ်တောင့်က တံခါးပေါင်တွင် ဝင်သွားပြီး သူပစ်သမျှ ကျည်ဆန်တို့မှာ ခေါင်မိုးပေါ်သို့သာ ဖောက်ထွက်သွားပါသည်။ ထိုညက ဘားရက်နှင့်ကျွန်မ အပြင်သို့ရောက်နေပြီး မလီယာလည်း ကျွန်မတို့နှင့် ပါလာသည်။ ဆာရှာနှင့်အမေသာ အိမ်ဖြူတော်၌ ကျန်ရစ်ခဲ့သည်။ သို့သော် ခလုတ်မထိ ဆူးမငြိခဲ့ ပါ။ အဝါရောင် ဘဲဥပုံရုံးခန်းမှ မှန်များကို ပြန်လည်ပြင်ဆင်ရန်အတွက် ရက်သတ္တပတ်ပေါင်းများစွာ အချိန်ယူခဲ့ရသည်။ ထိုသို့ ပြင်ဆင်သည့်အခါမှသာ မည်မျှထူထူ ထဲထဲ တည်ဆောက်ထားသည်ကို တွေ့ရတော့သည်။

ခြုံ၍ ပြောရမည်ဆိုပါလျှင် ချစ်ခြင်း၊ မုန်းခြင်းမုန်းသမျှကို လျစ်လျူရှုထားရန်ပင်ဖြစ်သည်။ မလီယာက ဆစ်ဝဲလ်ကျောင်းတွင်

တင်းနစ်အသင်း၌ ပါဝင်နေသည်။ ဝစ္စကွန်ဆင်ရိပ်သာလမ်းရှိ ကျောင်း၏ ကစားကွင်းတွင် နေ့စဉ် လေ့ကျင့်ရသည်။ တစ်နေ့တွင် ကစားကွင်းအတွင်း၌ ရှိနေသော မလီယာထံသို့ အခြားကျောင်းသူတစ်ဦး၏ မိခင်ဖြစ်သူ အမျိုးသမီးက ပျားပန်းခပ် ရှုပ်ယှက်ခတ်နေသောလမ်းကို ကူးလာ ကာ မလီယာအား "ဒီလို အပြင်မှာ ကစားတာ မကြောက်ဘူးလား"ဟု မေးလာသည် ဆို၏။

အတွေ့အကြုံရှိနေပြီဖြစ်သော ကျွန်မသမီးက သူ့အသံကို ထိန်းကာ "ကျွန်မ တို့က နေ့စဉ်နေ့တိုင်း သေခြင်းတရားနဲ့ ရင်ဆိုင်နေကြရသူတွေပါ။ ဘာဖြစ်လို့ ဒီနေရာ ကျမှ ကြောက်ရမှာလဲ"ဟု ပြန်ဖြေလိုက်သည် ဆို၏။ အဓိပ္ပာယ်မှာ မကြောက်ဘူးဟု ဆိုလိုက်ခြင်းပင် ဖြစ်ပါသည်။

နောက်နှစ်နှစ်ခန့် ကြာသောအခါ ထိုအမျိုးသမီးပင် ကျောင်း၌ ကျင်းပ သော မိဘများနေ့၌ ကျွန်မထံ လာရောက်တွေ့ဆုံကာ မလီယာအား သူမေးခဲ့သည့် မေးခွန်းအတွက် မှားပါကြောင်း ဝန်ခံလာသည်။ အမှန်တကယ်တွင် ကလေးက ကြောက်နေသည်ဆိုဦးတော့ လူကြီးတစ်ယောက်အနေဖြင့် အားပေးရမည်သာ ဖြစ်ပါသည်။ မလီယာ၏အဖြေကို ကြားရသောအခါ သူ အံ့အားသင့်ခဲ့ရသည်ဟု ဆိုပါ၏။

※

စိန်ခေါ်မှုများသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေ၏။ ကျွန်မကလေးများ သည် သာမန်မိသားစုများ မပေးနိုင်သည့် အခွင့်အရေးမျိုးကို ရရှိကာ ကြီးပြင်းလာကြသည်။ လုလုပပအိမ် ရှိသည်။ စားပွဲပေါ်တွင် စားစရာအဆင်သင့်။ သူတို့ပတ်ဝန်း ကျင်တွင် ရှိသူများက သူတို့အား ချစ်ကြသည်။ ပညာရေးအတွက် သူတို့ကိုယ်တိုင် ကြိုးပမ်းရန်သာ လိုပါတော့သည်။ ကျွန်မကလည်း မလီယာနှင့်ဆာရှာတို့ တိုးတက်မှု အတွက် တတ်နိုင်သမျှ တိုးတက်စေရန် အားဖြည့်ပေးပါသည်။ သို့သော် သမ္မတ ကတော်တစ်ယောက်ဖြစ်နေသဖြင့် လိုအပ်သည်ထက် ပိုမိုအခွင့်အရေးမယူမိစေရန် လည်း သတိထားရပါသည်။ ကျွန်မကိုယ်တိုင်က သမီးတို့အပေါ်တွင် တာဝန်ရှိသည် ဟု ခံယူသည်။ အချို့က ဤသို့ဖြစ်ခြင်းမှာ ကျွန်မကိုယ်တိုင်က တစ်ဦးတည်းသော သမီးဖြစ်နေခြင်းကြောင့် ဖြစ်မည်ဟု သုံးသပ်ကြပါသည်။ အံ့သြဖွယ်ကောင်းသည်မှာ ချီကာဂိုကဲ့သို့သော ကျေးလက်ဆင်ခြေဖုံးတွင် နေထိုင်သည့် မိန်းကလေးသည် အထက်တန်းစား ကျောင်းများတွင် တက်ရောက်ပညာသင်ကြားပြီး ရာထူးကောင်း ကောင်းများရရှိကာ နောက်ဆုံး၌ အိမ်ဖြူတော်သို့ ရောက်လာခဲ့သည်။ ကျွန်မသည် ရည်မှန်းချက်ကြီးမားသူဖြစ်ကြောင်း သိပါ၏။ သို့သော် ဘာကြောင့် ထိုကဲ့သို့ ရည်မှန်းချက်ကြီးမားရသနည်းဟု မေးခဲ့သည်ရှိသော် ကျွန်မ ဖြေတတ်မည် မဟုတ်ပါ။ ကျွန်မတက်ရောက်ခဲ့သည့် အစည်းအဝေးပေါင်းများစွာတွင်

လူမည်းအမျိုးသမီးဦးရေ မှာ အင်မတန် နည်းပါးလှပါသည်။ အထူးသဖြင့် VIPဟု သတ်မှတ်သော လူတန်းစား ထဲတွင် လူမည်းအမျိုးသမီးတို့မှာ ရှားရှားပါးပါး ပါခဲလှပါသည်။ ထိုသို့ ရှားပါးသည့် အထဲတွင် ကျွန်မက ပါဝင်သွားခဲ့သည်။ ကျွန်မအမေဆိုလျှင် မည်သည့်အခါမျှ ရှေ့တန်းသို့တက်ရန် မကြိုးစားခဲ့သူ ဖြစ်သည်။ ခရိတ်နှင့်ကျွန်မအား သွန်သင်ဆုံးမ သော်လည်း သူကိုယ်တိုင်ကမူ ရှေ့မထွက်ပေ။

ကျွန်မဇာတ်လမ်း၏ အရေးကြီးသောအခန်းကဏ္ဍများမှာ အပေါ်ယံတန်ဖိုး နည်းပါးပြီး မမြင်နိုင်သော တန်ဖိုးများကသာ ပိုမိုများပြားသည်ကို ကျွန်မ သိပါသည်။ နှစ်ပေါင်းများစွာ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု ရှိစေရန် ကြိုးပမ်းအားထုတ်ခဲ့ရသည်။ ကျွန်မအား အားပေးခဲ့ကြသူအားလုံးကို မည်သည့်အခါမျှ မမေ့လျော့ခဲ့ပါ။ သူတို့သည် အခြေခံကျသော ကျွန်မပတ်ဝန်းကျင်ကို ဖန်တီးပေးခဲ့ကြပြီး ထိုသူအားလုံးမှာ လူမည်း များမဟုတ်ခဲ့ကြသကဲ့သို့ အမျိုးသမီးများလည်း မဟုတ်ခဲ့ကြပေ။

ကျွန်မ၏ ဘွားလေးတော်စပ်သူ ရော်ဘီကို တွေးမိသည်။ သူသည် စန္ဒရား သင်ရာ၌ တိကျသည်။ စန္ဒရားတီးရာတွင် မေးကိုမော့ကာ နှလုံးသားနှင့် တီးခတ်နိုင်ရန် ကျွန်မအား သင်ကြားပေးခဲ့သည်။ အဖေဆိုလျှင် လက်ဝှေ့ထိုးနည်း သင်ပေးသကဲ့ သို့ ဘောလုံးကန်ရန်လည်း ခရိတ်နှင့်အတူ သင်ပေးခဲ့၏။ ရှိပါသေးသည်။ မစ္စတာ မာတင်နက်ဇ်နှင့် မစ္စတာဘဲနက် ဆိုသည့် ကျွန်မ မူလတန်းကျောင်းဖြစ်သော ဘရိုင် ယန်ကျောင်းမှ ဆရာများဖြစ်သည်။ သူတို့သည် မည်သည့်အခါကမျှ ကျွန်မပေးသော အကြံများကို ပယ်ချလေ့မရှိခဲ့ပေ။ အမေကမူ ကျွန်မအနားတွင် အနီးကပ် အားပေး ကူညီခဲ့သူဟု ဆိုရပါမည်။ ပရင်စတန်ကျောင်းသို့ ရောက်သောအခါ စီဇာနီးဘရပ် ဆဲလ်က ကျွန်မအနားတွင် အနီးကပ်အမြဲရှိကာ အားပေးခဲ့သည်။ အသက်ငယ်ငယ် ရွယ်ရွယ်နှင့် အသက်မွေးဝမ်းကျောင်းပညာရှင် ဖြစ်လာသည့်အချိန်၌ အခြားပုဂ္ဂိုလ်များ ရှိလာပြန်သည်။ ဆူဇန်းနီးရှားနှင့် ဗယ်လာရီဂျားရက်တို့ ဖြစ်၏။ ယခုအချိန်တိုင် မိတ်ဆွေကောင်းများအဖြစ် ရပ်တည်နေကြဆဲဖြစ်သည်။ သူတို့ကြောင့်သာ ကျွန်မသည် အလုပ်လုပ်သော မိခင်တစ်ယောက်အဖြစ် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဖော်ပြပါ ပုဂ္ဂိုလ်များအပြင် ကျွန်မ မသိသော၊ မည်သည့်အခါမျှလည်း ဆုံစည်းလိမ့်မည်မဟုတ်သော ပုဂ္ဂိုလ်များစွာ ရှိပါသည်။ သူတို့သည် ကျွန်မနှင့် ဆက် စပ်ထိတွေ့ခြင်း မရှိကြပါ။ သို့သော် သူတို့သည် ကျွန်မအတွက် အဓိပ္ပာယ်ရှိသော သူများ ဖြစ်ကြပါသည်။ ငယ်စဉ်က သီဆိုခဲ့သော ဓမ္မတေးတွင် “ဟုတ်တယ် ကလေး၊ မင်း ဒီဟာ ရခဲ့ပြီ” ဆိုသည့် စာပိုဒ်ကို အမြဲ သတိရနေမိပါသည်။

ကျွန်မ မည်သည့်အခါမျှ မမေ့ပါ။ အငယ်တန်းရှေ့နေတစ်ယောက် ဖြစ်

လာသည့်တိုင်အောင် မြင်မြင်သမျှကို စပ်စုတတ်၏။ ကျွန်မထက်ငယ်သော လူငယ်များနှင့် စကားဖောင်ဖွဲ့တတ်သည်။ သူတို့နှင့် စကားပြောခြင်းဖြင့် သူတို့၏ အနာဂတ်ကို သိလာနိုင်သည်။ ကျွန်မက သူတို့အတွက် ရုံးခန်းတံခါးများကို အစဉ်အမြဲဖွင့်ထားကာ လိုအပ်သည့်အကူအညီမှန်သမျှ ပေးရန် အဆင်သင့်ရှိပါသည်။ တစ်စုံတစ် ယောက်က လမ်းညွှန်မှုလိုအပ်လျှင် သို့မဟုတ် အဆက်အသွယ်လိုအပ်လျှင် ကျွန်မ ဆောင်ရွက်ပေးသည်ချည်းပင်။ နောင် ကျွန်မ ပြည်သူ့မဟာမိတ်အဖွဲ့တွင် တာဝန်ထမ်း ဆောင်သောအခါ ထိုသို့ လူငယ်များနှင့်ပတ်သက်ခဲ့သည့် အကျိုးကျေးဇူးကို ခံစားလာ ရသည်။ ကျွန်မအတွေ့အကြုံအရ လူငယ်တို့သည် သူတို့နှင့်ပတ်သက်ကာ အကူအညီပေးသော၊ အကြံဉာဏ်ပေးသောသူများကို စိတ်ဝင်စားကြသည်။ ယုတ်စွအဆုံး ဆယ်မိနစ်မျှသာ စကားပြောနိုင်လျှင်ပင် သူတို့ စိတ်ဝင်စား၏။ အထူးသဖြင့် အမျိုးသမီးများ၊ လူနည်းစုများက ပို၍ စိတ်ဝင်စား၏။

ထိုအချက်ကို ရင်တွင်း၌ထားကာ အိမ်ဖြူတော်သို့ ရောက်ရှိလာချိန်၌ အစီအစဉ်များ ရေးဆွဲသည်။ အလယ်တန်းကျောင်းသူ မိန်းကလေးနှစ်ဆယ်ခန့်ကို ဖိတ်ကြားကာ လစဉ် ကျွန်မတို့နှင့် တွေ့ဆုံပြီး ထွေရာလေးပါး စကားပြောကြသည်။ တစ်ခါတစ်ရံ ခရီးထွက်ကြသည်။ တစ်ခါတစ်ရံ၌လည်း ဘဏ္ဍာရေးနှင့် ပတ်သက်၍ အသိပညာများ ဆွေးနွေးပေးသကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာကို မည်ကဲ့သို့ ရွေးချယ်မည် ဆိုသည်ကိုလည်း ဆွေးနွေးပေးပါသည်။

ကျွန်မတို့က ဆယ်ကျော်သက် မိန်းကလေးတစ်ဦးချင်းစီတိုင်းကို လူကြီးတစ် ဦးနှင့် တွဲပေးထားသည်။ ထိုလူကြီးသည် သူ၏ အုပ်ထိန်းသူပင်ဖြစ်ပြီး ကောင်းတိုင်ပင်၊ ဆိုးတိုင်ပင် ဖြစ်သည်။ ဘယ်လာရီသည် အုပ်ထိန်းသူတစ်ဦး ဖြစ်၏။ အိမ်ဖြူတော်၏ ပထမဦးဆုံးသော အမျိုးသမီးစားဖိုမှူး ခရစ္စကော်မာဖော့သည်လည်း အုပ်ထိန်းသူတစ်ဦး ဖြစ်လာ၏။ ဂျီးလ်ဘီဒင်လည်း မကျန်ပါ။ အိမ်ဖြူတော်၏ အရှေ့ဆောင်၊ အနောက်ဆောင်မှ ဝန်ထမ်းများလည်း ပါဝင်ကြသည်။ ကျောင်းသူများရွေးချယ်ရာ၌ သူတို့၏ ကျောင်းအုပ်များက ရွေးချယ်ပေးကြခြင်းဖြစ်ပြီး ထိုကလေးတို့သည် ဘွဲ့ရသည်အထိ ကျွန်မတို့နှင့် ထိတွေ့မှုရှိနေမည်ဖြစ်သည်။ ရွေးချယ်ထားသည့် မိန်းကလေး များထဲတွင် တပ်မတော်သားမိသားစုများမှ ကလေးများ၊ ရွှေ့ပြောင်းရောက်ရှိလာသော လူမျိုးစုများမှ ကလေးများ၊ ဆယ်ကျော်သက်မိခင်လောင်းများ၊ အိုးမဲ့အိမ်မဲ့ နေထိုင်ရရှာသည့် အမျိုးသမီးတစ်ဦးတို့ ပါဝင်ကြသည်။ သူတို့အားလုံးသည် စမတ်ကျပြီး အရာရာတွင် စူးစမ်းလေ့လာလိုသော ကလေးများဖြစ်ကြသည်။ ကျွန်မနှင့် မခြားပေ။ ကလေးတို့အချင်းချင်းလည်း တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချလာကာ သူတို့ပတ်ဝန်း ကျင်တွင် ရှိနေကြသော လူကြီးများအပေါ်၌လည်း ကိုးစားလာကြသည်။ တစ်ခါတစ်ရံ ၌ ကျွန်မသည်

အားလုံးနှင့် ဝိုင်းထိုင်ကာ ပြောင်းဖူးပွင့်စားရင်း ကောလိပ်ကျောင်းတက်သည့်အခါ ကြုံတွေ့ရမည့် အတွေ့အကြုံများ၊ တစ်ကိုယ်ရေကိစ္စများ၊ ယောကျ်ားကလေးများ ကိစ္စများကိုလည်း ပြောပြပါသည်။ ထိုစကားဝိုင်းတွင် မည်သည့်ခေါင်းစဉ် ကို ပြောမည်ဟု သတ်မှတ်ထားခြင်းမရှိ။ ကြုံရာကိုသာ ပြောသွားခြင်း ဖြစ်၏။ နောက်ဆုံးတွင် ပျော်ရွှင်စွာ ရယ်မောခြင်းဖြင့် အဆုံးသတ်လေ့ရှိပါသည်။ ကလေးများ ပြောရဲဆိုရဲရှိရန်နှင့် လူကြီးများက နားထောင်တတ်စေရန် ပြုစုပျိုးထောင်ခြင်းပင် ဖြစ်ပါသည်။

သူတို့အပေါ်တွင်ထားသော စေတနာမှာ ဆာရှာနှင့် မလီယာအပေါ် ထားသော စေတနာနှင့် အတူတူပင် ဖြစ်ပါသည်။ အိမ်ဖြူတော်၌ စကားဝိုင်းဖွဲ့သည် ဆိုသော်လည်း စိတ်သက်သက်သာသာနှင့် ယုံကြည်စိတ်ချမှု အပြည့်အဝရှိစေပါသည်။ ကြိုက်သည့်နေရာတွင် ထိုင်ပြီး ကြိုက်သလောက် အသံကျယ်၍ ရ၏။

သမ္မတဆိုသည့် ပူဖောင်းကြီးထဲတွင် ကျွန်မ နေထိုင်လာခဲ့သည်မှာ နှစ်နှစ် သက်တမ်းရှိခဲ့ပြီ ဖြစ်သည်။ ထိုပူဖောင်းထဲ၌ နေရာကျယ်သမျှ ကျယ်ကျယ်ရနိုင်ရန် ကျွန်မ ကြိုးစားခဲ့သည်။ ဘားရက်နှင့်ကျွန်မက အိမ်ဖြူတော်ဆိုသည်မှာ သီးသန့်နေရာ မဟုတ်ဘဲ လူများများ၊ အထူးသဖြင့် ကလေးများများ လာရောက် လည်ပတ်လေ့လာနိုင် သောနေရာဖြစ်အောင် ဖန်တီးကြသည်။ အိမ်ဖြူတော်၏ ရိုးရာဓလေ့များ မပျက်စီးစေ ရန် ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ ခေတ်ပေါ်အတွေးအခေါ်များကိုလည်း ထည့်သွင်း ပေးပါသည်။ ပြည်ပတိုင်းပြည်များမှ အဖွဲ့အစည်းများ လာရောက်လည်ပတ်ကြသည့် အခါ ကျွန်မက ကျောင်းမှ ကလေးများကိုပါ ဖိတ်ကြားကာ ပြည်ပတိုင်းပြည်များမှ လာရောက်လည်ပတ်သည့် အဖွဲ့အစည်းများကို မည်သို့မည်ပုံ ကြိုဆိုနှုတ်ဆက်ကြ သည်ကို မြင်စေပါသည်။ အစားအသောက်များကိုလည်း ကလေးများအား ကျွေးပါသည်။ ညနေခင်း ဖျော်ဖြေရေးအစီအစဉ်အတွက် ဂီတသမားများ လာရောက်လျှင် ကျွန်မက သူတို့ကို အချိန်နည်းနည်းစောလာပြီး ကလေးများနှင့် တေးဂီတအကြောင်း ဆွေးနွေးပွဲကလေးများ ကျင်းပပေးပါသည်။ ကလေးများအား ကျွန်မ သိစေချင်သည် က အနုပညာဆိုသည်မှာ ဇိမ်ခံပစ္စည်းမဟုတ်သော်လည်း နိစ္စဓူဝဘဝတွင် ရှိသင့်ရှိထိုက်သည့် ကိစ္စတစ်ခုဖြစ်ကြောင်း နားလည်အောင် ရှင်းပြရပါသည်။ ခေတ်ပြိုင်အနုပညာရှင်များဖြစ်သော ဝွန်လယ်ဂျင်၊ ဂျပ်စတင်း တင်းဘားလိပ်နှင့် အလီဆန်ခရပ်စ် တို့ကို ယှဉ်ပြောရသည်။ ထိုနည်းအတူ ဂန္ထဝင်ပညာရှင်များဖြစ်သည့် စမုတ်ကီးရော်ဘင်ဆင် နှင့် ပက်တီလီဘဲလ် တို့ကိုလည်း ပြောပြသည်။ ထိုအကြောင်းများပြောရလျှင် ကျွန်မ သည် ငယ်ဘဝကို ရောက်သွားသကဲ့သို့ ခံစားရ၏။ တောင်ပိုင်းသားကြီး၏ နေအိမ် တွင် နားဆင်ခဲ့ရသော ဂျက်ဇ်တေးဂီတ၊ ဘွားလေး ရော်ဘီ၏ အိမ်တွင် တီးခတ်ခဲ့ရ သော

စန္ဒရားသင်ခန်းစာများ၊ မိသားစုအလိုက် ပြတိုက်သို့ သွားစဉ်က တွေ့ကြုံရခဲ့ရသည်များကို တရိပ်ရိပ် သတိရမိသည်။ အနုပညာနှင့် ယဉ်ကျေးမှုသည် ကလေးတစ်ယောက်၏ ဖွံ့ဖြိုးမှုတွင် အရေးပါလှပါသည်။ ထိုသို့တွေးလိုက်လျှင် မည်သည့်နေရာကို ပဲရောက်သည်ဖြစ်စေ အိမ်ကိုရောက်နေသကဲ့သို့ ခံစားရ၏။ ဘားရက်နှင့်ကျွန်မသည် ဖျော်ဖြေရေးအစီအစဉ်များရှိတိုင်း ရှေ့ဆုံးမှ ထိုင်ကာ စည်းချက်အလိုက် ကိုယ်များကို လှုပ်ယမ်းနေမိသည်။ ပရိသတ်များသည့်ပွဲများကို ရှောင်ရှားလေ့ရှိသော အမေသည်ပင် လျှင် တေးဂီတပွဲများရှိလျှင် အောက်ထပ်သို့ ဆင်းလာလေ့ရှိ၏။

ကျွန်မတို့က ညှော်ခံပွဲကျင်းပလျှင် အကတစ်ခုတည်းသာမဟုတ် အခြား အနုပညာအလုပ်များကိုပါ ထည့်သွင်းပေးပါသည်။ ၂၀၀၉ ခုနှစ်က အိမ်ဖြူတော်၏ ပထမဆုံးသော ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စကားပြောပြိုင်ပွဲ ထည့်သွင်းကျင်းပခဲ့သည်။ ထိုပွဲ၌ လူငယ်တေးဂီတမျူး လင်းမယ်နျူရယ် မရင်ဒါ ဆိုသူက မတ်တတ်ရပ်ကာ ပရိသတ်အားလုံး အံ့သြသွားစေရန်အတွက် သူလုပ်လက်စ စီမံကိန်းတစ်ခုကို ရွတ်ဆို ပြလိုက်ရာ လက်ခုပ်သံ မစဲတော့ပါ။

ကျွန်မကိုယ်တိုင်လည်း သူ့ကို လက်ဆွဲနှုတ်ဆက်ပြီး "ကံကောင်းပါစေ ကွယ်"ဟု ချီးမွမ်းခဲ့မိသည်။

နေ့စဉ်နှင့်အမျှ ကျွန်မတို့မှာ ပုံမှန်လည်ပတ်လှုပ်ရှားနေကြသည်။ ကလေးနှစ် ယောက်မှာလည်း သူတို့အစီအစဉ်နှင့် သူတို့ သွားနေကြ၏။ ကျွန်မရည်မှန်းချက်က သာမန်အမျိုးသမီးတစ်ယောက်၏ ဘဝ၌ နေနိုင်ရန်ဖြစ်သည်။ သမီးတို့၏ကျောင်း၌ ဘောလုံးပွဲများကျင်းပသောရာသီပင်လျှင် ကျွန်မ အချိန်ပေါင်းများစွာ တက်ပေးခဲ့သည်။ အခြား မိဘများကို ဦးစားပေးစေပြီး ဓာတ်ပုံရိုက်ခွင့် လာရောက်တောင်းခံသူ များကိုလည်း ငြင်းပယ်ခဲ့ပါသည်။ စကားပြောရန်ကိုမူ ကျွန်မ မငြင်းပါ။ မလီယာက တင်းနစ်ရိုက်လာသောအခါ ကျွန်မ ထောက်လှမ်းရေးကား၏ မှန်ပြတင်းမှတစ်ဆင့် ကြည့်လေ့ရှိပါသည်။ ကျွန်မကြောင့် အလုပ်မပိုစေချင်သဖြင့် ဖြစ်၏။ ပွဲပြီးသွားသည့် အခါမှသာ ကားပေါ်မှဆင်းကာ သမီးအား ပွေ့ဖက်နှုတ်ဆက်ပါသည်။

ဘားရက်ကမူ သူ့အလုပ်များနှင့် အသားကျနေပြီဖြစ်သည်။ တစ်ခါတစ်ရံ၌ သမီးတို့၏ကျောင်းတွင် ကျင်းပသော အားကစားပြိုင်ပွဲများကို သူတက်ရောက်နိုင်သည့်အခါ တက်ရောက်ပေးပါသည်။ သို့သော် အင်မတန် ရှားပါးလှပါသည်။ သူ တက်ရောက်သည်ဆိုလျှင်လည်း လုံခြုံရေးက တင်းကျပ်ရခြင်းကြောင့် ဖြစ်၏။ အမေရိကန်ပြည်ထောင်စု၏ သမ္မတကို မလုပ်ကြဲဟု မည်သူကမျှ အာမခံချက် မပေး နိုင်ပါချေ။ ထို့ကြောင့် ကျွန်မတို့မိသားစုမှာ သာမန်မိသားစုများကဲ့သို့ နွေးထွေးချင်သော်လည်း

အခြေအနေအရ ရွေးထွေးခွင့်မရှိပါ။

ထိုအတွေးမျိုးက မလီယာ၏ခေါင်းထဲတွင် ပေါ်ပေါက်လာသည်။ ဘားရက်နှင့်ကျွန်မက ဆစ်ဝဲလ်ကျောင်းတွင် ကျင်းပမည်ဖြစ်သော ပွဲတစ်ခုသို့ တက်ရောက်ရန် သွားနေကြစဉ် ဖြစ်၏။ ကျွန်မတို့သုံးယောက်သား ပြင်ပတွင်ရှိသော ကစားကွင်းတစ်ခု ကို ဖြတ်လာစဉ် သူငယ်တန်းကလေးများက ကျောင်းအားချိန်ဖြစ်သဖြင့် ကစားကွင်း ထဲ၌ ဆော့ကစားနေကြသည်။ ကျွန်မက သူတို့ကိုကြည့်ကာ ကျောင်းခေါင်မိုးထက် တွင် နေရာယူထားကြသော အနက်ရောင်ဝတ်စုံဝတ် လျှို့ဝှက်ထောက်လှမ်းရေးများ၏ မြင်ကွင်းထဲတွင် မည်သို့ရှိနေမည် ဆိုသည်ကို တွေးနေမိသည်။ ကျွန်မက တွေးနေစဉ် မှာပင် မလီယာကလည်း တွေးလိုက်မိသည်။

သူ့အဖေကို မော့ကြည့်လိုက်ပြီး “ဒယ်ဒီ တကယ်ပစ်မှာလားဟင်၊ အဟုတ် ပြောတာလား” ဟု မေးသံ ကြားလိုက်ရသည်။

ဘားရက်ကမူ သူ့ထုံးစံအတိုင်း ပြုံးရုံသာပြုံးလိုက်ပြီး ပခုံးတွန့်လိုက်၏။ သူ့အလုပ်တွင် မည်သည့်အရာမဆို အပျော်သဘောမရှိ ဆိုသည်ကို သမီး မသိပါပေ။

သေချာအောင်ပြောရမည်ဆိုလျှင် ကျွန်မတို့မိသားစုဝင်များသည် ဘောင်ခတ်ထားသည့် ပူဖောင်းကြီးထဲမှ အပြင်သို့ ထွက်ရန် မည်သူမျှ မကြိုးစားခဲ့ပါ။ ပူဖောင်းကြီးကသာ သူ့ဘာသာသူ ရွေ့လျားနေခြင်း ဖြစ်ပါ၏။ ခပ်စောစောပိုင်းက လျှို့ဝှက်ထောက်လှမ်းရေးများနှင့် ညှိနှိုင်းထားချက်အရ ဆာရှာနှင့်မလီယာတို့သည် သူတို့သူငယ်ချင်းများ၏ အိမ်သို့ သွားလိုသည့်အချိန်တွင် သွားခွင့်ရနေကြသည်။ ကျောင်းရန်ပုံငွေအတွက် မော်တော်ကားများ လိုက်လံဆေးကြောပေးခြင်း၊ ဈေးဝယ်စင်တာများတွင် လည်ပတ်ခြင်းတို့ကို လုပ်ဆောင်နိုင်ကြသည်။ သို့သော် ထောက်လှမ်း ရေးအနည်းငယ်က မလှမ်းမကမ်းတွင် ရှိနေပြီး အမေလည်း ပါတတ်ပါသည်။ သို့သော် သမီးတို့မှာ ယခင်ကနှင့်စာလျှင် လွတ်လပ်ခွင့်ရသည်ဟု ဆိုနိုင်ပါသည်။ ဆာရှာ၏ ထောက်လှမ်းရေးများတွင် ဘက်သ်စီလီတီနီနှင့် လောရင့်စ်တပ်ကာ တို့ကို ဆစ်ဒ်ဝဲလ်ကျောင်းက ကလေးများကလည်း ချစ်ကြသည်။ ကလေးများ၏ မိသားစု ဝင်များကလည်း သူတို့အတွက် မုန့်များပင် ယူဆောင်လာတတ်ကြ၏။ ကလေးတစ်ဦးဦး၏ မွေးနေ့ ကျောင်းတွင် ကျင်းပသည်ဆိုပါက ထိုထောက်လှမ်းရေးများကိုလည်း ကျွေးကြ၏။

အချိန်ကြာလာသည်နှင့်အမျှ ကျွန်မတို့အတွက် ချထားပေးသော ထောက်လှမ်းရေးတို့မှာ ရင်းနှီးလာကြသည်။ ကျွန်မ၏ အစီအစဉ်အသေးစိတ်ကို ပရက်စတန် ဖဲယားလင့်က တာဝန်ယူပြီး စည်းရုံးရေးကာလကတည်းက လက်တွဲခဲ့ဖူးသော အယ်လင်တေလာက နောင်တွင် လက်ပြောင်းယူခဲ့သည်။ ပရိုသတ်ကြား

သွားပြီဆိုလျှင် သူတို့သည် နှုတ်ဆိတ်နေပြီး အထူးသတိထားနေ၏။ သို့သော် စင်နောက်ရောက် သွားပြီ သို့မဟုတ် လေယာဉ်ပေါ်ရောက်သွားပြီဆိုလျှင် သူတို့သည် တာဝန်ကို လျှော့ချ လိုက်ပြီး ပုံပြင်များ၊ ဟာသများပြောကာ နေတတ်ကြ၏။ "ကျောက်တုံးမျက်နှာနှင့် နှလုံးသားနုသူများ"ဟု ကျွန်မက သူတို့ကို ချစ်စနိုးခေါ်ပါသည်။ သူတို့နှင့် နာရီပေါင်း များစွာ အချိန်ကုန်ခဲ့ဖူးသကဲ့သို့ မိုင်ပေါင်းများစွာလည်း ခရီးထွက်ခဲ့ဖူးပါသည်။ ထို့ကြောင့် သူတို့သည် ကျွန်မတို့၏ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်များပင် ဖြစ်ပါတော့သည်။ သူတို့ ကွယ်လွန်သွားသောအခါ ကျွန်မ အတော်ပင် စိတ်ထိခိုက်မိ၏။ သူ တို့ တာဝန်ကို ကျေပွန်ခဲ့ကြပုံများ၊ ကျွန်မလုံခြုံရေးအတွက် ကိုယ်ကျိုးစွန့်တတ်ပုံများမှာ မဖော်ပြနိုင်လောက်အောင်ပင် ဖြစ်သည်။

ကျွန်မသမီးများကဲ့သို့ပင် ကျွန်မသည်လည်း ပေါ့ပေါ့ပါးပါး သွားလာနိုင်ရန် ကြိုးစားမိသည်။ ခပ်လျှိုလျှိုသွားလိုက်ခြင်းဖြင့် ထောက်လှမ်းရေး အနည်းငယ်သာ လိုအပ်ပါသည်။ မော်တော်ယာဉ်တန်းဖြင့် သွားခြင်းထက် သမ္မတအိမ်တော်မှ ကား ဖြစ်သည်ဟု အမှတ်အသားမပါသော ကားတစ်စီးနှင့် ဈေးဝယ်ထွက်နိုင်သည်။ ကျွန်မရောက်နေသည်ကို မည်သူမျှ မသိမီ ပြန်ထွက်နိုင်သည်။ ဘိုအတွက်လည်း ကျွန်မတို့မှာ ခွေးရုပ်ပေါင်းများစွာ ဝယ်ပေးရပါသေးသည်။ တစ်ခုသောနံနက်ခင်းတွင် အဲလက်ဇန္ဒီးယားရှိ PetSmart သို့ သူ့ကို ခေါ်ဆောင်သွားသည်။ သူ့အတွက် စိတ်တိုင်း ကျ ဝါးနိုင်စေရန် အရုပ်များ ဝယ်ပေးရခြင်းဖြစ်၏။ သူကလည်း ကျွန်မနှင့် အပြင် ထွက်ရမည်ဆိုလျှင် ပျော်မြူးနေတော့သည်။ သူ့ကို ကြိုးတစ်ချောင်းနှင့်ချည်ကာ ကျွန်မကိုယ်တိုင် ဆွဲခေါ်သွားရ၏။

တစ်နေရာရာသို့ အခက်အခဲမရှိ အောင်မြင်စွာပြန်လာရတိုင်း ကျွန်မ ကျေနပ် မိသည်။ ကျွန်မက အသေးစိတ်ကို ဂရုစိုက်တတ်သောသူဖြစ်သဖြင့် ဈေးဝယ်ရန် သွားမည်ဆိုလျှင် စာရင်းပြုစုထား၏။ ပစ္စည်းတစ်ခုဝယ်ယူပြီးတိုင်း ဝယ်ယူပြီးကြောင်း အမှတ်အသားကိုလည်း မမေ့မလျော့ပြုလုပ်သူ ဖြစ်သည်။ PetSmart သို့ သွားပြီး ခြောက်လခန့်ကြာသောအခါ ကျွန်မသည် အနီးပတ်ဝန်းကျင်မှ ဆိုင်တစ်ဆိုင်သို့ အမှတ်မထင်သွားရန်အတွက် ဘေ့စ်ဘောဦးထုပ်ကိုဆောင်းကာ နေကာမျက်မှန် တပ် လိုက်သည်။ ကျွန်မလုံခြုံရေးကလည်း ဘောင်းဘီတိုဝတ်ကာ နားဩ နားကြပ်တပ်ဆင် ပြီး ကျွန်မနှင့် မလှမ်းမကမ်းမှ လိုက်ပါလာခဲ့သည်။ ကျွန်မနှင့်အတူ ခရစ္စတင်းဂျူးစ် ပါလာသည်။ ကျွန်မတို့နှစ်ယောက် သွားချင်ရာကို လျှောက်သွားကြပြီး ခရစ္စတင်း အတွက် အဝတ်လျှော်ဆပ်ပြာမှုန့်တွေ ဝယ်ကြသည်။ ဆာရှာနှင့် မလီယာတို့အတွက် ဂိမ်းနှစ်မျိုးကိုလည်း ဝယ်ခဲ့၏။ နှစ်ပေါင်းများစွာအတွင်း ဘားရက်အား မပေးဖြစ်ခဲ့သည့် မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကတ်ပြားတစ်ခု ပေးနိုင်ခဲ့ပါသည်။

အိမ်သို့ ပြန်ရောက်သောအခါ အပျော်ကြီးပျော်နေမိသည်။ တစ်ခါတစ်ရံ၌ သေးသေးဖွဲဖွဲကိစ္စများသည် ကြီးကြီးမားမားအပျော်ကို ပေးနိုင်ပါ၏။

အချိန်များ ကုန်ဆုံးလာခဲ့ပြီး ကျွန်ုပ်မ နေ့စဉ် ပုံမှန်လုပ်ငန်းများ၌ စွန့်စားခန်း အသစ်ကလေးများ ထည့်လာနိုင်ခဲ့၏။ မိတ်ဆွေများနှင့် အခါအားလျော်စွာ တွေ့ဆုံကာ စားသောက်ဆိုင်များ၌ ညစာစားသည့်အခါ စားပြီး တစ်ခါတစ်ရံတွင် သူတို့ အိမ်များ၌ စားကြသည်။ တစ်ခါတစ်ရံ Potomac မြစ်နံဘေးတွင် ကားကိုရပ်ကာ အညောင်းပြေလမ်းလျှောက်တတ်သည်။ ကျွန်ုပ်မနောက် ခပ်လှမ်းလှမ်းမှ လုံခြုံရေးက တော့ ပါသည်သာဖြစ်၏။ နောက်ပိုင်းနှစ်များတွင် ကျွန်ုပ်မသည် အိမ်ဖြူတော်မှ ထွက်ကာ လေ့ကျင့်ခန်း သွားကစားတတ်သည်။ SoulCycle နှင့် Solidcore စတူဒီယိုတို့၌ သွားကစားခြင်းဖြစ်၏။ နောက်ဆုံးအချိန်မှ ကပ်ဝင်ပြီး ခပ်စောစောထွက်ခြင်းအား ဖြင့် သူတစ်ပါးအားလည်း အနှောင့်အယှက် မဖြစ်တော့ပေ။ လွတ်လပ်မှုအရှိဆုံးမှာ တောင်၏ ဆင်ခြေလျှောအတိုင်း စကီးစီးခြင်းဖြစ်သည်။ စကီးစီးခြင်းကို ကျွန်ုပ်မ အတွေ့အကြုံနည်းသော်လည်း မကြာမီပင် ကျွန်ုပ်မ အနှစ်သက်ဆုံးအားကစားနည်း ဖြစ်လာ၏။ ဝါရှင်တန်သို့ ရောက်သည့် ပထမနှစ်နှစ်တွင် ဆောင်းရာသီမှာ အတော်ပင် အေးပါသည်။ သမီးများနှင့်အတူ ဂုတ်တီစ်ဘာ့ဂ်အနီးရှိ လစ်ဘာတီတောင်သို့ သွားကာ စကီးစီးကြသည်။ ဆင်ခြေလျှောမှ လျှောချရသည့် စကီးစီးခြင်းကို ကျွန်ုပ်မ နှစ်သက်လှ ပါသည်။ ပြင်ပတွင် ကစားရသည့်နည်းဖြစ်ပြီး အဝတ်အစားများကြောင့် မည်သူကမျှ မမှတ်မိကြချေ။ စကီးစီးရသည်မှာ လေထဲတွင် ပျံဝဲနေသကဲ့သို့ပင် ဖြစ်သည်။

ဘဝနှစ်ခု ရောစပ်ရန် ဆိုသည့်ကိစ္စမှာ အတော်ပင်ခက်သည့်ကိစ္စ ဖြစ်ပါသည်။ ချီကာဂို၏ တောင်ပိုင်းဒေသတွင် နေထိုင်ခဲ့သော ကျွန်ုပ်မ မစ်ရှယ်လ်ရော်ဘင် ဆင်နှင့် အိမ်ဖြူတော်၏သမိုင်းတွင် ပထမဆုံးသော လူမည်းသမ္မတကတော် မစ်ရှယ်လ် အိုဘားမား ဆိုသည့်ဘဝနှစ်ခုကို ပေါင်းစပ်ရန် ကြိုးစားခြင်းပင်။ ကျွန်ုပ်မ၏ဘဝဟောင်း ကို ဘဝသစ်ထဲတွင် ရောစပ်ကြည့်မိသည်။ ကျွန်ုပ်မကိုယ်ရေးကိုယ်တာ ကိစ္စများနှင့် အများပြည်သူအတွက် လုပ်ဆောင်သောကိစ္စတို့ ပေါင်းစပ်ကြည့်မိသည်။ ဝါရှင်တန် တွင် ကျွန်ုပ်မအတွက် လက်တစ်ဆုပ်စာမျှသော မိတ်ဆွေသစ်ရှိ၏။ ထိုသူတို့မှာလည်း ဆာရှာနှင့် မလီယာတို့ အတန်းဖော်များ၏ မိခင်များဖြစ်ပါသည်။ သူတို့ကို အိမ်ဖြူ တော်ပြင်ပတွင် သမီးတို့၏မိခင်အဖြစ် ခင်မင်ရင်းသာဖြစ်၏။ ထိုအမျိုးသမီးတို့မှာ ကျွန်ုပ်မ မည်သူဖြစ်သည် ဆိုသည်ကိုလည်း စိတ်မဝင်စား၊ အိမ်လိပ်စာကိုလည်း စိတ်မဝင်စားကြခြင်းပဲဖြစ်သည်။ တစ်ခါတစ်ရံတွင် ဘားရက်နှင့်ကျွန်ုပ်မက သမီးတို့နှင့် အတူ ညစာစားရင်း ပြောဖြစ်ကြသည့်အခါ ကျွန်ုပ်မတို့ မည်သူမည်ဝါမှန်း မသိသူများ ကို ပေါင်းသင်းရသည့်အခါ သိသူများကို ပေါင်းသင်းရသည်ထက်

ပို၍နှစ်သက်မိသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက မိတ်ဆွေစစ်များကိုသာ နှစ်နှစ်ကာကာပေါင်းသင်းနိုင်ရန် သတိပြုခဲ့ပါသည်။ စနေနေ့များတွင် စုပေါင်းကာ ပြောကြဆိုကြ၊ စားကြသောက်ကြသည့် အမျိုးသမီးမိတ်ဆွေတချို့ ကျွန်မတွင်ရှိပြီး ထိုမိတ်ဆွေ များကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ရင်းနှီးစွာ ပေါင်းသင်းခဲ့၏။ ထိုမိတ်ဆွေ အမျိုးသမီးတို့သည် ကျွန်မ အလုပ်အဆမတန်များပြားသည့်နေ့များ၌ ဟင်းလျာချက်ပြုတ်ရန် မဝယ်ယူနိုင်သည့်အခါများမှာပင် သူတို့ ဝယ်ယူပေးကြ၏။ တစ်ခါတစ်ရံ အလုပ်များနေသဖြင့် သမီးတို့ ဘဲလေးအက သွားကြည့်ချင်သည့်အခါ များ၌လည်း သူတို့ကပင် လုပ်ဆောင်ပေးကြပါသည်။ ထိုမိတ်ဆွေအမျိုးသမီး တော် တော်များများသည် စည်းရုံးရေးကာလများ၌လည်း ကျွန်မနှင့်အတူ လေယာဉ်နှင့် လိုက်ပါကာ ခွန်အားပေးခဲ့ကြသည်။ အမျိုးသမီးအချင်းချင်း ရင်းနှီးသည့်မိတ်ဆွေဘဝ ရောက်ရသည်မှာ နှစ်လိုဖွယ်ကောင်းလှပါသည်။ အချင်းချင်း ကြင်နာကြသည်။ ရိုင်းပင်းကြ၏။

၂၀၁၁ ခုနှစ်သို့ ရောက်သောအခါ ကျွန်မက ထိုသို့သော အမျိုးသမီးမိတ်ဆွေများ ပိုမိုများပြားလာစေရန် ကြိုးစားအားထုတ်လိုက်သည်။ မိတ်ဆွေသစ်များရော၊ မိတ်ဆွေဟောင်းများပါ တိုးပွားလာစေခဲ့သည်။ လစဉ်လတိုင်း အရင်းနှီးဆုံးမိတ်ဆွေ ၁၂ ဦး သို့မဟုတ် ထိုထက်ကျော်လွန်၍ ကျွန်မနှင့်အတူ ရက်သတ္တပတ်ကုန်ဆုံးရက်များ ၌ Camp David သို့ သွားရောက်ကြသည်။ Camp David မှာ ဝါရှင်တန်၏ မိုင် ၆၀ အကွာတွင် တည်ရှိပြီး မြောက်ပိုင်း မေရီလန်းပြည်နယ်၏ တောင်များပေါ်၌ တည်ရှိသည်။ ထိုနေရာ၌ သမ္မတများ အပန်းဖြေသည့်စခန်း ဆောက်လုပ်ထားခြင်းဖြစ်၏။ ကျွန်မတို့ ဤကဲ့သို့ အမျိုးသမီးများ စုဝေးသွားရောက်ခြင်းကို Boot Camp ဟု ကျွန်မက ကင်ပွန်းတပ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ထိုအုပ်စုတွင် ပါဝင်သော အမျိုးသမီးများသည် နေ့စဉ်နေ့တိုင်း ကျွန်မနှင့် ဆုံတွေ့နေသည့် အမျိုးသမီးများဖြစ်ခြင်းကြောင့် ဖြစ်သည်။(ထိုသို့ တွေ့ဆုံရာ၌ ဝိုင်နှင့်မုန့်များ ယူဆောင်စားသောက်ခြင်းကို ကျွန်မက ပိတ်ပင်ထားပါသည်။) ခရီးအတူထွက်ခြင်းအားဖြင့် မိတ်ဆွေများ၏ ခင်မင်ရင်းနှီးမှုကို ပိုမိုခိုင်မာလာစေပါသည်။

မိတ်ဆွေအများစုမှာ မိသားစုတာဝန်များ၊ အလုပ်တာဝန်များနှင့် နေ့စဉ်နှင့်အမျှ ဖိစီးနေသူများ ဖြစ်ပါ၏။ သူတို့အနေနှင့် အပြင်သို့ထွက်ရန် မလွယ်ကူကြောင်းကိုလည်း ကျွန်မ နားလည်ပါသည်။ သို့သော် ခရီးထွက်နေကြစဉ် ကလေးများ၊ ခင်ပွန်းသည်များ၊ အလုပ်တာဝန်များ အားလုံးကို မေ့ထားလိုက်ကြသည်။ ခေတ္တခဏမျှ လွတ်လပ်ရာကို ရှာဖွေကြခြင်းလည်း ဖြစ်ပါ၏။ မိန်းမသားဘဝတွင် မွေးရာပါတာဝန် များကို ခေတ္တခဏ ရှောင်လွှဲထွက်ခွာခြင်းလည်း မည်ပါ၏။

ကျွန်မတို့စိတ်ထဲတွင် "ဆောရီးပဲဟေ့ . . . ဒါကတော့ ကိုယ့်အတွက် ကိုယ်လုပ်တာ"ဟု ပြောနေကြသယောင် ရှိ၏။

Boot Camp ထွက်ခြင်းသည် ကျွန်မတို့အတွက် ခိုလှုံရာ၊ ဆက်သွယ်ရာ၊ ပိုမိုအားဖြည့်တင်းရာ ဖြစ်ပါသည်။ ကျွန်မတို့တစ်တွေ အေးအေးဆေးဆေး သစ်တောအတွင်းမှ သစ်သားအိမ်ကလေးများတွင် နေကြသည်။ အနီးပတ်ဝန်းကျင်သို့ ဂေါ့ဖ်ရိုက်ရာတွင် အသုံးပြုသော ကားကလေးများကို စီးကြသည်။ စက်ဘီးစီးကြသည်။ ကစားနည်းမျိုးစုံ ကစားကြသည်။ တစ်ခါ တစ်ရံ၌ ကျွန်မက အသက်ငယ်ရွယ်သော ဝန်ထမ်းငယ်တချို့ကိုလည်း ဖိတ်ခေါ်လာသည်။ အသက်ကြီးသူများထဲတွင် စူဇန်ရှားသာ ပါဝင်၏။ သူက ၆၀ နှောင်းပိုင်းကို ရောက်နေပြီဖြစ်သည်။ ကစားကြရာ၌ ကြီးသည်ငယ်သည် မဟုတ်ဘဲ တရင်းတနှီးရှိကြသည်။ ဆူဇန်ရှားဆိုလျှင် ပင့်ကူကဲ့သို့ လေးဖက်ထောက်သွားကာ အသက် ၂၀ ကျော်အရွယ်သာရှိသေးသော ကျွန်မဝန်ထမ်း မက်ကန်ဒီစမစ်ထံသို့ သွားခဲ့ရဖူးသည်။ ထိုစခန်းတွင် ရှိနေစဉ် ကျန်းမာသော အစား အသောက်များကို အိမ်ဖြူတော်စားဖိုမှူးများက ချက်ပေးကြသည်။ ကျွန်မ၏ ကျန်းမာ ရေးလေ့ကျင့်ရေးမှူး ကော်နဲလ်က ဦးဆောင်ပြီး လေ့ကျင့်ခန်းတွေလုပ်ကြသည်။ ကျွန်မတို့မှာ လေ့ကျင့်ခန်းတွေလုပ်ကြ၊ စကားတွေပြောကြနှင့် အချိန်များမှာ မည်သို့ကုန်ဆုံးသွားမှန်းပင် မသိလိုက်ချေ။ ကျွန်မတို့အချင်းချင်း အတွေးအခေါ်တွေ၊ အတွေ့ အကြုံတွေ ဖလှယ်ကြသည်။ လိုအပ်သည့်အကြံဉာဏ်များကို တစ်ဦးနှင့်တစ်ဦး ပေးကြသည်။ တစ်ခါတစ်ရံ၌လည်း တစ်ဦးဦးက ရင်ဖွင့်သည်ကို နားထောင်ကြပြန်သည်။ ရက်သတ္တပတ် ကုန်ဆုံးသွားပြီးနောက်တွင် နှုတ်ဆက်ကြကာ နောက်တစ်ကြိမ် တွေ့ဆုံကြဖို့ ကတိပြုကြပြန်သည်။

မိတ်ဆွေများကြောင့် ကျွန်မဘဝသည် ပိုမိုပြည့်စုံသည်ဟု ဆိုရပါမည်။ သူတို့နှင့်တွေ့တိုင်း ကျလုလုဖြစ်နေသော စိတ်ဓာတ်သည် ပြန်လည်တည့်မတ်လာရ၏။ ကျွန်မလုပ်သမျှ အလုပ်များ၏ အမှားအမှန်ကို သူတို့က ဝေဖန်သုံးသပ်ပေးသည်။ ကျွန်မ လက်သည်းဆိုးသည့်အရောင်ကအစ ကျွန်မတင်ပါးအဆုံး ဝေဖန်သုံးသပ်ကြသည်။

၂၀၁၁ ခုနှစ် မေလ၏ တစ်ခုသော တနင်္ဂနွေနေ့တွင် မိတ်ဆွေနှစ်ဦးနှင့် စားသောက်ဆိုင်တစ်ခု၌ ညစာသွားစားကြသည်။ ဘားရက်နှင့်အမေက သမီးများနှင့် နေရစ်ခဲ့၏။ ထိုနေ့မှာ အတော်ပင် လှုပ်ရှားသောနေ့တစ်နေ့ ဖြစ်သည်။ ဘားရက်က ညနေပိုင်းတွင် သူ့လူများနှင့် အလုပ်များခဲ့ခြင်းကြောင့် လိုက်လာခြင်းမရှိဘဲ ကျန်ရစ်ခဲ့ ခြင်းဖြစ်သည်။ စနေနေ့ ညနေပိုင်းက ညစာစားပွဲတွင် ဘားရက်က ဒေါ်နယ်ထရမ့်နှင့် ပတ်သက်၍ တစ်စွန်းတစ်စ ပြောကြားလိုက်သည်။ ကျွန်မ သူ့ကို မမြင်ရသော်လည်း ဧည့်သည်များထဲတွင် ထရမ့် ပါဝင်နေသည်ကို သိ၏။ ဘားရက်

စကားပြောနေစဉ် သတင်းရိုက်ကူးနေသော ကင်မရာများက ထရမ့်၏မျက်နှာကို အနီးကပ်ရိုက်ကြရာ ထရမ့်၏မျက်နှာမှာ ကျောက်တုံးတစ်တုံးကဲ့သို့ မာကျောကာ ဖြူဖွေးသွားသည်ကို တွေ့ရ၏။

တနင်္ဂနွေနေ့ ညမှာမူ တိတ်ဆိတ်ငြိမ်သက်ကာ လွတ်လပ်သောညများ ဖြစ်၏။ ကလေးများမှာလည်း ရက်သတ္တပတ်တစ်ပတ်လုံး ပင်ပန်းခဲ့ကြပြီးဖြစ်၍ ခြေကုန်လက်ပန်းကျနေ ကြဟန်တူသည်။ ဘားရက်ကိုယ်တိုင်မှာလည်း ကံကောင်းထောက်မလျှင် အင်ဒရူးလေတပ်စခန်း၌ ဂေါက်ရိုက်ခွင့် အချိန်ရသောကြောင့် သူ့ အတွက် ပိုမို လွတ်လပ်ခွင့်ရစေပါသည်။

ထိုညက ကျွန်မမိတ်ဆွေများနှင့် စားသောက်ကြပြီး ည ၁၀ နာရီခန့်တွင် အိမ်ပြန်ရောက်လာပါသည်။ ထုံးစံအတိုင်း တံခါးပေါက်ဝမှာ ဆီးကြိုနေသူကို နှုတ်ဆက်ပြီး တက်လာခဲ့သည်။ တစ်စုံတစ်ခုဖြစ်နေသည်ကို စိတ်ထဲမှာ မသင်္ကာဖြစ်မိ၏။ အိမ်ဖြူတော်၏ မြေညီထပ်၌ပင် ထူးထူးခြားခြား ငြိမ်သက်နေခြင်းကြောင့် ဖြစ်ပါသည်။ ညွှေ့ကြိုဝန်ထမ်းကို သမ္မတကြီး ဘယ်မှာလဲဟု မေးကြည့်လိုက်သည်။

"အပေါ်ထပ်မှာ ရှိနေပါတယ်။ တိုင်းပြည်ကို မိန့်ခွန်းပြောဖို့ ပြင်ဆင်နေပါ တယ်" ဟု ဖြေကြားသည်။

အရေးအခင်းကိစ္စတစ်ခု နောက်ဆုံးတွင် ပေါ်ပေါက်ခဲ့ပြီဆိုသည်ကို နားလည်လိုက်ပါသည်။ ဘယ်အရေးကိစ္စဖြစ်သည် ဆိုသည်ကိုတော့ ကျွန်မ မသိသေးပါ။ လွန်ခဲ့သည့် နှစ်ရက်အထိ ဘာအရေးအခင်းကိစ္စမျှမရှိ သာမန်အခြေအနေတွင် ဖြစ်ခဲ့သည်။ အမှန်တကယ်တွင်မူ အန္တရာယ်ကြီးမားပြီး အရေးကြီးသောကိစ္စတစ်ခု ပေါ်ပေါက်နေခဲ့သည် ဖြစ်သည်။ လပေါင်းများစွာ ထိပ်သီးထောက်လှမ်းရေးများ စုဝေးကာ ပြင်ဆင်ခဲ့ကြသော၊ ဆုံးဖြတ်ခဲ့ကြသော ကိစ္စသည် ပေါ်ပေါက်သွားခဲ့ပြီဖြစ်သည်။ ထိုအရေးအခင်းကိစ္စမှာ အိမ်ဖြူတော်နှင့် မိုင်ပေါင်း ခုနစ်ထောင်ဝေးသည့် နေရာ၌ မှောင်နှင့်မည်းမည်းတွင် U.S Navy SEALs တို့သည် ပါကစ္စတန်နိုင်ငံ အာဘော်တာဗစ်မြို့၌ အိုစမာဘင်လာဒင်အား ဝင်ရောက်ဖမ်းဆီးနိုင်ခဲ့ကြပြီ ဖြစ်သည်။

အိမ်ထဲသို့ ဝင်သွားသောအခါ ဘားရက်က အိပ်ခန်းထဲမှ ထွက်လာသည်။ သူက ဝတ်စုံပြည့်ဝတ်ဆင်ထားပြီး အနီရောင်လည်စည်း စည်းထားသည်။ သူ ဤသို့ ဆုံးဖြတ်ချက်ချနိုင်ရန် လပေါင်းများစွာ ကြိုးစားခဲ့ရ၏။

"ကိုယ်တို့ သူ့ကို မိပြီ။ ကိုယ်တို့ဘက်က တစ်ယောက်မှ အထိအခိုက် မရှိဘူး"ဟု သူက ဆိုသည်။

ကျွန်မတို့ ဖက်လိုက်ကြ၏။ အိုစမာဘင်လာဒင်ကို သတ်လိုက်ကြပြီ

ဖြစ်သည်။ အမေရိကန် တစ်ဦးတစ်ယောက်မျှ အသက်ဆုံးရှုံးခြင်းမရှိ။ ဘားရက်သည် ရောမစွန့်စားခန်းကြီးတစ်ခုကို လုပ်ဆောင်လိုက်ခြင်းပင် ဖြစ်သည်။ ခြေလှမ်းမှားခဲ့ပါက သမ္မတရာထူးကိုပင် သူ စွန့်လွှတ်ရမည်ဖြစ်သည်။ ယခုအခါတွင်မူ အားလုံးအဆင်ပြေသွားပြီဖြစ်၏။

သတင်းများက တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားသည်။ အိမ်ဖြူတော်ပတ်ဝန်းကျင်တွင် လူအများ စုဝေးရောက်ရှိလာကာ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ လူနေအဆောက်အဦများတွင် တစ်ညလုံး အောင်ပွဲခံသည့် ကြွေးကြော်သံများ ဟစ်ကြွေးနေ ကြသည်။ သူတို့အသံများ ကျယ်လောင်လိုက်သည်မှာ မလီယာပင် အိပ်ရာမှ နိုးလာပြီး ထ,လာသည်အထိ ဖြစ်ခဲ့၏။ ကျည်မတိုးသောမှန်များကို ထိုးဖောက်ကာ ဟစ်ကြွေးသံ များကို ကြားနေရပါသည်။

ထိုညတွင် အိမ်ဖြူတော်အတွင်းသို့ အဝင်အထွက်မရှိစေရန် ပိတ်ပင်ထားသည်။ အမေရိကန်ပြည်ထောင်စု၏ မြို့အသီးသီး၌လည်း လမ်းများပေါ်တွင် မနက်မိုးလင်းသည်အထိ အုန်းအုန်းကျွက်ကျွက် ရှိနေခဲ့ကြသည်။ ၉/၁၁ အတွက် နှစ်ပေါင်းများ စွာ ပူဆွေးခဲ့ကြရသော မိဘဆွေမျိုးများ ဝမ်းသာကျေနပ်သွားကြသည်။ ကျွန်မရောက်ဖူးခဲ့သော တပ်မတော်သားများ၏ အခြေစိုက်စခန်းများ တွင်လည်း သူတို့၏ မိသားစုများ ကျေနပ်နေကြမည်ဟု ယုံကြည်ပါသည်။ မိဘများ ဆုံးရှုံးခဲ့ကြရသည့် သားသမီး ပေါင်းများစွာတို့လည်း ထို ၉/၁၁ နေ့ကို ကြေကွဲစရာနေ့အဖြစ် မေ့နိုင်ကြ မည် မဟုတ်ပါ။ ဆုံးရှုံးမှုများကို သတိရနေကြမည် ဆိုသည်ကို ကျွန်မ သိပါသည်။

လူတစ်ယောက် သေဆုံးသွားသည်ဆိုလျှင် ထိုသူနေရာ၌ မည်သူ့ကိုမျှ အစားထိုး၍ မရနိုင်ပေ။ လူတစ်ယောက် သေဆုံးသွားခြင်းအတွက် အောင်ပွဲခံရန် ဆိုသည်မှာလည်း မည်သည့်အခါမျှ တင့်တယ်သည့်ကိစ္စ မဟုတ်ပေ။ သို့သော် အမေရိကန်ပြည်ထောင်စုတွင် ထိုညမှာမူ အပျော်ဆုံးည ဖြစ်ခဲ့ပါသည်။

※※※

အချိန်တို့သည် မည်ကဲ့သို့ ကုန်ဆုံးသွားမှန်း မသိနိုင်အောင်ပင် အလုပ်များနှင့် လုံးထွေးနေခဲ့သည်။ နေ့စဉ်နေ့တိုင်း အလုပ်များနေခဲ့၏။ ရက်သတ္တပတ် သို့မဟုတ် တစ်လ သို့မဟုတ် တစ်နှစ် အိမ်ဖြူတော်တွင် ရောက်ရှိခဲ့သည်ကိုပင် မမှတ်မိနိုင် လောက်ပင် ရှိတော့သည်။ သောကြာနေ့သို့ ရောက်လာသည့်အခါမှသာ တနင်္လာနေ့နှင့် အင်္ဂါနေ့များက မည်သို့ကုန်ဆုံးမှန်း မသိနိုင်လောက်အောင် ရှိရသည်။ ရံဖန်ရံခါတွင် ညစာစားရန် ထိုင်မိသည့်အချိန်၌ နေ့လယ်စာ မည်ကဲ့သို့ စားခဲ့သည်ကိုပင် မမှတ်မိတော့ပါပေ။ ယခုထက်တိုင် အလုပ်များမှာ မလည်ပတ်နိုင်သေးပေ။ အချိန်ကုန်မှုမှာ လျင်မြန်လွန်းလှသည်။ တစ်ခါတစ်ရံ၌ တစ်ညနေတည်းတွင် ပွဲနှစ်ပွဲ တက်ရသည်။ အစည်းဝေးပွဲပေါင်းများစွာ၊ ဓာတ်ပုံရိုက်ခံရမှုများစွာ ရှိခဲ့သည်။ တစ်ခါတစ်ရံတွင် ၂၄ နာရီအတွင်း ပြည်နယ်ပေါင်းများစွာသို့ ခရီးနှင်ရသည်။ သို့မဟုတ် ပရိသတ် တစ်သောင်းနှစ်ထောင်တက်ရသော အစည်းဝေးပွဲများ၌ စကားပြောရသည်။ သို့မဟုတ် ကလေးသူငယ် လေးရာတို့နှင့် အိတ်စွပ်ကာ အပြေးပြိုင်ပွဲ ဆင်နွှဲရပြန်သည်။ တစ်ခါ တစ်ရံ၌လည်း ညနေခင်းပွဲများအတွက် အဝတ်အစားအဆန်းများ ဝတ်ကာ ဧည့်ခံပွဲ တက်ရပြန်သည်။ တရားဝင် တက်ရောက်ရသော ဧည့်ခံပွဲများ မရှိသည့်နေ့များ၌ ကျွန်မသည် ဆာရှာနှင့် မလီယာတို့အတွက် အချိန်ပေးမိသည်။ ပွဲတစ်ခုနှင့်တစ်ခု အကူးအပြောင်း ဆံပင်ပြန်မပြင်မီ၊ မိတ်ကပ်ပြန်မလိမ်းမီ၊ အဝတ်အစား ပြန်မလဲမီ အချိန်ကလေးများအတွင်း သမီးတို့ကို အချိန်ပေးရပါသည်။ ပရိသတ်မျက်စိရှေ့မှောက် ထွက်ရမည်ဖြစ်ခြင်းကြောင့် ပြင်ရဆင်ရခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် ဘားရက် ပြန်လည်အရွေးခံမည့် ၂၀၁၂ ခုနှစ်သို့ ချဉ်းကပ်လာပြီ ဖြစ်သည်။ ကျွန်မတို့ နားနေ၍မရနိုင်သေးသည်ကို သိကြပါသည်။ သမ္မတကတော် အဖြစ် ကျွန်မမှာလည်း သီးခြားဂုဏ်ဒြပ်တစ်ခု ရှိနေ၏။ ဤသို့သော ဂုဏ်ပုဒ်ရရှိရန် ကျေးဇူးတင်ထိုက်သူများကိုလည်း ကျွန်မ အမြဲတစေ ကျေးဇူးတင်မိပါသည်။ သမ္မတ ကတော်ဘဝ ရပ်တည်ကာ ကျွန်မသမိုင်းကြောင်းကို ကျွန်မ ရေးနိုင်ခဲ့သည်ဟု ထင်ပါသည်။ သမ္မတကတော်များထဲတွင် ကိုယ့်ဂုဏ်ဒြပ်နှင့်ကိုယ် ရပ်တည်နိုင်သူ ရှားပါးလှ ပါသည်။ ကျွန်မသည် မည်သည့်အခါကမျှ ဂျွန်ကွင်စီအဒမ်စ်နှင့် နှိုင်းယှဉ်ခြင်းမပြု သကဲ့သို့ ဆိုဂျူရာထရသ်နှင့်လည်း မနှိုင်းယှဉ်ပါ။ ထိုနည်းတူ ဝူဒရိုးဝီလ်ဆင်နှင့်သော် လည်းကောင်း၊ ဟားရီးရပ်တပ်မန်းတို့နှင့်သော်လည်းကောင်း မယှဉ်အပ်ပါ။ ရိုဆာပါ့စ် နှင့် ကိုရေးရှားစကော့ကင်းတို့မှာ ကျွန်မနှင့် အနည်းငယ်ဆင်ပြီး အယ်လီနာရူးဇဘက် နှင့် မာမီအိုက်ဆင်ဟာဝါတို့မှာလည်း ကျွန်မဘဝနှင့် အလားသဏ္ဍာန်တူသည်ဟု ဆိုနိုင် ပါသည်။ ကျွန်မသည်

သမိုင်းတွင်ခဲ့သော ယင်းသမ္မတကတော်ကြီးများ၏ အချက် အလက်များကို ထိန်းသိမ်းသကဲ့သို့ ကျွန်မ၏မိခင်၊ အဘွားများ၏ အစဉ်အလာများကို လည်း စောင့်ထိန်းသူ ဖြစ်ပါသည်။ ထိုအမျိုးသမီးကြီးများသည် ကျွန်မ ယခု ရရှိနေသောဘဝကို မည်သည့်အခါကမျှ စိတ်ကူးခဲ့ကြမည် မဟုတ်ပေ။ သို့သော် သူတို့ သည် သူတို့၏ ကြိုးစားမှု၏ အသီးအပွင့်များကို ခံစားခဲ့ကြရခြင်းသာ ဖြစ်သည်။ ကျွန်မနှင့် အတူတူပင်။ ကျွန်မအနေဖြင့် ထိုအမျိုးသမီးကြီးများအား ဂုဏ်ပြုလိုပါသည်။

ထိုသို့ အစဉ်အလာကောင်းသော အမျိုးသမီးကြီးများ၏ ဂုဏ်ဒြပ်ကို ထိန်းသိမ်းနိုင်ရန်အတွက် ကျွန်မလုပ်ဆောင်ရန် လိုအပ်ပါသည်။ ကျွန်မကို ပေါ်ပြူလာဖြစ်သော သမ္မတကတော်ဟု ဆိုကြသော်လည်း ဤသို့ မဖြစ်လာမီက ပြစ်တင်ဝေဖန်ခဲ့ကြ သည်ကို ယခုထက်တိုင် ခြောက်လှန့်နေဆဲဖြစ်ပါသည်။ ကျွန်မ၏ အသားအရောင် ကြောင့် ထိုစဉ်က ဝေဖန်ခဲ့ကြခြင်းဖြစ်မည် ထင်ပါသည်။ ယခုအခြေအနေသို့ ရောက် ရှိလာရန် ကျွန်မပြောရမည့်မိန့်ခွန်းများကို တယ်လီပရွန်တာ (ကြိုတင်ရေးသားထားသည့် မိန့်ခွန်းကို ပြောနေစဉ် ဖတ်ရှုနိုင်ရန် ပြပေးသည့်စက်)နှင့် အကြိမ်ပေါင်းများစွာ လေ့ကျင့်ပါသည်။ ထိုစက်က ကျွန်မရုံးခန်း၏ ထောင့်တစ်နေရာတွင် ရှိသည်။ တက်ရောက်ရမည့် အစည်းအဝေးများကို ကျွန်မရှေ့ပြေးအဖွဲ့က စီစဉ်ထားပြီး အားလုံး အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ထားကြပါသည်။ ကျွန်မ ဖွဲ့စည်းပေးခဲ့သော Let's Move နှင့် Joining Forces တို့မှာလည်း အရှိန်ရနေကြပြီဖြစ်သည်။ ရလာသမျှ အခွင့်အရေးများကို လက်မလွှတ်စတမ်း အသုံးချကာ ခရီးပြင်းနှင်နေမိသည်။ တစ်ခါတစ်ရံတွင် ကျွန်မကိုယ်ကျွန်မ အသက်ရှူရန်ပင် သတိပေးနေရပါသည်။

ဘားရက်နှင့်ကျွန်မတို့မှာ မကြာမီလပိုင်းအတွင်း စည်းရုံးရေးခရီးများ စတင် ရတော့မည်ဖြစ်၍ ခရီးပိုထွက်ရမည်။ နည်းပရိယာယ် ပိုသုံးရမည်။ ထိုနည်းတူ စိတ်လည်း ပိုပူရမည်ဆိုသည်ကို သိထားကြပါသည်။ နောက်တစ်ကြိမ် ရွေးကောက်ခံရန် စိတ်မပူဘဲ ထား၍ မဖြစ်နိုင်ပါပေ။ ကုန်ကျစရိတ်မှာလည်း ပထမအကြိမ်ထက် ပိုများပါမည်။ (ဘားရက်နှင့် မန်ဆာချူးဆက်ပြည်နယ်မှ ပြည်နယ်အုပ်ချုပ်ရေးမှူး ဟောင်းဖြစ်သော မစ်ရူမီတို့ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ သူက ရီပါဘလီကင်၏ အမတ်လောင်းတစ်ယောက်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နှစ်ဦးစလုံးက စည်းရုံးရေးအတွက် ဒေါ်လာတစ်ဘီလျံကျော် သုံးစွဲကြမည်ဖြစ်သည်။) တာဝန်ကြီးလှ ပါသည်။ ရွေးကောက်ပွဲအနိုင်အရှုံးသည် တင်ပြနေဆဲဖြစ်သော အမေရိကန်ပြည်သူ လူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအတွက် ထောက်ပံ့ငွေကိစ္စကို ရိုက်ခတ် လာနိုင်ပါသည်။ ထို့ပြင် ကမ္ဘာတစ်လွှား၌ ဖြစ်ပေါ်နေသော ရာသီဥတုကူးပြောင်းမှု လျင်မြန်လာနေခြင်းကို ဟန့်တားစေရန်အတွက် အမေရိကန်ပြည်ထောင်စုကလည်း

ပါဝင်မည်ဖြစ်ရာ ယင်းကိစ္စကိုလည်း ထိခိုက်လာနိုင်ပါသည်။ အိမ်ဖြူတော်၌ ရှိသမျှ ဝန်ထမ်းအားလုံးကလည်း ကျွန်မတို့ ဒုတိယသက်တမ်း အိမ်ဖြူတော်တွင် ဆက်လက် ရှိနိုင်ပါမည်လား ဆိုသည်ကို စိုးရိမ်နေကြသည်။ ဘားရက် ရှုံးသွားလျှင် ဆိုသော အတွေးကို ကျွန်မ တွေးပင်မတွေးဝံ့ပါ။ သို့သော် ဖြစ်နိုင်ခြေကို တွက်ရမည်သာ ဖြစ်သည်။ ဘားရက်ကိုယ်တိုင်ကလည်း စိတ်ပူနေပုံရ၏။ သို့သော် ကျွန်မတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ဖွင့်ဟ မပြောဖြစ်ကြပါ။

၂၀၁၁ ခုနှစ် နွေရာသီရောက်ရှိလာခဲ့ပြီဖြစ်သည်။ ဘားရက်အတွက် အရေးကြီးလာပြီဖြစ်၏။ ရီပါဘလီကင် အများစုပါဝင်သော အမတ်များက အစိုးရချေးငွေစာချုပ်များ ထုတ်ရောင်းရန်ကိစ္စ အဆိုပြုချက်ကို ငြင်းပယ်ကြသည်။ အစိုးရကြွေးမြီ တက်လာမည်ဟု အကြောင်းပြကြသည်။ အစိုးရ အသုံးစရိတ်များကိုလည်း ဖြတ်တောက်ကြသည်။ လူမှုဖူလုံရေးကိစ္စ၊ ဆေးဝါးစောင့်ရှောက်မှုကိစ္စတို့ကို ဘားရက်က အဆိုပြုသော်လည်း သူတို့က ငြင်းပယ်ကြသည်။ ထိုစဉ်ကာလအတွင်း အလုပ်သမားဝန်ကြီးဌာနမှ တင်ပြချက်အရ အလုပ်အကိုင်များ ကျဆင်းလာကြသည်။ ၂၀၀၈ ခုနှစ်က ကြုံခဲ့ရသော စီးပွားရေးအကျပ်အတည်းကဲ့သို့ တစ်ကျော့ပြန်ဝင်လာသည်ဟု ဆိုကြသည်။ တိုင်းပြည်မှာ ရောက်သင့်သည့်နေရာသို့ မရောက်နိုင်သေးဟု သုံးသပ်ကြ၏။ ထို့ကြောင့် လူအများစုက ဘားရက်အား ပြစ်တင်စကားဆိုကြပြန်သည်။ အိုစမာ ဘင်လာဒင်အား ဖမ်းဆီးသုတ်သင်နိုင်စဉ်က ဘားရက်အား ယုံကြည်ကိုးစားမှု နှစ်ဆမျှ တက်လာခဲ့သော်လည်း ယခုလပိုင်းအတွင်းမှာပင် ကြွေးမြီကိစ္စများက စိတ်ပူစရာ ဖြစ်လာခဲ့ပြီး သူ့အပေါ်တွင် ယုံကြည်မှု ကျဆင်းသွားပြန်သည်။

ထိုကာလအတွင်းမှာပင် ကျွန်မ တောင်အာဖရိကသို့ ချစ်ကြည်ရေးခရီးစဉ် ထွက်ခဲ့ရပြန်သည်။ ထိုခရီးစဉ်မှာ လပေါင်းများစွာကတည်းက ကြိုတင်စီစဉ်ထားခြင်း ကြောင့် ထွက်ခဲ့ရခြင်းဖြစ်သည်။ ဆာရှာ၊ မလီယာတို့မှာလည်း ကျောင်းပိတ်ရက်ဖြစ် သဖြင့် လိုက်ပါလာနိုင်ခဲ့ကြသည်။ အမေနှင့် ခရိတ်၏ ကလေးများဖြစ်သော လက်စလီ နှင့် အေဗရီတို့လည်း ကျွန်မနှင့်အတူ ပါလာခဲ့သည်။ သူတို့နှစ်ယောက်မှာ ယခု ဆယ်ကျော်သက်အရွယ် ရောက်ရှိနေပြီဖြစ်၏။ ကျွန်မက အမေရိကန်ပြည်ထောင်စုမှ တာဝန်ယူကျင်းပပေးသော အာဖရိကန်အမျိုးသမီးခေါင်းဆောင်များ တွေ့ဆုံပွဲ၌ မိန့်ခွန်းပြောကြားပေးရမည် ဖြစ်သည်။ သို့သော် ကျွန်မအစီအစဉ်များမှာ များပြားလှပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်သည့်ကိစ္စများ ပါဝင်သည့်အပြင် ဌာနေ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံရပါဦးမည်။ ဘော့ဆွာနာသို့ ခေတ္တ သွားရောက် လည်ပတ်ကြသေးသည်။ ဘော့ဆွာနာ၏ သမ္မတနှင့် HIV ဆေးခန်းများ ဖွင့်လှစ်ရေး ဆွေးနွေးခဲ့ပြီး ခပ်သုတ်သုတ်ပင် ပြန်ခဲ့ရ၏။

ကျွန်မတို့မှာ အချိန်မရသဖြင့် တောင်အာဖရိကဥ္စ နှံ့နှံ့စပ်စပ် လည်ပတ်ခွင့် မရခဲ့ပေ။ ဂျိုဟာန်းစ်ဘာ့ခ်မြို့တော်၌ ရှိသော Apartheid ပြတိုက်သို့ ရောက်ခဲ့သည့်အပြင် ကွန်မြူနတီစင်တာ၌ ကလေးများနှင့်အတူ စာအုပ်များဖတ်ခြင်း၊ က,ခုန်ခြင်းတို့ကို လည်း ပြုခဲ့ပါသည်။ ထိုစင်တာမှာ မြို့တော်၏ မြောက်ဘက်တွင်ရှိသော လူမည်းများ၏ စုစည်းရာနေရာတစ်ခု ဖြစ်ပါသည်။ ကိပ်တောင်းတွင်ရှိသော ဘောလုံးကွင်း၌ ကွန်မြူနတီစည်းရုံးရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်လည်း တွေ့ဆုံကာ လူငယ် များအား အားကစားလေ့ကျင့်ရန် ဆောင်ရွက်ပေးခြင်းဖြင့် HIV/AIDS ရောဂါတို့နှင့် ပတ်သက်သည့် အသိပညာပေးများဆောင်ရွက်ရန် အကြံပေးခဲ့ပါသည်။ ကျွန်မတို့အား ဘိရှော့ဖြစ်သည့် ဒက်စမွန်တူးတူးနှင့်လည်း မိတ်ဆက်ပေးပါသည်။ သူသည် တောင်အာဖရိက တိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါ၏။ ကျွန်မနှင့် တွေ့စဉ်က တူးတူးမှာ အသက် ၇၉ နှစ်အရွယ် ရှိနေပြီဖြစ်သည်။ စည်ပိုင်း ကဲ့သို့ ပုပြတ်ဝ,သောခန္ဓာကိုယ် ရှိ၏။ မျက်လုံးများမှာ အရောင် တလက်လက် တောက်ပနေပြီး အရယ်သန်သူလည်း ဖြစ်ပါသည်။ ကျွန်မက အားကစားရုံတွင် ကိုယ်လက်ကြံ့ခိုင်ရေး အကြောင်း ဟောပြောမည်ဟု ပြောပြသောအခါ သူက ကျွန်မ ကို အိပ်ထ,မ,ထိုင်လေ့ကျင့်ခန်း သူနှင့်အပြိုင် ပြုလုပ်ရန် စိန်ခေါ်ခဲ့ပါသေးသည်။ အနားတွင် ရှိနေကြသော ကလေးများက တဝါးဝါး ရယ်ကြ၏။

တောင်အာဖရိကတွင် ရက်အနည်းငယ် နေထိုင်ပြီးသည့်နောက် ကျွန်မ ကိုယ်ကျွန်မ လွင့်မျောနေသလို ခံစားရသည်။ ၁၉၉၁ ခုနှစ်က ကင်ညာနိုင်ငံသို့ ကျွန်မ ပထမဆုံးအကြိမ် ရောက်ဖူးခဲ့ပါသည်။ ဘားရက်နှင့်အတူ Matatus ဟု ခေါ် သော ကင်ညာနိုင်ငံလုပ် ယာဉ်တစ်မျိုးဖြင့် လှည့်လည်ကြည့်ရှုကြသည်။ ဖုန်တထောင်း ထောင်းထ,နေသော လမ်းတစ်လျှောက်တွင် အူမာ၏ ဖောက်စဝက်ဂွန်ကားဖြင့် လျှောက်ကြည့်ကြသည်။ ထိုသို့ နှံ့နှံ့စပ်စပ်လျှောက်ကြည့်ခြင်းအားဖြင့် သူတို့၏ ယဉ် ကျေးမှုနှင့် သမိုင်းကို သိခွင့်ရသည့်အပြင် ကျွန်မတို့ လူမည်းများ၏ သေးငယ်ကျဉ်း မြောင်းသော ကမ္ဘာကိုလည်း တစေ့တစောင်း ကြည့်ခွင့်ရခဲ့ပါသည်။ အသက် ၇၆ နှစ်အရွယ်ရှိသော အမျိုးသမီးကြီးများအား ခေါင်းဆောင်မှုသင်တန်းသို့ တက်ရောက်ရန် ရွေးချယ်ထားကြသည်ကိုလည်း တွေ့ရပြန်ပါသည်။ ထိုအမျိုးသမီးကြီးများသည် သူတို့ အသိုင်းအဝိုင်းအတွက် အဓိပ္ပာယ်ရှိသော ဦးဆောင်မှုများ ပေးနေကြခြင်းကြောင့် နေရာပေးကြခြင်းဖြစ်သည်ဟု သိရသောအခါ ကျွန်မ မျက်ရည်ကို မနည်းထိန်းခဲ့ရ ပါသည်။ သူတို့ကိုကြည့်ပြီး ကျွန်မ မျှော်လင့်ချက်တွေ ရှိလာသည်။ အသက်ပင်အို သော်လည်း တိုင်းပြည်နှင့် လူမျိုးအတွက် စွမ်းဆောင်နိုင်ကြသေးသည်ကို သိခွင့်ရခဲ့သည်။ ထိုစဉ်ကာလက အာဖရိကတိုက်၏ ၆၀ ရာခိုင်နှုန်းသော လူဦးရေတို့မှာ အသက် ၂၅ နှစ်အောက်အရွယ်တို့သာ

ဖြစ်ကြသေးသည်။ ကင်ညာတွင် တွေ့ရသည် မှာ အမျိုးသမီးများသည် အသက် ၃၀ အောက်ဖြစ်ပြီး တချို့ဆိုလျှင် ၁၆ နှစ်ခန့်ပင် ပါ,ပါသေးသည်။ သူတို့သည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများ တည်ထောင် နေကြပြီး အခြားအမျိုးသမီးများအား စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖြစ်အောင် ပျိုးထောင်ပေးနေကြ၏။ ထိုအမျိုးသမီးများထဲမှ အစိုးရအဖွဲ့ဝင်များ လာဘ်စားသည်ကို ဖော်ထုတ်ကြသူတချို့မှာ ထောင်ချခံရသည်ဟု ကြားခဲ့ရပြန်ပါသည်။ ယခု အခါတွင်မူ သူတို့အားလုံးသည် တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ရရှိကာ လေ့ကျင့်မှုကောင်း ကောင်းရခဲ့ကြသကဲ့သို့ သတ္တိလည်း ရှိလာကြသည်။ သူတို့အားလုံး မကြာမီ အဆင် ပြေသွားလိမ့်မည်ဟု ကျွန်မ မျှော်လင့်ပါသည်။

ကျွန်မ ရောက်ရှိပြီး ဒုတိယနေ့တွင် အံ့သြစရာတစ်ခု ကြုံရပါသည်။ ကျွန်မတို့ မိသားစုမှာ နယ်ဆင်မင်ဒဲလား ဖောင်ဒေးရှင်းရုံးချုပ် ရှိရာ ဂျိုဟန်းစဘာ့ခ် မြို့သို့ ရောက်ရှိနေကြသည်။ လူ့အခွင့်အရေးတိုက်ပွဲများတွင် နာမည်ကျော်ခဲ့သော မင်ဒဲလား၏ဇနီး ဂါကာမာခဲလ်နှင့် တွေ့ဆုံနေခိုက် မင်ဒဲလားကလည်း သူ့ထံ လာရောက်တွေ့ဆုံမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း သတင်းစကား ရောက်ရှိလာခြင်းပင် ဖြစ်သည်။

ကျွန်မတို့ ချက်ချင်းပင် သူရှိနေသည့် နေအိမ်သို့ သွားလိုက်ကြသည်။ ထိုစဉ်က နယ်ဆင်မင်ဒဲလားမှာ အသက် ၉၂ နှစ်ရှိပြီ ဖြစ်၏။ လွန်ခဲ့သည့် တစ်နှစ် ကတည်းကပင် အဆုတ်ပြဿနာကြောင့် ဆေးရုံသို့ တင်ထားရသည်။ ဧည့်သည်များ ကို လက်ခံတွေ့ဆုံခဲလှကြောင်း သိထားပါသည်။ ဘားရက်ကမူ လွန်ခဲ့သည့် ၆ နှစ်ကတည်းက ဆီးနိတ်တာဘဝဖြင့် မင်ဒဲလား ဝါရှင်တန်သို့ လာရောက်လည်ပတ်စဉ် တွေ့ဆုံခဲ့ဖူးပါသည်။ ဘားရက်က မင်ဒဲလားနှင့် နှစ်ယောက်တွဲရိုက်ထားသည့် ဓာတ်ပုံကို သူ့ရုံးခန်းနံရံတွင် အစဉ် ချိတ်ဆွဲထားခဲ့သည်။ ကျွန်မသမီးများဖြစ်ကြသော ဆယ်နှစ်သမီး ဆာရှာ၊ တစ်ဆယ့်သုံးနှစ်သမီး မလီယာတို့က ယခုကဲ့သို့ မင်ဒဲလားနှင့် တွေ့ဆုံရခြင်းမှာ ကြီးစွာသော အခွင့်အရေးဖြစ်သည်ဆိုသည်ကို နားလည်ခဲ့ကြပါသည်။ မည်သည့်အခါကမျှ တုန်လှုပ်ခြင်းမရှိခဲ့သော ကျွန်မ မိခင်ပင်လျှင် မင်ဒဲလား နှင့် တွေ့ဆုံရမည်ဆိုသောအခါ စိတ်လှုပ်ရှားသွားသည်ကို တွေ့လိုက်ရ၏။

ကမ္ဘာပေါ်တွင် လူအဖြစ် အသက်ရှင်ရပြီး တစ်ဘဝလုံးကို အဓိပ္ပာယ်ရှိစွာ အသုံးချသွားသူမှာ နယ်ဆင်မင်ဒဲလားတစ်ယောက်တည်းသာ ရှိသည်ဟု ကျွန်မ ယုံကြည်ပါသည်။ ၁၉၄၀ ခုနှစ်များအတွင်းက သူသည် လူငယ်တစ်ဦးဖြစ်ပြီး အာဖရိကန်နေရှင်နယ်ကွန်ဂရက်သို့ ဝင်ရောက်ခဲ့သည်။ တောင်အာဖရိကနိုင်ငံ အစိုးရ ကို ကြီးစိုးခြယ်လှယ်နေသော လူဖြူများအားလုံးကို ရဲရဲဝံ့ဝံ့ပင်

စိန်ခေါ်ခဲ့သည်။ အသက် ၄၄ နှစ်အရွယ်တွင် သူ့လှုပ်ရှားမှုများကြောင့် ဖမ်းဆီးခံရပြီး ထောင်တွင်း အကျဉ်းချခံရသည်။ အသက် ၇၁ နှစ်အရွယ် ၁၉၉၀ ကျမှ အကျဉ်းထောင်မှ ပြန်လွတ်ခဲ့၏။ အကျဉ်းထောင်ထဲတွင် ၂၇ နှစ်လုံးလုံး မည်သည့်အကျဉ်းသားနှင့်မျှလည်း တွေ့ခွင့်မရဘဲ တစ်ဦးတည်း နေခဲ့ရသည်။ သူ့မိတ်ဆွေ အပေါင်းအသင်းတချို့မှာ နှိပ်စက်ညှဉ်းပန်းခံရကာ အသတ်ခံခဲ့ကြရသည်။ ထောင်မှလွတ်လာသည့် နယ်ဆင် မင်ဒဲလားက ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံခြင်းထက် အစိုးရခေါင်းဆောင်များနှင့် ညှိနှိုင်း ခြင်းက ပိုမိုအဆင်ပြေလိမ့်မည်ဟု ယုံကြည်ကာ ငြိမ်းချမ်းစွာဖြင့် တောင်အာဖရိကနိုင်ငံ အား ဒီမိုကရေစီပြည့်ဝသည့် တိုင်းပြည်အဖြစ် ထူထောင်နိုင်ခဲ့သည်။ ပထမဦးဆုံး သမ္မတလည်း ဖြစ်လာခဲ့၏။

မင်ဒဲလားသည် မြေထဲပင်လယ်ဒေသ အိမ်ပုံစံဖြင့် မြို့၏ ဆင်ခြေဖုံးတစ်နေရာတွင် နေထိုင်၏။ သူ့အိမ်၏ နံရံများမှာ ထောပတ်အရောင် သုတ်လိမ်းထားသည်။ ဂါကာမာခဲလ်က ကျွန်မတို့အား သစ်ပင်များအုပ်ဆိုင်းနေသည့် သူ့အိမ်အတွင်းသို့ ခေါ်ဆောင်သွားသည်။ အိမ်အတွင်း၌ ကျယ်ဝန်းသော အခန်းတစ်ခုတွင် နယ်ဆင်မင် ဒဲလားသည် လက်တန်းပါကုလားထိုင်တစ်လုံးဖြင့် ထိုင်နေသည်။ တစ်ခေါင်းလုံးဖြူဖွေးနေပြီး အညိုရောင် ပါတိတ်အင်္ကျီ ဝတ်ဆင်ထား၏။ သူ့ကိုယ်အောက်ပိုင်းကို စောင်ဖြင့် ဖုံးလွှမ်းပေးထားသည်။ သူ့ပတ်ဝန်းကျင်၌ မျိုးဆက်ပေါင်းများစွာတို့ ဝန်းရံထားကြသည်။ သူတို့အားလုံးက ကျွန်မတို့ရောက်ရှိလာခြင်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပါသည်။ အခန်းတွင်း လင်းလင်းထင်းထင်း ရှိနေပြီး အားလုံးမှာ ဖော်ရွေ သောအပြုံးများနှင့် ရှိနေကြသည့်အခါ ကျွန်မမှာ အဘိုးကို သတိရမိသည်။ တောင်ပိုင်း သား၏ နေအိမ်သို့ ကျွန်မတို့ယယ်စဉ်က ရောက်ရှိသွားသည့်အခါ ဤသို့ပင် ဆွေမျိုး များ တစ်စုတစ်ဝေးရှိနေကြသည်ကို သတိရမိခြင်းဖြစ်ပါသည်။ မရောက်လာသေးမီက စိတ်လှုပ်ရှားမိသော်လည်း ရောက်သွားသည့်အခါ ကျွန်မ စိတ်အေးချမ်းသွားသည်။

အမှန်မှာ သူ့ကို ကျွန်မ သေသေချာချာမသိသေးသဖြင့် ဘာကြောင့် ကျွန်မတို့ ဝင်တွေ့ရမည်ကို စိတ်ပူနေခြင်း ဖြစ်ပါသည်။ သူသည် အဘိုးအိုတစ်ယောက် ဖြစ်နေပြီး တစ်ခါတစ်ရံ၌ သူ့စိတ်ကူးများ လွတ်ထွက်သွားသည်ရှိသကဲ့သို့ တစ်ခါ တစ်ရံ၌ ကျွန်မပြောသည်ကို မကြားသည်များလည်း ရှိပါသည်။ "ဒါ မစ်ရှယ်လ် အိုဘားမားပဲ" ဟု ဂါကာမာခဲလ်က သူ့နားသို့ကပ်ကာ ပြောပြလိုက်သည်။ "အမေ ရိကန်သမ္မတကတော်ပေါ့"။

"အိုး... ချစ်စရာလေးပါလား" နယ်ဆင်မင်ဒဲလားက ရေရွတ်လိုက်သည်။ "ချစ်စရာလေးကွယ်..."။

သူက ကျွန်မကို စိတ်ဝင်တစား ကြည့်လိုက်သည်။

သူ့အကြည့်သည် အမှန်တကယ် သူ့ရှေ့မှောက်သို့ ရောက်လာသော လူတစ်ယောက်ကို နွေးထွေးသောအကြည့်ဖြင့် ကြည့်လိုက်ခြင်းပင် ဖြစ်ပါသည်။ ကျွန်မတို့ နှစ်ယောက် အကြည့်ချင်းဆုံလိုက်သည့်အခါ ငြိမ်းချမ်းခြင်းနှင့် နှစ်သက်ခြင်း အပြည့် အဝရှိသည်ကို သိလိုက်ပါသည်။ သူ့ရင်ထဲမှ စကားတချို့ကို ဖွင့်အန်ပြောကြားလိုက် သကဲ့သို့ ကျွန်မ ထင်မိသည်။ သူ့မိန့်ခွန်းများ၊ သူ့စာများ၊ သူ့စာအုပ်များနှင့် ကန့်ကွက် ကြွေးကြော်သံများသည် သူ့သမိုင်းတွင်သာမက တစ်ကမ္ဘာလုံး၏ လူသားမျိုးနွယ်တို့ သမိုင်းတွင်ပါ တွင်ကျန်ရစ်ခဲ့ပြီဖြစ်သည်။ တစ်ခဏတာမျှ သူနှင့် တွေ့ဆုံလိုက်ရခြင်း သည် ကျွန်မအတွက် ငြိမ်းချမ်းမှုကို ရစေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

မင်ဒဲလားနှင့် တွေ့ဆုံပြီး နောက်ငါးရက်အကြာတွင် ကျွန်မတို့ အမေရိကန် ပြည်ထောင်စုသို့ ပြန်ခဲ့ကြသည်။ မြောက်ဘက်မှ အနောက်ဘက်သို့ အာဖရိကနှင့် အတ္တလန္တိတ်သမုဒ္ဒရာကို မှောင်ကြီးမည်းမည်းတွင် ဖြတ်သန်းကာ ပျံသန်းခဲ့ကြခြင်း ဖြစ်သည်။ ဆာရှာနှင့်မလီယာတို့မှာ သူတို့ဝမ်းကွဲမောင်နှမများနှင့် စောင်ခြုံအောက်တွင် ကွေးနေပြီး ပါလာခဲ့ကြသည်။ အမေက ကျွန်မအနီး၌ ခုံတစ်ခုံပေါ်တွင် အိပ်ငိုက်ရင်း ထိုင်နေသည်။ လေယာဉ်၏နောက်ပိုင်းတွင် လေယာဉ်အမှုထမ်းနှင့် ထောက်လှမ်းရေး အဖွဲ့သားများက ရုပ်ရှင်ကြည့်သူကြည့်၊ အိပ်သူအိပ်ဖြင့် ပါလာသည်။

လေယာဉ်အင် ဂျင်စက်သံမှအပ ဘာသံမျှ မကြားရသဖြင့် တစ်ယောက်တည်းမဟုတ်သော်လည်း တစ်ယောက်တည်းရှိနေသကဲ့သို့ ခံစားရ၏။ ကျွန်မတို့ အိမ်ကို ပြန်နေကြပါပြီ။ ကျောက်ဖြူသားများနှင့် တည်ဆောက်ထားသော ဝါရှင်တန်ရှိ အိမ်ဖြူတော်သို့ ပြန်နေ ကြခြင်းပင် ဖြစ်သည်။ ထိုအိမ်တွင် ဖြည့်ဆည်း၍ပင် မပြည့်နိုင်လောက်အောင် ထည့် သမျှ ဝင်လွန်းလှပါသည်။ ခေါင်းဆောင်သင်တန်းတွင် ကျွန်မ တွေ့ခဲ့သော အာဖရိကန် အမျိုးသမီးငယ်များကို သတိရမိသည်။ သူတို့တစ်တွေလည်း အိမ်ပြန်ကြပေတော့ မည်။ လုပ်ငန်းခွင်သို့ ဝင်ရောက်ကာ လိုအပ်သည်များကို လုပ်ဆောင်နေကြပေတော့ မည်။

မင်ဒဲလား ထောင်ချခံရသည်မှာ သူ့ခံယူချက်ကြောင့် ဖြစ်သည်။ သူ ထောင်ထဲ၌ ရှိနေစဉ် သူ့ကလေးများ အရွယ်ရောက်လာကြသည်။ မြေးအတော်များ များပင် အရွယ်ရောက်လာသည်ကို သူ မမြင်လိုက်ရ။ ခါးသီးသောအတွေ့အကြုံပင် ဖြစ်ပါသည်။ သို့သော် သူ့စိတ်ထဲတွင် ထိုခါးသီးခြင်းသည် တိုင်းပြည်အတွက် ကောင်း ကျိုးချမ်းသာဖြစ်စေမည့် ခါးသီးခြင်းဟု ခံယူခဲ့၏။ သူသည် လုပ်ရင်းကိုင်ရင်း အခါ အခွင့်ကို စောင့်ခဲ့သည်။ စိတ်ဓာတ်မပျက်ပြားခဲ့။

ကျွန်မ အိမ်ပြန်လာသည့်အခါတွင် သူ့ထံမှ ထိုစိတ်ဓာတ်ကို ရယူနိုင်ခဲ့သည်။ ဘဝက ကျွန်မအား တိုးတက်မှုရစေရန်နှင့် တဖြည်းဖြည်းချင်း ပြောင်းလဲနိုင်ရန်

သင်ကြားပေးလျက်ရှိသည်။ နှစ်နှစ်အတွင်းသာမဟုတ် လေးနှစ် ကြာကောင်းကြာမည်။ သို့မဟုတ် တစ်သက်လုံး ကြာချင်ကြာနိုင်ပါသည်။ ကျွန်မတို့သည် ပြောင်းလဲစေမည့် မျိုးစေ့များကို စိုက်ပျိုးနေကြခြင်းဖြစ်ရာ ပွင့်ဖူးလာမည့် အသီးအပွင့်တို့ကို တွေ့ချင်လျှင်လည်း တွေ့ရမည်။ မည်သည့်အခါမျှ မတွေ့ရသည်လည်း ဖြစ်သွားနိုင်ပါသည်။ အဓိကမှာ စိတ်ရှည်ရန်သာဖြစ်၏။

※

၂၀၁၁ ခုနှစ်၏ နွေဦးပေါက်ရာသီတွင် ဘားရက်က လွှတ်တော်သို့ ဥပဒေကြမ်းတစ်ခု သုံးကြိမ်တိုင်တိုင် တင်သွင်းသည်။ ထိုဥပဒေကြမ်းက ထောင်ပေါင်းများစွာသော အလုပ်အကိုင်များကို အမေရိကန်ပြည်သူလူထုအတွက် ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် ပြည်နယ်များမှ ဆရာ၊ ဆရာမများ ပိုမိုငှားရမ်းရမည် ဖြစ်၏။ သုံးကြိမ်စလုံးပင် ရီပါဘလီကင်များက တားမြစ်ပိတ်ပင်ခဲ့ကြသည်။ မဲခွဲသည့် အဆင့်သို့ပင် မရောက်ခဲ့ပေ။

ဆီးနိတ်အမတ်များထဲမှ လူနည်းစုခေါင်းဆောင်ဖြစ်သူ မစ်ချ်မက်ကောနဲလ်ဆိုသူက "ဒီဟာလေးတစ်ခုကတော့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပေါ့ဗျာ" ဟု သတင်းထောက်များအား ပြောကြားခဲ့ဖူးသည်။ "သမ္မတ အိုဘားမားအနေနဲ့ သူ့သက်တမ်းအတွင်းမှာ လုပ်ခွင့်ပေးလိုက်ကြပါ"ဟုလည်း ဆိုသည်။ သူပြောသည်မှာ ရှင်းပါသည်။ ရီပါဘလီကင်ကွန်ဂရက်သည် ဘားရက် ဘာပဲလုပ်လုပ် ဆန့်ကျင်ကြမည်ဟု ခံယူထားပုံရသည်။ သူတို့သည် မျိုးချစ်စိတ်ဖြင့် ကာကွယ်ခြင်းမဟုတ်၊ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်နေကြခြင်းသာဖြစ်သည်။

ကျွန်မ သိလာရသည်မှာ နိုင်ငံရေးဆိုသည်မှာ အကျင့်ပျက်ခြင်း၊ အတိုက်အခံလုပ်ခြင်း ဟူ၍ ဖြစ်လာသည်။ သို့သော် ဘားရက်တွင် ထိုကဲ့သို့သော ခံယူချက်များ မရှိသည်ကို ကျွန်မ သိပါသည်။ သူသည် လုပ်ငန်းခွင်အတွင်း၌သာ နှစ်မြှုပ်နေသူ တစ်ဦးဖြစ်ပြီး ကျန်သည့်အရေးကိစ္စများကို အလေးမထားသူတစ်ဦးဖြစ်၏။ သူ နိုင်ငံရေးလောကသို့ ရောက်ရှိလာခဲ့သည်မှာ ၁၅ နှစ်ရှိပြီ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးလောကတွင် ၁၅ နှစ်ဆိုသည်မှာ မီးတိုက်စားခြင်းခံရသော ကြေးအိုးတစ်လုံး ကဲ့သို့ ဖြစ်လေပြီလားဟု ကျွန်မ စဉ်းစားမိသည်။ ကြေးအိုးသည် မီးတိုက်စား၍ ပါးကောင်းပါးသွားနိုင်သော်လည်း ပို၍ အရောင်ပြောင်လက်လာမည်သာ ဖြစ်သည်။

၂၀၁၁ ခုနှစ် နွေဦးပေါက်ရာသီတွင် ဘားရက်နှင့်ကျွန်မ စည်းရုံးရေးခရီးစဉ် စ,ကြပါသည်။ စည်းရုံးရေးစတင်ပြီ ဆိုကတည်းက ကျွန်မတို့နှစ်ယောက်စလုံးမှာ နေ့မအား၊ ညမနား လှုပ်ရှားကြရသည်။ ဝါရှင်တန်မှ ထွက်ခွာကာ အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ ရစ်ချ်မွန်မှအစ ရီနို ကဲ့သို့သော ဒေသများအထိ

ကွင်းဆင်းကြရသည်။ တွေ့သမျှ ထောက်ခံအားပေးသူများနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်နှုတ် ဆက်ခြင်း၊ သူတို့စိတ်ကူးစိတ်သန်းများအား နားထောင်ခြင်း စသည်တို့ ပြုလုပ်ရသည်။ အခြေခံလူတန်းစားများက ဘားရက်၏ ဒီမိုကရေစီဝါဒအပေါ် အမြင်ကို လက်ခံကြသည်။ အမေရိကန်လူထုသည် သူတို့ရွေးချယ်တင်မြှောက်လိုက်သော ခေါင်းဆောင်များထက် ကျန်းမာရေးအကူအညီ ရရှိရာ၌ နိမ့်ပါးကြသည်ကိုလည်း သတိပြုမိပါသည်။ ကျွန်မတို့အနေနှင့် သူတို့တစ်တွေ မဲပေးလာစေရန် ဆွဲဆောင်နိုင်ရပါမည်။ ၂၀၁၀ ပြည့်နှစ် နှစ်လယ်ရွေးကောက်ပွဲတွင် သန်းပေါင်းများစွာသော အမေရိကန်ပြည်သူများသည် မဲမပေးဘဲ နေခဲ့ကြသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ခဲ့ရပါသည်။ ထိုသို့ မဲမပေးခဲ့ကြသဖြင့် ကွန်ဂရက်တွင် ဘားရက်သည် ဥပဒေ တစ်ခု ပြဋ္ဌာန်းတော့မည်ဆိုပါက ပြတ်ပြတ်သားသား အနိုင်ရရှိနိုင်ရန် အတော်ပင် ခဲယဉ်းခဲ့သည်။

ထိုသို့ စိန်ခေါ်မှုများရှိခဲ့သော်လည်း မျှော်လင့်ချက်များလည်း ရှိပါသည်။ ၂၀၁၁ ခုနှစ် နှစ်ကုန်ဆုံးချိန်တွင် အမေရိကန်တပ်မတော်သား အားလုံးသည် အီရတ်နိုင်ငံမှ ထွက်ခွာနိုင်ခဲ့ပြီ ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံမှလည်း အမေရိကန်တပ်များ ဆုတ်ခွာစ,ပြုနေပြီဖြစ်သည်။ Affordable Care Act မှာလည်း စတင်အသက်ဝင်တော့ မည်ဖြစ်ရာ လူငယ်အများစုမှာ သူတို့မိဘများ၏ အာမခံပေါ်လစီများ အကျိုးသက် ရောက်မှု ခံစားနိုင်တော့မည်ဖြစ်သည့်အပြင် အာမခံကုမ္ပဏီများကလည်း မိဘတို့အား တစ်သက်တာအာမခံထားရန် သိမ်းသွင်းနေကြသည်။ ထိုအခြေအနေမှာ ရှေ့သို့ရောက် လာသော ခြေတစ်လှမ်းဟု ကျွန်မကိုယ်ကျွန်မ သတိပေးမိပါသည်။ လူထု၏ အကျိုး စီးပွားကို ပိုမိုကျယ်ပြန့်သော လမ်းစဉ်ပေါ်သို့ ရောက်အောင် ဆွဲခေါ်လာနိုင်ခဲ့ပြီဟုလည်း ယူဆပါသည်။

ပြိုင်ဘက်နိုင်ငံရေးအဖွဲ့အစည်းများက ဘားရက် ရှုံးနိမ့်သွားမည်ကို လိုလား ကြကြောင်း ကျွန်မတို့ သိသော်လည်း ဘာမျှမတတ်နိုင်ပါ။ ဆက်လုပ်ရန်သာရှိပါသည်။ ဥပမာပြရလျှင် ဆစ်ဒ်ဝဲလ်ကျောင်းတွင် ကလေးအမေတစ်ဦးက မလီယာအား တင်းနစ်ရိုက်ခြင်းအားဖြင့် အသက်အန္တရာယ်မစိုးရိမ်ဘူးလားဟု မေးခဲ့သည့် မေးခွန်းနှင့် တူနေပါသည်။ ဘာတတ်နိုင်ပါမည်နည်း။ ကိုယ့်ထံသို့ ရောက်လာသော ဘောလုံးကို မှန်မှန်ရိုက်နိုင်ရန်သာ ကြိုးစားရပါတော့မည်။

ထို့ကြောင့် ကျွန်မတို့ ကြိုးစားကြသည်။ နှစ်ယောက်စလုံးပင် ကြိုးစားကြ ပါသည်။ Let's Move ဆိုသည့် အဖွဲ့အစည်း၏ အောက်တွင် ကျွန်မက ကြိုးစားသည်။ ကျွန်မတို့အဖွဲ့က Darden Restaurants လုပ်ငန်းများကို

စည်းရုံးလိုက်နိုင်သည်။ ထိုလုပ် ငန်းက Olive Garden နှင့် Red Lobster ကဲ့သို့သော စားကုန်ပစ္စည်းများကို ထုတ်လုပ်သည့်လုပ်ငန်း ဖြစ်သည်။ သူတို့က သူတို့ထုတ်သည့် အစားအသောက်များတွင် ကယ်လိုရီများလျှော့ချရန်၊ ဆိုဒီယမ်များလျှော့ချရန်၊ ကလေးများအတွက် ကျန်းမာရေး နှင့် ညီညွတ်သော အစားအစာများ ထုတ်လုပ်ရန် ကတိပေးသည်။ ကျွန်မတို့က ကုမ္ပဏီ၏ အကြီးတန်းအရာရှိများနှင့် တွေ့ဆုံသည်သာမက အောက်ခြေမှ ထုတ်လုပ် ရေး အလုပ်သမားများအထိ တွေ့ဆုံကာ ဆွေးနွေးပါသည်။ သူတို့အား အမေရိကန် ပြည်သူလူထု၏ အစားအသောက်ပုံစံမှာ ပြောင်းလဲလာပြီဖြစ်ကြောင်း ရှင်းပြဆွေးနွေးရသည်။ Darden ကုမ္ပဏီသည် တစ်နှစ်တစ်နှစ်လျှင် အမေရိကန်ပြည်သူလူထုအတွက် အနပ်ပေါင်း သန်းလေးရာနှင့် ညီမျှသည့် စားကုန်များထုတ်လုပ်သော လုပ်ငန်း ဖြစ်သည်။ ထိုနည်းဖြင့်ပင် ကလေးများ၏ စားကုန်များတွင် ပါဝင်သော အစားအသောက် များ၌ ဆိုဒါ အစရှိသည့် ကျန်းမာရေးနှင့် မညီညွတ်သော ဓာတုဗေဒဆေးများ ပါဝင်မှု အချိုးအဆ လျှော့ချရန် ကြိုးစားခဲ့ကြပါသည်။

သမ္မတကတော်ဟု ဆိုသော်လည်း ကျွန်မ၏ စိတ်ဝင်စားမှုမှာ ကလေးများ၏ ကျန်းမာရေး၌ ရှိနေသည်။ အခြား ဩဇာအာဏာသုံးစွဲရမည့် ကိစ္စရပ်များ၌ စိတ်မဝင် စားပါ။ တပ်များနှင့်လည်း တရားဝင်မဟုတ်သောဆက်ဆံရေး မရှိခဲ့ပါ။ ထုံးတမ်းစဉ် လာအရ လုပ်ရမည့်ကိစ္စရပ်အချို့ကိုသာ လုပ်ခဲ့ပါသည်။ ကျွန်မသည် အမေရိကန် သမိုင်းတွင် ပထမဦးဆုံးသော လူမည်းသမ္မတကတော် ဖြစ်သည်သာမက အသက်မွေး ဝမ်းကျောင်းလုပ်ငန်းကို လုပ်ကိုင်နိုင်သော အမျိုးသမီး၊ ကလေးငယ်နှစ်ဦး၏ မိခင် ဖြစ်ပါသည်။ လူအများက ကျွန်မအဝတ်အစားကို စိတ်ဝင်စားကြသည်။ ကျွန်မဖိနပ်၊ ကျွန်မဆံပင်ပုံစံတို့ကိုလည်း စိတ်ဝင်စားကြပြန်သည်။ ကျွန်မ ဘယ်ကလာသလဲ၊ ဘာ ကြောင့် ဒီအခြေအနေကို ရောက်လာရသလဲ ဆိုသည်ကိုလည်း စိတ်ဝင်စားကြပြန်ပါသည်။ သူတို့ သိလိုသမျှကို ကျွန်မ မည်သည့်နည်းဖြင့် ရှင်းပြနိုင်ပါမည်နည်း။ စိတ်ဝင်စားသောဝတ်စုံများကို ဝတ်သည်။ ဟာသပြောလိုက ပြောသည်။ ကလေးများ၏ အစားအသောက်တွင်ပါဝင်သော ဆိုဒီယမ်ပစ္စည်းများအကြောင်း မငြီးငွေ့ စတမ်း ပြောလိုက ပြောသည်။ ထိုသို့ လုပ်လိုသမျှကို Let's Move အဖွဲ့အစည်း၏ အောက်မှပင် ကျွန်မ လှုပ်ရှားခဲ့ပါသည်။

ပြောရမည်ဆိုလျှင် ကျွန်မသည် ခေတ်ယဉ်ကျေးမှုရေစီးတွင် ပါဝင်ကူးခပ် နေသူတစ်ဦးပင် ဖြစ်ပါသည်။ ဘားရက်က တစ်ခါတစ်ရံတွင် ကျွန်မအား "Joe Public"ဟု ခေါ်တတ်၏။ တစ်ခါတစ်ရံတွင် သူ့စည်းရုံးရေးခရီးစဉ်အတွက် ဆောင်ပုဒ်များ ထုတ်လိုက ထုတ်ခိုင်းတတ်သည်။ ကျွန်မက လူငယ်များနှင့်အတူ ခေတ်ပေါ် ယဉ်ကျေးမှုတွင် စီးဝင်မျောပါနေသူဖြစ်ကြောင်း သူသိခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်မက ပရင်စတန်၊ ဆစ်ဒလီနှင့် အော်စတင် စသည့် ဝန်းကျင်၌

ကျင်လည်ခဲ့သည် မှန်သော်လည်း ယခုအခါတွင်မူ ကျွန်မသည် စိန်စီသော ကပ်ပွဲတက်ဝတ်စုံကို ဝတ်ဆင် ကာ ငြိမ့်ငြိမ့်ကလေး နေ,နေရပြီဖြစ်သည်။ သို့သော် ကျွန်မသည် Peopleမဂ္ဂဇင်းကို ဖတ်မြဲဖတ်သည်။ Sitconများကို ကြည့်ချင်သည့်အခါ ကြည့်သည်။ အော်ပရာဝင်း ဖရေးနှင့် အယ်လင်းတို့၏ အင်တာဗျူးများကို ကြည့်သည်။ Meet the Press သို့မဟုတ် Face of Nation သတင်းကဏ္ဍများကို ကြည့်လိုက ကြည့်သည်။

ကျွန်မ ယခုကဲ့သို့ ပြောပြရသည်မှာ အမေရိကန်ပြည်သူလူထုနှင့် ဘားရက်၏ အနောက်ဆောင်မှ အကြံပေးများ မသိမိသည်များကို ကျွန်မ ပြောပြနိုင်ခြင်း၏ အဓိက အကြောင်းတရားများဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။ သတင်းစာများ၊ ရုပ်မြင် သံကြားအစီအစဉ်များနှင့် အင်တာဗျူးထိုင်လုပ်ပေးမည့်အစား ကျွန်မသည် ပြည်သူလူထုအပေါ် လွှမ်းမိုးနိုင်စွမ်းရှိသည့် mommy bloggerများကို ဖတ်ကာ လေ့လာသည်။ ထို blogများသည် အမေရိကန်အမျိုးသမီးတို့အပေါ်တွင် လွှမ်းမိုးမှုများစွာရှိသည်။

ကျွန်မဝန်ထမ်းငယ်များသည် သူတို့ တယ်လီဖုန်းများနှင့် အင်တာနက်များ ကြည့်သကဲ့ သို့ မလီယာနှင့်ဆာရှာတို့မှာလည်း သူတို့သူငယ်ချင်းများနှင့် ဖုန်းမှပင် ဆက်သွယ်ကြသည်။ သူတို့ကိုကြည့်ကာ ကျွန်မ စိတ်ကူးတစ်ခုရခဲ့သည်။ ၂၀၁၁ ခုနှစ် နွေဦးပေါက် မှာပင် ကျွန်မ၏ တွစ်တာ၌ Joining Forces အမည်ရှိ အဖွဲ့တစ်ခုကို ဖွဲ့လိုက်သည်။ ထိုအဖွဲ့သို့ စည်းကမ်းကန့်သတ်မှုမရှိ ဝင်ရောက်နိုင်ကြောင်း ဖိတ်ခေါ်လိုက်သည့်အခါ အချိန်တိုကာလအတွင်းမှာပင် လူများစွာ ဝင်ရောက်လာကြသည်။

အမှန်က စမ်းသပ်မှုတစ်ခုသာ ဖြစ်ပါသည်။ ကျွန်မ၌ ရှိသော နူးညံ့သည့် ပါဝါတစ်ခုဖြင့် ခိုင်မာအောင် ရပ်တည်နိုင်သည်ဆိုသည်ကို တွေ့ရှိလာရသည်။

သတင်းထောက်များနှင့် ရုပ်မြင်သံကြားကင်မရာတို့က ကျွန်မနောက်သို့ တကောက်ကောက် လိုက်ကြရာ သူတို့ကို ခေါ်ဆောင်သွားလိုသည့်နေရာများသို့ ကျွန်မ ခေါ်ဆောင်သွားသည်။ ကျွန်မနှင့် ဂျီလ်ဘီဒန်တို့က နံရံတစ်ခုကို ဆေးသုတ်လိုက်သည် ဆိုကြပါစို့၊ ဝါရှင်တန်မြို့ အနောက်မြောက်တွင်ရှိသော နေအိမ်တစ်ခု ဖြစ်သည်။ ဘာမျှစိတ်ဝင်စားရန် မရှိသော်လည်း အမျိုးသမီးနှစ်ဦးက ဆေးသုတ်သည့် ပစ္စည်း ကိရိယာများဖြင့် သုတ်ပြလိုက်ခြင်းဖြင့် စိတ်ဝင်စားမှုကို ဖမ်းစားလိုက်သည်။

ထိုသို့ ဖမ်းစားလိုက်ခြင်းက တပ်ကြပ်ဂျော်နီအဂ္ဂဘီ၏ တံခါးဝသို့ လူများစွာကို ဆွဲဆောင်လိုက်နိုင်သည်။ ဂျော်နီသည် အာဖဂန်နစ္စတန်စစ်မြေပြင်တွင် ဆေးတပ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်ပြီး

အသက်အရွယ်အားဖြင့် ၂၅ နှစ်သာ ရှိပါသေးသည်။ သူ့ကျောရိုးတွင် ဒဏ်ရာရခဲ့ပြီး ဦးနှောက်အထိ ထိခိုက်သွားရှာသည်။ နှစ်ပေါင်းများစွာကြာအောင် ဝေါ်လ်တာရိဒ်နာလံထ စခန်းတွင် ကုသမှု ခံယူခဲ့ရသည်။ ဆေးရုံမှ ဆင်းသော်လည်း သူသည် ဘီးတပ်ကုလားထိုင်ပေါ်မှ မဆင်း နိုင်ရှာခဲ့ပေ။ သူနေရမည့်အိမ်ကို ကျွန်မတို့နှစ်ယောက်က စတင်ဆေးသုတ်ပေး လိုက်ခြင်းပင် ဖြစ်၏။ ပြည်သူအများ ဝိုင်းဝန်းလာကြကာ သူ့ဘီးတပ်ကုလားထိုင် သွားလာနိုင်အောင် လုပ်ဆောင်ပေးကြသည်။ တံခါးပေါက်ကို ချဲ့ပေးကြသည်။ မီးဖိုခန်းတွင်းမှ ပန်းကန်ဆေးကန်ကို နှိမ့်ပေးကြသည်။ အမြတ်အစွန်းမယူသော အဖွဲ့အစည်းများက တတ်နိုင်သမျှ ဖြည့်ဆည်းပေးကြသည်။ ထိုနည်းဖြင့် စစ်မြေပြင်မှ ပြန်လာသော မသန်စွမ်းဖြစ်သွားရှာသည့် စစ်မှုထမ်းဟောင်းများကို ဝိုင်းဝန်းဖြစ်ကြသည်။ ကင်မရာများက တပ်မတော်သားများကိုသာမက သူ့အိမ်၊ သူ့ပတ်ဝန်းကျင် ကိုပါ ရိုက်ပြကြသည်။ သတင်းထောက်များက ကျွန်မနှင့်ဂျီလ်ကိုသာမက ဂျောနီကိုပါ အင်တာဗျူးလုပ်ကြသည်။ ကျွန်မရည်မှန်းချက် အောင်မြင်ခဲ့ပါသည်။

※

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် ရွေးကောက်ပွဲနေ့တွင် ကျွန်မသည် ကြောက်စိတ်များဖြင့် ငြိမ်သက်စွာ ထိုင်နေမိသည်။ ဘားရက်နှင့် သမီးများ အပါအဝင် ကျွန်မတို့ တစ်မိသားစုလုံး ချီကာဂိုမြို့ရှိ ဂရင်းဝုဒ်အဗဲန်ျူးရှိ နေအိမ်သို့ ပြန်လည် ရောက်ရှိနေကြပါသည်။ တစ်နိုင်ငံလုံးက မဲဆန္ဒပေးရာတွင် ကျွန်မတို့အား လက်ခံ လေမည်လား၊ သို့တည်းမဟုတ် ငြင်းပယ်လေမည်လား စောင့်ဆိုင်းနေကြပါသည်။ ဒီတစ်ကြိမ် ရွေးကောက်ပွဲသည် ယခင်ကြုံခဲ့ဖူးသော ရွေးကောက်ပွဲများထက် ပိုမို ထိတ်လန့်စရာ ကောင်းပါသည်။ ဘားရက်၏ နိုင်ငံရေးခံယူချက်နှင့် တိုင်းပြည်အပေါ် တွင် ထားရှိသည့် သစ္စာတရားသာမက သူ့အကျင့်စာရိတ္တကိုပါ ထိခိုက်လာမည်ဖြစ်သည်။ ကျွန်မတို့လည်း အိမ်ဖြူတော်တွင် ဆက်လက်နေထိုင်ခွင့် ရတော့မည် မဟုတ် ပါ။ ကျွန်မတို့သမီးများမှာ သူတို့အသိုင်းအဝိုင်း၌ ဝင်ဆံ့အသားကျနေကြပြီဖြစ်သည်။ ထိုအခြေအနေမျိုးကို မပျက်စီးစေလိုပါ။ အိမ်ဖြူတော်၌ နေထိုင်ခဲ့သည့် လေးနှစ်လုံး လုံး ပြုပြင်ပြောင်းလဲမှုများကို ဖျက်သိမ်းရမည်ဆိုလျှင် ခံစား၍ ရမည်မဟုတ်ပါ။

စည်းရုံးရေးလုပ်ငန်းများကြောင့် ကျွန်မတို့နှစ်ယောက်စလုံးမှာလည်း ပင်ပန်း နေကြပြီဖြစ်သည်။ ကျွန်မလုပ်နေကျ လုပ်ငန်းများအပြင် ဆရာ၊ မိဘ နှီးနှောဖလှယ်ပွဲ များ၌ ပါဝင်ရသကဲ့သို့ သမီးတို့၏ အိမ်စာများကို ကူလုပ်ပေးရသည်။ စည်းရုံးရေးပွဲ များ၌ စကားပြောရသည်မှာ တစ်နေ့လျှင် သုံးမြို့ဖြစ်ပြီး ရက်သတ္တတစ်ပတ်လျှင် သုံးရက် ခရီးထွက်ရပါသည်။ ဘားရက်၏ စည်းရုံးရေးခရီးစဉ်များမှာ ပိုမိုပင်ပန်းလှ ပါသည်။ မဲဆန္ဒရှင်များက သူ့အား

လက်ခံကြပြီး သူနှင့်ပြိုင်ဘက်ဖြစ်သည့် မစ်ရွမ်နီ ထက် ပိုမိုအားပေးကြသည်ကို တွေ့ရ၏။ အောက်တိုဘာလ၌ မစ်နှင့် ဘားရက်တို့ ထုံးစံအတိုင်း စကားစစ်ထိုးပွဲ ကျင်းပခဲ့ရာ အလှူရှင်များ၊ အကြံပေးများ စိတ်ပူပင်ရ သည်အထိ ဖြစ်ခဲ့ရသည်။ သူတို့မျက်နှာများပေါ်တွင် ပင်ပန်းနွမ်းနယ်နေသည့် အရိပ် အယောင်များ တွေ့ရသည့်အပြင် သူတို့နောက်မှ လိုက်ပါလုပ်ကိုင်ပေးသော ဝန်ထမ်း တို့မှာလည်း နွမ်းနယ်နေကြပြီ ဖြစ်သည်။ သူတို့က မျက်နှာပေါ်တွင် မပေါ်လွင်စေရန် ကြိုးစားကြသော်လည်း ဘားရက်အား အိမ်ဖြူတော်မှ ကန်ထုတ်နိုင်ရန် လပေါင်းများ စွာ ကြိုးစားခဲ့ကြသည်မှာ သိသာနေပါသည်။

ထိုသို့ ခက်ခဲကြမ်းတမ်းသည့် အခြေအနေ၌ ရှိနေသော်လည်း ဘားရက် သည် တည်ငြိမ်မှုမပျက် ရှိခဲ့၏။ သို့သော် သူ့မျက်နှာကို မြင်လိုက်ရုံဖြင့် စိတ်ဖိစီးမှု မည်မျှများပြားနေသည်ကို ကျွန်မ သိပါသည်။ နောက်ဆုံးရက်သတ္တပတ်များသို့ ရောက်ရှိလာသောအခါ သူ့မျက်နှာမှာ ပင်ပန်းနေသည်ကို အထင်းသားပေါ်ရုံသာမက ခန္ဓာကိုယ်မှာလည်း ခါတိုင်းထက် ပိန်သွားသည်။ သူ့ပါးစပ်ထဲတွင် ထုံးစံအတိုင်း နီကိုရက်ကိုမူ ဝါးမြဲတိုင်း ဝါးနေဆဲပင်။ ဇနီးသည်တစ်ယောက်အနေဖြင့် သူ့အပေါ်တွင် စိတ်ပူပင်မိသည်။ နှစ်သိမ့်မှုပေးခဲ့သည်။ စည်းရုံးရေးကိစ္စများ လက်စသတ်ခဲ့ပြီဖြစ် သဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အဆုံးသတ်ခဲ့ပြီဖြစ်သည်။ ထိုအချိန်တွင် လစ်ဗျား နိုင်ငံ ဘင်္ဂါဇီမြို့၌ အမေရိကန်သံတမန်များကို အကြမ်းဖက်တိုက်ခိုက်မည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။ ရာသီဥတုကလည်း စန္ဒီဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်း ဝင်တော့မည့်ဆဲဆဲဖြစ်သည်။ ထိုမုန်တိုင်းသည် ရွေးကောက်ပွဲမတိုင်မီ ရက်သတ္တပတ်အလို၌ အရှေ့ဘက်ကမ်းခြေကို ဖြတ်ကာ ဝင်ရောက်သွားခဲ့သည်။

ထိုနေ့က အရှေ့ဘက်ကမ်းခြေ၌ မဲရုံများ ပိတ်လုဆဲဆဲအချိန် ဖြစ်၏။ ကျွန်မ အိမ်အပေါ်ဆုံးထပ်သို့ တက်သွားကာ ထိုညပွဲအတွက် ပြင်ဆင်စရာရှိသည်များ ကို ပြင်ဆင်နေလိုက်သည်။ ဆံပင်ပြင်ခြင်း၊ မိတ်ကပ်ပြင်ခြင်းတို့ကို ဆောင်ရွက်ရ၏။ မီရာဒစ်က ကျွန်မအတွက် အဝတ်ပုံထဲတွင် အဝတ်အစား ရွေးချယ်နေသည်။ အိမ်တွင် အမေနှင့် သမီးများလည်း ရှိနေသည်။ ဂျော်နီနှင့်ကားလ်တို့က ကျွန်မဆံပင်နှင့်မိတ်ကပ် ကို ပြင်ဆင်ပေးနေကြ၏။ ဘားရက်ကမူ ထုံးစံအတိုင်း ဘတ်စကက်ဘော သွား ကစားနေသည်။ ဘောလုံးပွဲမှ ပြန်လျှင် သူ့ရုံးခန်းသို့ ဝင်ကာ လုပ်ရန်ရှိသည်များကို လက်စသတ်ဆောင်ရွက်နေမည်ဖြစ်၏။

အိမ်၏ တတိယထပ်တွင် ရုပ်မြင်သံကြားစက်ရှိသော်လည်း ကျွန်မ တမင် တကာပင် ပိတ်ထားလိုက်သည်။ ကောင်းသည့်သတင်းဖြစ်စေ၊ ဆိုးသည့်သတင်းဖြစ် စေ သူတစ်ပါးထံမှ တစ်ဆင့်မကြားလိုဘဲ ဘားရက် သို့မဟုတ် မလီဆာထံမှသာ ကြားလိုပါသည်။ သို့တည်းမဟုတ် ကျွန်မနှင့် အနီးကပ်ဆုံးသူတစ်ဦးဦးထံမှ ဆိုလျှင်

လည်း ကျွန်မ လက်ခံပါမည်။ ရုပ်မြင်သံကြားကို ဖွင့်ထားလျှင် သတင်းကြေညာသူတို့၏ ခန့်မှန်းဝေဖန်ချက်များကို ကြားရမည်ဖြစ်သည်။ ထိုဝေဖန်ချက်များက ကျွန်မကို ဒုက္ခပေးနိုင်သည်ဖြစ်၍ အသေးစိတ်မကြားလိုပါ။ အနိုင်၊ အရှုံးကိုသာ တိုက်ရိုက်ကြားလိုပါသည်။

ည ၈ နာရီတိတိရှိပြီ ဖြစ်သည်။ ထိုအချိန်မှာ အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်းမှအချိန် ဖြစ်ပါသည်။ ထို့ကြောင့် အနိုင်၊ အရှုံးအဖြေ အတိအကျမထွက်နိုင်သေးပေ။ ကျွန်မက ဘလက်ဘယ်ရီဖုန်းကို ကောက်ကိုင်လိုက်ပြီး ဘယ်လာရီ၊ မလီဆာ၊ တီနာချန်းတို့ထံ အီးမေးလ်များပို့လိုက်သည်။ သူတို့မှာ ၂၀၁၁ ခုနှစ်က ကျွန်မ၏ ဝန်ထမ်းအဖွဲ့ခေါင်းဆောင်များဖြစ်ခဲ့ကြပြီး သူတို့ ဘာကြားထားသည်ကို မေးမြန်းလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်မ ၁၅ မိနစ် စောင့်လိုက်သည်။ မိနစ် ၃၀ စောင့်လိုက်သည်။ သို့သော် တစ်ယောက်ထံကမျှ အကြောင်းမပြန်ကြပေ။ ကျွန်မ ရောက်ရှိနေသောအခန်း သည် ထူးထူးခြားခြားပင် တိတ်ဆိတ်ငြိမ်သက်နေ၏။ အမေက အောက်ထပ် မီးဖိုဆောင်တွင် မဂ္ဂဇင်းတစ်စောင်ဖတ်ကာ ထိုင်နေသည်။ မီရာဒစ်က သမီးတို့အား ညနေခင်းအတွက် အဝတ်အစားပြင်ဆင်ပေးနေသည်။ ဂျော်နီက ကျွန်မဆံပင်အား အပူပေးနေသည်။ ကျွန်မ ဆောက်တည်ရာမရတော့ပါ။ လူတွေက ကျွန်မမျက်လုံးကို တည့်တည့်မကြည့်တော့ဘဲ ရှောင်လွှဲနေကြသည်။ အခြေအနေကို သူတို့ သိနေကြပြီလား။ ကျွန်မ တစ်ယောက်တည်းသာ မသိသေးသည်လား။

အချိန်များ ကုန်ဆုံးလာခဲ့သည်။ ကျွန်မခေါင်းထဲတွင် တဒုန်းဒုန်းဖြစ်လာခဲ့ပြီး ကျွန်မ ဟန်ချက်ညီစွာ ရပ်တည်နိုင်ရန်ပင် မစွမ်းဆောင်နိုင်တော့ပေ။ သတင်းများကို လည်း မဖွင့်ရဲပါ။ အခြေအနေဆိုးကို ရုတ်တရက် ရင်မဆိုင်ဝံ့ခြင်းကြောင့်ဖြစ်၏။ ကျွန်မအတွေးများသည် မကောင်းသည့်ဘက်ကိုသာ ရောက်ရှိနေတော့သည်။ ကျွန်မ နှလုံးသားထဲတွင် သတ္တိကို မွေးလိုက်သည်။ သို့သော် မိနစ်တိုင်း မိနစ်တိုင်းပင် ကျွန်မ၏ ဘလက်ဘယ်ရီဖုန်းသည် ကျွန်မပေါင်ပေါ်တွင် ငြိမ်သက်စွာရှိနေသည်။ နံရံများ သည်ပင် ပြိုလဲတော့မည်ဟု ကျွန်မ ခံစားလာရသည်။ သံသယတို့သည် မုန်တိုင်း သဖွယ် ကျွန်မရင်ထဲ၌ ဗလောင်ဆူနေသည်။ ကျွန်မတို့ အစွမ်းကုန်မကြိုးစားမိခဲ့ကြဘူး လား သို့တည်းမဟုတ် ဒုတိယသက်တမ်းအတွက် မထိုက်တန်လို့လား။ ကျွန်မလက်များပင် တဆတ်ဆတ်တုန်လာသည်။

ဘားရက် အိမ်ပြန်ရောက်လာကာ ထုံးစံအတိုင်း ယုံကြည်စိတ်ချမှုအပြည့်ရှိသည့် အပြုံးကို မြင်လိုက်ရသောအချိန်တွင် ကျွန်မသည် ပူပန်စိတ်ဖြင့် သတိလစ်လုဆဲ ဆဲ အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ သူ့မျက်နှာပေါ်တွင် ပူပန်မှုရှိနေသေးသည်။ "ကိုယ်တို့ နိုင်မှာပါ"ဟု သူက ဆို၏။

ကျွန်မ ဘာမှမသိသေးသည်ကို သူ တအံ့တသြ ကြည့်နေသည်။ "အခြေခံအားဖြင့်တော့ ပြီးသွားပြီလေ"ဟု ဆိုသည်။

အောက်ထပ်သို့ ဆင်းလာကြကာ ရုပ်မြင်သံကြားစက်ကို ဖွင့်လိုက်ချိန်၌ သတင်းကောင်းများ ဝင်လာသည်။ ပြဿနာမှာ ကျွန်မ၏ ဘလက်ဘယ်ရီဖုန်း ဖြစ်သည်။ မည်သို့ဖြစ်သည် မသိ၊ ဆက်သွယ်မှုပြတ်တောက်နေသည်။ ကျွန်မ မေးမြန်းသော စာများလည်း မထွက်ဘဲ ရှိနေခဲ့၏။ ထိတ်ထိတ်ပျာပျာဖြစ်နေခြင်းကြောင့် စာများ မထွက်သည်ကိုလည်း ကျွန်မ မသိခဲ့ပေ။ ကျွန်မ စိတ်ပူနေသည်ကို အခြားမည် သူကမျှလည်း မသိ။ ကျွန်မနှင့် တစ်ခန်းတည်းတွင် ရှိနေကြသူများပင် မသိခဲ့ကြပေ။

ဘားရက်အနေဖြင့် နိုင်,နိုင်ပါသည်။ သို့သော် အပြင်းအထန်တိုက်ရမည့် ပြည်နယ်တစ်ခုသာ ရှိသည်။ သူ့ကို လူငယ်များ၊ လူနည်းစုများ၊ အမျိုးသမီးများက ၂၀၀၈ ခုနှစ်ကအတိုင်း မဲပေးခဲ့ကြသည်။ ရီပါဘလီကင်က တတ်နိုင်သမျှ ဖြတ်ထုတ် နေကြ၏။ သမ္မတဒုတိယသက်တမ်း မရရှိရေး သူ့အမြင်၊ သူ့အတွေးတို့ မှားယွင်း ကြောင်း ဖော်ထုတ်ရေးတို့ကိုသာ ကြိုးစားနေကြသည်။ ကျွန်မတို့က အမေရိကန် ပြည်သူလူထုအား အလုပ်ဆက်လက်လုပ်ကိုင်ခွင့်၊ လုပ်လက်စအလုပ်များ လက်စ သတ်ခွင့်နှင့် ထိုအလုပ်များမှ အကျိုးဆက်များ ဖော်ထုတ်ခွင့်ကို တောင်းခံခြင်းဖြစ်ပါသည်။ ကျွန်မရင်တွင်း၌ စိတ်သက်သာရာရသွားသည်။ ကျွန်မတို့ ကောင်းခဲ့ကြပါသည်။ ဟုတ်ကဲ့၊ ကောင်းခဲ့ကြပါသည်။

နောက်တစ်နာရီခန့်အကြာတွင် မစ်ရှမ်နီက ရှုံးနိမ့်သွားခဲ့သည်။ ကျွန်မတို့ နောက်တစ်ကြိမ် ဝတ်ကောင်းစားလှများဖြင့် စင်မြင့်ပေါ်ကနေ ပြည်သူလူထုကို နှုတ်ဆက်ခွင့် ရပြန်သည်။ အိုဘားမားလေးယောက် နောက်ထပ်လေးနှစ် ပြည်သူကို အလုပ်အကျွေးပြုရန် အဆင်သင့်ဖြစ်ခဲ့ပြန်ပါသည်။

ပြန်လည် ရွေးကောက်ခံရပြီးသည့်နောက်တွင် ကျွန်မတို့အနေဖြင့် ပိုမိုမြင့်မားသော ရည်မှန်းချက်များ ထားရှိရန် လိုအပ်လာသည်။ ရည်မှန်းထားသည့်အလုပ်များ ပိုမိုတိုးတက်လာရန်အတွက် စိတ်ရှည်ရမည်ကိုလည်း နားလည်လာခဲ့သည်။ အနာဂတ်ကို လှမ်းမြင်နိုင်ပြီဖြစ်၍ ကျွန်မပျော်ရွှင်မိပါသည်။ ဆာရှာနှင့်မလီယာတို့ အား ကျောင်းဆက်အပ်သည်။ ကျွန်မတို့ ခန့်ထားခဲ့သည့် ဝန်ထမ်းများလည်း သူတို့ လုပ်ငန်းခွင်တွင် ပြန်လည်ဝင်ရောက်ကြသည်။ နောက်လေးနှစ်ကြာလျှင် ကျွန်မတို့ အမှန်တကယ် နားရတော့မည်ဖြစ်သည်။ ထိုအချိန်၌ စည်းရုံးရေးလုပ်ဆောင်ရန်လည်း မလို။ နည်းပရိယာယ်များလည်း ရှာဖွေရန် မလိုတော့ပေ။ မကြာမီကာလတွင် ဘားရက်၏ နိုင်ငံရေးဘဝသည်လည်း အဆုံးသတ်ရတော့မည်ဆိုသည်ကို မြင်ရပြီဖြစ်သည်။

အမှန်တရားမှာ အနာဂတ်သည် ပျော်ရွှင်ဖွယ်ကောင်းနေပြီး ထုတ်ဖော်မပြော နိုင်သော ဝမ်းနည်းကြေကွဲမှုများလည်း ရှိနိုင်ပါသည်။ နောက်ထပ် လေးနှစ်သက်တမ်း အိမ်ဖြူတော်၌ နေရမည်ဆိုသည်မှာ အများပြည်သူရှေ့မှောက်တွင် ပြယုဂ်များအဖြစ် ဆက်လက်တည်ရှိရဦးမည် ဆိုသည့်သဘောပင် ဖြစ်ပါသည်။ တိုင်းပြည်အတွက် ကြုံလာမည့်ကိစ္စမှန်သမျှကို တွန်းလှန်ကြရဦးမည်။ ဘားရက်နှင့်ကျွန်မမှာ ခွန်အားရှိသကဲ့သို့ စည်းကမ်းလည်းရှိစွာ ထိုအလုပ်မျိုးကို လုပ်ဆောင်နိုင်ကြပါသည်။ လုပ်ဆောင်ရန်လည်း အသည်းနှလုံး၌ မြှုပ်နှံထားပြီး ဖြစ်ပါသည်။ အနာဂတ်သည် ကျွန်မတို့နှင့် ရှေ့တူရှုတည့်တည့်တွင် လာနေပြီဖြစ်ရာ ကျွန်မတို့ သိနိုင်သည့် အနေအထား သို့မဟုတ် ပို၍လျင်မြန်သော အနေအထားဖြင့် ကြုံကြရတော့မည်ဖြစ်သည်။

※

နောက်ထပ် ရက်သတ္တပတ်ငါးပတ်ကြာသောအခါ သေနတ်သမားတစ်ယောက်သည် ကွန်နက်တီကက်ပြည်နယ် နယူးတောင်းမြို့ရှိ စန်ဒီဟွတ်ခ်အမည်ရှိ မူလတန်းကျောင်းကလေးသို့ ဝင်ရောက်ကာ ပစ်ခတ်ခဲ့သဖြင့် ကလေးငယ်များ သေဆုံး ခဲ့ရသည်။

ထိုစဉ်က ကျွန်မမှာ အိမ်ဖြူတော်နှင့် မျက်နှာချင်းဆိုင်ဘက်တွင်ရှိသော ကလေးဆေးရုံတွင် မိန့်ခွန်းပြောကြားနေခိုက်ဖြစ်ပြီး တီနာက ကျွန်မကို ဘေးသို့ ခေါ်ယူကာ ဖြစ်ပျက်သမျှကို ပြောပြ၏။ ကျွန်မ မိန့်ခွန်းပြောကြားနေစဉ် သူနှင့် အခြားပုဂ္ဂိုလ်တို့မှာ ရုပ်မြင်သံကြားသတင်းများ၌ ဖော်ပြနေသော သတင်းခေါင်းစဉ်များ ကို တွေ့မြင်ကြပြီးဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး ဖုန်းဆက်သွယ်ကာ သတင်းပြောကြား ကြပြီးဖြစ်သည်။ သူတို့က ငြိမ်ငြိမ်ကလေးထိုင်နေကာ ဘာမှုမဖြစ်သယောင်ဆောင်နေ ကြပြီး ကျွန်မမိန့်ခွန်းပြီးသည့်အထိ ငြိမ်သက်နေကြသည်။

တီနာပြောကြားလိုက်သည့်သတင်းမှာ ကြောက်မက်ကြေကွဲဖွယ်ရာ ကောင်းလှပါသည်။ သူ ဘာဆက်ပြောသည်ကိုပင် ကျွန်မ မကြားနိုင်တော့ပါ။

တီနာက သူသည် အနောက်ဆောင်နှင့် အဆက်အသွယ်ရပြီးဖြစ်ကြောင်း၊ ဘားရက်မှာ ဘဲဥပုံရုံးခန်းအတွင်း၌ ရှိနေပြီး "သူက မိန့်ခွန်းပြောပြီးပြီးချင်း ပြန်လာပါလို့ မှာထားတယ်"ဟု တီနာက ဆိုသည်။ ကျွန်မခင်ပွန်းသည်က ကျွန်မကို လိုအပ်နေပြီ။ သည်တစ်ကြိမ်သည် သမ္မတအဖြစ် တာဝန်ထမ်းဆောင်သည့် ၈ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရုံးချိန်အတွင်း ကျွန်မကိုတွေ့ဆုံရန် တစ်ကြိမ်တည်းသော မေတ္တာရပ်ခံချက်ပင် ဖြစ်ပါသည်။ ကျွန်မတို့၏

တစ်နေ့တာအစီအစဉ်များကို ပြန်လည်ပြင်ဆင်လိုက်ကြပြီး စိတ် တည်ငြိမ်မှုရစေရန် ဆောင်ရွက်ကြရပါသည်။ ပုံမှန်အားဖြင့်ဆိုလျှင် အလုပ်သည် အလုပ်၊ အိမ်သည်အိမ်ဖြစ်သော်လည်း ကျွန်မတို့အတွက် အခြားပုဂ္ဂိုလ်များနည်းတူ နယူးတောင်းမှ အဖြစ်အပျက်သည် အရာအားလုံးကို ကြေမွသွားစေသကဲ့သို့ ခံစား လိုက်ရပါသည်။ ကျွန်မ ဘဲဥပုံရုံးခန်းအတွင်းသို့ ဝင်ရောက်သွားသောအခါ ဘားရက် နှင့် ကျွန်မ ဖက်လိုက်သည်ကလွဲ၍ စကားမဆိုဖြစ်ကြပါ။ ပြောစရာစကား မရှိတော့ ပါ။

လူအများစု မသိသည်မှာ အမေရိကန်ပြည်ထောင်စုအတွင်း ဖြစ်ပျက်သမျှကို သမ္မတသည် အားလုံး တွေ့မြင်ကြားသိနိုင်ကြောင်းပင် ဖြစ်ပါသည်။ မမြင်နိုင်သည့် တိုင် သတင်းအချက်အလက်ကို ရရှိနိုင်ပါသည်။ ဘားရက်သည် အချက်အလက်မှန် ကို မှန်ကန်စွာ စုစည်းသုံးသပ်ပြီးမှသာ ဆုံးဖြတ်ချက်ချတတ်သူဖြစ်သည်။ အခြေအနေ အားလုံးကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စွာ လေ့လာသည်။ အလွန်ဆိုးရွားသည့်ကိစ္စ ဖြစ်စေကာမူ သူ့အား အမှန်အတိုင်း တင်ပြစေသည်။ သို့မှသာ သူ အမှန်ကန်ဆုံး ဆုံးဖြတ်နိုင်ရန် ဖြစ်သည်။ သူ သုံးသပ်သည်က ဤအဖြစ်အပျက်သည် သူ့၌ တာဝန် ရှိသည်။ ဤသို့သောကိစ္စများ မပေါ်ပေါက်စေရန် သမ္မတအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ် သည် ဟူ၍လည်း ခံယူသူ ဖြစ်ပါသည်။

ကျွန်မနှင့် တွေ့သောအခါ သူ့ကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပုံများနှင့်တကွ ရှင်းလင်း တင်ပြထားပြီးဖြစ်သည်ကို သိရသည်။ ကြောက်မက်ဖွယ်ရာ ကောင်းသော ထိုအဖြစ်အပျက်မှာ စန်ဒီဟွတ်ခ်မှ စတင်ခဲ့သည်ဟု ဆိုသည်။ သူက စာသင်ခန်းများ၏ ကြမ်းပြင်ပေါ်တွင် သွေးများအိုင်ထွန်းနေသည်ကို တွေ့ခဲ့ပြီး ပထမ တန်းကျောင်းသား ကလေး ၂၀ တို့၏ အလောင်းများနှင့် ပညာသင်ကြားပို့ချပေးသည့် ဆရာ ၆ ဦးတို့ကို ဆီမီးအော်တိုမက်တစ် ရိုင်ဖယ်သေနတ်ဖြင့် ပစ်သတ်ထားကြောင်း တွေ့ရသည်ဟု သိရ၏။ ထိုသို့ တွေ့လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားပြီး တခြားသူများအား ပြောပြခဲ့သည်။ ကလေးမိဘတို့မှာလည်း ဝမ်းနည်းကြေကွဲစွာဖြင့် အဆောက်အဦအပြင်ဘက် အေးချမ်းလှသည့် ရာသီဥတုဒဏ်ကိုခံရင်း ဘုရားရှိခိုးကာ သူတို့သားသမီးများ၏ မျက်နှာကို ပြန်မြင်ခွင့်ရရေး ဆုတောင်းနေခဲ့ကြသည်။ သို့သော် သူတို့ဆုတောင်းများမှာ မပြည့်ခဲ့ပါပေ။

ယခုအချိန်အထိ ဘားရက်၏ မျက်ဝန်းတွင်လည်း ထိုပုံရိပ်တို့ စွဲထင်နေသည် ဟု ထင်ပါသည်။ ဝမ်းနည်းကြေကွဲမှုအပြည့်ရှိနေ၏။ သူက ပထမပိုင်းတွင် ကျွန်မအား ကြေကြေကွဲကွဲ ပြောနေခဲ့သော်လည်း နောက်ပိုင်းတွင်မူ ကျွန်မ ပိုဝမ်းနည်းမည်စိုးရိမ် သဖြင့် မပြောတော့ပေ။

ကျွန်မကဲ့သို့ပင် ဘားရက်သည် ကလေးများကို ချစ်သူ ဖြစ်သည်။ ကလေးချစ်သူပီပီ ကလေးငယ်များကို သူ့ဘဲဥပုံရုံးခန်းအတွင်းသို့ မကြာခဏ ခေါ်ဆောင်ကာ ပြသလေ့ရှိသည်။ လသားကလေးငယ်များကိုတွေ့လျှင်လည်း သူ ပွေ့ချီတတ်သည်။ ကျောင်းများသို့ သိပ္ပံပြပွဲများ၊ အားကစားပြိုင်ပွဲများ သွားရောက်ကြည့်ရှုလျှင်လည်း အမြဲတက်ကြွနေတတ်၏။ ပြီးခဲ့သည့် ဆောင်းရာသီတွင် ဆာရှာ၏ အလယ်တန်းကျောင်းမှ ဘတ်စကက်ဘောအသင်း ဗိုက်ပါကို လက်ထောက်နည်းပြအဖြစ် ကူညီခွင့် ရသောအခါ သူ ထူးထူးခြားခြားပင် ပျော်ခဲ့သည်။

ကလေးငယ်များအတွက် ဆောင်ရွက်ရမည်ဆိုလျှင် သူသည် အမြဲရွှင်လန်းတက်ကြွနေ၏။ ထို့ကြောင့် ယခု ကလေးငယ် ၂၀ တို့ အသတ်ခံလိုက်ရသည် ဆိုသည့်သတင်းမှာ သူ့အတွက် များစွာ ထိခိုက်ကြေကွဲစေခဲ့ပါသည်။

နယူတောင်းကျောင်း၏ အဖြစ်အပျက်မှာ ကျွန်မတို့ဘဝတွင် အထိခိုက်ဆုံး ကိစ္စဟု ကျွန်မ ထင်ပါသည်။ မလီယာနှင့်ဆာရှာတို့ ထိုနေ့က ကျောင်းမှပြန်လာချိန်တွင် ဘားရက်နှင့်ကျွန်မက အိမ်မှစောင့်ကြိုကာ ဖက်ထားလိုက်ကြသည်။ ယခုအချိန် တွင် သမီးတို့ကို ရင်ခွင်၌ ထွေးပွေ့ခွင့်ရခြင်းမှာ ကျွန်မတို့အတွက် အရေးကြီးလှပါသည်။ သူတို့ကို ကလေးငယ်များ ပစ်သတ်ခံရခြင်းနှင့်ပတ်သက်၍ ပြောသင့်သည်၊ မပြောသင့်သည် မသိတော့ပါချေ။ တစ်နိုင်ငံလုံးမှ မိဘတိုင်းသည်လည်း ကျွန်မတို့ကဲ့ သို့ပင် ခံစားနေရမည်ကို သိပါသည်။

ထိုနေ့ နှောင်းပိုင်းတွင် ဘားရက်က အောက်ထပ်၌ သတင်းစာရှင်းလင်းပွဲ ကျင်းပ၏။ ကလေးငယ်များ၏ မိဘများအား ဝမ်းနည်းပါကြောင်း စကားပြောခြင်း ပင် ဖြစ်ပါသည်။ သတင်းကင်မရာများက ဘားရက်အား ဝိုင်းဝိုင်းလည်ရိုက်ကူးနေ ကြချိန်တွင် ကျွန်မတို့မှာ မျက်ရည်သုတ်နေကြရသည်။ မည်သို့ပင် နှစ်သိမ့်သည်ဖြစ်စေ ကာမူ ကာယကံရှင်မိဘများအနေဖြင့် ဖြေနိုင်စရာမရှိပါ။ သမ္မတတစ်ယောက်အနေ ဖြင့် တိုင်းသူပြည်သားတို့၏ အရေးကိစ္စကို ဥပဒေပြုသူများနှင့် ညှိနှိုင်းကာ လက်နက် ရောင်းချခြင်းကို ထိထိရောက်ရောက် ကန့်သတ်ပိတ်ပင်မည်ဟု ဘားရက်က ဆိုခဲ့သည်။

သူ ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ချေပြီ။ ကျွန်မကိုယ်တိုင်ကမူ အဆင်သင့် မဖြစ်သေးပါ။ သမ္မတကတော်အဖြစ် လေးနှစ်တာ တာဝန်ထမ်းဆောင်ပြီးချိန်တွင် ကျွန်မသည် သူကဲ့သို့ပင် ကြိမ်ဖန်များစွာ နှစ်သိမ့်အားပေးမှုပြုခဲ့ရသည်။ အာလာဘားမားပြည်နယ် တပ်စကာလူးဆားမြို့၌ တော်နေဒိုမုန်တိုင်း တိုက်ခတ်သွားစဉ်က လူ ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြစဉ် ကျွန်မ သူတို့နှင့်အတူ ဘုရားရှိခိုး ဆုတောင်း ခဲ့သည်။ ထိုသူတို့အား ယောကျ်ား၊ မိန်းမ၊ ကလေးမရွေး ပွေ့ဖက်ကာ အားပေးစကား ဆိုခဲ့ဖူးပါသည်။ ထိုနည်းတူ အာဖဂန်နစ္စတန်စစ်ပွဲ၌ ကျဆုံးခဲ့သော တပ်မတော်သားတို့၏

ကျန်ရစ်သူမိသားစုဝင်များအား အားပေးစကား ဆိုခဲ့ဖူးပါသည်။ တက္ကဆက်ပြည်နယ်၏ အခြေစိုက်စစ်စခန်းတစ်ခုတွင် အကြမ်းဖက်သမားတစ်ဦးက ပစ်သတ်လိုက်သဖြင့် ကျန်ရစ်သောမိသားစုအား နှစ်သိမ့်မှုပေးခဲ့ဖူးသည်။ လွန်ခဲ့သည့် လေးလ အတွင်းက ကော်လိုရာဒိုးပြည်နယ် ရုပ်ရှင်ရုံသို့ ဝင်ရောက်ကာ သေနတ်သမားတစ်ဦး ရမ်းကားစွာ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သူများ၊ ဝစ္စကွန်ဆင်ပြည်နယ်မှ ဆစ်ခ်ဘုရားရှိခိုးကျောင်းအတွင်း ဝင်ရောက်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သူများ၏ ကျန်ရစ်ခဲ့သူများ စသဖြင့် ကျွန်မ နှစ်သိမ့်မှုပေးခဲ့ရသည့် လူပေါင်းမှာ မနည်းတော့ပါ။ ထိုသို့ ပေါ်ပေါက် လာတိုင်း စိတ်သောကရောက်ရသည်ချည်းပင်။ ထိုသူများနှင့် တွေ့ရမည်ဆိုလျှင် ကျွန်မကိုယ်ကျွန်မ အရင်စိတ်ထိန်းရပါသည်။ သို့မှသာ သူတို့နှင့်တွေ့သည့်အခါ လက် ဆောင်ပေးအပ်ကာ နှစ်သိမ့်နိုင်မည် ဖြစ်ပါသည်။ သူများ ရင်နာကြေကွဲနေချိန်တွင် နှစ်သိမ့်မှုပေးရသည် ဆိုသည်မှာ မလွယ်ကူလှပါ။ သို့သော် စန်ဒီဟွတ်ခ် သေနတ် ပစ်ခတ်မှုအပြီး နှစ်ရက်အကြာတွင် ဘားရက်သည် နယူးတောင်း၌ ကျင်းပမည့် ဆုတောင်းပွဲသို့ တက်ရောက်ရန်အတွက် ထွက်ခွာသွားခဲ့သည်။ ကျွန်မကိုယ်တိုင်ကမူ မလိုက်ပါနိုင်ခဲ့ပါချေ။ ကျွန်မ အလွန်အမင်း စိတ်ထိခိုက်ပြီး အားမရှိသကဲ့သို့ ခံစား ရသည်။ ကျွန်မ သမ္မတကတော်ဖြစ်လာသည့် လေးနှစ်တာ သက်တမ်းအတွင်း ဤကဲ့ သို့ ရမ်းကားတိုက်ခိုက်မှုများ များသည်ထက်များလာသည်ဟု ခံစားမိပါသည်။ ကာကွယ်မှုအားနည်းနေသည်လား၊ အရေးယူမှု မထိရောက်သည်လား ကျွန်မ မသဲကွဲပါ။ ခြောက်နှစ်အရွယ် ကလေးငယ်များကို ပစ်သတ်လောက်သည့် သတ္တိသည် မည်သို့ သော ပုဂ္ဂိုလ်ထံ၌ ရှိနေသည် ဆိုသည်ကိုလည်း မသိတော့ပါ။

မတတ်နိုင်သည့်အဆုံးတွင် အခြားမိဘများကဲ့သို့ ကိုယ့်ရင်သွေးများကိုသာ ဖက်တွယ်ထားမိပါသည်။ ကြောက်ရွံ့စိတ်နှင့် ချစ်သည့်စိတ်တို့ ရောယှက်နေသည်။ ဤသို့ဖြင့် ခရစ္စမတ်ကာလသို့ နီးကပ်လာခဲ့သည်။ ဆာရှာမှာ ကျောင်းမှ ရွေးချယ် လိုက်သော ကလေးငယ်များထဲတွင် ပါဝင်သွားပြီး မော်စကိုဘဲလေးအကကို တင် ဆက်ရမည်ဖြစ်သည်။ အကတစ်ခု၏အမည်မှာ The Nutcracker ဟု အမည်တွင်ပြီး နယူးတောင်းကျောင်းမှာကဲ့သို့ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို တင်ဆက်မည်ဖြစ်သည်။ ဘားရက်က အမှတ်တမဲ့နှင့် ဝတ်စုံပြည့်လေ့ကျင့်သောနေ့တွင် ပရိသတ်၏ နောက်တန်း၌ ဝင်ထိုင်ကာ သူ့သမီး က,သည်ကို ဝင်ကြည့်ခဲ့သည်။ သူက ပွဲနေ့တွင် ကွန်နက်တိကက်သို့ ထွက်ခွာရမည်ဖြစ်ခြင်းကြောင့် ဖြစ်၏။ ကျွန်မကမူ ညနေပိုင်းတွင် တင်ဆက်သော ပွဲကို သွားရောက်ကြည့်ရှုခဲ့သည်။

သမီးတို့ တင်ဆက်သော ဘဲလေးအကသည် လှလှပပရှိပြီး အဖြစ်အပျက် မှာလည်း ထိမိလှပါသည်။ လသာနေသည့် တောအုပ်အတွင်း၌ မင်းသားကလေးတစ်

ပါးသည် လှည့်လည်သွားလာနေသည်။ ဆာရှာက ကြွက်ကလေးတစ်ကောင်အဖြစ် သရုပ်ဆောင်ရ၍ အမည်းရောင်ကိုဝတ်ဆင်ကာ အမွေးများပါသည့် နားရွက်များနှင့် အမြီးကို တပ်ဆင်ထားသည်။ အော်ခက်စတြာတီးဝိုင်းမှ ထွက်ပေါ်လာသော ဂီတသံဖြင့် နွဲ့နွဲ့နှောင်းနှောင်း ကပြနေသည်။ အမိုးပေါ်မှ နှင်းတုများကလည်း ကျနေ၏။

ကျွန်မ သမီးထံမှ မျက်လုံးများ ခွာ၍မရတော့ပေ။ သမီးကိုလည်း ကျေးဇူးတင်နေမိသည်။ သမီးသည် စင်မြင့်ပေါ်၌ မျက်လုံးအရောင်တောက်တောက်ကလေးနှင့် သူ့ ကိုယ်သူ စင်မြင့်ပေါ်သို့ ရောက်နေသည်ကိုပင် မယုံနိုင်သကဲ့သို့ ရှိနေ၏။ ကျွန်မသည်လည်း ကျွန်မသမီး ဤမျှစွမ်းဆောင်နိုင်သည်ဆိုသည်ကို မယုံနိုင်ခဲ့ပါပေ။ သို့သော် ငယ်ရွယ်သောသမီးသည် သူ့စိတ်တိုင်းကျ လုပ်ဆောင်သွားနိုင်သည်။ မကြာမီမှာပင် ကျောင်းပိတ်ရက်များက ရောက်လာတော့မည်ဖြစ်သည်။

ကျွန်မနေရာ၌ နေ၍ ခံစားကြည့်စေချင်ပါသည်။ မည်သည့်ကိစ္စမျှ မလွယ်ကူပါ။ အမေရိကား ဆိုသည်မှာ ရိုးရိုးစင်းစင်း အဖြစ်အပျက်များနှင့် တည်ရှိနေသော သာမန်နေရာတစ်ခုပင် ဖြစ်ပါသည်။ ထိုနိုင်ငံ၏ အဖြစ်အပျက်များတွင် ပါဝင်နေရသော ကျွန်မ၏ အခန်းကဏ္ဍသည် အမြဲတစေ ချိုမြိန်လှသည်တော့ မဟုတ်ပေ။ နောက်ပြန်လဲမကျရန် ဂရုစိုက်ရသည်။ ဝမ်းနည်းကြေကွဲခြင်းများလည်း ဆုံစည်းတတ် ပါသည်။

သို့သော် အမေရိကားလည်းမဟုတ်၊ ကျွန်မလည်းမဟုတ်။ ထို့ကြောင့် တချို့ ကိစ္စများမှာ အံဝင်ခွင်ကျဖြစ်စေရန် ကြိုးပမ်းရသည်မှာ ပင်ပန်းလှပါသည်။

ဘားရက်၏ သမ္မတသက်တမ်း ဒုတိယအကြိမ်မှာ ပထမအကြိမ်ထက် များစွာလွယ်ကူသည်ဟု ဆိုရပါမည်။ လေးနှစ်တာ အတွေ့အကြုံရှိခဲ့ပြီးဖြစ်၍ ခန့်ထား ပြီးသားလူများကို သူ့နေရာနှင့်သူ ပြန်လည် နေရာချထားခြင်းဖြင့် လုပ်ငန်းခွင်အားလုံး မှာ အဆင်ပြေသွားပါသည်။ ပထမတစ်ကြိမ်က ကြုံတွေ့ခဲ့သော အားနည်းမှုများ၊ အမှားအယွင်းတချို့တို့ကို ပြင်ဆင်ရသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် ကျမ်းသစ္စာ ကျိန်ဆိုပွဲ ကျင်းပနိုင်ရန် ပြင်ဆင်ကြ၏။ ကျွန်မက ချီတက် အလေးပြုသော တပ်ဖွဲ့၏ အလေးပြုမှုခံယူသည့် စင်မြင့်ကို အနွေးဓာတ်ပေးထားရန် တောင်းဆိုခဲ့သည်။ မတ် တတ်ရပ်နေရမည့် အနေအထား၌ ကျွန်မတို့ခြေထောက်များမှာ အေးခဲမတတ် ဖြစ်ခဲ့ဖူး သည်ကို သတိရမိခြင်းကြောင့် ဖြစ်သည်။ အတွေ့အကြုံဟောင်းအရ ကျမ်းသစ္စာ ကျိန်ဆိုပွဲများတွင် ကပွဲကို နှစ်နေရာ၌သာ ကျင်းပသည်။ ၂၀၀၉ ခုနှစ်က ဆယ်နေရာ မျှ ကျွန်မတို့ က,ခဲ့ကြရသည်။ နောက်ထပ် လေးနှစ် ကျွန်မတို့ ချီတက်ကြရပါဦး မည်။

ဘားရက်အနီးတွင် မတ်တတ်ရပ်ကာ သူ မိန့်ခွန်းပြောသည်ကို နားထောင်

ကြည့်ခဲ့သည်။ သူက သည်တစ်ကြိမ်တွင် တိုင်းပြည်အား အသစ်အသစ်သော ကတိတို့ ပေးခဲ့သည်။ ချီတက် အလေးပြုနေသော တပ်ဖွဲ့များက တီးဝိုင်းများဖြင့် ကျွန်မတို့ရှေ့မှ ဖြတ်သန်းနေကြသည်။ ပထမတစ်ကြိမ်ကထက် ပိုကြည့်ကောင်းသည်ဟု ထင်မိသည်။ အမှန်တကယ်ပြောရလျှင် ချီတက်နေသော တပ်မတော်သားတို့၏ မျက်နှာကို ကျွန်မ သဲသဲကွဲကွဲ မမြင်ရပါ။ ထောင်ပေါင်းများစွာသော တပ်မတော်သားတို့၌ ဇာတ်လမ်း ကိုယ်စီ ရှိကြသည်။ ဝါရှင်တန်ဒီစီသို့ လာရောက်ကာ ချီတက် အလေးပြုရန်အတွက် သူတို့တစ်တွေသည် လနှင့်ချီကာ လေ့ကျင့်ခဲ့ကြရသည်။ သူတို့ ချီတက်သည်ကို လူထောင်ပေါင်းများစွာ တို့ကလည်း လာရောက် ကြည့်ရှုကြသည်။

ထို့နောက်တွင် ကျွန်မက ချီတက်အလေးပြုသော တပ်မတော်သားတစ်ဦး ချင်း၏ မျက်နှာများကို ကျွန်မတို့ မြင်သင့်သည်ဟု ယူဆမိသည်။ ထိုသို့ ချီတက် အလေးပြုကြသော တပ်ဖွဲ့များတွင် ပိန်ပိန်သေးသေး လူမည်းမိန်းကလေး တစ်ယောက်သည် သူ့ခေါင်းထက်၌ တောက်ပလင်းလက်သော ရွှေရောင် ခေါင်းစည်းကလေးကို အပြာရောင် ယူနီဖောင်းနှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားပြီး သူသည် King College Prep တီးဝိုင်းအဖွဲ့နှင့် ပါဝင်လာသူဖြစ်ပြီး သူသည် ချီကာဂိုတောင်ပိုင်းမှ ပွဲလမ်းအချို့ တွင်လည်း ပါဝင်တီးခတ်ဖူးသူဟု သိရသည်။ ကျွန်မကိုယ်တိုင်က ထိုမိန်းကလေးကို မြင်တွေ့လိုလှပါသည်။ သူ့နာမည်မှာ ဟာဒီယာပန်ဒယ်လ်တန် ဖြစ်၏။ အသက် အရွယ်မှာ ၁၅ နှစ်မျှသာ ရှိသေးသည်။ မိုင်ပေါင်းများစွာဝေးသည့်နေရာမှ ဝါရှင်တန် သို့ သူ့တီးဝိုင်းအဖော်များနှင့် ရောက်လာခဲ့သူကလေးဖြစ်သည်။ ချီကာဂိုတွင် ဟာဒီယာ သည် မိဘများ၊ သူ့မောင်လေးတစ်ဦးနှင့် နေထိုင်ပြီး ကျွန်မတို့အိမ်ရှိသည့် ဂရင်းဝုဒ် အဗဲန်ျူးနှင့် နှစ်မိုင်မျှသာ ဝေးပါသည်။ ထိုကလေးမက ဟားဗတ်တက္ကသိုလ်သို့ တက် မည်ဟု အမြဲတစေပြောခြင်းကြောင့် အားလုံးက ဂုဏ်ယူအားကျကြသည်။ သူသည် မကြာမီ ကျရောက်မည့် ၁၆ နှစ်မြောက် မွေးနေ့ပွဲကို ကျင်းပရန်လည်း စီစဉ်နေ၏။ တရုတ်အစားအသောက်များကို နှစ်သက်ပြီး ချိစ်ဘာဂါနှင့် ရေခဲမုန့်တို့ကို သူငယ်ချင်း များနှင့် စားသောက်ရန်လည်း စိတ်ဝင်စားသူ ဖြစ်သည်။

ထိုအချက်အလက်များကို မိန်းကလေး၏ အသုဘအခမ်းအနားအပြီး ရက်သတ္တပတ်ပေါင်းများစွာ ကြာသည့်အခါမှ ကျွန်မ သိခွင့်ရခဲ့ခြင်းဖြစ်ပါသည်။ ထိုနေ့မှာ ကျမ်းသစ္စာကျိန်ဆိုပြီး ရှစ်ရက်အကြာတွင် ဖြစ်သည်။ ဟာဒီယာကလေးကို ချီကာဂိုပန်းခြံအတွင်း၌ သေနတ်သမားတစ်ဦးက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ သူသေသည့် နေရာမှာ ကျောင်းနှင့် မဝေးလှပေ။ ဟာဒီယာနှင့် သူငယ်ချင်းများမှာ ကစားကွင်းအနီး ရှိ နားခိုဆောင်၌ မိုးခိုနေစဉ် ပစ်ခတ်ခံရခြင်းဖြစ်သည်။ သူတို့ကို ဂိုဏ်းတစ်ခုမှ အဖွဲ့သားများဟု ထင်မှတ်မှားကာ အသက် ၁၈ နှစ်အရွယ်ရှိ အခြား ဂိုဏ်းတစ်ခုမှ လူငယ်ကလေးက ပစ်ခဲ့ခြင်းဖြစ်သည်။ ထွက်ပြေးရန်ကြိုးစားစဉ်

ဟာဒီယာ၏ ကျောဘက်ကို ကျည်ဆန်ဝင်သွားခြင်းပင် ဖြစ်ပါသည်။ သူ့သူငယ်ချင်းနှစ်ဦးမှာလည်း ဒဏ်ရာရခဲ့ကြသည်။ ထိုနေ့က အင်္ဂါနေ့ဖြစ်ပြီး မွန်းလွဲ ၂ နာရီ ၂၀ မိနစ် အချိန်သာ ရှိပါသေးသည်။

ကျွန်မ သူ့ကို အသက်ရှင်လျက်သား တွေ့လိုလှပါသည်။ သူ့မိခင်နှင့် ကျွန်မမှာ မိတ်ဆွေများ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ယခုအခါတွင်မူ ကလေးမကလေး၏ စွမ်းဆောင်မှုတို့မှာ ကြေကွဲဖွယ်ရာပင် ဖြစ်တော့သည်။

လုပ်သင့်လုပ်ထိုက်သော အလုပ်တစ်ခုဟု ခံယူ၍ ဟာဒီယာ၏ အသုဘသို့ ကျွန်မ သွားရောက်ခဲ့ပါသည်။ ဘားရက်က နယူးတောင်း အောက်မေ့ဖွယ်အခမ်းအနားသို့ သွားရောက်နေစဉ် ကျွန်မ နေရစ်ခဲ့ပြီး ကိုယ့်အစီအစဉ်နှင့်ကိုယ် ဟာဒီယာ၏ အသုဘသို့ သွားရောက်ခြင်းပင် ဖြစ်သည်။ ကျွန်မ မျှော်လင့်ချက်က ဤသို့တက် ရောက်ခြင်းဖြင့် အပြစ်မဲ့သောကလေးများအား လမ်းများပေါ်တွင် နေ့စဉ်ဆိုသကဲ့သို့ သေနတ်ဖြင့် သတ်ဖြတ်နေကြခြင်းကို ရှောင်လွှဲနိုင်ရန် ဖြစ်ပါသည်။ နယူးတောင်းတွင် ဖြစ်ပွားခဲ့သောကိစ္စကြောင့် အမေရိကန်လူထုတို့ လက်နက်ထိန်းချုပ်ရေးဥပဒေများ ဖော်ဆောင်ရေးကို စိတ်ဝင်စားလာကြသည်။ ဟာဒီယာသည် ကျွန်မကဲ့သို့ပင် တောင် ပိုင်းဒေသနေ လက်လုပ်လက်စားမိသားစုမှ ပေါက်ဖွားခဲ့သူကလေးပင် ဖြစ်ပါသည်။ အခင်းဖြစ်ပွားသည့်နေ့က ဟာဒီယာသည် ကျောင်းသို့သွားရာတွင် သွားနေကျလမ်း အတိုင်းမဟုတ်ဘဲ အခြားလမ်းတစ်ခုမှ သွားရောက်စဉ် သေနတ်ပစ်ခံရခြင်းဖြစ်သည်။ ကျွန်မဆိုလျှင်လည်း ဤသို့ပင် ဖြစ်မည်ထင်ပါသည်။

"ကျွန်မလည်း တတ်နိုင်သလောက်လုပ်ပေးတာပါပဲ"ဟု သူ့အမေက ဆို၏။ သူ့မိခင်နှင့်ကျွန်မ အသုဘအခမ်းအနား မစတင်မီကလေးတင် တွေ့ဖြစ်ခဲ့သည်။ သူ့မျက်ဝန်းညိုများမှ မျက်ရည်များ စီးကျနေသည်။ မိခင်ဖြစ်သူ ကလီယိုပါထရာ ကောင်းလီး ပန်ဒဲလ်တန်သည် ရိုးရိုးအေးအေးနှင့် နူးညံ့သိမ်မွေ့စွာ စကားပြောတတ်သူ ဖြစ်သည်။ ကုမ္ပဏီကြီးတစ်ခု၏ ဖောက်သည်များအား လေ့လာဆန်းစစ်သည့်ဌာနတွင် အလုပ်လုပ်သူဖြစ်သည်။ အသုဘနေ့တွင် သူ့ရင်ဘတ်၌ ပန်းရောင်ပန်းတစ်ပွင့်ကို ထိုးထား၏။ သူနှင့် သူ့ခင်ပွန်း နသန်းနီးရယ်လ်တို့က သမီးဖြစ်သူ၏အလောင်းကို ကြည့်နေကြကာ ခေါင်းမပိတ်မီ စေ့စေ့စပ်စပ် ကြည့်နေကြခြင်းပင်ဖြစ်သည်။ သမီး အား "ကင်း"ကျောင်းတွင် တက်ရန် အားပေးခဲ့ကြပြီး ပြင်ပကမ္ဘာနှင့် ထိတွေ့ရန်၊ သီချင်းဆိုရန်၊ ဘော်လီဘောကစားရန်၊ ဘုရားရှိခိုးကျောင်း၌ အကသင်တန်းများတက် ရန် အားပေးခဲ့ကြသည်။ ကျွန်မမိဘများကလည်း သူ့မိဘများကဲ့သို့ပင် ကျွန်မအား ပတ်ဝန်းကျင်နှင့် သဟဇာတမျှတစေရန်အတွက် သူတို့အနစ်နာခံကာ ကျောင်းပို့ခဲ့ကြခြင်းပင် ဖြစ်သည်။ ဟာဒီယာသည် လာမည့်နွေဦးပေါက်တွင်

ဥရောပသို့ တီးဝိုင်းအဖွဲ့ နှင့် လိုက်ပါသွားရန် စီစဉ်ထားပြီးဖြစ်ကြောင်းနှင့် ဝါရှင်တန်သို့ လာရောက်ကာ တီးခတ်ရခြင်းကိုလည်း ကျေနပ်ခဲ့ကြောင်း သိရှိရသည်။

"သိပ်ကို ကြီးကျယ်ခမ်းနားတာပဲ မာမီရယ်၊ သမီးတော့ နိုင်ငံရေးလောကထဲ ဝင်ဖြစ်လိမ့်မယ်ထင်တယ်" ဟု ဟာဒီယာက သူ့မိခင် ကလီယိုပါထရာအား ပြောခဲ့သည်ဟုလည်း သိရသည်။

သို့သော် ဟာဒီယာ အပါအဝင် ကလေးသုံးဦးတို့သည် ချီကာဂို၌ တစ်နေ့တည်းတွင် ဖြစ်ပွားသော သေနတ်ပစ်မှုသုံးခုကြောင့် ဇန်နဝါရီလ၏ တစ်ရက်တည်းတွင် ကွယ်လွန်ခဲ့ကြရသည်။ သူသည် ထိုနှစ်က ချီကာဂို၌ ရမ်းကားသည့်သေနတ်သမားများ၏ ပစ်သတ်ခံရသော သားကောင် ၃၆ ဦးအနက်မှ တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။ ဟာဒီယာ ပစ်သတ်ခံရသည့်နေ့မှာ နှစ်ကူးပြီး ၂၉ ရက်အကြာတွင်ဖြစ်သည်။ ပိုပြီးထင်ရှားသည်မှာ ပစ်သတ်ခံရသူအားလုံးသည် လူမည်းများသာဖြစ်နေ ခြင်းဖြစ်သည်။ မျှော်လင့်ချက်များနှင့် ရှင်သန်ခဲ့သော လူမည်းကလေးငယ်သည် လွဲမှားသော သားကောင်ဘဝသို့ ကျရောက်ခဲ့၏။

သူ့အသုဘတွင် ပရိသတ်များစွာ တက်ရောက်ပို့ဆောင်ခဲ့ကြသည်။ ဘုရားရှိခိုးကျောင်း၌လည်း လူအများရောက်ရှိခဲ့ကြပြီး ခေါင်းထဲတွင် ထည့်ထားသော ခရမ်းရောင်ပိုးထည် ဝတ်ဆင်ထားသည့် ဆယ်ကျော်သက်ကလေး ဟာဒီယာ၏ ရုပ်အလောင်းကို ဝမ်းနည်းကြေကွဲစွာဖြင့် ကြည့်ခဲ့ကြသည်။ ကလီယိုပါထရာသည် ခေါင်းအနီး၌ ရပ်ကာ သူ့သမီးအကြောင်းကိုသာ တတွတ်တွတ်ပြောဆိုနေတော့သည်။ သူ့သူငယ်ချင်းများကလည်း ဟာဒီယာအကြောင်းကိုသာ တသသ ပြောဆိုနေကြ၏။ ဆယ်ကျော်သက်တို့ကို ကြည့်ရသည်မှာ ဒေါသဖြစ်နေကြသော်လည်း ကူကယ်ရာမဲ့ နေကြ၏။ ထိုကလေးများက "ဘာကြောင့်ဖြစ်တာလဲ"ဆိုသည်ထက် "ဘာကြောင့် မကြာခဏ ဖြစ်နေရတာလဲ" ဟု တစ်ဆင့်တက်ကာ မေးခွန်းများ မေးနေကြသယောင် ရှိသည်။ ထိုနေ့က ခန်းမထဲတွင် ကျွန်မတစ်ယောက်တည်းသာမက ဩဇာအာဏာ ရှိသောလူကြီးအတော်များများ ရှိနေကြသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျက်စီဂျက် ဆင်စီနီယာ၊ ဗယ်လာရီဂျားရက်တို့လည်း ပါဝင်ကြ၏။ ကျွန်မတို့အားလုံးမှာ ဝမ်းနည်းကြေကွဲခြင်းနှင့်အတူ အပြစ်ရှိသကဲ့သို့ ခံစားနေကြရသည်။ ဓမ္မသီချင်းသီဆိုချိန်တွင် ထွက်ပေါ်လာသောအသံတို့မှာ ဘုရားရှိခိုးကျောင်း၏ ကြမ်းပြင်ကိုပင် တုန်လှုပ်သွားစေသည်ဟု ထင်ပါသည်။

※

ကျွန်မသည် အားပေးနှစ်သိမ့်သူတစ်ယောက် အဖြစ်ထက် ပိုမိုအရေးကြီး

သည်ဟု ထင်ပါသည်။ ဘဝတစ်လျှောက်လုံးတွင် အရေးပါအရာရောက်သူများထံမှ အနှစ်မဲ့သော စကားလုံးပေါင်းများစွာကို ကြားခဲ့ဖူးပါသည်။ အကျပ်အတည်းရောက် နေချိန်တွင် နှုတ်ဖြင့်သာ အားပေးပြီး နောက်က ဘာမျှ လိုက်မလာသည့်အဖြစ်မျိုးပင်။ ကျွန်မက အမှန်တရားကို ပြောရဲသူတစ်ယောက်ဖြစ်စေရန် ဆုံးဖြတ်ထားသည်။ ပြောသင့်ပြောထိုက်သည့်အခါမှသာ ပြောပြီး၊ ပြီးလျှင်လည်း ပျောက်ကွယ်သွားမည့် လူစားမျိုးမဟုတ်စေရန် ကြိုးစားပါသည်။ တစ်နေရာရာသို့ သွားရမည်ဆိုလျှင် ချက် ချင်းပင် သွားလိုက်တတ်သည်။ ယာဉ်တန်းမှ ဆင်းပြီးလျှင် နောက်မှ ထောက်လှမ်းရေး များ၊ အခြွေအရံများ၊ မီဒီယာများနှင့်အတူ တစ်ပါတည်း ကျွန်မ ရောက်သွားမြဲဖြစ်သည်။ ကိစ္စပြီးသည်နှင့်တစ်ပြိုင်နက် ထိုနေရာမှ ကျွန်မ ထွက်ခွာသည်။ အခင်းဖြစ်ပွားသည့် နေရာမျိုးတွင် ကျွန်မသည် သမ္မတကတော်တစ်ယောက်အနေဖြင့် လမ်းသလားပြ ရန် မလိုပါ။ ကျွန်မ ရှိနေခြင်းကြောင့် အချို့သောနေရာများတွင် အနှောင့်အယှက်ဖြစ် တတ်သည်။ မနေတတ်၊ မထိုင်တတ် ဖြစ်တတ်ကြသည်။ ထို့ကြောင့် ကျွန်မက မိတ်ဆက်သည်ဆိုလျှင် ဖက်လဲတကင်း လုပ်ပြတတ်ခြင်းပင် ဖြစ်ပါသည်။ ကျွန်မ ကြောင့် သူတို့တစ်တွေ မနေတတ်၊ မထိုင်တတ် မဖြစ်စေရန်နှင့် တရင်းတနှီး ပြော ဆိုနိုင်ရန် လမ်းဖွင့်ပေးခြင်းပင် ဖြစ်ပါ၏။

တွေ့သည့်ပုဂ္ဂိုလ်များနှင့် တရင်းတနှီးဆက်ဆံနိုင်ရန် ကျွန်မ အမြဲကြိုးစားသည်။ အထူးသဖြင့် ကမ္ဘာကြီးအတွက် အရေးပါအရာရောက်သော သူများအား ပိုမိုရင်းနှီးစေရန် ဆက်ဆံပါသည်။ သူတို့၏ အရည်အသွေးများကို ကျွန်မ အတတ်နိုင် ဆုံး လိုက်မီနိုင်စေရန် ကြိုးစားပါသည်။ ဟာဒီယာ၏ မိဘများအား ဘားရက်၏ မိန့်ခွန်းပေးသောပွဲတွင် တက်ရောက်ရန် ဖိတ်ကြားခဲ့ပြီး ကျွန်မအနီး၌ပင် ထိုင်စေခဲ့ပါသည်။ အီစတာပွဲတော်နေ့တွင်လည်း သူတို့အား အိမ်ဖြူတော်၏ ဧည့်သည်များအဖြစ် တည်းခိုခွင့်ပေးခဲ့ပါသည်။ ကျွန်မ ပြောချင်သည့် အဓိပ္ပာယ်မှာ "ရှင်တို့လည်း အရေးပါ အရာရောက်ပါတယ်"ဟူ၍ပင် ဖြစ်သည်။ လူကြီးတစ်ယောက်အနေဖြင့် မျိုးဆက်သစ် များသို့ ဒီစကားအဓိပ္ပာယ်ကို လက်ဆင့်ကမ်းပေးခဲ့လိုပါသည်။ ကျွန်မသမီးများအား လည်း ပေးခဲ့မည်သာ ဖြစ်သည်။ သမီးများက ကံကောင်းသည်မှာ သူတို့ကျောင်းများ ကလည်း ကောင်းမွန်စွာ သင်ကြားပေးနိုင်သည့်အပြင် အခြေအနေကလည်းပေးသဖြင့် ပေးလိုသည်ကို ရနိုင်သည့်အခြေအနေတွင် ရှိပါသည်။ ထို့ကြောင့် ကျွန်မက တွေ့သမျှ လူငယ်များအား ကျွန်မ လက်ဆင့်ကမ်းလိုသောစကားကို ရစေရန် ကြိုးစားပါသည်။

အဲလစ်ဇဘက်ဂါးရက် အင်ဒါဆင်ကျောင်းမှ မိန်းကလေးများ ကျွန်မပြောကြားမည်ကို ရှေ့တွင်ထိုင်ကာ နားထောင်နေကြစဉ် ကျွန်မက

"ကလေးတို့အားလုံး ဒီနေရာမှာ ရောက်သင့်ရောက်ထိုက်လို့ ရောက်နေကြတယ်ဆိုတာ ယုံပါတယ်"ဟု ပြောကြားလိုက်သောအခါ ကလေးတချို့မှာ အံ့အားသင့်သွားသည့် မျက်နှာများ ဖြစ် ပေါ်သွားသည်ကို တွေ့ရသည်။ အခမ်းအနားတွင် တက္ကသိုလ်ပါမောက္ခများ၊ ကျောင်း သူကျောင်းသားများလည်း ရှိနေသည်။ အိမ်ဖြူတော်သို့ လာရောက်လည်ပတ်သည့် ကလေးများကိုလည်း ကျွန်မက တွေ့ဖြစ်သည့်အခါတိုင်း အလားတူစကားမျိုးသာ ပြောပါသည်။ ကျွန်မ လက်ဆင့်ကမ်းလိုသည့် သတင်းစကားမှာ "ဒီနေရာအတွက် မင်းတို့ဟာ အရေးပါပါတယ်။ မင်းတို့အားလုံးကို အများကြီးမျှော်လင့်ထားပါတယ်" ဟူသည့် သတင်းစကားပင် ဖြစ်ပါသည်။

ဗြိတိန်နိုင်ငံ တက္ကသိုလ်တစ်ခုမှ စီးပွားရေးပညာရှင်တစ်ဦးက အဲလစ်ဇဘက် ဂါးရက် အင်ဒါဆင်ကျောင်းမှ ကလေးများကိုလေ့လာပြီး သူတို့သည် ကျွန်မနှင့် တွေ့ပြီးနောက်ပိုင်း၌ "စီ"အဆင့်သာ ပျမ်းမျှရှိခဲ့ကြသော ကလေးတို့သည် "အေ" အဆင့်သို့ ရောက်ရှိလာကြသည်ဟု သုံးသပ်၏။ အထူးသဖြင့် မိန်းကလေးများမှာ ပိုမိုတိုးတက်လာကြပြီး သူတို့၏ ဆရာမများနှင့် ကျောင်းအလုပ်မှန်သမျှကို ပူးပေါင်း ဆောင်ရွက်လာကြသည်ဟု ဆိုပါသည်။ ကလေးများကို ကျွန်မက လေးစားပြလိုက် သဖြင့် အားတက်လာကြခြင်းဖြစ်မည်ဟု ယုံကြည်ပါသည်။

※

ဟာဒီယာ၏ အသုဘပြီးသည့်နောက် နှစ်လအကြာတွင် ချီကာဂိုသို့ ကျွန်မ ရောက်ခဲ့ပါသည်။ ကျွန်မ၏ ဝန်ထမ်းအကြီးအကဲလည်းဖြစ်၊ ဥပဒေအကျိုးဆောင် လည်းဖြစ်သော တီနာအား ချီကာဂိုတွင် လက်နက်ကိုင်ရမ်းကားမှုများ တတ်နိုင်သမျှ လျော့ကျစေရန်အတွက် ကြိုးပမ်းရန် တိုက်တွန်းခဲ့သည်။ တီနာသည် ပေါ်လစီချမှတ်ရာ ၌ ကျယ်ကျယ်ပြန့်ပြန့် တွေးတတ်သူ၊ အရယ်သန်သူ ဖြစ်သည်။ သူသည် ဘယ်ခလုတ် ကို ဘယ်လိုနှိပ်ရမည် ဆိုသည်ကိုလည်း ကောင်းကောင်းနားလည်၏။ ထို့အပြင် သူ့သဘာဝမှာ အသံမထွက်စေရဘဲ လုပ်ငန်းခွင်၌ ထိရောက်မှုရှိစေတတ်သူ ဖြစ်သည်။ အထူးသဖြင့် အမျိုးသားများ ကြီးစိုးသည့်နေရာများ၌ တီနာ ကျွမ်းကျင်စွာ လုပ်ဆောင် တတ်၏။ ဘားရက်၏ ဒုတိယသက်တမ်းအတွင်း တီနာသည် ပင်တဂွန်နှင့်သော်လည်း ကောင်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့်သော်လည်းကောင်း ကြိုးနီစနစ် ကျင့်သုံး နေခြင်းများကို တိုက်ဖျက်နိုင်ခဲ့သည်။ ကမ္ဘာတစ်ဝန်းမှ မိန်းကလေးများ၏ ပညာရေး စနစ်ကိုလည်း ပြုပြင်နိုင်ရန် ကြိုးစားနေသူဖြစ်၏။

ဟာဒီယာ ပစ်သတ်ခံရခြင်းက တီနာအား လှုပ်ရှားသွားစေသည်။ ချီကာဂို၏ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြားခေါင်းဆောင်များကို ထိတွေ့ပြီး မြို့တော်ဝန်ဖြစ်သူ ရမ်အမန်းနျူးရယ်လ်အား ပစ်ခတ်မှုများအတွက် ထိရောက်သော

အရေးယူမှုများ ဆောင်ရွက်ရန် တွန်းအားပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ရက်သတ္တပတ် အတွင်းမှာပင် ဒေါ်လာ ၃၃ သန်း ထောက်ပံ့မှုရစေခဲ့သည်။ ဧပြီလ၏ တစ်ခုသောရက်တွင် တီနာနှင့်ကျွန်မ အဖွဲ့အစည်းများ၏ ခေါင်းဆောင်များက လူငယ်များ ခွန်အားရစေရန် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြ၏။ အချို့ လူငယ်အုပ်စုများကိုလည်း တွေ့ခွင့်ရခဲ့ပါသည်။

ထိုနှစ် ဆောင်းဦးပေါက်က ရေဒီယိုအစီအစဉ်တစ်ခုတွင် This Amercian Life ဆိုသည့် ၂ နာရီကြာ အစီအစဉ်တစ်ခုကို ထုတ်လွှင့်ခဲ့သည်။ ထိုအစီအစဉ်မှာ တောင်ပိုင်းကမ်းခြေ အနီးရှိ William R. Harper Senior High School မှ ကျောင်းသားများ နှင့် ဝန်ထမ်းများ စီစဉ်တင်ဆက်ခဲ့ကြခြင်းဖြစ်သည်။ ယမန်နှစ်ကလည်း ကျောင်းသား ၂၉ ဦးတို့ ပစ်သတ်ခံခဲ့ရပြီး ၈ ဦးတို့မှာ မသန်စွမ်းများ ဖြစ်သွားခဲ့ကြသည်။ ထို အရေအတွက်တို့ကို ကြားသိလိုက်ရသောအခါ ကျွန်မ အံ့အားသင့်မိသည်။ နိုင်ငံ၏ ဆင်ခြေဖုံးများတွင် ရှိနေသော ကလေးတို့သည် သေနတ်ပစ်သတ်ခံရခြင်းကို မကြာခဏ ခံစားနေရပါလားဟု အသိတရားရခဲ့သည်။ ရေဒီယိုမှ ထုတ်လွှင့်လိုက်သော ဇာတ်လမ်းသည် လုပ်ကြံသည့်ဇာတ်လမ်းမဟုတ်၊ ဆင်ခြေဖုံးများတွင် နေသည့် လူငယ်တို့၏ ကြီးလန့်စာစားဘဝကို ထင်ဟပ်ပြလိုက်ခြင်းပင် ဖြစ်သည်။

ကျွန်မ ငယ်စဉ်ကဆိုလျှင် ထိုကျောင်းရှိသောနေရာသည် မကောင်းသည့် ပတ်ဝန်းကျင်၌ ဖြစ်သော်လည်း ယခုကဲ့သို့ သေကျေပျက်စီးရသည့်အဖြစ်မျိုး မရှိခဲ့ဖူးပေ။ အလယ်တန်းသို့ ရောက်သောအခါ ကျွန်မ ထိုပတ်ဝန်းကျင်သို့ သတ္တဗေဒနှင့် ပတ်သက်သော လက်တွေ့လေ့ကျင့်မှုများပြုလုပ်ရန် မကြာခဏ သွားရပါသည်။ ယခု မော်တော်ယာဉ်တန်းဖြင့် သွားလာရသည့်အချိန်၌လည်း ထိုဒေသသို့ ဖြတ်သန်းသွားရသည့်အခါ မီးရှို့ခြင်းခံထားရသော အဆောက်အဦများ၊ ဟင်းလင်းပွင့်နေသော စတိုးဆိုင်များ၊ ပျက်စီးယိုယွင်းနေသော ဘန်ဂလိုများကို မြင်တွေ့ရပါသည်။ ကျန်ရစ်သည်တို့မှာ အရက်ဆိုင်များပင် ဖြစ်ပါသည်။

ကျွန်မ ကလေးဘဝက အနီးပတ်ဝန်းကျင်အကြောင်း စဉ်းစားကြည့်သည်။ အနီးပတ်ဝန်းကျင်တွင် Ghetto ဆိုသည့် စကားလုံးမှာ ကျွန်မတို့အား အတော်ပင် ခြောက်လှန့်စေခဲ့သည့် စကားလုံး ဖြစ်သည်။ ကျွန်မ နားလည်သည်မှာ လူလတ်တန်း မိသားစုများ စုပေါင်းနေထိုင်ကြပြီး သူတို့ပစ္စည်းဥစ္စာများ ပျောက်ဆုံးသွားမည်ကို စိုးရိမ်နေကြခြင်း ဟူ၍သာ ဖြစ်သည်။ Ghetto စာလုံးသည် လူမည်းများနှင့် မျှော်လင့်ချက်ကင်းမဲ့နေသူများ စုပေါင်းနေထိုင်ရာ ဟု ထိုစဉ်က အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါသည်။ ထိုစကားလုံးကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် မည်သူကမျှ လိုလားသည့်ဟန် မပြပါ။ သို့သော် ထိုစကားလုံးသည် ပျောက်ကွယ်သွားခြင်းမရှိဘဲ လူ့အဖွဲ့အစည်း အတွင်း၌ ပိုမိုများပြား၍သာ

လာခဲ့ပါသည်။

West Englewood၏ အလယ်ပိုင်းတွင် ဟာပါ အထက်တန်းကျောင်း ရှိ၏။ အုတ်ဖြင့် ဆောက်လုပ်ထားသောကျောင်းဖြစ်ပြီး ကျောင်းဆောင်ပေါင်းများစွာ ပါရှိ၏။ ကျွန်မ ထိုကျောင်းမှ ကျောင်းအုပ်ဖြစ်သူ လီယိုနဲ့တ်တားဆဲန်တားစ်နှင့် ဆုံဖူးပါသည်။ သွက်သွက်လက်လက်ရှိပြီး အာဖရိကန်-အမေရိကန်သူတစ်ဦး ဖြစ်သည်။ ထိုကျောင်းသို့ ရောက်ရှိသည်မှာ ၆ နှစ်ရှိပြီဖြစ်ပြီး လူမှုဝန်ထမ်းအလုပ်သမားနှစ်ဦးဖြင့် ကလေးပေါင်း ၅၁၀ ကို ထိန်းကျောင်းအုပ်ချုပ်နေသူ ဖြစ်သည်။ ကျောင်းသားမိဘ များသည် အများအားဖြင့် ဝင်ငွေနိမ့်ကျသူများသာ ဖြစ်၏။ ကျောင်းဝန်ထမ်းတစ်ဦး ဖြစ်သူ ခရစ္စတယ်လ်စမစ် ဆိုသူက ကျောင်းခန်းများထဲတွင် ဟိုဟိုသည်သည် အမြဲတမ်း ပြေးလွှားလှုပ်ရှားနေသူ ဖြစ်သည်။ သူ့ပါးစပ်ကလည်း "ဂုဏ်ယူတယ် ကလေးရေ"၊ "ကြိုးစားလိုက်ပါကွယ်"၊ "အများကြီးတိုးတက်လာတာပဲ" စသဖြင့် တစ်နည်းမဟုတ်တစ်နည်း ကလေးများကို ချီးကျူးကာ အားပေးနေလေ့ရှိသည်။

ထိုနေ့က ကျောင်း၏စာကြည့်တိုက်တွင် ကလေး ၂၂ ယောက်နှင့် ကျွန်မ တွေ့ဆုံခဲ့သည်။ သူတို့အားလုံးမှာ အာဖရိကန်-အမေရိကန်ကလေးများဖြစ်ပြီး အလယ် တန်းကျောင်းသားများ၊ အထက်တန်းကျောင်းသားများ ပါဝင်ကြသည်။ သူတို့အားလုံး ကုလားထိုင်များတွင် ထိုင်နေကြပြီး ကာကီဘောင်းဘီနှင့် ကော်လာပါသော ရှပ်အင်္ကျီ များ ဝတ်ဆင်ထားကြသည်။ အတော်များများက စကားပြောရန် ကြိုးစားနေကြသည်။ သူတို့ ဖွင့်ဟ,ပြောကြားကြသည်မှာ နေ့စဉ်နှင့်အမျှ နာရီနှင့်အမျှ အကြမ်းဖက် ဂိုဏ်းများ၏ အန္တရာယ်ကို စိုးရိမ်ထိတ်လန့်နေကြရသည်ဟု ဆိုသည်။ အချို့ကလေး များဆိုလျှင် မိဘမဲ့များ ဖြစ်နေကြသည်။ ကလေးနှစ်ဦးဆိုလျှင် အပြစ်မဲ့စွာဖြင့် ပြု ပြင်ထိန်းသိမ်းရေးစခန်း၌ ထိန်းသိမ်းခံခဲ့ကြရဖူးသည်။ သောမတ်စ်ဆိုသည့် ကျောင်း သားကဆိုလျှင် ၁၆ နှစ်အရွယ်သာရှိသေးသော သူ့မိတ်ဆွေမိန်းကလေးသည် သူ့ မျက်စိရှေ့မှောက်မှာပင် ပစ်သတ်ခံရသည်ဟု ဆိုသည်။ အခင်းဖြစ်စဉ်က သူနှင့် သူ့အစ်ကိုလည်းရှိပြီး အစ်ကိုဖြစ်သူမှာ သေနတ်ဒဏ်ရာကြောင့် ကိုယ်တစ်ပိုင်းသေနေ သည်ဟု ဆို၏။ ကလေးတိုင်းလိုလိုပင် သူတို့နှင့်ပတ်သက်သောသူတစ်ဦး သို့မဟုတ် အခြားတစ်ဦး ဆုံးရှုံးမှုကို ကြုံခဲ့ကြရသည်ချည်းပင် ဖြစ်သည်။ မိတ်ဆွေ၊ ဆွေမျိုး၊ အိမ်နီးချင်း စသူတို့ ဖြစ်သည်။

ကျွန်မတို့ စကားပြောနေဆဲတွင် ဝန်ထမ်းတစ်ဦးက ကြားဖြတ်ဝင်ပြောလိုက် သည်မှာ "အပူချိန်ဒီဂရီ ၈၀ ရှိပြီးတော့ နေကလည်း အင်မတန်ပူတယ်"ဟု ဆို၏။ ဝိုင်းဖွဲ့နေသူအားလုံး တစ်ပြိုင်တည်း ခေါင်းညိတ်ကြသည်။ ဘာကြောင့် ဤသို့ဖြစ်ရ သည်ကို ကျွန်မ မသိပါ။ "အဲဒါ

ဘာဖြစ်လို့ဖြစ်တာလဲ၊ သိရင် ပြောပြပါ မစ္စစ်အိုဘား မား” ဟု ကျွန်မအား တိုက်ရိုက်ပင် မေးလာသည်။ “ကျွန်မထင်တာကတော့ မနက် အိပ်ရာထ,တဲ့အချိန်မှာ ရှင်တို့က ရာသီဥတုခန့်မှန်းချက်ကို ကြားလိုက်ပါလိမ့် မယ်။ အပူချိန်ဒီဂရီ ၈၀ ရှိမယ်၊ နေပူမယ် ဆိုတဲ့ ခန့်မှန်းချက်ကို ကြားလိုက်လို့ ဖြစ်မှာပါ”။

မေးလာသည့် သူက အဖြေကို သိပါသည်။ သို့သော် ကျွန်မနှုတ်ဖျားမှ ထွက်ပေါ်လာသည်ကို ကြားလိုဟန်ရှိ၏။

ထိုကဲ့သို့သော နေ့များကိုလည်း ကြုံတွေ့ရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဟာပါမှ ကျောင်းသားများက သဘောတူကြသည်။ ရာသီဥတုကောင်းနေလျှင် ဆိုးသွမ်းဂိုဏ်းများမှာ ပိုမိုသောင်းကျန်းတတ်သည်။ သေနတ်ပစ်ခတ်မှုများလည်း ပိုမိုဖြစ်ပွားသည်ဟု ဆို၏။

ကလေးအချို့မှာ ရာသီဥတု၊ ပတ်ဝန်းကျင်အခြေအနေနှင့် ဆက်စပ်မှုမှာ ပြောင်းပြန်ဖြစ်သည်ဟု ထင်နေကြသည်။ ရာသီဥတုကောင်းနေလျှင် အိမ်တွင်း၌သာ နေကြပြီး ရာသီဥတုဆိုးပါမှ ကျောင်းသွားရမည်ဟု အမြင်ရှိနေကြသည်။ တစ်ခါတစ်ရံ တွင် အိမ်အပြန်လမ်း၏ အန္တရာယ်အကင်းဆုံး လမ်းကြောင်းမှာ ကားများဖြတ်သန်းနေသည့် လမ်းကြောအတိုင်း တည့်တည့်လျှောက်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ဆို၏။ ထိုသို့ လျှောက်လျှင် သေနတ်ဘေးအန္တရာယ်မှ ကင်းသည်ဟု ယုံကြည်ကြသည်။ ပစ်ခတ်ပါကလည်း ပြေးနိုင်ရန် လမ်းရှိသည်ဟု ဆို၏။

အမေရိကားသည် သာမန်ဒေသ မဟုတ်တော့ပေ။ ကျွန်မ စိတ်အတော်ပင် ရှုပ်လာသည်။ တစ်ခါက ဒီမိုကရက်တစ်ပါတီ ရန်ပုံငွေပွဲတစ်ခု ကျင်းပသည့် မဟတ္တန်မှ အဆောက်အဦတစ်ခုထဲတွင် ကျွန်မရောက်နေခိုက် ချမ်းသာကြွယ်ဝသော အမျိုးသမီးများနှင့်အတူ ဝိုင်သောက်နေဖြစ်သည်။ သူတို့က သူတို့သားသမီးများ၏ ပညာရေးအကြောင်း ဆွေးနွေးနေကြ၏။ ဝင်ငွေကောင်းသော ခင်ပွန်းသည်များသည် မည်သူ့ကိုမျှ မဲပေးခဲ့ကြသည် မဟုတ်ကြောင်း၊ တက်လာသမျှ အစိုးရတို့သည် သူတို့ အပေါ်တွင် အခွန်အကောက်များ တိုးမြှင့်ရန်သာ စဉ်းစားနေကြခြင်းကြောင့်ဖြစ်သည် ဟု ဆို၏။

ယခု ကျွန်မ ဟာပါသို့ ရောက်လာချိန်တွင်မူ ကလေးများက သူတို့ နေ့စဉ် အသက်ရှင်သန်ရေးအတွက် ကျောင်းသွား၊ ကျောင်းပြန်ပင်လျှင် မည်သို့သွားရ သည်ကို ပြောပြနေကြသည်။ ကျွန်မ သူတို့ကို လေးစားအားကျမိပါသည်။ သူတို့ ကလေးတွေ ဘေးမသီ ရန်မခ,စေရန်သာ ဆုတောင်းမိပါ၏။

ကလေးများထဲက တစ်ယောက်က ကျွန်မကိုကြည့်လိုက်ပြီး “ဒီနေ့ သမ္မတ ကြီးကတော် ကျွန်တော်တို့ဆီ လာတာ အရမ်းကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်

သိချင်တာက သမ္မတကြီးကတော်အနေနဲ့ ကျွန်တော်တို့အတွက် ဘာများလုပ်ပေးနိုင်မလဲလို့ပါ”ဟု မေးလာ၏။

သူတို့အတွက် ကျွန်မသည် ဝါရှင်တန်ဒီစီအစိုးရကို ကိုယ်စားပြုပြီး လာရောက်ခြင်းဖြစ်သည်။ တောင်ပိုင်းဒေသသူတစ်ဦးအနေနှင့် လာခြင်း မဟုတ်ဟု ထင်ထားကြ၏။ ကျွန်မ သူတို့ကို အမှန်အတိုင်း ပြောရပါမည်။

“ရိုးရိုးသားသားပြောရရင် မင်းတို့အားလုံး ဒီမှာ ပြဿနာတွေအများကြီး ရင်ဆိုင်နေရတယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ မင်းတို့ကို ကယ်တင်နိုင်မယ့်သူ ဘယ်သူ မှ မရှိသေးဘူး မဟုတ်လား။ ဝါရှင်တန်မှာ ရှိတဲ့သူတွေကလည်း မကြိုးစားကြသေးဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် မင်းတို့ ဒီလိုဖြစ်နေတယ်ဆိုတာကိုတောင် သူတို့ မသိကြပါဘူး”ဟု ပြောပြလိုက်သည်။ သူတို့ကလေးတွေ ကျွန်မတို့ထံမှ မျှော်လင့်ချက်ကြီး စွာ စောင့်မျှော်နေကြမည်ကို စိုး၍ ဖြစ်ပါသည်။ အမေရိကန်အများစုမှာ သူတို့ အပေါ်တွင် စည်းကြပ်သောအခွန်အခများ တိုးမြှင့်မည်ကို စိုးရိမ်ကြသည်။ ကွန်ဂရက်ပင်လျှင် ဘတ်ဂျက်ပိုမိုတောင်းခံပါက လက်မခံပေ။ ထို့ကြောင့် ပညာရေးတွင် တစ်ဘီလျံမျှ ပိုသုံးမည်ဆိုလျှင် လက်မခံကြပေ။ နယူးတောင်းကဲ့သို့သော ကြောက်မက်ဖွယ်ရာကိစ္စများ မပေါ်ပေါက်စေရန်၊ အန္တရာယ်ရှိသူများလက်၌ လက်နက်များ မရောက်စေရန် ဥပဒေပြုရေးသည်ပင်လျှင် ခက်ခဲနေသည်။ နိုင်ငံရေးသည် ရှုပ်ထွေး လှ၏။

ကလေးများနှင့်ကျွန်မ တစ်နာရီနီးပါးမျှ စကားပြောခဲ့ကြသည်။ သူတို့ပြောပြသော ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို ကျွန်မ နားဆင်ရပါသည်။ သူတို့ ကြိုးစားမှုသည် မုချအောင်မြင်ရမည်ဟု ကျွန်မ အာမခံခဲ့၏။ အခမဲ့ပညာသင်ကြားပေးသောကျောင်းထဲတွင် သူတို့သည် အေးချမ်းစွာ ပညာသင်ကြားလိုကြသည့် ကလေးများပင် ဖြစ်ပါသည်။ နောက်ရက်သတ္တပတ် ခြောက်ပတ်အကွာတွင် စီးပွားရေး လုပ်ငန်းရှင်တချို့ထံမှ အလှူငွေများ ရရှိ၏။ ဟာပါကျောင်းမှ ကျောင်းသားတစ်စု အိမ်ဖြူတော်သို့ လာရောက်လက်ခံခဲ့ကြပြီး ဘားရက်နှင့်ကျွန်မထံ လည်ပတ်ခဲ့ကြ၏။ ဟောင်းဝပ်တက္ကသိုလ်သို့လည်း သွားရောက်လည်ပတ်ကြပြီး တစ်ချိန်ချိန်တွင် သူတို့ ဤနေရာ၌ ပညာသင်ကြားရမည်ကို မျှော်လင့်သွားခဲ့ကြသည်။ ကျွန်မသည် သမ္မတကတော် တစ်ယောက်အနေဖြင့် ဖက်ယမ်းနှုတ်ဆက်ပြီး ချိုသာသောစကားများဖြင့် မဖြစ်နိုင်သည်များကို ကတိမပေးလိုပါ။ အဖြစ်အပျက်များ မှာ ထင်ထားသလောက် မလွယ်ကူပါ။ ကျွန်မနှင့် တွေ့သည့်နေ့က ကလေးများ သိကြပါသည်။ အကယ်၍ ကျွန်မသာ ကျောင်းသူကျောင်းသားတို့၏ ခွန်အားကို အသုံးပြုကာ ရှေ့သို့တက်လှမ်းနိုင်အောင် စွမ်းဆောင်နိုင်မည်ဆိုပါက ကျွန်မ အမြဲတမ်း လုပ်နေတာဖြစ်ပြီး သို့သော် ထိုသို့လုပ်ဆောင်နိုင်ရန် အခက်အခဲ

အနည်းငယ်ရှိပါသည်။

※※※

၂၀၁၅ ခုနှစ်၏ ဆောင်းဦးပေါက်တွင် မလီယာက သူမကို အမျိုးသား ကလေးတစ်ဦးက ကျောင်းကပွဲသို့ အတူသွားကြည့်ရန် ဖိတ်ခေါ်ကြောင်း၊ ထိုကျောင်း သားအား သူကိုယ်တိုင်ကလည်း စိတ်ဝင်စားမိနေကြောင်း ဖွင့်ဟပြောကြားလာသည်။ ထိုစဉ်က မလီယာသည် အသက် ၁၆ နှစ်ရှိနေပြီဖြစ်ပြီး ဆစ်ဒ်ဝဲကျောင်းတွင် နောက် ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ကျွန်မတို့အတွက်မှာ သူသည် ကလေးအရွယ်သာ ရှိသေးပြီး ခြေတံရှည်ရှည်၊ ကလန်ကလားနှင့် ရှိနေဆဲ ဖြစ်သည်။ သို့သော် မလီယာ သည် လူကြီးပိုင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း ကျွန်မလည်း သတိထားမိပါသည်။ သူ့အရပ်အမောင်းမှာ ကျွန်မနှင့်ရွယ်တူနီးပါးရှိနေပြီး ကောလိပ်သို့ဆက်တက်ရန် စဉ်းစားနေပြီ ဖြစ်၏။ ကျောင်းသူကောင်း တစ်ယောက် လေ့လာဆန်းစစ်တတ်သည့် အကျင့်နှင့် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်စွမ်းရှိပြီး သူ့အဖေကဲ့သို့ အသေးစိတ်အချက် အလက်များကို စိတ်ဝင်တစား မှတ်သားတတ်သူလည်းဖြစ်သည်။ မလီယာသည် ရုပ်ရှင်ကားများကို ဝါသနာပါပြီး ပြီးခဲ့သည့် နွေရာသီက အိမ်ဖြူတော်သို့ ညစာစားပွဲ လာရောက်ခဲ့ဖူးသော ဒါရိုက်တာ စတီဗင်စပီးလ်ဘာ့ဂ်နှင့်ပင် ဆွေးနွေးခဲ့သူ ဖြစ်သည်။ စတီဗင်အား မေးခွန်းပေါင်းများစွာ မေးခဲ့ပြီး မလီယာအား စတီဗင်က သူ ရိုက်ကူးနေသော ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုမှာပင် ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းခံခဲ့ ရသည်။ ကျွန်မတို့သမီးသည် သူ့လမ်းကိုသူ စတင်ဖောက်လုပ်နေပြီ ဖြစ်၏။

ထုံးစံအတိုင်း လုံခြုံရေးကိစ္စများကြောင့် မလီယာနှင့် ဆာရှာတို့မှာ မည်သူ၏ကားနှင့်မျှ အပြင်သို့ ထွက်ခွင့် မရှိပေ။ မလီယာတွင် ယာဉ်မောင်းလိုင်စင်ရှိနေပြီး မြို့တွင်းသို့ သူကိုယ်တိုင်မောင်းနှင်နိုင်သော်လည်း သူ့နောက်မှ ထောက်လှမ်းရေးများ က တကောက်ကောက်လိုက်နေရသည်။ ဝါရှင်တန်သို့ ပြောင်းလာစဉ်က အသက် ၁၀ နှစ်သာရှိသေးသော်လည်း ယခုအချိန်အထိ ဘတ်စ်ကား သို့မဟုတ် မီးရထား တစ်ကြိမ်တစ်ခါမျှ မစီးဖူးသေးပေ။ ထောက်လှမ်းရေးများမောင်းသော ယာဉ်မှအပ သူတို့ မည်သည့်ယာဉ်မျှ မစီးဖူးကြပါ။ ကျောင်းကပွဲသွားချင်သည်ဟု ဆိုလာရာ ကျွန်မတို့မှာ ခြွင်းချက်အနေဖြင့် ခွင့်ပြုရပါတော့သည်။ ချိန်းဆိုထားသည့် ညနေခင်းတွင် မလီယာအား အပြင်သို့ခေါ်ဆောင်သွားမည့် အမျိုးသားကလေးသည် သူ့ကားဖြင့် ရောက်လာရာ အိမ်ဖြူတော်၏ အရှေ့ တောင်ဘက်ဂိတ်မှ တောင်ဘက်မြက်ခင်းပြင်ကိုဖြတ်ပြီး ဝင်ရောက်လာသည်။ ထို နေရာမှာ အခြားတိုင်းပြည်များမှ နိုင်ငံ့ခေါင်းဆောင်များကို လက်ခံတွေ့ဆုံရာနေရာ လည်း ဖြစ်၏။ သူသည် ရဲရဲဝံ့ဝံ့ပင် သံတမန်ခန်းမအတွင်းသို့ ဝင်ရောက်လာသဖြင့်

ကြည့်လိုက်ရာ အနက်ရောင်သေသပ်သည့်ဝတ်စုံ ဝတ်ဆင်ထားသည်ကို တွေ့လိုက်ရ၏။

"စိတ်မပူနဲ့နော်၊ အိုကေနော်"ဟု မလီယာက ကျွန်မနှင့်ဘားရက်အား နှုတ်ဆက်လိုက်သည်။ မိဘနှစ်ပါးရှေ့မှောက်မှ သူစိမ်းယောကျာ်းကလေးတစ်ဦးနှင့် အတူထွက်သွားရမည်ကို အားနာနေဟန်ရှိပြီး အပေါ်ထပ်မှ ခါတ်လှေကားနှင့် ဆင်းလာစဉ် နှုတ်ဆက်ခြင်း ဖြစ်ပါသည်။ ကျွန်မမှာ အိမ်နေရင်းဖြစ်သဖြင့် ဖိနပ်ပင် စီးမထားပါ။ ဘားရက်မှာလည်း ဖိုသီဖတ်သီဖြစ်နေသည်။ မလီယာကမူ ပခုံးထက်တွင် ဘာမျှမပါသော အနက်ရောင်စကတ်အရှည်ကို ဝတ်ထားသည်။ သမီးကို ကြည့်ရသည်မှာ လှပနေပြီး ၁၆ နှစ်သမီးအရွယ်သာ ဖြစ်သည်။

ကျွန်မတို့နှစ်ယောက်စလုံး စိတ်အေးအေးပင်ထားကြကာ မလီယာတို့နှင့် ရယ်ရယ်မောမောပင် နေခဲ့ပါသည်။ အမှန်တကယ်တွင်မူ ကျွန်မတို့နှစ်ယောက်စလုံး ရင်ခုန်နေမိသည်မှာ အမှန်ပင်။ မလီယာအား လာကြိုသည့် အမျိုးသားကလေးကို ကျွန်မတို့ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ ခါတ်ပုံအနည်းငယ် ရိုက်လိုက်ကြသည်။ သမီးအား ဖက်ကာ နှုတ်ဆက်လိုက်၏။ ကျွန်မတို့က စိတ်ပူနေသည်မှန်သော်လည်း ကောင်လေး၏ကားကို ထောက်လှမ်းရေးက မောင်းနှင်သွားမည်ဖြစ်ပြီး သူတို့သွား ရောက်မည့် စားသောက်ဆိုင်သို့ အရောက်ပို့မည်ဖြစ်သည်။ ထိုဆိုင်တွင် ညစာစားပြီးမှ ကျောင်းကပွဲသို့ သွားရောက်မည်ဖြစ်ရာ ထောက်လှမ်းရေးကလည်း မလီယာနားတွင် အိမ်ဖြူတော်သို့ ပြန်မရောက်သေးသရွေ့ စောင့်ကြပ်နေမည်သာ ဖြစ်သည်။

မိဘများနေရာမှ ကြည့်လျှင် ဆယ်ကျော်သက်ကလေးများ၏ ဘဝကို ထိန်းကျောင်းရသည်မှာ သိပ်မဆိုးလှဟု ဆိုနိုင်ပါသည်။ သူတို့ လှုပ်ရှားမှုမှန်သမျှကို အချိန်နှင့်အမျှ စောင့်ကြပ်ကြည့်ရှုနိုင်ခြင်းကြောင့် ဖြစ်ပါ၏။ အရေးပေါ်အခြေအနေ ဖြစ်လာလျှင်လည်း စောင့်ကြပ်မည့်သူ အဆင်သင့်ရှိသည်။ အိမ်ဖြူတော်တွင် နေရသမျှ ကာလပတ်လုံး သမီးတို့၏ လုံခြုံရေးဆိုသည်မှာလည်း မည်သို့ ထိန်းကျောင်းမည် ဆိုသည်ကို စိတ်ပူစရာမလိုပေ။ ထောက်လှမ်းရေးများက ကျွန်မတို့အိမ်သား လေးဦး စလုံးအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည်သာဖြစ်သည်။

သမီးတို့ အထက်တန်းကျောင်းသို့ စတင်တက်စဉ်ကာလကတည်းက သူတို့အပေါ်တွင် ကျွန်မတို့ ထုတ်ပြန်ထားသော ကာဖြူးအမိန့်ကို ရုပ်သိမ်းပေးလိုက်သည်။ ည ၁၁ နာရီအထိ ပြင်ပတွင် နေခွင့်ရှိသည်။ နောင်တွင် သန်းခေါင်အချိန်အထိခွင့်ပြုခဲ့ပါသည်။ မလီယာနှင့်ဆာရှာတို့ အဆိုအရ သူတို့သူငယ်ချင်းများ၏ မိဘများက လည်း ထိုအချိန်အတိုင်းအတာအထိ ခွင့်ပြုထားသည်ဟု ဆိုခြင်းကြောင့် ဖြစ်ပါသည်။ အကယ်၍ သမီးတို့အတွက်

စိတ်ပူသည်ဆိုပါလျှင်လည်း ကျွန်မအနေနှင့် ထောက်လှမ်း ရေးများထံ ဆက်သွယ်ကာ မေးမြန်းလိုက်ရုံဖြင့် သိနိုင်ပါသည်။ သို့သော် ကျွန်မ ထိုသို့ မလုပ်ခဲ့ပါ။ ကလေးများက သူတို့၏ လုံခြုံရေးတာဝန်ခံများကို စိတ်ချယုံကြည် သကဲ့သို့ ကျွန်မလည်း ယုံကြည်ရမည်ဖြစ်သည်။ ထိုသို့ ထောက်လှမ်းရေးများထံမှ သတင်းရယူခြင်းမပြုသော်လည်း အခြားမိဘများကဲ့သို့ပင် သူတို့သူငယ်ချင်းများ၏ မိဘများနှင့်မူ အဆက်အသွယ်လုပ်ကာ သတင်းရယူရပါသည်။ မိဘများကလည်း သူတို့ရသည့်သတင်းကို မျှဝေသိစေပါသည်။ သူတို့တစ်တွေ ဘယ်ကိုသွားသည်၊ ဘာလုပ်သည် ဆိုသည်ကို ကျွန်မတို့ လူကြီးများက သိလိုကြပါ၏။ ကျွန်မတို့ သမီး များကလည်း သူတို့အဖေ၏ ဂုဏ်ပုဒ်ကို ထိပါးစေမည့် အလုပ်မှန်သမျှ မလုပ်မိစေ ရန် အထူးဂရုစိုက်ကြပါသည်။ သူတို့ တစ်စုံတစ်ခုလုပ်မိလျှင် သတင်းစာများ၏ ခေါင်းကြီးပိုင်းများတွင် ဖော်ပြခံရလိမ့်မည် ဆိုသည်ကိုလည်း သိကြပါသည်။ ဘား ရက်နှင့်ကျွန်မမှာ ဆယ်ကျော်သက်သမီးများအပေါ် ထိုသို့ဖြစ်နေခြင်းမှာ မတရားဟု သိသော်လည်း အခြေအနေအရ ဘာမျှမတတ်နိုင်ခဲ့ပါ။ ကံကောင်းထောက်မစွာဖြင့် သမီးတို့သည် ကျွန်မတို့နှစ်ယောက် တိုင်းပြည်အပေါ် မျက်နှာပျက်စေမည့် မည်သည့် အပြုအမူကိုမျှ မလုပ်ခဲ့ကြပါချေ။

ချီကာဂိုတွင် နေထိုင်စဉ် မလီယာ ၈ နှစ်သမီးအရွယ်၌ ဘားရက်က သမီး၏ ခုတင်အစွန်းတွင် ထိုင်ကာ သူ သမ္မတရွေးကောက်ပွဲ ဝင်ပြိုင်ရမလားဟု မေးခဲ့ဖူးသည်။ ထိုစဉ်က အသက် ၈ နှစ်သာရှိသေးသော သမီးသည် ဘာမျှနားလည်မည်မဟုတ်ဟု ထင်ခဲ့ပါသည်။ အိမ်ဖြူတော်ထဲ၌ နေရမည် ဆိုသည့်အသိသာ သိလောက် ပါသည်။ ထိုသို့ မသိနားမလည်သေးသောဘဝမှ ဆယ်ကျော်သက်ဘဝသို့ ရောက်လာ ခဲ့သည်။ ယခုကဲ့သို့ ကျောင်းကပွဲသွားသည်ကိုပင် နောက်မှ ထောက်လှမ်းရေးများ တကောက်ကောက်လိုက်ပါပြီး သွားရသည်ဆိုလျှင် သမီး ပျော်ပါမည်လား။ အကယ်၍ ဆယ်ကျော်သက်တစ်ယောက်ပီသစွာ စီးကရက်တစ်လိပ်လိပ်ကိုများ ဖွာမိ၊ ကိုင်မိလျှင် သတင်းထောက်တို့က အလွတ်နေမည်မဟုတ်၊ ဓာတ်ပုံရိုက်ကာ အတင်းအဖျင်း ဖော်ပြသော ဝက်ဘ်ဆိုဒ်များသို့ ရောင်းချကြမည်မှာ အမှန်ပင်။

ကျွန်မတို့ကလေးများမှာ ဆယ်ကျော်သက်ဘဝကို ကျဉ်းကျဉ်းကျပ်ကျပ် ဖြတ်သန်းခဲ့ရသည်ဟု ဆိုရပေမည်။ Apple ကုမ္ပဏီကြီးက iPhone ကို ၂၀၀၇ ခုနှစ် ဇွန်လတွင် စတင်ရောင်းချခဲ့သည်။ ဘားရက်က သမ္မတရွေးကောက်ပွဲဝင်မည်ဟု ကြေညာအပြီး လေးလအကြာ၌ ဖြစ်သည်။ သုံးလအတွင်းမှာပင် iPhone များ သန်းနှင့် ချီ၍ ရောင်းခဲ့ရသည်။ ဘားရက်၏ သမ္မတဒုတိယသက်တမ်း မကုန်ဆုံးမီမှာပင် iPhone သည် သန်းပေါင်း ထောင်နှင့်ချီ၍ ရောင်းခဲ့ရ၏။ ဘားရက်၏ သမ္မတသက် တမ်းသည် အမေရိကန်သမိုင်းတွင် ပထမဆုံး လူမည်းသမ္မတအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး iPhone သည်လည်း

ဆက်သွယ်ရေးလောကတွင် တစ်မူထူးခြားသော လုပ်ဆောင်မှု များစွာကို ပေးနိုင်ခဲ့သည်။ Selfie ဆွဲနိုင်သည့်ကအစ လုပ်ဆောင်မှုပေါင်းများစွာကို လုပ်ဆောင်နိုင်ခဲ့၏။ သမီးတို့ခေတ်တွင် ကျွန်မတို့ခေတ်ကထက် အဆများစွာ တစ်ဦးနှင့်တစ်ဦး ထဲထဲဝင်ဝင် ဆက်သွယ်နိုင်ပြီး ဆိုရှယ်မီဒီယာသည်လည်း ဆယ်ကျော်သက်တို့၏ဘဝကို ကြီးစိုးနိုင်ခဲ့သည်။ ကျွန်မတို့ ဆယ်ကျော်သက်ဘဝထက် သူတို့ဆယ်ကျော်သက်ဘဝမှာ တစ်ဦးနှင့်တစ်ဦး စက္ကန့်မခြား အဆက်အသွယ်ရရှိကြသည်။ မလီယာနှင့်ဆာရာတို့ ကျောင်းပိတ်ချိန်များ သို့မဟုတ် ကျောင်းဆင်းချိန်များ၌ သူတို့ သူငယ်ချင်းများနှင့် ဝါရှင်တန်မြို့ကို လျှောက်လည်ကြရာ သူစိမ်းတချို့က သူတို့အား လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံရိုက်ယူကြသည်။ တစ်ခါတစ်ရံ၌ လူကြီးတချို့က အတူ တွဲရိုက်ပါရစေဟု ခွင့်တောင်းကြသည် ဆို၏။ မလီယာက သူ မရိုက်ချင်သည့်အခါ “ကျွန်မ ကလေးပဲရှိသေးတယ်ဆိုတာ ရှင်သိရဲ့လား”ဟု ခွန်းတုံ့ပြန်တတ်သည် ဆို၏။

ဘားရက်နှင့်ကျွန်မမှာ သမီးတို့အား အလွန်အမင်း ထင်ပေါ်ကျော်ကြားခြင်း မဖြစ်စေရန် ထိန်းသိမ်းကြသည်။ မီဒီယာများက ဓာတ်ပုံရိုက်ခွင့်တောင်းဆိုလာလျှင်ပင် ငြင်းပယ်ခဲ့ကြသည်။ သူတို့ နေ့စဉ်ဘဝကို သာမန်နည်းဖြင့်သာ ဖြတ်သန်းစေချင်ပါသည်။ သူတို့အား စောင့်ရှောက်ပေးကြသော လုံခြုံရေးများကလည်း ကျွန်မတို့နှင့် တစ်သဘောတည်းဖြစ်သဖြင့် လူမြင်ကွင်းများ၌ လိုက်ပါစောင့်ရှောက်ရာတွင် ယူနီဖောင်းမဝတ်ဘဲ တီရှပ်နှင့် ဘောင်းဘီတိုသာ ဝတ်ဆင်ကြပါသည်။ ကျကျနန ဆု(တ) ဝတ်ကာ နားတွင်လည်း နားကြပ်များ တပ်ဆင်ထားလျှင် လုံခြုံရေးမှန်း သိသာစေခြင်း ကြောင့် သာမန်အရပ်သားများကဲ့သို့ပင် ပေါ့ပေါ့ပါးပါး လိုက်လံ စောင့်ရှောက်ကြပါသည်။ ကလေးများနှင့် မသက်ဆိုင်သော ပွဲလမ်းများတွင် သမီးတို့ပုံကို မဖော်ပြရန် ကျွန်မတို့က ထိန်းသိမ်းထားပါသည်။ အိမ်ဖြူတော်၏ ပြန်ကြားရေးဌာနကလည်း သမီး တို့ပုံများ ထည့်သွင်းမဖော်ပြရန် မီဒီယာများအား ရှင်းရှင်းလင်းလင်း ပြောကြားထားကြ၏။ မလီဆာနှင့် ကျွန်မဝန်ထမ်းများသည် အားကိုးရသူများပင် ဖြစ်ပါသည်။ တစ်ကြိမ် တွင် အတင်းအဖျင်းပြောသော ဝက်ဘ်ဆိုဒ်တစ်ခု၌ သမီး တယ်လီဖုန်းသုံးနေသည်ကို ဖော်ပြလိုက်ရာ မလီဆာက ချက်ချင်းပင် ဖြုတ်ချပေးရန် တောင်းဆိုခဲ့ပါသည်။

ကလေးများ လုံခြုံရေးနှင့်ပတ်သက်၍ ကျွန်မတို့မှာ နည်းလမ်းရှာဖွေရပါသည်။ အရပ်သားအနေဖြင့် ကျွန်မတို့မိသားစုအား စပ်စုရုံသက်သက်မဖြစ်စေရန် ဖြစ်ပါသည်။ ဘားရက်၏ ဒုတိယသက်တမ်းအစတွင် အိမ်၌ ခွေးကလေးတစ်ကောင် မွေးထားသည်။ ဆန်နီဟု အမည်ပေးထားပါသည်။ လိမ္မာယဉ်ကျေးစေရန် သင်ကြား ပို့ချပေးထားသောခွေးဖြစ်၍ အကြောက်အလန့်မရှိချေ။ ခွေးများသည် လူ၏စိတ်ကို ပေါ့ပါးစေသည်မှာ

အမှန်ပင်ဖြစ်ပါ၏။ အိမ်ဖြူတော် ဆိုသည်ကိုလည်း သူတို့ မသိ။ အိမ်ကြီးကြီးတစ်လုံးဟုသာ နားလည်ပုံရပါသည်။ မလီယာနှင့်ဆာရှာတို့မှာ သူတို့၏ အပေါင်းအသင်းများ ဖြစ်ကြသည်။ ထိုသို့ ရှိလာရာက အိမ်ဖြူတော်၏ ဆက်သွယ်ရေးအဖွဲ့များက ခွေးများအား တရားဝင်တွေ့ဆုံပွဲများ၌ ခေါ်ဆောင်လာပါရန် မေတ္တာရပ်ခံလာကြတော့သည်။ ညနေခင်းများတွင် ကျွန်မထံ တင်ပြသော မှတ်စုများ၌ သူတို့ က "ဘိုနဲ့ဆန်နီတို့ကို ခေါ်လာပေးပါ ခင်ဗျာ"ဟုပင် တောင်းဆိုလာကြ၏။ သို့ဖြင့် ကျွန်မတို့ အိမ်မွေးခွေးနှစ်ကောင်မှာ မီဒီယာများနှင့်သော်လည်းကောင်း၊ အိမ်ဖြူတော် အား လာရောက်ကြည့်ရှုကြသော ကလေးများနှင့်သော်လည်းကောင်း ရင်းနှီးသည့် မိတ်ဆွေများဘဝကို ရောက်ရှိသွားကြတော့သည်။ ဘို,ဆိုလျှင် အီစတာပွဲတော်အတွက် ရိုက်ကူးသော ဗီဒီယိုတစ်ခုမှာပင် ထည့်သွင်းရိုက်ကူးသွားကြသည်။ ဆန်နီနှင့် ဘိုတို့က ကျွန်မအနီးတွင် ထိုင်ကာ ရိုက်ကူးခံကြသည်။ သတင်းစာများက ဝေဖန်သည်ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ သူတို့အတွက်မှာမူ ဘာမျှမထူးခြားပေ။

※

တခြားကလေးများနည်းတူ ဆာရှာနှင့်မလီယာတို့မှာလည်း အချိန်ပိုင်းအတွင်းမှာပင် ကြီးထွားလာကြသည်။ ဘားရက် ပထမဦးဆုံးအကြိမ် သမ္မတအဖြစ် ဆက်ခံစဉ်က ကျမ်းသစ္စာကျိန်ဆိုပွဲတွင် သမီးတို့သည် သတင်းထောက်များရှေ့မှောက်၌ ကျုံ့ကျုံ့ကလေးထိုင်နေခဲ့ကြသည်။ ပထမ ၅ နှစ်အတွင်းမှာပင် သူတို့သည် သူတို့ အဖေပြောသော ပြက်လုံးများကို ဟက်ဟက်ပက်ပက် ရယ်မောလာတတ်ကြသည်။ သမ္မတသက်တမ်း ၆ နှစ်မြောက်သောအခါ သူတို့မှာ ၁၃ နှစ်သမီးနှင့် ၁၆ နှစ်သမီး အရွယ် ရောက်ရှိလာကြပြီဖြစ်၍ အဖေ့စကားတို့မှာ မရယ်ရလျှင်လည်း ဟန်ဆောင်၍ ပင် မရယ်တော့ပေ။ အခမ်းအနားကျင်းပနေစဉ်အတွင်း သမီးတို့နှစ်ယောက်၏ ပုံများမှာ အင်တာနက်ပေါ်တွင် ပလူပျံနေခဲ့သည်။ ဆာရှာက မျက်နှာထား တည်တည် ဖြင့် ဖြစ်နေပြီး မလီယာကမူ စိတ်မသက်မသာပုံ ဖြစ်နေ၏။ သူတို့နှစ်ဦးစလုံးသည် ဖခင်သမ္မတအနီး၌ မတ်တတ်ရပ်နေကြသည်။ USA Today ဆိုသည့် စာစောင်က ခေါင်းစဉ်ဖြင့် ဖော်ပြသည်မှာ "မလီယာနှင့် ဆာရှာအိုဘားမားတို့ ဖခင်အနီးတွင် ရပ်ကာ စိတ်မသက်မသာဖြစ်နေကြသည်"ဆို၏။

အမှန်တကယ်တွင် အိမ်ဖြူတော်၌ ကျင်းပသော ပွဲလမ်းများ၌ မိသားစုဝင်များ တက်ရောက်ရမည်ဟု မဖြစ်မနေ သတ်မှတ်ချက်မရှိပါ။ သူတို့မှာ ပျော်ပျော်ရွှင်ရွှင်နေတတ်သော ဆယ်ကျော်သက်ကလေးများ ဖြစ်သည့်အလျောက် အမြဲတစေ လှုပ်ရှားသွားလာချင်နေကြသည်။ ငြိမ်ငြိမ်ကလေးရပ်နေရသည်ဆိုလျှင်ပင် စိတ်မသက် မသာ ဖြစ်ကြ၏။ မိဘတစ်ယောက်အနေနှင့်မူ သမီးတို့အား

ထိန်းချုပ်ရမည်သာ။ သူတို့တွင်လည်း သူတို့အစီအစဉ်နှင့် သူတို့ ရှိနေကြမည်မှာ မှန်ပါသည်။ သို့သော် ကျွန်မတို့နှင့် သက်ဆိုင်သည့် ကိစ္စများတွင်လည်း သူတို့ ပါဝင်သင့်က ပါဝင်ရမည် သာ ဖြစ်သည်။

"သမီးရေ... ဒီည အောက်ထပ်ကို ဆင်းလာဦးမလား၊ ပေါလ်မက္ကာတနီရဲ့ ပြဇာတ် မာမီတို့ နားထောင်မလို့"

"မာမီ… သမီး မဆင်းပါရစေနဲ့"

ထိုသို့ ငြင်းဆန်တတ်သော်လည်း မလီယာအခန်းမှ ဆူညံပေါက်ကွဲသည့် ဂီတသံသည် မရပ်မနား ကြားရမည်သာ ဖြစ်သည်။ ဆာရာနှင့် သူ့သူငယ်ချင်းများက ဟင်းချက်ပြပွဲသို့ သွားရောက်လေ့ရှိပြီး ပြန်လာသည့်အခါ အိမ်၏ မီးဖိုခန်းကို ပြန်လည် မွမ်းမံပြင်ဆင်ခြင်းပြုလုပ်ရန် ပူဆာတော့သည်။ တစ်ခါတစ်ရံတွင်လည်း ဟင်းလျာပေါင်းများစွာ ပါရှိသည့် ညစာချက်ပေးရန် တောင်းဆိုတတ်သည်။ သမီးတို့သည် ကျောင်းမှ သူငယ်ချင်းများ၏ မိသားစုများနှင့်လည်း အပျော်ခရီးလိုက်တတ်ပါသည်။ (သူတို့လုံခြုံရေးများက နောက်မှ ထက်ကြပ်မကွာ လိုက်ပါလျက်)။ ဆာရာကမူ Dulles International Airpostမှ သရေစာများ ဝယ်စားဖို့ထက် အခြားကိစ္စကို စိတ်မဝင် စားပေ။ တစ်ခါတစ်ရံတွင် အင်ဒရူးလေတပ်စခန်းအထိ သွားပြီး မုန့်စားတတ်သည်။

ကျွန်မတို့နှင့် ခရီးသွားလျှင်မူ သူတို့မှာ အခွင့်အရေးပိုရ၏။ ဘားရက်၏ သမ္မတသက်တမ်း မကုန်ဆုံးမီတွင် သမီးတို့သည် ဟာဗားနား၌ ဘေ့စ်ဘောပွဲ သွားကြည့်ခွင့် ရခဲ့သည်။ တရုတ်နိုင်ငံ၏ မဟာရံတံတိုင်းကြီးပေါ်တွင် လမ်းလျှောက်နိုင်ခဲ့ကြသည်။ ရီယိုရှိ ခရစ်တော်၏ ဆင်းတုတော်ကို သွားရောက်ကြည့်ရှုခွင့်ရခဲ့သည်။ ထိုသည်တို့မှာ သမ္မတ၏သမီးများ ဖြစ်ခြင်းကြောင့်သာ ရခဲ့သော အခွင့်အရေးများ ဖြစ်ပါသည်။ မလီယာ၏ အထက်တန်းကျောင်းသူဘဝ နောက်ဆုံးနှစ်တွင် ကျွန်မတို့ နှစ်ယောက် နယူးယောက်မြို့တော်မှ ကောလိပ်များကို သွားရောက်လေ့လာကြသည်။ ဥပမာအားဖြင့် နယူးယောက်တက္ကသိုလ်နှင့် ကိုလံဘီယာတက္ကသိုလ်တို့သို့ သွားရောက်လေ့လာကြသည်။ ကျွန်မတို့ သွားရောက်လေ့လာစဉ်က တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ မရှိသေးသည့်အချိန်ဖြစ်၍ ကျောင်းစာသင်ခန်းများအား လေ့လာနိုင်သကဲ့သို့ ကျောင်းသူကျောင်းသားများ နေထိုင်ရမည့် အခန်းများကိုလည်း လေ့လာခွင့်ရ ခဲ့သည်။ ကျောင်းအုပ်ဖြစ်သူနှင့် တိုင်ပင်ခွင့်လည်း ရခဲ့သည်။

ပြဿနာမှာ သမ္မတကတော် သွားသည့် ယာဉ်တန်းမှာ လျှော့ချ၍မရခြင်းပင် ဖြစ်ပါသည်။ အထူးသဖြင့် မဟတ္တန်၏ နေ့လယ်နေ့ခင်းများ၌ သွားလာရသည်မှာ

ခက်ခဲခြင်းပင် ဖြစ်ပါသည်။ ဆိုင်တစ်ခုခုတွင် ကျွန်မတို့ ဝင်ရောက်စားသောက်ပြီး သည့်ဆိုသည်နှင့် အပြင်၌ လူပေါင်းရာနှင့်ချီကာ စောင့်ဆိုင်းနေသည်ကို တွေ့ရတော့မည်သာ ဖြစ်သည်။ လူမရှုပ်စေချင်သည်မှန်သော်လည်း မည်သို့မျှ မတတ်နိုင်ပေ။ အပြင်သို့ ထွက်လိုက်သည်နှင့် အော်ဟစ်နှုတ်ဆက်ကြသော လူအုပ်ကြီးနှင့် သူတို့လက်ထဲတွင် ကိုင်ထားသော တယ်လီဖုန်းများက မီးတဝင်းဝင်းပွင့်ကြသည်။ တချို့က "ကိုလံဘီယာကိုပဲ လာပါ မလီယာ"ဟု ဖိတ်ခေါ်ကြသည်။ သို့သော် ထိုဖိတ်ခေါ်ချက် သည် မိန်းကလေးတစ်ယောက်အတွက် သူ့အနာဂတ်ကို အေးအေးဆေးဆေး စဉ်းစား နိုင်ရန် မည်သို့မျှ အထောက်အကူမပြုပါချေ။

နောက်ထပ် တက္ကသိုလ်တစ်ခုသို့ ကူးကာ သွားကြည့်မည် စီစဉ်ခဲ့သည်မှန်သော်လည်း ချက်ချင်းပင် ကျွန်မအစီအစဉ်ကို ပြင်လိုက်ရသည်။ ကျွန်မကိုယ်တိုင်သွားကြည့်မည့်အစား မလီယာတစ်ယောက်တည်း ကိုသာ သွားကြည့်စေရန် စေလွှတ် လိုက်ဖို့ ဖြစ်သည်။ သမီးနှင့်အတူ ကျွန်မ ကိုယ်ရေးလက်ထောက်ဖြစ်သူ ခရစ္စတင်းဂျုံး ကို ထည့်လိုက်မည်ဖြစ်သည်။ သို့သော် ကျွန်မ မပါပြန်သည့်အခါ မလီယာအပေါ်တွင် စိတ်ဝင်စားမှုက လျော့ကျသွားပြန်သည်။ သူတစ်ယောက်တည်း သွားပါက ခပ်မြန်မြန် ခပ်သွက်သွက် ထောက်လှမ်းရေးအနည်းငယ်မျှနှင့် သွားနိုင်ရန် ကျွန်မက စဉ်းစားခြင်း ဖြစ်သည်။ ကလေးတစ်ယောက်အနေဖြင့် လုံခြုံရေးအပြည့်အဝပါကာ သွားရောက်မေးမြန်းနိုင်မည်ဖြစ်သည်။ နောက်ဆုံးတွင် ထိုသို့ပင် ဆုံးဖြတ်လိုက်ရပါသည်။

ခရစ္စတင်းမှာ အသက် ၂၀ နှောင်းပိုင်းအရွယ်ဖြစ်ပြီး ကယ်လီဖိုးနီးယား၌ ကြီးပြင်းခဲ့သူဖြစ်ကာ ကျွန်မသမီးနှစ်ယောက်အပေါ်တွင် အစ်မကြီးတစ်ယောက်ကဲ့သို့ စောင့်ရှောက်သူ ဖြစ်ပါသည်။ ကျွန်မ ရုံးသို့ သူရောက်လာစဉ်က အလုပ်သင်ဘဝဖြင့် ရောက်လာခဲ့ခြင်းဖြစ်ပြီး ခရစ္စတင်းဂျာဗစ္စလက်အောက်၌ လုပ်ခဲ့သည်။ သူကမူ ယခုထက်ထိ ကျွန်မ၏ ခရီးစဉ်များ ရေးဆွဲသူအဖြစ် လုပ်ကိုင်နေပြီး ကျွန်မတို့မိသားစု၏ မရှိမဖြစ်ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်ပါသည်။ ခရစ္စတင်း နှစ်ယောက်ဖြစ်သဖြင့် ကျွန်မတို့က "ခရစ္စတင်းများ"ဟု သူတို့နှစ်ဦးကို ရည်ရွယ်ခေါ်ဆိုတတ်ပါသည်။ သူတို့သည် ကျွန်မတို့ မိသားစုနှင့် ဆစ်ဒ်ဝဲလ်ကျောင်းတို့ကြား ဆက်သွယ်ရေးတာဝန်ခံများဖြစ်၏။ ဆရာများ၊ နည်းပြဆရာများနှင့် အခြား ကျောင်းသားမိဘများ ကြား၌လည်း သူတို့ပင် ဆောင်ရွက်ကြပါသည်။ သမီးနှစ်ဦးအပေါ်တွင် သူတို့သည် ချစ်မြတ်နိုးစွာကာကွယ်စောင့်ရှောက်ကြပြီး ကျွန်မနှင့် ထပ်တူထပ်မျှ မျက်စိအောက်က အပျောက်မခံကြသူများ ဖြစ်ပါသည်။ မလီယာနှင့် ဆာရှာတို့ကလည်း သူတို့အပေါ်တွင် ယုံကြည်မှု အပြည့်အဝရှိသည်။ တိုင်ပင်စရာရှိလျှင် သူတို့ကို တိုင်ပင်သည်။ အဝတ်အစားကိစ္စကအစ ဆိုရှယ်မီဒီယာကိစ္စအဆုံး ယောကျ်ားကလေးများကိစ္စ အပါအဝင် တိုင်ပင်တတ်ကြ၏။

ထိုနေ့ ညနေပိုင်းက မလီယာအား ကိုလံဘီယာတက္ကသိုလ်သို့ စေလွှတ်လိုက်သည်။ ကျွန်မကမူ လုံခြုံရေးများနှင့် နယူးယောက်တက္ကသိုလ်ဝင်းထဲမှာပင် နေရစ်ခဲ့သည်။ ကျွန်မတစ်ယောက်တည်း အမှတ်တမဲ့ ထိုင်နေရာက ပြန်လည်ထွက်ခွာရမည့် အချိန်ကိုပင် အမှတ်တမဲ့ ဖြစ်သွားခဲ့သည်။ စိတ်လွတ်ကိုယ်လွတ် ထိုင်နေမည့်အစား ဖတ်စရာစာအုပ်တစ်အုပ် ပါလာခဲ့လျှင် အကောင်းသားဟု တွေးမိသည်။ အလဟဿ အချိန်ကုန်ဆုံးရမှုအတွက် စိတ်မကောင်းလည်း ဖြစ်မိ၏။ တွေးရင်းကပင် အနာဂတ်သည် မကြာသောကာလတွင် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ကျွန်မတို့၏ သမီးသည်ပင်လျှင် မိသားစုထံမှ ခွာထွက်ရန် ကြိုးစားနေပြီဖြစ်သည်ကို သတိထားမိပါတော့သည်။

※

ခရီးဆုံးသို့ မရောက်သေးသော်လည်း ကျွန်မက လက်ကျန်စာရင်းကို ကောက်ယူနေမိသကဲ့သို့ ရှိ၏။ အိမ်ဖြူတော်၌နေသည့် ကာလပတ်လုံးအတွင်း တိုင်းပြည်၌၊ ကျွန်မမိသားစု၌ မည်မျှစွန့်လွှတ်ခဲ့ရ၍ မည်မျှတိုးတက်ခဲ့သည်ကို စဉ်းစားကြည့်မိခြင်းဖြစ်သည်။ ကျွန်မတို့ လုပ်နိုင်သမျှ လုပ်နိုင်ခဲ့ပါရဲ့လား။ ရှေ့ဆက်၍ မည်သည့်ခရီးကို နှင်ကြမည်နည်း။

ကျွန်မဘဝကို ပြန်စဉ်းစားကြည့်သောအခါ ပုံမှန်လစာရကာ ထာဝရနေနိုင်သည့် အိမ်တစ်လုံး၊ တိုးတက်မည့်အလားအလာ အစရှိသည်တို့ကို စွန့်လွှတ်ခဲ့ရသည်။ ထိုသို့ စွန့်လွှတ်ရန် ကျွန်မ ရွေးချယ်ခဲ့သည်တော့မဟုတ်။ အခြေအနေအရ ဖြစ်ပေါ်လာ ခဲ့ခြင်းပင် ဖြစ်သည်။ ကျွန်မဘဝအတွက် ရွေးချယ်ခဲ့သော ဥပဒေပညာလမ်းကြောင်းမှ သွေဖည်ကာ ကျွန်မချစ်သူ၏ ရွေးချယ်မှုနောက်သို့ လိုက်ခဲ့ခြင်းသာ ဖြစ်ပါသည်။

တစ်ခါတစ်ရံတွင် ကျွန်မစိတ်များသည် ရို့စ်လဲန်းမှ ဘုရားရှိခိုးကျောင်း၏ အောက်ဆုံးထပ်သို့ ရောက်ရှိသွားသည်။ ထိုဘုရားရှိခိုးကျောင်းမှာ ချီကာဂိုမြို့၏ တောင်ဘက်အစွန်ဆုံးနေရာတွင် ရှိသည်။ ဘားရက်နှင့် မတွေ့မီ ၂၅ နှစ်လုံးလုံး ထိုဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုခဲ့၏။ ဘားရက်လည်း ထိုဘုရားရှိခိုးကျောင်းမှာပင် မျှော်လင့်ချက်ကင်းမဲ့နေသော၊ လူတောမတိုးနိုင်သော လူမည်းများကို တွန်းအားပေးကာ မြှင့်တင်ပေးခဲ့သည်။ ထိုညနေက သူ စကားပြောနေသည်ကို နားထောင်ကာ စိတ်ကူးသစ်တစ်ခု ပေါ်ပေါက်ခဲ့သည်။ မည်သည့်အရာမဆို ဖြစ်နိုင်ရမည်ဟု စိတ်ထဲ၌ ပေါ်ပေါက်ရန်သာ အရေးကြီးပါသည်။ ဖြစ်သင့်ဖြစ်ထိုက်သော ကမ္ဘာသစ်တစ်ခုသို့ ကိုယ်တိုင် ဖန်တီးယူမှသာလျှင် ရနိုင်ပေမည်။

ဖြတ်သန်းခဲ့သည့် နှစ်ကာလများအတွင်း ကျွန်မ မြင်တွေ့ရသော တိုးတက်မှု

များအတွက် ကျေးဇူးတင်ရပါသည်။ ၂၀၁၅ ခုနှစ်ကဆိုလျှင် ကျွန်မသည် ဝေါလ်တာရိဒ်သို့ သွားရောက်လည်ပတ်မြဲဖြစ်သည်။ တစ်ကြိမ်ထက်တစ်ကြိမ် ဒဏ်ရာရသော သူများ နည်းပါးလာသည်ကို တွေ့ရသည်။ အမေရိကန်ပြည်ထောင်စုက ပြည်ပနိုင်ငံ များတွင် သွားရောက်အမှုထမ်းရသော တပ်မတော်သားများ လျော့သထက်လျော့ချလာ ခဲ့သည်။ ထို့ကြောင့် ထိခိုက်ဒဏ်ရာရသူ နည်းပါးလာခြင်းပင်ဖြစ်သည်။ သားတို့ အတွက် ပူဆွေးသောကရောက်ရသောမိခင်များ နည်းပါးလာခဲ့သည်။ ကျွန်မအတွက် ထိုသို့နည်းပါးလာခြင်းသည် တိုးတက်မှုဟု ဆိုနိုင်ပါသည်။

အခြားတိုးတက်သည့်ဌာနမှာ ရောဂါဝေဒနာများ ထိန်းချုပ်သည့်ဌာန ဖြစ်သည်။ သူတို့က အမေရိကန်ကလေးငယ်များ ငယ်ရွယ်စဉ်ဘဝတွင် အဝ,လွန်ခြင်း၊ သွေးတိုး၊ ဆီးချိုရောဂါ ဖြစ်ခြင်းတို့ ကျဆင်းလာသည်ဟု အစီရင်ခံစာတွင် ဖော်ပြလိုက်သည်။ အထူးသဖြင့် အသက် ၂ နှစ်အရွယ်မှ ၅ နှစ်အရွယ်အတွင်း ကလေးများ၌ ရောဂါစွဲကပ်မှု ကျဆင်းလာခြင်းပင်ဖြစ်ပါသည်။ ဒီလွိုက်ပြည်နယ်တွင် အထက်တန်း ကျောင်းသား နှစ်ထောင်ကျော်ရှိပြီး သူတို့က ကောလိပ်ကျောင်း ပထမဆုံးတက် ရောက်သည့်နေ့ အထိမ်းအမှတ်ပွဲကို ကျွန်မနှင့်အတူ ဆင်နွှဲခဲ့ကြသည်။ အထက်လွှတ်တော်တရားရုံးကလည်း နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကို လက်မှတ်ရေးထိုးလိုက်သည်။

အမေရိကန်ပြည်ထောင်စုနေ ပြည်သူအားလုံး၏ ကျန်းမာရေး နှင့်ပတ်သက်သော အာမခံချက် ရှိလာသည်။ ဘားရက် သမ္မတအဖြစ် တာဝန်ယူချိန်မှ စတင်ပြီး တစ်လလျှင် အလုပ်အကိုင်ပေါင်း ရှစ်သိန်းမျှ တိုးတက်ပေါ်ပေါက်လာခဲ့သည်။ ထိုသို့ ပေါ်ပေါက်မှုမှာ ၅ နှစ်လုံးလုံးပင် ဖြစ်ခဲ့သည်။

ကျွန်မအနေဖြင့် ထိုတိုးတက်မှုများမှာ ကျွန်မတို့ စွမ်းဆောင်မှုကြောင့် ဖြစ်ပေါ်လာသည်ဟု ခံယူပါသည်။ သို့သော် ယခုအချိန်အထိ ကျွန်မတို့ စွမ်းဆောင်မှု မရပ်သေးဘဲ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်ပါသည်။

နယူးတောင်းအဖြစ်အပျက် ပေါ်ပေါက်ပြီး နှစ်ဝက်ခန့်အကြာတွင် ကွန်ဂရက်က လက်နက်ထိန်းချုပ်မှုနှင့် ပတ်သက်၍ တရားဝင်ထုတ်ပြန်လိုက်သည်။ ဘင်လာဒင်လည်း မရှိတော့ပြီ။ သို့သော် ISIS က တစ်စခန်းထ,လာ၏။ ချီကာဂိုတွင် လူသတ်မှုများက ကျဆင်းမသွားဘဲ ပိုမိုများပြားလာသည်။ မစ်ဇူရီပြည်နယ် ဖာဂူဆန်မြို့တွင် ရဲတစ်ဦးက မိုက်ကယ်လ်ဘရောင်း အမည်ရှိ လူမည်းလူငယ်တစ်ဦးကို ပစ်သတ်လိုက်ပြီး သူ့အလောင်းသည် လမ်းပေါ်တွင် နာရီပေါင်းများစွာ ရှိနေခဲ့၏။ လန်ကွမ်မက်ဒေါ်နယ်လ် အမည်ရှိ လူမည်းဆယ်ကျော်သက်ကလေးတစ်ဦးကို ချီကာဂိုတွင် ရဲတစ်ဦးက သေနတ်ဖြင့် ၁၆ ချက် ပစ်သတ်ခဲ့ရာ ၉ ချက်မှာ ကျောဘက်မှ ပစ်ခြင်းဖြစ်သည်။ လူမည်းလူငယ်ကလေးတစ်ဦးဖြစ်သည့် တာမီရာရိုက်စ်မှာလည်း

ကလေ့ဖ်လဲန်းတွင် ရဲတစ်ဦးက ပစ်သတ်ခဲ့ပြန်သည်။ ဘာလ်တီမိုးတွင် ဖရက်ဒီဂရေး ဆိုသည့် လူမည်းတစ်ဦးကို ရဲက ထိန်းသိမ်းထားစဉ်အတွင်း သေဆုံးခဲ့ပြန်သည်။ စတေတန်ကျွန်းတွင် လူမည်းအမျိုးသားတစ်ဦးဖြစ်သော အဲရစ်ဂါနာ ဆိုသူအား ရဲက ထိန်းသိမ်းထားစဉ်အတွင်း အသက်ရှူမွန်းကျပ်ကာ သေဆုံးခဲ့ရပြန်သည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုတွင် ကျွန်မကိုယ်တိုင်က ပြောင်းလဲလာပြီဟု ယူဆသော်လည်း အမှန်တကယ်ပြောင်းလဲခြင်း ဟုတ်မဟုတ် ဆိုသည်မှာ သံသယဖြစ်စရာပင် ဖြစ်သည်။ ဘားရက်ကို ပထမအကြိမ် ရွေးချယ်တင်မြှောက်ခြင်းခံရစဉ်က နိုင်ငံရေး သမားအများစုက လူမျိုးရေးခွဲခြားဆက်ဆံသောခေတ်ကို လွန်မြောက်ခဲ့ပြီဟု သုံးသပ်ခဲ့ ကြသည်။ သို့သော် ဖော်ပြခဲ့သောကိစ္စများကိုကြည့်လျှင် သူတို့ယူဆသကဲ့သို့ မဖြစ်သေးသည်မှာ ထင်ရှားပါသည်။ အမေရိကန်တို့သည် အကြမ်းဖက်တိုက်ခိုက်မှုကို ကြောက်လန့်နေရဆဲ၊ အသားအရောင်ခွဲခြားမှုကို ကြောက်လန့်နေရဆဲ အခြေအနေတွင် သာ ရှိနေသေးပါသည်။

၂၀၁၅ ခုနှစ်၏ ဇွန်လနှောင်းပိုင်းတွင် ဘားရက်နှင့်ကျွန်မသည် ကာရိုလိုင်းနားပြည်နယ် ချာလက်စတန်မြို့သို့ သွားရောက်ကြကာ ဝမ်းနည်းပူဆွေးနေကြသော လူထုနှင့် တွေ့ဆုံကာ နှစ်သိမ့်မှုပေးရပြန်ပါသည်။ သည်တစ်ကြိမ်မှာ ကွယ်လွန်သူက တရားဟောဆရာဖြစ်ပြီး ကလယ်မန်တာပင့်ခ်နီ ဟု အမည်ရပါသည်။ ထိုတရားဟော ဆရာ အပါအဝင် လူ ၉ ဦးတို့ ဇွန်လအတွင်းက African Methodist Episcopal ဘုရားရှိခိုးကျောင်းတွင် ပစ်သတ်ခံရခြင်းပင်ဖြစ်သည်။ အသတ်ခံရသူအားလုံးမှာ အာဖရိကန်-အမေရိကန်လူမျိုးများချည်းဖြစ်ပြီး သူတို့က အလုပ်လက်မဲ့ အသက် ၂၁ နှစ်အရွယ်ရှိ လူဖြူတစ်ဦးကို သမ္မာကျမ်းစာလေ့လာရန်အတွက် သူတို့အဖွဲ့တွင် လက်ခံခဲ့မိခြင်းဖြစ်သည်။ ထိုသူက သူတို့နှင့် ခဏကြာအတူထိုင်ပြီး ဘုရားရှိခိုးရန် အတွက် ဦးညွှတ်ကြချိန်တွင် သေနတ်ထုတ်ကာ စတင်ပစ်ခတ်တော့ခြင်းဖြစ်သည်။ ပစ်ခတ်နေရင်း သူက “ငါ ဘာကြောင့် ဒီလိုလုပ်သလဲ သိလား။ မင်းတို့လူမည်းတွေ က ငါတို့အမျိုးသမီးတွေကို မုဒိမ်းကျင့်ခဲ့ကြတယ်။ ကြာရင် ငါတို့တိုင်းပြည်ကိုပါ မင်းတို့က ဝါးမျိုတော့မယ်”ဟု ကြွေးကြော်ခဲ့သည်ဟု ဆိုသည်။

ဘုန်းတော်ကြီးနှင့်တကွ ကွယ်လွန်ကြသူများအတွက် ဝမ်းနည်းပူဆွေးပါကြောင်း ပြောကြားအပြီးတွင် ဘားရက်က အားလုံးအံ့အားသင့်သွားစေသည့် ဓမ္မတေး တစ်ပုဒ်ကို ဝမ်းနည်းပူဆွေးစွာဖြင့် ဖြည်းဖြည်းချင်း စ,ဆိုလိုက်သည်။ Amazing Grace ဟူသည့် ဘုန်းတော်ဘွဲ့ ဓမ္မတေးပင် ဖြစ်ပါသည်။ အခန်းတွင်း၌ ရှိနေသော ပရိသတ်အားလုံး ဘားရက်နှင့်အတူ လိုက်ပါသီဆိုကြ၏။ ယခုဆိုလျှင် ကျွန်မတို့ အိမ်ဖြူတော်၌ နေထိုင်ခဲ့ကြသည်မှာ ၆ နှစ်ကာလ လွန်မြောက်ခဲ့ပြီဖြစ်ပြီး ကျွန်မတို့ သည်

သီးသီးသန့်သန့်သာ နေထိုင်ခဲ့ကြပါသည်။ တိုင်းပြည်တစ်ဝန်း၌ လူနည်းစုသာ ဖြစ်သော လူမည်းတို့မှာ နိုင်ငံရေး၊ စီးပွားရေးနှင့် ဖျော်ဖြေရေးလောကတွင် ထင်ရှားသည်ထက် ထင်ရှားလာရာ ကျွန်မတို့မိသားစုမှာ ထင်ထင်ရှားရှားပြစရာ လူမည်းမိသားစုတစ်ခု ဖြစ်နေသည်။ ကျွန်မတို့မိသားစု အိမ်ဖြူတော်သို့ ရောက်ရှိလာချိန်တွင် အမေရိကန် သန်းပေါင်းများစွာတို့က ကြိုဆိုခဲ့ကြသည်ဖြစ်သော်လည်း လူမည်းများက မူ ဝမ်းသာမှုထက် ကြောက်ရွံ့မှု ပိုလာခဲ့သည်ဟု ယူဆပါသည်။ သူတို့အပေါ်တွင် အမုန်းများနှင့် အန္တရာယ်များမှာ ခါတိုင်းထက် ပိုလာမည်လားဟု စိုးရိမ်ကြခြင်းပင် ဖြစ်ပါသည်။

ကျွန်မတို့မိသားစုသည် အဖြူ၊ အမည်း မရွေး မိသားစုအသွင် ဆက်ခံခဲ့သည်။ တစ်နိုင်ငံလုံးနှင့် အဆင်ပြေစေရန် နေထိုင်ခဲ့ကြသည်။ တတ်နိုင်သမျှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်သာ ဖြစ်ပါသည်။

ချာလက်စတန်တွင် အသုဘကျင်းပသည့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှာပင် အမေရိကန်ပြည်ထောင်စု၏ အထက်လွှတ်တော်က သမိုင်းတွင်မည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လိုက်သည်။ လိင်တူလက်ထပ်ထိမ်းမြားသည့် ဥပဒေသည် ပြည်နယ်ပေါင်း ၅၀ တွင် အတည်ဖြစ်ကြောင်း ကြေညာလိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုအရေးကိစ္စမှာ ဆယ်စုနှစ်ပေါင်းများစွာ လိပ်ခဲတည်းလည်းဖြစ်နေခဲ့သော ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။ ပြည်နယ်အလိုက်၊ တရားရုံးအလိုက် ရင်ဆိုင်နေရသည့် လိင်တူ လက်ထပ်ခြင်းကိစ္စ ပြဿနာများစွာ ရှိပါသည်။ ယခု ထိုကိစ္စအားလုံး ပြေလည်သွား မည်ဖြစ်၏။ ထိုနေ့ကုန်ဆုံးချိန်တွင် ကျွန်မထံ ပေးပို့သည့် အစီရင်ခံစာ၌ အမေရိကန် အများစုတို့သည် ဥပဒေအတည်ပြုလိုက်ခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာရှိနေကြသည် ဟု ဆိုကြပါသည်။

အုပ်စုတစ်စုကဆိုလျှင် "အချစ်က နိုင်သွားပြီ"ဟု အထက်လွှတ် တော်ရုံး၏ လှေကားထစ်များတွင် စုရုံးကာ ကြွေးကြော်ကြသည်အထိ ပျော်ရွှင်ခဲ့ကြသည်ဟု ဆိုသည်။ ထိုညက ဂေးများသာ သောက်သုံးကြသော အရက်ဆိုင်များ စောဖွင့်ကြပြီး ဂေးများ၏ အမှတ်အသားအလံကိုလည်း တစ်နိုင်ငံလုံးတွင် လွှင့်ထူခဲ့ကြသည်။

တောင်ကာရိုလိုင်းနားတွင် ဝမ်းနည်းကြေကွဲခဲ့သမျှ သူတို့၏ အပျော်များက ဖုံးလွှမ်းသွားတော့သည်။ အိမ်ဖြူတော်သို့ ပြန်ရောက်ချိန်တွင် အသုဘသို့ သွားရောက်ရာ၌ ဝတ်ဆင်ခဲ့သော အဝတ်အစားများကို အမြန်လဲကာ သမီးတို့နှင့် ညစာ စားကြသည်။ ဘားရက်ကမူ သူ့ရုံးခန်းသို့ ဆင်းသွားပြီး အလုပ်လုပ်ရန်ရှိသည်များ သွားလုပ်နေ၏။ ကျွန်မက အဝတ်လဲခန်းအတွင်းသို့ ဝင်လိုက်ချိန်တွင် မှန်ပြတင်းမှတစ်ဆင့် ထူးခြားသည့် ကိစ္စတစ်ခုကို မြင်လိုက်ရသည်။ အိမ်ဖြူတော်ဝင်းအတွင်း၌လည်း သက်တံရောင်အလံများ လွှင့်ထူကာ လိင်တူလက်ထပ်ခွင့်ဥပဒေကို ကြိုဆိုထားကြောင်း မြင်လိုက်ရခြင်းပင်

ဖြစ်သည်။

ပြတင်းမှတစ်ဆင့် ပဲန်ဆယ်လ်ဗေးနီးယား ရိပ်သာလမ်းဘက်သို့ လှမ်းကြည့်လိုက်ရာ ရောမလူထုကြီးသည် လမ်းပေါ်၌ ရပ်နေကြသည်ကို တွေ့ရ၏။ သူတို့သည် အိမ်ဖြူတော်မှ ဂုဏ်ယူစွာ လွှင့်တင်ထားသော သက်တံရောင်အလံကို ဂုဏ်ယူဝင့်ကြွား စွာ ကြည့်နေကြခြင်းပင် ဖြစ်သည်။ ဆုံးဖြတ်ချက်သည် လူသားများစွာအား ပျော်ရွှင်စေခဲ့သည်။ ကျွန်ုပ် ရပ်နေသည့်နေရာမှ သူတို့အား လှမ်းမြင်နေရသည် ဆိုသော်လည်း အသံကိုမူ မကြားနိုင်ပေ။ အိမ်ဖြူတော်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။ ထုထည်ကြီးမားစွာ ဆောက်လုပ်ထားသည့် အဆောက်အဦဖြစ်ခြင်းကြောင့် ပြင်ပမှ တော်ရုံတန်ရုံအသံများမှာ အိမ်ဖြူတော်အတွင်းသို့ ဝင်ရောက်နိုင်စွမ်း မရှိပါ။

The Marine One ဟု အမည်ပေးထားသော ရဟတ်ယာဉ်သည် အိမ်ဖြူတော်နံဘေးတွင် ကပ်ရပ်နိုင်သည်။ ရဟတ်ယာဉ်၏ လည်ပတ်နေသော ဒလက်များမှ ဖြစ်ပေါ်လာသည့် လေတို့သည် သစ်ပင်ငယ်များ၏ အကိုင်းအခက်များကို လှုပ်ခါသွားစေသည်ဖြစ်သော် လည်း အိမ်ဖြူတော်အတွင်း၌မူ မည်သည့်အသံမျှ မကြားရပေ။ တစ်နေရာရာမှ ဘားရက် ပြန်လာလျှင် ကျွန်ုပ် သိသည်မှာ ရဟတ်ယာဉ်၏ အသံကြောင့် မဟုတ်ဘဲ အသုံးပြုသည့် ဆီ၏အနံ့ ရရှိခြင်းကြောင့်သာ ဖြစ်သည်။ အသံကို ထိန်းထားနိုင်သော် လည်း အနံ့ကိုမူ ထိန်းမထားနိုင်ပါချေ။

အိမ်ဖြူတော်ထဲ၌ နေစဉ်ကာလတွင် ယင်းသို့ အသံလုံနေခြင်းကြောင့် ပင်ပန်းလာသော နေ့ရက်များတွင် ကျေနပ်မိသည်။ သို့သော် ယနေ့ညတွင်မူ ပြည်သူတို့ ပျော်ရွှင်နေသည်ကို အသံမကြားရခြင်းကြောင့် မကျေနပ်သလို ဖြစ်မိသည်။ တိုင်းပြည်တစ်ခုအတွင်းမှာပင် တစ်နေရာနှင့် တစ်နေရာ မတူနိုင်ပါလားဟုလည်း အသိတရား ရမိသည်။ ချာလက်စတန်တွင် ဝမ်းနည်းကြေကွဲနေကြသော်လည်း ဝါရှင်တန်တွင် ပြည်သူလူထုတို့ ပျော်ပျော်ကြီး ဆင်နွှဲနေကြသည်ကို ကျွန်ုပ် အဝတ်လဲခန်း၏ ပြတင်းပေါက်မှ မြင်နေရသည်။ အိမ်ဖြူတော်အနီးတွင် ရာပေါင်းများစွာသော ပြည်သူတို့ စုရုံးကြကာ ပျော်နေကြသည်။ သူတို့ ပျော်နေကြသည်ကို ကျွန်ုပ် ထဲထဲ ဝင်ဝင် မြင်လိုလှပါသည်။ သူတို့နှင့် ပူးပေါင်းကာ အောင်ပွဲခံလိုလှပါသည်။

ကျွန်ုပ် အောက်ထပ်သို့ ဆင်းကာ ဘားရက်၏ ရုံးခန်းကို ခေါင်းထိုးဝင်လိုက်သည်။ "အပြင်ထွက်ပြီး လူတွေ ပျော်နေတာ မကြည့်ချင်ဘူးလား။ လူတွေမှ အများ ကြီးပဲ"ဟု ဘားရက်အား မေးကြည့်လိုက်သည်။

သူက ရယ်သည်။ "သူတို့ပျော်နေတာ ပျော်ပါစေကွာ" ဟုသာ ဆို၏။

ဆာရာက သူ့အခန်းထဲ၌ ရှိနေပြီး iPad တစ်လုံးနှင့် အလုပ်ရှုပ်နေ၏။ "သမီးရေ... အပြင်မှာ သက်တံရောင်တွေ အောင်ပွဲခံနေတာ မာမီနဲ့အတူ သွားကြည့် မလား"ဟု မေးလိုက်သည်။

"ဟင့်အင်း . . .

သမီးငယ်က ငြင်းသဖြင့် မလီယာအခန်းဘက်သို့ ကူးသွားသည့်အခါ မလီယာသည် သီချင်းပင် ဆိုနေသေးသည်ကို တွေ့ရသဖြင့် ကျွန်မ အံ့သြမိသည်။ ကျွန်မနှင့် အဖော်ရပြီ။ ကျွန်မတို့သားအမိနှစ်ယောက် အပြင်ထွက်ကာ ပြည်သူလူထု နှင့် ပူးပေါင်းကြမည်ဟု စိတ်ကူးလိုက်သည်။ မည်သူ့ခွင့်ပြုချက်မျှလည်း လိုအပ်မည် မဟုတ်ပေ။

ပုံမှန်အားဖြင့် ထောက်လှမ်းရေးများအား သတင်းပို့ပြီးမှ ကျွန်မတို့ အပြင်ထွက်၍ ရမည်ဖြစ်သည်။ အောက်ထပ်သို့ ဆင်းမည်ဖြစ်စေ၊ ရုပ်ရှင်သွားကြည့်မည်ဖြစ်စေ၊ ခွေးများအား အညောင်းပြေ လမ်းလျှောက်ပေးရန် ဖြစ်စေ ခွင့်ပြုချက်တောင်းရသည်သာ ဖြစ်သည်။ သို့သော် ယနေ့ည ကျွန်မ စည်းကမ်းချိုးဖောက်လိုက်သည်။ မလီယာနှင့်ကျွန်မ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော ထောက်လှမ်းရေးများကို ကျော်ဖြတ်ကာ ဓာတ်လှေကားဖြင့် မဆင်းဘဲ သာမန်လှေကားဖြင့် ဆင်းလိုက်သည်။ ကျွန်မတို့နောက်မှ ခြေသံတချို့ကိုလည်း ကြားရသည်။ ထောက်လှမ်းရေးများက နောက်မှ ပါလာပြီဖြစ်သည်။ မလီယာက ကျွန်မကိုကြည့်ကာ နှာခေါင်းရှုံ့ပြလိုက်၏။ သူက ကျွန်မ စည်းကမ်းဖောက်သည်ကို ကန့်ကွက်လိုသည့် အနေအထားရှိ၏။ အောက်ဆုံးထပ်သို့ ရောက်ရှိလာသည်။ မြောက်ဘက်ဆင်ဝင်မှ ထွက်နိုင်ရန် အတွက် ရောမတံခါးကြီးများကို ကျော်ဖြတ်ရဦးမည် ဖြစ်သည်။ ထိုအခိုက်တွင် အသံ တစ်ခု ကြားလိုက်ရ၏။

"ဟလို.... မဒမ်၊ ကျွန်မ ဘာများကူညီရမလဲရှင်"တဲ့။ အသံရှင်က ကလယ် ရီဖော့ဒ်နာ ဖြစ်၏။ ညဂျူတီကျ ဧည့်ကြိုဝန်ထမ်း ဖြစ်ပါသည်။ သူမသည် ဖော်ရွေသူ ဖြစ်ပြီး စကားပြောနူးညံ့၏။ ထောက်လှမ်းရေးများက ကျွန်မတို့နောက်သို့ လိုက်ရန် စေလွှတ်လိုက်ခြင်းပင် ဖြစ်မည် ထင်ပါသည်။

ကျွန်မ နောက်ပြန်လှည့်ကြည့်လိုက်သည်။ "ဩော်. . . တို့ အပြင်ခဏထွက် မလို့။ အပြင်မှာ လူတွေ အောင်ပွဲခံနေတာကို သွားကြည့်မလို့ပါ"။

ကလယ်ရီ၏ မျက်ခုံးများ မြင့်တက်သွားသည်။ ကျွန်မတို့သားအမိက စကားဆက်မပြောတော့ဘဲ တံခါးဝဆီသို့သာ လျှောက်လာကာ ရောမလက်ကိုင်ကို ဆွဲလှည့်လိုက်သည်။ တံခါးက လှုပ်ပင်မလှုပ်။ လွန်ခဲ့သည့် ၉ လက အိမ်ဖြူတော်၏ ခြံစည်းရိုးကို လူတစ်ယောက်က ဖြတ်သန်းကာ ဤတံခါးသို့ပင်

ရောက်အောင်ဝင်လာ ခဲ့ဖူးသည်။ အစိုးရရုံးအဖွဲ့အဖြစ် ဖွဲ့စည်းထားသော မြေညီထပ်တွင် လှည့်လည်သွားလာ နေသည်ကို ထောက်လှမ်းရေးများက တွေ့သွားသဖြင့် ဖမ်းဆီးခဲ့ရဖူးသည်။ ထိုစဉ်မှ စတင်ကာ ဤတံခါးကို သော့ခတ်ထားခြင်းပင် ဖြစ်၏။

ကျွန်မ နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ကျွန်မတို့နောက်တွင် ထောက်လှမ်းရေးအရာရှိများ အုပ်စုလိုက်ရောက်နေကြသည်။ ရုပ်အင်္ကျီအဖြူရောင်၊ လည်စည်းအနက်ရောင်ဖြင့် ရှိနေကြ၏။ "ဒီတံခါးကို ဘယ်လိုဖွင့်ရမလဲ"ဟု ကျွန်မက မည်သူ့ကိုမျှ တည့်တည့်မရည်ရွယ်ဘဲ ပြောလိုက်သည်။ "တံခါးသော့က ဘယ်သူ့ဆီမှာလဲ"။

"မဒမ်... ကျွန်မ ထင်တယ်၊ ဒီတံခါးပေါက်က မဒမ်ထွက်ချင်မှာ မဟုတ်ပါဘူး။ အခုဆိုရင် အိမ်ဖြူတော်ရဲ့ မြောက်ဘက်မှာ သတင်းသမားတွေ အများကြီး ရောက်နေကြပါပြီ။ မဒမ် ထွက်ဖို့ မသင့်တော်ဘူး ထင်ပါတယ်" ဟု ကလယ်ရီက ဆိုလာ၏။

သူပြောသည်မှာ မှန်ပါသည်။ ကျွန်မဆံပင်များမှာ ရှုပ်ထွေးနေပြီး အိမ်နေရင်းအဝတ်အစား ဖြစ်ခြင်းကြောင့် ဘောင်းဘီတိုနှင့် တီရှပ်ကိုသာ ဝတ်ဆင်ထားပါသည်။ ဤပုံစံဖြင့် အများပြည်သူရှေ့သို့ ထွက်ရန် မတင့်တယ်ပါ။

"အိုကေ... တို့များကို ဘယ်သူမှ သတိမထားမိဘဲနဲ့ အပြင်ထွက်လို့ မရနိုင်ဘူးလား"ဟု ပြန်မေးလိုက်သည်။

မလီယာနှင့် ကျွန်မမှာ စစ်ပွဲတစ်ပွဲကို ဝင်ရောက်ရန် အဆင်သင့်ရှိနေကြ သကဲ့သို့ တက်ကြွနေကြသည်။ ကျွန်မတို့ရည်မှန်းချက်ကို အပျက်မခံချင်ပေ။ သူတို့ မကူညီလျှင်လည်း ကျွန်မတို့နည်း၊ ကျွန်မတို့ဟန်ဖြင့် အပြင်ထွက်ရန် ကြိုးစားကြမည် သာ ဖြစ်သည်။

တစ်စုံတစ်ယောက်က မြေညီထပ်တွင်ရှိသော အခြားတံခါးမှ ထွက်၍ ရသည်ဟု ဆိုသည်။ ထိုတံခါးမှာ ရုံးအတွက် လိုအပ်သော ရုံးသုံးပစ္စည်းများ၊ အစားအသောက်များ လာရောက်ပေးပို့သည့် ကုန်တင်ကားများ ဝင်သည့်အပေါက် ဖြစ်သည်။ ကျွန်မတို့ ထိုတံခါးပေါက်သို့ သွားကြ၏။ မလီယာက ကျွန်မလက်ကို ချိတ်ထားသည်။ ကျွန်မတို့ အပြင်ထွက်ခွင့်ရတော့မည်။

"မာမီတို့ အပြင်ထွက်လို့ ရတော့မယ်"ဟု ကျွန်မက အားပေးလိုက်၏။ "ဟုတ်တယ် မာမီ" သူကလည်း ထောက်ခံသည်။

ကျောက်ဖြူသားလှေကားမှ ဆင်းကာ ကော်ဇောနီခင်းထားသော နေရာသို့

ရောက်လာသည်။ ထိုအခန်း၌ သမ္မတဟောင်းများဖြစ်သော ဂျော့ချ်ဝါရှင်တန်နှင့် ဘင်ဂျမင် ဖရန်ကလင်တို့၏ ကိုယ်တစ်ပိုင်းရုပ်တုများ ရှိနေသည်။ ထိုမှတစ်ဆင့် အပြင်သို့ ထွက်လိုက်ရာ အိမ်ဖြူတော်၏ အပြင်သို့ ရောက်ရှိသွားကြတော့သည်။ ပြင်ပတွင် နွေရာသီ၏ လေပူပူက ဆီးကြိုနေသည်။ မြက်ခင်းပြင်မှပင် ပြင်ပမှ လူထု၏ မီးရှူးမီးပန်းများကို မြင်တွေ့နေရပါသည်။ လူထု၏ ကြွေးကြော်သံများ၊ အောင်ပွဲခံ သံများသည် အိမ်ဖြူတော်၏ သံဂိတ်တံခါးများကို ကျော်ဖြတ်ကာ ကြားနေရ၏။ ကျွန်မတို့အိမ်မှ အပြင်သို့ရောက်ရန် ၁၀ မိနစ်ခန့် ကြာမြင့်ပါသည်။ သို့သော် ကျွန်မတို့ အောင်မြင်ခဲ့ပြီဖြစ်၏။ မြက်ခင်းပြင်ကိုဖြတ်ကာ ပရိသတ်ထဲမှ မည်သူမျှ မသိလိုက်ခင် သူတို့နှင့်အတူ ရောနှောသွားနိုင်ခဲ့သည်။

မလီယာနှင့် ကျွန်မမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း လွတ်လပ်သည့်အရသာကို ပြုံးပြုံးကြီး ခံစားလိုက်မိကြသည်။

※

နိုင်ငံရေးလောကတွင်လည်း လေပြည်လေညင်းအသစ်တို့ စတင်တိုက်ခတ်လာပြီဖြစ်သည်။ ၂၀၁၅ ခုနှစ် ဆောင်းဦးပေါက်ကာလတွင် နောက်တက်မည့် သမ္မတရွေးကောက်ပွဲအတွက် အားသွန်ခွန်စိုက် ပြင်ဆင်လာကြပြီဖြစ်သည်။ ရီပါဘလီကင်ပါတီမှ အင်အားတောင့်တင်းပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျွန်ကာ့ရှ်နှင့် ခရစ္စတီ အပါအဝင် တက်ဒ်ခရုစ်နှင့် မာကိုရူဘီယို အစရှိသဖြင့် တစ်ဒါဇင်ခန့်မျှသော ပုဂ္ဂိုလ်များက ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေကြသည်။ ဒီမိုကရက်များကမူ အတတ်နိုင်ဆုံး ရွေးကောက်ပွဲဝင်မည့်သူ နည်းနိုင်သမျှနည်းရန် ကြိုးစားလျက်ရှိပြီး ဟီလာရီကလင်တန်နှင့် ဘားမွန့်ပြည်နယ်မှ နှစ်ပေါင်းများစွာ တစ်သီးပုဂ္ဂလ ဆီးနိတ်တာဖြစ်သူ ဘာနီဆဲန်းဒါးစ်တို့ကိုသာ လျာထားကြသည်။

ဒေါ်နယ်ထရန့်က သူ ရွေးကောက်ပွဲဝင်မည်ဖြစ်ကြောင်း နွေဦးကာလကတည်းက မဟာတ္တန်ရှိ ထရန့်တာဝါမှ ကြေညာခဲ့ပြီးဖြစ်သည်။ ထိုစဉ်က မက္ကဆီကိုနိုင်ငံ မှ ပြောင်းရွှေ့ဝင်ရောက်လာသူများကို သူက “မုဒိမ်းသမားများ”ဟု ခေါ်ဝေါ်ပြောဆို ခဲ့သည်။ ထို့ပြင် “ရှုံးနိမ့်သူများ”က နိုင်ငံကို အုပ်ချုပ်နေသည်ဟုလည်း ဆိုခဲ့သည်။ ကျွန်မ စဉ်းစားမိသည်မှာ ထရန့်သည် မီဒီယာများ၏ အာရုံကို ဆွဲဆောင်နိုင်ရန် ယင်း သို့ ပုတ်ခတ်ပြောခြင်းဖြစ်မည်ဟု ယူဆပါသည်။ သူပြောဆိုရာ၌ မည်သို့မည်ပုံ လုပ် ဆောင်မည်ဆိုသည်ကို တစ်ခွန်းတစ်ပါဒမျှ ထည့်သွင်းပြောကြားခြင်း မရှိပေ။

ကျွန်မက ပါတီကြီးနှစ်ခု၏ စည်းရုံးရေးများကို အဆက်မပြတ် ကြည့်နေမိသည်။ ယခင်နှစ်များက ကျွန်မတို့ကိုယ်တိုင် လုပ်ဆောင်ခဲ့သည်ကဲ့သို့မူ မဟုတ်ပေ။ သမ္မတကတော်တစ်ဦးအနေဖြင့် Let Girls Learn ဟု

အမည်ပေးထားသော စတုတ္ထ မြောက် လှုပ်ရှားမှုတစ်ခုကို လုပ်ဆောင်နေပြီဖြစ်သည်။ ထိုလှုပ်ရှားမှုမှာ ဘားရက်နှင့် ကျွန်မ ဆောင်းဦးပေါက်ကာလက အတူစတင်ခဲ့ကြခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းမှ မိန်းကလေးများ ကောင်းမွန်သည့်ပညာရေးစနစ် ရရှိစေရန် ရည်ရွယ် ခဲ့ပါသည်။ သမ္မတကတော်ဖြစ်လာသည့် သက်တမ်း ၇ နှစ်အတွင်း ကမ္ဘာအရပ်ရပ်မှ မိန်းကလေးငယ်များ ထူးခြားကောင်းမွန်သည့် အခွင့်အရေးများရရှိနိုင်ရန် ကျွန်မ ကြိုးစားပါသည်။ တချို့မိန်းကလေးများဆိုလျှင် အခြားနိုင်ငံများမှ ပြောင်းရွှေ့လာကြ သူများဖြစ်ပြီး Elizabeth Garrett Anderson ကျောင်းမှ မိန်းကလေးများ အပါအဝင် တာလီဘန်များ ရက်စက်စွာ တိုက်ခိုက်ခြင်းခံရသော ပါကစ္စတန်နိုင်ငံမှ ဆယ်ကျော် သက်မိန်းကလေး မာလာလာ ယူစွတ်ဖ်ဇိုင် တို့ကို အိမ်ဖြူတော်သို့ ဖိတ်ကြားကာ ကျွန်မ၊ ဘားရက်နှင့် မလီယာတို့က အားပေးစကားပြောကြားကြသည်။ ဥပဒေ သင်တန်းတက်သော မိန်းကလေးများ၏ ပညာရေးကို အားပေးခဲ့ကြသည်။ မာလာလာ နှင့် တွေ့ဆုံပြီး ခြောက်လခန့်အကြာတွင် နိုင်ဂျီးရီးယန်း ကျောင်းသူကလေး ၂၇၆ ဦးတို့ကို အကြမ်းဖက်တိုက်ခိုက်ရေးသမားများဖြစ်သည့် ဘိုဘိုဟာရမ်အဖွဲ့က ပြန်ပေး ဆွဲသွားသည်ဟု သတင်းကြားရသည့်အခါ တုန်လှုပ်မိပါသည်။ ဘားရက် သမ္မတ အဖြစ် အုပ်ချုပ်နေသည့်သက်တမ်းအတွင်း ပထမဆုံးအကြိမ် ကြားရဖူးသော ဖြစ်ရပ် လည်းဖြစ်၍။ တိုင်းပြည်သို့ အပတ်စဉ် မိန့်ခွန်းပြောကြားနေသည့် ဘားရက်၏ မိန့်ခွန်းပြောကြားမှု မတိုင်မီကလေးပင် ဖြစ်ပွားသွားခြင်းကြောင့် သူ စကားပြောရာ၌ ကမ္ဘာတစ်ဝန်းမှ မိန်းကလေးများ ကြုံတွေ့နေရသော အကြမ်းဖက်တိုက်ခိုက်မှုများကို ကာကွယ်နိုင်ရန် ယခုထက် ပို၍လုပ်ဆောင်ကြရမည်ဟု သူကိုယ်တိုင်ပင် စိတ်လှုပ်ရှား စွာ ထည့်သွင်းပြောကြားခဲ့သည်။

ကျွန်မကမူ ထိုကိစ္စအားလုံးတို့သည် ကျွန်မတို့နှင့် ကိုယ်ရေးကိုယ်တာကိစ္စ များသဖွယ် ဖြစ်နေသည်ဟု ခံစားမိသည်။ ကျွန်မဘဝသည်ပင်လျှင် ပညာရေးသည် ဘဝကို ပြောင်းလဲနိုင်ရေးအတွက် အထောက်အကူပြုသော ပညာရပ်ဖြစ်ခဲ့သည်။ ပညာတတ်ခြင်းကြောင့် ထိပ်ဆုံးသို့ ရောက်ခဲ့ရခြင်း ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း၌ ရှိကြသည့် ၉၈ သန်းသော အမျိုးသမီးများသည် UNESCO အဖွဲ့၏ ကိန်းဂဏန်းများ အရ ပညာရေးကို အလေးမထားကြသူများဖြစ်သည် ဆို၏။ အချို့ မိန်းကလေးများမှာ မိဘများက ချို့တဲ့ခြင်းကြောင့် စားဝတ်နေရေးအတွက် ဝိုင်းဝန်းကူညီနေရ၍ ကျောင်း ပင် တက်ခွင့်မရှိခဲ့ကြဟု ဆိုသည်။ အနီးပတ်ဝန်းကျင်တွင် ကျောင်းရှိသော်လည်း ကုန်ကျစရိတ် မတတ်နိုင်ခြင်းကြောင့် ကျောင်းသည် ဝေးနေခဲ့၏။ သို့မဟုတ် ကျောင်းတက်လျှင် စော်ကားခံရမည့်အရေးက ရှိနေခြင်းကြောင့် ကျောင်းမတက်နိုင်ခြင်းလည်း ဖြစ်ပြန်ပါသည်။ ကိစ္စအတော်များများတွင် လိင်ခွဲခြားမှုနှင့် စီးပွားရေးအခြေအနေ များက

မိန်းကလေးများ စာမတတ်ရေးကို ဖိအားပေးနေသည်နှင့် တူသည်။ စာမတတ်ခြင်းကြောင့် အနာဂတ်၌ အခွင့်အရေးများလည်း လက်လွတ်ဆုံးရှုံးရသည်။ ကမ္ဘာ၏ အချို့သော အစိတ်အပိုင်းများတွင် မိန်းကလေးဆိုသည်မှာ စာတတ်မြောက်ရန် မလိုဟု ယူဆသူများလည်း ရှိသည် ဆို၏။ ပညာတတ်သော မိန်းကလေးများ လုပ်ငန်းခွင်တွင် လုပ်ဆောင်နေကြသည်ကို မြင်တွေ့ပါလျက်နှင့် ပညာသင်ခွင့်မရကြသည့် မိန်းကလေး များကြောင့် နိုင်ငံ၏ GDP မှာလည်း ကျဆင်းစေရသည်။

ဘားရက်နှင့် ကျွန်မကမူ မိန်းကလေးများကို လူ့အသိုင်းအဝိုင်းအတွင်း၌ တန်ဖိုးရှိသည့် မိန်းကလေးများ ဖြစ်လာစေရန် ကြိုးပမ်းကြသည်။ သူအုပ်ချုပ်သည့် ကာလအတွင်း ဒေါ်လာ သန်းပေါင်းရာနှင့်ချီ၍ ပညာရေး၌ သုံးစွဲခဲ့သည်။ USAID နှင့် Peace Corps အစီအစဉ်တို့၌ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့သည်။ ကျွန်မတို့နှစ်ယောက်က အခြားနိုင်ငံများမှ အစိုးရအဖွဲ့များအား လည်း မိန်းကလေးများ ပညာရေးအတွက် ထောက်ပံ့ပေးနိုင်မည့်အစီအစဉ်များ ရေးဆွဲ ရန် တိုက်တွန်းပေးခဲ့သည်။

ထိုအချက်အလက်နှင့် ပတ်သက်၍ ကျွန်မက အမေရိကန်တို့သည် ဝေးလံခေါင်းပါးသော အခြားနိုင်ငံများမှ ပြည်သူတို့ ရုန်းကန်လှုပ်ရှားနေကြသည်ကို နားလည် စေရန် ကြိုးစားသင့်သည်ဟု ယူဆပါသည်။ ထို့ကြောင့် ပြည်သူသိပြီး ထင်ရှား အောင်မြင်သော အနုပညာရှင်များဖြစ်သည့် စတီဖင်ကိုးလ်ဘတ်ကဲ့သို့သော အနု ပညာရှင်များကို ဆိုရှယ်မီဒီယာများ၌ ပါဝင်ရေးသားစေသည်။ ထိုသို့ လုပ်ဆောင်ရာတွင် Janelle Monae, Zendaya, Kelly Clarkson နှင့် အခြား အနုပညာရှင်များ ပါဝင်သော သီချင်းတစ်ပုဒ်ကို Diane Warren အား ရေးစပ်စေပြီး စုပေါင်းသီဆိုစေခဲ့သည်။ သီချင်းအမည်မှာ This is for My Girls ဟု အမည်ရပါသည်။ ထိုသီချင်း လွှင့်ထုတ်ကာ မိန်းကလေးများ၏ ပညာရေးအတွက် အထောက်အပံ့ ဖြစ်စေခဲ့ပါသည်။

နောက်ဆုံးတစ်ခုသာ လုပ်ရန် ကျန်ပါတော့သည်။ ထိုကိစ္စမှာ ကျွန်မ အနည်းငယ်တုန်လှုပ်မိ၏။ လုပ်ဆောင်ရန်မှာ James Corden ၏ "Carpool Karaoke ၌ ကျွန်မတို့နှစ်ယောက် ပါဝင်သရုပ်ဆောင်ပေးရန် ဖြစ်သည်။ တောင်ဘက် မြက်ခင်း ပြင်တွင် ရပ်ထားသော SUV ကားအနက်ရောင်ကို နှစ်ယောက်သား ပတ်ပြေးရမည်ဖြစ်သည်။ ထိုစဉ်တွင် သီချင်းစာသား 'Signed, Sealed, Delivered I'm Yours', 'Single Ladies'က ထွက်ပေါ်နေမည် ဖြစ်သည်။ This is for My Girls.သီချင်းထွက်ပေါ် နေစဉ် မစ္စအီလီရော့က ကားအတွင်း၌ ကျွန်မတို့နှင့်အတူ ရက်ပ်အကဖြင့် လှုပ်ရှားနေ မည် ဖြစ်သည်။ ထိုသို့ ရိုက်ကူးရန်အတွက် ရက်သတ္တပတ်ပေါင်းများစွာ ကာရာအိုကေ ကို လေ့ကျင့်ရသည်။

ရည်ရွယ်ချက်မှာ ပျော်ပျော်ပါးပါးနှင့် ရန်ပုံငွေရှာပေးနိုင်ရန် ဖြစ်ပါသည်။ သို့သော် ထုံးစံအတိုင်း အလုပ်တစ်ခုလုပ်သည့်အခါ နောက်ကွယ်မှ ပြဿနာများစွာ ရှိသည်သာ ဖြစ်သည်။ ကျွန်မကမူ YouTubeတွင် ပထမတင်လိုက်သည့် သုံးလအတွင်း ကြည့်ရှုသူပေါင်း ၄၅ သန်းကျော် ရှိခဲ့သဖြင့် စွန့်စားရကျိုးနပ် သည်ဟု ထင်ပါသည်။

※

၂၀၁၅ ခုနှစ် ကုန်ခါနီးအချိန်တွင် ဘားရက်၊ သမီးများနှင့် ကျွန်မတို့သည် ခရစ္စမတ်ကာလကို ဖြတ်သန်းမြဲအတိုင်း ဟာဝိုင်ယီသို့ ခရီးထွက်ခဲ့ကြပါသည်။ ပြတင်းပေါက်အကျယ်ကြီးများ ပါဝင်သော အိမ်တစ်လုံးကို ငှားရမ်းလိုက်ကြသည်။ ထိုပြတင်းပေါက်များမှ ကမ်းခြေကို မြင်နိုင်၏။ ကျွန်မတို့နှင့်အတူ လိုက်ပါနေကျ ဖြစ်သော မိသားစုဝင်များ၊ မိတ်ဆွေများ လိုက်ပါလာကြသည်။ လွန်ခဲ့သည့် ၆ နှစ်က အတိုင်း ကျွန်မတို့နှင့် အနီးကပ်လုပ်ဆောင်နေကြသောသူများ၏ မိသားစုဝင်တို့ကိုပါ ခေါ်ဆောင်ကာ Marine Corps သို့လည်း သွားရောက်လည်ပတ်ကြသည်။ ဘားရက် အတွက်မှာမူ အားလပ်ရက်ဆိုသည်မှာ ခေတ္တခဏသာ ဖြစ်ပါသည်။ တယ်လီဖုန်းများ ကို မရပ်မနား ဖြေဆိုနေရသည်။ နေ့စဉ်နှင့်အမျှ ညွှန်ကြားရန်ရှိသည်များကို ညွှန်ကြား နေရသည်။ သူ့လက်အောက် အကြံပေးအရာရှိများနှင့် ဆွေးနွေးသည့်အခါ ဆွေးနွေး နေရပြီး မိန့်ခွန်းများ ရေးသည့်အခါလည်း ရေးနေရ၏။ သူ့ဝန်ထမ်းတို့မှာ ကျွန်မတို့ တည်းသည့်နေရာနှင့် မလှမ်းမကမ်းတွင် ရှိသော ဟိုတယ်၌ တည်းခိုနေကြသည်။ ဘားရက်သည် အားလပ်ရက်ဆိုသည်ကိုပင် နားမှလည်ပါတော့၏လောဟု ကျွန်မ တွေးမိသည်။ အားလုံးက လွတ်လွတ်လပ်လပ် အပန်းဖြေနေချိန်တွင် သူ့မှာ အလုပ် လုပ်နေရသေးသည်။ သူ ဘယ်တော့မှ လွတ်လပ်တော့မည်နည်း။

ကျွန်မက စိတ်ကူးထဲတွင် သူ အလုပ်များနေသည်များ မည်သည့်အခါမှ ရပ်မည်နည်းဟု မကြာခဏ တွေးမိသည်။

ဝါ ရှင်တန်သို့ ပြန်လာခဲ့ကြသည်။ ယခုနှစ်သည် အိမ်ဖြူတော်၌ ကျွန်မတို့ နေရမည့် နောက်ဆုံးနှစ်ပင် ဖြစ်ပါသည်။ အချိန်၊ နာရီတို့သည် မရပ်မနား သွားနေကြသည်။ မည်သည့်အရာကိုလုပ်သည်ဖြစ်စေ“ဒါ နောက်ဆုံးပဲ”ဆိုသည့်အတွေးက ကြီးစိုး နေ၏။ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကပွဲသဘင် ကျင်းပချိန်သို့ ရောက်လာသည်။ ထို့နောက် အိမ်ဖြူတော်၏ စာပေးစာယူဌာန ညစာစားပွဲ၊ တစ်ခုပြီးတစ်ခု ဆက်တိုက် လာနေသည်။ ဘားရက်နှင့်ကျွန်မ ဗြိတိန်နိုင်ငံသို့ နောက်ဆုံးခရီးစဉ်အဖြစ် သွားရောက် လည်ပတ်ကြသည်။ ဘုရင်မကြီးမှာ ကျွန်မတို့နှင့် ရင်းနှီးသောမိတ်ဆွေဖြစ်နေခြင်း ကြောင့် နောက်ဆုံးခရီးစဉ်အဖြစ် သွားရောက်တွေ့ဆုံကြခြင်းပင် ဖြစ်ပါသည်။

ဒုတိယမြောက် အဲလစ်ဇဘက်ဘုရင်မကြီးကို ကျွန်မတို့နှစ်ယောက်စလုံးက ချစ်ကြသည်။ ဘားရက်၏ အဘွား တွတ်ဒ်ကဲ့သို့သော အဘွားတစ်ယောက်လိုပင် ဖြစ်သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က တစ်ခုသောနေ့တွင် ဘားရက်နှင့် ကျွန်မ သည် ဘုရင်မကြီးနှင့်တကွ သူ့ကြင်ရာတော် ဖီးလစ်မင်းသားကြီးနှင့် အတူရှိနေကြသည်။ ဘုရင်မကြီးသည် အခန်းထဲတွင် ရှိနေသောလူအားလုံးကို တရင်းတနှီးလိုက်လံ နှုတ်ဆက်နေသည်။ ဘားရက်က တစ်ယောက်တည်း ရပ်နေ၏။ တစ်ခါတစ်ရံမှသာ သူ့ရှေ့ရောက်လာသည့် လူပုဂ္ဂိုလ်တချို့ကို စကားစမြည်ပြောလေ့ရှိသည်။ ထိုစဉ်ကတည်းက ဘားရက်ကို ကျွန်မက ဘုရင်မကြီးကဲ့သို့ လူပုဂ္ဂိုလ်များနှင့် ရောရော ထွေးထွေး ရှိစေချင်ခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဧပြီလ၏ တစ်ခုသော ညနေခင်းတွင် လန်ဒန်မြို့၌ ရှိသော အမေရိကန်သံအမတ်၏ နေအိမ်မှ လန်ဒန်မြို့တွင်ရှိသော ဝင်ဆာနန်းတော်သို့ ရဟတ် ယာဉ်ဖြင့် သွားရောက်ခဲ့ကြသည်။ ကျွန်မတို့ရှေ့တွင် ရောက်နှင့်သော အဖွဲ့က ဘုရင်မကြီးနှင့် ကြင်ရာတော်တို့သည် ကျွန်မတို့အား ရဟတ်ယာဉ်သို့ အရောက် လာရောက်နှုတ်ဆက်ကြလိမ့်မည်ဟု ကြိုတင်အကြောင်းကြားထားသည်။ နေ့လယ်စာ ကို ဝင်ဆာနန်းတော်၌ စားသုံးကြမည် ဖြစ်သည်။ ထုံးစံအတိုင်း အချိန်အနည်းငယ် ကပ်ပြီးမှသာ ကျွန်မတို့ကို အသိပေးကြခြင်းဖြစ်၏။ ကျွန်မတို့က ရဟတ်ယာဉ်ပေါ်မှ ဆင်းဆင်းချင်း သူတို့ဇနီးမောင်နှံ ရှိနေသော ကားဆီသို့ ပြေးကာ နှုတ်ဆက်လိုက်ကြသည်။ ကျွန်မက ရှေ့ခန်းတွင် ထိုင်နေသော အသက် ၉၄ နှစ်အရွယ်ရှိ ဖီးလစ် မင်းသားကြီးဘေးတွင် ထိုင်လိုက်သည်။ မင်းသားကြီးက ကားမောင်းမည်ဖြစ်၏။ ဘားရက်က နောက်ခုံတွင် ထိုင်နေသော ဘုရင်မကြီးအပါး၌ ထိုင်နေ၏။

ထိုတစ်ကြိမ်သည် ၈ နှစ်တာကာလအတွင်း ထောက်လှမ်းရေးမမောင်းသည့် ကားကို ကျွန်မတို့ဇနီးမောင်နှံ ပထမဆုံးအကြိမ် စီးဖူးခြင်းဖြစ်ပြီး ကားပေါ်၌လည်း မည်သည့် ထောက်လှမ်းရေးမှ မပါဝင်ပေ။ ထိုသည်ကို မြင်လိုက်ရသောအခါ ကျွန်မ တို့၏ လုံခြုံရေးဝန်ထမ်းများက ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။ သို့သော် သူ တို့ မတားဆီးလိုက်နိုင်မီမှာပင် မင်းသားကြီးက ကားကို ကျင်ကျင်လည်လည် မောင်း ထွက်နိုင်ခဲ့သည်။

မင်းသားကြီး မောင်းလာသည့်ကားသည် ဝင်ဆာရဲတိုက်အနီးသို့ ရောက်ရှိလာသည်။ နှုတ်ဆက်ရန်ရှိသည်များကို နှုတ်ဆက်ကြပြီးသည့်နောက် ကားပေါ်သို့ ပြန်တက်သည့်အခါ ဘုရင်မကြီးက ကားနောက်ပိုင်းတွင် သူနှင့်အတူ လာထိုင်ရန် ဖိတ်ခေါ်လိုက်သည်။ Range Rober ကား၏ နောက်ပိုင်းတွင် ဘုရင်မကြီးအပါး၌ လိုက်ပါလာခဲ့ရသော ကျွန်မကိုယ်တိုင်ပင်လျှင် ဖြစ်ရပ်မှန် ဟုတ်ပါ၏လောဟု တွေဝေ နေမိသည်။ ဘုရင်မကြီးနှင့်

ယှဉ်တွဲထိုင်ရသည့်အဖြစ်သည် ဓလေ့ထုံးတမ်းစဉ်လာကို များ ချိုးဖောက်ရာကျသည်လားဟုလည်း တွေးမိပါသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဘုရင်မကြီးကပင် စတင်ဖြိုခွင်းလိုက်သည်။

"သူတို့က ဒီလို မထိုင်ရဘူးလို့မျှား မင်းကို ပြောထားကြလို့လား။ အလကား ထိုင်ချင်တဲ့နေရာမှာ ထိုင် ဘာဖြစ်လဲ"ဟု ဆိုရှာ၏။

※

ကျွန်မအတွက်မှာ နွေဦးပေါက်ကာလ၌ အရေးကြီးသောမိန့်ခွန်းများ ပြောကြားရလေ့ရှိသည်။ နှစ်စဉ်နှစ်တိုင်း အများအပြားပြောရလေ့ရှိသည်မှာ အထက်တန်းကျောင်းများနှင့် ကောလိပ်ကျောင်းများ၏ ပွဲများတွင် ဖြစ်သည်။ ပြောရမည့် ကျောင်းအမျိုးအစားအလိုက် ခွဲခြားပြောရသည်။ ထိုကျောင်းများမှာ အခြား ထင်ရှားသည့် ပုဂ္ဂိုလ်များ မရှိခြင်းကြောင့် ကျွန်မ ပြောရခြင်းဖြစ်သည်။(ပရင်စတန်နှင့် ဟားဗတ် တို့မှာမူ ကျွန်မ မပြောဖြစ်သော်လည်း အဆင်ပြေပါသည်။) ၂၀၁၅ ခုနှစ်တွင် ချီကာဂိုတောင်ပိုင်းသို့ ဘွဲ့နှင်းသဘင်အခမ်းအနား၌ စကားပြောရန် သွားရောက်ရသည်။ ပြောရမည့်ကျောင်းမှာ King College Prep ဖြစ်သည်။ ထိုကျောင်းမှာ အကယ် ၍ ဟာဒီယာပန်ဒယ်လ်တန်သာ သက်ရှိထင်ရှားရှိမည်ဆိုလျှင် ဘွဲ့ရမည့်နှစ်ပင်ဖြစ်သည်။ သူ့ကို ဂုဏ်ပြုသောအားဖြင့် အခမ်းအနား၌ ခုံအလွတ်တစ်လုံး ချထားပြီး သူ့ သူငယ်ချင်းများက ခရမ်းရောင်ပိုးစဖြင့် ဖုံးအုပ်ကာ နေကြာပန်းများနှင့် အလှဆင် ထား၏။

သမ္မတကတော်ဘဝဖြင့် ကျွန်မ နောက်ဆုံးစကားပြောရသည်မှာ မစ္စစ္စပီပြည်နယ် Jackson State University တွင် ဖြစ်၏။ ထိုကျောင်းမှာ သမိုင်းဝင် လူမည်းတို့၏ ကျောင်းတစ်ကျောင်းဖြစ်ပြီး စကားပြောခွင့်ရခဲ့ခြင်းအတွက် ကျွန်မ ဂုဏ်ယူပါသည်။ နယူးယောက်၌လည်း City College ၌ စကားပြောခွင့်ရရာ ပြောင်းလဲခြင်းနှင့် ရွှေ့ပြောင်းဝင်ရောက်လာသော လူဦးရေတို့အကြောင်း ဖောင်းပေးကာ ပြောခဲ့သည်။ မေလ ၂၆ ရက်နေ့တွင် ကျွန်မက နယူးမက္ကဆီကို၌ ရောက်ရှိနေပြီး ဌာနေ အမေ ရိကန် ကျောင်းသားများအား ကျောင်းဆင်းဘွဲ့နှင်းသဘင်အခမ်းအနားအတွက် စကား ပြောနေသည်။ ထိုနေ့မှာ ဒေါ်နယ်ထရန့်က ရီပါဘလီကင်ပါတီမှ သမ္မတအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာသည့်နေ့လည်း ဖြစ်သည်။ ကျွန်မ သမ္မတကတော်သက်တမ်းတစ်လျှောက်တွင် ဖောင်းပေးကာ ပြောကြားခဲ့သည့် မိန့်ခွန်း များမှာ ရိုးသားဖြောင့်မတ်စွာနှင့် လူမျိုး၊ လိင် ခွဲခြားဆက်ဆံခြင်း မပြုကြရန်ပင် ဖြစ်ပါသည်။ ကျွန်မရည်ရွယ်ချက်မှာ လူငယ်မျိုးဆက်သစ်များအနေဖြင့် သတင်းများ နှင့် နိုင်ငံရေးပုဂ္ဂိုလ်များက

ထုတ်လွှင့်နေကြသော အမုန်းပွားသည့် စကားများကို ရှောင်ကြဉ်နိုင်ကြစေရန် ဖြစ်ပါသည်။

ကျွန်မက ကျွန်မနှင့် ပတ်သက်သော ကမ္ဘာပေါ်ရှိ အဖွဲ့အစည်းအသီးသီးမှ တစ်စုံတစ်ခုကို ကမ္ဘာကြီးအတွက် ပေးစွမ်းနိုင်ခဲ့ချင်ပါသည်။ ကျွန်မကိုယ်တိုင် သိသောအသိ၊ ကျွန်မခံစားရသော ခံစားချက်၊ သမိုင်းတစ်လျှောက် မြင်တွေ့ခဲ့ရသည်များကို ပြောပြခဲ့ချင်ပါသည်။ ကျွန်မသည် ငွေဝယ်ကျွန်တစ်ဦးဖြစ်သော ဂျင်မ်ရော်ဘင်ဆင် ဆိုသည့် ပုဂ္ဂိုလ်ကြီး၏ အဆက်အနွယ်ဖြစ်ကြောင်းကိုလည်း ပြောပြချင်ပါသည်။ ဘိုးဘေးတော်စပ်သူ ဂျင်မ်ရော်ဘင်ဆင်သည် ကွယ်လွန်သည့်အခါ တောင်ပိုင်း ကာရိုလိုင်းနား၏ စိုက်ခင်းတစ်ခုတွင် အမှတ်အသားမရှိ မြှုပ်နှံခြင်းခံခဲ့ရပါသည်။ အနာဂတ်ကာလကို မျှော်မှန်းတွေးဆနေကြသော ကျောင်းသားများရှေ့မှောက်တွင် ကျွန်မ ရဲရဲဝံ့ဝံ့ ပြောကြားလိုပါသည်။

နောက်ဆုံးတစ်ကြိမ် တက်ရောက်ခဲ့ရသည့်ပွဲမှာ ပုဂ္ဂိုလ်ရေးပတ်သက်သည်ဟု ဆိုရပါမည်။ ပူနွေးသော ဇွန်လ၏ ရက်တစ်ရက်တွင် ကျင်းပသည့် မလီယာ၏ Sidwell Friends ကျောင်းမှ ဘွဲ့နှင်းသဘင်အခမ်းအနားပင် ဖြစ်ပါသည်။ ဘားရက် ပထမအကြိမ် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုစဉ်က ကဗျာတစ်ပုဒ်စပ်ဆိုပေးခဲ့သည့် ကျွန်မတို့နှင့် ရင်းနှီးသည့် ကဗျာဆရာ အဲလစ်ဇဘက်အလက်ဇန္ဒားက ကျောင်းအား မိန့်ခွန်းစကား ပြောကြားပေးသည်။ သူစကားပြောသဖြင့် ဘားရက်နှင့်ကျွန်မမှာ အေးအေးသက်သာ ထိုင်၍သာ နားထောင်နေကြသည်။ မလီယာနှင့် ပတ်သက်၍ ကျွန်မ ဂုဏ်ယူမိသည်မှာ သူနှင့် သူငယ်ချင်းများ ဥရောပသို့ ခရီးထွက်ရန် စီစဉ်ကြ ရာ၌ အဖွဲ့ခေါင်းဆောင်အဖြစ် ရွေးချယ်ခံရခြင်းပင် ဖြစ်သည်။ ကျောင်းတစ်နှစ်နားပြီး လျှင် မလီယာက ဟားဗတ်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်မည် ဖြစ်သည်။ ဆာရှာမှာလည်း ဂုဏ်ယူစရာပင်ဖြစ်၏။ ထိုနေ့မှာပင် ဆာရှာသည် အသက် ၁၅ နှစ်ပြည့်ခဲ့ပြီး ဘီယွန်းစေး၏ ကပွဲသို့ သွားရောက်ကာ သူ့မွေးနေ့ပွဲကိုလည်း တက်ရောက်မည်ဖြစ်သည်။ ဆာရှာက နွေရာသီတစ်ခုလုံး Marth's Vineyard၌ ရှိမည်ဖြစ်ပြီး မိသားစု၏ မိတ်ဆွေများနှင့် နေထိုင်နေမည်ဖြစ်သည်။ ကျွန်မနှင့်ဘားရက်က အပန်း ဖြေခရီးမှ ပြန်ရောက်သည့်အခါမှသာ ဆာရှာက ကျွန်မတို့ထံ ပြန်လာမည်ဖြစ်၏။ ဆာရှာသည် ပထမဦးဆုံးအလုပ်တစ်ခုကို လုပ်ကိုင်ခဲ့ဖူးပြီး မိတ်ဆွေသစ်များ ရရှိနေပြီ ဖြစ်သည်။ သူ အလုပ်လုပ်သည့်နေရာမှာ Snack Barတစ်ခု၌ ဖြစ်၏။ သူ့အတွက်လည်း ကျွန်မ ဂုဏ်ယူပါသည်။ ကျွန်မအမေနှင့်ပတ်သက်၍လည်း ကျွန်မမှာ ဂုဏ်ယူဝင့် ကြွားနိုင်စရာ ရှိပါသည်။ အမေသည် အနက်ရောင်ဝတ်စုံ၊ အနက်ရောင်ခွာမြင့်ဖိနပ် တို့ကို စီးကာ အိမ်ဖြူတော်၏ နေခြည်နွေးနွေးထွေးထွေးတွင် စည်းစိမ်ကြီးစွာ နေပူ ဆာလှုံနေ၏။ အမေသည် ကျွန်မတို့နှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောက်ဖူးပြီ ဖြစ်သည့်အပြင်

အိမ်ဖြူတော်၌ ကျွန်ရစ်သည့်အခါများ၌လည်း သူတစ်ယောက်တည်း နေနိုင်သူဖြစ်သည်။

ခြုံ၍ ဆိုရလျှင် ကျွန်မသည် မိသားစုဝင်အားလုံးအတွက် ဂုဏ်ယူမိ၏။ ဘားရက်က ကျွန်မအနီးရှိ ခေါက်ကုလားထိုင်တစ်လုံးတွင် ထိုင်နေသည်။ မလီယာ ဒီပလိုမာလက်မှတ် ယူလိုက်ချိန်တွင် ဘားရက်၏မျက်မှန်နောက်မှ မျက်ရည်များ စီးကျလာသည်ကို တွေ့မြင်လိုက်ရ၏။ သူ အတော်ပင် ပင်ပန်းနေပြီဆိုသည်ကို ကျွန်မ နားလည်ပါသည်။ ထိုနေ့ မတိုင်မီ သုံးရက်ကတည်းက သူနှင့်အတူ ဥပဒေသင်တန်းတက်ခဲ့ကြသည့် သူငယ်ချင်းများက အိမ်ဖြူတော်တွင် နှစ်ရှည်လများ အလုပ်လုပ်ပေးခဲ့ကြသည်။ နောက်နှစ်ရက်အကြာတွင် အကြမ်းဖက်သမားများက ဖလော်ရီဒါ ပြည်နယ် အိုလံဒိုမြို့တွင် ဂေးတို့၏ နိုက်ကလပ်ကို ဝင်ရောက်ကာ ပစ်ခတ်သွားခဲ့ကြသည်။ လူ ၄၉ ဦး သေဆုံးခဲ့ကြပြီး ၅၃ ဦးတို့ ဒဏ်ရာရခဲ့ကြသည်။ ထိုကိစ္စအတွက်လည်း သူ့မှာ ခေါင်းခဲရပြန်သည်။

ဘားရက်သည် သမီးတို့အပေါ်တွင် ဖခင်ကောင်းတစ်ဦး ပီသသည်မှာ သူ့အဖေ သူ့အပေါ်တွင် ကျေပွန်ခဲ့သကဲ့သို့ပင် ဖြစ်သည်။ သူ နိုင်ငံရေးနယ်ပယ်သို့ စတင်ဝင်ရောက်သည့်အချိန်မှာပင် အိမ်ထောင်သည် ဖြစ်နေခဲ့ပြီဖြစ်သည်။ သူ့မဲဆန္ဒနယ်အတွင်းရှိ တိုင်းသူပြည်သားများ၏ လိုအပ်ချက်မှန်သမျှကို အတတ်နိုင်ဆုံး ဖြည့်ဆည်းခဲ့သည်။

နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်သည့်အချိန်မှ စ,ကာ သူ့တွင် အချိန်လည်း မရှိ၊ လွတ်လပ်ခြင်းလည်း မရှိတော့ပေ။ ထို့ကြောင့် ကျွန်မနှင့် သမီးတို့မှာ သူနှင့် အနီးအပါးတွင် ရှိနေသော်လည်း အဝေးကြီးဝေးနေသကဲ့သို့ ရှိခဲ့သည်။

အခုတစ်ဖန် သမီးသည် ဒီပလိုမာရခဲ့ပြီဖြစ်၍ မကြာခင်မှာပင် သူ့အနာဂတ်ကို သူ ဖန်တီးပေတော့မည်။

※

ဇူလိုင်နှောင်းပိုင်းတွင် ကျွန်မ လေယာဉ်ခရီးစဉ်ဖြင့် ပျံသန်းလာစဉ် မိုးကြိုးမုန်တိုင်းနှင့် ကြုံတွေ့ရသည်။ ဖီလာဒယ်လ်ဖီးယားသို့ ချဉ်းကပ်လာစဉ်တွင် ဖြစ်၏။ ကျွန်မက ဒီမိုကရက်တစ်ကွန်ဗင်းရှင်းတွင် စကားပြောကြားရန် လာရောက်ခြင်း ဖြစ်ပါသည်။ ကြုံဖူးသမျှထဲတွင် အဆိုးရွားဆုံးဟု ဆိုရပါမည်။ လေယာဉ်ပေါ်၌ ကျွန်မ၏ ဆက်သွယ်ရေးဒါရိုက်တာ ကာရိုလိုင်းအက်ဒ်လာ မိုရယ်လ်က ကိုယ်လေးလက်ဝန်ကြီးနှင့် ပါလာသည်။ မလီဆာလည်း ပါ၏။ စိတ်သောကများကြောင့် ကာရိုလိုင်း ဗိုက်နာလာမည်ကို စိုးရိမ်မိသည်။ သူသည် ထိုင်ခုံတွင် ထိုင်ရင်း တုန်နေရှာ၏။ ကျွန်မစိတ်ထဲ၌ ဖြစ်ပေါ်လာသည်မှာ မိန့်ခွန်းပြောကြားရန်အတွက် အချိန်မီရောက်ပါမည်လား ဆိုသည့် သောကပင် ဖြစ်သည်။ ထိုပွဲ၌ စကားပြောရန် ကျွန်မ

ဘက်မှလည်း အကြီးအကျယ် ပြင်ဆင်ထားခဲ့သည်။

၂၀၀၈ ခုနှစ် ဘားရက် ပထမအကြိမ် သမ္မတရွေးကောက်ပွဲ ယှဉ်ပြိုင်စဉ်ကဖြစ်သည်။ ကျွန်မသည် ကွန်ဗင်းရှင်း၌ စကားပြောရန်အတွက် ထပ်တလဲလဲ လေ့ကျင့် ခဲ့သည်။ မိန့်ခွန်းကို စိတ်စွဲကာ အိပ်မက်ထဲ၌ပင် စကားအဖြတ်အတောက်တို့ကို လေ့ကျင့်နေမိ၏။ ထိုသို့ဖြစ်ရခြင်းမှာ ကျွန်မသည် တစ်ကြိမ်တစ်ခါမျှ ရုပ်မြင်သံကြား အစီအစဉ်မှ မိန့်ခွန်းမလွှင့်ဖူးသေးခြင်းကြောင့်လည်းကောင်း၊ စိတ်လှုပ်ရှားနေခြင်း ကြောင့်လည်းကောင်း ဖြစ်ပါသည်။ ကျွန်မကို တိုင်းပြည်အား မချစ်သောလူမည်း မိန်းမတစ်ယောက်ဟု ဝေဖန်ခဲ့ကြသူများအား တိတိပပ ချေပနိုင်ရန်အတွက် စင်မြင့် ပေါ်သို့ ကျွန်မ တက်လာခဲ့သည်။ ကျွန်မမိန့်ခွန်းသည် လူသားဆန်သည့် မိန့်ခွန်းဖြစ် ရမည်။ ကိုယ်ပိုင်စကားလုံးများဖြင့်သာ ပြောကြားမည်ဖြစ်သည်။ နောင် လေးနှစ်ကြာသည့်အခါ ကာရိုလိုင်းနားပြည်နယ်မြောက်ပိုင်း ရှားလော့မြို့တွင် စိတ်အားထက်သန် စွာဖြင့် နောက်တစ်ကြိမ် ပြောရပြန်ပါသည်။ သည်တစ်ကြိမ်တွင် ဘားရက်၏ ပထမ သက်တမ်း၌ လုပ်ဆောင်ခဲ့သည်များ၊ ကျွန်မခင်ပွန်းသည်၏ တိကျပြတ်သားမှုများ၊ "သမ္မတဖြစ်သွားတာနဲ့ ဘာမှပြောင်းလဲမသွားပါဘူး။ သူ့မူလ စိတ်ဓာတ်အတိုင်းပဲ ရှိပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

သည်တစ်ကြိမ်တွင် ကျွန်မနှင့် လက်တွဲလာသူမှာ ဟီလာရီကလင်တန် ဖြစ်သည်။ ၂၀၀၈ ခုနှစ် အခြေခံရွေးကောက်ပွဲ၌ ဘားရက်၏ ပြင်းထန်သည့် ပြိုင်ဘက်ဖြစ်ခဲ့သော ဟီလာရီသည် ယခုအခါတွင် ဘားရက်၏ သစ္စာစောင့်သိသော၊ နိုင်ငံတော်၏ အတွင်းရေးမှူး(ဝန်ကြီးချုပ်)အဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။ အမှန်တကယ်ပြောရလျှင် ကျွန်မ ခင်ပွန်းသည်၏ ပြိုင်ဘက် ဆိုသူတို့ကို ကျွန်မ ဟက်ဟက်ပက်ပက် မရှိနိုင်ခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။ ကိုယ့်စည်းနှင့်ကိုယ် နေခဲ့ပြီး စကားပြောရမည့် အချိန်တွင်လည်း နိုင်ငံရေးထက် ကိုယ်ပိုင်ခံစားချက်ကိုသာ ကျွန်မ ပြောလေ့ရှိ၏။

ဖီလာဒယ်လ်ဖီးယားသို့ လေယာဉ်ဆိုက်သည်နှင့် ကွန်ဗင်းရှင်းစင်တာသို့ ကျွန်မ အပြေးအလွှား သွားရသည်။ ကံကောင်းထောက်မစွာ အဝတ်အစားလဲရန် အချိန်အနည်းငယ် ရလိုက်သည်။ စင်ပေါ်သို့ရောက်ကာ စကားစ,ပြောရချိန်တွင် အမှန်တရားကိုသာ ကျွန်မ ပြောခဲ့သည်။ အိမ်ဖြူတော်၌ နေကာ သမီးများ အရွယ် ရောက်လာသည်အထိ နေထိုင်ရမည်ကို စိုးရိမ်ခဲ့ပါကြောင်း၊ သို့သော် သမီးတို့မှာ ဉာဏ်ရည်ထက်မြက်သော မိန်းကလေးများ ဖြစ်လာကြသည်ကို တွေ့ရ၍ ယုံကြည် စိတ်ချမိပါကြောင်း၊ ဟီလာရီအပေါ်တွင်လည်း ကျွန်မ ငြိုငြင်စိတ် မရှိပါကြောင်း၊ သူလည်း သမ္မတဖြစ်နိုင်ရန် ကြိုးပမ်းခြင်းအတွက် တစ်ချိန်က ဘားရက်အပေါ်တွင် တိုက်ခိုက်ပြောကြားခဲ့သည်များကို နားလည်ပေးနိုင်ပါကြောင်း၊ ဟီလာရီသည်

အမေရိကန်သမိုင်းတွင် အရည်အချင်းပြည့်ဝသော အမျိုးသမီးတစ်ဦးအဖြစ် မှတ်တမ်း တင်နိုင်ပါလိမ့်မည်ဟု ပြောကြားခဲ့သည်။

ကျွန်မမှာ ငယ်ဘဝကတည်းက လူဆိုးများနှင့်ပတ်သက်၍ ထုတ်ဖော်ပြော ကြားရန် ဝန်မလေးခဲ့ပေ။ လက်ရှိအခြေအနေတွင် ကျွန်မတို့မှာ လူဆိုးတစ်ယောက်နှင့် ရင်ဆိုင်နေရပြီ ဖြစ်သည်။ ထိုလူဆိုးမှာ လူနည်းစုများအပေါ်တွင် ဖိနှိပ်မည့်သူ၊ စစ်သုံ့ပန်းများအပေါ်တွင် ဖိစီးမည့်သူ၊ ကျွန်မတို့နိုင်ငံအား ဂုဏ်သိက္ခာကျဆင်းစေမည့် သူ ဟု မြင်မိသည်။ အမေရိကန်များအနေဖြင့် ကျွန်မ ပြောသောစကားများ၏ အလေး အနက်ကို ချင့်ချိန်ကြစေချင်ပါသည်။ ရုပ်မြင်သံကြားအစီအစဉ်မှ လွှင့်ထုတ်နေသော သူ့မိန့်ခွန်းများကို ကြားရမြင်ရသည်မှာ အမေရိကန်တို့၏ စိတ်ဓာတ်အမှန် မဟုတ်သည် ကို သိစေချင်ပါသည်။ ကျွန်မတို့ အပါအဝင် ခေတ်အဆက်ဆက်က တည်ဆောက်ခဲ့ သော တိုင်းပြည်၏ ဂုဏ်သိက္ခာတို့ကို မကျဆင်းစေချင်ပါ။ သိက္ခာရှိစွာ နေချင်ပါသည်။ ပြည်သူလူထုအနေဖြင့် မှန်မှန်ကန်ကန် ရွေးချယ်စေချင်သည်။ ဘားရက်နှင့် ကျွန်မ၏ ဆောင်ပုဒ်မှာ "သူတို့ နိမ့်သွားရင် ကိုယ်တွေ မြင့်လာမှာပဲ" ဆိုသည့် ဆောင်ပုဒ် ဖြစ်ပါသည်။

နောက်နှစ်လအကြာ ရွေးကောက်ပွဲမတိုင်မီ ရက်သတ္တပတ်မျှ အလိုတွင် တိပ်ခွေတစ်ခု ပေါ်ထွက်လာသည်။ ၂၀၀၅ ခုနှစ်က ရုပ်မြင်သံကြားအစီအစဉ်များ၌ အမျိုးသမီးတစ်ဦးအား ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာပြီး အကြမ်းဖက်နေသော ဒေါ်နယ်ထရန့်၏ လုပ်ရပ်များကို ဖော်ပြလိုက်သည့် တိပ်ခွေပင် ဖြစ်သည်။ ထိုတိပ်ခွေ ကြောင့် ရွေးကောက်ပွဲဝင်မည့် သမ္မတလောင်းများကြား၌ အတော်ပင် ဂယက်ရိုက် သွားခဲ့သည်။

ကျွန်မ ကြားသည့်အခါ ယုံပင်မယုံနိုင်ပါချေ။ နောက်တစ်ကြိမ် ထပ်မံ ထွက်ပေါ်လာပြန်သည်။ သည်တစ်ကြိမ်တွင် ပထမအကြိမ်ကဲ့သို့ပင် ကြမ်းတမ်းသော စကားများ သုံးထားပြန်သည်။ "မင်းကို နာကျင်အောင်လုပ်မယ်ဆိုရင် လုပ်လို့ရတယ်။ ငါ ဘာမှမဖြစ်စေရဘူး" ဟု ဆိုသည်။ ထိုစကားများသည် ယဉ်ကျေးသိမ်မွေ့သော အသိုင်းအဝိုင်းမှ ထွက်ပေါ်လာသည့် စကားများ မဟုတ်နိုင်ပါချေ။ ဒေါ်နယ်ထရန့် ကဲ့သို့သော အရာရာကို ငွေကြေးအင်အားဖြင့် ဖုံးနိုင်သော ပုဂ္ဂိုလ်တစ်ယောက်ထံမှ စကားလုံးများပင် ဖြစ်ပါသည်။ မိန်းမသားတိုင်းပင် ကျွန်မကဲ့သို့ ခံစားရလိမ့်မည်ဟု ယုံကြည်သည်။ ပို၍တိကျအောင် ပြောရမည်ဆိုလျှင် သမီးရှိသော ကျွန်မတို့ကဲ့သို့ မိဘများအနေဖြင့် ခံစားနိုင်မည် မဟုတ်ပေ။ သူ့စကားလုံးများတွင် ဩဇာအာဏာ သက်ရောက်မှု၊ ခြိမ်းခြောက်မှု၊ လူအချင်းချင်း ချိုးနှိမ်မှုတို့ ပါဝင်နေသည်။ တစ်နည်းပြောရလျှင် ဩဇာအာဏာကို အရုပ်ဆိုးလွန်းစွာ အသုံးချနေခြင်းပင် ဖြစ်ပါသည်။

တိပ်ခွေကို မြင်ရသော ကျွန်မမှာ ဒေါသဖြင့် တစ်ကိုယ်လုံး တုန်နေမိသည်။ ဟီလာရီ၏ စည်းရုံးရေးတရားပွဲတွင် ကျွန်မ စကားပြောပေးရန် ရှိနေသည်။ ထိုတရားပွဲ ၌ ထရန့်အား တိုက်ရိုက်ဝေဖန်စကား ပြောကြားလိုက်ရလျှင် ကောင်းမည်လားဟု စဉ်းစားမိသည်အထိ ဒေါသဖြစ်မိပါသည်။

ဆေးရုံရှိ ဝေါ်တာလ်ရိဒ်၏ အခန်းထဲ၌ ကျွန်မ ထိုင်နေရင်း ပြောကြားရမည့် စကားများကို ပြန်လည်သုံးသပ်နေမိသည်။ အမေက ကျောရိုးဘက်တွင် ခွဲစိတ်ကုသမှု ခံယူနေရသဖြင့် ထိုအခန်းထဲသို့ ကျွန်မ ရောက်ရှိနေခြင်းဖြစ်ပြီး အတွေးများပျံ့လွင့် လျက်ရှိသည်။ ကျွန်မဆိုလျှင် ကြိမ်ဖန်များစွာ ကဲ့ရဲ့ပြစ်တင်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းမှာ လူမည်းဖြစ်ခြင်းကြောင့်တစ်ကြောင်း၊ အမျိုးသမီးတစ်ယောက် ဖြစ်ခြင်းကြောင့် တစ်ကြောင်း ယင်းသို့ ခံစားရခြင်း ဖြစ်ပါသည်။ လူမည်းဖြစ်သော်လည်း၊ အမျိုးသမီး ဖြစ်သော်လည်း ကျွန်မသည် တတ်စွမ်းနိုင်သမျှ ကမ္ဘာကြီးအတွက် လုပ်ဆောင်ခဲ့ပါသည်။ ရွေးကောက်ပွဲအတွက် ဒေါ်နယ်ထရန့်နှင့် ဟီလာရီကလင်တန်တို့၏ စကားရည်လုပွဲကို ရုပ်မြင်သံကြားအစီအစဉ်မှ ကျွန်မ ကြည့်ခဲ့ဖူးပါသည်။ ထိုပွဲ၌ ထရန့်သည် "မင်းကို နာကျင်အောင် လုပ်မယ်ဆိုရင် လုပ်လို့ရတယ်။ ငါ ဘာမှမဖြစ်စေရဘူး"ဟု ထည့်သွင်းပြောကြားခဲ့ခြင်းပင် ဖြစ်ပါသည်။ မိန်းမတို့၏ဘဝတွင် တစ်သက်တာလုံး ရှုံးနိမ့်မှုများကို ခံစားကြရပါသည်။ ထိုခံစားမှုမျိုးကို ကျွန်မ မခံစားလိုပါ။ ခွန်အားကုန်ခန်းစေသည်။ တစ်ခါတစ်ရံတွင် ခန္ဓာကိုယ်၌ မမြင်စွမ်းနိုင်သော စိတ်ဒဏ်ရာ ပြင်းထန်စွာရစေပါသည်။ ပြင်ပဒဏ်ရာမှာ မြင်သာသော်လည်း စိတ်ဒဏ်ရာမှာ မည်သည့်အခါမျှ ပပျောက်သည်မရှိသော်လည်း ဒဏ်ရာဟူ၍ မပြနိုင်ခဲ့ကြပေ။ ကျွန်မတို့ ရင်တွင်း၌သာ သိုဝှက်ခံစားကြရပါသည်။ ကျောင်းမှာဖြစ်စေ၊ လုပ်ငန်းခွင်မှာဖြစ်စေ၊ အိမ်မှာဖြစ်စေ သားသမီးများကို မွေးမြူစောင့်ရှောက်ရင်း၊ ဘုရားဝတ်ပြုရင်း ဝေဒနာကို တစိမ့်စိမ့်ခံစားကြရသည်။

ကျွန်မ အမြင်မှာ ထရန့်သည် ပက်ပက်စက်စက် ပြောလိုက်ခြင်းဖြစ်၏။ သူ့စကားများကို ကျွန်မ သည်းညည်းမခံနိုင်ပါ။ ၂၀၀၈ ခုနှစ်ကတည်းက ကျွန်မ အပါးတွင် မိန့်ခွန်းရေးသားသူအဖြစ် တာဝန်ယူထားခဲ့သော ဆာရာဟားဝစ္စ ရေးသားပေးသည့် မိန့်ခွန်းထက် ကျွန်မကိုယ်ပိုင်စကားလုံးများဖြင့် ပြောင်းလဲလိုက်သည်။ အမေ ခွဲစိတ်ကုသမှုမှာ သက်သာလာသည့်အခါ ထိုမိန့်ခွန်းကို မန်ချက်စတာပြည်နယ် နယူးဟမ်ရှိုင်းယား၌ အောက်တိုဘာနှေ့ အထိမ်းအမှတ်ပွဲတွင် ကျွန်မ ပြောခဲ့သည်။ များပြားလှသော ပရိသတ်ရှေ့မှောက်တွင် ကျွန်မခံစားချက်ကို ပွင့်ပွင့်လင်းလင်းပင် ပြောချလိုက်သည်။ "ဒီစကားလုံးတွေက သာမန်ပြောရိုးပြောစဉ် ရိုးရိုးသားသားစကား တွေ မဟုတ်ဘူး။ နိုင်ငံရေးကိစ္စလည်း မဟုတ်ဘူး။ သက်သက် ကျက်သရေမဲ့တာ။ ဒါမျိုးကို သည်းခံနိုင်စွမ်းမရှိဘူး"ဟု ကျွန်မ ဒေါသကို ဖောက်ထုတ်လိုက်သည်။ ကျွန်မပြောသည်ကို အမေရိကန်များ

နားလည်မည်ဟု ထင်ပါသည်။ သူတို့အနေနှင့် မည်သူ့ကို သမ္မတအဖြစ် ရွေးချယ်ရမည် ဆိုသည်ကို တွေဝေမနေသင့်ပါ။ စကားပြော နေစဉ် ကာလတစ်လျှောက်လုံး ကျွန်မ နှလုံးသားတစ်ခုလုံးကိုရင်းကာ ပြောခဲ့ခြင်းပင် ဖြစ်ပါသည်။ ထို့နောက် ကျွန်မ ဝါရှင်တန်သို့ အပြန်လမ်းတစ်လျှောက်၌ ဘုရားကိုသာ ရှိခိုးနေမိတော့သည်။

※

ဆောင်းဦးပေါက်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ရာ ဇန်နဝါရီလတွင် ဘားရက်နှင့်ကျွန်မက သမီးတို့ ကျောင်းပြီးအောင် ဆက်တက်နိုင်ရေးအတွက် ဝါရှင်တန်တွင် နေကြမည်ဟု ဆုံးဖြတ်လိုက်ကြပြီး အိမ်သစ်တစ်လုံးသို့ ပြောင်းရွှေ့ရန် စီစဉ်ကြသည်။ ဆာရှာက ဆစ်ဒ်ဝဲလ်တွင် ကျောင်းပြီးအောင် ဆက်တက်ရမည်ဖြစ်ပြီး မလီယာကမူ ဟားဗတ်တက္ကသိုလ်မတက်မီ တစ်နှစ် တောင်အာဖရိကတွင် လွတ်လွတ် လပ်လပ် သွားရောက်နေထိုင်မည် ဖြစ်သည်။ အရှေ့ဆောင်တွင်ရှိသော ကျွန်မ၏ ဝန်ထမ်းများအား အလုပ်အကိုင်သစ်များ ရှာဖွေခွင့်ပြုထားသည်။ ထိုကာလအတွင်း ဟီလာရီကလင်တန်နှင့် ဒေါ်နယ်ထရန့်တို့၏ တိုက်ပွဲများမှာ ပိုမိုပြင်းထန်လာလျက်ရှိသည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် ရွေးကောက်ပွဲနေ့ မတိုင်မီ ညနေခင်းတွင် ဘားရက်နှင့် ကျွန်မသည် ဟီလာရီနှင့် သူ့မိသားစု ရှိနေသော ဖီလာဒယ်လ်ဖီးယားသို့ ထွက်လာခဲ့ကြသည်။ Independence Mall တွင် ရောမလူအုပ်ကြီး စောင့်ဆိုင်းနေကြသည်။ သူတို့အားလုံးသည် မျှော်လင့်ချက်အပြည့် ရှိကြ၏။ ထိုညက ဟီလာရီ၏ လုပ်ရပ်များကို ကျွန်မ စေ့စေ့စပ်စပ် ကြည့်နေမိသည်။ တက်လာသမျှ မဲစာရင်းများ မှာ ဟီလာရီက ဦးဆောင်နေ၏။ အမေရိကန်တို့သည် မိမိတို့အား ဦးဆောင်မည့်သူကို ရွေးချယ်တတ်ပေသားပဲဟု တွေးနေမိ၏။ အဆိုးထဲမှ အကောင်းဖြစ်လာခြင်းကို ကျွန်မ ခံစားနေမိသည်။

ရွေးကောက်ပွဲညတွင် ဘားရက်နှင့်ကျွန်မတို့ သည်တစ်ကြိမ်၌ ကိုယ့် အတွက် ခံစားချက်မရှိ လွတ်လွတ်လပ်လပ် ပွဲကြည့်ပရိသတ် ဖြစ်နေခဲ့ကြသည်။ ဟိုတယ်တစ်လုံး သီးခြားငှားကာ ထွက်ပေါ်လာမည့်အဖြေကို စောင့်စားရန်လည်း မလိုတော့ပေ။ ရုပ်မြင်သံကြားအစီအစဉ်ကိုလည်း စောင့်ကြည့်ရန်မလို၊ ဆံပင်၊ မိတ်ကပ် ပြင်ရန်မလို၊ အဝတ်အစားအသစ် အဆင်သင့်ရှိရန်မလို၊ ကလေးများအား လည်း ပြင်ဆင်ပေးရန် မရှိ။ ရွေးကောက်ပွဲအဖြေပေါ်လာပြီး ညကြီးသန်းခေါင် မိန့်ခွန်းပြောကြားရန်လည်း မရှိ။ ဘာမျှလုပ်ရန် မလိုသော်လည်း စိတ်လှုပ်ရှားနေမိသည် မှာတော့ အမှန်ပင် ဖြစ်ပါသည်။ ကျွန်မတို့ နောက်သို့ ခြေတစ်လှမ်းဆုတ်ရတော့မည့် အချိန်ဖြစ်ပြီး အနာဂတ်ကာလသည် မည်သို့ဖြစ်လာမည်ကို စတင်စောင့်ဆိုင်းရတော့ မည့်အချိန်လည်း ဖြစ်ပါသည်။

ကျွန်မတို့ကို ဖိတ်ခေါ်ထားသည် မှန်သော်လည်း ဖြစ်ပေါ်လာမည့် အနာဂတ်သည် ကျွန်မတို့နှင့် မဆိုင်။ မျက်မြင်သက်သေသာ ဖြစ် ပါသည်။ မကြာမီကာလတွင် အဖြေသိရတော့မည်ဖြစ်၍ ဗယ်လာရီအား အိမ်ဖြူတော်၏ ပွဲကြည့်ဆောင်တွင် ရုပ်ရှင်တစ်ကား လာရောက်ကြည့်ရှုရန် ဖိတ်ခေါ်လိုက်သည်။

ထိုညက ဘာရုပ်ရှင်ကြည့်ခဲ့ကြသည် ဆိုသည်ကို ကျွန်မ မမှတ်မိတော့ပါ။ အမှန်စင်စစ်မှာ အမှောင်ထဲ၌ အချိန်ကို ဖြုန်းကြခြင်းပင်။ အဖြေထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဘားရက်၏ သမ္မတသက်တမ်းမှာလည်း ကုန်ဆုံးတော့မည်ဖြစ်သည်။ ရှေ့တွင် နှုတ်ဆက်သံများ အကြိမ်ပေါင်းများစွာ ကြားကြရတော့မည်။ အားလုံးသည် စိတ်လှုပ်ရှားစွာဖြင့် နှုတ်ဆက်ကြပေလိမ့်မည်။ ဝန်ထမ်းများမှာလည်း ကျွန်မတို့အား ချစ်ကြသည့်တိုင် အိမ်ဖြူတော်မှ နှုတ်ဆက်ထွက်ခွာကြရတော့မည် ဖြစ်သည်။ ကျွန်မ တို့ အိမ်ဖြူတော်သို့ တက်လာစဉ်အခါက ဂျော့ချ်နှင့် လော်ရာဘွတ်ရှ်တို့ နှုတ်ဆက် သကဲ့သို့ပင် နောက်တက်လာမည့် သမ္မတထံ လွှဲပြောင်းပေးကြရမည်ဖြစ်သည်။ ဝန်ထမ်းများကလည်း နောက်တက်လာမည့်သူ သိသင့်သိထိုက်သည့် အချက်အလက်များ၊ အဆက်အသွယ်များစာရင်းကို ပြုစုထားကြပြီး နောက်လူများသို့ လက်ဆင့်ကမ်း ကြမည်။ အရှေ့ဆောင်မှ ဝန်ထမ်းများသည်လည်း သူတို့စားပွဲများတွင် နောက်တက်လာမည့်သူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားများ၊ ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းတို့ကို ရေးမှတ်ကာ ထားကြပေလိမ့်မည်။

ကျွန်မတို့မှာ နေ့စဉ်နှင့်အမျှ အလုပ်များလျက်ရှိသည်။ သို့သော် လာမည့် နေ့သစ်များကို ရင်ဆိုင်ရန်အတွက် အစီအစဉ်များချမှတ်ကာ လုပ်ဆောင်နေရသည်။ ဘားရက်နှင့်ကျွန်မမှာ ဝါရှင်တန်တွင် နေထိုင်မည်ဟု ဆုံးဖြတ်ထားကြသော်လည်း ချီကာဂိုတောင်ပိုင်းမှ နေအိမ်ကိုလည်း မစွန့်လွှတ်နိုင်သေးပေ။ ထိုအိမ်ကို သမ္မတ အိုဘားမားစင်တာဟု ဖွင့်လှစ်ထားရန် စဉ်းစားကြသည်။ ထို့ပြင် ဖောင်ဒေးရှင်းတစ်ရပ် လည်း ထူထောင်ကာ ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးဖို့ ရည်ရွယ်သည်။ ကျွန်မတို့နှစ်ယောက်မှာ အနာဂတ်အတွက် ရည်မှန်းချက်များစွာ ထားရှိသည်။ လူငယ်များအတွက် သူတို့စိတ်ကူးစိတ်သန်းများ အကောင်အထည်ဖော်နိုင်ရန် ထောက်ပံ့ပေး ကြမည် ဖြစ်သည်။ သို့သော် ကျွန်မတို့နှစ်ယောက်စလုံး ခေတ္တခဏ အနားယူရန်မူ လိုအပ်ပေမည်။ ဇန်နဝါရီလအတွင်း၌ တစ်နေရာရာသို့ ခေတ္တခဏသွားရောက်ကာ အပန်းဖြေကြမည်ဟု စိတ်ကူးသည်။ သို့သော် သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုပြီးမှသာ သွားရောက်နိုင်မည် ဖြစ်သည်။

ကျွန်မတို့ သမ္မတသစ်ကို စောင့်ရဦးမည်။

ရုပ်ရှင်ပြီးသွားသဖြင့် မီးများ လင်းလာသည်။ ဘားရက်၏ လက်ကိုင်ဖုန်းမှ ခေါ်သံကြားရသည်။ သူ တစ်ချက်ကြည့်လိုက်ပြီး ခပ်ကြာကြာပင် ကြည့်နေသည်။ သူ့မျက်ခုံးနှစ်ဖက် အနည်းငယ်ရှုံ့သွား၏။

"ဟူး... ဖလော်ရီဒါမှာတော့ အဖြေတွေက ဆန်းနေတယ်"ဟု ဆို၏။

သူ့အသံတွင် အံ့ဩဟန်မပါ၊ သို့သော် မျက်နှာမှာ ရုတ်ခြည်း ညှိုးနွမ်းသွား၏။ တယ်လီဖုန်း မြည်လာပြန်သည်။ ကျွန်မ နှလုံးသားမှာလည်း တဆတ်ဆတ် တုန်လာ၏။ နောက်ဆုံးရသတင်းများ ဝင်နေပြီ ဆိုသည်ကို သိလိုက်ပါသည်။ ဖုန်းဆက်သူမှာ ဘားရက်၏ နိုင်ငံရေးအကြံပေး ဒေးဗစ်ဆီမားစ် ဖြစ်မည်။ သူက အနောက်ဘက်အဆောင်မှ သတင်းများကို ပေးပို့နေခြင်း ဖြစ်သည်။

ကျွန်မ ခင်ပွန်းသည်၏ မျက်နှာကို စေ့စေ့ကြည့်မိသည်။ သူ့နှုတ်ဖျားမှ ထွက်ပေါ်လာမည့်စကားကို ကျွန်မ မကြားဝံ့သေးပါ။ မည်သည့်နည်းနှင့်မဆို သတင်းကောင်း မဟုတ်တန်ရာ။ ဗိုက်ထဲမှ ထိုးအောင့်နာကျင်လာသည်။ စိတ်ပူပန်မှုသည် ခန္ဓာကိုယ်ကိုပင် ဒုက္ခ စ,ပေးနေပြီဖြစ်၏။ ခပ်စောစောပိုင်းက ဘားရက်နှင့် ဗယ်လာရီတို့ ထွက်ပေါ်လာမည့်အဖြေများကို ဆွေးနွေးနေကြစဉ် ကျွန်မက အိမ်ပေါ်တက် လိုက်ဦးမည်ဟု အကြောင်းပြကာ တက်လာခဲ့သည်။ ခဏတိတ်တိတ်လေးမှ စဉ်းစားမိသည်မှာ ဘာသတင်းမှ မကြားဝံ့၍ အိပ်ပျော်အောင်အိပ်နေရန်ပင် ဖြစ်သည်။ အခြေအနေအရပ်ရပ်ကို ကျွန်မ ရိပ်စားမိပြီ ဖြစ်သော်လည်း လက်ခံနိုင်ရန် မဝံ့သေးပါ။

ကျွန်မ အိပ်နေစဉ် သတင်းများက အတည်ပြုလာသည်။ အမေရိကန် မဲဆန္ဒရှင်တို့သည် သမ္မတဘားရက်၏နေရာတွင် ဆက်ခံရန်အတွက် ဒေါ်နယ်ထရန့်အား ရွေးချယ်လိုက်ကြသဖြင့် အမေရိကန်ပြည်ထောင်စု၏ နောက်တက်မည့် သမ္မတသည် ဒေါ်နယ်ထရန့်ပင် ဖြစ်ပါတော့သည်။

ဘာကြောင့် ဤသို့ ဖြစ်ရသည် ဆိုသည်ကို ကျွန်မ သိချင်လှပါသည်။ နောက်တစ်နေ့ မနက် အိပ်ရာထ,ချိန်တွင် ကောင်းကင်တစ်ခုလုံးမှာ မှုန်မှိုင်းနေသည်။ ဝါရှင်တန်တစ်ခွင်တွင် မည်းမှောင်နေ၏။ မကောင်းတတ်သော်လည်း ကျွန်မ အခိပ္ပာယ်ကောက်မိသည်မှာ အသုဘတစ်ခုနှင့်ပင် တူနေတော့သည်။ ဆာရှာ က ကျောင်းသို့ ထွက်သွားပြီ။ သူလည်း မယုံနိုင်ဖြစ်သည့်တိုင် လက်ခံသွားရပြီ ဖြစ်သည်။ မလီယာက ဘိုလစ်ဗီးယားနိုင်ငံမှ ဖုန်းလှမ်းဆက်၏။ မယုံနိုင်စွာ ဖြစ်နေပုံ ရသည်။ ကျွန်မက သမီးနှစ်ယောက်စလုံးအား ချစ်ပါကြောင်းနှင့် အစစအရာရာ အဆင်ပြေမှာပါဟု အားပေးလိုက်သည်။ ကျွန်မကိုယ်တိုင်ကမူ သမီးတို့နည်းတူ မယုံကြည်နိုင်အောင် ဖြစ်နေပါသည်။

နောက်ဆုံးတွင် ဟီလာရီကလင်တန်သည် သူ့ပြိုင်ဘက် ဒေါ်နယ်ထရန့်ထက် တစ်တိုင်းပြည်လုံးတွင် မဲဦးရေ ၃ သန်းကျော် ပိုမိုရရှိခဲ့သည်။ သို့သော် ထရန့်က မဲဆန္ဒရှင် ရှစ်သောင်းကျော်မျှ ပါဝင်ပြီး နိုင်ငံအနှံ့ ပန်ဆယ်ဗေးနီးယား၊ ဝစ္စကွန်ဆင် နှင့် မစ်ရှီဂန် စသော နေရာများ၌ ပျံ့နှံ့နေသည့် Electoral College တို့မှ မဲများကို ရယူသွားနိုင်ခဲ့သည်။ ထို့ကြောင့် အနိုင်ရသွားခြင်းဟု ဆိုသည်။ ကျွန်မက နိုင်ငံရေးအား ခွဲခြမ်းစိတ်ဖြာ သုံးသပ်သူတစ်ဦး မဟုတ်သဖြင့် ကွဲပြားအောင် မပြောတတ်ပါ။ မည်သူ့တွင် တာဝန်ရှိပြီး ဤကဲ့သို့သော မမျှတမှုပေါ်ပေါက်ခဲ့သည် ဆိုသည်ကို မပြော တတ်ပါ။ ဤသို့ဖြစ်မည်ဆိုလျှင် မဲဆန္ဒရှင်အများအပြား မဲမပေးခဲ့ကြခြင်းက ပို၍ သင့်တော်မည် ထင်သည်။ အမျိုးသမီးတစ်ယောက်ဖြစ်နေ၍ အရည်အချင်းပြည့်မီ သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သော်လည်း မိန်းမမုန်းသူတစ်ဦးကို သူတို့၏ သမ္မတအဖြစ် ရွေးချယ်ခဲ့ကြသည်မှာ မယုံနိုင်စရာပင် ဖြစ်သည်။ သို့သော် အဖြေက ပေါ်ထွက်ခဲ့ပြီ ဖြစ်သည်။ ကျွန်မတို့ဘဝ သက်တမ်းတစ်လျှောက်လုံးတွင် လက်ခံလိုသည်ဖြစ်စေ၊ လက်မခံလိုသည်ဖြစ်စေ အတည်ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

ဘားရက်သည် တစ်ညလုံးနီးပါး အချက်အလက်များကို ရှာဖွေနေခဲ့သည်။ တစ်နိုင်ငံလုံး တုန်လှုပ်သွားခဲ့သည့်ကိစ္စကို သူ ဖြေရှင်းနိုင်ရန် ကြိုးစားနေသည်။ သူ ဤသို့ လုပ်ဆောင်နေသည်ကို ကျွန်မ မကန့်ကွက်လိုပါ။ မနက်မိုးလင်းချိန်တွင် ဘဲဥပုံရုံးခန်း၌ သူ့ဝန်ထမ်းများအား အလုပ်မပျက် ဆက်လက်လုပ်ကိုင်စေသည်။ နေ့လယ်ပိုင်းတွင် တိုင်းပြည်သို့ နှင်းဆီဥယျာဉ်အတွင်းမှ သူပြောနေကျ ပုံစံအတိုင်း မိန့်ခွန်းပြော၏။ စည်းလုံးကြရန်၊ သိက္ခာစောင့်ထိန်းကြရန်၊ အမေရိကန်နိုင်ငံသားများ တစ်ဦးနှင့်တစ်ဦး လေးစားကြရန်၊ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ဒီမိုကရေစီစနစ်၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန် တိုက်တွန်းခဲ့သည်။

ထိုနေ့ မွန်းလွဲပိုင်း ကျွန်မ အရှေ့ဆောင်ရုံးခန်း၌ ဝန်ထမ်းများနှင့် ရှိနေစဉ် အခြားအခန်းများမှ ဝန်ထမ်းများပါ ကျွန်မအခန်းသို့ ရောက်ရှိလာကြသည်။ ကျွန်မ ဝန်ထမ်းအများစုမှာ အမျိုးသမီးများဖြစ်ပြီး ထိုအမျိုးသမီးအများစုမှာ နိုင်ငံရပ်ခြားမှ ပြောင်းရွှေ့လာရောက် နေထိုင်သူများ ဖြစ်ကြ၏။ အချို့ အမျိုးသမီးတို့၏ မျက်နှာများ ပေါ်တွင် မျက်ရည်စများ ရှိနေကြပြီး သူတို့၏ ငြိမ်းချမ်းသောဘဝများ ပျက်စီးတော့ မည်ကို သောကရောက်နေကြသည်။ ကျွန်မက သူတို့အနေနှင့် သောကရောက်ရန် မလိုကြောင်း၊ အလုပ်က သက်သေပြခဲ့ပြီဖြစ်ကြောင်း၊ သမ္မတတစ်ယောက်၏ သက် တမ်းမှာလည်း ၈ နှစ်ထက် မပိုနိုင်သဖြင့် စိတ်ဓာတ်မကျရန် အားပေးသည်။

အားလုံး ဆုံးရှုံးသွားပြီဖြစ်သည်။ ထိုသတင်းစကားကိုသာ ကျွန်မတို့

ဆက်လက်သယ်ဆောင် သွားကြရမည်။ မယုံနိုင်သော်လည်း လက်ခံကြရမည်။ ကျွန်မတို့ ခြေလှမ်းများသည် ပိုမိုတိုးတက်သော အနာဂတ်ဆီသို့ ဦးတည်ကြရမည်သာ ဖြစ်သည်။

※

ထိုပန်းချီကားမှာလည်း လူမည်းအမျိုးသမီး ပန်းချီဆရာမ ရေးဆွဲသည့် ပန်းချီကားဖြစ် ပြီး အိမ်ဖြူတော်၏ စုဆောင်းထားသော ပန်းချီကားများထဲတွင် တစ်ကားအပါအဝင် ဖြစ်သွားသည်။

အထူးတလည် အမှတ်တရ ဖြစ်စရာမှာ နံရံတို့၏ အပြင်တွင် ဖြစ်သည်။ လွန်ခဲ့သည့် ၇ နှစ်ခွဲက ကျွန်မ စိုက်ပျိုးခဲ့သော ဥယျာဉ်ခြံမြေက တစ်နှစ်လျှင် ပေါင် နှစ်ထောင်ခန့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်ပေးခဲ့သည်။ ထိုစိုက်ခင်းသည် နှင်း ဒဏ်၊ မိုးဒဏ်၊ လေဒဏ်တို့ကို ကြံ့ကြံ့ခံခဲ့သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က စိုက် ပျိုးထားခဲ့သော National Christmas Tree သစ်ပင်မှာလည်း ၄၂ ပေ အမြင့် ရှိသည်။ သူသည်လည်း ကြံ့ကြံ့ခံနေ၏။ ကျွန်မ အိမ်ဖြူတော်မှ မထွက်ခွာမီ ကျန်ရစ်မည့် အပင်များပင် ဖြစ်ပါသည်။ ဥယျာဉ်အတွင်း၌ ကျွန်မ တတ်နိုင်သမျှ ပြုစုစောင့် ရှောက်ထားခဲ့ပါသည်။

ကျွန်မ ဥယျာဉ်ကိစ္စများ ဆောင်ရွက်နေစဉ် ထောက်ခံအားပေးသူများ၊ ရှေ့နေများ၊ အာဟာရပြည့်ဝစေရန် ကြိုးပမ်းခဲ့စဉ်က ပါဝင်ခဲ့ကြသည့် ကလေးများကို သတိရမိသည်။ သူတို့သည် ယခုအခါတွင် လူကြီးများ ဖြစ်နေပေရော့မည်။ ဆမ်ကာ့စ် အပါအဝင် ကျွန်မဝန်ထမ်း အများစုမှာ ရှိနေကြဆဲပင် ဖြစ်သည်။ ဆမ်ကာ့စ်က ၂၀၁၄ ခုနှစ်တွင် အလုပ်ထွက်သွားခဲ့သော်လည်း ယခု ပြန်လည်ရောက်ရှိလာခဲ့သည်။

ပန်းခြံအတွင်း၌ ပြန်လည်ပြုစုနေကြသော သူတို့ကို ကြည့်ကာ ကျွန်မ စိတ်လှုပ်ရှားမိသည်။ သူတို့အားလုံးကို ကျေးဇူးတင်မိ၏။ မီးရောင်မည်မျှပင် မှိန်နေ စေကာမူ ကျွန်မတို့မိသားစုမှာ အသက်မွေးဝမ်းကျောင်းအလုပ်အရဖြစ်စေ၊ ကိုယ်ရေး ကိုယ်တာအရဖြစ်စေ အများတကာ၏ စူးစိုက်ကြည့်ရှုမှု ခံယူကြရသည်သာ ဖြစ်သည်။ ပထမမိသားစုများဟု အခေါ်ခံရခြင်းကသည်ပင်လျှင် ကျွန်မတို့ပခုံးပေါ်တွင် ကြီးလေး သောတာဝန်များ ကျရောက်စေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ၈ နှစ်ပတ်လုံး ဤ လူငယ်တို့သည် ကျွန်မတို့အား အကူအညီပေးခဲ့ကြသည်။ မလစ်ဆာဆိုလျှင် ကျွန်မ ပထမဦးဆုံး စည်းရုံးရေးခရီးစဉ် ကတည်းက ငှားရမ်းခဲ့သောဝန်ထမ်းဖြစ်၍ ကျွန်မ အပါးတွင် ရှိခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုခန့်ပင် ရှိပြီဖြစ်သည်။ သူ့ကို ကျွန်မက ရာသက်ပန်လုံး မိတ်ဆွေကောင်းတစ်ဦးအဖြစ် လက်တွဲသွားမည်သာ ဖြစ်ပါသည်။ တီနာ

ဆိုလျှင်လည်း အရှေ့ဘက်ဆောင်တွင် ၈ နှစ်ပတ်လုံး ကျွန်မနှင့် ရှိနေခဲ့သည်။ သူက ကျွန်မ၏ ဝန်ထမ်းအကြီးအကဲအဖြစ် တာဝန်ယူပေးခဲ့၏။ ခရစ္စတင်းဂျာဗစ္စ နေရာတွင် စင်နာကလေတန် အမည်ရှိ အလုပ်ကြိုးစားသော မိုင်ယာမီမှ အမျိုးသမီး တစ်ဦးကို အစားထိုးခဲ့သည်။ သူသည်လည်း တစ်ခဏအတွင်းမှာပင် ကျွန်မဘဝအတွက် အရေးပါအရာရောက်သူဖြစ်လာပြီး သမီးများ၏ အစ်မကြီးသဖွယ် ဖြစ်လာ ခဲ့သည်။

ထိုသူအားလုံးနှင့် ပတ်သက်၍ လက်ရှိအခြေအနေနှင့် ယခင် ဝန်ထမ်းများ၏ အခြေအနေတို့ကို ကျွန်မ ချိန်ထိုးစဉ်းစားကြည့်မိသည်။ ကျွန်မ လုပ်ဆောင်မှုအားလုံးမှာ ဂုဏ်ယူစရာဟု ခံစားမိပါသည်။

ကျွန်မနှင့်ပတ်သက်သည့် ဗီဒီယိုများမှာ အင်တာနက်တွင် ပျံ့နှံ့လျက်ရှိရာ ဂျင်မီဖယ်လွန်၊ နာ့ဖ် သို့မဟုတ် လီဘာရွန်ဂျိမ်းစ်နှင့် ဂျေးဖာရို တို့နှင့်လည်း မိခင်တစ်ဦး သဖွယ် တွဲက,ခဲ့ဖူး၍ နာရီပိုင်းအတွင်းမှာပင် တွစ်တာပေါ်သို့ ရောက်လာသည်ကို တွေ့ရသည်။ မည်သို့ပင်ဆိုစေကာမူ ၄၅ သန်းသော ကလေးတို့သည် ကျန်းမာရေးနှင့် ပြည့်စုံသော မနက်စာ၊ နေ့လယ်စာတို့ကို စားသုံးခွင့်ရသွားကြသည်။ ၁၁ သန်းသော ကျောင်းသားတို့သည် တစ်နေ့လျှင် မိနစ် ၆၀ ကိုယ်လက်လှုပ်ရှားခွင့်ရခဲ့ကြသည်။ ထိုအစီအစဉ်တို့မှာ ကျွန်မတို့၏ Let's Move! ဆိုသည့် ကျောင်းတွင်းလှုပ်ရှားမှုအစီ အစဉ်များကြောင့် ဖြစ်သည်။ လူငယ်အားလုံးတို့သည် သန့်ရှင်းလတ်ဆတ်သော အစားအစာတို့ကို စားခွင့်ရသွားကြသည်။ ဆယ်စုနှစ်နှင့်ချီ၍ ကြီးထွားခဲ့သော အသင့် စားသုံးနိုင်သည့် စားဖွယ်ရာများ ပျောက်ကွယ်သွားသည်။

ကျွန်မနှင့် ဂျီးလ်ဘီဒန်တို့ ပူးတွဲဆောင်ရွက်ခဲ့ကြသော အလုပ်၏ ရလဒ်များဟု ဆိုရပါမည်။ ၁ ဒသမ ၅ သန်းသော စစ်ပြန်နှင့် စစ်သည်တို့၏ ဇနီးသည်များ လုပ်ငန်းခွင်သို့ ဝင်ရောက်ခွင့်ရသွားကြသည်။ စည်းရုံးရေးခရီးစဉ်မှ ကြားသိခဲ့ရသော အတတ်ပညာရှင်များ ပြည်နယ်တစ်ခုနှင့် တစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြ ရာတွင် သက်ဆိုင်ရာ ဌာနများမှ အသိအမှတ်ပြုလက်မှတ်များ ထုတ်မပေးခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်ရခြင်းကိုလည်း ကာကွယ်ပေးနိုင်ခဲ့သည်။ ယင်းသို့ လုပ်ဆောင်မှု ကြောင့် တပ်မတော်သားများ၏ ဇနီးတို့မှာ မည်သည့်နေရာသို့ ပြောင်းရွှေ့တာဝန်ထမ်း ဆောင်သည်ဖြစ်စေ အလုပ်လက်မဲ့ မဖြစ်တော့ပေ။

ပညာရေးနှင့်ပတ်သက်၍ ဘားရက်နှင့်ကျွန်မသည် ဒေါ်လာဘီလျံပေါင်း များစွာကို ကမ္ဘာတစ်ဝန်းမှ အမျိုးသမီးငယ်ကလေးများ သူတို့နှင့် ထိုက်သင့်သည့် ပညာသင်ကျောင်းများတွင် ဝင်ရောက် ပညာသင်ကြားနိုင်ရန် သုံးစွဲခဲ့ကြသည်။ Peace Corps လုပ်အားပေးဝန်ထမ်း ၂၈၀၀၀ ကျော်တို့က ကမ္ဘာတစ်ဝန်းမှ

မိန်းကလေးများအတွက် ထိုက်သင့်သည့် လုပ်ငန်းခွင်ပညာရေးများ လေ့ကျင့်သင်ကြားပေးမှု ကြောင့် မိန်းကလေးများ၏ ပညာရေး တိုးတက်မှုရစေခဲ့သည်။ အမေရိကန်ပြည်ထောင်စုတစ် ဝန်းမှာပင် ကျွန်မတို့အဖွဲ့က ကျောင်းနေသည့်အရွယ် လူငယ်များ ပညာသင်ကြားနိုင်ရန် ပညာသင်ထောက်ပံ့ကြေး ပေးခဲ့သည့်အပြင် အဆင့်မြင့်ပညာရေးအတွက်လည်း ထောက်ကူနိုင်ခဲ့သည်။

ဘားရက် သမ္မတဖြစ်လာချိန်တွင် စီးပွားရေးကပ်ဆိုက်နေခဲ့သည်ကို ပြန်လည် ထူမတ်နိုင်ခဲ့၏။ ရာသီဥတုပြောင်းလဲမှု ပဲရစ္စသဘောတူစာချုပ်ကို လုပ်ဆောင်နိုင်ခဲ့ပြီး အီရတ်နှင့် အာဖဂန်နစ္စတန်သို့ ရောက်ရှိနေသော အမေရိကန်တပ်သားပေါင်း များစွာကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ အီရန်နိုင်ငံမှ ကြိုးစားနေသော နျူကလီးယား အစီအစဉ်ကို ပိတ်သိမ်းရန် ကြိုးပမ်းနိုင်ခဲ့သည်။ သန်းနှစ်ဆယ်မျှသော အမေရိကန်တို့ သည် ကျန်းမာရေးအာမခံများ ဝယ်ယူနိုင်ခဲ့ကြ၏။ ဘားရက်၏ သမ္မတသက်တမ်း နှစ်ကြိမ်ကာလအတွင်း ကြီးမားသောပြောင်းလဲမှုများကို လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။ ကျွန်မတို့နှင့် လက်တွဲလုပ်ဆောင်ရသည့် ပုဂ္ဂိုလ်များကို ထိုက်သင့်စွာ ချီးမြှောက်နိုင်ခဲ့သည်။

ကျွန်မတို့အတွက်မှာမူ ပြောင်းလဲမှုဆိုသည်မှာ တိုင်းတာရန် ခဲယဉ်းလှသော်လည်း အရေးပါအရာရောက်လာသည် ဆိုသည့် အတိုင်းအတာအထိ ဆောင်ရွက်နိုင်ခဲ့ ပါသည်။ သက်တမ်းမကုန်ဆုံးမီ ၆ လခန့်အလိုတွင် အနုပညာပြပွဲတစ်ခု၌ ကျွန်မနှင့် ဆုံဖူးသော လင်းမင်နျူရယ်မီရင်းဒါး ဆိုသည့် အနုပညာရှင်ကလေး အိမ်ဖြူတော်သို့ ရောက်လာသည်။ သူ၏ ဟစ်ဟော့ပ်အကသည် ဘရော့ဒ်ဝေးဇာတ်ခုံပေါ်တွင် အောင်မြင်မှုရခဲ့သော ဟာမီလ်တန်အကကို ကျော်ဖြတ်သွားခဲ့ပြီး အမေရိကန်သမိုင်းတွင် အလှည့်အပြောင်း ဖြစ်စေခဲ့သည်။ အမျိုးသမီးတစ်ဦး၏ အရေးပါမှုကို အမျိုးသားများကြားမှ ထိုးဖောက်လာနိုင်ခဲ့သည်။ ဘရော့ဒ်ဝေးဇာတ်ရုံတွင် ကျွန်မ တစ်ကြိမ်ကြည့်ဖူး ရာက နောက်တစ်ကြိမ် ထပ်ကြည့်ခဲ့သည်။ ကြည့်ရသည်မှာ ပျော်စရာကောင်းသကဲ့သို့ ရင်ခုန်ဖွယ်ရာလည်း ကောင်းပါသည်။

လင်းမင်နျူရယ်က သူနှင့်အတူ သူ့အဖွဲ့သားများကို ဝါရှင်တန်သို့ ခေါ်ဆောင်လာခဲ့သည်။ သူတို့ရောက်လာသည့် နေ့လယ်ပိုင်းတွင် အနီးအပါး အထက်တန်းကျောင်းများမှ ကျောင်းသူကျောင်းသားများ ကို ခေါ်ယူထားကာ တွေ့ဆုံပေးခဲ့သည်။ အိမ်ဖြူတော်ထဲတွင် ပြဇာတ်ဆရာများ၊ ကချေသည်များ၊ ရက်ပါများ ရှိနေကြသည်။ သီချင်းတွေရေးကြသည်။ ကျောင်းသားကျောင်းသူများက သူတို့အသည်းစွဲ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရ၍ ပျော်ရွှင်နေကြသည်။ ညနေပိုင်းတွင် ကျွန်မတို့တစ်တွေ စုရုံးကာ အရှေ့ခန်းမဆောင်တွင် တွေ့ကြသည်။

ဘားရက်နှင့်ကျွန်မက ရှေ့ဆုံးတန်း တွင် ထိုင်ပြီး လူဖြူ၊ လူမည်း ကလေးငယ်အားလုံးတို့က နောက်တွင် ထိုင်ကြသည်။ ခရစ္စတိုဖာဂျက်ဆင်နှင့် လင်းမင်နျူရယ်တို့၏ ကပြတင်ဆက်မှုများကို ပျော်ပျော်ပါးပါး ကြည့်ကြသည်။ သူတို့က နောက်ဆုံးအနေနှင့် One Last Time အမည်ရှိ တင် ဆက်မှုကို ကပြကြသည်။ အနုပညာသည်နှစ်ဦး ပေါင်းလိုက်ပြီး လူမည်းတစ်ဦးနှင့် ပွာတိုရီကင်တစ်ဦး ဖြစ်၏။ သက်တမ်း ၁၁၅ နှစ်ရှိပြီဖြစ်သော ဖန်မီးဆိုင်းကြီးအောက် တွင် ဂျော့ချ်ဝါရှင်တန်နှင့် မာသာဝါရှင်တန်တို့၏ ရေးဟောင်းရုပ်တုကြီးများ နောက်ခံ ထားကာ သီချင်းတစ်ပုဒ်ကို သီဆိုကြသည်။ သီချင်းအမည်မှာ “ငါတို့တည်ဆောက်ခဲ့ တဲ့ ဒီနိုင်ငံတော်မှာ ငါတို့ နေသားကျခဲ့ပြီ” ဟု အမည်ရ၏။ ကျွန်မတို့ ခံစားနေရသည့် ခံစားချက်နှင့် ချိန်ကိုက်ပင်ဖြစ်သည့် သီချင်း ဖြစ်ပါသည်။

ဟာမီလ်တန်၏ သီချင်းသံမှာ ကျွန်မခံစားနေရသည့် ရင်တွင်းခံစားချက်ကို ထင်ဟပ်ပေါ်လွင်စေပါသည်။ ကျွန်မတို့အသီးသီး၏ ရင်ထဲ၌ ခံစားချက်ကိုယ်စီ ရှိနေကြသည်။ အမေရိကန်များကို ကျွန်မတို့ ပြောပြလိုသည့် ရင်တွင်းစကားများ ရှိနေကြပါသည်။ ကျွန်မတို့၏ အသားအရေသည် မည်းမှောင်နေသော်ငြား၊ ကျွန်မတို့၏ တင်ပါးများသည် ကြီးထွားနေသော်ငြား ကျွန်မတို့ရင်တွင်း၌ တိုင်းပြည်အား ချစ်သည့်စိတ်သာ မရှိပါလျှင်၊ ကျွန်မတို့ပြောကြားသည့် ဘာသာစကားသည် အခြား ပြည်ပတိုင်းပြည်မှ ဘာသာစကားဖြစ်နေသည် ဆိုပါလျှင် ကျွန်မတို့ လူမည်းများသည် အမေရိကန်များ မဟုတ်နိုင်ပါ။ ထို့ကြောင့် ကျွန်မတို့သည် အမေရိကန်များသာ ဖြစ်ကြသည် ဆိုသည်ကို လက်ခံနိုင်ကြရပေမည်။

ကျွန်မသည် ငယ်စဉ်ကတည်းက မသန်စွမ်းဖြစ်နေသော ဖခင်ဖြစ်သူနှင့် အိမ်ခန်းကလေး တစ်ခန်းထဲတွင် နေထိုင်ကြီးပြင်းခဲ့ရသည်။ ငွေကြေးများများစားစား မရှိပါ။ သို့သော် ကျွန်မ ကြီးပြင်းရာပတ်ဝန်းကျင်တွင် ချစ်ခြင်းမေတ္တာနှင့် ဂီတသံတို့ ရှိခဲ့သည်။ ပညာသင်ကြားခွင့် ရှိခဲ့သည်။ ကျွန်မတွင် ဘာမျှမရှိဟု ဆိုနိုင်သကဲ့သို့ ပြီးပြည့်စုံသည်ဟုလည်း သုံးသပ်နိုင်ပါသည်။ မည်ကဲ့သို့ သုံးသပ်မည်ဆိုသည်မှာ သုံးသပ်သူ၏ အပေါ်တွင်သာ တည်မှီပါလိမ့်မည်။

ဘားရက်၏ သမ္မတသက်တမ်း ကုန်ဆုံးခါနီးပြီဖြစ်သည်။ ထိုနည်းအတူ အမေရိကန်ပြည်ထောင်စု၏ ကြမ္မာကိုလည်း တွေးနေမိသည်။ ကျွန်မ တိုင်းပြည်ကို ကျွန်မ ချစ်သည်။ ဆယ်စုနှစ်တစ်ခုနီးပါး ကျွန်မ တွန်းလှန်နိုင်သမျှ တွန်းလှန်ရန် ကြိုးစားခဲ့ပါသည်။ ခါးသီးသော ထိပ်တိုက်ရင်ဆိုင်မှုများ၊ စိတ်ကူးစိတ်သန်းများကို လည်း ကြုံခဲ့ပါသည်။ ကျွန်မသည် အခြားသူများနှင့်မတူသော ရှုထောင့်မှ သုံးသပ် တတ်သူဖြစ်သဖြင့် ကြုံခဲ့သည့် ၈ နှစ်တာအတွင်း အတတ်နိုင်ဆုံး တိုးတက်မှုရစေရန်

ကြိုးပမ်းခဲ့သည် ဖြစ်သည်။ ကိုယ်တိုင်ပါဝင်ခြင်း မရှိတော့သော်ငြားလည်း မိုန်ပျပျ အလင်းရောင်အောက်မှ နေ၍ ဆက်လက်ကပြသူများ၏ ပြကွက်တို့ကို ကြည့်ရှုရပေဦးမည်။ မည်သို့ပင် ဖြစ်လာစေကာမူ ယခု တင်ပြခဲ့သည်များက ကျွန်မတို့၏ လုပ်ဆောင်မှုသက်သက်သာ ဖြစ်တော့သည်။

※※※

နိဂုံး

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဘားရက်နှင့်ကျွန်မသည် အိမ်ဖြူတော်၏ ပန်းခြံအတွင်း နောက်ဆုံးလမ်းလျှောက်ခြင်းအဖြစ် လမ်းလျှောက်နေ ကြသည်။ ကျွန်မတို့နှင့်အတူ နောက်တက်မည့် သမ္မတ ဒေါ်နယ်ထရန့်နှင့် မီလား နီးယားထရန့်တို့လည်း ပါဝင်သည်။ သူတို့က ကျမ်းသစ္စာကျိန်ဆိုပွဲအတွက် ရောက်ရှိလာကြခြင်းပင် ဖြစ်သည်။ ထိုနေ့၏ ခံစားချက်ကို ပြောပြပါဆိုလျှင် ကျွန်မသည် ပင်ပန်းခြင်း၊ ဂုဏ်ယူခြင်း၊ စိတ်အားထက်သန်ခြင်းတို့ ပြည့်နှက်နေသည်။ စိတ်နှင့်ကိုယ် ကပ်ရန် ကြိုးစားနေသည်ဟု ဆိုလျှင် မမှားပါ။ ဘားရက်နှင့်ကျွန်မက အာဏာလွှဲ ပြောင်းပေးခြင်းကို ကျက်သရေရှိစွာ၊ ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်ပေးရန် ဆုံးဖြတ် ထားပြီးဖြစ်သဖြင့် ဤကိစ္စ ဆောင်ရွက်ပြီးလျှင် ကျွန်မတို့၏ ၈ နှစ်သက်တမ်းမှာ လည်း ကုန်ဆုံးသွားပြီဖြစ်သည်။ ထို့ကြောင့် သမ္မတနှင့် သမ္မတကတော်၏ နောက်ဆုံး နာရီပိုင်းဟုလည်း ပြော၍ ရပါမည်။

ထိုနေ့ မနက်က ဘားရက်သည် ဘဲဥပုံရုံးခန်းသို့ နောက်ဆုံးသွားရောက်ခြင်း ဖြင့် သွားရောက်ကာ နောက်ဆက်ခံမည့် သမ္မတအတွက် သူ့လက်ရေးဖြင့် ဆက်လက် လုပ်ဆောင်ရန်တို့ကို ရေးမှတ်ထားသည်။ ထို့နောက် အိမ်ဖြူတော်အတွင်း နိုင်ငံတကာ သံတမန်များ စုဝေးရာနေရာတွင် အိမ်ဖြူတော်၏ ဝန်ထမ်းများအား စုဝေးစေကာ နှုတ်ဆက်စကား ဆိုကြပါသည်။ စားဖိုမှူးများ၊ ဧည့်ကြိုများ၊ စားပွဲထိုးများ၊ အိမ်တော် ထိန်းများ၊ ပန်းအလှပြုပြင်သူများနှင့် ကျွန်မတို့အား ခင်မင်ရင်းနှီးစွာ ဝိုင်းဝန်းကူညီခဲ့ကြသည့် မိသားစုတို့ကို နှုတ်ဆက်ကြသည်။ ထိုနှုတ်ဆက်ပွဲများမှာ ဆာရှာနှင့် မလီယာတို့အတွက် အတော်ပင်ခံစားရသော နှုတ်ဆက်ပွဲများ ဖြစ်ပါသည်။ သူတို့ သက်တမ်း တစ်ဝက်မျှ ဤဝန်ထမ်းများနှင့် နေ့စဉ်နေ့တိုင်း ထိတွေ့ဆက်ဆံခဲ့ကြရသည်။ ဝန်ထမ်းတစ်ဦးချင်းအား ဖက်ယမ်းနှုတ်ဆက်စဉ်တွင် မငိုမိရန် ကျွန်မ ကြိုးစားပါသည်။ သူတို့က ပန်းချီကားတစ်ချပ်ဖြင့် ကျွန်မတို့ကို လက်ဆောင်ပြန်ပေးသည်။ နိုင်ငံတော်အလံနှစ်လက် ဖြစ်ပါသည်။ အလံတစ်ခုမှာ ဘားရက်သမ္မတအဖြစ် အိမ်ဖြူတော်သို့ စတင်ရောက်ရှိလာသည့်နေ့က လွှင့်ထူခဲ့သော အလံဖြစ်ပြီး နောက် တစ်ခုက နောက်ဆုံးနေ့တွင် လွှင့်ထူခဲ့သော အလံ ဖြစ်ပါသည်။ ထိုအလံနှစ်ခုကြား သက်တမ်းမှာ ကျွန်မတို့မိသားစု၏ ဘဝပင် ဖြစ်ပါတော့သည်။

အမေရိကန်ပြည်ထောင်စု၏ လွှတ်တော်အဆောက်အဦးရှေ့တွင် တည် ဆောက်ထားသော ကျမ်းသစ္စာကျိန်ဆိုမည့် စင်မြင့်ပေါ်သို့ တတိယအကြိမ်အဖြစ်

တက်ရောက်ရစဉ် ကျွန်မစိတ်တို့ လှုပ်ရှားနေပါသည်။ ဘားရက် ကျမ်းသစ္စာကျိန်ဆို ခဲ့သော ကာလတို့သည် လွန်မြောက်ခဲ့ပြီ။ သူ့နေရာတွင် လူဖြူသမ္မတတစ်ယောက် ဆက်ခံတော့မည်ဖြစ်၍။ ကျွန်မတို့ သက်တမ်းတစ်လျှောက်တွင် လူဖြူသမ္မတတို့ ဤ နေရာ၌ အကြိမ်ပေါင်းများစွာ ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်မှာ ကျွန်မ ငယ်စဉ်ဘဝ ကတည်းက မှတ်မိနေပါသည်။ ပြောင်းလဲမှုမရှိသည့်ကြားမှ ဘားရက် သစ္စာကျိန်ဆိုသည့် နှစ်ကြိမ်သာ ပြောင်းလဲခဲ့ပါသည်။

စင်မြင့်ပေါ်မှ ကြည့်လိုက်သည့်အခါ လူပေါင်းသုံးရာခန့် ဧည့်ပရိသတ် ရှိနေသည်။ အိမ်ဖြူတော်သို့ သူတို့ ဝင်ရောက်လျှင်လည်း အိမ်ဖြူတော်ဝန်ထမ်းများက ဤသို့ပင် ကြိုဆိုကြရပေဦးမည်။ ခေါင်းထဲသို့ ဝင်လာသမျှ အတွေးများကို ခါထုတ်ပစ် လိုက်ပြီး စင်မြင့်ပေါ်၌ ကျွန်မ ပြုံးရန် ကြိုးစားလိုက်ပါသည်။

※

ကျမ်းသစ္စာကျိန်ဆိုမှုမှာ ပုံမှန်အတိုင်းပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာစာအုပ် ပေါ်တွင် လက်တစ်ဖက်တင်ကာ တိုင်ပေးသည့် ကျမ်းသစ္စာစကားကို လိုက်ဆိုခြင်း သာ ဖြစ်၍။ သမ္မတသစ်တစ်ယောက်၏ တာဝန် စတင်ချိန်၌ သမ္မတဟောင်းတစ်ယောက်၏ တာဝန်မှာ ပြီးဆုံးသွားပြီဖြစ်သည်။ ဗီရိုများကို ရှင်းလင်းခဲ့ကြသည်။ နောက်လာမည့်သူက အသစ် ဖြစ်သည်။ ဤပုံစံအတိုင်းပင် ဖြစ်ပါသည်။ ခေါင်းအုံး အသစ်များပေါ်တွင် ခေါင်းအသစ်တို့ ရောက်ရှိလာပေလိမ့်မည်။ အိပ်မက်အသစ်တို့ ဖော်ကျူးကြပေမည်။ ကျွန်မတို့မှာ သက်တမ်းကုန်ဆုံးပြီဖြစ်၍ အိမ်ဖြူတော်ကို စွန့်ခွာကြရတော့မည်ဖြစ်သည်။ နောက်လာမည့်သူများက အိမ်ဖြူတော်အား သူတို့စိတ်ကြိုက် မွမ်းမံကြပေလိမ့်မည်။

ကျွန်မအနေဖြင့် ဘဝတစ်ခုကို အသစ်စတင်ရတော့မည် ဖြစ်သည်။ နှစ်ပေါင်းများစွာအတွင်း နိုင်ငံရေးသမားတစ်ယောက်၏ ဇနီးမယားအဖြစ် လှုပ်ရှားခဲ့ရသည်။ ကျွန်မတွင် အရွယ်ရောက်လုနီးပြီဖြစ်သော သမီးနှစ်ယောက်ရှိရာ ယခုအချိန် တွင် သူတို့က ကျွန်မကို ပိုလိုအပ်လိမ့်မည် ထင်သည်။ ခင်ပွန်းသည်မှာမူ တိုင်းပြည်၏ ကြီးလေးသောတာဝန်ကို သူ့ပခုံးပေါ်တွင် ထမ်းဆောင်ထားခဲ့ရာက လွတ်လပ်သွားပြီ ဖြစ်သည်။ ယခု ကျွန်မတာဝန်မှာ ဆာရှာ၊ မလီယာနှင့် ခင်ပွန်းသည် ဘားရက်တို့နှင့် တကွ တိုင်းပြည်အတွက် လုပ်သင့်လုပ်ထိုက်သည်များကို ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းရပေမည်။ သို့သော် သမ္မတကတော်ကဲ့သို့ အချိန်ပြည့် လုပ်ဆောင်ရန် မလိုအပ်တော့ဘဲ ဖြည်းဖြည်းနှင့် မှန်မှန် လုပ်ဆောင်သွားရမည်သာ ဖြစ်သည်။ ကျွန်မအသက်အရွယ်မှာလည်း ၅၄ နှစ်ရှိပြီဖြစ်၍ ဆက်လက် ကြိုးပမ်းသွားရန် လုပ်ဆောင်ရဦးမည်။

ကျွန်မအတွက် "ဖြစ်တည်ခြင်း"ဆိုသည်မှာ ရည်မှန်းထားသည့်နေရာတစ်ခုသို့ ရောက်ရှိသွားပြီး ကျောက်ချရပ်နားရမည့်နေရာ မဟုတ်ပါ။ ရှေ့သို့ ဆက်လက်၍သာ လှုပ်ရှားရဦးမည်ဖြစ်သည်။ ခရီး မဆုံးသေးပါ။ မိခင်တစ်ယောက် ဖြစ်လာပြီမှန်သော်လည်း ကျွန်မကလေးများအတွက် ပေးဆပ်နိုင်သည်များကို ဆက်လက်ပေးဆပ်ရဦး မည်ဖြစ်၍ လေ့လာရပေဦးမည်။ ဇနီးမယားတစ်ယောက်အနေဖြင့် အချစ်စစ်အချစ်မှန် တွေ့ရှိခဲ့ပြီး ဘဝခရီးကို အတူလျှောက်ခဲ့ကြသည်။ ဆက်လက်၍လည်း လုံခြုံစိတ်ချစွာ ဖြင့် လျှောက်နိုင်ဦးမည်ဟု ယုံကြည်မိပါသည်။

ဖြစ်တည်နိုင်ရန်အတွက် ကျွန်မတို့သည် နိုင်ငံရေးခရီးလမ်းတစ်လျှောက်တွင် အတူတကွ လျှောက်လှမ်းခဲ့ကြသည်။ ဖြစ်တည်နိုင်ရန်အတွက် လိုအပ်သော စိတ်ရှည် သည်းခံခြင်းနှင့် ပြစ်တင်ဝေဖန် ရှုတ်ချခံရခြင်း တို့ကိုလည်း ခံစားရသည်။ သို့သော် နည်းသည့်အခါကမျှ အရှုံးမပေးခဲ့ဘဲ ဆက်လက်ဖြစ်တည်သွားရန် ကြိုးစားသွားမည် သာ ဖြစ်ပါသည်။

လူအတော်များများက မေးလေ့မေးထရှိသော မေးခွန်းတစ်ခုကို ကျွန်မ ဤနေရာမှပင် တိုက်ရိုက်ဖြေဆိုလိုက်ပါမည်။ သူတို့က ကျွန်မအနေနှင့် သမ္မတရွေးကောက်ပွဲ ဝင်မည်လားဟု စိတ်ဝင်စားကြသည်။ မည်သည့်အခါကမျှ နိုင်ငံရေးကို စိတ်မဝင်စားခဲ့ပါ။ လွန်ခဲ့သည့် ဆယ်နှစ်ကာလက ပါဝင်လုပ်ဆောင်ခဲ့သည် ဆိုသည်မှာလည်း ခင်ပွန်းသည် ကြိုးပမ်းသည့် ပြောင်းလဲရန်ကိစ္စကို ပါဝင်ဆောင်ရွက်ပေးခြင်း သာ ဖြစ်ပါသည်။ အများစုသည် နိုင်ငံတော်၏အလံဖြစ်သော အနီနှင့်အပြာကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် ကွဲလွဲကာ ရှုတ်ချပြောဆိုခြင်းသာ ပြုလုပ်နေကြသည်။ တစ်ခါ တစ်ရံတွင် ရိုင်းစိုင်းသည့်အဆင့်သို့ပင် ရောက်ရှိလာကြ၏။ ကျွန်မ ယုံကြည်သည်က နိုင်ငံရေးဆိုသည်မှာ တိုင်းပြည်အတွက် ကောင်းသောဘက်သို့ ပြောင်းလဲရန် ကြိုးစားခြင်းသာ ဖြစ်ပါသည်။ သို့သော် ကျွန်မတို့ဖြစ်နေသည်မှာ နိုင်ငံရေးသည် သတ်ကွင်း တစ်ခုပမာ ဖြစ်နေ၏။

ဤသို့ ပြောလိုက်သဖြင့် နိုင်ငံ၏အနာဂတ်အတွက် ကျွန်မ လုံးဝဂရုမစိုက် ဟု ပြောဆိုခြင်းမဟုတ်ပါ။ ဘားရက် သမ္မတသက်တမ်း ကုန်ဆုံးသွားပြီးနောက်တွင် သတင်းပေါင်းစုံ ကြားရသည်။ ထိုသတင်းများက ကျွန်မတို့အား ရင်နာစေပါသည်။ တစ်ခါတစ်ရံ ညများတွင် အိပ်မပျော်နိုင်အောင် ရှိရသည်။ ရှေ့ဆက် ကြုံရမည်ကို တွေးတောနေခြင်းပင် ဖြစ်ပါသည်။ လက်ရှိသမ္မတ၏ နိုင်ငံရေးဆောင်ရွက်မှုများ ကြောင့် အမေရိကန်တို့သည် တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချနိုင်ရန် မဖြစ်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာကြသည်။ သတိကြီးစွာဖြင့် တည်ဆောက်ခဲ့သော နိုင်ငံရေး မူဝါဒတို့မှာ ပြိုလဲသွားခဲ့ပြီဖြစ်သည်။ ကျွန်မတို့ လုပ်ဆောင်ခဲ့သမျှကို

ပြစ်တင်ဝေဖန် ရှုတ်ချနေကြောင်း နီးစပ်သည့် အသိုင်းအဝိုင်းမှ ကြားရသည်။ ထို့ကြောင့် တစ်ခါတစ်ရံ၌ အတော်ပင် စိတ်ပျက်မိပါသည်။

ကျွန်မသာဆိုလျှင် အရာရာကို အဆိုးမြင်ဝါဒဖြင့် ရှုမြင်မိမည် မဟုတ်ပါ။ အလွန်အမင်း စိတ်ပူရသော ပင့်သက်ရှိုက်ကာ ကိုယ့်သိက္ခာနှင့်ကိုယ် နေနိုင်ရန် ကြိုးစားရသည်။ ကျွန်မတို့ အိမ်ဖြူတော်တွင် ရှိနေစဉ်ကာလ၌ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားခဲ့သည်။ ကျွန်မတို့နည်းတူ အခြားပုဂ္ဂိုလ်များလည်း ဆောင်ရွက်ကြ လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ဒီမိုကရေစီဘောင်အတွင်း၌ အစစအရာရာ ဆောင် ရွက်ခဲ့ကြသည်။ မဲဆန္ဒရှင် တစ်ဦးချင်းစီ၏ အရေးပါမှုကို သတိထားသင့်သည်။ ဘားရက် သမ္မတ မဟုတ်တော့သော်လည်း ကျွန်မကမူ တိုင်းပြည်၌ ဖြစ်ပျက်နေသမျှ ကို မျက်ခြည်မပြတ် လေ့လာနေမိ၏။ ကျွန်မတို့မိသားစုသည် လျူးစစ်ရိပ်သာလမ်း ပေါ်တွင် နေထိုင်ကာ ကြီးပြင်းခဲ့ကြသူများ ဖြစ်သည်။ အဖေသည် ဒုက္ခိတတစ်ဦးဖြစ် သော်လည်း သူ့ကိုယ်၌ ဘာမှမဖြစ်သကဲ့သို့ ခံယူကာ ပုံမှန်လှုပ်ရှားခဲ့သည်။ အမေက လည်း ပတ်ဝန်းကျင်နှင့်ပတ်သက်၍ ခေါင်းမာလှသည်။ အိမ်နီးချင်းများ ပြောင်းရွှေ့ သွားကြသော်လည်း ကျွန်မတို့မိသားစုမှာ မပြောင်းမရွှေ့ပင် နေခဲ့ကြသည်။ စစ်ဒလီ တွင် ကျွန်မ အလုပ်လုပ်ကိုင်နေစဉ်ကာလ ကျွန်မရှေ့သို့ ရောက်ရှိလာသော ဘားရက်၏ မျက်နှာပေါ်တွင် မျှော်လင့်ချက်များစွာဖြင့် ပြုံးနေခဲ့သည်ကို သတိရမိသည်။ ထိုအပြုံးများက နောင်တွင် သူ့အား ကျွန်မ ယုံကြည်စိတ်ချနိုင်စေရန် ခွန်အားပေးခဲ့သည်။ သူ့ကြောင့်သာ ကျွန်မတို့ လုံခြုံပျော်ရွှင်သောဘဝ၌ နေနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သူ့အပြုံးကို ယုံကြည်ခဲ့ခြင်းကြောင့် ကျွန်မဘဝတွင် မည်သည့်အခါ ကမျှ ရောက်နိုင်လိမ့်မည်ဟု မမျှော်လင့်နိုင်သည့် နေရာသို့ ရောက်ရှိကာ သမ္မတကတော် ဖြစ်လာခဲ့သည်။ ဝေါလ်တာရိဒ်ဆေးရုံတွင် ဒဏ်ရာရနေသော တပ်မတော်သားသည် သူ့အခန်းတံခါး၌ စာတိုကလေးရေးကာ ကပ်ထားခြင်းကို ကျွန်မ သတိရမိသည်။ လူတိုင်းက သူသည် ကြံ့ခိုင်သည့်အပြင် မျှော်လင့်ချက်အပြည့်ရှိသူဟု အသိအမှတ်ပြုရသည်။ ကာလီယိုပါထရာ ကောင်လီပဲန်ဒယ်လ်တန်သည် သမီးကို စွန့်လွှတ်ခဲ့ရသော် လည်း မျှော်လင့်ချက်ထားကာ ကြံ့ကြံ့ခံခဲ့သည်။ သူ့ကြောင့် လက်နက်ထိန်းချုပ်ရေး ဥပဒေ ပေါ်ပေါက်ခဲ့ရသည်။ ကလေးများ၏ ရင်တွင်း၌လည်း စွဲစွဲမြဲမြဲ ရှိစေခဲ့သည်။ ကလေးတို့ နံနက်မိုးလင်း အိပ်ရာမှ ထသည်နှင့်တစ်ပြိုင်နက် အာဟာရပြည့်ဝစွာ စားသုံးခွင့်ရခဲ့ကြသည်။ ထို့ကြောင့် ကျွန်မတို့အနေနှင့် ထိုလမ်းစဉ်ကို တစ်ကမ္ဘာလုံး ဆက်လက်ကျင့်သုံးသွားရန် လိုအပ်လှပေသည်။ မျှော်လင့်ချက်များဖြင့် ကြံ့ကြံ့ခိုင်ခိုင် အသိပညာတို့ ဆက်လက်တိုးပွားစေရန်လည်း ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ဝါရှင်တန်ရှိ National Portrait Gallery တွင် ဘားရက်နှင့် ကျွန်မတို့၏ ပုံတူများ ချိတ်ဆွဲထားပါသည်။ အကယ်၍ တစ်စုံတစ်ယောက်က ကျွန်မတို့နှစ်ယောက်၏ ငယ်ဘဝများကိုသာ သိရှိထားသည် ဆိုပါက ဤနေရာသို့ ရောက်လာလိမ့် မည်ဟု မည်သူကမျှ ခန့်မှန်းမိမည် မဟုတ်ပါ။ ပန်းချီကားများက ချစ်စရာကောင်းသည့် လူငယ်များ ကြည့်လျှင် ကျွန်မတို့မျက်နှာကို စေ့စေ့ကြည့်ကာ ကျွန်မတို့ ဆောင်ရွက်ခဲ့သည့် သမိုင်းကြောင်းကို သိစေချင်လှပါသည်။ ကျွန်မတို့ကဲ့သို့သော ပုဂ္ဂိုလ်များသည်ပင်လျှင် ဤသို့ ဆောင်ရွက်နိုင်သည်ဆိုပါက အခြားသူများလည်း ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျွန်မသည် သာမန်လူမည်းအမျိုးသမီးတစ်ဦးသာ ဖြစ်ပါသည်။ ထိုသို့သော အခြေအနေမှ တိုင်းပြည်၏ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်။ ကျွန်မကြုံတွေ့ ခဲ့သမျှကို မျှဝေသည့်အနေဖြင့် ရေးသားဖော်ပြခဲ့ခြင်းဖြစ်ရာ အခြားပုဂ္ဂိုလ်များလည်း သူတို့အတွေ့အကြုံ၊ သူတို့ လျှောက်လှမ်းခဲ့သော လမ်းတို့ကို ရေးနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ကံကောင်းထောက်မစွာဖြင့် ကျွန်မသည် ကျောက်စိုင်ကျောက် သားများဖြင့် တည်ဆောက်ထားသော ရဲတိုက်ကြီးများကိုလည်း ရောက်ခဲ့ဖူးပါသည်။ ဆင်ခြေဖုံးမှ သာမန် စာသင်ခန်းများ၊ အိုင်အိုဝါမှ မီးဖိုချောင်များသို့လည်း ရောက်ခဲ့ဖူး ပါသည်။ ကျွန်မအတွက် ဖွင့်ထားသော တံခါးမှန်သမျှမှ လှည့်လည်ကြည့်ရှုခဲ့သည်။ သူတစ်ပါးတို့အတွက်လည်း ကျွန်မ တံခါးများ ဖွင့်ခဲ့ပါသည်။ နောက်ဆုံးပိတ်အနေဖြင့် ကျွန်မပြောလိုသည်မှာ တစ်ဦးကိုတစ်ဦး ဖိတ်ခေါ်ကြစေချင်သည်။ သို့မှသာ အကြောက်တရားကင်းမဲ့သည့် နိုင်ငံတော်ဖြစ်လာပြီး ဘက်လိုက်ခြင်းကင်းကာ လူဖြူ၊ လူမည်းကြားတွင် ခွဲခြားဆက်ဆံခြင်းတို့လည်း ကင်းမဲ့သွားမည်ဟု ယုံကြည်ပါသည်။ ကျွန်မတို့အားလုံးသည် လူသားအားလုံး အတူတူသာဖြစ်ပါသည်။ လူဖြစ်၍ မည်သူမျှ ခြောက်ပြစ်ကင်း သဲလဲစင် မရှိပါ။ မိမိ ရောက်ရှိနေသောနေရာတွင် အကောင်းဆုံး ဆောင်ရွက်နိုင်ရန်သာ ကြိုးစားကြရမည် ဖြစ်ပါသည်။ ယခု စာအုပ်ကို ကျွန်မသည် အများသိစေရန် ရည်ရွယ်ပြီး ရေးသားခြင်းဖြစ်ရာ ကျွန်မနည်းတူ အခြားပုဂ္ဂိုလ်များ၏ အကြောင်းအရာများကိုလည်း သိချင်၊ ကြားချင်ကြပေလိမ့်မည်။ ပြောခဲ့သမျှသည် "ကျွန်မတို့၏ ဖြစ်တည်မှု"ပင် ဖြစ်ပါတော့သည်။

※※※

ကျေးဇူးတင်ရှိခြင်း

ကျွန်မဘဝတစ်လျှောက်တွင် လုပ်ခဲ့သမျှအားလုံးတို့ကို မှတ်တမ်းတစ်ခု အဖြစ် ရေးသားခဲ့ခြင်းဖြစ်ပြီး ဤသို့ ရေးသားနိုင်ရန် အခြားသူများ၏ ချစ်ခင်မှုနှင့် ထောက်ခံအားပေးမှု မပါရှိပါက ဖြစ်နိုင်မည် မထင်ပါ။

ယနေ့ ဖြစ်တည်နေသော ကျွန်မသည် မိခင်ဖြစ်သူ မာရီယန် ရှီးလ်ရော်ဘင်ဆင်၏ အကြွင်းမဲ့အချစ်နှင့် ထိန်းကျောင်းမှု မပါဝင်ပါက ဖြစ်တည်လာနိုင်မည် မထင်ပါ။ အမေသည် ကျွန်မ၏ ထာဝရကျောက်ဆောင်တစ်ခုပင် ဖြစ်ပါသည်။ ကျွန်မအား လွတ်လပ်မှုပေးခဲ့သည်။ သို့သော် ကျွန်မ ခြေထောက်များ မြေကြီးနှင့် ကင်းကွာမသွားစေရန် ထိန်းချုပ်ပေးထားပြန်သည်။

ကျွန်မသမီးများအပေါ်တွင်လည်း အမေသည် အနှိုင်းမဲ့ ချစ်ခင်ပြီး သူ့အရေးထက် ကျွန်မတို့ကိစ္စကို ဦးစားပေးဆောင် ရွက်ကာ နှစ်သိမ့်မှုပေးခြင်း၊ ယုံကြည်မှုပေးခြင်းတို့ဖြင့် လုံခြုံစိတ်ချရသော ကျွန်မတို့၏ မိသားစုကမ္ဘာထဲတွင် ရှင်သန်စေခဲ့သူ ဖြစ်ပါသည်။

ကျွန်မခင်ပွန်းသည်၊ ကျွန်မချစ်သူ၊ ယနေ့အထိ ၂၅ နှစ်လုံးလုံး လက်တွဲခဲ့သူ ဘားရက်သည် ကျွန်မသမီးများ၏ ချစ်မြတ်နိုးခြင်းခံရသော ဖခင်ကောင်းတစ်ယောက်လည်း ဖြစ်ပါသည်။ သူသည် ကျွန်မဘဝတစ်လျှောက်လုံး လက်တွဲဖော်ဖြစ်လိမ့်မည်ဟု စိတ်ကူးခဲ့သည့်အတိုင်း ဖြစ်လာခဲ့သည်။ ကျွန်မတို့ ဇာတ်လမ်းမှာ ဆက်လက်ကပြနေဆဲဖြစ်၍ နောက်ထပ် မည်ကဲ့သို့သော စွန့်စားခြင်းများ ကြုံလာဦးမည်ဆိုသည်ကို မသိသေးပေ။ ဤစာအုပ်ရေးနိုင်ရန်အတွက် လမ်းညွှန်ပေးခြင်း၊ ကူညီပေးခြင်းတို့ကို ကျေးဇူးတင်ပါသည် ဘားရက်။ သူက အခန်းကဏ္ဍတိုင်းကို စိတ်ရှည်စွာ ဂရုတစိုက် ဖတ်ရှုပေးခဲ့သည်။

နောက်ထပ် ကျေးဇူးတင်ရမည့်သူတစ်ဦးမှာ ကျွန်မအစ်ကို ခရိတ် ဖြစ်သည်။ သူနှင့်ပတ်သက်၍ မည်သည့်နေရာမှ စတင်ပြောရမည် ဆိုသည်ကိုပင် မသိတော့ပါချေ။ သူသည် ကျွန်မ မွေးကတည်းက ပြုစုစောင့်ရှောက်ကာကွယ်ပေးခဲ့သူ ဖြစ်သည်။ ဘဝတွင် ခရိတ်သည် ကမ္ဘာပေါ်၌ ကျွန်မကို ရယ်မောစေရန် ဆောင်ရွက် နိုင်ဆုံးသူ ဖြစ်ပါသည်။ နှမတစ်ယောက်အတွက် အကောင်းဆုံးအစ်ကိုဟု ဆိုနိုင်ပြီး ချစ်တတ်သော၊ ဂရုစိုက်တတ်သော ခင်ပွန်းကောင်းတစ်ယောက်နှင့် ဖခင်ကောင်း တစ်ယောက်လည်း ဖြစ်သည်။ ကလေးဘဝမှ အကြောင်းများကို ပြန်ပြောင်းရေးသားရာတွင် အစဖော်ပေးခဲ့သည်များကို ကျေးဇူးတင်ပါသည်။ ဤစာအုပ်ရေးသားရာ၌ ဖော်ပြခဲ့သော မောင်နှမနှစ်ယောက် အတူနေသည့်ကာလများ၊ မိခင်ဖြစ်သူ

မီးဖိုချောင် ၌ ချက်ပြုတ်နေစဉ် ပုံတိုပတ်စများပြောကာ ထိန်းထားနိုင်ခဲ့သော အစ်ကို ခရိတ်ကို ကျေးဇူးတင်ပါသည်။

ကျွန်မဘဝဇာတ်ကြောင်းနှင့် ပတ်သက်၍ ဤစာအုပ်ကိုရေးသားရာ၌ ကျွန်မအဖွဲ့သည် ကျေးဇူးတင်ထိုက်သူများကြားတွင် ချန်လုပ်၍မရသောအဖွဲ့ ဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က ဆာရာကောဘက်ကို တွေ့ဆုံရာ သူသည် ကျွန်မ၏ အယ်ဒီတာဖြစ်သူက လေးစားသူတစ်ဦးဖြစ်ကြောင်းနှင့် နိုင်ငံရေးနှင့် ပတ်သက်၍ အနည်းငယ်သာ သိသူဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ယနေ့ကာလတွင်မူ ကျွန်မသည် သူ့ကို လုံးဝဥဿုံ ယုံကြည်မိပြီ ဖြစ်သည်။ သူသည် ကြင်နာတတ်သည့် လူသားတစ်ဦးဖြစ်ခြင်းကြောင့်ပင်။ သူနှင့်ကျွန်မ၏ ရင်းနှီးမှုသည် ယခုမှ အစဟု ဆိုသော်လည်း ထာဝရ ဖြစ်တည်သွားမည်ဟု ယုံကြည်ပါသည်။

တိုင်လာလက်ချ်တဲန်ဘာ့ဂ်မှာ အိုဘားမား၏ အဖွဲ့ဝင်အဖြစ် ဆယ်စုနှစ်မက ရပ်တည်ခဲ့သူ ဖြစ်သည်။ သူသည် ကျွန်မတို့ဘဝထဲသို့ အိုင်အိုဝါမှ စည်းရုံးရေးမှူးတစ်ယောက်အဖြစ် ဝင်ရောက်လာခဲ့သူဖြစ်ပြီး ထိုစဉ်မှ စတင်ကာ ယုံကြည်စိတ်ချရသည့် အကြံပေးအဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ကျွန်မ သူ့ကိုစောင့်ကြည့်ရင်း ခွန်အားကြီးမားသော စာရေးဆရာအဖြစ် အနာဂတ်မှာ ထွန်းလင်းတောက်ပမည်ဟု ယုံကြည်မိပါသည်။

ကျွန်မ၏ အယ်ဒီတာ မော်လီစတန်းသည် စိတ်ပါဝင်စားစွာ ခွန်အားစိုက် ထုတ်ပြီး ကျွန်မအား မပြတ်တမ်း ဆွဲဆောင်ထားခဲ့သည်။ မော်လီသည် ကျွန်မအား ဤစာအုပ်ကို ရေးသားရာ၌ တွေဝေခြင်းမရှိစေရန် အစဉ်မပြတ် တိုက်တွန်းအားပေးခဲ့သည်။ ထို့ကြောင့် မော်လီနှင့် ခရောင်းစာအုပ်တိုက်အဖွဲ့သားများ ဖြစ်ကြသော Maya Mavjee, Tina Constable, David Drake, Emma Berry နှင့် ဤစာအုပ် စရေးစဉ်ကတည်းက တိုက်တွန်းအားပေးခဲ့သော Chris Brand တို့ကိုလည်း ချန်လုပ်ထား၍ မရပေ။ Amanda D'Acierno, Lance Fitzgerald, Sally Franklin, Carisa Hays, Linnea Knollmueller, Matthew Martin, Donna Passannante, Elizabeth Rendfleisch, Anke Steinecke, Christine Tanigawa Dan Zitto တို့၏ အားပေး တိုက်တွန်းမှုကြောင့်သာ “ဖြစ်တည်ခြင်း”ကို ကျွန်မ ရေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ နောက်ထပ် ကျေးဇူးတင်လိုသည့် သူတစ်ဦးမှာ Penguin Random House စာအုပ်တိုက်မှ Markus Dohle ဖြစ်သည်။ သူသည် နောက်ကွယ်မှနေ၍ တိုက်တွန်းအား ပေးခဲ့သည်။

ကျွန်မ၏နောက်ကွယ်မှ အဖွဲ့သာမရှိပါလျှင် မိခင်တစ်ယောက်၊ ဇနီးတစ်ယောက်၊ မိတ်ဆွေတစ်ယောက်၊ အတတ်ပညာရှင်တစ်ယောက်အဖြစ် ရပ်တည်နိုင်မည် မဟုတ်ပါ။ ကျွန်မကို သိသူတိုင်းက Melissa Winter ကိုလည်း

သိကြပါသည်။ သူသည် ကျွန်မ၏ ဦးနှောက်တစ်ခြမ်းဟု ဆိုပါက မှားမည် မဟုတ်ပါ။ Mel ရေ ကိုယ့်ဘေးမှာ ခြေတစ်လှမ်းတိုင်းအတွက် အားပေးခဲ့သူများကို မမေ့ပါ။ အထူးသဖြင့် ကျွန်မနှင့်သမီးများအပေါ်တွင် ချစ်ခင်မှုကြီးစွာဖြင့် စောင့်ရှောက်ခဲ့ခြင်းဖြစ်သည်။ ရှင်သာ မရှိလျှင် ကျွန်မ ရှိမည် မဟုတ်ပါ။

Melissa မှာ ကျွန်မ၏ ကိုယ်ရေးဝန်ထမ်းများ အကြီးအကဲ ဖြစ်ပါသည်။ အသေးအဖွဲ့ဟု ဆိုနိုင်သော်လည်း ခွန်အားကြီးမားသည့်အဖွဲ့ ဖြစ်၏။ အပြင်းအထန် ကြိုးစားလုပ်ကိုင်ကြသော အမျိုးသမီးများဖြင့် ဖွဲ့စည်းထားပြီး မည်သည့်အခါမျှ ကျွန်မဘက်တွင် လစ်ဟင်းမှုမရှိစေရန် ဆောင်ရွက်ပေးခဲ့ကြသည့် Caroline Adler Morales, Chynna Clayton, MacKenzine Smith, Samantha Tubman & Alex May Sealey တို့ကိုလည်း ကျေးဇူးတင်ပါသည်။

Williams and Connolly Bob Barnett, Deneen Howell တို့ကလည်း စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ပါဝင်ကူညီခဲ့ကြသဖြင့် သူတို့အကြံဉာဏ် အားပေးမှု များအတွက် ကျေးဇူးတင်ပါသည်။

အထူးကျေးဇူးတင်ရှိလိုသည်မှာ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဘက်ပေါင်းစုံမှ ကူညီခဲ့ကြသော Pete Souza, Chuck Kennedy, Lawrence Jackson, Amanda Lucidon, Samantha Appleton, Kristin Jones, Chris Haugh, Arielle Vavasseur, Michele Norris နှင့် Elizabeth Alexander တို့ဖြစ်ပါသည်။

ထို့ပြင် အချက်အလက်များ ရှာဖွေစုဆောင်းပေးသော Ashley Woolheater ကို သူမ၏ သုတေသနပြုမှုများအတွက် ကျေးဇူးတင်ရသကဲ့သို့ Gillian Brassil ကိုလည်း သူမ၏ အချက်အလက်များ စစ်ဆေးပေးမှုအတွက် ကျေးဇူးတင်ပါသည်။ ကျွန်မ၏ ဝန်ထမ်းဟောင်းများကလည်း ဖော်ပြထားသည့် အချက်အလက်များနှင့် အချိန်ကာလများ မှန်ကန်မှုရှိစေရန် တိတိကျကျ လေ့လာရှာဖွေပေးခဲ့ကြပါသည်။ နောက်ထပ် ဖော်ပြရန် ပုဂ္ဂိုလ်များစွာ ကျန်ပါသေးသည်။ ပါဝင်ကူညီခဲ့ကြသည့် ပုဂ္ဂိုလ် တိုင်းကို ကျေးဇူးတင်ရှိပါကြောင်းသာ ခြုံ၍ ပြောကြားလိုပါသည်။

ကျွန်မအား ဘဝတွင် ထူးခြားအံ့သြဖွယ်ကောင်းသည့် အမျိုးသမီးတစ် ယောက်ဖြစ်လာစေရန် သမီးတစ်ယောက်နှင့်မခြား အုပ်ထိန်းပေးခဲ့သူ Mama Kaye ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ စာရေးစဉ်ကာလတစ်လျှောက်လုံး ကူညီပံ့ပိုး ခဲ့သည်များကို မေ့မည် မဟုတ်ပါ။

သမ္မတကတော်အဖြစ် ရပ်တည်ရသည့်ကာလတစ်လျှောက်လုံး ကျွန်မသည် အစဉ်အလာမပျက် မှတ်တမ်းရေးခဲ့၏။ ထိုသို့ ရေးဖြစ်စေရန် တိုက်တွန်းခဲ့သော ကျွန်မမိတ်ဆွေ Verma Williams ကိုလည်း ကျေးဇူးတင်ပါသည်။ သူက

ယခုအခါတွင် University of Cincinnati College of Law၌ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။ အိမ်ဖြူတော်၌ နေစဉ်ကာလအတွင်း သူနှင့်ကျွန်မ ပြောဖြစ်ခဲ့ကြသည်များ ကို မှတ်တမ်းတင်ထားခဲ့ရာ စာမျက်နှာပေါင်း ၁၁၀၀ ကျော်ပင် ရှိခဲ့ပါသည်။

အရှေ့ဆောင်မှ ပါဝင်ပံ့ပိုးပေးခဲ့ကြသူများကိုလည်း ကျေးဇူးတင်ရပါမည်။ ဝန်ထမ်းအမျိုးသမီး၊ အမျိုးသား များစွာတို့သည် နိုင်ငံတော်အတွက် ကျွန်မတို့ ကြိုးစားလုပ်ဆောင်နေသည့် လုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသည်။ ပေါ်လစီချမှတ် ခြင်း၊ အချိန်ဇယားရေးဆွဲခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများ၊ မိန့်ခွန်းများရေးသားခြင်း၊ စာပေးစာယူဆက်သွယ်ရေးလုပ်ငန်းများတို့တွင် သူတို့သည် အားတက်သရော ကူညီခဲ့ ကြသည်။ ဝန်ထမ်းအားလုံးကို ကျေးဇူးတင်ပါသည်။ အိမ်ဖြူတော်မှ ဝန်ထမ်းများ သည် ကျွန်မ လုပ်ကိုင်သမျှကို မှတ်တမ်းတင်ပေးခဲ့ကြသည်။ Let's Move!, Reach Higher, Let Grils Learn နှင့် Joining Forces ဆောင်ရွက်မှုများ၌ သူတို့ မပါဝင်ပါက ကျွန်မ အောင်မြင်နိုင်မည် မဟုတ်ပါ။

Joining Forces သည် ကျွန်မနှလုံးသား၌ ထာဝရရှိနေမည့် လှုပ်ရှားမှုတစ်ခုပင် ဖြစ်ပါသည်။ ဤလှုပ်ရှားမှုက တပ်မတော်အသိုင်းအဝိုင်း၏ ထူးခြားမှုကို ဖော်ပြနိုင်ခဲ့သည်။ တပ်မတော်သားဝန်ထမ်းများ၊ စစ်ပြန်အမှုထမ်းများ၊ သူတို့၏ မိသားစုများကိုလည်း ကျွန်မတို့ချစ်သော နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားခဲ့ကြသည်များကို ကျေးဇူးတင်ပါသည်။ Joe Biden ၏ ဇနီးဖြစ်သူ Dr.Jill Biden နှင့် သူမ၏အဖွဲ့ကိုလည်း အတူတကွ လက်တွဲလုပ်ဆောင်ခဲ့ရခြင်းအတွက် ကျေးဇူးတင်ပါသည်။

အာဟာရနှင့် ပညာရေးဆိုင်ရာ ခေါင်းဆောင်များ၊ ဝတ်လုံတော်ရများကိုလည်း နေ့စဉ်နှင့်အမျှ ကျွန်မတို့၏ ကလေးများအပေါ် ချစ်ခြင်းအားဖြင့် ပံ့ပိုးပေးခဲ့မှုအတွက် ကျေးဇူးတင်ပါသည်။ အမေရိကန်ပြည်ထောင်စု၏ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင်များနှင့် သူတို့၏ မိသားစုဝင်များမှာလည်း နေ့စဉ်နှင့်အမျှ သူတို့တာဝန်ကို ထမ်းဆောင်ရင်း ကျွန်မတို့အတွက် ဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်းကို ကျေးဇူးတင်ပါသည်။

ရာပေါင်းများစွာသော အမျိုးသား၊ အမျိုးသမီးများသည် အိမ်ဖြူတော်အား ကျွန်မတို့မိသားစုအတွက် နေအိမ်သဖွယ် နေထိုင်ဖြစ်အောင် ပံ့ပိုးခဲ့ကြသည်။ ထိုအိမ်ဖြူတော်၌ တာဝန်ထမ်းဆောင်ကြသော ဧည့်လမ်းညွှန်များ၊ စားဖိုမှူးများ၊ ပန်းအလှပြုပြင် သူများ၊ အိမ်တော်ထိန်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ သည်လည်း ကျွန်မတို့မိသားစု၏ အရေးပါ အရာရောက်သော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြပါသည်။

နောက်ဆုံးအနေဖြင့် ကျွန်မ သမ္မတကတော်အဖြစ် ပထမအကြိမ်ရှိနေစဉ် ကြုံဆုံခဲ့ကြသော လူငယ်အားလုံးကို ကျေးဇူးတင်ပါသည်။ ထိုလူငယ်တို့သည် ကျွန်မ၏ နှလုံးသား၌ အမြဲတမ်းတည်ရှိနေမည် ဖြစ်သည်။ ကျွန်မ ပြုစုပျိုးထောင်ခဲ့သော စိုက်ပျိုးရေးခြံကို ကူညီခဲ့ကြသူများ၊ ကျွန်မအား နွေးထွေးသော ဖက်လှဲတကင်းမှုများ ဖြင့် ကြိုဆိုခဲ့ကြသည့် ထောင်ပေါင်းများစွာသော အမျိုးသား၊ အမျိုးသမီးများ၊ အခက်အခဲကြုံသည့်အခါတိုင်းလည်း အားပေးခဲ့ကြသူတို့ကို ကျေးဇူးတင်ပါသည်။ ဘဝတွင် မျှော်လင့်ချက်ထားရှိနိုင်ရန် အကြောင်းအချက်တို့ ဖန်တီးပေးခဲ့ကြသူအားလုံး ကိုလည်း ကျေးဇူးတင်ပါသည်။

※※※

ဝင်းငြိမ်း

မစ်ရှယ်လ်ရော်ဘင်ဆင် အိုဘားမားသည် အမေရိကန်ပြည်ထောင်စု၏ သမ္မတကတော်အဖြစ် ၂၀၀၉ခုနှစ် မှ ၂၀၁၇ ခုနှစ်အထိတာဝန် ထမ်းဆောင်ခဲ့သည်။ ပရင်စတန် တက္က သိုလ်နှင့် ဟားဗတ်ဥပဒေ သင်တန်းကျောင်းတို့မှ ဘွဲ့ရခဲ့သူ တစ်ဦး ဖြစ်ပြီး ချီကာဂိုမြို့၏ ဥပဒေအကျိုးဆောင်လုပ်ငန်း တစ်ခုဖြစ်သော ဆစ်ဒလီနှင့် အော်စတင်တွင် ရှေ့နေတစ်ဦးအဖြစ် စတင်တာဝန် ထမ်းဆောင်ခဲ့သည်။ ထိုသို့ တာဝန်ထမ်းဆောင်နေချိန်မှာပင် နောင် တွင် ခင်ပွန်းဖြစ်လာမည့် ဘားရက်အိုဘားမားနှင့် စတင်ဆုံစည်း ခဲ့သည်။ ထို့နောက် သူသည် ချီကာဂိုမြို့တော်ဝန်၏ရုံး၊ ချီကာဂို တက္ကသိုလ်၊ ချီကာဂိုတက္ကသိုလ်ဆေးရုံတို့တွင် တာဝန်ထမ်းဆောင် ခဲ့သည်။ မစ္စစ်အိုဘားမားသည် ချီကာဂို၏ စာမျက်နှာသစ်ဖြစ်သော ပြည်သူ့မဟာမိတ် အဖွဲ့ကိုတည်ထောင်ခဲ့သည်။ ထိုအဖွဲ့က လူငယ် များကိုပြည်သူ့ဝန်ထမ်းဖြစ်လာစေရန်စွမ်းဆောင်ပေးခဲ့သည်။

အိုဘားမားမိသားစုတို့သည် လောလောဆယ်တွင် ဝါရှင်တန် ဒီစီမြို့၌ နေထိုင်လျက် ရှိကြပြီး မလီယာနှင့် ဆာရှာအမည်ရှိ သမီးနှစ်ဦး ရှိကြသည်။

BECOMINGMICHELLEOBAMA.COM

Jacket photograph: Miller Mobley

www.ndspbook.com

Printed in MYANMAR

※※※

ကျွန်မ မသိသည့် အမေရိကန်ပြည်ထောင်စုနှင့်ပတ်သက်သော၊ ဘဝနှင့်ပတ်သက်သော၊ အနာဂတ်တွင် ဘာဖြစ်မည်ဆိုသော အချက်အလက်များစွာ ရှိပါသေးသည်။ သို့သော် ကျွန်မ အကြောင်းကိုမူ ကျွန်မသိပါသည်။ ကျွန်မဖခင်ကအလုပ်ကိုကြိုးကြိုးစားစား လုပ်ရန်၊ မကြွားခဏ ရယ်မောရန်၊ ကတိတည်ရန် သင်ကြားပေးခဲ့သည်။

ကျွန်မမိခင် မယ်ရီယန်ကလည်း ကိုယ့်ကိုယ်ကိုတွေးခေါ်တတ်စေရန်၊ ကိုယ့်သြဇာကိုမည်သို့သုံးရန်တို့ သင်ကြားပေးခဲ့ပါသည်။ ချီကာဂိုတောင်ပိုင်း ကြပ်ကြပ်တည်းတည်း အခန်းကျဉ်းကလေးထဲတွင် အတူတကွ နေထိုင်ကြရင်း မိဘနှစ်ပါးက ကျွန်မတို့ဘဝ၏ တန်ဖိုးကိုနားလည်စေသည်။ ကျွန်မ ဘဝတန်ဖိုးကိုသိစေခဲ့သည်။ ပို၍ကျယ်ပြန့်သော ကျွန်မတို့နိုင်ငံ၏ တန်ဖိုးကိုသိစေခဲ့၏။ ထိုအကြောင်းအရာတို့သည် ပြီးပြည့်စုံခြင်းမရှိ၊ မလှမပ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် ဖြစ်စေချင်သည်ထက် ပိုမို မှန်ကန်ပါသည်။ ကိုယ့်ဘဝဇာတ်ကြောင်းဆိုသည်မှာ ကိုယ်ပိုင်ဖြစ်၍ ထာဝရဖြစ်တည်နေမည်သာဖြစ်ပါသည်။ ထိုအရာသည် ကိုယ်ပိုင်ဆိုင်သော အရာတစ်ခုသာဖြစ်တော့သည်။

- မိတ်ဆက်အမှာစကားမှကောက်နှုတ်ချက် -

❝အမေရိကန်ပြည်ထောင်စု သမ္မတကတော်ဟောင်းတစ်ဦး၏ ရိုးရှင်းသော၊ ဆွဲဆောင်မှုရှိသော၊ စိတ်ဝင်စားဖွယ်ကောင်းသော ဘဝမှတ်တမ်း❞

www.ndspbook.com

မြန်မာဘာသာပြန်ဆိုခွင့် တရားဝင်ရယူကာ ဘာသာပြန်ဆိုပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀)အသုံးမပြုပါ။
အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel
https://t.me/TheBookR